ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

## ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်

# EDU2101

## ပညာရေးဘာသာ

## ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းခွင်အကြိုဆရာအတတ်သင်ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင်ပညာရေး ဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်းကို အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာ သင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့် ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးဒီဂရီကောလိပ်ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန် အလှန်လှန်လေ့လာကြရမည် ဖြစ်သည်။ ထိုသို့ ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်းကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ် နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ပညာရေးဒီဂရီ ကောလိပ်ကျောင်းသားများသည် မိမိတို့ သင်ယူခဲ့ပြီးသော

အယူအဆ သဘောတရားများကို ပြန်လည်လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှ ပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။

ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသော ချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှုနှင့် အတွေ့အကြုံတို့ကို အထောက်အကူ ပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာအသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာသီအိုရီများကို နားလည်သဘောပေါက်စေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာအသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ် အုပ်စုအလိုက် သင်ကြားသင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြားတတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများနှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကို ဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှု ရှိသည်။ အယူအဆ သဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်း ပြန်လည်သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ကြားသင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏သင်ကြားမှုပုံစံအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးဒီဂရီကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီး အချိန်တွင်လည်း ပညာရေးဒီဂရီကောလိပ်ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ်ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့ သင်ကြားပို့ချရာတွင် အသုံးချခြင်းအားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးဒီဂရီကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ် တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှုပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို - UNESCO) ၏ "မြန်မာနိုင်ငံလုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး" (Strengthening Pre-service Teacher Education in Myanmar) စီမံချက် မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျ အစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။

# မာတိကာ

နိဒါန်း ........................................................................................................... က
မာတိကာ.......................................................................................................... ဃ
ဤဆရာလမ်းညွှန်ကိုမည်သို့အသုံးပြုရမည်နည်း။........................................................ ၁
အခန်း ၁။ ပညာရေးဘာသာရပ်ကို နားလည်မှု ဖွံ့ဖြိုးလာ စေခြင်း............................... ၈၉
၁.၁။ (၂၁) ရာစုပညာရေး....................................................................................... ၉၃
၁.၁.၁။ ပညာရေးဘာသာရပ်မော်ဂျူး၏ရည်မှန်းချက်များ ................................ ၉၄
၁.၁.၂။ ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေး၊
ကိုယ်တိုင်သင်ယူပညာရေးနှင့် ဘဝတစ်သက်တာသင်ယူမှု ............................. ၉၈
၁.၁.၃။ ပညာရေး၏ အချက်အချာ အချင်းချင်း အပြန်အလှန် ဆက်စပ်ပုံ .......... ၁၁၇
၁.၁.၄။ စာတတ်မြောက်မှုနှင့် ပညာသင်ကြားရေး ......................................... ၁၃၆
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ......................................... ၁၄၉
၁.၂။ သင်ကြားမှု ထိရောက်အောင်မြင်သော ကျောင်းများနှင့် အဓိကကျသော
ပညာရရှိရာရင်းမြစ်များ ................................................................................ ၁၅၅
၁.၂.၁။ မြန်မာနိုင်ငံကျောင်းအရည်အသွေးအာမခံပုံစံသတ်မှတ်အညွှန်းဘောင် ၁၅၆
၁.၂.၂။ ပညာရရှိရာရင်းမြစ်များ ..................................................................... ၁၈၀
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ......................................... ၁၈၈
အခန်းဆုံးအနှစ်ချုပ် .......................................................................................... ၁၉၁
အဓိကအချက်များ.............................................................................................. ၁၉၁
အခန်းဆုံးပြန်လည်သုံးသပ်စဉ်စားခြင်း ............................................................... ၁၉၃
ဆက်လက်ဖတ်မှတ်စရာများ ............................................................................. ၁၉၄
အခန်း ၂။သင်နည်းဗေဒဆိုင်ရာ သဘောတရားနှင့် လက်တွေ့.................................. ၁၉၆
၂.၁။ နည်းပညာသုံး သင်နည်းဗေဒဆိုင်ရာအသိပညာ.............................................. ၂၀၁
၂.၁.၁။ TPACK အား နားလည်သဘောပေါက်မှုကို ဖွံ့ဖြိုး တိုးတက်စေခြင်း........ ၂၀၁

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ........................................၂၂၇
၂.၂။ ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများနှင့် ဆရာဗဟိုပြု ချဉ်းကပ်မှုများ ..............၂၃၀
၂.၂.၁။ ကျောင်းသားဗဟိုပြု သင်ယူမှု အသိပညာ တည်ဆောက်မှု
ပဓာနထားသော ချဉ်းကပ်မှု ....................................................................၂၃၀
၂.၂.၂။ ဆရာဗဟိုပြုသင်ကြားမှု - အပြုအမူဆိုင်ရာချဉ်းကပ်မှု ......................... ၂၅၆
၂.၂.၃။ စာသင်ခန်းအတွင်း သိမှုဆိုင်ရာသင်ယူမှုသဘောတရားများ၏
ဩဇာလွှမ်းမိုးမှု ........................................................................................ ၂၆၉
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ......................................... ၂၈၈
၂.၃။ ဘဝသက်တမ်းတစ်လျှောက် ဖွံ့ဖြိုးမှု ........................................................ ၂၉၈
၂.၃.၁။ ဖွံ့ဖြိုးမှုနှင့် အလယ်တန်းကျောင်းသား ............................................... ၂၉၉
၂.၃.၂။ သိမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ ကာယ၊ ပေါင်းသင်း
ဆက်ဆံရေးနှင့် စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများ ................................ ၃၄၀
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ.........................................၃၈၂
၂.၄။ မတူကွဲပြားသော ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံပါဝင်နေသော
စာသင်ခန်းများ (Culturally and linguistically diverse classrooms)..............၃၉၈
၂.၄.၁။ ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံ ဆောင်ရွက်ပေး
တတ်သော သင်နည်းဗေဒ (Culturally Responsive Pedagogy)..................၃၉၉
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ......................................... ၄၁၈
အခန်းဆုံးအနှစ်ချုပ် .......................................................................................၄၂၂
အဓိကအချက်များ...........................................................................................၄၂၂
အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း ...........................................................၄၂၉
ဆက်လက်ဖတ်မှတ်စရာများ ...........................................................................၄၃၀
အခန်း ၃။ ထိရောက်သော သင်ယူမှု အတွက် နည်းလမ်း/နည်းဗျူဟာများ ............... ၄၃၄

၃.၁။ ကျောင်းသားများအား သင်ယူစေရန်စေ့ဆော်စေခြင်းအားဖြင့် သင်ယူမှု၌ စိတ်ပါဝင်စားစေခြင်း (ကျောင်းသားများအား နှိုးဆော် တိုက်တွန်းမှုနှင့် ဆွဲဆောင်မှု)........................................................................................ ၄၃၉
၃.၁.၁။ ဝါသနာအရင်းခံချဉ်းကပ်သင်ယူမှုနှင့်သင်ယူမှုအကြောင်း ယူဆချက်များနှင့် သင်ယူမှုကိုချဉ်းကပ်ပုံများ .......................................... ၄၃၉
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ.......................................... ၄၆၄
၃.၂။ မေးခွန်းမေးခြင်းနှင့် အဆင့်မြင့်တွေးခေါ်ခြင်း.............................................. ၄၆၆
၃.၂.၁။ ထိရောက်သောမေးခွန်းများမေးခြင်း - ထူးခြားသော လက္ခဏာ များနှင့် နည်းလမ်းများ ........................................................................ ၄၆၇
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ.......................................... ၄၈၆
၃.၃။ ကျောင်းသားများနှင့်အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း........................... ၄၈၉
၃.၃.၁။ ထိရောက်မှုရှိပြီး ကျောင်းသားအားလုံး အကျုံးဝင် ပါဝင်နိုင်စေသော ပြောဆိုဆက်ဆံမှု .......................................................................... ၄၈၉
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ.......................................... ၅၀၉
၃.၄။ တက်ကြွစွာသင်ယူမှု - အပြန်အလှန်ဆက်သွယ်သင်ယူမှု နှင့် ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူမှု (Interactive and Cooperative Learning)........................ ၅၁၃
၃.၄.၁။ အပြန်အလှန်ဆက်သွယ်သင်ယူမှု ..................................................... ၅၁၄
၃.၄.၂။ ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှု(Cooperative learning)....... ၅၃၅
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ.......................................... ၅၄၉
၃.၅။ ကိုယ်တိုင်လုပ်ပိုင်ခွင့် (Autonomy) အယူအဆဖွံ့ဖြိုးလာ ခြင်း နှင့် ကျောင်းသားအချင်းချင်း ဦးဆောင်မှုဖြင့်သင်ယူခြင်း .......................................... ၅၅၆
၃.၅.၁။ လွတ်လပ်စွာ/အမှီအခိုကင်းစွာ သင်ယူမှု (Independent Learning).... ၅၅၆
၃.၅.၂။ ကျောင်းသားအချင်းချင်းထံမှ သင်ယူမှု(Peer Learning)...................... ၅၆၂
၃.၅.၃။ ကျောင်းသားအချင်းချင်းကဦးဆောင်သော အသင်းအဖွဲ့ လိုက်သင်ယူမှု ၅၆၈

ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ.........................................၅၇၇
၃.၆။ သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို လိုအပ်ချက်အလိုက်
ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း.....................................................................၅၈၁
၃.၆.၁။ ကျောင်းသားများ၏ ထူးခြားသောလက္ခဏာများနှင့်အညီ လိုအပ်ချက်
အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း.................................................... ၅၈၂
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ.........................................၆၀၁
၃.၇။ တုံ့ပြန်အကြံပြုချက်များပံ့ပိုးခြင်း ..........................................................၆၀၅
၃.၇.၁။ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပံ့ပိုးပေးခြင်း
- အုပ်စုငယ်အတွင်း၊ အချင်းချင်း နှင့် မိမိကိုယ်ကို ဆန်းစစ်ခြင်း........................၆၀၆
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ......................................... ၆၂၀
အခန်းဆုံးအနှစ်ချုပ် ...........................................................................................၆၂၂
အဓိက အချက်များ..........................................................................................၆၂၂
အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း ......................................................... ၆၂၆
ဆက်လက်ဖတ်မှတ်စရာများ .............................................................................. ၆၂၇
အခန်း ၄။အစီအစဉ်ရေးဆွဲခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း..........................................၆၃၀
၄.၁။ အစီအစဉ် ရေးဆွဲမှုဖြစ်စဉ်(Planning process) .........................................၆၃၄
၄.၁.၁။ ဒုတိယ နှစ်သင်တန်း သင်ခန်းစာအစီအစဉ်ရေးဆွဲမှုကို မိတ်ဆက်ခြင်း..၆၃၅
၄.၁.၂။ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းနှင့် ဆရာများအတွက်
တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)...................................၆၅၀
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ.........................................၆၆၀
၄.၂။ သင်ခန်းစာခေါင်းစဉ် ..................................................................................... ၆၆၂
၄.၂.၁။ သင်ရိုးအကြောင်းအရာကို နားလည်စေရန် ဖတ်ရှုလေ့လာခြင်း............ ၆၆၂
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ.......................................... ၆၇၂
၄.၃။ သင်ယူသူများအကြောင်းကို သိရှိခြင်း.........................................................၆၇၄

၄.၃.၁။ ယခင်ရှိနှင့်ပြီး အသိပညာ နှင့် ကျောင်းသား၏ အဓိကအကြောင်းအရာ အချက်အလက်များ ........................................................................ ၆၇၄
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................... ၇၀၀
၄.၄။ သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ .. ၇၀၂
၄.၄.၁။ သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှု စံသတ်မှတ်ချက် များကို ရေးသားခြင်း ...................................... ၇၀၂
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................... ၇၂၉
၄.၅။ ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ သင်ကြား သင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ ........................................................................................... ၇၃၀
၄.၅.၁။ ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ....................................... ၇၃၁
၄.၅.၂။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များဖြင့် သင်ကြားသင်ယူမှုကို ပံ့ပိုးပေးခြင်း ........................................................................................ ၇၄၇
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................... ၇၅၉
၄.၆။ သင်ခန်းစာ သင်ကြားနေစဉ် .................................................................... ၇၆၁
၄.၆.၁။ မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်း၊ ပြန်လည်ဆန်းစစ်ခြင်း နှင့် လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း .................................. ၇၆၁
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................... ၇၇၉
၄.၇။ သင်ခန်းစာသင်ကြားပြီးနောက်........................................................... ၇၈၀
၄.၇.၁။ ဆရာ၏ အကဲဖြတ်သုံးသပ်မှု .............................................................. ၇၈၀
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ........................................... ၇၈၈
အခန်းဆုံးအနှစ်ချုပ် ...................................................................................... ၇၈၉
အဓိကအချက်များ.......................................................................................... ၇၈၉

အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း ........................................................ ၇၉၂
ဆက်လက်ဖတ်မှတ်စရာများ ..................................................................... ၇၉၃
အခန်း ၅။ပညာရေးစိတ်ပညာ ........................................................................ ၇၉၅
၅.၁။ ပညာရေး စိတ်ပညာအကြောင်း နားလည်သဘောပေါက်မှုဖွံ့ဖြိုးစေခြင်း....... ၇၉၉
၅.၁.၁။ ပညာရေးစိတ်ပညာ၏ အရေးပါမှု ................................................. ၈၀၀
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ......................................... ၈၂၂
၅.၂။ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ
(Information Processing Model)............................................................. ၈၂၃
၅.၂.၁။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်
ခြင်းပုံစံနှင့် မှတ်ဉာဏ်အဆင့် (၃) ဆင့် ......................................................... ၈၂၄
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ......................................... ၈၃၉
၅.၃။ သင်ယူရာ၌ လူသာပဓာန သဘောတရားနှင့် ချဉ်းကပ်နည်းများ
(Humanist Approaches to Learning)........................................................ ၈၄၁
၅.၃.၁။ သင်ယူရာ၌ လူသာပဓာနသဘောတရားနှင့်ချဉ်းကပ် နည်းများကို
မိတ်ဆက်ခြင်း ..................................................................................... ၈၄၂
၅.၃.၂။ လူသာပဓာနဝါဒကို စွဲကိုင်သော စိတ်ပညာရှင် အဗရာဟင်မာ့စ်လို
(Abraham Maslow) ............................................................................. ၈၅၅
၅.၃.၃။ လူသားပဓာနဝါဒကို စွဲကိုင်သောစိတ်ပညာရှင် ကားလ်ရော်ဂျာစ် ......... ၈၆၇
၅.၃.၄။ ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက် သင်ယူမှု .. ၈၈၅
၅.၃.၅။ ပညာရေးနယ်ပယ်တွင် အသုံးပြုသည့် အကောင်းမြင် တတ်မှု/
အပြုသဘောဆောင်မှု ကို ဦးစားပေးလေ့လာသော စိတ်ပညာ (Positive
Psychology in Education)...................................................................... ၈၉၈
၅.၃.၆။ လူမှုစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု ........................................................... ၉၁၅
ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက်
ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ......................................... ၉၃၀
အခန်းဆုံးအနှစ်ချုပ် ................................................................................. ၉၃၄

အဓိကအချက်များ ............................................................ ၉၃၄
အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း ............................................ ၉၃၈
ဆက်လက်ဖတ်မှတ်စရာများ ............................................................ ၉၄၀
ခက်ဆစ်အဘိဓာန် ............................................................ ၉၄၁
ကျမ်းကိုးစာရင်း ............................................................ ၉၅၅
နောက်ဆက်တွဲများ ............................................................ ၉၈၉
သင်ခန်းစာ(၃.၅.၁) လွတ်လပ်စွာသင်ယူမှုလုပ်ငန်းပေးအဖြေစာရွက် .................. ၉၈၉

# ဤဆရာလမ်းညွှန်ကိုမည်သို့အသုံးပြုရမည်နည်း။

## ပညာရေး ဘာသာရပ် ဆရာလမ်းညွှန်ကို မည်သူအသုံးပြုမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ[၁]အား ဒုတိယနှစ် ပညာရေးဘာသာ ကျောင်းသားကိုင်စာအုပ်ကို သင်ကြားရာတွင်ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသား ပြုစုထားသော စာအုပ်ဖြစ်ပါသည်။ ပညာရေးဘာသာရပ်ကို သင်ပြစဉ် ကျောင်းသားကိုင်စာအုပ်နှင့်တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်၏ အခန်းများနှင့်သင်ခန်းစာတစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင် ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့်အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားသည်။

## ပညာရေး ဘာသာရပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သင်ယူရမည်နည်း။

လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်သင်ကြားရေးအစီအစဉ်တွင် ဒုတိယနှစ်ပညာရေး ဘာသာရပ်ကို သင်ကြားရန် (ပထမစာသင်နှစ်ဝက်တွင် ၉၆ ချိန်၊ ဒုတိယစာသင်နှစ်ဝက်တွင် ၈၀ ချိန်) စုစုပေါင်း စာသင်ချိန် ၁၇၆ ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့် နေရာမှာ သင်တို့၏ ပညာရေးဒီဂရီကောလိပ်တွင် ဖြစ်ပါသည်။

## ဒုတိယနှစ် ပညာရေး ဘာသာရပ်ဆရာလမ်းညွှန်တွင် မည်သည့်အရာများပါဝင်သနည်း။

ဤ ပညာရေး ဘာသာရပ် ဆရာလမ်းညွှန်နှင့် ကျောင်းသားကိုင်စာအုပ် ဖွဲ့စည်းထားပုံနှင့် အကြောင်းအရာများသည် လေးနှစ်သင်ပညာရေးဒီဂရီကောလိပ် ပညာရေး ဘာသာရပ် သင်ရိုးမာတိကာများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ထားပါသည်။

---

၁ ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးဒီဂရီကောလိပ်ကျောင်းသားများကို ရည်ညွှန်းပါသည်။

၂ ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးဒီဂရီကောလိပ်ဆရာများကို ရည်ညွှန်းပါသည်။

ဒုတိယနှစ် ပညာရေး ဘာသာရပ်တွင် အောက်ပါအခန်းများ ပါဝင်ပါသည်။

- ပညာရေးဘာသာကို နားလည်မှု ဖွံ့ဖြိုးလာစေခြင်း
- သင်နည်းဗေဒဆိုင်ရာ သဘောတရားနှင့်လက်တွေ့
- ထိရောက်သောသင်ယူမှုအတွက် နည်းလမ်း/နည်းဗျူဟာများ
- အစီအစဉ်ရေးဆွဲခြင်းနှင့်ကြိုတင်ပြင်ဆင်ခြင်း
- ပညာရေးစိတ်ပညာ
- မြန်မာနိုင်ငံ၏ပညာရေးစနစ်နှင့် သင်ရိုးညွှန်းတမ်းလုပ်ငန်းစဉ်များ
- ပညာရေးသဘောတရား/ အတွေးအခေါ်
- စစ်ဆေးအကဲဖြတ်ခြင်း
- ပံ့ပိုးကူညီမှုနှင့် ဘေးကင်းလုံခြုံမှုရှိသော သင်ယူမှုပတ်ဝန်းကျင်
- ဆရာအတတ်ပညာကျွမ်းကျင်မှု

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံ တူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် **မျှော်မှန်းထားသော သင်ယူမှုရလဒ်များ** နှင့် **ရရှိသွားမည့် တတ်ကျွမ်းမှုများ** ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင် သင့်သော အရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

ဆရာလမ်းညွှန်တွင် သင်ခန်းစာ တစ်ခုချင်းစီအတွက် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည်
-

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများတတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှု လုပ်ငန်းများတွင် အသုံးပြုရမည့် သင်ယူမှုနည်းလမ်းများကို ခြုံငုံဖော်ပြခြင်း ဖြစ်သည်။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ။**သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများ မပြုလုပ်မီ၊ ပြုလုပ်စဉ်နှင့် ပြုလုပ်ပြီးနောက်ပိုင်းတွင် အသုံးပြုရန် အကြံပြုထားသည့် စစ်ဆေး အကဲဖြတ်မှု နည်းလမ်းများကို ခြုံငုံဖော်ပြထားခြင်းဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာ ဗဟုသုတရင်းမြစ်များ အတွက် အကြောင်းအရာခေါင်းစဉ်များနှင့် ရည်ညွှန်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသောဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်း ဖွဲ့စည်းပုံ၊ အချိန်စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် ရည်ညွှန်း ချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media) ၊ ကားချပ်များ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုက်ဒ်လင့်များ၊ ဗီဒီယိုများ၊ ကုန်ကျစရိတ်သက်သာသော/အခမဲ့ရရှိနိုင်သော ရင်းမြစ်များနှင့် လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူ ပြုသော သင်ယူမှုလုပ်ငန်းများ ပါဝင်ပါသည်။ သင်ခန်းစာတိုင်းတွင် ဘာသာရပ်နှင့် ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ (သို့မဟုတ်) စိတ်ဝင်စားမှုကို နှိုးဆွပေးသည့်လုပ်ငန်းနှင့် စတင်သင်ကြားသင့်သည်။ သင်ယူမှုလုပ်ငန်း အမျိုးမျိုး သည် သင်ကြားသင်ယူမှု တွင် တတ်ကျွမ်းမှု အခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ဆရာ့မှတ်စု။** သင်ခန်းစာကို စီစဉ်ထားသည့်အတိုင်း အဆင်ပြေစွာ ဆောင်ရွက်နိုင် ခြင်း ရှိ/မရှိနှင့် ရှေ့မဆက်မီ ကျောင်းသားများ ထိရောက်စွာ သင်ယူနိုင်ရေးအတွက် အလေးထား ရမည့် အချက်များရှိ/မရှိ စစ်ဆေးနိုင်ရန် ဆရာ့မှတ်စုကို ညွှန်ကြားချက်

ဇယားကွက်များဖြင့် သင်ခန်းစာ၏ အဓိကအပိုင်းများတွင် အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းကို လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင် လုပ်ဆောင်ရသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားမှုတွင် အထောက်အကူပြုရန်အတွက် လုပ်ငန်းတစ်ခုချင်း အပေါ်တွင် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်မှု လုပ်ဆောင်ပုံကို ရှင်းလင်းပြသခြင်း (သို့မဟုတ်) အနှစ်ချုပ်၍ ပြန်လည်ပြောဆိုရှင်းပြခြင်းဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့အသုံးပြုရမည် ဟူသော ညွှန်ကြားချက်များသည် **စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ** (Toolbox for assessment approaches) တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်းတစ်ခုချင်းစီ အပေါ် စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်၍ ကျောင်းသားများထံမှ ရရှိနိုင်သော တုံ့ပြန်ချက်အဖြေ များကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးခြင်း။** သင်ခန်းစာတစ်ခုလုံးအားခြုံငုံခြင်းဖြစ်သည်။ သင်ခန်းစာပြီးဆုံးချိန်တွင် တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင်ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများအား မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း ပြန်လှန်သုံးသပ်ခြင်းဖြစ်သည်။ ဆရာတတ်ကျွမ်းမှု စံအညွှန်းကိန်းများသည် သင်ခန်းစာပါ အကြောင်းအရာများတွင် မည်သို့ ပါဝင်ပတ်သက်နေကြောင်းကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာအချို့တွင် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်၍ ကျောင်းသားများ၏ သင်ယူမှုကို ပိုမိုထိရောက်မှုရှိစေရန် ထပ်မံလှုံ့ဆော်ပေးနိုင်

မည့် အကြံပြုချက်များ ပါဝင်ပါသည်။ ထပ်ဆောင်းလုပ်ဆောင်ရမည့် သင်ယူမှု လုပ်ငန်း များသည် ကွဲပြားသော သင်ယူမှု လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများရှိသည့် ကျောင်းသားများကို သင်ကြားရာ၌ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၏ အကျိုးကျေးဇူး များကို အလေးပေးဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများကို အတန်းချိန် အတွင်း မဖြစ်မနေလုပ်ဆောင်ရန် မလိုအပ်ပါ။

**လိုအပ်ချက်အလိုက်ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာအချို့တွင် ကျောင်းသားများ၏ ကွဲပြားသော သင်ယူမှု လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများအား ထည့်သွင်းစဉ်းစား၍ တတ်ကျွမ်းမှုများ၊ ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများ ပေါက်မြောက်အောင်မြင်စေရန် သင်ယူမှုလုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန် အကြံပြုချက်များ ပါဝင်ပါသည်။ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများသည် လူတိုင်းအကျုံးဝင်၍ ပြောင်းလွယ်ပြင်လွယ်ရှိသော သင်ကြား၊ သင်ယူမှု ပုံစံများအတွက် အလေးထား ဖော်ပြထားခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများအား အတန်းချိန်အတွင်း မဖြစ်မနေ လုပ်ဆောင်ရန် မလိုအပ်ပါ။

ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန်မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ။** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင် ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ဆရာများဖြစ်ကြသည့် သင်တို့၏ အသိပညာများကို တိုးမြှင့်ပေးပြီး ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏အဖြေအပေါ် မှန်/မမှန် အတည်ပြုပေးရန် အထောက်အကူပြုပါသည်။ ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

ဆရာလမ်းညွှန်၏ အခန်းတစ်ခုချင်းစီတွင် **အခန်းဆုံးအနှစ်ချုပ်** ပါရှိသည်။ အခန်းဆုံးအနှစ်ချုပ်တွင် အောက်ပါတို့ပါဝင်သည် -

**အဓိကအချက်များ။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီး တင်ပြခြင်းဖြစ်သည်။ အခန်းတစ်ခန်းတွင်ပါသော အကြောင်းအရာများမှ ကျောင်းသားများ သိရှိသင့်သည့် အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင်တို့သိရှိစေနိုင်ရန် ဤနေရာတွင် ထပ်မံ ဖော်ပြထားပါသည်။ သင်၏ တာဝန်မှာ ကျောင်းသားများအား ဤအပိုင်းကို ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန်ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန် အချက်နှင့် သင်ယူခဲ့ပြီးသော သင်ခန်းစာ (အခန်း) တွင် သင်ယူမှုနှင့်ဆိုင်သော မေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သောအခန်းများ အလိုက် ဖတ်စရာ ထပ်ဆောင်းရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမို သိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊ အင်တာနက် (သို့မဟုတ်) ပညာရေးဒီဂရီကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားတစ်ဦးချင်းစီတို့က မိမိဘာသာမိမိ လေ့လာနိုင်စေရန် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံတွင် ကျောင်းသားကိုင်စာအုပ်ပါ တစ်ဦးချင်းသင်ယူမှုလုပ်ငန်းများကို ဆရာလမ်းညွှန်တွင် အကြမ်းဖျင်းဖော်ပြထားသော သင်ယူမှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ လုပ်ဆောင်နိုင်မည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ်အဖြစ်ပေးခြင်း (သို့မဟုတ်) ကျောင်းသားများအား ၎င်းတို့ ပုံမှန်နှုန်းထားအတိုင်း လုပ်ဆောင်ရန် တိုက်တွန်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်များသည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏ စာသင်ခန်း အတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုစရိုက်လက္ခဏာနှင့် သင်ယူမှုလိုအပ်ချက် များ ရှိနိုင်ပါသည်။ ပညာရေးဒီဂရီကောလိပ် ဆရာတစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင်သင်ယူမှု လုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင်လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

## တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာအဘယ်နည်း။

ပညာရေးဒီဂရီကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန် တို့သည် တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်တွင် ထည့်သွင်းရေးဆွဲထားပြီး ၎င်းသည် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) အပေါ်တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှု ဆိုသည်မှာ ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်း အရာများကိုသာ အလေးပေးသည် မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား များ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အား တကယ့်လက်တွေ့ဘဝအခြေအနေတွင် ပြန်လည်၍ အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်းများသည် သင်ယူသူဗဟိုပြုဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ် နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင်ပညာရေး၏ တတ်ကျွမ်းမှုအခြေပြုချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်း ထားပါသည်။[၃]

---

၃ Adapted from the Glossary of curriculum terminology (UNESCO-International Bureau of Education, 2013)

- **နောက်ခံအခြေအနေနှင့်ဆက်စပ်ပေးခြင်း (Contextualisation)** ။ သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝ အခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာနောက်ခံအခြေအနေ ပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)** ။ ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်း အတွင်း ဆရာက ဦးဆောင်ပို့ချသင်ကြားပေးခြင်း အစား ဘာသာရပ်ပါ/မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသားကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူ ပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိ ကိုယ်ပိုင်လေ့လာသင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှု ထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည်များကို ဆရာ၏ပံ့ပိုး ကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာနားလည်သဘောပေါက်လာကြမည် ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း။** ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း (သို့မဟုတ်) လုပ်ငန်း ဆောင်တာတစ်ခုအားပြီးမြောက်စေခြင်းဖြစ်သည်။ သင်ယူနားလည် သဘောပေါက် မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှသော် လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင်တက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများ မှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏ အဓိကဝိသေသလက္ခဏာများမှာ - တူညီသော အလုပ် (သို့မဟုတ်) လုပ်ငန်းတစ်ခု ရှိခြင်း၊ အုပ်စုငယ်ဖြင့် လေ့လာသင်ယူခြင်းနှင့် ပူးပေါင်း ဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခို ဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှုရှိရခြင်း - စသည်တို့ ဖြစ်သည်။[၄]

၄ Lejenue's Collaborative Learning for Educational Achievement (၁၉၉၉)

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေး အစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုအကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်းများကို ပေးထားပါသည်။

## မော်ဂျူးရည်ရွယ်ချက်နှင့် ဖော်ပြချက်

ဤမော်ဂျူးသည် မြန်မာနိုင်ငံအတွက် မျှော်မှန်းထားသော နိုင်ငံသားများနှင့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ထွန်းလာစေရန် အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပျိုးထောင်ထားသည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို စံနမူနာအဖြစ်ပြသခြင်းမှ တစ်ဆင့် အမျိုးမျိုးသော သင်ယူမှုနယ်ပယ်များနှင့် ဘာသာရပ်များ သင်ကြားရာတွင် လိုအပ်သော ကျွမ်းကျင်မှုများရရှိအောင် ကျောင်းသားများအား ပြင်ဆင်ပေးမည်ဖြစ်သည်။ ဤသင်ရိုး၏ အဓိက ရည်ရွယ်ချက်မှာ-ကျောင်းသားများအား ပညာရေးသီအိုရီ၊ ပညာရေးနည်းပညာ၊ ပညာရေးစီမံခန့်ခွဲမှု၊ ပညာရေးစိတ်ပညာနှင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာ အခြေခံအယူအဆ (သဘောတရား) များနှင့် မိတ်ဆက်ပေးရန်ဖြစ်ပြီး၊ သင်ကြားသင်ယူမှုဖြစ်စဉ်နှင့် လက်တွေ့ဘဝ အခြေအနေများတွင် ၎င်းတို့ကို အသုံးချရန်ဖြစ်ပါသည်။ ကျောင်းသားများအနေဖြင့် ခေတ်အဆက်ဆက်ရှိ ပြည်တွင်းပြည်ပ နေရာဒေသအသီးသီးမှ ပညာရေးသမိုင်းကြောင်းများ၊ ပညာရေးဒဿနအမျိုးမျိုးနှင့် သင်ယူမှု သီအိုရီများကို သိရှိလာမည်ဖြစ်သည်။ ထို့ပြင် ကျောင်းသားများ၏ ဖွံ့ဖြိုးမှုနယ်ပယ်အားလုံးရှိ တိုးတက်မှုမှတ်တိုင်များ၏ အရေးကြီးပုံကိုလည်း နားလည်သိရှိလာပါလိမ့်မည်။ သင်ကြားနည်းဆိုင်ရာ အသိပညာများ ရရှိလာပြီး ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်များနှင့် အခြေအနေများ အပေါ် မူတည်၍ အကောင်းဆုံးသော သင်ကြားမှု အလေ့အကျင့်များကို ရွေးချယ် အသုံးပြုနိုင်ပါမည်။ ထို့ပြင် ကျောင်းသားများသည် စာမေးပွဲစစ်ဆေးခြင်း၊ တိုင်းတာခြင်း၊ အကဲဖြတ်ခြင်းနှင့် စစ်ဆေး အကဲဖြတ်ခြင်းတို့၏ သွင်ပြင်လက္ခဏာများကို ခွဲခြားသိရှိလာပြီး၊ သင်ကြားသင်ယူမှု ဖြစ်စဉ်တွင် အသုံးချတတ်လာပါမည်။ ကျောင်းသားများအား ထိရောက်ကျွမ်းကျင်သော ပညာရေးပညာရှင်များ ဖြစ်လာရေးအတွက် သင်ကြားလေ့ကျင့်ပေးရန် ပညာရေးဘာသာတွင်

(က) စိတ်ပညာနှင့် ပညာရေးသမိုင်း ကဲ့သို့သော ပညာရေးဆိုင်ရာ ဥပဒေသများကို သိရှိနားလည်မှုနှင့် လက်တွေ့အသုံးချမှု နှင့် (ခ) ကျောင်းသားများအား မိမိတို့၏ အသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်၍ သဘောထားများနှင့် တန်ဖိုးထားမှုများ ကောင်းမွန်စေရန် အပြုသဘောဆောင်သော သဘောထားများ၊ အပြုအမူများနှင့် ကျွမ်းကျင်မှုများ ရရှိအောင် ပံ့ပိုးပေးရန် ကျောင်းသားများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို လေးနက်စွာ ဆန်းစစ်ဝေဖန်သုံးသပ်မှု ဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။

ပညာရေးဒီဂရီကောလိပ် ကျောင်းသားများအနေဖြင့် မူလတန်းနှင့် အလယ်တန်း ကျောင်းသားများကို သင်ကြားပေးရာတွင် အဆင်သင့်ဖြစ်စေရန် ၎င်းတို့ လေ့လာရမည့် အကြောင်းအရာများကို သင်ယူမှုနယ်ပယ်တွင် အကျဉ်းချုံးဖော်ပြထားပါသည်။ ဆရာများအနေဖြင့် မိမိတို့၏ ဆရာဘဝတွင် ပညာရေးဆိုင်ရာ သီအိုရီများနှင့် အသိပညာများကို သင့်လျော်ကောင်းမွန်စွာ အသုံးချရန် အရေးကြီးပါသည်။ ထို့ပြင် သင်ကြားရေးအလုပ်သည် အလွန်မွန်မြတ်သော အလုပ်တစ်ခုဖြစ်ပြီး ကျောင်းသားများ၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် မူလတန်းနှင့် အလယ်တန်းဆရာများ၏ အရေးကြီးပုံတို့ကို နားလည်သဘောပေါက်လာစေပါမည်။ ပညာရေးဆိုင်ရာ ဥပဒေသများသည် ၂၁ ရာစု၏ အခြေခံမှုများတွင် အပါအဝင်ဖြစ်သော ဆရာများ၏အခန်းကဏ္ဍ အကြောင်း သိရှိလာအောင် ကျောင်းသားများအား ကူညီပံ့ပိုးပေးပါမည်။

## အခြေခံပညာရေး ရည်မှန်းချက်များ

ဤပညာရေးဘာသာ သင်ယူမှုနယ်ပယ်သည် မြန်မာနိုင်ငံ အခြေခံပညာရေးအတွက် သတ်မှတ်ထားသည့် ပညာရေးဘာသာကို သင်ကြားမည့် ဆရာများအား အဆင်သင့်ပြင်ဆင်ပေးထားကြောင်း သေချာစေမည့် ပညာရေးဒီဂရီကောလိပ်၏ လုပ်ငန်းခွင် စတင်တာဝန်ထမ်းဆောင်သော ဆရာများအတွက် ပညာရေးသင်ရိုးညွှန်းတမ်းတွင် ပါဝင်နေသည်။ အလယ်တန်း ကျောင်းသားများကို ထိထိရောက်ရောက် သင်ကြားပေးနိုင်သည့် ဆရာများဖြစ်လာစေရန်အတွက် ဘာသာရပ်ကျွမ်းကျင်မှု အခြေခံခိုင်မာကြောင်း သေချာစေရန် အလို့ငှာ အလယ်တန်းပြဆရာများသည် အလယ်တန်းနှင့် အထက်တန်းကျောင်း အဆင့်တို့နှင့် ညီမျှသော ပညာရေးဆိုင်ရာအတန်းအတွက် သင်ယူကြရပါမည်။ (ပညာရေးဒီဂရီကောလိပ် သင်ရိုးညွှန်းတမ်း မူဘောင်၊ ၂၀၁၈)။

ယင်းရည်ရွယ်ချက်ကိုဖြည့်ဆည်းရန်အတွက် ၎င်းတို့သင်ကြားရသော ကျောင်းသူကျောင်းသား များ၏ ဘက်စုံဖွံ့ဖြိုးရေးကို ထောက်ပံ့ဖြည့်ဆည်းနိုင်ရန် ကျောင်းသားများ၏ စွမ်းဆောင်ရည် များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဤမော်ဂျူးကို ပြင်ဆင်ရေးဆွဲထားပါသည်။ ဤမော်ဂျူး၏ အဆုံးတွင် ကျောင်းသားများသည် မိမိကိုယ်ကိုယုံကြည်မှုရှိ၍ ကောင်းမွန်စွာလေ့ကျင့် ပြင်ဆင် ထားသော ဆရာများ ဖြစ်လာ၍ ၎င်းတို့အတွက်လိုအပ်သော သက်ဆိုင်ရာ တတ်ကျွမ်းမှုအသီးသီးကိုရရှိပြီး သင်ယူမှုနယ်ပယ်အသီးသီးနှင့်ဘာသာရပ်ပေါင်းစုံတို့၏ သင်ယူမှုရလဒ် များကို ပေါက်မြောက် အောင်မြင်စေရန် အလယ်တန်းကျောင်းသားများကို ထောက်ပံ့ကူညီပေး နိုင်မည် ဖြစ်သည်။

အခြေခံပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူ တတ်မြောက်ရန်

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ် ရှိပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်ရန်

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသူများဖြစ်ရန်

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင် ကြံဆ ဆောင်ရွက်တတ်သူများဖြစ်ရန်

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာကို လက်ဆင့်ကမ်းနိုင် သူများ ဖြစ်ရန်

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့် လျော်ညီသော နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အရည်အသွေး မြင့်မားရန်

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ တွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစား စိတ်ဓာတ်ဖွံ့ဖြိုးလာရန်

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံ ကောင်းများ ရရှိရန်

(ည) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေးအခြေခံ အသိများနှင့်အညီ လက်တွေ့ကျင့်သုံး နေထိုင်တတ်သူများဖြစ်ရန်

## ပညာရေးဘာသာအတွက် ကျောင်းသားများ၏ သင်ယူမှုရလဒ်များ

ဤပညာရေးဘာသာသင်ယူမှုနယ်ပယ်သည် ကျောင်းသားများက မူလတန်းနှင့် အလယ်တန်း ကျောင်းသားတို့ကိုသင်ကြားရာတွင် အဆင်သင့်ဖြစ်စေရန်အောက်ပါတို့ကို ဆောင်ရွက်နိုင်စေ ခြင်းဖြင့် ပြင်ဆင်ပေးရန် ရည်ရွယ်ပါသည်။

- ပညာရေးသဘောတရားနှင့် ပညာရေးစိတ်ပညာ၏ အခြေခံသဘောတရားများနှင့် ပတ်သက်၍ ခိုင်ခံ့သည့် အခြေခံအုတ်မြစ်များတည်ဆောက်ရန်နှင့် သေချာစွာ ပြင်ဆင် ထားသော၊ ထိထိရောက်ရောက် သင်ကြားနိုင်၍ အရည်အချင်းရှိသော ဆရာများအနေဖြင့် ဤသဘောတရားများကို မတူကွဲပြားသော သင်ကြားသင်ယူမှု အခြေအနေများတွင် ကူညီ လမ်းညွှန်တတ်စေရန်

- ကျောင်းသူကျောင်းသားများ၏ သင်ယူမှုဖြစ်စဉ်ကို ထိထိရောက်ရောက်ပံ့ပိုးမှု ပေးနိုင်ရန် အတွက် သင်ယူမှုနယ်ပယ်အမျိုးမျိုးနှင့် ဘာသာရပ်များ၏ သင်ယူမှု ရလဒ်များကို ပေါက်မြောက်အောင်မြင်စေရန် ပညာရေးဘာသာ သင်ယူမှုနယ်ပယ်မှ

ရရှိလာသော တတ်ကျွမ်းမှုများကို ၎င်းတို့၏ လက်တွေ့သင်ကြားမှုများ၌ ပြန်လည် အသုံးချတတ်စေရန်

## ပညာရေးဘာသာရပ် ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ ပညာရေးဘာသာနှင့် ဆက်နွှယ်သော အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များကို ဖော်ပြပါမည်။ ထိုတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် ဆရာအတတ်သင် ကျောင်းသားများ မည်သည့်အရာများကို သိရှိထားသင့်ပြီး၊ ပညာရေးဒီဂရီကောလိပ်မှ ဘွဲ့ရသွားသောအခါ မည်သည့်အရာများ ရရှိတတ်ကျွမ်းသွားမည်ကို ယေဘုယျ ခြုံငုံပြသပေးသည့် လမ်းညွှန်တစ်ခု ဖြစ်ပါသည်။ ၎င်းတတ်ကျွမ်းမှု စံသတ်မှတ်ချက်များသည် ပညာရေးဘာသာသင်ရိုးမာတိကာပါ အကြောင်းအရာ အခန်းများအတွက် ချမှတ်ထားသည့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် ချိတ်ဆက်မှုရှိပါသည်။

**ဇယား (က)။ ဒုတိယနှစ် ပညာရေးဘာသာရပ်၊ ဆရာများအတွက် အဓိကတတ်ကျွမ်းမှု စံသတ်မှတ်ချက်များ**

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။** | (က) (၁.၁)ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှု အဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။<br><br>(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယ ဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်နှင့်ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည် သဘောပေါက်ကြောင်းပြသ သည်။ | (က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများ အပါအဝင် နောက်ခံအကြောင်းအရာ အမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။ |
| **(က-၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှု အား သိသည်။** | (က) (၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၁.၁) ကျောင်းသားများ အချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။<br><br>(က) (၂.၁.၂) ကျောင်းသားများ သင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။ |
| | (က) (၂.၂) သတင်း အချက်အလက်နှင့် ဆက်သွယ် ရေးနည်းပညာ (ICT) ကို သင်ကြား သင်ယူမှုတွင် သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၂.၂.၁) သင်ကြားသင်ယူမှုဖြစ်စဉ်ကို အထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေ ရရှိသော ပညာရေးဆိုင်ရာ နည်းကိရိယာများ နှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကို ဖော်ပြသည်။<br><br>(က) (၂.၂.၃) မီဒီယာ (media) နှင့် သတင်းအချက် အလက်များဆိုင်ရာ (information literacy) အခြေခံသဘောတရားအယူအဆများနှင့် မူများကို နားလည်ကြောင်း ဖော်ပြ၊ သရုပ်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(က-၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကို သိသည်။** | (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုး ထားကြောင်း ပြသသည်။ | (က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများ ပေး၍ ဖော်ပြသည်။<br><br>(က) (၃.၂.၂) မိဘများ၊ ရပ်ရွာ အဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့ ၏လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေ များကို သတိပြု၍ ဆက်ဆံသည်။ |
| **(က-၄) သင်ရိုးညွှန်းတမ်း အကြောင်း သိသည်။** | (က) (၄.၁) အခြေခံပညာသင်ရိုး ညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာ နှင့် မျှော်မှန်းထားသော သင်ယူမှု ရလဒ်များကို နားလည်သဘော ပေါက် ကြောင်းပြသသည်။ | (က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။<br><br>(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။<br><br>(က) (၄.၁.၃) အလယ်တန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာမှုများကို ဖော်ပြသည်။ |
| **(က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။** | (က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ်အကြောင်းအရာကို နားလည်သဘော ပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။<br><br>(က) (၅.၁.၂) ကျောင်းသားများ၏ အဓိက ဘာသာရပ် ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်း များကို သင်ခန်းစာများတွင် ထည့်သွင်းသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှု အခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူ တတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများ အား မည်သို့ ပို့ချရမည်ကို နားလည်သဘော ပေါက်ကြောင်း ပြသသည်။ | (က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမူများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှု မြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှု လုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများ ကို ဖော်ပြသည်။<br><br>(က) (၅.၂.၂) ဘာသာရပ် အကြောင်းအရာ၊ အယူအဆ များ၊ အဓိက ဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသ ဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်း ရှင်းပြသည်။<br><br>(က) (၅.၂.၃) လက်တွေ့ဘဝ အခြေအနေများတွင် အသုံးပြုနိုင်သည့် ဥပမာများဖြင့် အကြောင်းအရာ ဆိုင်ရာ တိကျသောဘာသာစကား၊ နည်းပညာဆိုင်ရာ ဝေါဟာရများ နှင့် ကျွမ်းကျင်မှုများ အသုံးပြုမှုကို စံနမူနာပြနိုင်သည့် ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |
| **(ခ-၁) သင်ကြားမှု နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြား သည်။** | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်း အရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှု ရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်းပြသသည်။ | (ခ) (၁.၁.၁) သင်ယူမှုစွမ်းရည်များနှင့် ကိုက်ညီမှုရှိပြီး ရည်မှန်းထားသော သင်ယူမှုရလဒ်များ ရရှိစေရန် ဘာသာရပ်ပါ အကြောင်းအရာ၊ ဆက်နွယ်မှုရှိသော အတွေးအခေါ်များနှင့် အသိသညာများကို ရှင်းပြရာ တွင် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုသည်။<br><br>(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသ လိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေး ဆိုင်ရာ အထောက်အကူ ပစ္စည်းများကို ရွေးချယ်သည်။<br><br>(ခ) (၁.၁.၃) နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အတွေး အခေါ်ဖြစ်စဉ်များကို သတိပြုမိရန်နှင့် ထင်ဟပ် စဉ်းစားသုံးသပ်မှုကို အသုံးပြုရန် အားပေးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့် ကိုက်ညီသော သင်ပြမှု ပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင် နိုင်ကြောင်း ပြသည်။ | (ခ) (၁.၃.၁) စာသင်ချိန်အားလုံး ကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ) (၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှု နယ်ပယ် များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျ ရှိသော၊ တိကျ ထိမိသော သင်ယူမှု အတွေ့အကြုံ များကို ကြိုတင် ပြင်ဆင်သည်။<br><br>(ခ) (၁.၃.၄) သင်ယူရမည့် အသိသညာများကို နိဒါန်းပျိုးသရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများ နှင့် ဥပမာများကို အသုံးပြုသည်။ |
| **(ခ-၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေး အကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း** | (ခ) (၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေး အကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၁) ကျောင်းသားများ၏ သင်ယူမှုရလဒ်များကို ပေါက်မြောက် အောင်မြင်ရန် အထောက်အကူပေးရန် အတွက် သင်ခန်းစာ၏အစိတ်အပိုင်းတစ်ခု အနေဖြင့် စစ်ဆေးအကဲဖြတ်နည်းများကို သုံးသည်။<br><br>(ခ) (၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိလာသော သတင်းအချက်အလက် များ ကို အသုံးပြုသည်။<br><br>(ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့် သုံးသပ်အကြံပြုချက်များ ပေးနိုင် သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှုစံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) (၂.၂) စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများ သင်ယူမှု တိုးတက်ရေးအတွက် လမ်းညွှန် သဖွယ် အသုံးပြုနိုင်သော စွမ်းရည်ရှိကြောင်း ပြသည်။ | (ခ) (၂.၂.၁) ကျောင်းသားများ၏ သင်ယူဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တိကျမှန်ကန်စွာ မှတ်တမ်းထားရှိသည်။<br><br>(ခ) (၂.၂.၂) ကျောင်းသားများ၏ သင်ယူတိုးတက်မှုကို လေ့လာကြီးကြပ်တည့်မတ်ပေးနိုင်ရန်၊ မှတ်တမ်းထားနိုင်ရန်၊ သင်ရိုးညွှန်းတမ်း ရေးဆွဲရေး အစီအစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပေးနိုင်ရန် အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို အသုံးပြုသည်။<br><br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့် ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ် ပြောဆိုသည်။ |
| **(ခ-၃) ကျောင်းသားများ၏ သင်ယူမှုကို အထောက်အကူ ပြုသော၊ ဘေးကင်းလုံခြုံ စိတ်ချမှု ရှိသော သင်ယူမှု ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။** | (ခ) (၃.၁) ကျောင်းသားအားလုံး အတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှု ဝန်းကျင်ကို ဖန်တီးနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသား အားလုံး ပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေး အတွက် စာသင်ခန်းနေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြုသည်။<br><br>(ခ) (၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော် လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။<br><br>(ခ) (၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ မှုနှင့် ဘေးကင်းလုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်းများနှင့် ဘေးကင်း လုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့် ဆောင်ရွက်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
| --- | --- | --- |
| | (ခ) (၃.၂) ကျောင်းသားများ၏ အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများ သုံး၍ ဖြေရှင်းနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၃.၂.၁) ကျောင်းသားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိရန် သဘောတူချမှတ်ထားသော စာသင်ခန်းအတွင်း စည်းမျဉ်းများနှင့် လုပ်ငန်းစဉ်များ ကို လိုက်နာဆောင်ရွက်ရန် ဖန်တီးသည်။ ရှင်းပြသည်။ ပြသထားသည်။ အားဖြည့်ဆောင်ရွက်သည်။<br><br>(ခ) (၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန် နှင့် ဘေးကင်းလုံခြုံရန် အားပေးသည်။<br><br>(ခ) (၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံ အကြောင်းအရင်းများနှင့် လိုအပ်ချက်များကို သိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားအားလုံးနှင့် ပုံမှန် အပြန်အလှန်ဆက်သွယ်ပြောဆိုသည်။<br><br>(ခ) (၃.၂.၄) ပူးပေါင်းဆောင်ရွက်မှုဖြစ်စေသော အသင်း အဖွဲ့ဖြင့် ဆောင်ရွက်ခြင်းအားဖြင့်သော်လည်း ကောင်း၊ လွတ်လပ်စွာသင်ယူခြင်းအားဖြင့်သော်လည်း ကောင်း၊ ကျောင်းသားများ၏ ကောင်းစွာ ညှိယူနေထိုင် တတ်သည့် အပြုအမူများကို အားပေးသည်။ |
| **(ခ-၄) အခြားဆရာများ၊ မိဘများ၊ ရပ်ရွာလူထုတို့နှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်သည်။** | (ခ) (၄.၁) ကျောင်းသားများ အတွက် သင်ယူမှု ပတ်ဝန်းကျင် ကောင်း တိုးတက်ဖြစ်ပေါ်လာ စေရန် အခြားဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထု အဖွဲ့ဝင်များ နှင့်အတူတကွ ပူးပေါင်း ဆောင်ရွက်နိုင်ရန် နည်းဗျူဟာ များကို အသုံးပြုနိုင်စွမ်း ရှိကြောင်းပြသည်။ | (ခ) (၄.၁.၂) ကျောင်း၊ အိမ်၊ ရပ်ရွာအတွင်း ကလေးများ၏ သင်ယူမှုတွင် မိဘများ၏ ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင် ပေးသည့် နည်းဗျူဟာများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဂ-၁) ဆရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည်။** | (ဂ) (၁.၁) မြန်မာတို့၏ ထုံးတမ်းစဉ်လာအရ စံနမူနာ ပြပုဂ္ဂိုလ်ဖြစ်သည့် ဆရာ တစ်ယောက်တွင် ရှိရမည့် တန်ဖိုးထားမှုများနှင့် သဘောထားများကို လက်ခံကျင့်သုံးနိုင်ကြောင်း ပြသနိုင်သည်။ | (ဂ) (၁.၁.၁) မြန်မာနိုင်ငံရှိဆရာများ လိုက်နာကျင့်သုံး သည့် ကျင့်ဝတ် (၅) သွယ် အပါအဝင် ဆရာ့ အတတ်ပညာ ဆိုင်ရာ ကျင့်သုံးရမည့် ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်း များကို လိုက်နာသည်။<br><br>(ဂ) (၁.၁.၂) ကျောင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိဘများနှင့် ရပ်ရွာလူထုက ဆရာများအပေါ် မျှော်မှန်းထားသည်များနှင့် ကိုက်ညီသည့် အပြု သဘောဆောင်သည့် သဘောထားများ၊ တန်ဖိုးထားမှု များ၊ အပြုအမူများကို တစ်သမတ်တည်း ဖော်ပြသည်။ |
| | (ဂ) (၁.၂) ဆရာအဖြစ် အသက်မွေး ဝမ်းကျောင်းပြုရာ တွင် မိမိ၏ လက်တွေ့သင်ကြား မှုများအား လွှမ်းမိုး နေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ် များကို နားလည်ကြောင်း ပြသသည်။ | (ဂ) (၁.၂.၁) သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်း နှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆ များကို ဖော်ထုတ်သတ်မှတ်သည်။<br><br>(ဂ) (၁.၂.၂) မိမိကိုယ်ပိုင်သင်ကြား၊ သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကို ဖော်ပြသည်။ |
| | (ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိ ကြောင်းကို နားလည် သဘော ပေါက်ကြောင်းပြသသည်။ | (ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်း စဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်း အပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန်အချိန်ယူ သည်။ |
| **(ဂ-၂) ရပ်ရွာအရေး ဦးဆောင်ပါဝင် ဆောင်ရွက်သည်။** | (ဂ) (၂.၁) ကျောင်းနှင့် ရပ်ရွာ ကိစ္စ များ၌  ဆရာအတတ်ပညာ အသိုင်းအဝိုင်းဝင် ဆရာတစ်ဦး အနေဖြင့် တာဝန်ခံဆောင်ရွက် နိုင်ကြောင်းပြသသည်။ | (ဂ) (၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။<br><br>(ဂ) (၂.၁.၂) ကျောင်းနှင့် ရပ်ရွာတွင် တာဝန်ခံ ဆောင်ရွက်သည့် ဆရာတစ်ယောက်အနေဖြင့် စံနမူနာပြ ပြောဆိုနေထိုင်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဂ-၃) ကျောင်းသားအားလုံး ပညာရေး အရည်အသွေး မြင့်မားစေရန် နှင့် ပညာရေး တန်းတူညီမျှမှုရရှိနိုင်ရန် တိုးမြှင့်ဆောင်ရွက်သည်။** | (ဂ) (၃.၁) ကျောင်းသားတစ်ဦး ချင်းစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထား ပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီကြောင်း ပြသသည်။ | (ဂ) (၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင် ရည်အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုကြောင်း ပြသည်။<br><br>(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးအား တန်းတူညီမျှ ဆက်ဆံသည်။ |
| | (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များ ကို လေးစားပြီး ကျောင်းသား အားလုံး မိမိတို့၏စွမ်းရည် အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။ | (ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့် ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။ |
| | (ဂ) (၃.၃) ကျောင်းသားများ မတူ ကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ပြီး ကမ္ဘာ့နိုင်ငံသား ဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးနိုင်စွမ်း ရှိကြောင်း ပြသသည်။ | (ဂ) (၃.၃.၁) ရေရှည် တည်တံ့မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ ကျောင်းသားများ၏ အခွင့်အရေးများ၊ တာဝန်များ နှင့်ပတ်သက်သည့် အယူအဆများကို စာသင်ခန်း၊ ကျောင်းအခြေပြုလုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ |
| **(ဃ-၁) မိမိ၏ သင်ကြားရေးလက်တွေ့ ဆောင်ရွက်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်သည်။** | (ဃ) (၁.၁) မိမိ၏လက်တွေ့ သင်ကြား မှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှု အပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစား သုံးသပ်သည်။ | (ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုး သက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထား များကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မားစေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက် အလက်များကို အသုံးပြုသည်။<br><br>(ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေး အတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| **(ဃ-၂) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည်။** | (ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာ ဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ အားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့ သင်ကြားမှုများကို တိုးတက်စေသည်။ | (ဃ) (၂.၁.၂) လက်တွေ့ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာစေရန် ဖော်ထုတ် သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များနှင့် သက်ဆိုင်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။<br><br>(ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်သည်။<br><br>(ဃ) (၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ်ပညာ အဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။ |
| **(ဃ-၃) သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ တိုးတက်မြင့်မားရေး အတွက် ဆရာ့လုပ်ငန်း အတတ်ပညာ ဆိုင်ရာ သင်ယူလေ့လာမှု များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သည်။** | (ဃ) (၃.၁) လက်တွေ့သင်ကြား ရေး လုပ်ငန်းများ တိုးတက် မြင့်မားစေရန် စူးစမ်းလေ့လာ သင်ယူမှုနှင့် သုတေသန အခြေပြုသင်ယူမှုများ၏ အရေးပါမှုကို နားလည်သဘော ပေါက်ကြောင်း ပြသည်။ | (ဃ) (၃.၁.၁) မိမိ၏လက်တွေ့သင်ကြားမှုများ တိုးတက် ကောင်းမွန်စေရန် ဆီလျော်သင့်တော်သည့် ဆရာ့လုပ်ငန်း အတတ်ပညာဆိုင်ရာ သင်ယူမှုပစ္စည်း များကို သတ်မှတ်ဖော်ထုတ်သည်။<br><br>(ဃ) (၃.၁.၂) အကြောင်းအရာဆိုင်ရာ ဗဟုသုတ အချက်အလက်များနှင့် မိမိ၏ လက်တွေ့သင်ကြား မှုများ တိုးတက်ကောင်းမွန်စေရန် အလယ်တန်း ပညာရေးနှင့် သင်ကြားရမည့် သီးသန့်ဘာသာရပ် များအတွက် လက်ရှိရှေ့ရှုရာ လမ်းကြောင်းများ၊ သုတေသနအခြေပြု လက်တွေ့ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို online (သို့)offline ရှာဖွေရယူ၊ ခွဲခြမ်းစိတ်ဖြာသည်။ |

*ရင်းမြစ်* - မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) - လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများ၊ (၂၀၂၀ ခုနှစ်) (စာ. ၁၀၉-၁၄၀)

## အရွယ်ရောက်သူလူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူလူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသားအသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ

- အတန်းတွင်းအတန်းပြင် သင်ယူမှုများတွင် တက်ကြွစွာပါဝင်ရန် အခွင့်အလမ်းရသောအခါနှင့်

- မိမိ၏သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာ စဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင် ပြုလုပ်စေသောအခါ တို့တွင်ဖြစ်သည်။

ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည့် အမျိုးမျိုးသော သင်ကြားသင်ယူမှု နည်းဗျူဟာများသည် အရွယ်ရောက်သူလူငယ်များအား သင်ကြားသည့် သဘောတရားများမှ 'အလေ့အကျင့်ကောင်းများ' ကို အခြေခံထားသည်။

## ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏သင်ယူမှုများသည် နေ့စဉ်ဘဝတွင် အဘယ်ကဲ့သို့အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရရန်လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ် ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခု မည်သည်ကို သင်ယူနေကြသည် (သို့မဟုတ်) တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

## ၂။ သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကို သိပါ။

သင်၏ကျောင်းသားများသည် အနည်းဆုံး (၁၈) နှစ် ဘဝအတွေ့အကြုံများနှင့်အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါအကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူလူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝအတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

## ၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကို အားပေးပါ။

အရွယ်ရောက်သူလူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သော သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကို သင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများကို ရှာဖွေပါ။ ဤသို့ ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးဖြစ်နေခြင်းထက် ပံ့ပိုးကူညီသူတစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသော အရာကို ရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှု နောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင်ဦးစီးဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## လူတိုင်းအကျုံးဝင်၍ သာတူညီမျှမှုရှိသော စာသင်ခန်းတွင်း အလေ့အထများအတွက် လမ်းညွှန်ချက်များ

လူတိုင်းအကျုံးဝင်ပါဝင်မှုဆိုသည်မှာ လူအားလုံးသည် မည်သည့်ပုံစံနှင့်မျှ ခွဲခြားဆက်ဆံ

ခံရခြင်းမရှိဘဲ တန်းတူ အခွင့်အရေးများအား နှစ်ခြိုက်စွာ ခံစားရရှိနိုင်မှုကို သေချာစေသော အပြုအမူ ဖြစ်သည်။ ပညာရေးတွင် လူတိုင်း အကျုံးဝင်ပါဝင်မှု ဆိုသည်မှာ ၁၉၉၀ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်တွင် ချမှတ်ခဲ့သည့်အတိုင်း ကလေးတစ်ယောက်အား ၎င်း၏ ကျား၊မ ဖြစ်တည်မှု၊ ဘာသာစကား၊ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်ယုံကြည်မှု၊ မသန်စွမ်းမှု၊ လူမှုစီးပွားအခြေအနေနှင့် ပထဝီဝင်နေရာ စသည်တို့ကို ပဓာနမထားဘဲ ပညာသင်ယူခွင့် ရရှိနိုင်ရေး ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန (MoE) ၏ မျှော်မှန်းချက်မှာ ကုလသမဂ္ဂ သဘောတူညီချက်မှ သတ်မှတ်ချက်များကို လိုက်နာစောင့်ထိန်းရာတွင် သိသာထင်ရှားသော တိုးတက်မှုများ ရှိစေရန် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင် (SDG) အား ရောက်ရှိအောင်မြင်နိုင်ရန်မှာလည်း ပညာရေးဝန်ကြီးဌာန (MoE) ၏ ရည်မှန်းချက် ဖြစ်သည်။ ပညာရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဟန်ချက်ညီပန်းတိုင်ဆိုသည်မှာ *SDG ပန်းတိုင် (၄) - လူသားအားလုံးအကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သောအခွင့်အလမ်း ရရှိရေး ဖြစ်သည်။*

လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ပညာရေးဒီဂရီကောလိပ်၏ အဆင့်တိုင်း၌ သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သောပတ်ဝန်းကျင်တို့အား ဖန်တီးထားခြင်းတို့မှတစ်ဆင့် SDG ပန်းတိုင် (၄) သို့ ရောက်ရှိအောင်မြင်နိုင်သည်ဟု နားလည်သဘောပေါက်ထားနိုင်သည်။ ဆရာများက လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့်သာတူညီမျှရှိသောစာသင်ခန်းအလေ့အထများကို၎င်းတို့၏ ကျောင်းသားများအား စံနမူနာအဖြစ် ပြသနိုင်သလို အုပ်ချုပ်သူများကလည်း ခွဲခြားဆက်ခံခြင်းအား ဆန့်ကျင်သည့် မူဝါဒ အပါအဝင် လူတိုင်းအကျုံးဝင်ပါဝင်မှုကို ဖော်ကျူးနေသည့် တာဝန်များ၊ မျှော်မှန်းအဆိုပြုချက်များနှင့် မူဝါဒများအား ဖန်တီးခြင်းတို့ဖြင့် ကူညီလုပ်ဆောင်နိုင်ပါသည်။

ဆရာတစ်ယောက်အနေဖြင့် စာသင်ခန်းအတွင်း ကျား၊မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်၏ သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခု ဖြစ်သည်။ ကျောင်းသားများသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများကို အညီအမျှ တန်ဖိုးထားသည်ဟု ခံစားရပြီး၊ သင်ယူမှုကို အညီအမျှ လက်လှမ်းမီရယူနိုင်သည့် ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်ကို ရရှိစေရန် သင် အသုံးပြုမည့် သင်ကြားသင်ယူမှု နည်းလမ်းများနှင့် ရင်းမြစ်များကို သတိပြုရွေးချယ်ရန် လိုအပ်ပါသည်။

ကျောင်းသားများ ပညာရေးကို လက်လှမ်းမီရယူနိုင်ကြောင်း သေချာစေရန်မှာ သင့်တာဝန်ဝတ္တရားဖြစ်သလို လူတိုင်းအကျုံးဝင်ပါဝင်မှုနှင့် ကျား၊မ တန်းတူညီမျှမှု၏ အရေးပါပုံကို ကျောင်းသားများ နားလည် သဘောပေါက်၊ တန်ဖိုးထားရန်နှင့် ၎င်းတို့ကိုယ်ပိုင် သင်ကြားမှုအလေ့အကျင့်များနှင့် ပတ်သက်သော အသိပညာများကို ရယူရန်မှာလည်း သင့်တာဝန်ဝတ္တရား ဖြစ်သည်။ လူတိုင်းအကျုံးဝင်ပါဝင်ပြီး သင်ယူသူနှင့် ရင်းနှီးကျွမ်းဝင်သော ပတ်ဝန်းကျင်များအား ပြည့်စုံစွာ ရှင်းလင်းဖော်ပြပြီး (သို့မဟုတ်) သွယ်ဝိုက်ဖော်ပြပြီး ဖန်တီးခြင်းနှင့် စပ်လျဉ်းသော စာသင်ခန်းတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် ကျွမ်းကျင်မှုများ၊ အသိပညာ၊ တန်ဖိုးထားမှုများနှင့် စိတ်နေသဘောထားများသည် ကျောင်းသားများ၏ အနာဂတ် စိတ်နေသဘောထားများအပေါ် ရေရှည်သက်ရောက်မှုများ ရှိနိုင်ပါလိမ့်မည်။

## လူတိုင်းအကျုံးဝင်သည့် သင်ယူမှု ပတ်ဝန်းကျင်တစ်ခုကို ကူညီပံ့ပိုးရန်အတွက် ယေဘုယျ နည်းဗျူဟာများ

ကျောင်းသားများ လေ့လာသင်ယူရာတွင် ပေါက်မြောက်အောင်မြင်မှု ရရှိစေရန်အတွက် ၎င်းတို့အား ကူညီပံ့ပိုးပေးသည့် အရည်အသွေးမြင့် လူတိုင်းအကျုံးဝင် သင်ယူမှုပတ်ဝန်းကျင် တစ်ခုကို ဖန်တီးရန်မှာ ဆရာများတွင် တာဝန်ရှိပါသည်။

- ကျောင်းသားတစ်ဦးချင်းစီအကြောင်း စဉ်းစားပြီး ၎င်းတို့၏ ကျား၊မ ဖြစ်တည်မှု၊ မသန်စွမ်းဖြစ်မှု၊ ကိုးကွယ်ရာဘာသာ၊ တိုင်းရင်းသားဖြစ်မှု၊ ဘာသာစကား၊ ပထဝီဝင်ဆိုင်ရာ ဆက်စပ်အကြောင်းအရာနှင့် လူမှုစီးပွား အခြေအနေတို့ကြောင့် တွေ့ကြုံကောင်းတွေ့ကြုံရနိုင်သည့် အဟန့်အတားများကို ထည့်သွင်းစဉ်းစားပါ။

- သင့်ကိုယ်ပိုင် ဘက်လိုက်မှုများကို သတိထားပြီး သင်၏ လုပ်ဆောင်ချက်များနှင့် သင်ကြားမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ပါ။

- ကျား၊မအားလုံး ပါဝင်ကြောင်းနှင့် အသိအမှတ်ပြုခံရကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ကျား၊မရေးရာ တရားသေမှတ်ယူမှုများကို အားပေးခြင်း မပြုလုပ်မိအောင် သတိပြုပါ။

- တိုင်းရင်းသား (သို့မဟုတ်) ဘာသာရေး အုပ်စုအမျိုးမျိုး တွေ့ကြုံခဲ့ရသည့် (သို့မဟုတ်) ဆက်လက်တွေ့ကြုံနေရသည့် ဖယ်ထုတ်ထားမှုကို သတိထားဆင်ခြင်ပါ။

- တိုင်းရင်းသားဘာသာစကားပြော အုပ်စုများမှလာသည့် ကျောင်းသားများအနေနှင့် ကျောင်းတွင် ညွှန်ကြားချက်များပေးသည့် ဘာသာစကားကို အသုံးပြုရာ၌ မိမိကိုယ်ကို ယုံကြည်စိတ်ချမှု မရှိခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ကြောင်း သတိပြုပါ။ ကျောင်းသားအားလုံး ရင်းနှီးမည့် အသုံးအနှုန်းများကို အသုံးပြုပြီး သင်ခန်းစာတစ်လျှောက် နားလည်မှုကို စစ်ဆေးပါ။ လိုအပ်ပါက ကျောင်းသားအားလုံးအတွက် အဓိကစာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများအား ဘာသာပြန်ထားချက်များကို ပံ့ပိုးပေးပါ။

- ကွဲပြားခြားနားသော ဘာသာရေးအလေ့အကျင့်များကို လက်ခံ အသိအမှတ်ပြုပြီး အတန်းထဲရှိသူအားလုံးကို ကိုယ်စားပြုရန် ကြိုးစားလုပ်ဆောင်ပါ။ အတန်းထဲရှိသူများအား အများဆုံးလွှမ်းမိုးထားသော ယဉ်ကျေးမှု (သို့မဟုတ်) ဘာသာရေးသို့ ဘက်လိုက်မှု မရှိပါစေနှင့်။

- လုပ်ငန်းများနှင့်ဥပမာများသည် လူမှုစီးပွားအုပ်စုအားလုံးမှ ကျောင်းသားများအတွက် နားလည်လွယ်ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ကြောင်း သေချာအောင် လုပ်ဆောင်ပါ။ နယ်မြေဒေသနှင့် ဆက်နွှယ်နေသော ဒေသဆိုင်ရာ ဥပမာများနှင့် ရရှိရန်လွယ်ကူသော၊ စရိတ်နည်းသော၊ အရန်သင့်ရနိုင်သော သင်ထောက်ကူ ပစ္စည်းများကို အသုံးပြုပါ။

- မသန်စွမ်းကျောင်းသားများအတွက် နေရာပြင်ဆင်မှုများကို ပံ့ပိုးပေးပြီး သင်ခန်းစာများကို ပြောင်းလဲပြုပြင်ပေးပါ။

- သင်ယူမှုပုံစံအမျိုးမျိုးအတွက် အလိုက်သင့်ဖြစ်စေရန် ရုပ်ပုံအချက်ပြမှုများ၊ အကြားအာရုံ အချက်ပြမှုများနှင့် ဖြစ်နိုင်ပါက အထိအတွေ့အာရုံ အချက်ပြမှုများမှတစ်ဆင့် သင်ခန်းစာ၏ သင်ယူမှုအချက်များကို တင်ပြကြောင်း သေချာအောင် လုပ်ဆောင်ပါ။

- တူညီသော သင်ယူမှုတတ်ကျွမ်းမှုများနှင့် သင်ယူမှုရလဒ်များကို လေ့လာဖော်ထုတ်ရန်အလို့ငှာ ကွဲပြားခြားနားသော ကျောင်းသားများအတွက် အမျိုးမျိုးသော လုပ်ငန်းများကို ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် လုပ်ဆောင် တင်ဆက်ပါ။

- ကျောင်းသားအားလုံးအတွက် မျှော်မှန်းချက်များကို မြင့်မားစွာထားပါ။ သင်ယူမှုရလဒ်များကို ကျောင်းသားတစ်ဦးချင်းစီ ရရှိတတ်မြောက်သွားအောင် ကူညီပေးရန် အလေးပေး ဆောင်ရွက်ပါ။

## စာသင်ခန်းအတွင်း ကျား၊မ အကျုံးဝင်ပါဝင်မှုကို သေချာအောင် လုပ်ဆောင်ပါ။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှတစ်ဆင့် ကျား၊မ ရေးရာ တရားသေ မှတ်ယူထားခြင်းများအား အမှုမဲ့ အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊မ အားလုံးပါဝင်သော စာသင်ခန်း ဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာ စာသင်ခန်းများအတွင်း ကျောင်းသားတို့၏ ကျား၊မ တန်းတူညီမျှမှုကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊မ ရေးရာ အလေးထားသိရှိနားလည်မှုကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

- အသံများ (ပြောဆိုမှုများ)၊ နာမည်များ၊ ကိုးကားမှုများနှင့် ဥပမာများတွင် အမျိုးသားကိုယ်စားပြုမှုနှင့် အမျိုးသမီးကိုယ်စားပြုမှုတို့သည် ညီတူညီမျှရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။

- ရုပ်ပုံဥပမာများသည် တည်ရှိနေပြီးသော မည်သည့်တရားသေမှတ်ယူမှုမျိုးကိုမဆို အားပေးထောက်ခံနေခြင်း မရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။

- စာသင်ခန်းအတွင်းတွင် ကျား၊မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအတွက် အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။

- ကျောင်းသားများအား ကျား၊မ ရေးရာသဘောကို သတိပြုမိစေရန် ကူညီ အားပေးပါ။ ကျား၊မ ရေးရာဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် အသားပေး ရှင်းပြပါ။ ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အပြုအမူများကို ပြန်လည် သုံးသပ်ရန် အားပေးပါ။

- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ အပြန်အလှန် ပြောဆိုဆွေးနွေးရာတွင် ကျောင်းသားများနှင့် ကျောင်းသူများကို ညီတူညီမျှ ပြောဆိုဆွေးနွေးဖြစ်ကြောင်း၊ သင်ကြားရာတွင် ကျောင်းသားများကိုရော ကျောင်းသူများကိုပါ ညီတူညီမျှ အမည်တပ်ခေါ်ဆိုခြင်း၊ ပါဝင်ဆောင်ရွက်စေခြင်းတို့ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ ဥပမာ - မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများ ရွေးသောအခါ၊ လုပ်ငန်း ခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြုစကား ပြောသောအခါ၊ မျက်လုံးချင်း ဆုံကြည့်သောအခါ (သို့မဟုတ်) ကျောင်းသားအမည် များကို မှတ်မိအောင် ပြုလုပ်သည့် အခါများ၌ပင် ညီမျှမှုရှိပါစေ။

- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း/ခွဲခြင်း၊ ထိုင်ခုံနေရာ စီစဉ်ခြင်း၊ အတန်းကို အလှဆင်ခြင်း များ ပြုလုပ်ရာတွင် ကျား၊မ ရေးရာကို အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် စီစဉ်ဆောင်ရွက်ပါ။

## ကျောင်းသားများ၏ လိုအပ်ချက်အလိုက် သင်ခန်းစာပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ် လမ်းညွှန်ချက်များ

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| သင်ခန်းစာခေါင်းစဉ်ကို စိတ်မဝင်စားသော ကျောင်းသားများ | ၎င်းတို့၏ ဘဝနှင့် ခေါင်းစဉ်အကြား သက်ဆိုင်သည့် ဆက်စပ်မှုများရှိအောင် လုပ်ဆောင်ပေးပါ။ |
| | ခေါင်းစဉ်အား လက်တွေ့အသုံးပြုနိုင်ပုံများကို ပြသပါ။ |
| | ၎င်းတို့၏ စိတ်ဝင်စားမှုနှင့် ဆက်စပ်နေသော ဥပမာများကို အသုံးပြုပါ။ |
| | သင်ခန်းစာအကြောင်းအရာတွင် ကျောင်းသားများ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် ဂိမ်းကစားပွဲများနှင့် လုပ်ငန်းများ ပါဝင်ပါစေ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| လုပ်ငန်းများတွင် စိတ်အားတက်ကြွမှု မရှိသော ကျောင်းသားများ ပါဝင်ခြင်း | စာသင်ခန်းတွင် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အခြေပြု သင်ယူမှုအတွက် အခွင့်အလမ်းများကို တိုးမြှင့်ပေးပါ။ |
| | သင်ယူမှုလုပ်ငန်းများသည် ထိုက်သင့်သော ခက်ခဲမှုအဆင့်အတန်းများ၌ ရှိနေကြောင်း သေချာအောင် လုပ်ဆောင်ပါ။ |
| စာသင်ခန်းတွင် ပါဝင်ရန် ကျောင်းသားများ တွန့်ဆုတ်နေခြင်း | ပါဝင်ရန်အတွက် ရွေးချယ်စရာများကို ပံ့ပိုးပေးပါ။ |
| | အတန်းဖော်အချင်းချင်း/အုပ်စုငယ်များအကြား ပါဝင်မှုအတွက် မျှော်မှန်းချက်များကို ပြောင်းလွယ်ပြင်လွယ်ရှိပါစေ။ |
| | တိတ်ဆိတ်ငြိမ်သက်နေလေ့ရှိသော ကျောင်းသားများအား ပါဝင်ရန် အားပေးပြီး ပံ့ပိုးပေးပါ။ |
| အလုပ်များကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်ပြီးစီးသော ကျောင်းသားများ | ထပ်ဆောင်းလုပ်ငန်းများ အဆင်သင့်ဖြစ်အောင် ရေးဆွဲထားပါ။ |
| လုပ်ငန်းများကို လုပ်ဆောင်ပြီးစီးရန် အချိန်ပို၍ကြာမြင့်တတ်သော ကျောင်းသားများ | လိုအပ်ပါက အလုပ်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အချိန်ထပ်တိုးပေးပါ။ |
| အမြင်အာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အကြားအာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | အရာဝတ္ထုများ/ရုပ်ပုံများ၊ ရုပ်ပုံစုစည်းမှုများ ပါဝင်သည့် ရောင်စုံပြ အချက်အလက်တို့ကို အသုံးပြုပါ။ |
| အကြားအာရုံအသုံးပြု သင်ကြားမှုကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်သည့် ကျောင်းသားများ (အမြင်အာရုံ မသန်စွမ်းကျောင်းသားများ အပါအဝင်) | ဟောပြောပို့ချခြင်း (သို့မဟုတ်) ဆွေးနွေးမှု အခြေပြု သင်ယူခြင်း၊ အတန်းဖော်အခြေပြုလုပ်ငန်းများ၊ စာအုပ်များကို အသံထွက် ဖတ်ပြထားသည့် အသံဖိုင်များ၊ စာသားကို အသံထွက်ပြနိုင်သည့် ဆော့ဖ်ဝဲလ်များကို အသုံးပြုပါ။ |
| သင်ယူရာတွင် (သို့မဟုတ်) အာရုံစူးစိုက်ရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ | အချက်အလက် အပိုင်းအစငယ်များ၊ မကြာခဏ ထပ်ကျော့လုပ်ဆောင်မှုများ၊ ဥပမာအမျိုးမျိုး၊ ခိုင်လုံသော သင်ယူမှုအတွေ့အကြုံများ၊ လက်တွေ့သရုပ်ပြသင်ကြားခြင်း၊ လက်တွေ့သင်ကြားခြင်းတို့ကို အသုံးပြုပါ။ |
| ကိုယ်လက်လှုပ်ရှားမှုနည်းလမ်းကို အသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်စွာ သင်ယူနိုင်သော ကျောင်းသားများ | လက်တွေ့သင်ကြားခြင်း၊ အရာဝတ္ထုများကို ထိတွေ့ခြင်း၊ ထိတွေ့နိုင်သော ဂရပ်ဖစ်ပုံများ၊ မကြာခဏ ရွေ့လျားခြင်း၊ စီမံကိန်းအခြေပြုသင်ယူခြင်းတို့ကို အသုံးပြုပါ။ |
| ယဉ်ကျေးမှုကွဲပြားစုံလင်သော ကျောင်းသားများ | ယဉ်ကျေးမှုနှင့် ဆက်နွယ်နေသော သင်ထောက်ကူများနှင့် ညွှန်ကြားချက်ပေးခြင်း နည်းလမ်းများကို အသုံးပြုပါ။ |
| မသန်စွမ်းကျောင်းသားများ | အခက်အခဲ တွေ့ကြုံရခြင်းမရှိဘဲ အထောက်အပံ့ အကူအညီ ပေးနိုင်သော ကျောင်းသားများနှင့်အတူ အုပ်စုဖွဲ့ပေးပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| အကြားအာရုံမသန်စွမ်းသော ကျောင်းသားများ | စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | နှုတ်ကြည့်ဖတ်ခြင်း (lip-reading) ကို လုပ်ဆောင်နိုင်ရန်အလို့ငှာ သင်၏ နှုတ်ခမ်းများကို သေချာစွာ မြင်နိုင်စေရန်အတွက် ၎င်းတို့ကို စာသင်ခန်း၏ ရှေ့နားတွင် ထိုင်စေပါ။ |
| | ဆက်သွယ်မှုပြုလုပ်ရန်အတွက် စာဖြင့် ရေးသားပံ့ပိုးပေးပါ။ |
| အမြင်အာရုံမသန်စွမ်းသော ကျောင်းသားများ | သင်ပုန်းနားတွင် ထိုင်စေပါ။ |
| | အမြင်အာရုံ ထင်ရှားအောင် ပြုပြင်ထားသည့် အရွယ်အစားကြီးမားစွာ ပုံနှိပ်ထားသော သင်ထောက်ကူ ပစ္စည်းများကို အသုံးပြုပါ။ |
| | ညွှန်ကြားချက်များကို နှုတ်ဖြင့်ရော ပုံဖြင့်ပါ ပံ့ပိုးပေးပါ။ |
| | အခြားအာရုံများကို အသုံးပြုခြင်းဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးပါ။ |
| ပုံနှိပ်စာလုံးများမှတစ်ဆင့် မိမိကိုယ်ကို ဖော်ပြလိုသော ကျောင်းသားများ (စကားပြောဆိုရာတွင် အခက်အခဲ ရှိသည့် ကျောင်းသားများ အပါအဝင်) | နေ့စဉ်မှတ်တမ်း (ဂျာနယ်)၊ ကွက်လပ်ဖြည့် လုပ်ငန်းများ၊ စာစီစာကုံးများ၊ ဇာတ်လမ်းပုံပြင်များ (သို့မဟုတ်) ကဗျာများကို အသုံးပြုပါ။ |
| နှုတ်ဖြင့် ဖော်ပြလိုသော ကျောင်းသား များ (စာရေးသားရာတွင် အခက်အခဲရှိ သည့် ကျောင်းသားများ အပါအဝင်) | စာသင်ခန်းတွင်း ဆွေးနွေးခြင်း (သို့မဟုတ်) မေးခွန်းများကို 'ပြန်လည်အစီရင်ခံခြင်း' တို့ကို အသုံးပြုပါ။ |
| ရုပ်ပုံများ၊ သရုပ်ပြပုံများဖြင့် အကောင်းဆုံးဆက်သွယ်နိုင်သော ကျောင်းသားများ (စကားပြောဆိုရာ တွင် (သို့မဟုတ်) စာရေးသားရာတွင် အခက်အခဲရှိသည့် ကျောင်းသားများ အပါအဝင်) | ရုပ်ပြပုံများ၊ ပိုစတာပြုလုပ်ခြင်းများ (သို့မဟုတ်) အခြားပန်းချီအနုပညာပုံစံများကို အသုံးပြုပါ။ |
| သရုပ်ပြသင်ကြားခြင်းနှင့် ရွေ့လျားခြင်း တို့မှတစ်ဆင့် မိမိကိုယ်ကို ပိုမိုကောင်းမွန်စွာ ဖော်ပြနိုင်သော ကျောင်းသားများ | ဒရာမာပြဇာတ်များ၊ တစ်ခန်းရပ် ဟာသပြဇာတ်များ၊ ခန္ဓာကိုယ်လှုပ်ရှားမှုများ၊ နမူနာပုံစံငယ်များ တည်ဆောက်ခြင်း မှတစ်ဆင့် သင်ကြားပါ။ |
| ဖြေဆိုခြင်းမပြုမီ အချိန်ယူစဉ်းစားရန် လိုအပ်သော ကျောင်းသားများ (ဒုတိယဘာသာစကားအဖြစ် သင်ယူသူများ အပါအဝင်) | သင်/သို့မဟုတ် အတန်းဖော်များနှင့် မျှဝေဖြေဆိုခြင်း မပြုမီ အဖြေများကို စဉ်းစားရန်အတွက် ၎င်းတို့ကို အချိန်ပေးပါ။ |

| အခြေအနေများ | လမ်းညွှန်ချက်များ |
|---|---|
| ရွေ့လျားရာတွင် အကန့်အသတ်ရှိသော ကျောင်းသားများ | ရွေ့လျားမှုပြုလုပ်ရန် လိုအပ်ပါက ၎င်းတို့၏ အခြားခန္ဓာကိုယ်အစိတ်အပိုင်းများကို အသုံးပြုခြင်း (သို့မဟုတ်) ဝှီးချဲလ်ရွေ့လျားမှုကို အသုံးပြုခြင်းဖြင့် အသိပညာကို သရုပ်ပြသင်ကြားရန် ကျောင်းသားများကို ခွင့်ပြုသော အပြောင်းအလဲများ ပါဝင်သည့် သင်ခန်းစာအဖြစ် ညှိနှိုင်းပြင်ဆင်ပါ။ |
| | ၎င်းတို့၏ တတ်ကျွမ်းမှုကို စာဖြင့် (သို့မဟုတ်) နှုတ်ဖြင့်လည်း သရုပ်ပြနိုင်ပါသည်။ |
| အာရုံကြောနှင့် ခန္ဓာကိုယ် မသန်စွမ်း (Complex physical disabilities) ကျောင်းသားများ | စာရေးသားခြင်းကို ပံ့ပိုးပေးမည့် အကူစာရေးပေးသူတစ်ဦးကို အသုံးပြုပါ။ |
| သင်ယူမှု/ဖွဲ့စည်းတည်ဆောက်မှု ဆိုင်ရာတွင် အခက်အခဲရှိသော ကျောင်းသားများ | အတန်းဖော်အချင်းချင်း ကူညီပံ့ပိုးစေပါ။ |
| | ဝါကျအစ စကားလုံးများ၊ အဓိကဝေါဟာရ စာရင်းများ၊ ရုပ်ပုံများ၊ လုပ်ဆောင်ရမည့် အချက်များ၊ လုပ်ငန်းပြီးမြောက်မှုကို စစ်ဆေးရန် စာရင်းများကို အသုံးပြုပါ။ |

## သင်ယူတတ်မြောက်မှု တိုးမြှင့်ရန် အားလုံးပါဝင်မှုနှင့် အရည်အသွေးပြည့်မီမှုရှိသော စစ်ဆေးအကဲဖြတ်ခြင်း

သမားရိုးကျ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအများအပြားအတွက် အဟန့်အတားများကို ဖြစ်စေတတ်သည်။ လူတိုင်းအကျုံးဝင်ပါဝင်နိုင်သည့် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှုအခွင့်အလမ်းများအား ကျောင်းသားများ လက်လှမ်းမီရယူခြင်းကို အမြင့်ဆုံးဖြစ်စေရန်သာမက ၎င်းတို့တစ်ဦးချင်းစီ၏ ကွဲပြားခြားနားချက်များကို ထည့်သွင်းစဉ်းစားပြီး ပညာရေးအရည်အသွေးကို တိုးတက်စေရန် ပါဝင်လုပ်ဆောင်ရန် ကိုလည်း ခွင့်ပြုပေးသည်။

- သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကို မကြာခဏ အသုံးပြုပါ။ သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့် ညွှန်ကြားချက်ပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်မည့် အချက်အလက်ကို အသုံးပြုပါ။

- ကျောင်းသားအားလုံး လက်လှမ်းမီပါဝင်နိုင်ရန်အတွက် စစ်ဆေးမှုများကို ပုံဖော်ရေးဆွဲပြီး ပြုပြင်ပြောင်းလဲပါ။

- ညွှန်ကြားချက်အားလုံးသည် ရှင်းလင်းပြီး နားလည်သဘောပေါက်ရန် လွယ်ကူကြောင်း၊ မေးခွန်းများသည် ကျောင်းသားများ ဖတ်ရှုနိုင်သည့် အဆင့်အတန်းများဖြစ်ကြောင်း၊ သရုပ်ပြပုံများသည် ရှင်းလင်းပြီး ဖတ်ရှုရလွယ်ကူကြောင်း သေချာအောင် လုပ်ဆောင်ပါ။

- ပံ့ပိုးမှုလိုအပ်သော မသန်စွမ်းကျောင်းသားများအား အဖြေများကို ရေးသားရန် (သို့မဟုတ်) မေးခွန်းများကို နားလည်သဘောပေါက်စေရန် လိုအပ်သလို အထောက်အကူပြု ပံ့ပိုးရန် ခွင့်ပြုပါ။ (ဥပမာအားဖြင့် အခြားပညာသင်နှစ်/အခြားအတန်းမှ အတန်းသားများ (သို့မဟုတ်) လက်ထောက်ဆရာမှတစ်ဆင့် ကူညီပံ့ပိုးနိုင်သည်။)

- သင်ယူမှုပန်းတိုင်သို့ ဦးတည်နေသည့် စံအမှတ်ပါဝင်သော စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားကို အသုံးပြုပါ။ (ထိုဇယားတွင်) “အထောက်အထားမရှိသေး”၊ “စတင်နေဆဲ”၊ “တိုးတက်ဆဲ” နှင့် “အမှီအခိုကင်း” စသည်တို့ကို အဆင့်သတ်မှတ်ချက်စကားများအဖြစ် အသုံးပြုပါ။ သင်ခန်းစာအပေါ် (သို့မဟုတ်) တစ်ဦးချင်းစီ၏ သင်ယူမှုပန်းတိုင်များအပေါ် မူတည်ပြီး စံအမှတ်များကို ပြုပြင်ညှိနှိုင်းနိုင်ပါသည်။ အခြားနည်းလမ်းများတွင် စစ်ဆေးရန်အချက်များပါသော စာရင်းများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ တုံ့ပြန်အကြံပြုချက်၊ ကျောင်းသားများ၏ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း၊ အလေးပေး ရွေးချယ်မှုများ ပါဝင်သည့် သင်ယူမှုဆိုင်ရာ အထောက်အထားမှတ်တမ်းများနှင့် တိုးတက်ရန် လိုအပ်သည့် နယ်ပယ်များ ပါဝင်သည်။

- သင်ခန်းစာတစ်ခုအား နားလည်သဘောပေါက်မှုကို စစ်ဆေးရာတွင် နည်းလမ်းတစ်ခုထက်မက ရှိကြောင်း သေချာအောင် လုပ်ဆောင်ပါ။ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်း အမျိုးမျိုးမှတစ်ဆင့် သင်ယူမှုကို ပြောဆိုရေးသားဖော်ပြနိုင်မည့် ရွေးချယ်စရာအများအပြားကို ကျောင်းသားများအတွက် ပံ့ပိုးပေးပါ။

## စစ်ဆေးအကဲဖြတ်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရာတွင် အခက်အခဲများ တွေ့ကြုံရနိုင်သော ကျောင်းသားများအတွက် ညှိနှိုင်းဆောင်ရွက်ပေးမှုများ

| ညှိနှိုင်းဆောင်ရွက်ပေးမှု အမျိုးအစားများ | အကြံဉာဏ်များ |
|---|---|
| တင်ပြခြင်းကို လုပ်ဆောင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စစ်ဆေးအကဲဖြတ်ခြင်းကို အသံထွက် ရွတ်ဖတ်ခြင်း (အသံသွင်းထားခြင်း (သို့မဟုတ်) အရွယ်ရောက်ပြီး စာဖတ်သူ) |
| | စစ်ဆေးအကဲဖြတ်ခြင်းအတွက် အရွယ်အစား ကြီးမားစွာ ပုံနှိပ်ထားခြင်း |
| | အကြားအာရုံကို အထောက်အကူပေးရန်အတွက် အသံကို ချဲ့ထားပေးခြင်း (အကြားအာရုံအထောက်အကူပြု အသံချဲ့ကိရိယာများ) |
| | ကွန်ပျူတာမျက်နှာပြင်ပေါ်ရှိ စာသားများကို အသံထွက် ဖတ်ပြပေးနိုင်သော ဆော့ဖ်ဝဲလ်များ |
| မေးခွန်းများဖြေဆိုရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | မေးခွန်းများ ဖြေကြားရာတွင် ကူညီပေးသည့် ကွန်ပျူတာကို အသုံးပြုခြင်း (သို့မဟုတ်) အကူစာရေးပေးသူတစ်ဦးကို အသုံးပြုခြင်း |
| | သီးခြားစာအုပ်တွင် ဖြေဆိုခြင်းမပြုစေဘဲ ပုံနှိပ်စာအုပ်ထဲတွင် အဖြေများကို တိုက်ရိုက်ဝိုင်း၍ ဖြေဆိုစေခြင်း |
| | အချက်အလက်များကို စုစည်းဖော်ပြသည့် ကိရိယာများကို အသုံးပြုခြင်း။ ဥပမာ - ဂဏန်းတွက်စက်များ၊ အချက်အလက်စီမံခန့်ခွဲမှု ကိရိယာများ၊ စာလုံးပေါင်း သတ်ပုံ စစ်ဆေးပေးသည့် ကိရိယာများ၊ အဘိဓာန်များ |
| နေရာပြင်ဆင်ရာတွင် ညှိနှိုင်းဆောင်ရွက်ပေးမှုများ | အနှောင့်အယှက်ကို အနည်းဆုံးသို့ လျှော့ချရန်အတွက် သီးခြားတစ်နေရာတွင် စာမေးပွဲစစ်ဆေးပေးခြင်း |
| | အုပ်စုငယ်အတွင်း စစ်ဆေးခြင်း |
| | အခန်းတွင်း အလင်းရောင်ကို ချိန်ညှိပေးခြင်း (ကျောင်းသားများ၏ လိုအပ်ချက်အလိုက် အလင်းရောင်ကို တိုးပေးခြင်း (သို့မဟုတ်) လျှော့ချပေးခြင်း) |
| | ဆူညံသံလျှော့ချသည့် ကြားခံကိရိယာ (နားကြပ်) များကို ပံ့ပိုးပေးခြင်း။ ဥပမာ - headphones, ear plugs, earphones |
| အချိန်ကို ညှိနှိုင်းဆောင်ရွက်ပေးမှုများ | စာမေးပွဲကို ပြီးဆုံးသည်အထိ ဖြေဆိုနိုင်စေရန် အချိန်တိုးပေးခြင်း |
| | ခေတ္တနားချိန် အများအပြား (သို့မဟုတ်) မကြာခဏ ပေးခြင်း |
| | စစ်မေးမှုအစီအစဉ်ကို ပြောင်းလဲပေးခြင်း (ဥပမာ - စိုးရိမ်ပူပန်မှုကို လျှော့ချရန်အတွက် ပိုမိုလွယ်ကူသော ဘာသာရပ်များကို ပံ့ပိုးပေးခြင်း) |
| | တစ်နေ့တည်းအပြီး စစ်ဆေးခြင်းထက် နေ့ရက်များစွာ အချိန်ပေး၍ စစ်ဆေးခြင်း |

## ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်ဖြင့် လူတိုင်းအကျုံးဝင် သင်ကြားရေးကို မြှင့်တင်ပါ။

ကျောင်းသားများ၏ နောက်ခံအခြေအနေ မည်သို့ပင် ရှိစေကာမူ ၎င်းတို့အားလုံး လက်လှမ်းမီ သင်ယူနိုင်သော၊ ပါဝင်ချိတ်ဆက် ဆောင်ရွက်နိုင်သော အရည်အသွေးပြည့်ပညာရေးအား သင်က ပံ့ပိုးပေးနေကြောင်း သေချာစေရန်အတွက် သင်၏ သင်ကြားခြင်းအလေ့အကျင့်ကို ပုံမှန် ပြန်လည်သုံးသပ်သင့်ပါသည်။ သင်ခန်းစာတစ်ခုပြီးတိုင်း သင်၏ ပြန်လည်သုံးသပ်ခြင်း အတွက် အောက်ပါမေးခွန်းများအကြောင်းကို စဉ်းစားပါ -

### ၁။ ကျောင်းသားအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားမှုကို ပြင်ဆင်သည်။

- သင်ခန်းစာလုပ်ငန်းများသည် ကျောင်းသားများ၏ စိတ်ဝင်စားမှုများနှင့် အတွေ့အကြုံ များကို ထည့်သွင်းစဉ်းစားထားပါသလား။
- သင်ကြားမှု နည်းဗျူဟာများနှင့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုပါသလား။
- ကျောင်းသားများသည် သင်ခန်းစာလုပ်ငန်းများ၏ ရည်ရွယ်ချက်များကို နားလည် သဘောပေါက်ပါသလား။
- သင်ပြမှုပုံစံသည် ရရှိလိုသော သင်ယူမှုရလဒ်များအား သင်ယူပြီးမြောက်မှုကို ပံ့ပိုးပေးပါသလား။
- မည်သူ့အတွက် မည်သည့်အရာက အဆင်ပြေပြီး မည်သည့်အရာက အဆင်မပြေပါ သနည်း။ ဘာသာရပ်သင်ကြားရာတွင် ပိုမိုကောင်းမွန်သော နည်းလမ်းရှိပါသလား။
- ကျောင်းသားများ၏ သင်ယူမှုပုံစံ၊ ဦးစားပေးမှု၊ စွမ်းရည်နှင့် လိုအပ်ချက် အမျိုးမျိုးကို မျှော်လင့်ထားပါသလား။ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုပ်ငန်းများကို ပုံဖော်ရေးဆွဲထားပါသလား။
- ကျောင်းသားများ၏ နားလည်သဘောပေါက်မှုနှင့် သိရှိပြီး အသိပညာတို့ကို မည်ကဲ့သို့ ထည့်သွင်းစဉ်းစားပါသနည်း။ နားလည်သဘောပေါက်မှုကို အဆင့်ဆင့်

ပံ့ပိုးရန်နှင့် လိုအပ်ချက် အမျိုးမျိုးအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွန်ုပ်၏ သင်ခန်းစာကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလျက် ရှိပါသနည်း။

**၂။ သင်ခန်းစာများသည် ကျောင်းသားအားလုံးပါဝင်မှုကို အားပေးသည်။**

- ကျောင်းသားအားလုံးကို သူတို့အမည်ဖြင့် ရည်ညွှန်းခေါ်ဆိုရာတွင် ကျား၊မ မရွေး ညီတူညီမျှ ရည်ညွှန်းခေါ်ဆိုပါသလား။

- ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ချိတ်ဆက်ပေးမည့် ဒေသဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ရှိပါ သလား။

- သင်ခန်းစာ သင်နေစဉ်အတွင်း ၎င်းတို့လည်း ပြောဆိုနိုင်သည်ဟု ကျောင်းသားများ ခံစားရပါသလား။

**၃။ ၎င်းတို့ကိုယ်ပိုင် သင်ယူမှုတွင် ကျောင်းသားများ တက်ကြွစွာ ပါဝင်သည်။**

- ၎င်းတို့ကိုယ်ပိုင် သင်ယူမှုအတွက် တာဝန်ယူရန် ကျောင်းသားများကို တိုက်တွန်းအားပေးပါသလား။

- စာသင်ခန်းပတ်ဝန်းကျင်သည် အမှီအခိုကင်းသော သင်ယူမှုကို တိုက်တွန်းအားပေးပါသလား။

- ကျွန်ုပ်သည် သင်ခန်းစာကို ရေးဆွဲရာတွင် ကျောင်းသားများအား ၎င်းတို့ သင်ယူပုံအတွက် ရွေးချယ်စရာ အခြေခံသဘောတရားကို ခွင့်ပြုထားပါသလား။

**၄။ အခြားသူများ၏သင်ယူမှုတွင် ကူညီပံ့ပိုးပေးရန် ကျောင်းသားများအားတိုက်တွန်းအားပေးသည်။**

- ထိုင်ခုံနေရာချထားမှုသည် ကျောင်းသားများ အပြန်အလှန်ဆက်သွယ်မှုကို တိုက်တွန်းအားပေးပါသလား။

- ကျောင်းသားများကို နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ရန် မျှော်လင့်ထားပါသလား။

- သင်ခန်းစာ၏ ပန်းတိုင်များကို အောင်မြင်စေရန်အတွက် ကျောင်းသားတစ်ဦးနှင့် တစ်ဦး ကူညီကြပါသလား။

**၅။ ကျောင်းသားများအခက်အခဲနှင့်တွေ့ကြုံရသောအခါအထောက်အပံ့များကိုပံ့ပိုးပေးသည်။**

- ကျောင်းသားများ အခက်အခဲတွေ့နေရသည်ကို ကျွန်ုပ်က သတိထား စောင့်ကြည့်နေပါသလား။

- ကျောင်းသားများသည် အကူအညီတောင်းနိုင်သည်ဟု ခံစားရပါသလား။

**၆။ စာသင်ခန်းတွင်းစည်းကမ်းသည် အပြန်အလှန်လေးစားမှုကို အခြေခံထားသည်။**

- အလှည့်ကျ ပြောဆိုရန်၊ နားထောင်ရန် စည်းကမ်းချမှတ်ထားပါသလား။

- ၎င်းတို့၏ အသံများကို ညီတူညီမျှ ကြားရသည် (၎င်းတို့အားလုံး ညီတူညီမျှ ပြောဆိုနိုင်သည်) ဟု ကျောင်းသားများ ခံစားရပါသလား။

- အနိုင်ကျင့်ခြင်း၊ ကျား၊မ ရေးရာ တရားသေ မှတ်ယူခြင်းနှင့် ခွဲခြားဆက်ဆံရာ ရောက်သော ဘက်လိုက်မှုများကို ရှုတ်ချတားမြစ်ထားပါသလား။

**၇။ စိုးရိမ်ပူပန်မှု (သို့မဟုတ်) မကျေနပ်မှုကို ခံစားရသောအခါ စကားပြောဆိုရန် တစ်စုံတစ်ယောက် ရှိသည်ဟု ကျောင်းသားများက ခံစားရသည်။**

- ကျောင်းသားများ၏ နောက်ခံအကြောင်းအရာ မည်သို့ရှိသည်ဖြစ်စေ၊ ကျောင်းသားအားလုံး၏ စိုးရိမ်ပူပန်မှုကို နားထောင်ပါသလား။

- ကျွန်ုပ်နှင့် တစ်ဦးချင်း တွေ့ဆုံဆွေးနွေးရန် ကျောင်းသားများကို ခွင့်ပြုပေးထားပါသလား။

- တိုက်တွန်းအားပေးပြီး အပြုသဘောဆောင်သည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ကျွန်ုပ် ဖန်တီးထားပါသလား။

## ၈။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားအားလုံး၏ အောင်မြင်မှုသို့ ပါဝင်ဖြည့်ဆည်း ပေးသည်။

- သင်ယူမှုကို အားပေးရန်အတွက် စစ်ဆေးအကဲဖြတ်ခြင်းကို ကျွန်ုပ် အသုံးပြုပါသလား။

- စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများသည် ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်ပြီး လက်လှမ်းမီနိုင်ပါသလား။

- ကျောင်းသားများသင်ယူရမည်ဟု ယူဆထားသောအရာများကို ၎င်းတို့အမှန်တကယ် သင်ယူနေပါသလား။

- ကျောင်းသားများ၏ လုပ်ငန်းအတွက် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပေးပါသလား။

- စစ်ဆေးမှု (သို့မဟုတ်) စာမေးပွဲများအတွက် ကျောင်းသားများကို ၎င်းတို့တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ကျွန်ုပ် ကူညီလျက် ရှိပါသလား။

- ကွဲပြားစုံလင်ခြင်းကို လေးစားကြောင်း သေချာစေရန် ပေါင်းစည်းထားသည့် ပုံမှန်စစ်ဆေးအကဲဖြတ်ခြင်း စနစ်တစ်ခုအတွင်းမှာပင် ဆရာများက လုပ်ဆောင်ပါသလား။

## သင်ကြား၊ သင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသား

များရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ရန် မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအခြေအနေများနှင့် လိုအပ်ချက်များအရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်တွင် အသုံးပြုထားပါသည်။ သင်၏သင်ခန်းစာများပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကိုလိုက်လျောညီထွေစွာ ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြားသင်ယူမှုနည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools(သို့မဟုတ် )အခြားအလားတူ ဝက်ဘ်ဆိုက်ဒ် များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအား ပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှုအထောက်အထား မှတ်တမ်း (Portfolios)၊ ပြန်လည်သုံးသပ်ချက်နေ့စဉ်မှတ်တမ်း (ဂျာနယ်) များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ - ဖတ်ထားသော စာများအပေါ် မေးသော မေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်း တာဝန်များသည် ကျောင်းသားများအား ယခင်ကသင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအားပြန်လည်သုံးသပ်ရန်အတွက်အားပေးကူညီပေးသည်။လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ ဥပမာ - သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန်မှာကြားခြင်း။

## ဖြစ်ရပ် လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်းစွမ်းရည်နှင့် ဝေဖန်သုံးသပ်တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြရသည်။ ထို့နောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု (သို့မဟုတ်) မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေးကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင် တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။

## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)


ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသော လုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ - လက်တွေ့တန်းပြ လေ့ကျင့်နေချိန်အတွင်းတွင် အခြေခံပညာကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသော လုပ်ငန်းများ (သို့မဟုတ်) သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲအနေဖြင့် ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှသင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်း ပေးသည့်အနေဖြင့် အနီးကပ်ဆွေးနွေးသင်ကြားခြင်း၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသော လုပ်ငန်း (သို့မဟုတ်) ပိုစတာတစ်ခုစီကို ပြုလုပ်ကြပြီး နေရာအသီးသီးတွင်ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း (သို့မဟုတ်) အကြောင်းအရာကို ထပ်ဆောင်းဖြည့်စွက်ချက်များ ရေးကြသည်။

သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအား ပြသရန် အလားတူလုပ်ငန်းမျိုးကို

ပြုလုပ်နိုင်သည်။ တစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင်ရေးကြသည်။





## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်တွင် တွေ့ရပါမည်။

- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/Concept Map)**


  စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ (concepts)၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့် စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန်အသုံးဝင်သည်။

စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့်ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာ ကျယ်ပြန့်၍ ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စတင်ပြီး အတွေးအခေါ် အယူအဆများကို ချိတ်ဆက်နိုင်ရန် ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ (သို့မဟုတ် ပိုမိုအသေးစိတ်သော အသိသညာများ) ကို ဆက်သွယ်သည်။ အောက်တွင်ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။




- **ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)**

မတူသော အကြောင်းအရာ (သို့မဟုတ်) စိတ်ကူး နှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn diagram ကို သုံးသည်။ စက်ဝိုင်းနှစ်ခု ထပ်နေသောနေရာသည် (က) နှင့် (ခ) တို့၏တူနေသော လက္ခဏာများဖြစ်ကြသည်။ ထပ်မနေသောနေရာများမှာ (က) နှင့် (ခ) တို့၏သီးသန့် ကိုယ်ပိုင်လက္ခဏာများဖြစ်ကြသည်။



- **သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက် (KWL Chart)**

ဤနည်းလမ်းသည် အခန်းတစ်ခန်း၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲနှင့် သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာ ခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်ကသိပြီးသောအချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှုဦးတည်ချက်များ (unit objectives) ကို ပြောပြပြီး ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးသည်။ ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း (သို့မဟုတ်) တစ်ဦးချင်းလုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ (သို့မဟုတ်) အခန်း (unit) ကို မသင်မီ ကျောင်းသားများအား ပထမ ကော်လံ နှစ်ခုတွင် မိမိတို့သိပြီးသည့်အကြောင်းအရာနှင့် သိလိုသော အကြောင်းအရာများကို ဖြည့်ပါစေ။ သင်ခန်းစာ (သို့မဟုတ်) အခန်း (unit) ကို သင်ပြီးချိန်တွင် ၎င်းတို့သင်ယူတတ်မြောက်သွားသောအကြောင်းအရာများကို ဖြည့်ရပါမည်။

| **K**<br>သိပြီး အချက်များ | **W**<br>သိလိုသောအချက်များ | **L**<br>သိနားလည်သွားသော အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**

တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ - ကောင်းသောအကျိုးဆက်များနှင့် ဆိုးသောအကျိုးဆက်များ (သို့မဟုတ်) မှန်ကန်သောအချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ် (၁) | ခေါင်းစဉ် (၂) |
|---|---|
| | |

## အုပ်စုလုပ်ငန်း (Group work)

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ - အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကိုကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွသည့် သင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းဟူသည့် ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်း မေးခွန်းများဖြေခြင်း၊ တင်ပြရန်ဖန်တီးတီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်း ဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကို ပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြှုပ်ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကို ခွဲခြားပေးနိုင်ပါသည်။ ဥပမာ - မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင် စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းတွင် ကျွမ်းကျင်သူများ ဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်းပြန်လည် သင်ပြပေးရ

သော လုပ်ငန်းဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြား သူများနှင့်အတူ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းကို ရရှိစေပြီး မတူကွဲပြားသော ရှုထောင့် အမြင်များကို သိရှိနိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားကျောင်းသားတစ်ယောက်၏ သင်ယူမှု အတွက် တာဝန်ရှိသလို ကျောင်းသားများကအုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက် အကူပြုပေးရန် အရေးပါသည်ကို သိမြင်လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်း သည် အထူးထိရောက်မှု ရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသော ကျွမ်းကျင်မှုစွမ်းရည် အများအပြားကို အသုံးပြုရန်လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း (Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွား ဆက်သွယ်မှုများဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ် များကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း သင်သည် ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကို ဖြေကြားရန် အခါအားလျော်စွာ ရပ်နားစေခြင်းဖြင့်လည်းကောင်း (သို့မဟုတ်) ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်း ဖြင့်လည်းကောင်း ပါဝင်ပတ်သက်မှုရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး (သို့မဟုတ်) ကျောင်းသား အုပ်စုငယ်တစ်ခုသည် သင်ခန်းစာအားလုံး (သို့မဟုတ်) အစိတ်အပိုင်းကို ၎င်းတို့အချင်းချင်း သင်ကြားပေးကြသည်။ ယင်းနောက် ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့၏ သင်ယူ တတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာ အသေးစားအပေါ် အကြံပြုသုံးသပ်ချက်များ ရယူကြပြီး အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း သည် လက်တွေ့တန်းပြ သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသော ကျောင်းများတွင် လက်တွေ့သင်ကြားရေးများ အတွက်ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်း တစ်ရပ်ဖြစ်

သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိက သင်ကြားလေ့ကျင့်ရမည်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ - အဖွင့်မေးခွန်းများမေးခြင်း (သို့မဟုတ်) ကျောင်းသားများအား အပြုသဘောဆောင်သော အကြံပြုသုံးသပ်ချက်များ ပေးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက သဘောတရား အသစ် (သို့မဟုတ်) ချဉ်းကပ်နည်းအသစ်တစ်ခုကို လေ့လာကြည့်ရှု သင်ယူနိုင်ရန် ဆရာက နမူနာသင်ပြခြင်းဖြစ်သည်။ ဆရာတစ်ဦးအနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းတစ်ခုကို နှုတ်ကပြောပြသည်ထက် လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်းဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း (သို့မဟုတ်) သင်ပြနည်းကို မည်သို့ တင်ပြခဲ့သည်၊ သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည်သည့် သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက်ဆွေးနွေးစေနိုင်ပါသည်။ ဤနည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာလုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပညာရေးဒီဂရီကောလိပ် ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့ သင်ကြားပို့ချမည့် အခြေခံပညာကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ်ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း (သို့မဟုတ်) ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို နားလည်သဘောပေါက်စေရန်အတွက် ပုံစံချထားသည့် လေးနက်စွာ ပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသားတစ်ဦး၏ သင်ခန်းစာတစ်ခုလုံး (သို့မဟုတ်) အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့် သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြား ဆက်စပ်မှုပြုပေးရန်နှင့်

ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသော အကဲဖြတ်မှုများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင် လုပ်ဆောင်သော သရုပ်ပြသင်ကြားမှုများ (ဥပမာ - သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုကို လမ်းညွှန်ပြသခြင်း) နှင့် ကျောင်းသားများဦးဆောင်သော (သို့မဟုတ်) ပါဝင်သောလက်တွေ့လုပ်ဆောင်သင်ကြားမှုများ (ဥပမာ - ကျောင်းသားများအား သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုပြုလုပ်စေခြင်းနှင့် ၎င်းနှင့်ဆက်စပ်နေသော လုပ်ငန်းပေးစာရွက်ကို ဖြည့်စွက်စေခြင်း) ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့လုပ်ဆောင်ခြင်းများက ကျောင်းသားများအား သဘောတရား (Theory) နှင့် ဆရာများ အနေဖြင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice) များကို ဆက်စပ်ပေးရာတွင် အထောက်အကူဖြစ်စေသည်။

### QR Codes

QR Code များသည် ဝက်ဘ်လိပ်စာများသို့ ဝင်ရောက်ရန် (သို့မဟုတ်) သတ်မှတ် သတင်းအချက်အလက်၏ ချိတ်ဆက်လင့်ခ်များအား စစ်ဆေးရန် ဖုန်းမှတစ်ဆင့် လွယ်ကူစွာ အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ ချိတ်ဆက်လင့်ခ်များကို နှိပ်ခြင်းထက် စတုရန်းပုံ အကွက်နက်လေးများ စုစည်းထားသည့် QR Code ဟု သိကြသော အရာလေးကို စကဲင်န် ဖတ်နိုင်ပါသည်။

ကျောင်းသားများသည် ပထမဦးစွာ မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို အသုံးပြုပြီး iOS Apple Store (သို့မဟုတ်) Google Play တို့မှ QR code scanner/reader ကို စမတ်ဖုန်းများ အသုံးပြုပြီး ဒေါင်းလုတ်ချရန် လိုအပ်ပါလိမ့်မည်။ Scanner ကို ဒေါင်းလုတ်ချပြီးသောအခါ ချိတ်ဆက်ပြီးသော ကျောင်းသား

များသည် ၎င်းတို့၏ ဖုန်းကို မြှောက်ကိုင်ထား၍ ကင်မရာဖြင့် ချိန်ကာ QR code ကို စကဲင်န်ဖတ်ပြီး ပေးထားသော အချက်အလက်ရှိရာနေရာသို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဤ code များကို ၎င်းတို့၏ ကိုယ်ပိုင်စာသင်ခန်းများတွင် အသုံးပြုရန် ကျောင်းသားများကို တိုက်တွန်းအားပေးသင့်ပြီး code များအား လွယ်ကူလျင်မြန်စွာ အသုံးပြုပုံကိုလည်း သိထားသင့်သည်။

ဤ code များသည် ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြားသင်ယူမှု ဖြစ်စဉ်နည်းလမ်း အတွက် အလွန်ကောင်းမွန်သော သင်ထောက်ကူတစ်မျိုး ဖြစ်နိုင်ပြီး ချိတ်ဆက်လင့်ခ်များ၊ ဝက်ဘ်ဆိုက်ဒ်များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုရန်နှင့် လုပ်ငန်းပုံစံလွှာများကို ဒေါင်းလုတ်ချရန် ကျောင်းသားများကို ခွင့်ပြုပေးသည်။ နိဒါန်းပျိုးခြင်းလုပ်ငန်းများ၊ စစ်ဆေး အကဲဖြတ်ခြင်းများ၊ စစ်တမ်းကောက်ယူခြင်းများနှင့် အခြားသင်ယူမှုလုပ်ငန်းများကို စာသင်ခန်းတွင်း အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း၌ ထည့်သွင်းရန် အတွက်လည်း ၎င်းတို့ကို အသုံးပြုနိုင်သည်။

သင်နှင့် သင်၏ကျောင်းသားများသည် scanner ကို အသုံးပြုလုပ်ဆောင်နိုင်ရန်အတွက် မိုဘိုင်းဒေတာ (သို့မဟုတ်) အင်တာနက်ကွန်နက်ရှင်ကို လိုအပ်လိမ့်မည်ဖြစ်ကြောင်း သတိထားပါ။

### စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဌာန်းစာအုပ် တစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား ခွဲခြမ်းစိတ်ဖြာလေ့လာရန်နှင့် နားလည်သဘောပေါက်ရန် အလေးပေးလုပ်ဆောင်ကြသည့် အုပ်စုငယ်တစ်ခုဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာဖတ်အုပ်စုသို့ မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေသကဲ့သို့ စာတမ်းတွင် ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု (သို့မဟုတ်) ရေးသားသည့် နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်း ဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသော နည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့်ပေးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှုအခက်အခဲများအကြား (သို့မဟုတ်) တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍အထောက်အပံ့ပေးသော ပတ်ဝန်းကျင် တစ်ခုအတွင်း၌ လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအား ကြီးကြပ်လမ်းညွှန်သူတစ်ဦး အနေဖြင့် သဘောထားလျက် ၎င်းတို့၏ ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြခြင်း ဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးဒီဂရီကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန် အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ်ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်း ရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေး အထူးပြုနယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်းပါဝင်သည်။

## နှီးနှောဖလှယ်ပွဲများ (Seminars)

နှီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ်ဖော်ထုတ်ဆွေးနွေးကြသည်။ အမြင်များအပေါ် အချေအတင်ဆွေးနွေး ကြပြီး ပိုင်းခြား စိတ်ဖြာလေ့လာကြသည်။ ကျောင်းသားများသည် နှီးနှောဖလှယ်ပွဲ မကျင်းပမီ ကြိုတင် ပြင်ဆင်သည့်အလုပ် (သို့မဟုတ်) ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး လုပ်ဆောင် ထားလေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နှီးနှောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင် ကျောင်းသားများအားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရပါမည်။

နီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများအား ပိုမိုလေးနက်စွာစဉ်းစားတတ်လာစေရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

## တွေး-တွဲ-မျှဝေသင်ယူခြင်း (Think-Pair-Share)

တွေး-တွဲ-မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကို ဖြေရန် (သို့မဟုတ်) ပြဿနာတစ်ခုကို ဖြေရှင်းရန် အတူတကွ ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး-တွဲ-မျှဝေခြင်းကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ **တွေးပါ**။ ။ သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး ၎င်းတို့ သိထားပြီးသော (သို့မဟုတ်) သင်ယူခဲ့ပြီးသော အချက်များကို စဉ်းစားပါစေ။

၂။ **ယှဉ်တွဲပါ** ။ ။ အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်ဖွဲ့ပါစေ။

၃။ **မျှဝေပါ** ။ ။ မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ (သို့မဟုတ်) အုပ်စုငယ်အတွင်း မျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့် ကျောင်းသား တစ်ဦးချင်း (သို့မဟုတ်) ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားရာတွင် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ် ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု (သို့မဟုတ်) ပညာရပ်ဆိုင်ရာ ကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာအကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့မဟုတ်) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

## အင်တာနက်အွန်လိုင်းစာမျက်နှာများ အသုံးပြုခြင်း (Virtual Learning Environment-VLE)

ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေးနည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့် ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက်အွန်လိုင်းစာမျက်နှာများ၊ အွန်လိုင်း စာကြည့်တိုက် အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

## အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံဆွေးနွေးပွဲများမှာ အုပ်စုလိုက်ဆွေးနွေးမှုများဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်း လုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံ ဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ်ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

## စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲနှင့် သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန်တွင် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းအမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏ သင်ယူမှုကို နှုတ်အားဖြင့် (သို့မဟုတ်) စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသော အပိုင်းဖြစ်ကြောင်း သတိထားရန် ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက်ပေးခြင်းသည် ကျောင်းသားများ သင်ယူရန်နှင့် နောင်တွင်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို တိုးတက်စေရန် အထောက်အကူပြုသည်။ သင်ယူနေစဉ်စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း

(သို့မဟုတ်) စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်းမတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်း ပေးခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများ မှာ -

## သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှု များကို ဆရာအားပြသစေခြင်းဖြစ်သည်။ ဥပမာ - ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့် တစ်ဆင့် (သို့မဟုတ်) ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများအနေနှင့် ဆရာက ကျောင်းသား၏ သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ကျွမ်းကျင်မှု တိုးတက်စေရန် ကူညီထောက်ပံ့ပေးသည်။

## အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကိုဖတ်ပြီး မေးခွန်းဖြေစေခြင်း (သို့မဟုတ်) ထပ်ဆောင်းအချက်အလက်များ ရှာဖွေဖတ်ရှုစေခြင်း စသည့်လုပ်ငန်းများကို အိမ်စာအဖြစ် ပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုလမ်းကြောင်းမှန်ကန်ခြင်း ရှိ/မရှိကို ကြီးကြပ်ပေးသော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပေးသော အိမ်စာအလုပ်အလိုက် အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက် များရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးသားခြင်း/ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ ဆရာအတတ်ပညာဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း (ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦးဖြစ်လာရန်အတွက် မိမိတို့၏ တိုးတက်မှုများကို သုံးသပ်ခြင်းအားဖြင့် မိမိတို့၏ သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည် သုံးသပ်ချက်စာတမ်းများက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် သုံးသပ်ခြင်းသည် သင်ယူနေသော ဘာသာရပ်နှင့် အခြားဘာသာရပ်များကို ဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှ သင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်) နှင့် ပြန်လည်သုံးသပ်ချက် စာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထားဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေးနိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှုရှိ/မရှိကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများဖြစ်ကြသည်။ပိုမိုပုံစံကျသောကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏အဖြေများ (သို့မဟုတ်) တင်ပြခြင်းကို စစ်ဆေးရန်အချက်များပါသော စာရင်း/ပုံစံ (Checklist) (သို့မဟုတ်) အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသောစာရင်း/ပုံစံ (Criteria) ကိုအသုံးပြုပြီး ကြည့်ရှုလေ့လာ စစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ် အခြေခံပြီး တုံ့ပြန်အကြံပြုချက်များကို ပေးသည်။

## အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း (Peer- Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း (သို့မဟုတ်) အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ဟုခေါ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက်

များအပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်သုံးသပ်ချက်များပေးနိုင်ရန် စစ်ဆေးရန် အချက်များပါသောစာရင်း (Checklist) (သို့မဟုတ်) အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားချိန်အတွင်း ကျောင်းသားများ အချင်းချင်း အပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ပုံစံတစ်ခုဖြစ်သည်။

## တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ပြုလုပ်ရသည်။ အုပ်စု (သို့မဟုတ်) တစ်ဦးချင်းစီအား ၎င်းတို့၏ လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်သုံးသပ်ချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်း ဖြစ်သည်။

## စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများတစ်ဦးချင်း (သို့မဟုတ်) အုပ်စုလိုက်ပူးပေါင်း၍ ပြီးဆုံးအောင်ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်းမှတစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့်ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု (သို့မဟုတ်) နေ့စဉ်ဘဝပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ပရောဂျက်တစ်ခု ပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ပေးကြရန် မေတ္တာရပ်ခံပါသည်။

## အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသောအကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်/မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများမေးခြင်းသည် ကျောင်းသား

များ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ အမေး အဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကို မေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့ တစ်ခုထက်ပိုသော အဖြေများပေးနိုင်သည့် မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာ ဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

## ဉာဏ်စမ်းမေးခွန်း (Quiz)

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်း အနေဖြင့်သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့် သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီးစစ်ဆေးအကဲဖြတ်ခြင်း (သို့မဟုတ်) စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်း တစ်ခုအဖြစ်လည်း သုံးနိုင်သည်။

## မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်းဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း ကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့ လုပ်ဆောင်ရမည့်လုပ်ငန်း (သို့မဟုတ်) တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့အသုံးချရမည်နှင့် စစ်ဆေး အကဲဖြတ် စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသ ပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

## ရေးဖြေစာမေးပွဲများ (Written examinations)

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်တန်းအတွင်း ဆွေးနွေးခဲ့သည့် သက်ဆိုင်ရာ သင်ကြားနည်းအတတ်ပညာများအပေါ် ပြန်လည်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျနည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည်ဆိုသည်နှင့် ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက် စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူဖြစ်စေရန် သင်လုပ်ဆောင်နိုင်သည့် ဖြည့်စွက်အကြံပြုချက် အချို့ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကို ရွေးချယ်ပါ။ မှတ်သားထားရမည့်အချက်မှာ ယေဘုယျအားဖြင့် မိနစ် (၅၀) စာသင်ချိန်၏ သုံးပုံတစ်ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာသင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများသည် သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန် ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။
- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှု

များ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါ မှတ်စုကို ကိုးကားပါ။

- အကြောင်းအရာကို မည်သို့ သင်ကြားပို့ချပေးမည်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်းအခြေအနေနှင့် ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာ လုပ်ဆောင်နိုင်ရန် ဖော်ပြထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှုပြုလုပ်နိုင်သည်။

- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်အသုံးပြု၍ဖြစ်စေ၊ လက်ကမ်းစာစောင်မျှဝေ၍ဖြစ်စေ၊ သင်ပုန်းပေါ်တွင် ရေးသား၍ဖြစ်စေ ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့်ရေးပါ။

- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့် ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့ လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီကျောင်းသားများအား ညွှန်ကြားချက်များကို ရှင်းပြရန်အတွက် အဆင်သင့်ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့မည်သည်ကို ပြုလုပ်ရမည်ဆိုသည်ကိုနားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို သူငယ်ချင်းတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အား တောင်းဆိုပါ။

- အချိန်ရပါက သင်ယူမှုလုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး (သို့မဟုတ်) နှစ်ဦးအား

ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တိုသရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့ လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည်ဖြစ်သည်။

- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခု ပြုလုပ်ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့မဟုတ်) လုပ်ငန်းအပြီး ရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများ လုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက်ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါအချက်များကို လုပ်ဆောင်နိုင်မည်ဆိုပါက များစွာ အထောက်အကူဖြစ်စေနိုင်ပါသည်။

- ကျောင်းသားများအား လုပ်ဆောင်ရန် ညွှန်ကြားထားသောအလုပ်များအတွက် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပေးဝေပါ။ အွန်လိုင်းစာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့မဟုတ်) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။

- သင်ခန်းစာအကြောင်းအရာများကိုသင်ကြားပို့ချရာတွင်သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသော ညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ ပေးပါ။

- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင် သင်ကြားသင်ယူခြင်းနည်း (short role-play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။

- အတန်းမစမီ သင်ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။

- သင်ယူမှုလုပ်ငန်းအား မည်သို့ ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည်ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့နားလည်သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည်ရှင်းပြစေပါ။

- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရန် အချိန်မည်မျှရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ (သို့မဟုတ်) ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့ နားလည်သဘောပေါက်မှု ရှိသည်/မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန်ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြားသော နည်းလမ်းဖြင့် ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက်ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။

- စာသင်ခန်း၏ နေရာအနှံ့လှည့်လည်သွားလာပြီး အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။

  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။

  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။

- ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည်များ အားလုံး ရှိနေကြောင်း သေချာပါစေ။

- ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ/မရှိ လှေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။

• ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။

• အကယ်၍ နားလည်မှုလွဲနေကြောင်း တွေ့ရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက်ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့် အချက်ဖြစ်ပါက ကျောင်းသားအားလုံးကို အာရုံစိုက်ရန် ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။

• သင်ခန်းစာများရှေ့မဆက်မီ "ဆရာ့မှတ်စု" ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသောအချက်များကို ကျောင်းသားများကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါအချက်များလုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

• သင်ခန်းစာသင်ယူမှုပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှနားလည်သွားသည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကိုရစေပြီး ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာသင်ကြားသင်ယူမှုက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့် ကိုက်ညီအောင် မည်သို့ ထောက်ပံ့ပေးကြောင်း ကိုလည်း နားလည်သဘောပေါက်စေပါသည်။

- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော (သို့မဟုတ်) ၎င်းတို့ကို အံ့အားသင့်စေသော အချက်တစ်ခုကို ပြန်လည်ဝေမျှရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘော ပေါက်မှုကို အကဲဖြတ်နိုင်သည်။

- လတ်တလော သင်ပို့ချသင်ကြားပေးထားသော သင်ခန်းစာအကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများ ပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်း အားပေးနိုင်သည်။

- ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်းပြုလုပ်ချိန် အတွင်း ၎င်းတို့လုပ်ဆောင်ခဲ့သည်များကို ပြန်လည်ဝေမျှရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့် ရလဒ်အတွက် ပြင်ဆင်လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့ သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန်ညွှန်ကြားပါ။

- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း (သို့မဟုတ်) အတွေးစိတ်ကူး များကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေးဖော်ပြလိုသည့် ရှုထောင့်တစ်ခု (သို့မဟုတ်) နှစ်ခုကို ရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူမှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့် သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီးတည်ဆောက်ရန် ဟူသော အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦး အနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များ သည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံဖွံ့ဖြိုးမှုကို ထောက်ပံ့မှုပေးနိုင်သည့်ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ ပေးနိုင် မည်ဖြစ်ပါသည်။

## ဇယား (ခ)။ ဒုတိယနှစ်၊ ပထမစာသင်နှစ်ဝက်၊ ပညာရေးဘာသာရပ် မာတိကာအကြောင်းအရာ

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၁။ ပညာရေးဘာသာရပ်ကို နားလည်မှုဖွံ့ဖြိုးလာစေခြင်း | ၁.၁။ (၂၁) ရာစုပညာရေး | ၁.၁.၁။ ပညာရေးဘာသာရပ် မော်ဂျူး၏ ရည်မှန်းချက်များ | • ဒုတိယနှစ် ပညာရေးဘာသာရပ်နှင့် ပညာရေးဒီဂရီ ကောလိပ်သင်ရိုး၏ ရှင်းလင်းပီပြင်သော သင်ယူရေး ရည်မှန်းချက်များ ကို ပြန်လည်သုံးသပ်တတ်မည်။ | ဃ (၂.၁) | ဃ (၂.၁.၃) | ၁ |
| | | ၁.၁.၂။ ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင် သင်ယူ ပညာရေးနှင့် ဘဝတစ်သက်တာ ပညာရေး | • ကျောင်းပြင်ပ ပညာရေး၏ အဓိပ္ပာယ် ကို သတ်မှတ်ဖော်ပြတတ်လာပြီး ကျောင်းပြင်ပ ပညာရေး ဥပမာများ ပေးတတ်မည်။<br>• ဘဝတစ်သက်တာ သင်ယူမှုလုပ်ငန်းတွင်နှင့် မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ ပညာရေး၏ အရေးပါပုံကို ရှင်းလင်းပြတတ်မည်။<br>• ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင် သင်ယူ ပညာရေးတို့ကို ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် ပညာရေး/ သင်ယူမှု အညွှန်းဘောင်ထဲသို့ ရောက်ရှိအောင် ပေါင်းစပ်ထည့်သွင်းတတ်မည်။ | ဂ (၃.၁)<br>ဂ (၃.၁) | ဂ (၃.၁.၁)<br>ဂ (၃.၁.၂)<br>ဂ (၃.၂.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | | • ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင်သင်ယူမှု၏ အဓိကကျသော ဝိသေသ လက္ခဏာများကို ဆွေးနွေးတင်ပြတတ်မည်။ | ဂ (၃.၁)<br>ဂ (၃.၁) | ဂ (၃.၁.၁)<br>ဂ (၃.၁.၂)<br>ဂ (၃.၂.၁) | ၃ |
| | | ၁.၁.၃။ ပညာရေး၏ အချက်အချာ အချင်းချင်း အပြန်အလှန် ဆက်စပ်ပုံ | • ပညာရေး၏ အချက်အချာများ တစ်ခုနှင့်တစ်ခုအကြား ပြောင်းလဲလာနေသော ဆက်စပ် နီးနွှယ်ပုံကို ဆွေးနွေး ပြတတ်မည်။<br>• (၂၁) ရာစုခေတ်တွင် ပြောင်းလဲလာသော ဆရာ့အခန်း ကဏ္ဍ အကြောင်း ပြန်လည် သုံးသပ် တတ်မည်။<br>• အခြေခံပညာ သင်ရိုးသစ်က ဦးတည်ချက်ထားသော (၂၁) ရာစုကျွမ်းကျင်မှုများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။ | ဂ (၁.၂) | ဂ (၁.၂.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၁.၁.၄။ စာတတ်မြောက်မှုနှင့် ပညာသင်ကြားရေး | • ကျောင်းသင်ပညာရေးအောင်မြင်မှုနှင့် ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှုတို့ အတွက် စာတတ်မြောက်မှု၏ အရေးပါပုံကို ရှင်းလင်းပြတတ်မည်။<br>• ကမ္ဘာတစ်ဝန်းလုံး စာတတ်မြောက်မှုကို အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်ထားသည့် အစီအမံများ၊ ပဏာမခြေလှမ်းများ/ ကနဦးလုပ်ငန်း အစီအစဉ်များ အကြောင်း အကြမ်းဖျင်း ဖော်ပြတတ်မည်။<br>• စာတတ်မြောက်မှု လုပ်ငန်းဆောင်ရွက်ရာတွင် သင်ပြရာ၌ သုံးမည့် ဘာသာစကား (အသုံးအနှုန်း) နှင့် ရိုးရာယဉ်ကျေးမှုနှင့် ဆီလျော်သော စာအုပ်စာပေတို့၏ အရေးပါပုံကို ဆွေးနွေးတင်ပြတတ်မည်။ | က (၂.၁)<br>က (၃.၂)<br>ဂ (၁.၃)<br>ဂ (၃.၂) | က (၂.၁.၂)<br>က (၃.၂.၂)<br>ဂ ( ၁.၃.၁)<br>ဂ ( ၃.၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | ၁.၂။ သင်ကြားမှုထိရောက်အောင်မြင်သောကျောင်းများနှင့် အဓိက ကျသောပညာရရှိရာရင်းမြစ်များ | ၁.၂.၁။ မြန်မာနိုင်ငံကျောင်းအရည်အသွေးအာမခံ ပုံစံသတ်မှတ်အညွှန်းဘောင် | • ကျောင်းအရည်အသွေးအညွှန်းဘောင်ပါအချက်အလက်များအရ သင်ကြားရေးထိရောက်မှု ရှိသောကျောင်းများ၏ ဘုံတူညီသည့် ဝိသေသလက္ခဏာများကို ဆွေးနွေးတတ်မည်။<br>• မြန်မာနိုင်ငံကျောင်းအရည်အသွေး အာမခံမှုစံသတ်မှတ်ချက်များအညွှန်းဘောင်၏ရှုထောင့်များကို သတ်မှတ်ဖော်ထုတ်တတ်မည်။<br>• သက်သေ အထောက်အထားကို အခြေပြုထားသောစဉ်ဆက်မပြတ်အရည်အသွေးတိုးမြှင့်မှု လုပ်ငန်းစဉ်များ၏ အရေးပါမှုကို ရှင်းလင်းပြတတ်မည်။ | ဂ (၂.၁)<br>ဃ (၁.၁) | ဂ (၂.၁.၁)<br>ဂ (၂.၁.၂)<br>ဃ ( ၁.၁.၁)<br>ဃ ( ၁.၁.၂) | ၅ |
| | | ၁.၂.၂။ ပညာရရှိရာရင်းမြစ်များ | • ကျောင်းသားတို့၏သင်ယူမှုကို အဓိကကျသောပညာရရှိရာရင်းမြစ်များကမည်သို့ပံ့ပိုးပြုပြင်ပေးနိုင်ခဲ့ ကြောင်းပြန်လည်သုံးသပ်တတ်မည်။ | က (၁.၁)<br>ဂ (၁.၂) | က (၁.၁.၁)<br>ဂ (၁.၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| ၂။ သင်နည်းဗေဒဆိုင်ရာ သဘောတရား နှင့် လက်တွေ့ | ၂.၁။ နည်းပညာသုံး သင်နည်းဗေဒ ဆိုင်ရာ အသိပညာ | ၂.၁.၁။ TPACK အား နားလည် သဘောပေါက်မှုကို ဖွံ့ဖြိုး တိုးတက်စေခြင်း | • သင်နည်းဗေဒ ဆိုင်ရာ အသိပညာ (PCK) ကို နားလည်သဘော ပေါက်ကြောင်း ပြသ တတ်မည်။<br>• နည်းပညာသုံး သင်နည်းဗေဒ ဆိုင်ရာအသိပညာ (TPCK) သို့မဟုတ် (TPACK) အညွှန်းဘောင် ၏ အခြေခံအချက်များ၊ အရေးပါသော အချက်များကို ဆွေးနွေးတတ်မည်။<br>• နည်းပညာပေါင်းစပ် သုံးစွဲမှုအတွက် စီမံဆောင်ရွက်ရာတွင် TPACK အညွှန်းဘောင် နှင့် SAMR သင်ယူမှုပုံစံတို့ကို ဖက်စပ်ဆက်သွယ် ပေးနိုင်မည့် နည်းလမ်း တစ်ခုကို အသုံးပြုတတ်မည်။<br>• TPACK အညွှန်းဘောင် နှင့် SAMR သင်ယူမှု ပုံစံတို့ကို နည်းပညာ ပေါင်းစပ် သုံးစွဲမှု အတွက် စီစဉ်ရာတွင် ပေါင်းစပ်ပေးမည့် ကိရိယာတစ်ခုကို အကဲဖြတ်တတ်မည်။ | က (၂.၁)<br>က (၂.၂)<br>က (၅.၁) | က ( ၂.၁.၁)<br>က (၂.၂.၁)<br>က ( ၅.၁.၁) | ၄ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | ၂.၂။ ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းများနှင့် ဆရာဗဟိုပြု ချဉ်းကပ်မှုများ | ၂.၂.၁။ ကျောင်းသားဗဟိုပြု သင်ယူမှု အသိပညာ တည်ဆောက်မှု ပဓာနထားသော ချဉ်းကပ်မှု | • ကျောင်းသားဗဟိုပြု သင်ယူမှု နှင့် စပ်လျဉ်း၍ သင်ယူမှု သဘောတရားများ၊ ဆရာ၏အခန်းကဏ္ဍနှင့် ကျောင်းသား၏ အခန်းကဏ္ဍတို့ကို ရှင်းပြတတ်မည်။<br>• စူးစမ်းလေ့လာမှု အခြေပြု သင်ယူမှုကို ဦးတည်စေမည့် မေးခွန်းများ မေးတတ်မည်။<br>• စူးစမ်းလေ့လာမှု အခြေပြု သင်ယူမှုပုံစံ အမျိုးမျိုးတို့ကို နှိုင်းယှဉ်ဖော်ပြ တတ်မည်။<br>• စူးစမ်းလေ့လာမှု တစ်ခု၏ အစပျိုးအဆင့် အတွက် ထည့်သွင်းစဉ်းစားဖွယ် အချက်များနှင့် သင်ပြနည်းများ စီစဉ်ထားရှိမှုကို အတိုချုပ် ဖော်ပြတတ်မည်။ | က (၂.၁)<br>က (၅.၂)<br>ခ (၁.၁) | က (၂.၁.၁)<br>က (၅.၂.၁)<br>က (၅.၂.၂)<br>ခ (၁.၁.၁)<br>ခ (၁.၁.၂)<br>ခ (၁.၁.၃) | ၄ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ | |
| | | ၂.၂.၂။ ဆရာဗဟိုပြုသင်ကြားမှု - အပြုအမူ ဆိုင်ရာ ချဉ်းကပ်မှု | • ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံဖြင့် ပြင်ဆင်ထားသော သင်ခန်းစာတစ်ခု သင်ကြားရန် အတွက် အဆင့် အသီးသီး အကြောင်းကို ရှင်းပြတတ်မည်။<br>• ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံကို သုံး၍ သင်ခန်းစာ တစ်ခုကို သင်ကြားရာတွင် ဆရာ၏ လမ်းညွှန်မှုဖြင့် လေ့ကျင့်မှု အဆင့် အတွက် ညွှန်ကြားချက်များကို ရေးသားတတ်မည်။ | က (၁.၂)<br>က (၂.၁)<br>က (၅.၂) | က (၁.၂.၂)<br>က (၂.၁.၂)<br>က (၅.၂.၁)<br>က (၅.၂.၃) | ၂ |
| | | ၂.၂.၃။ စာသင်ခန်း အတွင်း သိမှုဆိုင်ရာ သင်ယူမှု သဘောတရား များ၏ ဩဇာ လွှမ်းမိုးမှု | • သင်ယူမှု ပြုရာတွင် ကျွမ်းကျင်သူများနှင့် မကျွမ်းကျင်သူ များ၏ အချက်အလက်သစ် များ မှတ်သားပုံကို နှိုင်းယှဉ်ပြတတ်မည်။ | က (၅.၁) | က (၅.၁.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • ကျောင်းသားများအား အချက်အလက် အသစ်များကို စုစည်းပုံနှင့် နားလည်အောင် ချိတ်ဆက် ဆောင်ရွက်ပုံတို့၌ ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို အကျဉ်းချုံး ဖော်ပြတတ်မည်။<br>• ကျောင်းသားများ၏ (အသိသညာ) အယူအဆ ခိုင်မာသည့် နားလည် သဘောပေါက်မှုကို ပံ့ပိုးပေးရာ၌ Frayer သင်ပြမှုပုံစံကို ဘာသာရပ်တိုင်းအတွက် မည်သို့ အသုံးပြုနိုင်ပုံကို ရှင်းပြတတ်မည်။ | | | |
| | ၂.၃။ ဘဝသက်တမ်းတစ်လျှောက် ဖွံ့ဖြိုးမှု | ၂.၃.၁။ ဖွံ့ဖြိုးမှုနှင့် အလယ်တန်းကျောင်းသား | • ကလေးများ ဖွံ့ဖြိုးတိုးတက်မှု နှင့် ဘဝသက်တမ်းတစ်လျှောက် ဖွံ့ဖြိုးမှုတို့ကို နှိုင်းယှဉ်တတ်မည်။<br>• အလယ်တန်းကျောင်းသားများ၏ ဖွံ့ဖြိုး တိုးတက်မှုက သင်ယူမှု အပေါ် မည်သို့ သက်ရောက် စေကြောင်း ရှင်းလင်း ပြနိုင်ပြီး သင်ကြားမှု အတွက် သွယ်ဝိုက် အသုံးပြုနိုင်မှုများကို သတ်မှတ် ဖော်ထုတ် တတ်မည်။ | က (၁.၁)<br>က (၅.၂) | က (၁.၁.၁)<br>က (၅.၂.၁) | ၄ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • ကလေးများ၏ဉာဏ်ရည်အထွေထွေ နှင့်အညီ သူတို့၏ သင်ယူမှုတွင် ထင်ဟပ်ပေါ်လွင်စွာ ဖော်ပြနိုင်မည့် နည်းလမ်းများကို အတိုချုပ် ဖော်ပြတတ် မည်။ | | | |
| | | ၂.၃.၂။ သိမှုဆိုင်ရာ၊ ဘာသာ စကားဆိုင်ရာ၊ ကာယ၊ ပေါင်းသင်း ဆက်ဆံရေးနှင့် စိတ်လှုပ်ရှား ခံစားမှု ဆိုင်ရာ ဖွံ့ဖြိုးမှုများ | • အလယ်တန်းကျောင်း နှင့် မူလတန်း ကျောင်းသားများ အတွက် ဖွံ့ဖြိုးမှု နယ်ပယ်ကြီး (၅) ခု ဖြစ်သော သိမှုဆိုင်ရာ ဖွံ့ဖြိုး မှု၊ ဘာသာစကား ဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်း ဆက်ဆံ ရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ် ရှားခံစားမှု ဆိုင်ရာ ဖွံ့ဖြိုးမှု နှင့် ကာယ ဖွံ့ဖြိုးမှု နယ်ပယ်များ၏ ထူးခြားသော လက္ခဏာ များကို ခွဲခြားသတ်မှတ် ဖော်ထုတ်တတ်မည်။<br>• ဖွံ့ဖြိုးမှုဆိုင်ရာ ထူးခြား သော လက္ခဏာများ အကြောင်း နားလည် သဘောပေါက်မှုကို အလယ်တန်း ကျောင်းသားများအား သင်ကြားပေးရာ၌ လက်တွေ့အသုံးချတတ် မည်။ | က ၁.၁ | က (၁.၁.၁)<br>က (၁.၁.၂) | ၅ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | ၂.၄။ မတူကွဲပြားသော ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာ စကားမျိုးစုံ ပါဝင်နေသော စာသင်ခန်းများ | ၂.၄.၁။ ယဉ်ကျေးမှု အသီးသီးတို့ကို လိုက်လျော ညီထွေ လက်ခံ ဆောင်ရွက်ပေး တတ်သော သင်နည်းဗေဒ | • ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှု ဆိုင်ရာ မှုဘောင်များကို အဓိပ္ပာယ် သတ်မှတ်တတ်မည်။<br>• ယဉ်ကျေးမှုအသီးသီးတို့ကိုလိုက်လျောညီထွေ လက်ခံပေးတတ်သော ဆရာများ၏ အဓိကကျသော ထူးခြားလက္ခဏာများကို ဆွေးနွေးတတ်မည်။<br>• ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံပေးတတ်သော ဆရာများ၏ အဓိကကျသော လက်တွေ့ ကျင့်သုံးမှုများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။ | က (၁.၂)<br>က (၃.၂)<br>က (၅.၂)<br>ခ (၄.၁)<br>ဂ (၁.၃)<br>ဂ (၃.၁)<br>ဂ (၃.၂) | က (၁.၂.၁)<br>က (၃.၂.၂)<br>က (၅.၂.၁)<br>ခ (၄.၁.၂)<br>ဂ (၁.၃.၁)<br>ဂ (၃.၁.၁)<br>ဂ ( ၃.၁.၂)<br>ဂ (၃.၂.၁) | ၃ |
| ၃။ ထိရောက်သောသင်ယူမှုအတွက် နည်းလမ်း/ နည်းဗျူဟာများ | ၃.၁။ ကျောင်းသားများအား သင်ယူစေရန် စေ့ဆော်ပေးခြင်းနှင့် သင်ယူမှု၌ စိတ်ပါဝင်စားစေခြင်း | ၃.၁.၁။ ဝါသနာ အရင်းခံ ချဉ်းကပ်သင်ယူမှုနှင့် သင်ယူမှု အကြောင်း ယူဆချက်များနှင့် သင်ယူမှုကို ချဉ်းကပ်ပုံများ | • စီမံချက် အခြေပြုသင်ယူမှုက နက်ရှိုင်းသော ဝါသနာ အရင်းခံ ချဉ်းကပ် သင်ယူမှု/ Passion-led approach to learning) ကို မည်သို့ ပံ့ပိုးနိုင်ကြောင်း ဆွေးနွေး တတ်မည်။ | က (၁.၂)<br>ခ (၁.၁)<br>ခ (၁.၁) | က (၁.၂.၁)<br>ခ (၁.၁.၂)<br>ခ (၁.၁.၃)<br>ခ (၁.၃.၃) | ၄ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • သင်ယူမှုအကြောင်း အယူအဆ/ ယူဆချက် အမျိုးအမျိုးတို့နှင့် သင်ယူမှုသို့ ချဉ်းကပ်ပုံ အမျိုးမျိုး တို့ကို ရှင်းပြတတ်မည်။<br>• မိမိ၏ကိုယ်ပိုင်ချဉ်းကပ် သင်ယူမှုအပေါ် ပြန်လည် သုံးသပ် စဉ်းစား တတ်မည်။ | | | |
| | ၃.၂။ မေးခွန်း မေးခြင်းနှင့် အဆင့်မြင့် တွေးခေါ်ခြင်း | ၃.၂.၁။ ထိရောက်သော မေးခွန်းများ မေးခြင်း<br>- ထူးခြားသော လက္ခဏာများ နှင့် နည်းလမ်း များ | • ကောင်းမွန်စွာပုံစံတကျ ပြုစုထားသော အဖွင့် မေးခွန်းများနှင့် အပိတ် မေးခွန်းများကို ရေးသား တတ်မည်။<br>• မေးခွန်းမေးမှုအစီအစဉ် တစ်ခုတွင်ပါဝင်သည့် မေးခွန်းမေးခြင်း၊ အဖြေ ကို လက်ခံခြင်း နှင့် သုံးသပ်အကဲဖြတ်ခြင်း၊ အဆင့်(၃)ခုအကြောင်း နှင့် မေးခွန်း များ၏ အသုံးဝင်မှုကို ရှင်းပြ တတ်မည်။<br>• သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု အဆင့်အသီးသီးမှ ကလေးတို့အတွက် မေးခွန်းများ ထုတ်ရာ တွင်ဘာလွှန်း၏သင်ယူမှု နယ်ပယ် များကို ခွဲခြား သတ်မှတ်ခြင်း Bloom’s Taxonomyအကြောင်း နားလည်မှုကို အသုံးချ တတ်မည်။ | ခ (၁.၃)<br>ခ (၂.၁) | ခ (၁.၃.၄)<br>ခ (၂.၁.၃) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | ၃.၃။ ကျောင်းသားများ နှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း | ၃.၃.၁။ ထိရောက်မှု ရှိပြီး ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်စေသော ပြောဆို ဆက်ဆံမှု | • စာသင်ခန်းတွင်း ထိရောက်သော ပြောဆိုဆက်ဆံမှုကို ဟန့်တားနေသည့် အတားအဆီးအခက်အခဲများ အကြောင်းကို ဆွေးနွေးတတ်မည်။<br>• စာသင်ခန်းများတွင် ထိရောက်မှုရှိပြီး ကျောင်းသားအားလုံးပါဝင်ပြောဆိုဆက်ဆံနိုင်ရေးအတွက် အသုံးပြုနိုင်သော နည်းဗျူဟာ များကို အကြမ်းဖျင်း ဖော်ပြတတ်မည်။<br>• နာကြားမှု နှင့် စကားပြောဆိုမှု၌ အခက်အခဲ ရှိသော ကလေးများ သင်ယူမှုပြုနိုင်ရန် ထောက်ကူသည့် ဆက်သွယ်ပြောဆိုမှု (Augmentative and Alternative Communication - AAC) နှင့်ပတ်သက်၍ နားလည် သဘောပေါက်ကြောင်းကို ပြသတတ်မည်။ | က (၁.၂)<br>က (၂.၂)<br>က (၃.၂)<br>ခ (၃.၁) | က (၁.၂.၁)<br>က (၂.၂.၁)<br>က (၃.၂.၁)<br>က (၃.၂.၂)<br>ခ (၃.၁.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | ၃.၄။ တက်ကြွစွာသင်ယူမှု - အပြန်အလှန်ဆက်သွယ်သင်ယူမှုနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု | ၃.၄.၁။ အပြန်အလှန် ဆက်သွယ်သင်ယူမှု | • အဓိပ္ပာယ်ရှိသော စကားဝိုင်း အယူအဆကို ရှင်းပြတတ်မည်။<br>• ကျောင်းသား သင်ယူမှုအတွက် အတန်းတွင်း ဆွေးနွေးမှု၏ အကျိုးကျေးဇူးများကို ရှင်းပြတတ်မည်။<br>• အတန်းတွင်း ဆွေးနွေးမှုပြုရန် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်းတို့တွင် ပါဝင်သော အဆင့်များနှင့် နည်းပညာများကို ဖော်ထုတ်သတ်မှတ် တတ်မည်။ | က (၂.၁)<br>ခ (၁.၁)<br>ခ (၃.၁) | (က)( ၂.၁.၁)<br>(ခ) (၁.၁.၁)<br>(ခ ) (၃.၁.၂) | ၄ |
| | | ၃.၄.၂။ ပူးပေါင်းပါဝင်လုပ်ဆောင်သောသင်ယူမှု | • ပူးပေါင်းပါဝင်လုပ်ဆောင်သောသင်ယူမှု၏ အကျိုးကျေးဇူးများနှင့် ထူးခြားသော လက္ခဏာများကို အကြမ်းဖျင်းဖော်ပြ တတ်မည်။ | က (၂.၁)<br>ခ (၃.၁) | (က)( ၂.၁.၁)<br>(ခ) (၃.၁.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • အုပ်စုလုပ်ငန်း ဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိစေရန် အုပ်စုဝင်တစ်ဦးစီ၏ ပါဝင် ဆောင်ရွက်မှု များ နှင့် အုပ်စုလုပ်ငန်းစဉ် များအပေါ် ပြန်လည် စဉ်းစား သုံးသပ်မှုပြုနိုင် စေရန် အထောက်အပံ့ ပေးသည့် နည်းလမ်းများ ကို ဆွေးနွေးတတ်မည်။ | | | |
| | ၃.၅။ ကိုယ်တိုင် လုပ်ပိုင်ခွင့် **(Autonomy)** အယူအဆ ဖွံ့ဖြိုးလာခြင်းနှင့် ကျောင်းသား အချင်းချင်း ဦးဆောင်မှုဖြင့် သင်ယူခြင်း | ၃.၅.၁။ လွတ်လပ်စွာ/ အမှီအခို ကင်းစွာ သင်ယူမှု (Independent Learning) | • ကျောင်းသားများ အတွက် တစ်ဦးတည်း လွတ်လပ်စွာ သင်ယူမှု ၏ အကျိုးကျေးဇူး များ ကို ရှင်းပြတတ် မည်။<br>• ကျောင်းသားများ လွတ်လပ်စွာ သင်ယူမှု ပြုနိုင်ရန် အတွက် လိုအပ်သော ကျွမ်းကျင် မှုများ နှင့် စိတ်နေ သဘောထားများ (ကိုင်းညွတ်မှုများ) ကို အကျဉ်းချုံး ဖော်ပြ တတ်မည်။ | ခ (၃.၁) | ခ (၃.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • လွတ်လပ်စွာ သင်ယူမှု အတွက် စီစဉ်ပြင်ဆင်မှုတွင် ထည့်သွင်း စဉ်းစားရမည့် အချက်များနှင့် သင်ကြားမှု နည်းလမ်းများကို ဆွေးနွေးတတ်မည်။ | | | |
| | | ၃.၅.၂။ ကျောင်းသားအချင်းချင်းထံမှ သင်ယူမှု | • လွတ်လပ်စွာ သင်ယူမှုနှင့် အပြန်အလှန် အမှီသဟဲ ပြုနိုင်သော သင်ယူမှုကို ပြုနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထား များ (စိတ်ကိုင်းညွတ် မှုများ) ကို နှိုင်းယှဉ် ဖော်ပြတတ်မည်။ | က (၂.၁)<br>ခ (၃.၁) | က (၂.၁.၁)<br>ခ (၃.၁.၂) | ၁ |
| | | ၃.၅.၃။ ကျောင်းသားအချင်းချင်းက ဦးဆောင်သောအသင်းအဖွဲ့လိုက်သင်ယူမှု | • အချင်းချင်းက ဦးဆောင်သည့် သင်ယူမှု အကြောင်း အဓိပ္ပာယ် သတ်မှတ်ပေးတတ်လာပြီး ထိုသင်ယူမှုမှ ပါဝင်သူ ကျောင်းသားများနှင့် ဦးဆောင်သူ ကျောင်းသားများ အတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။ | က (၂.၁)<br>ခ (၃.၁) | က (၂.၁.၁)<br>ခ (၃.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • ခြားနားသော ပညာသင်ကြားမှု ဆိုင်ရာ အခြေအနေ အကြောင်းအရာ အမျိုးမျိုးတို့ တွင် အချင်းချင်းက ဦးဆောင်သော အသင်းအဖွဲ့လိုက် သင်ယူမှုကို မည်သို့ ဆောင်ရွက်နိုင်ကြောင်း စဉ်းစား ကြံဆ တတ်မည်။ | | | |
| | ၃.၆။ သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှု ပတ်ဝန်းကျင်တို့ကို လိုအပ်ချက် အလိုက် ပြုပြင် ပြောင်းလဲ လုပ်ဆောင်ခြင်း | ၃.၆.၁။ ကျောင်းသားများ၏ ထူးခြားသော လက္ခဏာများနှင့် အညီ လိုအပ်ချက် အလိုက် ပြုပြင် ပြောင်းလဲ လုပ်ဆောင်ခြင်း | • လိုအပ်ချက် အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ခြင်း၏ အဓိက သဘောတရားများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။<br>• ဆရာများက သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှု ပတ်ဝန်းကျင် တို့ကို ကျောင်းသားများ၏ လိုအပ်ချက် အလိုက် မည်ကဲ့သို့ ပြုပြင် ပြောင်းလဲ လုပ်ဆောင်နိုင်ပုံကို ရှင်း ပြတတ်မည်။ | က (၁.၁)<br>က (၅.၂)<br>ခ (၃.၁) | က (၁.၁.၂)<br>က (၅.၂.၁)<br>ခ (၃.၁.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်သည့် နည်းဗျူဟာများ ကို ဝေဖန်စိစစ်ရာ တွင် ဆရာများက ကျောင်းသား တစ်ဦးစီ ၏ ထူးခြားမှု/ ခြားနား မှု ကို မည်သို့တုံ့ပြန် ဆောင်ရွက်ပေး တတ်ပုံ ရှုထောင့်မှ ပြန်လည် ဆန်းစစ်ပြ တတ်မည်။ | | | |
| | ၃.၇။ တုံ့ပြန် အကြံပြုချက်များ ပံ့ပိုးခြင်း | ၃.၇.၁။ အပြုသဘော ဆောင်သော တုံ့ပြန်အကြံပြု ချက်များကိုပံ့ပိုး ပေးခြင်း- အုပ်စု ငယ်အတွင်း၊ အချင်းချင်း နှင့် မိမိကိုယ်ကို ဆန်းစစ်ခြင်း | • ကျောင်းသားများ မေး တတ်လေ့ရှိသော အဓိက မေးခွန်းများ (ဥပမာ- "ကျွန်တော့် အခြေအနေဘယ်လိုလဲ၊ တိုးတက်မှုရှိရဲ့လား။" နှင့် "နောက်ထပ် ပို တိုးတက်အောင် ဘာ တွေလုပ် ရမလဲ။" ဆို သည့် မေးခွန်းမျိုးကို ဖြေဆိုရာ၌ အပြု သဘောဆောင်သော တုံ့ပြန် အကြံပြုချက် များကို ဆီလျော်စွာ ပေး တတ်မည်။ | ခ (၂.၁) | ခ (၂.၁.၃) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • အုပ်စုငယ် လုပ်ငန်း များတွင် ဖြစ်စေ၊ အချင်းချင်း စစ်ဆေး အကဲဖြတ်ရာတွင် ဖြစ်စေ၊ ကိုယ်တိုင် စစ်ဆေး အကဲဖြတ် ရာတွင်ဖြစ်စေ ပါဝင်နေသော တုံ့ပြန် အကြံပြုချက်ပေးမှု နည်းဗျူဟာများ အကြောင်းကို ဆွေးနွေး တတ်မည်။ | | | |
| ၄။အစီအစဉ်ရေးဆွဲခြင်းနှင့်ကြိုတင်ပြင်ဆင်ခြင်း | ၄.၁။ အစီအစဉ်ရေးဆွဲမှုဖြစ်စဉ် | ၄.၁.၁။ ဒုတိယနှစ်သင်တန်း သင်ခန်းစာ အစီအစဉ် ရေးဆွဲမှု မိတ်ဆက်ခြင်း | • ဒုတိယနှစ် သင်တန်း အတွက် သင်ခန်းစာ အစီအစဉ်တစ်ခု ရေးဆွဲရာတွင် ပါဝင်နေ သည့် အဆင့် (၁၂) ဆင့်တို့ကို စာရင်းပြုစု ဖော်ပြတတ်မည် ဖြစ်ပြီး သင်ခန်းစာ အစီအစဉ်တစ်ခု ရေးဆွဲမှုအကြောင်း နားလည်စေရန် ဤပုံစံက မည်သို့ အထောက်အကူ ပြုကြောင်း ဖော်ပြ တတ်မည်။ | က (၄.၁) | က (၄.၁.၂) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့် သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | ၄.၁.၂။ သင်ခန်းစာ အစီအစဉ် ရေးဆွဲခြင်းနှင့် ဆရာများ အတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) | • TCSF သည် ဒုတိယနှစ် သင်ခန်းစာ အစီအစဉ် ရေးဆွဲမှုနှင့် မည်သို့ ချိတ်ဆက်နေပုံကို ဆွေးနွေးတတ်မည်။ | က (၄.၁) | က (၄.၁.၂) | ၁ |
| | ၄.၂။ သင်ခန်းစာ ခေါင်းစဉ် | ၄.၂.၁။ သင်ရိုး အကြောင်းအရာကို နားလည် စေရန် ဖတ်ရှု လေ့လာခြင်း | • မြန်မာနိုင်ငံ အခြေခံ ပညာ သင်ရိုးညွှန်းတမ်း ဖွဲ့စည်း တည်ဆောက် ပုံကို ပြန်လည်သုံးသပ် စဉ်းစား တတ်မည်။<br>• ဘာသာရပ် အကြောင်း အရာ နားလည်မှုကို အထောက်အပံ့ ပြုရန် အတွက် နည်းဗျူဟာ များကို ချဲ့ထွင် အသုံးပြု တတ်မည်။ | က (၅.၂) | က (၅.၂.၂) | ၁ |
| | ၄.၃။ သင်ယူသူများ အကြောင်းကို သိရှိခြင်း | ၄.၃.၁။ ယခင်ရှိ နှင့်ပြီး အသိပညာ နှင့် ကျောင်းသား၏ အဓိက အကြောင်းအရာ အချက်အလက် များ | • သင်ယူသူတစ်ဦးအနေ နှင့် သင်ယူသူ၏ အဓိက အကြောင်း အရာ အချက်အလက် ဖော်ပြ ချက်တစ်ခုကို ပြုစု ရေးသား တတ်မည်။ | က (၁.၁)<br>ဂ (၁.၃)<br>ဂ (၃.၁) | က (၁.၁.၁)<br>ဂ (၁.၃.၁)<br>ဂ( ၃.၁.၂) | ၄ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • သင်ခန်းစာအစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို သတ်မှတ်ဖော်ထုတ်ပေးနိုင်ရန်အတွက် စိတ်ကူးဖြင့်မှန်းဆပုံဖော်ထားသော စာသင်ခန်း တစ်ခု၏ အဓိက အကြောင်းအရာများကို ပြန်လည်ဆန်းစစ်တတ်မည်။ | | | |
| | ၄.၄။ သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ | ၄.၄.၁။ သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံသတ်မှတ်ချက်များကို ရေးသားခြင်း | • သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ အချင်းချင်း အကြား တစ်ခုနှင့်တစ်ခု ခြားနားပုံကို ခွဲခြား သိမြင်လာမည်။<br>• သင်ယူမှု ရလဒ်များကို ဘလွန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း (Bloom’s taxonomy) အသုံးပြု၍ ခွဲခြမ်းစိတ်ဖြာ လေ့လာတတ်မည်။<br>• သင်ခန်းစာ၏ ရည်ရွယ်ချက် များ၊ သင်ယူမှု ရလဒ်များနှင့် အောင်မြင်မှုစံများကို ရေးသားတတ်မည်။ | က (၄.၁)<br>ခ (၂.၁) | က (၄.၁.၁)<br>ခ (၂.၁.၂) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့် သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | ၄.၅။ ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြား သင်ယူမှုနည်းဗျူဟာများ၊ သင်ကြား သင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ၊ သင်ထောက်ကူပစ္စည်းများ နှင့် ရင်းမြစ်များ | ၄.၅.၁။ ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှုနည်းဗျူဟာများ၊ သင်ကြားသင်ယူမှုနည်းလမ်း များနှင့် နည်းစနစ်များ | • အခြေခံ ပညာအလယ်တန်းအဆင့် သင်ရိုးညွှန်း တမ်းထဲမှ သက်ဆိုင်ရာ ဘာသာရပ်များနှင့် ဆီလျော်သော ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာ များ၊ သင်ကြားသင်ယူမှု နည်းလမ်း များနှင့် နည်းစနစ်များ ကို ရှင်းပြတတ်မည်။ | က (၁.၂)<br>က (၂.၁) | က (၁.၂.၁)<br>က (၁.၂.၂)<br>က (၂.၁.၁)<br>က (၂.၁.၂) | ၂ |
| | | ၄.၅.၂။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များဖြင့် သင်ကြားသင်ယူမှု ကို ပံ့ပိုးပေးခြင်း | • ကျောင်းသားများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန် အတွက် သင့်တော်သော သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ရွေးချယ်သုံးစွဲ တတ်မည်။ | က (၂.၁) | က (၂.၁.၁)<br>က (၂.၁.၂) | ၁ |
| | ၄.၆။ သင်ခန်းစာ သင်ကြားနေစဉ် | ၄.၆.၁။ မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက် အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင် ခြင်း | • အလယ်တန်း ကျောင်း သင်ခန်းစာ တစ်ခုအတွက် မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်း၊ ပြန်လည် ဆန်းစစ်ခြင်း နှင့် လိုအပ်ချက် အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ခြင်း အပိုင်းတို့ကို ရေးသား တတ်မည်။ | က (၄.၁)<br>ခ (၁.၃) | က (၄.၁.၂)<br>ခ (၁.၃.၁)<br>ခ (၁.၃.၂) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | ၄.၇။ သင်ခန်းစာသင်ကြားပြီးနောက် | ၄.၇.၁။ ဆရာ၏အကဲဖြတ်သုံးသပ်မှု | • ဆရာတစ်ဦး၏အကဲဖြတ် သုံးသပ်မှုအတွက် မေးခွန်းများကိုစီစဉ်ရေးသား ပြုစုတတ်မည်။ | ဃ (၁.၁) | ဃ (၁.၁.၁) | ၁ |
| ၅။ ပညာရေးဆိုင်ရာစိတ်ပညာ | ၅.၁။ ပညာရေးစိတ်ပညာအကြောင်းနားလည်သဘောပေါက်မှုဖွံ့ဖြိုးစေခြင်း | ၅.၁.၁။ ပညာရေးစိတ်ပညာ၏အရေးပါမှု | • သင်ကြား၊ သင်ယူမှုအခြေအနေ အမျိုးမျိုးတို့တွင် ပညာရေးစိတ်ပညာ၏ အရေးပါ ပုံကို ဆွေးနွေး တတ်မည်။<br>• ပညာရေး စိတ်ပညာ၏အဓိကကျသောနယ်ပယ်များကိုအနှစ်ချုပ် ဖော်ပြ တတ်မည်။<br>• စာသင်ခန်းတွင်းလက်တွေ့ သင်ကြားမှုများ အတွက် ပညာရေးစိတ်ပညာ၏ သွယ်ဝိုက်ရည်ညွှန်းမှု (သွယ်ဝိုက်အသုံးပြုနိုင်မှု) များကိုသတ်မှတ်ဖော်ထုတ်တတ်မည်။ | က (၁.၁)<br>ဂ (၁.၂) | က (၁.၁.၁)<br>ဂ (၁.၂.၁) | ၃ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့ဒတတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | ၅.၂။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information processing model) | ၅.၂.၁။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံနှင့် မှတ်ဉာဏ် အဆင့် (၃) ဆင့် | • စာသင်ခန်းတွင်း လက်တွေ့သင်ကြားမှုဇာတ်လမ်း ဖြစ်ရပ်တစ်ခုတွင် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ(Information Processing Model) ကို အသုံးချတတ်မည်။<br>• အလယ်တန်းကျောင်းသားများ၏ မှတ်ဉာဏ်များကို အထောက်အပံ့ ပြုနိုင်မည့် နည်းဗျူဟာများကို သုံးသပ်တတ် မည်။ | က (၁.၁)<br>ဂ (၁.၂) | က (၁.၁.၂)<br>ဂ (၁.၂.၁) | ၂ |
| | ၅.၃။ သင်ယူရာ၌ လူသာ ပဓာန သဘောတရားနှင့် ချဉ်းကပ်နည်းများ | ၅.၃.၁။ သင်ယူရာ၌ လူသာပဓာန သဘော တရားနှင့် ချဉ်းကပ်နည်းများကို မိတ်ဆက်ခြင်း | • လူသာပဓာန အဓိကထားသည့် သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကိုအဓိပ္ပာယ် သတ်မှတ် ပြတတ်မည်။<br>• လူသာပဓာန ချဉ်းကပ်နည်းများက မူလတန်းသင်ရိုးညွှန်တမ်း တွင်ပါဝင်သော မြန်မာနိုင်ငံ၏ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့် မည်သို့ချိတ်ဆက် နေသည်ကို ရှင်းပြတတ်မည်။ | က (၁.၁)<br>ဂ (၁.၂) | က (၁.၁.၁)<br>ဂ (၁.၂.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | ၅.၃.၂။ လူသာပဓာနဝါဒအား စွဲကိုင်သော စိတ်ပညာရှင် အဗရာဟင် မာ့စ်လို (Abaham Maslo) | • လက်ရှိ လိုအင်အဆင့်အဆင့်(၈) ဆင့်ကို စာရင်းပြုစုပြီး ရှင်းလင်းပြတတ်မည်။<br>• အလယ်တန်း ကျောင်းသားများ၏ အခြေခံ လိုအပ်ချက်များကို ပြည့်စုံစေပြီး သူတို့၏ သင်ယူမှုရည်မှန်းချက်များကို ရရှိနိုင်စေရန် ကူညီထောက်ပံ့မှုပြုနိုင်သည့် နည်းဗျူဟာများကို ဖော်ပြတတ်မည်။ | က (၁.၁)<br>ဂ (၁.၂) | က (၁.၁.၁)<br>ဂ (၁.၂.၁) | ၂ |
| | | ၅.၃.၃။ လူသာပဓာနဝါဒကို စွဲကိုင်သော စိတ်ပညာရှင် ကားလ်ရော်ဂျာစ် | • ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြား ခြင်း (Non-Directive Teaching) အကြောင်းကို အဓိပ္ပာယ်သတ်မှတ်ပြတတ်မည်။<br>• ကားလ်ရော်ဂျာစ်၏ သင်ယူမှု သဘောတရား (၁၀) ချက်ကို ဖော်ပြတတ် မည်။<br>• (ကျောင်းသားများ၏) သင်ယူမှုကိုထိရောက်စွာ ကူညီလမ်းညွှန်ပေးနိုင်သည့် ကူညီလမ်းညွှန်သူ (ဆရာ) တစ်ဦး၏ အရည် အသွေးများ အကြောင်းကို ဆွေးနွေးတင် ပြတတ်မည်။ | က (၁.၁)<br>ခ (၁.၁)<br>ဂ (၁.၂) | က (၁.၁.၁)<br>ခ (၁.၁.၁)<br>ဂ (၁.၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | ၅.၃.၄။ ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှု | • ပူးပေါင်းပါဝင် လုပ်ဆောင် သင်ယူမှု (Cooperative Learning) နှင့် ပူးပေါင်းဆောင်ရွက် သင်ယူမှု(Collaborative Learning)ကို ခွဲခြားတတ်မည်။<br>• အလယ်တန်းကျောင်းသားများအတွက် ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက် သင်ယူမှု လုပ်ငန်းများကို ဖန်တီးတည်ဆောက် တတ်မည်။ | က (၂.၁)<br>ဂ (၃.၂) | က (၂.၁.၁)<br>ဂ (၃.၂.၁) | ၂ |
| | | ၅.၃.၅။ ပညာရေးနယ် ပယ်တွင် အသုံးပြုသည့် အကောင်းမြင် တတ်မှု/ အပြုသဘော ဆောင်မှုကို ဦးစားပေးလေ့လာသော စိတ်ပညာ (Positive Psychology in Education) | • ပညာရေး နယ်ပယ်တွင် အသုံးပြုသည့် အကောင်းမြင်တတ်မှုကို ဦးစားပေးသော စိတ်ပညာ (Positive Psychology)ကို အဓိပ္ပာယ် သတ်မှတ်ဖော်ပြ တတ်မည်။ | က (၂.၁)<br>ဂ (၁.၂) | က (၂.၁.၁)<br>ဂ (၁.၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | • သင်တို့လက်ရှိ ကျွမ်းဝင်ပြီး ဖြစ်နေသော ကျောင်း အနေအထားတွင် အကောင်းမြင်တတ်မှုကို ဦးစားပေးလေ့လာသော ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံး ဆောင်ရွက်မှု အညွှန်းဘောင်ကို မည်သို့ အသုံးပြုနိုင်ကြောင်းကို ဆွေးနွေး တင်ပြ တတ်မည်။ | | | |
| | | ၅.၃.၆။ လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု | • မူလတန်းကျောင်းနှင့် အလယ် တန်း ကျောင်းများတွင် လက်တွေ့ အသုံးချနိုင်သော လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး မှု အဆင့်များကို ဖော်ပြတတ်မည်။<br>• ကြိုးစားအားထုတ်မှု နှင့် သိမ်ငယ်မှုတို့ ဒွန်တွဲလွှန်ဆွဲနေကြ သော အသက် (၅) နှစ်မှ (၁၃) နှစ်ကြား အသက်အရွယ်အုပ်စုမှ ကျောင်းသားများ နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် | က (၂.၁)<br>ဂ (၁.၂) | က (၂.၁.၁)<br>ဂ (၁.၂.၁) | ၂ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | | စာသင်ချိန် |
|---|---|---|---|---|---|---|
| | | | | အနိမ့်ဆုံးအဆင့်သတ်မှတ်ချက် | အညွှန်းကိန်းများ | |
| | | | လုပ်ဆောင်ရမည့် အခန်းကဏ္ဍမကွဲပြားမှုတို့ ဒွန်တွဲလွှန်ဆွဲနေသော အသက် (၁၃) နှစ်မှ (၂၁) နှစ်ကြား အသက်အရွယ် အုပ်စုမှ ကျောင်းသားများကို ကူညီပံ့ပိုး ပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးတတ်မည်။ | | | |
| စုစုပေါင်း စာသင်ချိန် (ပထမ စာသင်နှစ်ဝက်) | | | | | | ၉၆ |

အခန်း
၁

# ပညာရေးဘာသာရပ်ကို နားလည်မှု ဖွံ့ဖြိုးလာစေခြင်း

ဤအခန်းတွင် (၂၁) ရာစုခေတ်ပညာရေးနှင့် ပညာသင်ကြားရေးအကြောင်းတို့ကိုအလေးပေး ဖော်ပြထားသည်။ (၂၁) ရာစုခေတ်တွင် သင်ယူမှုပုံစံအမျိုးမျိုး ဖြစ်ကြသည့် ကိုယ်တိုင်လေ့လာသင်ယူမှု၊ ကျောင်းတွင်တက်ရောက်သင်ယူမှုနှင့် ကျောင်းပြင်ပအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်သင်ယူမှုတို့ကို အမျိုးအမည်စုံလင်စွာ ရောနှောပေါင်းစပ်ခြင်းအားဖြင့် ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင်ချဉ်းကပ်မှုသုံး သင်ယူမှု အညွှန်းဘောင်တစ်ခုပေါ်ပေါက်လာခဲ့ရသည်။ (၂၁) ရာစုခေတ် ကျောင်းသားများအတွက် လိုအပ်နေသော ကျွမ်းကျင်မှုများနှင့် ပြောင်းလဲလာသော ဆရာများ၏ အခန်းကဏ္ဍကိုလည်း ကျောင်းသားများအနေဖြင့်ပြန်လည်သုံးသပ်စဉ်းစားရမည်ဖြစ်သည်။ စာတတ်မြောက်မှုသည် ကျောင်းသင်ပညာသင်ကြားရေးနှင့် ဘဝတစ်သက်တာသင်ယူမှု အောင်မြင်ရေးတို့အတွက် မရှိမဖြစ်အရေးပါသော အချက်အဖြစ်တင်ပြထားသည်။

မြန်မာနိုင်ငံ ကျောင်းအရည်အသွေးအာမခံ စံသတ်မှတ်ချက်အညွှန်းဘောင်အသစ်တွင်ပါရှိသော အခြေခံကျ၍ အရေးပါသော အချက်အလက်များတို့ကိုလည်း ဆန်းစစ်လေ့လာရမည်ဖြစ်သည်။ ကျောင်းများနှင့် ဆရာများ၏ သင်ကြားရေးလက်တွေ့ဆောင်ရွက်မှုဆိုင်ရာဆက်စပ်အခြေအနေနှင့်ဝန်းကျင်အသီးသီးတို့တွင် အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်စေရေး အယူအဆကိုလည်း အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်နေကြပြီဖြစ်သည်။ သင်တို့၏ သင်ယူမှုပုံစံကို ပြုပြင်ဖွဲ့စည်းပေးခဲ့သော ပညာပေးဌာနများအကြောင်းကို ပြန်လည်ထင်ဟပ်သုံးသပ်ရမည်ဖြစ်သည့်အပြင် ဒုတိယနှစ်သင်တန်း ပညာရေးဘာသာရပ်များနှင့် သင်တန်း၏ ရည်မှန်းချက်များကိုလည်း ရေးသားပြုစုရမည်ဖြစ်သည်။။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဒုတိယနှစ် ပညာရေး ဘာသာရပ်နှင့် ပညာရေးဒီဂရီကောလိပ်သင်ရိုး၏ ရှင်းလင်းပီပြင်သော သင်ယူရေး ရည်မှန်းချက်များကို ပြန်လည်သုံးသပ်တတ်မည်။
- ကျောင်းပြင်ပ ပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ်ဖော်ပြတတ်လာပြီး ကျောင်းပြင်ပ ပညာရေး ဥပမာများ ပေးတတ်မည်။
- ဘဝတစ်သက်တာ သင်ယူမှုလုပ်ငန်းနှင့် မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ ပညာရေး၏ အရေးပါပုံ ကို ရှင်းလင်းပြတတ်မည်။
- ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူ ပညာရေးတို့ကို ဘဝ တစ်သက်တာနှင့် ဘဝတစ်ခွင်ပညာရေး/သင်ယူမှုအညွှန်းဘောင်ထဲသို့ ရောက်ရှိအောင် ပေါင်းစပ်ထည့်သွင်းတတ်မည်။
- ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင်သင်ယူမှု၏ အဓိကကျသော ဝိသေသလက္ခဏာများကို ဆွေးနွေးတင်ပြတတ်မည်။
- ပညာရေး၏အချက်အချာများ တစ်ခုနှင့်တစ်ခုအကြား ပြောင်းလဲလာနေသော ဆက်စပ် နှီးနွယ်ပုံကို ဆွေးနွေး ပြတတ်မည်။
- (၂၁) ရာစုခေတ်တွင် ပြောင်းလဲလာသော ဆရာ့အခန်းကဏ္ဍ အကြောင်း ပြန်လည်သုံးသပ် တတ်မည်။
- အခြေခံပညာသင်ရိုးသစ်က ဦးတည်ချက်ထားသော (၂၁) ရာစုကျွမ်းကျင်မှုများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- ကျောင်းသင်ပညာရေး အောင်မြင်မှုနှင့် ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှုတို့ အတွက် စာတတ်မြောက်မှု၏ အရေးပါပုံကို ရှင်းလင်းပြတတ်မည်။
- ကမ္ဘာတစ်ဝန်းလုံး စာတတ်မြောက်မှုကို အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်ထားသည့် အစီအမံများ၊ ပဏာမ ခြေလှမ်းများ/ ကနဦးလုပ်ငန်း အစီအစဉ်များ အကြောင်း အကြမ်းဖျင်း ဖော်ပြတတ်မည်။

- စာတတ်မြောက်မှုလုပ်ငန်းဆောင်ရွက်ရာတွင်သင်ပြရာ၌သုံးမည့်ဘာသာစကား (အသုံးအနှုန်း) နှင့် ရိုးရာယဉ်ကျေးမှုနှင့် ဆီလျော်သော စာအုပ် စာပေတို့၏ အရေးပါပုံကို ဆွေးနွေးတင်ပြတတ်မည်။
- ကျောင်းအရည်အသွေးအညွှန်းဘောင်ပါ အချက်အလက်များအရ သင်ကြားရေး ထိရောက်မှုရှိသော ကျောင်းများ၏ ဘုံတူညီသည့် ဝိသေသ လက္ခဏာများကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံကျောင်းအရည်အသွေးအာမခံမှု စံသတ်မှတ်ချက်များ အညွှန်းဘောင်၏ ရှုထောင့်များကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- သက်သေအထောက်အထားကို အခြေပြုထားသော စဉ်ဆက်မပြတ် အရည်အသွေး တိုးမြှင့်မှု လုပ်ငန်းစဉ်များ၏ အရေးပါမှုကို ရှင်းလင်းပြတတ်မည်။
- ကျောင်းသားတို့၏ သင်ယူမှုကို အဓိကကျသော ပညာရရှိရာရင်းမြစ်များက မည်သို့ပုံသွင်းပြုပြင်ပေးနိုင်ခဲ့ကြောင်း ပြန်လည်သုံးသပ်တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာ အမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး ဘာသာစကား ယဉ်ကျေးမှုများ မတူ ကွဲပြားခြားနားမှုများကို လေးစား တန်ဖိုးထားကြောင်းပြသသည်။

(ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏ လက်တွေ့သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံ စိတ်ကူးအတွေးအခေါ်များကို နားလည်ကြောင်းပြသသည်။

(ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ် ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၂.၁) ကျောင်းနှင့်ရပ်ရွာကိစ္စများ၌ ဆရာအတတ်ပညာ အသိုင်းအဝိုင်းဝင်ဆရာတစ်ဦးအနေဖြင့် တာဝန်ခံ ဆောင်ရွက်နိုင်ကြောင်းပြသသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာပံ့ပိုးကူညီကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။

(ဃ) (၁.၁) မိမိ၏လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုး သက်ရောက်ပုံကို ပုံမှန်ထင်ဟပ်စဉ်းစားသုံးသပ်သည်။

(ဃ) (၂.၁) အခြားဆရာများထံမှ သင်ယူခြင်းဖြင့်လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့်လည်းကောင်း မိမိ၏ လက်တွေ့သင်ကြားမှုများကို တိုးတက်စေသည်။

# ၁.၁။ (၂၁) ရာစုပညာရေး

ဤအခန်းငယ်၏ ပထမသင်ခန်းစာသည် ပထမနှစ်သင်တန်းပညာရေး ဘာသာရပ်မှ ကျောင်းသင်ပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးတို့အကြောင်း နားလည်သဘောပေါက်မှု အပေါ်တွင် အခြေပြု၍ ရေးသားထားချက် ဖြစ်သည်။ တစ်ဖန် ကျောင်းပြင်ပ ပညာရေး အကြောင်းကိုလည်း ဤအခန်းငယ်တွင် မိတ်ဆက်ပေးမည်ဖြစ်သည်။ ထိုပညာရေး အမျိုးအစား (၃) ခုစလုံးကို ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှု အညွှန်းဘောင် ထဲသို့ ပေါင်းစပ်ထည့်သွင်းပေးလိမ့်မည်။

ဒုတိယသင်ခန်းစာတွင် ပညာရေး၏ အချက်အချာ (၄) ရပ် အကြားအပြန်အလှန် ဆက်စပ်နေမှုကို စူးစမ်းလေ့လာရမည်ဖြစ်သည်။ ပညာရေး၏ အချက်အချာ (၄) ရပ် တို့မှာ ဆရာ၊ ကျောင်းသား၊ သင်ကြားရန် အကြောင်းအရာ နှင့် နည်းပညာတို့ဖြစ်ကြသည်။ ဆရာ့အခန်း ကဏ္ဍ ပြောင်းလဲလာပုံနှင့် (၂၁) ရာစုခေတ် ကျောင်းသားများအတွက် လိုအပ်သော ကျွမ်းကျင်မှုများ အကြောင်းကို ပြန်လည်သုံးသပ် စဉ်းစားရမည် ဖြစ်သည်။

တတိယသင်ခန်းစာတွင် အလေးပေးလေ့လာရမည့် အကြောင်းအရာမှာ စာတတ်မြောက်မှု အကြောင်းဖြစ်သည်။ စာတတ်မြောက်မှုသည် ပညာသင်ကြားရေး အောင်မြင်မှုနှင့် ဘဝ တစ်သက်တာနှင့် ဘဝတစ်ခွင်သင်ယူရေးအတွက်ပါ အရေးပါလှသည်။ ကမ္ဘာတစ်ဝန်းလုံး စာတတ်မြောက်မှု လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေနိုင်သည့် အဓိကကျသော လုပ်ငန်း အစီအစဉ်သစ်များ/ပဏာမခြေလှမ်းများအကြောင်းကိုလည်း ဆန်းစစ်လေ့လာရမည် ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်း စာတတ်မြောက်မှုဆိုင်ရာ သင်ယူမှုအတွက် ထင်မြင်ယူဆချက် များကိုလည်း ဆန်းစစ်လေ့လာရမည် ဖြစ်သည်။

# ၁.၁.၁။ ပညာရေးဘာသာရပ်မော်ဂျူး၏ရည်မှန်းချက်များ

## မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဒုတိယနှစ် ပညာရေးဘာသာရပ်နှင့် ပညာရေးဒီဂရီကောလိပ်သင်ရိုး ၏ ရှင်းလင်းပီပြင်သော သင်ယူရေးရည်မှန်းချက်များကို ပြန်လည်သုံးသပ်တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှု

(ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် ချမှတ်ဆောင်ရွက်သည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ -**

သင်ယူမှုလုပ်ငန်း (၁) - သင်ယူမှုရည်မှန်းချက်များရေးသားပြုစုခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပညာရေးဘာသာရပ်ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ခန်းစာ (၁.၁.၁) ကိုဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ** - အပိုထပ်ဆောင်းရင်းမြစ်များ မလိုအပ်ပါ။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| အချိန် | (၁၀) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ဒုတိယနှစ် ပညာရေးဘာသာရပ်နှင့် ပညာရေးဒီဂရီကောလိပ်သင်ရိုး၏ ရှင်းလင်း ပီပြင်သော သင်ယူရေးရည်မှန်းချက်များကို ပြန်လည်သုံးသပ် တတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်ပါ “ခရုပတ်ပုံသင်ရိုးနှင့် သင်ရိုးတစ်ခုလုံး ချဉ်းကပ်ပုံ” အကြောင်းကို ဖတ်ရှုရန် ကျောင်းသားများအား ညွှန်ကြားပါ။

၃။ ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း အယူအဆကိုရှင်းပြပါ။

၄။ ကျောင်းသားများအား ပုံ (၁.၁) ကိုရည်ညွှန်းရန် ညွှန်ကြားပါ။

၅။ ကျောင်းသားကိုင်စာအုပ်တွင် အသုံးပြုထားသော အမည်ပေးပုံစနစ်ကို သတိပြု လေ့လာနိုင်ရန် ကျောင်းသားများကို အလေးအနက် ထားပြောပြပါ။ ဆိုလိုသည်မှာ တတ်ကျွမ်းမှုများကို -

- ပထမနှစ်သင်တန်း သင်ရိုးတွင် “မိတ်ဆက်ပေးခဲ့သည်” (introduced)
- ဒုတိယနှစ် သင်တန်းသင်ရိုးတွင် “ဖွံ့ဖြိုးလာစေခဲ့သည်” (developed)
- တတိယနှစ်သင်တန်းသင်ရိုးတွင် “ကျစ်လစ်ခိုင်မာစေခဲ့သည်” (consolidated)

- စတုတ္ထနှစ်သင်တန်းသင်ရိုးတွင် “စိတ်ချသေချာမှု ရှိစေသည်” (assured) “အာမခံချက်ရှိစေသည်။”

## သင်ယူမှုလုပ်ငန်း (၁)။ သင်ယူမှုရည်မှန်းချက်များ ရေးသားပြုစုခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဒုတိယနှစ် သင်တန်း ပညာရေး ဘာသာရပ်နှင့် ပညာရေးဒီဂရီသင်ရိုးအတွက် သင်ယူမှုဆိုင်ရာ ရည်မှန်းချက်များကို ကျောင်းသားများ ရေးသားတတ်စေရန်

၁။ ကျောင်းသားများအား သင်ယူမှု လုပ်ငန်း (၁) ကိုလေ့လာရန် ညွှန်ကြားပါ။

၂။ ကျောင်းသားများအား အောက်ပါတို့ကို ရေးသားရန် ညွှန်ကြားပါ။

- ဒုတိယနှစ်သင်တန်း ပညာရေးဘာသာရပ်အတွက် သင်ယူမှုရည်မှန်းချက်များကို ရေးသားရန် ညွှန်ကြားပါ။ အနည်းဆုံးအချက် (၅) ချက် ရအောင် ရှာဖွေစေရမည်။ ၎င်းတို့၏ ဖော်ပြချက်များ ရှင်းလင်းပြည့်စုံစေရန် ပညာရေး ဘာသာရပ်သင်ရိုး မာတိကာကို ရည်ညွှန်း ကိုးကားစေမည်။
- စာသင်နှစ်တစ်နှစ်လုံးနှင့်စပ်လျဉ်း၍ ကျောင်းသားများအနေနှင့် ရရှိသွားရန် ရည်မှန်းထားသော သင်ယူမှုရည်မှန်းချက်များကိုလည်း ရေးသားပေးကြရန် ဆရာက အားပေးတိုက်တွန်းပါ။ လက်တွေ့ကျစေရန်အတွက် ရည်မှန်းချက် အရေအတွက် အနည်းငယ်ကိုသာ အာရုံစူးစိုက် အလေးထားသင့်သည်။

၃။ မိမိတို့၏ သင်ယူမှုရည်မှန်းချက်များကို တစ်တန်းလုံးနှင့်မျှဝေလိုသော ဆန္ဒရှိသူ ကျောင်းသားများ (volunteers) အား ဖိတ်ခေါ်၍ မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းနှင့်မျှဝေပေးမည့် ကျောင်းသားများကို ရွေးချယ်လိုက်လျှင် ဆရာအနေနှင့် သူတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်နိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများက တစ်ဦးချင်း အယူအဆအလိုက် သင်ယူမှုရည်ရွယ်ချက်များကို မျှဝေပေးကြမည် ဖြစ်သည်။ မည်သည့်အဖြေမှ မမှားပါ။

## ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအနေနှင့် ဆရာအတတ်ဖြင့် အသက်မွေးမှုလုပ်ငန်းကို ဆောင်ရွက်ကြရမည့် ဘဝသက်တမ်းတစ်လျှောက်လုံးတွင် သူတို့အတွက် ဆောင်ရွက်ရမည့် အရေးပါသော လုပ်ငန်းကို အထူးသိမြင် ထင်ရှားအောင်မီးမောင်းထိုး ဖော်ပြပါ။

- (ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်းချက်ချမှတ်ဆောင်ရွက်သည်။

၂။ ကျောင်းသားများအား အခန်းဆုံးအနှစ်ချုပ်နှင့် အခန်းဆုံးပြန်လည်သုံးသပ်ချက်တို့ကို လေ့လာဖတ်ရှုရန် ရည်ညွှန်းမည်။

# ၁.၁.၂။ ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေး၊ ကိုယ်တိုင်သင်ယူပညာရေးနှင့် ဘဝတစ်သက်တာသင်ယူမှု

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းပြင်ပ ပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ်ဖော်ပြတတ်လာပြီး ကျောင်းပြင်ပ ပညာရေး ဥပမာများပေးတတ်မည်။
- ဘဝတစ်သက်တာ သင်ယူမှုလုပ်ငန်းတွင် နှင့် မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ ပညာရေး၏ အရေးပါပုံ ကို ရှင်းလင်းပြတတ်မည်။
- ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် ကိုယ်တိုင်သင်ယူ ပညာရေး တို့ကို ဘဝ တစ်သက်တာနှင့် ဘဝတစ်ခွင်ပညာရေး/သင်ယူမှုအညွှန်းဘောင်ထဲသို့ ရောက်ရှိအောင် ပေါင်းစပ်ထည့်သွင်းတတ်မည်။
- ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင်သင်ယူမှု၏ အဓိကကျသော ဝိသေသ လက္ခဏာများကို ဆွေးနွေးတင်ပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ဂ) (၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည် အလိုက် ပြုစုပျိုးထောင်ရန် တာဝန် ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြုကြောင်း ပြသည်။

(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံ အကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးအား တန်းတူညီမျှ ဆက်ဆံသည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့် ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - လုပ်ငန်းခွင်တွင် အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအကြောင်း ကျောင်းသားအချင်းချင်းဆွေးနွေးခြင်း

သင်ယူမှုလုပ်ငန်း (၂) - မြန်မာနိုင်ငံကျောင်းပြင်ပ ပညာရေးအကြောင်းကို ရေးသားဖော်ပြထားသော သတင်းအချက်အလက်ပြ/ ပညာပေး ပိုစတာ ရေးဆွဲခြင်း

သင်ယူမှုလုပ်ငန်း (၃) - သင်၏သင်ယူမှုပြ သရုပ်ဖော်ပုံ/မြေပုံ

သင်ယူမှုလုပ်ငန်း (၄) - သင်ယူမှုခရီးစဉ်များနှင့် ပတ်သက်၍ အဆင့် (၃) ဆင့်ပါသော တွေ့ဆုံ မေးမြန်းခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၁.၁.၂) ကိုဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၂) ကားချပ်ကြီးရေးဆွဲရန်စာရွက်နှင့်မာကာများ

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းပြင်ပ ပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ်ဖော်ပြတတ်လာပြီး ကျောင်းပြင်ပ ပညာရေး ဥပမာများပေးတတ်မည်။
- ဘဝတစ်သက်တာ သင်ယူမှုလုပ်ငန်းတွင်နှင့် မြန်မာနိုင်ငံတွင် ကျောင်းပြင်ပပညာရေး၏ အရေးပါပုံကို ရှင်းလင်းပြတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်ပါ အပိုင်းတစ်စုဖြစ်သည့် “သင့်ဘဝ တစ်သက်တာ တစ်လျှောက် သင်ယူမှုများအပေါ် ပြန်လည် သုံးသပ်စဉ်းစားခြင်း” အကြောင်းအရာနှင့် ပုံ (၁.၂) ကို ကြည့်ရှုပါ။

၃။ ကျောင်းသားများအား ပထမနှစ်သင်တန်း ပညာရေးဘာသာရပ် သင်ယူခဲ့စဉ်က ကိုယ်တိုင် သင်ယူပညာရေး နှင့် ကျောင်းသင်ပညာရေး အကြောင်းကို မိတ်ဆက်ပေးခဲ့ပြီး ဖြစ်ကြောင်း ပြောပြပါ။

၄။ ပညာရေးဒီဂရီကောလိပ် ကျောင်းသားများအား ကိုယ်တိုင်သင်ယူပညာရေးနှင့် ကျောင်းသင်ပညာရေးအကြောင်း အဓိပ္ပာယ်သတ်မှတ်ချက်များကို ရေးစေမည် (သို့မဟုတ်) အကျဉ်းချုံး ဆွေးနွေးစေမည်။ ပထမနှစ် သင်တန်းတွင် ပံ့ပိုးပေးခဲ့သော အဓိပ္ပာယ်သတ်မှတ်ချက်များကို အောက်ပါ အတိုင်း အနှစ်ချုပ်ရေးသားထားနိုင်ကြောင်းကို မှတ်သားပါ။

- ကိုယ်တိုင်သင်ယူရသော ပညာရေး (Informal education) သည် နေ့စဉ်အတွေ့ အကြုံများမှ ရရှိလာသည်။ အိမ်ပတ်ဝန်းကျင်၌နေထိုင်လျက်ဖြစ်စေ၊ ရပ်ရွာအဖွဲ့အစည်း၊ အခင်းအကျင်း အမျိုးမျိုးတို့၌ အပြန်အလှန်ပြောဆိုဆက်သွယ်လျက် ဖြစ်စေ၊ ရရှိလာသော နေ့စဉ် အတွေ့အကြုံများမှ တစ်ဆင့်ကိုယ်တိုင် သင်ယူမှုပြု သည့် ကိုယ်တိုင်ပညာရေး ပေါ်ပေါက်လာသည်။
- ကျောင်းသင်ပညာရေး (Formal eduation) ကို ကျောင်းများ၊ ကောလိပ်ကျောင်းများနှင့် တက္ကသိုလ်များ၌ စနစ်တကျဖွဲ့စည်း တည်ဆောက်ထားသော သင်ရိုးညွှန်းတမ်းများ အသုံးပြုကာ သင်ယူကြရသည်။

ကျောင်းသင်ပညာရေးဖြစ်စဉ်တွင် ဆရာရော ကျောင်းသား ပါ စီစဉ်သတ်မှတ်ထားသည့်အတိုင်း ရည်ရွယ်ချက်ရှိစွာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ဆောင်ရွက်ကြရသည်။

၅။ ကျောင်းပြင်ပ ပညာရေး (non-formal) အယူအဆကို ကျောင်းသားကိုင်စာအုပ်မှ ဥပမာ တစ်ခုမေးခြင်းအားဖြင့် မိတ်ဆက်ပေးပါ။

ယခုမျက်မှောက်ကာလတွင် ကျောင်းအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသော ဆရာများသည် အခြေခံပညာသင်ရိုးညွှန်တမ်းအသစ်ကို မည်သို့ အကောင်အထည် ဖော်ဆောင်ရွက်ရမည်ကို ပို့ချပေးသော ဆရာအတတ်ပညာဖွံ့ဖြိုးမှုသင်တန်းများကို တက်ရောက်ဆည်းပူး နေကြသည်။ စနစ်တကျ သတ်မှတ်ဖွဲ့စည်းတည်ဆောက်ထားသော လုပ်ငန်းခွင်အတွင်း လေ့ကျင့်သင်ကြားမှု တစ်ခု သို့မဟုတ် လုပ်ငန်းခွင်တွင်း တတ်ကျွမ်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တစ်ခုသည် လည်း ကျောင်းပြင်ပ ပညာရေး၏ ဥပမာတစ်ခုဖြစ်သည်။

### သင်ယူမှုလုပ်ငန်း (၁)။ လုပ်ငန်းခွင်တွင် အတတ်ပညာဆိုင်ရာစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအကြောင်း ကျောင်းသားအချင်းချင်းဆွေးနွေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ (အတွဲလိုက်) |

**ရည်ရွယ်ချက်** - (၂၁) ရာစုခေတ် ဆရာများအတွက် ဆရာအတတ်ပညာတတ်ကျွမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုသည် အဘယ်ကြောင့် အရေးပါကြောင်းကို နားလည်သဘော ပေါက်လာစေရန် ဖြစ်သည်။

၁။ ကျောင်းသားကိုင်စာအုပ်တွင် ပါသော သင်ယူမှုလုပ်ငန်း (၁) ကိုကျောင်းသားများ အား လေ့လာစေသည်။

၂။ ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ကျောင်းအရည်အသွေး အညွှန်းဘောင်/ မူဘောင် အသစ်တစ်ခုကို မိတ်ဆက်ကာ စတင်ဆောင်ရွက်နေ

ပြီဖြစ်ကြောင်းကို ကျောင်းသားများအား သိရှိစေမည်။ ဤအရည်အသွေး အညွှန်းဘောင်အသစ်တွင် ပါဝင်သော စံသတ်မှတ်ချက်တစ်ခုတွင် အောက်ပါ အချက်အလက် တို့ပါဝင်ကြသည်။

ကျောင်းအုပ်ကြီးများ ၊ ဆရာများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ရုံးဝန်ထမ်း များအားလုံး သည် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီအစဉ်များ တွင် ပုံမှန် ပါဝင်ဆောင်ရွက် လေ့လာသင်ယူကြသည်။

၃။ ကျောင်းသားတစ်ဦးစီအား အခြားတစ်ဦးနှင့် အတူတွဲဖက်၍ အောက်ပါမေးခွန်း များ၊ အဖြေများ ရရှိစေရန် ဆွေးနွေးစေရမည်။

- ဆရာများသည် မည်သည့်အမျိုးအစား အတတ်ပညာဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည်နည်း။
- (၂၁) ရာစုဆရာများအတွက် ဆရာအတတ်ပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးသည် အဘယ်ကြောင့်အရေးပါရသနည်း။

၄။ အတန်းသို့ပြန်လည်တင်ပြမည့်ကျောင်းသားများကိုရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သူငယ်ချင်းတစ်ဦးနှင့် အတူတွဲ၍ ဆွေးနွေးခြင်းသည်ကျောင်းသားတစ်ဦး၏ နားလည် သဘော ပေါက်မှုအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ ရရှိထားသော အဖြေများကို အတန်းသို့ မျှဝေပေးမည့် ကျောင်းသားများ(ကိုယ်စားလှယ်များ)ကို ရွေးချယ်ပေးထားခြင်းဖြင့် ဆရာက ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်နိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဆရာများအတွက် အတတ်ပညာဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်သည် အောက်ဖော်ပြပါ လုပ်ငန်းများအပေါ် အလေးထားဆောင်ရွက်ပေးမည်ဖြစ်သည်။

- သင်ရိုးညွှန်းတမ်း အသစ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
- သင်ရိုးညွှန်းတမ်းပါ လုပ်ငန်းအစီအစဉ်များ (ဥပမာ - လူတိုင်းအကျုံးဝင်ပညာရေး၊ ရေရှည် တည်တံ့နိုင်မည့်ပညာရေး) ဆောင်ရွက်ခြင်း

- မူဝါဒ အသစ်ရေးဆွဲခြင်း (ဥပမာ - အခြေခံပညာရေးအတွက် အမျိုးသား (အဆင့်) စစ်ဆေး အကဲဖြတ်မှုမူဝါဒ)
- သင်နည်းဗေဒ၏ သီအိုရီများနှင့် လက်တွေ့ (ပေါင်းစပ်ဆောင်ရွက်ခြင်း)
- သင်ကြားမှုနှင့် သင်ယူမှုတို့အတွက်နည်းပညာသစ်များ (အသုံးပြုခြင်း)

(၂၁) ရာစု ဆရာများအတွက် ဆရာအတတ်ပညာဆိုင်ရာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှု အဘယ်ကြောင့် အရေးပါပုံ -

- ဆရာများ၏ အတတ်ပညာကျွမ်းကျင်မှုလိုအပ်သော ပညာသည်ဘဝ (professional life) တွင် ၎င်းတို့၏ စွမ်းဆောင်မှု အရည်အသွေးကို တိုးတက်ကောင်းမွန်စေသည်။
- ယခုခေတ် (၂၁) ရာစု ကဲ့သို့ အချိန်ကာလတွင်
  - အကြောင်းအရာ (content) / သင်ရိုးပါ အကြောင်းအရာများ အစဉ်မပြတ် လျင်မြန်စွာပွားများ ပြောင်းလဲနေခြင်းနှင့်
  - နည်းပညာသစ်များကို ပိုမိုကျယ်ပြန့်စွာ ရရှိသုံးစွဲနိုင်မှုရှိနေခြင်းတို့ကြောင့် (၂၁) ရာစု ဆရာများတွင် မျက်မှောက်ခေတ်အသိပညာ နှင့် ကျွမ်းကျင်မှုများ မလွဲမသွေ ရှိရပါမည်။
- မြန်မာနိုင်ငံတွင် အဓိကကျသော ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေချိန်၌ ဆရာများအား ပညာရေး/ကျောင်းမူဝါဒများ၊ လက်တွေ့ကျင့်သုံးမှုများနှင့် မိတ်ဆက် ပေးသည်။
- ဆရာများအား တွေ့ကြုံရမည့် အပြောင်းအလဲ အတွက် ကြိုတင်ပြင်ဆင်ပေးနိုင်သည်။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားကိုင်စာအုပ်ပါ "မြန်မာနိုင်ငံကျောင်းပြင်ပပညာရေး" အကြောင်း ရေးထားသော အပိုင်းကို ဖတ်ရှုရာတွင် အောက်ပါအချက်အလက်တို့ကို အလေး ထားဖတ်ရှုလေ့လာရန် ညွှန်ကြားပါ။

- မြန်မာနိုင်ငံ၏ (၂၀၁၄) အမျိုးသားပညာရေးဥပဒေ (National Education Law) တွင် ပါဝင်သည်။
    - ကျောင်းသင်ပညာရေး (formal education) နှင့် ကျောင်းပြင်ပပညာရေး (non-formal education) တို့၏ အဓိပ္ပာယ်သတ်မှတ်ချက်များ
    - ကျောင်းပြင်ပပညာရေး (non-formal education) နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော လိုအပ်ချက်များ
- "သမားရိုးကျ မဟုတ်သော" "အစဉ်အလာမှ ခွဲထွက်လာသောပုံစံဖြင့် ပညာသင် ကြားမှု" (Alternative schooling) သုတေသန စာတန်းပါ "မြန်မာနိုင်ငံ တွင် ကျောင်းပြင်ပပညာရေး (Non-formal education) ၏ အခန်းကဏ္ဍ" တွင် ပါဝင်သည်။
    - မြန်မာနိုင်ငံတွင် နိုင်ငံသားအားလုံး အခြေခံပညာပြီးမြောက်ရေးနှင့် ပတ်သက်၍ ကျောင်း ပြင်ပ ပညာရေး၏ အရေးပါပုံ
    - မြန်မာနိုင်ငံလူထုစာဖတ်ဝိုင်းများ (Community learning centres) (C.L.Cs) မှ တစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျောင်းပြင်ပ ပညာရေး စီမံကိန်းများ

**သင်ယူမှုလုပ်ငန်း (၂)။ မြန်မာနိုင်ငံကျောင်းပြင်ပ ပညာရေးအကြောင်းကို ရေးသားဖော်ပြထားသော သတင်းအချက်အလက်ပြ/ ပညာပေးပိုစတာရေးဆွဲခြင်း**

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် (လုပ်ငန်းဆောင်ရွက်ချိန် (၁၅) မိနစ်၊ မျှဝေမှု (၅ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင် ကျောင်းသား (၃) ဦးပါဝင်သော ကျောင်းသားအုပ်စုများ |

**ရည်ရွယ်ချက် -** ကျောင်းပြင်ပ ပညာရေး အကြောင်း နားလည် သဘောပေါက်မှုကို ပြသနိုင်စေရန်

၁။ ကျောင်းသားများအား (၃) ဦးလျှင် အုပ်စုတစ်ခုအဖြစ် အုပ်စုများဖွဲ့စည်းရန်ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ယူမှုလုပ်ငန်း (၂) ကိုလေ့လာရန်ညွှန်ကြားပါ။

၃။ ကျောင်းသားအုပ်စုများအား သတင်းအချက်အလက်ပြ/ အသိပညာပေး ပိုစတာတစ်ခု (စကားလုံးများနှင့် ရုပ်ပုံများအပါအဝင်) ဖန်တီးရေးဆွဲရန် ညွှန်ကြားပါ။ ၎င်းပိုစတာက

- ကျောင်းပြင်ပပညာရေးကို အဓိပ္ပာယ်သတ်မှတ်ပေးရမည်။
- ကျောင်းပြင်ပပညာရေး ဥပမာများကို ထည့်သွင်းပေးရမည်။
- ဘဝတစ်သက်တာ သင်ယူမှုနှင့် မြန်မာနိုင်ငံ၏လက်ရှိအခြေအနေတွင် ကျောင်းပြင်ပ ပညာရေး၏ အရေးပါပုံကို ရှင်းလင်းပြရမည်။

၄။ အတန်းသို့ပြန်လည်အစီရင်ခံ သတင်းပို့ရမည့် (သို့မဟုတ်) ပြခန်းလှည့်လည်ကြည့်ရှု သင်ယူမှု (gallery walk) တွင်ကူညီလမ်းညွှန်ပေးရမည့် အုပ်စုများကို ရွေးချယ် တာဝန်ပေးပါ။

မှတ်သားရန် - ပြခန်းလှည့်လည်ကြည့်ရှုသင်ယူမှု (gallery walk) လုပ်ငန်းတွင် သက်ဆိုင်ရာ ကျောင်းသားအုပ်စုများမှ ၎င်းတို့ဖန်တီးရေးဆွဲထားသော ပိုစတာများကိုစာသင်ခန်းနံရံပေါ် သီးခြား နေရာများ၌ ချိတ်ဆွဲပြသထားလိမ့်မည်။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးစီက ပိုစတာအနီးတွင် နေလျက် သိလိုသမျှကို ရှင်းလင်းပြသသူ (resource person) အဖြစ် ဆောင်ရွက်ရသည်။ အခြားအုပ်စုများမှ ကျောင်းသားများအား မိမိတို့ ပိုစတာကို လာရောက် ကြည့်ရှု လေ့လာကြမည့် လေ့လာသူများက မေးခွန်းထုတ်လျှင်ဖြစ်စေ၊ မှတ်ချက်ပြုလျှင် ဖြစ်စေ သက်ဆိုင်ရာ ရှင်လင်းပြသသူက ပြန်ကြားဖြေဆိုပေးရမည်။ တစ်တန်းလုံးမှ ကျောင်းသားများက စာသင်ခန်း အတွင်း နေရာအသီးသီးသို့ လှည့်ပတ်သွားလာကာ ပိုစတာများကို လေ့လာကြည့်ရှု သင်ယူကြမည်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းနှင့်မျှဝေရန် ကျောင်းသားအုပ်စုများကို ရွေးချယ်ထားလျှင် သင့်အနေနှင့် (ဆရာ) သူတို့၏နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်နိုင်လိမ့်မည်။ အကယ်၍ သင်ကပြခန်း လှည့်လည်ကြည့်ရှု သင်ယူမှုလုပ်ငန်းကို ကူညီလမ်းညွှန်မှုပြုပေးလျှင် ပိုစတာများကို ကြည့်ရှုပြီး သက်ဆိုင်ရာ အုပ်စုများကို မေးခွန်းများမေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အသိပညာပေး / အချက်အလက်ပြ ပိုစတာများတွင် ပါဝင်သင့်သည့် အချက်များမှာ -

- ကျောင်းပြင်ပ ပညာရေး၏ အဓိပ္ပာယ်သတ်မှတ်ချက်

  ဥပမာ - ပုံစံတကျ သတ်မှတ်ချက်များနှင့် ဖွဲ့စည်းသင်ကြားပေးသော ကျောင်းသင်ပညာရေးစနစ်၏ပြင်ပတွင် ပေါ်ပေါက်လာသည့် စနစ်တကျဖွဲ့စည်းတည်ဆောက်ထားသော ပြင်ပပညာရေး (အခြား) စနစ်တခုဖြစ်သည်။

- ကျောင်းပြင်ပ ပညာရေး၏ ဥပမာများ
  - မြန်မာနိုင်ငံလူထုစာဖတ်ဝိုင်းများ (Community Learning Centres) တွင် ဆောင်ရွက်နေသော စီမံကိန်းများ အစီအစဉ်များ ဥပမာ- ရှေးဦးအရွယ်ကလေး သူငယ်စောင့်ရှောက်ရေးနှင့် ပညာပေးစီမံကိန်းများ၊ အခြေခံစာတတ်မြောက်မှုနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စီမံကိန်းများ၊ ကျောင်းပြင်ပမူလတန်းပညာရေးနှင့် သက်ကြီး ပညာရေး(Adult Education) စီမံကိန်းများ၊ ဝင်ငွေရရှိရေးစီမံကိန်းများ၊ ဘဝအရည်အသွေး တိုးတက်ကောင်းမွန်ရေး စီမံကိန်းများနှင့်
  - စနစ်တကျဖွဲ့စည်းထားသော လက်တွေ့လုပ်ငန်းခွင်တွင်း လေ့ကျင့်သင်ကြားမှုနှင့် လုပ်ငန်းခွင်အတွင်း အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များ

- မြန်မာနိုင်ငံ လက်ရှိအခြေအနေတွင် နှင့် ဘဝတစ်သက်တာသင်ယူမှုဆိုင်ရာ

ဆက်စပ်ပတ်ဝန်းကျင် အခြေအနေတို့တွင် ကျောင်းပြင်ပ ပညာရေး၏ အရေးပါပုံကို ရှင်းလင်းပြခြင်း။

- ဘဝသက်တမ်းတစ်လျှောက် ပညာသင်ယူနိုင်စေမှုအတွက် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်း (ဆိုလိုသည်မှာ ရှေးဦးအရွယ်ကလေးသူငယ်ဘဝ၊ လူငယ်လူရွယ်ဘဝ၊ လူကြီးဘဝ)
- နိုင်ငံသားအားလုံး (အခြေခံ) စာတတ်မြောက်မှု ကျွမ်းကျင်ရေး (literacy proficiency) နှင့် အခြေခံပညာပြီးဆုံးအောင် သင်ယူနိုင်ရေးတို့ တိုးမြှင့်ပေးခြင်း
- ဝင်ငွေရရှိစေရေးနှင့် ဘဝအရည်အသွေးတိုးတက်ကောင်းမွန်စေရေး ပံ့ပိုးပေးခြင်း
- လုပ်သားများ၏ လက်တွေ့လုပ်ငန်းခွင် ဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် ခေတ်ပေါ်အသိပညာနှင့် ကျွမ်းကျင်မှုရရှိအောင် သေချာစွာ စီမံဆောင်ရွက်ပေးခြင်း

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေးတို့ကို ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင်ပညာရေး/ သင်ယူမှု အညွှန်းဘောင်ထဲသို့ ရောက်ရှိအောင် ပေါင်းစပ်ထည့်သွင်းတတ်မည်။

၂။ ကျောင်းသားများကို အောက်ပါအတိုင်းပြောပြသိရှိစေမည်။
- ပထမနှစ်သင်တန်း၌ သင်တို့သည် ကိုယ်တိုင်သင်ယူသော ပညာရေးနှင့် ကျောင်းသင် ပညာရေး အကြောင်းတို့ကို လေ့လာသင်ယူခဲ့ကြသည်။
- ပထမစာသင်ချိန်၌ သင်တို့သည် ကျောင်းပြင်ပ ပညာရေး၏ အဓိပ္ပာယ် သတ်မှတ်ဖော်ပြချက် ဥပမာများ နှင့် အရေးပါပုံတို့ကို လေ့လာ သင်ယူခဲ့ကြသည်။

၃။ ကျောင်းသားကိုင်စာအုပ်ပါ "ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင်သင်ယူမှု အညွှန်းဘောင်/မူဘောင် အကြောင်းကို ဖတ်ရှုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။

၄။ ပုံ (၁.၃) တွင် ဖော်ပြထားသည့် ဘဝတစ်သက်တာ (ထောင်လိုက် Y ဝင်ရိုး) ရှုထောင့် နှင့် ဘဝတစ်ခွင် (အလျားလိုက် X ဝင်ရိုး) ရှုထောင့်များကို ရောင်စုံမင်ဖြင့် ထင်ရှားအောင် တားပြပါ။

## သင်ယူမှုလုပ်ငန်း (၃)။ သင်၏သင်ယူမှုပြ သရုပ်ဖော်ပုံ/မြေပုံ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် (လုပ်ငန်းဆောင်ရွက်ချိန် (၁၅) မိနစ်၊ မျှဝေခြင်း (၅) မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက် -** ကျောင်းသားများအား ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှု အညွှန်းဘောင်/မူဘောင်ကို အသုံးပြုတတ်စေရန်

၁။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း (၃) ကို ကျောင်းသားများအား ဖတ်ရှုလေ့လာစေမည်။

၂။ ကျောင်းသားများအား အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန်ညွှန်ကြားပါ။
- ကျောင်းသားကိုင်စာအုပ် ပုံ (၁.၃) ကို ပြန်လည်ဆန်းစစ်လေ့လာပါ။ ပုံ (၁.၃) က မူလတန်းကျောင်းကို ရှေးဦးကျသော ကျောင်းသင်ပညာရေး (Early formal education) အဖြစ်ယူဆ သတ်မှတ်သည်။
- ပုံ (၁.၃) ကို သင်တို့၏ မှတ်စုစာအုပ်ထဲတွင် ကူးယူရေးဆွဲပြီးနောက် သင်၏


သင်ယူမှုများကို ယခုပညာရေးဒီဂရီကောလိပ်တက်ရောက်နေသည့် အဆင့်ထိ နေရာချ ရေးဆွဲပေးပါ။

- သင်၏ သင်ယူမှု အကြောင်းသရုပ်ဖော်ပုံကို သင့်ဘေးမှ ထိုင်နေသော ကျောင်းသားနှင့် အတူတွဲ၍ ဆွေးနွေးပါ။
- အချင်းချင်းစစ်ဆေးအကဲဖြတ်မှုကို လက်ခံရယူပြီးသောအခါ သင်၏ သင်ယူမှုပြ သရုပ်ဖော်ပုံကို သင်တို့၏ ကျောင်းသားကိုင်စာအုပ်ထဲမှ ပုံ (၁.၃) ထဲသို့အချက်အလက်များ ရွှေ့ပြောင်း ထည့်သွင်းပေးပါ။

၃။ အတန်းသို့ အစီရင်ခံတင်ပြရန် တာဝန်ယူမည့် ကျောင်းသားကိုယ်စားလှယ်များကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ လုပ်ဆောင်ထားသောလုပ်ငန်းမှ သူတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်နိုင်မည်ဖြစ်သည်။ လုပ်ငန်းနှင့်ပတ်သက်၍ ကျောင်းသားများ အခက်အခဲတွေ့နေကြောင်း လေ့လာသိရှိရလျှင် သူတို့ လုပ်ငန်းစဉ်တစ်လျှောက်တွင် သူတို့နားလည်နိုင်စေမည့် အဖြေများ ရနိုင်ရန်အတွက် မေးခွန်းအဆင့်ဆင့်မေးပေးပါ (သို့မဟုတ်) နောက်ထပ် ဥပမာများပေးပါ။




**ပုံ ၁.၃ ။ ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှုအယူအဆပြအညွှန်းဘောင်**

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ထဲမှ “ကျယ်ပြန့်သော သင်ယူမှုနယ်ပယ်များ/ သင်ယူမှုနယ်ပယ်ကြီးများ (Broad Fields of Learning) အကြောင်းပါဝင်သော အပိုင်းကို လေ့လာစေရမည်။

၂။ ပုံ (၁.၄) တွင်ပါဝင်သော သင်ယူမှုနယ်ပယ် ၁ မှ ၄ အကြောင်းကိုဆွေးနွေးပါ။

၃။ ကိုယ်တိုင်သင်ယူသော ပညာရေး (Informal education)၊ ကျောင်းပြင်ပပညာရေး (non-formal education) နှင့် ကျောင်းသင်ပညာရေး (formal education) တို့သည် တစ်ခုကို တစ်ခု အပြန်အလှန် ပံ့ပိုးဖြည့်ဆည်းပေးနေကြသည် ဆိုသည့် အချက်ကို အထူး အလေးထား မှတ်သားပါ။ အမှန်တကယ်အားဖြင့် ၎င်းတို့တစ်ခု နှင့် တစ်ခုအကြား နယ်နိမိတ်သတ်မှတ် ပေးထားသောမျဉ်းများသည် မကွဲပြားကြပါ။ မှုန်ဝါးဝါး မပီမပြင် ဖြစ်နေမည်။ (တစ်ခုနှင့် တစ်ခု ရောနှောကာ နယ်နိမိတ် မပြတ်သားကြချေ။)

- ကျောင်းသားကိုင်စာအုပ်ထဲမှ ဥပမာတစ်ခုကို ပြပါ။ လုပ်ငန်းတတ်ကျွမ်းမှုဆိုင်ရာ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း / အစီအစဉ်များမှတစ်ဆင့် သင်ရိုးတစ်ခုကို သတ်မှတ်ထားသော သင်ယူမှုပေါက်မြောက်သော အတိုင်းအတာ / အစိတ်အပိုင်း အရေအတွက် (Credit points) များရရှိနိုင်ပြီး ကျောင်းသင်ပညာရေးဟု ဆိုအပ်သော တက္ကသိုလ် သို့မဟုတ် ကောလိပ်မှ ချီးမြှင့်ပေးအပ်သော အသိအမှတ်ပြု လက်မှတ်များ၊ ဒီပလိုမာများ စသည်တို့ကို ရရှိလာနိုင်စေသည်။

၄။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်အပိုင်းငယ်မှ သင်ယူမှုနယ်ပယ်အမှတ် (၄) ဖြစ်သည့် လုပ်ငန်းခွင်အတွင်းနှင့် အခြားပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတို့၌ ကိုယ်တိုင်သင်ယူမှု (လူကြီးဘဝကိုယ်တိုင်သင်ယူမှု) အကြောင်းကို လေ့လာဖတ်ရှုရန်ညွှန်ကြားပါ။

၅။ (၂၁) ရာစုတွင် လျင်မြန်စွာ အသုံးတွင်ကျယ်လာသော သတင်းအချက်အလက်နှင့် နည်းပညာများက လုပ်ငန်းဝန်းကျင်အများအပြားတို့ကို ပုံသဏ္ဌာန်ပြောင်းလဲစေခဲ့သည်။ ထိုသို့သော အပြောင်းအလဲများနှင့် ပြည့်နှက်နေသည့် ခေတ်ကာလတွင် သင်ယူမှုနယ်ပယ် အမှတ် (၄) သည် မည်မျှအရေးပါကြောင်း ကိုရှင်းပြပါ။

- ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသကဲ့သို့ကျောင်းပြင်ပပညာရေးအဖြစ် လုပ်ငန်းခွင်တွင်း လေ့ကျင့်ပေးသည့် သင်တန်းမှ သင်ယူမှု (သို့မဟုတ်) လုပ်ငန်းတတ်ကျွမ်းမှု အစီအစဉ်မှ သင်ယူမှုတို့အပြင် အရွယ်ရောက်ပြီးသူအားလုံးတို့သည် မိမိကိုယ်တိုင်စနစ်တကျစီမံခန့်ခွဲသော ကိုယ်တိုင်သင်ယူမှုစနစ်သုံး၍ ဆက်လက်လေ့လာသင်ယူကြရမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်ရှိ တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုအရပ်ရပ်တို့နှင့် အချိုးညီသဟဇာတဖြစ်စေရန် မိမိကိုယ်တိုင် ညွှန်ကြားကြီးကြပ်ကာ ကိုယ်တိုင်တာဝန်ခံ သင်ယူ၍ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်းထံမှ သင်ယူ၍ဖြစ်စေ လိုအပ်သည့် တတ်ကျွမ်းမှုများကို ဆက်လက်ဆည်းပူး လေ့လာသင်ယူကြရန် လိုအပ်ပါသည်။

၆။ ကျောင်းသားများအား ၎င်းတို့ မိဘ (သို့မဟုတ်) အစ်ကို၊ အစ်မများသည် အတတ်ပညာရှင်များ (professionals) (သို့မဟုတ်) ကျွမ်းကျင်မှုလိုအပ်သော လုပ်ငန်းကို ဆောင်ရွက်ရသူများ (skilled workers) များဖြစ်ကြပါသလားဟု မေးမြန်းပါ။ ဖြစ်ခဲ့လျှင် ၎င်းတို့ကို ဤကဲ့သို့ မေးပါ။

သင့်မိဘ/အစ်ကို/အစ်မများသည် အောက်ဖော်ပြပါ အခြေအနေများ၌ ဆောင်ရွက်ရမည် ဖြစ်သောလုပ်ငန်းတစ်ခုကိုဥပမာ ပေးပါ။

- စာအုပ်စာပေများနှင့် သတင်းအချက်အလက်ရင်းမြစ်တို့ကို ဖတ်ရှုလေ့လာသည့်အခါ မည်သည့်အကူအညီမှမပါဘဲ ကိုယ်တိုင် နားလည်သဘောပေါက်နိုင်စွမ်းရှိခြင်း
- နည်းပညာအမျိုးမျိုးကို သုံးစွဲခြင်းဖြင့် အတွေးအမြင် ရှုထောင့်အမျိုးမျိုးကွဲပြားခြားနားကြသည့် လူအမျိုးမျိုးနှင့် ချိတ်ဆက်ကာ ဆွေးနွေးမေးမြန်းပြောဆိုနိုင်စွမ်းရှိခြင်း
- ပူးပေါင်းဆောင်ရွက် ရေးသားပြုစုရသည့် စီမံချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် အသိပညာဖန်တီးခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် တီထွင်ဆန်းသစ်မှုများ ဖော်ထုတ်နိုင်စွမ်းရှိခြင်း

၇။ အထက်ဖော်ပြပါ လုပ်ငန်းများကို အောက်ဖော်ပြပါ ဘဝတစ်သက်တာ သင်ယူမှုပြုသူတစ်ဦး၏ထူးခြားသောဝိသေသလက္ခဏာများနှင့်ချိတ်ဆက်ပေးပါ။

- ဖျက်လတ်သွက်လက်၍ နည်းဗျူဟာလွယ်ကူစွာ ဆောင်ရွက်တတ်ခြင်း
- ရည်မှန်းချက်များနှင့် စီမံကိန်းများကို ချမှတ်ရေးဆွဲတတ်ခြင်း၊ သူတို့ ကိုယ်ပိုင်သင်ယူမှုကိုတွေ့ရှိရသော အခြေအနေအကြောင်းအရာတို့အလိုက် စောင့်ကြည့်တတ်ခြင်းနှင့်
- အသိပညာများကို အများနှင့်အတူ ဖော်ထုတ်ဖန်တီးခြင်း၊ ဆွေးနွေးနှီးနှော ဖလှယ်ခြင်း၊ ဝိုင်းဝန်းစုပေါင်းသင်ယူမှုပြုခြင်း စသည်တို့တွင်ကျွမ်းကျင်မှု ရှိခြင်း။

**အိမ်စာလုပ်ငန်း -** လုပ်ငန်းခွင်အတွင်း သင်ယူလေ့လာမှုနှင့် ပတ်သက်၍ မိမိအိမ်မှ မိသားစုဝင်တစ်ဦးကို တွေ့ဆုံမေးမြန်းမှုပြုပါ။

**ရည်ရွယ်ချက် -** မိမိ၏မိသားစုထဲမှ အရွယ်ရောက်သူတစ်ဦးနှင့် စကားအပြန်အလှန်ပြောဆို ဆွေးနွေးခြင်းအားဖြင့် (၂၁) ရာစုခေတ်လုပ်ငန်းခွင်အတွင်း တွေ့ရသော ကျောင်းပြင်ပသင်ယူ မှုနှင့် ကိုယ်တိုင်သင်ယူမှုတို့အကြောင်းကို ပိုမိုနားလည်သဘောပေါက်စေရန် ဖြစ်သည်။

၁။ ကျောင်းသားများအား မိဘတစ်ဦးနှင့် ဖြစ်စေ အစ်ကို၊ အစ်မ (သို့မဟုတ်) မိသားစုဝင် တစ်ဦးနှင့် စကားအပြန်အလှန် ပြောဆိုခန်းတစ်ခုကို ဖန်တီးရန် ညွှန် ကြားပါ။ သင်နှင့် စကားဝိုင်းဖွဲ့သူသည် အတတ်ပညာရှင်တစ်ဦး (သို့မဟုတ်) သက်ဆိုင်ရာ လုပ်ငန်းတစ်ခု၌ ကျွမ်းကျင်အဆင့်ရှိသူ (ကျွမ်းကျင်သောလုပ်သား) တစ်ဦး ဖြစ်ရမည်။

သင်ကသူတို့အား အောက်ပါမေးခွန်းများကိုမေးရမည်။

- သင်၏ လုပ်ငန်းခွင်အတွင်း မည်သည့် သင်တန်းများ (သို့မဟုတ်) လုပ်ငန်း ပညာဆိုင်ရာ ဖွံ့ဖြိုးမှုတိုးတက်မှုအစီအစဉ်များကို တက်ရောက်ခဲ့ ပြီးဖြစ် သနည်း။ (ကျောင်းပြင်ပ သင်ယူမှု)
- လုပ်ငန်းခွင်အတွင်းမည်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို ကိုယ်တိုင် လေ့လာသင်ယူခဲ့ရပါသနည်း။ (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်အချင်းချင်း ထံမှမည်သည့်အသိပညာနှင့် ကျွမ်းကျင်မှုများကို သင်ယူခဲ့ရပါသနည်း။ (ကိုယ်တိုင်သင်ယူမှု)

၂။ ကျောင်းသားများအား သူတို့တွေ့ရှိလာသည့်အချက်များကို သူတို့အတန်းတွင်း၌ ဖြစ်စေ အုပ်စုတွင်း၌ ဖြစ်စေမျှဝေစေရန် ဆရာက အားပေးရမည်။

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -
- ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှု၏ အဓိကကျသော ဝိသေသလက္ခဏာများကို ဆွေးနွေးတင်ပြတတ်မည်။

၂။ ပုံ (၁.၃) တွင် ရေးဆွဲထားသော သူတို့၏ သင်ယူမှုကို သရုပ်ဖော်ပြသည့် ပုံကို ပြန်လည်စိစစ်ရန် ကျောင်းသားများကိုပြောပါ။ ထို့နောက်မြန်မာနိုင်ငံမှ နိုင်ငံသားအားလုံး၌ တူညီသော သင်ယူမှုအခွင့်အလမ်းများရှိ/မရှိ ကိုစဉ်းစားစေမည်။

၃။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ “ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူရေး ချဉ်းကပ်မှု၏ အဓိကကျသောဝိသေသလက္ခဏာများ” အပိုင်းကိုဖတ်ရန် ညွှန်ကြားပါ။

၄။ ရာသက်ပန်/ဘဝသက်တမ်းတစ်လျှောက်လုံးနှင့် ဘဝရှုထောင့်စုံ နေရာစုံတို့၌ သင်ယူမှုချဉ်းကပ် နည်းလမ်း၏ ထူးခြားသော လက္ခဏာ (၃) ခုမှာ -
- ဘက်စုံထောင့်စုံမှ ချဉ်းကပ်ခြင်း
- သင်ယူသူ ဗဟိုပြုခြင်း
- လူမှုအလွှာစုံ အကျုံးဝင်ခြင်း တို့ဖြစ်ကြောင်း ထင်ရှားအောင်အလေးပေး ပြောပြပါ။

၅။ မူဝါဒ၏ သွယ်ဝိုက်ရည်ညွှန်းမှုများ (implications) ကိုဆွေးနွေးပါ။ ကျောင်းသင်ပညာရေးအပေါ်၌သာ အထူးအလေးဂရုပြုသော အချို့ပညာရေးမူဝါဒများကို လူမှုအလွှာစုံမှ လူတိုင်းအတွက် ဆက်လက်၍ ပညာသင်ယူမှုအခွင့်အလမ်းများရရှိလာအောင် ဖန်တီးပေးနိုင်မည့် အခြေအနေအရပ်ရပ်တို့အပေါ်အလေးထားဆောင်ရွက်ပေးနိုင်သည့် ပညာရေးမူဝါဒများအဖြစ်သို့ ပြောင်းလဲရပါမည်။ ဘဝခရီး၏ အဆင့်တိုင်းတွင် ပညာဆက်လက်သင်ယူခွင့်ရရှိရေးမှာ လူတိုင်းအတွက် အကျုံးဝင်ပါသည်။ ကျား/မ ကြီးငယ်မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး လူတိုင်း၌ ဘဝတစ်သက်တာလုံး ပညာဆက်လက်သင်ယူခွင့် ရရှိစေမည့် ပညာရေးမူဝါဒများ ရှိရပါမည်။ လိုအပ်သည့် နေရာများတွင် သင်ယူမှုသည် ကိုယ်တိုင်စီစဉ်ညွှန်ကြားထားသောသင်ယူမှုနှင့် ကိုယ်တိုင်စီမံခန့်ခွဲသော သင်ယူမှုဖြစ်စေရန် လိုအပ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၄)။ သင်ယူမှုခရီးစဉ်များနှင့် ပတ်သက်၍ အဆင့် (၃) ဆင့်ပါသော တွေ့ဆုံ မေးမြန်းခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၄) ဦးပါဝင်ဖွဲ့စည်းထားသော အုပ်စုငယ်များ |

**ရည်ရွယ်ချက် -** ကျောင်းသားများအား ပညာရေး ဒီဂရီကောလိပ်တက်ရောက်ရန် စေ့ဆော်ပေးခဲ့သည့် သူတို့၏ ကိုယ်ပိုင်စေ့ဆော်မှု၊ ကျောင်းသားအချင်းချင်းတို့၏ စေ့ဆော်မှုများနှင့် ဘဝတစ်သက်တာ ပညာရေးကို လူတိုင်းရယူခံစားနိုင်ခွင့်ရှိသော လူ့အဖွဲ့အစည်းတို့အကြောင်းကို ပြန်လည်သုံးသပ်တတ်စေရန်

၁။ ကျောင်းသားများအား (၄) ဦးစီပါဝင်သောအုပ်စုငယ်များအဖြစ် ဖွဲ့စည်းရန် ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ယူမှုလုပ်ငန်း (၄) ကို ဖတ်ရှုရန်ညွှန်ကြားပါ။

၃။ ဤလုပ်ငန်းသည် အောက်ဖော်ပြပါမေးခွန်း အစီအစဉ်များကို အသုံးပြုပြီး ကျောင်းသားအချင်းချင်း တွေ့ဆုံမေးမြန်းမှုအပေါ် အလေးထားကြောင်း ကျောင်းသားများကို သိရှိအောင် ပြောပြပါ။

- ယခုလက်ရှိရောက်ရှိနေသော ဘဝခရီးအဆင့်တွင် ပညာရေးဘွဲ့သင်တန်း တက်ရောက်ရန် မည်သည့်အရာက သင့်ကိုစေ့ဆော်ပေးခဲ့သနည်း။

- ပညာရေးဘွဲ့သင်တန်း အောင်မြင်ပေါက်မြောက်ခြင်းကြောင့် မည်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဟု သင်ထင်မြင်ပါသနည်း။

၄။ အုပ်စုတစ်စုစီမှ ကျောင်းသားတစ်ဦးစီကို A, B, C, D ဟု အမည်တပ်ထားရန် ကျောင်းသား များကိုညွှန်ကြားပါ။ ၎င်းတို့ (၄) ဦးသည် တွေ့ဆုံမေးမြန်းမှုအဆင့် (၃) ဆင့်တွင် ပါဝင်ဆောင်ရွက်ရမည်။

- အဆင့် (၁) - ကျောင်းသား A က ကျောင်းသား B ကိုမေးခွန်းများမေးမြန်းပါ။ (တွေ့ဆုံမေးမြန်းခန်း အစီအစဉ်ပါ မေးခွန်း (၃) ခု) ထိုအချိန်တွင် ကျောင်းသား C က ကျောင်းသား D ကိုမေးခွန်းများ မေးမြန်းစေမည်။
- အဆင့် (၂) – [မေးမြန်းသူနှင့် ဖြေဆိုသူအခန်းကဏ္ဍချင်း ပြောင်းလဲမည်] ကျောင်းသား B ကကျောင်းသား A ကိုမေးခွန်းထုတ်ပြီး ကျောင်းသား D က C ကိုမေးခွန်းထုတ်မည်။
- အဆင့် (၃) – ကျောင်းသား A နှင့် B တို့က တစ်ဦးနှင့်တစ်ဦးအပြန်အလှန် အဖြေများကို အနှစ်ချုပ်ကြမည်။ ရရှိလာသော အဓိက အချက်များကို C နှင့် D ကိုမျှဝေမည်။ C နှင့် D ကလည်းအလားတူပင် ဆောင်ရွက်ကြရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဘဝတစ်သက်တာ သင်ယူမှုအကြောင်း ပြန်လည်သုံးသပ်ရန်နှင့် ဆွေးနွေးရန် ကျောင်းသား များအတွက် အခွင့်အလမ်း တစ်ခုဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများက ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေးအမြင်ရှုထောင့်များနှင့် အတွေ့အကြုံများကို မျှဝေကြမည်။ မှားသည်ဟုယူဆဖွယ် အဖြေတစ်ခုမျှမရှိပါ။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ မေးခွန်း၏ အဖြေများကို မျှဝေရန် ကျောင်းသားအချို့ကိုရွေးချယ်ပါ။
မေးခွန်း - ပညာရေးဘွဲ့သင်တန်း အောင်မြင်ပေါက်မြောက်ခြင်းကြောင့် မည်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဟု သင်ထင်မြင်ပါသနည်း။
မှတ်ချက် - ဤအကျိုးကျေးဇူးများတွင် ကျောင်းသားများ၏ မိသားစုများအတွက်ပါ အကျုံးဝင်ကာ ကျယ်ပြန့်သွားတတ်လေ့ရှိကြသည်။

၂။ ကျောင်းသားများကို အောက်ပါမေးခွန်းများမေးပါ။
လူဘဝ အဆင့်အသီးသီးတို့၌ လူသားအားလုံးတို့အတွက် သင်ယူမှုအခွင့်အလမ်းများရရှိစေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု အနာဂတ်၌ပေါ်ပေါက်လာမည့်ပုံကို သင့်အနေနှင့် စိတ်ကူးဖြင့် မှန်းဆ တွေးမြင်မိပါသလား။

၃။ ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူချဉ်းကပ်မှုက လူထုအလွှာစုံ အကျုံးဝင်ပြီး စိတ်ခံတက်ကြွကြွခံနိုင်စွမ်းရှိသော ရပ်ရွာလူထုအဖွဲ့အစည်းများကို မြှင့်တင်ပေးနိုင်သည်ဆိုသည့် အကြောင်းအရာကို ပြန်လည်ဖတ်ရှုလေ့လာပါ။

၄။ ဤသင်ခန်းစာများနှင့် ဆီလျော် ကိုက်ညီသော တတ်ကျွမ်းမှုများကို ပြန်လည် စိစစ်ပါ။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးစီ၏ ပညာရေးဆိုင်ရာ အခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုး ကူညီကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံးမိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှုသဘောထားကိုဖော်ပြသည်။

၅။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။
ဤသင်ခန်းစာကို သင်ယူပြီးချိန်၌ ကျောင်းသားများသည်

- ကျောင်းပြင်ပပညာရေး၏ အဓိပ္ပာယ်ကို သတ်မှတ်ဖော်ပြတတ်လာပြီး ကျောင်းပြင်ပ ပညာရေး ဥပမာများပေးတတ်မည်။
- ဘဝတစ်သက်တာ သင်ယူမှုလုပ်ငန်းတွင်နှင့် မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ ပညာရေး၏ အရေးပါပုံကို ရှင်းလင်းပြတတ်မည်။

- ကျောင်းသင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေး နှင့် ကိုယ်တိုင်သင်ယူ ပညာရေး တို့ကို ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် ပညာရေး/သင်ယူမှု အညွှန်းဘောင်ထဲသို့ ရောက်ရှိအောင် ပေါင်းစပ်ထည့်သွင်းတတ်မည်။
- ဘဝတစ်သက်တာသင်ယူမှု၏ ဝိသေသလက္ခဏာများကို ဆွေးနွေး တင်ပြတတ်မည်။

## ၁.၁.၃။ ပညာရေး၏ အချက်အချာ အချင်းချင်း အပြန်အလှန် ဆက်စပ်ပုံ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပညာရေး၏အချက်အချာများ တစ်ခုနှင့်တစ်ခုအကြား ပြောင်းလဲလာနေသော ဆက်စပ် နှီးနွှယ်ပုံကို ဆွေးနွေး ပြတတ်မည်။
- (၂၁) ရာစုခေတ်တွင် ပြောင်းလဲလာသောဆရာ့အခန်းကဏ္ဍအကြောင်းပြန်လည် သုံးသပ်တတ်မည်။
- အခြေခံပညာသင်ရိုးသစ်က ဦးတည်ချက်ထားသော (၂၁) ရာစုကျွမ်းကျင်မှုများ ကို အကြမ်းဖျင်း ဖော်ပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှု

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၃) ချိန်

### သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း(၁) - အခြားသူများနှင့် ပူးပေါင်း၍ အသိပညာဖန်တီးမှု အခင်းအကျင်း (Placement of creating knowledge with other)

သင်ယူမှုလုပ်ငန်း (၂) – (၂၁) ရာစု ဆရာတစ်ဦး၏ ရည်မှန်းချက်များအကြောင်း ပါဝင်သော သတင်း ကို ကျောင်းသားမိဘများထံသို့ ရေးသားပေးပို့ခြင်း

သင်ယူမှုလုပ်ငန်း(၃) - (၂၁) ရာစုကျွမ်းကျင်မှုများကို အညွှန်းဘောင်များ အလိုက် နှိုင်းယှဉ်ပြခြင်း (Comparison of 21st century skills acrass frameworks)

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင် စာအုပ် သင်ခန်းစာ (၁.၁.၃) ကိုဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ**

TCSF နောက်ဆက်တွဲ (၃) အလယ်တန်းပြဆရာများ - လုပ်ငန်းခွင် စတင်တာဝန် ထမ်းဆောင်စအဆင့်

သင်ယူမှုလုပ်ငန်း (၁) - ကားချပ်ကြီးရေးဆွဲရန်စာရွက်ချပ်နှင့်မာကာများ

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၂၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ပညာရေး၏အချက်အချာများ တစ်ခုနှင့် တစ်ခုအကြား ပြောင်းလဲလာနေသော ဆက်စပ်နိုးနွယ်ပုံကို ဆွေးနွေးတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ “ပညာရေး၏အချက်အချာ (၄) ခု” သင်ခန်းစာနှင့် ပုံ (၁.၆) တို့ကို ကြည့်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ ကျောင်းသားများအားခက်ဆစ်အဘိဓာန်တွင် ပါဝင်သော “ပညာရေး၏ အချက်အချာများ” ကို ကြည့်ရှုစေပြီး ထိုဝေါဟာရ အကြောင်းကိုဆရာက ဆွေးနွေးမည်။

၄။ ပထမနှစ်သင်တန်းပညာရေး ဘာသာရပ်တွင် ပညာရေး၏ အဓိကကျသော အချက်အချာ (၃) ခုကို မိတ်ဆက်ပေးခဲ့ပြီး ဖြစ်ကြောင်း ကျောင်းသားများ သိရှိစေရမည်။

၅။ ပညာရေး၏ စတုတ္ထအချက်အချာအဖြစ် နည်းပညာ ကိုမိတ်ဆက်ပေးပြီး ပုံ (၁.၆) ကိုဆွေးနွေးပါ။

၆။ မေးခွန်းတစ်ခုကို ရှင်းလင်းသော အသုံးအနှုန်းများဖြင့် မေးပါ။
ဆရာ၊ ကျောင်းသားများ၊ သင်ရိုးမာတိကာပါအကြောင်းအရာနှင့် နည်းပညာတို့သည် ပညာရေး၏ အချက်အချာများဖြစ်ကြလျှင် ဤအချက်အချာတို့သည် TCSF တွင် တစ်ခုနှင့် တစ်ခု မည်သို့ အပြန်အလှန်ဆက်စပ်နေကြသနည်း။

၇။ ကျောင်းသားများအား TCSF နောက်ဆက်တွဲ (၃) အလယ်တန်းပြဆရာများ လုပ်ငန်းခွင်စတင်တာဝန်ထမ်းဆောင်စအဆင့်ကို ရည်ညွှန်းကြည့်ရှုရန်ညွှန်ကြားပါ။ ထို့နောက် ဆီလျော်ကိုက်ညီမှုရှိသော တတ်ကျွမ်းမှုစံသတ်မှတ်ချက်များကို သတ်မှတ်ဖော်ပြပြီး မှတ်တမ်းတင်ပေးပါ။ ဥပမာအားဖြင့်-
ဆရာ-ကျောင်းသား (ဆရာနှင့်ကျောင်းသားအကြားဆက်စပ်မှု)

- (က)(၁) ကျောင်းသားများ မည်သို့သင်ယူသည်ကိုသိသည်။
- (က) (၃) ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများကို မည်ကဲ့သို့ ကောင်းမွန်စွာ ဆက်ဆံရမည်ကိုသိသည်။

ဆရာ-နည်းပညာ (ဆရာနှင့်နည်းပညာအကြားဆက်စပ်မှု)

- (က) (၂) ပညာရေးဆိုင်ရာ နည်းပညာများကို ဆီလျော်စွာ အသုံးပြုနိုင်မှုအားသိရှိသည်။

- (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေး ဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြုသင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

ဆရာ - သင်ကြားရန်အကြောင်းအရာ (သင်ရိုးမာတိကာ) (ဆရာနှင့်သင်ရိုး မာတိကာအကြား ဆက်စပ်မှု)

- (က) (၅) ဘာသာရပ်အကြောင်းအရာကိုသိသည်။
- (ခ) (၁) သင်ကြားမှုနည်းဗျူဟာအမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားသည်။

၈။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ "နည်းပညာနှင့် အကြောင်းအရာ - အသိပညာရယူခြင်းနှင့် အသိပညာတီထွင် ဖန်တီးခြင်း" အပိုင်းကို ဖတ်ရှုရန် ကျောင်းသားများ အား ညွှန်ကြားပါ။

၉။ ပထမရေးသား ဖော်ပြချက်ကို ပြန်လည်စိစစ်ပါ။ - နည်းပညာများ(ဥပမာ - အင်တာနက်၊ မိုဘိုင်းဖုန်း၊ တယ်လီဖုန်း စသည်) ဖွံ့ဖြိုးတိုးတက်လာမှုက အကြောင်းအရာများကို လျင်မြန်စွာ ပြန့်ပွားများပြားလာစေသည်။ သတင်း အချက်အလက်တို့ကို ရယူသုံးစွဲနိုင်သူ အရေအတွက်မှာလည်း ယခင်ကထက် အဆပေါင်းများစွာ တိုးပွားလာခဲ့သည်။။

၁၀။လွန်ခဲ့သော သီတင်းပတ်အတွင်းက မိုဘိုင်းဖုန်းများ (သို့မဟုတ်) ကွန်ပျူတာကို အသုံးပြုပြီး သတင်းအချက်အလက်တို့ရှာဖွေခဲ့ချိန်ကိုပြန်လည်သုံးသပ်စဉ်းစားရန် ကျောင်းသားများကို ပြောပါ။

- သူတို့သည် မည်သည့် အချက်အလက်များကို ရှာဖွေခဲ့ကြသနည်း။
- ထိုအချက်အလက်များကို သူတို့ မည်ကဲ့သို ရှာဖွေခဲ့ကြသနည်း။
- သူတို့ထံ၌သာ မိုဘိုင်းဖုန်းများ (သို့မဟုတ်) ကွန်ပျူတာသာမရှိလျှင် ထို အချက်အလက်များကို မည်ကဲ့သို့ ရှာဖွေရယူခဲ့ရမည် ဖြစ်သနည်း။

၁၁။ပညာအဖွဲ့အစည်း (knowledge society) တစ်ခုတွင် "အသိပညာ တီထွင် ဖန်တီး ခြင်း"အပေါ် အလေးထားမှု ပိုမိုတိုးပွားလာပုံကို ဆွေးနွေးပါ။ "အခြားသူတို့ နှင့် ပူးပေါင်း၍ အသိပညာ ဖန်တီးခြင်းက လူ့အဖွဲ့အစည်းကို မည်သို့ အကျိုးပြု နိုင် ကြောင်း" ကို ကျောင်းသားများအား စဉ်းစားကြံဆစေရမည်။

၁၂။ ကျောင်းသားများအားလုံးကို ပုံ (၁.၆) နှင့် (၁.၇) တို့ကို ဂရုပြုလေ့လာရန်ညွှန်ကြားပါ။

၁၃။ပြန်လည်စိစစ်ပြုပြင်ထားသော သိမှုဆိုင်ရာသင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်းအရ "တီထွင်ဖန်တီးမှု" သည် အထွဋ်အထိပ်ဖြစ်သည် (သို့မဟုတ်) ထိပ်ဆုံးအဆင့်၌ တည်ရှိသည်ဆိုသော အချက်ကို ကျောင်းသားများအား သိရှိစေရမည်။ အသိပညာရယူခြင်း (knowledge acquisition) အား သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်းအဆင့် သတ်မှတ်မှုအရ မည်သည့် အဆင့်၌ နေရာချထားရမည်ကို ကျောင်းသားများအား စဉ်းစားစေရမည်။

**သင်ယူမှုလုပ်ငန်း (၁)။ အခြားသူများနှင့် ပူးပေါင်း၍ အသိပညာဖန်တီးမှု အခင်းအကျင်း (Placement of creating knowledge with other)**

| | |
|---|---|
| **အချိန်** | (၂၅) မိနစ်(သင်ယူမှုလုပ်ငန်း (၁၅) မိနစ်၊ မျှဝေခြင်း (၁၀) မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင်ကျောင်းသား (၄) ဦးပါဝင်ဖွဲ့စည်းထားသော ကျောင်းသား အုပ်စုများ |

**ရည်ရွယ်ချက် -** ကွဲပြားခြားနားသော သင်ယူမှုပတ်ဝန်းကျင် အခြေအနေ အသီးသီး တို့တွင် ကျောင်းသားများအတူတကွပူးပေါင်း၍ အသိပညာဖန်တီးမှု၌ တက်ကြွစွာပါဝင် ဆောင်ရွက်နေပုံကို ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ အနေနှင့် မျှော်မှန်းကြည့်နိုင်ရန်

၁။ ကျောင်းသားများအား (၄) ဦးလျှင် တစ်အုပ်စုအဖြစ်အုပ်စုဖွဲ့ရန် ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်ပါ သင်ယူမှုလုပ်ငန်း (၁) ကိုကြည့်ရန်ညွှန်ကြားပါ။

၃။ ကျောင်းသားအုပ်စု အသီးသီးတို့အား ကားချပ်ကြီးတစ်ခုပေါ်တွင် နေရာအခင်းအကျင်း ပုံစံတစ်ခုကို သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲစေရမည်။ (မည်သည့်အရာမျှ ရေးမထားရ) ကျောင်းသား (၄) ဦးကို ကားချပ်ကြီး ပတ်လည်တွင် နေရာယူစေ ခြင်းဖြင့် သူတို့၏ အဖြေများကို တစ်ဦးစီ မှတ်တမ်းတင်နိုင်စေလိမ့်မည်။

၄။ ကျောင်းသားများကို ၎င်းတို့ပညာသင်ကြားခဲ့ရာ (ကျောင်းတက်ခဲ့ရာ) ကာလများတွင် အခြား ကျောင်းသားများ နှင့် အတူပူးပေါင်းပြီး အသိပညာဖန်တီးမှု တစ်ခု (သို့မဟုတ်) သင်ယူမှုလုပ်ငန်း အသစ်တစ်ခု (သို့မဟုတ်) မိမိတို့ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်လုပ်ကိုင်ထားသော မူပိုင်အလုပ်တစ်ခု၊ ပြုလုပ်ခွင့်ရရှိခဲ့သော အတွေ့အကြုံ တစ်ခုအပေါ်၌ ပြန်လည်သုံးသပ်စဉ်းစားရန် တစ်ဦးချင်းကို ဆရာက ညွှန်ကြားမည်။ ထိုနောက် ၎င်းတို့ရောက်ရှိနေသော အခင်းအကျင်း အနေအထားမှာပင် အောက်ပါမေးခွန်းများကို ဖြေစေမည်။

- မည်သည့်ဘာသာရပ်နယ်ပယ်တွင် ဖန်တီးခဲ့သနည်း။
- သင်၏ အုပ်စု (သို့မဟုတ်) သင့်အတန်းက တီထွင်ဖန်တီးခဲ့သော အသိပညာအသစ်မှာ အဘယ်နည်း။
- ဤသင်ယူမှု အတွေ့အကြုံကို မည်သည့်နေရာတွင် တွေ့ကြုံခဲ့သနည်း။
- ဤလုပ်ငန်းကို နည်းပညာက အထောက်အပံ့ပြုခဲ့ပါသလား။
- ဤသင်ယူမှုအတွေ့အကြုံတွင်သင်၏ဆရာသည်မည်သည့်ကဏ္ဍမှ ပါဝင်ခဲ့သနည်း။
- ဤအတွေ့အကြုံကို အထောက်အပံ့ပြုသူ အခြားမည်သူတို့ ပါဝင်ခဲ့သနည်း။

၅။ အုပ်စုတစ်စုအနေနှင့် သင်ယူမှုအတွေ့အကြုံတစ်ခုစီကို ပုံ (၁.၆) တွင် အထူးဖော်ပြထားသည့် အချက်အချာ (၄) ခု တို့ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပုံ ရှုထောင့်မှ ပြန်လည်ဆန်းစစ်ပါ။ ဤအတွေ့အကြုံများတွင် -

(က) ကျောင်းသားများနှင့် အကြောင်းအရာတို့ဆက်စပ်မှု

(ခ) ကျောင်းသားများနှင့် ဆရာများဆက်စပ်မှု

(ဂ) ကျောင်းသားများနှင့် အခြားကျောင်းသားများအချင်းချင်း ဆက်စပ်မှု

(ဃ) ကျောင်းသားများနှင့် နည်းပညာဆက်စပ်မှု

၆။ ဤသို့ တစ်ခုနှင့်တစ်ခုကြား အပြန်အလှန် ဆက်သွယ် ဆက်စပ်နေကြောင်း တွေ့ရသည့် အခြား ဆက်စပ်မှုအမျိုးအစားများကို သင်တို့ရှေ့၌ ချထားသော နေရာအခင်းအကျင်းပြပုံ၏ ဗဟိုအချက်တွင်ရေးသားပါ။

၇။ တီထွင်ဖန်တီးမှုအကောင်းဆုံး သင်ယူမှု အတွေ့အကြုံများနှင့် နောက်ထပ်တွေ့ရှိရသော ဆက်စပ်မှု အမျိုးအစားများကို မျှဝေပေးမည့် ကျောင်းသားအုပ်စုများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ထပ်ဆောင်းအချက်အချာများ (အဓိကကျသော အချက်များ) ကိုအဘယ်ကြောင့် ထည့်သွင်းရ ကြောင်း ရည်ရွယ်ချက်/အကြောင်းရင်း (rationale) များဖော်ပြရန် ကျောင်းသားများကို ပြောပါ။ ဆိုလိုသည်မှာ ၎င်းအချက်များသည် သင်ယူမှုအတွေ့အကြုံများအတွက် မရှိမဖြစ် ပူးတွဲပါဝင်နေရသည့် အကြောင်းအရင်းကို ရှင်းပြရန်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မှားသောအဖြေဟူ၍ မရှိနိုင်ပါ။ နောက်ထပ် ဆက်စပ်နေမှုများသည် -

- ရပ်ရွာလူထုအဖွဲ့အစည်းဝင်များနှင့် ဆက်စပ်နေသော ကျောင်းသားများ ရပ်ရွာလူထုအဖွဲ့ဝင်များသည် သင်ယူမှုအတွေ့အကြုံကို ထောက်ကူပံ့ပိုးရန် အတွက် ဆရာနှင့် အတူယှဉ် တွဲဆောင်ရွက်ကြရသည်များလည်းရှိပါသည်။ ဥပမာအားဖြင့် ဆရာက ရပ်ရွာလူထု အဖွဲ့အစည်းထဲမှ အဖွဲ့ဝင်အချို့အား သူတို့၏ နှုတ်ပြောရာဇဝင်/ နှုတ်ဖြင့် အဆင့်ဆင့် ပြောဆိုလာခဲ့ကြသော ထင်ရှားသည့် အကြောင်းအရာ အချို့တို့ကို မျှဝေပေးရန် ဧည့်ဟောပြောသူအဖြစ် ဖိတ်ကြားနိုင်သည်။ ထိုအခါ ကျောင်းသားများက ၎င်းတို့ ပြောကြားသည့် စိတ်ဝင်စားဖွယ် ဒဏ္ဍာရီ ပုံပြင်များကို စာသင်ခန်းသုံးစာအုပ် (မှတ်စု) ထဲ၌ လိုက်လံရေးမှတ်ထားနိုင်သည်။
- သဘာဝပတ်ဝန်းကျင်နှင့်ဆက်စပ်နေကြသော ကျောင်းသားများ - ကျောင်းသားများသည် သူတို့ပတ်ဝန်းကျင်ဒေသကို စူးစမ်းလေ့လာ တတ်ကြသည်။ ကွင်းဆင်းလေ့လာမှုတစ်ခုတွင် ပါဝင်ဆောင်ရွက်ပြီး မြေပုံများ၊ ပုံကြမ်းများ အပါအဝင် ကွင်းဆင်းမှု အစီရင်ခံစာတစ်ခု တင်သွင်းကြရသည်။

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| အချိန် | (၃၀) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -
- (၂၁) ရာစုခေတ်တွင် ပြောင်းလဲလာသော ဆရာ့အခန်းကဏ္ဍ အကြောင်း ပြန်လည်သုံးသပ်တတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ “(၂၁) ရာစုတွင် ပြောင်းလဲလာသော ဆရာ၏အခန်းကဏ္ဍ” အပိုင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ နည်းပညာမှတစ်ဆင့် (နည်းပညာသုံးစွဲခြင်းဖြင့်) သင်ယူလေ့လာလိုသော အကြောင်းအရာကို အလွယ်တကူ အရန်သင့် ရရှိနိုင်ပြီး အကြောင်းအရာများမှာလည်း ကျယ်ပြန့်ပွားများကာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ဆရာအခန်းကဏ္ဍ ပြောင်းလဲလာပုံကို ကမ္ဘာတစ်ဝန်း၌ ဆွေးနွေးပွဲများ အချိန်အတန်ကြာ ကျင်းပကာ တင်ပြခဲ့သည့်အချက်ကို ထင်ရှားစွာ အလေးပေးရှင်းပြပါ။

၄။ လေးထောင့်ကွက် (၁.၂) တွင် ပါဝင်သော ယူနက်စကို၏ ရှုမြင်သုံးသပ်ချက် အနက်မှ အချက် (၂) ခု (သို့မဟုတ်) (၃) ခု ကိုအနှစ်ချုပ်ရေးသားပေးရန် ညွှန်ကြားပါ။
ဆရာက သင်ပုန်းပေါ်တွင် ပုဒ်ရင်း (stem) / စကားစုတစ်ခုကို ပေးလိုက ပေးထားနိုင်သည်။ ဥပမာ-
“အချက်အလက်များကိုလူတိုင်းက (ကျောင်းသားများ အပါအဝင်) နည်းပညာမှ တစ်ဆင့်ပိုမို လွယ်ကူစွာရရှိ အသုံးပြုနိုင်လာကြသည့်အတွက် ဆရာများသည်”……..

ကျောင်းသားများက ထိုအကြောင်းကို ဤသို့ ဆက်လက်ဖြည့်စွက်ရေးသား နိုင်သည်ကို မှတ်သားပါ။ "အချက်အလက်များကို လူတိုင်းက၊ ကျောင်းသားများ အပါအဝင် နည်းပညာမှတစ်ဆင့် ပိုမို လွယ်ကူစွာ ရရှိ အသုံးပြုနိုင် လာကြသည့် အတွက် ဆရာများသည်..

- ကျောင်းသားများအား အကြောင်းအရာကို လေ့လာရာ၌ လေးနက်စွာ ဝေဖန်စိစစ်တတ်လာစေရန် ပံ့ပိုးကူညီပေးရန် လိုအပ်လာသည်။
- ရယူအသုံးပြုနိုင်သော အချက်အလက်များနှင့် နည်းပညာများကို ကျောင်းသား များကိုယ်တိုင် အသုံးပြုတတ်စေရန်အတွက် ဆရာကမည်သို့ ကူညီ လမ်းညွှန်မှု ပြုရမည်ကို သိရှိအောင် ဆရာများအား သင်တန်းပေးထားရန် လိုအပ်သည်။

၅။ "သင်ယူရန်အကြောင်းအရာကို လေးနက်စွာ ကျိုးကြောင်း ဝေဖန်စိစစ်နေကြသော ကျောင်းသားများ" ဆိုသည့် အဓိပ္ပာယ်ကို ပြောပြရန် ကျောင်းသားများအား ဆရာက မေးပါ။

*"အကြောင်းအရာတစ်ခုကို လေးနက်စွာကျိုး/ကြောင်းဝေဖန်ဆန်းစစ်ခြင်း"*သည် အောက်ပါ အခြေအနေများတွင် ပေါ်လွင်ထင်ရှားသည်။

- ကျောင်းသားများကဆီလျော်သောအချက်အလက်များကို မည်သို့ရှာဖွေရ မည်ကို သိရှိခြင်း
- ထိုအချက်အလက်များ၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်တတ်ခြင်း (ဥပမာ- ထိုအချက်အလက်ကို ကိုးစားနိုင်မှုရှိသော (reliable) ရင်းမြစ်များ ရရှိခြင်း ဟုတ်/မဟုတ်၊ ထိုအချက်အလက်သည် တိကျမှု ရှိ/မရှိနှင့် ထိုအချက်အလက်သည် ယခုထက်တိုင် မှန်ကန်မှု ရှိ/မရှိ အချိန်နှင့် တပြေးညီ မှန်ကန်မှု ရှိ/မရှိ)
- ထိုအချက်အလက်ကို တိကျသော/သတ်မှတ်ထားသော ရည်ရွယ်ချက် တစ်ခုအတွက် အသုံးပြုခြင်း

၆။ ကျောင်းသားများ ကျောင်းသားကိုင်စာအုပ်ပါ အပိုင်းငယ်တစ်ခုဖြစ်သည့် "အမေရိကန်ပြည်ထောင်စု နိုင်ငံပညာရေး (ဝန်ကြီး/စီမံအုပ်ချုပ်မှု/ကြီးကြပ် ကွပ်ကဲမှု/စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန/မူဝါဒချမှတ်ရေးဆိုင်ရာနှင့် ပတ်သက်

သော) ဌာန၏ ရှုထောင့်/သဘောထားအမြင်/ခံယူချက် (၂၀၁၇)" ကို တစ်တန်းလုံးက ပြိုင်တူဖတ်ရှုရန် (အသံထွက်၍) ညွှန်ကြားပါ။ ထို့နောက် ဆရာများကို ကျောင်းသားများနှင့် အတူတွဲဖက်သင်ယူသူများအဖြစ်လည်းကောင်း၊ ပူးတွဲ ဖန်တီးသူများ အဖြစ်လည်းကောင်း ရှုမြင်ထားသော ထင်မြင်ယူဆချက်များ (သို့မဟုတ်) ဆရာ၏ပုံရိပ်များ (images) ဆိုင်ရာသဘောတရားသည် မြန်မာနိုင်ငံ ရပ်ရွာလူထုက ဆရာများအပေါ် သုံးသပ်ရှုမြင်ပုံ နည်းလမ်းနှင့် ညီညွတ်စပ်ဟပ် နိုင်မှု ရှိ/မရှိကို ကျောင်းသားများ အားမေးမြန်းပါ။

**သင်ယူမှုလုပ်ငန်း (၂)။ (၂၁) ရာစု ဆရာတစ်ဦး၏ ရည်မှန်းချက်များအကြောင်း ပါဝင်သော သတင်း ကို ကျောင်းသားမိဘများထံသို့ ရေးသားပေးပို့ခြင်း**

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် (သင်ယူမှုလုပ်ငန်း ၁၅ မိနစ်၊ မျှဝေခြင်း ၅ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး- တစ်ဦးချင်းစီဆောင်ရွက်ရန်လုပ်ငန်း |

**ရည်ရွယ်ချက်** - ဆရာများ၏ အခန်း ကဏ္ဍ (သို့မဟုတ်) ဆရာများအား "လမ်းပြသူများ" ၊ "သင်ယူပေါက်မြောက်ရေးအတွက် ကူညီလမ်းညွှန်သူများ"၊ "တွဲဖော် သင်ယူသူများ" (စာသင်ဖော်) နှင့် "အသိပညာတွဲဖက်တီထွင်ဖန်တီးသူများ" အဖြစ်ထင်မြင်ယူဆချက်များ အပေါ်ကျောင်းသားများက ပြန်လည်သုံးသပ်တတ်စေရန်နှင့် ဆရာတစ်ဦး၏ အခန်းကဏ္ဍ အကြောင်း သူတို့ကိုယ်ပိုင် သိမှတ်ခံယူချက်တို့ကို ဖော်ပြတတ် စေရန်

၁။ ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်း (၂) မှ ဇာတ်ညွှန်းကို ကြည့်ရှုရန် ကျောင်းသားများအား ညွှန်ကြားပါ။
သင်၏ဒုတိယနှစ်သင်တန်းအတွက် လက်တွေ့တန်းပြဆင်းရမည့် ကျောင်းမှ ကျောင်းအုပ်ဆရာကြီးက သင့်အား အလယ်တန်းကျောင်း အတန်းတစ်ခုမှ ကျောင်းသား မိဘများ ထံသို့ အကြောင်းကြားစာ အတိုတစ်စောင်ရေးသားပေး ပို့ရန် ဖိတ်ခေါ်ထားသည်ဟု စိတ်ကူးကြည့်ပါ။ စာထဲတွင် အောက်ပါ အကြောင်းအရာတို့ကို ထည့်သွင်း ရေးသားပေးစေလိုသည် ဟုဆိုပါစို့။

- မိဘများထံ သင့်ကိုယ်သင် မိတ်ဆက်ပေးပြီးနောက် (၂၁) ရာစု ကျောင်းသားများ အတွက် ပညာရေးရလဒ်များနှင့် ပတ်သက်၍ သင့်အနေဖြင့် အရေးကြီးသည်ဟု ယုံကြည်ယူဆမှုများအကြောင်းဖော်ပြခြင်းနှင့် တစ်ဖန် အပြန်အလှန်အနေဖြင့်
- (၂၁) ရာစု ဆရာတစ်ဦးအနေနှင့် သင်၏ အခန်းကဏ္ဍအပေါ် ထင်မြင်ယူဆချက် ကိုဖော်ပြခြင်း။

၂။ ကျောင်းသားတစ်ဦးချင်းစီရေးထားသောစာများကို ဘေးချင်းကပ်လျက်ထိုင်သူအခြား ကျောင်းသားတစ်ဦးနှင့် မျှဝေရန် ညွှန်ကြားပါ။ ထို့နောက် ၎င်းတို့အမြင်များထဲမှ တူညီမှုများနှင့် ခြားနားမှုများကို ဆွေးနွေးကြရမည်ဖြစ်သည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

အချင်းချင်းကြား မျှဝေခြင်းနှင့် ဆွေးနွေးခြင်းတို့က ကျောင်းသားများကို တုံ့ပြန်အကြံပြုချက်များ ပံ့ပိုး ပေးနိုင်သည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

မှားသောအဖြေဟု မရှိနိုင်ပါ။ အမျိုးမျိုးကွဲပြားနိုင်သည်။

**စာသင်ချိန် (၃)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- အခြေခံပညာသင်ရိုးသစ်က ဦးတည်ချက်ထားသော (၂၁) ရာစု ကျွမ်းကျင်မှုများကို အကြမ်းဖျင်းဖော်ပြတတ်မည်။

၂။ ကျောင်းသားများသည် ပညာရေးဆိုင်ရာ ရလဒ်များနှင့် စပ်လျဉ်း၍ (၂၁) ရာစု သင်ယူသူများအတွက် မိမိတို့က အရေးကြီးသည်ဟု ယုံကြည်သောအချက်များကို ယခင်စာသင်ချိန်က ဆောင်ရွက်ခဲ့သော ကျောင်းသားမိဘထံ ပေးစာတွင် ရေးထားခဲ့ကြသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ သူတို့စာထဲမှ ကောက်နုတ်ချက်အချို့ကို တစ်တန်းလုံး နှင့်မျှဝေရန်အတွက် အချို့ကျောင်းသား များထံမှ ဆရာကရွေးချယ်ပေးပါ။

၃။ ကျောင်းသားကိုင်စာအုပ်ထဲမှ “(၂၁) ရာစုကျောင်းသားများ၏ တတ်ကျွမ်းမှုများ” (Student Competencies with $21^{st}$ century) အပိုင်းကိုလေ့လာရန် ကျောင်းသားများအား ညွှန်ကြားပါ။

၄။ မြန်မာနိုင်ငံ ဆဋ္ဌမတန်းသင်ရိုးသစ်တွင် “လူငယ်များသည် လုပ်ငန်းခွင်၌ (၂၁) ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာကျွမ်းကျင်မှုများ လိုအပ်သည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏ ရှုပ်ထွေး ဆန်းပြားသောကမ္ဘာကြီးတွင်ချောမွေ့ လွယ်ကူစွာ ဝင်ဆံ့လှုပ်ရှားဆောင်ရွက်နိုင်မည်ဖြစ်သည်။” ဟုဖော်ပြထားချက်ကို အလေးအနက်ထားပါ။

၅။ စီ (၅) လုံးကို ရေးသားထားမှုကို တစ်ခုချင်းစီဖတ်ပါ။ တစ်တန်းလုံးကို ဖတ်စေပါ။

### သင်ယူမှုလုပ်ငန်း (၃)။ (၂၁) ရာစုကျွမ်းကျင်မှုများကို အညွှန်းဘောင်များ အလိုက် နှိုင်းယှဉ်ပြခြင်း (Comparison of $21^{st}$ century skills across frameworks)

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် (သင်ယူမှုလုပ်ငန်း -၁၅မိနစ်။) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား(၃) ဦးစီပါဝင်သောအုပ်စုများ |

**ရည်ရွယ်ချက် -** ကျောင်းသားများအား စီ (၅) လုံး (5 Cs) သဘောတရားနှင့် ရင်းနှီးကျွမ်းဝင်စေပြီး ပိုမိုနားလည်သဘောပေါက်လာစေရန်

၁။ ကျောင်းသားကိုင်စာအုပ်ပါ ဇယား (၁.၁) ကိုကြည့်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

၂။ အညွှန်းဘောင်များအကြား ဆက်စပ်ညီညွတ်မှုကို ပြန်လည် ဆန်းစစ်ရမည် ဖြစ်ကြောင်း ကျောင်းသားများကို အသိပေးပါ။

- ပထမနှစ် သင်တန်း၌ သင်တို့အား မြန်မာနိုင်ငံ၏ အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ထဲမှ ဗလ (၅) တန်ဖွံ့ဖြိုးရေး နှင့် မိတ်ဆက်ပေးခဲ့ပြီး ဖြစ်သည်။ တိုအညွှန်းဘောင်က (၂၁) ရာစုအတွက် လိုအပ်သောတတ်ကျွမ်းမှုများနှင့် ကျွမ်းကျင်မှုများကို ပုံကြမ်းဖော်/ အကြမ်းဖျင်း တင်ပြထားပါသည်။
- ထို့အတူပင် (၂၁) ရာစု ၏ မရှိမဖြစ်ကျွမ်းကျင်မှုများကိုလည်း သင်တို့၏ "ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့် နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ" ဘာသာရပ် (Reflective Practice and Essential Skills) (RPES) ကို စူးစမ်းလေ့လာခဲ့ကြရသည်။

၃။ မြန်မာနိုင်ငံ၏ အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ထဲမှ ဗလ (၅) တန်ဖွံ့ဖြိုးရေးကို ဤသင်ယူမှုလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် ကိုက်ညီအောင် ပြန်လည်ဖွဲ့စည်းတည်ဆောက်ထားသည်။ ထိုသို့ စီစဉ်ရာတွင် အောက်ပါ အကြောင်းအရာများ အလိုက် ညီညွတ်အောင်ပြုပြင်ထားသည်။

- ဘာသာရပ်နှင့် သက်ဆိုင်ရာအသိပညာနှင့်ကျွမ်းကျင်မှုများ
- ရွှေ့ပြောင်းအသုံးချနိုင်သော ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ (ဆိုလို သည်မှာ - ၎င်းတို့ကို (၂၁) ရာစု ကျွမ်းကျင်မှုများ၊ မရှိမဖြစ်သည့် ကျွမ်းကျင်မှု များ သို့မဟုတ် ကိုယ်ရည် ကိုယ်သွေးကျွမ်းကျင်မှုများဟုလည်း သိရှိကြ သည်။) နှင့်
- တန်ဖိုးထားမှုများ

ဗလ (၅) တန် အညွှန်းဘောင်ကို ဤကဲ့သို့ ယူဆတွေးခေါ်ခြင်းက ကျောင်းသား များ အတွက် နားလည်ရန် အထောက်အကူဖြစ်စေသည်။

၄။ အတန်းကိုအပိုင်း (၂) ပိုင်း အဖြစ်သို့ ခွဲခြားပါ။

- အပိုင်း (က) တွင်ပါဝင်သော အုပ်စုများက စီ (၅) လုံး (5 Cs) နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများအကြား ဆက်စပ် ညီညွတ်မှုကို ပြန်လည်ဆန်းစစ်ကြရမည်။

- အပိုင်း (ခ) တွင်ပါဝင်သော အုပ်စုများက စီ ၅လုံး (5Cs) နှင့် ဗလ (၅) တန် ဖွံ့ဖြိုးမှု အကြား ဆက်စပ်ညီညွတ်မှုကို ပြန်လည်ဆန်းစစ်ကြရမည်။

၅။ အပိုင်း (က) နှင့် အပိုင်း (ခ) အုပ်စုများထဲမှ ပြန်လည် အစီရင်ခံ သတင်းပို့ပေးမည့် အုပ်စုများကို ဆရာကရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို တစ်တန်းလုံးနှင့်မျှဝေပေးမည့် ကျောင်းသားများကို ရွေးချယ်၍ မျှဝေစေခြင်း အားဖြင့် ဆရာက သူတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်နိုင်လိမ့်မည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**ဇယား ၁.၁ (က)။ အညွှန်းဘောင်များရှိ (၂၁) ရာစုကျွမ်းကျင်မှုများ**

| မြန်မာနိုင်ငံ၏ ဗလ (၅) တန် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် | အခြေခံပညာ သင်ရိုးညွှန်းတမ်း အသစ်မှ စီ (၅) လုံး (5Cs) | RPES မှ မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ |
|---|---|---|
| ***ကျောင်းသင်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ***<br>• ဘာသာစကားတတ်မြောက်မှု<br>• သင်္ချာပညာရပ်<br>• သိပ္ပံ/ သဘာဝပတ်ဝန်းကျင်<br>• သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ICT<br>• ကျန်းမာရေးပညာ<br>• ဘဏ္ဍာရေး/ စီးပွားရေး/ စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှု/စွန့်ဦးတီထွင် လုပ်ငန်း | စီ (၅) လုံး<br>• Collaboration ပူးပေါင်းဆောင်ရွက်ခြင်း<br>• Communication အပြန်အလှန်ပြောဆို ဆက်သွယ်တတ်ခြင်း<br>• Critical thinking and Problem solving လေးနက်စွာ ဆန်းစစ်ဝေဖန် တတ်ခြင်းနှင့် ပြဿနာဖြေရှင်းတတ်ခြင်း<br>• Creativity and innovations စိတ်ကူးဉာဏ်ကွန့်မြူးတတ် ခြင်း (တီထွင် ဖန်တီးခြင်း) နှင့် အတွေးသစ်အမြင်သစ် အသုံးပြုတတ်ခြင်း<br>• Citizenship (နိုင်ငံသားကောင်းပီသခြင်း) | • အပြန်အလှန်ပြောဆို ဆက်သွယ်တတ်ခြင်း (Communication)<br>• တီထွင်ဆန်းသစ်ခြင်းနှင့် လေးနက်စွာဆန်းစစ်ဝေဖန် ခြင်း (Creative and critical thinking)<br>• ခေါင်းဆောင်တတ်ခြင်း နှင့် အသင်းအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်တတ်ခြင်း (Leadership and teams building)<br>• ဘာသာစကားနှံ့စပ်တတ်ကျွမ်းမှု (Language Proficiency)<br>• သုတေသနပြုရာတွင် ကျွမ်းကျင်မှုများ (Research skills)<br>• သတင်းအချက်အလက် နှင့် နည်းပညာ ကျွမ်းကျင်မှုများ (ICT skills) |
| ***ရွှေ့ပြောင်းအသုံးချနိုင်သောကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ***<br>• အဆင်မြင့်တွေးခေါ်မှု<br>• တီထွင်ဆန်းသစ်မှု ပြုနိုင်သော တွေးခေါ် မှုပြဿနာဖြေရှင်းတတ်မှုနှင့် အတွေးသစ် အမြင်သစ် အသုံးပြုတတ်မှု<br>• ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှု များ (လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ၊ ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ ကျွမ်းကျင်မှုများ အပါအဝင်)<br>• ခေါင်းဆောင်နိုင်မှုစွမ်းရည်<br>• မိမိကိုယ်မိမိဆန်းစစ်ဝေဖန်တတ် ခြင်း(ကိုယ်တိုင် စေ့ဆော် တိုက်တွန်းမှုဖြင့် သင်ယူခြင်း နှင့် ဘဝတစ်သက်တာ သင်ယူခြင်းများ အပါအဝင်) | | |

| | |
|---|---|
| ***တန်ဖိုးထားမှုများ***<br>• ကမ္ဘာလုံးဆိုင်ရာဆက်စပ် ဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ သတိပြုမှု<br>• ပြည်သူ့နီတိ၊ စာရိတ္တပညာ၊ ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများနှင့် အနုသုခုမရသ ခံစားမှုဆိုင်ရာ တန်ဖိုးများ | ICT သည် ကျောင်းသင်ရိုး ညွှန်းတမ်းတွင် ပါဝင် နေသော ဘာသာရပ် တစ်ခု ဖြစ်သည်။ ကွန်ပျူတာများ ရရှိ အသုံးပြုနိုင်မှု အပေါ် မူတည်သည်။ |

အောက်ပါတွေ့ရှိချက်များထွက်ပေါ်လာနိုင်သည်။

- အညွှန်းဘောင်များအကြားတွင် ခိုင်မာသော ဆက်စပ်ညီညွတ်မှုရှိသည်။
- ခြားနားချက်များတွင် အောက်ပါတို့ပါဝင်ကြသည်။
    - အခြေခံသင်ရိုးညွှန်းတမ်းအသစ်တွင် နိုင်ငံသားကောင်းပီသမှု
    - RPES တွင် သုတေသနပြုရာ၌ ကျွမ်းကျင်မှုများ

ဤတွေ့ရှိချက်များအရ ဆရာက ကျောင်းသားများအား ဤသို့မေးမြန်းမည်ဖြစ်သည်။

- ပညာရေး *ဒီဂရီကောလိပ်ကျောင်းသားများ၌ နိုင်ငံသားကောင်းပီသခြင်း (citizenship) နှင့် စပ်လျဉ်းသည့် ဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းများ ရရှိကြ ပါသလား။*

    ဖြစ်နိုင်ခြေရှိသောအဖြေမှာ - ပြန်လည်သုံးသပ်ခြင်း အလေ့အကျင့်နှင့် မရှိမဖြစ် သည့် ကျွမ်းကျင်မှုများ (Reflective Practice and Essential Skills) (RPES) ထဲတွင် နိုင်ငံသားကောင်းပီသမှုကို ထည့်သွင်း၍ အသိအမှတ် ပြုထားခြင်း မရှိသော်လည်း နိုင်ငံသားကောင်းပီသမှုနှင့် စပ်လျဉ်းသော တတ်ကျွမ်းမှုများကိုမူ သင်တန်းကာလ တစ်လျှောက်လုံး၌ ထည့်သွင်း စဉ်းစားကာ နိုင်ငံသားကောင်း ပီသမှု နည်းလမ်းများကို တင်ပြသွားမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားကောင်း ပီသမှု ဆိုင်ရာ အကြောင်းအရာများကို ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ထဲမှ ဆရာအတတ် ပညာရပ်ဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ ပညာရပ် နယ်ပယ်တွင် ပေါင်းစပ်ထည့်သွင်းထား၍ ဖြစ်ပါသည်။

- *ကျောင်းသားများထံ၌ သုတေတနပြုရာတွင် ကျွမ်းကျင်မှုဖွံ့ဖြိုးလာစေမည့် အခွင့်အလမ်းများ ရရှိနိုင်ပါသလား။*

    ဖြစ်နိုင်ခြေရှိသောအဖြေမှာ - ရှိပါသည်။ သိပ္ပံဘာသာရပ်နှင့် လူမှုရေးဘာသာရပ်တို့တွင်ရှိနိုင်ပါသည်။

# စီ (၅)လုံး (5Cs) နှင့် ဗလ (၅) တန် အကြား ဆက်စပ်ညီညွတ်မှု

## ဇယား ၁.၁ (ခ)။ အညွှန်းဘောင်များရှိ (၂၁) ရာစု ကျွမ်းကျင် မှုများ

| မြန်မာနိုင်ငံ၏ ဗလ (၅) တန် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် | အခြေခံပညာ သင်ရိုးညွှန်းတမ်း အသစ်မှ စီ (၅) လုံး (5Cs) | RPES မှ မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ |
|---|---|---|
| ***ကျောင်းသင်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ***<br>• ဘာသာစကားတတ်မြောက်မှု<br>• သင်္ချာပညာရပ်<br>• သိပ္ပံ/ သဘာဝပတ်ဝန်းကျင်<br>• သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ICT<br>• ကျန်းမာရေးပညာ<br>• ဘဏ္ဍာရေး/ စီးပွားရေး/ စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှု/စွန့်ဦးတီထွင် လုပ်ငန်း | စီ (၅) လုံး<br>• Collaboration ပူးပေါင်းဆောင်ရွက်ခြင်း<br>• Communication အပြန်အလှန်ပြောဆို ဆက်သွယ် တတ်ခြင်း<br>• Critical thinking and Problem solving လေးနက်စွာ ဆန်းစစ် ဝေဖန် တတ်ခြင်းနှင့် ပြဿနာ ဖြေရှင်းတတ်ခြင်း<br>• Creativity and innovations စိတ်ကူးဉာဏ်ကွန့်မြူးတတ် ခြင်း (တီထွင် ဖန်တီးခြင်း) နှင့် အတွေးသစ်အမြင်သစ် အသုံး ပြုတတ်ခြင်း<br>• Citizenship (နိုင်ငံသားကောင်းပီသခြင်း) | • အပြန်အလှန်ပြောဆို ဆက်သွယ်တတ်ခြင်း (Communication)<br>• တီထွင်ဆန်းသစ်ခြင်းနှင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း (Creative and critical thinking)<br>• ခေါင်းဆောင်တတ်ခြင်း နှင့် အသင်းအဖွဲ့ ဖွဲ့စည်း ဆောင်ရွက် တတ်ခြင်း (Leadership and teams building)<br>• ဘာသာစကားနှံ့စပ်တတ်ကျွမ်းမှု (Language Proficiency)<br>• သုတေသနပြုရာတွင် ကျွမ်းကျင်မှု များ (Research skills)<br>• သတင်းအချက်အလက် နှင့်နည်းပညာ ကျွမ်းကျင်မှု များ (ICT skills) |
| ***ရွှေ့ပြောင်းအသုံးချနိုင်သောကျွမ်းကျင်မှု များနှင့် တတ်ကျွမ်းမှုများ***<br>• အဆင်မြင့်တွေးခေါ်မှု<br>• တီထွင်ဆန်းသစ်မှု ပြုနိုင်သောတွေးခေါ် မှုပြဿနာဖြေရှင်းတတ်မှုနှင့် အတွေးသစ် အမြင်သစ် အသုံးပြု တတ်မှု<br>• ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင် မှု များ (လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ၊ ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ ကျွမ်းကျင်မှုများ အပါအဝင်)<br>• ခေါင်းဆောင်နိုင်မှုစွမ်းရည်<br>• မိမိကိုယ်မိမိဆန်းစစ်ဝေဖန်တတ် ခြင်း<br>(ကိုယ်တိုင် စေ့ဆော်တိုက်တွန်းမှု ဖြင့် သင်ယူခြင်း နှင့် ဘဝတစ်သက် တာ သင်ယူခြင်းများအပါအဝင်) | | |
| ***တန်ဖိုးထားမှုများ*** | | |

| | | |
|---|---|---|
| ***တန်ဖိုးထားမှုများ***<br>• ကမ္ဘာလုံးဆိုင်ရာဆက်စပ် ဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ သတိပြုမှု<br>• ပြည်သူ့နီတိ၊ စာရိတ္တကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများနှင့် အနုသုခုမရသ ခံစား မှုဆိုင်ရာ တန်ဖိုးများ | | |

အောက်ပါ တွေ့ရှိချက်များ ရရှိလာနိုင်သည်။

- အညွှန်းဘောင်များအကြားတွင် ခိုင်မာသော ဆက်စပ်ညီညွတ်မှု ရှိသည်။
- ခြားနားချက်များတွင် အောက်ပါတို့ပါဝင်သည်။
    - ထိုအချက်ကိုဗလ (၅) တန်ပြည့်စုံမှု အညွှန်းဘောင်တွင် "ခေါင်းဆောင်တတ်မှု" ပါဝင်သည်။
    - မိမိကိုယ်မိမိသိရှိနားလည်ပြီး ဆန်းစစ်ဝေဖန်ခြင်းပြုလုပ်ရာ၌ ကျွမ်းကျင်မှု (intrapersonal skills) (ကိုယ်တိုင်စေ့ဆော်မှုဖြင့် သင်ယူခြင်း နှင့် ဘဝတစ်သက်တာ သင်ယူခြင်းအပါအဝင်) - ထိုအချက်ကို ဗလ (၅) တန် ပြည့်စုံ အညွှန်းဘောင်၌သာ တွေ့ရပြီး (5Cs ) တွင် မတွေ့ရပါ။

ဤတွေ့ရှိချက်များ ရရှိလာသည့်အတွက် သင်က(ဆရာက) ကျောင်းသားများကို မေးရန် အချက် တစ်ခုရလာမည်။

- ကျောင်းသားများ၌ ခေါင်းဆောင်တတ်မှုနှင့် မိမိကိုယ်ကို ဆန်းစစ်ဝေဖန်တတ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေမည့် အခွင့်အလမ်းများ ရရှိနိုင်ကြပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများအားငင်းတို့ကိုယ်တွေ့အတွေ့အကြုံများမှထုတ်နုတ်စဉ်းစားတွေးယူစေမည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ယူမှု ရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်၌

- ပညာရေး၏ အချက်အချာများ တစ်ခုနှင့်တစ်ခု အကြား ပြောင်းလဲလာနေသော ဆက်စပ်နီးနွယ်ပုံကို ဆွေးနွေးပြတတ်မည်။
- (၂၁) ရာစုခေတ်တွင် ပြောင်းလဲလာသော ဆရာ့အခန်းကဏ္ဍ အကြောင်း ပြန်လည် သုံးသပ်တတ်မည်။
- အခြေခံပညာသင်ရိုးသစ်က ဦးတည်ချက်ထားသော (၂၁) ရာစု ကျွမ်းကျင်မှုများကို အကြမ်းဖျင်းဖော်ပြတတ်မည်။

၂။ ကျောင်းသားများအား ဤသင်ခန်းစာထဲမှ မရှင်းလင်းသောနေရာများ (သို့မဟုတ်) နားလည် သဘောပေါက်ရန်နှင့် ရှုပ်ထွေးခက်ခဲနေသော အချက်အလက် (muddy point) ရှိလျှင် သတ်မှတ် ဖော်ထုတ်စေပြီး ရေးချထားရန်ပြောပါ။

၃။ သင်ပုန်းပေါ်၌ အထက်ပါ အချက်အလက်များ (မရှင်းလင်းသော အချက်များ ) ကိုရေးပြပါ။

၄။ ကျောင်းသားများအား သူတို့ မရှင်းလင်းသည့် အချက်အလက်များကို ရွေးချယ်စေပြီး ဆရာကရှင်းလင်းအောင် ပြောပြပါ။

# ၁.၁.၄။ စာတတ်မြောက်မှုနှင့် ပညာသင်ကြားရေး

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းသင်ပညာရေးအောင်မြင်မှုနှင့် ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှုတို့ အတွက် စာတတ်မြောက်မှု၏ အရေးပါပုံကို ရှင်းလင်းပြတတ်မည်။
- ကမ္ဘာတစ်ဝန်းလုံး စာတတ်မြောက်မှုကို အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်ထားသည့် အစီအမံများ၊ ပဏာမခြေလှမ်းများ/ကနဦးလုပ်ငန်းအစီအစဉ်များ အကြောင်း အကြမ်းဖျင်း ဖော်ပြတတ်မည်။
- စာတတ်မြောက်မှုလုပ်ငန်းဆောင်ရွက်ရာတွင် သင်ပြရာ၌ သုံးမည့်ဘာသာစကား (အသုံးအနှုန်း) နှင့် ရိုးရာယဉ်ကျေးမှုနှင့် ဆီလျော်သော စာအုပ်စာပေတို့၏ အရေးပါပုံကို ဆွေးနွေးတင်ပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၂) ကျောင်းသားများသင်ယူမှုတွင်အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှုအထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။

(က) (၃.၂.၂) မိဘများ၊ ရပ်ရွာ အဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့် ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - သင်၏ ဘာသာစကား သင်ယူမှုအတွေ့အကြုံအပေါ် ပြန်လည် သုံးသပ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) - စာသင်ခန်းတွင်း၌ စာပေလောက/စာပေဝန်းကျင်တစ်ခု တည်ဆောက် ဖန်တီးပေးခြင်း

သင်ယူမှုလုပ်ငန်း (၃) – “အားလုံးအတွက် စာကြည့်တိုက်” (Library for All) အစီအစဉ်ကို သုတေသနပြုခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေး ခြင်းနှင့် တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပညာရေးဘာသာရပ် ကျောင်းသားကိုင် စာအုပ် သင်ခန်းစာ (၁.၁.၃) ကိုဖတ်ရှုလေ့လာပါ။

**လိုအပ်သော ရင်းမြစ်များ**

ထပ်ဆောင်းရင်းမြစ်များ မလိုအပ်ပါ။

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းသင်ပညာရေးအောင်မြင်မှုနှင့် ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှုတို့ အတွက် စာတတ်မြောက်မှု၏ အရေးပါပုံကို ရှင်းလင်းပြတတ်မည်။
- ကမ္ဘာတစ်ဝန်းလုံး စာတတ်မြောက်မှုကို အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက် ထားသည့် အစီအမံများ၊ ပဏာမခြေလှမ်းများ/ကနဦးလုပ်ငန်း အစီအစဉ်များ အကြောင်း အကြမ်းဖျင်း ဖော်ပြတတ်မည်။

၂။ ကျောင်းသားတစ်ဦးစီအားငင်းနှင့်ဘေးချင်းကပ်ထိုင်နေသောအခြားကျောင်းသား တစ်ဦးနှင့် အတူတွဲ၍ "စာတတ်မြောက်မှု"၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ရှာဖွေ စေမည်။ အဓိပ္ပာယ် သတ်မှတ်ချက် အမျိုးမျိုးတို့ကို ရှာဖွေရာတွင် ကျောင်းသား များကို သူတို့၏ မိုဘိုင်းဖုန်း (လက်ကိုင်ဖုန်း) များကို အသုံးပြုရန် အားပေးပါ။

၃။ အတန်းသို့ ပြန်လည် သတင်းပို့မည့် ကျောင်းသားကို ရွေးချယ်ပါ။

၄။ "စာတတ်မြောက်မှုသည် မရှိမဖြစ်သည့် ကျွမ်းကျင်မှုအဖြစ် တည်ရှိခြင်း အပိုင်း ကို ကျောင်းသားကိုင်စာအုပ်ထဲမှ ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၅။ အောက်ဖော်ပြပါ အချက်များကို အလေးပေးဖော်ပြပါ။

- ယူနက်စကို (UNESCO) (ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ အစည်း) ၏အဓိပ္ပာယ်သတ်မှတ်ချက်- "စာတတ်မြောက်မှု" ဆိုသည်မှာ အစဉ်မပြတ် တိုးပွားများပြားလာနေသော ဒစ်ဂျစ်တယ်ကမ္ဘာလောက အတွင်း နားလည်သဘောပေါက်ခြင်း၊ အနက်အဓိပ္ပာယ် ကောက်ယူခြင်း၊ တီထွင်ဖန်တီးခြင်းနှင့် အပြန်အလှန်ဆက်သွယ်/ပြောဆိုခြင်းတို့ကိုလွယ်ကူ ချောမွေ့စွာဆောင်ရွက်နိုင်စေရန် ပံ့ပိုးပေးသည့် နည်းလမ်း တစ်သွယ် ဖြစ်သည်။
- ကျောင်းသင်ပညာရေး အောင်မြင်မှုရရှိစေရန်နှင့် (၂၁) ရာစုလူ့အဖွဲ့အစည်း အတွင်း ရှင်သန် နေထိုင်ဆောင်ရွက်မှုများအတွက် စာတတ်မြောက်မှု၏ အရေးပါပုံ

၆။ ဆရာက ကျောင်းသားများအား "အမြန်ရေး" (Quick write) လုပ်ငန်းတစ်ခုတွင် ပါဝင်ဆောင်ရွက်စေရမည်။ နေ့စဉ်ဘဝလုပ်ငန်းများထဲမှ စာတတ်မြောက်မှု

လိုအပ်သော လုပ်ငန်းအချို့ကို အမြန်ရေးသားပြုစုစေရမည်။

ဥပမာ-

- အိမ်သုံးဆေးအမှတ်တံဆိပ်၊ အမည်တို့ကို ဖတ်ရှုခြင်း
- ကလေးများ အိမ်စာလုပ်ရာတွင် အထောက်အကူပြု ပေးခြင်း
- အလုပ်လျှောက်လွှာ တစ်စောင်တွင် ဖြည့်သွင်းရေးသားခြင်း
- ဘဏ်ငွေစာရင်း အသွင်း/အထုတ် မှတ်တမ်းကို ဖတ်ခြင်း
- သတင်းအကြောင်းအရာတစ်ခုကို မိုဘိုင်းဖုန်း အသုံးပြု၍ ဖတ်ခြင်း

၇။ ကမ္ဘာတစ်ဝန်း စာတတ်မြောက်မှု အတိုင်းအတာနှင့် ယူနက်စကိုက စီစဉ်ဆောင်ရွက်နေသော ဘဝစက်ဝန်းတစ်လျှောက် စာတတ်မြောက်မှု မြှင့်တင်ပေးရေး (ရေးဦးအရွယ် ကလေး သူငယ်ဘဝပညာရေး၊ အခြေခံပညာရေး၊ လူငယ်နှင့် လူကြီး/သက်ကြီး ပညာရေးစသည်တို့) စီမံကိန်းအသစ်များ၏ အတိုင်းအတာတို့ကို အလေးပေးဖော်ပြပါ။

၈။ ကျောင်းသားများအား သူတို့ကိုယ်ပိုင်ရပ်ရွာလူထု အဖွဲ့အစည်းများ၌ ဆောင်ရွက်နေသော စာတတ်မြောက်ရေးလုပ်ငန်း အစီအစဉ်များရှိ/မရှိ ကိုမေးမြန်းပါ။ ရှိသည်ဆိုပါက ထိုအစီအစဉ်များတွင် မည်သည့်အုပ်စုကိုဦးတည်ချက်ထားသနည်းဟုမေးပါ။

၉။ ကျောင်းသားကိုင်စာအုပ်ထဲမှ “စာတတ်မြောက်ရေးမူဝါဒ” အပိုင်းကိုဖတ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

၁၀။အောက်ပါမေးခွန်းများကို ကျောင်းသားများအား ဖြေစေရမည်။

- သက်သေအထောက်အထား တွေ့ရှိချက်များက အကြံပြု ရည်ညွှန်းထားသော အထိရောက်ဆုံး စာတတ်မြောက်မှုမူဝါဒမှာ မည်သည့် မူဝါဒမျိုး ဖြစ်သနည်း။
- သင်ကြားမှုအတွက်အသုံးပြုသောစာသင်ခန်းသုံးဘာသာစကား (language of instruction) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသား ပညာရေးဥပဒေတွင် ပြဋ္ဌာန်းထားချက် (နည်းဥပဒေ) များသည် မည်သည်တို့ ဖြစ်ကြသနည်း။

## သင်ယူမှုလုပ်ငန်း (၁)။ သင်၏ ဘာသာစကားသင်ယူမှု အတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၆) ဦး စီပါဝင်သော ကျောင်းသားအုပ်စုများ |

**ရည်ရွယ်ချက်** - ကျောင်းသားများအား သူတို့အသုံးပြုနေသော ကိုယ်ပိုင် ဘာသာစကားနှင့် ပညာသင်ကြားမှု အတွေ့အကြုံများအပေါ်ပြန်လည်သုံးသပ်တတ်စေရန်

၁။ ကျောင်းသားများကို အုပ်စုများဖွဲ့ရန် ညွှန်ကြားပါ။ အုပ်စုတစ်ခုစီ၌ ကျောင်းသား (၆) ဦး ပါဝင်စေရမည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ယူမှုလုပ်ငန်း (၁) ကိုလေ့လာရန် ကျောင်းသားများအား ညွှန်ကြားပါ။

၃။ ကျောင်းသားများအား အောက်ပါမေးခွန်းများကို ဖြေဆိုရန်ဆွေးနွေးစေရမည်။

- မြန်မာဘာသာစကားသည် သင်၏ပထမ/အိမ်သုံးဘာသာစကား (မိခင်ဘာသာစကား) ဖြစ်ခဲ့ပါသလား။
- သင်ပြမှုအတွက် စာသင်ခန်းသုံး ဘာသာစကားသည် မြန်မာဘာသာစကား ဖြစ်ခဲ့ပါသလား။
- အကယ်၍ သင်သည် မြန်မာဘာသာစကားကို စာသင်ခန်းတွင် အသုံးပြုသည့် ဒုတိယဘာသာစကား အဖြစ် သင်ယူခဲ့ရသည်ဆိုလျှင် မည်သည့်နည်းဗျူဟာများကို အသုံးပြု၍ သင်ယူခဲ့ရပါသနည်း။ ဆရာများက သင့်ကို မည်ကဲ့သို့ ကူညီပံ့ပိုးပေးခဲ့ပါသနည်း။
- သင်တို့စာသင်ခန်းတွင် မြန်မာဘာသာစကားဖြင့် မဟုတ်ဘဲအခြား ဘာသာစကားဖြင့် ရေးသားထားသော စာအုပ်စာတမ်းများ ရှိခဲ့ပါသလား။

၄။ အုပ်စုများက တစ်တန်းလုံးသို့ ပြန်လည် သတင်းပို့ကြရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဆရာက ကျောင်းသားတစ်ဦးအား စာကူးသူ/မှတ်တမ်းတင်သူအဖြစ် တာဝန်ယူစေပြီး ကျောင်းသား

များထံမှ အဖြေများကို သင်ပုန်းပေါ် (သို့မဟုတ်) ကားချပ်ကြီးပေါ်တွင် ရေးသားမှတ်တမ်းတင်စေရမည်။ အဖြေများကို ကော်လံ (၂) ခုခွဲ၍ ရေးသားနိုင်သည်။

- ကျောင်းသားများ၏ ပထမဘာသာစကား/အိမ်သုံးဘာသာစကားများ
- မြန်မာစာကို စာသင်ခန်းတွင်း ဒုတိယဘာသာစကားအဖြစ် အသုံးပြုခဲ့စဉ်က ကျောင်းသား များ သုံးစွဲခဲ့သော နည်းဗျူဟာများ

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများက သူတို့တစ်ဦးချင်းစီ၏ ရှုထောင့်/ အမြင် နှင့် အတွေ့အကြုံ တို့ကို မျှဝေကြလိမ့်မည်။ အဖြေအားလုံးသည် တစ်နည်းမဟုတ် တစ်နည်းမှန်ကန်ကြသည်။ အမှားမရှိနိုင်ပါ။

### စာသင်ချိန် (၂)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- စာတတ်မြောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် သင်ပြရာ၌ သုံးမည့် ဘာသာစကား (အသုံးအနှုန်း) နှင့် ရိုးရာယဉ်ကျေးမှုနှင့် ဆီလျော်သော စာအုပ်စာပေတို့၏ အရေးပါပုံကို ဆွေးနွေးတင်ပြတတ်မည်။

၂။ သင်ကြားမှုအတွက် အသုံးပြုသော ဘာသာစကားသည် ကလေးများ၏ သင်ယူမှုများအပေါ် မည်ကဲ့သို့ အတားအဆီး ဖြစ်စေသနည်းဟု ကျောင်းသားများကို မေးပါ။

၃။ ကျောင်းသားကိုင်စာအုပ်ထဲမှ “မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစု ကလေးငယ်များအတွက် ဖွင့်လှစ်ထားသော စာသင်ကျောင်းများမှ သင်ကြားသင်ယူမှု” အပိုင်းကို ကျောင်းသားများအား ဖတ်ရန် ညွှန်ကြားပါ။

၄။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား မျိုးနွယ်စုကလေးငယ်များအတွက် စာသင်ကျောင်းများ၏ အခန်း ကဏ္ဍအရေးပါပုံကို အောက်ဖော်ပြပါ ရှုထောင့်များမှ ဆွေးနွေးပါ။

- မိခင်ဘာသာစကား (တိုင်းရင်းသားဘာသာစကား) အခြေပြုသော ပညာရေးနှင့် ဘာသာစကားမျိုးစုံ အသုံးပြုနိုင်မည့် ပညာရေးစနစ် ပံ့ပိုးပေးခြင်း
- ကျောင်းသားများအနေနှင့် ဤကျောင်းမျိုးသာ မရှိခဲ့လျှင် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ (သို့မဟုတ်) ပေါင်းကူးလမ်းကြောင်းများ ရရှိနိုင်မည့် အခွင့်အလမ်း အလွန်နည်းပါးသွားနိုင်သည်။ ထို့ကြောင့် ကလေးငယ်များထံသို့ လက်လှမ်းမီပညာ ရောက်ရှိစေသော ဤကျောင်းမျိုးသည် အရေးပါ ခြင်း။

၅။ သုတေသနပြုမှုနှင့် ဆက်စပ်နေသည့် အဓိကအချက်များကို အထူးအလေးထား၍ ဆွေးနွေးပါ။

- တိုင်းရင်းသား ကလေးငယ်များ/ကျောင်းသားများ၏ အကြောင်း လေ့လာချက်အရ (profile) တိုင်းရင်းသားမျိုးနွယ်စု ကျောင်းသားများ အရေအတွက်၏ ၁% ကသာ သူတို့အိမ်များတွင် မြန်မာစကားပြောကြသည်ကိုမှတ်သားပါ။
- သုတေသန တွေ့ရှိချက်များအရ ကျောင်းသားများ၏ စာတတ်မြောက်မှုဆိုင်ရာ ကျွမ်းကျင်မှုများသည် မျိုးဆက်တစ်ခုနှင့် တစ်ခုအကြား ဆက်စပ်သက်ရောက်မှုရှိသည်။ မိဘများက စာမတတ်လျှင် သားသမီးများလည်း စာမတတ်ကြကြောင်း တွေ့ရှိရသည်။
- ကျောင်းနှင့် ရပ်ရွာလူထုအဆင့်တို့၌ စာတတ်မြောက်မှုမြှင့်တင်ရေး အတွက် အဓိကအကြံပြုချက်များ

## သင်ယူမှုလုပ်ငန်း (၂)။ စာသင်ခန်းတွင်း၌ စာပေလောက/စာပေဝန်းကျင် တစ်ခု တည်ဆောက် ဖန်တီးပေးခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၆) ဦးစီပါဝင်သောအုပ်စုများ |

**ရည်ရွယ်ချက်** - ဘာသာစကားသုံးစွဲမှု မတူကွဲပြားခြားနားသော ကျောင်းသားများအတွက် ဘာသာစကားသင်မှုကို အထောက်အကူပြုရန်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် စာသင်ခန်းကို စုံလင်ကြွယ်ဝသော လူတိုင်းအကျုံးဝင် စာဖတ်ရှိန်မြှင့်တင်ရေးဝန်းကျင် တစ်ခုအဖြစ်သို့ ရောက်ရှိအောင် မည်သို့ စီစဉ်ရမည်ကို စဉ်းစားရန်ဖြစ်သည်။

၁။ ကျောင်းသားများကို (၆) ဦးလျှင် အုပ်စုတစ်ခုအဖြစ်ဖွဲ့စည်းရန် ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း (၂) ကို လေ့လာရန် ပြောပါ။

၃။ ဖန်တီးပေးထားသော စာပေလောက/ စာပေဝန်းကျင်က ကျောင်းသားများကို စာဖတ်လို စိတ်ပေါ်ပေါက်လာအောင် စေ့ဆော်ပေးရမည်ဖြစ်ပြီး သင်ယူရာ၌ ဘာသာစကား ကျွမ်းကျင်မှု (၄) မျိုး ဖြစ်သည့် အပြောအဆို၊ အဖတ်အရွတ်၊ အရေးအသားနှင့် နားထောင်၍ နားလည်သဘောပေါက်မှု တို့၏ အရေးပါပုံကို အလေးထားဦးစားပေး နိုင်ရမည်ဖြစ်ကြောင်း ဆရာကပြောပြပါ။

၄။ ကျောင်းသားများနှင့် သူတို့မိသားစုများ၏ အထောက်အပံ့အကူအညီဖြင့် စာသင်ခန်းတွင် ကြွယ်ဝသော စာပေဝန်းကျင်တစ်ခု မည်သို့ဖန်တီးနိုင်သည်ကို စဉ်းစားရန် ကျောင်းသား အုပ်စုများကို ညွှန်ကြားပါ။

၅။ ကျောင်းသားအုပ်စုများက ၎င်းတို့ စိတ်ကူးများကို အတန်းသို့ပြန်လည် တင်ပြ သတင်းပို့ပေးကြရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဆရာကကျောင်းသားတစ်ဦးအား မှတ်တမ်းရေးသားသူအဖြစ် တာဝန်ပေးပြီး သင်ပုန်းပေါ်တွင် (သို့မဟုတ်) ကားချပ်ကြီးတစ်ခုပေါ်တွင် စိတ်ကူးစိတ်သန်းများကို စာရင်းပြုစု ရေးသား စေမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ရင်းမြစ်များ ရရှိအသုံးပြုနိုင်မှုအပေါ်တွင် မူတည်၍ ကြွယ်ဝသော စာပေလောက/ ဝန်းကျင်တစ်ခု၌ ပါဝင်နိုင်သည်တို့မှာ အောက်ပါတို့ဖြစ်ကြသည်။

- စာသင်ခန်းတွင်းမှ အတန်းစာကြည့်တိုက်တွင် စာအုပ်အမျိုးမျိုးနှင့် အခြားပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းများ၊ မဂ္ဂဇင်းများ၊ သတင်းစာများ၊ ဟင်းချက်နည်းများ (recipes) ၊ ဟင်းဇယားများ (menus) စသည်တို့ ပါဝင်နိုင်သည်။
- ပိုစတာများ၊ ဇယားကွက်များ၊ မြေပုံများနှင့် နံရံတွင်ချိတ်ဆွဲပြနိုင်သော သတင်းအချက်အလက်များ ဥပမာ- အချိန်ဇယားများ၊ ပြက္ခဒိန်များ
- နံရံပေါ်၌ ပြသထားသော ကျောင်းသားတို့၏ လက်ရာများ (ပန်းချီ၊ ရုပ်ပုံ၊ အရေးအသား)
- လက်ရှိသင်ကြားနေသောသင်ခန်းစာအခန်းပါအကြောင်းအရာများနှင့် ဆက်စပ်နေသော ဝေါဟာရ စာရင်းစကားလုံးသစ်လေ့လာမှုစသည်တို့ ပါဝင်သော နံရံကပ်ကားချပ်များ
- လမ်းညွှန်အမှတ်အသား/သင်္ကေတများ (ဥပမာ “ကျွန်ုပ်တို့ဆဋ္ဌမတန်း စာသင်ခန်းမှ ကြိုဆိုပါသည်”) နှင့်အမည်တပ်ထားသော စာရွက်များ (labels)
- ကလေးများ စိတ်ဝင်စားဖွယ် လှုံ့ဆော်မှုပြုနိုင်သော ပစ္စည်းများ ပါဝင်နေသော စာရေးရန် နေရာများ (writing stations) ၌ ကလေးများသည် ပစ္စည်းများကို လေ့လာပြီး တွေ့ရှိချက်များကို ရေးသားနိုင်သည်။ ဥပမာအားဖြင့် တန်ဖိုးနည်း စွန့်ပစ်ပစ္စည်းအချို့ကို အသုံးပြုနိုင်သည်။ ပြက္ခဒိန် အဟောင်းများ၊ သတ္တုဗူးခွံများ (tins)၊ ပုံးခွံများ (boxes) နှင့်ကုန်ကြမ်း ပစ္စည်းများဖြစ်ကြသည့် ပဲစေ့အမျိုးမျိုး၊ ကျောက်တုံးငယ်များ၊ သစ်ရွက်ခြောက်များနှင့် ပန်းပွင့်များ စသည်တို့ကို အသုံးပြုနိုင်သည်။

- စာဖတ်ခန်း/သင်ယူခန်း (learning corners) (စာဖတ်ရန် သတ်မှတ်ထားသော နေရာ)
- ကွန်ပျူတာများနှင့် အခြားနည်းပညာသုံး ပစ္စည်းများ ပေါင်းစပ်သုံးစွဲမှု
- စာသင်ခန်း အပြင်ဖက်တွင် ထားရှိသည့် မိဘများသို့ သတင်း အချက်အလက်များ တင်ပြရန် ကြော်ငြာသင်ပုန်းများ (bulletin boards)

## သင်ယူမှုလုပ်ငန်း (၃)။ "အားလုံးအတွက် စာကြည့်တိုက်" (Library for All) အစီအစဉ်ကို သုတေသနပြုခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၃) ဦးစီပါဝင်သောအုပ်စုများ |

**ရည်ရွယ်ချက် -** ကျောင်းသားများ၏ မိခင်ဘာသာစကားဖြင့် ရေးသားထားသော စာအုပ်စာပေများကို ကွန်ပျူတာမှ အချက်အလက်များကို သုံး၍ ပြုစုရေးသားကာ အားလုံးအတွက် စာကြည့်တိုက်တစ်ခု ဖန်တီးတတ်စေရန်ဖြစ်သည်။ သူတို့၏ ယဉ်ကျေးမှု နှင့် ဆီလျော် ကိုက်ညီသော စာအုပ်စာပေများ ပံ့ပိုးပေးနိုင်မည့် စီမံကိန်းသစ်တစ်ခုကို လေ့လာသင်ယူရန်

၁။ ကျောင်းသားများကို (၃) ဦးလျှင်အုပ်စုတစ်ခုအဖြစ် ဖွဲ့စည်းရန်ညွှန်ကြားပါ။
၂။ ကျောင်းသားကိုင်စာအုပ်ပါ သင်ယူမှုလုပ်ငန်း (၃) ကို ကြည့်ရှုရန်ညွှန်ကြားပါ။
၃။ လေးထောင့်ကွက် (၁.၃) ကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။ ထို့နောက် "အားလုံးအတွက် စာကြည့်တိုက်" (Library for All) ကွန်ပျူတာ ပရိုဂရမ် တစ်ခုကို ၎င်းတို့၏ မိုဘိုင်းဖုန်းထဲသို့ ကူးယူစေပြီး သူတို့ကိုယ်တိုင် ဆက်သွယ် ကြည့်ရှုစေမည်။
၄။ ဘာသာစကားခြားနားသော တိုင်းရင်းသား မျိုးနွယ်စုဝင်ကျောင်းသားများ၏ သက်ဆိုင်ရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ကိုက်ညီသော ၎င်းတို့ မိခင် ဘာသာစကားဖြင့် ရေးသားထားသည့် စာအုပ်စာပေများ ပံ့ပိုးပေးနိုင်ခြင်း၏ အရေးပါပုံအကြောင်းမှုရင်းစာရေးသူ Rebecca ၏ ဖော်ပြထားချက် အပေါ် ပြန်လည် သုံးသပ်မှုပြုရန် ကျောင်းသားများကို ညွှန်ကြားပါ။ Rebecca က

Lovely အမည်ရှိ ကျောင်းသူမလေးတစ်ဦး၏ အတွေးအမြင်ကို တစ်ဆင့် ပြန်လည် ပြောပြထားသည်။

"ကျွန်မ၏၂၀၁၉ ခုနှစ်အတွက် ထူးထူးခြားခြား ဖော်ပြလိုသော အကြောင်း တစ်ခုမှာ Lovely ဟု ခေါ်သော မိန်းကလေးငယ်တစ်ဦးနှင့် တွေ့ဆုံမှုအကြောင်း ဖြစ်ပါသည်။ ထိုမိန်းကလေးက ကျွန်မတို့၏ ဒစ်ဂျစ်တယ် နည်းပညာသုံး စာကြည့်တိုက်ကွန်ပျူတာ ပရိုဂရမ်ကို သုံးကာ စာဖတ်သင်နေသူ ဖြစ်ပါသည်။ လွန်ခဲ့သည့်တစ်နှစ်က Lovely သည် လုံးဝစာမဖတ်တတ်ခဲ့ပါ။ သို့ရာတွင် ယခု အခါ သူမသည် စာကိုယုံကြည်ချက်အပြည့်အဝနှင့် အလွယ်တကူ ဖတ်တတ်နေ ပြီဖြစ်သည်။ သူမ၏ ကျောင်းသင်ပညာရေး ပြီးဆုံးသည့်အခါ သူမအနေနှင့် မည်သည့် အလုပ်အကိုင်မျိုးကို လုပ်ကိုင်လိုသနည်းဟု သူမ၏ ရည်မှန်းချက်ကို ကျွန်မ မေးသောအခါ Lovely က သူမသည် ရဟတ်ယာဉ်မောင်းသူ လေယာဉ် မှူးတစ်ဦး ဖြစ်လိုကြောင်း သူမ၏ စိတ်ကူးယဉ်အိပ်မက်ကို ပြောပြပါသည်။ Lovely ကဲ့သို့ ဝေးလံခေါင်သီသော (Papua New Guinea) (PNG) ပါပူဝါနယူး ဂီနီ နိုင်ငံမှမိန်းကလေးငယ် တစ်ဦးထံ၌ ထိုကဲ့သို့ ထက်သန်သော ရည်မှန်းချက် မျိုး ရှိနေသည်မှာ အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းလှပါသည်။ ထိုအခါ ကျွန်မ က သူမအား ကျွန်မတို့ ထုတ်ဝေထားသည့် အမျိုးသမီး လေယာဉ်မှူးတစ်ဦး အကြောင်း စာအုပ်ကို ဖတ်သင့်သည်ဟု အကြံပြုလိုက်ပါသည်။ "အဲဒီစာအုပ်ကို ဖတ်လို့ ကျွန်မဒီစိတ်ကူး ရခဲ့တာပါ" ဟု Lovely က ပြန်ပြောခဲ့သည်။

၅။ အတန်းသို့ပြန်လည် သတင်းပို့ပေးမည့် အုပ်စုများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေရှာရန်အတွက် အသေးစိတ်စေ့စပ်သေချာစွာ လေ့လာစူးစမ်းရသည့် မေးခွန်းမျိုးကို ဆရာက မေးလိုက မေးနိုင်သည်။ ဥပမာ -

- ဘဝရည်မှန်းချက်များ မြှင့်တင်ရေးနှင့် စာတတ်မြောက်ကျွမ်းကျင်မှု အဆင့် မြှင့်တင်ရေး အစီအစဉ်များက ရပ်ရွာလူထုအဖွဲ့အစည်းများနှင့် မိသားစုများ အပေါ် ရေတိုရေရှည် ကလေးများအတွက် မည်သို့အကျိုး သက်ရောက်မှုများရှိ နိုင်သနည်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများဆွေးနွေးကြသည့်အကြောင်းအရာများတွင် အောက်ပါတို့ပါဝင်နိုင်သည်။

- စာတတ်မြောက်ကျွမ်းကျင်မှု၏ လတ်တလော အကျိုးကျေးဇူးများမှာ အကယ်၍ Lovely (ကျောင်းသူအမည်) သည် မိသားစုတွင် ပထမဦးဆုံး စာတတ်မြောက်သူ ဖြစ်လာခဲ့လျှင် သူမသည် သူမ၏ မိသားစုကို ပိုမို ကျယ်ဝန်းသည့် လူ့အဖွဲ့အစည်းနှင့် ထိစပ်ဆက်သွယ်နိုင်စေရန်ဦးဆောင်နိုင်မည့်၊ အထောက်အကူပြုပေးနိုင်မည့် အနေအထားသို့ ရောက်ရှိမည်။ ဤသို့ ရေတိုအကျိုးကျေးဇူးကို ရရှိမည်။
- ရေရှည်အကျိုးကျေးဇူးများတွင် ဆင်းရဲနွမ်းပါးမှုသံသရာ (cycle of poverty) ပြတ်တောက်မှု လည်းပါဝင်မည်။ Lovely (ထိုကျောင်းသူ မိန်းကလေး) သည် သူမ၏ မိသားစုထဲတွင် ပညာတတ်တစ်ဦးဖြစ်လာပြီး အထက်တန်းကျောင်းအပြီး၌ အမျိုးသမီး လေယာဉ်မှူးတစ်ဦး အမှန်တကယ်ဖြစ်သွားခဲ့လျှင် သူမ၏ မျိုးဆက် သစ်ဖြစ်သော မိသားစုဝင်များသည်လည်း သူတို့၏ ရည်မှန်းချက်များကို မြှင့်တင် နိုင်ကြမည်ဖြစ်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

- ကျောင်းသင်ပညာရေးအောင်မြင်မှုနှင့် ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင်သင်ယူမှုတို့ အတွက် စာတတ်မြောက်မှု၏ အရေးပါပုံကို ရှင်းလင်းပြတတ်မည်။
- ကမ္ဘာတစ်ဝန်းလုံး စာတတ်မြောက်မှုကို အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်ထားသည့် အစီအမံများ၊ ပဏာမခြေလှမ်းများ/ကနဦးလုပ်ငန်းအစီအစဉ်များ အကြောင်း အကြမ်းဖျင်း ဖော်ပြတတ်မည်။

- စာတတ်မြောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် သင်ပြရာ၌ သုံးမည့် ဘာသာစကား (အသုံးအနှုန်း) နှင့် ရိုးရာယဉ်ကျေးမှုနှင့် ဆီလျော်သော စာအုပ်စာပေတို့၏ အရေးပါပုံကို ဆွေးနွေးတင်ပြတတ်မည်။

၂။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည် ဆန်းစစ်ပါ။

- (က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာ အမျိုးမျိုးနှင့် ရင်းမြစ် အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက် ကြောင်း ပြသသည်။
- (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာ စကား၊ ယဉ်ကျေးမှုများ မတူ ကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထား ကြောင်းပြသသည်။
- (ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စဉ်လာများနှင့် ဆက်စပ် အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း အပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘော ပေါက်ကြောင်း ပြသသည်။
- (ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသားအားလုံး မိမိတို့၏စွမ်းရည်အလိုက် သင်ယူနိုင် သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။

၃။ ကျောင်းသားများအား သူတို့ဆက်လက်သုတေသနပြုမည့် ဤသင်ခန်းစာ ထဲမှ ရှုထောင့်/အယူအဆတစ်ခုကို သတ်မှတ်ဖော်ထုတ်စေရမည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** ဘဝတစ်သက်တာသင်ယူမှု ရှုထောင့်နှင့် မြန်မာ့နည်း မြန်မာ့ဟန်ဆိုင်ရာ ပတ်ဝန်းကျင်တွင် (အခြေအနေအကြောင်းအရာအမျိုးမျိုး) ကျောင်းပြင်ပ ပညာရေး သည် အဘယ်ကြောင့် အရေးပါရသနည်း။

**အဖြေ။** *အလုပ်ခွင်အတွင်း လေ့ကျင့်သင်ကြားမှု (သို့မဟုတ်) လုပ်ငန်းကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (CPD) သည် လူတစ်ဦး၏ ဘဝသက်တမ်း တစ်လျှောက် လိုအပ်မည့် အသိပညာနှင့် ကျွမ်းကျင်မှုများ ဆက်လက် တိုးပွားရရှိရေး အတွက် အရေးကြီးပါသည်။*

*မြန်မာနိုင်ငံတွင် စာတတ်မြောက်မှု ကျွမ်းကျင်ရေးနှင့် နိုင်ငံသားအားလုံးအတွက် အခြေခံပညာပြီးဆုံးအောင် သင်ကြားနိုင်ရေးရှုထောင့်မှ ကြည့်လျှင် ကျောင်းပြင်ပ ပညာရေးသည် အရေးပါပြီး ဆက်လက်၍လည်း အရေးပါနေဦးမည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။*

*မြန်မာနိုင်ငံရှိ ကျောင်းပြင်ပ ပညာရေးစီမံကိန်းများတွင် အောက်ပါတို့ပါဝင်ကြသည်။*

- *အခြေခံစာတတ်မြောက်မှုနှင့် စာဖတ်ရှိန် မြှင့်တင်ရေး (post literacy) စီမံကိန်း များ*
- *ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် သက်ကြီးပညာရေး စီမံကိန်းများ*
- *ဝင်ငွေရရှိရေးစီမံကိန်းများ*
- *ဘဝအရည်အသွေးမြှင့်စီမံကိန်းများ*

**မေးခွန်း ၂။** (၂၁) ရာစုခေတ် လုပ်ငန်းခွင်အမျိုးမျိုးတို့တွင် ကိုယ်တိုင်သင်ယူ သက်ကြီး ပညာရေး သည် တစ်နေ့တစ်ခြား ပို၍ပို၍ အရေးပါလာသည်မှာ အဘယ်ကြောင့်နည်း။

**အဖြေ။** *(၂၁) ရာစုခေတ်တွင် လျင်မြန်စွာ ထွန်းကား တိုးတက်လာသော သတင်း အချက်အလက်နှင့်နည်းပညာများနှင့် ၎င်းတို့၏ အသုံးဝင်မှု ကျယ်ပြန့်လာခြင်းက အလုပ်ခွင် ဝန်းကျင်များစွာတို့ကို ပုံသဏ္ဍာန်ပြောင်းစေခဲ့သည်။ ထို့ကြောင့် ကိုယ်တိုင် သင်ယူမှုသည် လည်းအရေးပါသော သင်ယူမှုနယ်ပယ်တစ်ခုဖြစ်လာခဲ့သည်။*

*အရွယ်ရောက်ပြီးသူ လူကြီးများသည် သက်ဆိုင်ရာ အလုပ်ခွင်မှ အလုပ်ခွင်တွင်း ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာမှုများ (အလုပ်ခွင်တွင်း လုပ်ထုံးလုပ်နည်း အလေ့အကျင့် များ) နှင့် သဟဇာတဖြစ်စေရန်အတွက် (လိုအပ်သောအသိပညာတို့ကို) ကိုယ်တိုင် လေ့လာသင်ယူမှုပုံစံနှင့် ဆက်လက်လေ့လာသင်ယူကြရပါသည်။ ၎င်းတို့သည် ကျောင်းပြင်ပ ပညာရေးအမျိုးအစားများ ဖြစ်ကြသည်။ အလုပ်ခွင်အတွင်း လေ့ကျင့် သင်ကြားမှုများနှင့် လုပ်ငန်းတတ်ကျွမ်းမှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ/ သင်တန်းများ စသည်တို့၌လည်း ပါဝင်ဆောင်ရွက်ခြင်း၊ တက်ရောက် ဆည်းပူးခြင်းတို့ကို ပြုရပါသည်။ ထိုသို့သော ကျောင်းပြင်ပ လေ့လာသင်ယူမှု တို့အပြင် ကိုယ်တိုင်လေ့လာမှုဖြင့်လည်း လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုတို့ကို ရရှိလာ အောင် အားထုတ်ကြိုးပမ်းကြရသည်။*

**မေးခွန်း ၃။** (၂၁) ရာစုတွင် ဆရာ၊ ကျောင်းသားနှင့် သင်ရိုးအကြောင်းအရာတို့အကြား ဆက်စပ်မှုသည် မည်ကဲ့သို့ပြောင်းလဲလာနေသနည်း။

**အဖြေ။** *အဆင့်မြင့် ဆက်သွယ်ရေး နည်းပညာအထောက်အကူဖြင့် သင်ယူလိုသော အကြောင်းအရာ အချက်အလက်များကို အလွယ်တကူ အဆင်သင့် ရယူ အသုံးပြုနိုင် လာသည့်အတွက် ဆရာများသည် ကျောင်းသားများ၏ သင်ယူမှုကို "လမ်းညွှန်သူများ" နှင့် "ကူညီလမ်းညွှန်သူများ" (Facilitation) အဖြစ်သို့ အခန်းကဏ္ဍာ ရွေ့ကာ ပြောင်းလဲ လာကြရသည်။*

*နည်းပညာအခြေပြုသင်ယူမှု ဆိုင်ရာ ကိရိယာများကို ရယူသုံးစွဲနိုင်ခြင်းက ဆရာများအား သူတို့၏ ကျောင်းသားများနှင့် ဖြစ်စေ၊ ကျောင်းသားများအချင်းချင်း၏ သင်ယူမှုတွင် ဖြစ်စေ သူတို့နှင့် အတူတကွ ယှဉ်တွဲဝန်းရံကာ "သင်ယူဖော် - သင်ယူဖက်" အဖြစ် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အရေးတစ်ရပ်ကို ဖန်တီးပေးထားသည်။*

**မေးခွန်း ၄။** (၂၁) ရာစုကျောင်းသားများအတွက်လိုအပ်သော ကျွမ်းကျင်မှုများမှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ ။** *(၂၁) ရာစုလူ့အဖွဲ့အစည်းတွင် အလုပ်ခွင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများ ကို ကျော်လွှားနိုင်ရန် အတွက် အခြားသူတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ အသိပညာ တီထွင်မှုပြုနိုင်ရေး ကိုပိုမိုအလေးပေးပြီးအဓိကထား ဆောင်ရွက်လာကြရသည်။*

*(သို့ဖြစ်၍) ကျောင်းသားများသည် လေးနက်စွာ ဝေဖန်စိစစ်တတ်မှုနှင့် တီထွင်တတ်မှု၊ ပြောဆို/ရေးသား ဆက်သွယ်တတ်မှု၊ ပူးပေါင်းပါဝင်လုပ်ဆောင်တတ်မှု၊ တက်ကြွသော နိုင်ငံသားကောင်း ပီသမှုတို့တွင် ကျွမ်းကျင်ရပါမည်။ ထိုကျွမ်းကျင်မှုများ လိုအပ်ပါသည်။*

**မေးခွန်း ၅။** ကျောင်းသင်ပညာရေးနှင့် ဘဝတစ်သက်တာသင်ယူမှုပညာရေးတို့တွင် အောင်မြင်မှုရရှိစေရန်အတွက် စာတတ်မြောက်မှုသည် အခြေခံအုတ်မြစ်ဖြစ်နေရခြင်းမှာ အဘယ်ကြောင့်နည်း။

**အဖြေ။** *စာတတ်မြောက်မှုသည် အခြေခံပညာ၏ အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ စာတတ်မြောက်မှုက ကလေးများအားကျောင်းသင်ရိုးညွှန်းတမ်း၏ အသိပညာ၊ ကျွမ်းကျင်မှုများ နှင့် တတ်ကျွမ်းမှုများကို ရရှိစေသည်။ စာတတ်မြောက်မှ သာလျှင် ကလေးများ အတွက် အသိပညာကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများ ရရှိလာနိုင်မည်။ စာတတ်မြောက်စေရန်အတွက် သင်ယူနိုင်မှု အခွင့်အရေးသည် ပညာရေးကို ရရှိဆည်ပူးခွင့် အခွင့်အရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ (အခြေခံလူ့အခွင့်အရေးများတွင် လူတိုင်းသည် ပညာသင်ယူခွင့်ရှိသည်။)*

*စာတတ်မြောက်မှုသည် ကျောင်းသားများအား ကျောင်းသင်ရိုးညွှန်းတမ်းပါ အကြောင်းအရာ တို့ကို သင်ယူရာ၌ ပေါက်မြောက်အောင်မြင်မှု ရရှိစေသည့်အပြင် စာတတ်မြောက်သွားသူ အားလုံးတို့အား ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှုနှင့် ဆက်စပ်ချိတ်ဆက်ကာ သင်ယူနိုင်စေရန် အကျိုးပြုပေးသည်။ ဤသို့ဖြင့် စာတတ်မြောက် သွားသူတို့သည် သူတို့၏ ပင်ကိုဉာဏ်စွမ်းဉာဏ်စ အလားအလာများကို အစွမ်းကုန် ပွင့်လန်းဖွံ့ဖြိုးလာစေသည်။ စာမတတ်ပါက စာမတတ်သူတစ်ဦး၏ မိသားစုများ သားသမီးများနှင့် ရပ်ရွာအသိုက်အဝန်း တွင်လည်း မျိုးဆက်တစ်ခုနှင့် တစ်ခုအကြား ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာသည်။*

**မေးခွန်း ၆။** ကမ္ဘာတစ်ဝန်းလုံးရှိ စာတတ်မြောက်မှုလုပ်ငန်းများကို ကူညီပံ့ပိုးပေးမည့် ယူနက်စကိုအဖွဲ့ (ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း) ၏ ပဏာမခြေလှမ်းများ/ ကနဦး လုပ်ငန်းအစီအစဉ်များကို ဖော်ပြပါ။

**အဖြေ။** *နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဒေသခံရပ်ရွာလူထုတို့ကို အထောက်အပံ့ပြုရန် ရည်ရွယ်ချက်ဖြင့် ယူနက်စကိုအဖွဲ့သည် ကမ္ဘာတစ်ဝန်းလုံးစာတတ်မြောက်ရေးကို မြှင့်တင်ပေးနိုင်မည့်လုပ်ငန်း ပဏာမခြေလှမ်းများ/ ကနဦးလုပ်ငန်းအစီအစဉ် အမျိုးမျိုးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးပါသည်။ ယူနက်စကိုအဖွဲ့မှ အောက်ပါလုပ်ငန်း တို့ကို ဆောင်ရွက်ရန် ပံ့ပိုးကူညီပေးပါသည်။*

- *ခိုင်မာသော စာတတ်မြောက်မှု အုတ်မြစ်ကို ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးမှတစ်ဆင့် တည်ဆောက်နိုင်စေရန်*
- *အခြေခံပညာကို လူတိုင်း လက်လှမ်းမီစေနိုင်မှု သင်ယူခွင့် ရရှိမှုနှင့် အခြေခံပညာရေးအရည်အသွေးမြင့်မားလာစေရန် (ထိုလုပ်ငန်းတွင် မိခင်ဘာသာစကားအခြေပြု သင်ကြားရေးနှင့် ဘာသာစကား အစုံအလင် အခြေပြုသင်ကြားရေးတို့လည်း ပါဝင်သည်။)*
- *အခြေခံ စာရေးစာဖတ်တတ်ကျွမ်းမှု မရှိသေးသော လူငယ်များနှင့် လူကြီးများအတွက် ကျောင်းပြင်ပစာတတ်မြောက်ရေး စီမံကိန်းများ (အ- သုံးလုံးကျေ) ဖွင့်လှစ်ပို့ချပေးနိုင်ရန်၊ ထူထောင်ဖန်တီးပေးနိုင်ရန်*

*ဤသို့ ဆောင်ရွက်ရာတွင် သုံးရမည့်နည်းလမ်းများမှာ*

- *ICT နည်းပညာများ၊ သတင်းစာများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်တို့ကို လက်လှမ်းမီသုံးစွဲနိုင်မှု ပိုမိုတိုးတက်ကောင်းမွန်စေခြင်း*
- *ဒေသခံရပ်ရွာလူထုအဖွဲ့ဝင်များကို ဒေသဆိုင်ရာသင်ရိုးအကြောင်းအရာများ ရေးသားပြုစုစေရာ၌ အထောက်အပံ့ပေးခြင်း*
- *ရပ်ရွာလူထုစာကြည့်တိုက်များတည်ဆောက်ပေးခြင်း/ထူထောင်ခြင်း*

**မေးခွန်း ၇။** မြန်မာနည်းမြန်မာ့ဟန်ပတ်ဝန်းကျင်တွင် အခြေခံအရေး၊ အဖတ်၊ အတွက် ပညာသင် ကြားရာ၌ အသုံးပြုသည့်ဘာသာစကားအကြောင်းထည့်သွင်းစဉ်းစားမှုသည် အဘယ်ကြောင့် အရေးပါသနည်း။

**အဖြေ။** *မြန်မာနိုင်ငံတွင် ဘာသာစကားနှင့် ဒေသသံမျိုးကွဲ ဘာသာစကား/တိုင်းရင်းသား ဘာသာစကား (dialect) အမျိုးအစားပေါင်း(၁၀၀) ထက်မက ရှိနေကြသည်။ ဘာသာ စကားအမျိုးမျိုး အသုံးပြုသော နိုင်ငံများမှ ကျောင်းများတွင်ကလေးများကို ၎င်းတို့၏ အိမ်သုံးဘာသာစကား မဟုတ်သည့် ကျောင်းသုံးဘာသာစကား (စာသင်ခန်းသုံး) တစ်ခုဖြင့်သာ သင်ကြားပို့ချ ပေးလေ့ရှိကြသည်။ ထို့ကြောင့် စာသင်ခန်း၌ သင်ကြား ပို့ချရန် အသုံးပြုသော ဘာသာစကား ကိုယ်တိုင်ကပင် ကလေးများ၏ သင်ယူမှုကို ဟန့်တားနေသည့် အတားအဆီးကြီး တစ်ခုဖြစ် လာရသည်။ ထို့ပြင် မိဘများကလည်း စာမတတ်ကြသူများဖြစ်ကြပြန်သည်။ ဤဖြစ်နိုင်ခြေက ကလေးများတစ်ဦးနှင့် တစ်ဦး ကြား ရရှိသော အောင်မြင်မှုရလဒ်များ အဘယ်ကြောင့် ကွာဟချက် ကြီးမားရကြောင်း ကို ရှင်းပြရာ၌ အထောက်အကူဖြစ်စေသည်။*

*ခိုင်လုံသော သက်သေအထောက်အထားများအရ အထိရောက်ဆုံး စာတတ်မြောက်မှု ဝါဒတွင် ပါဝင်သည်မှာ ကလေးတစ်ဦး၏ ပထမဘာသာစကား (သို့မဟုတ်) အိမ်သုံး ဘာသာစကားကို ကျောင်းနေစဉ်ကာလအတိုင်းအတာတစ်ခုအတွင်း အနည်းဆုံး ၆နှစ် မှ ၈နှစ်တာကာလအတွင်း သင်ကြားရေးအတွက် အသုံးပြုသော စာသင်ခန်းသုံး ဘာသာ စကားအဖြစ် အသုံးပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျောင်းသုံးဘာသာစကား အဖြစ် မြန်မာစာနှင့်အင်္ဂလိပ်စာတို့ကို တရားဝင် အသိအမှတ်ပြုထားကြသည်။*

*ထို့ပြင် အခြေခံပညာအဆင့်၌ တိုင်းရင်းသားဘာသာစကား များကိုလည်း သင်ကြားမှုအတွက် စာသင်ခန်းသုံး ဘာသာစကားများအဖြစ် အသုံးပြုနိုင်သည်။ ဗမာလူမျိုး မဟုတ်သော တိုင်းရင်းသားမျိုးနွယ်စုမှ ကလေးများအတွက် ကျောင်းထွက်နှုန်း (ပညာရေးအဟောသိကံဖြစ်မှု) များရခြင်းမှာ ဘာသာစကားမပေါက်မြောက်ခြင်း (သို့မဟုတ်) ဘာသာစကား အတားအဆီးကြောင့် ဖြစ်သည်။*

# ၁.၂။ သင်ကြားမှု ထိရောက်အောင်မြင်သော ကျောင်းများနှင့် အဓိကကျသော ပညာရရှိရာရင်းမြစ်များ

ဤအခန်းငယ်၏ ပထမသင်ခန်းစာတွင် သင်ကြားမှုထိရောက် အောင်မြင်သော ကျောင်းများကို အလေးပေး ဖော်ပြသွားမည်ဖြစ်သည်။ ကျောင်းသားများအနေနှင့် ထိရောက်အောင်မြင်မှုရှိသော ကျောင်းတစ်ခုခုကို ၎င်းတို့ ကိုယ်ပိုင်အတွေးအမြင် ရည်မှန်းချက်တို့ဖြင့် ရှာဖွေစူးစမ်းလေ့လာနိုင်သည်။ နိုင်ငံတကာဆိုင်ရာ ကျောင်းအရည်အသွေး အညွှန်းဘောင်တစ်ခုဖြစ်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားအဆင့် ကျောင်းအရည်အသွေးတိုးတက်မြင့်မားရေးကိရိယာနှင့် မြန်မာနိုင်ငံ ကျောင်းအရည်အသွေး အာမခံမှု စံသတ်မှတ်ချက် အညွှန်းဘောင်တို့ကို လေ့လာနိုင်သည်။ကျောင်းနှင့် ဆရာ၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများဆိုင်ရာ ဆက်စပ် ပတ်ဝန်းကျင်တို့တွင်မိမိ၏ စွမ်းဆောင်မှုကို မိမိကိုယ်တိုင်စစ်ဆေးအကဲဖြတ်သည့်အခါ သက်သေခံအထောက်အထားကို ပြန်လှန်သုံးသပ်ခြင်းနှင့် စဉ်ဆက်မပြတ်အရည်အသွေးတိုးမြှင့်မှု အစီအစဉ်ရေးဆွဲခြင်း အယူအဆကို မိတ်ဆက်ပေးထားသည်။

ဒုတိယသင်ခန်းစာတွင် ကျောင်းသားများသည် အဓိကကျသော ပညာပေးဌာနများ အကြောင်းကို စိစစ်လေ့လာရမည်။ အဓိကပညာပေးဌာနများဖြစ်ကြသည့် မိသားစု၊ ကျောင်း၊ သက်တူရွယ်တူအုပ်စု၊ လူထုဆက်သွယ်ရေး နည်းလမ်းများ (Media) နှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများကို လေ့လာစိစစ်ပြီး သူတို့၏ သင်ယူမှုအပေါ် လွှမ်းမိုးမှုအရှိဆုံးသော ပညာပေးဌာနများအကြောင်းကို ပြန်လည်သုံးသပ်ကြည့်မည်ဖြစ်သည်။

တတိယ သင်ခန်းစာတွင် ပညာရေးဒီဂရီကောလိပ် ဒုတိယနှစ်သင်တန်း ပညာရေး ဘာသာရပ်များကို သင်ယူရခြင်း၏ ရည်မှန်းချက်များနှင့် ဤဘာသာရပ်၏ ရည်မှန်းချက်များကို ပြုစုရေးသားရမည်ဖြစ်ပါသည်။

# ၁.၂.၁။ မြန်မာနိုင်ငံ ကျောင်းအရည်အသွေး အာမခံပုံစံသတ်မှတ် အညွှန်းဘောင်

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းအရည်အသွေးအညွှန်းဘောင်ပါ အချက်အလက်များအရ သင်ကြားရေး ထိရောက်မှုရှိသော ကျောင်းများ၏ ဘုံတူညီသည့် ဝိသေသလက္ခဏာများကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံကျောင်းအရည်အသွေးအာမခံမှု စံသတ်မှတ်ချက်များ အညွှန်းဘောင်၏ ရှုထောင့်များကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- သက်သေအထောက်အထားကို အခြေပြုထားသော စဉ်ဆက်မပြတ် အရည်အသွေးတိုးမြှင့်မှု လုပ်ငန်းစဉ်များ၏ အရေးပါမှုကို ရှင်းလင်းပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ဂ) (၂.၁.၁) ကျောင်းနှင့် ရပ်ရွာ၏လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သည်။

(ဂ) (၂.၁.၂) ကျောင်းနှင့် ရပ်ရွာတွင် တာဝန်ခံဆောင်ရွက် သည့် ဆရာတစ်ယောက်အနေဖြင့် စံနမူနာပြ ပြောဆိုနေထိုင်သည်။

(ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထားများကို အသုံးပြုသည်။

(ဃ) (၁.၁.၂) လက်တွေ့သင်ကြားမှုလုပ်ငန်းနှင့် ကျောင်းသားများ၏ သင်ယူမှုတိုးတက်မြင့်မား စေရန် ရင်းမြစ်အမျိုးမျိုးမှ ရရှိသော သတင်းအချက်အလက်များကို အသုံးပြုသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် (၅) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - သင်ကြားရေး ထိရောက်အောင်မြင်မှုရှိသော ကျောင်းများကို စိတ်ကူးဖြင့် မျှော်မှန်းကြည့်ခြင်း

သင်ယူမှုလုပ်ငန်း (၂) - သင်ကြားရေး ထိရောက်အောင်မြင်မှုရှိသော ကျောင်းများ၏ ဆောင်ရွက်မှု နယ်ပယ် (၉) ခုအကြောင်း ဖော်ပြချက်

သင်ယူမှုလုပ်ငန်း (၃) - မြန်မာနိုင်ငံ၏ ကျောင်းအရည်အသွေး အာမခံမှု စံသတ်မှတ်ချက် အညွှန်းဘောင် (SQASF) နှင့် ဩစတြေးလျနိုင်ငံ၏ အမျိုးသားအဆင့်ကျောင်းများ (အဆင့်အတန်း) ကောင်းမွန် တိုးတက်ရေး (NSIT) တို့ကို နှိုင်းယှဉ်ခြင်း

သင်ယူမှုလုပ်ငန်း (၄) - SQASF ပါရှုထောင့် (၆) ခုကို ကျောင်းများက မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (self assessment) ပြုနိုင်ရန်အတွက် သက်သေခံအထောက်အထားရင်းမြစ်များကို ဖော်ထုတ်သတ် မှတ်ပေးခြင်း

သင်ယူမှုလုပ်ငန်း (၅) - စာသင်ခန်းအတွင်း ဆွေးနွေးမှု၌ အဆင်မြင့် တွေးခေါ်မှုကို အသုံးပြုရသော လိုအပ်သော မေးခွန်းများ၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ်ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁.၂.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁)- ကားချပ်ကြီးဆွဲရန်စာရွက်နှင့် မာကာများ

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းအရည်အသွေး အညွှန်းဘောင်ပါ အချက်အလက်များအရ သင်ကြားရေး ထိရောက်မှုရှိသော ကျောင်းများ၏ ဘုံတူညီသည့် ဝိသေသ လက္ခဏာများကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံကျောင်း အရည်အသွေးအာမခံမှု စံသတ်မှတ်ချက်များ အညွှန်းဘောင်၏ ရှုထောင့်များကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- သက်သေအထောက်အထားကိုအခြေပြုထားသော စဉ်ဆက်မပြတ် အရည် အသွေး တိုးမြှင့်မှုလုပ်ငန်းစဉ်များ၏ အရေးပါမှုကို ရှင်းလင်းပြတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ “လက်ဦးအသိပညာအပေါ် ထပ်ဆင့်အသိပညာ တည်ဆောက်ခြင်း။ ။ ပညာရေးစနစ်တွင်းမှ သွင်းအားစုလုပ်ငန်းစဉ်ရလဒ်စနစ်” ခေါင်းစဉ်ကို ဖတ်ရှုလေ့လာရန် ကျောင်းသားများအား ညွှန်ကြားပါ။ ပုံ (၁.၁၃) ကိုလည်း လေ့လာခိုင်းပါ။

၃။ ကျောင်းသားများအား ပထမနှစ် သင်တန်းတက်ရောက်ခဲ့စဉ်က ပညာရေး ဘာသာရပ်တွင် သွင်းအားစု- လုပ်ငန်းစဉ်-ရလဒ်များ (Input - Process – Output) တို့၏ အကြောင်းကို မိတ်ဆက်ပေးခဲ့ပြီး ဖြစ်ကြောင်းကို ဆရာက ပြော ပြပါ။ ဤပုံစံကို စနစ်များ၏ အရည်အသွေးကို စောင့်ကြည့်လေ့လာရန်နှင့် အကဲဖြတ်သုံးသပ်ရန်အတွက် အသုံးပြုကြောင်းကိုလည်း ပြောပြပါ။

၄။ ဆရာကထိုပုံစံအကြောင်းကို ကျောင်းသားများအား ရှင်းပြမည်။ အကယ်၍

ပညာရေး၏ ရည်မှန်းချက်ပန်းတိုင်များသို့ မျှော်မှန်းထားသည့်အဆင့်ထိ အောင်မြင်စွာ မရောက်ရှိခဲ့လျှင် ဥပမာအားဖြင့် ကျောင်းမှ ပညာသင်ယူမှု ပြီးစီးသွားသူများသည် သင်ယူမှုရလဒ်များကိုသာ ရရှိခဲ့လျှင် သွင်းအင်အားစုများ နှင့် လုပ်ငန်းစဉ်များကို ပြန်လည် ဆန်းစစ်ရမည်။ ပြန်လည်ညှိနှိုင်းရန် လိုအပ် သည်တို့ကို ရှာဖွေကာ လိုလားသည့် ရလဒ်ရလာသည်အထိ အတိုးအလျှော့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ သင်ကြားရေး ထိရောက်အောင်မြင်မှုရှိသော ကျောင်း များ ကို စိတ်ကူးဖြင့် မျှော်မှန်းကြည့်ခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ်<br>ပထမ (၁၅) မိနစ် - အုပ်စုလုပ်ငန်းဆောင်ရွက်ရန်<br>ဒုတိယ (၁၅) မိနစ် - အုပ်စုမှ တင်ပြရန်<br>(၁၀) မိနစ် - တစ်တန်းလုံးလုပ်ငန်း |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင် ကျောင်းသား (၆) ဦးပါဝင်သော အုပ်စုများ တစ်တန်းလုံး |

**ရည်ရွယ်ချက် -** သင်ကြားရေးအောင်မြင်ထိရောက်မှု ရှိသော ကျောင်းများ၏ ထူးခြားသော ဝိသေသ လက္ခဏာများကို ကျောင်းသားများက သတ်မှတ်ဖော်ထုတ်တတ်စေရန်။

၁။ ကျောင်းသားများအား အုပ်စုတစ်ခုလျှင် (၆) ဦးစီပါဝင်ရန်ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၁) ကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ ပုံ (၁.၁၃) တွင်ပြထားသည့် ကျယ်ပြန့်သော အမျိုးအစား နယ်ပယ် (၃) ရပ် အတွင်းမှ အကြောင်းအရာများကို အသုံးပြုပြီး သင်ကြားရေး ထိရောက် အောင်မြင်မှုရှိသော ကျောင်းများ၏ ထူးခြားသော ဝိသေသလက္ခဏာများကို စဉ်းစားကြံဆပါ။

၄။ ကားချပ်ကြီးဆွဲရန် စာရွက်များကို ဖြန့်ဝေပြီး ကျောင်းသားများအား ဝိသေသ လက္ခဏာများကို သူတို့စိတ်ဆန္ဒရှိသည့်အတိုင်း တင်ပြနိုင်ကြောင်း အသိပေးပါ။

၅။ အုပ်စုများအား သူတို့လုပ်ငန်းကို အတန်းသို့ ပြန်လည်တင်ပြစေမည်။

၆။ သင်ကြားရေးထိရောက်အောင်မြင်သော ကျောင်းများ၌ရှိသည့် ဘုံတူညီသော ဝိသေသလက္ခဏာများ ကျောင်းသားအုပ်စုများက တင်ပြလာသည့်အတိုင်း သတ်မှတ်ဖော်ထုတ်ပေးရန် တစ်တန်းလုံးကို ညွှန်ကြားပါ။

၇။ မှတ်တမ်းရေးသားရန် ကျောင်းသားတစ်ဦးကို တာဝန်ပေးထားရမည်။ တစ်တန်းလုံးက အတည်ပြုထားသော အညွှန်းဘောင်ကို ဆရာ၏ လမ်းညွှန်မှုနှင့် ကျောင်းသားများ၏ အကြံပြုမှုတို့ကို လက်ခံရယူလျက် ထိုကျောင်းသားက ရေးဆွဲရမည် ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် အုပ်စုငယ်များအတွင်း အချင်းချင်းဆွေးနွေးမှုကို ဦးစွာပြုလုပ်ရမည်။ ထို့နောက်မှ တစ်တန်းလုံးနှင့်ဆွေးနွေးခြင်းဖြင့် နားလည်သဘောပေါက်မှုကို တည်ဆောက်နိုင်လာမည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤအဆင့်တွင် ကျောင်းသားများက အုပ်စုအတွင်းဆွေးနွေးရာမှ ရရှိလာသော စိတ်ကူးစိတ်သန်းများကို တစ်ခုနှင့်တစ်ခု အလျှော့အတင်းပြုကာ ညှိနှိုင်းကြခြင်းဖြင့် တစ်တန်းလုံးက တညီတညွတ်တည်း သဘောတူညီမှုရထားသည့် အညွှန်းဘောင်ကို ရရှိရန် အရေးကြီးသည်။ ထိုအညွှန်းဘောင်အတွက် တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးပေးနိုင်ရန် သင်ကြားရေးထိရောက်အောင်မြင်သော ကျောင်းများအတွက် ဆွဲသားထားသည့် အညွှန်းဘောင် (၂) ခု (ဩစတြေးလျ ပုံစံ နှင့် မြန်မာနိုင်ငံပုံစံ) ကို ၎င်းတို့နှင့် လက်လှမ်းမီအောင် ပြုလုပ်ပေးထားရမည်။

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤစာသင်ချိန်အတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းအရည်အသွေး အညွှန်းဘောင်ပါ အချက်အလက်များအရ သင်ကြားရေး ထိရောက်မှုရှိသော ကျောင်းများ၏ ဘုံတူညီသည့် ဝိသေသလက္ခဏာများကို ဆွေးနွေးတတ်မည်။

၂။ ယခင်စာသင်ချိန်က ထုတ်လုပ်ဖန်တီးခဲ့သော သင်ကြားရေး ထိရောက်အောင်မြင်သည့် ကျောင်းများ၏ ဘုံတူညီသော ဝိသေသလက္ခဏများကို ပြန်လည်ဆန်းစစ်ပါ။

### သင်ယူမှုလုပ်ငန်း (၂)။ သင်ကြားရေး ထိရောက်အောင်မြင်မှုရှိသော ကျောင်းများ၏ ဆောင်ရွက်မှု နယ်ပယ် (၉) ခုအကြောင်း ဖော်ပြချက်

| | |
|---|---|
| **အချိန်** | (၄၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင် (၃) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ |

**ရည်ရွယ်ချက်** - ဩစတြေးလျနိုင်ငံ၏ အမျိုးသားအဆင့်ကျောင်းအရည်အသွေးတိုးတက်မြင့်မားရေးကိရိယာ(NSIT) ၏ ဆောင်ရွက်မှု နယ်ပယ် တစ်ခုစီ အကြောင်းကို ကျောင်းသားများ၏ ကိုယ်ပိုင်စကားလုံးများဖြင့် ဖော်ပြတတ်စေရန်

၁။ ကျောင်းသား (၃) ဦးကို အုပ်စုတစ်စုအဖြစ် ကျောင်းသားအုပ်စု အသီးသီးကို ဖွဲ့စည်းရန် ညွှန်ကြားပါ။

၂။ နည်းပညာရယူအသုံးပြုနိုင်လျှင် www.acer.org/au/school-improvement/improvement-tools/national-school-improvement-tool မှ ဗီဒီယိုကို ပြပါ။

၃။ ကျောင်းသားများအား လေးထောင့်ကွက် (၁.၃) ကိုဖတ်ရှုရန် ညွှန်ကြားမည်။ ၎င်းအကွက်ထဲ၌ ဩစတြေးလျနိုင်ငံ အမျိုးသားအဆင့်ကျောင်းများ (အဆင့်အတန်း) ကောင်းမွန်တိုးတက်ရေး ကိရိယာတွင် တင်ပြထားသည့်အတိုင်း Professor Geoff Master ကသင်ကြားရေး ထိရောက်မှု မြင့်မားသော ကျောင်းများ၏ ဝိသေသလက္ခဏာများကိုဆွေးနွေးဖော်ပြထားသည်။

၄။ ဇယား (၁.၂) တွင်ဖော်ပြထားသည့် နယ်ပယ် တစ်ခုစီကို ကိုယ်ပိုင်စကားလုံးများ အသုံးပြု၍ ဖော်ပြရန် ကျောင်းသားများအား ညွှန်ကြားပါ။ ကျောင်းသားအုပ်စုများက ၎င်းတို့အုပ်စုအတွင်း ကျောင်းသားတစ်ဦးစီက နယ်ပယ် (၃) ခု စီအတွက် ကိုယ်ပိုင်စကားလုံးဖြင့် ရေးသားမှုကို တာဝန်ခွဲဝေယူလိုကလည်း ယူနိုင်သည်။ ထို့နောက် အားလုံး စုပေါင်း ဆောင်ရွက်ခြင်းဖြင့် အဖြေများအားလုံးကို ပြန်လည်ဆန်းစစ်နိုင်မည်။

၅။ အတန်းသို့ ပြန်လည်သတင်းပို့ပေးမည့် အုပ်စုများကို ဆရာကရွေးချယ် ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းနှင့်မျှဝေရန်အတွက် အုပ်စုလိုက်သတင်းပို့သူများ/အစီရင်ခံသူများကို ဆရာက ရွေးချယ်ထားသည့်အခါ ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲ ဖြတ်နိုင်လိမ့်မည်။

အတန်းကရေးဆွဲထုတ်လုပ်ထားသောသင်ကြားရေး ထိရောက်အောင်မြင်သည့် ကျောင်းများ၏ ဝိသေသလက္ခဏာများသည် NSIT မှ နယ်ပယ် (၉) ခုနှင့်မည်ကဲ့သို့ စပ်ဟပ်ညီညွတ်မှု ရှိကြသည်ကို ပြန်လည် သုံးသပ် စဉ်းစားရန် ကျောင်းသားများကို ညွှန်ကြားနိုင်သည်။ ၎င်းတို့၏ အဖြေများကို လိုအပ်လျှင်ပြုပြင်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အောက်ပါတို့သည် နယ်ပယ်တစ်ခုစီအတွက် တိကျမှန်ကန်သော ဖော်ပြချက်များဖြစ်သည်။

**ဇယား ၁.၂ ။ သင်ကြားရေးထိရောက်မှုမြင့်မားသော ကျောင်းများ၏ ဆောင်ရွက်မှု နယ်ပယ် (၉) ခု**

| နယ်ပယ် | အကျဉ်းချုပ်ဖော်ပြချက် |
|---|---|
| ၁။ ရှင်းလင်းလွယ်ကူစွာရေးသားပြုစုထားသော ကျောင်း တိုးတက်ရေး လုပ်ငန်း အစီအစဉ်ထားရှိခြင်း | ကျောင်းနှင့် ပတ်သက်၍ တိုးတက်စေလိုသော အချက်များကို ကွဲပြားရှင်းလင်းစွာ သိရှိထားစေခြင်း (ဥပမာ- အခြေခံစာရေး စာဖတ်ခြင်း၊ အတွက်အချက် ကျွမ်းကျင်မှု အဆင့်များ၊ ကျောင်းသားများ၏ ကျောင်းတက်ရောက်မှု အဆင့်) ထိုအချက်များကို ရှင်းလင်းစွာ ပြထားပြီး တစ်ကျောင်းလုံး အား တိုးတက်ရေး လုပ်ငန်း အစီအစဉ် ကို မျှဝေပေး ထားသည်။ |
| ၂။ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ လေ့လာခြင်း နှင့် ဆွေးနွေးခြင်း | ကျောင်း၏ လက်ရှိအနေအထား အခြေအနေ နှင့် အချိန် နှင့် အမျှတိုးတက်လာသောအခြေအနေတို့ကို စာသင်ခန်း အဆင့်နှင့် ကျောင်းအဆင့်တို့၌ မည်သို့ရှိကြောင်း နားလည် သဘောပေါက်စေရန် အချက်အလက်များကို စုဆောင်း ကောက်ယူခြင်း |
| ၃။ သင်ယူမှုကို အဆင့်မြင့်တင်ပေးနိုင်သည့် အလေ့အထရှိ ခြင်း | ကျောင်း၌ မြင့်မားသော မျှော်မှန်းချက်များထားသည့် ယဉ်ကျေးမှုရှိသည်။ ကျောင်းက ကျောင်းသားတိုင်းကို စာသင်နှစ် တစ်နှစ် အတွင်း တိုးတက်မှုများ ရသွားစေပြီး အောင်မြင်စွာ သင်ယူနိုင်ရန် မျှော်မှန်းထားသည်။ |
| ၄။ ကျောင်းပိုင်ရင်းမြစ်ပစ္စည်းများကို ဦးတည်ချက်၊ ရည်မှန်းချက်ချကာ အကျိုးရှိစွာ အသုံးပြုခြင်း | ကျောင်း၌ ကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် ရုပ်ပိုင်း ရင်းမြစ်များနှင့် လူ့ စွမ်းအား အရင်းအမြစ်များကို အကောင်းဆုံး အသုံးပြု နိုင် ရေး အစီအစဉ် တစ်ခုထားရှိခြင်း။ |
| ၅။ အသင်အပြကောင်းသော နှံ့စပ်ကျွမ်းကျင်သော ဆရာများ ပါဝင်သည့် သင်ပြမှုဆိုင်ရာ အသင်းဖွဲ့စည်းထားခြင်း | ကျောင်းက ဆရာများအား အသင်းအဖွဲ့ တစ်ခု အနေနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ပံ့ပိုးထားသည်။ ကျောင်းသားများ၏ သင်ယူမှုအကြောင်းနှင့် သူတို့၏ သင်ကြားရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုများကို ဆက်လက် တိုးတက်ကောင်းမွန်စေရန် မည်သို့ လုပ်ဆောင်နိုင်ကြောင်းတို့ကို စကားဝိုင်းဖွဲ့ ဆွေးနွေး နိုင်ကြသည်။ |

| နယ်ပယ် | အကျဉ်းချုပ်ဖော်ပြချက် |
|---|---|
| ၆။ သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများကိုစနစ်တကျ သင်ကြား ပို့ချ ပေးခြင်း | ကျောင်းတွင် ပြတ်သားရှင်းလင်းသော ရှေ့နောက် စီစဉ်တကျ သင်ယူမှု ပါဝင်သည့် သင်ရိုးညွှန်းတမ်း အစီအစဉ် တစ်ခုထားရှိသည်။ ကျောင်းစာသင်နှစ် တစ်နှစ်စီအတွက် သင်ကြားမှုသည် ၎င်းနှစ်၏ ရှေ့မှ သင်ထားပြီးသည့် တို့အပေါ်အခြေခံ တည်ဆောက်ထားပြီး နောက်ထပ်သင်ရန် အကြောင်း အရာများအတွက် အခြေခံအုတ်မြစ်များကိုချပေး နိုင်သည်။ |
| ၇။ သင်ကြား၊ သင်ယူမှုတို့ကို လိုအပ်ချက် အလိုက် ပြင်ဆင် လုပ်ဆောင် ပေးနိုင်ခြင်း | ကျောင်းသားများသည် သူတို့၏ သင်ယူပေါက်မြောက်မှု၌ ခြားနားသောအဆင့် အခြေအနေ အမျိုးမျိုးတို့၌ ရှိနေကြမည် ဖြစ်ကြောင်းနှင့် ဆရာများက ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်များနှင့် ညီညွတ်အောင် သူတို့၏ သင်ကြားမှုကို လိုက်လျော ညီထွေပြုပြင် ပြောင်းလဲလုပ်ဆောင်ရန် လိုအပ်ကြောင်း ကို ကျောင်းက အသိအမှတ် ပြုထားသည်။ |
| ၈။ ထိရောက်အောင်မြင်သော သင်နည်းဗေဒဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုများ ရှိခြင်း | ဆရာများအား သက်သေသာဓက အခြေပြုသော သင်ကြားနည်း အမျိုးမျိုးတို့ကို နားလည်သဘောပေါက် လာစေရန် ကျောင်းကပံ့ပိုးပေးသည်။ ဦးဆောင်အသင်း က သင်ကြားမှုအရည်အသွေးကို စောင့်ကြည့်လေ့လာ ခြင်း၊ ဆရာများအားတုံ့ပြန်အကြံပြုချက်များ ပံ့ပိုးခြင်းနှင့် အထူးထိရောက်မှုရှိသော သင်ကြားမှုဆိုင်ရာ လက်တွေ့ ဆောင်ရွက်မှုများကို နမူနာပြ / သရုပ်ပြ ပေးခြင်း တို့ကို ပြုလုပ်ကြသည်။ |
| ၉။ ကျောင်းအချင်းချင်းမိတ်ဖက်အသင်းအဖွဲ့များအဖြစ် ချိတ်ဆက်ဆောင်ရွက်နိုင်သော အသိုက်အဝန်းတစ်ခု ဖွဲ့စည်း ထားခြင်း | ကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန် ကျောင်းတစ်ကျောင်းသည် အခြား ကျောင်းတစ်ကျောင်းနှင့်ဖြစ်စေ၊ တက္ကသိုလ်တစ်ခုနှင့် ဖြစ်စေ၊ ဒေသဆိုင်ရာ/ပြည်တွင်း စီးပွားရေးလုပ်ငန်း တစ်ခုနှင့် ဖြစ်စေ၊ ဒေသခံ ရပ်ရွာလူထု အစုအဖွဲ့နှင့် ဖြစ်စေ ချိတ်ဆက်ကာ မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်း ထားတတ်ကြ သည်။ |

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းအရည်အသွေး အညွှန်းဘောင်ပါ အချက်အလက်များအရ သင်ကြားရေး ထိရောက်မှုရှိသော ကျောင်းများ၏ ဘုံတူညီသည့် ဝိသေသလက္ခဏာများကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံကျောင်းအရည်အသွေးအာမခံမှု စံသတ်မှတ်ချက်များ အညွှန်းဘောင်၏ ရှုထောင့်များကို သတ်မှတ်ဖော်ထုတ်တတ်မည်။

၂။ ကျောင်းအရည်အသွေး အာမခံမှု စံသတ်မှတ်ချက်အညွှန်းဘောင် (SQASF) အသစ်အကြောင်း ကြားဖူးသူ ရှိ/မရှိ ကို ကျောင်းသားများအား မေးပါ။ သူတို့သိထားသော အချက်များကို အတန်းနှင့်မျှဝေပါ။

ကျောင်းပြင်ပပညာရေးနှင့် စဉ်ဆက်မပြတ်ဆရာအတတ်ပညာဖွံ့ဖြိုးမှုတို့နှင့် ပတ်သက်သော ဆက်စပ် အခြေအနေများတွင် SQASF အကြောင်းကို ဤအခန်း၏ ပထမသင်ခန်းစာတွင် ရည်ညွှန်းထားသည်ကိုမှတ်သားပါ။

၃။ ကျောင်းသားများအား လေးထောင့်ကွက် (၁.၅) ကို ကြည့်ရှုရန် ညွှန်ကြားပါ။

၄။ အညွှန်းဘောင်၏ ဖွဲ့စည်းပုံကို အထူးအလေးပေးဖော်ပြပါ။

- ရှုထောင့် (၆) ခုနှင့်
- စံသတ်မှတ်ချက် (၁၈) ခုတို့ပါဝင်သည်။

၅။ ကျောင်းသား (၃) ဦးကို ရွေးချယ်၍ စံသတ်မှတ်ချက် (၁၈) ချက်ထဲမှ တစ်ခုကို သတ်မှတ်ဖော်ထုတ်စေမည်။ ထို့နောက် စက္ကန့် (၃၀) မျှသာ ကြာမြင့်သော သရုပ်ဆောင် သင်ယူမှုတစ်ခုကို အသံတိတ်သရုပ်ဆောင်ကြရမည်။

ဥပမာ - စံသတ်မှတ်ချက် (၆.၂) ကျောင်းသားများ၏ သင်ယူမှုပေါက်မြောက်ရေးတွင်မိဘများနှင့် မိသားစုများကတက်ကြွစွာ ကူညီပံ့ပိုးပေးကြသည်။ ထိုအချက်ကို သရုပ်ဆောင်မှုဖြင့် သင်ယူရာတွင် ကျောင်းသား (၄) ဦးအနက် တစ်ဦးက မိဘ၊ တစ်ဦးက ကျောင်းသားနှင့် တစ်ဦးက ဆရာအဖြစ် သရုပ်ဆောင်ရမည်။ နံနက်ခင်း ကျောင်းမတက်မီ မိဘက ကျောင်းသားကို ကျောင်းသို့ လိုက်ပို့ပုံ၊ ကျောင်းသားပညာရည်တိုးတက်မှုအတွက် ဆရာနှင့်ဆွေးနွေးပုံတို့ကို စက္ကန့် (၃၀) စာ သရုပ်ဆောင် ရမည်။

၆။ သရုပ်ဆောင်သင်ယူမှုပြုသွားသော ကျောင်းသား (၃) ဦး ပြသွားသည့် အကွက်တွင်တွေ့ရသော စံသတ်မှတ်ချက်ကို ဖော်ထုတ်သတ်မှတ်ရန် အခြားကျောင်းသားများအား ဆရာက ညွှန်ကြားပါ။ သရုပ်ဆောင်သင်ယူမှု ပြကွက်များ ပြသနိုင်ရန် အုပ်စု (၃) ခု သို့မဟုတ် (၄) ခုကို ရွေးချယ်ပေး၍ စံသတ်မှတ်ချက်များကို သရုပ်ဆောင် သင်ယူစေမည်။

**သင်ယူမှုလုပ်ငန်း (၃)။ မြန်မာနိုင်ငံ၏ ကျောင်းအရည်အသွေး အာမခံမှုစံ သတ်မှတ်ချက် အညွှန်းဘောင် (SQASF) နှင့် သြစတြေးလျနိုင်ငံ၏ အမျိုးသားအဆင့် ကျောင်းများ (အဆင့်အတန်း) ကောင်းမွန် တိုးတက်ရေး (NSIT) တို့ကို နှိုင်းယှဉ်ခြင်း**

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက်** - မြန်မာနိုင်ငံ၏ SQASF နှင့် သြစတြေးလျနိုင်ငံ၏ NSIT တို့ကို ကျယ်ပြန့်စွာ နှိုင်းယှဉ်ဖော်ပြတတ်စေရန်

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲစေမည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ယူမှုလုပ်ငန်း (၃) ကို ကြည့်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ ဇယား (၁.၃) ထဲမှ ထောင်လိုက်အကွက်များ (columns) တွင် SQASF နှင့် NSIT တို့ကို ယှဉ်တွဲပြထားသည်။ SQASF အညွှန်းဘောင်မှ စံသတ်မှတ်ချက်အသီးသီးနှင့်ဆက်စပ်ညီညွတ်သော NSIT မှ စံသတ်မှတ်ချက် အသီးသီးတို့ကို ဆက်သွယ်ပေးသော မျဉ်းကြောင်းများဆွဲသားရန် ကျောင်းသားအတွဲများ (Pair) ကို ညွှန်ကြားပါ။

- မည်သည့်အချက်များကို SQASF ထဲတွင် အထူးအလေးပေးထားသည်ဟု ဆိုနိုင်သနည်း။
- SQASF ၏ရှုထောင့်များသည် NSIT ၏ နယ်ပယ်များနှင့်ဆက်စပ်ညီညွတ်မှုရှိကြပါသလား။

၄။ အတန်းသို့ ပြန်လည်မျှဝေသတင်းပို့ရန်ကျောင်းသားများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများမှ ရလာသော အဖြေများကို အတန်းနှင့်မျှဝေပေးမည့် အုပ်စုတိုင်းမှ သတင်းပို့သူများကို ရွေးချယ်ခြင်းဖြင့် ကျောင်းသားများ နားလည်သဘောပေါက်မှုကိုဆရာက စစ်ဆေးအကဲဖြတ်နိုင်လိမ့်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အညွှန်းဘောင်ပုံစံ (၂) မျိုး အကြား ဆက်စပ် ညီညွတ်မှု အခိုင်အမာရှိပါသည်။ ခြားနားချက်များကို အောက်ဖော်ပြပါ ဇယားတွင်ဖော်ပြထားသည်။

**ဇယား ၁.၃ (က)။ ထိရောက်အောင်မြင်မှုရှိသောကျောင်းများ၏ အဓိကကျသော ဝိသေသလက္ခဏာများ**

| SQASF ၏ နယ်ပယ် (၆) ခု | NSIT ၏ နယ်ပယ် (၉) ခု |
| --- | --- |
| | ၁။ ရှင်းလင်းလွယ်ကူစွာ ရေးသားပြုစုထားသော ကျောင်းတိုးတက်ရေးလုပ်ငန်းအစီအစဉ် ထားရှိခြင်း |
| | ၂။ အချက်အလက်များကို ခွဲခြမ်း စိတ်ဖြာလေ့လာခြင်း နှင့် ဆွေးနွေးခြင်း |
| ၁။ သင်ယူမှုနှင့်သင်ကြားမှု | ၃။ သင်ယူမှုကို အဆင့်မြှင့်တင်ပေးနိုင်သည့် အလေ့အထရှိခြင်း |
| ၂။ လုပ်ငန်း တတ်ကျွမ်းမှုဆိုင်ရာ စွမ်းရည် / အတတ်ပညာဖွံ့ဖြိုးတိုးတက်မှု | ၄။ ကျောင်းပိုင်ရင်းမြစ်များကို ဦးတည်ချက်၊ ရည်မှန်းချက်ချကာ အကျိုးရှိစွာ အသုံးပြုခြင်း |
| ၃။ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု | ၅။ အသင်အပြကောင်းသော နှံ့စပ်ကျွမ်းကျင်သော ဆရာများပါဝင်သည့် သင်ပြမှုဆိုင်ရာ အသင်းဖွဲ့စည်းထားခြင်း |
| ၄။ အခြေခံဆောက်အအုံနှင့် ရင်းမြစ်များ | ၆။ သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများကို စနစ်တကျ သင်ကြားပို့ချပေးခြင်း |
| ၅။ အသုံးစရိတ်များနှင့်ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု | ၇။ သင်ကြားမှု၊ သင်ယူမှု တို့ကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးခြင်း |
| ၆။ကျောင်းသားမိဘများနှင့် ရပ်ရွာအဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှု | ၈။ ထိရောက်အောင်မြင်သော သင်နည်းဗေဒဆိုင်ရာ လက်တွေ့ ဆောင်ရွက်မှုများရှိခြင်း |
| | ၉။ ကျောင်းအချင်းချင်း မိတ်ဖက်အသင်းအဖွဲ့များအဖြစ် ချိတ်ဆက်ဆောင်ရွက်နိုင်သော အသိုက်အဝန်းတစ်ခု ဖွဲ့စည်းထားခြင်း |

## မှတ်စုများ

**NSIT နယ်ပယ်** - ရှင်းလင်းလွယ်ကူစွာရေးသားထားသော ကျောင်းတိုးတက်ရေးလုပ်ငန်းအစီအစဉ်

- SQASF တွင် သီးခြားရှုထောင့်တစ်ခု အနေနှင့် မပါဝင်သော်လည်း SQASF စံသတ်မှတ်ချက်များတွင် ကျောင်းတိုးတက်ရေး လုပ်ငန်းအစီအစဉ်ကို ရည်ညွှန်းမှု ပါရှိသည်။

- ၅.၂ ကျောင်း၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုက ကျောင်းသားများသင်ယူရာတွင် နှင့် ကျောင်းအရည်အသွေး မြှင့်တင်ရာတွင် ကူညီပံ့ပိုးနိုင်သည်။
- ၆.၁ ကျောင်းအရည်အသွေးတိုးတက်ရေးအစီအစဉ်နှင့် လုပ်ငန်းများတွင် မိဘဆရာအသင်းဝင်တို့က ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးကြသည်။

**NSIT နယ်ပယ် -** အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းနှင့်ဆွေးနွေးခြင်း

- ထိုစံသတ်မှတ်ချက်သည် SQASF အညွှန်းဘောင်၏ ရှုထောင့်တစ်ခု မဟုတ်သော်လည်း SQASF စံသတ်မှတ်ချက်များတွင် အချက်အလက်များအကြောင်း ဆွေးနွေးမှုပါဝင်သည်။
  "ကျောင်းအုပ်ကြီးအပါအဝင်ကျောင်းအတွက် ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုကို ဆောင်ရွက်ရသော တာဝန်ရှိပုဂ္ဂိုလ်များအားလုံးတို့သည် ဆရာများ၊ ရုံးဝန်းထမ်းများ နှင့် ကျောင်းသားများ၏ စွမ်းဆောင်မှု / ဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို စောင့်ကြည့် လေ့လာပြီး အကဲဖြတ်သုံးသပ်ကြသည်။ အချက်အလက် စုဆောင်း ကောက်ယူမှုနှင့် စီမံခန့်ခွဲမှုတို့ တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သော လုပ်ဆောင်မှု များကို စီစဉ် ပြင်ဆင်ထားကြသည်။"

**NSIT နယ်ပယ်** - သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများကိုစနစ်တကျသင်ကြားပို့ချပေးခြင်း

- SQASF အညွှန်းဘောင်တွင် အလွန်အရေးကြီးသောကျောင်း သင်ရိုးညွှန်းတမ်း အစီအစဉ်ကို သီးသန့် ရည်ညွှန်းထားချက် မတွေ့ရှိရသော်လည်း ဆရာတတ်ကျွမ်းမှုနှင့် ပတ်သက်၍မူ ထည့်သွင်းထားသည်။ ဆရာ၏အစီအစဉ်ရေးဆွဲခြင်း (၁.၄.၁) တွင် ဖော်ပြထားချက်မှာ ဆရာများသည် ကျွမ်းကျင်မှု ရှိပြီး အစီအစဉ်များကို လည်း ပုံစံချရေးဆွဲ (ဒီဇိုင်းဆွဲ) နိုင်ရမည်။
- ဩစတြေးလျနိုင်ငံ၌ ကျောင်းများသည် ကျောင်းအလိုက်သင်ရိုးညွှန်းတမ်း အစီအစဉ် ရေးဆွဲခြင်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ ကျောင်းသားများ၏ လက်ရှိ အသိပညာနှင့် အမျိုးမျိုးပြောင်းလဲနေသော နောက်ခံ အခြေအနေများအပေါ် မူတည်၍ ကျောင်း၏ သင်ရိုးညွှန်းတမ်းကို ဒေသနှင့် ကိုက်ညီအောင် ပြုပြင်နိုင်ရန်အတွက် ဦးစားပေးအကြောင်းအရာ တစ်ခုကို

တင်ပြရမည်။ ထိုအကြောင်းအရာကို သင်ကြားရာ၌ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်း သင်ကြားပို့ချမှု အစီအစဉ် စာသင်နှစ် တစ်နှစ်အတွက် သတ်မှတ်ထားသော ကာလအပိုင်းအခြား (terms) အလိုက်နှင့် သင်ခန်းစာ အခန်းအလိုက် အစီအစဉ်များ၊ စာသင်ခန်းတွင်း သင်ကြားမှုနှင့် ကျောင်းသား များ၏ တိုးတက်မှုကို ပုံမှန် စစ်ဆေးအကဲဖြတ်ခြင်း အစီအစဉ်များ စသည်တို့ကို ဩစတြေးလျနိုင်ငံ သင်ရိုး ညွှန်းတမ်း မျှော်မှန်းချက်များနှင့် အညီ ဆောင်ရွက် ရန်လိုအပ်ပါသည်။

**SQASF မူဘောင်** - ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု

- NSIT တွင် ဤရှုထောင့်နယ်ပယ်တိုက်ရိုက်မပါဝင်သော်လည်း နယ်ပယ် (၉) ခု စလုံးတွင် ခိုင်မာသော ခေါင်းဆောင်မှုဆိုင်ရာ သတ်မှတ်ချက်များကို ရည်ညွှန်း ကိုးကားမှု အမျိုးစုံတွေ့ရှိနိုင်ပါသည်။ သက်သေသာဓက အဖြစ်ဘောင်ခတ်ပြ ထားသော လေးထောင့်ကွက် (၁.၄) Professor Groff Masters ၏ရှင်းလင်း ဟောပြောမှုတွင် တွေ့ရှိနိုင်သည်။
- ကျောင်းဦးဆောင်/ခေါင်းဆောင်မှုအဖွဲ့သည် ၎င်း၏လုပ်ငန်းကို စိတ်ရောကိုယ်ပါ မြှုပ်နှံပြီး စိတ်ဝင်စားစွာဆောင်ရွက်ပေးသည်။ ဆရာများ၏သင်ကြားမှု အရည်အသွေးကို စောင့်ကြည့် လေ့လာသည်။ ဆရာများကို တုံ့ပြန်အကြံပြုချက် များပံ့ပိုးပေးသည်။ ထိရောက်မှုအရှိဆုံး သင်ကြားမှု လက်တွေ့အလေ့အကျင့်များ ကိုလည်း နမူနာဆောင်ရွက်ပြသည်။ သရုပ်ပြသင်ကြားမှု ပံ့ပိုးပေးသည်။

## စာသင်ချိန် (၄)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ SQASF ၏ ရှုထောင့် (၆) ခုကိုချရေးရန် ကျောင်းသားများကိုညွှန်ကြားပါ။

၂။ အတန်းသို့ ပြန်လည်သတင်းပို့မည့် ကျောင်းသားများကို ရွေးချယ်ပါ။

၃။ “SQASF ရှုထောင့် (၆) ခုကို ကျောင်းများက မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (self-assessment) ပြုနိုင်ရန်အတွက် သက်သေခံအထောက်အထားရင်းမြစ်များကို ဖော်ထုတ် သတ်မှတ်ပေးခြင်း” အပိုင်းကို ကျောင်းသားကိုင်စာအုပ်ထဲမှ ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၄။ ကျောင်းအရည်အသွေး အာမခံမှုစံသတ်မှတ်ချက် အညွှန်းဘောင် (SQASF) သည် အောက်ဖော်ပြပါအချက်တို့အပေါ်တွင် မူတည်ကာ တည်ဆောက်ထားခြင်းဖြစ်ကြောင်းကို အလေးပေး ဖော်ပြပါ။

- ရှုထောင့်များ (ကဏ္ဍများ) (dimension)
- စံသတ်မှတ်ချက်များ (standards)
- အညွှန်းကိန်းများ (indicators)
- သက်သေသာဓက သက်သေအထောက်အထား (evidence)

၅။ ဤအချက်တွင် SQASF သည် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) နှင့် တည်ဆောက်ပုံခြင်း ဆင်တူမှုရှိသည်။ TCSF ကိုအောက်ပါအချက်များ အပေါ်မူတည်ကာ တည်ဆောက်ထားခြင်းဖြစ်သည်။

- ပညာရပ် နယ်ပယ်များ (domains)
- စံသတ်မှတ်ချက်များနှင့်အနိမ့်ဆုံးလိုအပ်ချက်များ (standards and minimum requirements)
- အညွှန်းကိန်းများ (indicators)
- သက်သေသာဓက သက်သေအထောက်အထား (evidence)

RPES (ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ ဘာသာရပ်တွင် မိတ်ဆက်ပေးခဲ့သော TCSF (ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်) ပါ သင်ယူမှုအထောက်အထားမှတ်တမ်း (portfolio) တွင် ကျောင်းသားများက အချက်အလက်များ ဖြည့်သွင်းရေးသား ကြရာ၌ သက်သေသာဓက/သက်သေ အထောက်အထား ရင်းမြစ်များသည် အရေးပါလာမည်ဖြစ်ကြောင်းကို ဆရာက ရှင်းလင်းပြောပြပါ။

ကျောင်းသားများက TCSF သင်ယူမှုအထောက်အထားမှတ်တမ်းကို ရေးသားပြုစုသည့်အခါ သက်သေအထောက်အထားပြရင်းမြစ်များသည် အရေးပါလာမည်ဖြစ်ကြောင်းကို ဆရာက ရှင်းလင်းပြပါ။ ပြန်လည်သုံးသပ်ခြင်းအလေ့အကျင့်နှင့် မရှိမဖြစ်သည့် ကျွမ်းကျင်မှုများ (RPES) တွင် TCSF သင်ယူမှုအထောက်အထားမှတ်တမ်းအကြောင်းကို မိတ်ဆက်ပေးခဲ့ပြီး ဖြစ်သည်။ ဤစာသင်နှစ်ကာလအတွင်း လုပ်ငန်းခွင်အကြိုဆရာ အဆင့်ဖြစ်သည့် ဒုတိယနှစ် သင်တန်းတွင် သူတို့ပြည့်မီရမည်ဖြစ်သည့် TCSF ၏ အနိမ့်ဆုံး လိုအပ်ချက်များကို ပြည့်မီကြောင်းပြသနိုင်ရန် အတွက် ကျောင်းသားများသည် အရည်အသွေးမြင့်မားသည့် သက်သေအထောက်အထားပြရင်းမြစ်များကို ရှာဖွေဖော်ထုတ် သတ်မှတ် နေရပါမည်။

၆။ SQASF စံသတ်မှတ်ချက်အတွက် အထောက်အထားပြနိုင်သောရင်းမြစ်များအကြောင်းကို အထူးအာရုံစိုက်ဂရုပြုကာ လေးထောင့်ကွက် (၁.၆) ထဲမှ ပေးထားသော ဥပမာကို ဆွေးနွေးပါ။

**သင်ယူမှုလုပ်ငန်း (၄)။ SQASF ပါ ရှုထောင့် (၆) ခုကို ကျောင်းများက မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်ခြင်း (self-assessment) ပြုနိုင်ရန်အတွက် သက်သေခံအထောက်အထားရင်းမြစ်များကို ဖော်ထုတ်သတ် မှတ်ပေးခြင်း**

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် (သင်ယူမှုလုပ်ငန်း (၂၅) မိနစ်၊ မျှဝေခြင်း (၁၀) မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား (၃) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - SQASF အညွှန်းဘောင်ထဲမှ စံသတ်မှတ်ချက်တစ်ရပ်ကို ပြည့်မီကြောင်း၊ မည်သည်တို့က သက်သေခံအထောက်အထားဖြစ်စေနိုင်ကြောင်း နားလည်သဘောပေါက်စေရန်

၁။ ကျောင်းသားများအား (၃) ဦးလျှင် အုပ်စုတစ်ခုအဖြစ် အုပ်စုငယ်များ ဖွဲ့စည်းရန် ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ယူမှုလုပ်ငန်း (၄) ကို ကြည့်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် ကျောင်းသားများအား ညွှန်ကြားပါ။

- လေးထောင့်ကွက် (၁.၇) ထဲမှ စံသတ်မှတ်ချက် (၁.၁) ဖြစ်သည့် "ကျောင်းသားများသည် သင်ယူမှု အခွင့်အလမ်းများ ရရှိကြပြီး သင်ယူမှု ရလဒ်များကိုလည်း အောင်မြင် ပေါက်မြောက်ကြသည်" တွင်ပါဝင်သည့် အညွှန်းကိန်းအစုံ (set of indicators) ကို သေချာ စွာ လေ့လာကြည့်ရှုပါ။
- ကျောင်းများက ၎င်းတို့၏ ဆောင်ရွက်မှုများကို ဤစံသတ်မှတ်ချက်နှင့် တိုက်ဆိုင်စစ်ဆေးကာ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှု (self-assessment) ပြုရာတွင် မည်သည့် သက်သေအထောက်အထားပြရင်းမြစ်များကို ပြန်လည်ဆန်းစစ်သင့်သည်ဟု သင့်အနေနှင့် ထင်မြင်ပါသနည်း။ မည်သည့်သက်သေအထောက်အထား ရင်းမြစ်များသည် ကျောင်းများအတွက် ပြန်လည်ဆန်းစစ်ရန် သင့်တော်မည်ဟု ထင်မြင်ပါသနည်း။

ဤလေ့ကျင့်ခန်းကို ပြီးမြောက်အောင် ဆောင်ရွက်ရာ၌ သင့်အား အထောက်အကူပြုစေရန် လေးထောင့်ကွက် (၁.၆) တွင်ပါရှိသည့် သက်သေအထောက်အထား ရင်းမြစ်များ (evidence source) များကိုပြန်လည် ကြည့်ရှုလေ့လာပါ။

- ကျောင်းသားကိုင်စာအုပ်မှ လေးထောင့်ကွက် (၁.၇) တွင် သင်တို့အဖြေများကို မှတ်တမ်းတင် ရေးသားထားပါ။

၄။ အတန်းသို့ပြန်လည် သတင်းပို့/မျှဝေမည့်အုပ်စုများကို ဆရာက ရွေးချယ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ရရှိထားသော အဖြေများကို အတန်းနှင့် မျှဝေပေးမည့် ကျောင်းသားအုပ်စုများ ရွေးချယ်ထားခြင်းဖြင့် ကျောင်းသားများ၏ နားလည် သဘောပေါက်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**လေးထောင့်ကွက် ၁.၇။ SQASF အညွှန်းဘောင်မှ ရှုထောင့်များ၊ စံသတ်မှတ်ချက်၊ အညွှန်းကိန်းများနှင့် သက်သေခံအထောက်အထားရင်းမြစ်များ**

| ရှုထောင့် - သင်ယူမှုနှင့်သင်ကြားမှု |
|---|
| **စံသတ်မှတ်ချက် (၁.၁) ကျောင်းသားများသည် သင်ယူမှုအခွင့်အလမ်းများရရှိကြပြီး သင်ယူမှု ရလဒ်များကိုလည်း အောင်မြင်ပေါက်မြောက်ကြသည်။** |

**သက်သေအထောက်အထားရင်းမြစ်များ (sources of evidence)**

**အညွှန်းကိန်း (၁.၁)(က)** ခြားနားသော ဘဝနောက်ခံအမျိုးမျိုးမှလာကြပြီး ခြားနားသော အရည်အချင်းအမျိုးမျိုးရှိသည့် ကျောင်းနေအရွယ် ကလေးငယ်တို့သည် ကျောင်းသို့ အပ်နှံခွင့်ရရှိကြပြီး အခမဲ့ ပညာသင်ကြားခွင့် ရရှိကြသည်။

- ကျောင်းအပ်နှံမှုဆိုင်ရာ အချက်အလက်များ (Enrolment data)
- ပညာထူးချွန်ဆု/ပညာသင်ဆုများ (scholorships)၊ ထောက်ပံ့ကြေးများ (stipends) သို့မဟုတ် အခြားအမျိုးအစား ကျောင်းသားများအတွက် သက်သာချောင်ချိရေး အစီအစဉ် (welfare) တစ်ခုခုကို ခံစားခွင့် ရရှိသော ကျောင်းသားများ၏ စာရင်း

**အညွှန်းကိန်း (၁.၁) (ခ)** ကျောင်းသားများက ကျောင်းမှန်မှန်တက်ကြသည်။

- အတန်းတက်ရောက်မှုဆိုင်ရာ အချက်အလက်များ (ကျောင်းခေါ်ချိန်များ)

**အညွှန်းကိန်း (၁.၁) (ဂ)** ကျောင်းသားများက သင်ယူမှုရလဒ်များကို အောင်မြင် ပေါက်မြောက်ကြသည်။ ဘဝနောက်ခံနှင့် အရည်အချင်းကွဲပြားသော ကလေးများပါ အောင်မြင်ကြကြောင်း သက်သေ အထောက်အထားရှိသည်။

- သင်ခန်းစာအစီအစဉ်များ- ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန် ဆရာက စီစဉ်ထားရှိခြင်း
- ကျောင်းသားလုပ်ငန်း
- ကျောင်းသားများ၏ တတ်မြောက်မှု စစ်ဆေး အကဲဖြတ်ခြင်းနှင့် သင်ယူမှုရလဒ် ပေါက်မြောက်ခြင်းဆိုင်ရာ မှတ်တမ်းများ

**အညွှန်းကိန်း (၁.၁) (ဃ)** - ကျောင်းသားများသည် သူတို့ရောက်ရှိရာ အတန်းအဆင့်နှင့် ကိုက်ညီသော သင်ယူမှုရင်းမြစ်များကို ရယူသုံးစွဲနိုင်ကြသည်။

- ကျောင်းသားများရယူအသုံးပြုနိုင်သော ရင်းမြစ်များကို ဖော်ပြထားသည့် ကျောင်းမှ မှတ်တမ်းများ
- ကျောင်းသားများ သင်ယူမှုအတွက် အထူးအထောက်အကူပြုသော ပစ္စည်းကိရိယာများ (specialist facilitics) ကို ဆရာများ အသုံးပြုမှုမှတ်တမ်းများ (စာကြည့်တိုက် သိပ္ပံလက်တွေ့စမ်းသပ်ခန်း၊ ICT နှင့် ဘက်စုံသုံး မီဒီယာခန်းများ အသုံးပြုမှု)
- သင်ခန်းစာအစီအစဉ်များ၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းများ သုံးစွဲမှုအတွက် ရေးသားထားသော ဆရာ၏ အစီအစဉ်

**အညွှန်းကိန်း (၁.၁) (င)** - အတန်းတစ်တန်းမှ အခြားတစ်တန်းသို့ အတန်းကူးပြောင်းသူ၊ အဆင့်တစ်ဆင့်မှ အခြားတစ်ဆင့်သို့ (ဥပမာ- မူလတန်းဆင့်မှ အလယ်တန်းဆင့်သို့) နှင့် ကျောင်းတစ်ကျောင်းမှ အခြားတစ်ကျောင်းသို့ ကူးပြောင်းလာသူ ကျောင်းသားများ၌ အတွေ့အကြုံကောင်းများ ရလာကြသည်။ (အောင်မြင်စွာ ဆောင်ရွက်နိုင်ကြသည်။)

- ကျောင်းသားအပြောင်းအရွှေ့ဆိုင်ရာ စာရွက်စာတမ်းများနှင့် ပညာရေး (ကျောင်းထွက်မှု) (dropout) ဆိုင်ရာ အချက်အလက်များ

## စာသင်ချိန် (၅)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| အချိန် | (၂၀) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- သက်သေအထောက်အထားကို အခြေပြုထားသော စဉ်ဆက်မပြတ် အရည်အသွေး တိုးမြှင့်မှု လုပ်ငန်းစဉ်များ၏ အရေးပါမှုကို ရှင်းလင်းပြတတ်မည်။

၂။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ "ကျောင်းအရည်အသွေး တိုးတက်မြင့်မားရေး" သင်ခန်းစာကိုကြည့်ရှုလေ့လာရန် ညွှန်ကြားပါ။

၃။ အောက်ပါအချက်တို့ကို လေ့လာရန်ညွှန်ကြားပါ။

- မိမိကိုယ်ကို စစ်ဆေးခြင်း (self-assessment) ၏အရေးပါပုံ
- SQIP ကော်မတီများ၏ အခန်းကဏ္ဍများ
- SQIP ၏အခန်းကဏ္ဍများ

၄။ ပုံ (၁.၁၅) ကို ရည်ညွှန်းပါ ။ ပုံ (၁.၁၅) ကိုကျောင်းအရည်အသွေးတိုးတက်မြင့်မားရေးသံသရာလည်ပုံ (quality improvement cycle) အဖြစ်ရှုမြင်နိုင်သည်။

၅။ ခက်ဆစ်အဘိဓာန်တွင် "အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်မြင့်မားရေး အယူအဆ" (continuous quality improvement) ၏အဓိပ္ပာယ်ကိုရှာဖွေရန် ကျောင်းသား များအားညွှန်ကြားပါ။

၆။ ကျောင်းသားများအား သူတို့၏ ကိုယ်ပိုင် သင်ကြားမှုဆိုင်ရာ အလေ့အကျင့်နှင့်

စပ်လျဉ်း၍ မည်သည့် အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်မြင့်မားရေး သံသရာစက်ဝန်း နှင့် မိတ်ဆက်ပေးခဲ့သနည်း ဟု မေးပါ။ မြန်မာနိုင်ငံပညာရေး ဒီဂရီကောလိပ်များ အတွက် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် ထဲမှ "သင်ကြားမှုနည်းစနစ်ဆိုင်ရာ ပညာရပ်" (Teaching methodology) အပိုင်းတွင် အောက်ဖော်ပြပါ တိုးတက်မှု သံသရာစက်ဝန်းကို ထောက်ခံအကြံပြုထားပါသည် (မူကြမ်း၊ ဇွန်လ ၂၀၁၉၊ စာ. ၃၆)။

- သင်ယူခြင်း (မည်သည်ကို မည်သို့ သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
- အသုံးချခြင်း (သင်ကြား သင်ယူမှု ဆိုင်ရာများကို လေ့ကျင့်ခြင်း)
- ပြန်လည်သုံးသပ်ခြင်း၊ မိမိ၏ သင်ကြားမှု အလေ့အကျင့်အားပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း

၇။ ပုံ (၁.၁၅) မှ သံသရာစက်ဝန်းနှင့် သင်ယူခြင်း၊ အသုံးချခြင်းနှင့် ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း အဆင့်များကို ဆက်စပ်မှုပြုပေးရန် ကျောင်းသားများကို ညွှန်ကြားပါ။




**ပုံ ၁.၁၅။ ကျောင်းအရည်အသွေးတိုးတက်မြင့်မားရေး သံသရာလည်ပုံ**

၈။ အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်မြင့်မားရေးသည် -

- ကျောင်းများ၏ လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုများ (school practices) နှင့်
- သင်ကြားမှု ဆိုင်ရာ လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုများ (Teaching practices) တို့နှင့်ဆက်စပ်နေကြောင်းကို ကျောင်းသားများသိရှိအောင် အလေးထားပြောပြပါ။

## သင်ယူမှုလုပ်ငန်း (၅)။ စာသင်ခန်းအတွင်းဆွေးနွေးမှု၌ အဆင့်မြင့်တွေးခေါ်မှုကို အသုံးပြုရသော မေးခွန်းများ၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် (သင်ယူမှုလုပ်ငန်း (၁၅) မိနစ်၊ သတင်းပို့ခြင်း (၅) မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၃) ဦးစီကို တစ်အုပ်စုဖွဲ့ထားသော အုပ်စုများ |

**ရည်ရွယ်ချက် -** ကျောင်းအရည်အသွေးစဉ်ဆက်မပြတ် တိုးတက်မြင့်မားရေး၏ အရေးပါမှုကို ကျောင်းသားများ ပြန်လည် သုံးသပ်စဉ်းစားတတ်စေရန်

၁။ ကျောင်းသားများအား (၃) ဦးကိုအုပ်စုတစ်စု အဖြစ်ဖွဲ့စည်းရန် ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၅) ကို ကြည့်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ အုပ်စုများကို မေးခွန်းများကို ဖြေစေရာ၌ အောက်ပါအတိုင်း ဆောင်ရွက်ပါ။

- ကျောင်းသားတစ်ဦးစီကို မေးခွန်းတစ်ခုစီ ဖြေဆိုစေရမည်။
  - ပထမကျောင်းသား - အရည်အသွေးတိုးတက်မြင့်မားရေးသည် ကျောင်းများအတွက် အဘယ်ကြောင့်အရေးပါရသနည်း။
  - ဒုတိယကျောင်းသား - ကျောင်းအရည်အသွေးစဉ်ဆက်မပြတ် တိုးတက်မြင့်မားရေး သည် ဆရာများ အတွက် အဘယ်ကြောင့် အရေးပါရသနည်း။
  - တတိယကျောင်းသား - ကျောင်းအရည်အသွေးစဉ်ဆက်မပြတ် တိုးတက်မြင့်မားရေးကို ဆောင်ရွက်ရာတွင် သက်သေခံ အထောက်အထားရှိမှုသည် အဘယ်ကြောင့် အခရာ ဖြစ်ရသနည်း။

- မေးခွန်းတစ်ခုစီအတွက် အဖြေပေးရာတွင် အဓိကကျသော အကြောင်းပြချက် (၃) ခုကို ဖော်ပြပါ။
- ကျောင်းသားများ၏ အဖြေကို တစ်ဦးနှင့်တစ်ဦး အချင်းချင်း အပြန်အလှန် ဆန်းစစ်စေမည်။

၄။ အတန်းသို့ပြန်လည် သတင်းပို့မည့်ကျောင်းသားများကို ဆရာကရွေးချယ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ ပေးလာသော အဖြေများမှ တစ်ဆင့် သူတို့၏ နားလည်သဘောပေါက်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်မည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အရည်အသွေးတိုးတက်မြင့်မားရေးသည် ကျောင်းများအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

- မြန်မာနိုင်ငံသားများ၏ စာတတ်မြောက်မှု/ပညာရေးအဆင့်အတန်းကိုပိုမိုမြင့်မားလာအောင် မြှင့်တင်ပေးသည်။
- မိသားစုနှင့် ရပ်ရွာလူထုအတွက် ကြံ့ကြံ့ခံနိုင်စွမ်းကိုတည်ဆောက်ပေးသည်။
- မြန်မာနိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင်ပါဝင်ပံ့ပိုးဆောင်ရွက်ပေးနိုင်သည်။

ကျောင်းအရည်အသွေးစဉ်ဆက်မပြတ်တိုးတက်မြင့်မားရေးသည် ဆရာများအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

- ကျောင်းသားများ၏ သင်ယူမှုနှင့်သင်ယူမှုရလဒ်များကိုကောင်းမွန်တိုးတက်စေသည်။
- ဆရာ၏ လုပ်ကိုင်ဆောင်ရွက်လိုသော စေ့ဆော်မှု (စိတ်ဝင်စားမှု) ကို တိုးတက်လာစေနိုင်ပြီး ၎င်းတို့၏ ဆရာအတတ်ပညာဖြင့် အသက်မွေးမှုကိုလည်း ပိုမိုနှစ်သက်မှု ရရှိလာနိုင်စေသည်။
- အဓိကကျသော ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေချိန်၌ လိုအပ်သော အပြောင်းအလဲများ ပြုနိုင်ရန် ဆရာများကို ကြိုတင်ပြင်ဆင်ပေးသည်။

ကျောင်းအရည်အသွေး စဉ်ဆက်မပြတ်တိုးတက်မြင့်မားရေးကို ဆောင်ရွက်ရာတွင် ခိုင်လုံသောသက်သေအထောက်ထားရှိမှုသည် အဘယ်ကြောင့် အခရာဖြစ်ရသနည်း။ သက်သေအထောက်အထားနှင့် အချက်အလက်များကို အရည်အသွေးတိုးတက်ရေး သံသရာ

စက်ဝန်းလုပ်ငန်းစဉ် အဆင့်အသီးသီးတို့၌ စုဆောင်း ရယူနိုင်ရန် အရေးကြီးပါသည်။ ဆိုလိုသည်မှာ အောက်ပါအဆင့်အသီးသီးတို့မှ ရရှိလာသော အချက်အလက်များကို ပံ့ပိုးပေး ရမည်။

- စီစဉ်ပြင်ဆင်ခြင်းအဆင့် -ကျောင်းတစ်ကျောင်း၏ အနေအထားအခြေအနေသည် မည်သည့် နေရာတွင် ရပ်တည်နေသနည်း။ မည်သည့်အချက်တို့တွင် အားသာချက်များ ရှိကြသနည်း။ မည်သည်တို့သည် ကျောင်း၏ အားသားချက်များဖြစ်ကြသနည်း။ မည်သည့်အပိုင်း ကဏ္ဍတွင် တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်နေသနည်း။
- စောင့်ကြည့်လေ့လာခြင်းအဆင့် - ဦးတည်ရည်မှန်းထားသော တိုးတက်မှုများ ရှုထောင့်မှ ကြည့်ရှုသုံးသပ်လျှင် ထိုကျောင်းသည် မည်ကဲ့သို့ တိုးတက်မှုများ ရရှိလာ နေသနည်း။
- အကဲဖြတ်သုံးသပ်ခြင်းအဆင့် - မျှော်မှန်းဦးတည်ထားသည့် ရလဒ်များကို ထိုကျောင်း က ရရှိခဲ့ပါသလား။

### ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ယူမှုရလဒ်များကို ဖော်ပြသော အချက်အလက်များပေါင်းစပ်ထားသည့်စာပိုဒ် တစ်ခုကို အတိုချုပ်ရေးသားပေးရန် ကျောင်းသားများကို ညွှန်ကြားပါ။
ဤသင်ခန်းစာသင်ယူပြီးဆုံးချိန်၌ ကျောင်းသားများသည်

- ကျောင်းအရည်အသွေးအညွှန်းဘောင်ပါအချက်အလက်များအရ သင်ကြားရေး ထိရောက်မှုရှိသော ကျောင်းများ၏ ဘုံတူညီသည့် ဝိသေသလက္ခဏာများ ကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံ ကျောင်းအရည်အသွေး အာမခံမှုစံသတ်မှတ်ချက်များ အညွှန်းဘောင်၏ ရှုထောင့်များကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- သက်သေအထောက်အထားကို အခြေပြုထားသော စဉ်ဆက်မပြတ် အရည် အသွေးတိုးမြှင့်မှု လုပ်ငန်းစဉ်များ၏ အရေးပါမှုကို ရှင်းလင်းပြတတ်မည်။

**ဥပမာပြထားသော စာပိုဒ်**

မြန်မာနိုင်ငံ' SQASF သည် အခြားသော ကျောင်းအရည်သွေးအညွှန်းဘောင်များနှင့် ဆက်စပ် ညီညွတ်မှုရှိသည့်အပြင် နိုင်ငံတကာအဆင့် အညွှန်းဘောင်များနှင့်လည်း စပ်ဟပ်မှုရှိပါသည်။ ကျောင်းများသည် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (self-assessment) ကိုပြုကြရာတွင် ရှုထောင့်များ၊ စံသတ်မှတ်ချက်များနှင့် အညွှန်းကိန်း များအတိုင်း သက်သေအထောက်အထားများကို ရှာဖွေစုဆောင်းခြင်းနှင့် ၎င်းတို့၏ ခိုင်လုံမှုကို ပြန်လည်ဆန်းစစ်ခြင်းကို ပြုရမည် မိမိကိုယ်ကို စစ်ဆေး အကဲဖြတ်ခြင်းက စဉ်ဆက်မပြတ် အရည်အသွေးတိုးတက်မှုအတွက် လိုအပ်သော အချက်အလက်များကို ရရှိစေနိုင်သည်။

## ၁.၂.၂။ ပညာရရှိရာရင်းမြစ်များ

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းသားတို့၏ သင်ယူမှုကို အဓိကကျသောပညာရရှိရာရင်းမြစ်များက မည်သို့ပံ့သွင်း ပြုပြင်ပေးနိုင်ခဲ့ကြောင်း ပြန်လည်သုံးသပ်တတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန် -** မိနစ်(၅၀) ကြာ စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ပညာရရှိရာ ရင်းမြစ်များ အပေါ်ပြန်လည်သုံးသပ်ချက်များကို နေ့စဉ် မှတ်တမ်းရေးခြင်း

သင်ယူမှုလုပ်ငန်း (၂) - စာသင်ခန်းတွင်းမှ ပိုစတာပြခန်း (class gallery of position)

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းများမေးခြင်း၊ အချင်းချင်း ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၁.၂.၂) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ** - သင်ယူမှုလုပ်ငန်း (၂) ကားချပ်ကြီးဆွဲရန် စာရွက်နှင့် မာကာများ

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**


| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းသားတို့၏ သင်ယူမှုကို အဓိကကျသောပညာရရှိရာရင်းမြစ်များက မည်သို့ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ပြန်လည်သုံးသပ်တတ်မည်။

၂။ ကျောင်းသားများအား သူတို့၏ ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှု ခရီးစဉ် (ဆိုလိုသည်မှာ ပုံ ၁.၃) ကိုပြန်လည်လေ့လာရန် ညွှန်ကြားပါ။




**ပုံ ၁.၃။ ဘဝ တစ်သက်တာနှင့် ဘဝတစ်ခွင် သင်ယူမှု အယူအဆပြအညွှန်းဘောင်**

၃။ "ပညာရရှိရာရင်းမြစ်များ"၏အဓိပ္ပာယ်သတ်မှတ်ချက်ကို ထင်ရှားသိသာအောင် အထူး အလေးပေး ပြောပြပါ။

ပညာရရှိရာရင်းမြစ် ဆိုသည်မှာ ကလေးတစ်ဦးအပေါ်၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပညာရေးနှင့် ပတ်သက်၍ ဩဇာလွှမ်းမိုးနိုင်စွမ်းရှိသည့် ကျောင်း (သို့မဟုတ်) အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ထိုအဖွဲ့အစည်းသည် ပညာပေးရန် သီးသန့်ရည်ရွယ်ချက်ဖြင့် သတ်မှတ်တည်ထောင်ထားသော ကျောင်း/တက္ကသိုလ် စသည့် အဖွဲ့အစည်းတစ်ခုဖြစ်နိုင်သကဲ့သို့ အခြားအဖွဲ့အစည်း တစ်ခုခုလည်းဖြစ်နိုင်သည်။

၄။ ပညာသင်ယူရာ ခရီးစဉ်တစ်လျှောက်တွင် ဖြတ်သန်းခဲ့ရသော ပညာပေးဌာနများ အားလုံးကို သတ်မှတ်ဖော်ထုတ်ပေးရန်ကျောင်းသားများကို ညွှန်ကြားပါ။ (၎င်းတို့ဖြည့်ခဲ့သော ပုံ ၁.၃)

၅။ ကျောင်းသားကိုင်စာအုပ်ပါ “ပညာရရှိရာရင်းမြစ်များ - မိသားစု၊ ကျောင်းနှင့် သက်ရှိယ်တူအုပ်စု” အကြောင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ပညာရရှိရာ ရင်းမြစ်များအပေါ်ပြန်လည် သုံးသပ်ချက်များကို နေ့စဉ်မှတ်တမ်း ရေးခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း |

**ရည်ရွယ်ချက် -** မိသားစု၊ ကျောင်းနှင့် သက်တူရွယ်တူအုပ်စုတို့က မိမိတို့၏ သင်ယူမှု အပေါ် မည်ကဲ့သို့ ပုံသွင်းပြုပြင်ပေးခဲ့ကြပုံကို ကျောင်းသားများအား ပြန်လည်သုံးသပ်စဉ်းစား တတ်စေရန်

၁။ မှတ်စုစာအုပ်ထဲတွင် မိမိတို့ ကိုယ်တိုင်တွေ့ခဲ့ရသော သင်ယူမှု အတွေ့အကြုံတို့ကို ပြန်လည်သုံးသပ်ချက်ရေးသားရန် (သို့မဟုတ်) ပြန်လည် သုံးသပ်မှု မှတ်တမ်းများ ရေးသားကြရန် ကျောင်းသားများကို ညွှန်ကြားပါ။ အောက်ပါမေးခွန်းများမှ အချက်အလက်များကို စဉ်စားရန် ပြောပါ။

**မိသားစု**

- သင့်မိသားစုတွင် မည်သူတို့ပါဝင်သနည်း။
- သင်နှင့် အနီးကပ်ဆုံးမှာ မည်သူဖြစ်သနည်း။
- သင်၏ သင်ယူမှုအပေါ်တွင် သင့်မိသားစုဝင်များထဲမှ မည်သူ၏ဩဇာလွှမ်းမိုးမှုအများဆုံး ရှိခဲ့သနည်း။
- မိသားစုဝင်များ၏ ဩဇာလွှမ်းမိုးမှုသည် အချိန်ကြာလာသည်နှင့်အမျှ မည်ကဲ့သို့ ပြောင်းလဲလာခဲ့သနည်း။

**ကျောင်း**

- သင်၏သင်ယူမှုအပေါ်၌ မည်သည့် ဆရာ၏ ဩဇာလွှမ်းမိုးမှုအများဆုံး သက်ရောက်နေသနည်း။
- သင်၏ ဘဝအပေါ်ရှုမြင်သုံးသပ်ပုံကို ပြောင်းလဲစေသည့်ထူးခြားသော သင်ယူမှုအတွေ့အကြုံ၊ ဘာသာရပ် (သို့မဟုတ်) အတန်းတစ်ခုခုရှိပါသလား။
- နောက်ခံသင်ရိုး၏ ဩဇာလွှမ်းမိုးမှုများကို ဖော်ပြပါ။

**သက်ရွယ်တူအုပ်စု**

- သင်၏အလယ်တန်းကျောင်းနေစဉ်ကာလနှစ်များအတွင်း သင်သည် သက်တူရွယ်တူအုပ်စုအများအပြားထဲမှ အစိတ်အပိုင်း တစ်ခုဖြစ်ခဲ့ပါသလား။
- သင်၏ အတွေးအခေါ်နှင့် အပြုအမူတို့အပေါ်၌ သင်နှင့် သက်တူရွယ်တူအုပ်စုဝင်တို့က မည်မျှအတိုင်းအတာအထိ ဩဇာလွှမ်းမိုးမှုရှိခဲ့သနည်း။
- သင်နှင့် ဤသက်တူရွယ်တူ အုပ်စုဝင်များသည် ယခုတိုင် အနီးကပ်ဆက်သွယ်နေခြင်း ရှိပါသေးသလား။
- ဤနေရာ ပညာရေးဒီဂရီကောလိပ်တွင် သက်တူရွယ်တူအုပ်စုအသစ်ဖွဲ့ပြီးပြီဖြစ်ပါသလား။

**စစ်ဆေးအကဲဖြတ်ခြင်း**

နောက်ထပ်စာသင်ချိန်တွင် ကျောင်းသားများက သူတို့၏ သင်ယူမှုအပေါ်၌ ပညာပေးဌာနများ၏ ပုံသွင်းပြုပြင်ပေးခဲ့ပုံကို ပေါ်လွင်စေမည့် ရုပ်ပြပစ္စည်း (ပိုစတာ) များကို တင်ပြကြရလိမ့်မည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

မှားယွင်းသော အဖြေဟူ၍မရှိပါ။

## စာသင်ချိန် (၂)

### သင်ယူမှုလုပ်ငန်း (၂)။ စာသင်ခန်းတွင်းမှ ပိုစတာပြခန်း (class gallery of position)

| အချိန် | (၄၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |


**ရည်ရွယ်ချက်** - ပညာပေးဌာနများက ကျောင်းသားများ၏ သင်ယူမှုကို မည်ကဲ့သို့ပံ့သွင်းပြုပြင်ခဲ့ပုံကို ပိုစတာတစ်ခုရေးဆွဲပြသတတ်စေရန်

၁။ ကျောင်းသားတစ်ဦးစီအား ပိုစတာရေးဆွဲရန် စာရွက်တစ်ချပ်စီဝေပေးပါ။

၂။ ကျောင်းသားကိုင်စာအုပ်ပါ သင်ယူမှုလုပ်ငန်း (၂) ကို ကြည့်ရှုလေ့လာရန် ကျောင်းသားများအား ညွှန်ကြားပါ။

၃။ အဓိကကျသော ပညာပေးဌာနများက သူတို့၏ သင်ယူမှုကို မည်ကဲ့သို့ ပံ့သွင်းပြုပြင်ပေးခဲ့ပုံကို ပိုစတာတစ်ခုတွင် ထည့်သွင်းရေးသားရမည်ဖြစ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ သင်ယူမှုလုပ်ငန်း (၁) တွင် သူတို့ရေးထားပြီးသည့် မှတ်တမ်းထဲမှ အသေးစိတ် အချက်အလက်များကို ပိုစတာထဲတွင် ထည့်သွင်းရမည်ဖြစ်ကြောင်းကိုလည်းရှင်းပြပါ။

၄။ ထိုပိုစတာရေးဆွဲရန်အတွက် အထိရောက်ဆုံးဖော်ပြနိုင်မည့် ပုံစံကို ရွေးချယ်ရန် ကျောင်းသားများကို အားပေးပါ။ ထိရောက်မှုရှိသော ပုံစံတစ်ခုမှာ ဗဟိုတူစက်ဝိုင်း အဆင့်ဆင့် ပုံစံရေးဆွဲခြင်းဖြစ်သည်။ စက်ပိုင်းအသီးသီးတို့က လွှမ်းမိုးမှု အတိုင်းအတာကို ဖော်ပြသည်။ ဥပမာ - အတွင်းပိုင်းကျသော စက်ဝိုင်းတွင် မိသားစုဝင်များကို သူတို့၏ လွှမ်းမိုးမှုအတိုင်းအတာပေါ် မူတည်၍ ထည့်သွင်းရမည်။




၅။ ပိုမိုကျယ်ဝန်းသော ဩဇာလွှမ်းမိုးမှုများ၏ သက်ရောက်မှုကိုလည်းစဉ်းစားရန် ကျောင်းသားများကို ညွှန်ကြားပါ။ (ဥပမာ- လူထုဆက်သွယ်ရေးနည်းလမ်းများ (Media) နှင့်ဘာသာရေးအဖွဲ့ အစည်းများ) ကျောင်းသားများသည်ကျောင်းသားကိုင်စာအုပ်ပါ “ပညာရရှိရာရင်းမြစ်များ - လူထု ဆက်သွယ်ရေးနည်းလမ်းများ (Media) နှင့် ဘာသာရေးဆိုင်ရာ ကိုးကွယ်မှု” အပိုင်းကို ဖတ်ရှု ကြည့်နိုင်သည်။

၆။ ကျောင်းသားများအား အောက်ပါ မေးခွန်းများကို ပြန်လည်သုံးသပ်ရန် ပြောပါ။ မိသားစုအပြင် ကျောင်း၊ သက်တူရွယ်တူ အုပ်စု၊ မီဒီယာနှင့် ဘာသာရေး အဖွဲ့ အစည်းတို့၏ ဩဇာသည်လည်း ကျောင်းသားတစ်ဦး၏ သင်ယူမှုအပေါ် သက်ရောက်နေကြသည်။ ၎င်းတို့အပြင် သင်၏ ပိုစတာတွင်ထည့်သွင်းရန် သင့်အနေနှင့် အရေးကြီးသည်ဟု ထင်မြင်သော အခြားပညာပေး ဌာနများရှိ/မရှိ ကို ဆရာက ကျောင်းသားများကို မေးမြန်းရမည်။ ဤအခြားသော ပညာပေးဌာနများက သင်ယူမှုကို မည်ကဲ့သို့ ပုံသွင်းပြုပြင်ပေးခဲ့သနည်း။

၇။ ကြည့်ရှုလေ့လာရန်နှင့် မျှဝေရန်အတွက်ပိုစတာများကို စာသင်ခန်းနံရံပေါ်တွင် ချိတ်ဆွဲ ပြသစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်မှုကို အားပေးပါ။ ပို့စတာများကို ကြည့်ရှုသည့်အခါတွင် ဆရာက မေးလိုသော မေးခွန်းများလည်း ပေါ်ပေါက်လာနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားတစ်ဦးစီ၏ အယူအဆအလိုက်တင်ပြပုံများကွဲလွဲနိုင်သည်။ မည်သည့်အဖြေမှ မမှားပါ။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ဆရာများအဖြစ် လက်တွေ့ဆောင်ရွက်မှု၊ သင်ကြားမှုများတွင် သူတို့နှင့် တစ်ပါတည်း သယ်ဆောင်သွားမည့် ရည်ညွှန်းကိုးကားမှုဆိုင်ရာအညွှန်းဘောင်များ (ပညာရေးသဘော တရားနှင့် လက်တွေ့ ကျင့်သုံးမှုဆိုင်ရာ အချက်အလက်အကြောင်းအရာများ) ကို ပြုပြင် ပုံသွင်းပေးခဲ့သည့် ပညာပေးဌာနများကို ပို့စတာများ ရေးဆွဲခဲ့ကြပြီး ဖြစ်သည်။ ပို့စတာများ တွင် သရုပ်ဖော်ထားခဲ့သည်။

ထိုပညာပေးဌာနများက သူတို့၏ တွေးခေါ်မှု၊ ကျင့်သုံးမှုစသည့် အညွှန်းဘောင်များကို မည်ကဲ့သို့ ပုံသွင်းပေးခဲ့ကြောင်း ကျောင်းသားများနှင့်ဆွေးနွေးပါ။

သူတို့ (ပညာရေးဒီဂရီကောလိပ်ကျောင်းသားများ) သည်လည်း နောင်အနာဂတ်၌ မိမိတို့၏ ကျောင်းသားများ (တပည့်များ) အားမိမိတို့ ထံမှ ပါလာသော လွှမ်းမိုးမှုများနှင့် အတွေ့အကြုံ များ ပေါ်မူတည်၍ ပုံသွင်းပြုပြင်ကြဦးမည့်သူများဖြစ်ကြောင်းကို အလေးပေးသိရှိစေရမည်။

TCSF ထဲမှ ထိုအချက်နှင့် ဆက်စပ်သော တတ်ကျွမ်းမှုကို ရည်ညွှန်းကိုးကားပါ။

- (ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏ လက်တွေ့သင်ကြားမှုများအား လွှမ်းမိုးနေသောနောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်း ပြသသည်။

ဤတတ်ကျွမ်းမှုကို ကျယ်ပြန့်စွာ အနက်အဓိပ္ပာယ်ကောက်ယူသင့်ကြောင်းဆရာက ရှင်းပြပါ။ ဆရာများ၏ လက်တွေ့သင်ကြားမှုကို ဖြစ်ပေါ်စေသော/ အကြောင်းအရာများကို ပံ့ပိုးဖြည့်တင်းပေးနေသည့် နောက်ခံသဘောတရားများကို သာမက အခြားအချက်အလက်များကိုလည်း နားလည်ရန်အရေးကြီးပါသည်။ ဆရာများသည်လည်း လူသားများ ဖြစ်ကြသည့်အားလျော်စွာ လူသားတို့၏ သဘာဝအရ ယဉ်ကျေးမှုနှင့် လူမှုရေး ကဏ္ဍများတွင်လည်း မလွဲမသွေပါဝင်ဆောင်ရွက်ကြရသည်။ သို့ဖြစ်ရာ ဆရာများက ကမ္ဘာလောကကို ရှုမြင်သုံးသပ်ရာ၌ ယဉ်ကျေးမှုဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ မှန်ဘီလူးမှတဆင့်/ ရှုထောင့်များမှ ကြည့်ရှုရမည်။

ဆိုလိုသည်မှာယဉ်ကျေးမှုနှင့် လူမှုရေး ကဏ္ဍတို့၏ အရေးပါမှုကို သတိပြုသင့်သည်။ ဆရာ၏ ခံယူချက်နှင့် လက်တွေ့ဆောင်ရွက်ချက်များသည် သက်ဆိုင်ရာ ယဉ်ကျေးမှုနှင့် လူမှုရေး ကဏ္ဍများ မှ မျှော်မှန်းချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေသင့်သည်။

### ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** မြန်မာနိုင်ငံ ကျောင်းအရည်အသွေး အာမခံမှုစံသတ်မှတ်ချက်များ အညွှန်းဘောင် အသစ်၏ ရှုထောင့်များမှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ။** *မြန်မာနိုင်ငံ၏ ကျောင်းအရည်အသွေး အာမခံမှုစံသတ်မှတ်ချက်များ အညွှန်းဘောင်အသစ်ကို ကျောင်းအရည်အသွေးရှုထောင့် (၆) ခုအရ ဖွဲ့စည်းရေးသားထားသည်။*

- *သင်ယူမှုနှင့် သင်ကြားမှု*
- *လုပ်ငန်းတတ်ကျွမ်းမှုဆိုင်ရာစွမ်းရည်/ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှု*
- *ကျောင်းအုပ်ကြီးများ၏ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှု*

- *အခြေခံအဆောက်အအုံများနှင့် ရင်းမြစ်များ*
- *အသုံးစရိတ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု*
- *ကျောင်းသားမိဘများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှု*

**မေးခွန်း ၂။** ကျောင်းအရည်အသွေးစဉ်ဆက်မပြတ် တိုးတက်မြင့်မားရေးသည် ကျောင်းများအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

**အဖြေ။** *ကျောင်းများ၏ အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်မြင့်မားရေးသည် ကျောင်းသားများ၏ သင်ယူမှုနှင့် သင်ယူမှုရလဒ်များကို မြှင့်တင်ပေးနိုင်ရန်အတွက် လိုအပ်ပါသည်။ ကျောင်းအရည်အသွေး တိုးတက်မြင့်မာရေး စက်ဝန်း/သံသရာ၏ အဆင့်အသီးသီးတို့၌ သက်သေခံ အထောက်အထား နှင့် အချက်အလက်များကို ပံ့ပိုးပေးရန် အရေးကြီးပါသည်။*

- *စီမံကိန်း/အစီအစဉ် ရေးဆွဲခြင်း - ကျောင်းသည် မည်သည့် အနေအထားသို့ ရောက်ရှိနေသနည်း။ ကျောင်း၏အားသာချက်များမှာ မည်သည်တို့ဖြစ်ကြသနည်း။ မည်သည့် နယ်ပယ်များတွင် တိုးတက်ရန် လိုအပ်နေသေးသနည်း။*
- *စောင့်ကြည့်လေ့လာခြင်း - ဦးတည်ချက်ထားသော တိုးတက်မှုဆီသို့ရှေ့ရှုဆောင်ရွက်နေခြင်းကဏ္ဍမှ သုံးသပ်လျှင်ကျောင်းသည် မည်သို့မည်ပုံ တိုးတက်လာနေသနည်း။ မည်မျှခရီးရောက်နေသနည်း။*
- *အကဲဖြတ်သုံးသပ်ခြင်း - ဦးတည်ရည်မှန်းထားသော ရလဒ်များကို ရရှိ/ပြည့်မီခဲ့ပါသလား။ ကျောင်းများ၏အရည်အသွေးစဉ်ဆက်မပြတ် တိုးတက် မြင့်မားရေးလုပ်ငန်းသည် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းသောလုပ်ငန်း ဖြစ်သည်။ ထိုအကျိုးကျေးဇူးများမှာ-*

- *မြန်မာနိုင်ငံသားများ၏ စာတတ်မြောက်မှုအဆင့်အတန်း/ပညာရေးအဆင့်အတန်းကို တိုးမြှင့်ပေးနိုင်ခြင်း*
- *မိသားစုနှင့် ရပ်ရွာလူထုတို့၏ကြွံကြံ့ခံနိုင်စွမ်းကို တည်ဆောက်ပေးနိုင်ခြင်း*
- *မြန်မာနိုင်ငံ၏လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတွင် တစ်တပ်တစ်အားပါဝင်ဖြည့်ဆည်းပေးနိုင်ခြင်း*

**မေးခွန်း ၃။** အဓိကကျသော ပညာရရှိရာ ရင်းမြစ်/ပညာ ဆည်းပူးရာဌာနများသည် မည်သည်တို့ ဖြစ်ကြသနည်း။

**အဖြေ။** *ကလေးတစ်ဦး၏ ပညာရေးအပေါ်၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ သက်ရောက်လွှမ်းမိုးထားနိုင်သည့်ပညာဖြန့်ဝေရေးအတွက် ရည်ရွယ်သတ်မှတ်ကာ တည်ထောင်ထားသော အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုကို ခေါ်သည်။*

*လူတို့၏ သင်ယူမှုကို ပုံသွင်းပြုပြင်ပေးနိုင်သော ပညာဆည်းပူးရာဌာနများ အများအပြား ရှိကြသည်။ ၎င်းတို့အထဲတွင် မိသားစု၊ ကျောင်းသက်ရွယ်တူအုပ်စု ဘာသာရေးဌာနများနှင့် လူထုဆက်သွယ်ရေး နည်းလမ်းများ (media) တို့ပါဝင်ကြသည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- မြန်မာနိုင်ငံတွင် စာတတ်မြောက်ကျွမ်းကျင်မှု တိုးမြှင့်ရေးနှင့် နိုင်ငံသား အားလုံး အတွက် အခြေခံပညာ ပြီးဆုံးပေါက်မြောက်ရေးတို့တွင် ကျောင်းပြင်ပပညာရေး ၏အခန်းကဏ္ဍသည် အရေးပါပြီး ဆက်လက်၍လည်း အရေးပါနေဦးမည်ဖြစ်သည်။
- (၂၁) ရာစုလုပ်ငန်းခွင်တွင် အသိပညာနှင့်ကျွမ်းကျင်မှုများ ဆက်လက်ရယူနိုင်စေရန် ကျောင်းပြင်ပတွင် သင်ယူသောပညာရေး (ဥပမာ - လုပ်ငန်းအတတ်ပညာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု)နှင့်နေ့စဉ်ဘဝမှ သင်ယူတတ်မြောက်လာရသော ကိုယ်တိုင်သင်ယူပညာရေး (informal learning) နှစ်မျိုးစလုံးတို့ အရေးပါသည်။
- နေ့စဉ်ဘဝမှသင်ယူမှု (ကိုယ်တိုင်သင်ယူမှု) ပညာရေး၊ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးတို့သည် တစ်ခုနှင့် တစ်ခုအပြန်အလှန် ထောက်ကူ ပံ့ပိုးကာ ပိုမို ပြည့်စုံသော ပုံစံအဖြစ်သာမက ၎င်းတို့ကို ပေါင်းစပ်ပေးခြင်းအားဖြင့် ဘဝ တစ်သက်တာ နှင့် ဘဝတစ်ခွင်အညွန့်ဘောင် တစ်ခုကိုရရှိနိုင်သည်။
- ဘဝတစ်သက်တာနှင့်ဘဝတစ်ခွင် သင်ယူမှုသည် ဘက်ပေါင်းစုံမှ ချဉ်းကပ်မှု ဖြစ်သည့်အပြင် ကျောင်းသားကို ဗဟိုပြုထားသည်။ လူမှုလူတန်းစား အလွှာစုံနှင့် အကျုံးဝင်မှုလည်းရှိသည်။ ထိုချဉ်းကပ်မှုတွင် အလေးပေးထားသော မူဝါဒမှာ လူတိုင်း အလုံးစုံတို့အတွက် သူတို့ဘဝ ဖြစ်ပေါ်တိုးတက်ရာ အဆင့်အသီးသီး တစ်လျှောက် ဆက်လက်သင်ယူမှုပြုစေနိုင်မည့် အခြေအနေ အရပ်ရပ်ကို ဖော်ဆောင်ပေးရေးဖြစ်သည်။
- သတင်းအချက်အလက်တို့ကို အဆင့်မြင့်နည်းပညာများသုံး၍ အလွယ်တကူ ရယူသုံးစွဲနိုင်သည့် ယနေ့ခေတ်တွင် ဆရာများသည် ကျောင်းသားများ၏ သင်ယူမှုတွင် ကူညီလမ်းညွှန်သူများအဖြစ်လည်းကောင်း၊ ကျောင်းသားများနှင့် အတူ အသိပညာ တွဲဖက်ဖန်တီးသူများအဖြစ်လည်းကောင်း၊ ဆောင်ရွက်လာကြရသည်။ ဆရာ့အခန်းကဏ္ဍများပြောင်းလဲလာသည်။

- (၂၁) ရာစုလူ့အဖွဲ့အစည်းတွင် အသိပညာအသစ်တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းတတ်မှုနှင့် အတွေးအမြင်သစ်တို့ကို အစဉ်အလာမှ ဖောက်ထွက်၍ တွေးခေါ်အသုံးပြုနိုင်မှုတို့အပေါ် အလေးထားမှု တိုးပွားလာသည်နှင့်အညီ ကျောင်းသားများသည် လေးနက်စွာ ဝေဖန်စိစစ်တွေးခေါ်မှုနှင့်တီထွင်ဖန်တီးရန် တွေးခေါ်မှုတို့တွင် ကျွမ်းကျင်မှုရှိရန် လိုအပ်လာသည်။ ထို့ပြင် အပြန်အလှန်ပြောဆို ဆက်သွယ်တတ် ရေး၊ အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်ရေးနှင့် တက်ကြွ ဖျတ်လတ်သောနိုင်ငံသားကောင်းပီသရေးတို့တွင်လည်း ကျွမ်းကျင်မှု ရှိရပါမည်။
- ကျောင်းသင်ပညာရေး အောင်မြင်မှုနှင့် ဘဝတစ်သက်တာနှင့် ဘဝတစ်ခွင်သင်ယူမှုတို့ အတွက် စာတတ်မြောက်မှုသည် မရှိမဖြစ်အရေးပါသည်။
- ကမ္ဘာတစ်ဝန်းလုံးရှိ မူလတန်းပညာရေး၏ အဓိကကျသော အခန်းကဏ္ဍမှာ ကမ္ဘာလုံးကျွတ် စာတတ်မြောက်ရေး ရည်မှန်းချက်ပေါက်မြောက်အောင်မြင်စေရန်ဖြစ်သည်။
- ခိုင်မာသော သက်သေ သာဓကများအရ ကလေးတစ်ဦး၏ ပထမဘာသာစကား (သို့မဟုတ်) အိမ်သုံး ဘာသာစကားကို ကျောင်း (သို့မဟုတ်) စာသင်ခန်းသုံး (သင်ယူရန် သုံးခြင်း) ဘာသာစကားအဖြစ် အနည်းဆုံး (၆) နှစ်မှ (၈) နှစ်အထိ အသုံးပြုကာ သင်ကြားပေးသင့်သည်။
- မြန်မာနိုင်ငံမှ ကျောင်းအရည်အသွေး အာမခံမှု စံသတ်မှတ်ချက် အညွှန်းဘောင် တစ်ခုကို ရေးသားပြုစုကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းများအနေနှင့် SQASF ၏ လက်တွေ့ကျင့်သုံးရန် ရှုထောင့် (၆) ခုကို အသုံးပြု၍ သက်သေခံ အထောက်အထား အခြေပြု ကိုယ်တိုင်စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လာနိုင်စေရန် ထိုအညွှန်းဘောင်က အထောက်အပံ့ပြုပေးသည်။
- သင်ယူမှုနှင့်သင်ကြားမှုသည် ကျောင်းအရည်အသွေးအာမခံမှု စံသတ်မှတ်ချက် အညွှန်း ဘောင် (SQASF) ၏ ရှုထောင့်တစ်ခုဖြစ်သည်။
- လူတို့၏ သင်ယူမှုကို ပညာရရှိရာရင်းမြစ်များက ပံ့သွင်းပြုပြင်ပေးနိုင်သည်။ ပညာရရှိရာ ရင်းမြစ်များတွင် မိသားစု၊ ကျောင်း၊ သက်ရွယ်တူအုပ်စု၊ ဘာသာရေးနှင့် လူထု ဆက်သွယ်ရေးနည်းများ (မီဒီယာ) တို့ ပါဝင်ကြသည်။
- (၄) နှစ်သင် B.Ed သင်ရိုးအစီအစဉ်အသစ်၏ စံအမှတ်အသားမှာ မကြာသေးမီက ရေးဆွဲပြုစုထားသော ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ပါ စံသတ်မှတ်ချက်များ ပြည့်မီရေးအတွက် အနိမ့်ဆုံး လိုအပ်ချက်များပါဝင်နေခြင်းဖြစ်သည်။

## အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း

**ပြန်လည်သုံးသပ်ရန်မေးခွန်း** - ဤအခန်းမှ အဓိကအချက်များသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု အတွက် အရည်အသွေးပြည့်ဝသော ပညာရေးနှင့် လူတိုင်းအကျုံးဝင်သော ပညာရေး တို့ကို ဖော်ပြထားသော အကြောင်းအရာများနှင့် မည်သို့ဆက်စပ်နီးနွယ်နေသနည်း။ ယူနက်စကိုမှ ပုံနှိပ်ထုတ်ဝေခဲ့သော [UNESCO(2015)] ။

"ပညာရေးကို ပြန်လည်စဉ်းစား တွေးခေါ်ခြင်း - ကမ္ဘာတစ်ဝန်းလုံး ဆိုင်ရာ တူညီသော(သို့) ကောင်းကျိုး ဖြစ်ထွန်းစေမှုသို့ ဦးတည်ရှေ့ရှုလျက် ပညာရေးကို ပြန်လည်စဉ်းစားတွေးခေါ် ခြင်း" ဖော်ပြချက်ထဲမှ အောက်ပါကောက်နုတ်ချက်ကို ဖတ်ရှုခြင်းအားဖြင့် အဆင့်မြင့် တွေးခေါ်မှုအား လှုံ့ဆော်ပေးနိုင်ပါသည်။

"ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှု (အခက်အခဲ) များအားလုံးတို့ကို ပညာရေး တစ်ခုတည်းဖြင့် ဖြေရှင်းနိုင်လိမ့်ဟု မျှော်လင့်၍ မရနိုင်ပါ။ သို့ရာတွင် လူသာပဓာနကျသည့် အချက်ကို မူတည်ပြီး ပညာသင်ယူမှုကို ဘက်စုံထောင့်စုံမှ ချဉ်းကပ်မှုသည် ဖွံ့ဖြိုးမှုပုံစံအသစ်တစ်ခု ရရှိ နိုင်ရေးအတွက် ပါဝင်ကူညီပံ့ပိုးနိုင်စွမ်းရှိသဖြင့် ပါဝင်ကူညီပံ့ပိုးပေးသင့်ပါသည်။ ဤကဲ့သို့ သော ဖွံ့ဖြိုးမှု ပုံစံသစ်တွင် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုသည် သဘာဝပတ်ဝန်းကျင် ကာကွယ် စောင့်ရှောက်မှု၊ ငြိမ်းချမ်းရေး ရရှိမှု၊ လူတိုင်းအကျုံးဝင်မှုနှင့် လူမှုပေါင်းသင်းဆက်ဆံရေး၌ တရားမျှတမှုတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထိုအချက်အလက် တို့ကို ဦးစားပေး၍ စီးပွားရေး ဖွံ့ဖြိုးမှု ဆောင်ရွက်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး ဆောင်ရွက်ရာ၌ လူသာပဓာန ချဉ်းကပ်မှုမှ လူကျင့်ဝတ်နှင့် စာရိတ္တဆိုင်ရာ သဘောတရားများက အကြမ်းဖက် မှု၊ သည်းခံတရားမရှိမှု၊ ခွဲခြားဆက်ဆံမှုနှင့် လူအသိုင်းအဝန်းမှ ဖယ်ထုတ်ထားမှု စသည့် အနိဋ္ဌာရုံများကို ကြံ့ကြံ့ခံတွန်းလှန်နိုင်မည်ဖြစ်သည်။

ပညာရေးနှင့်သင်ယူရေးအပိုင်းနှင့် စပ်လျဉ်း၍ လူသာ ပဓာန ချဉ်းကပ်မှုက လူသားတို့၏ ဖြစ်တည်ရှင်သန်မှုဆိုင်ရာ ရှုထောင့်အထွေထွေတို့ကို ပေါင်းစပ်ပေးနိုင်စေရန် အများစု ကောင်းကျိုးချမ်းသာကို ပံ့ပိုးပေးရေးဝါဒနှင့် ခြိုးခြံချွေတာရေးဝါဒ စသည့် ကျဉ်းမြောင်းသော ဝါဒတို့၏ နယ်ပယ်အကန့်အသတ်ထက်မက အခြားအချက်အလက်များကိုပါ ကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစားထားသည်။ ဤချဉ်းကပ်မှုက ခွဲခြားဆက်ဆံခြင်း ခံရ၍ နစ်နာသူများ ဖြစ်

ကြသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ ဒေသခံတိုင်းရင်းသားများ၊ မသန်စွမ်း ပုဂ္ဂိုလ်များ၊ ရွှေ့ပြောင်းလုပ်သားများ၊ သက်ကြီးရွယ်အိုများနှင့် စစ်ရေး၊ လူမျိုးရေး ပဋိပက္ခ စသည့် ပဋိပက္ခ အမျိုးမျိုးထိခိုက်ခံနေရသည့် နိုင်ငံများမှ စစ်ဘေးရှောင်၊ ပဋိပက္ခရှောင်နေ ရသူ ပြည်သူများ စသည်တို့ပါ အားလုံးအကျုံးဝင် သင်ယူနိုင်စေမည့် ပညာရေးစနစ်တစ်ခု ဖန်တီးပေးနိုင်ရေးကို အလေးထားသည်။ ထိုချဉ်းကပ်မှုတွင် ပွင့်လင်းမြင်သာပြီးပြုပြင် ပြောင်းလဲရန် လွယ်ကူသောသင်ယူမှုအစီအစဉ် များလိုအပ်သည်။ သင်ယူမှု အခွင့်အလမ်း များကို ဘဝတစ်သက်တာနှင့် ဘဝပတ်ဝန်းကျင်တို့တွင် ဖန်တီးပံ့ပိုးပေးထားသင့်သည်။ ထို ပညာရေးက ပွင့်လင်းမြင်သာမှုရှိပြီး ပြုပြင်ပြောင်းလဲရန် လွယ်ကူသည့် သင်ယူမှုချဉ်းကပ် နည်းလမ်း လိုအပ်သည်။ ၎င်းက လူတိုင်း/လူအားလုံးတွင် သူတို့၏ ဉာဏ်စွမ်းဉာဏ်စ အလားအလာများရှိကြပြီး ရေရှည်တည်တံ့မှုရှိသော အနာဂတ်နှင့် ဂုဏ်သိက္ခာရှိသောဘဝ အတွက် ထိုဉာဏ်စွမ်းရည်များကို  အသုံးပြုနိုင်ကြောင်း သိရှိ နားလည်လာစေမည့် အခွင့်အလမ်းများကို ပံ့ပိုးပေးသည်။ ဤလူသာပဓာနထားသော သင်ယူမှု ချဉ်းကပ်မှုက သင်ယူရမည့်အကြောင်းအရာနှင့် သင်နည်းဗေဒများ၏ အဓိပ္ပာယ်သတ်မှတ်ချက် ရရှိနိုင်ရေး အတွက် သွယ်ဝိုက် ရည်ညွှန်းပေးနိုင်သည်။ ထိုနည်းတူ ဆရာများနှင့် ပညာရေးဒီဂရီ ကောလိပ်မှ ဆရာများ၊ အခြားပညာရှင်များ၏ အခန်းကဏ္ဍကိုလည်းသွယ်ဝိုက်ရည်ညွှန်းပေး နိုင်သည်။ ယခုခေတ်ကဲ့သို့ နည်းပညာအသစ်များ အထူးသဖြင့် ဒစ်ဂျစ်တယ် နည်းပညာများ လျင်မြန်စွာ ပေါ်ပေါက်ဖွံ့ဖြိုးလာချိန်တွင် လူတိုင်းအကျုံးဝင်စေမည့် ပညာရေး ချဉ်းကပ် မှုသည် အသုံးပြုရန် ပိုမိုပင် ဆီလျော်မှုရှိလာပါသည်။"[၅]

## ဆက်လက်ဖတ်မှတ်စရာများ

### ၁.၁။ (၂၁) ရာစုပညာရေး

Johnston, C., Costa, A., & Namit, K. (2019). Educating Indigenous children in Myanmar. 2018 CASE+ Education Study: Baseline report on teaching and learning. European Union, ADRA and RISE.

၅ UNESCO 2015, p. 10.

Reischmann, J. (2014): Lifelong and lifewide learning: A perspective. In S. Charungkaittikul (Ed.), Lifelong education and lifelong learning in Thailand. pp. 286-309.

UNESCO. (2015). Rethinking education: Towards a global common good. Retrieved from https://unesdoc.unesco.org/ark:/48223/pf0000232555

US Department of Education. (2017). Reimaging the role of technology in education: 2017 National Technology Plan Update. Office of Educational Technology. Retrieved from https://tech.ed.gov/files/2017/01/NETP17.pdf

## ၁.၂။ သင်ကြားမှု ထိရောက်အောင်မြင်သော ကျောင်းများနှင့် အဓိကကျသော ပညာရရှိရာ ရင်းမြစ်များ

Australian Council of Educational Research. (2016). National School Improvement Tool. Retrieved from https://www.acer.org/au/school-improvement/improvement-tools/national-school-improvement-tool

# အခန်း ၂

# သင်နည်းဗေဒဆိုင်ရာ သဘောတရားနှင့် လက်တွေ့

သင်နည်းဗေဒ (Pedagogy) အကြောင်း လေ့လာသင်ယူမှုသည် ဆရာအတတ်ပညာရေး၏ အရေးပါဆုံး ဗဟိုအချက်အချာဖြစ်သည်။ ဤအခန်းတွင် သင်ကြားသင်ယူမှု၌ နည်းပညာ ထည့်သွင်း ပေါင်းစပ်ပေးထားခြင်းအကြောင်းကို လေ့လာစူးစမ်းမည်ဖြစ်ပါသည်။ သင်ကြား သင်ယူမှုများ၊ သင်ကြားသင်ယူမှုပုံစံများ၊ ကျောင်းသားဗဟိုပြုနည်းလမ်းများ (နည်းဗျူဟာ များ) ဆရာဗဟိုပြုချဉ်းကပ်မှုများ၊ ကျောင်းသားများ၏ သိမှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှုများနှင့် ယဉ်ကျေးမှုအားဖြင့်ဖြစ်စေ ဘာသာ စကားအားဖြင့်ဖြစ်စေ မတူကွဲပြားခြားနားကြသော ကျောင်းသားများအတွက် သင်နည်းဗေဒများတွင် နည်းပညာကို ပေါင်းစပ်အသုံးပြုနိုင်ပါသည်။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤအခန်းကိုသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သင်နည်းဗေဒဆိုင်ရာ အသိပညာ (PCK) ကို နားလည်သဘောပေါက်ကြောင်း ပြသတတ်မည်။
- နည်းပညာသုံး သင်နည်းဗေဒ ဆိုင်ရာအသိပညာ (TPCK) သို့မဟုတ် (TPACK) အညွှန်းဘောင်၏ အခြေခံအချက်များ၊ အရေးပါသောအချက်များ ကို ဆွေးနွေး တတ်မည်။
- နည်းပညာပေါင်းစပ်သုံးစွဲမှုအတွက် စီမံဆောင်ရွက်ရာတွင် TPACK အညွှန်းဘောင် နှင့် SAMR သင်ယူမှုပုံစံတို့ကို ဖက်စပ်ဆက်သွယ်ပေးနိုင်မည့် နည်းလမ်းတစ်ခုကို အသုံးပြုတတ်မည်။

- TPACK အညွှန်းဘောင် နှင့် SAMR သင်ယူမှုပုံစံတို့ကို နည်းပညာပေါင်းစပ် သုံးစွဲမှုအတွက် စီစဥ်ရာတွင် ပေါင်းစပ်ပေးမည့် ကိရိယာတစ်ခုကို အကဲဖြတ် တတ်မည်။
- ကျောင်းသားဗဟိုပြုသင်ယူမှု နှင့် စပ်လျဥ်း၍ သင်ယူမှု သဘောတရားများ၊ ဆရာ၏အခန်းကဏ္ဍနှင့် ကျောင်းသား၏ အခန်းကဏ္ဍတို့ကို ရှင်းပြတတ်မည်။
- စူးစမ်းလေ့လာမှုအခြေပြု သင်ယူမှုကိုဦးတည်စေမည့် မေးခွန်းများ မေးတတ် မည်။
- စူးစမ်းလေ့လာမှု အခြေပြု သင်ယူမှုပုံစံအမျိုးမျိုးတို့ကို နှိုင်းယှဥ်ဖော်ပြတတ် မည်။
- စူးစမ်းလေ့လာမှု တစ်ခု၏ အစပျိုးအဆင့်အတွက် ထည့်သွင်းစဥ်းစားဖွယ် အချက်များနှင့် သင်ပြနည်းများ စီစဥ်ထားရှိမှုကို အတိုချုပ် ဖော်ပြတတ်မည်။
- ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံဖြင့်ပြင်ဆင်ထားသော သင်ခန်းစာ တစ်ခု သင်ကြားရန် အတွက် အဆင့် အသီးသီးအကြောင်းကို ရှင်းပြတတ်မည်။
- ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံကိုသုံး၍ သင်ခန်းစာတစ်ခုကို သင်ကြား ရာတွင် ဆရာ၏လမ်းညွှန်မှုဖြင့် လေ့ကျင့်မှုအဆင့်အတွက် ညွှန်ကြားချက်များ ကို ရေးသားတတ်မည်။
- သင်ယူမှုပြုရာတွင် မကျွမ်းကျင်သူများနှင့် ကျွမ်းကျင်သူများ၏အချက်အလက် သစ်များ မှတ်သားပုံကို နှိုင်းယှဥ်ပြတတ်မည်။
- ကျောင်းသားများအား အချက်အလက်အသစ်များကို စုစည်းပုံနှင့် နားလည် အောင် ချိတ်ဆက်ဆောင်ရွက်ပုံတို့၌ ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို အကျဥ်းချုံးဖော်ပြတတ်မည်။
- ကျောင်းသားများ၏ (အသိသညာ) အယူအဆ ခိုင်မာသည့် နားလည် သဘော ပေါက်မှုကို ပံ့ပိုးပေးရာ၌ Frayer သင်ပြမှုပုံစံကို ဘာသာရပ်တိုင်း အတွက် မည်သို့ အသုံးပြုနိုင်ပုံကို ရှင်းပြတတ်မည်။
- ကလေးများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝသက်တမ်း တစ်လျှောက်ဖွံ့ဖြိုးမှုတို့ကို နှိုင်းယှဥ်တတ်မည်။

- အလယ်တန်းကျောင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုက သင်ယူမှုအပေါ် မည်သို့ သက်ရောက် စေကြောင်းရှင်းလင်းပြနိုင်ပြီး သင်ကြားမှုအတွက် သွယ်ဝိုက်အသုံးပြုနိုင်မှုများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- ကလေးများ၏ ဉာဏ်ရည်အထွေထွေနှင့်အညီ သူတို့၏ သင်ယူမှုတွင် ထင်ဟပ်ပေါ်လွင်စွာ ဖော်ပြနိုင်မည့်နည်းလမ်းများကို အတိုချုပ်ဖော်ပြတတ်မည်။
- အလယ်တန်းကျောင်းသားများနှင့် မူလတန်းကျောင်းသားများအတွက် ဖွံ့ဖြိုးမှု နယ်ပယ်ကြီး (၅) ခု ဖြစ်သော၊ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ဘာသာစကား ဆိုင်ရာ ဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ကာယဖွံ့ဖြိုးမှုနယ်ပယ်များ၏ ထူးခြားသော လက္ခဏာများကို ခွဲခြား သတ်မှတ် ဖော်ထုတ်တတ်မည်။
- ဖွံ့ဖြိုးမှုဆိုင်ရာ ထူးခြားသော လက္ခဏာများအကြောင်း နားလည်သဘောပေါက်မှုကို အလယ်တန်းကျောင်းသားများအား သင်ကြားပေးရာ၌ လက်တွေ့အသုံးချတတ်မည်။
- ယဉ်ကျေးမှုနှင့်ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များကို အဓိပ္ပာယ်သတ်မှတ်တတ်မည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံပေးတတ်သော ဆရာများ၏ အဓိကကျသော ထူးခြားလက္ခဏာများကို ဆွေးနွေးတတ်မည်။
- ယဉ်ကျေးမှုအသီးသီးတို့ကိုလိုက်လျောညီထွေလက်ခံပေးတတ်သောဆရာများ၏ အဓိကကျသောလက်တွေ့ကျင့်သုံးမှုများကို အကြမ်းဖျင်းဖော်ပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့်ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုး တို့ကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၂.၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT) ကို သင်ကြား သင်ယူမှုတွင် သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား ယဉ်ကျေးမှု မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်းပြသသည်။

(က) (၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့်ဆက်နွှယ်နေသော သင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၄.၁) ကျောင်းသားများအတွက် သင်ယူမှု ပတ်ဝန်းကျင်ကောင်းတိုးတက် ဖြစ်ပေါ်လာစေရန် အခြား ဆရာများ၊ မိဘများ၊ ဒေသန္တရ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းဗျူဟာများကို အသုံးပြုနိုင်စွမ်းရှိကြောင်းပြသည်။

(ဂ) (၁.၃) ဒေသန္တရ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည် သဘောပေါက်ကြောင်းပြသသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီ ကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသောခြားနားချက်များကို လေးစားပြီး ကျောင်းသား အားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှု သဘောထားကို ဖော်ပြသည်။

# ၂.၁။ နည်းပညာသုံး သင်နည်းဗေဒဆိုင်ရာအသိပညာ

ကမ္ဘာတစ်ဝန်းလုံးမှ ဆရာအားလုံးတို့သည် ၎င်းတို့စာသင်ခန်းများတွင် နည်းပညာသုံးစွဲမှုကို ပေါင်းစပ်ထည့်သွင်းရန် အားပေးသင့်ပါသည်။ နည်းပညာသည် ကျောင်းသားတို့နေ့စဉ်ဘဝ၏ အစိတ်အအပိုင်းတစ်ခုဖြစ်သည်။ နည်းပညာက သင်ကြားမှုနှင့်သင်ယူမှုနှစ်မျိုးစလုံးအတွက် အထောက်အပံ့ပြုပေးနိုင်သည်။ သို့သော် ဆရာအများအပြားတို့အတွက် နည်းပညာသုံးစွဲနိုင်မှု အကန့် အသတ်တို့နှင့် တွေ့ကြုံနေကြရသည်။ နည်းပညာသုံးစွဲနိုင်မှုတွင် အကန့်အသတ်များ ရှိနေရခြင်းမှာ နည်းပညာရရှိသုံးစွဲမှုနည်းပါးခြင်း၊ နည်းပညာသုံးစွဲမှုအတွက် ကုန်ကျစရိတ်မြင့်မားမှု၊ နည်းပညာ သုံးစွဲတတ်ရန် သင်ယူလေ့လာရသောအချိန်နှင့် သက်ဆိုင်ရာ ဘာသာရပ်များကို သင်ယူရာတွင် ထိရောက်မှုရှိစေရန် ပံ့ပိုးပေးနိုင်မည့် နည်းပညာသုံးစွဲမှုဆိုင်ရာ လိုအပ်သော အသိပညာတို့ကြောင့်ဖြစ်ပါသည်။[၆] ဤအခန်းငယ်တွင် ကျောင်းသားများသည် TPACK အညွှန်းဘောင်[၇] နှင့် SAMR သင်ယူမှုပုံစံ[၈] အကြောင်းတို့ကို စူးစမ်းလေ့လာရမည်ဖြစ်သည်။ SAMR ပုံစံတွင်နည်းပညာကို သင်ကြားမှုတို့၌ ပေါင်းစပ် အသုံးပြုပုံကို ကျောင်းသားများအား နားလည်သဘောပေါက်စေရန် အထောက်အကူပြုသည်။

## ၂.၁.၁။ TPACK အား နားလည်သဘောပေါက်မှုကို ဖွံ့ဖြိုးတိုးတက်စေခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သင်နည်းဗေဒဆိုင်ရာ အသိပညာ(PCK)ကို နားလည်သဘောပေါက်ကြောင်း ပြသတတ်မည်။

---

၆ Kurt, 2018.

၇ Mishra & Kochle, 2006.

၈ Puentedura, 2014.

- နည်းပညာသုံး သင်နည်းဗေဒဆိုင်ရာအသိပညာ (TPCK) သို့မဟုတ် (TPACK) အညွှန်းဘောင်၏ အခြေခံအချက်များ၊ အရေးပါသောအချက်များကို ဆွေးနွေးတတ်မည်။
- နည်းပညာပေါင်းစပ်သုံးစွဲမှုအတွက် စီမံဆောင်ရွက်ရာတွင် TPACK အညွှန်းဘောင် နှင့် SAMR သင်ယူမှုပုံစံတို့ကို ဖက်စပ်ဆက်သွယ်ပေးနိုင်မည့် နည်းလမ်းတစ်ခုကို အသုံးပြုတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၂.၂.၁) သင်ကြားသင်ယူမှုဖြစ်စဉ်ကို အထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေ ရရှိသော ပညာရေးဆိုင်ရာ နည်းကိရိယာများနှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကို ဖော်ပြသည်။

(က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် (၄) ချိန်

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - ဆရာတစ်ဦး၏ သင်နည်းဗေဒဆိုင်ရာ အသိပညာ (PCK) ကို ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့် ချိတ်ဆက် ဆက်သွယ်ပေးခြင်း

သင်ယူမှုလုပ်ငန်း (၂) - TPACK အယူအဆများနှင့် ၎င်းတို့၏ အဓိပ္ပာယ် သတ်မှတ်ချက်များကို မှန်ကန်အောင်ယှဉ်တွဲပေးစေခြင်း

သင်ယူမှုလုပ်ငန်း (၃) – SAMR အဆင့်အသီးသီးတို့တွင် နည်းပညာပေါင်းစပ်ထည့်သွင်းမှုအတွက် သတ်မှတ်ဖော်ထုတ်ခြင်း

အိမ်စာလုပ်ငန်း - SAMR ပုံစံအကြောင်းကို ဗီဒီယို ကြည့်ရှုစေခြင်း

သင်ယူမှုလုပ်ငန်း (၄) – TPACK – SAMR ကိရိယာများကို ဆက်သွယ်အသုံးပြုခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ**

မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း၊ သင်ယူမှုလုပ်ငန်းအမျိုးမျိုးမှတစ်ဆင့် ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပညာရေးဘာသာရပ်ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၂.၁.၁) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း(၁) – TCSF နောက်ဆက်တွဲ (၃) အလယ်တန်းပြဆရာများလုပ်ငန်း ခွင်စတင်တာဝန်ထမ်းဆောင်စအဆင့်၊ သင်ယူမှုလုပ်ငန်း (၄) - ကားချပ်ကြီးရေးဆွဲရန်စာရွက် နှင့် မာကာများ

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- သင်နည်းဗေဒဆိုင်ရာအသိပညာ(PCK)ကိုနားလည်သဘောပေါက်ကြောင်း ပြသတတ်မည်။

၂။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ထဲမှ “သင်နည်းဗေဒဆိုင်ရာ အသိပညာ (PCK) ကိုနားလည် သဘောပေါက်လာစေခြင်း” သင်ခန်းစာအပိုင်း ကို ဖတ်ရှုရန်ညွှန်ကြားပါ။

၃။ ပထမနှစ်သင်တန်းတက်ရောက်ခဲ့စဉ်က PCK ကို ၎င်းတို့နှင့် မိတ်ဆက်ပေးခဲ့ပြီး ဖြစ်ကြောင်း ကျောင်းသားများကိုပြောပြပါ။

၄။ ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသော PCK ၏ အဓိပ္ပာယ်သတ်မှတ်ချက် ကို ပြန်လည် ဆန်းစစ်ပြပါ။

PCK သည် PK နှင့် CK တို့ပေါင်းစပ်ထားမှုဖြစ်သည်။

- PKသည် သင်နည်းဗေဒ (Pedagogical Knowledge)ကိုခေါ်ဆိုခြင်း ဖြစ်သည်။ သင်ကြားမှု သင်ယူမှုဆိုင်ရာ ချဉ်းကပ်မှုများ၊ နည်းဗျူဟာများ နှင့် နည်းလမ်းများကို သိရှိခြင်းကို ဆိုလိုပါသည်။ (မည်သို့သင်ကြားရမည် ကိုသိသောအသိပညာ)
- CK သည်ဘာသာရပ်အကြောင်းအရာ (Content Knowledge) ကိုခေါ် ဆိုသည်။ သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်တစ်ခု၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို content knowledge (CK) ဟုခေါ်ဆိုသည်။ (မည်သည့်အရာကို သင်ကြားမည်နည်း။ သင်ကြားရန် ဘာသာရပ် အကြောင်း အရာကိုဆိုလိုသည်။)


၅။ PCK (သင်နည်းဗေဆိုင်ရာ အသိပညာ) တွင် ကျောင်းသားများအကြောင်းသိရှိ သော အသိပညာများ မည်ကဲ့သို့ပါဝင်နေကြောင်းကို ကျောင်းသားများသိရှိ အောင် အထူးအလေးပေး ဖော်ပြပါ။ ကျောင်းသားများက မည်သို့သင်ယူတတ် ကြသည်၊ သင်ကြားရန် အကြောင်းအရာများကို မည်သို့ဖွဲ့စည်းစီစဉ်နိုင်သည်၊ ကျောင်းသားများ၏ အမျိုးမျိုးကွဲပြားသော စိတ်ဝင်စားမှုများ၊ လိုအပ်ချက်များ နှင့် ကိုက်ညီအောင် အကြောင်းအရာကို မည်သို့တင်ပြရမည်နှင့် မည်သို့ လိုက်လျောညီထွေ ဖြစ်အောင် ပြုပြင်စီစဉ်သင်ကြားရမည်တို့ကို သိရှိခြင်းပါဝင် သည်။ ထို့အပြင် မည်သည်တို့က သင်ကြားရန် သတ်မှတ်ထားသော အကြောင်းအရာသင်ခန်းစာကို လွယ်ကူစေသည် (သို့မဟုတ်) ခက်ခဲစေသည်တို့ ကိုလည်း ဆရာများက သိရှိထားရမည်ဖြစ်သည်။ ကျောင်းသားများ သင်ယူကြ ရာတွင် အသက်အရွယ်နှင့် ဘဝနောက်ခံအမျိုးမျိုးခြားနားမှု အပေါ်မူတည်၍

အကြောင်းအရာတစ်ခု အကြောင်းကို ကြိုတင်ထင်မြင်ချက် (သို့မဟုတ်) ကြိုတင်ယူဆချက် (preconceptions) များရှိတတ်ကြသည်။ ထိုနည်းတူပင်သူတို့ထံ၌ အကြောင်းအရာတစ်ခုအကြောင်း လွဲမှားစွာမှတ်သားထားသော အယူအဆအမှားများ/ မှားယွင်းသော (သို့မဟုတ်) လွဲနေသော ယူဆချက်များ (misconceptions) များလည်း ရှိတတ်ကြသည်။ ဤကဲ့သို့ ကျောင်းသားများအကြောင်းသိရှိမှုသည် PCK ထဲတွင် ပါဝင်နေကြောင်းကို ဆရာက အလေးပေးပြောပြရမည်။

၆။ ဘာသာရပ်အမျိုးမျိုးတို့တွင် ပေါ်ပေါက်နေသော သူတို့၏ PCK (သင်နည်းဗေဒဆိုင်ရာ အသိပညာ) ကို ပေါ်လွင်ထင်ဟပ်စေမည့် ထင်ရှားစေသာ ဥပမာ အချို့ပေးရန် ကျောင်းသားများကို ညွှန်ကြားပါ။ ၎င်းတို့၏ သင်ရိုးညွှန်းတမ်းနှင့်သင်နည်းဗေဒလေ့လာမှုများမှ တွေ့ရှိ ဖော်ပြချက်များကို အသုံးပြုနိုင်သည်။

မှတ်သားရန် - ဥပမာ- ကျောင်းသားများသည် အောက်ပါဥပမာမျိုးကိုပေးနိုင်သည်။

- ကာယပညာ (Physical Education) သင်ကြားမှု၌ ဘောလုံးကိုင်တွယ်ပုံကိုင်တွယ်နည်း ကျွမ်းကျင်မှုရှိစေရန် ပထမဦးစွာ ဆရာက နမူနာပြ၍ ကိုင်တွယ်ပြရမည်။ ထို့နောက်မှ ကျောင်းသားများအား လက်တွေ့လေ့ကျင့်မှုများတွင် ဆရာက ဦးဆောင်လမ်းညွှန်ပေးခြင်း
- မြန်မာစာသင်ကြားမှုတွင် အထိရောက်ဆုံးသင်ကြားပေးနိုင်သည့် နည်းဗျူဟာများကို ဥပမာပေးနိုင်သည်။ ကျောင်းသားများကို သူတို့မသိသေးသော မြန်မာစကားလုံးများကို မည်သို့ အသံထွက်၍ဆိုရကြောင်းကူညီပေးခြင်း၊ နမူနာဆိုပြခြင်းနှင့် အသံထွက်မသိပါက သဲလွန်စ ရရှိစေရန် ရုပ်ပုံကားချပ်ကို ကြည့်စေခြင်း။



**သင်ယူမှုလုပ်ငန်း (၁)။ ဆရာတစ်ဦး၏ သင်နည်းဗေဒဆိုင်ရာ အသိပညာ (PCK) ကို ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) နှင့် ချိတ်ဆက် ဆက်သွယ်ပေးခြင်း**

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားအတွဲများ(နှစ်ယောက်တစ်တွဲ) |

**ရည်ရွယ်ချက်** - သင်နည်းဗေဒဆိုင်ရာ အသိပညာ (PCK) နှင့်ဆရာများအတွက် စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) တို့နှစ်ခုကို ကျောင်းသားများက ဆက်သွယ်ချိတ်ဆက် ပြတတ်စေရန်

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲ၍ သင်ယူရန် ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသော သင်ယူမှုလုပ်ငန်း (၁) ကိုဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ ပုံ (၂.၂) တွင် အတွေ့အကြုံရင့်ကျက်သော ဩစတြေးလျလူမျိုး ဆရာမတစ်ဦးက သင်္ချာ ဘာသာရပ် သင်ကြားရေးတွင် သူမ၏ သင်နည်းဗေဒဆိုင်ရာ အသိပညာ (PCK) ကိုမည်သို့ ရှုမြင်သုံးသပ်ထားသည်ကို ဖော်ပြသည်။ ထိုပုံသည် အယူအဆတစ်ခုကို မဟုတ်ဘဲ အမှန်တကယ် တွေ့ကြုံသုံးသပ်မှုကို သရုပ်ဖော်ထားသည်။ ဆရာမ Jo ၏ ရှုမြင်သုံးသပ်မှု အယူအဆအရ သင်္ချာဘာသာပြဆရာများသည် သင်္ချာသင်ကြားရာတွင် PCK အဖြစ်သို့ ရောက်ရှိလာစေမည့် အသိပညာ အမျိုးမျိုးတို့ကို အသုံးပြုကြသည်။ ထိုအချက်ကို ကျောင်းသားများက သိရှိစေရမည်။

- Jo ၏ PCK သည် TCSF နှင့်မည်သို့ဆက်စပ်ကြောင်းကိုလေ့လာရသည့် သင်ယူမှုလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကျောင်းသားများကို သိရှိစေရမည်။

၄။ Jo ၏အယူအဆအရ PCK တွင် ပါဝင်နေသော အသိပညာအမျိုးအစားများကို ဆရာများအတွက် တတ်ကျွမ်းမှု အညွှန်းဘောင် (TCSF) ပါဖော်ပြထားသည့်စံသတ်မှတ်ချက်များ [ဆိုလိုသည်မှာ (က) (၅)၊ (က) (၄)၊ (က)(၁)၊ နှင့် (ခ)(၁)] နှင့်ဆက်စပ်၍ ချိတ်ဆက်ပြရန် ကျောင်းသားများကို ညွှန်ကြားပါ။ ပုံ (၂.၁) သရုပ်ဖော်ပုံ၏ ဘောင်အတွင်းပုံ ဘေးပတ်လည်တွင် ချိတ်ဆက်ပြရန်ဖြစ်သည်။

၅။ ကျောင်းသားများအတွက် ဥပမာတစ်ခုပံ့ပိုးထားခြင်းဖြစ်ကြောင်းအလေး အနက်ဖော်ပြပါ။

[(က) (၅) - ဘာသာရပ်အကြောင်းအရာကိုသိသည်။]

၆။ အတန်းသို့ ပြန်လည်သတင်းပို့မည့်ကျောင်းသားများကို ဆရာက ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအား သူတို့သည် ဩစတြေးလျလူမျိုး ဆရာတစ်ဦး၏ PCK ကို မြန်မာနိုင်ငံ၏ TCSF နှင့်အောင်မြင်စွာ ဆက်စပ်ချိတ်ပြနိုင်ခဲ့ပြီးဖြစ်ကြောင်းအလေးပေးဖော်ပြပါ။

မေးခွန်း - မြန်မာနိုင်ငံ၏ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) အကြောင်းကိုမည်ကဲ့သို့ သုံးသပ်ယူနိုင်မည်နည်း။


အဖြေများ - ကျောင်းသားများသည် အောက်ပါအတိုင်း ကောက်ချက်အမျိုးမျိုး ပေးလာနိုင်သည်။

- ဩစတြေးလျလူမျိုးဆရာမတစ်ဦး၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှုများ သည် မြန်မာနိုင်ငံ၏ TCSF နှင့်လွယ်ကူစွာ ဆပ်စပ်ချိတ်ဆက်နိုင်သည်။
- ဤအချက်က TCSF ကိုမြန်မာနိုင်ငံ၏ မြန်မာမှုမြန်မာဟန် သင်ကြားမှုဆက်စပ် ဝန်းကျင်ထဲ မှ ဆရာများ၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှု (teacher practice) တွင် သာမကဘဲ ပိုမိုကျယ်ဝန်းသော သင်ကြားရေး လက်တွေ့ ဆောင်ရွက်မှုများတွင်ပါ လက်တွေ့အသုံးချနိုင် ကြောင်း ရည်ညွှန်းအကြံပြုထား ခြင်းဖြစ်သည်။
- နိုင်ငံတကာပညာရေး ကဏ္ဍတွင်လည်း ဆရာများသည် TCSF ပါ တတ်ကျွမ်းမှု များနှင့်အညီ ၎င်းတို့၏ ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများ ကို ဆွေးနွေးနိုင်လာကြမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

(က-၅) ဘာသာရပ်
အကြောင်းအရာကို သိသည်။

(က-၁) ကျောင်းသားများ
မည်သို့ သင်ယူသည်ကို သိသည်။




(ခ-၁) သင်ကြားမှု
နည်းဗျူဟာအမျိုးမျိုးကို
အသုံးပြု၍
သင်ရိုးညွှန်းတမ်း
အကြောင်းအရာကို
သင်ကြားသည်။

(က-၄) သင်ရိုးညွှန်းတမ်း
အကြောင်းသိသည်။

## ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်း (Extension activity)

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားကိုင်စာအုပ် ပုံ (၂.၁) မှ PCK အကြောင်းသရုပ်ဖော်တင်ပြထားချက်ကိုကြည့်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၂။ ထိုသရုပ်ဖော်ပုံကို ၂၀ ၏ ပုံထဲမှ ဖော်ပြထားသော အသိပညာများနှင့် ချိတ်ဆက်ပေးကြရမည် ဖြစ်ကြောင်း ကျောင်းသားများကိုသိရှိစေရမည်။

၃။ ပုံ (၂.၁) ထဲမှ စက်ဝိုင်းများကို ၂၀ ၏ ပုံထဲရှိမည်သည့်နေရာများတွင် ထားရှိရမည်နည်း။

၄။ ပြဋ္ဌာန်းချက်စာအုပ်ထဲတွင် (သို့မဟုတ်) ပိုစတာပေါ်တွင် (သို့မဟုတ်) ရုပ်သေပြစက် (Projector) တွင် ထိုနေရာများကို ညွှန်ပြပေးမည့် ကျောင်းသားတစ်ဦးကို ဆရာက ရွေးချယ်ပါ။


## စစ်ဆေးအကဲဖြတ်ခြင်း

သူတို့ရရှိထားသော အဖြေများအား အတန်းကို မျှဝေပေးမည့် ကျောင်းသားများကို ဆရာက ရွေးချယ်ခြင်းဖြင့် သူတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်နိုင်လာမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

(က-၅) ဘာသာရပ်အကြောင်းအရာကို သိသည်။

(က-၁) ကျောင်းသားများမည်သို့ သင်ယူသည်ကို သိသည်။




(ခ-၁) သင်ကြားမှုနည်းဗျူဟာအမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်းအကြောင်းအရာကို သင်ကြားသည်။

(က-၄) သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤစာသင်ချိန်အတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါသင်သည် -

- နည်းပညာသုံးသင်နည်းဗေဒဆိုင်ရာအသိပညာ(TPCK) သို့မဟုတ်(TPACK) အညွှန်းဘောင်၏ အခြေခံအချက်များ၊ အရေးပါသောအချက်များကို ဆွေးနွေးတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ "TPCK (သို့မဟုတ်) TPACK ၏ အဓိပ္ပာယ်ကို သဘောပေါက် နားလည်လာစေခြင်း" အပိုင်းကို ဖတ်ရှုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ TPCK က Technological Pedagogical Content Knowledge ကိုကိုယ်စားပြုသည် (သို့မဟုတ်) ပိုမိုလွယ်ကူစွာ မှတ်သားနိုင်စေရန် TPACK (အင်္ဂလိပ်ဘာသာစကားဖြင့် အသံထွက်၍ ရသည့်အခါ) ဟုလည်း ခေါ်ဝေါ်ကြောင်းကို ကျောင်းသားများသိရှိအောင်အလေးထားကာ ရှင်းလင်းပြောပြရမည်။ သို့ရာတွင် အတိုကောက်စာလုံး အဖြစ်အသုံးပြုသော TPACK ထဲမှ 'A' စကားလုံးသည် မည်သည့်အချက်ကိုမျှ ကိုယ်စားမပြုဘဲ ခေါ်ဝေါ်မှတ်သား၍ လွယ်ကူအောင် ထည့်ထားခြင်းသာ ဖြစ်သည်ဟု ပြောပြပါ။

၄။ ပညာရှင်နှစ်ဦးဖြစ်ကြသည့် Mishra နှင့် Koehler တို့က TPACK အညွှန်းဘောင်ကို တီထွင် ပြုစုခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ၎င်းတို့က -

- Shulman ၏အယူအဆဖြစ်သော PCKအပေါ်အခြေပြုတည်ဆောက်ခြင်း နှင့်
- (၂၁) ရာစုတွင် ဆရာတစ်ဦး၏ နည်းပညာဆိုင်ရာ အသိပညာသည် ထိရောက်အောင်မြင်မှုရှိသော စာသင်ခန်းတစ်ခု၏ အဓိကကျသော အချက်အလက်ဖြစ်ကြောင်းကို အသိအမှတ်ပြုခြင်းအားဖြင့် TPACK

အညွှန်းဘောင်ကို တည်ဆောက်ဖန်တီးခဲ့သည်။

၅။ စာသင်ခန်းထဲသို့ နည်းပညာကိုပေါင်းစပ်ထည့်သွင်းရန် စီစဉ်သည့်အခါ အခြေခံ အချက်အလက်တို့ကို ရှေ့နောက်စီစဉ်ရန် စဉ်းစားတတ်မှုသည် အရေးပါသည်။ နည်းပညာကိုသင်ကြားမှု သင်ယူမှုတို့အတွက် အထောက်အပံ့ ဖြစ်စေရန်သာ အသုံးပြုရမည်ဖြစ်ပြီး နည်းပညာထွန်းကားမှု နည်းပညာအကျိုးကျေးဇူးရှိမှု အတွက် အသုံးပြုရန်မဟုတ်ကြောင်းကို ဆရာက ကျောင်းသားများအား အလေးထားပြောပြရပါမည်။

၆။ နည်းပညာအကြောင်းသိရှိမှုနှင့် အသုံးပြုတတ်မှုဆိုင်ရာ အသိပညာ (Technologyical Knowledge - TK) (ပုံ ၂.၃ ၏ ထိပ်ဆုံးစက်ဝိုင်း) ၏ အဓိပ္ပာယ် သတ်မှတ်ချက်ကို ပြန်လည်ဆန်းစစ်ပါ။ စာသင်ခန်းနှင့်ဆီလျော်သော အဆင့်မြင့်နည်းပညာဆိုင်ရာ ကိရိယာ အမျိုးမျိုးတို့အကြောင်းကို သိရှိပြီး ထိုကိရိယာများကို သုံးစွဲရာ၌လည်း နှံ့စပ်တတ်ကျွမ်းသော ဆရာတစ်ဦး၏ အသိပညာကို ဆိုလိုပါသည်။ နည်းပညာ၏ အကြောင်းနှင့် သုံးစွဲပုံသုံးစွဲနည်းတို့ အကြောင်းကို သိရှိသော ဆရာတစ်ဦး၏ အသိပညာဖြစ်သည်။ ဤနည်းပညာ ဆိုင်ရာ ကိရိယာများနှင့် ရင်းမြစ်များတွင် ကွန်ပျူတာများ၊ လက်ပ်တော့ ကွန်ပျူတာများ၊ သင်ပုန်းကွန်ပျူတာ (TABLET) များနှင့် မိုဘိုင်းလ်ဖုန်းများ ပါဝင် ကြသည်။

၇။ ကျောင်းသားများအား စာရင်း (၂)မျိုး ပြုစုပေးရန်ပြောကြားပါ။

- ပညာရေးဒီဂရီကောလိပ်များတွင်ရရှိအသုံးပြုနိုင်သော နည်းပညာဆိုင်ရာ ကိရိယာများနှင့်
- အလယ်တန်းကျောင်းများတွင် ရရှိအသုံးပြုနိုင်ရန် အလားအလာရှိသော နည်းပညာဆိုင်ရာ ကိရိယာများ

၈။ ကျောင်း၏တည်နေရာရရှိအသုံးပြုနိုင်သောရန်ပုံငွေပံ့ပိုးမှုနှင့်ကျောင်းအုပ်ကြီး နှင့် ဆရာများ၏ နည်းပညာဆိုင်ရာ အသိပညာစသည့် အကြောင်းရင်းခံ အမျိုး မျိုး တို့အပေါ်မူတည်ပြီး ကျောင်းတစ်ကျောင်း၏ နည်းပညာရရှိ အသုံးပြုနိုင်မှု သည်လည်း အမျိုးမျိုးပြောင်းလဲနိုင်သည်။

၉။ ကျောင်းသားများကို (၃) ဦးလျှင် အုပ်စုတစ်စုအဖြစ် ဖွဲ့စည်းစေရမည်။

၁၀။ ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော

- နည်းပညာသုံး ဘာသာရပ်ဆိုင်ရာ အသိပညာ (TCK) နှင့် နည်ပညာသုံး သင်နည်းဗေဒဆိုင်ရာအသိပညာ (TPK)တို့၏ အဓိပ္ပာယ် သတ်မှတ်ချက်

များကို ပြန်လည်ဆန်းစစ်ရန်နှင့်
- TCK နှင့် TPK တို့အတွက် နောက်ထပ် ဥပမာတစ်ခုစီကိုရေးသားပေးရန် ကျောင်းသားတို့အား ပြောကြားပါ။

၁၁။ TCK အတွက် ပေးသော ဥပမာ နှင့်TPK အတွက်ပေးသော ဥပမာအကြား ကွာခြားချက်များကို ကျောင်းသားများသိရှိစေရန် အလေးပေးပြောဆိုပါ။
- TCKအတွက်ပေးသော ဥပမာတွင် နည်းပညာကကျောင်းသားများအား ဘာသာရပ်ဆိုင်ရာ သင်ရိုးကို လေ့လာရာ၌ ချောမောလွယ်ကူစေရန် အထောက်အပံ့ပြုပုံ ပါဝင်စေသင့်သည်။
- TPKအတွက်ပေးသောဥပမာတွင် နည်းပညာက ကျောင်းသားများကို သင်ယူမှုဖြစ်စဉ်၌ လည်းကောင်း၊ ဆရာများကိုသင်ကြားမှု ဖြစ်စဉ်၌လည်းကောင်း အထောက်အပံ့ပြုပါဝင် စေသင့်သည်။

TCK = နည်းပညာသုံး ဘာသာရပ်ဆိုင်ရာ အသိပညာ

TPK = နည်းပညာသုံးသင်နည်းဗေဒဆိုင်ရာအသိပညာ

## သင်ယူမှုလုပ်ငန်း (၂)။ TPACK အယူအဆများနှင့် ၎င်းတို့၏ အဓိပ္ပာယ် သတ်မှတ်ချက်များကို မှန်ကန်အောင်ယှဉ်တွဲပေးစေခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၃) ဦးလျှင်အုပ်စုတစ်စုအဖြစ်ဖွဲ့စည်းထားခြင်း |

**ရည်ရွယ်ချက်** - TPACK အညွှန်းဘောင်တွင်တင်ပြထားသော အဓိကကျသည့် TPACK အယူအဆ (၇) ခုတို့ အကြောင်း ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို သူတို့ ကိုယ်တိုင် ဆန်းစစ်တတ်စေရန်

၁။ ကျောင်းသားများအား မူလအတိုင်းပင် (၃) ဦး တစ်စုဖွဲ့ထားသည့် အုပ်စု လုပ်ငန်းများ အဖြစ် ဆက်လက် လုပ်ငန်း ဆောင်ရွက်ရန်ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ယူမှုလုပ်ငန်း (၂) ကို လေ့လာရန်ကျောင်းသား များကို ညွှန်ကြားပါ။

၃။ ဇယား (၂.၁) တွင် တင်ပြထားသော အဓိပ္ပာယ်သတ်မှတ်ချက်များအနက် အယူအဆတစ်ခုစီ အတွက် ဆီလျော်သော အဓိပ္ပာယ်သတ်မှတ်ချက်တစ်ခုစီကို ရွေးချယ်ပေးပါ။ အဓိပ္ပာယ် သတ်မှတ်ချက်များကို ဇယားအောက်တွင်ပေးထား သည်။

၄။ အဖြေများကိုအတန်းသို့ပြန်လည်သတင်းပို့ပေးရန်အတွက် ကျောင်းသားများထဲမှ ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းနှင့်မျှဝေပေးမည့် ကျောင်းသားများရွေးချယ်ထားခြင်းအားဖြင့် သူတို့၏ နားလည်သဘောပေါက်မှုကိုဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။

ပုံ (၂.၃) ကိုပြန်လည်လေ့လာပါ။ TPACK ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို (သင်ကြားမှုနှင့် သင်ယူမှုဆိုင်ရာ ဆက်စပ်အခြေအနေတစ်ရပ်တွင် ဆက်စပ်နေမှုကို မည်သို့ ကျွမ်းကျင် ရေလည်စွာ ကိုင်တွယ် အသုံးပြုရမည်ကိုသိရှိသော အသိပညာ) သရုပ်ဖော်ပုံနှင့်ဆက်စပ်ပြ ပြီး အပြင်ဘက်ကျသော စက်ဝိုင်း ကြီးနှင့်လည်း ဆက်စပ်ပေးရမည်။

ကျောင်းသားများအတွက် “အတွေးလက်ဆောင်” သို့မဟုတ် “အဓိကအချက်”မှာ အဘယ် နည်း ဟု မေးပါ။

အဖြေ - ဆက်စပ်အခြေအနေတစ်ခုစီအတွက် နည်းပညာပေါင်းစပ်မှုဆိုင်ရာ ချဉ်းကပ်မှုမှာ တစ်ခုနှင့်တစ်ခုမတူညီနိုင်ကြပါ။ အဖြေတစ်မျိုးတည်းမရှိပါ။ အဖြေအမျိုးမျိုးရှိနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**ဇယား ၂.၁ (က)။ ဆရာများသိမှတ်ဖွယ် အသိပညာအမျိုးမျိုးတို့၏ အဓိပ္ပာယ်သတ်မှတ်ချက်များ (ဖြည့်စွက်ပြီး)**

| အယူအဆ | အဓိပ္ပာယ်သတ်မှတ်ချက် |
|---|---|
| သင်နည်းဗေဒဆိုင်ရာ အသိပညာ (Pedagogical Knowledge) (PK) | သင်ကြားမှုနှင့် သင်ယူမှုဆိုင်ရာ ချဉ်းကပ်မှုများ၊ နည်းဗျူဟာများနှင့် နည်းလမ်းများအကြောင်းကို သိရှိသော အသိပညာ |
| ဘာသာရပ်ဆိုင်ရာ အသိပညာ၊ ဘာသာရပ် အကြောင်းအရာ (Content Knowledge) (CK) | ဘာသာရပ်နယ်ပယ်တစ်ခု၏ အသိပညာနှင့် ကျွမ်းကျင်မှုများ ပါဝင်နေသည့် ဘာသာရပ်ဆိုင်ရာအကြောင်းအရာ တို့ကို သိရှိသော အသိပညာ |
| နည်းပညာဆိုင်ရာ အသိပညာ(Technological Knowledge) (TK) | စာသင်ခန်းနှင့်ဆီလျော်သော နည်းပညာသုံး ကိရိယာ အမျိုးမျိုးနှင့် ရင်းမြစ် အမျိုးမျိုးတို့ကို သိရှိပြီး ထိုနည်းပညာ တို့ကို အသုံးပြုရာ၌ နှံ့စပ် တတ်ကျွမ်းသော အသိပညာ |
| ဘာသာရပ် သင်ကြားရေး၌ အသုံးပြုသော သင်နည်းဗေဒဆိုင်ရာ အသိပညာ (Pedagogical Content Knowledge) (PCK) | ဘာသာရပ် အကြောင်းအရာများကို သင်ကြား ပေးရာ၌ ကျောင်းသားများ၏ သင်ယူမှု တိုးမြှင့်ပေးနိုင်ရန်အတွက် ချဉ်းကပ်မှုများ၊ နည်းဗျူဟာများနှင့် နည်းလမ်းများကို အသုံးပြုကာ မည်သို့ သင်ကြားပေးနိုင်ကြောင်းကို သိရှိသော အသိပညာ |
| နည်းပညာသုံး ဘာသာရပ်ဆိုင်ရာ အသိပညာ (Technological Content Knowledge) (TCK) | ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကို သင်ကြားပေးရာ၌ အသစ်အဆန်းဖြစ်အောင် စိတ်ဝင်စားဖွယ်ဖြစ်အောင် နည်းပညာကို အသုံးပြုပြီး မည်သို့ စီစဉ်ပြုပြင်နိုင်ပြီး ရှုပ်ထွေး နေသော အကြောင်းအရာများကို ကျောင်းသားများ ရှင်းလင်းစွာ နားလည် သဘောပေါက်အောင် မည်သို့ အထောက်အပံ့ ပြု နိုင်ကြောင်းကို သိရှိသော အသိပညာ |
| နည်းပညာသုံးသင်နည်းဗေဒဆိုင်ရာအသိ ပညာ (Technological Pedagogical Kowledge) (TPK) | စာသင်ခန်းတွင်း သင်ကြားမှု သင်ယူမှုတို့ကို အထောက်အပံ့ ဖြစ်စေရန် နည်းပညာများကို အသုံးပြုရာ၌ အထိရောက်ဆုံး ဖြစ်အောင် မည်သို့ ဆောင်ရွက်နိုင်ကြောင်းသိရှိသောအသိ ပညာ |
| ဘာသာရပ်သင်ကြားရေး၌ အသုံးပြုသော နည်းပညာသုံး သင်နည်းဗေဒဆိုင်ရာ အသိပညာ (Technological Pedagogical Content Knowledge) (TPCK) | သင်ကြားမှုနှင့်သင်ယူမှုဆိုင်ရာ ဆက်စပ်အခြေ အနေများ တွင် ပါဝင်နေသော အကြောင်းအရာ သင်နည်းဗေဒနှင့် နည်းပညာတို့အကြား ဆက်စပ်မှုကို အကျိုးရှိစွာနှင့် ကျွမ်းကျင်ရေလည်စွာ မည်သို့ ကိုင်တွယ်အသုံးပြုရမည်ကို သိရှိသော အသိပညာ |

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
- နည်းပညာပေါင်းစပ်သုံးစွဲမှုအတွက်စီမံ ဆောင်ရွက်ရာတွင် TPACK အညွှန်းဘောင်နှင့် SAMR သင်ယူမှုပုံစံတို့ကို ဖက်စပ်ဆက်သွယ်ပေးနိုင်မည့် နည်းလမ်းတစ်ခုကိုအသုံးပြုတတ်မည်။

၂။ ပထမနှစ်သင်တန်းပညာရေးဘာသာရပ်သင်ယူစဉ်က ကျောင်းသားများအား SAMR ပုံစံ အကြောင်းကို မိတ်ဆက်ပေးခဲ့ပြီး ဖြစ်ကြောင်းကိုပြောပြပါ။

၃။ ထိုပုံစံအကြောင်းသူတို့မှတ်မိသမျှကိုချရေးရန် ကျောင်းသားများကိုပြောပါ။

၄။ ကျောင်းသားများအားသူတို့နှင့် ဘေးချင်းကပ်ထိုင်နေသူကျောင်းသားကို မိမိသိရှိထားပြီး ဖြစ်သော အသိပညာများကို မျှဝေရန် ညွှန်ကြားပါ။

၅။ အတန်းသို့ပြန်လည်သတင်းပို့မည့်ကျောင်းသားများကိုရွေးချယ်ပါ။

၆။ ကျောင်းသားကိုင်စာအုပ်ပါ “SAMR သင်ယူမှုပုံစံအကြောင်းနားလည်သဘောပေါက်စေခြင်း” အကြောင်းရေးသားထားသည့်အပိုင်းကို ဖတ်ရှု လေ့လာရန် ကျောင်းသား များကို ညွှန်ကြားပါ။ ပုံ (၂.၅) ကိုလည်း လေ့လာစေရမည်။

၇။ SAMR ပုံစံပါ အပိုင်း (၂) ပိုင်းနှင့် အပိုင်းတစ်ပိုင်းစီမှ အဆင့် (၂) ဆင့်စီ အကြောင်းကို ပြန်လည် ဆန်းစစ်ပါ။

၈။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း (၃) နှင့် ဇယား (၂.၂) ကို လေ့လာရန် ပြောပါ။

၉။ ပုံစံ၏အဆင့်အသီးသီးအတွက် ဖော်ပြထားသော ဘာသာစကား အသုံးအနှုန်းသည် နားလည် ရန်ရှုပ်ထွေးကြောင်း၊ အင်္ဂလိပ်လူမျိုးများသည် ပင်လျှင် ရှုပ်ထွေးတတ်ကြောင်း အလေးပေး ဖော်ပြပါ။

၁၀။ SAMR ပုံစံ၏ အဆင့်များကို ဒုတိယထောင်လိုက်အကွက် (ကော်လံ) တွင် ပိုမို

ရိုးရှင်းသော စကားလုံးအသုံးအနှုန်းများဖြင့် ခေါ်ဝေါ်ပုံကို ပြန်လည် ဆန်းစစ်ပါ။ တတိယကော်လံတွင် အဓိပ္ပာယ်ရှင်းလင်းချက်များကို ဖော်ပြထားသည်။

- အစားထိုးသည် (Substitue) (သို့မဟုတ်) ပယ်ထုတ်သည် (replace) အစဉ်အလာအားဖြင့် သုံးစွဲခဲ့သော ကိရိယာများကို လုံးဝ မပြောင်းလဲဘဲ ဆက်လက်ထားရှိခြင်း (သို့မဟုတ်) အနည်းငယ်မျှသာ ပြောင်းလဲသုံးစွဲခြင်း
- တိုးပွား/မြင့်မားစေသည် (Augment) သို့မဟုတ် ထပ်မံပေါင်းထည့်သည် (Add to) အကျိုး ဖြစ်ထွန်းစေသော အပြောင်းအလဲ အချို့ကို ထပ်မံ ပေါင်းထည့်စေခြင်း။
- ပြုပြင်မွမ်းမံပြောင်းလဲသည် (Modify) (သို့မဟုတ်) အပြောင်းအလဲများ ပြုလုပ်သည် (make changes to) ရေရှည်တည်တံ့နိုင်သောပုံစံအဖြစ်သို့ ပြန်လည်ပုံစံချတည်ဆောက်ခြင်း (substantial redesign)
- အဓိပ္ပာယ်ပြန်လည်သတ်မှတ်ခြင်း (redefine) (သို့မဟုတ်) အဓိပ္ပာယ် အသစ် ဖွင့်ဆိုခြင်း (give new meaning to) သင်ယူမှုလုပ်ငန်း အသစ်များ ကို ဖန်တီးခြင်း

## သင်ယူမှုလုပ်ငန်း (၃)။ SAMR အဆင့်အသီးသီးတို့တွင် နည်းပညာပေါင်းစပ် ထည့်သွင်းမှုအတွက် သတ်မှတ်ဖော်ထုတ်ခြင်း

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် (သင်ယူမှုလုပ်ငန်းအတွက် - ၁၅မိနစ်၊ မျှဝေမှု - ၁၅ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၃) ဦးစီပါဝင်သော ကျောင်းသားအုပ်စုငယ်များ |

**ရည်ရွယ်ချက် -** ကျောင်းသားများက SAMR အဆင့်များနှင့် ထိုအဆင့်များကို ကျင့်သုံးနေသည့် နည်းပညာသုံး ဥပမာများအကြား ချိတ်ဆက်ပေါင်းစပ်ပြတတ်ရန်

၁။ ကျောင်းသား (၃) ဦးစီပါဝင်သော အုပ်စုများအဖြစ်သို့ ကျောင်းသားများကို အုပ်စုဖွဲ့စေရမည်။ ထိုနောက် ဇယား (၂.၂) မှ SAMR သင်ယူမှုပုံစံပါ အဆင့်

တစ်ဆင့်စီ အတွက် ဥပမာ အဖြစ် ဖော်ပြနိုင်သော စာသင်ခန်းတစ်ခုစီ ရေးသား ဖော်ပြပေးရန် အုပ်စုအသီးသီးကိုညွှန်ကြားပါ။

၂။ အစားထိုးခြင်းအဆင့် (substitution) အတွက် ဥပမာ တစ်ခုပေးထားကြောင်းကို အလေးပေး ပြောပြပါ။

ဥပမာ - ကျောင်းသားများအား မင်တံနှင့်စာရွက်ကို အသုံးပြုမည့်အစား ကွန်ပျူတာကို အသုံးပြုပြီး အင်္ဂလိပ်စာဘာသာရပ်အတွက် စာစီစာကုံးတစ်ပုဒ် ရေးသားစေခြင်း

၃။ အုပ်စုဝင် (၃) ဦးရှိသည့် အနက် တစ်ဦးစီအား နောက်ထပ်အဆင့် (၃) ဆင့် (ထပ်မံပေါင်းထည့်ခြင်း အဆင့်၊ ပြုပြင်ပြောင်းလဲမွမ်းမံခြင်းအဆင့်နှင့် အဓိပ္ပာယ် သတ်မှတ်ချက် အသစ်ဖွင့်ဆိုခြင်း အဆင့်များ) ထဲမှ အဆင့် (၁) ဆင့်စီအတွက် ဥပမာများရှာဖွေရန်သတ်မှတ် တာဝန်ပေးနိုင်သည် (သို့မဟုတ်) (၃) ဆင့်စလုံး အတွက် အားလုံးပူးတွဲဆောင်ရွက်နိုင်သည်ဟု ဆရာက အကြံပြုပေးပါ။

၄။ အတန်းသို့ပြန်လည်တင်ပြသတင်းပို့ပေးမည့် ကျောင်းသား (ကိုယ်စားလှယ်) ကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သူတို့ရရှိထားသောအဖြေများကိုအတန်းနှင့် မျှဝေရန် ကျောင်းသားများ ရွေးချယ်ခြင်းဖြင့် ကျောင်းသားများ၏နားလည်သဘောပေါက်မှုကိုဆရာကစစ်ဆေးအကဲဖြတ်နိုင်သည်။

နည်းပညာပေါင်းစပ်ထည့်သွင်းအသုံးပြုမည်။ ဥပမာ - SAMR၏ အဆင့်အသီးသီးထဲ၌ နေရာ ချထားရာတွင် ထည့်သွင်းရသည့် အဆင့် သတ်မှတ်မှုသည် ကျောင်းသားတစ်ဦး၏ ရှုမြင် သုံးသပ်ပုံပေါ် မူတည်၍ ခြားနားနိုင်သည်။

SAMR အဆင့်များအကြောင်းဖော်ပြထားချက်များကို ပြန်လည်လေ့လာရန် ကျောင်းသားများ ကို ညွှန်ကြားပါ။ အသေးစိတ်စူးစမ်းလေ့လာရသော မေးခွန်းများမေးပါ။

- **အစားထိုးသည် (substitute) -** သမားရိုးကျအစဉ်အလာသုံးစွဲခဲ့သော ကိရိယာများ၏ နေရာသို့ နည်းပညာအသုံးပြုမှုအနည်းငယ် အစားထိုးခြင်း ပြုပါသလား။ (သို့မဟုတ်) မပြောင်းလဲဘဲ ဆက်လက်ထားရှိပါသလား။
- **တိုးပွားမြင့်မားစေသည် (Augment) -** အကျိုးဖြစ်ထွန်းစေသော အပြောင်း အလဲ အချို့ကို နည်းပညာက ထပ်မံပေါင်းထည့်ခြင်းရှိပါသလား။
- **ပြုပြင်မွမ်းမံပြောင်းလဲသည် (Modify) -** သင်ယူမှုလုပ်ငန်းကို ရေရှည်တည်တံ့သော ပုံစံအဖြစ် ပြန်လည်ပုံစံချ တည်ဆောက်နိုင်ရန်အတွက် နည်းပညာက ခွင့်ပြုထားပါသလား။
- **အဓိပ္ပာယ် ပြန်လည်သတ်မှတ်သည် (Redefine) -** သင်ယူမှုလုပ်ငန်း အမျိုးအစားအသစ်များ ဖန်တီးတည်ဆောက်မှုအတွက် နည်းပညာက ခွင့်ပြုထားပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤပုံမှာ ကျောင်းသားကိုင်စာအုပ်ပါ ဇယား (၂.၂) ထဲသို့ ဖြစ်နိုင်ခြေရှိသောအဖြေများ ထည့်သွင်း ရေးသားလျက် ပြထားသည့်ပုံဖြစ်သည်။

**ဇယား ၂.၂ (က)။ SAMR သင်ယူမှုပုံစံ**

| အဆင့် | ပညာရပ်ဝေါဟာရ (ကြိယာများအဖြစ်နှင့် ပိုမိုရှင်းလင်းသော အသုံးအနှုန်းများအဖြစ်သို့ ပြောင်းလဲထားသည်။) | ဖော်ပြချက် | စာသင်ခန်းတွင်းသို့ နည်းပညာပေါင်းစပ်ထည့်သွင်းပုံ ဥပမာ |
|---|---|---|---|
| အစားထိုးခြင်း (Substitution) | အစားထိုးသည် (သို့မဟုတ်) အသစ်လဲလှယ်သည်။ | အစဉ်အလာအားဖြင့် သုံးစွဲခဲ့သော ကိရိယာများ ကို လုံးဝ မပြောင်းလဲဘဲ ဆက်လက်ထားရှိခြင်း (သို့မဟုတ်) အနည်း ငယ်မျှ သာ ပြောင်းလဲသုံးစွဲ ခြင်း၊ သင်ယူမှုလုပ်ငန်းများကို အနည်းငယ်ပြောင်းလဲခြင်း။ | ကွင်းဆင်းလေ့လာမှု အစီရင်ခံစာတစ်ခု (Field report) ရေးသားရာတွင် မင်တံနှင့် စာရွက်မသုံးဘဲ ကွန်ပျူတာ အသုံးပြု၍ ရေးသားခြင်း |

| | | | |
|---|---|---|---|
| တိုးပွားမြင့်မားစေခြင်း (Augmentation) | တိုးပွားစေသည် (သို့မဟုတ်) ထပ်မံပေါင်းထည့်သည်။ | နည်းပညာက အစဉ်အလာအားဖြင့် အသုံးပြုခဲ့သော ကိရိယာများကို အသစ်ဖလှယ်ပြီး အကျိုးဖြစ်ထွန်းစေသော အပြောင်းအလဲအချို့ကို ထပ်မံပေါင်းထည့်ပေးခြင်း။ | ကွင်းဆင်းလေ့လာမှု ဆောင်ရွက်ခဲ့စဉ်က လုပ်ဆောင်ခဲ့သော ကဏ္ဍအသီးသီးတို့ကို မိုဘိုင်းဖုန်း ဖြင့် မှတ်တမ်းတင်ထားသော ဒစ်ဂျစ်တယ် ဓာတ်ပုံများ ထည့်သွင်းခြင်း အပါအဝင် အစီရင်ခံစာ ရေးသားပြုစုရန် ကွန်ပျူတာကိုအသုံးပြုခြင်း |
| ပြုပြင်မွမ်းမံပြောင်းလဲခြင်း (Modification) | ပြုပြင်မွမ်းမံသည် (သို့မဟုတ်) အပြောင်းအလဲများ ပြုလုပ်သည်။ | သင်ယူမှုလုပ်ငန်းကို ရေရှည်တည်တံ့သော ပုံစံ အဖြစ်ပြန်လည်ပုံစံတကျ တည်ဆောက်နိုင်ရန် နည်းပညာက ခွင့်ပြုပေးသည်။ | ကွင်းဆင်းလေ့လာမှုဆိုင်ရာ လုပ်ငန်းတစ်ခုစီတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရရှိလာသောသူတို့၏ သင်ယူမှုအပေါ် သူတို့အမြင်ကို ကင်မရာမှ တစ်ဆင့် မျှဝေခြင်း (ဓာတ်ပုံများထည့်ခြင်း) အပါအဝင် မိုဘိုင်းဖုန်းများနှင့်အခမဲ့ ရယူနိုင်သောကွန်ပျူတာ ပရိုဂရမ်များကိုအသုံးပြုကာကွင်းဆင်းလေ့လာမှုအကြောင်းကို ကျောင်းသားများ က ဗီဒီယိုတစ်ခု ဖန်တီးခြင်း |
| အဓိပ္ပာယ် ပြန်လည်သတ်မှတ်ခြင်း (Redefinition) | အဓိပ္ပာယ်ပြန်လည်သတ်မှတ်သည် (သို့မဟုတ်) အဓိပ္ပာယ်အသစ်တစ်ခု ပေးသည် | ယခင်က စိတ်ကူးရန်ပင် မဖြစ်နိုင်သော သင်ယူမှုလုပ်ငန်း အသစ်အဆန်းများကို ဖန်တီး တည်ဆောက်နိုင်စေရန် နည်းပညာက ခွင့်ပြုပေးသည်။ | • ကျောင်းသားများက ၎င်းတို့ကွင်းဆင်း ဆောင်ရွက်နေပုံ ဗီဒီယိုကို YouTube ကွန်ရက်တွင် လွှင့်တင်ကြသည်။<br>• ဗီဒီယိုအရည်အသွေး စစ် ဆေး အကဲဖြတ်ရန် အချင်း ချင်း စစ်ဆေးအကဲဖြတ်မှု ကို အသုံးပြုကြသည်။<br>• မိမိတို့ဒေသန္တရ ပတ်ဝန်းကျင် အကြောင်း ရိုက်ကူးထားသော ဗီဒီယိုများကို နိုင်ငံတကာမှ မိတ်ဖက်အတန်းများကို မျှဝေကြသည်။ |

| | | | |
|---|---|---|---|
| | | | • သူတို့ချိတ်ဆက်ထားသော နိုင်ငံတကာမိတ်ဖက် အတန်း မှ အဖွဲ့ဝင်များ၏ မေးခွန်းများကို ဖြေဆိုရန် အတွက် Viber မှတစ်ဆင့် ဗီဒီယို ညီလာခံ၊ အစည်း အဝေးတစ်ခု ကျင်းပခြင်း ကိုနောက်ဆက်တွဲ လုပ်ငန်း အဖြစ်ဆက်လက် ဆောင် ရွက်ကြသည်။ |

## အိမ်စာလုပ်ငန်း ။ SAMR ပုံစံအကြောင်းကို ဗီဒီယိုကြည့်ရှုစေခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား “SAMR ပုံစံအကြောင်းကို ဗီဒီယို ကြည့်ရှုစေခြင်း” အိမ်စာ လုပ်ငန်းကို ဆောင်ရွက်ရန် ညွှန်ကြားပါ။

၂။ ဗီဒီယိုကြည့်နိုင်ခြင်းမရှိပါက လေးထောင့်ကွက် (၂.၁) တွင် ပါရှိသော ဆွေးနွေးမှု အနှစ်ချုပ်ကို ဖတ်ရှုနိုင်ကြောင်း အလေးပေးပြောပြပါ။

## စာသင်ချိန် (၄)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- TPACK အညွှန်းဘောင်နှင့် SAMR သင်ယူမှုပံုစံတို့ကို နည်းပညာပေါင်းစပ် သုံးစွဲမှု အတွက်စီစဉ်ရာတွင်ပေါင်းစပ်ပေးမည့်ကိရိယာတစ်ခုကို အကဲဖြတ် တတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်မှ “SAMR ပုံစံနှင့် TPACK အညွှန်းဘောင်တို့ ပေါင်းစပ် ဖွဲ့စည်းခြင်း” အကြောင်းကို ဖတ်ရှုရန် ကျောင်းသားများအား ညွှန်ကြားပါ။

၃။ ကျောင်းသားများအား ဤသို့ သိရှိအောင် ပြောပြပါ။

- TPACK အညွှန်းဘောင်ကို တည်ဆောက်ကာ ပုံနှိပ်ထုတ်ဝေခဲ့သည့် ၂၀၀၆ ခုနှစ် ကတည်း စ၍ ၎င်းသည် သင်ကြားမှုသင်ယူမှုတွင် နည်းပညာပေါင်းစပ် ထည့်သွင်းမှုဆိုင်ရာ သဘောတရားရေးရာ အညွှန်းဘောင်များအနက် ထိပ်သီးနေရာ၌ ရရှိခဲ့သော သဘောတရားရေးရာ အညွှန်းဘောင်တစ်ခု ဖြစ်သည်။
- SAMR ပုံစံသည် TPACK အညွှန်းဘောင်ကဲ့သို့ သုတေသနစာပေနယ်တွင် ထုတ်ခဲ့ခြင်းနှင့် သုတေသီအချင်းချင်းတို့၏ ပြန်လည်ဆန်းစစ်မှုဖြစ်စဉ်ကို ဖြတ်သန်းခြင်းတို့မရှိခဲ့သည့်အတွက် ဝေဖန်ခံရသည်။ ထိုအားနည်း ချွတ်ယွင်းချက်ရှိသော်လည်း SAMR ပုံစံသည် ဆရာများ၏ အစီအစဉ် ပြင်ဆင်မှုကို ပံ့ပိုးပေးနိုင်မှုတွင်မူ အတန်အသင့်အောင်မြင်ခဲ့သည်။

၄။ ကျောင်းသားများအား ပုံ (၂.၆) ကိုကြည့်ရှုစေပြီးမေးခွန်းများမေးပါ။

- ဤကိရိယာတွင်TPACK အညွှန်းဘောင်ကို တွေ့မြင်နိုင်ပါသလား။
- SAMR ပုံစံကို တွေ့မြင်နိုင်ပါသလား။

၅။ ထိုပုံစံထဲမှ ဥပမာကို သူတို့ဖြည့်သွင်းရေးသားရမည်ဖြစ်သည်ဟု ကျောင်းသားများ ကို ပြောပြပါ။

၆။ အောက်ပါအပိုင်းများကို တစ်တန်းလုံးအား ဖတ်ရှုစေရမည်။

- သင်ယူမှုရည်ရွယ်ချက်၊ နည်းဗျူဟာနှင့် နည်းလမ်းများ (တြာပီဇီယမ်/ တြိဂံ၏ အခြေမှ)
- နည်းပညာပေါင်းစပ်ပေးခြင်း (တြာပီဇီယမ်/ တြိဂံ၏ ဟန်ချက်ညီမှုအပိုင်း များ)

## သင်ယူမှုလုပ်ငန်း (၄)။ TPACK – SAMR ကိရိယာများကို ဆက်သွယ်အသုံးပြုခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် လုပ်ငန်းအတွက် - (၁၀) မိနစ်၊ မျှဝေခြင်း - (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ( ၃) ဦးတစ်အုပ်စု ဖွဲ့ထားသောအုပ်စုများ |

**ရည်ရွယ်ချက်** - ကျောင်းသားများက TPACK-SAMR ကိရိယာကိုသေချာစွာ လေ့လာတတ်စေရန်

၁။ ကျောင်းသားများကို တစ်အုပ်စုလျှင် (၄) ဦးစီ ပါဝင်စေလျက် အုပ်စုဖွဲ့ရန် ညွှန်ကြားပါ။
၂။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း (၄) ကို ကြည့်ရှုရန် ညွှန်ကြားပါ။
၃။ အုပ်စုများကို ဤသို့ ညွှန်ကြားပါ။
- ပုံ (၂.၈) ပါအသေးစိတ်အချက်အလက်များကို ကားချပ်ကြီး တစ်ခုပေါ်သို့ ကူးယူရေးဆွဲရန်။
- စာရင်းပြုစုပေးထားသော သင်ယူမှုလုပ်ငန်းများကို ၎င်းတို့နှင့် ညီညွတ်ဆက်စပ်သည်ဟု သင်တို့ ထင်မြင်ယူဆသည့် SAMR အဆင့်များတွင် ထည့်သွင်းရေးသားပေးပါ။

၄။ အတန်းသို့ပြန်လည်သတင်းပို့မျှဝေမည့်အုပ်စုများကိုဆရာက ရွေးချယ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ရရှိထားသော အဖြေများကို အတန်းနှင့်မျှဝေပေးမည့် အုပ်စုများရွေးချယ်ပေးခြင်းဖြင့်သူတို့၏ နားလည်သဘောပေါက်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်မည်။ ကျောင်းသားလုပ်ငန်းအခန်းတစ်ခန်းစာ (သို့မဟုတ်) သင်ခန်းစာအတွဲအစဉ်တစ်ခု တို့ကို စာသင်ခန်းတွင်း သင်ယူစေရာ၌ သင်ခန်းစာတွင် နည်းပညာကို မည်သို့ ပေါင်းစပ်ထည့်သွင်းရမည်ကို စဉ်းစားမှုအတွက် ကိရိယာက အထောက်အပံ့ပြုကြောင်းကို အလေးအနက်ထား ဆွေးနွေးပါ။

အဆင့်မြင့်တွေးခေါ်မှုလိုအပ်သောမေးခွန်းတစ်ခုကိုမေးပါ။

- အညွှန်းဘောင်နှင့် ပုံစံတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်မည်သို့ ဖြည့်ဆည်းပံ့ပိုးပေးနေကြသနည်း။ စာသင်ခန်းအတွင်းနည်းပညာ အသုံးပြုမှုအကြောင်းဆရာများကို စဉ်းစားကြံဆစေရာတွင် ၎င်းတို့နှစ်ခုစလုံးအသုံးဝင်ကြသည်မှာအဘယ်ကြောင့်နည်း။

**အဖြေ**

- သင်ယူမှုနှင့်သင်ကြားမှု ဦးတည်ရည်ရွယ်ချက်တို့ကို ကူညီဆောင်ရွက်ရန်နည်းပညာကို အသုံးပြုနိုင်ကြောင်း TPACK အညွှန်းဘောင်က အထူးတလည်အလေးပေးဖော်ပြသည့် နည်းပညာကို သုံးစွဲရာတွင် အဆင့်အမျိုးမျိုးဖြင့် သုံးစွဲနိုင်ကြောင်း (ဥပမာ - ပုံ ၂.၃ နှင့် ၂.၅) လွယ်ကူသော နည်းပညာမှ အဆင့်မြင့်ရှုပ်ထွေး ခက်ခဲသော နည်းပညာအထိ အမျိုးအစားအမျိုးမျိုးတို့ကို အသုံးပြုနိုင်ကြောင်း SAMR ပုံစံက အလေးပေးဖော်ပြသည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အောက်တွင်ဖော်ပြထားသော အဖြေများမှာ ဆီလျော်သည်ဟု အကြံပြုထားသော အဖြေများသာ ဖြစ်ကြသည်။ သင်ယူမှုလုပ်ငန်းအသီးသီးတို့ကို SAMR ၏ မည်သည့်အဆင့်တွင် အဘယ်ကြောင့် ထည့်သွင်းရေးသားထားသည်ကို အကြောင်းပြချက်/ ရည်ရွယ်ချက် (rationale) အမျိုးမျိုး ပေးနိုင်ကြသည်။

**တိုးပွားစေခြင်း/မြှင့်တင်ခြင်းအဆင့်(ထပ်လောင်းထည့်ခြင်း)**(အွန်လိုင်း သုတေသနပြုမှုက အချက်အလက် ပို၍ များများရရှိစေသည်။)

- ဥယျာဉ်များအကြောင်း သုတေသနပြုရန်နှင့်အစီရင်ခံစာများ ရေးသားပြုစုရန်အတွက် ကွန်ပျူတာများ အင်တာနက်ဆက်သွယ်မှုနှင့် ကွန်ပျူတာ စာစီစာရိုက်မှု ဆိုင်ရာ ပရိုဂရမ်များကို အသုံးပြုခြင်း။

**ပြုပြင်မွမ်းမံ ပြောင်းလဲခြင်းအဆင့် (အပြောင်းအလဲများပြုလုပ်ခြင်း)** – (ဆွေးနွေးတင်ပြမှု အတွက် အသုံးပြုသော နည်းပညာက ပညာရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူ ပရိသတ်အများအပြားနှင့် ဆက်သွယ်နိုင်အောင်ခွင့်ပြုပေးသည်။ ကျောင်းခန်းမကြီးထဲ၌ ဆွေးနွေးတင်ပြမှုပြုနိုင်သည်။)

- အတန်း၏ ညှော်သည်တော်များအဖြစ် ဖိတ်ကြားထားသော မိဘဆရာအသင်းဝင်များနှင့် ကျောင်းအုပ်ကြီးစသည့် ပညာရေးလုပ်ငန်း၌ ပတ်သက်နေသူများကို ကျောင်းဥယျာဉ်တစ်ခု စိုက်ပျိုးတည်ဆောက်ထားမှုအတွက် ကိုယ်တိုင်လုပ်ဆောင်ခြင်း အစီအစဉ် (action plan) အကြောင်းအကြမ်းဖျင်းတင်ပြနိုင်ရန်အတွက် ဆွေးနွေးတင်ပြမှုတစ်ခု ဆောင်ရွက်ရာတွင် ကွန်ပျူတာများနှင့် ကွန်ပျူတာပရိုဂရမ်များကို အသုံးပြုခြင်း

**အစီပွာယ်ပြန်လည်သတ်မှတ်ခြင်းအဆင့်** (သင်ယူမှုလုပ်ငန်းအသစ်များ ဖန်းတီးခြင်း)

ကျောင်းသားများအနေနှင့် သူတို့စိုက်ပျိုးထားသော ကျောင်းဥယျာဉ်အကြောင်းကို အမှန်တကယ်ရှိနေကြသော ၎င်းတို့၏စစ်မှန်သောပရိတ်သတ်များ (မိတ်ဆွေသူငယ်ချင်းများ) နှင့် ပုံမှန်ဆက်သွယ်ရေး၌ ထပ်ဆောင်းအပိုလုပ်ငန်းအဖြစ်လူမှုကွန်ရက် (Facebook) ပို့စာများကို အသုံးပြုနိုင်သည်။

- စီမံချက် အဆင့်အသီးသီး၌ ဆောင်ရွက်ထားမှုများကို မိုဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်ပြီး ပြန်လည်သုံးသပ်မှုမှတ်တမ်းတွင် အထောက်အကူပြုစေမည်။ လူမှုကွန်ရက်ပို့စာများတွင် ရပ်ရွာလူထု အဖွဲ့အစည်းအတွင်း လက်ရှိဆောင်ရွက်နေမှုမှတ်တမ်းတစ်ခုအဖြစ်သုံးနိုင်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| **အချိန်** | (၅) မိနစ် |
|---|---|
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဆက်စပ်ညီညွတ်မှုရှိသော TCSF ထဲမှ တတ်ကျွမ်းမှုကို ပြန်လည်ဆန်းစစ်ပါ။
(က) (၂.၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT) ကို သင်ကြားသင်ယူမှုတွင် သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက် ကြောင်း ပြသသည်။

၂။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။
ဤသင်ခန်းစာကို သင်ယူပြီးဆုံးချိန်၌ သင်သည် -

- သင်နည်းဗေဒဆိုင်ရာအသိပညာ ကို နားလည်သဘောပေါက်ကြောင်း ပြသ တတ်မည်။
- နည်းပညာသုံးသင်နည်းဗေဒဆိုင်ရာ အသိပညာ (TPCK) (သို့မဟုတ်) (TPACK) အညွှန်းဘောင်၏အခြေခံအချက်များ၊ အရေးပါသောအချက်များ ကို ဆွေးနွေးတတ်မည်။
- နည်းပညာပေါင်းစပ်သုံးစွဲမှုအတွက်စီမံ ဆောင်ရွက်ရာတွင် TPACK အညွှန်း ဘောင်နှင့် SAMR သင်ယူမှုပုံစံတို့ကို ဖက်စပ်ဆက်သွယ်ပေးနိုင်မည့် နည်း လမ်းတစ်ခုကိုအသုံးပြုတတ်မည်။
- TPACK အညွှန်းဘောင်နှင့် SAMR သင်ယူမှုပုံစံတို့ကို နည်းပညာပေါင်းစပ် သုံးစွဲမှုအတွက် စီစဥ်ရာတွင် ပေါင်းစပ်ပေးမည့် ကိရိယာတစ်ခုကို အကဲဖြတ် တတ်မည်။။။

၃။ TPACK- SAMR ကိရိယာက သင်ခန်းစာပါအသေးစိတ် အကြောင်းအရာများကို ဖြစ်စေ၊ အခန်းတစ်ခုအတွက် စီစဉ်ပြင်ဆင်မှုကို ဖြစ်စေ အစားထိုးနေရာယူနိုင် ခြင်း မရှိကြောင်းကို ကျောင်းသားများ ထင်ရှားစွာသိရှိအောင် အလေးပေး ပြော ပြပါ။ ထိုကိရိယာသည် သူတို့အတွက် အသုံးဝင်မှု ရှိ/မရှိကိုလည်း မေးမြန်းပါ။

၄။ ဤအခန်းငယ်အတွက် ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ကျောင်းသားများ၏ ကိုယ်ပိုင် အချိန်တွင် ဖြေဆိုထားရန်ညွှန်ကြားချက်ပေးပါ။

## အိမ်စာလုပ်ငန်း။ကျောင်းသားဗဟိုပြု သင်ယူမှုသဘောတရားများကိုသတ်မှတ်ဖော်ထုတ်ခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ကျောင်းသားဗဟိုပြု သင်ယူမှု သဘောတရားများကို သတ်မှတ်ဖော်ထုတ် တတ်လာစေရန်

၁။ ကျောင်းသားကိုင်စာအုပ်သင်ခန်းစာ (၂.၂.၁) မှ အိမ်စာလုပ်ငန်းအဖြစ် ပေးထားသည့် ကျောင်းသားဗဟိုပြု သင်ယူမှု ဆိုင်ရာသဘောတရားများကို ဖော်ထုတ်သတ်မှတ်ခြင်းအကြောင်းကို ကြည့်ရှုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။

၂။ ပထမနှစ်သင်တန်းတွင် ကျောင်းသားဗဟိုပြု သင်နည်းဗေဒဆိုင်ရာ ချဉ်းကပ်မှုများနှင့် ဆရာ ဗဟိုပြု သင်နည်းဗေဒဆိုင်ရာ ချဉ်းကပ်မှုများအကြား ကြီးမားသောခြားနားချက်၊ ကွာခြားချက်တို့ကို ဖော်ပြခဲ့ပြီးဖြစ်ကြောင်း ကျောင်းသားများကို သိရှိစေရမည်။ လေးထောင့်ကွက် (၂.၂) တွင် ကျောင်းသားဗဟိုပြုသင်ယူမှု သဘောတရားများ (အထူးသဖြင့် ပထမနှစ်သင်တန်း သင်ရိုးမှ အကြောင်းအရာများ) ၏ အနှစ်ချုပ်ကို ဖော်ပြထားသည်။

၃။ ကျောင်းသားများအား လေးထောင့်ကွက် (၂.၂) ကို ဖတ်ရှုစေပြီးနောက် အဓိကကျသော သဘောတရားများကို မင်တံတစ်ချောင်းအသုံးပြု၍ ထင်ရှား အောင် အရောင်ခြယ်ပေးရန် ညွှန်ကြားပါ။

၄။ ဥပမာအားဖြင့် ပထမစာပိုဒ် (၂) ပိုဒ်တွင် အောက်ဖော်ပြပါ သဘောတရားများကို ထင်ရှားအောင် ရောင်စုံ မင်တံဖြင့် အရောင်ခြယ်ပြသထားပြီးဖြစ်သည်။ (လေးထောင့်ကွက် (၂.၂) ကိုကြည့်ပါ။)

- ကလေးများကငင်းတို့ ကိုယ်တိုင်ကြုံတွေ့ရသည့် အတွေ့အကြုံများမှ တစ်ဆင့် တက်ကြွစွာ သင်ယူတတ်ကြသည်။
- ကလေးများသည် သူတို့၏ အတွေ့အကြုံများကို သူတို့ယခင်သိနှင့်ပြီး အသိပညာ၊ လူမှုပေါင်းသင်းဆက်ဆံရေးလုပ်ငန်းနှင့် ဆွေးနွေး (မေးမြန်း) မှုတို့မှတစ်ဆင့် အဓိပ္ပာယ် ဖော်ယူတတ်ကြသည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** PCK အယူအဆနှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) သည် မည်သို့ ညီညွတ်ဆက်စပ်နေသနည်း။

**အဖြေ။** *PCK သည် PK နှင့် CK တို့ပေါင်းစပ်၍ ဖြစ်ပေါ်လာသည်။*

- *PKသည် သင်နည်းဗေဒ (Pedagogical Knowledge) ကိုခေါ်ဆိုခြင်း ဖြစ်သည်။ သင်ကြားမှု သင်ယူမှုဆိုင်ရာ ချဉ်းကပ်မှုများ၊ နည်းဗျူဟာများနှင့် နည်းလမ်းများကို သိရှိခြင်းကို ဆိုလိုပါသည်။ (မည်သို့သင်ကြားရမည်ကိုသိသောအသိပညာ)*
- *CK သည် ဘာသာရပ်အကြောင်းအရာ (Content Knowledge) ကိုခေါ်ဆိုသည်။ သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်တစ်ခု၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို content knowledge (CK) ဟုခေါ် ဆိုသည်။ (မည်သည့်အရာကိုသင်ကြားမည်နည်း။ သင်ကြားရန် ဘာသာရပ်အကြောင်း အရာကိုဆိုလိုသည်။)*

*PCK (သင်နည်းဗေဒဆိုင်ရာ အသိပညာ) သည် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့် တိုက်ရိုက်ဆက်စပ်ညီညွတ်မှုရှိသည်။ ဥပမာအားဖြင့်*

- *(က) (၁) ကျောင်းသားများ မည်သို့သင်ယူသည်ကိုသိသည်။*
- *(က) (၄) သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။*
- *(က) (၅) ဘာသာရပ်အကြောင်းအရာကို သိသည်။*
- *(ခ) (၁)သင်ကြားမှုနည်းဗျူဟာအမျိုးမျိုးကိုအသုံးပြု၍ သင်ရိုးညွှန်းတမ်းအကြောင်း အရာကို သင်ကြားသည်။*

**မေးခွန်း ၂။** TPACK အညွှန်းဘောင်၏ အခြေခံအုတ်မြစ်ကို မည်သည့်အရာက တည်ဆောက်ပေးသနည်း။

**အဖြေ။** *PCK က TPACK အညွှန်းဘောင်၏ အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးပါသည်။ TPACK အညွှန်းဘောင်၏ ထိပ်စွန်း၌ ရှိသော နည်းပညာကို သင်ကြားမှုနှင့် သင်ယူမှုဆိုင်ရာ ရည်ရွယ်ချက်များ ရရှိနိုင်စေရန်အတွက် အထောက်အပံ့ပြုပေးရန် ရည်ရွယ်ချက်ဖြင့် ပေါင်းစပ်ထည့်သွင်း အသုံးပြုရမည်။*

**မေးခွန်း၃။** SAMR ပုံစံ၏ အမြင့်ဆုံးအဆင့်ကို ဖော်ပြပါ။

**အဖြေ။** *SAMR ပုံစံ၏အမြင့်ဆုံးအဆင့်မှာ "အဓိပ္ပာယ် ပြန်လည် သတ်မှတ်ခြင်း" (Redefinitions) ဖြစ်သည်။ အဓိပ္ပာယ်ပြန်လည်သတ်မှတ်ပေးခြင်းအဆင့်တွင် သင်ယူသူများ/ ကျောင်းသားများအား ယခင်က ၎င်းတို့အနေနှင့် စိတ်ကူးနှင့်မျှပင် ကြံဆနိုင်စွမ်းမရှိခဲ့သော သစ်လွင်ဆန်းပြားသည့် သင်ယူမှုလုပ်ငန်းများကို တီထွင်ဖန်တီး တည်ဆောက်နိုင်စေရန် နည်းပညာက ခွင့်ပြုပေးသည်။*

**မေးခွန်း ၄။** TPACK အညွှန်းဘောင်နှင့် SAMR ပုံစံတို့သည်အချင်းချင်းအပြန်အလှန် မည်သို့ ဖြည့်ဆည်းပံ့ပိုးပေးသနည်း။

**အဖြေ။** *TPACK အညွှန်းဘောင်က သင်ယူမှုသင်ကြားမှုရည်ရွယ်ချက်များ အောင်မြင်ပေါက်မြောက်မှုအတွက် နည်းပညာက ပံ့ပိုးပေးနိုင်ပုံကို ထင်ရှားစွာအလေးပေး ဖော်ပြသည်။ (အပြန်အလှန်အားဖြင့်) SAMR ပုံစံကလည်း သင်ကြားမှု သင်ယူမှုဖြစ်စဉ်အတွင်းသို့ နည်းပညာကို ပေါင်းစပ်ထည့်သွင်း အသုံးပြုရာတွင် ရိုးရှင်းလွယ်ကူသည့်အဆင့်မှ တဖြည်းဖြည်းချင်း ပိုမိုရှုပ်ထွေးကာ အဆင့်မြင့်မြင့် သုံးစွဲနိုင်သည်အထိ မည်ကဲ့သို့ ဘက်စုံထောင့်စုံမှ ပေါင်းစပ်ထည့်သွင်းပေးနိုင်ပုံကို မီးမောင်ထိုး ဖော်ပြထားသည်။*

**မေးခွန်း ၅။** သင်ကြားရေးတွင် နည်းပညာပေါင်းစပ်သုံးစွဲရေးအတွက် ဆရာများက စဉ်းစားကြံဆရာတွင် TPACK အညွှန်းဘောင်နှင့် SAMR ပုံစံ (၂) မျိုးစလုံးတို့သည် အဘယ်ကြောင့် အသုံးဝင်သနည်း။

**အဖြေ။** *သင်ကြားမှုသင်ယူမှုဆိုင်ရာ ဆက်စပ်ဝန်းကျင်မှ အခြေအနေအမျိုးမျိုး (ဦးတည်ရည်မှန်း ထားသည့် သင်ယူမှုရလဒ်များ၊ ရယူအသုံးပြုနိုင်သော နည်းပညာများ၊ ဆရာများနှင့် ကျောင်းသားများ၏ နည်းပညာသုံးစွဲရာ၌ တတ်ကျွမ်းမှုအဆင့်များ စသည်တို့) ကို ထည့်သွင်းရမည်။ ထိုအခြေအနေတို့နှင့် အညီ နည်းပညာပေါင်းစပ်ပေးရေးကို စဉ်းစားကြံဆရာတွင် TPACK-SAMR ကိရိယာက များစွာ အထောက်အပံ့ပေးနိုင်သည်။*

*သက်ဆိုင်ရာ ဆက်စပ်ဝန်းကျင်အခြေအနေအမျိုးမျိုးတို့၌ သင်ကြားမှုသင်ယူမှု လုပ်ငန်းကို ဆောင်ရွက်လာရာတွင် ပိုမိုထိရောက်အကျိုးဖြစ်ထွန်းနိုင်စေရန်အတွက် ဘာသာရပ်အကြောင်းအရာ၊ သင်နည်းဗေဒနှင့် နည်းပညာ တို့အကြား ဆက်စပ်မှုကို မည်သို့ ကျွမ်းကျင်လိမ္မာစွာ ကိုင်တွယ် အသုံးပြုရမည်ကို သိရှိသော အသိပညာသည် TPACK အညွှန်းဘောင်ထဲ၌ ပါဝင်သည်ကိုမှတ်သားပါ။*

# ၂.၂။ ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများနှင့် ဆရာဗဟိုပြု ချဉ်းကပ်မှုများ

ဘာသာရပ်နယ်ပယ် အသီးသီးတွင် ကျောင်းသားများ၏ သင်ယူမှုကို အစွမ်းကုန် ထက်မြက်လာစေရန်အတွက် အလယ်တန်းပြဆရာတစ်ဦး၌ သင်ကြားမှုနှင့်သင်ယူမှုဆိုင်ရာ နည်းဗျူဟာများ စုံလင်ကြွယ်ဝစွာ ရှိရန်လိုအပ်ပါသည်။ ဤအခန်းငယ်တွင် ကျောင်းသားဗဟိုပြု ချဉ်းကပ်မှုနှင့် ဆရာဗဟိုပြုချဉ်းကပ်မှုမှုတို့၏ အခြေခံဖြစ်သော သဘောတရားများကို အသေးစိတ်ဆန်းစစ်လေ့လာခြင်း၊ စူးစမ်းလေ့လာမှု အခြေပြု သင်ယူခြင်းနှင့် ဆရာက ဦးဆောင်သော သင်ကြားမှု (Direct instruction) တို့အတွက် သက်သေအထောက်အထားအခြေပြုနှင့် ဆီလျော်သောသင်ယူမှုပုံစံများကို ပြန်လည်ဆန်းစစ်ခြင်း၊ စာသင်ခန်း နမူနာများ၊ သင်ကြားမှု စီစဉ်ရာ၌ ထည့်သွင်းစဉ်းစားဖွယ် အချက်များနှင့် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော သင်ကြားမှုသင်ယူမှုဆိုင်ရာ နည်းဗျူဟာများကို တင်ပြခြင်းတို့ ဖော်ပြသွားမည် ဖြစ်သည်။

## ၂.၂.၁။ ကျောင်းသားဗဟိုပြု သင်ယူမှု အသိပညာ တည်ဆောက်မှု ပဓာနထားသော ချဉ်းကပ်မှု

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းသားဗဟိုပြုသင်ယူမှုနှင့် စပ်လျဉ်း၍ သင်ယူမှုသဘောတရားများ၊ ဆရာ၏အခန်း ကဏ္ဍနှင့် ကျောင်းသား၏ အခန်းကဏ္ဍတို့ကို ရှင်းပြတတ်မည်။
- စူးစမ်းလေ့လာမှုအခြေပြု သင်ယူမှုကိုဦးတည်စေမည့် မေးခွန်းများ မေးတတ်မည်။

- စူးစမ်းလေ့လာမှု အခြေပြု သင်ယူမှုပုံစံအမျိုးမျိုးတို့ကို နှိုင်းယှဉ်ဖော်ပြတတ်မည်။
- စူးစမ်းလေ့လာမှု တစ်ခု၏အစပျိုးအဆင့်အတွက် ထည့်သွင်းစဉ်းစားဖွယ် အချက်များနှင့် သင်ပြနည်းများ စီစဉ်ထားရှိမှုကို အတိုချုပ် ဖော်ပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။

(က) (၅.၂.၂) ဘာသာရပ် အကြောင်းအရာ၊ အယူအဆများ၊ အဓိက ဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်း ရှင်းပြသည်။

(ခ) (၁.၁.၁) သင်ယူမှုစွမ်းရည်များနှင့် ကိုက်ညီမှုရှိပြီး ရည်မှန်းထားသော သင်ယူမှုရလဒ်များ ရရှိစေရန် ဘာသာရပ်ပါ အကြောင်းအရာ၊ ဆက်နွယ်မှုရှိသော အတွေးအခေါ်များနှင့် အသိသညာများကို ရှင်းပြရာတွင် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုသည်။

(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသလိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများကို ရွေးချယ်သည်။

(ခ) (၁.၁.၃) နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၎င်းတို့၏

ကိုယ်ပိုင်အတွေး အခေါ်ဖြစ်စဉ်များကို သတိပြုမိရန်နှင့် ထင်ဟပ် စဉ်းစားသုံးသပ်မှုကို အသုံးပြုရန် အားပေးသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် (၄) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ကျောင်းသားဗဟိုပြုသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများ အဖြစ် သရုပ်ဆောင် သင်ယူခြင်း

သင်ယူမှုလုပ်ငန်း (၂) - ကျောင်းသားဗဟိုပြုသင်ယူမှုအကြောင်း Y ပုံသဏ္ဍာန် ဇယားကွက် ကို တည်ဆောက်ခြင်း

သင်ယူမှုလုပ်ငန်း (၃) - ထိမိအားကောင်းသော မေးခွန်းများကို ရေးသားပြုစုခြင်း

သင်ယူမှုလုပ်ငန်း (၄) - စူးစမ်းလေ့လာမှုပုံစံများကို နှိုင်းယှဉ်ပြခြင်း

သင်ယူမှုလုပ်ငန်း (၅) - စူစမ်းလေ့လာမှုအစပျိုးခြင်း အဆင့်အတွက် စီစဉ်ဆောင်ရွက်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းများမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း၊ သင်ယူမှုလုပ်ငန်း အမျိုးမျိုးတွင် တွေ့ရသော ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ်ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၂.၂.၁) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၂) -ကားချပ်ကြီးဆွဲရန် စာရွက်နှင့်မာကာများ (ရနိုင်လျှင်) ၊ သင်ယူမှုလုပ်ငန်း (၃) - အခြေခံပညာသင်ရိုးညွှန်းတမ်း ဆဋ္ဌမတန်း သင်ရိုးစာရွက်စာတမ်းများ၊ သင်ယူမှုလုပ်ငန်း (၅) - အခြေခံပညာသင်ရိုးညွှန်းတမ်း ဆဋ္ဌမတန်းသင်ရိုးစာရွက် စာတမ်းများ - ကားချပ်ကြီးဆွဲရန်စာရွက်နှင့် မာကာများ။

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းသားဗဟိုပြုသင်ယူမှုနှင့် စပ်လျဉ်း၍ သင်ယူမှုသဘောတရားများ၊ ဆရာ၏ အခန်းကဏ္ဍနှင့်ကျောင်းသား၏ အခန်းကဏ္ဍတို့ကို ရှင်းပြတတ်မည်။

၂။ အိမ်စာလုပ်ငန်းကို ပြန်လည်ဆန်းစစ်ပါ။ ကျောင်းသားအချို့ကို ရွေးချယ်ပြီး သဘောတရား တစ်ခုစီ ကို ပြောပြစေရမည်။

- ကျောင်းသားများ၏ အဖြေများသည် အောက်တွင် ဖော်ပြထားသကဲ့သို့ အမျိုးမျိုးကွဲပြားနိုင်သည်။
- ကျောင်းသားများသည် ပတ်ဝန်းကျင်ကမ္ဘာလောကအကြောင်းအသိပညာကိုအတွေ့အကြုံမှ တစ်ဆင့် တက်ကြွစွာတည်ဆောက်ယူတတ်ကြသည်။
- ကျောင်းသားများသည် သူတို့၏ အတွေ့အကြုံကို အနက်အဓိပ္ပာယ်ဖော်ရာတွင် သူတို့ထံ၌ ရရှိပြီးဖြစ်သော အသိပညာမှတစ်ဆင့်ဖြစ်စေ၊ လူမှုရေးဆိုင်ရာ ဆက်သွယ်ပြောဆိုမှုများနှင့် ဆွေးနွေးမှုများမှတစ်ဆင့် ဖြစ်စေ အဓိပ္ပာယ် ဖော်ယူတတ်ကြသည်။
- ကျောင်းသားဗဟိုပြု သင်ယူမှုက ကျောင်းသားများ၏ စိတ်တွင်းစေ့ဆော်မှု (intrinsic motivation) နှင့် အဓိပ္ပာယ်ပြည့်ဝသော လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့၏ အရေးပါပုံကို အသိအမှတ်ပြုထားသည်။
- မေးခွန်းများထုတ်တတ်စေရန် သူတို့၏ စိတ်ဝင်စားမှု ဝါသနာများကို လိုက်စားနိုင်စေရန်နှင့် သူတို့ပတ်ဝန်းကျင်ကို သိရှိလိုမှု သဘာဝအလျောက် ဖြစ်ပေါ်စေရန် ကျောင်းသားများအား ပံ့ပိုးကူညီပေးသည်။

- စူးစမ်းလေ့လာမှု၊ ပြဿနာဖြေရှင်းတတ်မှုနှင့် လက်တွေ့လုပ်ဆောင်မှုတို့မှတစ်ဆင့် ကျောင်းသားများထံတွင် ဝေဖန်စိစစ်တတ်မှုနှင့် တီထွင်ဆန်းသစ်တတ်မှုတို့ ပေါ်ပေါက်လာပြီး ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှု များကိုလည်း ရရှိလာကြသည်။
- ကျောင်းသားများနှင့်ဆီလျော်သော ငြမ်းဆင်ထောက်ကူမှုများပေးခြင်းနှင့် တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးခြင်းတို့ကို ဆရာက ဆောင်ရွက်ရသည်။ ဆရာများသည် အဓိကအားဖြင့် ကျောင်းသားများ၏ လမ်းပြသူနှင့် ကူညီလမ်းညွှန်သူအဖြစ် ဆောင်ရွက်ရန် ဖြစ်သည်။
- ကျောင်းသားဗဟိုပြု သင်ယူမှုက ပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်မှု (interpersonal skill) နှင့် မိမိကိုယ်ကို ဝေဖန်စိစစ်ရာတွင် ကျွမ်းကျင်မှု (intrapersonal skill) များကို ဖွံ့ဖြိုးလာစေသည်။
- ကျောင်းသားများအား အချင်းချင်း ဆက်သွယ်ပြောဆိုခြင်း၊ အလုပ်အတူတွဲ၍ လုပ်ကိုင်ခြင်းနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ရသော လုပ်ငန်းများတွင် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပြုတတ်စေရန် အထောက်အပံ့ပြုပေးထားသည်။
- သူတို့၏ ကိုယ်ပိုင်နားလည်မှု၌ ဖြစ်ပေါ်လာသော အပြောင်းအလဲများနှင့် သင်ယူမှုဖြစ်စဉ် အပေါ်ပြန်လည်သုံးသပ်နိုင်စေမည့် အခွင့်အလမ်းများကို ကျောင်းသားများအတွက် ပံ့ပိုးပေးထားသည်။
- ကျောင်းသားဗဟိုပြုသင်ယူမှု၏ ရည်မှန်းချက်မှာ ဉာဏ်ရည်ဖွံ့ဖြိုး၍ အဆင့်မြင့် တွေးခေါ်နိုင်စွမ်းရှိပြီး သင်ယူမှုလုပ်ငန်းကို မိမိ အစီအစဉ်ဖြင့်မိမိ ပုံမှန်လည်ပတ်ဆောင်ရွက်တတ်သည့်၊ မိမိကိုယ်ကို သတိပြုတတ်သည့် ကျောင်းသားများကို သင်ယူမှု၌ ကိုယ်ပိုင်လုပ်ပိုင်ခွင့် အပြည့်အဝရှိသူများ ဖြစ်လာနိုင်စေရန်အတွက် ပုံသွင်း ပြုပြင်ပေးရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ ကျောင်းသားဗဟိုပြုသင်ယူမှုတွင် ဆရာနှင့်ကျောင်းသားများအဖြစ် သရုပ်ဆောင် သင်ယူခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် (သရုပ်ဆောင်ခြင်း - ၅ မိနစ်၊ မျှဝေခြင်း - ၁၅ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်စုလျှင် ကျောင်းသား (၆) ဦးပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - ကျောင်းသားများအား ကျောင်းသားဗဟိုပြု သင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအဖြစ် သရုပ်ဆောင်သင်ယူတတ်စေရန်

၁။ ကျောင်းသားများအား (၆) ဦးလျှင်အုပ်စု တစ်ခုအဖြစ်ဖွဲ့စည်းစေရမည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ယူမှုလုပ်ငန်းကို ကျောင်းသားများအား ကြည့်ရှုရန် ညွှန်ကြားပါ။

၃။ ကျောင်းသားအုပ်စုများအား အောက်ပါတို့ကို ညွှန်ကြားပါ။

- လေးထောင့်ကွက် (၂.၂) တွင် ၎င်းတို့ကို အလေးပေးဖော်ပြခဲ့သော သဘောတရားများကို ရည်ညွှန်းကိုးကားရန်
- (၁) မိနစ်ကြာသော သရုပ်ဆောင် သင်ယူမှုတစ်ခုကို စီစဉ်ရန်၊ ထို သရုပ်ဆောင် သင်ယူမှုတွင် ကျောင်းသားဗဟိုပြုသင်ယူမှုစနစ်ကို သုံးသည့် စာသင်ခန်းထဲမှ ဆရာနှင့် ကျောင်းသားများ ၏ အခန်းကဏ္ဍကိုသရုပ်ဆောင်ရန်
- သရုပ်ဆောင်သင်ယူမှု ပြုရာတွင် လေးထောင့်ကွက် (၂.၂) ၌ သူတို့ အလေးပေးဖော်ပြထားသော ကျောင်းသားဗဟိုပြုသင်ယူမှုဆိုင်ရာ သဘောတရားများထဲမှ အချက်အလက်အရေအတွက် များနိုင်သမျှများများကို ထင်ဟပ်ပေါ်လွင်အောင် သရုပ်ဆောင်ကြရန်

၄။ အုပ်စုတစ်ခုစီအား ၎င်းတို့၏သရုပ်ဆောင်မှုကို ခင်းကျင်းပြသစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုများက သူတို့စီစဉ်ထားသည့်သရုပ်ဆောင်သင်ယူမှုကို ခင်းကျင်း တင်ဆက်သည့်အခါ သူတို့၏ နားလည်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်လာမည်ဖြစ်သည်။ ကျောင်းသားများ

က လေးထောင့်ကွက် (၂.၂) မှ ကျောင်းသားဗဟိုပြုသင်ယူမှုဆိုင်ရာ သဘောတရားများကို အသုံးပြုနိုင်သည်။ ဤသို့ ပြုခြင်းဖြင့် သူတို့၏ သရုပ်ဆောင်မှုလုပ်ငန်းကို ပံ့ပိုးထောက်ကူမည့် ငြမ်းဆင်မှု (scaffold) ရရှိလာမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

သရုပ်ဆောင်သင်ယူမှုပြကွက်များတွင် ဆရာ၏အခန်းကဏ္ဍမှ သရုပ်ဆောင်သူများက ကျောင်းသား ဗဟိုပြုသင်ယူမှု တွင် ဆရာများသည် လမ်းပြများအဖြစ်နှင့် ကူညီလမ်းညွှန်သူများအဖြစ်သာ အဓိကဆောင်ရွက်ရပုံနှင့် ဆီလျော်သော ဘေးမှ ကူညီပံ့ပိုးချိတ်ဆက်ပေးမှု (scaffolding) တို့ကို ဆောင်ရွက်ရပုံတို့ကို ပေါ်လွင်ထင်ဟပ်စွာသရုပ်ဆောင်ရန်လိုအပ်သည်။

သရုပ်ဆောင်သင်ယူမှုပြကွက်များထဲမှ ကျောင်းသားများအဖြစ် သရုပ်ဖော်ဆောင်သူများသည် ကျောင်းသားဗဟိုပြုသင်ယူမှုတွင် ကျောင်းသားများ၏ ဆောင်ရွက်မှုတို့ကို ပေါ်လွင်အောင် အောက်ပါအတိုင်း သရုပ်ဆောင်ကြရန် လိုအပ်သည်။

- သူတို့သည် ပတ်ဝန်းကျင်လောကအကြောင်းအသိပညာကို အတွေ့အကြုံမှ တစ်ဆင့်တက်ကြွစွာ တည်ဆောက်ယူကြပုံ
- သူတို့၏ အတွေ့အကြုံများကို သူတို့၌ ရရှိထားပြီးဖြစ်သည့် အသိပညာမှတစ်ဆင့် အနက်အဓိပ္ပာယ်ဖော်ယူတတ်ကြခြင်း
- မေးခွန်းများမေးခြင်း၊ စိတ်ဝင်စားသည့်အရာတို့ကို သဘာဝအလျောက် ပေါ်ပေါက်ခြင်း
- စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ကိုယ်တိုင်လုပ်ဆောင် သင်ယူမှု လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့မှ တစ်ဆင့် လေးနက်စွာဆန်းစစ်ဝေဖန်တတ်မှုနှင့် တီထွင်ဖန်တီးတတ်မှု တို့ပေါ်ပေါက်လာခြင်း
- အချင်းချင်းနှင့်အတူတွဲ၍ အလုပ်လုပ်ခြင်း၊ စကားပြောခြင်း၊ ပူးပေါင်းပါဝင်လုပ်ဆောင်ရသော လုပ်ငန်းများတွင် အချင်းချင်းအကြားညှိနှိုင်းတတ်ခြင်း။

## သင်ယူမှုလုပ်ငန်း (၂)။ ကျောင်းသားဗဟိုပြုသင်ယူမှု အကြောင်း Y ပုံသဏ္ဌာန် ဇယားကွက်ကို တည်ဆောက်ခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်စုလျှင် ကျောင်းသား (၆) ဦးပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - ကျောင်းသားဗဟိုပြုသင်ယူမှုကို မည်သည့်ပုံစံဖြင့် ရှုမြင်ရပုံ၊ မည်သို့ဝေဖန် ကြားသိရပုံနှင့် မည်သို့ခံစားရပုံတို့ကို ဖော်ပြတတ်စေရန်

၁။ ကျောင်းသားများအား သူတို့၏ (၆) ဦးပါဝင်သောအုပ်စုမှာပင် ဆက်လက်ပါဝင် နေပြီး သင်ယူမှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း (၂) ကို ကြည့်ရှုရန် ကျောင်းသား များ ကို ညွှန်ကြားပါ။
ကျောင်းသားအုပ်စုများအား ကားချပ်ကြီးပေါ်တွင် Y ပုံ ဇယားကွက်ရေးဆွဲရန် ညွှန်ကြားပါ။ ဖြစ်နိုင်ပါက ကျောင်းသားကိုင်စာအုပ် ပုံ (၂.၉) တွင် အဖြေများကို မှတ်တမ်းတင်ထားစေရမည်။

၃။ ကျောင်းသားဗဟိုပြု သင်ယူမှု Y ပုံဇယားကွက် (Y chart) ကို ဖြည့်သွင်းရေးသား ရန် ကျောင်းသားများကို ညွှန်ကြားပါ။ ကျောင်းသားဗဟိုပြုသော စာသင်ခန်း တစ်ခုကို မည်သို့ပုံစံ ရှုမြင်တွေ့မြင်နိုင်သနည်း။ မည်သို့ ကြားသိရသနည်း။ မည်သည့်ထင်မြင်ချက်မျိုးပေးကြသည်ကို ကြားဖူးသနည်း။ မည်သည့်စိတ် ခံစားမှုကို ပေးနိုင်သနည်း။

- Y ပုံ ဇယားကွက်ကို ဖြည့်ပြီးသောအခါ ဇယားကွက် တစ်ခုလုံးကို ခြုံငုံ ကြည့်ရှုလေ့လာပြီး အောက်ပါမေးခွန်းများကို ဖြေစေရမည်။
- ဤစာသင်ခန်းသည် လူတိုင်းအကျုံးဝင်သော (inclusive) စာသင်ခန်း တစ်ခုဖြစ်ပါသလား။ လူတိုင်း အကျုံးဝင်သည်ဆိုသော အဓိပ္ပာယ်မှာ ကျောင်းသားအားလုံး (အလွှာစုံ၊ လူမျိုးစုံ၊ ယဉ်ကျေးမှုဓလေ့အစုံ၊ ကျား/မ အစုံနှင့် ကျန်းမာရေးကောင်းသူ/ချွတ်ယွင်းသူ အစုံ သည် သင်ယူမှုလုပ်ငန်း တွင် စုံစုံညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သော နေရာဖြစ်ပါသလား။

၄။ သင်ပုန်းပေါ်၌ Y ပုံဇယားကွက်ကြီးကိုရေးဆွဲပါ။
၅။ ရရှိထားသော အဖြေများကို အတန်းကိုမျှဝေပေးမည့် ကျောင်းသားအုပ်စုများကို ရွေးချယ်ပါ။
၆။ အဖြေများကို မှတ်တမ်းတင်ထားခြင်းဖြင့် တစ်တန်းလုံး ပါဝင်ရေးဆွဲသော Y ပုံသဏ္ဍာန် ဇယားကွက်ကို တည်ဆောက်ရေးဆွဲပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

Y ပုံစံဇယားကွက်ဆွဲသားရန် ကျောင်းသားများအား လုံလောက်သော ပံ့ပိုးမှု၊ ငြမ်းဆင်ပေးမှု တို့ကို ပေးထားသည်။ ယခင်သင်ယူမှုလုပ်ငန်းများ၌ ကျောင်းသားများသည် ကျောင်းသား ဗဟိုပြု သင်ယူမှု သဘောတရားများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် သရုပ်ဆောင်သင်ယူ ခြင်း တို့ကို ပြုစုခဲ့ကြသည်။ ဤလုပ်ငန်းတွင် သဘောတရားများကို စာသင်ခန်း၌ လက်တွေ့ အသုံးပြုပုံအပေါ် သူတို့၏ အမြင်ကိုဖော်ပြရန်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေမှားဟူ၍ မရှိနိုင်ပါ။ အတန်းက ရေးဆွဲလိုက်သော Y ပုံဇယားကွက်အတွက် အကယ်၍ ဆန့်ကျင်ဖက်အမြင်များ၊ ဆန့်ကျင်ဖက် သဘောတရားများပါဝင်လာခဲ့လျှင်လည်း လက်ခံ ပေး ရမည်။ (ဥပမာ - ကျောင်းသားဗဟိုပြု စာသင်ခန်းသည် အကျိုးရှိသည်။ သို့သော် အခြား အတန်း များ အနှောင့်အယှက်ဖြစ်သည်။)

**စာသင်ချိန် (၂)**

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- စူးစမ်းလေ့လာမှုအခြေပြုသင်ယူမှုကို ဦးတည်စေမည့် မေးခွန်းများ မေးတတ်မည်။

၂။ "စူးစမ်းလေ့လာသည်" ဆိုသောဝေါဟာရ၏ အဓိပ္ပာယ်ကို ချရေးရန် ကျောင်းသားများကို ညွှန်ကြားပါ။
အဖြေ - စူးစမ်းလေ့လာသည် = သတင်းအချက်အလက်ကို မေးမြန်းသည်။
= စုံစမ်းစစ်ဆေးကြည့်ရှုသည်။
= စေ့စေ့စပ်စပ်ကြည့်ရှုလေ့လာဆန်းစစ်သည်။

၃။ အဖြေများကို အတန်းကို မျှဝေမည့် ကျောင်းသားများအားဆရာက ရွေးချယ်ပေးပါ။

၄။ ကျောင်းသားကိုင်စာအုပ် "စူးစမ်းလေ့လာမှုအခြေပြု သင်ယူမှုနှင့် လိုရင်းကို ထိမိသောမေးခွန်းများ" အပိုင်းကို ကျောင်းသားများအား ဖတ်ရှုစေရမည်။

၅။ စူးစမ်းလေ့လာမှုအခြေပြုသင်ယူခြင်း၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ပြန်လည်ဆန်းစစ်ပါ။ စူစမ်းလေ့လာမှုအခြေပြု သင်ယူခြင်း (inquiry-based learning) သည် ကျောင်းသားအခြေပြု သင်နည်းဗေဒ ဆိုင်ရာ နည်းဗျူဟာတစ်ခုဖြစ်သည်။ ဤနည်းဗျူဟာအရ ကျောင်းသားများက သိလိုသော မေးခွန်းများကို ပုံစံတကျရေးသား ပြုစုကြရသည် (သို့မဟုတ်) ပြဿနာများကို သတ်မှတ်ဖော်ထုတ်ကြရသည်။ လိုအပ်သော အကြောင်းအရာများကို စူးစမ်းရှာဖွေ လေ့လာပြီး သိရှိလာရသော အကြောင်းအရာများနှင့်ရရှိလာသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာရကြသည်။ ရလဒ်များကို အနက်အဓိပ္ပာယ်ကောက်ကာ တွေ့ရှိချက်များ ထောက်ခံ အကြံပြုချက်များနှင့် အဖြေများကို စေ့စပ်သေချာစွာ လေ့လာပြီး ပြန်လည်သုံးသပ်မှုပြုကြရမည်။

၆။ အလယ်တန်းကျောင်းတွင် မိမိတို့ကိုယ်တွေ့ တွေ့ကြုံခဲ့ရသည့် စူးစမ်းလေ့လာမှုအခြေပြုသင်ယူခြင်းကို အချင်ချင်းမျှဝေပေးရန် ဆရာက ကျောင်းသားများကို ညွှန်ကြားပါ။

- မည်သည့် ဘာသာရပ်တွင် စူးစမ်းလေ့လာခဲ့ခြင်းဖြစ်သနည်း။
- ကျောင်းသားများက အလေးပေး အဓိကထားသော/စူစမ်းလေ့လာမှု မေးခွန်းများကို မှတ်မိကြပါသလား။
- သူတို့သည် စူးစမ်းလေ့လာမှု ပုံစံအတိုင်း လိုက်နာဆောက်ရွက်ခြင်းရှိခဲ့ပါသလား။

- သူတို့စူးစမ်းလေ့လာမှုတွင် မည်သည့်အချက်ကိုတွေ့ရှိဖော်ထုတ်ခဲ့သနည်း။
- ဤစူးစမ်းလေ့လာမှု အခြေပြုသင်ယူခြင်းသည် သူတို့အတွက် ထိရောက်သော သင်နည်းဟု ယူဆကြပါသလား။ ထိရောက်သည်ဟု တွေ့ရှိခဲ့ကြပါသလား။

၇။ သုတေသနတွေ့ရှိမှု အထောက်အထားများအရ စူးစမ်းလေ့လာမှု အခြေပြုသင်ယူခြင်းသည် အောက်ဖော်ပြပါအချက်များနှင့်ပြည့်စုံလျှင် ထိရောက်သော သင်နည်းဗေဒတစ်ခုဖြစ်နိုင်သည်ဟု ဆိုပါသည်။ ထိုအချက်များကို ကျောင်းသားများ သိရှိနားလည်စေရန် ဆရာက အထူးအလေးပေး ပြောပြပါ။

- စူးစမ်းလေ့လာမှုအဆင့်တစ်ခုစီတို့၌ ပါဝင်ဆောင်ရွက်ရန်လိုအပ်သော ကျွမ်းကျင်မှုများသည် ကျောင်းသားများထံ၌ ဖွံ့ဖြိုးပြီးဖြစ်ရမည်။ သို့မဟုတ်လျှင်လည်း ထိုကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန် ဆရာက ငြမ်းဆင်ပံ့ပိုးပေးရမည်။
- ကျောင်းသားများ၏ သင်ယူမှုကို လမ်းပြပေးရန် ဆရာများက သူတို့အား တုံ့ပြန်အကြံပြုချက်များပေးရန်နှင့် အချင်းချင်း စစ်ဆေးအကဲဖြတ်နိုင်မည့် အခွင့်အလမ်းများကိုလည်း ပံ့ပိုးပေးရမည်။
- စူးစမ်းလေ့လာမှုကို တွန်းအားပေးရန်အတွက် ထိမိအားကောင်းသော မေးခွန်းတစ်ခု လိုအပ်သည်။ ထိုမေးခွန်းမျိုးသည် ကျောင်းပတ်ဝန်းကျင်နှင့် ဘာသာရပ်နယ်ပယ်အတွင်းမှ အရေးပါသောယူဆချက်များနှင့် သာမကဘဲ ထိုထက်မက ကျယ်ဝန်းသည့် ပြင်ပမှ လက်တွေ့ကမ္ဘာလောကနှင့် ကျောင်းသားများကို ဆက်စပ်ပေးနိုင်သော မေးခွန်းမျိုး ဖြစ်ရမည်။

၈။ ပေးထားသော စူးစမ်းလေ့လာခြင်း မေးခွန်းများကိုပြန်လည်ဆန်းစစ်ပါ။

**သိပ္ပံဆိုင်ရာစူးစမ်းလေ့လာမှု**

- ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့နှင့်ရာသီဥတု အပြောင်းအလဲအကြား ချိတ်ဆက်မှု/ ဆက်သွယ်မှုမှာအဘယ်နည်း။
- ကျွန်ုပ်တို့အနေနှင့် ရုပ်ကြွင်းလောင်စာများ (ထင်း၊ မီးသွေးစာတုံး)ကို အသုံးမပြုဘဲ အခြားအမျိုးအစား လောင်စာများ (နေစွမ်းအင်)ကို ပြောင်းလဲသုံးစွဲရန် အဘယ်ကြောင့် လိုအပ်သနည်း။

**လူမှုရေးဘာသာရပ်မှစူးစမ်းလေ့လာမှု**

- ရာသီဥတုပြောင်းလဲခြင်းက မြန်မာနိုင်ငံနှင့် ကျွန်ုပ်တို့ဒေသခံ ရပ်ရွာလူထုတို့ အပေါ်တွင် မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း။
- ပိုမိုပူနွေးလာနေသော ကျွန်ုပ်တို့ ကမ္ဘာဂြိုဟ် (Planet) နှင့် ဆက်စပ်နေသော အန္တရာယ်များကိုလျှော့ချနိုင်စေရန်နှင့် ပူနွေးလာမှုနှင့် သဟဇာတဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ကြရာတွင် ကျွန်ုပ်တို့အနေနှင့် ဒေသန္တရအဆင့် နိုင်ငံအဆင့်နှင့် ကမ္ဘာတစ်ဝန်းလုံးအဆင့် စသည့် အဆင့် အသီးသီးတို့တွင် မည်သည်တို့ကို ဆောင်ရွက်ပေးနိုင်သနည်း။

၉။ ဤမေးခွန်းများကို ပြန်လည်သုံးသပ်စဉ်းစားပြီး အခြားကျောင်းသားတစ်ဦးနှင့် အတူတွဲကာ ကျောင်းသားများ (အလယ်တန်း) ပါဝင်ဆောင်ရွက်ရမည့် သင်ယူမှုလုပ်ငန်းများနှင့်အချက်အလက် ရရှိနိုင်မည့် ရင်းမြစ်တို့ကို သတ်မှတ်ရှာဖွေ ဖော်ထုတ်ပေးရန်ပြောပါ။ အချက်အလက်ရနိုင်မည့် ရင်းမြစ်များနှင့် သင်ယူမှုလုပ်ငန်းများမှ စူးစမ်းလေ့လာမှုပြုသည့် မေးခွန်းများကိုဖြေနိုင်ရန် အထောက်အကူ ပြုပေးသည်။

**အဖြေများ**

- စာအုပ်များ ဖတ်ရှုလေ့လာခြင်းနှင့် အခြားရင်းမြစ်ဆိုင်ရာ စာရွက်စာတမ်းများ (စာကြည့်တိုက်မှဖြစ်စေ၊ အွန်လိုင်း/အင်တာနက် အသုံးပြုမှုမှ ဖြစ်စေ)
- ဗီဒီယိုများကြည့်ရှုခြင်းနှင့် podcast များကို နားထောင်ခြင်း
- ဧည့်သည်တော် ဟောပြောသူများကို တွေ့ဆုံမေးမြန်းခြင်း (ဥပမာ - အစိုးရအဖွဲ့ဝင်များ၊ ရပ်ရွာလူထုခေါင်းဆောင်များ)
- စစ်တမ်းကောက်လေ့လာမှု တစ်ခုကို ဆောင်ရွက်ခြင်း/survery) (ဥပမာ - ကျောင်းမှ ကျောင်းသားများ၊ မိဘများ)
- လက်တွေ့သရုပ်ပြစမ်းသပ်ချက်များ လုပ်ဆောင်ခြင်း၊ ကြည့်ရှုလေ့လာခြင်း

## သင်ယူမှုလုပ်ငန်း (၃)။ ထိမိအားကောင်းသော မေးခွန်းများကို ရေးသားပြုစုခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ်၊ လုပ်ငန်းအတွက် - ၁၅မိနစ်၊ မျှဝေခြင်း (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက် -** ကျောင်းသားများအား ထိမိအားကောင်းသောမေးခွန်းများ ရေးသားတတ်စေရန်

- ကျောင်းသားများအားနှစ်ယောက်တစ်တွဲအလုပ်လုပ်ရန်ညွှန်ကြားပါ။
- ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း (၃) ကို လေ့လာရန်ကျောင်းသားများအား ညွှန်ကြားပါ။
- ကျောင်းသားများအား အောက်ပါတို့လုပ်ဆောင်ရန်ညွှန်ကြားပါ။
  - အခြေခံပညာသင်ရိုးသစ် ဆဋ္ဌမတန်းအတွက် ပြဋ္ဌာန်းထားသော ဘာသာရပ်နယ်ပယ် တစ်ခုခုထဲမှ ကျယ်ပြန့်သော ခေါင်းစဉ် (သို့မဟုတ်) အကြောင်းအရာတစ်ခုကို ရွေးချယ်ပါ။ (သင်ရိုးညွှန်းတမ်း စာရွက် စာတမ်းများ မရရှိနိုင်ပါက ကျောင်းသားကိုင်စာအုပ် ပုံ (၂.၁၀) တွင် ဖော်ပြ ထားသော ခေါင်းစဉ်များထဲမှ တစ်ခုကို ရွေးချယ်စေရမည်။)
  - စူးစမ်းမေးမြန်းရန် အကုန်လွှမ်းခြုံမိစေမည့် မေးခွန်းတစ်ခုအား ထိုမေးခွန်းကို အထောက်အကူပြုသည့် အခြားမေးခွန်းများနှင့်အတူ ရေးသားပြုစုပါ။ သို့မဟုတ် စူးစမ်းလေ့လာရန် တစ်ခုနှင့်တစ်ခု အကြောင်းအရာဆက်စပ်နေသော မေးခွန်းအစဉ်အတွဲတစ်ခု ပြုစုရေးသားပါ။
  - စူးစမ်းမေးမြန်းမှုမှ မေးခွန်းများကို ဖြေဆိုရာတွင် ပါဝင်မည့် ကျောင်းသား အမျိုးအစား၊ အချက်အလက်ရင်းမြစ်အမျိုးအစားနှင့် သင်ယူမှုလုပ်ငန်း အမျိုးအစားတို့ကို ထည့်သွင်းစဉ်းစားပါ။
- သူတို့ရရှိထားသော အဖြေများကို မျှဝေပေးမည့် ကျောင်းသားများကို ရွေးချယ်ပါ။

- ကျောင်းသားတစ်ဦးအား အတန်းမှ မှတ်တမ်းတင်သူ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးပြီး သင်ပုန်းပေါ်တွင် စူးစမ်းလေ့လာရမည့် မေးခွန်းများကို ရေးသားစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ဘာသာရပ်နယ်ပယ် အသီးသီးအတွက် ရေးသားပြုစုထားသော မတူကွဲပြားသော စူးစမ်းလေ့လာမှု ဆိုင်ရာ မေးခွန်းအမျိုးမျိုးတို့အပေါ် ပြန်လည်သုံးသပ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အပင်၏ကြီးထွားမှု

တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော မေးခွန်း အတွဲ အစဉ်များ

- အစားအစာဖူလုံမှုဆိုသည်မှာ အဘယ်နည်း။
- ရာသီဥတုအပြောင်းအလဲများနေသော ခေတ်ကာလတွင် စားပင်များကြီးထွားမှု အကြောင်း နားလည်မှုသည် အဘယ်ကြောင့် အရေးကြီးသနည်း။
- ပဲသီးတောင့်ပင်များကြီးထွားမှုကို မည်သည့်အခြေအနေတို့က လွှမ်းမိုးထားသနည်း။
    - ပဲသီးပင်များရှင်သန်ကြီးထွားရန် နေရောင်ခြည်မည်မျှလိုအပ်သနည်း။
    - ပဲသီးပင်များ ရှင်သန်ကြီးထွားရန် ရေမည်မျှလိုအပ်သနည်း။
    - ပဲသီးပင်များရှင်သန်ကြီးထွားရန် မည်သည့် အာဟာရ လိုအပ်သနည်း။

ကျောင်းသားများက အချက်အလက်ရရှိနိုင်မည့် ရင်းမြစ်အမျိုးမျိုးတို့ကို အသုံးပြုလျက် သုတေသနပြုဆောင်ရွက်ကြလိမ့်မည်။ သူတို့သည် သိပ္ပံနည်းကျ စမ်းသပ်ချက်တစ်ခုကို စီစဉ်ဆောင်ရွက်ရန် လိုအပ်သည်။ ဥပမာ - ကျောင်းသားများကို ခြားနားသောအုပ်စု အမျိုးမျိုးခွဲခြားပြီး လိုအပ်သော ကိန်းရှင် (ဆိုလိုသည်မှာ - နေရောင်ခြည်၊ ရေ (သို့မဟုတ်) အာဟာရ) တစ်ခုစီ အတွက် အုပ်စု အသီးသီးတို့က တာဝန်ခွဲဝေကာ စူးစမ်းလေ့လာနိုင်ကြသည်။

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- စူးစမ်းလေ့လာမှုအခြေပြုသင်ယူမှုပုံစံ အမျိုးမျိုးတို့ကို နှိုင်းယှဉ်ဖော်ပြတတ်မည်။

၂။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်အပိုင်း “စူးစမ်းလေ့လာမှု ပုံစံများ - သိပ္ပံသင်ယူရာ၌ 5 Es (E- ၅ ဆင့်) ပုံစံ”သင်ခန်းစာကို ဖတ်ရှုရန်ညွှန်ကြားပါ။

၃။ ကျောင်းသားများအား အောက်ပါအချက်များကို ပြောပြပါ။

- စူးစမ်းလေ့လာမှု အခြေပြုသော သင်ယူမှုပုံစံများက ကျောင်းသားများ၏ သင်ယူမှုကို ထောက်ပံ့ပေးနိုင်ရန်အတွက် လေ့လာမှု၏ ဖွဲ့စည်းတည်ဆောက်ပုံကို ပေးထားကြသည်။
- ထိုပုံစံများကို သင်ခန်းစာအတွဲလိုက် အစဉ်လိုက်တွင် အသုံးချနိုင်သည်။

၄။ ဘာသာရပ်ဆိုင်ရာနှင့် သင်နည်းဗေဒဆိုင်ရာ သင်ရိုးညွှန်းတမ်းများအတွင်း သီးခြားသတ်မှတ်ထားသော စူးစမ်းလေ့လာမှုပုံစံများ အကြောင်းကို လေ့လာသိရှိခဲ့ဖူးပါသလားဟု ကျောင်းသားများကို မေးပါ။ အဖြေများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ထားပါ။

မှတ်သားရန် - ပထမနှစ်သင်တန်းကာလတွင် ယေဘုယျကျသောစူးစမ်းလေ့လာမှု အစဉ် (general inquiry sequence) အကြောင်းကို သင်ယူခဲ့ဖူးသည်ဟု အဖြေပေးနိုင်သည်။ ယေဘုယျအားဖြင့် စူးစမ်းလေ့လာမှုတွင် မေးခွန်းများမေးမြန်းခြင်း (raising questions) ယခင်က သိရှိထားပြီးသော အသိပညာနှင့် အတွေ့ အကြုံများကို မျှဝေခြင်း၊ ရရှိထားသော အကြောင်းအရာများက မေးခွန်းများကို ဖြေဆိုပေးနိုင်မှု၊ မည်သို့ သက်ဆိုင်ဆက်စပ်နေပုံကို စူးစမ်းလေ့လာခြင်းနှင့်

လေးနက်စွာ ဝေဖန်စိစစ်ခြင်း၊ တွေ့ရှိချက်များကို ဆွေးနွေးခြင်းနှင့် စူးစမ်းလေ့လာမှု အပေါ် ပြန်လည်သုံးသပ်ခြင်းတို့ပါဝင်ကြသည်။

၅။ နိုင်ငံတကာမှ အသိအမှတ်ပြုထားသော သိပ္ပံဘာသာရပ်ဆိုင်ရာစူးစမ်းလေ့လာမှုပုံစံမှာ E (၅) ဆင့် [5Es] ပုံစံဖြစ်ကြောင်းကို ကျောင်းသားများအား ပြောပြပါ။ ဇယား (၂.၃) တွင်ပါဝင်သော အဆင့် (၅) ခု (5Es) ထဲမှ တစ်ဆင့်စီ၏ ရည်ရွယ်ချက်ကို အတန်းဆွေးနွေးမှုအဖြစ် အကျဉ်းချုံးရှင်းပြဆွေးနွေးပါ။

**ဇယား ၂.၃။ E (၅) ဆင့် သင်ယူမှုပုံစံ**[၉]

| အဆင့် | အဆင့် တစ်ခုစီ၏ ရည်ရွယ်ချက် |
|---|---|
| ကျောင်းသားများကို စိတ်ပါလက်ပါ အားတက်သရော ပါဝင်ဆောင်ရွက်စေခြင်း (Engagement) | သင်ခန်းစာ၏ရည်ရွယ်ချက်နှင့်တိုက်ရိုက်ဆက်စပ်နေသော ကျောင်းသားများ၏ အတွေးအခေါ်များ (သို့မဟုတ်) လုပ်ဆောင် မှုများကို အမိအရ ဆွဲထုတ်နိုင်စေရန်အတွက် ပုံဖော် ဖန်တီးတည်ဆောက်ထားသည့် နည်းဗျူဟာများနှင့် လုပ်ငန်းများ |
| စူးစမ်းရှာဖွေလေ့လာခြင်း (Exploration) | သင်ယူမှုလုပ်ငန်းများ၊ ဆွေးနွေးမှုများနှင့် လက်ရှိစွဲကိုင်ထားသည့် အယူအဆများက ကျောင်းသားများအား စိန်ခေါ်နေကြသည်။ အဆိုပါအကြောင်းအရာများက ကျောင်းသားများ၏ အတွေ့အကြုံကိုရှင်းလင်းကြရန် စိန်ခေါ်နေကြသည်။ ထိုသို့ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော အတွေ့အကြုံများ |
| ရှင်းလင်းပြခြင်း (Explanation) | ကျောင်းသားများ၏ ရှင်းလင်းချက်များကို သိပ္ပံနည်းကျရှင်းလင်းချက်များနှင့် ညီညွတ်ဆက်စပ်အောင် ပြောင်းလဲပေးနိုင်သည့် သိပ္ပံနည်းကျ အယူအဆများကို ရှင်းလင်းတင်ပြခြင်း |
| အသေးစိတ်ချဲ့ထွင်ခြင်း (Elaboration) | သိပ္ပံနည်းကျ အယူအဆများနှင့် ဝေါဟာရများကို အခြေအနေသစ်များထဲ၌ အသုံးပြုရန် လက်တွေ့အသုံးချရန် လိုအပ်မည့် သင်ယူမှုလုပ်ငန်းများ |
| အကဲဖြတ်သုံးသပ်ခြင်း (Evaluation) | ကျောင်းသားများ၏သိပ္ပံနည်းကျ နားလည်သဘောပေါက်မှုနှင့် အသိဉာဏ်စွမ်းရည်များကို စစ်ဆေးအကဲဖြတ်နိုင်ရန် အခွင့်အလမ်းပံ့ပိုးပေးသည့် အဆုံးသတ်လုပ်ငန်း |


၆။ ကျောင်းသားများအား စူးစမ်းလေ့လာမှု အခြေပြုသင်ယူမှုပုံစံအခြားတစ်ခုကို သိရှိကျွမ်းဝင် အောင် လေ့လာရမည် ဖြစ်ကြောင်းကိုပြောပြပါ။ ဒုတိယ ပုံစံသည်

၉ Bybee, 2006, p. 15.


လူမှုရေးဘာသာရပ်များတွင် စူးစမ်းလေ့လာမှုများပြုလုပ်ရာ၌ အသုံးပြုရသော ပုံစံဖြစ်သည်။ ထိုပုံစံကို သင်ယူမှုလုပ်ငန်း (၄) မှတစ်ဆင့် သင်တို့သိရှိလေ့လာနိုင်သည်။

၇။ အောက်ပါတို့ကိုသင်ပုန်းပေါ်တွင်ရေးပြပါ။

E (၅) ဆင့်ပုံစံ




လူမှုရေးစူးစမ်းလေ့လာမှုပုံစံ




### သင်ယူမှုလုပ်ငန်း (၄)။ စူးစမ်းလေ့လာမှုပုံစံများကိုနှိုင်းယှဉ်ပြခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက်** - စူးစမ်းလေ့လာမှုပုံစံများကို ကျောင်းသားများက နှိုင်းယှဉ်ပြတတ်စေရန်

၁။ ကျောင်းသားများအားနှစ်ယောက်တစ်တွဲစီတွဲ၍ လေ့လာစေမည်။

၂။ ကျောင်းသားများအား စူးစမ်းလေ့လာမှု ပုံစံများကို နှိုင်းယှဉ်ရမည်ဖြစ်ကြောင်း

ပြောပြပါ။ ထိုလုပ်ငန်းတွင် သူတို့ အထောက်အကူဖြစ်စေရန် E (၅) ဆင့်ပုံစံ နှင့် လူမှုပေါင်းသင်းဆက်ဆံရေးစူးစမ်းလေ့လာမှုပုံစံ (၂) ခု တို့မှ အဆင့်တစ်ခုစီ၏ ရည်ရွယ်ချက်များကို သင်ယူမှုလုပ်ငန်း (၄) တွင် ယှဉ်တွဲဖော်ပြပေးထားမည် ဖြစ်ကြောင်းကိုပြောပြပါ။ (ဇယား ၂.၅)

၃။ ကျောင်းသားများအား အောက်ပါအချက်အလက်များကို သိရှိစေရန် အဓိကထား ဖော်ပြပါ။

- စူးစမ်းလေ့လာမှုပုံစံများ၏ အဆင့် (၂) တွင် ဘုံတူညီသော ရည်ရွယ်ချက်မှာ ကျောင်းသားများအား သုတေတနပြုတတ်စေရန် ဖြစ်သည်။
- အဆင့် (၃) ၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအား သူတို့ ရရှိလာသော တွေ့ရှိချက်များကို အနက်အဓိပ္ပာယ် ဖော်ယူတတ်စေရန်ဖြစ်သည်။
- အဆင့် (၄) ၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ၏ နားလည်မှုကို ပိုမို နက်ရှိုင်းအောင် ချဲ့ထွင်ပေးရန်ဖြစ်သည်။

၄။ စူးစမ်းလေ့လာမှုပုံစံများ၏ အဆင့် (၂)၊ (၃) နှင့်(၄) တို့အတွက် အဓိကထားမှု၊ ဦးစားပေးမှုများတွင် ခြားနားမှုရှိ/မရှိ ကို စူးစမ်းလေ့လာရှာဖွေရန် ကျောင်းသားများအား ညွှန်ကြားပါ။

၅။ အဆင့် (၁) နှင့် အဆင့်(၅) တို့အတွက် ဥပမာများ ပံ့ပိုးပေးထားကြောင်းကို အလေးထား ဖော်ပြပါ။

၆။ အဖြေများကို အတန်းနှင့် မျှဝေပေးမည့် ကျောင်းသားများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဆင်မြင့်တွေးခေါ်ရသော မေးခွန်းတစ်ခုကိုမေးပါ။

"စူးစမ်းလေ့လာမှု ပုံစံ (၂) ခုသည် ဆင်တူကြပါသလား။ သို့မဟုတ် ခြားနားကြပါသလား"

အဖြေ - ပုံစံ (၂) ခုသည် ခြားနားမှုထက် တူညီမှုက ပိုများပါသည်။ အဆင့်အသီးသီးတို့၏ ကျောင်းသားများသည် မေးခွန်းများရေးသားခြင်း၊ သုတေသနပြုခြင်း၊ တွေ့ရှိချက်များကို အနက်အဓိပ္ပာယ် ကောက်ယူခြင်း၊ နားလည်မှုကို နက်ရှိုင်းစေခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း တို့ကို ဆောင်ရွက်ကြရသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဇယားကို ကြည့်ပါ။

**ဇယား ၂.၅ (က)။ E (၅) ဆင့် နှင့် လူမှုပေါင်းသင်းဆက်ဆံရေး စူးစမ်းလေ့လာမှု ပုံစံတို့ကို နှိုင်းယှဉ်ပြခြင်း**

| E (၅) ဆင့်ပုံစံ | လူမှုပေါင်းသင်းဆက်ဆံရေး စူးစမ်းလေ့လာမှုပုံစံ | တူညီမှုများနှင့်ခြားနားမှုများ |
|---|---|---|
| အဆင့်(၁) - ကျောင်းသားကိုင်စာအုပ်၌ကြည့်ရှုပါ။ | | |
| အဆင့်(၂) | | |
| ***စူးစမ်းရှာဖွေလေ့လာသည်။***<br>(Explore)<br>စူးစမ်းလေ့လာမှုများ လက်တွေ့ကျကျ ဆောင်ရွက်ရသော အတွေ့အကြုံများနှင့် သုတေသနလုပ်ငန်းများတွင် ချိတ်ဆက်ပါဝင်နေကြသော ကျောင်းသားများမှ တစ်ဆင့်မျှဝေသင်ယူမှုကို ကူညီလမ်းညွှန်ပေးသည်။ | ***နည်းလမ်းများရှာဖွေဖော်ထုတ်သည်။***<br>• သတင်းအချက်အလက်များ စုဆောင်းရာတွင် ရင်းမြစ်အစုံအလင် နည်းလမ်းအစုံအလင် အသုံးပြုနိုင်စေရန် ဆိုလိုသည်မှာ ဖတ်ရှုလေ့လာခြင်း၊ ရုပ်/သံ လွှင့်ချက်များကို ကြည့်ရှုခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ ကွင်းဆင်းလေ့လာခြင်း(Survey)၊ လက်တွေ့စမ်းသပ်လုပ်ဆောင်ခြင်း၊ ကြည့်ရှုလေ့လာခြင်း နည်းများ)<br>• သတင်းအချက်အလက်တို့၏တန်ဖိုးကို လေးနက်စွာ ဝေဖန်ဆန်းစစ်ကာ အကဲဖြတ်စစ်ဆေးနိုင်ရန်<br>• ရရှိလာသော အချက်အလက်တို့ကို နည်းအမျိုးမျိုးဖြင့် မှတ်တမ်းတင်နိုင်စေရန် | **တူညီသောရည်ရွယ်ချက်**<br>သုတေသနပြု ဆောင်ရွက်တတ်စေရန်<br>**အဓိကထားမှု/အလေးထား ဦးစားပေးမှုတွင် ခြားနားချက်**<br>• E ၅ ဆင့် ပုံစံက သဘာဝ ဖြစ်ရပ်များနှင့် အရာဝတ္ထုများ ကို စူးစမ်းလေ့လာသည်။<br>• လူမှုပေါင်းသင်းဆက်ဆံရေး စူးစမ်းလေ့လာမှုပုံစံက ရင်းမြစ်အမျိုးမျိုးတို့မှ တစ်ဆင့် သတင်းအချက်အလက်များကို သုတေသနပြုသည်။ |

| အဆင့် (၃) | | |
|---|---|---|
| ***ရှင်းလင်းပြသည်။ (Explain)***<br>• ကျောင်းသားများက သူတို့၏ အတွေ့အကြုံများနှင့် ကြည့်ရှုလေ့လာမှုများကို အသုံးပြုပြီး နားလည်မှုဖွံ့ဖြိုးလာကြောင်းကို ဖော်ပြတတ်စေရန် အတွက် ကူညီပံ့ပိုးပေးသည်။<br>• ကျောင်းသားများအား အယူအဆသဘောတရားများနှင့် မိတ်ဆက်ပေးခြင်း၊ သုတေသန တွေ့ရှိချက်များကို လက်ရှိအသုံးပြုနေသောသိပ္ပံနည်းကျ ရှင်းလင်းပြမှုများနှင့် ချိတ်ဆက်ပေးခြင်းတို့အားဖြင့် အယူအဆပိုင်း ဆိုင်ရာသဘောတရား ပြည့်ဝခိုင်မာသည့် နားလည် သဘောပေါက်မှုကို တည်ဆောက်ပေးသည်။ | ***အမျိုးအစားခွဲခြားသည်။***<br>• သတင်းအချက်အလက်များကို စုစည်းတတ်စေရန်နှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာတတ်စေရန် (ဆိုလိုသည်မှာ - အမျိုးအစားခွဲခြားခြင်း၊ တူညီမှုတို့ကို နှိုင်းယှဉ်လေ့လာခြင်း၊ ခြားနားမှုတို့ကို နှိုင်းယှဉ်လေ့လာခြင်း)<br>• အချက်အလက်များကို ဆွေးနွေးတတ်စေရန်နှင့် နားလည်စေရန်၊ အကယ်၍ မူလအချက်အလက်များ ကောက်ယူစုဆောင်းပြီးဖြစ်ခဲ့လျှင် ယခုနားလည်လာသော အချက် အလက်များသည် အသစ်ဖြစ်နိုင်သည်။ (ဥပမာ-ဆဋ္ဌမတန်း ကျောင်းသားတို့၏ ကွင်းဆင်းလေ့လာမှုမှ သိရှိနားလည်လာရသော ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အကြောင်းအရာ အချက်အလက်များ)<br>• ကွင်းဆင်းလေ့လာမှုကို ထပ်မံဆောင်ရွက်ပြီး မေးခွန်းများကို မွမ်းမံ ပြင်ဆင်ရန် | **ဆင်တူသော ရည်ရွယ်ချက်**<br>သုတေသနပြုမှုမှ တွေ့ရှိချက်များ ကိုအနက် အဓိပ္ပာယ် ကောက်ယူ တတ် စေရန်<br>**အဓိကထားမှု/အလေးထား ဦးစားပေးမှုတွင် ခြားနားချက**<br>• E (၅) ဆင့်ပုံစံက အယူအဆ ပိုင်းဆိုင်ရာ သဘောတရား ပြည့်ဝခိုင်မာသည့် နားလည်မှုကို တည်ဆောက် ပေးသည် (တွေ့ရှိချက်များကို လက်ရှိ သိပ္ပံနည်းကျ ရှင်းလင်း ပြမှုများနှင့် ချိတ်ဆက်ပေး ခြင်းအားဖြင့် ဆောင်ရွက်သည်။)<br>• လူမှုပေါင်းသင်းဆက်ဆံရေး စူးစမ်းလေ့လာမှုပုံစံက သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာပြီး နောက် နားလည် သဘောပေါက်မှု ရရှိလာသည်။ ထို ရရှိလာသည့် နားလည် သဘော ပေါက်မှုသည် အသစ်တစ်ခု ဖြစ်နိုင်သည်။ |

| အဆင့် (၄) | | |
|---|---|---|
| ***အသေးစိတ်ချဲ့ထွင်သည်။***<br>***Elaborate***<br>အခြေအနေအသစ်များတွေ့ကြုံရာတွင် နှင့် စူးစမ်းလေ့လာမှုများ ပြုရာတွင် သူတို့ သင်ယူတတ် မြောက်ထားပြီးသည် တို့ကို လက် တွေ့အသုံးချနိုင်အောင် ကျောင်း သားများအား ခွင့်ပြုပေးထား သည်။ ဤသို့အားဖြင့် သူတို့၏ သင်ယူမှုကို တိုးချဲ့ပေးနိုင်ပြီး အချက်အလက်အသစ် များကို သင်ယူမှုကဲ့သို့ ထပ်မံ ပေါင်းစပ် ထည့်သွင်းပေးနိုင်သည်။ | ***ဆက်လက်ဆောင်ရွက်သည်။***<br>• စူးစမ်းလေ့လာမှု တိုးချဲ့ဆောင်ရွက်နိုင် ရေးအတွက် အခြေခံ အဖြစ် စစ်တမ်း ထုတ်မေးခွန်းလွှာ အသစ်များကို အသုံးပြု တတ်စေရန်<br>• တစ်ဦးချင်းစီ၏ တစ်ကိုယ်ရေ စိတ်ဝင်စားမှု လမ်းစ၊ လမ်းသွယ်များကို (path way of interest) ချမှတ်ပေး တတ် စေရန် | **ဆင်တူသောရည်ရွယ်ချက်**<br>နားလည်မှုနက်ရှိုင်းလာစေရန် ပိုမိုနားလည် သဘောပေါက်လာ စေရန်<br>**အဓိကထားမှု/အလေးထားဦး စားပေးမှုတွင် ခြားနားချက်**<br>• E (၅) ဆင့်ပုံစံက သင်ယူ ထား မှုများကို အခြေအနေ သစ် များတွင် အသုံးချတတ် စေရန် အလေးထားသည်။<br>• လူမှုပေါင်းသင်းဆက်ဆံရေး စူးစမ်းလေ့လာမှု ပုံစံက တိုး ချဲ့စူးစမ်းလေ့လာမှုတွင် သုတေသန မေးခွန်းသစ် များ နှင့် စိတ်ဝင်စားမှုများ ကို မူတည်ပြီး ဆက်လက် ဆောင်ရွက်သည်။ |
| **အဆင့် (၅)** | | |
| **အကဲဖြတ်သုံးသပ်သည်။**<br>(Evaluate)<br>• နားလည်သဘောပေါက်မှု အသစ် များနှင့် ကျွမ်းကျင်မှု အသစ်များ အပေါ် ပြန်လည် ဆန်းစစ်တတ် စေရန် ကျောင်းသားများကို ခွင့်ပြုပေးသည်။ | ***ပြန်လည်သုံးသပ်ပြီး ကိုယ်တိုင်ကိုယ်ကျ ပြုပြင်လုပ်ဆောင်သည်။***<br>• လေးနက်သော စိတ်ကူးအတွေးအခေါ် များနှင့် ဆက်စပ်သိမြင် လာတတ်စေရန်<br>• သင်ယူမှုကို လက်တွေ့ကျကျ အသုံးချ တတ်စေရန်၊ အသုံးပြုရန်နှင့် မျှဝေရန် နည်းလမ်းများကို စဉ်းစားကြံဆ တတ်စေ ရန်<br>• သင်ယူမှုဖြစ်စဉ်ကို ပြန်လည်သုံးသပ် စဉ်းစားတတ်စေရန် | **ဆင်တူသောရည်ရွယ်ချက်**<br>နားလည်သဘောပေါက်မှု အသစ်/အရေးပါသော စိတ်ကူး အတွေးအခေါ်များနှင့် ကျွမ်းကျင်မှု များ/နှင့် စူးစမ်း လေ့လာမှု ဖြစ်စဉ် အပေါ် ပြန်လည်သုံးသပ် စဉ်းစား တတ် စေရန်<br>**အဓိကထားမှု/အလေးထား ဦးစားပေးမှုတွင်ခြားနားချက်**<br>လူမှုပေါင်းသင်းဆက်ဆံရေး စူးစမ်းလေ့လာမှုပုံစံ တွင် အသစ် လေ့လာ သင်ယူထားမှု များကို လက်တွေ့ အသုံးချရန် နှင့် ဆောင်ရွက်ရန် နည်းလမ်းများ ကို ကျောင်းသားများက စဉ်းစား ကြံဆကြသည်။ |

## စာသင်ချိန် (၄)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- စူးစမ်းလေ့လာမှုတစ်ခု၏ အစပျိုးအဆင့်အတွက် ထည့်သွင်းစဉ်းစားဖွယ် အချက်များနှင့် သင်ပြနည်းများ စီစဉ်ထားရှိမှုကိုအတိုချုပ်ဖော်ပြတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်မှ "လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ စူးစမ်းလေ့လာမှုပုံစံအတွက် ထည့်သွင်းစဉ်းစားဖွယ်အချက်များကို စီစဉ်ပြင်ဆင်ခြင်း" အကြောင်းကို ကျောင်းသားများအား ဖတ်ရှုရန် ညွှန်ကြားပါ။

၃။ ဤစဉ်းစားဖွယ်အချက်များကို စုစည်းပြီး အချက်အလက် အစုအတွဲများအဖြစ် ဖွဲ့စည်းထားသည့် မည်သည့် အစုအတွဲတစ်ခုစီသည် အောက်ပါအကြောင်းအရာခေါင်းစဉ်တစ်ခုစီနှင့် ဆက်စပ်ကြောင်းကို သူငယ်ချင်းတစ်ဦးနှင့် အတူတွဲ၍ ဆွေးနွေးရန် ကျောင်းသားများကို ညွှန်ကြားပါ။

**စူးစမ်းလေ့လာမှု၏ ဦးတည်အလေးထားမှု (Inquiry focus)**

- ဤစူးစမ်းလေ့လာမှုအတွက် စစ်မှန်သော အခြေအနေ (သို့မဟုတ်) စစ်မှန်သော ရည်ရွယ်ချက် ရရှိစေရန် မည်သည့် ပြဿနာများ (သို့မဟုတ်) ပြဿနာအသွင်ဆောင် အခက်အခဲများက ပေးစွမ်းနိုင်မည်နည်း။
- ဤစူးစမ်းလေ့လာမှုနှင့် ဆက်စပ်နေသော ခိုင်မာသည့် စိတ်ကူးစိတ်သန်းများ (big ideas) မှာ မည်သည်တို့ဖြစ်ကြသနည်း။
- ထိမိအားကောင်းသော မည်သည့် မေးခွန်းများက ဤစူးစမ်းလေ့လာမှုကို တွန်းအားပေး နိုင်မည်နည်း။

**သင်ရိုးညွှန်းတမ်းကို စီစဉ်ရေးဆွဲခြင်း (Curriculum planning)**

- ဤစူးစမ်းလေ့လာမှုကို သင်ရိုးညွှန်းတမ်းနှင့်ချိတ်ဆက်ရန် သင်မည်သို့ အသုံးပြုမည်နည်း။
- မည်သည့်ဘာသာရပ်နယ်ပယ်များကို သင်အဓိပ္ပာယ်ပြည့်ဝစွာ ပေါင်းစပ်မည်နည်း။

**ကျောင်းသားသင်ယူမှု - ဦးတည်ထားသော အသိပညာနှင့် ကျွမ်းကျင်မှုများ (Targeted knowledge and skills)**

- မည်သည့် သဘောတရား/အယူအဆဆိုင်ရာ နားလည်မှုများနှင့် ကျွမ်းကျင်မှုများကို သင့်ကျောင်းသားများအား ဖွံ့ဖြိုးစေလိုသနည်း။
- ကျောင်းသားများအား ရွေးချယ်ခွင့်ကို မည်သို့ပံ့ပိုးပေးရမည်နည်း။ သူတို့၏ ဆန္ဒနှင့် စိတ်ဝင်စားမှုများကို ပြောပြခွင့်ရှိကြောင်း မည်သို့သိရှိစေမည်နည်း။
- ကျောင်းသားများ၏ သင်ယူမှုကို မည်သို့ စစ်ဆေးအကဲဖြတ်မည်နည်း။

**ရင်းမြစ်များ (Resources)**

- ဤစူးစမ်းလေ့လာမှုထဲသို့ မည်သည့်နည်းပညာဆိုင်ရာ ကိရိယာမှာ သင်ကြားမှုနှင့် သင်ယူမှု နည်းလမ်းများ နည်းစနစ်များကို ပေါင်းစပ်ထည့်သွင်းအသုံးပြုမည်နည်း။
- ဤစူးစမ်းလေ့လာမှုကို ပုံစံချရေးဆွဲစီစဉ်ရန် (ဒီဇိုင်းလုပ်ရန်) မည်သူ/တို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်ရမည်နည်း။

**ဆရာ၏လက်ဦး/ရှိပြီးထားသော အသိပညာ (Teacher prior knowledge)**

- ဤစူးစမ်းလေ့လာမှုအကြောင်းမှ မည်သည်တို့ကို ဆရာက နားလည်သိရှိထားသနည်း။
- ဤသိရှိမှုများအကြောင်းကို မိမိကိုယ်ကို အသိပေးရန် မည်သည်တို့ကို လုပ်ဆောင်ရန် လိုအပ်မည်နည်း။
- ဤစူစမ်းလေ့လာမှုထဲသို့ မည်သို့သော ဘက်လိုက်သည့်အယူအဆများ ယူဆောင်လာနိုင်သနည်း။

၄။ ကျောင်းသားများအား အတန်းသို့ ပြန်လည်အစီရင်ခံတင်ပြရန်/ သတင်းပို့ရန် ပြောပါ။

## သင်ယူမှုလုပ်ငန်း (၅)။ စူးစမ်းလေ့လာမှု အစပျိုးခြင်းအဆင့်အတွက်စီစဉ် ဆောင်ရွက်ခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် (စာဖတ်ချိန်-၁၀မိနစ်၊လုပ်ငန်း-၁၅မိနစ်၊ မျှဝေခြင်း ၁၅ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၆) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** -စူးစမ်းလေ့လာမှု အစပျိုးခြင်းအဆင့်အတွက် စီစဉ် ဆောင်ရွက်မှုကို စတင်လုပ်ဆောင်တတ်စေရန်

၁။ ကျောင်းသားများအား (၆) ဦးစီးပါဝင်သောအုပ်စုများအဖြစ် ဖွဲ့စည်းစေရမည်။

၂။ သင်ယူမှုလုပ်ငန်း (၅) ကိုကြည့်ရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများကို အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားပါ။

- “စူးစမ်းလေ့လာမှု၏ အစပျိုးအဆင့်အတွက် စီစဉ်ဆောင်ရွက်ခြင်း” အကြောင်းအရာကို ကျောင်းသားကိုင်စာအုပ်ထဲမှ ဖတ်ရန် ပြောပါ။ အုပ်စုအလိုက်ဖတ်စေရမည်။
- ဆဋ္ဌမတန်း သင်ရိုးသစ်ထဲမှာ ပါဝင်ပြီး လေးထောင့်ကွက် ၂.၃ (က) မှ မေးခွန်းများကို ဖြေဆိုစေနိုင်သော ကျယ်ပြန့်စွာ လေ့လာနိုင်သည့် ခေါင်းစဉ်/အကြောင်းအရာ၊ ပြဿနာ အသွင်ဆောင် အခက်အခဲ (သို့မဟုတ်) ဆက်စပ်ပတ်ဝန်းကျင် အခြေအနေတစ်ခုကို ဖော်ထုတ် သတ်မှတ်ပေးရန် ပြောပါ။
- အဆင်ပြေပါက ကားချပ်ကြီးရေးဆွဲရန် စာရွက်ချပ်ကြီးများကို အုပ်စုများသို့ ပေးထားခြင်းအားဖြင့် ၎င်းတို့၏ စီစဉ်ပြင်ဆင်မှုကို မှတ်တမ်းတင်ထားနိုင်သည်။ ဤသို့မပြုနိုင်ပါက လေးထောင့်ကွက် ၂.၃ (ခ) ထဲတွင် အုပ်စုများက အစီအစဉ်များကို တိုက်ရိုက် ထည့်သွင်း ရေးသားရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများသည် သူတို့၏ စူးစမ်းလေ့လာမှုများကို မျှဝေပေးရန်နှင့် သူတို့၏ အစီအစဉ်များထဲမှ ကဏ္ဍများကို ရှင်းလင်းပြရန် အခွင့်အလမ်းများရကြလိမ့်မည်။

မှတ်ရန်မှာ ကျောင်းသားများက အစီအစဉ်ကို -

- ကျောင်းသားကိုင်စာအုပ်ထဲတွင် မှတ်တမ်းတင်ထားသည်ဆိုလျှင် အတန်းသို့ ပြန်လည် မျှဝေသတင်းပို့ရန်ပြောပါ။
- ကားချပ်ကြီးများပေါ်၌ ရေးသားမှတ်တမ်းတင်ထားလျှင် ဆရာက ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းတစ်ခုကို ကူညီလမ်းညွှန်ပေးနိုင်သည်။

မှတ်သားရန် - ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း ပြုရာတွင် ကျောင်းသားအုပ်စုများက သူတို့၏ အသိပညာပေး/အချက်အလက်ပြ ပိုစတာများကို စာသင်ခန်း ခြားနားသော နေရာအသီးသီးမှ နံရံများပေါ်တွင် ပြသထားမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ် ကျောင်းသားတစ်ဦးစီက ၎င်းတို့အုပ်စုမှ ရေးဆွဲထားသော ပိုစတာအနီးတွင် ရှိနေရမည်။ အခြားအုပ်စုဝင်များက စာသင်ခန်းအနှံ့ အခြားသို့ လှည့်လည်ကာ ပိုစတာအသီးသီးတို့ကို ကြည့်ရှုကြမည်။ လေ့လာကြည့်ရှုသူများက မှတ်ချက်ပေးခြင်း၊ မေးခွန်းမေးခြင်းတို့ရှိပါက ပိုစတာဘေးမှ ရှင်းလင်းမှု တာဝန်ခံ ကျောင်းသားကိုယ်စားလှယ်က တုံ့ပြန်ပြောကြားပေးရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများက အဖြေအမျိုးမျိုးကို ပေးကြမည်ဖြစ်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ TCSF နှင့် ဆက်စပ်ညီညွတ်သော အညွှန်းကိန်းများကိုပြန်လည်ဆန်းစစ်ပါ။ ယခုသင်ယူမှုလုပ်ငန်းနှင့် ညီညွတ်မှုရှိသော ဆရာတတ်ကျွမ်းမှုများကို ပြန်လည်လေ့လာပါ။

- (က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

၂။ သင်ယူမှုရလဒ်များကို ပြန်လည် ဆန်းစစ်ပါ။
ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ကျောင်းသားဗဟိုပြုသင်ယူမှုနှင့် စပ်လျဉ်း၍ သင်ယူမှု သဘောတရားများ၊ ဆရာ၏အခန်း ကဏ္ဍနှင့်ကျောင်းသား၏ အခန်းကဏ္ဍတို့ကို ရှင်းပြတတ်မည်။
- စူးစမ်းလေ့လာမှုအခြေပြုသင်ယူမှုကို ဦးတည်စေမည့်မေးခွန်းများ မေးတတ်မည်။
- စူစမ်းလေ့လာမှုအခြေပြုသင်ယူမှုပုံစံအမျိုးမျိုးတို့ကို နှိုင်းယှဉ်ဖော်ပြ တတ်မည်။
- စူးစမ်းလေ့လာမှုတစ်ခု၏ အစပျိုးအဆင့်အတွက် ထည့်သွင်းစဉ်းစားဖွယ်အချက်များနှင့် သင်ပြနည်းများစီစဉ်ထားရှိမှုကို အတိုချုပ် ဖော်ပြတတ်မည်။

# ၂.၂.၂။ ဆရာဗဟိုပြုသင်ကြားမှု - အပြုအမူဆိုင်ရာချဉ်းကပ်မှု

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံဖြင့်ပြင်ဆင်ထားသော သင်ခန်းစာတစ်ခု သင်ကြားရန် အတွက် အဆင့် အသီးသီးအကြောင်းကို ရှင်းပြတတ်မည်။
- ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံကိုသုံး၍ သင်ခန်းစာတစ်ခုကို သင်ကြားရာတွင် ဆရာ၏လမ်းညွှန်မှုဖြင့် လေ့ကျင့်မှုအဆင့်အတွက် ညွှန်ကြားချက်များကို ရေးသားတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ၊ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိအလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၂.၁.၂) ကျောင်းသားများသင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှုအထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။

(က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစား သည့် နည်းလမ်းများကို ဖော်ပြသည်။

(က) (၅.၂.၃) လက်တွေ့ဘဝအခြေအနေများတွင် အသုံးပြုနိုင်သည့် ဥပမာများဖြင့် အကြောင်း အရာဆိုင်ရာ တိကျသောဘာသာစကား၊ နည်းပညာဆိုင်ရာ ဝေါဟာရများနှင့် ကျွမ်းကျင်မှုများ အသုံးပြုမှုကို စံနမူနာပြနိုင်သည့် ချဉ်းကပ်နည်းများကို ဖော်ပြသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ဆဋ္ဌမတန်းဆရာလမ်းညွှန်များကို ပြန်လည် ဆန်းစစ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) - ဆရာလမ်းညွှန်မှုဖြင့်လေ့ကျင့်ရသောအဆင့်အတွက် ဆရာ၏ လမ်းညွှန်မှုများကို ရေးသားခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ သင်ယူမှုလုပ်ငန်းအသီးသီးတို့တွင် ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၂.၂.၂) ကိုဖတ်ရှုပါ။

**လိုအပ်သောရင်းမြစ်များ**

ပထမစာသင်ချိန် - ရှင်းလင်းလွယ်ကူစွာ သင်ကြားပေးသော သင်ကြားမှုပုံစံ တစ်ခုကို သင်ခန်းစာ တစ်ခုအတွက် တည်ဆောက်နိုင်ရန် ရောင်စုံကတ်ထူပြား များကို အသုံးပြုရမည်။ ဇယား (၂.၆)

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံဖြင့်ပြင်ဆင်ထားသော သင်ခန်းစာ တစ်ခု သင်ကြားရန် အတွက် အဆင့် အသီးသီးအကြောင်းကို ရှင်းပြတတ်မည်။

၂။ ကျောင်းသားများအားကျောင်းသားကိုင်စာအုပ်ထဲမှ "ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံ-ယခင်ရှိပြီးသားအသိပညာ (အဟောင်း) ကို အခြေခံ၍ အသိပညာ (အသစ် ထပ်ဆင့်) တည်ဆောက်ခြင်း" အကြောင်း ကို ဖတ်ရှုစေရမည်။

၃။ ကျောင်းသားများကို အောက်ပါ သဘောတရားများကိုသိရှိစေရမည်။

- ဆောင်ရွက်ရန် ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံကို အလွန်ထိရောက်မှု ရှိသော သင်ယူမှု နည်းဗျူဟာတစ်ခုအဖြစ် သုတေသနများက တွေ့ရှိခဲ့ကြသည်။
- ၎င်းသင်ကြားမှုပုံစံသည် အခြေခံအရေးအဖတ်အတွက်ပညာ(စာတတ်မြောက်ရေး) သင်ကြားပေးမှုတွင် အသုံးပြုသည့်စနစ်တကျ အံဝင်ခွင်ကျ တည်ဆောက်ဖွဲ့စည်းထားသော ကျွမ်းကျင် မှုများ၊ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် နီးစပ်ဆက်နွယ်မှုရှိသော်လည်း ထိုသင်ကြားမှုပုံစံသည် အခြေခံ စာတတ်မြောက်မှုတစ်ခုတည်း အတွက်သာ မဟုတ်ဘဲ အခြားသင်ကြားရေး လုပ်ငန်းများနှင့်ပါ သက်ဆိုင်ပါသည်။ ထိရောက်မှုရှိသော သင်ကြားရေး ပုံစံတစ်ခုဖြစ်သည်။

၄။ ရှင်းလင်းလွယ်ကူစွာသင်ကြားပေးသော သင်ကြားနည်းနှင့် ပတ်သက်၍ ပြန်လည်မှတ်မိသမျှ အကြောင်းအရာတို့ကို စဉ်းစားပြီး ပြောပြရန် ဆရာက ကျောင်းသားများကို မှာကြားသည်။

ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ -

- ဆရာဗဟိုပြုသင်ကြားခြင်း၊ အပြုအမူဆိုင်ရာ စိတ်ပညာအယူအဆ၏ လွှမ်းမိုးခြင်းကို ခံရသည်။
- အံဝင်ခွင်ကျစနစ်တကျ စီစဉ်တည်ဆောက်ထားသော သင်ခန်းစာအဆင့်များ တစ်ဆင့်ပြီး တစ်ဆင့် သွားသည်။
- ဆရာက ကျွမ်းကျင်မှုများကို နမူနာလုပ်ဆောင်ပြသသည်။ မေးခွန်းအများအပြားကို မေးသည်။ ဆရာက တုံ့ပြန်အကြံပြုချက်ပေးသည်။

၅။ ရှင်းလင်းလွယ်ကူသော သင်ကြားမှု၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို အလေးထား ဖော်ပြပါ။

ရှင်းလင်းလွယ်ကူသည့် ညွှန်ကြားချက်များအတိုင်း သင်ကြားမှုပုံစံဆိုသည်မှာ ဆရာဗဟိုပြု သင်ကြားမှုပုံစံကို ရည်ညွှန်းခြင်းဖြစ်သည်။ ဆရာဗဟိုပြုသင်ကြားမှုက သင်ယူသူကျောင်းသားများ အတွက် ရှင်းလင်းလွယ်ကူအောင် ဖန်တီးထားသော ရှင်းလင်းပြတ်သားသည့် သင်ယူမှုရည်မှန်းချက် (ပန်းတိုင်) များ ရရှိရေးကို ထိမိစွာ အလေးထားသည်။ ဆရာက ကျောင်းသားများကို ကျွမ်းကျင်မှုအသစ်များ (သို့မဟုတ်) အကြောင်းအရာများကို သင်ကြားပေးခြင်း၊ သင်ခန်းစာအတွက် အောင်မြင်မှုစံသတ်မှတ်ချက် (Success Criteria) နှင့် ရည်ရွယ်ထားသော သင်ယူမှုရလဒ်များကို သေချာစွာ နားလည်သိရှိစေရန် ကျောင်းသားများအား စေ့ဆော်ပေးခြင်း၊ ဆရာ လမ်းညွှန်မှုဖြင့်သာ ဆောင်ရွက်ရသော အလေ့အကျင့်နှင့် လွတ်လပ်စွာ ကိုယ်တိုင်ဆောင်ရွက်ရသော အလေ့အကျင့်တို့ကို ရရှိစေမည့် အခွင့်အလမ်းများကို ပံ့ပိုးပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

၆။ အောက်ပါလုပ်ငန်းများဆောင်ရွက်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

- စာဖတ်ဝိုင်းအသေးစားများဖွဲ့စည်းပေးရန် (ကျောင်းသား (၃) ဦးထက်မပိုစေရပါ။)
- ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော “ပညာရပ် ဝေါဟာရ (Terminology) နှင့် ကျောထောက်နောက်ခံပြုသဘောတရားများကို နားလည်သဘောပေါက် စေခြင်း” အကြောင်းအရာထဲမှ ရှင်းလင်းလွယ်ကူသော သင်ကြားမှု ပုံစံတစ်မျိုးဖြစ်သည့် ဆရာဦးဆောင်မှုဖြင့် သင်ကြားခြင်း (Direct Instruction) အကြောင်းကို ဖတ်ရှုပါရန်
- DI ဆိုသည်မှာ အဘယ်ကဲ့သို့သော သင်ကြားမှုမျိုးဖြစ်သည်နှင့် DI ထဲတွင် အပြုအမူဆိုင်ရာ စိတ်ပညာသဘောတရားများ ထင်ဟပ်နေမှုကို အတန်းသို့ ပြန်လည်မျှဝေ ပြောပြနိုင်ရေး အတွက် အသင့်စီစဉ်ပြင်ဆင်ထားရန်

၇။ အတန်းသို့ ပြန်လည် အစီရင်ခံတင်ပြရန်၊ ပြောပြရန် ကျောင်းသားများကို ညွှန်ကြားပါ။

၈။ ဤသင်ခန်းစာသည် ဆရာဦးဆောင်မှုဖြင့် သင်ကြားသောအစီအစဉ် (DI instructional programme) အပေါ်သို့ ဦးစားပေးအလေးထားခြင်းမရှိကြောင်းကိုကျောင်းသားများ သိရှိစေရန် အလေး အနက်ပြောပြပါ။ ဤသင်ခန်းစာက ရှင်းလင်းလွယ်ကူစွာသင်ကြားခြင်းအပေါ်သို့ ပိုမိုကျယ်ပြန့်စွာ အလေးထားလေ့လာပါသည်။ ရှင်းလင်းလွယ်ကူစွာ သင်ကြားခြင်းကို

အမေရိကန်ပြည်ထောင်စုနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် ဗြိတိန်နိုင်ငံ တို့၌ တွင်ကျယ်စွာ အသုံးပြုနေကြသည်။

၉။ ကျောင်းသားများအား ဇယား (၂.၆) ကို ကြည့်ရှုစေရမည်။ ဆရာက ရှင်းလင်းလွယ်ကူစွာ သင်ကြားမှုပုံစံ၏ အောက်ဖော်ပြပါ အဆင့်များကို နမူနာလုပ်ဆောင်ပြတော့မည်ဖြစ်ကြောင်း ကျောင်းသားများကို ပြောပြပါ။

- ကျွန်ုပ်ဆောင်ရွက်သည်။ (I do) - ဆရာက အကြောင်းအရာတစ်ခုကို သင်ကြားပေးသည်။ (အဆင့် - ၁၀)
- ကျွန်ုပ်တို့ဆောင်ရွက်ကြသည်။ (We do) - သင်ကြားလိုက်သော အကြောင်းအရာကို ကျောင်းသားများက နားလည်ကြောင်းပြသရာတွင် ကျောင်းသားများကို သင်ယူမှု လမ်းကြောင်းအတိုင်း တွဲခေါ်ဖေးမသည်။ (အဆင့် - ၁၁)
- သင်တို့ဆောင်ရွက်ကြသည်။ (You do) - နားလည်မှုကို ကျောင်းသားများက ပြသသည်။ (အဆင့် - ၁၂)

၁၀။ ဆောင်ရွက်ရန် ရှင်းလင်းလွယ်ကူသော သင်ကြားမှုပုံစံကိုသင်ကြားပေးပါ။ အဆင့်တိုင်းတွင်

- အဆင့်အမည်ကို ပြောပြပါ။
- အဆင့်၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။
- ကပ်၍ရသော ရောင်စုံကတ်ပြားချပ်များကို သင်ပုန်းပေါ်တွင် ကပ်ပြီး ဤသင်ကြားမှုပုံစံကို တည်ဆောက်ပြပါ။

၁၁။ ထို့နောက် ကတ်ပြားချပ်များကို ဖြုတ်ချပါ။ ပုံစံပြန်လည်တည်ဆောက်ရာ၌ ကျောင်းသားများကို ကူညီစေရမည်။ ကျောင်းသားများကို အမည်ခေါ်၍ အဆင့်တစ်ခုစီကို အမည်ကပ်ပေးရန် နှင့်ရှင်းလင်းပြရန်ညွှန်ကြားပါ။ ဤလုပ်ငန်းတွင် သူတို့အား ပံ့ပိုးကူညီပေးပြီး တုံ့ပြန်အကြံပြုချက်များပေးပါ။

ဟုတ်ပြီ ကဲ တို့အတူကြိုးစားကြည့်ကြစို့၊ မင်းတို့က ဆရာကိုကူညီပေးရမှာနော်။

ပထမအဆင့်ကဘာလဲ။

ဟုတ်တယ်မှန်တာပေါ့ "မိတ်ဆက်ခြင်း"။

မိတ်ဆက်ခြင်းအဆင့်ရဲ့ ရည်ရွယ်ချက် ကဘာလဲ။

ဟုတ်ပြီ မှန်တယ်။ ကျောင်းသားအာရုံစိုက်မှုရနိုင်ဖို့ အရင် သင်ပြီးထားတဲ့အရာတွေ ပြန်ဆန်းစစ်ဖို့နဲ့....

ဆရာကို ကူညီမယ့်သူတစ်ယောက်လောက် ဘယ်သူကူညီပေးမလဲ။

ဒုတိယအဆင့်ကဘာလဲ။

၁၂။ သင်ကြားမှုပုံစံကိုဆရာက ပြန်လည်တည်ဆောက်၍ ပြီးစီးသွားသောအခါ သင်ပုန်းပေါ်မှ ပုံစံကို ဖြုတ်ပစ်ပါ။

၁၃။ ကျောင်းသားများအားသူတို့ ကြည့်ရှုနေသော ကျောင်းသားကိုင်စာအုပ်ကို ပိတ်ရန်ပြောပါ။ ထို့နောက် ၎င်းတို့မှတ်စုစာအုပ်များထဲ၌ သင်ကြားမှုပုံစံတွင် ပါဝင်နေသော အဆင့်များကို တစ်ဆင့်စီ ရေးချစေရမည်။

၁၄။ ကျောင်းသားများအား ၎င်းတို့ရေးထားသည့် အဆင့်များကို အတန်းသို့ ပြန်လည်သတင်းပို့ အစီရင်ခံစေရမည်။ ဆရာက တုံ့ပြန်အကြံပြုချက်ပေးပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ဆဋ္ဌမတန်းဆရာလမ်းညွှန်များကို ပြန်လည်ဆန်းစစ်ခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား (၃) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - သင်ရိုးညွှန်းတမ်းဆိုင်ရာ စာရွက်စာတမ်းများတွင် ပါဝင်နေသော ရှင်းလင်းလွယ်ကူစွာ သင်ကြားမှု၏ တည်ဆောက်ဖွဲ့စည်းပုံကို ကျောင်းသားများ မှတ်မိသိရှိစေရန်

၁။ ကျောင်းသားများအား (၃) ယောက် တစ်ဝိုင်းဖွဲ့ထားသောသူတို့၏ စာဖတ်ဝိုင်းအသီးသီးသို့ ပြန်လာကြရန်ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း (၁) ကိုဖတ်ရန် ကျောင်းသားများကိုညွှန်ကြားပါ။

၃။ အခြေခံပညာသင်ရိုးညွှန်းတမ်း ဆဋ္ဌမတန်းအတွက် ဆရာလမ်းညွှန်စာအုပ်များကို ပြန်လည်ဆန်းစစ်ရန် ကျောင်းသားအုပ်စုများကိုညွှန်ကြားပါ။ ဘာသာရပ်အသီးသီးတွင် ပါဝင်နေကြသော သင်ခန်းစာများအနက် ဆောင်ရွက်ရန် ရှင်းလင်းလွယ်ကူသော သင်ကြားမှုပုံစံကို အပြည့်အဝ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လိုက်နာဆောင်ရွက်မှုရှိသော သင်ခန်းစာများကို သတ်မှတ် ဖော်ထုတ်စေရမည်။

၄။ အောက်ပါမေးခွန်းများကို ဖြေဆိုရန် ကျောင်းသားများကို ညွှန်ကြားပါ။

- ရှင်းလင်းလွယ်ကူသော သင်ကြားမှုကို မည်သည့်ဘာသာရပ် သင်ရိုးများတွင် အသုံးပြုထားသနည်း။

- ရှင်းလင်းလွယ်ကူသော သင်ကြားမှု ပုံစံကို အသုံးပြုထားသော သင်ခန်းစာများသည် မည်သို့သော သဘောသဘာဝ ရှိကြသနည်း။ ရည်မှန်းဦးတည်ချက်ထားသော သင်ယူမှု ရလဒ်များ၏ သဘောသဘာဝမှာ မည်သို့ရှိသနည်း။
- ရှင်းလင်းလွယ်ကူသော သင်ကြားမှုပုံစံသည် ကျောင်းသားများ၏ အဆင့်မြင့် စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်သော နည်းဗျူဟာတစ်ခု ဖြစ်ပါသလား။

၅။ တွေ့ရှိချက်များကို ပြန်လည်တင်ပြမည့် ကျောင်းသားများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ပုန်းပေါ်တွင် စာရင်းပြုစုရေးသားထားပါ။

- ရှင်းလင်းလွယ်ကူသော သင်ကြားမှုကိုအသုံးပြုသည့် ဘာသာရပ်နယ်ပယ်များ (ဥပမာ - သင်္ချာ၊ မြန်မာစာ)
- ရှင်းလင်းလွယ်ကူစွာ သင်ကြားသော သင်ခန်းစာများထဲတွင် ပစ်မှတ်ထားသော သင်ယူမှု ရည်ရွယ်ချက်/ရလဒ် အမျိုးအစားများ

ကျောင်းသားများကို ဤမေးခွန်းမေးပါ။

"သင်ရိုးညွှန်းတမ်းအသစ်တွင် ရှင်းလင်းလွယ်ကူသော သင်ကြားမှု မည်သည့် အတိုင်းအတာအထိ ပါဝင်နေသနည်း။"

ကျောင်းသားများအား အဆင့်မြင့်မေးခွန်းတစ်ခုမေးပါ။

"ရှင်းလင်းလွယ်ကူသော သင်ကြားမှု ပုံစံသည် ကျောင်းသားများ၏ အဆင့်မြင့် စဉ်းစားတွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်သော နည်းဗျူဟာတစ်ခု ဖြစ်ပါသလား"

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဆင့်မြင့် တွေးခေါ်ခြင်းသည် စူးစမ်းလေ့လာမှု အခြေပြုသင်ယူခြင်း နှင့် သာမန်အားဖြင့် ဆက်စပ်နေသည်ဟု ကျောင်းသားများက ဖြေပေးရန် အလားအလာနည်းပါသည်။ ကျောင်းသားများက ဤသို့ပင် အဖြေပေးတတ်ကြပါသည်။

ရှင်းလင်းလွယ်ကူသော သင်ပြမှုသည် စူးစမ်းလေ့လာမှုအခြေပြုသင်ယူခြင်းအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ကျောင်းသားများအား သင်ကြားပေးရန် အတွက် အသုံးပြုနိုင် သည်ဟု သင့်အနေနှင့် (ဆရာအနေနှင့်) အလေးအနက်ထားဖော်ပြမည်ဆိုလျှင်လည်း ဆီလျော်ပါသည်။ (ဥပမာ- ကျောင်းသားများ၏ သုတေသနပြုခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ဆရာက နမူနာ လုပ်ဆောင်ပြခြင်းနှင့် ငြမ်းဆင်ပေးခြင်း၊ အချက်အလက်များကို မည်သို့ ရှာဖွေရန်၊ အချက်အလက်များ၏ အရည်အသွေးကို မည်သို့အကဲဖြတ်ရန်နှင့် အချက်အလက်များကို မည်သို့ မှတ်တမ်းတင်ရန်၊ မည်သို့ စုစည်းရန်နှင့် မည်သို့ခွဲခြမ်းစိတ်ဖြာရန်စသည်)

### စာသင်ချိန် (၂)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံကိုသုံး၍ သင်ခန်းစာတစ်ခုကို သင်ကြားရာတွင် ဆရာ၏လမ်းညွှန်မှုဖြင့် လေ့ကျင့်မှုအဆင့်အတွက် ညွှန်ကြားချက်များကို ရေးသားတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်ပါ “ဆရာညွှန်ကြားမှု/လမ်းညွှန်မှုဖြင့်လေ့ကျင့်ခြင်း၏ အရေးပါပုံ” အကြောင်း ဖတ်ရှုရန် ကျောင်းသားများအား ညွှန်ကြားပါ။

၃။ ကျောင်းသားများအား အောက်ဖော်ပြပါ အချက်များကို သိရှိစေရမည်။

- ဆရာလမ်းညွှန်မှုဖြင့်လေ့ကျင့်ခြင်း (guided practice) အဆင့်သည် ရှင်းလင်းလွယ်ကူစွာ သင်ကြားသည်။ သင်ခန်းစာတစ်ခုတွင် ဖြစ်စေ သင်ခန်းစာ အစဉ်/အတွဲ (Consequence) တစ်ခုတွင်ဖြစ်စေ အလွန်အရေးပါသည်။
- ထိုသင်ခန်းစာမျိုးကို သင်ကြားနေချိန်တွင် ဆရာသည် ကျောင်းသားများအား ညွှန်ကြားမှု/လမ်းညွှန်မှုဖြင့် လေ့ကျင့်ခြင်းနှင့် တုံ့ပြန်အကြံပြုချက်ပေးနိုင်သည့် အခွင့်အလမ်း ပံ့ပိုးခြင်းတို့ မပြုမိဘဲ အဆင့်ကျော်ကာ ကျောင်းသားများ ကိုယ့်အားကိုယ်ကိုး (အထောက်အကူလွတ်) လေ့ကျင့်သည့်အဆင့်သို့ စောလျင်စွာ ရောက်သွားတတ်လေ့ရှိသည်။
- ဆရာ၏ထပ်တိုးအထောက်အကူပြုမှု လိုအပ်နေသော ကျောင်းသားများရှိတတ်သဖြင့် ထိုကျောင်းသားမျိုးကို ဆရာက ဆက်လက်ကူညီဖေးမ ပေးရန်လည်း အရေးကြီးပါသည်။ အချို့ကျောင်းသားများက အထောက် အကူလွတ် ကိုယ်တိုင်လေ့ကျင့်မှု အဆင့်တွင် အောင်မြင်စွာ လေ့ကျင့်နေကြချိန်၌ အချို့မှာမူ ဆရာကူညီမှု ဆက်လက်လိုအပ်နေဆဲ ဖြစ်တတ်ကြပါသည်။

၄။ ဇယား (၂.၇) တွင် ဖော်ပြထားသော ဆရာ၏ လမ်းညွှန်ကြားချက်များကိုဖတ်ပါ။ ဆရာက ကျောင်းသားအပေါ် ထိန်းချုပ်မှုကို တဖြည်းဖြည်းချင်း တစ်ဆင့်ချင်း တစ်ဆင့်ချင်း လျှော့ချသွားသည့် ရှင်းလင်းသောအစဉ် (clear sequence) ကို ကျကျနနသိမြင်အောင် ကျောင်းသားများကို လေ့လာစေရမည်။

- မင်းတို့က ဆရာကိုကူညီပါ။
- တို့က မင်းကို ကူညီမယ်။
- မင်းတို့အချင်းချင်း အပြန်အလှန်ကူညီနိုင်တယ်။
- မင်းတို့ ကိုယ့်ဟာကိုယ်တွက်နိုင်ပြီလား ကြည့်ကြရအောင်။

**ဇယား ၂.၇ (က)။ ဆရာညွှန်ကြား/ လမ်းညွှန်မှုဖြင့် လေ့ကျင့်ပေးသော အဆင့်တွင် ဆရာက ပေးရမည့် ညွှန်ကြားချက်များ**

<table>
<tr><td>ဆရာညွှန်ကြား/<br>လမ်းညွှန်မှု ဖြင့်<br>လေ့ကျင့်ခြင်း<br>(Guided Practice)<br>“ကျွန်ုပ်တို့ဆောင်ရွက်ကြသည်”။</td><td>• ကဲ ဒီပုစ္ဆာကို အတူတူ တွက်ကြည့်ကြမယ်။ မင်းတို့ကလည်း ဆရာကို ကူညီပြောပြပါ။ ပိုင်းခြေတူအောင်လုပ်တော့မယ်ဆိုရင် ဘယ်လို ပြောကြသလဲ။ ဖြူဖြူ ပြောပြပေးပါ။<br>• ဟုတ်ပြီ။ ခုနောက်တစ်ပုဒ်ကြိုးစား တွက်ကြည့်ကြစို့… စိုးရေ မင်းက တွက်ပုံ အဆင့်ဆင့်ကို ပြောပြပါ။ ဆရာတို့ကမင်းကို ကူညီပေးမယ်။ မင်းခုစပြီးလုပ်ရမှာ ဘာလဲ။<br>• ခုဆိုရင်ဆရာတို့တွေ ဒီနမူနာ ပုစ္ဆာတွေအားလုံးကို အတူတူ တွက်ကြည့် ပြီးပြီနော်။<br>• သင်ပုန်းပေါ်ရေးပြထားတဲ့ပုစ္ဆာကို သူငယ်ချင်း တစ်ယောက်နဲ့ အတူတွဲပြီး တွက်ကြည့်ပါ။ မင်းတို့အချင်းချင်း တစ်ယောက်ကို တစ်ယောက် ပြောပြကူညီပေးလို့ရတယ်။ မင်းတို့ဘယ်လို ပုစ္ဆာတွက် သလဲဆိုတာ ကြည့်ကြရအောင်။<br>• တင်တင် - မင်းနဲ့ရည်မွန်တို့ အဖြေ ဘာရသလဲပြောပါ။<br>• ဟုတ်ပြီ။ တော်တယ်နော်။ အဲဒါကို ဆရာတို့ ရခါနီးပါပြီ။ သင်ပုန်းပေါ်မှာ နောက်ထပ် (၂) ပုဒ်ရှိသေးတယ်။ အဲဒီနှစ်ပုဒ်ကို မင်းတို့ ကိုယ်ဘာသာ ကို တစ်ယောက်ချင်းစီ တွက်တတ်ကြမယ် မဟုတ်လား ကြည့်ကြစို့။ တွက်ကြည့်ပါဦး။<br>• ပြီးတော့ မင်းတို့တစ်ယောက်ချင်း ဘယ်လိုတွက်ထားသလဲ ဆိုတာ စစ်ကြည့်ရအောင်။</td></tr>
</table>

## သင်ယူမှုလုပ်ငန်း (၂)။ ဆရာလမ်းညွှန်မှုဖြင့်လေ့ကျင့်ရသောအဆင့်အတွက် ဆရာ၏ လမ်းညွှန်မှုများကို ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် (လုပ်ငန်းအတွက် ၁၅မိနစ်၊ မျှဝေခြင်း (၁၀) မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသားနှစ်ယောက်တစ်တွဲ အတွဲများ |

**ရည်ရွယ်ချက်** - သင်ခန်းစာတစ်ခုကို ရှင်းလင်းလွယ်ကူသော ညွှန်ကြားချက်များအတိုင်း သင်ကြားရာတွင် ဆရာညွှန်ကြားမှု/လမ်းညွှန်မှုဖြင့် လေ့ကျင့်ရသော အဆင့်အတွက် ညွှန်ကြားချက်များရေးတတ်စေရန်

၁။ ကျောင်းသားများကိုနှစ်ယောက်စီတွဲ၍ ဤလုပ်ငန်းဆောင်ရွက်ရန် ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်အပိုင်း (က) မှ သင်ယူမှုလုပ်ငန်း (၂) ကိုကြည့်ရန် ပြောပါ။

၃။ ရှင်းလင်းစွာ သင်ကြားနည်းအသုံးပြုမည့် သင်ခန်းစာတစ်ခုအတွက် ခေါင်းစဉ် တစ်ခုကို ရွေးချယ် ဆုံးဖြတ်ပေးရန် ကျောင်းသားအတွဲများကို မှာကြားပါ။ ထိုသင်ခန်းစာ၏ ဆရာလမ်းညွှန် မှုဖြင့် လေ့ကျင့်ခြင်း အဆင့်အတွက် ညွှန်ကြား ချက်များကို ရေးပေးရမည်ဖြစ်သည်။ ဇယား (၂.၇) တွင် ပြထားသော နမူနာကို အသုံးပြုပါ။

၄။ အတန်းသို့ ပြန်လည်တင်ပြမည့် ကျောင်းသားများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ရရှိထားသော အဖြေများကို အတန်းနှင့်မျှဝေရန် ကျောင်းသားများကို ရွေးချယ်ထား ခြင်းအားဖြင့် ဆရာကသူတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်မည် ဖြစ်သည်။

အပိုင်း (ခ) တွင် ကျောင်းသားများ၏ နားလည်မှုကို ကျစ်လျစ်ခိုင်မာစေမှုအတွက် ဆရာက သူတို့အား အဆင့်မြင့်တွေးခေါ်မှု သုံးရသည့် မေးခွန်းတစ်ခုကိုမေးပါ။

မေးခွန်း - ရှင်းလင်းလွယ်ကူစွာ သင်ကြားနိုင်သော သင်ခန်းစာတစ်ခုတွင် ဆရာက အလွန် ရှင်းလင်း ပြတ်သားသော သင်ကြားမှု/ ညွှန်ကြားမှုကို ပေးနိုင်ရန် များစွာအာရုံစိုက်လေ့ရှိသည်။ ထိုညွှန်ကြားချက်များကို ရှေ့နောက်စီစဉ်တကျနှင့် တသမတ်ညီညွတ်စွာ ပေးနိုင်ရန် အလေးထား အာရုံစူးစိုက်လေ့ရှိသည်။ ဤသို့ဆောင်ရွက်ရာတွင် ကျောင်းသင်ဘာသာစကား ဖြစ်သော မြန်မာစာ မြန်မာစကားသည် မိမိတို့၏ ပထမဘာသာစကား/အိမ်သုံးမိခင်ဘာသာ စကား မဟုတ်သော ကျောင်းသားများ၏ သင်ယူမှုအပေါ်တွင် မည်သည့် သက်ရောက်မှုမျိုးရှိ လာနိုင်သနည်း။

သုတေသနတွေ့ရှိချက်များက ဖော်ပြထားသည်မှာ မိခင်ဘာသာစကားနှင့်ကျောင်းသုံး ဘာသာရပ်သင် ဘာသာစကားမတူညီသော ကျောင်းသားများအတွက် ရှင်းလင်းလွယ်ကူ သော ညွှန်ကြားချက်များနှင့် ထိုကျောင်းသားများ၏ တိုးပွားလာသော တတ်မြောက်မှုသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုနေကြသည်ဟု ဆိုပါသည်။ ထိုကျောင်းသားများ နားလည်နိုင်သော ညွှန်ကြားမှုများကိုသာ အစဉ်ပြုလေ့ရှိကြသည်ဟု ဆိုပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများပေးလာသည့်အဖြေများသည် ဇယား (၂.၇) တွင်ပေးထားသော နမူနာအပေါ် မူတည်၍ ပုံစံတကျတည်ဆောက်ထားရန်လိုအပ်ပါသည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| **အချိန်** | (၁၀) မိနစ် |
|---|---|
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်သော သင်ကြားမှုဆိုင်ရာ ချဉ်းကပ်မှုများအား အမျိုးအစားစုံလင်စွာ တည်ဆောက် အသုံးပြုနိုင်မှုကို အထူးအလေးပေးကာ ဤသင်ကြားမှုပုံစံနှင့် ကိုက်ညီသောဆရာ တတ်ကျွမ်းမှုများကို ပြန်လည် ဆန်းစစ်ပါ။

- (က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။
- (က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ် နေသော သင်ယူမှု အခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

၂။ ဆရာဦးဆောင်မှုဖြင့် သင်ကြားမှုသည် (direct instruction) အောက်ဖော်ပြပါ အခြေအနေ တို့တွင် အဖိုးတန်မှု/အကျိုးကျေးဇူးများ ရှိနိုင်ကြောင်းကို ကျောင်းသားများ သိရှိအောင် အလေးပေး ဖော်ပြပါ။

- အတန်းထဲမှ အခြားကျောင်းသားများ လွတ်လပ်စွာ ကိုယ်တိုင်လေ့ကျင့်မှု အဆင့်သို့ ချောမောအောင်မြင်စွာ ရွေ့လျားသွားချိန်တွင် အချို့ကျောင်းသားများက ဆရာ၏ ထပ်ဆောင်း ထောက်ပံ့ကူညီမှု လိုအပ်နေတတ်သည်။

ထိုကဲ့သို့ ကျောင်းသားများအတွက် အကျိုးကျေးဇူးများသည်။

- အလွန်ရှင်းလင်းသော ညွှန်ကြားချက်များနှင့် တုံ့ပြန်အကြံပြုချက်များကို ကျောင်းသားများ နားလည်လွယ်အောင် ဆရာများက တစ်သမတ်တည်း အစဉ်လိုက်အာရုံစူးစိုက်ကာပံ့ပိုး ပေးနေသောကြောင့် မြန်မာဘာသာစကား ကို ကျောင်းသင်ကြားရေး၌သာ အသုံးပြုရသော ကျောင်းသားများအတွက် (ဥပမာ - တိုင်းရင်းသားမျိုးနွယ်စု/ အခြားလူမျိုးတစ်မျိုးထဲမှ ကျောင်းသား များ) အကျိုးကျေးဇူးများပါသည်။
- စူးစမ်းလေ့လာမှု၏ အဆင့်အသီးသီးတွင် ကျောင်းသားအားလုံးပါဝင်နိုင်စေ ရန် ပံ့ပိုးပေးရာတွင် သူတို့အတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သင်ကြားပေးရာ၌ အကျိုးကျေးဇူး များသည်။

၃။ သင်ယူမှု၏ ရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။
ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -

- ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံဖြင့် ပြင်ဆင်ထားသော သင်ခန်းစာ တစ်ခု သင်ကြားရန် အတွက် အဆင့် အသီးသီးအကြောင်းကို ရှင်းပြတတ် မည်။
- ရှင်းလင်းလွယ်ကူသည့် သင်ကြားမှုပုံစံကိုသုံး၍ သင်ခန်းစာတစ်ခုကို သင်ကြားရာတွင် ဆရာ၏လမ်းညွှန်မှုဖြင့် လေ့ကျင့်မှုအဆင့်အတွက် ညွှန်ကြားချက်များ ကို ရေးသားတတ်မည်။

၄။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၂.၂.၃) ကို နောက်ထပ်စာသင်ချိန် အတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် ဖတ်ရှုလေ့လာထားရန် ကျောင်းသားများကိုညွှန်ကြားပါ။

- ယခင်ကသိရှိပြီး သင်ယူမှုအပေါ်တွင် (ထပ်မံ) တည်ဆောက်ခြင်း
- ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ် ခြင်း (Information Processing)

# ၂.၂.၃။ စာသင်ခန်းအတွင်း သိမှုဆိုင်ရာသင်ယူမှုသဘောတရားများ၏ ပြဋ္ဌာန်းလွှမ်းမိုးမှု

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သင်ယူမှုပြုရာတွင် မကျွမ်းကျင်သူများနှင့် ကျွမ်းကျင်သူများ၏ အချက်အလက်သစ်များ မှတ်သားပုံကို နှိုင်းယှဉ်ပြတတ်မည်။
- ကျောင်းသားများအား အချက်အလက်အသစ်များကို စုစည်းပုံနှင့် နားလည်အောင် ချိတ်ဆက်ဆောင်ရွက်ပုံတို့၌ ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို အကျဉ်းချုံး ဖော်ပြတတ်မည်။
- ကျောင်းသားများ၏ (အသိသညာ) အယူအဆခိုင်မာသည့် နားလည်သဘောပေါက်မှုကို ပံ့ပိုးပေးရာ၌ Frayer သင်ပြမှုပုံစံကို ဘာသာရပ်တိုင်းအတွက် မည်သို့ အသုံးပြုနိုင်ပုံကို ရှင်းပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှု

(က) (၅.၁.၂) ကျောင်းသားများ၏ အဓိက ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၂) ချိန်

### သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - ဉာဏ်စမ်းမေးခွန်းတစ်ခု ဖြေဆိုစေခြင်းဖြင့် နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) - ဖရေရာပုံစံတစ်ခုကို ရေးဆွဲပြုစုခြင်း (Developing a Frayer's Model)

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - မေးခွန်းမေးခြင်း၊ ဉာဏ်စမ်းများဖြေစေခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း၊ တစ်တန်းလုံးစစ်ဆေးအကဲဖြတ်ခြင်း၊ သင်ယူမှုလုပ်ငန်းအမျိုးမျိုး ဆောင်ရွက်စဉ်တစ်လျှောက် ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၂.၂.၃) ကိုဖတ်ပါ။

**လိုအပ်သောရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၂) - ဆဋ္ဌမတန်း သင်ရိုးညွှန်းတမ်း စာအုပ်စာတမ်းများနှင့်ကားချပ်ကြီးရေးဆွဲရန် စာရွက်၊ မာကာများ

### စာသင်ချိန် (၁)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- သင်ယူမှုပြုရာတွင် မကျွမ်းကျင်သူများနှင့် ကျွမ်းကျင်သူများ၏ အချက်အလက်သစ်များ မှတ်သားပုံကို နှိုင်းယှဉ်ပြတတ်မည်။
- ကျောင်းသားများအား အချက်အလက်အသစ်များကို စုစည်းပုံနှင့် နားလည်အောင် ချိတ်ဆက်ဆောင်ရွက်ပုံတို့၌ ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို အကျဉ်းချုံး ဖော်ပြတတ်မည်။

၂။ ဤသင်ခန်းစာ စတင်သည့်အချိန်ကတည်းက ကျောင်းသားများ အာရုံစိုက်ခဲ့သော အာရုံခံ လှုံ့ဆော်မှုများ အားလုံးကိုချရေးထားရန် ညွှန်ကြားပါ။ သူတို့အား ဆရာက မည်သည့် အသံများ ကြားခဲ့သနည်း။ မည်သည့် အနံ့ရခဲ့သနည်း။ မည်သည်တို့ကို မြင်ခဲ့သနည်း စသည်တို့ကိုမေးပါ။

ကျောင်းသားများကလည်း မြင်တွေ့သမျှ၊ ကြားသမျှ၊ အနံ့ရသမျှ တို့ကို ရေးထားကြမည်။ ဆရာ၏ညွှန်ကြားချက်များပေးမှုကိုကြားရသည်။ သူငယ်ချင်း များ ကျောပိုးအိတ်/လွယ်အိတ်များထဲမှ စာအုပ်များထုတ်ယူနေကြသည်ကို မြင် ရသည်။ အရှိန်ပြင်းပြင်းလည်နေသော မျက်နှာကျက် မှ ပန်ကာလည်နေသံ ကို ကြားသည်။ လည်နေသည်ကိုမြင်ရသည်။ သစ်သားမီးခိုးညှော်နံ့ရသည်။ အပြင် ဘက်မှ အစားအသောက်ကြော်လှော်နေသော အနံ့ရသည် စသည်တို့ကို ချရေး ရမည်။

၃။ သင်ပုန်းပေါ်တွင် အထက်ဖော်ပြပါ လှုံ့ဆော်မှုများ အားလုံးကို စာရင်းပြုစု ရေးသားပါ။ ကျောင်းသားများကိုအောက်ပါအချက်များအကြောင်းအလေးပေး ပြောဆိုပါ။

- ကျွန်ုပ်တို့ပတ်ဝန်းကျင်မှ လှုံ့ဆော်မှုအားလုံးတို့ကို အာရုံစိုက်ရန် ကျွန်ုပ်တို့ထံ၌ ရင်းမြစ် အလုံအလောက်မရှိကြပါ။
- ကျောင်းသားများအားလုံးသည် ဘုံတူညီသော အတွေ့အကြုံကို မျှဝေ တွေ့ကြုံနေရသော်လည်း သူတို့အာရုံစိုက်မိသော လှုံ့ဆော်မှုများမှာ မတူညီ ကြကြောင်း ထင်ရှားသည်။

၄။ သင်ပုန်းပေါ်တွင်ရေးပြပါ။

ရွေးချယ်ခြင်း → စုစည်းခြင်း → အနက်အဓိပ္ပာယ်ကောက်ခြင်း

၅။ အိမ်စာလုပ်ငန်းအဖြစ် ဖတ်ရန်ပေးထားသောအပိုင်းကို ကျောင်းသားများအား ပြန်လည်သုံးသပ် စဉ်းစားစေသည်။ ဤသို့ဆောင်ရွက်ရာတွင် သင်ပုန်းပေါ်တွင် ရေးပြထားသော အစဖော် စကားလုံးများ (prompts) ကို အသုံးပြုစေရမည်။ ထို့နောက်သူငယ်ချင်းအား အာရုံခံခြင်း ဖြစ်စဉ်များကို ရှင်းပြစေရမည်။

၆။ ဆွေးနွေးချိန် အလုံအလောက်ပေးပြီးသောအခါ ကျောင်းသားများကို (စာအုပ်ထဲ မှ "ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်း (information processing)" အကြောင်းကို ကြည့်ရှုရန် ညွှန်ကြားပါ။ အောက် ပါအချက်တို့ကို အလေးပေးဖော်ပြပါ။

- အာရုံခံခြင်း (perception) သည် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်း (information processing) ၏ရှေးဦးပိုင်း အဆင့်များတွင် ပါဝင်သည်။
- အာရုံခံခြင်း၏ ပထမအဆင့်သည် ကျွန်ုပ်တို့အားလုံး အာရုံစိုက်လိုက်မိသော လှုံ့ဆော်မှုများ ကို ရွေးချယ်ခြင်းဖြစ်သည်။
- ထို့နောက်ကျွန်ုပ်တို့က ထိုလှုံ့ဆော်မှုများကို အဓိပ္ပာယ်ပြည့်ဝသော အဆင့်များ ပုံစံများ အဖြစ်သို့စုစည်းခြင်း၊ စိတ်ပိုင်းဆိုင်ရာတင်ပြမှုပုံစံများ တည်ဆောက်ခြင်းနှင့် အနက်အဓိပ္ပာယ် ကောက်ယူခြင်း (ဆိုလိုသည်မှာ -အဓိပ္ပာယ်ဖော်ခြင်း) တို့ကို စိတ်ပိုင်းဆိုင်ရာ အညွှန်းဘောင် များ အသုံးပြု၍ ဆောင်ရွက်ကြသည်။
- ကျွန်ုပ်တို့၏ စိတ်ပိုင်းဆိုင်ရာအညွှန်းဘောင်များသည် ကမ္ဘာလောက အကြောင်း သိရှိလာရသည့် ကျွန်ုပ်တို့အတွေ့အကြုံများနှင့် ဆက်စပ် ပတ်ဝန်းကျင်အမျိုးမျိုးတို့တွင် အပြန်အလှန် ဆက်သွယ်မှုတို့မှတစ်ဆင့် ဖွံ့ဖြိုး လာကြရသည်။

၇။ ကျောင်းသားများအနေနှင့် သူတို့ဘဝတွင် မှတ်မှတ်ထင်ထင်ရှိသော အတွေ့အကြုံ (သို့မဟုတ်) တတ်ကျွမ်းမှု (expertises) တို့ရှိခဲ့သော နယ်ပယ်များကို ဖော်ထုတ် သတ်မှတ် ပေးရန်ညွှန်ကြားပါ။

၈။ ကျောင်းသား (၂) ဦးကိုရွေးချယ်၍ သူတို့၏ အတွေ့အကြုံ/တတ်ကျွမ်းမှု နယ်ပယ်များ ခြားနားချက်ကို နှိုင်းယှဉ်စေရမည်။ ဥပမာ - ကျောင်းသားတစ်ဦးတွင် မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်သော အတွေ့အကြုံရှိသည်ဆိုပါစို့။ အားလပ်ချိန်များတွင် မော်တော်ဆိုင်ကယ်နှင့် သက်ဆိုင်သော မဂ္ဂဇင်းများကို ဖတ်ရှုလေ့လာခဲ့ပုံတို့ကို အမှတ်ထင်ထင်ရှိသည်။ အခြား ကျောင်းသားတစ်ဦးကမူ သူတို့၌ ကျန်းမာရေးနှင့် ညီညွတ်သော ဘဝနေထိုင်ပုံကိုစိတ်ဝင်စားမှု ရှိခဲ့ကြောင်း၊ တစ်ပတ်လျှင် သုံးကြိမ် အားကစားရုံ (gym) သို့ သွားရောက်ကာ လေ့ကျင့်ခဲ့ကြောင်းနှင့် အာဟာရနှင့် ကြံ့ခိုင်မှု ကိုယ်ခန္ဓာလှုပမှုဆိုင်ရာ အစီအစဉ်များ အကြောင်းကိုလည်း အွန်လိုင်း မှ လေ့လာခဲ့ကြောင်းကို ပြောပြမည်။

၉။ အတန်းအတွက်မေးခွန်းတစ်ခုထုတ်ပါ။

- ကျွန်ုပ်တို့က မော်တော်ဆိုင်ကယ်နှင့် ပတ်သက်သော မဂ္ဂဇင်းတစ်စောင်ကို အထက် ဖော်ပြပါ ကျောင်းသား (၂) ဦးစလုံးကို ဖတ်စေသည်ဆိုပါစို့။

မဂ္ဂဇင်းပါ ဆောင်းပါး တစ်ခုကို ဖတ်ရာတွင် သူတို့နှစ်ဦးသည် မည်မျှကြာအောင် အချိန်ယူ၍ ဖတ်ရမည်နည်း။ ဖတ်ပြီးသည့်အခါတွင် ကျွန်ုပ်တို့က သူတို့ (၂) ဦးကို ဆောင်းပါးအကြောင်းမေးခွန်းမေးလျှင် မည်သို့ ဖြစ်မည်နည်း။

အဖြေ - မော်တော်ဆိုင်ကယ် အကြောင်းကျွမ်းကျင်နှံ့စပ်စွာ သိသောကျောင်းသားက ဆောင်းပါးကိုပို၍ မြန်မြန်ဖတ်နိုင်ပြီး အချက်အလက်များကိုလည်းပိုမိုသိရှိမှတ်မိနိုင်သည်။

၁၀။မေးခွန်းမေးခြင်းကို ဆက်လက်ဆောင်ရွက်ပါ။ "ဤသို့ ဖြစ်ရခြင်းမှာ အဘယ်ကြောင့်နည်း။"

၁၁။အောက်ပါအချက်တို့ကိုကျောင်းသားများအတွက် အထူးအလေးပေးဖော်ပြပါ။

- အာရုံခံသင်ယူမှု (perceptual learning) သည် ကျွန်ုပ်တို့၏ သတင်းအချက်အလက်အသစ်တို့ကို ရွေးချယ်ပြီး အဓိပ္ပာယ်ကောက်ယူတတ်သော အရည်အချင်းကို တိုးတက်လာစေသည်။ အာရုံခံ သင်ယူမှုသည် ဆက်စပ်အခြေအနေအမျိုးမျိုးတို့တွင် လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်ခဲ့ရာမှ ရရှိလာခဲ့သော ကျွန်ုပ်တို့၏ အတွေ့အကြုံပေါ်တွင် အခြေခံ၍ ပေါ်ပေါက်လာသည်။ အာရုံခံ သင်ယူမှုက အောက်ပါတို့ကိုဖြစ်ပေါ်စေသည်။
- မည်သည့် အချက်အလက်သစ်များကို သင်ယူရန် သင့်လျော်သည်ဟု ဆုံးဖြတ်နိုင်မှု။
- အချက်အလက်သစ်များကို အဆင့်ဆင့် ချိတ်ဆက်ဖွဲ့စည်းရာတွင် လျင်မြန်မှုနှင့်ကျွမ်းကျင်မှု။

၁၂။ကျောင်းသားများအား ဇယား (၂.၉) ကိုကြည့်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ဉာဏ်စမ်းမေးခွန်းတစ်ခု ဖြေဆိုစေခြင်းဖြင့် နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် (ဉာဏ်စမ်းဖြေချိန် - ၁၀မိနစ် မျှဝေခြင်း ၁၀ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ကျောင်းသားများအား သူတို့၏နားလည်သဘောပေါက်မှုကိုစစ်ဆေးအကဲဖြတ်တတ်စေရန်

၁။ သင်ယူမှုလုပ်ငန်း (၁) ကိုကြည့်ရှုရန် ကျောင်းသားများကိုညွှန်ကြားပါ။

၂။ ကျောင်းသားများအားဉာဏ်စမ်းမေးခွန်းဖြေရာတွင် တစ်ဦးစီသီးခြားလွတ်လပ်စွာဖြေရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများကို အဖြေများရေးသားရန်ပြောပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းနှင့် မျှဝေမည့် ကျောင်းသားများအား ရွေးချယ်ထားခြင်းဖြင့် သူတို့၏နားလည်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်မည်။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

၁။ သိမှုဆိုင်ရာသင်ယူမှု (အယူအဆ) က အလေးပေးဖော်ပြသည်မှာ -

(က)အတွေ့အကြုံများနှင့် စကားအပြန်အလှန်ပြောခြင်းတို့မှတစ်ဆင့် ကလေးများသည် အသိပညာကို တက်ကြွဖျတ်လတ်စွာ တည်ဆောက်လာတတ်ပုံ

(ခ) အချက်အလက်များကို သတိမူသိမြင်မှု (အာရုံခံရယူမှု)၊ တွေးခေါ်မှု၊ မှတ်မိမှု နှင့် ပြဿနာများကို ဖြေရှင်းမှုတို့၌ ကလေးများသည် မည်သို့ဆောင်ရွက်ပုံ

(ဂ) ထပ်ကြိမ်များစွာလေ့ကျင့်ခြင်းနှင့် တုံ့ပြန် အကြံပြုချက်တို့ကို သုံးခြင်းတို့မှတစ်ဆင့် ကလေးများ၏ အပြုအမူကို မည်သို့ ပုံသွင်းပြုပြင်ပေးနိုင်ပုံ

(ဃ) အထက်ပါအချက်အလက်များအားလုံး

အဖြေ - (ခ)

၂။ ကျွန်ုပ်တို့၏ လက်တွေ့ဆောင်ရွက်နေသော (ရေတို) မှတ်ဉာဏ်ထဲတွင် ကျွန်ုပ်တို့ ထည့်သွင်း သိမ်းဆည်းထားနိုင်သော အချက်အလက်တို့၏ အရေအတွက်မှာ အကန့်အသတ်မရှိ များပြား လှသည်။ (မှန်/မှား)
အဖြေ - မှား (ကျောင်းသားကိုင်စာအုပ်ကိုကြည့်ပါ။)
ကျွန်ုပ်တို့၏လက်တွေ့ဆောင်ရွက်နေသော (ရေတို) မှတ်ဉာဏ်ထဲတွင် အလွန်နည်းပါးသည့် အချက်အလက်များကို အလွန်တိုတောင်းသော အချိန်တွင်း ၌သာ သိုလှောင်သိမ်းဆည်းနိုင်သည်။

၃။ အာရုံခံသိမြင်ခြင်း/ သတိမူသိမြင်လာခြင်းကို အချက်အလက်သစ်များကို အဆင့်ဆင့် ချိတ်ဆက်ဖွဲ့စည်း မှတ်သားမှုဖြစ်စဉ်၏ နောက်ဆုံးအဆင့်ဟု အမိပ္ပာယ် သတ်မှတ်ပေးနိုင်သည် (မှန်/မှား)
အဖြေ - မှား (ကျောင်းသားကိုင်စာအုပ်ကိုကြည့်ပါ။)
အာရုံခံသိမြင်ခြင်း/ သတိမူသိမြင်လာခြင်းကို အချက်အလက်သစ်များကို အဆင့်ဆင့် ချိတ်ဆက်ဖွဲ့စည်း မှတ်သားမှုဖြစ်စဉ်၏ ရှေးဦး အဆင့်များတွင် ပါဝင်သည်။

၄။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်း (information processing) နှင့်ဆက်စပ်နေသည့် အောက်ဖော်ပြပါ ဖြစ်စဉ်တို့ ပေါ်ပေါက်လာသည်။ ရှေ့နောက် အစီအစဉ် အဆင့် သတ်မှတ်ပေးပါ။ (၁၊၂၊၃)

- အချက်အလက်များကို အဓိပ္ပာယ်ပြည့်ဝသော ဖွဲ့စည်းမှုပုံစံများ အဖြစ်သို့ စုစည်းပြီး ရုပ်ပုံလွှာများ ဖော်ပေးခြင်း
- ပတ်ဝန်းကျင်ရှိ လှုံ့ဆော်မှု အမြောက်အမြားထဲမှ မည်သည့် လှုံ့ဆော်မှု များကို အာရုံစူးစိုက်သင့်ကြောင်း ရွေးချယ်ခြင်း
- စိတ်ပိုင်းဆိုင်ရာ အညွှန်းဘောင်များကို အသုံးပြု၍ စိတ်တွင်းမှ ပုံရိပ်လွှာများကို အနက် အဓိပ္ပာယ်ကောက်ယူခြင်း

အဖြေ - (၂၊၁၊၃) ကျောင်းသားကိုင်စာအုပ်ကိုကြည့်ပါ။
ရွေးချယ်ခြင်း → စုစည်းခြင်း → အနက်အဓိပ္ပာယ်ကောက်ယူခြင်း

၅။ အာရုံခံသိမြင်မှုဆိုင်ရာ/ သတိမူသိမြင်မှုဆိုင်ရာ သင်ယူမှုတွင် ပါဝင်သော အချက်အလက် (သစ်) များကို ရွေးချယ်တတ်ခြင်းနှင့် အနက်အဓိပ္ပာယ်

ကောက်ယူခြင်းတို့ကို ဆောင်ရွက်တတ်သော ကျွန်ုပ်တို့၏ အရည်အချင်းသည် အောက်ပါအချက်များ အပေါ် အခြေခံမူတည်ပါသည်။

(က) ဉာဏ်ရည်

(ခ) အတွေ့အကြုံ

(ဂ) စေ့ဆော်မှု

(ဃ) စိတ်လှုပ်ရှား/ခံစားမှုဆိုင်ရာ အခြေအနေ

အဖြေ - (ခ) (ကျောင်းသားကိုင်စာအုပ်တွင်ကြည့်ပါ။)

အာရုံခံသင်ယူမှု (perceptual learning) သည် ကျွန်ုပ်တို့၏ သတင်းအချက်အလက်သစ်တို့ကို ရွေးချယ်ပြီး အဓိပ္ပာယ်ကောက်ယူတတ်သော အရည်အချင်းကို တိုးတက်လာစေသည်။ အာရုံခံ သင်ယူမှုသည် ဆက်စပ်အခြေအနေအမျိုးမျိုးတို့တွင် လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်ခဲ့ရာမှ ရရှိလာခဲ့သော ကျွန်ုပ်တို့၏ အတွေ့အကြုံပေါ်တွင် အခြေခံ၍ ပေါ်ပေါက်လာသည်။

၆။ အချက်အလက်သစ်များကို အဆင့်ဆင့် ချိတ်ဆက်ဖွဲ့စည်း မှတ်သားဆောင်ရွက်ရာတွင် မကျွမ်းကျင်သူများနှင့် ကျွမ်းကျင်သူများအကြား ဆောင်ရွက်ပုံဆောင်ရွက်နည်း ခြားနားကြသည်။ (မှန်/မှား)

အဖြေ - မှန်

၇။ သတိမူသိမြင်မှု/အာရုံခံသိမှုဆိုင်ရာသင်ယူမှုက အောက်ပါတို့ကို တိုးပွားစေသည်။

(က)ဆီလျော်ရာအချက်အလက်အသစ်များကို သိရှိဆုံးဖြတ်နိုင်သည့် ကျွန်ုပ်တို့၏ အရည်အချင်း (မှန် /မှား)

အဖြေ - မှန်

(ခ) အချက်အလက်တို့သည် ဆက်စပ်ညီညွတ်စွာ ပုံစံတစ်ခု အဖြစ် တည်ရှိနေပုံနှင့် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပုံတို့ကို သိမြင်တတ်သော ကျွန်ုပ်တို့၏ အရည်အချင်း (မှန်/မှား)

အဖြေ - မှန်

(ဂ) ဆီလျော်သောအချက်အလက်များကို ရှာဖွေရာ၌ (ကျွန်ုပ်တို့၏) လျင်မြန်မှု) (မှန်/မှား)

အဖြေ - မှန်

(ဃ) အချက်အလက်သစ်များကို အဆင့်ဆင့်ချိတ်ဆက်ဖွဲ့စည်းမှတ်သားရာတွင် အာရုံစူးစိုက်ရမှုပြင်းထန်ခြင်း/ဝန်ပိသောအာရုံစူးစိုက်မှုရှိခြင်း (မှန်/မှား)

အဖြေ - မှား

ကျောင်းသားကိုင်စာအုပ်ကိုကြည့်ပါ။

ကျွမ်းကျင်သူများ (ဥာဏ်သွက်သူများ) က သူတို့အာရုံစိုက်ရမည့်အချက်အလက်သစ်တို့ကို ရွေးချယ်ရာတွင် အထူးကျွမ်းကျင်စွာ ရွေးချယ်တတ်ကြသည်။ အချက်အလက်သစ်တို့ထဲမှ စုစည်းနေမှုပုံစံနှင့်အချင်းချင်းဆက်သွယ် ချိတ်ဆက်နေပုံတို့ကို သိမြင်ကြသည်။ အသွင်အပြင်အမျိုးမျိုးရှိသော အချက်အလက်အသစ် အမျိုးမျိုးတို့ကို တစ်ချိန်တည်းမှာပင် အဆင့်ဆင့် စုစည်းချိတ်ဆက်ဆောင်ရွက်ပေးနိုင်သည်။ အချက်အလက်သစ်များကို အဆင့်ဆင့် စုစည်းချိတ်ဆက် ဖွဲ့စည်းရန် အာရုံစိုက်သည့်အခါတွင်လည်း လွယ်ကူပေါ့ပါးစွာဆောင်ရွက်နိုင်ကြသည်။ တုံ့ပြန်နိုင်ချိန်မှာလည်း ပိုမို မြန်ဆန်သည်။

မကျွမ်းကျင်သူ (ဥာဏ်လေးသူ) များကမူ သူတို့အာရုံစိုက်ရမည့် အချက်အလက်သစ်တို့ကို ရွေးချယ်ရာတွင်ရွေးချယ်နိုင်စွမ်း နည်းပါးကြသည်။ အချက်အလက်အသစ်တို့ တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆက်သွယ်နေမှု ပေါင်းစည်းနေမှုများကို မတွေ့မြင်တတ်ဘဲ ရိုးစင်းသော အသွင်အပြင်များကိုသာ တွေ့မြင်အာရုံစိုက်တတ်ပြီး အသွင်အပြင်တစ်ခုချင်းစီကို တစ်ကြိမ်ချင်းစီသာ ချိတ်ဆက်ဖွဲ့စည်း တတ်ကြသည်။ ထိုသို့ အကြိမ်ကြိမ်အလီလီ ဆောင်ရွက်ကြရသောကြောင့်အာရုံစိုက်မှုကို ပင်ပန်းကြီးစွာ ဆောင်ရွက်ကြရသည်။ တုံ့ပြန်ချိန်မှာလည်း ပိုမိုကြာမြင့်လေ့ရှိသည်။

၈။ စာသင်ခန်းတွင် အချက်အလက်သစ်များ စုစည်းတတ်စေရန်နှင့် မှတ်သားနားလည်တတ်စေရန် ကျောင်းသားများအား ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများ ရှိကြသည်။ (မှန်/မှား)

အဖြေ - မှန် (ကျောင်းသားကိုင်စာအုပ်ကိုကြည့်ပါ။)

- ကျောင်းသားများ၏ ရရှိပြီးသားအသိပညာကို ပြန်လည် ရည်ညွှန်းခြင်း

- အကြောင်းအရာများကို ရှေ့နောက်စီစဉ်တကျ ပြင်ဆင်ကာ (ဆိုလိုသည်မှာ-လွယ်ရာမှ ခက်ရာသို့၊ ရိုးရှင်းရာမှ ရှုပ်ထွေးရာသို့) ကျိုးကြောင်းဆီလျော်ညီညွတ်စွာ အဆင့်အဆင့် တရွေ့ရွေ့ လေ့လာစေခြင်း၊ ဤအစီအစဉ်တွင် ရှေ့ကသင်ယူခဲ့သော စာအုပ်စာတမ်းပါ အသိပညာပေါ်တွင် မူတည်ကာ နောက်ထပ်အသစ်တို့ကို ထပ်ဆင့်တည်ဆောက်ထားခြင်း
- အကြောင်းအရာများကို ကျောင်းသားများအတွက် တစ်ပိုင်တစ်နိုင်အခန်းများအဖြစ်သို့ စုစည်းပေးခြင်း
- အဓိကကျသောအယူအဆ (အသိသညာ) (concept) များကို သိသာထင်ရှားစွာမီးမောင်းထိုး ဖော်ပြခြင်းနှင့် ခက်ဆစ်အဘိဓာန်(glossaries) များတွင် ရှင်းလင်းလွယ်ကူသော အဓိပ္ပာယ် သတ်မှတ်ချက်များ ပေးထားခြင်း
- စိတ်ကူးစိတ်သန်းတစ်ခုနှင့် တစ်ခုအကြား ဆက်စပ်နေမှုကို ပေါ်လွင်အောင် မီးမောင်းထိုး ဖော်ပြခြင်း/အလေးပေးဖော်ပြခြင်း
- အချက်အလက်တို့ကို ပုံစံအမျိုးမျိုးဖြင့် တင်ပြခြင်း၊ ဥပမာ စာရေးသားတင်ပြခြင်းနှင့် အကြောင်းအရာပြ သရုပ်ဖော်ပုံ (diagram) များသုံး၍ တင်ပြခြင်း

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားကိုင်စာအုပ် "သင်ခန်းစာအစတွင်ပေးထားတတ်သော အချက်အလက်များကို စုစည်းဖော်ပြထားသည့် ဂရပ်ဖစ်ပုံများ (Advance and Graphic Organisers) အပိုင်းကို ဖတ်ရှုရန်ကျောင်းသားများကို ညွှန်ကြားပါ။

၂။ ကျောင်းသားများအား "ကြိုတင်ခြင်း" (advance)ဆိုသော ဝေါဟာရ အဓိပ္ပာယ်မှာ အဘယ်နည်း ဟုမေးပါ။
အဖြေ - ကြိုတင်၍ ပံ့ပိုးပေးသော (supplied before hand)

၃။ ဤအဓိပ္ပာယ်သတ်မှတ်ချက်အပေါ် ဆင့်ပွားတည်ဆောက်ကာ ကြိုတင်ပံ့ပိုးပေးသော အချက်အလက်များ စုစည်းမှုပြကိရိယာဆိုသည့်စကားလုံး၏ အဓိပ္ပာယ်ကို ရှင်းပြနိုင်သည့် ထိုကိရိယာကို သင်ခန်းစာတစ်ခု၏ အစပိုင်း (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခု၏ အစတွင် ပေးထားလေ့ ရှိပါသည်။ ကျောင်းသားများအား သူတို့သင်ယူရတော့မည်ဖြစ်သည့် အကြောင်းအရာတစ်ခု အတွက် စုစည်းမှုဆိုင်ရာဖွဲ့စည်းပုံကို သိရှိစေရန်နှင့် အကြောင်းအရာကိုရှင်းလင်းစွာ ကွက်ကွက်ကွင်းကွင်း မြင်လာနိုင်စေရန် "ပုံလွှာအကြီးစား" ဖြင့် ပံ့ပိုးထားခြင်းဖြစ်သည်။

၄။ ကြိုတင်ပံ့ပိုးပေးသော ဂရပ်ဖစ်ပုံတစ်ခုက ကျောင်းသားများအား အောက်ပါတို့ လုပ်ဆောင်နိုင်ရန် အထောက်အပံ့ဖြစ်စေသည်။


- ယခင်ရရှိပြီးသား အသိပညာနှင့် အကြောင်းအရာသစ်တို့ကို ဆက်သွယ်ပေးရန်
- အရေးကြီးသောအချက်တို့ကို ဖော်ထုတ်သတ်မှတ်တတ်စေရန်
- အကြောင်းအရာများကို စုစည်းပေးပြီးနောက် အဓိပ္ပာယ်ကောက်ယူတတ်စေရန်
- စိတ်ကူးစိတ်သန်း/အတွေးအမြင်များ တစ်ခုနှင့်တစ်ခုအကြား ဆက်စပ်နေမှုများကို စစ်ဆေး ကြည့်ရှုတတ်ရန် နှင့် နားလည်သဘောပေါက်တတ်စေရန်

၅။ ကြိုတင်ပံ့ပိုးပေးထားသော အချက်အလက်စုစည်းမှုပြ ကိရိယာထဲမှ အမျိုးအစားတစ်ခုမှာ ဂရပ်ဖစ်ပုံများ ဖြစ်ကြသည်ဟုရှင်းပြပါ။


၆။ ပုံ (၂.၁၆) ကိုကြည့်ရန် ကျောင်းသားများကိုညွှန်ကြားပါ။ ဤပုံတွင် ပါဝင်သော ဥပမာများ အားလုံးသည် ဂရပ်ဖစ်ပုံများဖြစ်ကြသည်။

၇။ ဂရပ်ဖစ်ပုံတစ်ခုစီတွင် အချက်အလက်များကို မည်သို့တင်ပြထားသနည်းဟု ကျောင်းသားများကို မေးပါ။


ဗင်းပုံ (Venn diagram)- ဗင်းပုံဂရပ်ဖစ်များက အရာဝတ္ထု/အကြောင်းအရာ နှစ်ခုတို့၌ ရှိသော တူညီမှုနှင့် ခြားနားမှုတို့ကို နှိုင်းယှဉ်တင်ပြသည်။ (ဥပမာ - ပန်းသီးနှင့် လိမ္မော်သီးနှိုင်းယှဉ်ချက်များ)





**သံသရာစက်ဝန်းပြပုံ (cycle diagram)** - ဖြစ်စဉ်တစ်ခု၏ အစပြုနေရာနှင့် အဆုံးသတ်နေရာတို့ကို တိကျစွာသတ်မှတ်ပြထားခြင်းမပြုသည့် ဘဝစက်ဝန်းလည်ပတ်ပုံကို ပြသည်။ သရုပ်ဖော်ပုံ (diagram) တို့၌ဖြစ်စဉ် ၏ အဆင့်အသီးသီးတို့ကို သရုပ်ဖော်ထားသည်။ (ဥပမာ - လိပ်ပြာသံသရာလည်ပုံ)





**အချိန်ပြမျဉ်းကြောင်း(Timeline)** - အချိန်ပြမျဉ်းကြောင်းက သမိုင်းဝင်ထင်ရှားသော အဖြစ်အပျက်များ၏ ဖြစ်ပေါ်တိုးတက်မှုတို့ကို (အလျားလိုက်အစီအစဉ်ဖြင့်) သရုပ်ဖော်ပြနိုင်သည်။ (ဥပမာ - လူမှုကွန်ရက်စကြီများ (Social media platform) ဖြစ်ပေါ်တိုးတက်လာပုံအဆင့်ဆင့်ကို သရုပ်ဖော်ခြင်း)။




**လုပ်ငန်းစဉ် တစ်ခုအတွင်းရှိ အဆင့်အသီးသီးတို့ ဆက်သွယ်မှု ရှေ့နောက် အစီအစဉ်ကို ဖော်ပြသည့်ပုံ (Flow chart) -** ဖြစ်စဉ်တစ်ခုအတွင်းမှ ဖြစ်စဉ် အဆင့်ဆင့်တို့ကို သရုပ်ဖော်ပြထားသည်။ (ဥပမာ-သိပ္ပံနည်းကျနည်း)



**အကြောင်းအရာဆက်သွယ်မှုပြဂရပ်ဖစ်ပုံ (concept map) -** အကြောင်းအရာများ တစ်ခုနှင့် တစ်ခု အကြား ဆက်သွယ်မှုကို ဖြန့်ပြသရုပ်ဖော်သော ဂရပ်ပုံဖြစ်သည်။ (ဥပမာ - ရေနှင့်ဆက်သွယ်နေသော အကြောင်းအရာများ)




၈။ ဤသင်ခန်းစာတွင် ဖရေရာ ၏ပုံစံကို အလေးထားအာရုံစိုက်ကာ လေ့လာရမည်ဖြစ်ကြောင်း ကျောင်းသားများကို ပြောပြပါ။

၉။ ဤစာသင်ချိန်၏ သင်ယူမှုရလဒ်ကို သင်ပုန်းတွင် တင်ပြထားပါ။
ဤစာသင်ချိန် ပြီးဆုံးချိန်တွင် ကျောင်းသားများသည်

- ကျောင်းသားများ၏ (အသိသညာ) အယူအဆခိုင်မာသည့် နားလည်သဘော ပေါက်မှုကို ပံ့ပိုးပေးရာ၌ Frayer သင်ပြမှုပုံစံကို ဘာသာရပ်တိုင်းအတွက် မည်သို့ အသုံးပြုနိုင်ပုံကို ရှင်းပြတတ်မည်။

၁၀။ဖရေရာပုံစံ (Frayer Model) သည် ဂရပ်ဖစ်ပုံတစ်ခုဖြစ်ပြီး Wisconsin တက္ကသိုလ်မှ Dorothy Frayer နှင့် သူမ၏လုပ်ဖော်ကိုင်ဖက်များက ဤပုံစံကို တီထွင်တည်ဆောက်ခဲ့ကြသည်။ ဖရေရာပုံစံတစ်ခုကို အပိုင်း (၄) ပိုင်းခွဲခြားထားကြောင်းကို ကျောင်းသားများကိုပြောပြပါ။

- အဓိပ္ပာယ်သတ်မှတ်ချက် - ကျောင်းသားများက အယူအဆ (စိတ်ကူးစိတ်သန်း) အကြောင်းအရာများကို အဓိပ္ပာယ်သတ်မှတ်ဖော်ပြကြပါသည်။
- မရှိမဖြစ်အရေးပါလှသည့်ဝိသေသလက္ခဏာများ - *ကျောင်းသားများက* အကြောင်းအရာ အယူအဆတစ်ခု၏ အရေးပါသော သွင်ပြင်လက္ခဏာများ

(features) သို့မဟုတ် ဂုဏ်သတ္တိ/ မူလစရိုက်လက္ခဏာများ (attributes) ကို စာရင်းပြုစုကြသည်။

- ဥပမာ/နမူနာများ - ဥပမာ/နမူနာများကို စာရင်းပြုစုဖော်ပြနိုင်ရန် ကျောင်းသား များက အကြောင်းအရာ/အယူအဆတစ်ခု၏ မရှိမဖြစ် အရေးပါသည့် ဝိသေသလက္ခဏာများကို အာရုံစိုက်လေ့လာကြသည်။
- ဆင်တူရိုးမှား ဥပမာများ -ဥပမာ/နမူနာများနှင့် ဆင်တူသောလက္ခဏာများ ရှိသော်လည်း အဆိုပါဥပမာ/နမူနာများ၏ ဝိသေသ လက္ခဏာများနှင့် အတိအကျ မကိုက်ညီသည့် ခြားနားသော အယူအဆ/ အကြောင်းအရာ များကို အာရုံစိုက်လေ့လာသည်။




၁၁။ ပုံ (၂.၁၈) ကိုကြည့်ရန် ကျောင်းသားများကို ညွှန်ကြားပါ။ အောက်ပါတို့ကိုရှင်းပြပါ။

- အင်းဆက်ပိုးမွှားများအကြောင်း ဖော်ပြသော သိပ္ပံသင်ခန်းစာတစ်ခု မသင်ကြားမီ ဆရာက ကျောင်းသားများအား Frayer ပုံစံတစ်ခုကို ကြိုတင်ပုံပိုးထားနိုင်မည်။
- သင်ခန်းစာ သင်ယူနေစဉ်အတွင်း ကျောင်းသားများက ဖရေရာပုံစံ အပိုင်း (၄) ပိုင်းကို ဖြည့်သွင်းရေးသားထားရန် လိုအပ်သည်။

- သင်ခန်းစာပြီးဆုံးသွားသောအခါ ကျောင်းသားများသည် ၎င်းတို့ဖြည့်သွင်းရေးသားထားသော ဖရေရာပုံစံများကို အချင်းချင်းစစ်ဆေး အကဲဖြတ် ကြမည်။ ထိုသို့ပြုရာတွင် ဆရာပေးထားသောစံပြပုံစံ (ဖြည့်ထားပြီးပုံစံ) တစ်ခုနှင့် တိုက်ဆိုင်စစ်ဆေးအကဲဖြတ်ကြမည် ဖြစ်သည်။

၁၂။ လေးစိတ်ပိုင်းအပိုင်းတစ်ခုစီမှ အကြောင်းအရာတစ်ခုစီကိုဆွေးနွေးပါ။

ဥပမာ မဟုတ်သောဥပမာများကို ရှင်းပြရာတွင် ၎င်းဥပမာများသည်လည်း အရေးပါကြောင်းကို ဆရာက အလေးထားရှင်းပြရမည်။ အဘယ်ကြောင့်ဆိုသော် စာသင်ခန်းထဲတွင် ကျောင်းသားများ မှားတတ်သောအမှားများ၊ လွဲမှားနေသော အယူအဆများကို ရှင်းပြနိုင်သောကြောင့်ဖြစ်သည်။ အယူအဆအမှားများ/လွဲမှားနေသော အယူအဆများ(misconception) ဆိုသည်မှာ မှားယွင်းနေသော နားလည်မှုများဖြစ်ကြသည်။ ဥပမာ - "ပင့်ကူသည် အင်းဆက်ပိုးမွှားတစ်ကောင်ဖြစ်သည်" ဆိုသော အယူအဆမှာ လွဲမှားနေသော အယူအဆဖြစ်သည်။

**အယူအဆ/ အင်းဆက်ပိုးမွှား**

**အဓိပ္ပာယ်သတ်မှတ်ချက် (Definition)**

အင်းဆက်ဆိုသည်မှာ ကျောရိုးမရှိသည့် သေးငယ်သော သက်ရှိသတ္တဝါတစ်မျိုးကို ခေါ်ဆိုသည်။ ကျောရိုးမဲ့သတ္တဝါတစ်မျိုး

**အရေးပါသည့် ဝိသေသ လက္ခဏာများ (Essential Character)**

- ခန္ဓာကိုယ်ပြင်ပ၌ရှိသော အရိုးစု (exoskeleton)
- ခန္ဓာကိုယ် အစိတ်အပိုင်း (၃) ခု (ဦးခေါင်း၊ ရင်ဘတ်၊ ဝမ်းဗိုက်)
- ဦးခေါင်း၌ဦးခေါင်းရှိသော ဥမင်မွေးတစ်စုံ (antennae)
- ခြေထောက် ၃ စုံ (၆ ချောင်း)

**ဥပမာ/နမူနာများ (Examples)**

- ပိုးတောင်မာ
- လိပ်ပြာ
- ယင်
- ပုရွက်ဆိတ်
- ပျား
- နံ့ကောင်
- ခြင်



**(Non-example) ဥပမာမဟုတ်သော ဥပမာ၊ ဆင်တူရိုးမှား ဥပမာများ**

- ပင့်ကူ
- သွေးစုပ်မွှား (ကျွတ်)
- ကမျဉ်းနီ (Mite)
- ကင်းမြီးကောက် (Scorpion)

## သင်ယူမှုလုပ်ငန်း (၂)။ ဖရေရာပုံစံတစ်ခုကို ရေးဆွဲပြုစုခြင်း (Developing a Frayer Model)

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် (လုပ်ငန်း-၁၅မိနစ်၊ မျှဝေခြင်း၁၀-မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၆) ဦးကိုတစ်အုပ်စုဖွဲ့ထားသော အုပ်စုများ |

**ရည်ရွယ်ချက်** - ကျောင်းသားများအားသူတို့၏ ကိုယ်ပိုင် ဖရေရာပုံစံများရေးဆွဲတတ်စေရန်

၁။ ကျောင်းသားများအား (၆) ဦးကို တစ်အုပ်စု အဖြစ်အုပ်စုဖွဲ့ကြရန်ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၂) ကို ကြည့်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ ကားချပ်ကြီးဆွဲရန် စာရွက်များ၊ မာကာများနှင့် ဆဋ္ဌမတန်းသင်ရိုးညွှန်းတမ်း စာရွက်စာတမ်းများကို ကျောင်းသားအုပ်စုများထံ ပေးဝေထားပါ။ (သင်ရိုးညွှန်းတမ်း ဆိုင်ရာ စာရွက်စာတမ်းများကို မရရှိနိုင်လျှင် အုပ်စုတစ်ခုစီအား အယူအဆတစ်ခုစီ ပေးထားပါ။ ဘာသာရပ်နယ်ပယ် အသီးသီးမှ အယူအဆများ ဖြစ်စေရမည်။)

၄။ အုပ်စုများကို အောက်ပါအတိုင်းညွှန်ကြားပါ။

- ဆဋ္ဌမတန်း သင်ရိုးညွှန်းတမ်းဘာသာရပ်နယ်ပယ်တစ်ခုမှ ရိုးရှင်းသော အယူအဆတစ်ခုကို ရွေးချယ်ပါ။
- ဖရေရာပုံစံမှ အပိုင်း (၄) ခုကို ဖြည့်သွင်းရေးသားရန်အတွက် သင်တို့၏ နားလည်မှုများကို အသုံးပြုပါ။

၅။ ဖရေရာပုံစံ အတွက် နောက်ထပ် ဥပမာ တစ်ခုအဖြစ် သင်္ချာဘာသာရပ်မှ "ညီမျှခြင်း" အယူအဆကို ပေးထားကြောင်းကျောင်းသားများကို အလေးထား ပြောပြပါ။

၆။ ကျောင်းသားအုပ်စုများကို ဖရေရာ ပုံစံအကြောင်းကို ဆွေးနွေးစေရမည် (သို့မဟုတ်) ပြခန်းလှည့်လည်ကြည့်ရှုသင်ယူမှု တစ်ခုကို ဆရာက ဖန်တီးပေး ပါ။




## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုအားလုံးအတွက် သူတို့ရေးဆွဲထားသော ဖရေရာပုံစံများမျှဝေခွင့် ရပြီးသောအခါ၎င်းတို့အား ကျောင်းသားများ၏အယူအဆရေးရာ နားလည်မှုကို ပံ့ပိုးနိုင်ရန်အတွက် ဖရေရာပုံစံတစ်ခုကို ဘာသာရပ်အသီးသီးတို့တွင် အသုံးပြုနိုင်ကြောင်းကို ရှင်းလင်းပြသည့် စာကြောင်း (၂) ကြောင်း (သို့မဟုတ်) (၃) ကြောင်းကို ရေးစေရမည်။

အဖြေ - မည်သည့်အယူအဆကိုမဆို မည်သည့်ဘာသာရပ်တွင် ဖရေရာပုံစံကို အသုံးပြုနိုင်သည်။ ကျောင်းသားများက အောက်ပါအကြောင်းအရာများကို စေ့စပ်စွာလေ့လာခြင်းအားဖြင့် သူတို့၏ နက်ရှိုင်းသော အယူအဆဆိုင်ရာ နားလည်မှုကို တည်ဆောက်နိုင်လိမ့်မည်။

- ထိုအယူအဆ၏ အလွန်အရေးပါသော အဓိပ္ပာယ်သတ်မှတ်ချက်ဘောင်အတွင်းသို့ အဓိက ကျသော ဝိသေသလက္ခဏာများကို မည်သို့ သယ်ဆောင်လာပုံ

- ဥပမာများတွင် အဓိကကျသော ဝိသေသလက္ခဏာများအားလုံးကို မည်သို့ ပြသနေပုံနှင့်
- ဆင်တူရိုးမှား ဥပမာများသည် အဓိကကျသော ဝိသေသလက္ခဏာများ အားလုံးကို ပြသနိုင်ခြင်းမရှိကြပုံ

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဖရေရာပုံစံ နောက်ထပ်ဥပမာများကို ပညာရေးဒီဂရီကောလိပ် အွန်လိုင်းစာကြည့်တိုက်တွင် ကြည့်ရှုနိုင်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ TCSF မှ ဆီလျော်သော အညွှန်းကိန်းကိုပြန်လည်ဆန်းစစ်ပါ။

(က) (၅.၁.၂) ကျောင်းသားများ၏ အဓိက ဘာသာရပ် ဆိုင်ရာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သော သင်ယူမှုကို အထောက်အပံ့ ပြုနိုင်ရန် တိကျမှန်ကန်ဆီလျော်သော သတင်းအချက်အလက်များ၊ နမူနာများနှင့် လေ့ကျင့်ခန်းများကို သင်ခန်းစာများတွင် ထည့်သွင်းသည်။

၂။ သူတို့၏ကိုယ်ပိုင်အချိန်တွင် ဤအခန်းငယ်အတွက် မေးထားသောမေးခွန်းများကို ပြန်လည် ဆန်းစစ်ကြရန် ကျောင်းသားများကို ညွှန်ကြားပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** ကျောင်းသားဗဟိုပြုသင်ယူမှု၏ သဘောတရားများသည် မည်သည်တို့ ဖြစ်ကြသနည်း။ (ကျောင်းသားဗဟိုပြုသင်ယူမှု သဘောတရားများကို ဖော်ပြပါ။)

**အဖြေ။** *ကျောင်းသားဗဟိုပြုသင်ယူမှုသဘောတရားများမှာ အောက်ပါတို့ဖြစ်ကြသည်။*

- *ကျောင်းသားများသည် ကမ္ဘာလောကအကြောင်းအသိပညာကို သူတို့ အတွေ့ အကြုံ မှတစ်ဆင့် တက်ကြွစွာ (စိတ်ပါလက်ပါ) တည်ဆောက် တတ်ကြ သည်။*
- *ကျောင်းသားများသည် သူတို့ ရရှိထားပြီးဖြစ်သော အသိပညာမှ တစ်ဆင့် ဖြစ်စေ၊ လူအချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်းနှင့် ဆွေးနွေးခြင်း တို့ မှတစ်ဆင့်ဖြစ်စေ သူတို့၏အတွေ့အကြုံကို အနက်အဓိပ္ပာယ်ကောက်ယူ တတ် ကြသည်။*
- *ကျောင်းသားဗဟိုပြုသင်ယူမှုက ကျောင်းသားများ၏စိတ်တွင်းစေ့ဆော်မှုများနှင့် အဓိပ္ပာယ် (အနှစ်သာရ) ပြည့်ဝသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုတို့၏ အရေးပါပုံကို အသိအမှတ်ပြုပေးသည်။*
- *ကျောင်းသားများအား မေးခွန်းများကို စနစ်တကျ မေးမြန်းတတ်စေရန်နှင့် ၎င်းတို့၏ စိတ်ပါဝင်စားရာ ဝါသနာပါလုပ်ငန်းများကို လေ့လာလိုက်စားတတ် စေရန် အားပေးထောက်ခံပံ့ပိုးပေးသည်။ ထို့ပြင် သူတို့နေထိုင်ရာ ပတ်ဝန်းကျင် လောကထဲ၌ အရာရာကို သိလိုစူးစမ်း လိုစိတ်ရှိသည့် သဘာဝအလျောက် သိလိုစိတ်ပြင်းပြမှုကိုလည်း အားပေး ထောက်ခံသည်။*
- *ပြဿနာဖြေရှင်းခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုဖြင့် သင်ယူဆောင်ရွက်ရသော လုပ်ငန်းများ မှတစ်ဆင့် ကျောင်းသားများ၏ လေးနက်စွာ ဝေဖန်စိစစ်တတ်မှု၊ တီထွင် ဖန်တီးတတ်မှုနှင့် ပြောဆိုဆက်သွယ်တတ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။*

- *ဆီလျော်သော ငြိမ်းဆင်ချိတ်ဆက်ပေးမှုများနှင့် တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးပေးခြင်းအားဖြင့် ဆရာများသည် သင်ယူမှုလုပ်ငန်း၏ လမ်းပြသူများ၊ ကူညီလမ်းညွှန်သူများ အဖြစ် အဓိကအားဖြင့် ဆောင်ရွက်ကြသည်။*
- *ကျောင်းသားဗဟိုပြုသင်ယူမှုက လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ ကျွမ်းကျင်မှုများနှင့် မိမိကိုယ်ကို မိမိဝေဖန်သုံးသပ်ဆင်ခြင်ရာ၌ ကျွမ်းကျင်မှုများ ကို တိုးမြှင့်ပေးသည်။*
- *ကျောင်းသားများအား သက်တူရွယ်တူ ကျောင်းသားအချင်းချင်းနှင့် အလုပ် အတူ တွဲ၍ လုပ်ကိုင်တတ်စေရန် နှင့် ပြောဆိုတတ်စေရန် ထောက်ပံ့ကူညီမှု ပြုသည့် ပူးပေါင်းပါဝင် လုပ်ဆောင်ရသော လုပ်ငန်းများတွင်လည်း အချင်းချင်း အကြား ညှိနှိုင်း ဆောင်ရွက်တတ်စေရန် ပံ့ပိုးပေးသည်။*
- *ကျောင်းသားများ၏ကိုယ်တိုင်နားလည်သဘောပေါက်မှုတွင်ဖြစ်ပေါ်လာသော အပြောင်းအလဲများနှင့် သင်ယူမှု ဖြစ်စဉ်အပေါ်ပြန်လည်သုံးသပ်စဉ်းစားတတ် စေမှုအတွက် အခွင့်အလမ်းပံ့ပိုးပေးသည်။*
- *ကျောင်းသားဗဟိုပြုသင်ယူမှု၏ ရည်မှန်းချက်မှာ ကျောင်းသားများအား သိမှုဆိုင်ရာနှင့် အဆင့်မြင့် သိမှုဆိုင်ရာကျွမ်းကျင်မှုများနှင့် ပြည့်စုံစေပြီး ကိုယ်တိုင်လုပ်ပိုင်ခွင့်အပြည့်အဝရှိသည့်/သူတို့၏သင်ယူမှုကိုသူတို့ကိုယ်တိုင် ပိုင်နိုင်ပီပြင်စွာ တာဝန်ယူနိုင်စွမ်းရှိသည့် သင်ယူသူများ ဖြစ်လာစေရန်အတွက် သင်ယူမှုကို ကိုယ်တိုင်စီမံခန့်ခွဲ ဆောင်ရွက်တတ်ပြီး မိမိ၏ အားနည်းချက်၊ အားသားချက်စသည်တို့ကိုကိုယ်တိုင်သတိပြုဆင်ခြင်တတ်သောကျောင်းသား များ အဖြစ် ပြုပြင် ပုံသွင်းပေးရန် ဖြစ်သည်။*

**မေးခွန်း ၂။** ကျောင်းသားဗဟိုပြုချဉ်းကပ်မှုဖြင့် သင်ကြားသင်ယူမှုပြုရာတွင် ဆရာ၏ အခန်းကဏ္ဍနှင့် ကျောင်းသားများ၏အခန်းကဏ္ဍတို့ကို ဖော်ပြပါ။

**အဖြေ။**

- *ဆရာ၏အခန်းကဏ္ဍ*
  - *ဆီလျော်သည့်ငြိမ်းဆင်ချိတ်ဆက်မှုများပံ့ပိုးပေးခြင်းအားဖြင့် ကျောင်းသားများ သင်ယူမှုကို လမ်းပြသူနှင့် ကူညီလမ်းညွှန်သူအဖြစ်ဆောင်ရွက်ရသည်။*
- *ကျောင်းသားများ၏အခန်းကဏ္ဍ*
  - *ကမ္ဘာလောကအကြောင်း အသိပညာကို သူတို့အတွေ့အကြုံမှတစ်ဆင့် တက်ကြွစွာ တည်ဆောက်ယူကြသည်။*
  - *သူတို့ရရှိထားပြီးဖြစ်သည့် အသိပညာမှ တစ်ဆင့်ဖြစ်စေ၊ လူအချင်းချင်း အပြန်အလှန် ဆက်သွယ်ပြောဆိုမှုနှင့် (မေးမြန်း) ဆွေးနွေးမှုတို့မှတစ်ဆင့် ဖြစ်စေ သူတို့၏ အတွေ့အကြုံကို အနက်အဓိပ္ပာယ်ကောက်ယူကြသည်။*
  - *မေးခွန်းများစနစ်တကျ ထုတ်တတ်ပြီး စိတ်ပါဝင်စားရာ ဝါသနာပါလုပ်ငန်းကို လေ့လာလိုက်စားကြသည်။ သူတို့ပတ်ဝန်းကျင်လောကအကြောင်းကို စူးစမ်းလိုစိတ် သဘာဝအလျောက် ပြင်းပြစွာ ဖြစ်ပေါ်ကြသည်။*
  - *စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် လက်တွေ့လုပ်ဆောင်ရသော လုပ်ငန်းများမှတစ်ဆင့်လေးနက်စွာ ဝေဖန်စိစစ်တတ်ခြင်း၊ တီထွင်ဖန်တီးတတ်ခြင်းနှင့် ပြောဆိုဆက်ဆံတတ်ခြင်း ဆိုင်ရာကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။*
  - *ရွယ်တူဖော်ကျောင်းသားအချင်းချင်းနှင့် အတူတွဲ၍ အလုပ်လုပ်ပြီး ပြောဆိုဆွေးနွေးသည်။ ပူးပေါင်းပါဝင်လုပ်ဆောင်ရသော လုပ်ငန်းများတွင် ညှိနှိုင်းဆောင်ရွက်သည်။*

**မေးခွန်း ၃။** သုတေသနစာပေတွင် ထင်ရှားစွာပြသထားသည့် အချက်များနှင့်အညီ ထိရောက်အောင်မြင်သည့် စူးစမ်းလေ့လာမှုအခြေပြုသင်ယူခြင်း၏ ထူးခြားသော လက္ခဏာအချို့တို့မှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ။** *စူစမ်းလေ့လာမှုအခြေပြုသင်ယူခြင်းသည် အောက်ပါအခြေအနေများနှင့် ပြည့်စုံခဲ့လျှင် နက်ရှိုင်းသော /အနှစ်သာရပြည့်ဝသော သင်ယူမှုကို ဖြစ်ပေါ်စေနိုင်သည်။*

- *စူးစမ်းလေ့လာမှု အခြေပြုသင်ယူခြင်းကို အားကောင်းထိမိသော မေးခွန်း တစ်ခု က တွန်းအားပေး၊ လှုံ့ဆော်မှုပြုနိုင်လျှင်*
- *စူးစမ်းလေ့လာမှုအဆင့်တစ်ခုစီ၌ ကျောင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာခဲ့လျှင်/ဆရာကငြမ်းဆင်ချိတ်ဆက် ပံ့ပိုးပေးနိုင်ခဲ့လျှင်*
- *ကျောင်းသားများ၏သင်ယူမှုကို လမ်းညွှန်၊ လမ်းပြရန်အတွက် ဆရာက တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးပေးနိုင်ခဲ့လျှင်*
- *မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှုနှင့် အချင်းချင်း စစ်ဆေးအကဲဖြတ်မှုတို့အတွက် အခွင့်အလမ်းများပံ့ပိုးပေးနိုင်ခဲ့လျှင်*

**မေးခွန်း ၄။** စူးစမ်းလေ့လာမှုအခြေပြု သင်ယူခြင်းပုံစံများ၏ အဆင့်အသီးသီးတို့တွင် ဘုံတူညီသော အချက်များမှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ။** *ဖြစ်ပေါ်တိုးတက်မှုအဆင့်(၅) ဆင့်တစ်လျှောက်လုံးတွင် ကျောင်းသားများသည်*

*(၁) သုတေသနမေးခွန်းများကို တည်ဆောက်ရေးသားပြုစုကြရသည်။ (ကျောင်းသားများ အား စိတ်ပါဝင်စားစွာ အားတက်သရော ပါဝင်ဆောင်ရွက်စေခြင်း အဆင့်/အစပျိုးခြင်းအဆင့်)*
*(၂) သုတေသနပြုဆောင်ရွက်ကြသည် (စူးစမ်းလေ့လာခြင်းအဆင့် / ရှာဖွေတွေ့ရှိခြင်း အဆင့်)*
*(၃) တွေ့ရှိချက်များကို အနက်အဓိပ္ပာယ်ကောက်ယူကြသည် (ရှင်းပြခြင်းအဆင့်/ အမျိုးအစားခွဲခြားခြင်းအဆင့်)*

*(၄) နားလည်သဘောပေါက်မှုနက်ရှိုင်းလာကြသည်။ (အသေးစိတ်ချဲ့ထွင်ခြင်း အဆင့်/ ဆက်လက်ဆောင်ရွက် ခြင်းအဆင့်)*

*(၅) ပြန်လည်သုံးသပ်စဉ်းစားကြသည် (အကဲဖြတ်သုံးသပ်ခြင်းအဆင့်/ ပြန်လည် သုံးသပ်ပြီး ဆောင်ရွက်ခြင်းအဆင့်)*

**မေးခွန်း ၅။** စူးစမ်းလေ့လာမှုတစ်ခု၏ အစပျိုးခြင်းအဆင့်တွင် အသုံးပြုနိုင်သော သင်ကြားမှု သင်ယူမှု နည်းလမ်းများ (သို့မဟုတ်) သင်ကြားသင်ယူမှု လုပ်ငန်းများ အကြောင်းကို အတိုချုပ်/အကြမ်းဖျင်းဖော်ပြပါ။

**အဖြေ။** *အစပျိုးခြင်းအဆင့်တွင် ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံ များနှင့် ဘဝနောက်ခံအကြောင်းအရာများကို သင်ခန်းစာခေါင်းစဉ်ပြဿနာ အသွင်ဆောင် အခက်အခဲ အကြပ်အတည်းများ (သို့မဟုတ်) ဆက်စပ်ပတ်ဝန်းကျင် အခြေအနေများနှင့် မည်သို့ နှီးနွှယ်ဆက်စပ် ချိတ်ဆက်ပေးရမည်ကို ဆရာက စဉ်းစား ကြံဆရန် လိုအပ်သည်။ အချို့အရာဝတ္ထုများ ဥပမာအားဖြင့် ကြီးမားသော ပဲတောင့်ရှည် အစေ့အိမ် (သို့မဟုတ်) ခရုခွံ၊ ကနုကမာခွံ၊ မြွေရေခွံအပိုင်းအစတစ်ခု (သို့မဟုတ်) ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခု (သို့မဟုတ်) ကျောက်ခဲတစ်ခဲ စသည်တို့ကို ကျောင်းသား များ၏ သိလိုစိတ်ကို နှိုးဆွ လှုံ့ဆော်ပေးရန် အတွက်အသုံးပြုနိုင်သည်။ ကျောင်းဝင်း အတွင်း အတန်းထဲမှ ကျောင်းသားများအား လမ်းလျှောက်ထွက်စေခြင်း (သို့မဟုတ်) လေ့လာရေးခရီး တစ်ခု စီစဉ်ပေးခြင်း (သို့မဟုတ်) ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် တွေ့ဆုံ ပေးခြင်းအားဖြင့် ကျောင်းသားများ၏ စိတ်ဝင်စားမှုကို နှိုးဆွပေးနိုင်သည်။*

*အစပျိုးခြင်းအဆင့်ကို ဆောင်ရွက်နေစဉ်အတွင်း ကျောင်းသားများအား သူတို့၏ယခင် က သိရှိပြီး အသိပညာနှင့် လက်ရှိယုံကြည်ချက်၊ ခံယူချက်များကို မျှဝေတတ်စေရန် လည်း ဆရာက ကူညီပံ့ပိုးပေးရန် လိုအပ်သည်။*

*ကျောင်းသားများအား သူတို့၏ယခင်ကသိရှိပြီးအသိပညာနှင့် လက်ရှိယုံကြည်ချက်များ နှင့် မျှဝေနိုင်စေရန်အတွက် အထောက်အပံ့ပြုပေးရာတွင် အောက်ဖော်ပြပါ နည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် ဆောင်ရွက်နိုင်ပါသည်။*

- *တစ်တန်းလုံးဆွေးနွေးခြင်း၊ အုပ်စုလိုက် ဉာဏ်ဖွင့်ဆွေးနွေးခြင်း (စိတ်ဝင်စားမှု ရစေမည့် မေးခွန်းများကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း)၊ ပြင်မ်းဆင်မှုအဖြစ်မေးခွန်း အဆင့်ဆင့်မေးခြင်း (မေးခွန်းများအဆင့်ဆင့်မေး၍ ထောက်ကူချိတ်ဆက်ပေးမှု) (ဥပမာ- ဘယ်သူကလဲ? ဘာကလဲ? ဘယ်မှာလဲ? ဘယ်အခါကလဲ? ဘယ် အချက်ကလဲ? ဘယ်လိုလဲ?)* (ဘ - (၅) လုံး မေးခွန်းများ)
- *ကျောင်းသားတစ်ဦးချင်းစီ၏ KWL ဇယားကွက်များ (ကျောင်းသားတစ်ဦးစီ၏ သိပြီး အချက်များ၊ သိလိုသော အချက်များနှင့် သိနားလည်သွားသော အချက် များကို ဖော်ပြပေးသောဇယားကွက်)*
- *စာသင်ခန်းတွင်းပြသထားသည့် "အံ့ဩဖွယ်ရာ သို့မဟုတ် အပျော်ရေးခြစ်ပန်းချီ ကား" များ ပါဝင်သည့် စာသင်ခန်းနံရံများ (ဆိုလိုသည်မှာ ပန်းချီကားချပ်ထဲ ကရုပ်ပုံများက ကျောင်းသားများ သိထားသောအရာများနှင့် သူတို့သိလိုသော အရာများကို မှတ်တမ်းတင်ထားသည်။)*
- *အယူအဆ၊ အကြောင်းအရာဆက်သွယ်ပုံပြ ဂရပ်ဖစ်များ*
- *ဓာတ်ပုံ အက်ဆေးများပြသခြင်းနှင့် မှတ်တမ်းရေးခြင်း*

*ဤအဆင့်၏ရည်ရွယ်ချက်မှာကျောင်းသားများစူးစမ်းလေ့လာရမည့်အကြောင်းအရာ ကို ထိမိစွာမေးခွန်းထုတ်တတ်စေရန်အတွက်ဖြစ်ကြောင်းကို မှတ်သားထားရမည်။*

**မေးခွန်း ၆။** သင်ခန်းစာတစ်ခုကို ရှင်းလင်းလွယ်ကူသော သင်ကြားမှုပုံစံအသုံးပြု၍ သင်ကြားရာတွင် ပါဝင်နေသော အဆင့်များကို ဖော်ပြပါ။ ဤအဆင့်များက မည်သည့် ရည်ရွယ်ချက်များကို ဆောင်ရွက်ပေးသနည်း။

**အဖြေ။** *ရှင်းလင်းလွယ်ကူသော သင်ကြားနည်း၏အဆင့်သီးသီး၌ ဆရာ၏အခန်းကဏ္ဍ များမှာ အောက်တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။*

- *သင်ခန်းစာကို မိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်းအဆင့်*
  - *ကျောင်းသားများ၏အာရုံစိုက်မှုကို ရရှိစေခြင်း (အာရုံစိုက်လာအောင်ဆွဲဆောင်စည်းရုံးပြောဆိုခြင်း)*
  - *၎င်းတို့၏ ယခင်က သင်ယူခဲ့ပြီးသည်များကို ပြန်လည်ဆန်းစစ်ခြင်း*

- သင်ခန်းစာအတွက်ရည်မှန်းထားသော သင်ယူမှုရလဒ်များနှင့် အောင်မြင်မှု စံများကို ကျောင်းသားများ သိရှိအောင်ပြောပြခြင်း

- ရှင်းလင်းလွယ်ကူသောသင်ကြားခြင်း "ကျွန်ုပ်ဆောင်ရွက်သည်"
  - ကျွမ်းကျင်မှုအသစ်များကို တစ်ဆင့်ပြီးတစ်ဆင့် သရုပ်ပြသင်ကြားပေးသည် (သို့မဟုတ်) အကြောင်းအရာသစ်တစ်ခုကို သင်ကြားရာတွင် စိတ်ကူး စိတ်သန်း၊ အတွေးအခေါ်များကို ရှေ့နောက်အစီအစဉ်အတိုင်း တစ်ခုပေါ် တစ်ခု ထပ်ဆင့်တည်ဆောက်ချိတ်ဆက်ထားသည့်အတိုင်း စီစဉ်တကျ သင်ကြားခြင်း
  - ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

- ဆရာ့လမ်းညွှန်မှုဖြင့် လေ့ကျင့်ခြင်း "ကျွန်ုပ်တို့ဆောင်ရွက်ကြသည်"
  - ကျွမ်းကျင်မှုများကိုပြသရန် ကျောင်းသားများ၏ ကနဦးကြိုးပမ်းမှုတွင် ဖြစ်စေ၊ နားလည်သဘောပေါက်ကြောင်းကို ပြောပြတတ်ရန် ကနဦး ကြိုးပမ်းမှုတွင်ဖြစ်စေ ကျောင်းသားများအား မည်သို့ ပြုရမည်ကို လမ်းညွှန် ခြင်း၊ ညွှန်ပြခြင်း
  - ကျောင်းသားများ၏ဆက်လက်လေ့ကျင့်နေမှုကို စောင့်ကြည့်လေ့လာခြင်း
  - တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးခြင်း လိုအပ်ပါက ကျွမ်းကျင်မှုကို ဖြစ်စေ အကြောင်းအရာကို ဖြစ်စေ ပြန်လည်သင်ကြားပေးခြင်း

- ဆရာ့အထောက်အကူလွတ် လွတ်လပ်စွာကိုယ်တိုင်လေ့ကျင့်ခြင်း - "သင်တို့ဆောင်ရွက်ကြသည်"
  - ကျောင်းသားများက ကျွမ်းကျင်မှုများကို ဆရာ့အထောက်အကူလုံးဝမပါဘဲ ကိုယ်ထူကိုယ်ထ လွတ်လပ်စွာ လေ့ကျင့်ကြသည်။ (သို့မဟုတ်) သိရှိလာရသော အသိပညာကို အခြေအနေသစ်များတွင် လက်တွေ့အသုံးချကြည့်ကြသည်။

- ပြန်လည်သုံးသပ်စဉ်းစားခြင်း
  - ကျောင်းသားများအနေနှင့် သင်ယူမှုရလဒ်များကို တတ်မြောက်ရရှိသွားခြင်း ရှိ/မရှိ နှင့်အောင်မြင်မှုစံများကို ပြည့်မီခြင်း ရှိ/မရှိ ကိုစစ်ဆေးအကဲဖြတ်သည်။

**မေးခွန်း ၇။** သတိမူသိမြင်တတ်လာခြင်း/အာရုံခံတတ်ခြင်း (perception) ဆိုသည်မှာ အဘယ်နည်း။ သတိမူသိမြင်တတ်လာခြင်း ဆိုင်ရာသင်ယူမှု (perceptual learning) ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *သတိမူသိမြင်တတ်လာခြင်း/အာရုံခံခြင်းသည် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်း၏ ရှေးဦးပိုင်း အဆင့်များတွင် ပါဝင်သည်။ အာရုံခံခြင်း၏ ပထမအဆင့်မှာ ကျွန်ုပ်တို့သည်မည်သည့် အချက် အလက်ကို အာရုံစူးစိုက်စဉ်းစားရမည်နည်းဟု ရွေးချယ်ခြင်းဖြစ်သည်။*

*ဤရွေးချယ်မှုက ကျွန်ုပ်တို့ ဦးနှောက်ထဲတွင် တုံ့ပြန်မှုများ တစ်သီတစ်တန်း ဖြစ်ပေါ်စေသည်။ ကျွန်ုပ်တို့က လှုံ့ဆော်မှုများကို အဓိပ္ပာယ်ပြည့်ဝသော ပုံစံများအဖြစ်သို့ စုစည်းလိုက်ကြသည်။ စိတ်ပိုင်းဆိုင်ရာ ကိုယ်စားပြုမှုများ တည်ဆောက်ကြသည်။ ထို့နောက် စိတ်ပိုင်းဆိုင်ရာ ကိုယ်စားပြုမှုများကို စိတ်ပိုင်းဆိုင်ရာအညွှန်းဘောင်များ အသုံးပြု၍ အနက်အဓိပ္ပာယ် ကောက်ယူကြသည်။*

*စိတ်ပိုင်းဆိုင်ရာအညွှန်းဘောင်များအသုံးပြု၍ အနက်အဓိပ္ပာယ်ကောက်ယူကြသည်။*

*သတိမူသိမြင်တတ်ခြင်းဆိုင်ရာ/အာရုံခံသင်ယူမှုက ကျွန်ုပ်တို့၏ အချက်အလက်များကို ရွေးချယ်၍ အနက်အဓိပ္ပာယ်ကောက်ယူတတ်သော အရည်အချင်းကို တိုးတက်ကောင်းမွန်စေသည်။ ဤသင်ယူမှုအမျိုးအစားသည် ခြားနားသော ဆက်စပ်ဝန်းကျင်အမျိုးမျိုးတို့၌ လုပ်ငန်းအမျိုးမျိုးတို့ကို ဆောင်ရွက်ရာမှ ရရှိလာခဲ့သော ကျွန်ုပ်တို့၏ အတွေ့အကြုံများအပေါ် အခြေခံပါသည်။ ဤသင်ယူမှုကအောက်ပါအရည်အချင်းတို့ကို တိုးပွားလာစေသည်။*

- *မည်သည့် အချက်အလက်သစ်များကို သင်ယူရန် သင့်လျော်သည်ဟု ဆုံးဖြတ်နိုင်မှု*
- *အချက်အလက်သစ်များကို အဆင့်ဆင့် ချိတ်ဆက်ဖွဲ့စည်းရာတွင် လျင်မြန်မှုနှင့်ကျွမ်းကျင်မှု*

**မေးခွန်း ၈။** မကျွမ်းကျင်သူများ (ကျောင်းသားများ) က အချက်အလက်သစ်များကို အဆင့်ဆင့်စုစည်း ချိတ်ဆက်မှတ်သားပုံနည်းလမ်းနှင့် သင် (ဆရာ) က အကြောင်းအရာသစ်များ၊ သင်ယူမှုဆိုင်ရာ လုပ်ငန်းများနှင့် ညွှန်ကြားချက်များကို ကျောင်းသားများအား ပံ့ပိုးပေးပုံနည်းလမ်း တို့သည် မည်သို့ခြားနားကြသနည်း။

**အဖြေ။** *မကျွမ်းကျင်သူများ (သို့မဟုတ်) ကျောင်းသားများအနေနှင့် အကြောင်းအရာသစ်တစ်ခုကို ဦးနှောက်တွင်း၌ ချိတ်ဆက်စုစည်းပြီး နားလည်သဘော ပေါက်လာစေရန် အတွက် (အကြောင်းအရာများ၏) ဖွဲ့စည်းတည်ဆောက်မှုနှင့် (ဆရာ၏)လမ်းညွှန်မှုကို လိုအပ်သည်။ စာသင်ခန်းများတွင်း ဆရာများအသုံးပြုတတ်ကြသည့် နည်းစနစ်များထဲ၌ အောက်ပါတို့ ပါဝင်ကြသည်။*

- *ကျောင်းသားများ၏ ရရှိပြီးသားအသိပညာကို ပြန်လည်ရည်ညွှန်းခြင်း*
- *အကြောင်းအရာများကို ရှေ့နောက်စီစဉ်တကျ ပြင်ဆင်ကာ (ဆိုလိုသည်မှာ- လွယ်ရာမှ ခက်ရာသို့၊ ရိုးရှင်းရာမှ ရှုပ်ထွေးရာသို့) ကျိုးကြောင်းဆီလျော်ညီညွတ်စွာ အဆင့်အဆင့် တရွေ့ရွေ့ လေ့လာစေခြင်း၊ ဤအစီအစဉ်တွင် ရှေ့ကသင်ယူခဲ့သော စာအုပ်စာတမ်းပါ အသိပညာပေါ်တွင် မူတည်ကာ နောက်ထပ်အသစ်တို့ကို ထပ်ဆင့်တည်ဆောက်ထားခြင်း*
- *အကြောင်းအရာများကို ကျောင်းသားများအတွက် တစ်ပိုင်တစ်နိုင်အခန်းများ အဖြစ်သို့ စုစည်းပေးခြင်း*
- *အဓိကကျသောအယူအဆ (အသိသညာ) (concept) များကို သိသာထင်ရှားစွာ မီးမောင်းထိုး ဖော်ပြခြင်းနှင့် ခက်ဆစ်အဘိဓာန်(glossaries) များတွင် ရှင်းလင်းလွယ်ကူသော အဓိပ္ပာယ် သတ်မှတ်ချက်များ ပေးထားခြင်း*
- *စိတ်ကူးစိတ်သန်းတစ်ခုနှင့် တစ်ခုအကြား ဆက်စပ်နေမှုကို ပေါ်လွင်အောင် မီးမောင်းထိုး ဖော်ပြခြင်း/အလေးပေးဖော်ပြခြင်း နှင့်*
- *အချက်အလက်တို့ကို ပုံစံအမျိုးမျိုးဖြင့် တင်ပြခြင်း၊ ဥပမာ စာရေးသားတင်ပြခြင်းနှင့် အကြောင်းအရာပြ သရုပ်ဖော်ပုံ (diagram) များသုံး၍ တင်ပြခြင်း*

*ကြိုတင်အဆင့်၌ အချက်အလက်စုစည်းမှုပြ ကိရိယာများ (Advance organisers) နှင့် ဂရပ်ဖစ်ပုံများ က အချက်အလက်မှတ်သားမှု၌ မကျွမ်းကျင်သေးသူများ (ကျောင်းသားများ) အား အချက်အလက်သစ်များ အကြောင်းအရာအသစ်များကို စုစည်းရာ၌ အထောက်အပံ့ပြုပေးသည်။*

**မေးခွန်း ၉**။ ဖရေရာပုံစံ (Frayer Model) တစ်ခုတွင်ပါဝင်သော အစိတ်အပိုင်း (၄) ခု အကြောင်းကို ရှင်းလင်းဖော်ပြပါ။

**အဖြေ** *။ ဖရေရာပုံစံ တစ်ခုကို အစိတ်အပိုင်း (၄) ခု (သို့မဟုတ်) အကန့် (၄) ကန့်ခွဲခြားထား သည်။*

*၁။ အဓိပ္ပာယ်သတ်မှတ်ချက် - ကျောင်းသားများက အယူအဆ (စိတ်ကူးစိတ်သန်း) အကြောင်းအရာများကို အဓိပ္ပာယ်သတ်မှတ်ဖော်ပြကြပါသည်။*

*၂။ မရှိမဖြစ်အရေးပါလှသည့် ဝိသေသလက္ခဏာများ - ကျောင်းသားများက အကြောင်းအရာ အယူအဆတစ်ခု၏ အရေးပါသော သွင်ပြင်လက္ခဏာများ (features) သို့မဟုတ် ဂုဏ်သတ္တိ/ မူလစရိုက်လက္ခဏာများ (attributes) ကို စာရင်းပြုစုကြသည်။*

*၃။ ဥပမာများ/ နမူနာများ - ဥပမာ/နမူနာများကို စာရင်းပြုစုဖော်ပြနိုင်ရန် ကျောင်းသားများက အကြောင်းအရာ/အယူအဆတစ်ခု၏ မရှိမဖြစ် အရေးပါသည့် ဝိသေသလက္ခဏာများကို အာရုံစိုက်လေ့လာကြသည်။*

*၄။ ဆင်တူရိုးမှား ဥပမာများ (Non examples) ဥပမာ/နမူနာများနှင့် ဆင်တူသော လက္ခဏာများ ရှိသော်လည်း အဆိုပါဥပမာ/နမူနာများ၏ ဝိသေသ လက္ခဏာများနှင့် အတိအကျ မကိုက်ညီသည့် ခြားနားသော အယူအဆ/အကြောင်းအရာများကို အာရုံစိုက်လေ့လာသည်။*

# ၂.၃။ ဘဝသက်တမ်းတစ်လျှောက် ဖွံ့ဖြိုးမှု

သင်ယူသူတစ်ဦးစီသည် ထူးခြားချက်တစ်ခုစီရှိသူများဖြစ်သော်လည်း အားလုံးတို့တွင် အချို့သော ဘုံတူညီမှုများရှိကြသည်။ ဤအခန်းငယ်သည် ဘဝသက်တမ်းတစ်လျှောက် ဖွံ့ဖြိုးမှုဆိုင်ရာ ရှုထောင့်ကိုဖော်ပြထားသည်။ အဆိုပါရှုထောင့်က လူတစ်ဦး၏ ဖွံ့ဖြိုးမှုသည် အမိဝမ်းတွင်း ပဋိသန္ဓေနေသည်မှ သေသည်အထိဖြစ်ပေါ်နေသည်ဟု ရှုမြင်သုံးသပ်ပါသည်။ ဤအခန်းငယ်က အလယ်တန်းကျောင်းသား (သင်ယူသူ) များအကြောင်းနှင့် သင်ယူမှုသင်ကြားမှုအပေါ်သူတို့၏ ဖွံ့ဖြိုးမှုက မည်သို့သက်ရောက်နေပုံကို ဖော်ပြထားသည်။ ထိုအချက်ကို ဖော်ပြပြီးနောက် ဉာဏ်ရည် အထွေထွေအကြောင်းကို ဆက်လက်ဖော်ပြထားသည်။ ဉာဏ်ရည်အထွေထွေအကြောင်းကို ပထမနှစ်က မိတ်ဆက်သိရှိခဲ့ပြီးဖြစ်သည်။

ဒုတိယနှစ်တွင် ဉာဏ်ရည်အထွေထွေအကြောင်း ဆက်လက်စိစစ်လေ့လာမည် ဖြစ်သည်။ ဉာဏ်ရည် (၉) မျိုးထဲမှ တစ်မျိုးစီအကြောင်း အကြမ်းဖျင်း ဖော်ပြပြီးနောက် ၎င်းတို့ကို သင်ယူမှု၊ သင်ကြားမှုတွင် မည်ကဲ့သို့ ထည့်သွင်းစဉ်စားနိုင်ကြောင်းကို ဆွေးနွေးမည်ဖြစ်ပါသည်။ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်နှစ်များနှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုနယ်ပယ် (၅) ခုတို့ကို စီစစ် လေ့လာမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုနယ်ပယ် (၅) ခုမှာ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ်တို့ ဖြစ်ကြသည်။ ထိုဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုစီကို အလယ်တန်းကျောင်းစာသင်နှစ်များအတွင်း ထောက်ပံ့ ပေးနိုင်မည့် နည်းလမ်းများကိုလည်း ဖော်ပြထားသည်။

## ၂.၃.၁။ ဖွံ့ဖြိုးမှုနှင့် အလယ်တန်းကျောင်းသား

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကလေးများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝသက်တမ်း တစ်လျှောက်ဖွံ့ဖြိုးမှုတို့ကို နှိုင်းယှဉ်တတ်မည်။
- အလယ်တန်းကျောင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုက သင်ယူမှုအပေါ် မည်သို့ သက်ရောက်စေကြောင်း ရှင်းလင်းပြနိုင်ပြီး သင်ကြားမှုအတွက် သွယ်ဝိုက် အသုံးပြုနိုင်မှုများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- ကလေးများ၏ ဉာဏ်ရည်အထွေထွေနှင့်အညီ သူတို့၏ သင်ယူမှုတွင် ထင်ဟပ် ပေါ်လွင်စွာ ဖော်ပြနိုင်မည့်နည်းလမ်းများကို အတိုချုပ်ဖော်ပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။

(က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာအခြေခံမှုများ၊ အတွေး အခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများအရ အခြေအနေနှင့်ဆက်စပ်သောသင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကိုဖော်ပြသည်။

**အချိန်** - မိနစ်(၅၀) ကြာ စာသင်ချိန် (၄) ချိန်

### သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - ဘဝသက်တမ်းတစ်လျှောက်ဆိုင်ရာ ဖွံ့ဖြိုးမှုအကြောင်း တွေ့ဆုံ မေးမြန်းမှုများကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

သင်ယူမှုလုပ်ငန်း (၂) - အချေအတင်ဆွေးနွေးခြင်း (စကားရည်လုပွဲ/စကားစစ်ထိုး ပွဲကျင်းပခြင်း) -သဘာဝ (သို့မဟုတ်) ပြုစုပျိုးထောင်မှု၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (သို့မဟုတ်) အချိန်ခြား၍ ဖွံ့ဖြိုးမှု၊ တစ်ပွဲတိုး/တစ်ကြိမ်တည်း ဖွံ့ဖြိုးစေမှု (သို့မဟုတ်) ကြိမ်ဖန်များစွာ ဖွံ့ဖြိုးစေမှု

သင်ယူမှုလုပ်ငန်း (၃) - ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှုအဆင့်များကို သရုပ်ဆောင်ခြင်း

သင်ယူမှုလုပ်ငန်း (၄) - အလယ်တန်းကျောင်းသားများကို သင်ကြားရာ၌ ဖွံ့ဖြိုးမှုဆိုင်ရာ သွယ်ဝိုက် အသုံးပြုနိုင်မှုများကို ခွဲခြားသတ်မှတ်ဖော်ထုတ်ခြင်း

သင်ယူမှုလုပ်ငန်း (၅) - မိမိ၏ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အလယ်တန်းကျောင်းနေစဉ် နှစ်များအကြောင်း ပြန်လည်သုံးသပ်မှု အကြောင်းအရာဆက်သွယ်ပြပုံ

သင်ယူမှုလုပ်ငန်း (၆) - စာသင်ခန်းတွင်း၌ ဉာဏ်ရည်အထွေထွေကို အသုံးပြုခြင်း

သင်ယူမှုလုပ်ငန်း (၇) - ကမ္ဘာတစ်ဝန်းလုံးကအသုံးပြုနိုင်သော သင်ယူမှုပုံစံနှင့် ဉာဏ်ရည်အထွေထွေ သဘောတရားတို့မှတစ်ဆင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို ပြသနိုင်သည့် နည်းလမ်းများကို စားပွဲဝိုင်း ဉာဏ်ဖွင့်ဆွေးနွေးနည်းသုံး၍ ရှာဖွေခြင်း

သင်ယူမှုလုပ်ငန်း (၈) - ကမ္ဘာတစ်ဝန်းလုံးကအသုံးပြုနိုင်သော သင်ယူမှုပုံစံတစ်ခုကို ပုံဖော်တည်ဆောက်ခြင်း လုပ်ငန်း (Designing a Universal Design for Learning - UDL)



**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - အုပ်စုလိုက်ဆွေးနွေးခြင်း၊ အတန်းလိုက်ဆွေးနွေးခြင်း၊ သင်ယူမှုလုပ်ငန်းအမျိုးမျိုးတို့မှတစ်ဆင့် ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း



**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားကိုင်စာအုပ်ပါ အခန်းငယ် (၂.၃) ဘဝသက်တမ်း တစ်လျှောက် ဖွံ့ဖြိုးမှုကိုဖတ်ပါ။ သင်ယူမှုလုပ်ငန်း (၂) အတွက် ဇယား (၂.၁၁) လိုအပ်ပါသည်။ ပိုစတာ စာရွက်တွင်ရေး၍ သင်ပုန်းတွင်ကပ်ပါ။ သို့မဟုတ် Powerpoint slide ဖြင့် ပြသနိုင်သည်။

**ဇယား ၂.၁၁။ ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှု**

| အဆင့် | အသက်အရွယ် |
|---|---|
| အမိဝမ်းမှမကျွတ်မီ (မမွေးဖွားမီ) | ပဋိသန္ဓေတည်သည်မှ မွေးဖွားလာသည်အထိ |
| မွေးကင်းစနှင့် လမ်းလျှောက်တတ်ခါစ | မွေးကင်းစမှသည် အသက် (၁) နှစ် (၂) နှစ်ထိ |
| ရှေးဦးအရွယ်ကလေးသူငယ် | အသက် (၂) နှစ်မှ (၆) နှစ်ထိ |
| အလယ်အလတ်ပိုင်း ကလေးသူငယ် (မူလတန်းအရွယ်) | အသက် (၆) နှစ်မှ (၁၁) နှစ်ထိ |
| ဆယ်ကျော်သက်/ပျိုဖော်ဝင်အရွယ် | အသက် (၁၁) နှစ်မှ (၁၈) နှစ် သို့မဟုတ် (၂၀) နှစ် ထိ |
| လူငယ် | အသက် (၁၈) နှစ်မှ (၄၀) ထိ |
| လူရွယ်/လူလတ် | အသက် (၄၀) မှ (၆၅) နှစ်ထိ |
| သက်ကြီးရွယ်အို | အသက် (၆၅) နှစ်နှင့် အထက်မှ သေဆုံးသည်ထိ |

**လိုအပ်သောရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - ကျောင်းသားကိုင်စာအုပ်တွင် ရှိသော ဇယား (၂.၁၀) ဘဝသက်တမ်းတစ်လျှောက် ဖွံ့ဖြိုးမှုဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းများ၏ အနှစ်ချုပ်ဖော်ပြချက်

သင်ယူမှုလုပ်ငန်း (၂) - ပိုစတာရေးဆွဲရန် စာရွက်ချပ်ကြီး (၆) ချပ်၊ တစ်ချပ်စီကို အောက်ပါခေါင်းစဉ်များ တပ်ထားရမည်။

- သဘာဝအလျောက် ဖွံ့ဖြိုးမှု
- ပြုစုပျိုးထောင်မှုဖြင့်ဖွံ့ဖြိုးမှု
- စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု
- အချိန်ခြား၍ ဖွံ့ဖြိုးမှု
- တစ်ပွဲတိုး/တစ်ကြိမ်တည်းနှင့်ဖွံ့ဖြိုးမှု
- ကြိမ်ဖန်များစွာဖွံ့ဖြိုးမှု
- အရောင်စုံမာကာများ၊ တိပ်ကြိုး

သင်ယူမှုလုပ်ငန်း (၃) - A4အရွယ်အစားစာရွက် (၈) ရွက်၊ တစ်ရွက်စီ၌ ဘဝသက်တမ်းတစ်လျှောက် ဖွံ့ဖြိုးမှုအဆင့်များကို ရေးထားရမည်။

- အမိဝမ်းမှ မကျွတ်မီ သန္ဓေသားဘဝ
- မွေးကင်းစနှင့် လမ်းလျှောက်တတ်ခါစဘဝ
- ရှေးဦးအရွယ်ကလေးသူငယ်ဘဝ
- အလယ်အလတ်ပိုင်းကလေးသူငယ်ဘဝ (မူလတန်းအရွယ်)
- ပျိုဖော်ဝင်ရွယ် ဘဝ/ဆယ်ကျော်သက်ဘဝ
- လူငယ်ဘဝ
- လူရွယ်/လူလတ်ဘဝ
- သက်ကြီးရွယ်အိုဘဝ

ပစ္စည်းအသုံးအဆောင်များ - ရရှိနိုင်သည့် မည်သည့် ပစ္စည်းမဆို အသုံးပြုနိုင်သည်။ (ဥပမာ-ကလေးကစားစရာများ၊ ပန်းချီဆွဲရာ၌သုံးသောပစ္စည်းများ၊ အဝတ် အထည်များ၊ အိမ်သုံးပစ္စည်းများ၊ အစရှိသည်တို့)

သင်ယူမှုလုပ်ငန်း (၄) - ဇယား (၂.၁၄) သင်ကြားမှုနှင့် အလယ်တန်းကျောင်းသား (ကျောင်းသားကိုင် စာအုပ်မှ)

သင်ယူမှုလုပ်ငန်း (၅) - ကျောင်းသားကိုင်စာအုပ်မှ ပုံ (၂.၂၂) ကျွန်ုပ်၏ အလယ်တန်း ကျောင်းနေစဉ် နှစ်ကာလများ အကြောင်းကို သရုပ်ဖော်သည့် အကြောင်းအရာ ဆက်သွယ်မှုပြပုံ

ပုံကြီးချဲ့ထားသော ပုံ (၂.၂၂) ပါဝင်သည့် စာရွက်ချပ်ကြီး ရောင်စုံမာကာများ (coloured markers)

သင်ယူမှုလုပ်ငန်း (၆) - ကျောင်းသားကိုင်စာအုပ်မှ ဇယား (၂.၁၈) စာသင်ခန်းတွင်းမှ ဉာဏ်ရည် အထွေထွေ

သင်ယူမှုလုပ်ငန်း (၇) - ကျောင်းသား (၅) ဦးစီဖြင့် ဖွဲ့စည်းထားသော အုပ်စုတစ်စုစီအတွက် စာရွက်ချပ်ကြီးတစ်ချပ်စီ (၅) ဦး အုပ်စု တစ်ခုလျှင် ရောင်စုံမင်တံ (coloured marker) တစ်ချောင်းစီ

သင်ယူမှုလုပ်ငန်း (၈) - (၅) ဦးအုပ်စုတစ်ခုစီ အတွက် ပိုစတာ ရေးဆွဲရန် စာရွက်ချပ်ကြီးတစ်ချပ်စီ၊ အုပ်စုတစ်ခုစီအတွက် ရောင်စုံမာကာများ၊ တိပ်ကြိုး

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပထမနှစ်သင်တန်းတွင် သင်တို့အား ကလေးများဖွံ့ဖြိုးတိုးတက်မှုဟူသော ဝေါဟာရနှင့် မိတ်ဆက်ပေးခဲ့သည်။ "ကလေးများဖွံ့ဖြိုးတိုးတက်မှု" ဆိုသည့် ဝေါဟာရကို ကလေးများ ဘဝတစ်လျှောက် ကြီးထွားမှုနှင့် ပြောင်းလဲမှုဖြစ်စဉ်ဟု အဓိပ္ပာယ်သတ်မှတ်ပေးပါသည်။ သူတို့ကြီးပြင်းလာရာ ဘဝတစ်လျှောက်တွင် ကလေးများသည် ကျွမ်းကျင်မှုအသစ်များကို သင်ယူခြင်း၊ စွမ်းရည်အမျိုးမျိုးတို့ ဖွံ့ဖြိုးလာစေခြင်းနှင့် သူတို့၏ တွေးခေါ်မှုနှင့် ဘာသာစကားသင်ယူမှုတို့ကို ပိုမိုတိုးချဲ့ခြင်းတို့ ပြုကြသည်။

၂။ ကလေးဖွံ့ဖြိုးမှုသည် နယ်ပယ်အသီးသီးတွင် ဖြစ်ပေါ်/ပေါ်ပေါက်သည်။

- အသိဉာဏ်ဆိုင်ရာ (သို့မဟုတ်) သိမှုဆိုင်ရာဖွံ့ဖြိုးမှုနယ်ပယ် - ဤနယ်ပယ်တွင်ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှုလည်း ပါဝင်သည်။
- ကာယဖွံ့ဖြိုးမှု
- ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု
- စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှု

၃။ ပထမနှစ်သင်တန်းတွင် "ဘက်စုံပြည့်ဝသော ကလေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာချဉ်းကပ်မှု" (Whole Child approach) အကြောင်းကိုလည်းမိတ်ဆက်ပေးခဲ့သည်။ ဤချဉ်းကပ်မှုတွင် ဖွံ့ဖြိုးမှုနယ်ပယ်အားလုံးတို့ပေါင်းစပ်လွှမ်းတင်ရောယှက်မွေးထုတ်ကာ ကလေးများကို တီထွင်ဖန်တီး တတ်မှု၌ ကျွမ်းကျင်သည့် နိုင်ငံသားကောင်းများအဖြစ် မွေးထုတ်ကာ ရပ်ရွာလူထုအကျိုးတို့ပါဝင် သယ်ပိုး

ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ထားသည်။

၄။ ဤမေးခွန်းများ ၏အဖြေကိုရှာရန်စဉ်းစားပါ။

- လူတစ်ဦးအရွယ်ရောက်လာသည့်အခါ ခန္ဓာကိုယ်ပြောင်းလဲမှုရပ်တန့်သွားပါသလား။
- ကျွန်ုပ်တို့၏တွေးခေါ်စဉ်းစားခြင်းဖြစ်စဉ်များသည် ကျွန်ုပ်တို့ဘဝတစ်လျှောက်လုံး၌ အစဉ်အမြဲတူညီမှုရှိပါသလား။
- လူတို့အနေနှင့် ၎င်းတို့ အသက် (၂၀) ဝန်းကျင်အရွယ်က အခြားသူများနှင့် ပြောဆိုဆက်ဆံခဲ့သည့် နည်းတူ အသက် (၅၀) အရွယ်၊ (၆၀) အရွယ်တို့တွင်လည်း ပြောဆိုဆက်ဆံမှုနှင့် ပေါင်းသင်းဆက်ဆံမှုတို့သည် မပြောင်းလဲဘဲ ရှိပါသလား။
- ကလေးတစ်ဦးအရွယ်ရောက်ကြီးပြင်းလာသည့်အခါ ဖွံ့ဖြိုးမှုနှင့် ကြီးထွားမှုရပ်တန့်သွားပါသလား။

## သင်ယူမှုလုပ်ငန်း (၁)။ ဘဝသက်တမ်းတစ်လျှောက်ဆိုင်ရာ ဖွံ့ဖြိုးမှုအကြောင်း တွေ့ဆုံ မေးမြန်းမှုများကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၄) ဦးစီပါဝင်သောအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဖွံ့ဖြိုးမှုသည် ကလေးများနှင့်သက်ဆိုင်သောဖွံ့ဖြိုးမှုဖြစ်စဉ် (သို့မဟုတ်) ဘဝတစ်သက်တာ ဖွံ့ဖြိုးမှုဖြစ်စဉ်တစ်ခုဖြစ်သည်ကို ဆွေးနွေးတတ်လာစေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၄) ဦးစီ ပါဝင်ဖွဲ့စည်းထားသည့် အုပ်စုငယ်များ အဖြစ်သို့ခွဲခြားပါ။ တွေ့ဆုံမေးမြန်းမှု (၂) ခု ဖြစ်သည့် ဦးကျော်ကျော် အသက် (၆၂) နှစ်အရွယ်နှင့် တွေ့ဆုံမေးမြန်းမှု၊ ဒေါ်သူဇာစော (အသက် ၆၀ နှစ်) နှင့် တွေ့ဆုံမေးမြန်းမှု (၂) ခု တို့ကို ဖတ်ရှုလေ့လာ ကြည့်ရန် ကျောင်းသားများအား ညွှန်ကြားပါ။

(သို့မဟုတ်)

ကျောင်းသားများတွေ့ဆုံမေးမြန်းခဲ့ဖူးသော အသက် (၅၀) နှင့် (၆၀) ကြား

(သို့မဟုတ်) အသက် (၆၀) နှင့် (၇၀) အကြား လူကြီးများ နှင့် တွေ့ဆုံမေးမြန်းမှုများ ထိုအုပ်စုတစ်စုစီအတွင်း၌ ဆွေးနွေးရန်ညွှန်ကြားပါ။

၂။ သူတို့ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုတို့ကို အခြေခံပြီး ဇယား (၂.၁၀) (ကျောင်းသားကိုင်စာအုပ်မှ) တွင်ပါဝင်သောဘဝသက်တမ်း တစ်လျှောက် (ဖွံ့ဖြိုးမှု) တွေ့ဆုံ မေးမြန်းခြင်းများ၏ အနှစ်ချုပ်မှ မေးခွန်းများကို ဖြေဆိုစေရမည်။

၃။ အတန်းကို မူလပုံစံ အတိုင်း ပြန်လည်ဖွဲ့စည်းပေးပြီး ဤမေးခွန်းများကို ဆွေးနွေးစေရမည်။မေးခွန်းများကိုတစ်ခုပြီးတစ်ခု အစဉ်လိုက်ဖတ်ပြီး ကျောင်းသား အုပ်စုများအား သူတို့ရရှိထားသည့် အဖြေများကို အတန်းနှင့်မျှဝေရန်ပြောပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသားလုပ်ငန်းကို ပြန်လည်ဆန်းစစ် ခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးကွဲပြားကြလိမ့်မည်။ သို့ရာတွင် အဖြေများတွင် အောက်ပါအချက်အလက်များကို ဖော်ပြထားသင့်သည်။

- လူတစ်ဦးအရွယ်ရောက်လာသည့်အခါ ကိုယ်ခန္ဓာကြီးထွားမှုရပ်တန့်သွားခြင်း မရှိပါ။ သို့ရာတွင် အသက်အရွယ်ကြီး ရင့်အိုမင်းလာသောအခါ၌ ကိုယ်ခန္ဓာသည် အားအင်ယုတ်လျော့လာသည်။
- ကျွန်ုပ်တို့၏ တွေးခေါ်စဉ်းစားမှုဖြစ်စဉ်များသည် ပြောင်းလဲမှုရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အလုပ်ခွင်တွင်ဖြစ်စေ၊ အိမ်မှ မိသားစု အသိုက်အဝန်း ဝန်းကျင်တွင်ဖြစ်စေ၊ အများနှင့် သဟဇာတ ဖြစ်အောင် ညှိနှိုင်း ပြုပြင်ယူရာတွင် ယေဘုယျအားဖြင့် ပိုမို ငြိမ်းချမ်းသော နည်းလမ်းများကို အသုံးပြု၍ ဖြေရှင်းတတ်ရန် သင်ယူကြ ရသောကြောင့်ဖြစ်သည်။
- လူတို့အသက်အရွယ် အိုမင်းရင့်ရော်လာသည့်အခါ သူတစ်ပါးတို့နှင့် ပေါင်းသင်း

ဆက်ဆံရာတွင် ပိုမို ချောမွေ့ပြေပြစ်မှု ရှိစေရန်ကြိုးပမ်းဆောင်ရွက်တတ်ကြသည်။

- ဖွံ့ဖြိုးမှုနှင့် ကြီးထွားမှုတို့သည် လူ့ဘဝ သက်တမ်းတစ်လျှောက်လုံး ဆက်လက်ဖြစ်ပေါ် ကြသည်။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်မှု (အယူအဆ/သဘောတရား) တွင် သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့သည် လူတို့ဘဝသက်တမ်း တစ်လျှောက်လုံး ဟု ဆိုအပ်သည်။ မွေးဖွားမလာမီ ပဋိသန္ဓေနေစဉ်နှင့် မွေးကင်းစကလေးငယ် အရွယ်မှသည် အသက်အရွယ်ကြီးရင့်အိုမင်းလာပြီး သေဆုံးသည်ထိ တိုင်အောင်ပင် စဉ်ဆက်တိုက် ဖြစ်ပေါ်နေကြသည်ဟု ဆိုပါသည်။

၂။ လူ့ဘဝသက်တမ်းတစ်လျှောက်လုံးဖွံ့ဖြိုးမှုအယူအဆသည် ဖွံ့ဖြိုးမှုဆိုင်ရာ သိပ္ပံပညာ၏ ပညာရပ်နယ်ပယ်မှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှုဆိုင်ရာ သိပ္ပံပညာရပ်နယ်ပယ်သည် စိတ်ပညာ လူမှုဆက်ဆံရေးဘာသာရပ်၊ မနုဿဗေဒ၊ ဇီဝဗေဒ နှင့် အာရုံကြောဆိုင်ရာ သိပ္ပံပညာ စသည့် ပညာရပ်အမျိုးမျိုးတို့ ဘက်စုံ ပါဝင်ပေါင်းစပ်ထားကာ လူတို့ဘဝသက်တမ်းတစ်လျှောက် ဖြစ်ပေါ်နေသည့် ပြောင်းလဲမှုများ၊ မပြောင်းလဲဘဲ တစ်သမတ်တည်းရှိနေမှုများ တို့ကိုနားလည်စေရန် လေ့လာသောပညာရပ်တစ်ခုဖြစ်သည်။

၃။ ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှု အယူအဆအရ လူတို့၏ဖွံ့ဖြိုးမှုတွင် နယ်ပယ် အမျိုးမျိုးတို့၌ ကြီးထွားမှုနှင့် ပြောင်းလဲမှုတို့ ပါဝင်ကြသည်။ ကြီးထွားမှုနှင့် ပြောင်းလဲမှုတို့သည် ဉာဏ်ရည်/သိမှုဆိုင်ရာနယ်ပယ်၊ ပေါင်းသင်းဆက်ဆံရေး

နယ်ပယ်၊ စိတ်ခံစားမှုနယ်ပယ်နှင့် ကိုယ်ကာယ ဖွံ့ဖြိုးမှုနယ်ပယ် စသည်တို့တွင် ပေါ်ပေါက်လာကြသည်။

၄။ ဖွံ့ဖြိုးမှုဆိုင်ရာ သိပ္ပံပညာတွင် အဓိကကျသော အငြင်းပွားဖွယ် အယူအဆ/ယုံကြည်ချက် (၃) ခု (သို့မဟုတ်) ပြဿနာ (issues) (၃) ခုရှိသည်။ ၎င်းတို့မှာ လူတို့ဖွံ့ဖြိုးမှုတွင် အရေးပါသော အချက်ကို စဉ်းစားယူဆခြင်းဖြစ်သည်။

**သဘာဝ (သို့မဟုတ်) ပြုစုပျိုးထောင်မှု (Nature or nurture)**

- သဘာဝ (nature) သည် ဖွံ့ဖြိုးမှုအတွက် အဓိကကူညီသည်ဟူသော ယုံကြည်ချက်အရ သင်၏ (လူတို့၏) ဖွံ့ဖြိုးမှုကို သင်၏ ဇီဝဗေဒဆိုင်ရာ မျိုးရိုးဗီဇ (biological heredity) ကကြိုတင်သတ်မှတ်ပေးထားသည်။ ဥပမာအားဖြင့် သင်၏ ဉာဏ်ရည်၊ သဘာဝ စကားစွမ်းရည်နှင့် စိုးရိမ်ကြောင့်ကြမှု စသည်တို့သည် သင်၏ မျိုးရိုးဗီဇတွင် ပါဝင်လာပြီး ဖြစ်သည်။
- ပြုစုပျိုးထောင်မှု/ပြုပြင်ပေးမှု (nurture) သည် လူတို့ဖွံ့ဖြိုးမှုအတွက် အဓိကကျသည် ဆိုသော ယုံကြည်ချက်အရ လူတို့၏ဖွံ့ဖြိုးမှုသည် ရုပ်ပိုင်းဆိုင်ရာလောက (physical world) နှင့် လူမှုဆက်ဆံရေးလောက (social world) တို့မှ လွှမ်းမိုးမှုများ ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် မနှစ်သက်ဖွယ် (အနိဋ္ဌာရုံ) အတွေ့အကြုံများ (သို့မဟုတ်) နှစ်သက်ဖွယ် အတွေ့အကြုံများက လူတို့အပေါ်၌ လူ့ဘဝတစ်လျှောက်လုံးတွင် ရှည်ကြာစွာ သက်ရောက်မှု ရှိနိုင်သည်။

**စဉ်ဆက်မပြတ် (သို့မဟုတ်) အချိန်ခြား၍ ဖွံ့ဖြိုးမှု (Continuous or discontinuous)**

- စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော ဖွံ့ဖြိုးမှု အယူအဆသည် ကလေးတို့၌ မွေးရာပါအရည်အချင်းများ တစ်ပါတည်း ပါရှိလာသည်ဆိုသည့် စိတ်ကူး/အတွေးအခေါ်/အယူအဆပေါ်တွင် အခြေခံသည်။ ထိုအယူအဆအရ ကလေးတို့သည် ဘဝတွင်လိုအပ်မည့် ကျွမ်းကျင်မှုများဖြစ်ကြသည့်သိမှုဆိုင်ရာ၊ ကာယဖွံ့ဖြိုးမှုဆိုင်ရာ၊ ပေါင်းသင်းဆက်ဆံမှုဆိုင်ရာနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ကျွမ်းကျင်မှု များနှင့် အတူတကွမွေးဖွားလာကြသည်။
- ကလေးတို့ တဖြည်းဖြည်းကြီးပြင်းဖွံ့ဖြိုးလာသောအခါ၌ ထိုကျွမ်းကျင်မှုများကို မူလကထက် တဖြည်းဖြည်း ပိုမိုရင့်ကျက်လာစေကာ ပိုမိုထက်မြက်အောင် မွမ်းမံလာနိုင်ကြသည်။

- **အချိန်ခြား၍ ဖွံ့ဖြိုးမှု (discontinuous)** - ထိုအယူအဆအရ ဖွံ့ဖြိုးမှုသည် အဆင့်လိုက်ဖြစ်ပေါ်သည်ဟု ဆိုပါသည်။ ဤရှုထောင့်အရ ကလေးဘဝနှင့် လူကြီးဘဝတို့၌ စဉ်းစားတွေးခေါ်ပုံ၊ စိတ်လှုပ်ရှားခံစားပုံနှင့် ပြုမူဆောင်ရွက်ပုံတို့သည် များစွာခြားနားကြသည်။ ကလေးတို့၏ တွေးခေါ်ပုံနှင့် လူကြီးတို့၏ တွေးခေါ်ပုံ၊ ပြုမူဆောင်ရွက်ပုံတို့သည် အလွန်ကွာခြားကြပါသည်။ ကလေးတစ်ဦးသည် လူကြီးဘဝအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ရရှိလာစေရန်အတွက် အထူးသတ်မှတ်ချက်နှင့် အချိန်အပိုင်းအခြား အလိုက် သတ်မှတ်ချက်တို့ ပါဝင်သော အဆင့်အသီးသီးတို့ကို စဉ်တိုက်ဖြတ်ကျော်ကာ လူကြီးဘဝသို့ကူးပြောင်းလာရသည်။

**တစ်ပွဲတိုး/တစ်ကြိမ်တည်းသာ ဖြစ်ပေါ်မှု (သို့မဟုတ်) ကြိမ်ဖန်များစွာ ဖြစ်ပေါ်မှု (one course or many)**

- **တစ်ပွဲတိုး/တစ်ကြိမ်တည်းသာ ဖြစ်ပေါ်မှု** အယူအဆအရ လူတို့၏ဖွံ့ဖြိုးမှုသည် လူအားလုံးအတွက် တစ်ကြိမ်တည်း၌ အပြည့်အစုံ ပါဝင်လာပြီးဖြစ်သောဖြစ်စဉ် (consequence) ဖြစ်သည်။ (မွေးရာပါဗီဇ အတိုင်းဖြစ်သည်။ ပြောင်းလဲခြင်းမရှိဘဲ တစ်သမတ်တည်း ဖြစ်ပေါ်နေသော အစဉ်တစ်ခု)
- **ကြိမ်ဖန်များစွာ ဖြစ်ပေါ်မှု** အယူအဆအရ လူတို့၏ဖွံ့ဖြိုးမှုသည် ဖြစ်နိုင်ခြေရှိသော ဖြစ်ပျက်မှုများ အစဉ်တစ်ခုထဲတွင် အကြိမ်ကြိမ်ပေါ်ပေါက်လာနိုင်သည်။ ဤယုံကြည်ချက်အတွေးအခေါ်သည် လူတို့၌သူတို့ဘဝတစ်လျှောက်တွင် အခြေအနေ အမျိုးမျိုးနှင့် အတွေ့အကြုံ အမျိုးမျိုးတို့ ရှိကြပြီး ၎င်းတို့က လူတို့၏ ဉာဏ်ရည်/ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး/လူမှုဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့အပေါ် ဩဇာသက်ရောက်နေကြသည်ဟု ယုံကြည်ထားသော အယူအဆဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ အချေအတင်ဆွေးနွေးခြင်း (စကားရည်လုပွဲ/စကားစစ်ထိုးပွဲကျင်းပခြင်း) - သဘာဝ (သို့မဟုတ်) ပြုစုပျိုးထောင်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (သို့မဟုတ်) အချိန်ခြား၍ ဖွံ့ဖြိုးမှု၊ တစ်ပွဲတိုး/တစ်ကြိမ်တည်း ဖွံ့ဖြိုးစေမှု (သို့မဟုတ်) ကြိမ်ဖန်များစွာ ဖွံ့ဖြိုးစေမှု

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စု (၆) ခု |

**ရည်ရွယ်ချက်** - ဖွံ့ဖြိုးမှုဆိုင်ရာ အမြင်များနှင့် ပတ်သက်၍ ကျောင်းသားများ၏ နားလည်မှုကို ပိုမို နက်ရှိုင်းစေရန်

၁။ အတန်းကို အုပ်စု (၆) ခုအဖြစ် ခွဲခြားပါ။ အုပ်စုတစ်ခုစီအား ပိုစတာရေးဆွဲရန် စာရွက်လွတ်တစ်ချပ်၊ မင်တံများတို့ကို ပေးထားပါ။ အုပ်စုတစ်ခုစီကို အောက်ဖော်ပြပါ ဖွံ့ဖြိုးမှု ဆိုင်ရာရှုထောင့် တစ်ခုစီအတွက် ပိုစတာရေးဆွဲ စေရမည်။

- သဘာဝအလျောက်ဖွံ့ဖြိုးမှု
- ပြုစုပျိုးထောင်မှုဖြင့်ဖွံ့ဖြိုးမှု
- စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု
- အချိန်ခြား၍ဖွံ့ဖြိုးမှု
- တစ်ပွဲတိုး/တစ်ကြိမ်တည်းနှင့် ဖွံ့ဖြိုးမှု
- ကြိမ်ဖန်များစွာ ဖွံ့ဖြိုးမှု

၂။ ကျောင်းသားများအား သူတို့၏ မှတ်စုများ ကိုပြန်လည်သုံးသပ်ခြင်း၊ မိမိတို့ကျရာရှုထောင့်ကို သုတေသနပြုခြင်း၊ မိမိတို့၏ ရှုထောင့်သည် အဘယ်ကြောင့် မှန်ကန်သည်ဟု ယူဆနိုင်ကြောင်း အဓိကကျသည့် အချက်အလက်များကို ပိုစတာတွင်ရေးသားခြင်းတို့ပြုကြရန် ဆရာကညွှန်ကြားပါ။ ထိုလုပ်ငန်းများပြီးဆုံးသည့်အခါ စာသင်ခန်း နံရံများပေါ်တွင်ပိုစတာများကို တပ်၍ ပြသစေရမည်။ ပိုစတာများကို ခင်းကျင်းပြသရာတွင် သဘာဝအလျောက်ဖွံ့ဖြိုးမှုကို အလေးပေးသော ပိုစတာများကို ဘေးချင်းယှဉ်၍ ပြသစေရမည်။ ထိုနည်းတူပင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို ထောက်ခံသော ပိုစတာနှင့် အချိန်ခြား၍ ဖြစ်ပေါ်သော ဖွံ့ဖြိုးမှုကို ထောက်ခံသော ပိုစတာများကိုလည်းကောင်း၊ တစ်ကြိမ်တည်း ဖွံ့ဖြိုးမှုနှင့် ကြိမ်ဖန် များစွာ ဖွံ့ဖြိုးမှုတို့အတွက် ပိုစတာများကိုလည်းကောင်း ဘေးချင်းယှဉ်တွဲကာ ပြသစေရမည်။

၃။ သဘာဝကိုထောက်ခံသောအုပ်စုမှ မိမိဆန္ဒအလျောက် တင်ပြလိုသူနှစ်ဦးနှင့် ပြုစုပျိုးထောင်မှုကို ထောက်ခံသောအုပ်စုမှ မိမိဆန္ဒအလျောက် တင်ပြလိုသူ နှစ်ဦးစီကို ဆရာက ဖိတ်ခေါ်ပါ။ သဘာဝအရေးပါပုံကို ထောက်ခံသော ကျောင်းသားများကို ပြုစုပျိုးထောင်မှုသည် အဘယ်ကြောင့် အရေးပါကြောင်း၊ မှန်ကန်ကြောင်းကို ၎င်းတို့နှင့်ဆန်ကျင်ဘက် ရှုထောင့်မှ ကာကွယ်ပြောဆိုကာ ဆွေးနွေးစေရမည်။ ထို့အတူပင် ပြုစုပျိုးထောင်မှုကို ထောက်ခံသည့်အုပ်စုမှ ကျောင်းသားများ အား ၎င်းတို့နှင့်ဆန့်ကျင်ဘက်ရှုထောင့် (သဘာဝကအရေးကြီး သည်ဆိုသည့်ယူဆချက်) မှ ကာကွယ်ပြောဆိုကာ ဆွေးနွေးစေရမည်။ ထိုကဲ့သို့ အုပ်စု (၂) ခုမှ ကျောင်းသား အတွဲတစ်တွဲစီကို မိမိတို့နှင့်ဆန့်ကျင်ဘက် ရှုထောင့်မှ ပြောင်းပြန်တွေးခေါ်စဉ်းစားပြီး စကားစစ်ထိုးမှု/ အချေအတင် ဆွေးနွေးမှုကို ဆောင်ရွက်စေရမည်။

၄။ အတန်းမှ ကျောင်းသားများအား မည်သည့် အယူအဆကို ထောက်ခံကြောင်း မှန်ကြောင်း မဲပေးသည့်အနေဖြင့် လက်ထောင်၍ ဖော်ပြရန် ပြောပါ။ သဘာဝ ကို မှန်သည်ဟု ထင်သူများ/ ပြုစုပျိုးထောင်မှုကို မှန်သည်ဟု ထင်သူများက ဤ နည်းအားဖြင့် အသီးသီး လက်ထောင်ကာ ဆန္ဒပြုကြမည်ဖြစ်သည်။

၅။ ဤနည်းစဉ်အတိုင်းပင် ကျန်သော အယူအဆများအတွက်ကို ဆောင်ရွက်ပါ။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနှင့်အချိန်ခြား၍ ဖွံ့ဖြိုးမှု၊ တစ်ကြိမ်တည်းဖွံ့ဖြိုးမှုနှင့် ကြိမ်ဖန်များစွာဖွံ့ဖြိုးမှု အယူအဆများ အတွက် ပြောင်းပြန်စဉ်းစားတတ်စေရန် ဆရာက ဆောင်ရွက်ပေးရသည်။ ဆန္ဒပြုခြင်းကိုလည်း ဆောင်ရွက်စေရမည်။

၆။ ဘဝသက်တမ်းတစ်လျှောက်ရှုထောင့်/အတွေးအမြင်သည် ဟန်ချက်ညီ မျှတမှုရှိသော ရှုမြင် သုံးသပ်မှုဖြစ်ကြောင်းကို ဆရာက ရှင်းပြပြီး ဤသင်ယူမှု လုပ်ငန်းကို ပြီးဆုံးစေရမည်။ ဤရှုထောင့်က ဒွန်တွဲလွန်ဆွဲနေကြသော ဆန့်ကျင်ဘက် တရားများဖြစ်ကြသည့် သဘာဝနှင့် ပြုစုပျိုးထောင်မှု၊ စဉ်ဆက် မပြတ်မှုနှင့် အချိန်ခြားမှု၊ တစ်ကြိမ်တည်းဖွံ့ဖြိုးမှုနှင့် ကြိမ်ဖန်များစွာဖွံ့ဖြိုးမှု စသည့် သဘောတရား အစုအသီးသီးတို့အနက် တစ်ခုစီကို ဘက်လိုက်ထောက်ခံ ခြင်း မပြုပါ။ ထိုအစုတစ်ခုစီတွင်ပါဝင်နေသော သဘောတရား/ရှုထောင့် နှစ်မျိုး စလုံးတို့၏ ဆောင်ရွက်မှုကို လက်ခံပေးသည်။ နှစ်မျိုးစလုံးတို့က ကျွန်ုပ်တို့ လူသားများ၏ ဖွံ့ဖြိုးမှုရရှိစေရေးတွင် ပါဝင်ပံ့ပိုးနေကြသည်ဟု လက်ခံထား ပါသည်။ ဘဝတစ်သက်တာလုံးဆိုင်ရာ (ရာသက်ပန်) ဖွံ့ဖြိုးမှုအယူအဆ/

ရှုထောင့်အရ လူတို့၏ဖွံ့ဖြိုးမှုသည် အမိဝမ်းတွင်းပဋိသန္ဓေနေစဉ်မှ သေဆုံးသွားသည့်တိုင်အောင် ပေါ်ပေါက်ဖြစ်ပျက်နေသည်ဟု ရှုမြင်သုံးသပ်ပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ပိုစတာတစ်ခုစီက သက်ဆိုင်ရာ ရှုထောင့်တစ်ခုစီ၏ ထူးခြားသော ဝိသေသလက္ခဏာများကို အထက်တွင်ဖော်ပြထားသကဲ့သို့ နှင့် ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသကဲ့သို့ ပေါ်လွင်အောင် သရုပ်ဖော်ရေးဆွဲထားလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ ရှုထောင့် (၂) ခုစလုံးသည် တန်ဖိုး အသီးသီးရှိကြကြောင်းနှင့် ဘဝသက်တမ်းတစ်လျှောက်လုံး (ရာသက်ပန်) ဖွံ့ဖြိုးမှုအကြောင်း ကျွန်ုပ်တို့ နားလည်သဘောပေါက်လာစေရန် ပါဝင်ပံ့ပိုးပေးထားကြောင်းကို ကျောင်းသားများ အနေနှင့်နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

### စာသင်ချိန် (၂)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ဘဝသက်တမ်းတစ်လျှောက် ရှုထောင့်၏ အဓိကကျသော အသွင်အပြင် (၄)ခုမှာ

၁။ ဖွံ့ဖြိုးမှုသည် ဘဝတစ်သက်တာလုံး၌ ဖြစ်ပေါ်သည်-သိမှုဆိုင်ရာ၊ ကိုယ်ကာယ၊ လူမှုပေါင်းသင်း ဆက်ဆံရေး နှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ အပြောင်းအလဲများ။

၂။ ဖွံ့ဖြိုးမှုသည် ဘက်ပေါင်းစုံ (multi dimensional) နှင့် ထောင့်ပေါင်းစုံ (multi directional) ၌ ဖြစ်ပေါ်သည်။

- ဖွံ့ဖြိုးမှုဘက်ပေါင်းစုံဆိုသည်မှာ ဖွံ့ဖြိုးမှုသည် လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ၊ စိတ်ပညာပိုင်းဆိုင်ရာနှင့် ဇီဝဗေဒဆိုင်ရာ လွှမ်းမိုးမှုတို့၏ စုပေါင်းစပ်ပေါင်း အစုအဝေး ဖြစ်သည်။
- ထောင့်ပေါင်းစုံဟုဆိုရခြင်းမှာ ဖွံ့ဖြိုးမှုသည် တိုးတက်ကောင်းမွန်မှုနှင့် ကြီးထွားမှုတို့နှင့်သာ သက်ဆိုင်သောကြောင့်ဖြစ်သည်။ အားနည်းဆုတ်ယုတ်မှုနှင့် ကျဆင်း (ဆုံးရှုံး) မှုတို့ နှင့်လည်း သက်ဆိုင်သောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ လူတို့က အသက်အရွယ်ကြီးရင့် လာကြသောအခါ သူတို့သည်အချို့သော (ကျွမ်းကျင်မှု) နယ်ပယ်များတွင်ဆက်လက်ကျဆင်းလာနိုင်ဖွယ်ရှိသော်လည်း အခြား (ကျွမ်းကျင်မှု) နယ်ပယ်များတွင်မူ တိုးတက်မြင့်မားလာနိုင်မည်။

၃။ ဖွံ့ဖြိုးမှုကို အလွယ်တကူပုံသွင်း ပြုပြင်နိုင်သည် - ဖွံ့ဖြိုးမှုသည် အရွယ်အားလုံး၌ ပြုပြင်ရန်နှင့် ပြောင်းလဲရန်လွယ်ကူသည်။ သို့သော်လည်း လူတို့ အသက်အရွယ်ကြီးရင့်လာသည့်အခါ "ပြောင်းလဲရန်စွမ်းရည် နှင့် ပြောင်းလဲရန်အခွင့်အလမ်း" (၂) မျိုးစလုံး လျော့ပါးလာသည်။

၄။ ဖွံ့ဖြိုးမှုကို လွှမ်းမိုးထားသည့် တစ်ခုနှင့် တစ်ခုဆက်စပ် နှီးနွှယ်နေကြသော အင်အားစုများ။ ဤအင်အားစုတို့မှာ

- ဇီဝဗေဒဆိုင်ရာ အင်အားစုများ - လူတစ်ဦး၏ အသက်အရွယ်နှင့် ပတ်သက်သော
- သမိုင်းကြောင်းဆိုင်ရာ အင်အားစုများ - ခေတ်ကာလအလိုက် သမိုင်းတွင် ဆက်လက်ဖြစ်ပေါ်နေသော အကြောင်းအရာတို့၏ အကျိုးသက်ရောက်မှုကို ခံရသော
- ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ အင်အားစုများ - လူတစ်ဦး၏ဖွံ့ဖြိုးမှုတွင် ပုံမှန်ဖြစ်မြဲအဖြစ်အပျက်များနှင့် ထူးခြားမှုတစ်စုံတစ်ခု
- ယဉ်ကျေးမှုဆိုင်ရာ အင်အားစုများ - လူတစ်ဦးရှင်သန်နေထိုင်သော ယဉ်ကျေးမှု

**ဇယား ၂.၁၁။ ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှု**

| အဆင့် | အသက်အရွယ် |
|---|---|
| အမိဝမ်းမှမကျွတ်မီ (မမွေးဖွားမီ) | ပဋိသန္ဓေတည်သည်မှ မွေးဖွားလာသည်အထိ |
| မွေးကင်းစနှင့် လမ်းလျှောက်တတ်ခါစ | မွေးကင်းစမှသည် အသက် (၁) နှစ် (၂) နှစ်ထိ |
| ရှေးဦးအရွယ်ကလေးသူငယ် | အသက် (၂) နှစ်မှ (၆) နှစ်အထိ |
| အလယ်အလတ်ပိုင်း ကလေးသူငယ် (မူလတန်းအရွယ်) | အသက် (၆)နှစ်မှ (၁၁)နှစ်အထိ |
| ဆယ်ကျော်သက်/ပျိုဖော်ဝင်အရွယ် | အသက် (၁၁) နှစ်မှ (၁၈) နှစ် သို့မဟုတ် (၂၀) နှစ်ထိ |
| လူငယ် | အသက် (၁၈) နှစ်မှ (၄၀) ထိ |
| လူရွယ်/လူလတ် | အသက် (၄၀) မှ (၆၅) နှစ်ထိ |
| သက်ကြီးရွယ်အို | အသက် (၆၅) နှစ်နှင့် အထက်မှ သေဆုံးသည်ထိ |

## သင်ယူမှုလုပ်ငန်း (၃)။ ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှုအဆင့်များကို သရုပ်ဆောင်ခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စု (၈) စုဖွဲ့ခြင်း |

**ရည်ရွယ်ချက်** - လူတို့ ဘဝသက်တမ်းတစ်လျှောက်လုံးမှ ဖွံ့ဖြိုးမှုအဆင့်များအကြောင်း နားလည်မှုကို ပိုမို ကျစ်လစ်ခိုင်မာလာစေရန်

၁။ ဤသင်ယူမှုလုပ်ငန်းကို အစပြုရန် အတွက် အတန်းကို အုပ်စု (၈) ခု အဖြစ် သို့ခွဲခြားပေးပါ။ အုပ်စုတစ်ခုစီအား သူတို့ရရှိထားသော အဆင့် တစ်ခုအတွက် လေ့လာမှတ်သားနိုင်ရန် A4 အရွယ်အစားစာရွက်များပေးဝေထားပါ။အုပ်စုတစ်ခုစီသည် လူ့ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှုထဲမှ အဆင့်တစ်ခုစီကို ကိုယ်စားပြုတင်ပြရမည် ဖြစ်သည်။

- အမိဝမ်းမှ မကျွတ်မီ သန္ဓေသားဘဝ (prenatal)

- မွေးကင်းစနှင့် လမ်းလျှောက်တတ်ခါစဘဝ (Infancy and toddlerhood
- ရှေးဦးအရွယ်ကလေးသူငယ်ဘဝ (Early childhood)
- အလယ်အလတ်ပိုင်း ကလေးသူငယ်ဘဝ (မူလတန်းအရွယ်) (Middle childhood)
- ပျိုဖော်ဝင်ရွယ်ဘဝ/ဆယ်ကျော်သက်ဘဝ (Adolescence)
- လူငယ် ဘဝ (Early Adulthood)
- လူရွယ်/လူလတ်ဘဝ (Middle Adulthood)
- သက်ကြီးရွယ်အိုဘဝ (Late Adulthood)
  စာသင်ခန်းအတွင်း အသုံးပြု၍ ရသော အသုံးအဆောင်များ

၂။ လူ့ဘဝသက်တမ်းတစ်လျှောက်ဖွံ့ဖြိုးမှု အဆင့်များကို ကိုယ်စားပြုသည့် အုပ်စု တစ်ခုစီအား ထိုအဆင့်အကြောင်းမှတ်စုများကို ပြန်လည်ဆန်းစစ်ပြီး (၃) မိနစ်စာ သရုပ်ဆောင်သင်ယူမှု (တစ်ခန်းရပ်ပြဇာတ်တို) တစ်ခုကို ဖန်တီး ရန် ညွှန်ကြားပါ။ ထိုအဆင့်၌ ပေါ်ပေါက်လာသည့် ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုတို့ကို ထင်ရှားပေါ်လွင်အောင်ပြသရမည်။ တင်ဆက်ပြသသည့် သရုပ်ဆောင်မှုပြကွက် များတွင် ထိုအဆင့်၏ထူးခြားသော ဝိသေသလက္ခဏာများပါဝင်စေသင့်သည်။ သူတို့၏ သရုပ်ဆောင်မှုကို ပံ့ပိုးမှုပြုနိုင်ရန် လိုအပ်သော အသုံးအဆောင်များကို သုံးစွဲနိုင်သည်။

၃။ အုပ်စုများကို အတန်းအဖြစ်သို့ပြန်လည်ဖွဲ့စည်းပါ။ အုပ်စုများကို တစ်ခုချင်း ခေါ်ယူ၍ သရုပ်ဆောင်မှုကို အတန်းသို့ တင်ဆက်စေရမည်။ အုပ်စုများကို အလှည့်ကျ ခေါ်ယူရာတွင် လူ့ဘဝ သက်တမ်း၏ ရှေ့နောက် အစီအစဉ်အတိုင်း ပဋိသန္ဓေနေခြင်းမှသည် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ရှေ့သို့တိုးသွားကာ နောက်ဆုံး သက်ကြီးပိုင်း/ သက်ကြီးရွယ်အိုအဆင့်ထိ အုပ်စုတစ်ခုစီကို ခေါ်ယူ ရမည်။ တင်ဆက်မှုတစ်ခုစီအပြီး၌ ထိုအဆင့်၏ ထူးခြားသော ဝိသေသလက္ခဏာ များကို အတိုချုပ်ဆွေးနွေးစေရမည်။ ထို့နောက် ဘဝသက်တမ်း တစ်လျှောက် လုံး ဖွံ့ဖြိုးမှု အဆင့်များ၏ အဓိကကျသော ဝိသေသလက္ခဏာများကို ဖော်ပြ သည့် (၂.၁၄) (က) တွင် ၎င်းတို့ ရရှိထားသော ဝိသေသလက္ခဏာများကို ရေးသား ရန် ဆရာက ကျောင်းသားများကို အားပေးတိုက်တွန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းတွင်းဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

သရုပ်ဆောင်တင်ဆက်မှုများတွင် ကျောင်းသားကိုင်စာအုပ်၌ အတည်ပြုဖော်ပြထားသည့် အဆင့်တစ်ဆင့်ချင်းစီ၏ ဝိသေသလက္ခဏာများ ပါဝင်စေသင့်သည်။

**ပဋိသန္ဓေနေခြင်း (Conception)** - အဆင့်တွင် ကြီးထွားမှုနှုန်းနှင့် ဖွံ့ဖြိုးမှုတို့ စတင်ပေါ်ပေါက်လာသည်။ ဆဲလ်များ ကွဲထွက်ကာ လူခန္ဓာကိုယ် ပုံပန်းသဏ္ဌာန် ပီပြင်စွာပေါ်လွင်လာသည်။ ကိုယ်တွင်းပိုင်း အင်္ဂါများဖြစ်ကြသော ဥပမာအားဖြင့် နှလုံး ၊ အဆုတ်များ၊ ဝမ်းဗိုက်၊ အသည်းနှင့် ကျောက်ကပ်တို့ စတင်ပေါ်ပေါက်လာသည်။ မျက်လုံးများ၊ နားများ၊ လက်မောင်းများနှင့် ခြေထောက်များလည်း ထွက်ပေါ်လာသည်။ ကိုယ်ဝန်ဆောင်ချိန် သီတင်းပတ် (၄၀) ခန့်နီးပါး ကြာမြင့်လာသောအခါ ကလေးငယ်သည် အမိဝမ်းမှ ကျွတ်ကာ မွေးဖွားလာရသည်။

**မွေးကင်းစအရွယ် (Infancy)** - မွေးစမှ (၂ )နှစ်အတွင်းအရွယ်ဖြစ်သည်။ ဘဝ၏ အစပိုင်း (၂) နှစ်တာ ကာလအတွင်း ကလေးငယ်ထံ၌ ထင်ရှားသိသာသော ကြီးထွားမှု ပေါ်ပေါက်လာသည်။ ထိုအရွယ်တွင် ကလေးများစတင်၍ ရွေ့လျားခြင်း၊ လေးဖက်တွားသွားခြင်း၊ လမ်းလျှောက်ခြင်းနှင့် စကားပြောခြင်းတို့ကို ဆောင်ရွက်နိုင်လာသောကြောင့် ဖြစ်သည်။ ထို့ပြင် သူတို့အား စောင့်ရှောက် ထိန်းသိမ်းပေးသူ ကလေးထိန်း/လူကြီးနှင့်လည်း ဆက်သွယ်ပြောဆိုဆက်ဆံ တတ်လာသည်။

**ရှေးဦးအရွယ် ကလေးသူငယ်ဘဝ (Early Adulthood)** - အသက် (၂) နှစ် မှ (၆) နှစ် အတွင်း ဖြစ်သည်။ ရှေးဦးအရွယ်ကလေးသူငယ် အချိန်ကာလပိုင်းတွင် ကာယဖွံ့ဖြိုးမှုနှင့် ဘာသာစကား ကျွမ်းကျင်မှုများ လျင်မြန်စွာဖွံ့ဖြိုးလာပြီး ကလေးများသည် တစ်စထက် တစ်စတိုး၍ အမှီအခိုကင်းစွာ ပြုမူဆောင်ရွက်တတ်လာကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ရုပ်ပိုင်းဆိုင်ရာ လောကပတ်ဝန်းကျင်တွင် လှုပ်ရှားဆောင်ရွက်ရင်း လုပ်တတ်ကိုင်တတ်လာကြသည်။ အာရုံခံအင်္ဂါများကို အသုံးပြု၍ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာတတ်လာကြသည်။

အာရုံ (၅) ပါးကို သိမှတ်လာကြသည်။ (အမြင်၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် အကြား) သက်ရွယ်တူအချင်းချင်းနှင့် စတင်ပြောဆိုဆက်ဆံခြင်းအားဖြင့် အရွယ်အစားအချိန်နှင့် အကွာအဝေး စသည့်သဘောတရား (အသိပညာ) များကို အကြိတ်အနယ် အားထုတ်လေ့လာခြင်းအားဖြင့် အာရုံ (၅) ပါး တို့ကို အသေးစိတ် ဖော်ထုတ်သိရှိလာတတ် ကြသည်။

**အလယ်အလတ်ပိုင်း အရွယ်ကလေးသူငယ် (မူလတန်းကျောင်းသားအရွယ်) (Middle childhood) -** အသက် (၆) နှစ်မှ (၁၁) နှစ်အတွင်း ဖြစ်သည်။ ဤအရွယ်တွင် ကလေးများသည် စာပေဆိုင်ရာ ကျွမ်းကျင်များနှင့် ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှုများကို ပိုမိုလေ့လာ သင်ယူလာရသောကြောင့် သူတို့၏ အတွေးအခေါ်များသည်လည်း ပို၍ ကျိုးကြောင်းဆီလျော်မှုရှိလာပါသည်။ လူမှုပေါင်းသင်းဆက်ဆံမှု၌ ပိုမိုကျွမ်းကျင်လာကာ အားကစားလှုပ်ရှားမှုပြုရာတွင်နှင့် ကျောင်းလှုပ်ရှားမှုများတွင် အသင်းအဖွဲ့လုပ်ငန်းများ၌ ပို၍ပါဝင်ဆောင်ရွက်တတ်လာသည်။ ကိုယ်ကာယဖွံ့ဖြိုးမှုတုံ့နှေးသွားပြီး နာဗ်ကြော ကြွက်သားများကို ညင်သာစွာလိုအပ်သလိုလှုပ်ရှား နိုင်လာသောကျွမ်းကျင်မှု ပိုမိုရရှိလာသည်။ ခန္ဓာကိုယ်လှုပ်ရှား မှု၌ ကျွမ်းကျင်လာသည်။ (မှတ်ရန် - ကျောင်းသားကိုင်စာအုပ်တွင် အလယ်အလတ်ပိုင်း ကလေးဘဝအဆင့် (Middle childhood stage) ဆိုသည်မှာ မူလတန်းကျောင်းသားအရွယ်ကို ရည်ညွှန်းပါသည်။)

**ပျိုဖော်ဝင်ချိန်အရွယ်(Adolescence) -** အသက် (၁၁) နှစ်မှ (၁၈) နှစ်ကြားအရွယ်ဖြစ်သည်။ လူလားမြောက်ချိန် အပြောင်းအလဲများ (Puberty) ကို ကြုံတွေ့ဖြတ်သန်းလာရပြီး ကိုယ်ကာယကြီးထွား ပြည့်ဖြိုးလာမှုနှင့် ဖိုမ လက္ခဏာများ ပီပြင်ပြည့်ဝစွာ ဖွံ့ဖြိုးရင့်ကျက်လာသည်။ ဆယ်ကျော်သက်များအနေနှင့် လွတ်လပ်မှုနှင့် ချစ်ခြင်းမေတ္တာစသည့် သဘောတရား အယူအဆများကို စဉ်းစားမိလာပြီး အချုပ်အခြယ်ကင်းမှုနှင့် တစ်ကိုယ်ရေတန်ဖိုးထားမှုများကို စတင်ဖော်ထုတ်လုပ်ကိုင်ခံယူတတ်လာသည့်အတွက် သူတို့၏ အတွေးအခေါ်သည် ပိုမိုနက်နဲလာပါသည်။

**လူငယ် (Early Adulthood)** - အသက် (၁၈) နှစ်မှ (၄၀) အတွင်းဖြစ်သည်။ ဤကာလအပိုင်းအခြားတွင် လူငယ်တို့သည် အချုပ်အချယ် ကင်းရှင်းစွာ ဆောင်ရွက်နိုင်လာကြသည့်အပြင် သူတို့သည် ဇီဝကမ္မဆိုင်ရာဖွံ့ဖြိုးမှု အထွတ်အထိပ်သို့ ရောက်ကြသည်။ (ဆိုလိုသည်မှာ - ကာယခွန်အား အပြည့်ဝဆုံးအရွယ်ဖြစ်သည်) ဤကာလအပိုင်းအခြား၏ အာရုံစူးစိုက်ရာ အချက်များသည် ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်ဖွဲ့မှု၊ အလုပ်အကိုင်ရရှိမှုတို့ဖြစ်ကြသည်။

**လူရွယ်၊ လူလတ်ပိုင်း (Middle Adulthood)** အသက် (၄၀) မှ (၆၅) နှစ်အတွင်း အရွယ်ဖြစ်သည်။ လူရွယ်၊ လူလတ်ပိုင်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှု မှန်သမျှသည် အကျိုးဖြစ်ထွန်းမှု အမြင့်မားဆုံး ရရှိတတ်ကြသည်။ မကြာခဏပင် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ခေါင်းဆောင်မှု အခန်းကဏ္ဍများ၌ ပါဝင်ဆောင်ရွက်ကြရသည်။ အိုမင်းလာမှုသည် ပို၍ပေါ်လွင်ထင်ရှားလာသည်။ ဘဝရည်မှန်းချက် ပန်းတိုင်များ ပိုမိုပီပြင်အသက်ဝင်လာပြီး လူရွယ်၊ လူလတ်ပိုင်းတို့သည် သူတို့၏ သေခြင်းတရားအကြောင်းကို ပိုမိုသတိမူတတ်လာကြသည်။

**သက်ကြီးရွယ်အို (Late Adulthood)** အသက် (၆၅) နှစ်အရွယ်မှ သေသည်အထိ ကာလအပိုင်းအခြားဖြစ်သည်။ လူရွယ်၊ လူလတ်ပိုင်းနှင့် သက်ကြီးရွယ်အိုပိုင်းတို့သည် တစ်ခုနှင့်တစ်ခု ဆင်တူသည့် နေရာများစွာရှိသော်လည်း အသက်အရွယ်ပိုမိုကြီးရင့်လာသည်နှင့်အမျှ ကိုယ်ကာယကျန်းမာရေးနှင့် ကာယစွမ်းရည်တို့တွင် အားနည်းကျဆင်းဆုတ်ယုတ်လာတတ်ကြသည်။ အမှီအခို ကင်းစွာ ဆောင်ရွက်နိုင်စွမ်းနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းရည် (မှတ်ဉာဏ်စသည်) တို့သည်လည်း ကျဆင်းဆုတ်ယုတ်လာတတ်ကြသည်။

အသက်ကြီးရင့် အိုမင်းလာပုံအမျိုးအစားကွဲပြားမှုအလိုက် ဆက်လက် လေ့လာတွေ့ရှိနိုင်သော အိုမင်းခြင်းအမျိုးအစားတို့မှာ ကျန်းမာစွာအိုမင်းလာခြင်း၊ ပုံမှန်အိုမင်းလာခြင်းနှင့် အိုမင်းမစွမ်းဖြစ်လာခြင်းတို့ ဖြစ်ကြသည်။ ကျန်းမာစွာအိုမင်းလာခြင်း (optimal aging) ဆိုသည်မှာ သက်ကြီးပိုင်းအရွယ်လူတစ်ဦးသည် ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းပြီး လူငယ်လူရွယ်များနှင့်မခြား သွက်လက်ဖျတ်လတ်နေသေးခြင်းကို ဆိုလိုသည်။ ပုံမှန် အိုမင်းခြင်း (Nomal aging) ဆိုသည်မှာ သက်ကြီးပိုင်းအရွယ် လူတစ်ဦးသည် အလားတူ သက်ရွယ်တူ အုပ်စုဝင် လူကြီးများအများတို့နည်းတူ တွေ့ရတတ်သော အားနည်းချို့ယွင်းချက်များရှိနေခြင်းကို ဆိုလိုသည်။ အိုမင်းမစွမ်းဖြစ်ခြင်း (impaired aging) ဆိုသည်မှာ သက်ကြီးပိုင်းအရွယ် လူတစ်ဦးသည် သက်ရွယ်တူ အခြားအိုမင်း သူများထက်ပို၍ ရုပ်ပိုင်းဆိုင်ရာအခက်အခဲများ ကျန်းမာရေးချို့ယွင်းမှုများ ပိုမိုခံစားရခြင်းကို ဆိုလိုသည်။

## သင်ယူမှုလုပ်ငန်း (၄)။ အလယ်တန်းကျောင်းသားများကို သင်ကြားရာ၌ ဖွံ့ဖြိုးမှုဆိုင်ရာ သွယ်ဝိုက်အသုံးပြုနိုင်မှုများကို ခွဲခြားသတ်မှတ်ဖော်ထုတ်ခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၅) ဦးစီပါဝင်သောအုပ်စုများ |

**ရည်ရွယ်ချက် -** အလယ်တန်းကျောင်းသားများ၏ ဖွံ့ဖြိုးမှုသည် ၎င်းတို့၏ သင်ယူမှုနှင့် စရိုက်လက္ခဏာများကို မည်သို့သက်ရောက်မှုရှိကြောင်း ရှင်းပြတတ်ရန်နှင့် သင်ကြားရေးအတွက် သွယ်ဝိုက်အသုံးပြုနိုင်မှုများကို အကြမ်းဖျင်းဖော်ပြတတ်ရန်

၁။ အတန်းကို ကျောင်းသား (၅) ဦးစီ ပါဝင်ဖွဲ့စည်းထားသော ကျောင်းသားအုပ်စုများအဖြစ်သို့ ခွဲခြားထားပါ။ အလယ်အလတ်ပိုင်းအရွယ်ကလေးသူငယ်နှင့် ပျိုဖော်ဝင်အရွယ်တို့အကြောင်း မှတ်စုများနှင့် အလယ်တန်းကျောင်းသားများ၏ ထူးခြားသော လက္ခဏာများဆိုင်ရာ သူတို့ သိရှိထားသည့် အကြောင်းအရာများကို ပြန်လည်ဆန်းစစ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။ (ထိုအကြောင်းအရာကို ကျောင်းသားကိုင်စာအုပ်တွင် ဖော်ပြထားသည်။ ကျောင်းသားများက ရှေ့ဆက်၍ သုတေသန ပြုလုပ်လိုကလည်း ပြုလုပ်နိုင်ပါသည်။)

၂။ ကျောင်းသားများ၌ အချက်အလက်များရလာသောအခါ ဇယား (၂.၁၄) တွင် ဖြည့်၍ရေးသားရန် ညွှန်ကြားပါ။ ဇယား (၂.၁၄) (က) အလယ်တန်းကျောင်းသားများကို သင်ကြားခြင်း အကြောင်းကို ဖော်ပြသည်။ ဇယားတွင် အဆင့်တစ်ခုစီအတွက် ထူးခြားသော လက္ခဏာများ (ဉာဏဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု) များကို ထပ်ထည့်ပေးရန်နှင့် အဆင့် တစ်ခုစီအတွက် သင်ကြားမှုဆိုင်ရာ သွယ်ဝိုက် ညွှန်ကြားမှုများကိုလည်း ရေးသားပေးရန် ညွှန်ကြားပါ။)

၃။ ထို့နောက်ကျောင်းသားများကို အတန်းပုံစံပြန်လည်ဖွဲ့စည်းပေးရမည်။ သို့မှသာ ၎င်းတို့ လုပ်ငန်းကို ဆွေးနွေးနိုင်မည်။ ပထမဦးစွာ ဉာဏ/ သိမှုဆိုင်ရာဖွံ့ဖြိုးမှု အကြောင်းနှင့်စတင်ပါ။ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုအကြောင်းတွင် ထူးခြားသော လက္ခဏာများနှင့် သင်ကြားမှုအတွက် သွယ်ဝိုက်ရည်ညွှန်းမှုများကို ဆွေးနွေးစေရမည်။ ထို့နောက်ကာယ ဖွံ့ဖြိုးမှုအကြောင်းရေးပါ။ အလားတူပင် ပေါင်းသင်း

ဆက်ဆံရေး ဖွံ့ဖြိုးမှုနှင့် စိတ်ခံစားမှုဆိုင်ရာ တို့အကြောင်းကိုလည်း ရေးသားရမည်။ သူတို့ မဖော်ပြရသေးသော အခြားစိတ်ကူးများကိုလည်း ဇယားတွင် ထည့်သွင်း ရေးသားရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ထူးခြားသောဝိသေသလက္ခဏာများကို များသောအားဖြင့် ကျောင်းသားကိုင်စာအုပ်ထဲမှ မှတ်စုများမှ ဖော်ပြကြလိမ့်မည်။ အကယ်၍ ထိုစာအုပ်မှ မဟုတ်ဘဲ အခြားအချက်များ ပါဝင်လာလျှင် ကျောင်းသားများက သူတို့ရရှိခဲ့သည့် ရင်းမြစ်ကို သတ်မှတ်ဖော်ပြစေရမည်။ သို့မှသာလျှင် ထိုအချက်များသည် ခိုင်မာမှုရှိမည်ဖြစ်သည်။ သင်ကြားမှုအတွက် သွယ်ဝိုက်ရည်ညွှန်းမှုသည် ဝိသေသလက္ခဏာများနှင့် တိုက်ရိုက်ဆက်စပ်မှုရှိရမည်။ အလယ်အလတ်ပိုင်းအရွယ် ကလေးသူငယ်ဘဝတွင် စိတ်ခံစားမှု တိုးပွားလာတတ်သည်ဟု ရေးသားလျှင် ကလေးသူငယ်တို့၏ စိတ်ခံစားမှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ ရာသီဥတုအပြောင်းအလဲကဲ့သို့သော သင်ခန်းစာခေါင်းစဉ်မျိုးသည် သင်ကြားမှုအတွက် သွယ်ဝိုက်ရည်ညွှန်းနိုင်သည်။

ဤနေရာတွင် ဇယားကွက်ကို မည်သို့ဖြည့်သွင်းရေးသားနိုင်မည်ကို ဥပမာတစ်ခုပေးထားသည်။

**သိမှုဆိုင်ရာ/ ဘာသာစကားဖွံ့ဖြိုးမှု**

ဒြပ်ရှိ အကြောင်းအရာ အယူအဆတို့ကိုသာ တွေးခေါ်စဉ်းစားတတ်သည်။ သို့ရာတွင် စိတ်ဖြင့် ကြံဆသိရှိနိုင်သော နက်နဲသည့် အကြောင်းအရာတို့ကိုလည်း ဦးတည်၍ တွေးခေါ်စဉ်းစား လာတတ်သည်။ (abstract thinking) ပိုမို၍ ကျိုးကြောင်းဆီလျော် ညီညွတ်မှုရှိလာသော တွေးခေါ်စဉ်းစားမှု ဖြစ်စဉ်ပေါ်ပေါက်လာသည်။ စာကိုကောင်းစွာ ဖတ်တတ် ရေးတတ် လာကြသည်။ စာရေးစာဖတ်ကျွမ်းကျင်လာကြသည်။ နာဗ်ကြောကြွက်သားများကို ညင်သာ ချောမွေ့စွာ လှုပ်ရှားမှုမှာ အသုံးပြု၍ လုပ်ဆောင်ရသော အနုစိတ် လုပ်ငန်းမျိုးကို လုပ်ဆောင် တတ်လာသည်။ ကွန်ပျူတာခလုတ်ခုံကို ကျွမ်းကျင်စွာနှိပ်၍ ကစားတတ်ခြင်း၊ လူပုံသဏ္ဌာန် ရုပ်ပုံဆွဲသားတတ်ခြင်း၊ လက်ရေးဆက်ဖြင့် ရေးသားတတ်ခြင်း၊ စစ်တုရင်၊ ကျားကစားနည်း စသည့် (Board games) ကစားနည်းများကို ကစားခြင်းတို့ ကျွမ်းကျင်လာသည်။ အဆင့်မြင့် ပြောဆို၊ ရေးသား ဆက်သွယ်မှုတို့ကို နားလည်သဘောပေါက်မှု တဖြည်းဖြည်းတိုးပွားလာသည်။ ကိုယ်ခန္ဓာ၏ ပုံသဏ္ဌာန်နှင့် ဆောင်ရွက်ချက်တို့ကို သိလိုစိတ်ပြင်းပြလာသည်။ တစ်ခုပြီးတစ်ခု အစဉ်လိုက် လုပ်ဆောင်ရန် ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်တတ်လာသည်။

ဒြပ်ရှိပစ္စည်းတို့ကို အသုံးပြုရသော လုပ်ငန်းများ ပံ့ပိုးပေးပါ။ ဥပမာ - စစ်တုရင် နှင့် ဖဲချပ်များကစားခြင်း တို့မှတစ်ဆင့် ဒြပ်မဲ့ အကြောင်းအရာများကို စဉ်းစားမှုပြုရသည့် ပို၍နက်နဲစွာ စဉ်းစားရန် လိုအပ်သည့်လုပ်ငန်းများကိုပေးပါ။ ဥပမာ - ဟန်အမူအရာဖြင့် စကားထာဝှက်ခြင်း (charades)၊ စိတ်မှန်းဖြင့် တွေးတောကြံဆပြီးပုံဆွဲရခြင်း၊ စိတ်ကူးဖြင့် မှန်းဆ အဆိုပြုခြင်း (hypothesising) စသည်တို့ကို ဆောင်ရွက်စေသင့်သည်။

သင်ရိုးညွှန်းတမ်းသည် ပြုပြင်ရန်လွယ်ကူသည့်သင်ရိုးညွှန်းတမ်းဖြစ်သင့်သည်။ ပြုပြင်ရန် လွယ်ကူသည့်အပြင် ဘာသာရပ် နယ်ပယ်အမျိုးမျိုးစုံလင်စွာ ပေါင်းစပ်ပါဝင်မှုရှိသင့်သည်။

ဘာသာရပ်များတွင် အလယ်တန်းကျောင်းသားများနှင့် ဆီလျော်ကိုက်ညီသည့် ခေါင်းစဉ်များ အကြောင်းအရာများကို စူးစမ်းရှာဖွေလေ့လာကာ ထည့်သွင်းထားသင့်သည်။

| **ကာယဖွံ့ဖြိုးမှု**-ဟော်မုန်းဓာတ် ဆိုင်ရာ | **စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှု** | **လူမှုပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု-** |
|---|---|---|
| ဦးနှောက်နှင့် အာရုံကြော ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲများ ပေါ်ပေါက်လာကြ သည်။ သို့ရာတွင် နဖူးရှေ့ ဖက်ပိုင်း၌ တည်ရှိသော Prefrontal cortex ခေါ် ဦးနှောက်၏အပြင်အလွှာ အစိတ်ပိုင်း မဖွံ့ဖြိုးသေးပါ။ (ထိုအစိတ်အပိုင်းက စိတ်ခံစားချက် များကို ထိန်းချုပ်ပေး နိုင်သည်။)<br>လက်အသုံးပြုရာတွင် အချိန်အဆ တိကျမှုနှင့် နာဗ်ကြောများ လှုပ်ရှားမှု တို့တွင် ပိုမိုကျွမ်းကျင် လာကြသည်။<br>ဖြတ်ခနဲကြီးထွားမှု ပေါ်ပေါက်လာပြီး ကိုယ်ခန္ဓာအရွယ်အစား ရုတ်ခြည်း ထွားကျိုင်း ပြောင်းလဲလာသည်။<br>အရပ်အမောင်း မြင့်မားလာပြီး ကိုယ် အလေးချိန် တိုးပွားလာသည်။<br>အားကစားနှင့်သက်ဆိုင်သော အရည်ချင်းများ၊ အားကစား စွမ်းရည်များ တိုးတက်လာသည်။ | စိတ်အပြောင်းအလဲ မြန်ဆန်ခြင်း (Mood swings)၊ စိတ်လိုက်မာန်ပါ ကမူးရှူးထိုးပြုလိုခြင်း (impulsivity)၊ ကလန် ကဆန်အတိုက် အခံပြုလိုခြင်း (rebelliousness) နှင့် စိတ်ဆက်ခြင်း၊ ဆတ်ဆတ်ထိမခံနိုင် ခြင်း (irritability)၊ အဖျက်သဘောဆောင်သည့် စိတ်ခံစား ချက်များ (ဥပမာ - ကြောက်ရွံ့ခြင်း၊ ဒေါသထွက်ခြင်းနှင့် စိတ်ဓာတ်ကျခြင်း)<br>မိမိကိုယ်ကို နားလည်သဘောပေါက်မှု၊ ကိုယ်ကျင့် စာရိတ္တကောင်းမွန်မှုနှင့် မိတ်ဆွေ အပေါင်းအသင်းဖွဲ့မှုတို့ တိုးတက်လာကြသည်။<br>အနုသုခပညာနှင့် သက်ဆိုင်သည့် လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက် စေသည်။ (ပန်းချီ၊ ပန်းပု၊ စာပေ၊ ကဗျာ များ ရေးသားခြင်း၊ တေးဂီတ တီးမှုတ် သီဆိုခြင်း၊ ပြဇာတ်တင်ဆက်ခြင်း၊ ကပွဲ များ တင်ဆက်ခြင်း | သီးသီးသန့်သန့် နေထိုင်လိုမှု အရေး ပါလာသည်။<br>အားကစားအသင်းများ လူမှုရေးနှင့် ဝါသနာလုပ်ငန်း ဆိုင်ရာအသင်းအဖွဲ့များ တွင် ပါဝင်ဆောင်ရွက်ကြသည်။<br>မကြာခဏရုက်ကိုးရုက်ကန်း ဖြစ် တတ်သည်။<br>မဝံ့မရဲ မနေတတ်မကိုင်တတ် ဖြစ် တတ်သည်။<br>သက်တူရွယ်တူအုပ်စု အဖွဲ့ဝင် ဖြစ် မှုသည် ပိုမိုအရေး ပါလာသည်။<br>ဆရာများနှင့်ကျောင်းသားများ ကြား အတွေ့အကြုံဝါရင့်သူ ကျောင်းသားကြီး များက ကျောင်းသား ငယ်များကို ကူညီ သွန်သင်စောင့် ရှောက်သော ကြီးစဉ်ငယ်လိုက် အနီးကပ်သွန်သင်သူ အဖြစ် ဆောင်ရွက်ပေးသည့် အစီ အစဉ်တစ်ခုကို ပံ့ပိုးထားသည်။ |

| | | |
|---|---|---|
| အနှစ်သာရပြည့်ဝသော ကျန်းမာကြံ့ခိုင်ရေး အစီအစဉ်များ ကျောင်းသားတိုင်း ဆင်နွှဲ နိုင်ပြီး အောင်မြင်မှု ရရှိနိုင်သော ကာယ ပညာအစီအစဉ်များ အသင်းအဖွဲ့လိုက် ကစား ရသော ကျောင်းသားများ၏ အရည်အချင်း/ အားကစားစွမ်းရည် အမျိုးမျိုး တို့နှင့် အညီ စီစဉ်ပေးခြင်း | နှင့် အခြား လူထု ဆက်သွယ်ရေး နည်းများ သုံးစွဲခြင်း) ကျောင်းသားများအား သူတို့၏ စိတ်ခံစားချက်များနှင့် ဘဝ အတွေ့အကြုံများကို ဖော်ပြရာတွင် အထောက်အကူပြုပေးရန် ဖြစ်သည်။ ဘေးကင်းလုံခြုံ၍ စိတ်ချရမှုရှိသော သင်ယူမှုဝန်းကျင် တစ်ခုရှိစေရမည်။ ထိုဝန်းကျင်တွင် ကျောင်းသား အချင်းချင်း အနိုင်ကျင့်မှု ကို တားဆီး ကာကွယ်ရေး စီမံကိန်းများ၊ ပဋိပက္ခ ဖြေရှင်းမှု အစီအစဉ်များ၊ နှစ်သိမ့် ဆွေးနွေး အကြံဉာဏ်ပေးခြင်း၊ ဝန်ဆောင်မှုနှင့် ဒေါသထိန်းချုပ် ကွပ်ကဲမှု အစီအစဉ် စသည်တို့ လည်း ပါဝင်ကြသည်။ စိတ်လှုပ်ရှားခံစားချက်များကို အကျိုးပိုမိုဖြစ်ထွန်းစေသည့်ဘက်သို့ ဦးတည် ချက်ပြောင်းလဲ လမ်းလွှဲပေး ရန်အတွက် လမ်းညွှန်ပံ့ပိုးသည်။ လူကြီးများက လူငယ်များ အတွက် အတုယူစရာ၊ အားကျစရာ စံနမူနာ ပြပုဂ္ဂိုလ်များအဖြစ် ပြုမူ ကျင့်ကြံနေ ထိုင်ရမည်။ ကျောင်းသားများ၏ ထင်မြင်ယူဆချက်များနှင့် ခံယူချက်များ (voice) ကို ပြန်လည်သုံးသပ်မှုမှတ်တမ်း (reflective Journal) နှင့် သူတို့၏ ကိုယ်တိုင်ရေး စာပေအရေးအသား (ဆောင်းပါးစသည်တို့) များမှ တစ်ဆင့် ရေးသားဖော်ထုတ်တတ်မှု ဖွံ့ဖြိုးလာစေရန် ကူညီပံ့ပိုးသည်။ ကျောင်းသားများနှင့် ဆီလျော်ကိုက်ညီမှု ရှိပြီး စိတ်ခံစားမှုဆိုင်ရာ အနှစ်သာရ ပြည့်ဝသော လုပ်ငန်းများ ပေးခြင်း | သင်ယူသူများ အသိုက်အဝန်း ဖွဲ့စည်းတည်ဆောက် ပေးသည်။<br><br>ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်း၌ ပါဝင်စေသည်။<br>လူမှုပေါင်းသင်းဆက်ဆံရေး နှင့် စိတ်လှုပ်ရှားမှု ဆိုင်ရာ ရင့်ကျက်မှုအတွက် သင်ယူစေသည်။ |

## စာသင်ချိန် (၃)

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ယခင်စာသင်ချိန်၌ ဖွံ့ဖြိုးမှုအဆင့်အားလုံးတို့တွင်ရှိသော ထူးခြားသည့် ဝိသေသလက္ခဏာများကို သင်တို့စူးစမ်းလေ့လာခဲ့ကြသည်။ ထိုသို့လေ့လာရာတွင် အလယ်အလတ်ပိုင်းအရွယ် ကလေး သူငယ်များနှင့် ပျိုဖော်ဝင်ရွယ်များအတွက် ဦးတည်အာရုံစိုက်လေ့လာရမည်။ ထိုအဆင့် (၂) ဆင့်သည် အလယ်တန်းကျောင်းသားများနှင့် ဆက်စပ်နေသည်။

၂။ ထိုနှစ်ကာလများ (အလယ်တန်းကျောင်းနေစဉ်ဘဝ) အထူးသဖြင့် ပျိုဖော်ဝင်ရွယ် ကာလအပိုင်းအခြားတွင် ကလေးများ၌ စိတ်အပြောင်းအလဲမြန်ခြင်း (mood swings)၊ စိတ်လိုက်မာန်ပါ မဆင်မခြင်ပြုခြင်း (acting impulsively) များ ပေါ်ပေါက်လာပြီး ကလန်ကဆန် အတိုက်အခံ ပြုလိုစိတ်များ စတင်ဖြစ်ပေါ်လာသည့်အတွက် စိတ်ဆတ်လာကြသည်။ သို့ရာတွင် ပျိုဖော်ဝင်ရွယ်အဆင့်သည် ကိုယ်ခန္ဓာ/ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲများနှင့်လည်း ကြုံတွေ့နေရချိန် ဖြစ်သည်။ ဟော်မုန်းဓာတ်အပြောင်းအလဲ (hormonal)၊ အာရုံကြောဆိုင်ရာ အပြောင်းအလဲ (neurological) နှင့် ရုပ်ပိုင်းဆိုင်ရာ အပြောင်းအလဲတို့သည် လူလားမြောက် အပျိုပေါက်၊ လူပျိုပေါက်အရွယ်သို့ ရောက်ရှိချိန်တွင် ဦးနှောက် ဖွံ့ဖြိုးမှု ရင့်ကျက်လာခြင်း၊ စိတ်ခံစားမှုများ ရင့်ကျက်လာခြင်းနှင့်အတူ ပေါ်ပေါက်လာကြသည်။ ဤကာလအပိုင်းအခြားတွင် ပါဝင်သော အပြောင်းအလဲ အချို့ကို အောက်တွင်ဖော်ပြထားသည်။

- မိန်းကလေးများ ချိုင်းကြားနှင့် မျိုးပွားအင်္ဂါတို့တွင် အမွှေးအမှင်များစတင်ပေါက်ရောက်လာသည်။ ရင်သားများဖွံ့ဖြိုးလာပြီး ရာသီပန်းပွင့်မှု (menstrual period) စတင်သည်။
- ယောက်ျားလေးများ ချိုင်းကြား၊ ရင်ဘတ်နှင့် မျိုးပွားအင်္ဂါတို့တွင် အမွှေးအမှင်များစတင် ပေါက်ရောက်လာသည်။ အသံပြောင်းပြီး အောလာသည် (voice changes)။ လိင်အင်္ဂါများ ကြီးထွားလာကြသည်။
- အချင်းချင်းက အသိအမှတ်ပြုလက်ခံမှုသည် အရေးပါလာသည်။

- စာဖတ်ကျွမ်းကျင်မှု (အရွတ်အဖတ် ကျွမ်းကျင်မှု) များပိုမိုဖွံ့ဖြိုးလာသည်။
- နေ့ခင်းပိုင်းလှုပ်ရှားဆောင်ရွက်မှုများ / တစ်နေ့တာအစီအစဉ်များတွင်ပုံမှန် ဆောင်ရွက်ရန် လုပ်ငန်းများသည် အရေးပါလာသည်။
- အတန်းလိုက် ရှေ့/နောက်အစီအစဉ် တစ်ခုပြီးတစ်ခု လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အများအပြားတို့ကို နားလည်သဘောပေါက်လာကြပြီး လိုက်နာဆောင်ရွက် တတ်လာကြသည်။
- ပျိုဖော်ဝင်ရွယ်ကလေးများသည် အရွယ်ရောက်ပြီးသူ လူကြီးများ၏ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်များ အဖြစ်သို့ ပြောင်းလဲကာ ကိုယ်ခန္ဓာပြောင်းလဲ ကြီးထွားကာ သက်ဆိုင်းရာ ဖို/မ ဟော်မုန်းဓာတ်များ ထုတ်လုပ်စေပြီး အနှုတ်လက္ခဏာ သဘောဆောင်သော ခံစားမှုများ ဖြစ်သည့် ကြောက်ရွံ့ခြင်း၊ ဒေါသဖြစ်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ကို ဖြစ်ပေါ် စေသည်။
- သူတို့သည် သိမ်မွေ့နက်နဲပြီး စိတ်ဖြင့်သာ ကြံဆသဘောပေါက်ရသော အယူအဆ/သဘောတရား တို့ကို စတင်နားလည်စပြုလာသည်။
- ဦးနှောက်၏အရေးပါသော လုပ်ငန်းများဖြစ်ကြသည့် စိတ်လိုက်မာန်ပါ မဆင်မခြင်ပြုမှုကို ဟန့်တားခြင်း၊ ပြန်လည်စဉ်းစားသုံးသပ်ခြင်းနှင့် စီစဉ် ဆောင်ရွက်ခြင်း စသည့်တို့ကို ထိန်းချုပ်ပေးသော နဖူးရှေ့ပိုင်းရှိ ဦးနှောက်၏အပြင်လွှာ (prefrontal cortex) အစိတ်အပိုင်းသည် ပျိုဖော်ဝင်အချိန်၌ ကောင်းစွာဖွံ့ဖြိုးမှုမရှိသေးပါ။
- စိတ်လှုပ်ရှားမှု/ ခံစားမှုများနှင့်မဆင်မခြင်ပြုမှုများ ပရမ်းပတာ အထိန်း အကွပ်မဲ့ပေါ်ပေါက်နေတတ်ကြသည့်အတွက်ကြောင့် ထိုစိတ်ခံစားမှုများကို လမ်းကြောင်းမှန်သို့ ရောက်အောင် ပြန်လည် တည့်မတ်လမ်းကြောင်း ပြောင်းပေးရန်လိုအပ်သည်။
- သူတို့တွင် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ/ကိုယ်ပိုင်ထူးခြားစရိုက်လက္ခဏာ များ စတင်ဖွံ့ဖြိုး ပေါ်ပေါက်လာကြပြီး ရပ်ရွာထဲတွင် လူတစ်လုံး သူတစ်လုံးအဖြစ် လူရာဝင်လိုမှုလည်း ပေါ်ပေါက်လာကြသည်။ (sense of belonging in communities)

## သင်ယူမှုလုပ်ငန်း (၅)။ မိမိ၏ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အလယ်တန်း ကျောင်းနေစဉ်နှစ်များ အကြောင်းကို ပြန်လည်သုံးသပ်မှု အကြောင်းအရာ ဆက်သွယ်မှုပြပုံ

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း၊ အတွဲလိုက်၊ (၅)ဦးစီပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ကျောင်းသားများအား မိမိတို့ကိုယ်တွေ့ အလယ်တန်းကျောင်းသားဘဝက ဖွံ့ဖြိုးမှုကို ပြန်လည် သုံးသပ်ပြီး သင်ကြားမှုသင်ယူမှု နှင့် ထိုဖွံ့ဖြိုးမှုတို့ ချိတ်ဆက်နေပုံကိုလည်း သုံးသပ်ခြင်း ပြုတတ်စေရန်

၁။ ဤသင်ယူမှုလုပ်ငန်းကို ဆောင်ရွက်ရန် တွေး-တွဲ-မျှဝေခြင်းဖြင့် လေ့ကျင့်သော နည်းကို အသုံးပြုမည်။ ပထမဦးစွာတစ်ဦးချင်းလုပ်ငန်းအဖြစ် တွေးတောစဉ်းစားစေရမည်။ ထို့နောက် နှစ်ယောက်တစ်တွဲဆွေးနွေးမည်။ အတွဲနှစ်တွဲဆွေးနွေးမည်။ နောက်ဆုံးတစ်တန်းလုံးဆွေးနွေး မည်။

၂။ အောက်ဖော်ပြပါ ဇယား (၂.၁၅) လမ်းညွှန်မှုပြုမေးခွန်းများကို အသုံးပြုပြီး မိမိ၏ အလယ်တန်းကျောင်းသားဘဝ စာသင်နှစ်ကာလများက အကြောင်းအရာများကို မိမိကိုယ်ပိုင်စိတ်ကူး အတွေးအခေါ်များဖြင့် ပြန်လည်သုံးသပ်ရန်ကျောင်းသား များကို ညွှန်ကြားပါ။ မေးခွန်းတစ်ခုစီ၏ အောက်ဘက်တွင် ၎င်းတို့၏ ကိုယ်ပိုင် စိတ်ကူးအတွေးအမြင်ထဲမှ မှတ်စုများကို ရေးသားနိုင်သည်။

**ဇယား ၂.၁၅။ အလယ်တန်းကျောင်းနေစဉ်နှစ်များ အကြောင်းကို ပြန်လည်သုံးသပ်ခြင်း**

| ဖွံ့ဖြိုးမှုနယ်ပယ် | လမ်းညွှန်မေးခွန်း | ပြန်လည်သုံးသပ်ချက် |
|---|---|---|
| ကာယဖွံ့ဖြိုးမှု | သင်၏ရုပ်ရည်ပုံပန်းသဏ္ဌာန်မှာ မည်ကဲ့သို့ ရှိခဲ့သနည်း။ သင်၏ကိုယ်ကာယဆိုင်ရာ အားသာချက်မှာ အဘယ်နည်း။ | |
| စိတ်လှုပ်ရှား/ ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု | သင်၏အချို့သော မျှော်လင့်ချက်များ/ ကြောက်ရွံ့မှုများ၊ ပျော်ရွှင်မှုများနှင့် (စိတ်ကူး) အိပ်မက်များသည် မည်သည်တို့ ဖြစ်ကြသနည်း။<br><br>သင့်ထံ၌ မည်သည့် စိုးရိမ် မကောင်းဖြစ်မှုများ ပူပန်သောကများ ရှိခဲ့သနည်း။ | |
| လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးမှု | ထိုစဉ်က သင်၏သူငယ်ချင်းများ အသင်းအဖွဲ့ဝင်များနှင့် အပေါင်းအသင်း အဖွဲ့အစည်းဝင်များသည် မည်သူတို့ ဖြစ်ကြသနည်း။ ကျောင်းသားများအားလုံး ပါဝင်မှု (သို့မဟုတ်) အားလုံးမပါဝင်နိုင်အောင် တားဆီးထားသော အတားအဆီးများနှင့် ပတ်သက်၍ မည်သည်တို့ကို သင်မှတ်မိနေသေးသနည်း။ | |
| သိမှုဆိုင်ရာ / ပညာရေးဆိုင်ရာ ဖွံ့ဖြိုးမှု | မည်သည့်ဘာသာရပ်များ လုပ်ငန်းများနှင့် အတွေ့အကြုံများကို သင်နှစ်သက်ခဲ့သနည်း။<br><br>မနှစ်သက်သည်တို့မှာ မည်သည်တို့ ဖြစ်ကြသနည်း။ မည်သည့်အရာများ၌ သင်ကျွမ်းကျင် တတ် မြောက်သနည်း။<br>ကျောင်းနှင့် ပတ်သက်၍ သင်၏ ခံစားချက် သဘောထားမှာ အဘယ်နည်း။ | |

၃။ တစ်ဦးချင်းစီက ဤမေးခွန်းများကို စဉ်းစားဖြေဆိုပြီးသောအခါ အခြားကျောင်းသားတစ်ဦးနှင့် အတူတွဲ၍ မိမိ၏ သုံးသပ်ချက်များကို ဆွေးနွေးရန် ဆရာက ညွှန်ကြားပါ။ ဆွေးနွေးရာတွင် ၎င်းတို့နှစ်ဦး၏ ပြန်လည်သုံးသပ်ချက်များတွင် မည်သည့်အချက်များက ဘုံတူညီပြီး မည်သည့် အချက်များက ခြားနားကြသည်ကိုပါ ဆွေးနွေးရန် ညွှန်ကြားပါ။ ထိုသို့ဆွေးနွေးပြီး သူတို့၏ အတွေးအမြင်များကို သူတို့ဆွဲထားသော အကြောင်းအရာ ဆက်သွယ်မှုပြပုံ (concept map) တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။ (ပုံ (၂.၂၂) အောက်ပါပုံ (သို့မဟုတ်) သင် (ဆရာ) ပံ့ပိုးပေးမည်။ ကားချပ်ဆွဲရန် စက္ကူချပ်ကြီးပေါ်၌ရေးဆွဲရမည်။)

၄။ နှစ်ယောက်တစ်တွဲလုပ်ငန်းမှ အကြောင်းအရာ ဆက်သွယ်မှုပြပုံဆွဲထားပြီးသော

အခါ ကျောင်းသားအတွဲ (၃) တွဲကိုပေါင်း၍ ကျောင်းသား (၆) ဦးပါဝင်သော အုပ်စုတစ်ခုအဖြစ်သို့ ဖွဲ့စည်းပါ။ အတွဲ (၃) တွဲမှ ရရှိလာသော အကြောင်းအရာ ဆက်သွယ်မှုပြပုံများကို အချင်းချင်းကြားမျှဝေစေရမည်။ ထိုပုံများကိုနှိုင်းယှဥ်၍ တူညီမှုများနှင့် ခြားနားမှုများကို ရှာဖွေစေရမည်။

၅။ နံရံပေါ်၌ လူပုံ (ကလေးတစ်ဦး၏ပုံသဏ္ဌာန်) အကြီးစားတစ်ခုကို ချိတ်ဆွဲပြထားပါ။ ကျောင်းသားများအား ရောင်စုံမာကာများ (coloured markers) များကို ပေးထားပါ။ အတန်းကို မူလပုံစံပြန်လည်ဖွဲ့စည်းပေးပါ။ မျှဝေရန်ဆန္ဒရှိသော ကျောင်းသားများကို ဖိတ်ခေါ်ပြီး အောက်ဖော်ပြပါ ဖွံ့ဖြိုးမှုနယ်ပယ်များနှင့် ပတ်သက်၍ သူတို့အားလုံး၌ ဘုံတူညီသော အချက်များကို အတန်းနှင့် မျှဝေရန် ပြောပါ။

- ကာယဖွံ့ဖြိုးမှု
- စိတ်လှုပ်ရှား/ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု
- ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု
- သိမှုဆိုင်ရာဖွံ့ဖြိုးမှု

၆။ ထိုကျောင်းသားများက ထူးခြားသော လက္ခဏာတစ်ခုကို အမည်တပ်ပြောလိုက်သည့်အခါ ထိုကျောင်းသားများအား အတန်းရှေ့သို့ခေါ်ယူပြီး နံရံပေါ်မှ အကြီးချဲ့ထားသော ကလေးပုံထဲတွင် ထည့်သွင်းရေးသားရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားတစ်ဦးချင်းစီ၏ အတွေ့အကြုံများပေါ်မူတည်၍ အဖြေများလည်း အမျိုးမျိုး ကွဲပြားနိုင်သည်။ မည်သို့ပင် ဖြစ်စေ ၎င်းအဖြေများသည် ကျောင်းသားကိုင်စာအုပ်ပါ ယေဘုယျ ဖော်ပြချက်များနှင့် ကိုက်ညီမှု ရှိစေသင့်သည်။ ကျောင်းသားများ၏ စိတ်ခံစားမှု များနှင့် စိတ်ပူပန်မှုများ စသည့်ပြဿနာမျိုးကို ကျောင်းများက ကိုင်တွယ်ဖြေရှင်းပုံများတွင် ခြားနားနိုင်သည်။ ထို့အတူ ကျောင်းသားအားလုံး အကျုံးဝင်ပါဝင်နိုင်စေမှု စီစဉ်ဆောင်ရွက် ချက် များတွင်လည်း ခြားနား နိုင်သည်။

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဥာဏ်ရည်အထွေထွေ အယူအဆကို ပထမနှစ်သင်တန်းတွင် ကျောင်းသားများ နှင့် မိတ်ဆက်ခဲ့ပြီး ဖြစ်သည်။ Gardner ၏ အဆိုအရ ဉာဏ်ရည်အထွေထွေ (ဉာဏ်မျိုးစုံလင်မှု) ဆိုသည်မှာ ကျွမ်းကျင်မှုတစ်ခုဖြစ်ပြီး လူတစ်ဦး၏ အချက်အလက်သစ် အကြောင်းအရာသစ်များကို စုဆောင်းခြင်း၊ ပြဿနာ အတွက် အဖြေများရှာဖွေခြင်း၊ အဖြေများဖန်တီးခြင်းတို့အားဖြင့် ဘဝပြဿနာ တို့ကို ဖြေရှင်းရာတွင် ထိုကျွမ်းကျင်မှုအမျိုးမျိုးတို့ကို အသုံးပြု၍ ဖြေရှင်းနိုင်လာ သည်။ အဖြေများကို လူတို့ကျင်လည်နေထိုင်ရာ ယဉ်ကျေးမှုပတ်ဝန်းကျင် အလိုက် တန်ဖိုးထားကြသည်။

၂။ သိမှုဆိုင်ရာ /ဉာဏ်ရည်ဆိုင်ရာနယ်ပယ်အသီးသီးတို့၌ အသိပညာရရှိစေရန် နှင့် ပြဿနာများကို ဖြေရှင်းနိုင်စေရန်အတွက် အသုံးပြုသော အထူးနည်းလမ်းများ ဖြစ်ကြသည့် သီးခြားစီ ရပ်တည်နေကြသော ဉာဏ်ရည်အမျိုးအစား (၉) မျိုးကို ပညာရှင်Gardner က ဖော်ထုတ် သတ်မှတ်ပေး ခဲ့သည်။

ဤဉာဏ်ရည် (၉) မျိုးမှာ -

- နှုတ်မှုပညာဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာဉာဏ်ရည် (Verbal Linguistic Intelligence) – ကောင်းစွာဖွံ့ဖြိုးပြီးသော နှုတ်မှုစွမ်းရည်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ အသံများ၊ စည်းချက်ဝါးချက် နှင့် စကားလုံးများ၏ အဓိပ္ပာယ်ကျယ်ဝန်းမှုအကြောင်းတို့ကို သိရှိနားလည်ပြီး ကျွမ်းကျင်စွာ အသုံးပြုတတ်သော အရည်အချင်း၊
- ကြောင်းကျိုး ဆက်စပ်မှုနှင့် သင်္ချာပညာရပ်ဆိုင်ရာ ဉာဏ်ရည် (Logical-mathematical) - တွေးခေါ်ရာတွင် အယူအဆသဘောတရားပေါ် အခြေခံ၍ တွေးခေါ်တတ်ခြင်း၊ စိတ်ကူးဖြင့်သာ မှန်းဆသိရသော အတွေးများကို တွေးခေါ်တတ်မှု၊ ယုတ္တိဗေဒဆိုင်ရာနှင့် ကိန်းဂဏန်းဆိုင်ရာ ပုံစံများကို စူးစမ်းလေ့လာဖော်ထုတ်တတ်မှု၊ ယုတ္တိဗေဒဆိုင်ရာ ရှုပ်ထွေးသော ဆင်ခြင်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မှု၊ ယုတ္တိတန်မှုကို ဆန်းစစ်ရာ၌ ကျွမ်းကျင်သော အရည်အချင်း၊
- ဂီတနှင့်သက်ဆိုင်သော ဉာဏ်ရည် (Musical) - အသံအနိမ့်အမြင့်၊ တေးသွား၊ တီးလုံး နှင့် ဂီတ ဆိုင်ရာ တေးသွားတစ်ခု၏ အနုသုခုမ ပညာ အရည်အသွေးများကို တန်ဖိုးထားခံစားတတ်ခြင်းနှင့် ထိုဂီတအနုပညာ တေးသွားတီးလုံး စသည်ကို ဖန်တီးထုတ်လုပ်တတ်သော အရည်အချင်း၊
- ပုံဖော်မှုဉာဏ်ရည် (Visual Spatial) - ဓာတ်ပုံ၊ ရုပ်ပုံ၊ ပန်းချီကားစသည် တို့ကို ကျွမ်းကျင်စွာ ပုံဖော်နိုင်သည့် အရည်အချင်း၊ ရုပ်ပုံများကို စေ့စပ်တိကျစွာ ကြည့်ရှုသိမြင်ပြီး ထိုရုပ်ပုံ၊ ပန်းချီကား၊ စိတ်ကူးပုံရိပ်သည် အမြင် အာရုံတို့ကို ပုံသဏ္ဍာန်ပြောင်းလဲကာ ၎င်းတို့ကို မမြင်ရဘဲနှင့် ၎င်းတို့မူလ ပုံစံမျိုး အလားတူ ရုပ်ပုံ၊ ပန်းချီစသည်တို့ကို ပြန်လည်ပုံဖော်နိုင်သော အရည်အချင်း၊
- ကိုယ်ခန္ဓာလှုပ်ရှားမှုဆိုင်ရာဉာဏ်ရည် (Bodily-Kinesthetic) - ကိုယ်ခန္ဓာကို လှုပ်ရှားရာ၌ ကျွမ်းကျင်စွာ ဆောင်ရွက်တတ်သော အရည်အချင်း၊ မိမိ ဖော်ပြလိုသော အကြောင်းအရာတို့ကို ပေါ်လွင်စေရန် ရည်ရွယ်ချက်နှင့်

ရည်မှန်းချက်ကိုဦးတည်မှုပြသော ရည်ရွယ်ချက်တို့အတွက် ကိုယ်ခန္ဓာကို ကျွမ်းကျင်ကျင်လည်စွာ လှုပ်ရှားနိုင်သော အရည်အချင်း၊

- လူအချင်းချင်းပေါင်းသင်းဆက်ဆံမှုဉာဏ်ရည် (Interpersonal)- အခြားသူတို့၏ ရည်ရွယ်ချက်များ၊ သူတို့အား တိုက်တွန်းလှုံ့ဆော်ပေးနိုင်သည့် အရာများ၊ စိတ်နေစိတ်ထားများတို့ကို စူးစမ်း သိမြင်တတ်ပြီး ဆီလျော်စွာ တုံ့ပြန်ဆက်ဆံတတ်သော အရည်အချင်း (လူကဲခတ်တော်သော၊ အရိပ်အကဲနားလည်သော၊ ပေါင်းသင်းဆက်ဆံရေး၌ ပါးနပ်လိမ္မာသော အရည်အချင်း၊)
- မိမိကိုယ်မိမိ ဆန်းစစ်ဝေဖန်တတ်သော ဉာဏ်ရည် (Intrapersonal) - မိမိကိုယ်မိမိ သတိမူ ဝေဖန်ဆန်းစစ်တတ်ပြီး မိမိ၏စိတ်တွင်းပိုင်းဆိုင်ရာ ရှုပ်ထွေးသော ခံစားမှုများ၊ တန်ဖိုးထားမှုများ၊ သက်ဝင်ယုံကြည်မှုများ၊ တွေးခေါ်စဉ်းစားမှုဖြစ်စဉ်များနှင့် သဟဇာတဖြစ်အောင် ညှိနှိုင်းပြုပြင်တတ်သော အရည်အချင်း၊ မိမိစိတ်တွင်းပိုင်းဆိုင်ရာ ဖြစ်ပျက်ခံစားမှုများကို အသုံးပြု၍ မိမိ၏ အပြုအမူကိုပြုပြင်လမ်းညွှန်မှုပြုရန်နှင့် မိမိ၏ ကိုယ်ပိုင်အားသားချက်များ၊ အားနည်းချက်များ၊ လိုအင်ဆန္ဒများနှင့် မိမိ၌ရှိသော ဉာဏ်ရည်များတို့ကို သိရှိနိုင်သော အရည်အချင်း၊
- သဘာဝပတ်ဝန်းကျင်ကို လေးစားချစ်ခင် တန်ဖိုးထားတတ်သော ဉာဏ်ရည် (Naturalist)- သဘာဝပတ်ဝန်းကျင်ထဲရှိ အရာအသီးသီးတို့၏ ရှင်သန်ဖြစ်ထွန်းမှုကို အသိအမှတ်ပြု လေးစားတတ်သော အရည်အချင်း၊ သဘာဝပတ်ဝန်းကျင်ရှိ သက်ရှိသတ္တဝါများ၊ သတ္တုသယံဇာတများ၊ အပင်များနှင့် အခြားသဘာဝ သယံဇာတ ရေမြေတောတောင်တို့ကို အသိအမှတ်ပြု လေးစားတတ်သော အမျိုးအမည် ခွဲခြားတတ်သော အရည်အချင်း၊
- ဖြစ်တည်မှုဆိုင်ရာတွေးခေါ်တတ်သော ဉာဏ်ရည် (Existential)- လူသားတို့ ဖြစ်တည်ပေါ်ပေါက်လာမှုနှင့် ပတ်သက်သောမေးခွန်းများ - ဥပမာ အားဖြင့် “ဘဝ၏အဓိပ္ပာယ်ဆိုသည်မှာ အဘယ် နည်း။” “ကျွန်ုပ်တို့ အဘယ်ကြောင့်သေကြရသနည်း။” နှင့် “ကျွန်ုပ်တို့သည် ဤနေရာ (ကမ္ဘာမြေပေါ်) သို့ မည်သို့ရောက်ရှိလာခဲ့သနည်း။” စသည့်မေးခွန်းများကို သိရှိနားလည်တတ်သော၊ ကိုင်တွယ်ဖြေရှင်းနိုင်သော/အဖြေပေးနိုင်သော အရည်အချင်း၊

၃။ လူတို့ထံ၌ ဉာဏ်ရည်အမျိုးမျိုး အထွေထွေတို့သည် အချိုးအစားအမျိုးမျိုး၊ ပုံသဏ္ဌာန် အမျိုးမျိုးနှင့် ပေါင်းစပ်နေကြသည်။[၁၀] ပေါင်းစပ်ပုံပေါင်းစပ်နည်းမှာ တစ်ဦးနှင့်တစ်ဦး မတူကြပါ။ တစ်ဦးစီတွင် ထူးခြားသောပေါင်းစပ်မှုပုံစံ တစ်မျိုး မျိုးစီရှိကြသည်။ ထိုသို့တစ်ဦးစီ၏ ထူးခြားသော ပေါင်းစပ်မှုပုံစံသည် ထိုသူ၏ သင်ယူမှုဆိုင်ရာ ပိုမိုနှစ်သက်မှုနှင့်လည်း ဆက်စပ်နေပါသည်။ ဤအချက်က ဟန်ချက်ကောင်းစွာညီသော ကမ္ဘာကြီးအဖြစ်သို့ ရောက်ရှိစေသည်။ ဟန်ချက်ညီမျှတသော ကမ္ဘာလောကတွင် ပေါင်းစည်းနေကြသော လူတို့သည် အမျိုးမျိုးသော အကြောင်းအရာ၊ အတတ်ပညာတို့၌ အသီးသီးထူးချွန်ကြသည်။

၄။ ထို့ကြောင့် အဖွဲ့အစည်းများက လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက် နိုင်လာကြသည်။ ပြဿနာစုံကိုလည်းဖြေရှင်းနိုင်လာကြ သည်။ သို့ရာတွင် ဤသမားရိုးကျ နည်းအားဖြင့်/အစဉ်အလာအားဖြင့် စာသင်ခန်း များသည် အချို့သောအသိဉာဏ်အမျိုးအစားများကိုသာ အသိအမှတ်ပြုထားကြ သည်။ အများဆုံး အသိအမှတ်ပြုထားသော ဉာဏ်ရည် အမျိုးအစား များမှာ နှုတ်မှုစွမ်းရည်ဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ ဉာဏ်ရည် (Verbal Linguistic) နှင့် သင်္ချာပညာရပ်ဆိုင်ရာ ဉာဏ်ရည်တို့ဖြစ်ကြသည်။ စံပြုထားသောဉာဏ်ရည် စစ်ဆေးလွှာများက ထိုပညာရပ်နယ်ပယ် (၂) ခုကိုသာ စစ်ဆေးခြင်းဖြစ်သည်။ အခြားအမျိုးအစား ဉာဏ်ရည်ထက်သန်သော ကျောင်းသားများကိုမူ ဉာဏ်လေး သူ၊ စာသင်ယူရာ၌ နှေးကွေးသူများအဖြစ် လွဲမှားစွာ အမျိုးအမည်သတ်မှတ်ခံခဲ့ ကြရသည်။

၅။ ဉာဏ်ရည်အထွေထွေ သီအိုရီအရ ရေးဆွဲထားသော သင်ယူမှုဆိုင်ရာ ဒီဇိုင်းမှာ တစ်ကမ္ဘာလုံးအသုံးပြုနိုင်သော ပုံစံဖြစ်သည်။ ထိုပုံစံအရ ကျောင်းသားများက သင်ယူမှုနည်းလမ်း အသွယ်သွယ် တို့ကို လမ်းလှမ်းမီရယူ သုံးစွဲပြီး အချက်အလက် တို့ကို ရယူမှတ်သားနိုင်သည်။ ထိုအချက်အလက် များကို နားလည်သဘောပေါက် ကြောင်း ပြသနိုင်သည်။ ဤကဲ့သို့ စီစဉ်ထားရှိသော ဉာဏ်ရည် အထွေထွေသီအိုရီ နှင့် အလှည့်အပြောင်း သုံးနိုင်သောသင်ယူမှု ပုံစံအမျိုးမျိုးတို့သည် ခိုင်မာသော ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းများဖြစ်ကြပြီး ကျောင်းသားအားလုံးအတွက် အောင်မြင်မှု ရရှိစေရန် ကူညီထောက်ပံ့ပေးသည်။

---

၁၀ WNET Education. (2004). *Concept to Classroom – Tapping into Multiple Intelligences.*

## သင်ယူမှုလုပ်ငန်း (၆)။ စာသင်ခန်းတွင်း၌ ဉာဏ်ရည်အထွေထွေကိုအသုံးပြုခြင်း

| အချိန် | (၁၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသား (၅) ဦးစီ ပါဝင်သောအုပ်စုများ |

**ရည်ရွယ်ချက် -** ဉာဏ်ရည်အထွေထွေ သီအိုရီကိုစာသင်ခန်းတွင်းလက်တွေ့ကျင့်သုံးတတ်စေရန်

၁။ အတန်းကို ကျောင်းသား (၅) ဦးလျှင် အုပ်စုတစ်စုအဖြစ် အုပ်စုငယ်များဖွဲ့စည်းပြီး ခွဲခြားပေးပါ။ အုပ်စုတစ်ခုစီအား စာရွက်ကြီးတစ်ချပ်စီနှင့် ရောင်စုံမာကာများ (coloured markers) ပေးထားပါ။ အောက်ပါဇာတ်ညွှန်းကို အတန်းသို့ဖတ်ပြပါ။ ဆဋ္ဌမတန်းသင်ခန်းစာမှာ ပစ္စည်းဟောင်းများကို ပြန်လည်ပြုပြင် သုံးစွဲခြင်းအကြောင်း ဖြစ်သည်ဟု စိတ်ကူးယဥ်လိုက်ပါ။

- လိုအပ်သော သတင်းအချက်အလက်များကို ကျောင်းသားများသည် ဝက်ဘ်ဆိုဒ်များ စာအုပ်များနှင့် မဂ္ဂဇင်းများတို့မှ ရှာဖွေ ရရှိကြသည်။
- ကျောင်းမှ ဤသို့ရရှိနိုင်သကဲ့သို့ အခြားကျောင်းတစ်ကျောင်း ဆဋ္ဌမတန်းကျောင်းသားများနှင့် ဆက်သွယ်ပြောဆို၍ သူတို့၏ စီမံချက်အကြောင်း ဆွေးနွေးကြသည်။
- ထို့ပြင် မိဘများ၊ ဆရာများကိုလည်း တွေ့ဆုံမေးမြန်းကြသည်။
- ထို့နောက်အသုံးမဝင်တော့သည့် စွန့်ပစ်စက္ကူများကို ကျောင်းဥယျာဉ်အတွက် မြေဆွေးအဖြစ် အသုံးပြုခြင်းဖြင့် ပစ္စည်းဟောင်းများကို ပြန်လည်သုံးစွဲမှု (recycling) စီမံချက်ကို ဆောင်ရွက်ခဲ့ကြသည်။ ယခုအခါ သူတို့သင်ယူမှုနှင့် ပစ္စည်းကောင်းများကို ပြန်လည်သုံးစွဲမှုအကြောင်း နားလည်သဘောပေါက်မှုကို ပြသရမည်ဖြစ်သည်။

၂။ ထို့နောက်ဆရာကအုပ်စုများကိုသင်ယူမှုလုပ်ငန်းအကြောင်း ရှင်းပြမည်။ ဆရာက "စတော့" ဟု ပြောလိုက်သည့်အခါကျောင်းသားများက ကိုးပွင့်ဆိုင်ဉာဏ်ရည်အထွေထွေထဲမှ ဉာဏ်ရည် တစ်မျိုးကို ဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေ အသုံးပြုပြီး အထက်ပါ ဇာတ်ညွှန်းပါ ပစ္စည်းဟောင်းများကို ပြန်လည်သုံးစွဲခြင်း အကြောင်း ကျောင်းသားများ၏ နားလည်မှုကို ပြသနိုင်မည့်နည်းများအတွက် စဉ်းစားကြရာ

ရရှိလာသော စိတ်ကူးတစ်ခုစီကို ကျောင်းသားတစ်ဦးစီက ပေးထားသော စာရွက်ချပ်ကြီးပေါ်၌ရေးသားကြရမည်ဖြစ်ကြောင်းကို ပြောပြရမည်။ အုပ်စုထဲမှ ကျောင်းသားများသည် ဥဒါဟရဏ်အထွေထွေထဲမှ ဥဒါဟရဏ်အမျိုးအစား တစ်ခုခုကို စာသင်ခန်းတွင်းသို့ ပေါင်းစပ်အသုံးပြုနိုင်မည့် နည်းလမ်းများ ရရှိလာစေရန် အတွက် ဥဒါဟရဏ်ဖွင့်ဆွေးနွေးကြရမည်။ အုပ်စုထဲမှ ပထမကျောင်းသား တစ်ဦးက စတင်၍ စိတ်ကူးတစ်ခုကို ရေးချမည်။ ထို့နောက်မင်တံကို ဒုတိယ ကျောင်းသားထံ ကမ်းပေးပြီး ရေးပြီးသည့်အခါ မင်တံကို တတိယကျောင်းသား ထံ လက်ဆင့်ကမ်းမည်။ နောက်ထပ် စိတ်ကူးတစ်ခု ထပ်မံ ရေးထည့်မည်။ ဤသို့ဖြင့် အုပ်စုထဲမှ ကျောင်းသား (၅) ဦးစလုံးက စိတ်ကူး အသီးသီးရေးကြရမည်။

၃။ ဆရာက “စရေးတော့” ဟုပြောပါ။ အုပ်စုအသီးသီးတို့အား စာရွက်ချပ်ကြီးပေါ်တွင် စိတ်ကူးစိတ်သန်းများရေးချိန် အဖြစ် အချိန် (၃) မိနစ်ပေးပါ။ ထို့နောက် “ရပ်တော့” ဟုပြောလိုက်သောအခါ ကျောင်းသားအားလုံးက ရေးသားခြင်း ကို ရပ်တန့်ရမည်။

၄။ အုပ်စုများအား သူတို့ရေးထားပြီးသည့် နားလည်သဘောပေါက်ကြောင်းပြသနိုင်သည့် နည်းလမ်းများအကြောင်း စိတ်ကူးစိတ်သန်းများကို အရေအတွက် ပေါင်းကြည့်စေမည်။ စိတ်ကူးစိတ်သန်း အရေအတွက် အများဆုံးစဉ်းစားရရှိလာသည့် အုပ်စုအား ၎င်းတို့၏ စိတ်ကူးများကို အတန်းနှင့် မျှဝေရန် ညွှန်ကြားပါ။ ၎င်းတို့သည် စိတ်ကူးစိတ်သန်းအများဆုံး ရရှိသော အုပ်စုဖြစ်သောကြောင့် အနိုင်ရရှိသည်။

၅။ ထို့နောက် အုပ်စုများအား စွန့်ပစ်ပစ္စည်းဟောင်းများ ပြန်လည်သုံးစွဲခြင်း အကြောင်း နားလည်မှုကို ပြသနိုင်ရန်အတွက် ဥဒါဟရဏ် အထွေထွေထဲမှ ဥဒါဟရဏ် (၉) မျိုးအနက် ဥဒါဟရဏ် အရေအတွက် မည်မျှကို အသုံးပြုနိုင်ခဲ့သနည်း ဟုမေးမြန်းပါ။ ဥဒါဟရဏ်အရေအတွက် အများဆုံးသုံးနိုင်ခဲ့သော အုပ်စုကအနိုင်ရရှိမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကြည့်ရှုလေ့လာခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးပြောင်းလဲနိုင်သည်။ သို့ရာတွင် ၎င်းတို့တည်ဆောက်ထားသော သင်ယူမှုလုပ်ငန်းများသည် ဉာဏ်ရည်အမျိုးအစားအသီးသီးနှင့် လိုက်ဖက်ညီညွတ်မှု ရှိသင့်သည်။

## စာသင်ချိန် (၄)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဉာဏ်ရည်အထွေထွေ သီအိုရီသည် ၎င်းနှင့် ခေတ်ပြိုင်ပေါ်ပေါက်လာသော သင်ကြားမှုသင်ယူမှုဆိုင်ရာ အခြားချဉ်းကပ်မှုတစ်ခုနှင့်လည်း ချိတ်ဆက်နေပါသည်။ ထိုချဉ်းကပ်မှုမှာ ကမ္ဘာတစ်ဝန်းလုံးက အသုံးပြုနိုင်သော သင်ယူမှုပုံစံ ဖြစ်သည်။

၂။ "ကမ္ဘာတစ်ဝန်းလုံးက အသုံးပြုနိုင်သော သင်ယူမှုပုံစံ (UDL) သည် လူတို့မည်သို့ သင်ယူတတ်ကြသည်ကို သိပ္ပံနည်းကျ ထိုးထွင်းသိမြင်မှု အပေါ် အခြေခံပြီး လူတိုင်းအတွက် သင်ကြားမှု သင်ယူမှုတို့ကို တတ်နိုင်သမျှ အကောင်းဆုံး ဖြစ်စေရန်နှင့် တိုးတက်ကောင်းမွန်လာစေရန် တည်ဆောက်ထားသော အညွှန်းဘောင်တစ်ခု ဖြစ်သည်။"

၃။ ထို့ပြင် ကမ္ဘာတစ်ဝန်းလုံးက အသုံးပြုနိုင်သော သင်ယူမှုပုံစံသည် သင်ကြားမှု သင်ယူမှုဆိုင်ရာ နည်းလမ်းတစ်ခုလည်းဖြစ်သည်။ ထိုနည်းလမ်းက သင်ယူသူအားလုံးတို့ကို အောင်မြင်မှုအတွေ့အကြုံ ရရှိနိုင်စေရန် တူညီသောအခွင့်အလမ်း

များ ပံ့ပိုးပေးသည်။ သင်ယူရန်အကြောင်းအရာတို့ကို မည်သို့အသုံးပြုသည်၊ မည်သို့ပါဝင်ချိတ်ဆက်သည်နှင့် သင်ယူတတ်မြောက်သွားမှုကို မည်သို့ပြသည် တို့နှင့် ပတ်သက်၍ အလွယ်တကူ ပြုပြင်ပြောင်းလဲနိုင်မှု ရှိခြင်းမှတစ်ဆင့် လူတိုင်းအတွက် အောင်မြင်မှုရရန် အခွင့်အလမ်းများကို တန်းတူညီတူပံ့ပိုးပေးနိုင်သည်။

၄။ ကမ္ဘာတစ်ဝန်းလုံးက အသုံးပြုနိုင်သောသင်ယူမှု ပုံစံ (UDL) ဦးနှောက်ဆောင်ရွက်မှု အခြေခံသော ကွန်ရက် (၃) ခု တွင် အလုပ်လုပ်သည်။

- စိတ်လှုပ်ရှား/ခံစားမှု ဆိုင်ရာကွန်ရက် - ထိုကွန်ရက်က စိတ်ပါလက်ပါ လုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သည်။ သင်ယူသူများကို စေ့ဆော်ပေးခြင်းနှင့် စိတ်ပါလက်ပါဆောင်ရွက်မှု ရရှိလာစေရန် လှုံ့ဆော်ပေးခြင်းတို့နှင့် သက်ဆိုင်သည်။ ကျောင်းသားများ၊ စိတ်ရောကိုယ်ပါ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန် လှုံ့ဆော်ပေးခြင်းတို့နှင့် သက်ဆိုင်သည်။ ကျောင်းသားများ၊ စိတ်ရောကိုယ်ပါ တက်ကြွစွာ ပါဝင်ဆောင်ရွက်လာစေရန်အတွက် ဆရာများက သင်ကြားမှု နည်းလမ်းစုံလင်ဝေဆာစွာ အသုံးပြုသင့်သည်။ ကျောင်းသားများ သင်ခန်းစာ၌ စိတ်ပါဝင်စားလာသည့်အခါတွင်လည်း ထိုစိတ်ဝင်စားမှုကို စွဲမြဲစွာ ထိန်းသိမ်းထားနိုင်ရန် နည်းလမ်းအစုံအလင် အသုံးပြုသင့်သည်။
- အသိအမှတ်ပြုခြင်းကွန်ရက် - ဤကွန်ရက်က အကြောင်းအရာတင်ပြမှုနှင့် သက်ဆိုင်သည်။ အကြောင်းအရာ (သို့မဟုတ်) အချက်အလက်တို့ကို သင်ယူသူတို့ထံ ရောက်ရှိ/ သိရှိသွားအောင် မည်သို့တင်ပြသည်နှင့် ပတ်သက်သည်။ အကြောင်းအရာတင်ပြပုံ တင်ပြနည်း အမျိုးမျိုးရှိ ကြသည်။ အကြောင်းအရာတစ်ခုကို ရေးသားထားသော စာပိုဒ်၊ စာအုပ် အသံသွင်းခွေများ ဗီဒီယိုများနှင့် လက်တွေ့လုပ်ဆောင်သင်ယူခြင်းတို့မှတစ်ဆင့် တင်ပြနိုင်သည်၊ ကျောင်းသားများက အချက်အလက်များကို မည်ကဲ့သို့ ရယူလေ့လာမည်ကို ရွေးချယ်ခွင့်ပေးထားသည်။ ၎င်းတို့ ကြိုက်နှစ်သက်ရာ နည်းလမ်းများကို အသုံးပြု၍ သင်ယူလေ့လာနိုင်ခွင့် ရှိသည်။
- ဗျူဟာကျသော ကွန်ရက် - ဤကွန်ရက်သည် လုပ်ဆောင်မှု ဖော်ပြမှုတို့နှင့် သက်ဆိုင်သည်။ ကျောင်းသားများက မိမိတို့ သိရှိမှုကို ဖော်ပြရန်သုံး

သော နည်းလမ်းများ ဖြစ်ကြသည်။ ဤနေရာတွင်လည်း သူတို့အတွက် သင်ယူရန် အကြောင်းအရာများနှင့် ချိတ်ဆက်ရာတွင်နှင့် သူတို့ တတ်မြောက်မှုသင်ယူမှုကိုဖော်ပြရာတွင် အဆိုပြုနိုင်ရန်အတွက် နည်းလမ်း အစုံကို ပံ့ပိုးပေးထားသင့်သည်။ (CAST, n.d., Morin, n.d.)

၅။ UDL ပုံစံ၌ သင်ကြားမှုသင်ယူမှုဆိုင်ရာ ချဉ်းကပ်မှုများ လွယ်ကူစွာ ပြုပြင်ပြောင်းလဲပေးနိုင်ပြီး ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုကို ပြသနိုင်သော အခွင့်အလမ်းအမျိုးမျိုးတို့ကိုလည်း ပံ့ပိုးပေးထားသောကြောင့် မတူကွဲပြားသော အားသာချက်အသီးသီးနှင့် လိုအပ်ချက်အသီးသီး ရှိကြသည့် ကျောင်းသား အသီးသီးတို့ကို သင်ယူရာ၌ အောင်မြင်စေသည်။ အောင်မြင်မှုတွေ့ကြုံရသည့် ကျောင်းသားအရေအတွက်ကိုလည်း တိုးပွားစေနိုင်သည်။

**သင်ယူမှုလုပ်ငန်း (၇)။ ကမ္ဘာတစ်ဝန်းလုံးကအသုံးပြုနိုင်သော သင်ယူမှုပုံစံနှင့် ဉာဏ်ရည်အထွေထွေ သဘောတရားတို့မှ တစ်ဆင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို ပြသနိုင်သည့် နည်းလမ်းများကို စားပွဲဝိုင်း ဉာဏ်ဖွင့်ဆွေးနွေးနည်းသုံး၍ ရှာဖွေခြင်း**

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၅) ဦးစီပါဝင်သောအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက် -** စာသင်ခန်းတစ်ခုတွင် အသုံးပြုနိုင်သည့် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ စုစည်းထားသည့် အချက်အလက်ဘဏ်တစ်ခု ဖန်တီးနိုင်ရန်

၁။ အတန်းကို အုပ်စုတစ်ခုလျှင် ကျောင်းသား (၅) ဦးစီပါဝင်ဖွဲ့စည်းထားသော ကျောင်းသားအုပ်စု ငယ်များ အဖြစ်သို့ခွဲခြားပါ။

၂။ သင်ခန်းစာ အကြောင်း အောက်ပါ အချက်အလက်များကို ဖတ်ရှုပါ။

ဆဋ္ဌမတန်းသင်ခန်းစာတစ်ခုမှာ အသုံးပြုပြီး ပစ္စည်းဟောင်းများကို ပြန်လည်ပြုပြင်ပြောင်းလဲသုံးစွဲခြင်း (recycling) အကြောင်း ဖြစ်သည်။ လိုအပ်သော အချက်အလက်များကို ကျောင်းသားများက အင်တာနက်ဝက်ဘ်ဆိုက်များ ကျောင်းစာကြည့်တိုက်

မှ စာအုပ်များ၊ မဂ္ဂဇင်းများမှ ရှာဖွေ စုဆောင်းရယူနိုင်သည့်အပြင် အခြားကျောင်းတစ်ကျောင်းမှ ဆဋ္ဌမတန်းကျောင်းသားများနှင့် ဤစီမံချက်အကြောင်း ဆက်သွယ်ပြောဆို ဆွေးနွေးခြင်း၊ မိဘများနှင့် ဆရာများကို တွေ့ဆုံမေးမြန်းခြင်း၊ ကျောင်းဥယျာဉ်အတွက် စက္ကူဟောင်းများ စွန့်ပစ်စက္ကူများကို မြေဆွေးအဖြစ် အသုံးပြုခြင်း၊ ယခုအခါ သူတို့၏ သင်ယူတတ်မြောက်မှုနှင့် ပစ္စည်းဟောင်းများကို ပြန်လည်ပြုပြင်သုံးစွဲမှုအကြောင်း နားလည်မှုတို့ကို ပြသရမည်ဖြစ်သည်။

၃။ အလယ်တန်းကျောင်းသားများအနေနှင့် သင်ခန်းစာအကြောင်းအရာကို သူတို့နားလည်သဘောပေါက်ကြောင်းကို ကမ္ဘာတစ်ဝန်းလုံးအသုံးပြုနိုင်သော သင်ယူမှုပုံစံ/UDL ချဉ်းကပ်မှုတို့ အသုံးပြုကာပြသနိုင်မည်။ နည်းလမ်းများကို အုပ်စုအတွင်း၌ ဉာဏ်ဖွင့် ဆွေးနွေးကြရန် ကျောင်းသားများကို ညွှန်ကြားပါ။ အရည်အချင်းအမျိုးမျိုးကွာခြားကြသော သင်ယူသူများအားလုံး သူတို့၏ နားလည် သဘောပေါက်မှုကို အောင်မြင်စွာပြသနိုင်စေရန် အတွက် UDL ကို အသုံးပြုပြီး နည်းလမ်းများ ရှာပေး ရမည်။

၄။ ဉာဏ်ဖွင့်ဆွေးနွေးခြင်းမှ ရရှိလာသော အဖြေများကိုကျောင်းသားကိုင်စာအုပ်ပါ ဇယား (၂.၁၈) တွင် ထည့်သွင်းရေးသားရမည်။ ကျောင်းသားများသည် ဉာဏ်ရည် အထွေထွေထဲမှ ဉာဏ်ရည် (၉) မျိုး ရှိသည့်အနက် ဉာဏ်ရည် တစ်မျိုးစီအတွက် အနည်းဆုံးစိတ်ကူးစိတ်သန်းတစ်မျိုးစီကို အသုံးပြုသင့်သည်။

၅။ အတန်းကို မူလပုံစံအတိုင်းပြန်လည်ဖွဲ့စည်းပေးပါ။ ဉာဏ်ရည်အထွေထွေထဲမှ ဉာဏ်ရည်တစ်ခုချင်းစီကို ဖတ်ပြလျက် တက်တက်ကြွကြွကူညီတတ်သူ အုပ်စုဝင်များ (Volunteers) အား သူတို့ အဖြေများကို အတန်းနှင့် မျှဝေရန် ညွှန်ကြားပါ။ ကျောင်းသားများအား ၎င်းတို့အဖြေများသည် အခြားနည်းလမ်းများ ရှိလျှင်လည်း ရုပ်ပုံထဲတွင် ထပ်မံဖြည့်သွင်း ရေးသားရန် တိုက်တွန်းအားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးခြားနားနိုင်သော်လည်း သူတို့ဖော်ပြထားသော ဉာဏ်ရည်အမျိုးအစားနှင့် သူတို့ ရေးသားထားသော အဖြေများသည် ကိုက်ညီစေသင့်သည်။

## သင်ယူမှုလုပ်ငန်း (၈)။ ကမ္ဘာတစ်ဝန်းလုံးကအသုံးပြုနိုင်သော သင်ယူမှုပုံစံတစ်ခု ကို ပုံဖော်တည်ဆောက်ခြင်းလုပ်ငန်း (Designing a Universal Design for Learning - UDL)

| အချိန် | (၂၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသား (၅) ဦးစီ ပါဝင်သောအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - UDL ချဉ်းကပ်မှုကို အလယ်တန်းသင်ယူမှုလုပ်ငန်းများ စီစဉ်ရေးဆွဲခြင်း၊ ကျောင်းသားများ၏ သင်ယူလိုစိတ်ထက်သန်လာစေရန် ဆောင်ရွက်ပေးခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်းတို့အတွက် အသုံးပြုရန်

၁။ ယခင်သင်ယူမှုလုပ်ငန်း (၇) တွင် ဖွဲ့ခဲ့သည့်အုပ်စုများအတိုင်း (၅) ယောက်တစ်အုပ်စုအဖြစ် ဆက်လက်ဆောင်ရွက်မည်။ မူလအုပ်စုများကိုပြင်ဖွဲ့စည်းထားနိုင်သည်။

၂။ အုပ်စုတစ်စုစီအား ပိုစတာရေးရန် စာရွက်ချပ်ကြီးတစ်ချပ်စီနှင့် ရောင်စုံမာကာများပေးထားပါ။ ထိုနောက်အုပ်စုများအား အလယ်တန်းကျောင်း သင်ယူမှုလုပ်ငန်းတစ်ခုအဖြစ် "ပွဲတော်များ" ခေါင်းစဉ်နှင့် သက်ဆိုင်သော သင်ယူမှုလုပ်ငန်းတစ်ခုကို ခပ်တိုတိုပြုစုရေးသားစေမည်။ ကမ္ဘာတစ်ဝန်းလုံး သုံးသော သင်ယူမှုပုံစံ (UDL) ကိုအသုံးပြုကာရေးသားရမည်။

- **ကျောင်းသားများ သင်ယူလိုစိတ်ထက်သန်လာစေရန် ဆောင်ရွက်ပေးမှု (Engagement)** - ဆရာများက ကျောင်းသားများအား စေ့ဆော်မှုပေးရန်နှင့် သူတို့ထံ၌ အားတက်သရော စိတ်ပါလက်ပါ သင်ယူလိုစိတ် ပေါ်ပေါက်လာစေရန် နည်းလမ်းအစုံအလင် အသုံးပြုသင့်သည်။ ဤနည်းအားဖြင့်

ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ရေရှည်တည်တံ့စေနိုင်သည်။[၁၁]

- **အချက်အလက်များကိုဖော်ပြမှု (Representation)** - အချက်အလက်များကို နည်းလမ်းမျိုးစုံသုံး၍ ပံ့ပိုးပေးရမည်။ နည်းလမ်းမျိုးစုံတို့တွင် ပြဋ္ဌာန်းစာအုပ်များ၊ သင်ခန်းစာများကို အသံသွင်းထားသော အခွေများ၊ ဗီဒီယိုပြကွက်များနှင့် လက်တွေ့လုပ်ဆောင် သင်ယူမှုလုပ်ငန်းများစသည့် နည်းလမ်းပေါင်း အစုံအလင်ပါဝင်သည်။ ကျောင်းသားများအား သူတို့သင်ယူလိုသည့် နည်းလမ်းကို ရွေးချယ်ခွင့် ပြုပေးထားပြီး သူတို့၏ သက်ဆိုင်ရာ အားသာချက်နှင့် ကိုက်ညီသော နည်းလမ်းများကိုလည်း ရွေးချယ်နိုင်ခွင့်ပြုပေးသည်။
- **ကျောင်းသားများ၏ လုပ်ဆောင်မှုနှင့် နားလည်ကြောင်းဖော်ပြမှု (Action and expression)** - သင်ယူရမည့်အကြောင်းအရာများကို မည်သို့ဆောင်ရွက် သင်ယူလိုသည်ဆိုသော ကျောင်းသားများ၏ ရွေးချယ်မှုများကို ခွင့်ပြုပေးသင့်သည်။ သူတို့သင်ယူတတ်မြောက် သွားမှုကို မည်သို့ပြသလိုသည်ကိုလည်း ခွင့်ပြုပေးသင့်သည်။ (ကျောင်းသားများ ကြိုက်နှစ်သက်ရာ သင်ယူမှုနည်းလမ်းကို ရွေးချယ်ခွင့်ပြုပေးပြီး သူတို့နားလည်မှုကိုလည်း ကြိုက်နှစ်သက်ရာ နည်းလမ်းသုံး၍ ပြသခွင့်ပြုသင့်သည်။

၃။ အုပ်စုများက ဒီဇိုင်းရေးဆွဲပြီးနောက် ပိုစတာ စာရွက်ပေါ်တွင် ရေးသားပြီးသော အခါသူတို့၏ပိုစတာများကို စာသင်ခန်းနံရံပေါ်၌ ကပ်၍ပြသထားရန်ညွှန်ကြားပါ။

၄။ အုပ်စုများက သင်တို့၏သင်ယူမှုလုပ်ငန်းကို ဒီဇိုင်းဆွဲပြီးသောအခါ ပိုစတာများကို စာသင်ခန်း နံရံပေါ်၌ ကပ်၍ ပြသရန် ဆရာက ညွှန်ကြားပါ။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီက သူတို့ရေးဆွဲထားသော ပိုစတာကို အတန်းနှင့် မျှဝေစေလိမ့်မည်။ အတန်းထဲမှ အခြားကျောင်းသားများက သိရှိလိုသည်တို့ကို မေးခွန်းမေးမြန်းနိုင်ပြီး တုံ့ပြန်အကြံပြုချက် ပေးနိုင်ကြသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း

---

၁၁ CAST, n.d; Morin, n.d..

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးပြောင်းလဲမှုရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေအချက်အလက် လေ့လာနည်း အမျိုးမျိုးတို့ကို ရှာဖွေရမည်။ ထိုသို့ရှာဖွေရာတွင် အကြောင်းအရာကို စိတ်ပါဝင်စားစွာ လေ့လာပြီးနောက် လေ့လာမှုများကို နားလည်ကြောင်းကိုပြသတတ်ရမည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ "ကလေးတစ်ဦး၏ဖွံ့ဖြိုးမှု"ဟုပြောမည့်အစား "ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှု"ဟု ကျွန်ုပ်တို့က ပြောကြခြင်းမှာ အဘယ်ကြောင့်ဖြစ်သနည်းဟု ကျောင်းသားများကိုမေးမြန်းပါ။

၂။ ကျောင်းသားများအား "ဉာဏ်ရည်အထွေထွေ"နှင့် "ကမ္ဘာတစ်ဝန်းလုံးကအသုံးပြုနိုင်သော သင်ယူမှုပုံစံ" တို့ကို အဓိပ္ပာယ်သတ်မှတ်ချက်ပေးရန်ညွှန်ကြားပါ။

၃။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။
(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။
(က)(၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှု မြင့်မားစေရန်ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ အရ အခြေအနေနှင့် ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့်နည်းလမ်းများကို ဖော်ပြသည်။

၄။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။
ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်-

- ကလေးများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝသက်တမ်း တစ်လျှောက်ဖွံ့ဖြိုးမှုတို့ကို နှိုင်းယှဉ်တတ်မည်။

- အလယ်တန်းကျောင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုက သင်ယူမှုအပေါ် မည်သို့ သက်ရောက်စေကြောင်း ရှင်းလင်းပြနိုင်ပြီး သင်ကြားမှုအတွက် သွယ်ဝိုက် အသုံးပြုနိုင်မှုများကို သတ်မှတ် ဖော်ထုတ်တတ်မည်။
- ကလေးများ၏ ဉာဏ်ရည်အထွေထွေနှင့်အညီ သူတို့၏ သင်ယူမှုတွင် ထင်ဟပ် ပေါ်လွင်စွာ ဖော်ပြနိုင်မည့်နည်းလမ်းများကို အတိုချုပ်ဖော်ပြတတ်မည်။

## ၂.၃.၂။ သိမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ ကာယ၊ ပေါင်းသင်း ဆက်ဆံရေးနှင့် စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများ

ဤသင်ခန်းစာတွင် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ခုအကြောင်းကို လေ့လာကြမည်။ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ် (၅) ခုကို လေ့လာမည်။ နယ်ပယ်တစ်ခုစီမှ ဖွံ့ဖြိုးမှုဆိုင်ရာ ထူးခြားသော ဝိသေသလက္ခဏာများကို နားလည်သဘောပေါက်သင့်ပါသည်။ ထိုဝိသေသလက္ခဏာများအကြောင်း နားလည်သဘောပေါက်မှုကို အလယ်တန်းကျောင်း သင်ကြားမှု၊ သင်ယူမှုတို့၌ လက်တွေ့အသုံးချနိုင်မည် ဖြစ်ပါသည်။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အလယ်တန်းကျောင်းသားများနှင့် မူလတန်းကျောင်းသားများအတွက် ဖွံ့ဖြိုး မှုနယ်ပယ်ကြီး (၅) ခု ဖြစ်သော၊ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု နှင့် ကာယဖွံ့ဖြိုးမှုနယ်ပယ်များ၏ ထူးခြားသော လက္ခဏာများကို ခွဲခြားသတ်မှတ် ဖော်ထုတ်တတ်မည်။

- ဖွံ့ဖြိုးမှုဆိုင်ရာထူးခြားသောလက္ခဏာများအကြောင်းနားလည်သဘောပေါက်မှုကို အလယ်တန်းကျောင်းသားများအား သင်ကြားပေးရာ၌ လက်တွေ့အသုံးချတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။

(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှု လုပ်ငန်းများကို ပြင်ဆင်သည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန်(၅) ချိန်

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း(၁) - သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုကို ရှုထောင့်မျိုးစုံမှ အဓိပ္ပာယ်သတ်မှတ် ပေးခြင်း

သင်ယူမှုလုပ်ငန်း (၂) -အလယ်တန်းအဆင့် သင်ကြား၊ သင်ယူမှုအတွက် ဥာဏ်ဖွင့်ဆွေးနွေးရမည့် လုပ်ငန်းများ

သင်ယူမှုလုပ်ငန်း (၃) - မိမိ၏ကိုယ်ပိုင် ဘာသာစကားသင်ယူမှုအပေါ် ပြန်လည်သုံးသပ်စဉ်းစားခြင်း

သင်ယူမှုလုပ်ငန်း (၄) - အလယ်တန်းကျောင်းအတွက် အနုသုခုမပညာ အခြေပြုသော ဘာသာစကား သင်ယူမှုလုပ်ငန်းတစ်ခု တည်ဆောက်ခြင်း

သင်ယူမှုလုပ်ငန်း (၅) - အလယ်တန်းကျောင်းသားဘဝ၌ ကာယဖွံ့ဖြိုးမှုအကြောင်းကို တွေး-တွဲ-မျှဝေနည်းသုံး၍ ပြန်လည်သုံးသပ်ခြင်း

သင်ယူမှုလုပ်ငန်း (၆) - ကာယလှုပ်ရှားမှုလုပ်ငန်းတစ်ခုကို ပုံစံချရေးဆွဲခြင်း
သင်ယူမှုလုပ်ငန်း (၇) - ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု ဇာတ်ညွှန်းကို သရုပ်ဆောင်သင်ယူခြင်း
သင်ယူမှုလုပ်ငန်း (၈) - မိမိကိုယ်ကိုရှုမြင်သုံးသပ်သော အယူအဆ (self-concept) အကြောင်းအရာဆက်သွယ်မှု ပြပုံကို ဖန်တီးခြင်း
သင်ယူမှုလုပ်ငန်း (၉) - ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့ အတွက် လုပ်ငန်းများကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၂.၃.၂) မှ “သိမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ ကာယ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများ”ခေါင်းစဉ်ပါ အကြောင်း အရာကို ဖတ်ရှုလေ့လာ ပါ။

**လိုအပ်သောရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - သင်ပုန်းဖြူနှင့် မင်တံ(ဆရာအတွက်)
သင်ယူမှုလုပ်ငန်း (၂) - ဇယား ၂.၂၀။ အလယ်တန်းကျောင်းမှ သင်ယူမှု သင်ကြားမှုအတွက် လုပ်ငန်းများ (ကျောင်းသားကိုင်စာအုပ်)
သင်ယူမှုလုပ်ငန်း (၃) – ဇယား ၂.၂၁။ ဘာသာစကားဖွံ့ဖြိုးမှု (ကျောင်းသားကိုင်စာအုပ်)
သင်ယူမှုလုပ်ငန်း (၄) - ပန်းချီဆွဲရန် ပစ္စည်းအမျိုးမျိုး - ခဲတံများ မာကာများ ရောင်စုံမြေဖြူတောင့် များနှင့် ရောင်စုံခဲတံများ (ဖြစ်နိုင်လျှင်)၊ စာရွက်အမျိုးမျိုး၊ ဂီတတူရိယာ ပစ္စည်း(ဖြစ်နိုင်လျှင်) အသံသွင်းခွေဖွင့်စက်(ဖြစ်နိုင်လျှင်)
သင်ယူမှုလုပ်ငန်း (၅) - ဇယား ၂.၂၂။ အလယ်တန်းကျောင်းသားများ၏ကာယဖွံ့ဖြိုးမှုအပေါ် ပြန်လည် သုံးသပ်စဉ်းစားခြင်း (ကျောင်းသားကိုင်စာအုပ်)
သင်ယူမှုလုပ်ငန်း (၆) - အားကစားပစ္စည်းကိရိယာ ပန်းချီဆွဲ အခန်း/အဆောင်များ
သင်ယူမှုလုပ်ငန်း (၇) – (၆) ဦးပါဝင်သော ကျောင်းသားအုပ်စုတစ်ခုစီအတွက်

စက္ကူကြမ်း တစ်ရွက်စီ နှင့် ရောင်စုံမာကာများ
သင်ယူမှုလုပ်ငန်း (၈) - ကျောင်းသားတစ်ဦးစီအား စက္ကူကြမ်းတစ်ရွက်စီ၊ ရောင်စုံမာကာများ (Coloured markers)၊ မဂ္ဂဇင်းစာအုပ်ဟောင်းများ ရုပ်ပုံပါသော သတင်းစာများ၊ ကတ်ကြေးနှင့် ကော်ဗူး
သင်ယူမှုလုပ်ငန်း (၉) – (၅) ဦးစီပါဝင်သော အုပ်စုတစ်ခုစီအတွက် စက္ကူကြမ်း တစ်ရွက်စီနှင့် ရောင်စုံမာကာများ

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သိမှုဆိုင်ရာဖွံ့ဖြိုးမှုကို အဓိပ္ပာယ်သတ်မှတ်သောနည်းပေါင်းများစွာရှိကြသည်။ ၎င်းတို့ အထဲတွင် အောက်ပါတို့ပါဝင်ကြသည်။
"သိမှုဆိုင်ရာဖွံ့ဖြိုးမှု (cognitive development) ဆိုသည်မှာ လူတစ်စုံတစ်ဦး၌ မွေးရာပါ မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များနှင့် သင်ယူတတ်မြောက်လာသော အချက်အလက်များတို့ ထိတွေ့ဆက်သွယ်ကြရာမှတစ်ဆင့် သူ/သူမ၏ ကမ္ဘာလောကအကြောင်း သိမြင်ပုံ၊ တွေးခေါ်ပုံနှင့် နားလည်သဘောပေါက်မှု ရရှိလာပုံတို့ကို ရည်ညွှန်းသည်။"[၁၂]
"သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ်များအကြား၌ တည်ရှိနေကြသည့် အရာများမှာ အချက်အလက်သစ်များကို ဦးနှောက်တွင်း၌ အဆင့်ဆင့် ချိတ်ဆက်ပေါင်းစည်းစေခြင်း (Information Processing) ဖြစ်စဉ်၊ ဉာဏ်ရည်သုံး၍ ကြောင်း/ကျိုး ဆီလျော်စွာ စဉ်းစားတတ်ခြင်း (ဆင်ခြင်ခြင်း)၊ ဘာသာစကားဖွံ့ဖြိုးမှုနှင့် မှတ်ဉာဏ်တို့ဖြစ်သည်။"[၁၃]

၁၂ Wells,n.d. https://www.encyclopedia.com/medicine/divisions-diagnostics-and-procedures/medicine/cognitive-development
၁၃ Wells,n.d. https://www.encyclopedia.com/medicine/divisions-diagnostics-and-procedures/medicine/cognitive-development

“သိမှုဆိုင်ရာဖွံ့ဖြိုးမှု (cognitive development) ဆိုသည်မှာ ကလေးဘဝတွင် တွေ့ရသော ဦးနှောက်နှင့် အာရုံကြောဆိုင်ရာနှင့် စိတ်ပညာဆိုင်ရာဖွံ့ဖြိုးမှုတို့ကို လေ့လာသော ဘာသာရပ်ဖြစ်သည်။ ကလေးတစ်ဦး၏ စိတ်ကူးနိုင်စွမ်း၊ သိမြင်နားလည်နိုင်စွမ်း၊ အချက်အလက်သစ်များကို အဆင့်ဆင့်ချိတ်ဆက်ပေါင်းစည်း (သိမှတ်) နိုင်စွမ်း နှင့် ဘာသာစကားအသုံးပြုနိုင်စွမ်း အတိုင်းအတာ/အဆင့်တို့ပေါ် အခြေခံ၍ ၎င်း၏သိမှုဆိုင်ရာဖွံ့ဖြိုးမှုကို စစ်ဆေးအကဲဖြတ်နိုင်သည်။ ထိုအချက်တို့သည် ဦးနှောက် ဖွံ့ဖြိုးလာမှု၏ အညွှန်းကိန်းများဖြစ်ကြသည်။ သိမှုဆိုင်ရာဖွံ့ဖြိုးမှုသည် အသက်အရွယ်အလိုက် ပိုမိုဖွံ့ဖြိုးလာသည်။ အသက်အရွယ်ကြီးလာလေ သိမှုဆိုင်ရာဖွံ့ဖြိုးမှု တိုးတက်လာလေဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလောကအကြောင်း လူတို့သိမြင်လာမှုနှင့် နားလည်သဘောပေါက်လာမှုတို့သည် မွေးကင်းစအရွယ်မှ (ကလေးသူငယ်အရွယ်တို့မှ) တစ်ဆင့် ပျိုဖော်ဝင်ရွယ်သို့ တဖြည်းဖြည်းကြီးပြင်းလာသည်နှင့်အမျှ တစ်စတစ်စနှင့် ပိုမိုတိုးပွားလာ သောကြောင့်ဖြစ်ပါသည်။”[၁၄]

“သိမှုဆိုင်ရာဖွံ့ဖြိုးမှု (cognitive development) ဆိုသည်မှာ ကလေးများ၏ စဉ်းစားပုံ၊ စူးစမ်းလေ့လာပုံနှင့် ပြဿနာဖြေရှင်းတတ်ပုံတို့ကို ဆိုလိုသည်။ ကလေးများအား ၎င်းတို့ ပတ်ဝန်းကျင်ရှိ ကမ္ဘာလောကအကြောင်း စဉ်းစားတတ်ရန်နှင့် နားလည်သဘောပေါက်လာတတ်စေရန် အထောက်အကူပြုမည့် အသိပညာကျွမ်းကျင်မှု၊ ပြဿနာဖြေရှင်းတတ်မှုနှင့် ပင်ကိုစရိုက် (ကိုင်းညွှတ်မှု) တို့ ဖွံ့ဖြိုးလာမှုကို ဆိုလိုသည်။ ဦးနှောက်ဖွံ့ဖြိုးလာမှုသည်လည်း သိမှုဆိုင်ရာဖွံ့ဖြိုးမှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။”[၁၅]

---

၁၄ Biology Dictionary,n.d. https://biologydictionary.net/cognitive-development/

၁၅ Help Me Grow,n.d. http://helpmegrowmn.org/HMG/HelpfulRes/Articles/WhatCognitiveDev/index.html

## သင်ယူမှုလုပ်ငန်း (၁)။ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုကို ရှုထောင့်မျိုးစုံမှ အဓိပ္ပာယ် သတ်မှတ် ပေးခြင်း

| | |
|---|---|
| **အချိန်** | ၂၀ မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စု (၉) စု |

**ရည်ရွယ်ချက်** - သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုအကြောင်းနားလည်မှုကို ရှုထောင့်ပေါင်းစုံမှ ဖော်ပြတတ်စေရန်

၁။ အတန်းကို အုပ်စု (၉) စုအဖြစ်ခွဲခြမ်းပါ။ သတ်မှတ်ဖော်ထုတ်ထားသော ဉာဏ်ရည်အမျိုးအစား ပေါ်မူတည်၍ တတ်နိုင်သမျှ (၉) စုရအောင် ခွဲခြမ်းပါ။ သို့ရာတွင် အုပ်စုတစ်ခုစီ၌ ပါဝင်သူ အရေအတွက်သည် အတန်အသင့် တူညီစေသင့်သည်။ ထို့ကြောင့် ကျောင်းသားအချို့ကို သူတို့၏ ဒုတိယအနှစ်သက်ဆုံး ဉာဏ်ရည်အုပ်စုသို့ ပါဝင်ရသည်များလည်းရှိနိုင်သည်။ အုပ်စုများမှာ နှုတ်မှုစွမ်းရည်ဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာဉာဏ်ရည်၊ ကြောင်းကျိုးဆက်စပ်မှုနှင့် သင်္ချာပညာရပ်ဆိုင်ရာဉာဏ်ရည်၊ ဂီတဉာဏ်ရည်၊ ပုံဖော်မှုဉာဏ်ရည်၊ ကိုယ်ခန္ဓာလှုပ်ရှားရာ၌ ကျွမ်းကျင်မှုဉာဏ်ရည်၊ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရေးဉာဏ်ရည်၊ မိမိကိုယ်မိမိ ဆန်းစစ်ဝေဖန်တတ်မှုဉာဏ်ရည်၊ သဘာဝပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားတတ်မှုဉာဏ်ရည် နှင့် ဖြစ်တည်မှုကို တွေးခေါ်တတ်မှုဉာဏ်ရည်တို့ ဖြစ်ကြသည်။

၂။ အုပ်စုတစ်ခုစီအား သူတို့၏ ဉာဏ်ရည်၌ပါရှိသော အချက်များကို ပြန်လည်သုံးသပ်စေပြီးနောက် သိမှုဆိုင်ရာဖွံ့ဖြိုးမှုကို ၎င်းတို့၏ ဉာဏ်ရည်ရှုထောင့်မှ အဓိပ္ပာယ်သတ်မှတ်နည်းတစ်ခုကို စဉ်းစားပေးရန် ညွှန်ကြားပါ။

၃။ အုပ်စုတစ်ခုစီက ၎င်းတို့၏ ဉာဏ်ရည်ရှုထောင့်မှနေ၍ သိမှုဆိုင်ရာဖွံ့ဖြိုးမှုကို အဓိပ္ပာယ် သတ်မှတ်ပြီးကြသောအခါ အတန်းကို ပြန်လည်ပေါင်းစည်းပေးပါ။ တစ်ကြိမ်လျှင်အုပ်စုတစ်ခုစီ အလှည့်ကျ ခေါ်ယူပြီး သူတို့ရေးသားထားသော သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ် သတ်မှတ်ချက်ကို တစ်တန်းလုံးနှင့် မျှဝေစေရမည်။

၄။ အတန်းထဲမှ အားလုံးတညီတညာတည်းအတည်ပြု သဘောတူထားသည့် သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ရရှိလျှင် ဆရာက သင်ပုန်းပေါ်၌ ရေးပြပြီး အတန်းကို လွှတ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

- နှုတ်မှုဆိုင်ရာ ဘာသာစကားဆိုင်ရာ - စာရေးခြင်း (သို့မဟုတ်) စကားပြောခြင်း
- သင်္ချာ-ယုတ္တိဗေဒအုပ်စု -စာရေးခြင်းနှင့် ညီမျှခြင်းရေးခြင်း၊ ကျိုးကြောင်းယုတ္တိတန်ပြီး သိပ္ပံနည်းကျမှု အခြေခံသော ရှင်းလင်းပြမှု
- ဂီတ - သီချင်းဆိုခြင်း (သို့မဟုတ်) ချူသံ၊ ဂါထာရွတ်ခြင်း၊ မန္တန်ရွတ်ခြင်း
- ပုံဖော် - ပုံဆွဲခြင်း၊ သရုပ်ဖော်ပုံဆွဲခြင်း
- ကိုယ်ခန္ဓာလှုပ်ရှားမှု - လှုပ်ရှားမှုပြုခြင်း (သို့မဟုတ်) ကကွက်တစ်ခု
- ပေါင်းသင်းဆက်ဆံရေး - သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုကို အဓိပ္ပာယ်သတ်မှတ်ရန် အခြားသူများနှင့် အတူတွဲ၍ ဆောင်ရွက်ခြင်း
- မိမိကိုယ်ကိုသိရှိဝေဖန်ခြင်း - သိမှုဆိုင်ရာဖွံ့ဖြိုးမှုအဓိပ္ပာယ်ကို တစ်ဦးချင်း ပြန်လည်သုံးသပ်ခြင်း
- သဘာဝကိုလေးစားချစ်ခင်ခြင်း - သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုကို သဘာဝ နှင့် ဆက်စပ်ခြင်း ဥပမာ ကျွန်ုပ်တို့၏ ရောက်ရှိနေသော ဖွံ့ဖြိုးမှုအဆင့်အလိုက် သဘာဝပတ်ဝန်းကျင်ကို ခံယူပုံ
- ဖြစ်တည်မှုဆိုင်ရာ - ကျွန်ုပ်တို့ သိမှုဖွံ့ဖြိုးလာသောအခါ ဘဝ၏ အဓိပ္ပာယ် လွတ်လပ်မှုစသည့် တို့ကို စဉ်းစားတွေးခေါ်နိုင်မှု ပိုမိုများပြားလာသည်။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သိမှုဆိုင်ရာဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ အဓိကကျသော သီအိုရီ (၄) ခုရှိသည်။

- ပီယာဂျေး၏သိမှုဆိုင်ရာဖွံ့ဖြိုးမှုသီအိုရီ (Cognitive Developmental Theory)
- ဗီဂေါ့စကီး (Lev Vegotsky) ၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သီအိုရီ (Sociocultural Theory)
- ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model)

၂။ အလယ်တန်းကျောင်းသားများ၏သိမှုဆိုင်ရာ ထူးခြားချက်များတွင် အောက်ပါတို့ ပါဝင်ကြသည်။

- စွမ်းအား (Power) နှင့် " ဩဇာလွှမ်းမိုးမှု" (Influence) စသည့် အယူအဆများကို စတင် နားလည်သဘောပေါက်လာကြသည်။
- အရာရာတို့ကို အပေါ်ယံမြင်ရသော တန်ဖိုး (Face value) (သို့မဟုတ်) အသွင်သဏ္ဍာန် မြင်ရသည့်အတိုင်းလက်ခံယုံကြည်ခြင်းထက် ထိုအရာတို့၏ အဓိပ္ပာယ်အစစ်အမှန်ကို စတင်၍ မေးခွန်းထုတ်တတ်လာကြသည်။ ကြောင်းကျိုးဆီလျော်စွာ တွေးခေါ်တတ်စပြုလာ သည်။
- သူတို့ပြုမူဆောင်ရွက်ချက်များ၏ နောက်ဆက်တွဲရလဒ်များ (အကျိုးနှင့်အပြစ်များ) အကြောင်း ကို စတင်နားလည်သဘောပေါက်လာကြသည်။
- ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့်စစ်မက်ဖြစ်ပွားမှုစသည့် ပြဿနာအသွင်ဆောင် ဖြစ်ရပ်များ/အကြောင်းအရာများအကြောင်း စတင်၍ စိတ်ပူပန်စိုးရိမ်လာတတ်ကြသည်။ (ကြောက်ရမှန်းသိလာကြသည်။)
- ပိုမိုကောင်းမွန်သည့် မှတ်ဉာဏ်အထောက်အကူပြုကျွမ်းကျင်မှုများရရှိလာကြသည်။
- လေ့နှံ့ခားထစ်ပုံသေစဉ်းစားမှုထက်လိုအပ်သလို လှည့်ပြောင်းစဉ်းစားတတ်လာပြီး အတွေးအမြင်များ စိတ်ကူးစိတ်သန်းများကို အပြောင်းအလဲလုပ်တတ်လာသည်။

- သူတို့တန်ဖိုးထားတတ်သော အရာများနှင့် သူတို့၏လောကအပေါ် ရှုမြင်သုံးသပ်မှု (ထင်မြင်ချက်) များကို စတင်စဉ်းစားတွေးခေါ်တတ်လာပြီး လောကအတွက် သူတို့ မည်သို့ ပါဝင်ဆောင်ရွက်အကျိုးပြု ရမည်ကိုလည်း စဉ်းစားတတ်လာကြသည်။
- ဝင်ငွေရှာမှုတွင် စိတ်ပါဝင်စားလာကြသည်။[၁၆]

၃။ ဤအချက်များအပေါ်တွင် အခြေခံ၍ အလယ်တန်းကျောင်းသင်ယူမှုသင်ကြားမှုများတွင် သွယ်ဝိုက် ရည်ညွှန်းမှု/အသုံးပြုနိုင်မှုများ တွင် အောက်ပါအချက်တို့ ပါဝင်ကြသည်။

- ကျောင်းသားများအား ထိုနည်းစဉ်တစ်ခုထဲမှ အဆင့်များကို မှတ်သားထားစေခြင်း၊ အခြား သူများနှင့် စိတ်ကူး/အတွေးအမြင်များ မျှဝေစေခြင်း၊ မိမိတို့ကိုယ်ပိုင်ဆင်ခြင်စဉ်းစားမှုနှင့် အခြားသူတို့၏ ဆင်ခြင်စဉ်းစားမှုများကို အကဲဖြတ် သုံးသပ်စေခြင်းတို့အားဖြင့် သူတို့၏ မှတ်ဉာဏ်ထက်မြက်လာမှုရှိစေရန် အကူအညီပေးနိုင်သည်။ မှတ်ဉာဏ်နှင့် ထပ်ကြိမ် များစွာဖြစ်ပေါ်သော တွေးခေါ်မှု (သိမြင်နားလည်လာမှု)တို့ကို ဖွံ့ဖြိုးလာစေရန် ဆရာက ကူညီဆောင်ရွက်ပေးနိုင်သည်။
- ထိရောက်သော သင်ယူမှုအပြုအမူတို့ကို နမူနာ ဆောင်ရွက်ပြပါ။ သိမှုဆိုင်ရာ လုပ်ငန်းစဉ် များကို ထင်ရှားစွာ ပြသနိုင်မည့် လုပ်ငန်းများကို သင်တွေးမိသည့်အတိုင်း ပြောပြပါ။
- ကျောင်းသားများ၏ သင်ယူမှုအကြောင်းဆွေးနွေးမှုကို အားပေးပါ။
- ဘာသာရပ်သင်ယူမှု၌ အားသာချက်ရှိသော ကျောင်းသားများက အားနည်းချက်ရှိသော ကျောင်းသားများကို အချင်းချင်း စာပြပေးခြင်းနှင့် အတူလက်တွဲစာလေ့လာခြင်း စသည့် အကျိုးကျေးဇူးဖြစ်ထွန်းစေသော အပြုအမူများကို သင်ယူမှု နမူနာများအဖြစ် အထူး အလေးထား ဖော်ပြပါ။
- ရည်မှန်းချက်တစ်ခုသို့ရောက်အောင် ဦးတည်ဆောင်ရွက်ရာ၌ တိုးတက်မှုကို စောင့်ကြည့် လေ့လာနိုင်စေရန် ကျောင်းသားများအား ကိုယ်တိုင်စောင့်ကြည့်လေ့လာမှု/ ကိုယ်တိုင်ပုံမှန် လည်ပတ်ဆောင်ရွက်မှုဆိုင်ရာ အထောက်အကူပြုကိရိယာများ အသုံးပြုတတ်စေရေးကို ဆရာက

[၁၆] Morin, n.d.

သင်ကြားပေးနိုင်သည်။ဥပမာအားဖြင့် တိုက်ဆိုင်စစ်ဆေးကြည့်ရန် စာရင်း (စစ်ဆေးရမည့်စာရင်း)နှင့် ပြန်လည်သုံးသပ်စဉ်းစားရန်မေးခွန်း စသည်တို့ကို ပံ့ပိုးပေးရမည်။ ဤလုပ်ငန်းသည် ရည်မှန်းချက် (ပန်းတိုင်) တစ်ခုစီသို့ ဦးတည်ဆောင်ရွက် ရာတွင် သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ကိုယ်တိုင်ပုံမှန်လည်ပတ်ဆောင်ရွက်မှု (သို့မဟုတ်) တိုးတက်မှုကို ကိုယ်တိုင်စောင့်ကြည့်လေ့လာမှုပြုသော ပုံစံတစ်မျိုးဖြစ်သည်။ "ကလေးများသည် ထိရောက်သော ကိုယ်ပိုင်ပုံမှန်လည်ပတ်ဆောင်ရွက်မှု (မိမိအသိစိတ်ဖြင့် သင်ယူတတ်မှု) (Self regulatory) တွင် ကျွမ်းကျင်လာသောအခါ ပညာရေးဆိုင်ရာလေ့လာမှု၌ ကိုယ်တိုင်ထက်မြက်စွာ ဆောင်ရွက်တတ်သော အသိတရား ကြွယ်ဝလာမည်ဖြစ်သည်။ တစ်နည်းဆိုသော် သူတို့၏ အနာဂတ်ကာလ သင်ယူမှုလုပ်ငန်းကို သူတို့ ကိုယ်ပိုင်အရည်အချင်းကို စိတ်ချယုံကြည်မှု အပြည့်ရှိလာခြင်းဖြင့် ကိုယ်တိုင်ပုံမှန်လည်ပတ်ဆောင်ရွက်ရာတွင် များစွာ အထောက်အပံ့ဖြစ်စေနိုင်သည်။" ၁၇

- ကျွမ်းကျင်မှုများကို ရှင်းလင်းပီပြင်စွာ သတ်မှတ်ပေးပါ။ အောင်မြင်မှုကို ပြသနိုင်မည့် ပီပြင်ပြတ်သားသော အညွှန်းကိန်းများ ပံ့ပိုးပေးပါ။
- သင်ယူမှုသည် အဆင့်မြင့်တွေးခေါ်ရာ၌ ကျွမ်းကျင်မှုများ ရရှိလာရေးကို အလေးထား သင့်သည်။
- ဆုံးဖြတ်ချက်ချမှတ်ရာ၌ ကျွမ်းကျင်မှုများကို သင်ကြားပေးသင့်သည်။

### သင်ယူမှုလုပ်ငန်း (၂)။ အလယ်တန်းအဆင့် သင်ကြား၊ သင်ယူမှုအတွက် ဉာဏ်ဖွင့်ဆွေးနွေး ရမည့်လုပ်ငန်းများ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၅) ဦးစီပါဝင်သောအုပ်စုများ |

**ရည်ရွယ်ချက် -** အလယ်တန်းကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုအကြောင်း နားလည်မှုကို အလယ်တန်းကျောင်းသားများအတွက် သင်ယူမှုလုပ်ငန်းများ ရေးဆွဲပြင်ဆင်ရာတွင် အသုံးချတတ်ရန်

၁၇ Berk, 2018, p. 313.

၁။ ကျောင်းသားကိုင်စာအုပ်ပါ ဇယား (၂.၂၀) အလယ်တန်းကျောင်းမှသင်ယူမှု သင်ကြားမှုအတွက် လုပ်ငန်းများကို အခြေခံ၍ ဆွေးနွေးပါ။ ကျောင်းသားများအား ကျယ်ပြန့်စွာ တွေးခေါ်စေပြီး ဉာဏ်ရည်အထွေထွေထဲမှ ဉာဏ်ရည်အမျိုးအစား အစုံအလင်တို့အတွက် သင်ယူမှုလုပ်ငန်းများကို တည်ဆောက်တတ်စေရန် အားပေးတိုက်တွန်းပါ။ နှုတ်မှုဆိုင်ရာ ဘာသာစကား ဆိုင်ရာဉာဏ်ရည် (သို့မဟုတ်) သင်္ချာနှင့် ယုတ္တိဗေဒဆိုင်ရာ ဉာဏ်ရည် စသည်ဖြင့် အမျိုးအစား (၁) ခုတည်း (၂) ခုတည်းအတွက် သာမက အမျိုးအမည် စုံစုံလင်လင် တို့အတွက် သင်ယူမှုလုပ်ငန်းများတည်ဆောက်ရေးသားတတ်စေရန် အားပေး ပါ။

၂။ ထူးခြားသော လက္ခဏာတစ်ရပ်အတွက် သင့်တော်မည့် သင်ယူမှုလုပ်ငန်းတစ်ခုကို ရွေးချယ်ပြီးသည့်အခါ ထိုလုပ်ငန်းကို သူတို့၏ ကျောင်းသားကိုင်စာအုပ်မှ ဇယား (၂.၂၀) အတွင်း ရေးသား စေရမည်။

၃။ အတန်းကို ပြန်လည်ပေါင်းစည်းပြီး ထူးခြားသောလက္ခဏာတစ်ခုစီအတွက် သင်ယူမှုလုပ်ငန်းများကို မျှဝေရန် ဆန္ဒရှိသူများအား ဖိတ်ခေါ်၍ သူတို့ စိတ်ကြိုက် မျှဝေစေမည်။

၄။ အလယ်တန်းကျောင်းသားများ၏သိမှုကို ပိုမိုဖွံ့ဖြိုးလာစေပြီး သူတို့ဖွံ့ဖြိုးမှုအဆင့်နှင့်သင့်တော်သော သင်ယူမှုလုပ်ငန်းများကို ပုံစံများရေးဆွဲ တည်ဆောက်တတ်စေရန်အတွက် သင်ယူသူများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုအကြောင်း နားလည်မှု၏ အရေးပါပုံကို ပြန်လည်ဖော်ပြပြီး ဤလုပ်ငန်း ကို အပြီးသတ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

သင်ယူမှုလုပ်ငန်းများသည် ဝိသေသလက္ခဏာများနှင့် ပီပြင်ရှင်းလင်းစွာ ဆက်စပ်မှုရှိရမည်။ ဥပမာ - အလယ်တန်းကျောင်းသားများသည် ဝင်ငွေရရှိရန် စိတ်ဝင်စားကြသည်ဆိုလျှင် သင်ဖန်တီးသော သင်ယူမှုလုပ်ငန်းတွင် ဝင်ငွေရရှိစေမည့် ကျောင်းဥယျာဉ်၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း၊ သစ်သီးဝလံများ စိုက်ပျိုးခြင်း စသည်တို့ ပါဝင်စေသင့်သည်။ ဤနည်းအားဖြင့်

ကျောင်းအဖွဲ့အစည်းက ပရဟိတအဖွဲ့အစည်းများကို လှူဒါန်းရန် ရန်ပုံငွေတချို့ရလာနိုင်သည်။ အုပ်စုများက ဖန်တီးတည်ဆောက်ထားသော သင်ယူမှုလုပ်ငန်းများသည် ဉာဏ်ရည် အထွေထွေ၏ ဉာဏ်ရည်အမျိုးအစား (၉) မျိုးအနက် ဉာဏ်ရည် (၉) မျိုး စလုံးကိုဖြစ်စေ (သို့မဟုတ်) ဉာဏ်ရည် အမျိုးအစားအများစုကိုဖြစ်စေ အသုံးပြုထားသည့် လုပ်ငန်းများ ဖြစ်သင့်သည်။ သို့မှသာလျှင် ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ ပိုမိုနှစ်သက်မှုများကို ဖော်ထုတ်ဆွဲဆောင်နိုင်မည်ဖြစ်သည်။

**စာသင်ချိန်(၂)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဘာသာစကားဖွံ့ဖြိုးမှုဆိုသည်မှာ ကလေးများအား ဘာသာစကားတစ်ခုကို တတ်မြောက်ရရှိလာစေသည့် ဖြစ်စဉ်များကို ခေါ်သည်။ ဘာသာစကား တတ်မြောက်ရရှိလာမှုတွင် အောက်ပါတို့ပါဝင်ကြသည်။

(က) အသံ - ဘာသာစကားတစ်ခု အသုံးပြုနေသောအသံများ

(ခ) အဓိပ္ပာယ်ကျယ်ဝန်းမှု (Semantics) - စကားလုံးများ၏အနက်အဓိပ္ပာယ်နှင့်

(ဂ) ဝါကျဖွဲ့ထုံး (syntax) - ဝါကျများ တည်ဆောက်ပုံ

၂။ ဘာသာစကားတတ်မြောက်ရရှိလာမှု (Language Acquisition) တွင်ပါဝင်သော ကျွမ်းကျင်မှု များမှာ

- အနာအကြားကျွမ်းကျင်မှု (အကြားစွမ်းရည်) (Listening Skill) - လက်ခံရယူမှုပြုရသော ဘာသာစကားကျွမ်းကျင်မှု တစ်မျိုးဖြစ်ပြီး နားနှင့် ဦးနှောက်တို့ကို အသုံးပြုရန် လိုအပ်သည်။
- အပြောအဆိုကျွမ်းကျင်မှု (အပြောစွမ်းရည်) (Speaking Skill) - ထုတ်လုပ်မှုပြုရသော ဘာသာစကားကျွမ်းကျင်မှု တစ်မျိုးဖြစ်ပြီး အသံပြွန် (လမ်းကြောင်း) (Vocal Track) နှင့် ဦးနှောက်တို့ကို အသုံးပြုရန်လိုအပ်သည်။

- အဖတ်အရွတ်ကျွမ်းကျင်မှု (Reading Skill) - လက်ခံရယူမှုပြုရသော ဘာသာစကား ကျွမ်းကျင်မှု နောက်ထပ်တစ်မျိုးဖြစ်သည်။ မျက်စေ့နှင့် ဦးနှောက် ကို အသုံးပြု၍ ရေးသားထားသော ဘာသာစကားကို နားလည်သဘောပေါက်အောင်ဆောင်ရွက်ရသည့် ကျွမ်းကျင်မှုဖြစ်သည်။
- အရေးအသားကျွမ်းကျင်မှု (Writing Skill) - ဖန်တီးထုတ်လုပ်မှုပြုရသော ဘာသာစကား ကျွမ်းကျင်မှု နောက်ထပ်တစ်မျိုးဖြစ်သည်။ လက်များနှင့် ဦးနှောက်ကို အသုံးပြုရန် လိုအပ်သည်။

၃။ ဘာသာစကားဖွံ့ဖြိုးမှုကို လွှမ်းမိုးထားသော အကြောင်းအရင်းအများအပြားရှိကြသည်။ ဤအကြောင်းရင်းများမှာ[၁၈]

- ကျန်းမာရေးနှင့် ကာယဖွံ့ဖြိုးမှု
- ပတ်ဝန်းကျင်
- သိမှုဆိုင်ရာ အရည်အချင်း/ဉာဏ်ရည်နှင့်ဆိုင်ရာအရည်အချင်း
- ကျား/မ ရေးရာ
- ညီအစ်ကိုမောင်နှမအရေအတွက် (မွေးချင်းအရေအတွက်)
- လုပ်ချင်ကိုင်ချင်စိတ်ရှိခြင်း
- ဘာသာစကား (၂) မျိုး တတ်ခြင်း

၄။ အလယ်တန်းကျောင်းများတွင် ကျောင်းဝင်း ကျောင်းပြင်ပ ပတ်ဝန်းကျင်နှင့် အိမ်မှ အတွေ့အကြုံများမှ တစ်ဆင့် ဘာသာစကားနှင့် သဒ္ဒါအပိုင်းတို့တွင် ပို၍ အသေးစိတ်အကျယ်တဝင့် သင်ယူလာကြသည်။ ပိုမိုပြေပြစ်စွာလည်း သုံးတတ်လာကြသည်။

၅။ အလယ်တန်းကျောင်းသား ဘာသာစကား သင်ယူသူများ၏ ထူးခြားသော အရည်အသွေးများမှာ[၁၉]

- စကားပြောရာတွင် တူညီသော အရည်အချင်းတို့ကို ထပ်တူပြု တင်စားမှုများ (metaphor)၊ ဗန်းစကားများ (Slang) နှင့် စာသားဆန်သော စကားများကို အသုံးပြုကြခြင်း
- စိတ်ပူပန်ဖွယ် အကြောင်းအရာများ (ပြဿနာများ) ကို ဆွေးနွေးလိုခြင်း၊ စကားစစ်ထိုးလိုခြင်း နှင့် ငြင်းခုန်လိုခြင်း

---

၁၈ Study.com. (n.d.). *Factors Influencing Language & Literacy Development in Early Childhood*. Retrieved from https://study.com/academy/lesson/factors-influencing-language-literacy-development-in-early-childhood.html

၁၉ Morin (n.d.)

- နှုတ်အားဖြင့် ပြောလိုက်သော အရိပ်အမြွက်/အချက်ပြစကားလုံးများ (verbal cues) နှင့် နှုတ်ဖြင့်ပြောထားခြင်းမရှိသော အရိပ်အမြွက်/အချက်ပြစကားလုံးများ (non-verbal cues) (ရေးထားသော အရိပ်အမြွက်များ) ကို စတင်၍ အာရုံပိုစိုက်တတ်လာခြင်း
- ဖြစ်နိုင်ခြေအမျိုးမျိုးတို့ကို ပြောဆို (ဆွေးနွေး) ကြခြင်းအားဖြင့် ပြဿနာများကို ဖြေရှင်း တတ်လာခြင်း
- ဝေါဟာရတည်ဆောက်မှုနှင့် သဒ္ဒါနည်းလေ့လာမှုတို့ကို ဆက်လက်ဆောင်ရွက်ခြင်း
- သူတို့၏ ကိုယ်တွေ့/ကိုယ်ပိုင်အတွေ့အကြုံများကို စတင်ရေးသားခြင်း

၆။ အလယ်တန်းကျောင်း ဘာသာစကား သင်ကြားမှုတွင် သဘောတရားလေးခု ရှိပါသည်။ ၎င်းတို့မှာအောက်ပါအတိုင်းဖြစ်ကြသည်။[၂၀] လေးနက်စွာ ဝေဖန်စိစစ်မှု သုံးပြီး စဉ်းစားတတ်ရန်နှင့် ဖော်ပြတတ်စေရန် ကျောင်းသားများကို ကူညီပေးပါ။

ကျောင်းသားများ၌ သူတို့စိတ်ကူး အတွေးအမြင်များကို ဖွံ့ဖြိုးလာစေရန်နှင့် အခြားသူတို့အား ပြောပြတတ်စေရန်နှင့် အခွင့်အလမ်းများလိုအပ်သည်။ ကျောင်းသားများ၏ တွေးခေါ်မှုကို ပိုမိုအဆင့်မြင့်လာအောင် မွမ်းမံနိုင်စေရန်အတွက် ရေးသားထားသော စာပိုဒ်များနှင့် နှုတ်ဖြင့် ပြောကြားလိုက်သော အကြောင်းအရာများကို ဆွေးနွေးခြင်း၊ အနက်အဓိပ္ပာယ်ကောက်ယူခြင်းတို့ ပြုနိုင်သည်။ အခွင့်အလမ်းများကို ဆရာကပေးထားရမည်။ ဤနည်းအားဖြင့် သူတို့သည် အမှီအခိုကင်းစွာ တွေးခေါ်တတ်သော လေးနက်စွာ ဝေဖန် ဆန်းစစ်တတ်သော ကျောင်းသားများ ဖြစ်လာကြသည်။

- သူတို့အား ဤကဲ့သို့သော မေးခွန်းမျိုးမေးပါ။ ဤစိတ်ကူးအတွေးအမြင်ကို မည်ကဲ့သို့ ရရှိခဲ့သနည်း။ အခြားမည်သည့်နည်းလမ်း တစ်မျိုးဖြင့် ရှုမြင်သုံးသပ်နိုင်သေးသနည်း။ သင်၏ အတွေးအမြင်စိတ်ကူးများကို အခြားသောစကားလုံးများသုံး၍ ရှင်းပြနိုင်ပါသလား။ သင်၏ စိတ်ကူးအတွေးအမြင်များသည် ကျိုး/ကြောင်းဆီလျော်မှုရှိကြောင်း ဖော်ပြနိုင်ပါသလား။

---

၂၀ Sabin, 2018.

- သူတို့စိတ်ကူး အတွေးအမြင်များသည် ပုံသေသတ်မှတ်ချက် မရှိကြောင်း ကျောင်းသားများကို သင်ကြားပေးပါ။ ထိုစိတ်ကူးများသည် အချိန်နှင့် လိုက်၍ ပြောင်းလဲနိုင်ကြောင်းနှင့် ဆက်လက်တွေးခေါ်ခြင်းဖြင့် စိတ်ကူးသစ်ပေါ်လာသောအခါတွင်လည်း ပြောင်းလဲနိုင်ကြောင်းတို့ကို သင်ကြားပေးပါ။

• ကျောင်းသားများ၏ အဆင့်မြင့်တွေးခေါ်တတ်မှုကို ပံ့ပိုးကူညီပေးပါ။ သူတို့အတွက် အခွင့်အလမ်းများ ပံ့ပိုးပေးပါ။ ကျောင်းသားများအား အောက်ဖော်ပြပါ ဆောင်ရွက်မှုများ အားလုံးနှင့် လေးနက်စွာချိတ်ဆက် ပေးပါ။
  - ကျောင်းသားများ စာဖတ်ချိန်၊ သင်ကြားရာတွင် နားလည်မှုအတွက် အထောက်အကူပြုနိုင်ရန် မီဒီယာအစုံသုံးပါ။ ပြဇာတ်၊ အသံသွင်းခွေ စသည်တို့ကိုလည်း သုံးနိုင်သည်။
  - အရေးအသားသင်ကြားရာတွင် ရေးသားပုံရေးသားနည်း နမူနာပြပုံစံ များအဖြစ် အစဖော် စကားလုံးများ (Prompts) နှင့် ဝါကျပုံစံချဘောင် များ (ဝါကျတည်ဆောက်ပုံ ပုံစံများ) (Frame) ကို ပံ့ပိုးပေးပါ။
  - ဝေါဟာရ တိုးပွားရေးအတွက် နေ့စဉ်လေ့ကျင့်မှုပေးပါ။

• ကျောင်းသားများအတွက် အကူအညီပေးသော အထောက်အပံ့ဖြစ်စေသော တုံ့ပြန်အကြံပြုချက် (feedback) ပေးပါ။

• ဆရာက တုံ့ပြန်အကြံပြုချက် ပေးသည့်အခါတွင် အလွတ်သဘောမျိုးဖြစ်ပြီး ကျောင်းသား များအတွက် အထောက်အကူဖြစ်စေသည့် အားတက်စေသော အားပေးထောက်ခံသော တုံ့ပြန်အကြံပြုချက်များကိုသာပေးပါ။ ထို့ပြင် ကျောင်းသားများကိုလည်း အချင်းချင်းအပြန် အလှန် ပံ့ပိုးမှုပြုနိုင်သော အထောက်အကူဖြစ်စေသော တုံ့ပြန်အကြံပြုချက်များ ပေးကြရန် အားပေး တိုက်တွန်းပါ။

၇။ နည်းအမျိုးမျိုး ပုံစံအမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အကြောင်း အရာများ (ပြဋ္ဌာန်း သင်ခန်းစာများ) ကို အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပံ့ပိုးပေးပါ - နားကြားခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ သိမြင်ခြင်း နှင့် ဖျော်ဖြေတင်ဆက်ခြင်း(သရုပ်ဆောင်ခြင်း)တို့မှ တစ်ဆင့်သင်ယူနိုင်သည်။

- ပြဇာတ်ဆန်ဆန် ဟန်ပန်လေသံနှင့် ဖတ်ပြခြင်းနည်းကို သုံးပါ။ သို့မှသာ ကျောင်းသားများ၏အပြောအဆိုကျွမ်းကျင်မှု၊အနာအကြားကျွမ်းကျင်မှုနှင့် နှုတ်ပြောစကား ဖွံ့ဖြိုးမှုတို့ကို အထောက်အကူဖြစ်စေသည်။
- စကားရည်လုပွဲများ ကျင်းပပေးပါ။ စကားရည်လုပွဲများက ကျောင်းသားတို့အား လှုံ့ဆော် တိုက်တွန်းမှု (စေ့ဆော်မှု) များစွာ ပေးနိုင်သည်။ သူတို့အား အပြောအဆို၊ အနာအကြား လုပ်ငန်းတို့တွင် စိတ်ရောကိုယ်ပါ တက်တက် ကြွကြွပါဝင်လာအောင် ဆွဲဆောင်နိုင်မှုရှိသည်။
- ပြဇာတ်အသွင် ခင်းကျင်းပြသခြင်း၊ တင်ဆက်ခြင်းတို့ကို အားပေးပါ။ ကျောင်းသားများက အသုံးပြုရန် စကားလုံးများနှင့် အသုံးအနှုန်းများကို ရွေးချယ်ရမည်။ သူတို့တင်ဆက်မှုတွင် သုံးထားသော စကားလုံးတိုင်း၏ အဓိပ္ပာယ်ကိုလည်း နားလည် ထားရမည်ဖြစ်သည်။
- ဘာသာစကားလေ့လာရာတွင် အမြင်အာရုံကို အားပြု၍ မြင်ထောက်ကူ ဖြစ်စေသော ဓာတ်ပုံများ၊ ရုပ်ပုံကားချပ်များ၊ ပန်းချီများသုံး၍ လေ့လာစေရန် အားပေးပါ။ ဥပမာ - ရုပ်ပုံဖြင့် သရုပ်ဖော်ထားသော ကဗျာကို လေ့လာခြင်း (သို့မဟုတ်) ခံစားချက်များကို ပေါ်လွင်အောင် အရောင်ခြယ်ခြင်း၊ ပုံသဏ္ဌာန် အမျိုးမျိုး ဆွဲသားထားခြင်းနှင့် ဓာတ်ပုံ၊ ပန်းချီစသည်တို့ကို သုံးခြင်း၊

## သင်ယူမှုလုပ်ငန်း (၃)။ မိမိ၏ကိုယ်ပိုင် ဘာသာစကားသင်ယူမှုအပေါ် ပြန်လည် သုံးသပ်စဉ်းစားခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၄) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက် -** မိမိ၏ ကိုယ်ပိုင် ဘာသာစကားသင်ယူမှုနှင့် အတန်းဖော် သူငယ်ချင်းများ၏ ဘာသာစကားသင်ယူမှုတို့ကို နားလည်သဘောပေါက်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၄) ဦးစီပါဝင်သော အုပ်စုငယ်များ အဖြစ်သို့ ခွဲခြားပါ။ မိမိတို့ဘာသာစကား သင်ယူမှုအပေါ် ပြန်လည်သုံးသပ်ခြင်းကို တစ်ဦးချင်းစီအား ဆောင်ရွက်စေမည်။ အောက်ပါလမ်းညွှန်မေးခွန်းများကို အသုံးပြုပါ။

- သင်၏ အိမ်သုံး (ပင်ရင်းဒေသသုံး) ဘာသာစကားကို ဖော်ပြပါ။
- ကျောင်း၌ မည်သည့်ဘာသာစကားကို သင်ယူလေ့လာခဲ့ပါသနည်း။
- အိမ်သုံးဘာသာစကားနှင့် ကျောင်းသုံးဘာသာစကားတို့ တူညီမှုရှိခဲ့ပါသလား။
- သင်၏ ဘာသာစကားဖွံ့ဖြိုးမှုကို ကျောင်း၌ မည်သို့ ပံ့ပိုးပေးထားသနည်း။
- သင်၏ ဘာသာစကားဖွံ့ဖြိုးမှုကို ကျောင်းပြင်ပ၌ မည်သို့ ပံ့ပိုးပေးထားသနည်း။

၂။ တစ်ဦးချင်းစီက ပြန်လည်သုံးသပ်ချက်များ ရေးပြီးသောအခါ အုပ်စုအတွင်း၌ အချင်းချင်း မျှဝေရမည်။ အုပ်စုဝင်များက ကျောင်းသားကိုင်စာအုပ်မှ ဇယား (၂.၂၁) ဘာသာစကားဖွံ့ဖြိုးမှုဖော်ပြသော ဇယားတွင် အုပ်စုဝင်တစ်ဦးစီ၏ အဖြေများကို ရေးသားစေရမည်။

၃။ အတန်းကို ပြန်လည်ပေါင်းစည်းပေးပြီး ဆန္ဒရှိသူ ကျောင်းသားများအား သူတို့ အုပ်စုများမှ အဖြေများကို အတန်းသို့ မျှဝေရန်ပြောပါ။

၄။ အဖြေများကို အနှစ်ချုပ်ပေးခြင်းဖြင့် ဤလုပ်ငန်းကို အပြီးသတ်ရမည်။ ဥပမာ - "ဤစာသင်ခန်း၌ ခြားနားသော အိမ်သုံးဘာသာစကားများကို အသုံးပြုကြသည့် ကျောင်းသား အများအပြားရှိသည်။ သို့သော် ကျောင်း၌ မြန်မာဘာသာစကား ကိုသာ အသုံးပြုရသည်။ ကျောင်း၌ မြန်မာဘာသာ စကားဖွံ့ဖြိုးမှုကိုသာ အဓိကအထောက်အပံ့ပြုထားသည်။ အိမ်သုံးဘာသာစကား အမျိုးမျိုးဖွံ့ဖြိုးမှု အတွက်မူ မိသားစုနှင့်ရပ်ရွာလူထုကသာ အထောက်အပံ့ပြုနိုင်သည်။

၅။ ဤလုပ်ငန်းမှ မည်သည့်သင်ယူမှုကို ရရှိခဲ့ကြသနည်း ဆိုသည်ကို ပြန်လည်စဉ်းစား သုံးသပ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။ ဤသင်ယူမှုက သူတို့၏ ဘာသာ စကားသင်ကြားမှုများ အထူးသဖြင့် အလယ်တန်းကျောင်းသားများကို သင်ကြားမှု၌ မည်ကဲ့သို့သော အကျိုးသက်ရောက်မှုများ ရှိနိုင်မည်ကို သုံးသပ်စေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးကွဲပြားကြမည်။ သို့သော် ထိုအဖြေများက မြန်မာနိုင်ငံ လူထုအတွင်း ဘာသာစကားမျိုးစုံတို့ရှိမှုကို ဖော်ပြနိုင်ရမည်။ စာသင်ခန်းတွင်း ဘာသာစကား ဖွံ့ဖြိုးမှုကို အကောင်းဆုံး အထောက်အပံ့ပြုရန်အတွက် ဤအချက်ကို ဆရာများက ထည့်သွင်းစဉ်းစားသင့်သည်။

## သင်ယူမှုလုပ်ငန်း (၄)။ အလယ်တန်းကျောင်းအတွက် အနုသုခုမပညာ အခြေပြုသော ဘာသာစကား သင်ယူမှုလုပ်ငန်းတစ်ခု တည်ဆောက်ခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီးပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - လက်တွေ့ဆောင်ရွက်မှုတစ်ခု တည်ဆောက်ရာတွင် ဘာသာစကား သင်ယူမှု အကြောင်း နားလည်မှုကို လက်တွေ့အသုံးချတတ်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင်ကျောင်းသား (၅) ဦးစီပါဝင်သော အုပ်စုများအဖြစ် ခွဲခြားပါ။ ကျောင်းသားကိုင်စာအုပ်တွင် ပါသော "အလယ်တန်းကျောင်းတွင် ဘာသာစကားသင်ကြားမှု အတွက် သွယ်ဝိုက်ရည်ညွှန်းချက်များ" ခေါင်းစဉ်မှ အကြောင်းအရာကို ပြန်လည်ဆန်းစစ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။ ထို့နောက် (၃) မိနစ်ဝန်းကျင်ခန့်သာကြာသည့် သင်ယူမှုလုပ်ငန်းတစ်ခုကို အလယ်တန်းကျောင်းသားများအား ဘာသာစကားသင်ကြားရန် အသုံးပြုရန်

အတွက် ပြဇာတ်၊ ပန်းချီ၊ ဂီတ အက စသည့်အနုပညာရပ်များ အသုံးပြုကာ တည်ဆောက်ပေးရန် အုပ်စုများကို ညွှန်ကြားပါ။

၂။ အုပ်စုများအား ပေးထားသည့် ရင်းမြစ်များကို အသုံးပြုနိုင်ကြောင်းပြောပြပါ။ အုပ်စုများက လုပ်ငန်းဆောင်ရွက်နေစဉ် ဆရာက သူတို့အနီးသို့ လှည့်ပတ်သွားလာရင်း လိုအပ်သည့် အထောက်အကူပြုမှုပေးပါ။

၃။ အုပ်စုများ လုပ်ငန်းဆောင်ရွက်မှုပြီးစီးသည့်အခါ အုပ်စုအားလုံးကို ပြန်လည်ပေါင်းစည်းပေးပါ။ အုပ်စုတစ်ခုစီအား သူတို့ဆောင်ရွက်ထားသော လုပ်ငန်းကို အတန်းနှင့် မျှဝေခွင့်ပြုပေးပါ။ အတန်းထဲမှ မှတ်ချက်ပြုမှုများ မေးခွန်းများကိုလည်း ဖိတ်ခေါ်ပါ။

၄။ ဘာသာစကားသင်ကြားခြင်း၌ ချဉ်းကပ်မှုအမျိုးမျိုးအသုံးပြုခြင်း၏ တန်ဖိုးကို ကျောင်းသားများ သိရှိအောင်အလေးပေးပြောပြပါ။ ၎င်းတို့ထဲမှ တစ်မျိုးမှာ အနုပညာကို အသုံးချ၍ ချဉ်းကပ်မှုဖြစ်ကြောင်းနှင့် ဂီတအနုပညာသည် သင်ကြားသင်ယူမှုတို့အတွက် အလွန်ကောင်းမွန်ထိရောက်သော ကိရိယာတစ်မျိုးဖြစ်ကြောင်းကို ပြောပြီး ဤလုပ်ငန်းကို သိမ်းပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

အဖြေများသည် အမျိုးမျိုးကွဲပြားခြားနားနိုင်သည်။

**စာသင်ချိန် (၃)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကာယဖွံ့ဖြိုးမှုဆိုသည်မှာ ရုပ် ကိုယ်ခန္ဓာကြီးထွားလာမှုနှင့် ဖွံ့ဖြိုးလာမှုကို ဆိုလိုသည်။

၂။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာများသည် ပဋိသန္ဓေတည်နေစဉ်ကပင် စတင် ကြီးထွားလာကြသည်။

၃။ အခြားဖွံ့ဖြိုးမှုနယ်ပယ်များကဲ့သို့ပင် ဗီဇနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းရင်းများမှတစ်ဆင့် ကာယဖွံ့ဖြိုးမှု ပေါ်ပေါက်လာသည်။

၄။ ကာယဖွံ့ဖြိုးမှုကို စားသုံးသောအာဟာရနှင့် စိတ်လှုပ်ရှားခံစားမှု ကောင်းမွန်ခြင်းတို့က လွှမ်းမိုးထားသည်။

၅။ လူ့ကိုယ်ခန္ဓာသည် နည်းလမ်း (၂) မျိုးနှင့် ကြီးထွားသည်။

- ဦးခေါင်းမှ ခြေဖျားဆီသို့ ဆန့်ထွက်ကြီးထွားနည်း (Cephalocaudal)- Cephalocaudal ဆိုသောစကားလုံးသည် လက်တင်ဝေါဟာရတစ်ခုဖြစ်ပြီး "ဦးခေါင်းမှသည် ခြေဖျားဆီသို့" ဟု အဓိပ္ပာယ်ရသည်။ အမိဝမ်းတွင်း သန္ဓေသားဘဝတွင် သန္ဓေသားလောင်း၏ ဦးခေါင်းသည် လူ့ ကိုယ်ခန္ဓာ၏ အခြားအစိတ်အပိုင်းများထက် ပိုမို လျင်မြန်စွာ ကြီးထွားသည်။ မွေးကင်းစအရွယ်တွင် မွေးကင်းစ ကလေးငယ်တစ်ဦး၏ ဦးခေါင်းအလျားသည် ကိုယ်ခန္ဓာတစ်ခုလုံးအရှည်အလျား၏ လေးပုံတစ်ပုံခန့်ရှိပြီး ခြေထောက်များသည် ကိုယ်ခန္ဓာအလျားတစ်ခုလုံး၏ သုံးပုံတစ်ပုံခန့်ရှိသည်။ အသက် (၂) နှစ်ခန့်အရွယ်သို့ရောက်သောအခါ ဦးခေါင်းအလျားသည် ကိုယ်ခန္ဓာတစ်ခုလုံးအလျား၏ ၅ ပုံ ၁ ပုံခန့် ရှည်လျားပြီး ခြေထောက်များမှာမူ ကိုယ်ခန္ဓာတစ်ခုလုံးအလျား၏ ထက်ဝက်ခန့် ရှည်လျားသည်။
- နီးရာမှ ဝေးရာသို့ ဆန့်ထွက်ကြီးထွားခြင်း (proximodistal) 'Proximodistal' ဆိုသော စကားလုံးသည် "နီးရာမှ ဝေးရာသို့" ဟု အဓိပ္ပာယ်ရသည်။ ကြီးထွားမှုသည် ကိုယ်ခန္ဓာ၏ အလယ်ဗဟိုချက်မှ စတင်ပေါ်ပေါက်လာကာ ဘေးဘက်များဆီသို့ (ခြေ/လက်များ) ရွှေ့လျားပြန့်ကားသွားသည်။ အမိဝမ်းတွင်း သန္ဓေသားလောင်းဘဝတွင် ဦးခေါင်းပိုင်း၊ ရင်ဘတ်ပိုင်းနှင့် ပင်မ ကိုယ်ထည်ပိုင်း (ခြေ/လက် မပါသော ဗဟိုပိုင်း) တို့ပထမဦးစွာ ဖွံ့ဖြိုးလာပြီး မှ လက်ဖျံများနှင့် ခြေတံများ အဖြစ်ထွက်ပေါ် ဖွံ့ဖြိုးလာကြသည်။

၆။ ကာယဖွံ့ဖြိုးမှုတွင် ကြွက်သားများနှင့်ဆိုင်သော (သို့မဟုတ်) အာရုံကြောလှုပ်ရှားရာ၌ ကျွမ်းကျင်မှုကို ကိုင်တွယ်ထိန်းချုပ်ပေးနိုင်သော ဖြစ်စဉ်တစ်ခုပါဝင်သည်။

အာရုံကြောများ လှုပ်ရှားရာ၌ ကျွမ်းကျင်မှုကို အမျိုးအစားနှစ်ခုခွဲခြားထားနိုင်သည်။ ကိုယ်ခန္ဓာတစ်ခုလုံးကို လှုပ်ရှားရာ၌ ကျွမ်းကျင်မှုနှင့် လက်များနှင့် မျက်လုံးများကို လှုပ်ရှားရာ၌ ကျွမ်းကျင်မှု တို့ဖြစ်ကြသည်။

- ကိုယ်ခန္ဓာတစ်ခုလုံးလှုပ်ရှားရာ၌ ကျွမ်းကျင်မှုများ (Gross motor skills) တွင် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတစ်ခုစီနှင့် မသက်ဆိုင်ဘဲ တစ်ကိုယ်လုံး တစ်ပြိုင်နက် လှုပ်ရှားမှုများ ပါဝင်သည်။ ကလေးများသည် ရှေးဦးမွေးကင်းစ အရွယ်မှာပင် ဤလှုပ်ရှားမှုမျိုးကို ဆောင်ရွက်နိုင်ကြသည်။ ဤအမျိုးအစား လှုပ်ရှားမှုများတွင် ထိုင်ခြင်း၊ လေးဖက်တွားသွားခြင်း၊ မတ်တပ်ရပ်ခြင်း၊ လမ်းလျှောက်ခြင်း နှင့် ပြေးခြင်းတို့ပါဝင်ကြသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဟန်ချက်ညီစွာ လှုပ်ရှားတတ်မှုနှင့် ကိုယ်ခန္ဓာဟန်ချက် ထိန်းသိမ်းမှုတို့၌ ကျွမ်းကျင်မှုတိုးတက်လာ သည့်အခါ ကလေးများသည် ပြေးလွှားခြင်း၊ ခုန်ပေါက်ကျော်လွှားခြင်း၊ ခြေတပေါင်ကျိုးသွားတတ်ခြင်း(ခုန်ဆွခုန်ဆွပြုခြင်း) နှင့် ခြေတစ်လှမ်းချင်း စုံခုန်ခြင်း (ကြိုးခုန်ခြင်းကဲ့သို့) တို့ကို သင်ယူတတ်မြောက်လာကြသည်။
- အနုစိတ်လှုပ်ရှားရာ၌ ကျွမ်းကျင်မှုများ (Fine motor skills) တို့ ကျွမ်းကျင်မှုများတွင် လက်များနှင့် မျက်လုံးများကို အသုံးပြုမှုပါဝင်သည်။ ဤကျွမ်းကျင်မှု အမျိုးအစားတွင် ပစ္စည်းတစ်ခုကို မြဲမြံစွာဆုပ်ကိုင်ထား နိုင်ခြင်း၊ ဘောလုံးတစ်လုံးကို မိအောင်ဖမ်းနိုင်ခြင်း၊ ခဲတံတစ်ချောင်းကို မြဲအောင်ကိုင်နိုင်ခြင်း၊ စာရွက်ပေါ်၌ အမှတ်အသားပြုနိုင်ခြင်း၊ ခြစ်ဆွဲနိုင်ခြင်း၊ ရုပ်ပုံများရေးဆွဲနိုင်ခြင်းနှင့် စာရေးသား နိုင်ခြင်း တို့ပါဝင်သည်။

၇။ မူလတန်းကျောင်းသားများ/မူလတန်းကျောင်းနေအရွယ်ကလေးများ၏ ကာယဖွံ့ဖြိုးမှုကို ဖော်ပြသော ထူးခြားလက္ခဏာများ -

- ကလေးများသည် ကျွမ်းကျင်မှုအသစ်များကို သင်ယူမှုထက် အာရုံကြောထိန်းချုပ်မှုဖြင့် လှုပ်ရှားရာ၌ သူတို့ရရှိထားသော ကျွမ်းကျင်မှုများ (motor skills) ကို ဆက်လက်မွမ်းမံ တိုးတက်စေသည်။ ကာယဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်တတ်ကြခြင်း၊ ဥပမာအားဖြင့် ဘောလုံးကစားနည်းများတွင် ပါဝင်ကစားခြင်း၊ ထိုသို့ကစားရာတွင် ဘောလုံးပစ်ခြင်း၊ ဘောလုံးဖမ်းခြင်း၊ ဘောလုံးကန်ခြင်း နှင့် ဘောလုံးနောက်သို့ ပြေးလိုက်ခြင်း ပါဝင်သည့် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်း

- လှုပ်ရှားရာ၌ ကျွမ်းကျင်မှုများ (motor skills) သည် ကြိုးခုန်ခြင်း (စုံခုန်ခြင်း) ၊ အရာဝတ္ထုများ (ဥပမာ-တန်းများ၊နံရံများ) ပေါ်သို့ခုန်ကျော်ခြင်း၊ ဒလိမ့်ခေါက် ကွေး/ကျွမ်းထိုးမှောက်ခုံ ပြုခြင်း၊ တစ်ခုခုနောက်မှ အကြမ်းကပ်ပြေးလိုက်ခြင်း၊ စက်ဘီးစီးခြင်းနှင့် ကာယလှုပ်ရှားမှု ဆိုင်ရာ ကစားနည်းများတွင် ပါဝင်ကစားခြင်း
- ကာယလှုပ်ရှားမှု၊ ကာယလေ့ကျင့်ခန်းများက လူအချင်းချင်းပေါင်းသင်းဆက်ဆံ ရေး ကျွမ်းကျင်မှုများတို့ရရှိစေရန် အထောက်အကူပြုခြင်း၊ ဥပမာ-အသင်းအဖွဲ့လိုက် ဆောင်ရွက်ရသောလုပ်ငန်းများ (team work) တွင် ပါဝင်ဆောင်ရွက်တတ်လာခြင်း၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာကျွမ်းကျင်မှုများရရှိစေရန် အထောက်အကူဖြစ်ခြင်း - ဥပမာအားဖြင့် စိတ်ဖိစီးမှုလျှော့ချခြင်းနှင့် မိမိကိုယ်မိမိ လေးစားမှု တည်ဆောက်ခြင်းနှင့်သိမှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်ကူညီပေးခြင်း - ဥပမာအားဖြင့် အာရုံစူးစိုက်မှု၊ မှတ်ဉာဏ်ထောက်ကူမှုနှင့် သင်ယူရာ၌ တိုးတက်ဖွံ့ဖြိုးမှုစသည်တို့ကိုလည်း ထောက်ကူမှုပြုနိုင်သည်။ ထို့ကြောင့်ကလေးများ၏ ကာယလှုပ်ရှားမှုလုပ်ငန်းက ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ကျွမ်းကျင်မှုနှင့် သိမှုဆိုင်ရာ ကျွမ်းကျင်မှုတို့အတွက် အထောက် အကူဖြစ်စေခြင်း[၂၁]
- ကိုယ်ခန္ဓာလှုပ်ရှားရာ၌ ကျွမ်းကျင်မှု (Gross motor development) ဖွံ့ဖြိုးလာခြင်း၊ မူလတန်းကျောင်းသားအရွယ် ကလေးများသည်ကိုယ်ခန္ဓာလှုပ်ရှားမှုကို ထိန်းချုပ်ရာ၌ ရှေးဦးအရွယ် ကလေးသူငယ်များ (မူ/ကြို အရွယ်) ထက် လွယ်ကူချောမောစွာ လှုပ်ရှား ဆောင်ရွက်နိုင်သည်။ မူလတန်း ကျောင်းသားများသည် ဟန်ချက်ညီလှုပ်ရှားမှု တိုးတက်လာပြီး ပြေးခုန်ပစ် အားကစား လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်လာကြခြင်း၊ သူတို့ ကိုယ်ခန္ဓာ လှုပ်ရှားကြရာတွင် ပိုမိုလွယ်ကူစွာ လှုပ်ရှားနိုင်ကြခြင်းနှင့် အက လေ့ကျင့်ခန်း ရှေ့ထိုးနောက်ငင်လှုပ်ရှားနိုင်ခြင်း၊ ဘေးဘက်သို့ လည်း လွယ်ကူစွာ ရွေ့လျားနိုင်ခြင်းတို့နှင့် အခြားရုပ်ပိုင်းဆိုင်ရာ နိစ္စဓူဝဆောင်ရွက်မှုများကို လိုက်နာ လုပ်ဆောင်နိုင်ခြင်း၊ ကာယအားပိုမိုသန်စွမ်း

[၂၁] Duchene and McMaugh, 2016.

လာခြင်းနှင့် ကာယလှုပ်ရှားမှုဆိုင်ရာလုပ်ငန်းများတွင် ပိုမိုအားစိုက်ဆောင်ရွက်နိုင်ခြင်း၊

- အနုစိတ်လှုပ်ရှားရာ၌ ကျွမ်းကျင်မှုဖွံ့ဖြိုးလာခြင်း -မူလတန်းကျောင်းစာသင်နှစ်များအတွင်းကလေးများသည်ကွန်ပျူတာသုံးရေးသားတတ်လာကြသည့်အတွက် အရေးအသား ကျွမ်းကျင်မှုများနှင့် ပုံဆွဲကျွမ်းကျင်မှုများ ဖွံ့ဖြိုး လာခြင်း၊ သူတို့ရေးဆွဲထားသော ရုပ်ပုံများ သည် သူတို့ဖော်ပြလိုသော အတွေးအခေါ်များကို စုစည်းတတ်လာပြီး ပို၍ အသေးစိတ် ခြယ်မှုန်း တတ်လာကြ ခြင်း နှင့် နက်နဲမှုများပါဝင်လာခြင်း၊ အစဦးပိုင်းတွင် နှစ်ဖက်မြင်ပုံများကိုသာ ရေးဆွဲတတ်ပြီးနောက်ပိုင်းတွင် သုံးဖက်မြင်ပုံများကိုပါ ရေးဆွဲတတ်လာခြင်း၊ ကလေးအများ အပြားသည် တူရိယာပစ္စည်းများ တီးမှုတ်တတ်ရန် သင်ယူကြခြင်း၊
- ကြမ်းတမ်းစွာပြေးလွှားကစားရသော ကာယလေ့ကျင့်ခန်းများ၊ ကာယဖွံ့ဖြိုးမှု လုပ်ငန်းများ ဥပမာ - တစ်ဦးနောက်သို့တစ်ဦးကပြေးလိုက်ရခြင်း၊ နပန်းကိုင်ခြင်း၊ ရှေ့ကျွမ်းနောက်ကျွမ်းထိုးခြင်း/လူးလိမ့်ခြင်း၊ နှင့် သတ်ပုတ်ကစားခြင်း စသည် ကစားနည်းများသည် မူလတန်း ကျောင်းတွင် အသုံးပြုမှုအများဆုံး ကစားနည်းများဖြစ်ကြသည်။

၈။ အလယ်တန်းကျောင်းသားများ၏ ကာယဖွံ့ဖြိုးမှုဆိုင်ရာထူးခြားသော လက္ခဏာများ

- ထိုအချိန်အပိုင်းအခြားသည် ပျိုဖော်ဝင်အရွယ်လည်း ဖြစ်ပါသည်။ ကလေးများသည် ပိုမိုတာဝန်ယူတတ်စပြုပြီး ပေါင်းသင်းဆက်ဆံမှုတွင် လည်း ပိုမိုရင့်ကျက် လာကြပြီဟု ယူဆ နိုင်ပါသည်။
- ဤအရွယ်သည် ရုပ်ပိုင်းဆိုင်ရာအနေနှင့် လူလားမြောက်ကာစ (ပျိုဖော်ဝင်စအရွယ်) အရွယ် ဖြစ်သောကြောင့် ကိုယ်ခန္ဓာအရွယ်အစားကြီးထွားလာပြီး သိသာထင်ရှားသော အပြောင်း အလဲများ ဖြစ်ပေါ်လာကြသည်။
- ဟော်မုန်းဓာတ်များ တိုးပွားလာခြင်းကြောင့် ကိုယ်ခန္ဓာအရွယ်အစားကြီးထွားပြီး ကိုယ်ခန္ဓာမှ အရိုးများသည်လည်း အရွယ်ရောက်ပြီးသူ လူကြီးများ၏ပုံစံ အမျိုးအစားသို့ ရောက်ရှိလာသည်။
- ဆယ်ကျော်သက်အရွယ်များ၌ များသောအားဖြင့် ဖြတ်ခနဲကြီးထွားမှုပေါ်ပေါက်သော အချိန်ကာလတစ်ခုရှိတတ်ကြသည်။ ထိုအချိန်

အပိုင်းအခြားမှာ (၂) နှစ်မှ (၃) နှစ်အထိ ကြာတတ်သည်။ ထို အတောအတွင်း၌ ကလေးများ၏ ကိုယ်ခန္ဓာ အလေးချိန်သည် အရွယ် ရောက်ပြီးသူ လူကြီးတစ်ဦး၏ စံပြည့်အလေးချိန်ထိရောက်အောင် တိုးလာခဲ့သည့် အပြင် သူတို့၏ကိုယ်ခန္ဓာ ပုံပန်းသဏ္ဌာန်နှင့် အရွယ်အစားမှာလည်း ပြောင်းလဲလာသည်။

- ထိုအတောအတွင်း၌ ကလေးများ၏ အရပ်အမောင်းသည် အရွယ် ရောက်ပြီးသူတစ်ဦး (သို့မဟုတ်) ကိုယ်ခန္ဓာအချိုးအစား အပြည့်အဝ ဖွံ့ဖြိုးပြီးသူ တစ်ဦး၏ အရပ်အမောင်းအတိုင်း မြင့်မားလာပြီးလျှင် ၎င်းတို့၏ ကိုယ်ခန္ဓာမှာလည်း ပုံသဏ္ဌာန်ရောအရွယ်အစားပါ ပြောင်းလဲ လာသည်။
- ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။ ဥပမာ- သွက်လက်လျင်မြန်စွာလှုပ်ရှားနိုင်မှု၊ အချိန်အဆကိုက်ညီမှုနှင့် ကြွက်သား ကွေးနိုင်ဆန့်နိုင်မှု၊ ကိုယ်ခန္ဓာပျောင်းညွတ်မှုတို့ ပေါ်ပေါက်လာသည်။ သို့ရာတွင် တစ်ခုစီ၏ ဖွံ့ဖြိုးမှုသည် တညီတညွတ်တည်း ပေါ်ပေါက်သည် ဟု မဆိုနိုင်ပါ။
- အလယ်တန်းကျောင်းသားများသည် လျင်မြန်စွာကြီးထွားလာကြသည်နှင့် အညီ စွမ်းအင် အမြောက်အမြားကို အသုံးပြုလာကြသည်။ ထို့ကြောင့်သူတို့ သည် အနားယူမှု ပိုမိုလိုအပ်သည်။
- အလယ်တန်းကျောင်းစာသင်နှစ်များ၌နေစဉ် ကျောင်းသားများ၏ ကာယ ဖွံ့ဖြိုးမှုသည် သိမှုဆိုင်ရာဖွံ့ဖြိုးမှုထက်ပို၍ လျင်မြန်စွာဖြစ်ပေါ်သည်။ ကိုယ်ခန္ဓာကြီးထွား မှုနှင့် ဦးနှောက်ကြီးထွားမှုတို့သည် များစွာခြားနားသည့် အတွက် ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်ခန္ဓာကြီးထွားမှုနှင့် နှိုင်းစာလျှင် သိမှုဆိုင်ရာနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာတို့၌ ရင့်ကျက်မှုမှာ နည်းပါး နေသေးသည်။
- မျိုးပွားမှုဆိုင်ရာ ဟော်မုန်းဓာတ်များဖြစ်ကြသည့် အီစထရိုဂျင် (Estrogen) ဓာတ်နှင့် အန်ဒရိုဂျင် (Androgen) ဓာတ်တို့သည် မူလတန်းအစောပိုင်း အရွယ်မှပင် စတင်၍ ဖြစ်ပေါ်နေခဲ့ကြသော်လည်း အလယ်တန်း ကျောင်းသားအရွယ်ရောက်လာသည့်အခါ သိသာထင်ရှားစွာ တိုးပွား များပြား လာသည်။
- ကျား/မ နှစ်မျိုးစလုံး၌ပင် အီစထရိုဂျင် (Estrogen) ဓာတ်နှင့် အန်ဒရိုဂျင် (Androgen) ဟော်မုန်း (၂) မျိုးစလုံး ရှိကြသော်လည်း အီစထရိုဂျင်ဟော်မုန်း

ခာတ်သည် မိန်းကလေးများထံတွင် ယောကျ်ားလေးများထက် ပမာဏ ပိုမို များပြားစွာ တည်ရှိပြီး အန်ထရိုဂျင်ဟော်မုန်းခာတ်သည် ယောကျ်ား လေး များထံတွင် မိန်းကလေးများထက် ပမာဏပိုမိုများပြားစွာ တည်ရှိ သည်။

- မိန်းကလေးများတွင်ရှိသည့် အန်ထရိုဂျင်ဟော်မုန်းခာတ်က အရပ်အမောင်း ထွားကျိုင်းမှုကို လှုံ့ဆော်ပေးနိုင်ပြီး ချိုင်းကြားနှင့်မအင်္ဂါတို့တွင် အမွေးအမျှင်များ ပေါက်ရောက်စေသည်။
- မိန်းကလေးများတွင်ရှိသည့် အီစထရိုဂျင်(Estrogen) နှင့် ပရိုဂျက်စတီရုံး (Progesterone) ဟော်မုန်းခာတ်များက သူတို့အား အရပ်အမောင်းကို မြင့်မားစေရန် အထောက်အကူပြုသည်သာမကဘဲ ရင်သားများ (breast)၊ တင်ပါးများ(hips)၊ သားအိမ်(the uterus)၊ မွေးလမ်းကြောင်း (မအင်္ဂါနှင့် သားအိမ်ကို ဆက်ပေးသောလမ်းကြောင်း (vagina) နှင့် ဥပွန်များ (ovaries) စသည့် မမျိုးပွားအင်္ဂါများကိုပါ ဖွံ့ဖြိုးစေသည်။ ကိုယ်ခန္ဓာတွင်း အဆီပြင် (accumulation of fat) ကိုလည်း ဖြစ်ပေါ်စေသည်။
- မိန်းကလေးများတွင် စတင်၍ ရာသီပန်းပွင့်လာပြီးလျှင် မျိုးပွားနိုင်ခြင်း မရှိသေးသော အခြေအနေမှ မျိုးပွားနိုင်သောအခြေအနေ (ကလေးမွေးဖွား နိုင်သော) သို့ ရောက်ရှိလာသည်။ အီစထရိုဂျင် ဟော်မုန်းခာတ်က လစဉ် ဓမ္မတာလာမှုကို ပုံမှန်လည်ပတ်စေသည်။
- ယောကျ်ားလေးများတွင် ဖိုအင်္ဂါများမှထုတ်လွှတ်ပေးသော အန်ထရိုဂျင် တက်စကိုစကီရုံး (Androgen testosterone) ဟော်မုန်းခာတ်က ကိုယ်ခန္ဓာ အမွေးအမျှင်များနှင့် မျက်နှာပေါ်မှ အမွေးအမျှင်များကို ပေါက်ရောက်စေ သည်။ ကြွက်သားမျှင်များ ကြီးထွားမှုနှင့် ဖိုအင်္ဂါ ဆိုင်ရာ ထူးခြားလက္ခဏာ များကို ပေါ်ပေါက်စေသည်။ လိင်တံနှင့် ဖိုအင်္ဂါများသည် အရွယ်အစား ကြီးထွားလာပြီး သူတို့အသံသည်လည်း အောလာကြသည်။ လေးပင်သော အသံဖြစ်လာသည်။ လည်ပင်းမှ ဇလုပ်ထွက်လာပြီး ပိုမိုထင်ရှားလာသည်။ သူတို့ထံရှိ အီစထရိုဂျင် ဟော်မုန်းခာတ်က အရပ်ကိုပိုမြင့်စေသည်။
- မိန်းကလေးများ၌ရော ယောကျ်ားလေးများ၌ပါ အီစထရိုဂျင် နှင့် အန်ဒရိုဂျင် ဟော်မုန်းခာတ်များ ပေါင်းစပ်ပါဝင်နေကြပြီး အရိုးများကို သိပ်သည်း ကျစ်လစ်စေသည်။

## သင်ယူမှုလုပ်ငန်း (၅)။ အလယ်တန်းကျောင်းသားဘဝ၌ ကာယဖွံ့ဖြိုးမှု အကြောင်းကို တွေး-တွဲ-မျှဝေနည်းသုံး၍ ပြန်လည်သုံးသပ်ခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း၊ ၂ယောက်တစ်တွဲ၊ ၄ ယောက်အုပ်စုများ |

**ရည်ရွယ်ချက်** - မိမိ၏ ကိုယ်တိုင်တွေ့ခဲ့ရသော အလယ်တန်းကျောင်းနေစဉ်ကာလက ကာယဖွံ့ဖြိုးမှု အကြောင်း ပြန်လည်သုံးသပ်တတ်စေရန်နှင့် ကျား/မ ဖွံ့ဖြိုးမှုတို့ကိုနှိုင်းယှဉ် ပြတတ်စေရန်

၁။ အလယ်တန်းကျောင်းသားဘဝ ကျောင်းနေစဉ်ကာလများအတွင်း ကာယဖွံ့ဖြိုးမှု အကြောင်းကို စဉ်းစားသုံးသပ်ရန် ကျောင်းသားတစ်ဦးချင်းလုပ်ငန်းအဖြစ် လုပ်ဆောင်စေရမည်။ ဤသို့ လုပ်ဆောင်ရာတွင် အောက်ပါမေးခွန်းများကို ထည့်သွင်းစဉ်းစားပါ။

- မည်သို့သော ကိုယ်ကာယလှုပ်ရှားမှုလုပ်ငန်းမျိုးတွင်သင်ပါဝင်ခဲ့သနည်း။
- ၎င်းလှုပ်ရှားမှုလုပ်ငန်းများသည် အဓိကအားဖြင့် တစ်ကိုယ်လုံးလှုပ်ရှားမှု ပြုရသော လုပ်ငန်းများ (သို့မဟုတ်) အနုစိတ်လှုပ်ရှားမှုပါဝင်သော လုပ်ငန်းများ ဖြစ်ပါသလား။
- မည်သည့်လုပ်ငန်းတွင် သင်ပို၍ ကျွမ်းကျင်သနည်း။ တစ်ကိုယ်လုံး လှုပ်ရှားမှုပြုရသောလုပ်ငန်းများ (သို့မဟုတ်) အနုစိတ်လှုပ်ရှားမှုပါဝင်သော လုပ်ငန်းများ ဖြစ်ပါသလား။
- ကိုယ်ကာယလှုပ်ရှားဆောင်ရွက်မှုများပြုရာတွင် ထိုလှုပ်ရှားမှုအမျိုးအစား (၂) ခုစလုံး အပေါ်၌ သင်၏ ထင်မြင်ချက် ခံယူချက်မှာ အဘယ်နည်း။

၂။ ကျောင်းသားတစ်ဦးချင်းက မိမိတို့ကိုယ်ကာယဖွံ့ဖြိုးမှုများအကြောင်း ပြန်လည်သုံးသပ်ပြီးသောအခါ ၎င်းတို့နှင့်မျိုးတူ တွဲဖက်သူငယ်ချင်း (ကျားအချင်းချင်း/မအချင်းချင်း) သူတို့သုံးသပ်မှုများကို ဆွေးနွေးစေရမည်။ ဇယား (၂.၂၂) အလယ်တန်းကျောင်းများ၌ ကာယဖွံ့ဖြိုးမှုအကြောင်းသုံးသပ်မှုပြသည့် ဇယားတွင်သူတို့အဖြေများကို ဖြည့်သွင်းစေမည်။

၃။ ထိုသို့ကျောင်းသားနှစ်ယောက်တွဲ (သို့မဟုတ်) ကျောင်းသူနှစ်ယောက်တွဲတို့သည် ၎င်းတို့၏ သုံးသပ်ချက်များကို ဆွေးနွေးပြီး ဇယားတွင်ပြည့်ပြီးသွားသောအခါ အခြားကျောင်းသားအတွဲ နောက်တစ်တွဲနှင့် အတူထပ်မံဆွေးနွေးရန်ညွှန်ကြားပါ။ သူတို့နှင့် နောက်ဆက်တွဲမည့်အတွဲသည် မျိုးတူမဟုတ်စေရပါ။ ဥပမာ - ကျောင်းသူနှစ်ယောက်တွဲတစ်တွဲက ကျောင်းသားနှစ်ယောက် တစ်တွဲနှင့် ဆွေးနွေးရမည်။ ထို့အတူပင် ကျောင်းသားနှစ်ယောက်တွဲသည် နောက်ထပ် ကျောင်းသူနှစ်ယောက်တွဲနှင့် ဆွေးနွေးရမည်။
အတွဲနှစ်တွဲတို့သည် တူညီသည့်အချက်များ ခြားနားသည့်အချက်များကို နှိုင်းယှဉ်ကြရမည်။

၄။ အတန်းကိုပြန်ပေါင်းစည်းပေးပြီး သင်ယူမှုလုပ်ငန်းကို အနှစ်ချုပ်ရှင်းပြပါ။ (ဖြစ်နိုင်လျှင် သင်ပုန်းပေါ်ရေးပြပါ။) ထိုနောက်မူလတန်းကျောင်းကလေးများ၌ ကာယဖွံ့ဖြိုးမှုအကြောင်းကို ကျား/မခွဲ၍ လေ့လာဆွေးနွေးစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများက အဖြေအမျိုးမျိုးပေးကြမည်ဖြစ်သည်။ သို့ရာတွင် ယောကျ်ားလေးများ က ကိုယ်ခန္ဓာတစ်ခုလုံးလှုပ်ရှားရသော လုပ်ငန်းမျိုးကို ပိုကျွမ်းကျင်သည်ဟုရေးပြီး မိန်းကလေးများက အနုစိတ်လုပ်ရသော လှုပ်ရှားမှုမျိုးကို ကျွမ်းကျင်သည်ဟု ဖော်ပြကြ လိမ့်မည်။ အလယ်တန်း ကျောင်းသားဘဝက သူတို့သည် ကိုးရိုးကားရားဖြစ်ခဲ့သော အမူအရာ များ ရှိနိုင်သကဲ့သို့ စိတ်နေကျဉ်းကြပ်မှု၊ နေမထိထိုင်မသာဖြစ်မှု ခံစားချက်မျိုးလည်း ပေါ်ပေါက်ခဲ့လိမ့်မည်။

## သင်ယူမှုလုပ်ငန်း (၆)။ ကာယလှုပ်ရှားမှုလုပ်ငန်းတစ်ခုကို ပုံစံချရေးဆွဲခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးစီပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - အလယ်တန်းကျောင်းသားများအတွက် ကာယဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းတစ်ခုကို စီစဉ်ရေးဆွဲရာ၌ အလယ်တန်းကျောင်းသားများ၏ ကာယဖွံ့ဖြိုးမှုအကြောင်း နားလည်မှုကို လက်တွေ့ အသုံးချနိုင်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီပါဝင်သော အုပ်စုများအဖြစ်သို့ ခွဲခြားပါ။

၂။ အုပ်စုတစ်ခုစီက ကာယလှုပ်ရှားမှုလုပ်ငန်းတစ်ခုစီ (သို့မဟုတ်) ကစားနည်း တစ်ခုကို အလယ်တန်း ကျောင်းသားများအတွက် တည်ဆောက်ပေးရမည် ဖြစ်သည်။ ထိုကစားနည်း (သို့မဟုတ်) လုပ်ငန်းသည် ကိုယ်ခန္ဓာတစ်ခုလုံး လှုပ်ရှားရသော လုပ်ငန်းဖြစ်စေ၊ အနုစိတ်လှုပ်ရှားရသော လုပ်ငန်းဖြစ်စေ နှစ်သက်ရာ တစ်ခုခုကို တည်ဆောက်နိုင်သည်။ ကျောင်းသားအုပ်စုများအား ကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများကို ပြန်လည်ရည်ညွှန်းကြရန် နှင့် လိုအပ်လျှင် ဆက်လက် သုသေသနပြုရန်မှာကြားပါ။

၃။ သိရှိထားသင့်သည့် အချက်တစ်ခုမှာ အလယ်တန်းကျောင်းသားများသည် ကာယလေ့ကျင့်လှုပ်ရှားမှုပြုရခြင်းကို စိတ်မသက်မသာ ဖြစ်တတ်ကြသည်။ ထို့ပြင် ယောကျ်ားလေးများနှင့် မိန်းကလေးများအကြား ဖွံ့ဖြိုးမှုချင်းလည်း ကွာခြားသည်။ တည်ဆောက်ထားသည့် ကစားနည်းသည် ကလေးတိုင်း စိတ်သက်သောင့်သက်သာ အေးဆေးစွာ ပါဝင်ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ကလေးများ စိတ်ပါလက်ပါဖြစ်အောင် မိန်းကလေး၊ ယောကျ်ားလေး (၂) မျိုးစလုံး စိတ်ဝင်စားဖွယ် ကစားနိုင်သော ကစားနည်းတစ်ခုဖြစ်သင့်သည်။ (ရင်းမြစ်များ - အားကစား ပစ္စည်းများ၊ ပန်းချီဆွဲကိရိယာများ ကို အလိုရှိပါက ရယူသုံးစွဲနိုင်သည်။)

၄။ အုပ်စုတစ်စုက ကာယဖွံ့ဖြိုးမှု လုပ်ငန်းတစ်ခုစီ တည်ဆောက်ပြီးသည့်အခါ အုပ်စုအတွင်း၌ပင် အစမ်းလေ့ကျင့်ကစားစေရမည်။ ထိုလုပ်ငန်းကို ပြန်လည်သုံးသပ်ပြီး လိုအပ်လျှင် ဖြည့်စွက်မွမ်းမံ တည်းဖြတ်စေရမည်။

၅။ အတန်းကိုပြန်လည်ဖွဲ့စည်းပေးပြီး အုပ်စုအသီးအသီးတို့အား သူတို့တည်ဆောက်ထားသော လုပ်ငန်းကို အတန်းသို့ မျှဝေစေရမည်။ ဤသို့ ဆောင်ရွက်ရာတွင် ပထမသူတို့လုပ်ငန်း အကြောင်းကို ပြောပြပြီး ထိုလုပ်ငန်းကို အုပ်စုတွင်းမှ ကျောင်းသားများနှင့် အတူသရုပ်ဆောင် ပြရမည်။ ပြီးမှ ထိုလုပ်ငန်းအကြောင်းကို ရေးသားရမည်ဖြစ်သည်။ အုပ်စုအသီးသီးတို့က တင်ပြနေစဉ် ကျောင်းသားများအား ထိုလုပ်ငန်းကို စစ်ဆေးအကဲဖြတ်စေရမည်။ ထိုလုပ်ငန်းသည် အလယ်တန်း ကျောင်းသားများအတွက် သက်သောင့်သက်သာ ရှိ/မရှိ စိတ်ဝင်စားဖွယ်ကောင်း/မကောင်း တို့ကို စဉ်းစားစေရမည်။ ထို့နောက် အတန်းက တုံ့ပြန်အကြံပြုချက်များပေးကြရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးခြားနားလိမ့်မည်။ သို့ရာတွင် ၎င်းတို့သည် အလယ်တန်း ကျောင်းသားများ၏ ကာယဖွံ့ဖြိုးမှုတွင် တွေ့ရတတ်သောထူးခြားချက်များနှင့် ပြဿနာများကို ထည့်သွင်းစဉ်းစားသင့်သည်။

### စာသင်ချိန် (၄)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုဆိုသည်မှာ လူအချင်းချင်း ဆက်သွယ်ပြောဆိုတတ် ရာ၌ ကျွမ်းကျင်မှုများနှင့် လူမှုဆက်ဆံရေး အခြေအနေအမျိုးမျိုးတွင် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်တတ်သော အရည်အချင်းဖြစ်သည်။ ကလေးငယ်များတွင်လည်း တစ်ဦးတည်း ကစားနေရာမှ လူများဘေးတွင် ကစားခြင်း။ ထိုမှတစ်ဆင့် အခြားကလေးများနှင့်အတူကစားခြင်းစသည်တို့ကိုတွေ့ရှိရသည်။

၂။ မူလတန်းကျောင်းများတွင် သက်တူရွယ်တူအချင်းချင်းဆက်ဆံမှုသည် ပိုမို၍ အရေးပါလာသည်။ အပေးအယူအတိုးအလျှော့ပြု၍ ညှိနှိုင်းခြင်း၊ မျှတစွာ ခွဲဝေသုံးစွဲခြင်းနှင့် သူတစ်ပါးတို့အား ကူညီခြင်းအားဖြင့် ပြဿနာများ ပဋိပက္ခများ ဖြေရှင်းနိုင်သည်။

- ကလေးများသည် သူတို့ပြဿနာများကို ဖြေရှင်းရာ၌ စကားလုံးဖြင့်သာ ဖြေရှင်းသည်။
- သက်တူရွယ်တူအုပ်စုများသည် မူလတန်းကျောင်းသားများအတွက် ပိုမိုအရေးပါလာသည်။ သက်တူရွယ်တူအုပ်စုများဖွဲ့စည်းရာတွင် တူညီနီးစပ်မှု (အတန်းတူချင်း သို့မဟုတ် အိမ်နီးချင်းဖြစ်ခြင်း) ကျားအချင်းချင်း မအချင်းချင်းဖြစ်မှု (မိန်းကလေးအချင်းချင်း၊ ယောကျ်ားလေးအချင်းချင်း) လူမျိုးစုံတူညီမှု၊ ပညာထူးချွန်မှု(စာတော်သူများ) နှင့် လူချစ်လူခင်များသူဖြစ်မှု တို့အပေါ်မူတည်ပြီး အပေါင်းအသင်းဖွဲ့တတ်ကြသည်။
- ယုံကြည်မှုသည် အရေးပါသောကိစ္စဖြစ်လာသည်။ သူငယ်ချင်းများသည် သနားကြင်နာသူများ ဖြစ်သည့်အပြင် တစ်ဦးနှင့်တစ်ဦးအားပေးကူညီနိုင်သည်ဟု ကျောင်းသားများအနေဖြင့် ယုံကြည်လာကြသည်။
- ယုံကြည်မှုကို ချိုးဖောက်ခြင်း။ ဥပမာ - ကွယ်ရာ၌ အတင်းပြောခြင်း ကတိပျက်ခြင်းတို့သည် ယုံကြည်မှုကို ချိုးဖောက်မှုများ ဟုသတ်မှတ်ကြသည်။
- မူလတန်းကျောင်းနေသောကာလများတွင် မိတ်ဆွေသူငယ်ချင်းဖွဲ့မှုသည် ရွေးချယ်မှုများသည်။ လူအများနှင့်မခင်မင်တတ်ကြချေ။ သူငယ်ချင်းအရေအတွက် အများအပြားမရှိကြ၊ တစ်တန်းလုံးနှင့်လည်း မပေါင်းသင်းတတ်ကြပါ။ အနည်းငယ်မျှကိုသာ ရွေးချယ်ပေါင်းသင်းတတ်ကြသည်။
- သူငယ်ချင်းများရွေးချယ်ရာတွင် အသက်အရွယ်တူမှု၊ ယောကျ်ားလေးအချင်းချင်း မိန်းကလေးအချင်းချင်းဖြစ်မှု၊ လူမျိုးချင်းတူမှု၊ မျိုးနွယ်စုချင်း

တူညီမှု၊ လူမှုစီးပွား အဆင့်အတန်းတူညီမှု ရှိသူများကို ရွေးချယ် ပေါင်းသင်းတတ်ကြသည်။ ဥပမိရုပ်ကောင်းသူများ၊ လူချစ်လူခင်များသူ၊ စာတော်သူ၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်သူတို့ကို ရွေးချယ် ပေါင်းသင်းတတ်ကြသည်။

၃။ အလယ်တန်းကျောင်းသားဘဝတွင် ဤကလေးများသည် လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်လိုကြသည်။ မိဘများနှင့် တဖြည်းဖြည်း အနေဝေးတတ်ကြသည်။ မကြာခဏပင် ရွယ်တူအပေါင်းအသင်းများ၏ ဖိအားပေးမှုကို ခံကြရသည်။

- သူတို့သည် စိတ်ကူးအသစ်အဆန်းများ၊ ဟန်ပန်မူရာများနှင့် အဝတ်အစား ဝတ်စားပုံအသစ် အဆန်း ဝတ်စားဆင်ယင်ဟန်တို့ကို စမ်းသပ်ဆောင်ရွက်လိုကြသည်။
- သူတို့သည် သူငယ်ချင်းများ၏ ထင်မြင်ချက်များကို တန်ဖိုးထားတတ်ကြသည်။ လူမှုရေးဝန်းကျင်၌ လက်ခံထားသော အစဉ်အလာများကို ပိုမိုသိရှိလာကြသည်။
- ထိုအချိန်များတွင် ဗိုလ်ကျစိုးမိုး အနိုင်ကျင့်မှုများ၊ ဆိုင်ဘာအကြမ်းဖက်မှုများ၊ သားကောင်ရှာခြင်း (တစ်ဦးတည်းကို ဝိုင်းဝန်းအနိုင်ကျင့်ခြင်း) (သို့မဟုတ်) ကျောင်းတွင်း အကြမ်းဖက်မှုများ မဖော်နိုင်ပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်သတ်ပုတ် ရန်ဖြစ်ခြင်းများလည်း တိုးပွားလာတတ်ကြသည်။ ဤအကြောင်းရင်းများကြောင့် တစ်ဦးတည်း အထီးကျန် နေထိုင်မှု၊ စိတ်ဓာတ်ကျမှု၊ စိုးရိမ်ပူပန်မှုနှင့် ကျောင်းစာမလိုက်နိုင်မှုများ ဆင့်ပွားပေါ်ပေါက်လာနိုင်သည်။
- မိတ်ဆွေဖွဲ့မှုသည်လည်း အနည်းငယ်အနှောက်အယှက်ဖြစ်နိုင်သည်။ မူလတန်းကျောင်းပြီး သွားသည့်အခါ အလယ်တန်းကျောင်း အသီးသီးသို့ တက်ရောက်ကြရသည်။ ထိုကြောင့် အလယ်တန်းကျောင်းသားများသည် မိမိနှင့် စိတ်ဝင်စားမှုတူညီသော မိတ်ဆွေသူငယ်ချင်း အသစ်များကို ရှာဖွေမိတ်ဆက်ပေါင်းသင်းတတ်ကြသည်။
- ဆရာများနှင့် ပြောဆိုဆက်သွယ်မှုသည်ပိုမို အရေးပါလာသည်။ မိဘများနှင့် ပိုမိုဝေးကွားလာသည့်အတွက် ကူညီပံ့ပိုးပေးမည့်ရင်းမြစ်အဖြစ် ဆရာများနှင့် ဆက်သွယ်မှု က ပိုမိုအရေးပါလာသည်။

၄။ အလယ်တန်းကျောင်းဆရာများအနေဖြင့် သူတို့၏ ကျောင်းသားများကို အောက်ပါအတိုင်းကူညီထောက်ပံ့ရန်။[၂၂]

- လူမှုရေးပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှုကို ပံ့ပိုးနိုင်ရန် အချက်
  - လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာအရိပ်အမြွက်များ။ ဥပမာ - မျက်နှာရိပ် မျက်နှာကဲ ခန္ဓာကိုယ်လှုပ်ရှားမှုဖြင့် အချက်ပြမှု (ခေါင်းညိတ်၊ ခေါင်းခါ)လေယူလေသိမ်းနှင့် တစ်ဦးနှင့်တစ်ဦးကြား ခြားနားသင့်သော အကွာအဝေးမှ ဆက်ဆံပြောဆိုရန် (ယဉ်ကျေးမှု) တို့ကို ကျောင်းသားများကို သင်ကြားပေးပါ။
  - အလွန်အကျွံ မတုံ့ပြန်ပါနှင့်။ အေးဆေးစွာနေပါ။ အမှတ်တမဲ့နေပါ။
- ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော စာသင်ခန်း ပတ်ဝန်းကျင်ဖန်တီးခြင်း
  - ကျောင်းတွင်လူတိုင်းအကျိုးဝင်စေမှုကို အလေးထားသည့် ယဉ်ကျေးမှုတစ်ရပ် ဖော်ဆောင်ပေးခြင်း၊ ကျောင်းသားအားလုံးတို့ကို သာတူညီမျှဆက်ဆံပြီး ကြိုဆိုတတ်သော နေရာတစ်ခုအဖြစ်ဖန်တီးခြင်း၊ ကောင်းသောအပြုအမူများ ဖြစ်ကြသည့် လေးစားမှုနှင့် တွေးခေါ်တတ်မှုတို့ကို အသိအမှတ်ပြုပေးခြင်းနှင့် (သို့မဟုတ်) ဆုချီးမြှင့်ပေးခြင်း (နှုတ်ဖြင့် ချီးကျူးစကားဆိုခြင်း) စသည်
  - ကျောင်းကို ကျောင်းသားတို့တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စိတ်ချယုံကြည်စွာ၊ ဘေးကင်းစွာ ပြောဆိုဆက်ဆံနေထိုင်နိုင်မည့် ပတ်ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးပေးခြင်း၊ ကျောင်းတွင် ကျောင်းသားများ အချင်းချင်းအားကြီးသူက အားနည်းသူကို အလွယ်တကူ ဗိုလ်ကျစိုးမိုးပြီး အနိုင်ကျင့်နိုင်သောနေရာအချို့ ရှိကောင်းရှိနိုင်သည်။ ဆရာများမျက်ကွယ်ရာတွင် အနိုင်ကျင့်၍ ရသည့်နေရာမျိုး ရှိတတ်ကြသည်။ ထိုနေရာမျိုးကို မပြတ် စောင့်ကြည့်လေ့လာပြီး ကြီးကြပ်မှု ပေးရမည်။ ကျောင်းသားတိုင်းအန္တရာယ်ကင်းစွာ၊ စိတ်ချမ်းသာစွာ၊ စိတ်လွတ်လပ်စွာ နေထိုင်ပြုမူဆောင်ရွက်နိုင်ရေးအတွက် သေချာစွာ စီမံထားရမည်။

[၂၂] Wigfield et al., 2005.

- ကောင်းစွာစီမံခန့်ခွဲထားသည့် စာသင်ခန်းများနှင့် ကျောင်း ပတ်ဝန်း ကျင်ကြီးတစ်ခုလုံးမှ တစ်ဆင့် တာဝန်ကို လေးစားတတ် သည့် ခံယူမှုကို ဖော်ထုတ်ပေးပါ။
- ကျောင်းသားများကို အတူပူးပေါင်းပါဝင်စေလျက် စာသင်ခန်း စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရေးဆွဲပါ။ စည်းမျဉ်းများရေးသား ပြဋ္ဌာန်းရာတွင် စာအရေးအသားအသုံးအနှုန်းကို ဂရုစိုက်ပါ။ အပြုသဘောဆောင်သည့် ဝေါဟာရများကိုသာ စိစစ်ရွေးချယ် အသုံးပြုသင့်သည်။
- ကျောင်းသားများထံမှ မျှော်လင့်ထားသော အပြုအမူကို ဖော်ပြရာတွင် ပြတ်သား ရှင်းလင်းမှုရှိပြီး တိုက်ရိုက်တွေ့မြင်သိသာသော အချက်များ ဖြစ်ရမည်။
- ကျောင်းစည်းမျဉ်းစည်းကမ်းများကို ဆရာကိုယ်တိုင်က နမူနာပြ တိကျစွာ လိုက်နာဆောင်ရွက်ပြပါ။ သင်က သင်၏ကျောင်းသားများကို လိုက်နာစေလိုသည့်အတိုင်း စံနမူနာ အဖြစ် လုပ်ဆောင်ပြပါ။
- ကျောင်းသားများကို အများရှေ့၌ ဆူပူပြစ်တင်ခြင်းမပြုသင့်ပါ။ ထိုသို့ ပြုမည့်အစား ကျောင်းသားတစ်ဦးချင်းစီကို ခေါ်ယူ၍ တုံ့ပြန် အကြံပြု ချက်များပေးပါ။ (နည်းလမ်းတကျ သွန်သင်ဆုံးမပြောပြပါ။)
- မသင့်လျော်သောအပြုအမူများကို ပြုပြင်ပေးရာတွင် ကျောင်းသား များကို လမ်းညွှန်မှုပေးပါ။ တော်သောအပြုအမူတစ်ခုအတွက် ဖြစ်လာ နိုင်မည့် နောက်ဆက်တွဲဆိုးကျိုးနှင့် ထိုအပြုအမူကို ဖျောက်ဖျက်ရန် မည်သည့်အပြုအမူကောင်းဖြင့် အစားထိုးနိုင်ကြောင်းတို့ကို ရေလည် စွာ ရှင်းလင်းပြောပြ၍ ဆွေးနွေးပါ။
- စာသင်ခန်းတွင် အစည်းအဝေးတစ်ခုကို အတိုချုပ်ကျင်းပပေးပါ။ ကျောင်းတွင် ဖြစ်တတ်သော ပြဿနာများ၊ ဥပမာ - အနိုင်ကျင့်ခြင်း (သို့မဟုတ်) လေးစားမှုပြသော အပြုအမူများ စသည်တို့ကိုဆွေးနွေး ပါ။

## သင်ယူမှုလုပ်ငန်း (၇)။ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု ဇာတ်ညွှန်းကို သရုပ်ဆောင်သင်ယူခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ၆ ဦးပါသော ကျောင်းသားအုပ်စုများ /တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဖြစ်နိုင်ခြေရှိသော စာသင်ခန်းတစ်ခုတွင် ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှုကို ပံ့ပိုးနိုင်ရန် နည်းဗျူဟာများအကြောင်းနားလည်မှုကို လက်တွေ့အသုံးချတတ်လာစေရန်

၁။ အတန်းကို (၆) ဦးစီ ပါဝင်သော ကျောင်းသားအုပ်စုများ အဖြစ်သို့ ခွဲခြားပါ။ အုပ်စုတစ်စုစီအား စက္ကူကြမ်းတစ်ရွက်စီ နှင့်ရောင်စုံမာကာများပေးထားပါ။ အောက်ပါဇာတ်ညွှန်းကို ကျောင်းသား တစ်ဦးချင်းစီက ဖတ်ရှုပြီး ပြန်လည်သုံးသပ်စေရန် ညွှန်ကြားပါ။ ထိုဇာတ်ညွှန်းကို အုပ်စုအတွင်း၌ ဆွေးနွေးပြီး ပြဿနာ၏အဖြေကိုရရှိစေရန် ဉာဏ်ဖွင့်ဆွေးနွေးပါ။ ရရှိလာသောအဖြေကို စက္ကူကြမ်းစာရွက်ပေါ်တွင် ရေးသားထားစေရမည်။

သင်စာသင်ရသောအခန်းမှ အသက် (၁၂) အရွယ်ရှိ ကျောင်းသူမလေး မသေးမြသည် စာသင်ခန်းထောင့်ချိုး တစ်ခုတွင် တစ်ဦးတည်း တိတ်ဆိတ်စွာ နေ့လည်စာ စားနေသည်။ အခြားကလေးများက စားပွဲများတွင် သူငယ်ချင်းများနှင့် အတူစုပေါင်းကာ နေ့လည်စာကို ပျော်ရွှင်စွာ စားသုံးနေကြသည်။ သူမက စားပွဲများ ဘက်သို့ လှမ်းကြည့်ပြီး သူမထမင်းဗူးကို ယူကာ သူတို့ဆီသို့ လျှောက်သွားရန် ဟန်ပြင်သည်။ သို့ရာတွင် ပြန်လှည့်လာပြီးနောက် သူမထိုင်ခဲ့သော မူလထောင့်ချိုးသို့ ပြန်လှည့်လာခဲ့သည်။ သင်က သူမကိုဘာပြန်ပြောပြမည်နည်း။ အခြား ကျောင်းသားများနှင့် အတူသွား၍ နေ့လည်စားအတူတူစားရန် သင်မည်သို့ ပံ့ပိုးပေးမည်နည်း။

၂။ ထို့နောက်သူတို့အား ဖြစ်နိုင်ခြေအရှိဆုံးအဖြေ (၃) ခု ကိုရွေးချယ်စေရမည်။ သူတို့ ရရှိထားသော အဖြေများကို တစ်လှည့်စီ သရုပ်ဆောင်သင်ယူမှု ပြုပါစေ။

သရုပ်ဆောင်ရာတွင် နှစ်ယောက်တစ်တွဲ သရုပ်ဆောင်ရမည်။ တစ်ဦးက မသေးမြာအဖြစ်လည်းကောင်း နောက်တစ်ဦးက ဆရာအဖြစ်လည်းကောင်း သရုပ်ဆောင်စေရမည်။ သရုပ်ဆောင်နေသော ကျောင်းသားတစ်တွဲကို အုပ်စုတွင်းမှ ကျန် (၄) ဦးက လေ့လာကြည့်ရှုပြီးရလာသော အဖြေကို ဝေဖန်ချက် ပေးရမည်။ သရုပ်ဆောင်သူများနှင့် လေ့လာကြည့်ရှုသူများက အတူပူးတွဲပြီး သရုပ်ဆောင်မှု၏ ထိရောက်မှုအတွက် ဝေဖန်စိစစ်ကြသည်။

၃။ အုပ်စုများကို ထိုနည်းအတိုင်းပင် ကျန် အဖြေ (၂) ခုကိုလည်း သရုပ်ဆောင်တင် ဆက်ကြလိမ့်မည်။ တစ်ကြိမ်နှင့် တစ်ကြိမ်တွင် သရုပ်ဆောင်သူများ ထပ်ကြော့ မဆောင်ရွက်ရပါ။ တစ်တွဲစီတစ်တွဲ တစ်ကြိမ်နှင့် တစ်ကြိမ် သရုပ်ဆောင်ရမည်။ သရုပ်ဆောင် သင်ယူမှုပြုပြီးတိုင်း လည်း ဝေဖန်ပေးရမည်။

၄။ အဖြေ (၃) ခု စလုံးကို အုပ်စုအသီးသီးတို့က သရုပ်ဆောင်ပြီးသွားသည့်အခါ သရုပ်ဆောင် ပြကွက်တစ်ခုစီ၏ ထိရောက်မှုကို ဆွေးနွေးသင့်သည်။ ၎င်းတို့အထဲမှ အထိရောက်ဆုံး ဖြစ်မည်ဟု သူတို့ တင်ပြသော သရုပ်ဆောင်မှု တစ်ခုကို ရွေးချယ်စေရမည်။

၅။ အုပ်စုများကို ပြန်လည်ပေါင်းစည်းပြီး အတန်းပြန်ဖွဲ့ပါ။ အုပ်စုတစ်ခုစီက သူတို့၏ အကောင်းဆုံး သရုပ်ဆောင်ပြကွက်ကို တင်ဆက်ကြရမည်။ တစ်တန်းလုံးက ဝိုင်းဝန်း ဆွေးနွေးကြပြီး အကောင်းဆုံးတစ်ခုကို ရွေးချယ်စေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း နှင့် တစ်တန်းလုံး ဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးကွဲလွဲကြမည်။ မည်သို့ပင်ဖြစ်စေကာမူ အလယ်တန်းကျောင်းတွင် ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု ပံ့ပိုးပေးရေးဆိုင်ရာ အကြံပြုချက်အချို့ကို ထည့်သွင်းစဉ်းစားရန်သင့်သည်။ ဥပမာအားဖြင့် ထိုဖြစ်ရပ်မျိုးကို သတိပြုမိပြီး ကျောင်းသားနှင့် တစ်ဦးချင်း တွေ့ဆုံဆွေးနွေးခြင်းနှင့် စာသင်ခန်းတွင် လူတိုင်းအကျုံးဝင် ပါဝင်စေမှု ရှိသည့် အတန်းယဉ်ကျေးမှု တစ်ရပ်ထူထောင်ခြင်း တို့ကိုပြုသင့်သည်။

## စာသင်ချိန် (၅)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု ဆိုသည်မှာ ကျွန်ုပ်တို့ကိုယ်တိုင်ထံ၌ဖြစ်စေ၊ ပေါ်ပေါက်နေသော စိတ်ခံစားချက်များကို သိရှိ/အသိအမှတ်ပြုနိုင်သော အရည်အချင်းဖြစ်သည်ဟု ဆိုပါသည်။ ၎င်းတို့အဘယ်ကြောင့် ပေါ်ပေါက်လာရသည် မည်ကဲ့သို့ဖော်ပြခြင်းခဲ့ရသည်နှင့် ၎င်းတို့ကို ထိရောက်စွာ ကိုင်တွယ်ထိန်းသိမ်းနည်းများနှင့် ထိရောက်စွာ ဖော်ပြနည်းများကို သိရှိသော အရည်အချင်းဖြစ်သည်။

၂။ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်စဉ်သည် တဖြည်းဖြည်းချင်း ပေါ်ပေါက်လာသည်။ မွေးကင်းစကလေးများတွင် အခြေခံကျသော စိတ်လှုပ်ရှားခံစားမှုသည် ပထမ(၆) လအတွင်း၌ စတင် ထင်ရှားလာသည်။ အခြားသူများ၏ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖော်ပြမှုများ (social referencing) ကို ကျွန်ုပ်တို့က နားလည်လာသည်မှာ အသက်(၁) နှစ်အရွယ်တွင်ဖြစ်သည်။ လမ်းလျှောက်တတ်ခါစ အရွယ်မှာပင် မိမိကိုယ်မိမိ သိရှိသတိထားမိသော ရှုံးတိုးရှုန့်တန့်ဖြစ်မှုများ ပေါ်ပေါက်ခဲ့ရသည်။ ဥပမာအားဖြင့် အပြစ်ရှိကြောင်း ခံစားရမှု၊ အားငယ်ဝမ်းနည်းမှု (ရှက်မှု)၊ ရှက်ကိုးရှက်ကန်းဖြစ်မှု၊ ဝန်တိုမှုနှင့် ဂုဏ်ယူဝင့်ကြွားတတ်မှု စသည့် စိတ်လှုပ်ရှားခံစားမှုများသည် လမ်းလျှောက်တတ်ခါစ အရွယ် (၂) နှစ်ခန့်မှာပင် ဖြစ်ပေါ်နိုင်ကြသည်။

၃။ စိတ်လှုပ်ရှားခံစားမှုများကို အောင်မြင်နိုင်နင်းစွာ လည်ပတ်စေနိုင်မှု (emotional regulation) (ဖြေဖျောက်နိုင်မှု) သည်လည်း လမ်းလျှောက်တတ်ခါစအရွယ်တွင် ပေါ်ပေါက်ခဲ့ပါသည်။ သို့သော် ထိုအရည်အချင်း အပြည့်အဝ ဖွံ့ဖြိုးလာစေရန် အချိန်အတန် ကြာမြင့်တတ်သည်။ အခြား ဖွံ့ဖြိုးမှုနယ်ပယ်များနည်းတူပင် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုကို လွယ်ကူချောမောစေရန် ပံ့ပိုးမှုများတွင် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များဖြစ်သော အခြားသူများနှင့် အပြန်အလှန် ဆက်သွယ်

ပြောဆိုခြင်းတို့ ပါဝင်သည်။ ဥပမာအားဖြင့် မိဘများ၊ ကလေးထိန်းများ၊ ညီအစ်ကို မောင်နှမများ(မွေးချင်းများ)၊ သူငယ်ချင်းများ နှင့် ဆွေမျိုးသားချင်းများက ကလေးတစ်ဦး၏ စိတ်လှုပ်ရှားခံစားမှု ဖွံ့ဖြိုးလာစေရန် အထောက်အကူ ပြုသည်။

၄။ မူလတန်းကျောင်းနေစဉ်ကာလအတွင်း ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာ နားလည်တတ်ကျွမ်းမှုများသည် ပညာရေးဆိုင်ရာ အောင်မြင်မှု မြင့်မားခြင်းနှင့် အဖက်ဖက်တို့တွင် ပိုမိုအကျိုးဖြစ်ထွန်းသည့် ရလဒ်များရရှိခြင်း တို့နှင့် ဆက်စပ်နေသည်။ အပြန်အလှန်အားဖြင့် ပေါင်းသင်းဆက်ဆံရေးနှင့် စိတ် လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ်တို့တွင် အခက်အခဲရှိမှုများ၊ ပြဿနာ တက်မှုများက အနုတ်လက္ခဏာဆောင်သော ရလဒ်များနှင့် ပညာရေးဆိုင်ရာ တတ်မြောက်မှု အဆင့်နိမ့်ခြင်းတို့ကို ပေါ်ပေါက်စေနိုင်သည်။[၂၃]

၅။ မူလတန်းကျောင်းတွင် ကျောင်းသားများသည် ကျောင်းစည်းကမ်းများ၊ စည်းမျဉ်း များနှင့် အတန်းစည်းကမ်းစည်းမျဉ်းများကို လိုက်နာခြင်း၊ သင်ကြားမှုကို လိုက်နာ ခြင်း၊ ကိုယ်တိုင် စည်းကမ်းတကျ နေထိုင်တတ်ခြင်း နှင့် ရည်မှန်းချက်ပန်းတိုင် ထားတတ်ခြင်း တို့ကို ဆောင်ရွက်တတ် ရန်လိုပါသည်။[၂၄]

၆။ "ကိုယ်တိုင်ဆင်ခြင် ကိုယ့်သွင်ပြင်အယူအဆ" (self-concept) ဆိုသည်မှာ ကျွန်ုပ်တို့၏ အကြောင်း၊ ကျွန်ုပ်တို့၏ အရည်အသွေးများနှင့် ထူးခြားသော ဝိသေသလက္ခဏာများအကြောင်းကို ကျွန်ုပ်တို့ကိုယ်တိုင် သိရှိလာမှုများနှင့် ယုံကြည်မှုများ ဖြစ်ကြသည်။ ထိုယုံကြည်မှုများ၊ သိရှိလာမှုများ အကြောင်း၊ တွေးခေါ်စဉ်းစားထားသည့် အတွေး/စိတ်ကူးရုပ်ပုံများ (သို့မဟုတ်) ထိုယုံကြည်မှု၊ သိရှိလာမှုများ၏ အစုအပေါင်းကို ခေါ်ဆိုခြင်းဖြစ်သည်။

လူသာပဓာနဝါဒကို လက်ကိုင်ပြုသူ စိတ်ပညာရှင် ရော်ဂျာစ်[၂၅] က "ကိုယ်တိုင် ဆင်ခြင် ကိုယ့်သွင်ပြင်အယူအဆ" တွင် အစိတ်အပိုင်း (၃) ခု ရှိသည်ဟုဆို ပါသည်။

- ကိုယ်တိုင်မြင်ကိုယ့်ပုံရိပ်လွှာ (self-image) - ကျွန်ုပ်တို့အကြောင်းကို ကျွန်ုပ်တို့ ကိုယ်တိုင် ရှုမြင်သုံးသပ်ပုံကို ဆိုလိုပါသည်။ ဤအစိတ်အပိုင်းတွင် ကျွန်ုပ် တို့၏ထူးခြားသော ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ စရိုက်လက္ခဏာများနှင့် လူမှု ဆက်ဆံ ရေး၌ ကျွန်ုပ်တို့ပါဝင်နေသော အခန်းကဏ္ဍတို့ပါဝင်သည်။

---

[၂၃] British Council, n.d.

[၂၄] British Council, n.d.

[၂၅] McLeod, Saul, 2014.

- မိမိကိုယ်မိမိလေးစားတန်ဖိုးထားမှု (self-esteem) (self-worth) - ဆိုသည်မှာ ကျွန်ုပ်တို့၏ တန်ဖိုးကို ကျွန်ုပ်တို့ကိုယ်တိုင်သတ်မှတ်ခြင်း ဖြစ်သည်။ မိမိသည် မည်မျှအသုံးဝင်သနည်း။ မည်မျှလောက်အဖိုးတန်သနည်း။ မည်သို့တန်ဖိုးရှိသနည်း စသည့်တွေးတောစဉ်းစားမှု ဖြစ်သည်။ မိမိကိုယ်မိမိလေးစားတန်ဖိုးထားမှု (self esteem) မြင့်မားမှုက မိမိကိုယ်ကိုမိမိ ယုံကြည်မှုနှင့် အကောင်းမြင်ဝါဒ (optimism) တို့ကို ဖြစ်ထွန်းစေသည်။ မိမိကိုယ်ကိုမိမိ လေးစားတန်ဖိုးထားနိမ့်ပါးမှု (သိမ်ငယ်စိတ်ရှိခြင်း) က စိတ်ပူပန်ခြင်း၊ မိမိကိုယ်ကိုမိမိ ယုံကြည်မှုကင်းမဲ့ခြင်း၊ ခေါင်းမာခြင်း နှင့် အဆိုးမြင်ဝါဒတို့ကို ဖြစ်ပေါ်စေသည်။
- ကိုယ်တိုင်စံထားကိုယ့်ဘဝ (Ideal-self) - ကျွန်ုပ်တို့ဖြစ်စေချင်ခဲ့သောအရာများ၊ ကျွန်ုပ်တို့၏ လိုလားချက် ဆန္ဒများ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏စိတ်ကူးထဲမှ စံပြဘဝနှင့် အမှန်တကယ် လက်တွေ့ဖြစ်ပျက်ရင်ဆိုင်နေရသော ဘဝတို့ ဆင်တူကြလျှင် မိမိဖြစ်လိုသည်တို့သည် အမှန် တကယ်ဖြစ်လာသည်။ အကယ်၍ စိတ်ကူးထဲမှ တွေးထားသော ကျွန်ုပ်တို့၏ စံပြဘဝနှင့် အမှန်တကယ် လက်တွေ့ဖြစ်ပျက်ရင်ဆိုင်နေရသော ဘဝတို့ မတူညီဘဲရှိလျှင် မိမိဖြစ်လိုသည်တို့ကို အကောင်အထည်ဖော်နိုင်ရန် ခက်ခဲပါသည်။[၂၆]

## သင်ယူမှုလုပ်ငန်း (၈)။ မိမိကိုယ်ကိုရှုမြင်သုံးသပ်သော အယူအဆ(self-concept) အကြောင်းအရာဆက်သွယ်မှု ပြပုံကို ဖန်တီးခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်းအုပ်စုလိုက်တစ်တန်းလုံး (ကျောင်းသားများ ရွေးချယ်သည့်အတိုင်း) |

**ရည်ရွယ်ချက် -** ရော်ဂျာစ်၏အညွှန်းဘောင်ကိုအသုံးပြု၍ မိမိကိုယ်ကို ရှုမြင်သုံးသပ်သော အယူအဆ (self-concept) ကို စူးစမ်းလေ့လာတတ်စေရန်

၁။ ဤလုပ်ငန်းကို ကျောင်းသားတစ်ဦးစီအား ဆောင်ရွက်စေရမည်။ စာရွက်ကြီးတစ်ရွက်နှင့် ရောင်စုံမာကာများ၊ မဂ္ဂဇင်းဟောင်းများ သတင်းစာအဟောင်းများနှင့် ကတ်ကြေးကော်ဗူးတို့ကိုလည်း ကျောင်းသားတစ်ဦးစီအား ပေးထားရမည်။

၂၆ McLeod, 2014.

၂။ ကျောင်းသားများအား မိမိကိုယ်ကို ရှုမြင်သုံးသပ်သောအယူအဆ (self-concept) ပုံတစ်ခုကို အောက်တွင် ညွှန်ကြားထားသည့်အတိုင်းဆွဲသားရန် ပြောရမည်။

- စာရွက်ချပ်ကြီးကို (၃) ပိုင်းပိုင်းပါ။ ကျောင်းသားများ ကြိုက်နှစ်သက်သလို ပိုင်းနိုင်သည်။ ခေါက်၍ဖြစ်စေ၊ မျဉ်းကြောင်းများတား၍ဖြစ်စေ အပိုင်းလိုက် ဖြတ်ထုတ်၍ ဖြစ်စေ အပိုင်း (၃) ပိုင်း ပိုင်းခြားနိုင်သည်။
- အပိုင်းတစ်ပိုင်းမှာ "ကိုယ်တိုင်မြင် ကိုယ့်ပုံလွှာ (self-image)" မိမိကိုယ်ကို မြင်ရသော ပုံရိပ်အတွက်ဖြစ်ပြီး နောက်တစ်ပိုင်းမှာမူ "မိမိကိုယ်ကို တန်ဖိုး ထားလေးစားမှု (self-esteem)" နှင့် ကျန်တစ်ပိုင်းမှာ " ကိုယ်တိုင် စံထားကိုယ့်ဘဝ (Ideal-self)" အတွက် သုံးရန် ဖြစ်သည်။
- ပေးထားသော ပစ္စည်းများနှင့် အခြားလိုသောပစ္စည်းများကို အသုံးပြုကာ မိမိကိုယ်ကို ရှုမြင်သုံးသပ်သော အယူအဆ ဆက်သွယ်မှုပြပုံကို ဆွဲသားကြရမည်။ ထိုပုံထဲတွင် ကိုယ်တိုင်မြင် ကိုယ့်ပုံလွှာ (self-image)၊ မိမိကိုယ်ကိုမိမိ လေးစား တန်ဖိုးထား မှု (self-esteem) နှင့် ကိုယ်တိုင်စံထား ကိုယ့်ဘဝ (Ideal-self) တို့ကို သရုပ်ဖော် ရေးဆွဲရမည်။ စာသား၊ အရောင် မျဉ်းကြောင်းများ အသုံးပြုရမည်။

၃။ ဆွဲသားပြီးစီးသောအခါ သူငယ်ချင်းတစ်ဦးနှင့် မျှဝေစေရမည်။ ထိုနောက် အုပ်စုအတွင်း မျှဝေစေမည်။ နောက်ဆုံးတွင် တစ်တန်းလုံးနှင့် မျှဝေဆွေးနွေးရမည် ဖြစ်ပါသည်။ ရေးဆွဲသူများက ရှင်းပြနိုင်သည်။

၄။ မိမိကိုယ်ကို ရှုမြင်သုံးသပ်သော အယူအဆ (self-concept) ဆက်သွယ်ရေးကို ရေးဆွဲပြီးသောအခါ ဇယား (၂.၂၃) တွင်သုံးသပ်ချက်ကို ရေးပေးပါ။

၅။ မိမိဆန္ဒအလျောက် မျှဝေလိုသူများက ဤလုပ်ငန်းဆောင်ရွက်ရခြင်းအပေါ် ခံစားရမှု နှင့် ဤလုပ်ငန်းကို အလယ်တန်းကျောင်းသားများအတွက် သုံး၍ ရနိုင်/မနိုင် နှင့် မည်သို့ အသုံးပြုနိုင်မည်ကို မျှဝေကြလိမ့်မည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အချို့ကျောင်းသားများအတွက် ဤလုပ်ငန်းသည် ထိရှလွယ်ကူသော သဘောရှိနိုင်သည်။ ထို့ကြောင့် ဤလုပ်ငန်းကို ဖြည့်သည့်အခါ ရွေးချယ်မှုအများအပြားရှိသည်။ အချို့ကျောင်းများသည် ဤလုပ်ငန်းကို ဆောင်ရွက်လိုခြင်းမရှိကြချေ။ သူတို့အနေနှင့် ပုံရိပ်ကို ရွေးချယ်နိုင်သည်။ သို့မဟုတ် ရုပ်ပုံများနှင့်စကားလုံးများ နှစ်မျိုးသုံးလိုကြသည်။ အချို့က သူတို့စိတ်များကို မမျှဝေလိုကြပါ။ အခြားသူများနှင့်ဖြစ်စေ အုပ်စုတွင်း၌ဖြစ်နေ တစ်တန်းလုံး၌ဖြစ်စေ မမျှဝေလိုလျှင်လည်း နေနိုင်ပါ သည်။

## သင်ယူမှုလုပ်ငန်း (၉)။ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့ အတွက် လုပ်ငန်းများကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅)ယောက်စီပါဝင်သောအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - အလယ်တန်းကျောင်းပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ သိရှိလာရသော နားလည်မှုကို လက်တွေ့သင်ကြားမှု အသုံးချတတ်စေရန်

၁။ အတန်းကိုကျောင်းသား (၅) ဦးကို တစ်စုအဖြစ် အုပ်စုများ ခွဲခြားပါ။ အုပ်စုတစ်ခုစီကို စာရွက် ချပ်ကြီးတစ်ချပ်နှင့် မာကာများကို ပေးထားပါ။ အလယ်တန်းကျောင်းသားများ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်ခံစားမှုဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသည့် သင်ယူမှုလုပ်ငန်းများ တည်ဆောက်ရန် ဉာဏ်ဖွင့် ဆွေးနွေးစေရမည်။ အုပ်စုများကို (၅) မိနစ် အချိန်ပေးပါ။

၂။ အုပ်စုများက သူတို့ပြုစုထားသော စာရင်းများပြီးစီးသွားသောအခါ သူတို့လုပ်ငန်းများကို အထိရောက်ဆုံးလုပ်ငန်း/ထိရောက်မှုအများဆုံးလုပ်ငန်းနှင့် ထိရောက်မှု အနည်းဆုံးလုပ်ငန်းများကို သတ်မှတ်စေရမည်။

၃။ အတန်းကိုပြန်လည်ဖွဲ့စည်းပြီး အုပ်စုများကို သူတို့ ထိရောက်မှုအရှိဆုံးဟု ထင်သော လုပ်ငန်းကို အတန်းနှင့်မျှဝေရန် ပြောပါ။ အဘယ်ကြောင့် ထိရောက်မှု ရှိသည်ဟု ထင်ရကြောင်းကိုလည်း ရှင်းလင်း ပြစေသည်။

၄။ ထိုနောက်အတန်းတစ်တန်းလုံး ဝိုင်းဝန်းဆွေးနွေးကာ ထိရောက်မှုအရှိဆုံးသော လုပ်ငန်း (၃) ခုကို ရွေးချယ်ပေးရန် ညွှန်ကြားပါ။

၅။ အလယ်တန်းကျောင်းများ၌ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှုတို့ကဲ့သို့ပင် ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှား/ခံစားမှု ဖွံ့ဖြိုးမှုသည်လည်း အရေးပါကြောင်းကို ဆရာက အလေးပေးပြောပြပြီး လုပ်ငန်းကို အပြီးသတ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးကွဲပြားနိုင်သည်။ တီထွင်ဆန်းသစ်မှုရှိသော အဖြေများကို ပေးလျှင်လည်းလက်ခံပါ။ ဆန်းသစ်မှုကိုအားပေးပါ။ အထူးသဖြင့် ကျောင်းသားများပါဝင်မှုကို နည်းအမျိုးမျိုးဖြင့် ပါဝင်ခွင့်ပေးသင့်သည်။ တည်ဆောက်ထားသောသင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ အနေရကြပ်စေသော ပုံစံမဖြစ်စေရပါ။ ကျောင်းသားအားလုံး စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ ပါဝင်လုပ်ဆောင်နိုင်သော လုပ်ငန်းများဖြစ်သင့်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှား/ ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့ အကြား ခြားနားချက်ကို ဖော်ပြပါ။

ရရှိသွားမည့် တတ်ကျွမ်းမှုများ

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ပေါင်းသင်း ဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှု နှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိ ကြောင်းဥပမာဖြင့် ဖော်ပြသည်။

(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုး မှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှု ဖွံ့ဖြိုးမှုများနှင့် ကာယ ဖွံ့ဖြိုးမှုများ အရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** ကလေးတစ်ဦး၏ ဖွံ့ဖြိုးမှုနှင့် ဘဝသက်တမ်းတစ်လျှောက်လုံးဖွံ့ဖြိုးမှုတို့ အကြားခြားနားမှုမှာ အဘယ်နည်း။

**အဖြေ။** *"ကလေးများ၏ ဖွံ့ဖြိုးမှု" (သဘောတရား) က လူတစ်ဦး၏ ဖွံ့ဖြိုးမှုကို လေ့လာရာတွင် အမိဝမ်းကြာတိုက်တွင်း၌ စတင်သန္ဓေကိန်းအောင်းချိန်မှ အစပြုကာ အရွယ်ရောက်သည့် လူကြီးဘဝ ရောက်လာသည့်အချိန်တွင် အဆုံးသတ်သည်။ ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှု (သဘောတရား) ကမူ လူတစ်ဦး၏ ပဋိသန္ဓေတည်ရှိချိန်မှ အစပြု၍ သေသွားချိန်ထိတိုင်အောင် အဆုံး မသတ်နိုင်အောင် ဖွံ့ဖြိုးနေမှုများကို လေ့လာသည်။*

**မေးခွန်း ၂။** "စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု" နှင့် "အချိန်ခြား၍ ဖွံ့ဖြိုးမှု" တို့ကို အဓိပ္ပာယ် သတ်မှတ်ပြပါ။

**အဖြေ။** *စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (သဘောတရား) က ကျွန်ုပ်တို့သည် ဘဝတွင် လိုအပ်မည့် ကျွမ်းကျင်မှုများနှင့် အတူ မွေးဖွားလာသည်။ ထိုကျွမ်းကျင်မှုများသည် မွေးရာပါများ ဖြစ်ကြသည်ဟုယူဆသည်။ ကျွန်ုပ်တို့ တဖြည်းဖြည်းကြီးထွား/ကြီးပြင်း ဖွံ့ဖြိုးလာသည့်အခါ ထိုကျွမ်းကျင်မှုများကို ပိုမို ရင့်ကျက်လာစေပြီး ပိုမိုထက်မြက်အောင် မွမ်းမံပြုပြင်နိုင်လာကြသည်။ အချိန်ခြား၍ ဖြစ်ပေါ်သော ဖွံ့ဖြိုးမှု (သဘောတရား) ကမူ ဖွံ့ဖြိုးမှုများသည် အဆင့်လိုက်ခြား၍ ဖြစ်ပေါ်ကြသည်ဟု ယူဆသည်။*

**မေးခွန်း ၃။** ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှုသည် အဘယ်ကြောင့် "ဟန်ချက်ညီမျှတသော" ရှုထောင့်ဖြစ်ရသနည်း။

**အဖြေ။** *ဘဝသက်တမ်းတစ်လျှောက်လုံးဖွံ့ဖြိုးမှုရှုထောင့် က သဘာဝ(ဇီဝ)နှင့် ပြုစုပျိုးထောင်မှု (ပတ်ဝန်းကျင်) သဘောတရား/အယူအဆ နှစ်မျိုးစလုံးသည်လည်းကောင်း၊*

*စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် အချိန်ခြား၍ဖွံ့ဖြိုးမှု သဘောတရား/အယူအဆ နှစ်မျိုးစလုံးသည် လည်းကောင်း၊ တစ်ကြိမ်တည်း ဖွံ့ဖြိုးမှုနှင့် ကြိမ်ဖန်များစွာ ဖွံ့ဖြိုးမှု သဘောတရား/အယူအဆ နှစ်မျိုးစလုံးသည်လည်းကောင်း လူတို့ ၏ဖွံ့ဖြိုးမှုကို လေ့လာရာတွင် အရေးပါသော အကြောင်းရင်းခံများဖြစ်ကြသည်ဟုယူဆပါသည်။*

**မေးခွန်း ၄။** ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှုတွင်ပါဝင်သော အဆင့်များမှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ။** *ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှုတွင်ပါဝင်သော အဆင့်များမှာ*

- *အမိဝမ်းမှ မကျွတ်မီအဆင့်*
- *မွေးကင်းစနှင့် လမ်းလျှောက်တတ်ခါစအဆင့်*
- *ရှေးဦးအရွယ်ကလေးသူငယ်အဆင့်*
- *အလယ်အလတ်ပိုင်းကလေးသူငယ်အဆင့် (မူလတန်းကျောင်းသားအရွယ်)*
- *ပျိုဖော်ဝင်ရွယ်အဆင့်*
- *လူငယ်အဆင့်*
- *လူရွယ်လူလတ်ပိုင်းအဆင့်*
- *သက်ကြီးပိုင်း၊ သက်ကြီးရွယ်အိုအဆင့် တို့ဖြစ်ကြသည်။*

**မေးခွန်း ၅။** ဖွံ့ဖြိုးမှုဆိုင်ရာ ထင်ရှားသော မှတ်တိုင်များအတွက် စစ်ဆေးရမည့် စာရင်းများ (checklists) ကိုမည်သို့ အသုံးပြုသင့်သနည်း။

**အဖြေ။** *ကလေးများ၏ ဖွံ့ဖြိုးမှုဆိုင်ရာ အရေးပါသည့် မှတ်တိုင်များအတွက် စစ်ဆေးရမည့် စာရင်းများ (checklists) ကိုအသုံးပြုရာတွင် ကလေးတစ်ဦးသည် ဖွံ့ဖြိုးမှုရှုထောင့်၌ လမ်းကြောင်းမှန်ကန်စွာ ဖွံ့ဖြိုးခြင်းရှိ/မရှိ ကိုလူကြီးများက သိရှိနိုင်စေရန်အတွက်သာ ယေဘုယျအားဖြင့် အသုံးပြုသင့်သည်။*

**မေးခွန်း ၆။** ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော ကျောင်းပတ်ဝန်းကျင်ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော ကျောင်းဝန်းကျင်ဆိုသည်မှာ ထိုကျောင်းဝန်းကျင်တွင် ကျောင်းသားများသည် စိတ်ချလက်ချလုံခြုံစွာ နေထိုင်နိုင်ခြင်း၊ ကျောင်းသို့ တက်ရောက် ပညာသင်ကြားရာတွင် ဘေးအန္တရာယ် ကင်းရှင်းစွာ စိတ်ခါတ်လုံခြုံစွာ သင်ယူနိုင်ခြင်းကို ဆိုလိုပါသည်။ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော ကျောင်းဝန်းကျင်တစ်ခုတွင် ကလေးအချင်းချင်း အနိုင်ကျင့်ဗိုလ်ကျခြင်းတို့ တားဆီးခြင်း၊ ပဋိပက္ခဖြေရှင်းခြင်း၊ စီမံကိန်းများ၊ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းနှင့် ဒေါသ ထိန်းချုပ်ကွပ်ကဲမှု သင်တန်း စသည်တို့လည်း ပါဝင်နိုင်သည်။*

**မေးခွန်း ၇။** ကိုးပွင့်ဆိုင်ဉာဏ်ရည်အထွေထွေတို့ကို အမည်ဖော်ပြပါ။

**အဖြေ။** *ကိုးပွင့်ဆိုင်ဉာဏ်ရည်အထွေထွေတွင်ပါဝင်သော ဉာဏ်ရည်များမှာ အောက်ပါ တို့ဖြစ်ကြသည်။*

- *ဂီတနှင့် သက်ဆိုင်သောဉာဏ်ရည်*
- *ကြောင်းကျိုးဆက်စပ်မှုနှင့်သင်္ချာပညာဆိုင်ရာ ဉာဏ်ရည်*
- *ဖြစ်တည်မှုဆိုင်ရာ တွေးခေါ်တတ်မှုဉာဏ်ရည်*
- *လူအချင်းချင်းပေါင်းသင်းဆက်ဆံမှုဉာဏ်ရည်*
- *ကိုယ်ခန္ဓာလှုပ်ရှားမှုဆိုင်ရာဉာဏ်ရည်*
- *ဘာသာစကားဆိုင်ရာဉာဏ်ရည်*
- *မိမိကိုယ်ကို မိမိဆန်းစစ်ဝေဖန်တတ်မှုဉာဏ်ရည်*
- *ပုံဖော်မှုဉာဏ်ရည်*
- *သဘာဝပတ်ဝန်းကျင်ကိုလေးစားချစ်ခင်တန်ဖိုးထားတတ်မှုဉာဏ်ရည်*

**မေးခွန်း ၈။** ကမ္ဘာတစ်ဝန်းလုံးကအသုံးပြုနိုင်သော သင်ယူမှုပုံစံကို သင်ယူမှုနည်းဗျူဟာ တစ်ရပ်အဖြစ် အသုံးပြုနိုင်မည့် စာသင်ခန်း၌ ရှိရမည့် အခြေအနေများကို အမည်သတ်မှတ်ဖော်ပြပါ။

**အဖြေ။** *ကမ္ဘာတစ်ဝန်းလုံး၌ အသုံးပြုနိုင်သည့် သင်ယူမှုပုံစံ (UDL) ကို သင်ကြားမှုချဉ်းကပ်နည်း တစ်ခုအဖြစ် အသုံးပြုနိုင်မည့် စာသင်ခန်းအခြေအနေများမှာ*

- *ကျောင်းသားများကို စိတ်အားထက်သန်စွာ သင်ယူလိုစိတ်ပေါ်လာအောင် လှုံ့ဆော်ပေးခြင်းနှင့် သူတို့ စိတ်ပါဝင်စားလာအောင်ဆွဲဆောင်နိုင်ခြင်း*
- *သတင်းအချက်အလက်များကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရှာဖွေလေ့လာတတ်သောကျောင်းသား များဖြစ်ခြင်း*
- *ကျောင်းသားများက သူတို့၏ နားလည်သဘောပေါက်မှုကို ထင်ရှားစွာ ပြသတတ်ခြင်း*

**မေးခွန်း ၉။** စာသင်ခန်းတစ်ခုအတွင်းရှိ ကျောင်းသားများအားလုံးကို UDL ရှုထောင့်က မည်သို့ အကျိုးကျေးဇူးပြုပေးနိုင်သနည်း။

**အဖြေ။** *UDLရှုထောင့်/အယူအဆသည် အတန်းတွင်းမှ ကျောင်းသားများအားလုံးတို့ကို အကျိုးပြုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဤအယူအဆအရ ကျောင်းသားအားလုံးတို့သည် သင်ယူရာတွင် စိတ်ပါလက်ပါသင်နိုင်လာပြီး အချက်အလက်များကိုလည်း သူတို့အားသန်ရာ နည်းလမ်းများဖြင့် လေ့လာခွင့် ရရှိကာ သင်ယူတတ်မြောက်မှုကိုလည်း ၎င်းတို့နှစ်သက်ရာတင်ပြနည်းများကို အသုံးပြု၍ ပြသနိုင်၊ ဖော်ထုတ်နိုင်ကြသည့်အတွက်ဖြစ်ပါသည်။*

**မေးခွန်း ၁၀။** သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုဆိုသည်မှာ တွေးခေါ်စဥ်းစားခြင်း၊ သင်ယူခြင်းနှင့် ကျိုးကြောင်းဆင်ခြင်ခြင်းတို့ တိုးတက်ဖွံ့ဖြိုးမှုကို ဆိုလိုခြင်းဖြစ်သည်။*

**မေးခွန်း ၁၁။** မူလတန်းကျောင်းသားများနှင့် အလယ်တန်းကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုတွင် တွေ့ရှိရသော ထူးခြားသော လက္ခဏာများမှာ မည်သည်တို့ ဖြစ်ကြသနည်း။

**အဖြေ။** *မူလတန်းကျောင်းသားများနှင့် အလယ်တန်းကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုတွင် တွေ့ရှိရသော ထူးခြားသော လက္ခဏာများမှာ -*

- ***မူလတန်းကျောင်း***
    - *ကျောင်းသားများ၏ စဥ်းစားတွေးတောမှုများသည် အတ္တဗဟိုပြုမှု နည်းလာပြီး သူတို့သည်လည်း ကမ္ဘာကြီး၏ တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်နေသူများ အဖြစ် ရှုမြင်လာကြ သည်။*
    - *သူတို့သည် ကျိုးကြောင်းကျစွာ တွေးခေါ်လာနိုင်ပြီး ယင်းအတွေးအခေါ်ကို သိသာထင်ရှားသော ပြဿနာများ၊ အတွေ့အကြုံများတွင် အသုံးချလာကြသည်။*
    - *သူတို့ကစားသော ဂိမ်းများနှင့်လုပ်ဆောင်မှုများ၏ စည်ကမ်းချက်များကို သိမြင်လက်ခံ အသုံးချလာပြီး ပြန်လှန်မပြောင်းလဲတတ်သောစိတ်များ တိုးတက်လာကြသည်။ (ကာယနှင့် စိတ်ကူးဖြစ်စဥ်များ ပြောင်းပြန်စဥ်စားနိုင်စွမ်းရှိလာသည်)*
    - *အပေါ်ယံအသွင်အပြင်နှင့် လက်တွေ့အမှန်တရားတို့ကို ခွဲခြားနိုင်စွမ်း တိုးတက်လာကြသည်။*
    - *အလုပ်လုပ်ကိုင်ရာတွင် ကျင့်ဝတ်စိတ်ထားများနှင့် အပြုအမူများသည် ပန်းတိုင်ကို ပိုမိုဦးတည်သည့်သဘောဖြစ်လာသည်။*
    - *ပိုကောင်းမွန်သည့် မှတ်ဉာဏ်နည်းဗျူဟာများကို တတ်မြောက်လာသည်။*

- *တစ်ပါးသူများနှင့်အပြန်အလှန်ဆက်ဆံရာမှ သူတို့၏ ဗဟုသုတများ ကျယ်ပြန့် လာအောင် သင်ယူလာကြသည်။*
- *ကျောင်းတွင် သူတို့၏ စဥ်းစားတွေးခေါ်မှုနှင့် စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်မှု များကို ပြန်လည်သုံးသပ်တတ်ရန် သင်ယူလာကြသည်။*

- ***အလယ်တန်းကျောင်း***
  - *ကျောင်းသားများသည် အနုမာနအကြမ်းအဆိုပြုချက်ကိုတင်ပြနိုင်ပြီး ထုတ်ယူဆင်ခြင်လာနိုင်ကြသည်။*
  - *ကျောင်းသားများသည် သိပ္ပံပညာနှင့် ကျိုးကြောင်းကျဆင်ခြင်တွေးခေါ် မှုများ တိုးတက်လာသည်နှင့်အမျှ အဆင့်မြင့်တွေးခေါ်မှုစွမ်းရည်များကို ပိုမိုအသုံးပြု လာကြပြီး အကောင်အထည်မဲ့သောကိစ္စရပ်များဖြစ်သည့် မိမိကိုယ်ပိုင် လက္ခဏာ၊ လူမှုဖူလုံရေး နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးစသည့်အရာများတွင် ပိုမိုစိတ်ပါဝင်စားလာကြသည်။*
  - *အကောင်အထည်ရှိသော၊ အကောင်အထည်မရှိသော နည်းလမ်း (၂) ခု လုံးဖြင့် စဥ်းစားသုံးသပ်လာနိုင်သည်။ ၎င်းတို့၏ ဆင်ခြင်နိုင်စွမ်း၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းများ တိုးတက်လာသည်။ သို့သော် အကြမ်းဖျင်း ခြုံငုံ၍ရသော သိမှုဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုကဲ့သို့ မြန်ဆန်ခြင်းမရှိပေ။*
  - *အနုတ်သဘောဆောင်သောဘက်မှာ - ၎င်းတို့သည် အန္တရာယ်များသော လုပ်ရပ်များကို စတင်လုပ်ကိုင်လာနိုင်သည်။*

**မေးခွန်း ၁၂။** ဘာသာစကားဖွံ့ဖြိုးမှုဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *ဘာသာစကားဖွံ့ဖြိုးမှုဆိုသည်မှာ ကလေးများက ဘာသာစကားကို ရယူ သင်ယူခြင်းဖြစ်စဥ် တစ်ခုဖြစ်သည်။ ၎င်းဖြစ်စဥ်တွင် နားလည်မှုနှင့် မိမိတို့အတွေးများနှင့် ခံစားချက်များနှင့် ပြောဆိုဆက်ဆံခြင်းများပါဝင်သည်။*

**မေးခွန်း ၁၃။** မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများတွင် ဘာသာစကား ဖွံ့ဖြိုးမှု၏ ထူးခြားသော လက္ခဏာများမှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ။**

- ***မူလတန်းကျောင်း***
  - *ကလေးများ၏ဝေါဟာရများသည် ၄၀၀% တိုးပွားလာပြီး သူတို့သည် တစ်နေ့လျှင် စကားလုံး ၂၀ နှုန်းဖြင့် လေ့လာခဲ့ရာ စကားလုံး အရေအတွက်ပေါင်း (၄၀၀၀၀) ကို နားလည်သဘောပေါက်လာကြသည်။*
  - *ဝါကျ၏အနေအထားပုံစံမှတစ်ဆင့် ကလေးများသည် ဝါကျ၏အဓိပ္ပာယ်ကို နားလည်လာကြ ရသည်။*
  - *ဒြပ်မဲ့ စကားလုံးများ (Abstract words) ကို စတင်အသုံးပြုတတ်လာပြီး အဓိပ္ပာယ်ကိုလည်း နားလည်သဘောပေါက်လာကြသည်။*
  - *သူတို့သိသောဝေါဟာရများသည် (၁၈) လအတွင်းတွင်စကားလုံး အရေအတွက် (၅၀) ကို သိရှိလာကြသည်။ မူလတန်းကျောင်းရောက်စ ပထမနှစ်တွင် စကားလုံးအရေအတွက်ပေါင်း (၁၀၀၀၀) ကို သိလာကြ သည်။ မူလတန်း ကျောင်းရောက်၍ (၃) နှစ်အကြာတွင် စကားလုံး အရေအတွက်ပေါင်း (၂၀၀၀၀) ကိုသိလာကြသည်။*
  - *ကလေးများသည် စာဖတ်တတ်ရန် သင်ယူကြရသည်။ စာဖတ်ခြင်းက သူတို့၏ ဘာသာစကားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည်။*
  - *ကလေးများ၌ ဘာသာစကားနှင့်ပတ်သက်သော သီးသန့်အကြောင်းအရာ များကို နားလည်မှု စတင်ဖွံ့ဖြိုးလာသည်။ ဘာသာစကားဆိုင်ရာ အဆင့်မြင့် သတိမူနားလည်လာမှု ဖွံ့ဖြိုးစပြုလာသည်။*
  - *စာဖတ်ခြင်းနှင့် ကျောင်းသုံး/သင်ကြားရာတွင် အသုံးပြုသည့်ဘာသာစကား တို့က ကလေးများ၏ ဘာသာစကားကျွမ်းကျင်မှုများဖွံ့ဖြိုးမှုကို အကူအညီ ပေးနိုင်သည်။*

- *ရှေးဦးအရွယ်ကလေးသူငယ်ဘဝတွင် ကလေးများသည် ဘာသာစကား တစ်ခုမှ အသံများ ပေါ်တွင်သာ အထူးအာရုံစိုက်အလေးထားတတ်ကြသည်။ မူလတန်းကျောင်းသို့ ရောက်လာ သောအခါ သူတို့သည် ဝေါဟာရလေ့လာ မှုနှင့် ဝါကျဖွဲ့ ထုံးတို့အပေါ် တစ်စထက်တစ်စ ပို၍ စိတ်ဝင်စားလာကြသည်။ မူလတန်းကျောင်းသားများသည် နားလည်မှုနှင့် အနက်အဓိပ္ပာယ်ဖော်မှု စသည့် ဘာသာစကားဆိုင်ရာ အဆင့်မြင့် ကျွမ်းကျင်မှုများ (Metalinguistic Skill) ဖွံ့ဖြိုးလာပြီဖြစ်သောကြောင့် စကားထာများနှင့် ဟာသပြက်လုံး (ရယ်ရွှင်ဖွယ်) များသည် သူတို့အတွက် အရေးပါလာသည်။*
- *ဘာသာစကားဆိုင်ရာ စည်းမျဉ်းများသည် သူတို့စိတ်၌ စွဲမြဲတည်တံ့ သွားသည်။*

- **အလယ်တန်းကျောင်း**
  - *အသုံးပြုသော ဘာသာစကားသည် သက်ဆိုင်ရာပတ်ဝန်းကျင်အခြေအနေ အကြောင်းအရာ အမျိုးမျိုး (ဥပမာ - လုပ်ငန်းခွင်၊ သူငယ်ချင်းအုပ်စုများနှင့် ပြောဆိုမှု၊ အိမ်၌ပြောဆိုမှု) တို့နှင့် အညီ ပြုပြင်ပုံသွင်းခြင်း ခံရနိုင်သည်။*
  - *ကျောင်းသားများသည် မှန်ကန်သော အချက်အလက်များနှင့် ခန့်မှန်းချက် ထင်မြင်ချက်တို့ အကြား ခြားနားမှုကို ခွဲခြားသိမြင်တတ်ကြသဖြင့် စကားအလင်္ကာများ (တင်စားမှုများ) နှင့် ထေ့လုံးငေါ့လုံးများ (sarcasm) မှတစ်ဆင့် နက်နဲစွာ စဉ်းစားမှု (ဒြပ်မဲ့အရာများကို စဉ်းစားတတ်မှု) (Abstract thinking) သည် ဘာသာစကား သင်ကြားမှုထံသို့ ဝင်ရောက်လာ ရသည်။*
  - *ဘာသာစကားဆိုင်ရာ အဆင့်မြင့်သိရှိလာမှုဖြင့် ကျောင်းသားများသည် စကားစစ်ထိုးပွဲ (စကားရည်လုပွဲ)များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အခြေ အတင်အဆိုပြုမှုများနှင့် ချေဖျက်သုံးသပ်မှုဆိုင်ရာ စိတ်ကူးအယူအဆများ တင်ပြခြင်းတို့ကို ဆောင်ရွက် နိုင်လာကြသည်။*

**မေးခွန်း ၁၄။** အလယ်တန်းအဆင့်ကလေးများအား ဘာသာစကား သင်ကြားမှုအတွက် မည်သည့် ဘာသာစကား သင်ကြားမှု နည်းဗျူဟာများ သုံးနိုင်သနည်း။

**အဖြေ။** *အလယ်တန်းကျောင်းဘာသာစကား သင်ကြားမှုအတွက် အောက်ပါဘာသာစကားသင်ကြားမှု နည်းဗျူဟာများ သုံးနိုင်ပါသည်-*

- *ကလေးများအား မိမိတို့၏လေးနက်စွာ ဆန်းစစ်ဝေဖန်တတ်သော အတွေးများ ဖော်ပြနိုင်ရန် ကူညီခြင်း*
- *ကျောင်းသားများ၏ အဆင့်မြင့်တွေးခေါ်တတ်မှုကို ပံ့ပိုးကူညီပေးခြင်း*
- *အထောက်အပံ့ဖြစ်စေသော တုံ့ပြန် အကြံပြုချက် (feedback) ပေးခြင်း*
- *ပြဋ္ဌာန်းချက်အမျိုးမျိုးကို အသုံးပြုနိုင်ရန် အခွင့်အလန်းများစီစဥ် ပံ့ပိုးခြင်း*
- *နားထောင်ခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ကြည့်ရှုခြင်း၊ ဆောင်ရွက်ခြင်း။*

**မေးခွန်း ၁၅။** ဦးခေါင်းမှ ခြေဖျားဆီသို့ ဆန့်ထွက်ကြီးထွားမှု (Cephalocaudal) နှင့် ဗဟိုချက်မှ ဘေးဘက်သို့ ဆန့်ထွက်ကြီးထွားမှု (Proximodistal) နှစ်ခုအကြား ခြားနား ချက်မှာ အဘယ်နည်း။

**အဖြေ။** *Cephalocaudal ဆိုသည်မှာ ဦးခေါင်းမှ ခြေဖျားဆီသို့ ဆန့်ထွက်ကြီးထွား နည်းဖြစ်ပြီး၊ Proximodistal ဆိုသည်မှာ နီးရာမှဝေးရာသို့ (ဗဟိုချက်မှ ဘေးစွန်းဆီသို့) ဆန့်ထွက်ကြီးထွားနည်း ဖြစ်သည်။*

**မေးခွန်း ၁၆**။ ကလေးများ မူလတန်းကျောင်းသားအရွယ်ရောက်ရှိသည့်အခါ သူတို့ ဆောင်ရွက်လာနိုင်သည့် ကိုယ်ခန္ဓာတစ်ခုလုံးလှုပ်ရှားရာ၌ ကျွမ်းကျင်မှုများ (Gross motor skills) နှင့် အနုစိတ်လှုပ်ရှားရာ၌ ကျွမ်းကျင်မှုများ (Fine motor skills) အဘယ်နည်း။

**အဖြေ။** *ယေဘုယျအားဖြင့် သူတို့သည် ကြွက်သားများကို အချိန်အဆမှန်စွာ လှုပ်ရှားနိုင်လာခြင်း ဟန်ချက်ညီစွာ သွားလာလှုပ်ရှားနိုင်ခြင်းတို့ ဆောင်ရွက်နိုင်သည်။*

- *စက်ဘီးစီးတတ်ခြင်း၊ ဘောလုံးကန်နိုင်ခြင်း၊ ဘောလုံးဖမ်းနိုင်ခြင်း၊ ကိရိယာတစ်ခုခုပေါ်သို့ တက်ရန် ဟန်ချက်ညီ ရပ်တည်နိုင်ခြင်း၊ ခြေတစ်ပေါင်ကျိုးခုန်နိုင်ခြင်း တို့ ဆောင်ရွက်နိုင်သည်။*
- *အရေးအသား (လက်အနေအထား၊ အချိန်အဆ) တဖြည်းဖြည်းကျွမ်းကျင်လာခြင်း၊ အပ်ပေါက်ထိုးတတ်ခြင်း၊ ရက်ကန်းရက်တတ်ခြင်း၊ အပ်ချုပ်တတ်ခြင်းနှင့် ရုပ်ပုံကားများကို သရုပ်ပေါ်လွင်အောင် ရေးဆွဲတတ်ခြင်း တို့ ဆောင်ရွက်နိုင်သည်။*
- *ကိုယ်ခန္ဓာအရိုးအဆစ်များ အလျားရှည်လာပြီး အနံကျယ်ဝန်းလာခြင်း၊ ကြွက်သားများ ပိုမိုသန်မာလာခြင်း၊ လွယ်ကူစွာလှုပ်ရှားဆောင်ရွက်နိုင်ခြင်း၊ ငယ်သွား (သို့မဟုတ်) ကလေး ဘဝမှသွားများကျိုးပြီး သွားအသစ်များ ပေါက်လာ ခြင်း တို့ ဖြစ်ပေါ်လာမည်။*
- *မျက်နှာပေါ်မှ အရိုးများ(မေးရိုး၊ ပါးရိုး စသည်) ကြီးထွားလာခြင်း၊ မျက်နှာအလျားပိုမို ရှည်ထွက်လာကာလူကြီးတစ်ဦး၏ မျက်နှာပုံစံဖြစ်လာခြင်းတို့လည်း ဖြစ်လာမည်။*

**မေးခွန်း ၁၇။** အလယ်တန်းကျောင်းသို့ ရောက်လာသော နှစ်ကာလများကို ကလေးများအတွက် ကြီးမားသော အပြောင်းလဲများ ပေါ်ပေါက်ချိန်ဟု အဘယ်ကြောင့် ယူဆကြသနည်း။

**အဖြေ။** *အလယ်တန်းကျောင်းစာသင်နှစ်များတွင် ကျောင်းသားများသည် ဇီဝဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာတို့တွင် သိသိသာသာ ဖွံ့ဖြိုးလာသောကြောင့် အလယ်တန်းကျောင်း စာသင်နှစ်များကို လျင်မြန်သော ပြောင်းလဲမှုဖြစ်ချိန် ဟု ယူဆကြခြင်း ဖြစ်သည်။*

**မေးခွန်း ၁၈။** ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု (Social Development) ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကြောင့် အရေးပါသနည်း။

**အဖြေ။** *ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု (social development) ဆိုသည်မှာ လူအချင်းချင်း တစ်ဦးနှင့် တစ်ဦးအကြား လူမှုဆက်ဆံရေးတည်ဆောက်ခြင်းနှင့် လူမှုပေါင်းသင်းဆက်ဆံမှု အသိုင်းအဝိုင်း အမျိုးမျိုးတွင် ဝင်ဆံ့ဆောင်ရွက်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု ကို ဆိုလိုခြင်းဖြစ်သည်။*

*အခြားဖွံ့ဖြိုးမှု နယ်ပယ်များတွင် လွှမ်းမိုးမှုရှိသောကြောင့် ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု (social development) သည် အရေးပါခြင်းဖြစ်သည်။*

*ဘာသာစကားကျွမ်းကျင်မှုများ၊ မိမိကိုယ်ကို မိမိလေးစားတန်ဖိုးထားတတ်မှု (self-esteem)၊ သင်ယူရာ၌ကျွမ်းကျင်မှုများ၊ ပဋိပက္ခဖြေရှင်းတတ်မှုနှင့် အပြုသဘောဆောင်သော (အကောင်းမြင် တတ်သော) သဘောထားဖွံ့ဖြိုးလာမှု စသော အခြားဖွံ့ဖြိုးမှုအမျိုးအစားများအပေါ် သြဇာသက်ရောက် လွှမ်းမိုးမှုရှိသောကြောင့် ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုသည် အရေးပါခြင်းဖြစ်သည်။*

**မေးခွန်း ၁၉။** မူလတန်းကျောင်းသားများ၏ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ သွင်ပြင်လက္ခဏာများမှာ အဘယ်နည်း။

**အဖြေ။** *မူလတန်းကျောင်းသားများ၏ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ သွင်ပြင်လက္ခဏာများမှာ*

- *သက်တူရွယ်တူအုပ်စုများဖွဲ့စည်းလာသည်။*
- *မူလတန်းကျောင်းနေစဉ်ကာလများတွင် ခင်မင်ရင်းနှီးမှုသည် ပိုမိုရှုပ်ထွေးလာပြီး ယုံကြည်မှု သည် အဓိကလက္ခဏာဖြစ်လာသည်။*

- *သူငယ်ချင်းများကို ရွေးချယ်ပေါင်းသင်းရာတွင် အသက်အရွယ်တူညီမှု၊ ကျား အချင်းချင်း/ မအချင်းချင်းဖြစ်မှု၊ လူမျိုးချင်းတူမှု၊ မျိုးနွယ်စုချင်းတူမှု၊ လူမှုစီးပွား အဆင့်အတန်းတူမှု၊ ပင်ကိုစရိုက်ကောင်းသူ၊ လူချစ်လူခင်များသူ (popular)၊ စာတော်သူ နှင့် ပေါင်းသင်းဆက်ဆံမှုတော်သူတို့ကို ရွေးချယ်ကာ ပေါင်းသင်း တတ်ကြပါသည်။*
- *မူလတန်းကျောင်းနေစဉ်ကာလများအတွင်း ခင်မင်ရင်းနှီးမှုမှာ စွဲမြဲတည်ငြိမ်မှု ရှိ သည်။*
- *သက်ရွယ်တူအချင်းချင်းကလက်ခံမှု- မူလတန်းကျောင်းနေစဉ်ကာလများတွင် ကလေးတစ်ဦးကို သူနှင့် ရွယ်တူကလေးများက လက်ခံမှု (သို့မဟုတ်) နှစ်သက် သဘောကျမှု မည်မျှအတိုင်းအတာထိ ရှိကြောင်း သိရှိရန်လည်း အရေးကြီး ပါသည်။*
- *သူတို့သည် ကျား/မရေးရာ ခွဲခြားသိမြင်မှုနှင့်ပတ်သက်၍ လူများစုက သမားရိုးကျ/ ပုံသေကားကျ လက်ခံထားသော အယူအဆများမှစ၍ ကိုယ်ရည် ကိုယ်သွေး ထူးခြားစရိုက်လက္ခဏာများ အထိလည်း ချဲ့ထွင်တွေးတော စဉ်းစား တတ်လာသည်။*
- *သူတို့သည် မိမိကိုယ်မိမိအကဲဖြတ်သုံးသပ်ခြင်း၊ ကျား/မအမျိုးအစားများနှင့် လက်ခံ သတ်မှတ်ထားသော ကျား/မတို့၏ အခန်းကဏ္ဍအတိုင်း ထုံးတမ်းစဉ်လာ နှင့် ကိုက်ညီစွာ ပြုမူလုပ်ကိုင်ရန် ဖိအားပေးခံရခြင်းတို့မှတစ်ဆင့် ကျား/မတို့၏ ထူးခြားစရိုက်လက္ခဏာများ ကို စတင် စဉ်းစားလာကြသည်။*
- *မွေးချင်းများအကြား တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်မှုပြင်းထန်ခြင်း၊ မိသားစု ပြိုကွဲရခြင်း (ကွာရှင်းပြတ်စဲခြင်း)၊ မိဘနှစ်ပါးတွင် တစ်ဖက်စီမှ ယခင်အိမ်ထောင် မှ ကလေးများရော ယခုကလေးများပါ ရောနှောနေထိုင်ကြသည့် ပေါင်းစပ် မိသားစုများဖြစ်ခြင်း၊ မိခင်အလုပ် လုပ်ရခြင်းများစသည့် မိသားစုဆိုင်ရာ ဩဇာလွှမ်းမိုးမှုများအားလုံးသည် မူလတန်း ကျောင်းသားများ၏ ပေါင်းသင်း ဆက်ဆံရေးဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုရှိကြသည်။*

**မေးခွန်း ၂၀။** အလယ်တန်းကျောင်းသားများ၏ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ သွင်ပြင်လက္ခဏာများမှာ အဘယ်နည်း။

**အဖြေ။** *အလယ်တန်းကျောင်းသားများ၏ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ သွင်ပြင်လက္ခဏာများမှာ*

- *အလယ်တန်းကျောင်းသားအရွယ်ကလေးများနှင့် သူတို့မိဘများအကြား ဆက်သွယ်မှု၊ ပြောဆိုဆက်ဆံမှုသည် တဖြည်းဖြည်းချင်း ဝေးကွာအလှမ်းဝေးလာသည်။ ကလေးများသည် သူတို့ပါဝင်သော လူမှုပေါင်းသင်းဆက်ဆံရေး အုပ်စုများ၏ စည်းမျဉ်းများနှင့် ညီညွတ်အောင်ကြိုးပမ်း အားထုတ်တတ်ကြသောကြောင့် ရွယ်တူဖော်အချင်းချင်း၏ ဖိအားပေးမှုသည် သူတို့အပေါ် များစွာ သက်ရောက်နိုင်ပါသည်။*
- *သူတို့သည် စိတ်ကူးအသစ်အဆန်းများကို လက်တွေ့စမ်းသပ်ဆောင်ရွက်လိုကြပြီး၊ ကိုးရိုးကားရားအမူအရာများနှင့် ဆန်းဆန်း ပြားပြား အဝတ်အစား ဝတ်ဆင်ဟန်များကို ကြိုက်နှစ်သက်တတ်ကြသည်။*
- *သူတို့သည် ရွယ်တူသူငယ်ချင်းများ၏ ထင်မြင်ယူဆချက်များကို တစ်စထက် တစ်စ ပိုမို တန်ဖိုးထားတတ်လာကြပြီး၊ ထိုထင်မြင်ချက်များ (သို့မဟုတ်) သူတို့ရရှိလာသော ထင်မြင်ချက်များနှင့် ပတ်သက်လျှင် ထိလွယ်ရှလွယ်ရှိကြသည်။*
- *သူတို့သည် သင့်လျော်သော ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ အစဉ်အလာများကို ပိုမိုသိရှိ လာကြသည်။ သို့ရာတွင် ဤကာလပိုင်းအတောအတွင်း အချင်းချင်း ဗိုလ်ကျအနိုင်ကျင့်မှု၊ ဆိုင်ဘာ အနိုင်ကျင့်မှု၊ မတရားဖိနှိပ်ညှဉ်းဆဲမှု (သို့မဟုတ်) အကြမ်းဖက်မှုများလည်း ပေါ်ပေါက်လာနိုင်ပြီး၊ ကိုယ်ထိလက်ရောက် သတ်ပုတ်ထိုးကြိတ်ခြင်းများလည်း တိုးပွားလာတတ်သည်။*

- *မူလတန်းကျောင်းသားဘဝက တည်ဆောက်ခဲ့ကြသော ခင်မင်ရင်းနှီးမှုများသည် မတူညီသော အလယ်တန်းကျောင်းအသီးသီးသို့ ရွှေ့ပြောင်းတက်ရောက်ကြရသောကြောင့် မကြာခဏပင် အပြောင်းအလဲများ ဖြစ်လာတတ်သည်။*
- *သူတို့နှင့်စိတ်ဝင်စားမှုချင်းတူညီသော သူငယ်ချင်း အသစ်များကို ရှာဖွေပေါင်းသင်းတတ်လေ့ရှိကြသည်။*
- *ကျောင်းသားများသည် မိဘများနှင့် ပို၍ဝေးကွာစပြုလာသောကြောင့် သူတို့အတွက် အထောက်အပံ့ရင်းမြစ်များအဖြစ် ဆရာများက ဆောင်ရွက်ပေးနိုင်သည့် ဆရာများနှင့် ကျောင်းသားများအကြား ဆက်ဆံမှုသည် အရေးကြီးပါသည်။*
- *ဆရာများနှင့် ကျောင်းသားများအကြား ဆက်ဆံရေးကောင်းမွန်မှုက သင်ယူမှု၌ စိတ်ဝင်စားမှု အားနည်းကျဆင်းနေသော ကျောင်းသားများကို ပြုပြင်၍ သူတို့စိတ်ဝင်စားမှုကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးနိုင်ပြီး ကျောင်းသားများ၏ ကောင်းကျိုး အဝဝကို ပိုမိုတိုးတက်စေနိုင်သည်။*

**မေးခွန်း ၂၁။** ဆရာတစ်ဦးအနေဖြင့် သင်သည် အလယ်တန်းကျောင်းသားဘဝပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှုကို မည်သို့ ပံ့ပိုးကူညီပေးနိုင်သနည်း။

**အဖြေ။** *အလယ်တန်းကျောင်းသားဘဝပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုကို အောက်ပါတို့ကို လုပ်ဆောင်ခြင်းဖြင့် ပံ့ပိုးကူညီပေးနိုင်သည်-*

- *ကျောင်းတွင် လူတိုင်းအကျုံးဝင်စေမှုကို အလေးထားသည့် ယဉ်ကျေးမှုတစ်ရပ်ဖော်ဆောင် ပေးခြင်း၊*
- *ကျောင်းသားတို့တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စိတ်ချယုံကြည်စွာ၊ ဘေးကင်းစွာပြောဆိုဆက်ဆံနေထိုင်နိုင်မည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်း၊*
- *ကျောင်းမှကျောင်းဝန်ထမ်းအားလုံးကို ဘေးကင်းလုံခြုံမှုရှိသော ကျောင်းဖြစ် လာစေရေး စီမံဆောင်ရွက်မှု၏အစိတ်အပိုင်းများအဖြစ် လေ့ကျင့်သင်ကြား ပေးခြင်း*

- *ကောင်းစွာစီမံခန့်ခွဲထားသည့် စာသင်ခန်းများနှင့် ကျောင်းပတ်ဝန်းကျင်ကြီး တစ်ခုလုံးမှတစ်ဆင့် တာဝန်ကိုလေးစားတတ်သည့် ခံယူမှုကိုဖော်ထုတ်ပေးခြင်း*
- *ကျောင်းသားများကို အတူပူးပေါင်းပါဝင်စေလျက် စာသင်ခန်းစည်းမျဉ်း စည်းကမ်းများကို ချမှတ်ရေးဆွဲခြင်းနှင့် အပြုသဘောဆောင်သည့်ဝေါဟာရ များကိုသာ စိစစ်ရွေးချယ် အသုံးပြုခြင်း*
- *ကျောင်းသားများထံမှ မျှော်လင့်ထားသော အပြုအမူကို ဖော်ပြရာတွင် ပြတ်သားရှင်းလင်းမှုရှိပြီး တိုက်ရိုက်တွေ့မြင်သိသာသော အချက်များဖြစ်စေ ခြင်း*
- *ကျောင်းစည်းမျဉ်းစည်းကမ်းများကို ကျောင်းသားများကို လိုက်နာစေလိုသည့် အတိုင်း ဆရာကိုယ်တိုင်က စံနမူနာ အဖြစ် လုပ်ဆောင်ပြခြင်း*
- *ကျောင်းသားတစ်ဦးချင်းစီကို ခေါ်ယူ၍ တုံ့ပြန်အကြံပြုချက်များပေးခြင်းနှင့်*
- *မသင့်လျော်သောအပြုအမူများကို ပြုပြင်ပေးရာတွင် ကျောင်းသားများကို လမ်းညွှန်မှုပေးခြင်း၊ မတော်သောအပြုအမူတစ်ခုအတွက် ဖြစ်လာနိုင်မည့် နောက်ဆက်တွဲဆိုးကျိုးနှင့် ထိုအပြုအမူကို ဖျောက်ဖျက်ရန် မည်သည့်အပြုအမူ ကောင်းဖြင့် အစားထိုးနိုင်ကြောင်း တို့ကို ရေလည်စွာ ရှင်းလင်းပြောပြဆွေးနွေး ခြင်း။*

**မေးခွန်း ၂၂။** ကိုယ်တိုင်ဆင်ခြင် ကိုယ့်သွင်ပြင် (Self-concept) တွင်ပါဝင်သော အစိတ်အပိုင်း (၃) ခုကို စာရင်းပြုစု၍ ဖော်ပြပါ။

**အဖြေ။** *"ကိုယ်တိုင်ဆင်ခြင် ကိုယ့်သွင်ပြင်အယူအဆ" တွင်ပါဝင်သည့် အစိတ်အပိုင်း (၃) ခုမှာ-*

*၁။ ကိုယ်တိုင်မြင်ကိုယ့်ပုံရိပ်လွှာ (self-image)*
*၂။ မိမိကိုယ်မိမိလေးစားတန်ဖိုးထားမှု (self-esteem) (self-worth) (ကျွန်ုပ်တို့၏ တန်ဖိုးကို ကျွန်ုပ်တို့ကိုယ်တိုင်သတ်မှတ်ခြင်း) နှင့်*
*၃။ ကိုယ်တိုင်စံထားကိုယ့်ဘဝ (Ideal-self) (ကျွန်ုပ်တို့ဖြစ်စေချင်ခဲ့သောအရာများ၊ ကျွန်ုပ်တို့ ၏ လိုလားချက် ဆန္ဒများ)*

**မေးခွန်း ၂၃။** စိတ်လှုပ်ရှားခံစားမှုနှင့် ပေါင်းသင်းဆက်ဆံမှုဆိုင်ရာဖွံ့ဖြိုးမှု ရရှိသွားစေရန် ကျောင်းများ က မည်သို့အထောက်အပံ့ပြု ဆောင်ရွက်ပေးနိုင်သနည်း။

**အဖြေ။** *စိတ်လှုပ်ရှားခံစားမှုနှင့် ပေါင်းသင်းဆက်ဆံမှုဆိုင်ရာ ဖွံ့ဖြိုးမှု ရရှိသွားစေရန် ကျောင်းများ အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ပေးနိုင်သည်-*

- *ကျောင်းသားအားလုံး တစ်ဦးမကျန် ဂရုစိုက်တန်ဖိုးထားခြင်းနှင့် သူတို့ဉာဏ်စွမ်း ရှိသမျှ ဖွံ့ဖြိုးလာစေရန် ပံ့ပိုးပေးခြင်းတို့ ရှိသော ကောင်းမွန်သာယာသော ကျောင်းပတ်ဝန်းကျင် တစ်ခုအဖြစ် တိုးမြှင့်တည်ဆောက်ပေးခြင်း၊*
- *ကျောင်းသားများ၏ အပြုအမူတိုးတက်ကောင်းမွန်ရေးအတွက် ဝန်ဆောင်မှု များ ပံ့ပိုးပေးခြင်း ဥပမာ- အကြံပေးပုဂ္ဂိုလ်များ ဖိတ်ကြားပေးခြင်း၊ ကြံ့ကြံ့ခံနိုင် စွမ်းရည်ရှိရေး နှင့် (ကိုယ်ရည်ကိုယ်သွေး) တိုးတက်ရေးအစီအစဉ်များကို စီစဉ် ဆောင်ရွက်ပေးခြင်း*
- *သက်ရွယ်တူကျောင်းသားများနှင့် ဆက်ဆံရေးကောင်းမွန်ဖွံ့ဖြိုးလာစေရန် အတွက် အခွင့်အလမ်းများဖန်တီးပေးခြင်း*
- *ကျန်းမာမှု၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာမှု၊ ကျောင်းစာလေ့လာသင်ယူမှု စသည် တို့တွင် နောက်ထပ်/ဆက်လက်ကူညီပံ့ပိုးပေးရန်လိုအပ်နေသည့် ကျောင်းသား များကို သတ်မှတ် ဖော်ထုတ်ခြင်းနှင့် လိုအပ်သော ရပ်ရွာလူထုအဖွဲ့အစည်း၏ ဝန်ဆောင်မှု လုပ်ငန်းများကို မိဘများက အသုံးပြုတတ်စေရန် ကူညီပေးခြင်း*

# ၂.၄။ မတူကွဲပြားသော ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကား မျိုးစုံပါဝင်နေသော စာသင်ခန်းများ (culturally and linguistically diverse classrooms)

မြန်မာနိုင်ငံတွင်ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကြွယ်ဝပြီး ထိုအချက်သည်လည်း စာသင်ခန်းများတွင် ထင်ဟပ်ပေါ်လွင်နေသည်။ ယဉ်ကျေးမှုနှင့် ဘာသာစကား အမျိုးမျိုး ကွဲပြားနေသော စာသင်ခန်းထဲမှ ကျောင်းသားများ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်း ပေးရာတွင် တွေ့ရှိလာရမည့် စိန်ခေါ်မှုများကို ပပညာရေးဒီဂရီဘွဲ့ရ ဆရာများအနေနှင့် သိရှိ နားလည်ထားရန် လိုအပ်ပါသည်။ သူတို့သည် ယဉ်ကျေးမှုအသီးသီးနှင့် လိုက်လျော ညီထွေစွာ လက်ခံတုံ့ပြန် ပေးတတ်ရပါမည်။ ယဉ်ကျေးမှုအားဖြင့် လက်ခံပေးသော နည်းဗျူဟာများလည်း လိုအပ်သည်။ ဤအခန်းငယ်တွင် ယဉ်ကျေးမှုအမျိုးမျိုးကို သိနားလည်မှုဖြင့် စိတ်ဝင်စားစွာ လက်ခံပေးတတ်သော ဆရာများ၏ လက်တွေ့ကျင့်သုံးမှု နှင့်သူတို့၏ ထူးခြားသောလက္ခဏာများကို အသေးစိတ် လေ့လာသွားရမည်ဖြစ်သည်။ ယဉ်ကျေးမှုများ ကွဲပြားစုံလင်မှုအပေါ် သုံးသပ်သော ရှုထောင့်အမြင် အမျိုးမျိုးကို ဖတ်ရှု လေ့လာပြီးနောက် အမေရိကန်ပြည်ထောင်စုနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့တွင် လက်တွေ့ ကျင့်သုံးနေသော သင်ကြားမှုဆိုင်ရာ အလေ့အကျင့်များကို သုံးသပ်ဆန်းစစ် ရမည်ဖြစ်သည်။ ထိုလက်တွေ့သင်ကြားမှုများထဲမှ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်အခြေအနေ အကြောင်းအရာ တို့နှင့် ဆီလျော်ကိုက်ညီသော အဓိကကျသည့် သင်ယူမှုများအကြောင်းကို စဉ်းစားကြည့်ပါ။

## ၂.၄.၁။ ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံဆောင်ရွက်ပေးတတ်သော သင်နည်းဗေဒ (Culturally Responsive Pedagogy)

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ယဉ်ကျေးမှုနှင့်ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များကို အဓိပ္ပာယ်သတ်မှတ်တတ်မည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံပေးတတ်သော ဆရာများ၏ အဓိကကျသော ထူးခြားလက္ခဏာများကို ဆွေးနွေးတတ်မည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေလက်ခံပေးတတ်သော ဆရာများ၏ အဓိက ကျသော လက်တွေ့ကျင့်သုံးမှုများကို အကြမ်းဖျင်းဖော်ပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၃.၂.၂) မိဘများ၊ ရပ်ရွာ အဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့ ၏လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။

(က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ အရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။

(ခ) (၄.၁.၂) ကျောင်း၊ အိမ်၊ ရပ်ရွာအတွင်းကလေးများ၏ သင်ယူမှုတွင် မိဘများ၏ ပါဝင်မှု အခန်းကဏ္ဍကို မြှင့် တင် ပေးသည့် နည်းဗျူဟာများကိုဖော်ပြသည်။

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။

(ဂ) (၃.၁.၁) ကျောင်းသားတစ်ဦးချင်းစီရှိ စွမ်းဆောင်ရည် အလိုက် ပြုစုပျိုးထောင်ရန် တာဝန်ယူခြင်းနှင့် ကလေးတိုင်း၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြု ကြောင်း ပြသည်။

(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံ အကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးအား တန်းတူညီမျှ ဆက်ဆံသည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှု လုပ်ငန်းများတွင် ကျောင်းသားများ အားလုံးပါဝင်ခွင့် ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ကျွမ်းကျင်ပညာရှင်များ၏ ရှုထောင့်များအပေါ် ပြန်လည် သုံးသပ်စဉ်းစားခြင်း (Reflecting on perspectives of experts)

သင်ယူမှုလုပ်ငန်း (၂) - ပညာသင်ကြားသင်ယူမှု အတွေ့အကြုံအပေါ် ပြန်လည် သုံးသပ်စဉ်းစားခြင်း

သင်ယူမှုလုပ်ငန်း (၃) - ဆရာများ၏ လက်တွေ့လေ့ကျင့်သင်ကြားမှုနှင့် သင်ယူ မှုရည်မှန်းချက် ပန်းတိုင်များကို ပြန်လည်သုံးသပ်စဉ်းစားခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းများမေးခြင်း၊ အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်းနှင့် တစ်တန်းလုံးကို စစ်ဆေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ် အခန်းငယ် (၂.၄) ကိုဖတ်ရှုလေ့လာပါ။

**လိုအပ်သောရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၃) - ကွန်ပျူတာ၊ ပရိုဂျက်တာ/ ရုပ်သေ/ရုပ်ရှင်ခေတ် (ဖြစ်နိုင်လျှင်) (သို့မဟုတ်) မိုဘိုင်းဖုန်း - ('Kotahitanga' စီမံချက်မှ ဆရာများ၏ ဇာတ်လမ်းတိုများကို ကြည့်ရှုရန်) - စာကြည့်တိုက်တွင်ဗီဒီယိုများ သုံးစွဲရရှိနိုင်သည်။

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များကို အဓိပ္ပာယ်သတ်မှတ်တတ်မည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံပေးတတ်သော ဆရာများ၏ အဓိကကျသော ထူးခြားလက္ခဏာများကို ဆွေးနွေးတတ်မည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေလက်ခံပေးတတ်သော ဆရာများ၏ အဓိကကျသော လက်တွေ့ကျင့်သုံးမှုများကို အကြမ်းဖျင်းဖော်ပြတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၂.၄.၁) ထဲမှ "နိုင်ငံတကာဆိုင်ရာ လုပ်ငန်းခွင် အကြိုဆရာအတတ်သင်ပညာရေး (Pre-service Teacher Education Internationally)" အပိုင်းကို ဖတ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံပါဝင်နေသော စာသင်ခန်းများနှင့် ယဉ်ကျေးမှု အသီးသီးတို့နှင့် လိုက်လျောညီထွေ ဖြစ်စေသော ယဉ်ကျေးမှု အသီးသီးကို လေးစားသော သင်နည်းဗေဒအပေါ် အလေးထားလာရခြင်း အကြောင်းရင်း (ရည်ရွယ်ချက်) ကိုဖော်ပြပါ။

- လူတိုင်းအကျုံးဝင်မှုရှိသော သင်ကြားမှု အလေ့အကျင့်ကို ပြုပြင်ပုံသွင်းပေးနိုင်ရန်အတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး၌ အမျိုးမျိုး ကွဲပြားမှုဆိုင်ရာ ပြဿနာများကို အာရုံစိုက်ရန် ကမ္ဘာတစ်ဝန်း၌ လိုအပ်ချက်ရှိလာသည့် ဩစတြေးလျနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ သုတေသနပြုမှုများအရ တွေ့ရှိရသည်မှာ လုပ်ငန်းခွင် အကြိုဆရာများထံ၌ ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံပါဝင်နေသော စာသင်ခန်းများတွင် သင်ကြားရာ၌ လုံလောက်သော ကြိုတင်ပြင်ဆင်မှု မရှိကြပါ။
- မြန်မာနိုင်ငံ၏ ကွဲပြားဝသော ယဉ်ကျေးမှုများနှင့် ဘာသာစကားများ
    - မျိုးနွယ်စုပေါင်း (၁၃၅)စုရှိသည်။
    - ဘာသာစကားနှင့် ဒေသီယစကား / ဒေသသုံးစကား ပေါင်း(၁၀၀) ရှိသည်။
    - မြန်မာနိုင်ငံလူဦးရေး၏သုံးပုံတစ်ပုံကျော်ကျော်သည် ဗမာမဟုတ်သော တိုင်းရင်းသား မျိုးနွယ်စုများ ဖြစ်ကြခြင်း

၄။ ဗမာမဟုတ်သော တိုင်းရင်းသားမျိုးနွယ်စုများ/တိုင်းရင်းလူမျိုးများအတွက် ကျောင်းထွက်နှုန်း (drop-out) များရခြင်းမှာ ဘာသာစကားအဟန့်အတား (language barrier) ကြောင့် ဖြစ်နိုင်ကြောင်း ကို ကျောင်းသားများအား သိရှိစေရမည်။

၅။ မတူကွဲပြားသော ယဉ်ကျေးမှုနှင့် ဘာသာစကားအမျိုးစုံရှိသော စာသင်ခန်းများမှ ကျောင်းသားများကြုံတွေ့ရမည်ဖြစ်သည့် စိန်ခေါ်မှုများ / အခက်အခဲများကို အခန်း (၁) မှ သူတို့ ရရှိခဲ့သော နားလည်မှုကို အသုံးပြု၍ ဖော်ထုတ်ပေးရန် ကျောင်းသားများကို ညွှန်ကြားပါ။

၆။ ကျောင်းသားများ၏ အဖြေများကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပါ။
အဖြေများ - စိန်ခေါ်မှုများသည်အောက်ပါတို့နှင့် ဆက်စပ်သည်။

- သင်ယူရသော အကြောင်းအရာကို နားလည်သဘောပေါက်မှုနှင့် သူတို့ ထိရောက်စွာ သိရှိထားသည့် အချက်အလက်တို့ကို အခြားသူတို့နှင့် အောင်မြင်စွာ ဆက်သွယ်ပြောဆို ရေးသားတတ်မှု
- ယဉ်ကျေးမှုဆိုင်ရာ မျှော်မှန်းထားချက်များနှင့် ညီညွတ်စွာ သူတို့ တတ်မြောက်ရရှိသွားသော အသိပညာတို့ကို ဆက်သွယ်ပြောဆို ရေးသား တတ်မှု
- သူတို့နေထိုင်ရာ ကျေးလက်ဒေသ သို့မဟုတ် ဝေးလံခေါင်သီသောနေရာ ဒေသများတွင် ဆင်းရဲနွမ်းပါးမှု၊ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများကို (ဥပမာ-ကျန်းမာရေးဝန်ဆောင်မှု) လက်လှမ်းမမီမှု (သို့မဟုတ်) လက်လှမ်း မီခွင့် နည်းပါးမှု။

၇။ ယဉ်ကျေးမှု အသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံမှုရှိအောင် ဆောင်ရွက် ပေးတတ်သော သင်နည်းဗေဒ(Culturally responsive Pedagogy) ၏ အဓိပ္ပာယ်ကို မိမိတို့ ကိုယ်ပိုင် စကားလုံးများဖြင့် ဖွင့်ဆိုပေးရန် ကျောင်းသားများ ကို ညွှန်ကြားပါ။

၈။ အဖြေများကို အတန်းနှင့် မျှဝေမည့် ကျောင်းသားများကိုရွေးချယ်ပါ။

၉။ ယဉ်ကျေးမှုအသီးသီးတို့ကို လေးစားအသိအမှတ်ပြုသော သင်နည်းဗေဒ၏ အဓိပ္ပာယ်ကို တည်ဆောက်ရန် တစ်တန်းလုံးနှင့် ဆွေးနွေးပြီး အားလုံး အတည်ပြု သဘောတူသည့် အဓိပ္ပာယ် သတ်မှတ်ချက်ကို သင်ပုန်းပေါ်၌ ရေးပြမည်။

၁၀။ ကျောင်းသားကိုင်စာအုပ်ထဲမှ ယဉ်ကျေးမှု အသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံမှုရှိအောင် ဆောင်ရွက်ပေးတတ်သော သင်နည်းဗေဒအကြောင်းကို ဖတ် ရှုစေပြီး Geneva Gay ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် နှိုင်းယှဉ်စေရမည်။

"ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေလက်ခံမှုရှိသော သင်နည်းဗေဒ ဆိုသည်မှာ လူမျိုးစု/ မျိုးနွယ်စု မတူသော ကျောင်းသားများထံတွင် တွေ့ရှိရသော အားသာချက်များကို အသိအမှတ်ပြုပေးသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ ယဉ်ကျေးမှုဘောင် (cultural frames of reference) များ အသိဉာဏ်ကြွယ်ဝ စွာ ဆောင်ရွက်နိုင်မှုများ၊ တစ်ဦးချင်း၏ စိတ်ဝင်စားမှုများနှင့် ရရှိထားသော အောင်မြင်မှုများ စသည်တို့ကို အသိမှတ်ပြုပေးခြင်း အားဖြင့် သူတို့၏ သင်ယူမှု ကို ဆီလျော်စေပြီး ထိရောက်စေသည်။"

## သင်ယူမှုလုပ်ငန်း (၁)။ ကျွမ်းကျင်ပညာရှင်များ၏ ရှုထောင့်များအပေါ် ပြန်လည်သုံးသပ်စဉ်းစားခြင်း (Reflecting on perspectives of experts)

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက် -** ယဉ်ကျေးမှုအသီးသီးတို့နှင့် ကိုက်ညီဆီလျော်သော သင်နည်းဗေဒ (culturally relevant pedagogy) အကြောင်းနားလည် သဘောပေါက်မှု သင့်ထံ၌ ဖွံ့ဖြိုးလာစေရန်

၁။ လေးထောင့်ကွက် (၂.၇) ထဲမှ တွေ့ဆုံမေးမြန်းခြင်းကို သရုပ်ဆောင်သင်ယူမှုပြုနိုင်ရန် ကျောင်းသား (၃) ဦးကိုရွေးချယ်ပါ။ တစ်ဦးက ပါမောက္ခ Irvine အဖြစ်၊ အခြားတစ်ဦးက ပါမောက္ခ Gay အဖြစ်သရုပ်ဆောင်စေမည်။ အခြားတစ်ယောက်က ပါမောက္ခ Gutierrez အဖြစ်။

၂။ ကျောင်းသားကိုင်စာအုပ် လေးထောင့်ကွက် (၂.၇) ထဲမှ သူတို့သရုပ်ဆောင်ရမည်။ ပုဂ္ဂိုလ်တို့၏ အခန်းကဏ္ဍကိုဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ လေးထောင့်ကွက်ထဲမှ အပိုင်းများကို လေ့လာပြီးသောအခါ အောက်ပါမေးခွန်းများကို ဆွေးနွေးစေရမည်။

- ယဉ်ကျေးမှုဆိုသည်မှာ အဘယ်နည်း။ တွေ့မြင်နိုင်သော ယဉ်ကျေးမှုနှင့် မတွေ့မြင်နိုင်သော ယဉ်ကျေးမှုတို့အကြား ခြားနားမှုသည် အဘယ်နည်း။
- ဆရာများသည် "ယဉ်ကျေးမှုပေါင်းကူးတံတား တည်ဆောက်သူများ" (ယဉ်ကျေးမှုပေါင်းကူးပေးသူများ) မည်ကဲ့သို့ ဖြစ်လာသနည်း။
- ပါမောက္ခ အာဗင် (Irvine) က ကျောင်းသားများသည် သင်ယူမှုကို ချဉ်းကပ်ရာတွင် သင်ယူမှုကို "ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များ ကင်းမဲ့သည့် ဗလာသင်ပုန်း" တစ်ခုအဖြစ် ယူဆကာ ချဉ်းကပ်ခြင်းမပြုကြဟု ဆိုပါသည်။ ၎င်း၏ ဆိုလိုရင်းမှာ အဘယ်နည်း။
- ယဉ်ကျေးမှုဆိုင်ရာ စစ်ထုတ်ကိရိယာများ (cultural filters) သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များ (cultural frames of reference) ဆိုသည်မှာမည်သည်တို့နည်း။ ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များသည် သိမြင်နိုင်သော ယဉ်ကျေးမှု (ဒြပ်ရှိသည့် ယဉ်ကျေးမှု) နှင့် မသိမြင်နိုင်သော

ယဉ်ကျေးမှု (ဒြပ်မဲ့ယဉ်ကျေးမှု) တို့နှင့် ဆက်စပ်မှုရှိပါသလား။

- ကျောင်းသားများအားလုံး ပါဝင်ဆောင်ရွက်လေ့လာနိုင်စေရေးအတွက် ကျောင်းများက သူတို့၏ သတ်မှတ်ချက်မူဘောင်များကို မည်ကဲ့သို့ လိုက်လျောညီထွေစွာ ပြုပြင်စီစဉ်ပေးနိုင်မည်နည်း။ ဤမေးခွန်းများကို ဖြေရာတွင် သင်တို့၏ ကိုယ်တွေ့အတွေ့အကြုံများကို အသုံးပြု၍ဖြေဆိုပါ။
- ကျောင်းသားအားလုံးတို့ကို အတူတကွ သင်ကြားပေးရာတွင် ခြားနားသော နောက်ခံ ယဉ်ကျေးမှုမှ ကြီးပြင်းလာကြသော ခြားနားသည့် လူမျိုးစု/မျိုးနွယ်စုမှ ကလေးများပါ တူညီစွာ အကျိုးဖြစ်ထွန်းမှုရှိစေရန် အဓိကကျသော အချက်မှာ အဘယ်နည်း။

၄။ သူတို့အဖြေများကိုအတန်းနှင့် မျှဝေပေးမည့်ကျောင်းသားများကိုရွေးချယ်ပေးပါ။

၅။ ကျောင်းသားများအား အဓိကအချက် (၂) ချက်ကို ရေးခိုင်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

မေးခွန်းများမေးခြင်းနှင့် ဆွေးနွေးခြင်းတို့အားဖြင့် ကျောင်းသားများက သဘောတရားရေးပြည့်ဝသော နားလည်မှုကို တည်ဆောက်နိုင်လာမည်။ ကျောင်းသားများ တိုက်ရိုက်ထုတ်နှုတ်အသုံးပြုနိုင်သောအရာများမှာ အောက်ပါရင်းမြစ်များမှ ဖြစ်မည်။

- ကျွမ်းကျင်ပညာရှင်များ၏ ရှုထောင့်/ အတွေးအမြင်များ
- ကျောင်းသားများသည် မည်သို့အားဖြင့် အကျုံးဝင်မှုကို ပိုမို ဆောင်ရွက်လာစေမည်ကို သိရှိသော ၎င်းတို့၏ ကိုယ်တွေ့အတွေ့အကြုံများ

အဓိကကျသော အချက် (၂) ခုကို ဖော်ထုတ်သတ်မှတ်ရာတွင် ကျောင်းသားများက အောက်ပါ အချက်များ ကို ရရှိလာနိုင်မည်။

၁။ ကျောင်းသားများသည် သက်ဆိုင်ရာ ယဉ်ကျေးမှု၏ ပုံသွင်းပြုပြင်ခံရသည် မှန်သော်လည်း သူတို့အားလုံးသည် ကိုယ်ပိုင်ထူးခြားစရိုက်လက္ခဏာ ကိုယ်စီရှိသော လူသားများသာ ဖြစ်ကြ သည်။

၂။ ကျောင်းများက လူတိုင်းအကျုံးဝင် သင်ယူနိုင်မှုကို တာဝန်ခံ ဆောင်ရွက်နိုင်ပြီး ရပ်ရွာလူထုနှင့် ကျောင်းသားများနှင့် အတူပူးတွဲကာ မိတ်ဖက်အဖွဲ့အစည်းများ အဖြစ်လုပ်ကိုင်ဆောင်ရွက်နိုင် သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

၁။ ယဉ်ကျေးမှုဆိုသည်မှာအဘယ်နည်း။ တွေ့မြင်နိုင်သော ယဉ်ကျေးမှုနှင့် မတွေ့မြင်နိုင်သော ယဉ်ကျေးမှု တို့အကြား ခြားနားမှုသည် အဘယ်နည်း။

ဖော်ပြချက် - ယဉ်ကျေးမှုသည် ကမ္ဘာ့အမြင်များ၊ ယုံကြည်ချက်များနှင့် ဘာသာစကား၊ တန်ဖိုးများနှင့် ဆက်စပ်နေသည်။ အနှစ်သာရအားဖြင့် ယဉ်ကျေးမှုသည် စစ်ချခွဲခြားပေးသော အရာတစ်ခု ဖြစ်ပြီး လူသားများအနေနှင့် ကျွန်ုပ်တို့သည် ထူးခြားမှုမရှိသော အကြောင်းအရာအသီးသီးတို့ကို အဓိပ္ပာယ်ဖော်ယူရန် ထောက်ကူပေးသည်။ ယဉ်ကျေးမှုကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ တွေ့မြင်နိုင်သော ယဉ်ကျေးမှုမှာ လက်မှုအနုပညာပစ္စည်းများ၊ တေးဂီတ၊ ပန်းချီ၊ အနုပညာ နှင့် နည်းပညာတို့ ဖြစ်ကြသည်။ ထိုအရာတို့ထက် ပိုမို အရေးကြီးသော အမျိုးအစားမှာ မမြင်နိုင်သော ယဉ်ကျေးမှု ဖြစ်သည်။ ဤမမြင်နိုင်သော ယဉ်ကျေးမှုများတွင် တန်ဖိုးများ၊ ယုံကြည်ချက်များ၊ ခံစားချက်များ၊ ရှုမြင်သုံးသပ်မှုများ နှင့် ယူဆချက်များတို့ ပါဝင်ကြသည်။

၂။ ဆရာများသည် "ယဉ်ကျေးမှုပေါင်းကူးတံတား တည်ဆောက်သူများ" (ယဉ်ကျေးမှုပေါင်းကူးပေးသူများ) မည်ကဲ့သို့ ဖြစ်လာသနည်း။

ဖော်ပြချက် - ယဉ်ကျေးမှုအားဖြင့် ဆီလျော်သော သင်နည်းဗေဒ၏ အဓိကကျသော သဘောတရား တစ်ခုမှာ နေ့စဉ်ရှင်သန်နေသော ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများကို ကျောင်းသားများအား ရရှိစေပြီး သူတို့ သိရှိ၊ ပြုမူလုပ်ကိုင်နားလည်သဘောပေါက်ထားသည့် အချက်များနှင့် ဆီလျော်စွာ ချိတ်ဆက်ပေးခြင်း၊ ထင်ရှားသိသာသော ဥပမာများပေးခြင်း၊ တူရာတို့ကို နှိုင်းယှဉ်ခြင်း ခြားနားမှုတို့ကို နှိုင်းယှဉ်ခြင်းစသည်တို့ကို ဆရာက ဆောင်ရွက်ပေးရမည်။ ဆရာများက ကျောင်းသားများနှင့် ယဉ်ကျေးမှု၏ အခန်းကဏ္ဍများကို ဆက်သွယ်ပေးသူများ ဖြစ်ကြသောကြောင့် ၎င်းတို့သည် ယဉ်ကျေးမှု ဘာသာပြန်သူများ/ ယဉ်ကျေးမှု အဓိပ္ပာယ်ဖော်သူများလည်းဖြစ်ကြသည်။

၃။ ပါမောက္ခ အာဗင် (Irvine) က ကျောင်းသားများသည် သင်ယူမှုကို ချဉ်းကပ်ရာတွင် သင်ယူမှုကို "ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များ ကင်းမဲ့သည့် ဗလာ သင်ပုန်း" တစ်ခုအဖြစ် ယူဆကာ ချဉ်းကပ်ခြင်းမပြုကြဟု ဆိုပါသည်။ ၎င်း၏ ဆိုလိုရင်းမှာ အဘယ်နည်း။

ဖော်ပြချက် - ကျွန်ုပ်တို့မှတ်သားရမည်မှာ ကျောင်းသားများ သင်ယူရန် ချဉ်းကပ်သောအခါ သူတို့သည် ယဉ်ကျေးမှုဆိုင်ရာ ဗလာနတ္ထိ သင်ပုန်းများအဖြစ်လာကြသည် မဟုတ်ကြောင်းကို သိရှိထားရမည်။ ၎င်းတို့နှင့်အတူ ဤယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများ က ကျောင်းသား အသီးသီးတို့၏ ကမ္ဘာလောကအပေါ် ရှုမြင်သုံးသပ်နည်းကိုပုံသွင်းပြုပြင်ပေးသည်။ သင်ခန်းစာ (၁.၂.၂) မှ ပညာပေးဌာနများအကြောင်းကို ပြန်လည်ရည်ညွှန်းနိုင်သည်။

၄။ ယဉ်ကျေးမှုဆိုင်ရာ စစ်ထုတ်ကိရိယာများ (cultural filters) (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များ (cultural frames of reference) ဆိုသည်မှာ မည်သည်တို့နည်း။ ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များသည် သိမြင်နိုင်သော ယဉ်ကျေးမှု (ဒြပ်ရှိသည့် ယဉ်ကျေးမှု) နှင့် မသိမြင်နိုင်သော ယဉ်ကျေးမှု (ဒြပ်မဲ့ ယဉ်ကျေးမှု) တို့နှင့် ဆက်စပ်မှုရှိပါသလား။

ဖော်ပြချက် - ယဉ်ကျေးမှုဆိုင်ရာ စစ်ထုတ်ကိရိယာ/ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များ သည် အရိုတရားများ (သို့မဟုတ်) ကမ္ဘာ့အမြင်များကို ရှုမြင်သုံးသပ်သောနည်းများနှင့်ဆက်သွယ်နေသည် ဤယဉ်ကျေးမှု အညွှန်းဘောင်များကို အမြင်အာရုံအားဖြင့် မမြင်နိုင်ချေ။ စိတ်ဖြင့်သာ တွေးနိုင်သည်။

၅။ ကျောင်းသားများအားလုံး ပါဝင်ဆောင်ရွက်လေ့လာနိုင်စေရေးအတွက် ကျောင်းများက သူတို့၏ သတ်မှတ်ချက်မူဘောင်များကို မည်ကဲ့သို့ လိုက်လျောညီထွေစွာ ပြုပြင်စီစဉ်ပေးနိုင်မည်နည်း။ ဤမေးခွန်းများကို ဖြေရာတွင် သင်တို့၏ ကိုယ်တွေ့အတွေ့အကြုံများကို အသုံးပြု၍ဖြေဆိုပါ။

ဖော်ပြချက် - ဤသို့ဆောင်ရွက်သည်ကို မတွေ့ရှိရပါ။ ဤသို့မဆောင်ရွက်သည့်အပြင် ကျောင်းသားများအား ကျောင်း၏ ယဉ်ကျေးမှုနှင့် ကိုက်ညီအောင် ပြုမူနေထိုင်ရန် တောင်းဆိုမှုသာ ခိုင်မာလျက်ရှိသည်။ အမှန်အားဖြင့် ကျောင်းများ အနေနှင့် ၎င်းတို့၏ သတ်မှတ်ချက်ပြဋ္ဌာန်းချက်အချို့ကို ညှိနှိုင်းပြုပြင်ရန် လိုအပ်နေသေးသည်။

မှတ်သားရန် - ကျောင်းသားများ ကျောင်း၏ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အောက်ပါ အကြောင်းအရာတို့ကို ဆွေးနွေးနိုင်ကြသည်။

- မိသားစုများက ကျောင်းများသည် သူတို့အပေါ်၌ နွေးထွေးလိုက်လျောမှုရှိသည်၊ ကြိုဆိုမှုရှိသည်ဟု ခံစားရစေခြင်း (ဥပမာ - ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းအခမ်းအနားများ၊ မိဘများ၏ နေ့အခမ်းအနားများ ကျင်းပခြင်း)
- ကျောင်းသားအားလုံးအတွက် မြင့်မားသော မျှော်မှန်းချက်များ ထားရှိခြင်း (ဥပမာ - စာသင်ခန်းအတွင်း သင်ယူမှုလုပ်ငန်းများကို အထောက်အပံ့ပေးရာတွင် ကျောင်းသားများ၏ ပညာရေးအကြောင်းဆွေးနွေးရာတွင် မိဘများကို ပါဝင်စေခြင်း)
- မိဘများ၊ရပ်ရွာလူထုများနှင့်မိတ်ဖက်အဖွဲ့အစည်းများ(အကျိုးတော်ဆောင်အဖွဲ့များ) တည်ထောင်ဖွဲ့စည်းထားခြင်း (ဥပမာ-ကျောင်းကော်မတီများတွင် ကိုယ်စားလှယ် ခန့်အပ်ခြင်း)

၆။ ကျောင်းသားအားလုံးတို့ကို သင်ကြားပေးရာတွင် မျိုးနွယ်စုအားဖြင့် ဖြစ်စေ၊ ယဉ်ကျေးမှုအားဖြင့် ဖြစ်စေခြားနားကွဲပြားသော ကျောင်းသားများလည်း ပါဝင်ကြရာ မည်သည့်အချက်သည် အဓိကကျသနည်း။

ဖော်ပြချက် - ထိုကျောင်းသားများသည်လည်း လူသားများဖြစ်သည်နှင့်အညီ တစ်ဦးချင်းစီ၌ လိုအပ်မှုနှင့် စိတ်ဝင်စားမှု အသီးသီးရှိသူများ ဖြစ်ကြသည်။

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပထမစာသင်ချိန် က သင်ယူမှုကို ပြန်လည်ဆန်းစစ်ခြင်း

- ကျွမ်းကျင်ပညာရှင်များထံမှ ရရှိသောအဓိကအချက်များ
    - ကျောင်းသားများသည် သူတို့၏ ယဉ်ကျေးမှုက ပြုပြင်ပုံသွင်းခြင်း ခံရသော်လည်း သူတို့၌ ကိုယ်ပိုင်စရိုက်လက္ခဏာများရှိသည့် လူသားများ ဖြစ်ခြင်း

- လူတိုင်းအကျုံးဝင်သင်ယူမှုကို သဘောတရားကို ပိုမိုတွင်ကျယ်စွာသုံးပြီး ကျောင်းသားများ ရပ်ရွာလူထုများနှင့် အတူတွဲကာ မိတ်ဖက်အဖွဲ့အစည်း များ (အကျိုးတော်ဆောင်အဖွဲ့စသည်) ဖွဲ့စည်းဆောင်ရွက်ရန် ကျောင်းသားများ တာဝန်ခံခြင်း

- ယဉ်ကျေးမှုအသီးသီးကို လိုက်လျောညီထွေ လက်ခံမှုရှိအောင် ဆောင်ရွက်ပေးတတ်သော သင်နည်းဗေဒ(culturally responsive pedagogy) မျိုးနွယ်စု၊ လူမျိုးစုကွဲပြားသော ကျောင်းသားများ၏ အားသာချက်များကို အသိအမှတ်ပြုပေးသော ချဉ်းကပ်မှုဆိုသည်မှာ ထိုကျောင်းသားများ ၏ ယဉ်ကျေးမှုဘောင်များ၊ ဉာဏစွမ်းဆောင်မှုများ တစ်ဦးချင်းစီ၏ စိတ်ဝင်စားမှုများနှင့် သူတို့ရရှိထား သော အောင်မြင်မှုများကို အသိအမှတ်ပြုခြင်း ဤသို့ ဆောင်ရွက်ပေးခြင်း အားဖြင့် သင်ယူမှုလုပ်ငန်းသည် သူတို့အတွက် ဆီလျော်မှုပိုမို ရှိလာပြီး ပိုမိုထိရောက်လာနိုင်သည်။

၂။ ကျောင်းသားကိုင်စာအုပ်ပါ "ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံပေးတတ်သော ဆရာများ၏ ထူးခြားသော လက္ခဏာများနှင့် လက်တွေ့လုပ်ဆောင်မှုများ" အကြောင်းကို ဖတ်ရှုလေ့လာရန် ကျောင်းသားများအား ညွှန်ကြားပါ။ ပုံ (၂.၃၁) ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျော ညီထွေစွာ လက်ခံပေးတတ်သော သင်နည်းဗေဒကိုလည်း လေ့လာစေရမည်။

၃။ ယဉ်ကျေးမှု အသီးသီးနှင့် ကိုက်ညီဆီလျော်သောသင်နည်းဗေဒကို ကျင့်သုံးကြသူဆရာများ၏ မရှိမဖြစ်အရေးပါသည့်လက္ခဏာ (၃) ခုကို အလေးပေးဖော်ပြပါ။

- **မျှော်မှန်းချက်မြင့်မားခြင်း** - ယဉ်ကျေးမှုအသီးသီးနှင့် ကိုက်ညီဆီလျော်သော သင်နည်းဗေဒသုံးသော ဆရာများက ကျောင်းသားများအပေါ် မြင့်မားသော မျှော်မှန်းချက်များ ထားရှိကြသည်။ သူတို့က ကျောင်းသားအားလုံးတို့သည် အောင်မြင်နိုင်စွမ်း ရှိကြသည်ဟု မျှော်မှန်းထားကြသည်။ မည်သည့် ကျောင်းသားတစ်ဦးတစ်ယောက်ကိုမျှ စာသင်ခန်းတွင်း သင်ယူမှုလုပ်ငန်းများတွင် ကျရှုံးရန် ရွေးချယ်ခွင့်မရှိအောင် (သို့မဟုတ်) ကျရှုံးမှုကို အလွယ်တကူ လက်ခံခြင်းရှိအောင် ကျောင်းသားများ၏ ယုံကြည်မှုကို မြှင့်တင်ပေးထားတတ်သူများဖြစ်ကြသည်။

- **ယဉ်ကျေးမှုဆိုင်ရာ ကျွမ်းကျင်လိမ္မာမှု** - ယဉ်ကျေးမှုအသီးသီး၏ တည်ရှိမှုကိုလေးစားလက်ခံတတ်ကြသော ဆရာများက ကျောင်းသားများအား ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်သိက္ခာ၊ သူတို့၏ ဘာသာစကား၊ လူမှုဆက်ဆံရေး၊ ဆက်သွယ်ရေးတွင် ထိုဘာသာစကား အသုံးပြုမှုတို့ကို ဆက်လက်ထိန်းသိမ်းထားရန် အားပေးကြသည်။ သင်ကြားရေး၌ အောင်မြင်မှုရအောင် ယူရင်း မိမိတို့၏ ယဉ်ကျေးမှုဘာသာစကား စသည်တို့ကိုလည်း တန်ဖိုးထားတတ်စေရန် အားပေးသည်။
- **ဆန်းစစ်ဝေဖန် သိရှိမှု** - ယဉ်ကျေးမှုအသီးသီးတို့၏ တည်ရှိမှုကို လေးစားလက်ခံတတ်ကြသော ဆရာများက ကျောင်းသားများအား လူမှုဆက်ဆံရေး၌ မညီမျှမှုများ အကြောင်းကို သိရှိစေရန် ပံ့ပိုးပေးကြသည်။ ဤသို့မညီမျှမှုများအကြောင်းကို သိရှိလာ ပြီးနောက် ဩဇာအာဏာရှိမှုသည် လူ့အဖွဲ့အစည်းထဲ၌ မည်သို့ဆက်စပ်နေပုံကို လေးနက်စွာနားလည်လာကြမည်ဖြစ်သည်။

၄။ အောက်ပါဖော်ပြချက်များ၊ အကြောင်းအရာများကို သင်ပုန်းပေါ်တွင် (သို့မဟုတ်) ကတ်ပြားငယ် များ အပေါ်တွင်ရေးပြပါ။

- တစ်စုံတစ်ဦး၏ စွမ်းဆောင်နိုင်မှုများကို နားလည်ခြင်း
- တစ်စုံတစ်ဦး၏ ယဉ်ကျေးမှုကိုနားလည်ခြင်း
- တစ်စုံတစ်ဦးရှင်သန်နေထိုင်ရာ လူ့ဘောင်အဖွဲ့အစည်းအကြောင်းကို နားလည်ခြင်း

၅။ အထက်ဖော်ပြပါ အကြောင်းအရာများကို ယဉ်ကျေးမှုအသီးသီးတို့ကို လေးစားအသိအမှတ် ပြုတတ်သည်။ ဆရာများ၏ ထူးခြားသော ဝိသေသ လက္ခဏာ (၃) ရပ် နှင့် ဆက်စပ်ပေးပါ။

အဖြေများ

- တစ်စုံတစ်ခု၏စွမ်းဆောင်နိုင်မှုများကိုနားလည်ခြင်း -မျှော်မှန်းချက် မြင့်မားခြင်း
- တစ်စုံတစ်ဦး၏ ယဉ်ကျေးမှုကို နားလည်ခြင်း - ယဉ်ကျေးမှုဆိုင်ရာ ကျွမ်းကျင်လိမ္မာမှု
- တစ်စုံတစ်ဦးရှင်သန်နေထိုင်ရာ လူ့ဘောင်အဖွဲ့အစည်း အကြောင်းကို နားလည်ခြင်း - ဆန်းစစ်ဝေဖန်သိရှိမှု

## သင်ယူမှုလုပ်ငန်း (၂)။ ပညာသင်ကြားသင်ယူမှု အတွေ့အကြုံအပေါ် ပြန်လည် သုံးသပ်စဉ်းစားခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၆) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - ကျောင်းသားများ၏ ကိုယ်တွေ့ကြုံခဲ့ရသော ကျောင်းနေစဉ် ပညာရှာခဲ့စဉ်က အတွေ့အကြုံတို့ကို ယဉ်ကျေးမှုအသီးသီးက လိုက်လျောညီထွေစွာ လက်ခံပေးတတ်သော ဆရာများ ၏ ထူးခြားလက္ခဏာနှင့် လက်တွေ့ဆောင်ရွက်လေ့ကျင့်မှုများရှုထောင့်မှ ပြန်လည် သုံးသပ် စဉ်းစားတတ်စေရန်

၁။ ကျောင်းသားများအား (၆) ဦးလျှင် အုပ်စုတစ်ခုအဖြစ် ဖွဲ့ရန်ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၂) ကို ကြည့်ရှုရန် ညွှန်ကြားပါ။

၃။ ဇယား (၂.၂၅) တွင် ပါဝင်သော ယဉ်ကျေးမှုအသီးသီးတို့ကိုလိုက်လျောညီထွေစွာ လက်ခံပေးတတ်သော ဆရာများ၏ လက်တွေ့ဆောင်ရွက်လေ့ကျင့်မှုများကို ပြန်လည်ဆန်းစစ်ပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

- ယဉ်ကျေးမှုအသီးသီးတို့နှင့် ကိုက်ညီဆီလျော်သော သင်နည်းဗေဒမှ ကျောင်းသားအားလုံးတို့အတွက် မည်သို့ အကျိုးကျေးဇူးများ ရရှိနိုင်သနည်း။
- သင်ပညာသင်ကြားခဲ့သော ကျောင်းနေစဉ် ကာလတစ်လျှောက်တွင် ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေစွာ လက်ခံပေးတတ်သူ ဆရာများနှင့် တွေ့ကြုံခဲ့ဖူးပါသလား။ တွေ့ကြုံခဲ့ဖူးလျှင် သူတို့၏ လက်တွေ့ လေ့ကျင့် ဆောင်ရွက်မှုအချို့ကို ဥပမာပြပါ။
- အသိုက်အဝန်း/အဖွဲ့အစည်းတစ်ခုနှင့် ဆက်စပ်ပြီး ထိုအဖွဲ့အစည်း/အသိုက်အဝန်းတွင်း၌ပင် ဖြစ်ပေါ်မည့် သင်ယူမှုအတွေ့အကြုံတို့ကို ပုံချဖော်ဆောင်ပေးရာတွင် သင်၏ ကိုယ်ပိုင်ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း/အဖွဲ့အစည်းမှ မည်သည့်ရှုထောင့်များကို ထည့်သွင်းအသုံးချမှုများ ရှိခဲ့သနည်း။
- ဤကဲ့သို့ သက်ဆိုင်ရာယဉ်ကျေးမှုအသိုက်အဝန်းတစ်ခုထဲမှ ရှုထောင့်တို့ကို သင်ယူမှုပုံစံတွင် အသုံးချထားသောအခါ သင်ယူသူတစ်ဦး (ကျောင်းသား

တစ်ဦး) အနေနှင့် သင့်အတွေ့အကြုံများ အပေါ် မည်သို့ သက်ရောက်မှုရှိခဲ့သနည်း။

၄။ အဖြေများကို အတန်းနှင့် မျှဝေမည့်ကျောင်းသားများကို ရွေးချယ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသားများ၏ ကိုယ်ပိုင်ယဉ်ကျေးမှုနောက်ခံများ၊ မိသားစုများ၊ ရပ်ရွာလူထုများနှင့် ပညာသင်ယူစဉ်က အတွေ့အကြုံများကို မျှဝေရာတွင် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် ဘေးကင်း လုံခြုံစိတ်ချရပြီး လွယ်ကူချောမွေ့အောင်ပံ့ပိုးနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးပါ။ ဤသို့ ဆောင်ရွက်နိုင်ရန် သင်၏ ကိုယ်တွေ့အတွေ့အကြုံများကိုအသုံးပြုပါ။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

ကျောင်းသားများအားလုံးသည် ယဉ်ကျေးမှု အသီးသီးနှင့် ကိုက်ညီဆီလျော်သော သင်နည်းဗေဒမှ မည်သို့ အကျိုးကျေးဇူးရရှိသနည်း။

အဖြေများ - ကျောင်းသားများက ရရှိနိုင်သော အကျိုးကျေးဇူးများကို ဆွေးနွေးကြလိမ့်မည်။

- လူတိုင်းကို လေးစားပြီး တူညီစွာတန်ဖိုးထားတတ်သော စာသင်ခန်းယဉ်ကျေးမှု၌ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် သင်ယူ၍တိုးတက်နိုင်စေခြင်း
- ဘေးကင်းလုံခြုံစိတ်ချပြီး အထောက်အပံ့ပြုပေးသော သင်ယူမှုဝန်းကျင် တစ်ခုထဲတွင် ခြားနားသော ရှုမြင်သုံးသပ်မှု အမျိုးမျိုးနှင့် ကမ္ဘာအပြင်ရှုထောင့် အမျိုးမျိုးတို့ ဖလှယ်ခွင့် မျှဝေခွင့် အခွင့်အလမ်းများရှိသည့် မတူကွဲပြားခြားနားမှု အစုံအလင် ပါဝင်သော သင်ယူသူတို့၏ အသိုက်အဝန်းဝင်တစ်ဦးအဖြစ်ပါဝင်နေနိုင်ခြင်း
    - ပညာရေး၏ ရေရှည်ရည်မှန်းချက်ပန်းတိုင်များဖြစ်ကြသော ဥပမာ - (၂၁) ရာစု ပညာသင်ယူရေးတွင် ဗလ (၅) တန်နှင့် ပြည့်စုံရေးနှင့် အမျိုးသားအဆင့်နှင့် ကမ္ဘာအဆင့်တို့တွင် နိုင်ငံသားကောင်း/ကမ္ဘာ့သားကောင်း ပီသမှုပေါ် ထွန်းလာရေး - ဆိုလိုသည်မှာ ဉာဏဗလ၊ မိတ္တဗလနှင့် ကိုယ်ကျင့်တရား/ ကျင့်ဝတ် သိက္ခာပြည့်စုံမှု ရှိစေရေးနှင့် ဆက်စပ်နီးနွှယ်သည်။ ပိုမိုကျယ်ဝန်းသည့် စွမ်းဆောင်ရည်များကို ပုံသွင်း ပြုပြင်ပျိုးထောင်ရေးနှင့် စပ်လျဉ်း၍ အကျိုးကျေးဇူးများ ရှိခြင်း

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၂.၄.၁) ထဲမှ "လူတိုင်းအကျုံးဝင်စေမည့် ဆက်ဆံရေးများ တည်ဆောက်ခြင်း " အပိုင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၂။ ယဉ်ကျေးမှု အသီးသီးနှင့် ကိုက်ညီဆီလျော်သောသင်နည်းဗေဒနှင့် ဆက်စပ်နေသော TCSFထဲမှ အနိမ့်ဆုံး လိုအပ်ချက်များကို အလေးပေး ဖော်ပြမည်။

- (ခ)(၃.၂.၃) ကျောင်းသားတစ်ဦးစီ၏ နောက်ခံအကြောင်းအရင်းများနှင့် လိုအပ်ချက်များကို သိရှိရန် လေ့လာသင်ယူသည်။ ကျောင်းသားများ အားလုံး နှင့် ပုံမှန်အပြန်အလှန် ဆက်သွယ်ပြောဆိုသည်။
- (က) (၃.၂.၂) မိဘများ၊ ရပ်ရွာအဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန်ပြောဆိုဆက်ဆံသောအခါ ၎င်းတို့၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုနောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။
- (ခ) (၄.၁.၂) ကျောင်း၊ အိမ်၊ ရပ်ရွာအတွင်း ကလေးများ၏ သင်ယူမှုတွင် မိဘများ၏ပါဝင်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးသည့် နည်းဗျူဟာများကို ဖော်ပြသည်။

၃။ နိုင်ငံတကာမှ ဖြစ်ရပ်လေ့လာမှု တစ်ခုဖြစ်သော Te Kotahitanga စီမံချက် ကို မိတ်ဆက်ပေးပါ။ ထိုစီမံချက်သည် ဆရာ့အတတ်ပညာဆိုင်ရာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်တစ်ခုဖြစ်သည်။ စီမံချက်၏ ရည်ရွယ်ချက်မှာ အလယ်တန်းကျောင်းများမှ ဒေသခံတိုင်းရင်းသား မာအိုရီ (Maori) ကျောင်းသားများ တတ်မြောက်မှု (performance) တိုးတက်ကောင်းမွန်လာစေရန် ဖြစ်သည်။

၄။ ဤစီမံချက်က ထိရောက်သော သင်ကြားမှုဆိုင်ရာ အချက်အလက် ဖော်ပြချက် (Teaching profile) ဆိုလိုသည်မှာ ကောင်းမွန်သော လက်တွေ့သင်ကြားမှု

ဆိုင်ရာ အလေ့အကျင့်များအကြောင်း ဖော်ပြထားချက် တစ်ခုကို စီစဉ်ရေးဆွဲခဲ့သည်။ လိုအပ်သောအချက်အလက်များကို ဒေသခံ တိုင်းရင်းသား မာအိုရီ ကျောင်းသားများ၊ သူတို့မိသားစုများနှင့် ကျောင်းအဖွဲ့အစည်းနှင့် ပါဝင် ပတ်သက်နေသူများထံမှ စုဆောင်းရရှိသည်။ ထိုအချက်ကို ကျောင်းသားများအား သိရှိအောင် ပြောပြပါ။

၅။ ကျောင်းသားများအတွက် ဆရာများ၏ အရေးပါမှုသည် တွေ့နေကျ အကြောင်းအရာဖြစ်သည်။ ဆရာများက မိသားစုဝင်ဆွေမျိုးရင်ခြားသဖွယ် ဆက်ဆံရေး (Whanau) ကို တည်ဆောက်ပေးသူများ အဖြစ်ခံယူကြသည်။ ထိုစီမံချက်တွင် ကျောင်းသားများစိတ်ပါဝင်စားစွာ ပါဝင်မှုနှင့် အောင်မြင်မှုတို့အတွက် ဆရာများက ကျောင်းသားများ၊ မိဘများနှင့် ဆက်သွယ်ဆောင်ရွက်ကြ သည်ဆိုသော အချက်ကို ပေါ်လွင်အောင်ဆရာက ရှင်းလင်းပြောပြပါ။

၆။ ကျောင်းသားများအား အောက်ပါတို့ကို ဆောင်ရွက်စေရမည်။

- သူတို့မိသားစုများအားလုံး စုံညီတွေ့ဆုံကြသော နှစ်တစ်နှစ်၏ အပိုင်းအခြား အကြောင်း ပြန်လည်သုံးသပ်စဉ်းစားခြင်း
- ဤကဲ့သို့ မိသားစု သိုက်သိုက်ဝန်းဝန်း တွေ့ဆုံချိန်တွင် မည်သို့ ခံစားမှု ရရှိသည်ကို သူငယ်ချင်း တစ်ယောက်နှင့် မျှဝေခြင်း
- ဤပတ်ဝန်းကျင်အခြေအနေသည် ကျောင်းသား၏ သင်ယူမှုကို အဘယ်ကြောင့် အထောက်အပံ့ဖြစ်စေနိုင်သည်ကိုဆွေးနွေးပါ။

## သင်ယူမှုလုပ်ငန်း (၃) ။ ဆရာများ၏ လက်တွေ့လေ့ကျင့်သင်ကြားမှုနှင့် သင်ယူမှု ရည်မှန်းချက် ပန်းတိုင်များကို ပြန်လည်သုံးသပ်စဉ်းစားခြင်း

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး (ကွန်ပျူတာ သုံး၍ သင်ပုန်းပေါ်၌ ပြသနိုင်လျှင်) (သို့) အတွဲများ၊ အုပ်စုများ(မိုဘိုင်းဖုန်းမှ ဗီဒီယိုကြည့်ခိုင်းလျှင် |

**ရည်ရွယ်ချက် -** တီကိုတာဟစ်တဲန်ဂ (Te Katahitanga Project) စီမံချက်မှ ဆရာများ၏ ဗီဒီယိုပြကွက်တိုလေးများကို ကြည့်ရှုရန် နှင့် ထိုစီမံချက်မှ ဆရာများ၏ ဆောင်ရွက်ပုံများကို

လေ့လာကြည့်ရှုပြီး မြန်မာနိုင်ငံ၏ သက်ဆိုင်ရာ အခြေအနေအကြောင်းအရာ စသည်တို့နှင့် စပ်ဟပ်ညီညွတ်မှုရှိနိုင်မည့် အဓိကကျသော သင်ယူမှုများကို စဉ်းစားကြံဆရန်

၁။ နည်းပညာသုံးစွဲရယူနိုင်မှုအပေါ် မူတည်၍ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ အတွဲများ/ အုပ်စုများ အဖြစ် ဖွဲ့စည်စေမည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ သင်ယူမှုလုပ်ငန်း (၃) ကိုလေ့လာရန်ညွှန်ကြားပါ။

၃။ အုပ်စုတစ်ခုစီအား ဆရာများ၏ ဇာတ်လမ်းတွဲများကို ကြည့်ရှုဖတ်ထားရန် တာဝန်များကို သတ်မှတ်ပေးပါ။ ဥပမာ - အုပ်စု (၁) Jane ဇတ်လမ်းတွဲ၊ အုပ်စု (၂) Ruth ဇတ်လမ်းတွဲ၊ အုပ်စု (၃) Natalie ဇတ်လမ်း

၄။ အောက်ပါလုပ်ငန်းများဆောင်ရွက်ရန် ကျောင်းသားများကိုညွှန်ကြားပါ။

- ဗီဒီယို အပိုင်းတိုများအတွဲကို ကြည့်ရှုလေ့လာရန်
- မှတ်စုရေးသားပြီးဆရာဇာတ်လမ်းတွဲအပိုင်းတို့ တစ်ခုစီမှ အဓိကကျသော သင်ခန်းစာတစ်ခုကို အနှစ်ချုပ်ရေးသားရန် ထိုသင်ယူမှုကို သင်လက်တွေ့တန်းပြဆင်းမည့် ကျောင်းတွင် သင်၏လက်တွေ့သင်ကြားမှု၌ အသုံးချနိုင်မည်။

၅။ အုပ်စုတွင်းမှ ကျောင်းသားများနှင့် သင်၏ သင်ယူမှုအကြောင်းကို ဆွေးနွေးပါ။

၆။ ကျောင်းသားများအား မိမိတို့ကြည့်ရှုဖတ်ထားခြင်း မရှိသေးသော ဇတ်လမ်းပိုင်းများကို အိမ်စာအဖြစ် ပြည့်ပြည့်စုံစုံဖတ်ထားရန်တိုက်တွန်းပါ။ ဥပမာ - အုပ်စု (၁) Ruth နှင့် Natalie တို့၏ ဇာတ်လမ်းတွဲများကို ကြည့်ရှုဖတ်ထားကြရန်

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားအုပ်စုများအနီးသို့ လှည့်လည်သွားလာပြီး ဆီလျော်သော အတွေးအမြင်များနှင့် သင်ကြားမှု အလေ့အကျင့်များအကြောင်းသူတို့နှင့် ဆွေးနွေးရန် အချိန် အနည်းငယ်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မှတ်ရန် - နည်းပညာသုံးရန် အခက်အခဲရှိလျှင် ဤဗီဒီယိုဇာတ်လမ်းတွဲများကို ကူးယူ၍ စာသားဖြင့်ဖော်ပြနိုင်ရန်(ထို့နောက် အဓိကအချက်အချို့ကို သတ်မှတ်ဖော်ထုတ်နိုင်သည်။)

## ဇယား ၂.၂၆(က)။ ဆရာများပြောပြသော ဇာတ်လမ်းများမှ သင်ယူခြင်း

| အဓိကကျသော အချက်များ | လက်တွေ့တန်းပြသင်ကြားခြင်းတွင် အသုံးချနိုင်မည့် အဓိကကျသော သင်ယူမှုအချက်အလက်တစ်ခု |
|---|---|
| မျှော်မှန်းချက်မြင့်မားခြင်း | ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူသော ပတ်ဝန်းကျင်နှင့် သင်ယူသူများ၏ အသိုက်အဝန်း/အဖွဲ့အစည်းကို ဖန်တီး တည်ဆောက် ပေးခြင်း<br>(Jane ၏ဇာတ်လမ်းကိုကြည့်ရှုပါ။ - အင်္ဂလိပ်စာ စာသင်ခန်း)<br>ဆရာ၏ရည်ရွယ်ချက်မှာ ဆရာထံလာ၍ သင်ခန်းစာ အကြောင်းအရာများကို မမေးမြန်းမီ ကျောင်းသားအချင်းချင်း အတူပူးပေါင်းပါဝင်လုပ်ဆောင် သင်ယူစေရန်နှင့် အချင်းချင်း မေးခွန်းများ အပြန်အလှန်မေးတတ်ရန်၊ ၎င်းတို့အချင်းချင်းကြား ပူးပေါင်းပါဝင်သင်ယူကြစေရန် ဖြစ်သည်။ ဤ ရည်ရွယ်ချက်ကို ရရှိစေရန်အတွက် ဆရာက<br>• သင်ပုန်းပေါ်၌ ရှင်းလင်းသော ညွှန်ကြားချက်များကို ရေးပြသည်။<br>• ကျောင်းသားများအား အုပ်စုလုပ်ငန်းဆောင်ရွက်ပေးရာတွင် အခန်းကဏ္ဍအသီးသီးကို ဆောင်ရွက်ရန် ခွင့်ပြုပေးထားပြီး အုပ်စုလုပ်ငန်းကို ကူညီလမ်းညွှန်ပေးသည်။<br>• သင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများ၏ အခန်းကဏ္ဍ များကို ရှင်းပြသည်။<br>• လိုအပ်သည့် အခါတွင် ကျောင်းသားတစ်ဦး ဆရာတစ်ဦး ပုံစံဖြင့် တစ်ဦးချင်းစီကို ကူညီပံ့ပိုးပေးသည်။ |
| ယဉ်ကျေးမှုဆိုင်ရာကျွမ်းကျင်လိမ္မာမှု | ရပ်ရွာလူထုအနေအထားနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာတို့ကို ရယူအသုံးပြုခြင်းဖြင့် သင်ယူမှု၊ သင်ကြားမှုနှင့် အကဲဖြတ် စစ်ဆေးမှု နည်းဗျူဟာတို့တွင် လိုအပ်သော အချက်အလက်များ ကို ပံ့ပိုးပေးသည်။<br>(Ruth ၏ ဇာတ်လမ်းကို ကြည့်ရှုပါ။ သင်္ချာဘာသာရပ်သင်နေသော စာသင်ခန်း)<br>ဆရာမ Ruth သည် မာအိုရီလူမျိုးဆရာမတစ်ဦးဖြစ်သည်။ ကျောင်းနေစဉ်ဘဝက သူမကိုယ်တိုင် လိုလားတောင့်တခဲ့သော သင်ယူမှုတွေ့အကြုံ အမျိုးအစားကို မရရှိခဲ့ပေ။ ယခုဆရာမ ဖြစ်လာသောအခါတွင် ထိုသင်ယူမှုအတွေ့အကြုံမျိုးကို ကျောင်း သားများအတွက် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်သည်။ ဤရည်ရွယ် ချက်ကို ရရှိစေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်သည်။<br>• ကျောင်းသားများကို မြင့်မားသော အောင်မြင်မှုများရရှိရန် မျှော်မှန်းထားသည်။<br>• ကျောင်းသားများ၏ မိမိကိုယ်ကို ယုံကြည်မှုကို တည်ဆောက် ပေးသည်။<br>• ကျောင်းသားများအား လေးစားတတ်စေသည်။<br>• ကျောင်းသားများတစ်ဦးထံမှတစ်ဦးအပြန်အလှန် သင်ယူမှုကို တိုးမြှင့် ဆောင်ရွက်စေသည်။ |

| | |
|---|---|
| ဆန်းစစ်ဝေဖန်သိရှိမှု | စာသင်ခန်းအတွင်း လုပ်ပိုင်ခွင့် အာဏာကို ကျောင်းသားများနှင့် မျှဝေခြင်း ((Natalie ဇာတ်လမ်းကို ကြည့်ပါ။ ကာယပညာသင်ကြားမှု) ဆရာက လုပ်ပိုင်ခွင့်ကို ကျောင်းသား များနှင့် မျှဝေထားသည်။ ဆရာကအောက်ပါတို့ ကို ဆောင်ရွက် ပေးသည်။<br>• သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ကျောင်းသားများအား ပြောပြသည်။<br>• သွေးပူလေ့ကျင့်ခန်းနှင့်လေ့ကျင့်မှုလုပ်ငန်းများကို ကိုယ်ပိုင် ဒီဇိုင်းဆွဲ ပုံဖော်ခွင့်ကို ကျောင်းသားများအားခွင့်ပြုပေးသည်။<br>• လုပ်ငန်းဆောင်ရွက်မှုများအတွက် အချိန်သတ်မှတ်ရာတွင် ကျောင်းသားများနှင့် ညှိနှိုင်းဆောင်ရွက်သည်။<br>• ယခင်ကသင်ယူထားမှုများနှင့် သင်ခန်းစာကို ချိတ်ဆက်စေပြီး ကျောင်းသားများ၏ သင်ယူမှုကို ထောက်ခံပေးသည်။<br>• လုပ်ငန်းများလုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများ ဆောင်ရွက်နေမှုကို လေ့လာကြည့်ရှုပြီး မေးခွန်းများမေးမည်။ |

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤစာသင်ချိန်အတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။
- ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များကို အဓိပ္ပာယ်သတ်မှတ် တတ်မည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေ လက်ခံပေးတတ်သော ဆရာများ၏ အဓိကကျသော ထူးခြားလက္ခဏာများကို ဆွေးနွေးတတ်မည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေလက်ခံပေးတတ်သော ဆရာများ၏ အဓိကကျသော လက်တွေ့ကျင့်သုံးမှုများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။

၂။ ဤအခန်းငယ်အတွက်မေးခွန်းများကို ၎င်းတို့၏ကိုယ်ပိုင်အချိန်၌ ပြန်လည် ဆန်းစစ်ရန် ညွှန်ကြားပါ။

- အခန်း (၁) တွင် ရေးသားခဲ့သော သူတို့၏ သင်ယူမှုရည်မှန်းချက်များကို ပြန်လည် ဆန်းစစ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။ ဤမေးခွန်းကို ပေးပါ။

“သင်၏ကိုယ်ပိုင် သင်ကြားမှု လက်တွေ့ဆောင်ရွက်ချက်များတွင် ယဉ်ကျေးမှု အသီးသီးကို လေးစားအသိအမှတ်ပြုတတ်သော ဆရာတစ်ဦးဖြစ်လာစေရန် သင်၏ အသိပညာ နှင့် ကျွမ်းကျင်မှုများကို မည်ကဲ့သို့ ဖွံ့ဖြိုးစေမည်နည်း။”

၃။ ဤလုပ်ငန်းအစီအစဉ် (agenda) နှင့် ဆီလျော်ကိုက်ညီသည့် နောက်ထပ်သင်ယူမှု ရည်မှန်းချက်များကို စီစဉ်ရေးသားရန် ကျောင်းသားများကိုညွှန်ကြားပါ။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ**

**မေးခွန်း ၁။** ယဉ်ကျေးမှု ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *ကျွန်ုပ်တို့၏ ကမ္ဘာလောကအပေါ် အမြင်များ၊ ရှုမြင်သုံးသပ်မှု၊ ယုံကြည်ချက်၊ ဘာသာစကား၊ တန်ဖိုးထားမှုများတို့နှင့် ဆက်စပ်နေသည့် အရာများဖြစ်သည်။ ယဉ်ကျေးမှုကို နှစ်မျိုး နှစ်စား ခွဲခြားနိုင်သည်။ မြင်နိုင်သော ယဉ်ကျေးမှု (ဒြပ်ရှိ ယဉ်ကျေးမှု) နှင့် မမြင်နိုင်သော ယဉ်ကျေးမှု (ဒြပ်မဲ့ယဉ်ကျေးမှု) ဟူ၍ဖြစ်သည်။ မြင်နိုင် သော ဒြပ်ရှိယဉ်ကျေးမှု၏ ရှုထောင့်များတွင် ဘာသာစကား၊ လက်မှု အနုပညာ ပစ္စည်းများ၊ လက်မှုအနုပညာရပ်များ၊ တေးဂီတ၊ ပန်းချီ၊ နည်းပညာ စသည် တို့ပါဝင် ကြသည်။ မမြင်နိုင်သော ဒြပ်မဲ့ ယဉ်ကျေးမှု ရှုထောင့်များတွင် တန်းဖိုးထားမှုများ၊ ယုံကြည်ချက်များ၊ စိတ်ခံစားချက်များ၊ ထင်မြင်ချက်များ၊ ရှုထောင့်များ၊ အယူအဆများ စသည်တို့ ပါဝင်ကြသည်။*

**မေးခွန်း ၂။** ယဉ်ကျေးမှုဆိုင်ရာ မူဘောင်များ (cultural frames of reference) ဆိုသည်မှာ အဘယ်တို့နည်း။

**အဖြေ။** *ယဉ်ကျေးမှုဆိုင်ရာမူဘောင်များ (သို့မဟုတ်) အရံအတား/စစ်ချက်ကိရိယာများသည် စစ်မှန်မှု/အမှန်တရား (reality) ကို ရှာဖွေခြင်း/ ရှုမြင်သုံးသပ်ခြင်းအတွက် (သို့မဟုတ်) လောကအမြင်များနှင့် သက်ဆိုင်သည့်အရာများ ဖြစ်ကြသည်။ ဤမူဘောင်များသည် မမြင်နိုင်သော ယဉ်ကျေးမှုအမျိုးအစားဖြစ်သည်။*

**မေးခွန်း ၃။** ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေစွာ လက်ခံပေးတတ်သော ဆရာများ (culturally responsive teacher) ၏ ထူးခြားလက္ခဏာ များကိုဖော်ပြပါ။

**အဖြေ။** *ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေဆောင်ရွက်ပေးတတ်သော သင်နည်းဗေဒကို ကျင့်သုံးကြသည့် ဆရာများ၏ ထူးခြားသော လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ကြသည်။*

- *မျှော်မှန်းချက်မြင့်မားခြင်း - ယဉ်ကျေးမှု အသီးသီးတို့ကို လေးစားလက်ခံပေး တတ်သောဆရာများက ကျောင်းသားအားလုံးတို့သည် အောင်မြင်နိုင်စွမ်းရှိသူများ ဖြစ်ကြသည် ဟု ရည်မှန်းချက်မြင့်မားစွာထားကြပြီး မည်သည့် ကျောင်းသား တစ်ဦး တစ်ယောက်မျှ စာသင်ခန်းတွင်း သင်ယူမှုလုပ်ငန်းများ၌ မကျရှုံးစေရ ဟူသော သဘောတရားကို လက်ခံထားကြသည်။*
- *ယဉ်ကျေးမှု ဆိုင်ရာကျွမ်းကျင်လိမ္မာမှု - ယဉ်ကျေးမှုအသီးသီး၏ တည်ရှိမှုကို လေးစားလက်ခံတတ်ကြသော ဆရာများက ကျောင်းသားများအား ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်သိက္ခာ၊ သူတို့၏ ဘာသာစကား၊ လူမှုဆက်ဆံရေး၊ ဆက်သွယ်ရေးတွင် ထိုဘာသာ စကား အသုံးပြုမှုတို့ကို ဆက်လက်ထိန်းသိမ်းထားရန် အားပေးကြသည်။ သင်ကြားရေး၌ အောင်မြင်မှုရအောင်ယူရင်း မိမိတို့၏ ယဉ်ကျေးမှု ဘာသာစကား စသည်တို့ကိုလည်း တန်ဖိုးထားတတ်စေရန် အားပေးသည်။*

- *ဆန်းစစ်ဝေဖန်သိရှိမှု - ယဉ်ကျေးမှုအသီးသီးတို့၏ တည်ရှိမှုကို လေးစားလက်ခံတတ်ကြသော ဆရာများက ကျောင်းသားများအား လူမှုဆက်ဆံရေး၌ မညီမျှမှုများ အကြောင်းကို သိရှိစေရန် ပံ့ပိုးပေးကြသည်။ ဤသို့မညီမျှမှုများအကြောင်းကို သိရှိလာ ပြီးနောက် ဩဇာအာဏာရှိမှုသည် လူ့အဖွဲ့အစည်းထဲ၌ မည်သို့ဆက်စပ်နေပုံကို လေးနက်စွာ နားလည်လာကြမည်ဖြစ်သည်။*

**မေးခွန်း ၄။** ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေစွာ လက်ခံတတ်သော ဆရာများ၏ အဓိကကျသော လက်တွေ့ဆောင်ရွက် သင်ကြားမှုများကို ဖော်ပြပါ။

**အဖြေ -**

- *မျှော်မှန်းချက်မြင့်မားခြင်း*
  - *နမူနာလုပ်ဆောင်ပြခြင်းနှင့် သင်ယူမှုတွင် ငြမ်းဆင်ချိတ်ဆက်ပေးခြင်း*
  - *ကျောင်းသားများ၏ အားသာချက်များကို သင်ယူမှုအစမှတ်များအဖြစ် အသုံးပြုခြင်း*
  - *ကျောင်းသားများ၏ ပညာရေးအောင်မြင်မှုအတွက် ဆရာက တာဝန်ယူပေးခြင်း*
  - *ပူးပေါင်းပါဝင်လုပ်ဆောင်ကာ သင်ယူရသော ပတ်ဝန်းကျင်နှင့် သင်ယူသူများ၏ အသိုက်အဝန်းကို တည်ထောင်ဖွဲ့စည်းပေးခြင်း*
- *ယဉ်ကျေးမှုဆိုင်ရာကျွမ်းကျင်လိမ္မာမှု*
  - *ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားခြားနားမှုများကို စာသင်ခန်းတွင်းမှ အဖိုးတန်ပစ္စည်းတစ်ခုအဖြစ် သဘောထားရှုမြင်သုံးသပ်ခြင်း*
  - *ရပ်ရွာလူထုအနေအထား/အခြေအနေနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိပညာတို့ကို သင်ယူမှုသင်ကြားမှုများ နှင့် စစ်ဆေးအကဲဖြတ်မှု နည်းလမ်းများအတွက် ရယူအသုံးချခြင်း*
  - *ကျောင်းသားမိဘများ၊ ရပ်ရွာလူထုများနှင့် (ကောင်းမွန်သော) ဆက်ဆံရေးတည်ဆောက်ခြင်း*

- *ဆန်းစစ်ဝေဖန်သိရှိမှု*

  - *ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ အကြောင်းအရာများနှင့် မီဒီယာများမှ ဆောင်ပါးများကို ဖတ်ရှုစေရာ၌ သေချာလေးနက်စွာ ဝေဖန်စိစစ်စေခြင်း*
  - *ခေတ်ရေစီးကြောင်း၏လှုပ်ရှားဆက်စပ်မှုအရ ဖြစ်ပေါ်လာသော လူအဖွဲ့အစည်း၏ စွမ်းအားကို ကျောင်းသားများအား ထင်ရှားစွာ သိမြင်စေခြင်း စာသင်ခန်းတွင်း လုပ်ပိုင်ခွင့်ကိုကျောင်းသားများနှင့်မျှဝေခြင်း*
  - *စာသင်ခန်းတွင်း ကျောင်းသားအချင်းချင်းပေါင်းသင်းဆက်ဆံရေး၌ ပြေလည်ချောမွေ့စေရန် ဆရာက ပံ့ပိုးပေးခြင်း*
  - *ခေါက်ရိုးကျိုးနေသော ပုံသေကားကျ အယူအဆများ (ဥပမာ - ကျား/မ ရေးရာနှင့်ပတ်သက်၍ သမားရိုးကျအယူအဆများ)၊ မလိုမုန်းထားဘက်လိုက်မှုများ နှင့် လူမျိုးရေးခွဲခြားမှုဝါဒတို့ကို စောဒကတက်ခြင်း*

**မေးခွန်း ၅။** သင်၏လက်တွေ့သင်ကြားမှု အလေ့အကျင့်များတွင် ယဉ်ကျေးမှုအသီးသီးကို လိုက်လျောညီထွေစွာ လက်ခံတတ်မှု သဘောတရားပါဝင်လာစေရန် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးအတွက် သင်မည်သို့ဆောင်ရွက်မည်နည်း။ အခန်း (၁) တွင် သင်တို့ရေးသားခဲ့သော သင်ယူမှုလုပ်ငန်းရည်မှန်းချက်ပန်းတိုင်များကို ပြန်လည်ဆန်းစစ်ပါ။ ကိုက်ညီဆီလျော်မှုရှိသော နောက်ထပ်ရည်မှန်းချက်ပန်းတိုင်များ ဆက်လက်ချမှတ်ပေးပြီး သင့်လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းပါ။

**အဖြေ။** *သင်ယူမှုရည်မှန်းချက်များကို ကျောင်းသားတစ်ဦးချင်းစီက ပြုစုရေးသားလိမ့်မည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- သင်နည်းဗေဒဆိုင်ရာ အသိပညာ (PCK) က နည်းပညာသုံးသင်နည်းဗေဒဆိုင်ရာ အသိပညာ (TPACK) အညွှန်းဘောင်၏အခြေခံဘောင်ကိုတည်ဆောက်ပေးသည်။ TPACK ပုံစံတွင် နည်းပညာကို ထိပ်ဆုံးနေရာတွင်ထားပြီး သင်ကြားသင်ယူမှု ရည်ရွယ်ချက်များ ပေါက်မြောက် ရေး ကို အထောက်အပံ့ဖြစ်စေရေးအတွက် ပေါင်းစပ်ထည့်သွင်း အသုံးပြုထားခြင်းဖြစ်သည်။
- နည်းပညာသုံးသင်နည်းဗေဒဆိုင်ရာ အသိပညာ (TPACK) က ဆရာများ သိရှိထားသင့်သည့် အသိပညာအမျိုးအစား အစုံအလင်ကို ကိုယ်စားပြုထားသည်။ ထိုအသိပညာကို အတူတကွ ပေါင်းဆုံမှုကို ဆိုလိုသည်။ သင်ကြားမှု သင်ယူမှု ဆိုင်ရာ အခြေအနေအရပ်ရပ်တို့တွင် သက်ဆိုင်ရာ ဘာသာရပ် (content) သင်နည်းဗေဒ (pedagogy) နှင့်နည်းပညာ (technology) တို့ တစ်ခုနှင့်တစ်ခု အကြား ဆက်စပ်နေမှုတို့ကို သိမြင်နားလည် သဘောပေါက်လာရာမှ ဆရာများ ထံ၌ ဖြစ်ထွန်းလာသော အသိပညာမျိုးစုံ ဖြစ်သည်။
- နည်းပညာကို စာသင်ခန်းတွင်းမှ မည်သည့်သင်ယူမှုအဆင့်၌ ပေါင်းစပ်ထည့်သွင်း ပေးရမည်ကို ဆရာများသိရှိလာစေရန် SAMR ပုံစံက ပံ့ပိုးကူညီပေးသည်။ သင်ယူပုံသင်ယူနည်း မြှင့်တင်ခြင်းအပိုင်းမှ သင်ယူမှုအသွင်သဏ္ဌာန် ပြောင်းလဲခြင်း အပိုင်းသို့ ရွေ့ပြောင်းမှုသည် နည်းပညာပေါင်းစပ်ပေးနိုင်မှသာ ပေါ်ပေါက်လာနိုင်သည်။ ဆရာများသည် သူတို့၏ လက်တွေ့သင်ကြားမှုများ၌ ယခင် အလေ့အထများတွင် နည်းပညာကို ထည့်သွင်းအသုံးပြုနိုင် ရပါမည်။ ရေရှည် တည်တံ့သော သင်ယူမှု အတွေ့အကြုံ ပြန်လည်ပုံစံချ တည်ဆောက်မှုအတွက် နည်းပညာကို လက်လှမ်းမီ သုံးစွဲနိုင်ရမည် ဖြစ်ပါသည်။ သို့မှသာ သင်ယူမှုပုံစံများ၊ အသွင်သဏ္ဌာန်ပြောင်းလဲလာနိုင်မည်ဖြစ်ကာ နည်းပညာကို တွင်ကျယ်စွာ သုံးနိုင်လာသည့်အခါ ကျောင်းသားများ၏ သင်ယူမှု အတွေ့အကြုံများသည်

စိတ်ဝင်စားဖွယ် ထုတ်လုပ် ဖန်တီးနိုင်မှုများ ပါဝင်လာနိုင်ပြီး ပညာရေးဒီဇိုင်း အသစ် ပြောင်းလဲလာနိုင်မည် ဖြစ်သည်။

- ကလေးများသည် ၎င်းတို့၏ ယခင်ကရရှိခဲ့ပြီးသော အတွေ့အကြုံများ မှ တစ်ဆင့် ဖြစ်စေ၊ အခြားသူတို့နှင့် အပြန်အလှန်ဆက်သွယ်ပြောဆို ခြင်းမှဖြစ်စေ လောက အကြောင်း အသိပညာများကို တက်ကြွစွာ တည်ဆောက်တတ်ကြသည်။ ထိုသဘောတရားကို အခြေပြု၍ အသိပညာတည်ဆောက်သင်ယူမှု သီအိုရီများကို ဖော်ထုတ် ဖန်တီးထားခြင်းဖြစ်သည်။
- ကျောင်းသားဗဟိုပြု သင်ယူမှုတွင် ဆရာများသည် အဓိကအားဖြင့် သင်ယူမှုအတွက် ရှေ့ဆောင်လမ်းပြသူ (Guide) များနှင့် ကူညီလမ်းညွှန်သူများ (facilitators) အဖြစ်ဆောင်ရွက် ကြရသည်။ ဆရာများက ကျောင်းသားများအား သင့်တော်သည့် ငြမ်းဆင်မှုများ နှင့် တုံ့ပြန်အကြံပြုချက်များကို ပံ့ပိုးပေးရသည်။
- စူးစမ်းလေ့လာမှုအခြေပြု သင်ယူမှုတွင် ထိရောက်သောမေးခွန်းများကို အသုံးပြုနိုင်ခြင်း၊ စူးစမ်းမှု၏ အဆင့်တစ်ခုစီတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်ခြင်း (သို့မဟုတ်) ငြမ်းဆင်ပံ့ပိုးမှု ပြုနိုင်ခြင်း၊ ဆရာက တုံ့ပြန် အကြံပြုချက်များ ပံ့ပိုး ပေးနိုင်ခြင်း၊ ကိုယ်တိုင်စစ်ဆေးအကဲဖြတ်မှုနှင့် အချင်းချင်းစစ်ဆေး အကဲဖြတ် မှုများပြုရန် အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်ခြင်းတို့ ရှိလျှင် ပိုမိုထိရောက်နိုင်သည်။ ကလေးများပိုမိုနက်ရှိုင်းစွာ လေ့လာသင်ယူနိုင်လာသည်။
- စူးစမ်းမှုအခြေပြု သင်ယူမှုတစ်ခုတွင် ကျောင်းသားများကို စိတ်ရောကိုယ်ပါ တက်တက်ကြွကြွ ပါဝင်လာစေရေး အောင်မြင်စွာဆောင်ရွက်နိုင်မှုအတွက် ပံ့ပိုးပေးနိုင်သော သင်ယူမှုပုံစံ အများအပြားရှိကြသည်။ (5 Es) E ၅ ဆင့် သင်ယူမှု ပုံစံနှင့် လူမှုပေါင်းသင်းဆက်ဆံရေး စူးစမ်း လေ့လာမှုပုံစံ စသည်တို့က သင်ယူမှု၏ ဖွဲ့စည်းတည်ဆောက်ပုံ နှင့် သင်ယူ/ငြမ်းဆင်မှုတို့ကို ပံ့ပိုးပေးနိုင်သည်။
- စူးစမ်းလေ့လာမှုအစပျိုးခြင်းအဆင့် (tune in) ၏ ရည်ရွယ်ချက်များမှာ ကျောင်းသားများ၏ သိလိုစိတ် ပြင်းပြမှုကို မြှင့်တင်ပေးရန် ယခင်ကရရှိပြီးသော အသိပညာကို မှတ်တမ်းတင်ရန် နှင့် ထိမိအားကောင်းသော (powerful) မေးခွန်း များက ကျောင်းသားများကို အစစ်အမှန် ကမ္ဘာလောကနှင့် သင်ရိုးညွှန်းတမ်းထဲ မှ အရေးပါသော အသိသညာများ (အယူအဆများ) ကို ချိတ်ဆက်နားလည်စေ သည်။

- ဆရာ့ညွှန်ကြားမှုဖြင့် လေ့ကျင့်ခြင်း (Guided Practice) အဆင့်သည် ဆောင်ရွက်ရန် ရှင်းလင်းလွယ်ကူသောနည်း (ဆရာ့ဦးဆောင်မှုဖြင့်သင်ကြားသောနည်း) အသုံးပြုထားသော သင်ခန်းစာတစ်ခုအတွက် အလွန်အရေးပါသည်။ ထို သင်ခန်းစာမျိုး သင်ကြားနေချိန်တွင် ဆရာသည် ကျောင်းသားများအား သူတို့ ကိုယ်တိုင် အမှီအခိုကင်းစွာ ဆောင်ရွက်စေသည့် အဆင့် (Independent practice) သို့ လျင်မြန်စွာ ရောက်ရှိသွားစေတတ်သည်။
- သင်ယူမှုပြုရာတွင် ကျွမ်းကျင်သူများနှင့် မကျွမ်းကျင်သူများသည် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်မှုတွင် ကွာခြားကြသည်။ သင်ယူမှု ကျွမ်းကျင်သူ (ဉာဏ်ထက်သူ) တို့၏ အာရုံခံသင်ယူမှုတွင် သင်ယူရန် သင့်တော်သော အချက် အလက်များကို ရွေးချယ်ဆုံးဖြတ်နိုင်သည့် အရည်အချင်း တိုးမြင့်လာခြင်း၊ လျင်မြန်စွာမှတ်သားနိုင်မှုနှင့် မှတ်သားမှု၌ ထက်မြက်ခြင်းတို့ ရှိကြသည်။
- ကြိုတင်အချက်အလက်စုစည်းမှုကိရိယာနှင့် ဂရပ်ဖစ်ပုံများသုံး၍ သင်ယူခြင်းက သင်ယူမှု၌ မကျွမ်းကျင်သေးသူများ (ကျောင်းသားများ) အား အချက်အလက်များ၊ အကြောင်းအရာကို စုစည်းတတ်စေရန် နှင့် နားလည်သဘောပေါက်စေရန် ပံ့ပိုးနိုင်သည်။
- အဓိကကျသော ဖွံ့ဖြိုးမှုနယ်ပယ် (၄) ခု ရှိသည်။ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ် (ဘာသာစကားအပါအဝင်) ကာယဖွံ့ဖြိုးမှု နယ်ပယ်၊ ပေါင်းသင်းဆက်ဆံရေး နယ်ပယ်၊နှင့် စိတ်လှုပ်ရှား / ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ်
- ရာသက်ပန်/ဘဝသက်တမ်းတစ်လျှောက်လုံးဖွံ့ဖြိုးမှု သဘောတရားက လူတို့ အတွက် ဘဝတစ်သက်တာလုံး၏ ဖြစ်ပေါ်သော ကြီးထွားမှု၊ ပြောင်းလဲမှု၊ ဖွံ့ဖြိုးမှု တို့ကို လေ့လာဆန်းစစ်သည်။ ပဋိသန္ဓေနေစဉ်မှစ၍ သေဆုံးသည်အထိ ပါဝင်သည်။ ကလေးဖွံ့ဖြိုးမှု ကဲ့သို့ ကလေး၏ ဖွံ့ဖြိုးလာမှုကို မွေးကင်းစမှ ပျိုဖော်ဝင် အရွယ်အထိ လေ့လာခြင်း မဟုတ်ပါ။
- ဖွံ့ဖြိုးမှုဆိုင်ရာ သိပ္ပံဘာသာရပ်နယ်ပယ်တွင် အငြင်းပွားဖွယ် အချက် (၃) ချက် ရှိသည်။ ပထမအချက်မှာ ဖွံ့ဖြိုးမှု ဆိုသည်မှာ မွေးရာပါ ဗီဇဖြစ်ခြင်း (သို့မဟုတ်) ပြင်ပ အကြောင်းအရာများ၏ သက်ရောက်မှုခံရခြင်း(သဘာဝ/ပြုပြင်ပျိုးထောင်မှု လော) တို့ကို ငြင်းခုံ၍ ဝိဝါဒကွဲပြားခြင်း၊ ဒုတိယအချက်မှာ ဖွံ့ဖြိုးမှုသည် မပြတ်တစ်ဆက်တည်း ဖြစ်/မဖြစ် အယူအဆကွဲပြားခြင်း ဖြစ်ပါသည်။ ဖွံ့ဖြိုးမှု သည်

စဉ်ဆက်မပြတ်ဖြစ်သည် ဟုယူဆချက်များ အရ လူတို့ကြီးပြင်းလာသည် နှင့်အမျှ မူလကပါရှိလာသော ကျွမ်းကျင်မှုများ ထက်မြက်ရင့်ကျက် လာကြသည်ဟု ဆိုသည် (သို့မဟုတ်) ဖွံ့ဖြိုးမှုသည် အချိန်ခြား၍ ဖြစ်ပေါ်နိုင်သည်။ လူတို့ တဖြည်းဖြည်း ကြီးပြင်းလာသည့်အခါ အသက်အရွယ် အဆင့်/အပိုင်းအခြား တစ်ခုစီ၌ ဖွံ့ဖြိုးမှုအသီးသီးတို့ ပေါ်ပေါက်လာကြသည်ဟု ယူဆသူများလည်းရှိ ကြ သည်။ တတိယ ငြင်းခုံဖွယ်အချက်များ ဖွံ့ဖြိုးမှုသည် ကမ္ဘာတစ်ဝန်းလုံး၌ အားလုံးတူညီစွာ ဖွံ့ဖြိုးခြင်း ဟုတ်/မဟုတ် ဖြစ်ပါသည်။ တစ်ကြိမ်တည်းနှင့်ဖွံ့ဖြိုးမှု အလုံးစုံပါဝင်သည် ဆိုသော အယူအဆရ လူတိုင်းကိုယ်စီသည် တူညီသော ဘဝအဆင့်တို့တွင် တူညီသော အသက်အရွယ်အပိုင်းအခြားတို့၌ တူညီစွာ ဖွံ့ဖြိုး သည်ဟုဆိုနိုင်သည် (သို့မဟုတ်) အခြားတစ်ဖက်မှ စဉ်းစားကြည့်လျှင်လည်း ဖွံ့ဖြိုးမှု လမ်းကြောင်းအမျိုးမျိုးတို့ကြိမ်ဖန်များစွာ ပေါ်ပေါက်လာကြသည်။ ထိုဖွံ့ဖြိုးမှုလမ်းကြောင်းများ ပေါ်ပေါက်သည့် အကြိမ်အရေအတွက်မှာလည်း တစ်ဦးချင်း စိတ်၏ သဘောသဘာဝနှင့် ၎င်း၏ ပတ်ဝန်းကျင် အခြေအနေများ အပေါ် မူတည်သည်ဟု ယူဆကြသည်။

- ဘဝသက်တမ်းတစ်လျှောက်လုံးဖွံ့ဖြိုးမှု (ရာသက်ပန်ဖွံ့ဖြိုးမှု အတွေးအမြင်သည် ဟန်ချက်ညီ မျှတမှု ရှိသည်။ ဘဝသက်တမ်းတစ်လျှောက်လုံး ဖွံ့ဖြိုးမှုသည် ဇီဇ ရော ပတ်ဝန်းကျင်ပါ (၂) မျိုးစလုံးမှ ပေါ်ပေါက်လာသည်။ နှစ်မျိုးစလုံး၏ သက်ရောက်မှု ရှိသည်။ ဖွံ့ဖြိုးမှုသည် အချို့နေရာများတွင် စဉ်ဆက်မပြတ် ဖြစ် ပေါ်ပြီး အခြား နေရာများတွင် အချိန်ခြားရန် ဖြစ်ပေါ်သည်ဟု လက်ခံထားသည်။ ထိုပြင် လူ့ဘဝသက်တမ်းတစ်လျှောက်မှ အချို့အဆင့် တို့သည် လူတိုင်း တွေ့ကြုံ ရသော လူတိုင်းနှင့် သက်ဆိုင်သော တူညီသည့် ဖွံ့ဖြိုးမှုများ ရှိသော်လည်း အခြား နေရာ များတွင်မူ လူတိုင်းနှင့် မသက်ဆိုင်ဘဲ တစ်ဦးချင်းစီနှင့်သာ သက်ဆိုင်သော ဖွံ့ဖြိုးမှုများလည်းရှိသည်။ သို့ဖြစ်၍ တစ်ကြိမ်တည်း ပြီးပြည့်စုံစွာပါလာသော ဖွံ့ဖြိုးမှု အယူအဆသည် အချို့အဆင့်များအတွက်သာ မှန်ကန်သည်ဟု ယူဆ ပြီး အခြားဖွံ့ဖြိုးမှုများသည် လူတစ်ဦးစီအလိုက်ကွာခြားသည်ဟု လက်ခံသည်။
- ဘဝသက်တမ်း တစ်လျှောက်လုံး ဖွံ့ဖြိုးမှုရှုထောင့်/ သဘောတရား၏ အဓိက ကျ သော အသွင်အပြင် / လက္ခဏာ(၄)ခုမှာ ဖွံ့ဖြိုးမှုသည် ဘဝတစ်သက်တာလုံး၌ ပေါ်ပေါက်နေခြင်း၊ ဘက်ပေါင်းစုံနှင့်ရှုထောင့်အစုံ၌ပေါ်ပေါက်ခြင်း၊ ပြုပြင် ပြောင်းလဲရန် လွယ်ကူခြင်းနှင့် တစ်ခုနှင့်တစ်ခု အပြန်အလှန် ကူးလူးဆက်သွယ် နေသော အင်အားစုများ၏ သက်ရောက်မှုကို ခံရခြင်း တို့ဖြစ်ကြသည်။

- အလယ်တန်းကျောင်းနေစဉ်နှစ်များ၏ ကာလအပိုင်းအခြားသည် ကျောင်းသားများအတွက် ပြောင်းလဲမှုများ အကြီးအကျယ်ကြုံတွေ့ရသောနှစ်များ ဖြစ်ကြသည်။ အထူးသဖြင့် ကိုယ်ခန္ဓာကြီးထွားမှုအပြောင်းအလဲများ၊ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ အပြောင်းအလဲများနှင့် စိတ်လှုပ်ရှား/ခံစားမှု ဆိုင်ရာ အပြောင်းအလဲများကို ကြုံတွေ့လာကြရသည်။
- ဘာသာစကားဖွံ့ဖြိုးမှုသည် သိမှုဆိုင်ရာ/ဉာဏ်ရည်ဖွံ့ဖြိုးမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုကဲ့သို့ပင် သဘာဝ (ဗီဇ) နှင့် ပတ်ဝန်းကျင် (ပြုပြင်မှု) ပျိုးထောင်မှု တို့၏ ရလဒ်ဖြစ်သည်။
- ဘာသာစကား ကျွမ်းကျင်မှု (၄) ခုမှာ အနားအကြားကျွမ်းကျင်မှု၊ အပြောအဆို ကျွမ်းကျင်မှု၊ အဖတ်အရွတ်နှင့် ဖတ်၍နားလည်ရာတွင် ကျွမ်းကျင်မှုနှင့် အရေးအသား ကျွမ်းကျင်မှုတို့ဖြစ်ကြသည်။
- ဘာသာစကားဖွံ့ဖြိုးမှုကို လွှမ်းမိုးနေသည့် အကြောင်းအရင်းခံများစွာ ရှိကြသည်။ ကျန်းမာရေးကောင်းမွန်မှုနှင့် ကာယဖွံ့ဖြိုးမှုအပါအဝင် ပတ်ဝန်းကျင်အခြေအနေ သိမှုဆိုင်ရာ အရည်အချင်း/ ဉာဏ်ရည် ကျား/မ ရေးရာ မွေးချင်းအရေအတွက် စေ့ဆော်မှုနှင့် ဘာသာစကား (၂) မျိုး တစ်မျိုးတည်းသုံးစွဲမှုတို့ဖြစ်ကြသည်။
- အလယ်တန်းကျောင်းတွင် ဘာသာစကားဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုပေးနိုင်သော နည်းလမ်းများစွာ ရှိသည်။ ကျောင်းသားများအား လေးနက်စွာ ဝေဖန် စိစစ်တတ်သူများ ဖြစ်လာစေရန် အားဖြည့်ဆောင်ရွက်ပေးခြင်း ကျောင်းသား အားလုံးတစ်ဦးစီမကျန် သင်ယူမှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်စေမည့် အခွင့်အလမ်းများပံ့ပိုးပေးခြင်းနှင့် အထောက်အပံ့ပြုပေးခြင်း သင်ယူမှုပြုရာတွင် အားသာချက်များ ပေါ်ပေါက်လာစေမည့် တုံ့ပြန်အကြံပြုချက်ပေးခြင်းစနစ်ကို ကျင့်သုံးခြင်း၊ သင်ယူရာတွင် ဖြစ်နိုင်ခြေရှိသော ပုံစံအမျိုးမျိုးတို့ကိုအသုံးပြု၍ သင်ယူစေခြင်း အထူးသဖြင့် ပူးပေါင်း ဆောင်ရွက်သင်ယူမှုပုံစံ (collaboration) ကို အသုံးပြုစေခြင်း
- အလယ်တန်းကျောင်းနေကာလများတွင် ကလေးများ၏ ကာယဖွံ့ဖြိုးမှုသည် ဉာဏဖွံ့ဖြိုးမှုထက်ပိုမို လျင်မြန်စွာ ဖြစ်ပေါ်သည်။ ထိုအရွယ်ကလေးများသည် ကိုယ်ခန္ဓာထွားကျိုင်းကြီးမားပြီး လူကြီးပုံစံပေါက်လာသော်လည်း အသိဉာဏ်အားဖြင့် လည်းကောင်း စိတ်လှုပ်ရှားခံစားမှုအားဖြင့်လည်းကောင်းရင့်ကျက်မှု နည်းပါးကြသည်။ ကိုယ်ကာယ ထွားကျိုင်းလာသော်လည်း စိတ်ခံစားမှုဖြစ်စဉ်... စိတ်ဓာတ်မရင့်ကျက်ကြသေးပါ။

- မူလတန်းကျောင်း စာသင်နှစ်ကာလများတွင် ကလေးများ၏ ကိုယ်ခန္ဓာတစ်ခုလုံးလှုပ်ရှားရသော ကျွမ်းကျင်မှုများနှင့် အနုစိတ်လုပ်ငန်းများ အတွက် လှုပ်ရှားရသော ကျွမ်းကျင်မှုတို့ကို ထပ်မံပြုပြင်မွမ်းမံသော အဆင့်ဖြစ်သည်။ ထိုလှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုများသည် ရှေးဦးအရွယ်ကလေး သူငယ်ဘဝမှာပင် စတင်ပေါ်ပေါက် လာခဲ့သည်။
- အလယ်တန်းကျောင်းနေစဉ်ကာလများသည် ကလေးများအတွက် အကြီးမားဆုံး သော အပြောင်းအလဲများနှင့် တွေ့ကြုံရသော အချိန်အပိုင်းအခြားဖြစ်သည်။ ထိုအပြောင်းအလဲများကို ဇီဝဗေဒဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ပေါင်းသင်း ဆက်ဆံရေးဆိုင်ရာ အကြောင်းအရင်းခံများက လွှမ်းမိုးထားသည်။
- အလယ်တန်းကျောင်းသားများကို သင်ကြားရာ၌ ပျိုဖော်ဝင်အရွယ်၌ ဖြစ်ပေါ်သော သူတို့၏ ကိုယ်ခန္ဓာကြီးထွားပြောင်းလဲမှုများကို သတိပြုနားလည်မှုပေးရမည်။ ကာယလှုပ်ရှားမှုတွင် ကျွမ်းကျင်မှုများနှင့် ပူးတွဲဆောင်ရွက်တတ်ခြင်း၌ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေမည့် အခွင့်အလမ်းများ ပံ့ပိုးပေးရမည်။ သို့ရာတွင် တစ်ဦးချင်းစီ၏ ခြားနားချက်များကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။
- မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများတွင် ရရှိလာခဲ့သော ပေါင်းသင်း ဆက်ဆံရေး ဖွံ့ဖြိုးမှုက ကျောင်းသားများ၏ ဘာသာစကားကျွမ်းကျင်မှုများ၊ မိမိကိုယ်ကို လေးစားတန်ဖိုးထားမှု သင်ယူရာ၌ ကျွမ်းကျင်မှုများတွင် ရွယ်တူအချင်းချင်းပေါင်းသင်း ဆက်ဆံမှု၊ မိမိကိုယ်ကို စီမံခန့်ခွဲနိုင်မှု ပညာသင်ယူမှုဆိုင်ရာ အပြုအမူများ စည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ပြုမူတတ်မှုနှင့် ယုံကြည်ချက်ခိုင်မာ ပြတ်သားမှု စသည်တို့ပါဝင်ကြသည်။
- မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းမှ ကလေးများသည် လူမှုပေါင်းသင်းဆက်ဆံရေး ဆိုင်ရာ အပြောင်းအလဲများစွာ ကို ဖြတ်သန်းကြုံတွေ့ကြရသည်။ ဆရာများက ထိုအချက်ကို သိရှိသတိမူကာ ၎င်းတို့အား ပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်မှုများကို သင်ကြားပေးရန်လိုအပ်သည်။ သူတို့သိထားသည်ဟု ထင်မြင်နေရုံမျှဖြင့် မလုံလောက်ပါ။ သင်ကြားပေးရမည်။
- စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုဆိုသည်မှ ကျွန်ုပ်တို့စိတ်တွင်း၌ ဖြစ်စေ သူတစ်ပါးတို့ စိတ်တွင်း၌ ဖြစ်စေပေါ်ပေါက်နေသော ခံစားမှုများကို အသိအမှတ်ပြုသိရှိခြင်းနှင့် ၎င်းခံစားချက်များ အဘယ်ကြောင့် ပေါ်ပေါက်ရသည် မည်သို့ဖော်ပြခြင်းခံရသည်နှင့် ၎င်းတို့ကို မည်သို့ နိုင်နင်းစွာကိုင်တွယ်ရမည်၊ မည်သို့ဖော်ပြရမည်တို့ကို သိရှိ၊ သိမှတ်နိုင်သော အရည်အချင်းဖြစ်သည်။

- ကိုယ်တိုင်ဆင်ခြင် ကိုယ့်သွင်ပြင်အယူအဆ (self-concept) သည် စိတ်ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှုအတွက် အခရာကျသော အကြောင်းအရာ ဖြစ်သည်။ ထိုအယူအဆကို ထင်မြင်ချက်များ၏ အစုအဝေး (သို့မဟုတ်) မိမိအကြောင်း မိမိကိုယ်တိုင် သုံးသပ်ချက်များဖြစ်ကြသည့် မိမိ၏အရည်အချင်းများ၊ ထူးခြား သောစရိုက်လက္ခဏာများနှင့် ယုံကြည်ချက်ခံယူချက်များအကြောင်းကို စဉ်းစားဆင်ခြင်သည့် စိတ်ကူးပုံရိပ်လွှာ/ အတွေးပုံရိပ်လွှာတစ်ခုဖြစ်သည်။
- ကိုယ်တိုင်ဆင်ခြင် ကိုယ့်သွင်ပြင် (self-concept) တွင် အစိတ်အပိုင်း (၃) ခုပါဝင်သည်။ ကိုယ်တိုင်မြင် ကိုယ့်ပုံရိပ် (self- image) ကိုယ်တိုင်ဖြတ်ကိုယ့်တန်ဖိုး (self-esteem) နှင့် ကိုယ်တိုင်စံထား ကိုယ့်ဘဝ (Ideal self) တို့ဖြစ်ကြသည်။
- ကျောင်းများနှင့်ဆရာများက ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု နှင့် စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့ကို ရရှိသွားစေရန် အထောက်အပံ့ပြုပေးနိုင်သော သင်ယူမှုဝန်းကျင် တစ်ခုပံ့ပိုးပေးရန်လိုအပ်သည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေစွာ လက်ခံပေးတတ်သော/တန်ဖိုးထားသော သင်နည်းဗေဒ (CRP) က ကျောင်းသားများ၏ ယဉ်ကျေးမှုမူဘောင်၊ ဉာဏ်ရည် ဉာဏ်သွေး စွမ်းရည်များ၊ တစ်ကိုယ်ရေ စိတ်ဝင်စားမှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုပေးသည်။
- ယဉ်ကျေးမှုအသီးသီးတို့ကို လိုက်လျောညီထွေစွာ လက်ခံပေးတတ်သော/တန်ဖိုးထားသော ဆရာများတွင် သူတို့ကျောင်းသားများအတွက် မြင့်မားသော မျှော်မှန်းချက်များ ထားကြပြီး ကျောင်းသားများထံ၌ ယဉ်ကျေးမှုဆိုင်ရာ ကျွမ်းကျင်လိမ္မာမှု/ဆက်ဆံရေးရည်မွန်မှုနှင့် ဆန်းစစ်ဝေဖန်တတ်မှု/ချင့်ချိန်စိစစ်တတ်သောအသိတို့ ဖွံ့ဖြိုးလာစေရန်လည်း ဆရာများက ကူညီပံ့ပိုးပေးကြသည်။

# အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

## ပြန်လည်သုံးသပ်မှုလုပ်ငန်း

ဤအခန်းတွင် သင်တို့သည် သင်ယူမှုလုပ်ငန်းများစွာကို ဆောင်ရွက်ကြသည်။ ထိုလုပ်ငန်းများတွင် ပါဝင်သည်တို့မှာ -

- အခန်းတစ်ခုတွင် နည်းပညာပေါင်းစပ်ရေးလုပ်ငန်းကို TPACK – SAMR ကိရိယာ အသုံးပြု၍ ကျယ်ပြန့်စွာ လေ့လာခြင်း
- စူးစမ်းလေ့လာမှုတစ်ခု၏ အစပျိုးအဆင့်တွင် ပါဝင်သောကဏ္ဍ/ရှုထောင့်တို့ကို အကြမ်းဖျင်းလေ့လာခြင်း (ထိမိအားကောင်းသော မေးခွန်းများ တည်ဆောက်ခြင်း အပါအဝင်)
- ရှင်းလင်းလွယ်ကူစွာ သင်ကြားနည်းဖြင့် သင်ရမည့်သင်ခန်းစာတစ်ခုတွင် ဆရာ့ညွှန်ကြားမှုဖြင့် လေ့ကျင့်ခြင်းအဆင့်၌ ဇာတ်ညွှန်းရေးခြင်း
- ဂရပ်ဖစ်ပုံများသုံး၍ သင်ယူခြင်း (ဥပမာ - ဖရေရာပုံစံ) - ဆင္ဍမတန်းသင်ရိုးထဲမှ အဓိကကျသော ယူဆချက်တစ်ရပ်ကို ပုံဖြင့် သရုပ်ဖော်ခြင်း

ဤအချက်များကို ပြန်လည်သုံးသပ်ပါ။ TCSF ပါသတ်မှတ်ထားသည့် အနိမ့်ဆုံး လိုအပ်ချက်များ ရရှိမှုကို သက်သေသာဓကေ ပံ့ပိုးခြင်းရှုထောင့်မှ လေ့လာကာ ဆွဲဆောင်မှုအရှိဆုံးအချက်များကို သတ်မှတ်ဖော်ထုတ်ပေးပါ။ ဤအချက်များကို ထပ်မံဖြည့်စွက်ရေးသားပြီး သင်တို့၏ TCSF သင်ယူမှု အထောက်အထား မှတ်တမ်းတွင် ထည့်သွင်းပါ။

ဤမေးခွန်းများအပေါ်ပြန်လည်သုံးသပ်စဉ်းစားပါ။

- ဘဝသက်တမ်းတစ်လျှောက်လုံးဖွံ့ဖြိုးမှုဆိုသည်မှာ အဘယ်နည်း။ ၎င်းသည် အဘယ်ကြောင့် အရေးပါရသနည်း။
- သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုဆိုသည်မှာအဘယ်နည်း။ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုးမှုဆိုသည်မှာ အဘယ်နည်း၊ ကာယဖွံ့ဖြိုးမှုဆိုသည်မှာ အဘယ်နည်း။ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုဆိုသည်မှာ အဘယ်နည်း။ စိတ်လှုပ်ရှား၊ ခံစားမှု ဆိုင်ရာဖွံ့ဖြိုးမှုဆိုသည်မှာ အဘယ်နည်း။

- ဆရာတစ်ဦးအနေနှင့် အလယ်တန်းကျောင်းစာသင်နှစ်များတွင် ကျောင်းသားများ၏ သိမှုဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ ကာယ၊ ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်လှုပ်ရှားမှု၊ ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုများရရှိလာအောင် သင်မည်ကဲ့သို့ ပံ့ပိုးပေး မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

### ၂.၁။ နည်းပညာသုံး သင်နည်းဗေဒဆိုင်ရာအသိပညာ

Koehler, M. & Mishra, P. (2009). What is technological pedagogical content knowledge? *Contemporary Issues in Teacher Education, 9*(1), 60-70.

Mishra, P., & Koehler, M. (2006). Technological pedagogical content knowledge: A framework for integrating technology in teachers' knowledge. *Teachers College Record, 108*(6), 1017–1054.

Phillips, M., Koehler, M., & Rosenberg, J. (2016). Considering context: Teachers' TPACK development and enactment. In L. Liu & D. Gibson (Eds.), *Research Highlights in Technology and Teacher Education* (pp. 53-60). North Carolina, USA: Association for the Advancement of Computing in Education.

### ၂.၂။ ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများနှင့် ဆရာဗဟိုပြုချဉ်းကပ်မှုများ

Bada, S. (2015). Constructivism learning theory. A paradigm for Teaching and Learning. *IOSR Journal of Research & Method in Education (IOSR_JRME), 5*(6/1), 66-70. Retrieved from https://pdfs.semanticscholar.org/1c75/083a05630a663371136310a30060a2afe4b1.pdf

Friesen, S., & Scott, D. (2013). *Inquiry-based learning: A review of the literature*.

Paper prepared for the Alberta Ministry of Education. Retrieved from https://www.researchgate.net/publication/312592892_Inquiry-Based_Learning_A_Review_of_the_Research_Literature

Kellman, P., Massey, C., Roth, Z., Burke, T., Zucker, J., Saw, A., Aguero, K., & Wise, A. (2008). Perceptual learning and the technology of expertise: Studies in fraction learning and algebra. *Pragmatics & Cognition, 16*(2), 356-405.

Luke, A. (2014). On explicit and direct instruction. Australian Literacy Educators' Association. Retrieved from https://www.alea.edu.au/documents/item/861

Murdoch, K. (2014). The urge to inquire: Curiosity in the classroom. *Primary Geography, Autumn, 2014*. Retrieved from https://static1.squarespace.com/static/55c7efeae4b0f5d2463be2d1/t/5c999bf49b747a147e3b38d2/1553570816083/PGAutumn2014Murdoch.pdf

Pedaste, M., Mäeots, M., Siiman, L., de Jong, T., van Riesen, S., et al. (2015). Phases of inquiry-based learning: Definitions and the inquiry cycle. *Educational Research Review,* 14, 47-61.

## ၂.၃။ ဘဝသက်တမ်းတစ်လျှောက် ဖွံ့ဖြိုးမှု

Learn ways to teach to the needs of the middle school learner (including Flow). Retrieved from http://positivepsychology.org.uk/flow-and-adolescence/

Project Zero. (n.d.). Practical Intelligence for School. Retrieved from http://www.pz.harvard.edu/projects/practical-intelligence-for-school

*Developmental Milestones and the Early Years Learning Framework and the*

*National Quality Standard* deal with development from birth to five years. This document can be found at: https://www.dss.gov.au/our-responsibilities/families-and-children/publications-articles/developmental-milestones-and-the-eylf-and-nqs

The Institute for Human Services for the Ohio Child Welfare Training Program has published the Developmental Milestone Chart. It goes from birth to age 17 and can be accessed at: http://www.rsd.k12.pa.us/Downloads/Development_Chart_for_Booklet.pdf

Child development charts and checklists, for birth to age eight, can be found at: Kid Sense. (n.d.). Child development charts. Retrieved from https://childdevelopment.com.au/resources/child-development-charts

Human Development Stages from Infancy to Late Adulthood. The video can be found at: https://study.com/academy/lesson/human-development-stages-from-infancy-to-late-adulthood.html

## ၂.၄။ မတူကွဲပြားသော ယဉ်ကျေးမှုမျိုးစုံနှင့် ဘာသာစကားမျိုးစုံပါဝင်နေသော စာသင်ခန်းများ (Culturally and linguistically diverse classrooms)

Brown-Jeffy, S. & Cooper, J. (2011). Toward a conceptual framework of culturally relevant pedagogy: An overview of the conceptual and theoretical literature. *Teacher Education Quarterly*, Winter 2011, 65-84.

Gay, G. (2013). Teaching to and through cultural diversity. *Curriculum Inquiry*, 43(1), 48–70.

Kraas, F., Spohner, R., & Myint, A. (2017). *Socio-economic atlas of Myanmar*. Stuttgart, Germany: Verlag.

Moloney, R., & Saltmarsh, D. (2016). Knowing your students in the culturally and linguistically diverse classroom. *Australian Journal of Teacher Education, 41*(4).

အခန်း
၃

# ထိရောက်သော သင်ယူမှုအတွက် နည်းလမ်း/ နည်းဗျူဟာများ

ကျောင်းသားများစာသင်ခန်းတွင် စိတ်ပါလက်ပါ သင်ယူနိုင်စေမည့် အမျိုးမျိုးသော နည်း ဗျူဟာများ၊ နည်းစနစ်များ (နည်းလမ်းများ) (methods)၊ နည်းပညာများ(technique) တို့ကို ဤအခန်းတွင် ကျောင်းသားများအသေးစိတ် လေ့လာရပါမည်။ မေးခွန်းများရေးသားခြင်း၊ ကျောင်းသားများ အားလုံးနှင့် ဆက်ဆံပြောဆိုခြင်း၊ တစ်တန်းလုံးဆွေးနွေးမှုတွင် ကူညီလမ်းညွှန်ပေးခြင်း၊ ကျောင်းသားများ ပူးပေါင်းပါဝင်လုပ်ဆောင်ရသော အုပ်စုလုပ်ငန်းများတွင် ကူညီလမ်းညွှန်ပေးခြင်း၊ ကျောင်းသားများ၏ မတူညီသော လိုအင်များကို ဖြည့်စွမ်းရန် သင်ယူမှုကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း (differentiating) နှင့် အပြုသဘော ဆောင်သော တုံ့ပြန် အကြံပြုချက်များကို အချိန်မီ ပံ့ပိုးခြင်းတို့နှင့် သက်ဆိုင်သော နည်းစနစ်များနှင့် နည်းပညာများကို ကျောင်းသားများအနေနှင့် နားလည်သဘောပေါက်မှုရှိလာမည်။ ထို့ပြင် သင်ယူမှုဆိုင်ရာ နည်းဗျူဟာ အမျိုးမျိုးတို့ကို အသေးစိတ်လေ့လာရမည်။ ၎င်းတို့မှာ အမီအခိုကင်းစွာ သင်ယူနိုင်မှု (သို့မဟုတ်) လွတ်လပ်စွာ သင်ယူနိုင်မှု၊ အချင်းချင်းထံမှ သင်ယူမှု၊ အချင်းချင်းဦးဆောင်သော အသင်းအဖွဲ့လိုက် သင်ယူမှုနှင့် စီမံချက်အခြေပြုသင်ယူမှု တို့ဖြစ်ကြသည်။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- စီမံချက်အခြေပြု သင်ယူမှုက နက်ရှိုင်းသော ဝါသနာအရင်းခံ ချဉ်းကပ်သင်ယူမှု (Passion-led approach to learning) ကို မည်သို့ ပံ့ပိုးနိုင်ကြောင်း ဆွေးနွေးတတ်မည်။
- သင်ယူမှုအကြောင်း အယူအဆ/ယူဆချက်အမျိုးမျိုးတို့နှင့် သင်ယူမှုသို့ ချဉ်းကပ်ပုံအမျိုးမျိုး တို့ကို ရှင်းပြတတ်မည်။

- မိမိ၏ကိုယ်ပိုင်ချဉ်းကပ် သင်ယူမှုအပေါ် ပြန်လည် သုံးသပ် စဉ်းစားတတ်မည်။
- ကောင်းမွန်စွာပုံစံတကျပြုစုထားသော အဖွင့်မေးခွန်းများနှင့် အပိတ်မေးခွန်းများကို ရေးသားတတ်မည်။
- မေးခွန်းမေးမှု အစီအစဉ်တစ်ခုတွင် ပါဝင်သည့် မေးခွန်းမေးခြင်း၊ အဖြေကိုလက်ခံခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း၊ အဆင့် (၃) ခုအကြောင်းနှင့် မေးခွန်းများ ၏ အသုံးဝင်မှုကို ရှင်းပြတတ်မည်။
- သိမှုဆိုင်ရာဖွံ့ဖြိုးမှုအဆင့် အသီးသီးမှ ကလေးတို့အတွက် မေးခွန်းများ ထုတ်ရာတွင် ဘလွန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း (Bloom's Taxonomy) အကြောင်းနားလည်မှုကို အသုံးချတတ်မည်။
- စာသင်ခန်းတွင်း ထိရောက်သော ပြောဆိုဆက်ဆံမှုကို ဟန့်တားနေသည့် အတားအဆီး အခက်အခဲများအကြောင်းကို ဆွေးနွေးတတ်မည်။
- စာသင်ခန်းများတွင်ထိရောက်မှုရှိပြီးကျောင်းသားအားလုံးပါဝင်ပြောဆိုဆက်ဆံနိုင်ရေးအတွက် အသုံးပြုနိုင်သော နည်းဗျူဟာများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- နာကြားမှု နှင့် စကားပြောဆိုမှု၌ အခက်အခဲရှိသော ကလေးများ သင်ယူမှုပြုနိုင်ရန် ထောက်ကူသည့် ဆက်သွယ်ပြောဆိုမှု (Augmentative and Alternative Communication - AAC) နှင့်ပတ်သက်၍ နားလည်သဘော ပေါက်ကြောင်းကို ပြသတတ်မည်။
- အဓိပ္ပာယ်ရှိသော စကားဝိုင်း အယူအဆကို ရှင်းပြတတ်မည်။
- ကျောင်းသားသင်ယူမှုအတွက် အတန်းတွင်းဆွေးနွေးမှု၏အကျိုးကျေးဇူးများကို ရှင်းပြတတ်မည်။
- အတန်းတွင်းဆွေးနွေးမှုပြုရန် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း တို့တွင် ပါဝင်သော အဆင့်များနှင့် နည်းပညာများကို ဖော်ထုတ်သတ်မှတ် တတ်မည်။
- ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှု၏ အကျိုးကျေးဇူးများနှင့် ထူးခြားသော လက္ခဏာများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။

- အုပ်စုလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများရရှိစေရန် အုပ်စုဝင်တစ်ဦးစီ၏ ပါဝင်ဆောင်ရွက်မှုများနှင့် အုပ်စုလုပ်ငန်းစဉ်များအပေါ် ပြန်လည်စဉ်းစားသုံးသပ်မှုပြုနိုင်စေရန် အထောက် အပံ့ ပေးသည့် နည်းလမ်းများကို ဆွေးနွေးတတ်မည်။
- ကျောင်းသားများအတွက် တစ်ဦးတည်းလွတ်လပ်စွာသင်ယူမှု၏ အကျိုးကျေးဇူးများကို ရှင်းပြတတ်မည်။
- ကျောင်းသားများ လွတ်လပ်စွာသင်ယူမှုပြုနိုင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ (ကိုင်းညွတ်မှုများ) ကို အကျဉ်းချုံးဖော်ပြတတ်မည်။
- လွတ်လပ်စွာသင်ယူမှုအတွက် စီစဉ်ပြင်ဆင်မှုတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့် သင်ကြားမှုနည်းလမ်းများကို ဆွေးနွေးတတ်မည်။
- လွတ်လပ်စွာ သင်ယူမှုနှင့် အပြန်အလှန်အမှီသဟဲပြုနိုင်သော သင်ယူမှုကို ပြုနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ (စိတ်ကိုင်းညွတ်မှုများ) ကို နှိုင်းယှဉ်ဖော်ပြတတ်မည်။
- အချင်းချင်းကဦးဆောင်သည့် သင်ယူမှုအကြောင်းအဓိပ္ပာယ်သတ်မှတ်ပေးတတ်လာပြီး ထိုသင်ယူမှုမှ ပါဝင်သူ ကျောင်းသားများနှင့် ဦးဆောင်သူကျောင်းသားများ အတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို အကြမ်းဖျင်းဖော်ပြတတ်မည်။
- ခြားနားသောပညာသင်ကြားမှုဆိုင်ရာအခြေအနေအကြောင်းအရာအမျိုးမျိုးတို့တွင် အချင်းချင်းက ဦးဆောင်သော အသင်းအဖွဲ့လိုက်သင်ယူမှုကို မည်သို့ဆောင်ရွက်နိုင်ကြောင်း စဉ်းစားကြံဆတတ်မည်။
- လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း၏ အဓိကသဘောတရားများကို အကြမ်းဖျင်းဖော်ပြတတ်မည်။
- ဆရာများက သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို ကျောင်းသားများ ၏ လိုအပ်ချက်အလိုက် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလုပ်ဆောင်နိုင်ပုံကို ရှင်းပြတတ်မည်။
- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်သည့် နည်းဗျူဟာများကို ဝေဖန်စိစစ်ရာတွင် ဆရာများက ကျောင်းသား တစ်ဦးစီ၏ ထူးခြားမှု/ ခြားနားမှု ကို မည်သို့တုံ့ပြန် ဆောင်ရွက်ပေးတတ်ပုံ ရှုထောင့်မှ ပြန်လည် ဆန်းစစ်ပြတတ်မည်။

- ကျောင်းသားများမေးတတ်လေ့ရှိသော အဓိကမေးခွန်းများ (ဥပမာ- "ကျွန်တော့် အခြေအနေဘယ်လိုလဲ၊ တိုးတက်မှုရှိရဲ့လား။" နှင့် "နောက်ထပ်ပိုတိုးတက် အောင် ဘာတွေလုပ် ရမလဲ။" ဆိုသည့်မေးခွန်းမျိုးကို ဖြေဆိုရာ၌ အပြုသဘော ဆောင်သော တုံ့ပြန် အကြံပြုချက်များကို ဆီလျော်စွာ ပေးတတ်မည်။
- အုပ်စုငယ်လုပ်ငန်းများတွင်ဖြစ်စေ၊ အချင်းချင်းစစ်ဆေး အကဲဖြတ်ရာတွင် ဖြစ်စေ၊ ကိုယ်တိုင် စစ်ဆေးအကဲဖြတ် ရာတွင်ဖြစ်စေ ပါဝင်နေသော တုံ့ပြန် အကြံပြုချက်ပေးမှု နည်းဗျူဟာများ အကြောင်းကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ် ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေ စွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်းပြသည်။

(က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှု လိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၂.၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT) ကိုသင်ကြား သင်ယူမှုတွင်သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည်သဘောပေါက်ကြောင်း ပြသ သည်။

(က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူကွဲပြား ခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။

(က) (၅.၂) သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှုအခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ် အကြောင်းအရာများအား မည်သို့ ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

(ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံများနှင့်ကိုက်ညီသော သင်ပြမှု ပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်း ပြသည်။

(ခ) (၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန် နှင့် စစ်ဆေး အကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်း ပြသည်။

# ၃.၁။ ကျောင်းသားများအား သင်ယူစေရန်စေ့ဆော်စေခြင်း အားဖြင့် သင်ယူမှု၌ စိတ်ပါဝင်စားစေခြင်း (ကျောင်းသားများ အား နှိုးဆော် တိုက်တွန်းမှုနှင့် ဆွဲဆောင်မှု)

ကျောင်းသားများက သင်ယူရန် မည်သို့ ချဉ်းကပ်တတ်ကြသည်ကို ရှင်းလင်းစွာ ကွင်းကွင်းကွက်ကွက် သိမြင်နိုင်စေသည့် ချဉ်းကပ်မှုအမျိုးမျိုးကို ဤအခန်းငယ်တွင် လေ့လာသင်ယူကြမည်။ ၎င်းတို့မှာ ဝါသနာ အရင်းခံ ချဉ်းကပ်သင်ယူမှု (Passion-Led learning)၊ Saljo ၏ အတွေးအခေါ် အယူအဆ/ခံယူချက် အဆင်ဆင့်ဖြစ်ထွန်းစေလျက် ချဉ်းကပ်မှု[၂၇] နှင့် Entwistle နှင့် Peterson တို့၏ ရည်ရွယ်ချက် အလိုက် နည်းလမ်းသုံးမျိုး ဖြင့် ချဉ်းကပ်နည်း[၂၈] တို့ဖြစ်ကြသည်။ ဤအယူအဆများသည် ကျောင်းသားများ၏ ဘာသာရပ်များကို သင်ယူရာ၌ ၎င်းတို့ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်းများအပေါ် ပြန်လည်သုံးသပ်စဉ်းစားရာတွင် အသုံးဝင်သောကြောင့် ကျောင်းသားများအတွက်လည်း အရေးကြီးပါသည်။

## ၃.၁.၁။ ဝါသနာအရင်းခံချဉ်းကပ်သင်ယူမှုနှင့်သင်ယူမှုအကြောင်း ယူဆချက်များနှင့် သင်ယူမှုကိုချဉ်းကပ်ပုံများ

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- စီမံချက် အခြေပြု သင်ယူမှုက နက်ရှိုင်းသော ဝါသနာ အရင်းခံ ချဉ်းကပ် သင်ယူမှု (Passion-led approach to learning) ကို မည်သို့ ပံ့ပိုးနိုင်ကြောင်း ဆွေးနွေးတတ်မည်။

[၂၇] Säljö', 1979; 1982.

[၂၈] Entwistle & Peterson, 2004.

- သင်ယူမှုအကြောင်း အယူအဆ/ယူဆချက်အမျိုးမျိုးတို့နှင့် သင်ယူမှုသို့ ချဉ်းကပ်ပုံအမျိုးမျိုး တို့ကို ရှင်းပြတတ်မည်။
- မိမိ၏ ကိုယ်ပိုင်ချဉ်းကပ် သင်ယူမှုအပေါ် ပြန်လည် သုံးသပ် စဉ်းစားတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်း အမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။

(ခ) (၁.၁.၂) ကျောင်းသားများ၏ ယခင်ရှိပြီး အသိပညာ၊ စိတ်ဝင်စားမှု၊ နေ့စဉ်ဘဝ၊ ဒေသ လိုအပ်ချက်များနှင့် ချိတ်ဆက်နိုင်မည့် သင်ကြားရေးဆိုင်ရာ အထောက်အကူ ပစ္စည်း များကို ရွေးချယ်သည်။

(ခ) (၁.၁.၃) နားလည်မှုအသစ် တည်ဆောက်နိုင်ရန် ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်အတွေး အခေါ်ဖြစ်စဉ်များကို သတိပြုမိရန်နှင့် ထင်ဟပ် စဉ်းစားသုံးသပ်မှုကို အသုံးပြုရန် အားပေးသည်။

(ခ) (၁.၃.၃) ကျောင်းသားများ၏စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ တိကျ ထိမိသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင် ပြင်ဆင်သည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် (၄) ချိန်

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - ဝါသနာဆိုင်ရာ အဓိက အကြောင်းအရာအချက်အလက် ဖော်ပြချက် (passion profile) တစ်ခု ပြုစုရေးသားခြင်း (ဝါသနာအကြောင်း အရာဖော်ပြချက်)

သင်ယူမှုလုပ်ငန်း (၂) - အလယ်တန်းကျောင်းတစ်ကျောင်းမှ ဝါသနာစီမံချက်များ အကြောင်းကို သင်ယူခြင်း
သင်ယူမှုလုပ်ငန်း (၃) - အတွေးနယ်ချဲ့စရာ ပါဝင်သော ကိုယ်တွေ့ဖြစ်ရပ်မှန် မှတ်တမ်းတို(စာပန်းချီ) တစ်ပုဒ်အပေါ် ပြန်လည်သုံးသပ် စဉ်းစားခြင်း
သင်ယူမှုလုပ်ငန်း (၄) - မိမိ၏ ကိုယ်ပိုင်သင်ယူရန် ချဉ်းကပ်မှုများ/ချဉ်းကပ် သင်ယူမှုများအပေါ်၌ ပြန်လည်သုံးသပ်စဉ်းစားခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည် ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင် စာအုပ် သင်ခန်းစာ (၃.၁.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ်၊ ကွန်ပျူတာ၊ ပရိုဂျက်တာ (ရုပ်သံ/ရုပ်ပြစက်) (ရှိလျှင်)၊ ကားချပ်ကြီး ဆွဲရန် စာရွက် နှင့် မာကာများ

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားကိုင်စာအုပ်ပါ “ယခင်ရှိပြီး အသိပညာအပေါ် တည်ဆောက်ခြင်း ” အကြောင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။ ထို့နောက် ကျောင်းသား များ၏ စေ့ဆော်မှုများနှင့် စိတ်ပါဝင်စားစွာ ဆောင်ရွက်မှုတို့အပေါ် လွှမ်းမိုးနိုင်နေသော သက်ရောက်မှုများကို ပြန်လည် ဆန်းစစ်ပါ။

(က) စိတ်ပါဝင်စားမှု - ငါဒီဟာကို စိတ်ဝင်စားရဲ့လား။

(ခ) အရေးပါမှုကို သိရှိနားလည်မှု- ဒါအရေးပါရဲ့လား။

(ဂ) ၎င်းတို့၏လုပ်ဆောင်နိုင်မှုကိုသိရှိနားလည်မှု-ငါဒါကိုလုပ်နိုင်ရဲ့လား။

(ဃ) စိတ်လှုပ်ရှားခံစားမှု - ငါဘယ်လိုခံစားရသလဲ။

၂။ လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲလုပ်ဆောင်ထားသော သင်ခန်းစာတစ်ခုတွင် ကျောင်းသားများ၏ စိတ်ဝင်စားမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသော ဆရာများ၏ အရေးပါပုံကို ကျောင်းသားများက သိမြင်သည့်နည်းများ အခြားအကြောင်းအရာ (၃) ခုကို သိရှိရန်လည်း အရေးပါကြောင်းကို ကျောင်းသားအား အသိပေးပါ။

၃။ ကျောင်းသားများ၏ ကိုယ်တိုင်စေ့ဆော်မှုနှင့်ပတ်သက်၍ ဤအကြောင်းအရာများသည် မည်သို့ အရေးပါကြောင်းကို ပြန်လည်သုံးသပ်စဉ်းစားရန် ကျောင်းသားများကိုပြောပါ ။

သင့်အနေနှင့် လုပ်ငန်းတစ်ခုကို မိမိ၏ စေ့ဆော်မှုနှင့် စိတ်ပါဝင်စားစွာဆောင်ရွက်မှုတို့ ရှုထောင့်မှ အရေးပါသည်ဟု ယူဆသောအခါ သင်မည်ကဲ့သို့ခံစားရပါသနည်း။

- သင်က ထိုလုပ်ငန်းကို အရေးပါသည်ဟု ထင်မြင်ပါသလား။ သို့မဟုတ်
- ဤ လုပ်ငန်းကို သင်လုပ်ဆောင်နိုင်သည်ဟု ထင်မြင်ပါသလား။

၄။ ကျောင်းသားကိုင်စာအုပ်မှ “ ဝါသနာအရင်းခံသင်ယူမှု” အကြောင်းကို ဖတ်ကြည့်ရန် ဆရာက ကျောင်းသားများကို ညွှန်ကြားပါ။

၅။ အလယ်တန်းကျောင်းတွင် အသုံးပြုနေကြသည့် သင်ယူမှုအစီအစဉ်သစ်အမျိုးအပြားတို့က ကျောင်းသားများ၏ ဝါသနာများအရေးပါပုံကို အထူးအလေးပေးကြကြောင်း ကျောင်းသားများ သိရှိ အောင် ပြောပြပါ။

၆။ လေးထောင့်ကွက် (၃.၁) ကို တစ်တန်းလုံးက ညီညာစွာ ပြိုင်တူ ဖတ်စေရမည်။ ထို့နောက် အောက်ပါအချက်များကို အထူးပြု ဖော်ပြပါ။

## ပထမအချက် - မူဝါဒနှင့် လက်တွေ့ကျင့်သုံးမှုအကြားကွာဟချက် (Gap in policy and practice) - ဝါသနာအပေါ် အလေးအနက်ထားအာရုံစိုက်ခြင်း

ပညာရေးမူဝါဒနှင့် စာသင်ခန်းတွင်း လက်တွေ့လေ့ကျင့်မှုတို့တွင် ကျောင်းသားများအား စိတ်ပါဝင်စားစေခြင်း (student engagement) ၏ အခန်းကဏ္ဍကို အချိန် အတန်ကြာအောင် ပင် အစဉ်မပြတ် အာရုံစိုက်အလေးထားခဲ့ကြပါသည်။ သို့ရာတွင် ပညာရှင်တို့ ဆွေးနွေးသော စကားဝိုင်းတွင် လစ်ဟာပျောက်ဆုံးနေသော အဓိက အခြေခံအချက်မှာ ဝါသနာ/ပင်ကို စိတ်အား ထက်သန်မှု (passion) ၏ အခန်းကဏ္ဍ ဖြစ်ပြီး ကျောင်းသားများအား တစ်ဦးချင်း စီ၏ ထူးခြားသော ဝါသနာကို အရင်းခံကာ သင်ယူစေလျှင် သင်ယူမှုရလဒ်များ တိုးတက် မြင့်မားလာစေရန်အတွက် အထောက်အကူပြုမှု ဖြစ်သည်။

## ဒုတိယအချက် - ဝါသနာ၏အဓိပ္ပာယ် သတ်မှတ်ချက်နှင့် ဝါသနာ၏ အကျိုးကျေးဇူးများ

သင်ယူမှုတွင် ဝါသနာပါခြင်း ဆိုသည်မှာ အကြောင်းအရာ/ခေါင်းစဉ်တစ်ခု (သို့မဟုတ်) ကျွမ်းကျင်မှုတစ်ခု (သို့မဟုတ်) သင်ယူနည်းတစ်ခုအတွက် စစ်မှန်သော စိတ်အား ထက်သန် မှု/ ရင်တွင်းဖြစ် စိတ်ကိုင်းညွတ်မှု/စိတ်အားထက်သန်မှုကို ဆိုလိုသည်။ မည်သည့်ပြုပြင် လေ့ကျင့်မှု၊ ပုံသွင်းမှုတို့ကြောင့်မှ ဖြစ်ပေါ်လာရသော စိတ်အား ထက်သန်မှု မဟုတ်ဘဲ မိမိ စိတ်ရင်းမှ လှိုက်လှဲစွာ စဉ်းစားလိုမှု သိလိုစိတ်ပြင်းပြမှုပင် ဖြစ်သည်။ ကျောင်းသားတစ်ဦး သည် လုပ်ငန်းတစ်စုံတစ်ခုကို ဝါသနာကြီးလျှင် (သို့မဟုတ်) တစ်စုံတစ်ခုကို စွဲလမ်းမှု အရူးအမူးဖြစ်မှုရှိလျှင် ထိုအရာကို သင်ယူရာ၌ ယခုမျက်မှောက် သင်ယူမှုကရော အနာဂတ် အလားအလာများကပါ ၎င်းကို ပိုင်နိုင်စွာ မလွတ်တမ်း ဖမ်းစားနိုင်မည်ဖြစ်သည်။ ၎င်း၏အာရုံစိုက်မှုကို မလွဲမသွေ ချုပ်ကိုင်ထားနိုင်မည် ဖြစ်သည်။ ထိုဝါသနာကြီးသူ အစွဲအလမ်းကြီးသူ ကျောင်းသားများသည် သူတို့သာမက အခြားသူတို့ကိုပါ အာရုံစိုက်အောင် ဆွဲဆောင်နိုင်ကြသည်။ သူတို့ စွဲလမ်းနှစ်သက်မှုကို မျှဝေခြင်းဖြင့် အခြားသူတို့၏ စိတ်အာရုံ ကို နိုးဆွလှုံ့ဆော်နိုင် ကြသည်။ သူတို့နှစ်သက်သည့်ပညာကို သင်ယူရာတွင် ကြံ့ကြံ့ခံနိုင် စွမ်းရည်များ၊ ခိုင်မာသော ဆုံးဖြတ်ချက်များနှင့် ပညာရှာရာ ခရီးစဉ် တစ်လျှောက်ကို မမိုတ်မသုန် ကျော်ဖြတ်ခရီးဆက်နိုင်ကြသည်။ သူတို့၌ စိတ်ကူးစိတ်သန်းကောင်းများကို ရှာဖွေ ပေါင်းစပ်တတ်သည့် အရည်အချင်းရှိပြီး အကောင်းဆုံးနှင့် အရည်အသွေး အမြင့်မားဆုံး စိတ်ကူးများကိုလည်း ထုတ်လုပ်နိုင်ကြသည်။

## တတိယအချက် - ကျောင်း၌ ကျောင်းသား၏ဝါသနာကို နက်ရှိုင်းသော သင်ယူမှုနှင့် ချိတ်ဆက်ပေးခြင်း

သို့ရာတွင် ဆရာများအနေနှင့် ကျောင်းသားတို့၏ ဝါသနာကို အမြဲတမ်း အားပေးပျိုးထောင်နေရမည်ဟု မဆိုလိုပါ။ စာသင်ကျောင်းများတွင် ကျောင်းသားများ၏ ဝါသနာကို တန်ဖိုးထားရန် လိုပါသည်။ ဝါသနာကို တန်ဖိုးထားသည့်နည်းတစ်ခုမှာ ကျောင်းသားတစ်ဦးစီ၏ ဝါသနာဖွံ့ဖြိုးလာပုံကို နက်ရှိုင်းစွာ စဉ်းစား၍ နားလည်သဘောပေါက်အောင် ကြိုးစားရမည်။ သူတို့၏ ဝါသနာကို မှတ်တမ်းတင်ထားပြီး ဝါသနာဖွံ့ဖြိုးလာပုံကို မျက်ခြည်မပြတ် ခြေရာခံလေ့လာရမည်။ ထိုသို့ ဆောင်ရွက်မှသာ ကျောင်းသားတစ်ဦးချင်းစီ၏ ဝါသနာကို နက်ရှိုင်းစွာ သင်ယူမှုနှင့် ချိတ်ဆက်ပေး နိုင်မည်ဖြစ်သည်။ ကျောင်းသား များက သူတို့ဝါသနာကို သူတို့ကိုယ်တိုင် သိရှိလာပြီး ဆရာများ ကလည်း သူတို့ ကျောင်းသားများ နှစ်သက်စွဲလမ်းသော အရာများကို သိရှိလာချိန်တွင် ဝါသနာ အရင်းခံ သင်ယူမှု (Passion-led learning) ဖြစ်ပေါ်လာသည်။

### သင်ယူမှုလုပ်ငန်း (၁)။ ဝါသနာဆိုင်ရာ အဓိက အကြောင်းအရာ အချက်အလက် ဖော်ပြချက် (passion profile) တစ်ခု ပြုစု ရေးသားခြင်း (ဝါသနာအကြောင်းအရာဖော်ပြချက်)

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် (လုပ်ငန်း - (၃၀) မိနစ် အချင်းချင်းမျှဝေခြင်း- (၁၀)မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်းနှစ်ယောက် တစ်တွဲ |

**ရည်ရွယ်ချက်** - ကျောင်းသားများအား ၎င်းတို့၏ ကိုယ်ပိုင်ဝါသနာဆိုင်ရာ အဓိက အကြောင်းအရာအချက်အလက် ဖော်ပြချက်ပုံတစ်ခုကို ရေးဆွဲတတ်စေရန်

၁။ ဝါသနာအရင်းခံသင်ယူမှုကို ခွင့်ပြုပေးထားသော ကျောင်းတစ်ကျောင်း၌ ကျောင်းသားတစ်ဦးစီသည် ပုံ (၃.၁) တွင် ဖော်ပြထားသကဲ့သို့ ဝါသနာအကြောင်းအရာဖော်ပြချက်တစ်ခုကို ပြုစု ရေးဆွဲကြရကြောင်းကိုကျောင်းသားများအား ပြောပြပါ ။

၂။ ဝါသနာအကြောင်းအရာဖော်ပြချက် (passion profile) အကြောင်းမှ အောက်ပါ အချက်တို့ကို အလေးပေးဖော်ပြပါ။

- ကျောင်းသားများ၏ ဝါသနာအကြောင်းအရာဖော်ပြချက်များကို ဆရာများနှင့် မိဘများက ရယူအသုံးပြုနိုင်သည်။
- လမ်းညွှန်ကူညီမှုပြုထားသော ပြန်လည်သုံးသပ်မှု ဖြစ်စဉ်တစ်ခုမှတစ်ဆင့် စာသင်နှစ် တစ်နှစ်၏ သတ်မှတ်ထားသော ကာလအပိုင်းအခြား (term) တစ်ခုစီ၌ ထိုဖော်ပြချက်ကို ပြန်လည်မွမ်းမံကာ အသစ်တစ်ခု ထပ်မံရေးဆွဲရသည်။
- ထိုအချက်အလက်တို့ကို သင်ကြားရာ၌ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ရာတွင် အသုံးပြုနိုင်သည်။ သင်ကြားမှုကို ပြုပြင်ပြောင်းလဲမှု (၂) မျိုး ရှိသည်။ တစ်မျိုးမှာ ပုံမှန်သင်ကြားမြဲဖြစ်သော စာသင်ခန်းအတွင်းသင်ကြားရန် ခွဲဝေ သတ်မှတ် ထားသည့် ဘာသာရပ်နယ်ပယ် တစ်ခုခုတွင် ပြောင်းလဲပေးနိုင်သည်။ နောက်တစ်မျိုးမှာမူ ကျောင်းသားတစ်ဦးစီ၏ ဝါသနာစီမံချက် လုပ်ငန်းတွင် ပြုပြင်ပြောင်းလဲမှု ပြုနိုင်သည်။

၃။ ကျောင်းသားများအား သူတို့၏ ဝါသနာ နှင့် သက်ဆိုင်သော အဓိက အကြောင်းအရာများကို ဖော်ပြနိုင်စေရန်အတွက် ၎င်းတို့၏ ဝါသနာများ၊ သင်ယူမှု၊ အားသာချက်များကို ပြန်လည်သုံးသပ် စဉ်းစားကြရန် ဆရာက ညွှန်ကြားပါ။ အောက်ဖော်ပြပါ အစဖော်ပေးနိုင်သည့်မေးခွန်းများက အထောက်အကူ ပြုနိုင်ပါသည်။

## ကျွန်ုပ်၏ ဝါသနာများ/ပင်ကိုယ် စိတ်အားထက်သန်မှုများ

- သင်၏ မိသားစုဝင်များ (သို့မဟုတ်) အခြားသူများက သင်စွဲလမ်း နှစ်သက်သည်တို့မှာ မည်သည့်အရာများ ဖြစ်ကြသည်ဟု ပြောကြသနည်း။
- နေ့စဉ် ကျောင်းဆင်းပြီးချိန်၊ စနေ တနင်္ဂနွေ အားလပ်ရက်များ (သို့မဟုတ်) ကျောင်းပိတ်ရက်ရှည်များတွင် မည်သည်တို့ကို လုပ်ဆောင်ရန် သင်နှစ်သက်ပါသနည်း။
- မည်သည့် လုပ်ငန်းများ လုပ်ဆောင်နေစဉ် ထိုလုပ်ငန်းက သင့်ကို ပြုံးပန်းပွင့်စေသနည်း။ (သို့မဟုတ်) စိတ်ကြည်နူးမှုဖြင့် တေးသီဆိုစေသနည်း။ ဤလုပ်ငန်း

များ ထဲမှ မည်သည့် အကြောင်းအရာ၊ မည်သည့်အချက်က နှစ်သက်ပျော်ရွှင်ဖွယ် ကောင်းအောင် ပြုထားသနည်း။

- ယခုလက်ရှိ အချိန်အထိ သင့်ဘဝတွင် အပျော်ရွှင်ဆုံးနေ့မှာ မည်သည့်နေ့ ဖြစ်ပါသနည်း။ ထိုစဉ်က သင်ဆောင်ရွက်နေခဲ့သော လုပ်ငန်းကို ဖော်ပြပါ။ သင်သည် ထိုလုပ်ငန်းကို အဘယ်ကြောင့် အလွန်နှစ်သက်ခဲ့ပါသနည်း။

## ကျွန်ုပ်၏ သင်ယူမှု

- တစ်စုံတစ်ခုကို သင်ယူနေစဉ် သင်အလွန်ပျော်ရွှင်နှစ်သက်ခဲ့သော အချိန်ကာလ တစ်ခုကို ဖော်ပြပါ။ (ကျောင်းတွင်း သို့မဟုတ် ကျောင်းပြင်ပ) ထိုအရာကို သင်ယူရာ၌ သင်မည်သို့ ခံစားခဲ့ရသနည်း။
- ယခင် စာသင်နှစ်အကြောင်း စဉ်းစားမိသည့်အခါ မည်သည့် သင်ခန်းစာ (သို့မဟုတ်) မည်သည့် အကြောင်းအရာကို သင့်ခေါင်းထဲတွင် စွဲမြဲစွာ မှတ်မိနေသနည်း။ မည်သည့်အကြောင်းအရာကို အနှစ်သက်ဆုံးဖြစ်ခဲ့သနည်း။
- သင့်အနေနှင့် မဆောင်ရွက်နိုင်ခဲ့သော်လည်း ဆောင်ရွက်လိုစိတ် ထက်သန်ပြင်းပြသည့် သင်၏ စိတ်ကူးထဲမှ စီမံချက်တစ်ခု/ စိတ်ကူးအိပ်မက်တစ်ခုရှိပါသလား။
- ကမ္ဘာပေါ်တွင် (သို့မဟုတ်) ကျွန်ုပ်တို့၏ အသိုက်အဝန်း/ရပ်ရွာလူထုအဖွဲ့အစည်း ထဲတွင် သင့်အနေနှင့် တွေ့မြင်လိုသောအပြောင်းအလဲ တစ်စုံတစ်ရာရှိပါသလား။

## ကျွန်ုပ်၏အားသာချက်များ

- သင့်မိသားစု (သို့မဟုတ်) အခြားသူများက သင်သည် မည်သည့်လုပ်ငန်းမျိုးကို ကျွမ်းကျင် ရေလည်စွာ လုပ်ဆောင်တတ်သည်ဟု ပြောကြသနည်း။ မည်သည့် အလုပ်မျိုးကို လုပ်ဆောင်ခဲ့ရာတွင် အသိအမှတ်ပြုခံခဲ့ရသနည်း။
- သင့်အနေနှင့် နှစ်ခြိုက်သည်ဖြစ်စေ မနှစ်ခြိုက်သည်ဖြစ်စေ မည်သည့်လုပ်ငန်းများ သည် သင့်အတွက် ဆောင်ရွက်ရန် အလွယ်ကူဆုံး ဖြစ်ကြသနည်း။
- အကယ်၍ တစ်စုံတစ်ဦးက သင်၏ "သဘာဝ/ပင်ကိုစွမ်းရည်” (အထုံပါရမီ) အကြောင်းကို မေးလာခဲ့လျှင် သင်မည်သို့ ဖြေမည်နည်း။
- သင်၏ လုပ်ဆောင်မှုများတွင် အောင်မြင်မှု အမြင့်မားဆုံး ရရှိစေရန် သင်အသုံးပြု

နေသော ကျွမ်းကျင်မှုများ၊ အပြုအမူများ (သို့မဟုတ်) သင်၏ ပင်ကိုအရည်အချင်းများမှာ မည်သည်တို့ ဖြစ်ကြသနည်း။ ဥပမာ - ခေါင်းဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ အချင်းချင်း အပြန်အလှန် ဆက်ဆံပြောဆိုမှုဆိုင်ရာ ကျွမ်းကျင်မှုများ(ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင် မှုများ)၊ ဆက်သွယ်ရေးကျွမ်းကျင်မှုများ (communication skill) (ဘာသာစကားနှင့် နည်းပညာ သုံးခြင်းဆိုင်ရာ) ကြံ့ကြံ့ခံနိုင်စွမ်းရည်၊ အတိုးအလျှော့ပြုနိုင်မှု၊ သဟဇာတ ဖြစ်အောင် ပြောင်းလဲနိုင်မှု (flexibility)

၄။ ကျောင်းသားများအား သူတို့၏ဝါသနာ အကြောင်းအရာ ဖော်ပြချက် (passion profile) ကို သူငယ်ချင်းတစ်ဦးနှင့်မျှဝေရန် ဆရာက ပြောပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ဤ လုပ်ငန်းဆောင်ရွက်ရာတွင် ကျောင်းသားများအတွက် အထောက်အကူဖြစ်စေရန် အရိပ်အခြည်ပြမေးခွန်းစဉ်များ ပံ့ပိုးထားသည်။ ထို့ကြောင့် အချင်းချင်းအကြား မိမိတို့၏ဝါသနာ အကြောင်းအရာ ဖော်ပြချက်များကို မျှဝေဆွေးနွေးရန် အခွင့်အလမ်းကောင်းများရရှိစေနိုင်သည်။

**ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသော အဖြေများ**

အဖြေများသည် တစ်ဦးနှင့်တစ်ဦးမတူညီနိုင်ကြပါ။တစ်ဦးချင်းစီ အလိုက်ကွဲပြားနိုင်ပါသည်။

**စာသင်ချိန် (၂)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၁၀)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ဆန္ဒရှိသောကျောင်းသားများကို သူတို့၏ဝါသနာဆိုင်ရာအဓိက အချက်အလက်များ ဖော်ပြချက်ကို အတန်းနှင့်မျှဝေရန် ဆရာကဖိတ်ခေါ်ပါ။

## သင်ယူမှုလုပ်ငန်း (၂)။ အလယ်တန်းကျောင်းတစ်ကျောင်းမှ ဝါသနာစီမံချက်များ အကြောင်းကို သင်ယူခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် (လုပ်ငန်း (၂၀) မိနစ် ၊ မျှဝေခြင်း (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင်ကျောင်းသား (၄၀) ပါဝင်သောအုပ်စုများ |

**ရည်ရွယ်ချက်** - ကျောင်းတစ်ကျောင်း၌ ဝါသနာစီမံချက်များကို မည်သို့အကောင်အထည်ဖော် ဆောင်ရွက်နေပုံကို ကျောင်းသားများ တွေ့ရှိနိုင်စေရန်

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
   ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -
   - စီမံချက် အခြေပြု သင်ယူမှုက နက်ရှိုင်းသော ဝါသနာ အရင်းခံ ချဉ်းကပ်သင်ယူမှု (Passion-led approach to learning) ကို မည်သို့ ပံ့ပိုးနိုင်ကြောင်း ဆွေးနွေး တတ်မည်။

၂။ ကျောင်းသားများကို (၄) ဦးစီပါဝင်သော အုပ်စုများအဖြစ်သို့ ဖွဲ့စည်းစေရမည်။

၃။ သင်ယူမှုလုပ်ငန်း (၂) ကို ဖတ်ရှုလေ့လာရန် ညွှန်ကြားပါ။

၄။ ကျောင်းသားများကို လေးထောင့်ကွက် (၃.၂) ကို ဖတ်ရန်ပြောပါ။ နယူးဇီလန်နိုင်ငံ အလယ်တန်းကျောင်းတစ်ကျောင်းမှ ကျောင်းအုပ်ကြီး၏ ဝါသနာစီမံချက်လုပ်ငန်း အကြောင်း ဆွေးနွေးမှု ဗီဒီယို ပါအကြောင်းအရာများကိုဖတ်ရှုနိုင် သည်။

၅။ အောက်ပါမေးခွန်းများကိုဆွေးနွေးပြီး အဖြေများကို မှတ်တမ်းတင်ရန် ကျောင်းသား အုပ်စုများ ကို ပြောပါ။

### *ဗီဒီယိုပါအကြောင်းအရာမှ*

- ကျောင်းအုပ်ဆရာမကြီး၏ ကျောင်းသားလုပ်ငန်း အရည်အသွေး ကြည့်ရှုလေ့လာချက်များအရ ကျောင်းသားများသည် နက်ရှိုင်းသော ချဉ်းကပ်သင်ယူမှုကို ကျင့်သုံးကြသည်ဟု သင်တို့ ထင်မြင်ပါသလား။ (သင့်အဖြေအတွက် အကြောင်းပြချက်များကို ပံ့ပိုးပါ)

- ကျောင်းသားများသည် “သင်ယူရန် သင်ယူနိုင်ကြသည်” (Learn to Learn) ဟု ကျောင်းအုပ်ဆရာမကြီးက ပြောထားပါသည်။ သူ၏ ဆိုလိုချက်မှာ အဘယ်နည်း။
- ဝါသနာအရင်းခံစီမံချက်တွင် အနီးကပ် နည်းပြကူညီသူ (mentor) ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

***မြန်မာနိုင်ငံမှ သင်ယူမှုအခြေအနေ ဆက်စပ်ဝန်းကျင်များတွင်***

- သင်၏မြို့နယ်အတွင်းမှ အလယ်တန်းကျောင်းသားများအား သင်ယူရန်စေ့ဆော်ပေးနိုင်ပြီး သင်ယူမှု၌ စိတ်ပါဝင်စားမှုရှိအောင် ဆွဲဆောင်ပေးနိုင်မည့် စီမံချက်လုပ်ငန်းများကို ဖော်ပြပါ။
- သင်အလယ်တန်းကျောင်းသား ဖြစ်ခဲ့စဉ်က မည်သည့် ဝါသနာစီမံချက်မျိုးသည် သင့်အား သင်ယူရန် စေ့ဆော်ပေးခဲ့ပြီး သင်ယူမှု၌ စိတ်ပါဝင်စားစေရန် ဆွဲဆောင်နိုင်မည် ဖြစ်သနည်း။
- မြန်မာနိုင်ငံမှ အလယ်တန်းကျောင်းများ၏ အခြေအနေအကြောင်းအရာ အသီးသီးတို့နှင့် စပ်ဟပ်ညီညွတ်မည့် ဝါသနာစီမံချက်များကို ကျောင်းသားများက စာရင်းပြုစုရေးသားစေပြီးနောက် သင်ပုန်းပေါ်တွင် ရေးပြပါ။

၆။ အဖြေများကို အတန်းနှင့်မျှဝေမည့်ကျောင်းသားများကို ရွေးချယ်ပါ။

၇။ မြန်မာနိုင်ငံမှ အလယ်တန်းကျောင်းများ၏ အခြေအနေ အကြောင်းအရာ အသီးသီးတို့နှင့် စပ်ဟပ်ညီညွတ်မည့် ဝါသနာစီမံချက်များကို ကျောင်းသားများက စာရင်းပြုစုရေးသားစေပြီး နောက်သင်ပုန်းပေါ်တွင် ရေးပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေကို အတန်းနှင့်မျှဝေမည့်ကျောင်းသားများရွေးချယ် ထားသောအခါ သူတို့၏ နားလည်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်လာမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**မေးခွန်း** - ကျောင်းအုပ်ဆရာမကြီး၏ ကျောင်းသားလုပ်ငန်း အရည်အသွေး ကြည့်ရှုလေ့လာချက်များအရ ကျောင်းသားများသည် နက်ရှိုင်းသော ချဉ်းကပ်သင်ယူမှုကို ကျင့်သုံးကြသည်ဟု သင်တို့ ထင်မြင်ပါသလား။

**ဓာတ်ညွှန်းစာသား** - စာသင်နှစ်အဆုံးတွင် သူတို့၏ (ကျောင်းသားများ၏) လုပ်ငန်းကို အခမ်းအနား ကျင်းပပြီး အသိအမှတ်ပြုပေးခဲ့သည်။ ထိုစီမံချက်သည် ကျွန်ုပ်တို့အကောင်းဆုံး ဆောင်ရွက်နိုင်ခဲ့သော ဆောင်ရွက်မှုများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ ယခုနှစ်၏ ပြောင်မြောက်သော ဆောင်ရွက်ချက်တစ်ခုလည်းဖြစ်ပါသည်။ ဆရာများကလည်း ကျောင်းသားများထုတ်လုပ်မှုတို့အား ကျေနပ်ကာ အလွန်ပီတိဖြစ်ကြသည်။ ဤလုပ်ငန်းသည် အလွန်ထိရောက်ပြီး သြဇာကြီးမားပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသားများသည် မည်သည့်အရာတို့က သူတို့ကို စေ့ဆော်ပေးနိုင်ပြီး စိတ်ဝင်စားစေသည်ကို ပြန်လည်သုံးသပ် စဉ်းစားမှု ပြုနိုင်လာကြရန် ဖြစ်ပါသည်။

**မေးခွန်း** - ကျောင်းသားများသည် "သင်ယူရန် သင်ယူနိုင်ကြသည်" (Learn to Learn) ဟု ကျောင်းအုပ်ဆရာမကြီးက ပြောထားပါသည်။ သူ၏ ဆိုလိုချက်မှာ အဘယ်နည်း။

**ဓာတ်ညွှန်းစာသား** - ကျောင်းသားများသည် သင်ယူရမည့် အကြောင်းအရာကို သိရှိလာကြသည်။ သူတို့က သူတို့၏ ကိုယ်ပိုင်သင်ယူမှုကိုကိုယ်တိုင်စီစဉ်ညွှန်ကြားကာ ကိုယ်တိုင်စီမံခန့်ခွဲဆောင်ရွက်ခဲ့ကြသည်။ သူတို့၏ ဝါသနာစီမံချက်ဟူသော သင်ယူမှုလုပ်ငန်းကို သူတို့ကိုယ်တိုင်စီမံခန့်ခွဲကာ လည်ပတ်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ရလဒ်များမှာလည်း အံ့သြဖွယ်ထူးခြား ကောင်းမွန်လှပါသည်။

**မေးခွန်း** - ဝါသနာအရင်းခံစီမံချက်တွင် အနီးကပ် နည်းပြကူညီသူ (mentor) ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

**အဖြေ** - အနီးကပ်နည်းပြကူညီသူတစ်ဦးက ကျောင်းသား၏ စီမံချက်ဆောင်ရွက်မှုတွင် ကူညီပံ့ပိုးပေးသည်။ ဥပမာ - လမ်းရှုခင်းဓာတ်ပုံ ရိုက်ခြင်း၊စီမံချက်တွင်ရပ်ရွာ လူထုအဖွဲ့အစည်းမှအဖွဲ့ဝင်တစ်ဦးသည် ဒေသခံဓာတ်ပုံဆရာတစ်ဦးဖြစ်ပြီးသူ၏ ကျွမ်းကျင်မှုကို ကျောင်းသားနှင့်အတူ လိုလား ကြည်ဖြူစွာ မျှဝေလိုသူတစ်ဦးဖြစ်နိုင်သည်။

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| **အချိန်** | (၂၅) မိနစ် |
|---|---|
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤစာသင်ချိန်အတွက်သင်ယူမှုရလဒ်ကိုတင်ပြပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- သင်ယူမှုအကြောင်း အယူအဆ/ယူဆချက်အမျိုးမျိုးတို့နှင့် သင်ယူမှုသို့ ချဉ်းကပ်ပုံအမျိုးမျိုး တို့ကို ရှင်းပြတတ်မည်။

၂။ ကျောင်းသားများအား သင်ယူမှုအကြောင်းသူတို့နားလည်ထားမှုကို ချရေးစေရမည်။

*သင်ယူမှုတွင် ပါဝင်သည် တို့မှာ...*

၃။ ရရှိလာသော အယူအဆများကို မျှဝေပေးမည့်ကျောင်းသားများကို ဆရာက ရွေးချယ်ပါ၊ ကျောင်းသားများထံမှ ရရှိလာသော အဖြေအမျိုးမျိုးတို့ကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်၍ ရေးသားထားပါ။

- ခြားနားသောအဖြေရေးချထားသောကျောင်းသားတစ်စုံတစ်ဦးရှိပါသလား။
- အဖြေများကို မှားသည်မှန်သည်ဟု ဆုံးဖြတ်၍ မရပါ။ သူ့နည်းနှင့်သူ မှန်ကန်ကြသည်။
- ကျွန်ုပ်တို့သည် မတူကွဲပြားသောအမြင် / အယူအဆ အမျိုးမျိုးတို့ကို တင်ပြရန် ကြိုးစား နေခြင်းသာဖြစ်သည်။

၄။ ဤအတွေးအမြင်/အယူအဆများကို အကြောင်းအရာအလိုက် ကူညီသည်များကို အမျိုး အစားခွဲရန် စုစည်းရန် ဖြစ်နိုင်မှု ရှိ/မရှိ ကို ကျောင်းသားများအား မေးမြန်းပါ။ ထို့နောက်ဆရာက သူတို့နှင့်အတူ ဆွေးနွေးရန် အကြောင်းအရာအလိုက် အယူအဆအသီးသီးတို့ကို ပေါင်းစပ် စုစည်းကာ အမျိုးအစား ခွဲခြားပေးပါ။

၅။ ကျောင်းသားကိုင်စာအုပ်မှ “သင်ယူမှုအကြောင်းအယူအဆများ/ ကျောင်းသား

များ၏ သင်ယူမှုအကြောင်းနားလည် သဘောပေါက်မှုများ” အကြောင်းအရာကို ဖတ်ရှု လေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။

- ကျော်ကြားသော သုတေသနပြုလေ့လာမှုတစ်ခုကို ဆွီဒင်လူမျိုးပညာရေး စိတ်ပညာရှင် Roger saljo ကဆောင်ရွက်ခဲ့ကြောင်းကျောင်းသားများကို အသိပေးပြောပြပါ။
- ထိုသုတေသနတွင် Roger saljo က ပညာသင်ကြားမှုအဆင့်အသီးသီးမှ (အတန်းအသီးသီးမှ) အရွယ်ရောက်ပြီးသူ ကျောင်းသူကျောင်းသားများအား သင်ယူမှု အကြောင်း သူတို့နားလည် သဘောပေါက် ထားမှုများကို မေးမြန်းခဲ့သည်။
- ကျောင်းသားအရေအတွက် (၉၀) ကို တွေ့ဆုံမေးမြန်းမှုပြုပြီးနောက် သူတို့၌ သင်ယူမှု အကြောင်းနားလည်သဘောပေါက်မှု (သို့မဟုတ်) သင်ယူမှု အကြောင်း၊ ယူဆချက်အမျိုးမျိုး ကွဲပြားကြကြောင်းကို ကောက်ချက်ဆွဲခဲ့ပါသည်။
- ဤနားလည်သဘောပေါက်မှုအမျိုးမျိုးတို့ကို အဓိကကျသော ယူဆချက် အမျိုးအစား (၅)မျိုး အဖြစ်သို့ စုစည်းကာ အမျိုးအမည်ခွဲခြားခဲ့သည်။ (ပုံ ၃.၄ ကိုကြည့်ပါ)

ထိုအကြောင်းအရာကို တစ်တန်းလုံးအတူဖတ်ရှုကြည့်စေပြီးနောက် အောက်ပါအချက်တို့ကို အလေးပေးဖော်ပြပါ။

- ပထမပေါ်ပေါက်လာသော အယူအဆ (၂) ခုတွင် ကျောင်းသားများက သင်ယူမှုကို သီးခြားစီ ကွဲပြားနေသော အချက်အလက် အကြောင်းအရာများကို စုဆုံပေါင်းစည်းပေးသော ဖြစ်စဉ်တစ်ခုဟု ရှုမြင်ကြသည်။ ထိုသတင်းအချက်အလက်များကို ကျောင်းသားများသည် ဆရာ့ထံမှ (သို့မဟုတ်) အခြား ရင်းမြစ်တစ်ခုမှ ရရှိလာသည်။
- တတိယအယူအဆ ပေါ်ထွန်းလာသည့်အခါ အချက်အလက်တို့ကို စုစည်း ရရှိထားရုံမျှနှင့် မလုံလောက်ဘဲ ရရှိမှုအပြင် အသုံးချမှုရှိကြောင်း သိရှိလာကြသည်။ အချက်အလက်တို့၌ ရည်ရွယ်ချက်ရှိကြသည်။ လိုအပ်သည့်အခါ ထုတ်သုံးနိုင်သည်။ ထို့ကြောင့် သင်ယူမှုသည် အဓိပ္ပာယ်ပြည့်ဝသည်။
- စတုတ္ထအယူအဆတွင် သင်ယူမှုသည် လူတိုင်းကိုယ်စီအတွက် အဓိပ္ပာယ် ရှိကြသည်။ တစ်ဦးချင်းစီက ရရှိလာသော စိတ်ကူးများနှင့် အတွေးအခေါ်

များကို သူတို့အကျိုးအတွက် အနက်အဓိပ္ပာယ်ဖော်ကြသည်။ အချက်အလက်အသစ်တို့ကိုလည်း ယခင်ရှိပြီးဖြစ်သော အသိပညာနှင့် ဆက်စပ် ပေးခြင်းအားဖြင့် အနက်အဓိပ္ပာယ် ဖော်နိုင်လာကြသည်။

- ပဋ္ဌမအယူအဆအရ သင်ယူမှုက ကမ္ဘာလောကကို ခြားနားသော အမြင်နှင့် သိမြင်စေပြီး ပုံသဏ္ဌာန်ပြောင်းသွားသော အတွေးအမြင်များကို ပေါ်ပေါက်လာစေသည်။။

အောက်ပါအချက်များကို အထူးအလေးပေးသိရှိစေသင့်သည်။

- မူလတန်းအထက်ဆင့်နှင့် အလယ်တန်းကျောင်းများသို့ ရောက်ရှိလာသည့်အခါ ကျောင်းသားများသည် သင်ယူမှုအကြောင်းကို ပိုမိုရှုပ်ထွေးစွာ အဆင့်မြင့်စွာ တွေးခေါ်တတ်မှုများစတင်ဖွံ့ဖြိုးလာကြသည်။
- နောက်ပိုင်းအတွေးအခေါ်များ တောက်လျှောက်ဖွံ့ဖြိုးလာသော်လည်း ယခင်အစောပိုင်းက သင်ယူမှုအကြောင်း တွေးခေါ်မှုများသည် သူတို့မြင်ကွင်းထဲသို့ ဝင်လာနေဆဲ ဖြစ်သည်
- သင်ယူမှုအကြောင်း အယူအဆ အပြည့်အဝဖွံ့ဖြိုးပြီးသည့် ကျောင်းသားများက သင်ယူမှုဖြစ်စဉ် အမျိုးမျိုးကို မည်သို့အသုံးပြုနိုင်ကြောင်း သတိမူသိရှိလာကြပြီးနောက် သူတို့၏ သင်ယူမှုဆိုင်ရာ အခြေအနေအကြောင်းအရာတို့နှင့် ဆီလျော်သော ဖြစ်စဉ်တို့ကိုသာ အသုံးပြုကြမည် ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ အတွေးနယ်ချဲ့စရာ ပါဝင်သော ကိုယ်တွေ့ဖြစ်ရပ်မှန်မှတ်တမ်းတို (စာပန်းချီ) တစ်ပုဒ်အပေါ် ပြန်လည်သုံးသပ် စဉ်းစားခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား(၃)ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - ကျောင်းသားတစ်ဦးအား ၎င်း၏ မူလကအသုံးပြုနေသော သင်ယူမှုနည်းလမ်းမှ ဖယ်ခွာစေပြီး နက်ရှိုင်းစွာ ချဉ်းကပ်သင်ယူမှုနည်းလမ်းသို့ ပြောင်းလဲလက်ခံ အသုံးပြုသွားစေရန် သင်ရိုးညွှန်းတမ်းက မည်သို့ လုပ်ဆောင်တတ်ပုံအပေါ် ပြန်လည်သုံးသပ် စဉ်းစားတတ်စေရန်

၁။ ကျောင်းသားများကို တစ်အုပ်စုလျှင် (၃) ဦးစီပါဝင်သောအုပ်စုများအဖြစ်ဖွဲ့စည်းရန် ညွှန်ကြား ပါ။

၂။ ကျောင်းသားများက သင်ယူမှုလုပ်ငန်း (၃) ကို လေ့လာစေရမည်။

၃။ စာပန်းချီ (vignette) ဆိုသည်မှာ ထိုးထွင်းသိမြင်မှုတစ်ခုပေါ် ပေါက်လာစေ သည့် (သို့မဟုတ်) အတွေးအခေါ် ပါသော ဖော်ပြချက်/ဖြစ်ရပ်အကျဉ်းကို ခေါ် ဆိုခြင်း ဖြစ်ကြောင်း ကျောင်းသားများ ကို ရှင်းပြပါ။

၄။ အောက်ဖော်ပြပါ အတွေးနယ်ချဲ့စရာ ပါဝင်သောဖြစ်ရပ်တို့ (vignette) ကို ကျောင်းသားများအား ဖတ်ရှုရန်ပြောကြားပါ။

ဤမှတ်တမ်းတွင် တက္ကသိုလ် ကျောင်းသားတစ်ဦးက ၎င်း၏ ကိုယ်တွေ့ဖြစ်ရပ်ကို ရေးသားထား သည်။ ဘာသာရပ်တစ်ခုကို လေ့လာရာတွင် ၎င်းအသုံးပြုထားသော သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်း များအပေါ် ပြန်လည်သုံးသပ် စဉ်းစားပြထားသည်။ ထိုကျောင်းသားသည် ဘာသာရပ်တစ်ခုကို မအောင်မြင်ခဲ့သောကြောင့် ဒုတိယ အကြိမ် ပြန်လည်ဖြေဆိုခဲ့ရသူ ဖြစ်သည်။

*အကယ်၍ သင်သည် စိတ်ဖိစီးမှုများပြားနေလျှင် စာမေးပွဲအောင်မြင်ရေး (ဘာသာရပ်ဆိုင်ရာ) တစ်ခုတည်းကို အထူးအာရုံစူးစိုက် လာလိမ့်မည်။ ထို အချက်ကို ကျွန်တော့် အတွေ့အကြုံမှ သိရှိလာသည်။ ကျွန်တော်အားနည်းသော ဘာသာရပ်တစ်ခုကို သေချာစွာ နားလည်သဘောပေါက်စေရန် ကြိုးပမ်း အားထုတ်ခဲ့ပါသည်။ သို့ရာတွင် ထိုဘာသာရပ်တွင် ကျရှုံးခဲ့ပါသည်။ ထို ဘာသာရပ်ကို ပြန်ဖြေရသောအခါ ကျွန်တော်က အောင်မှတ်ရရှိရေးကိုသာ ဦးတည်၍ အာရုံစူးစိုက် ဂရုပြုခဲ့ပါသည်။ ယခုတစ်ကြိမ်၌မူ ကျွန်တော့်အမှတ်မှာ ၉၆% ရရှိလာပါသည်။ ပထမအကြိမ်က အဘယ်ကြောင့် ကျရှုံးရကြောင်းကို ဆရာက နားမလည်နိုင် အောင်ဖြစ်နေပါသည်။ ကျွန်တော်က ယခုတစ်ကြိမ် လေ့လာသင်ယူရာတွင် ဘာသာရပ်ကိုနားလည်သဘောပေါက်ရန်ထက် စာမေးပွဲ အောင်မြင်မှု စံသတ်မှတ်ချက် ပြည့်မီရန်ကိုသာ အထူးဂရုပြု အာရုံစိုက်ခဲ့ကြောင်း ဆရာ့ကို ပြောခဲ့ပါသည်။ ကျွန်တော်၏ ဤကိုယ်တွေ့ဖြစ်ရပ်က ရည်ရွယ်ချက် ကို တစ်နည်းနည်းဖြင့် ရှုပ်ထွေးသွားစေကာ ကျွန်တော့်မှာလည်း နားမလည်နိုင် အောင် ဖြစ်ခဲ့ရပါသည်။ (သုတေသနပြုချက်တစ်ခုထဲမှ ကျောင်းသား၏အဖြေ)*

၅။ ကျောင်းသားအုပ်စုများကို ဖွဲ့စည်းစေပြီး အောက်ပါမေးခွန်းများကိုဆွေးနွေးပါ။

ဘာသာရပ်ကို ပထမအကြိမ်လေ့လာသင်ယူစဉ်က ထိုကျောင်းသားသည် ဘာသာရပ်ကို နားလည်သဘောပေါက်ရန် ဦးစွာပထမကြိုးစားခဲ့သည်။

- ကျောင်းသားသည် ဘာသာရပ်ကို လေ့လာစဥ် မည်သို့သော သင်ယူမှု အကြောင်း အယူအဆများကို အသုံးချခဲ့သနည်း။
- ဤသို့ချဥ်းကပ်သင်ယူမှု မအောင်မြင်ရသည်မှာ အဘယ်ကြောင့်ဖြစ်သည် ဟု သင် ထင်မြင်ပါသနည်း။

ဘာသာရပ်ကို ဒုတိယအကြိမ်သင်ယူရန် ချဥ်းကပ်သည့်အခါတွင်မူ ကျောင်းသား က စာမေးပွဲ အောင်မှတ်ရရန်ကိုသာ အဓိကထား အာရုံစိုက်ဂရုပြုကာ သင်ယူ သည်ဟု ဆိုပါသည်။

- ကျောင်းသားသည် ဘာသာရပ်ကို ဒုတိယအကြိမ်လေ့လာစဥ် မည်သို့သော သင်ယူမှုအကြောင်း အယူအဆများကို အသုံးချခဲ့သနည်း။
- ဤချဥ်းကပ် သင်ယူမှုကို အသုံးပြုသည့်အခါ အဘယ်ကြောင့် အောင်မြင် မှု ရရှိခဲ့သနည်း။

ဘာသာရပ်တစ်ခုကို ချဥ်းကပ်သင်ယူရာတွင် “စာမေးပွဲအောင်ချက်ရရှိရန်သာ” ရည်ရွယ်လျက် သင်ယူမှုသည် အကောင်းဆုံးသင်ယူမှု ဖြစ်ပါသလား။

သင်ယူမှုအတွေ့အကြုံ ပြီးဆုံးသွားသောအခါ ကျောင်းသား၏ ကောက်ချက်ချမှု ကို စဥ်းစားပါ။ “ဤ ကိုယ်တွေ့ဖြစ်ရပ်က တစ်နည်းအားဖြင့် ရည်ရွယ်ချက်ကို အနိုင်ယူသွားသည်ဟု ထင်မြင်စရာ ဖြစ်ပါသလား” ပညာသင်ကြားပေးသူ ဆရာ များအနေနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန် မှတ်တမ်းမှ မည်သည့်အတွေးအခေါ် သဘောတရားကို ရရှိနိုင်မည်နည်း။

၆။ ရရှိလာသောအဖြေများကို အတန်းသို့ပြန်လည်မျှဝေမည့် ကျောင်းသားများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဓိကအချက်များမှာ -

- သင်ယူမှုသည် ၎င်း၏အဓိပ္ပာယ်ကိုဖော်ဆောင်ရာတွင် တစ်စိတ်တစ်ဒေသအားဖြင့် ၎င်း၏ ဆက်စပ်နေသော အခြေအနေအကြောင်းအရာတို့မှ ရယူသည်။
- ကျောင်းသားများသည် သူတို့အတွက် မည်သည့်အရာလုပ်ရန်လိုအပ်သည်ကို ယခင်ကြုံဖူးသော အတွေ့အကြုံပေါ် အခြေခံ၍ အနက်အဓိပ္ပာယ်ကောက်ယူရန် ကြိုးစားကြသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**မေးခွန်းများ** - ဘာသာရပ်ကို ပထမအကြိမ်လေ့လာသင်ယူစဉ်က ထိုကျောင်းသားသည် ဘာသာရပ်ကို နားလည်သဘောပေါက်ရန် ဦးစွာပထမကြိုးစားခဲ့သည်။

ကျောင်းသားသည် ဘာသာရပ်ကို လေ့လာစဥ် မည်သို့သော သင်ယူမှုအကြောင်း အယူအဆများကို အသုံးချခဲ့သနည်း။

ဤသို့ချဉ်းကပ်သင်ယူမှု မအောင်မြင်ရသည်မှာ အဘယ်ကြောင့်ဖြစ်သည်ဟု သင် ထင်မြင်ပါသနည်း။

**အဖြေများ** - သင်ယူရမည့်အရာများ (သင်ခန်းစာ) ကို နားလည်သဘောပေါက်စေရန် ထို ကျောင်းသား က အချိန်ပေး၍ ကြိုးစားခဲ့သည်။

**မှတ်သားရန်**- သင်ယူမှုဆိုင်ရာအယူအဆအမှတ် (၄) - သင်ယူရမည့်အရာကို နားလည် သဘောပေါက်ခြင်း

ထိုကျောင်းသားမအောင်မြင်ခဲ့ရခြင်းမှာ ၎င်းထံ၌ ဘာသာရပ်ထဲမှ ယူဆချက်များနှင့် စိတ်ကူး စိတ်သန်းများကို နားလည်နိုင်စေရန်နှင့် ထိုစိတ်ကူးများတစ်ခုနှင့်တစ်ခုအကြား ဆက်သွယ် နေပုံတို့ကို နားလည်နိုင်စေမည့် အခြေခံအသိပညာမရှိခဲ့၍ (သို့မဟုတ်) အခြေခံကျကျ မသိရှိ ခဲ့သောကြောင့် ဖြစ်နိုင်ပါသည်။

**မေးခွန်းများ** - ဘာသာရပ်ကို ဒုတိယအကြိမ်သင်ယူရန် ချဉ်းကပ်သည့်အခါတွင်မူ ကျောင်းသား က စာမေးပွဲ အောင်မှတ်ရရန်ကိုသာ အဓိကထား အာရုံစိုက်ဂရုပြုကာ သင်ယူသည်ဟု ဆို ပါသည်။

ကျောင်းသားသည် ဘာသာရပ်ကို ဒုတိယအကြိမ်လေ့လာစဥ် မည်သို့သော သင်ယူမှု အကြောင်း အယူအဆများကို အသုံးချခဲ့သနည်း။

ဤချဉ်းကပ် သင်ယူမှုကို အသုံးပြုသည့်အခါ အဘယ်ကြောင့် အောင်မြင်မှု ရရှိခဲ့သနည်း။

**အဖြေများ** - ဒုတိယအကြိမ်တွင် သူသည် လိုအပ်သည့်အကြောင်းအရာအချက်အလက်များကို အလွတ် ကျက်မှတ်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေခဲ့သည်။ နားလည်ရန်မကြိုးစားတော့ဘဲ မှတ်မိအောင် အလွတ်ကျက်ခဲ့သည်။

**မှတ်သားရန်**- သင်ယူမှုအကြောင်းအယူအဆအမှတ် (၂) - သင်ယူရမည့်အရာကို အလွတ် ကျက်မှတ်ခြင်း၊ အကြောင်းအရာကိုနားမလည်သော်လည်း ထိုကျောင်းသားက အလွတ် ကျက်မှတ်ထားပြီး စာမေးပွဲ၌ ထိုအကြောင်းအရာများကို အလွတ်ပြန်လည်ရေးသားနိုင်ခဲ့ သည်။

**မေးခွန်း** - ဘာသာရပ်တစ်ခုကို ချဉ်းကပ်သင်ယူရာတွင် "စာမေးပွဲအောင်ချက်ရရှိရန်သာ" ရည်ရွယ်လျက် သင်ယူမှုသည် အကောင်းဆုံးသင်ယူမှု ဖြစ်ပါသလား။

**အဖြေ** - ထိုနည်းသည် အကောင်းဆုံးနည်းမဟုတ်ပါ။ သင်ယူမှုအကြောင်း အယူအဆအမှတ် (၂) က သင်ယူမှုကို အပေါ်ယံချဉ်းကပ်မှု (surface learning) ကို ထင်ဟပ်စေသည်။ ဤ သင်ယူပုံ သင်ယူနည်းသည် အမှန်တကယ်အားဖြင့် အသုံးမဝင်ပါ။ ဤအကြောင်းအရာ အချက်အလက် တို့ကို စာမေးပွဲပြီးသည် အထိ မှတ်မိနိုင်ရန် အလားအလာမရှိပါ။ တစ်ပွဲတိုး မှတ်သားထားပြီး နားလည်မှုမပါဝင်သောကြောင့် မကြာမီ မေ့လျော့သွားမည်ဖြစ်သည်။

**မေးခွန်း** - သင်ယူမှုအတွေ့အကြုံ ပြီးဆုံးသွားသောအခါ ကျောင်းသား၏ ကောက်ချက်ချမှု ကို စဉ်းစားပါ။ "ဤ ကိုယ်တွေ့ဖြစ်ရပ်က တစ်နည်းအားဖြင့် ရည်ရွယ်ချက်ကို အနိုင်ယူသွား သည်ဟု ထင်မြင်စရာ ဖြစ်ပါသလား" ပညာသင်ကြားပေးသူ ဆရာများအနေနှင့် ကိုယ်တွေ့ ဖြစ်ရပ်မှန် မှတ်တမ်းမှ မည်သည့်အတွေးအခေါ် သဘောတရားကို ရရှိနိုင်မည်နည်း။

**အဖြေ** - ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်း ရေးဆွဲပုံ ရေးဆွဲနည်းက ကျောင်းသားများအား နက်ရှိုင်းစွာ/ လေးနက်စွာသင်ယူချဉ်းကပ်မှုကို မပြုစေရန် တားဆီးမှုပြုနေသည်။ (အချက် အလက်များကို အလွတ်ရအောင်သာ သင်ယူပြီး တတ်မြောက်အောင် မသင်ယူစေရန် ပိတ်ပင် ဟန့်တားရာ ရောက်သည်။)

## စာသင်ချိန် (၄)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- သင်ယူမှုအကြောင်း အယူအဆ/ယူဆချက်အမျိုးမျိုးတို့နှင့် သင်ယူမှုသို့ ချဉ်းကပ်ပုံအမျိုးမျိုး တို့ကို ရှင်းပြတတ်မည်။

၂။ ဗြိတိန်နိုင်ငံသား ပညာရေးပညာရှင် Noel Entwistle နှင့် အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက် ပညာရှင်များ၏ ဆောင်ရွက်ချက်များကို အလေးပေးဖော်ပြပါ။

- Saljo ကဲ့သို့ပင် အလားတူသုတေသနတစ်ခုကို ဆောင်ရွက်ခဲ့ကြသည်။
- အနှစ်သာရကို ရှာဖွေသည့် နက်ရှိုင်းသော ချဉ်းကပ်သင်ယူမှု (deep approaches to learning) နှင့် အပေါ်ယံအသွင်သဏ္ဌာန်ကိုသာ အာရုံစိုက် ဂရုပြုသည့် အပေါ်ယံမျက်နှာပြင်ကို ရုပ်တိုက်ချဉ်းကပ် သင်ယူမှုများ (surface approaches) သတ်မှတ်ဖော်ထုတ်ခဲ့သည်။
- သင်ယူသူများ၏ရည်ရွယ်ချက်နှင့် ဤချဉ်းကပ်မှုများနှင့် ဆက်စပ်နေသော သင်ယူမှု ဖြစ်စဉ်တို့ကို အကြမ်းဖျင်းဖော်ပြခဲ့ကြသည်။

၃။ သင်ပုန်းပေါ်တွင်ရေးပြပါ။

| အပေါ်ယံရုပ်တိုက် ချဉ်းကပ်မှု - အကြောင်းအရာကို ပြန်လည်ထုတ်လုပ်သည် | နက်ရှိုင်းသော ချဉ်းကပ်မှု - အဓိပ္ပာယ်ကို ရှာဖွေသည် |
|---|---|
| **ရည်ရွယ်ချက်** - သင်ရိုးပါ လိုအပ်ချက်များကို နိုင်နင်းစွာ ဖြည့်ဆည်းကိုင်တွယ် ဆောင်ရွက်တတ်စေရန် | **ရည်ရွယ်ချက်** - သင်ယူသူကိုယ်တိုင် စိတ်ကူးများ/သဘောတရားများကို ခရေစေ့တွင်းကျ(စေ့စပ်စွာ) နားလည်သဘောပေါက်လာစေရန်) |

၄။ ဇယား (၃.၁) တွင်ပါဝင်သောဖြစ်စဉ်များကို ရောနှောပေါင်းစပ်ပါက တစ်ကြိမ်လျှင် ဖြစ်စဉ်တစ်ခုစီကို ဖတ်ပြပြီး ထိုဖြစ်စဉ်သည် အပေါ်ယံရုပ်တိုက်ချဉ်းကပ်

မှုနှင့် ဆက်စပ်သလား (သို့မဟုတ်) နက်ရှိုင်းသော ချဉ်းကပ်မှုနှင့် ဆက်စပ်သလား ဆိုသည်ကို ကျောင်းသားများအားမေးမြန်းပါ။

- စိတ်ကူးစိတ်သန်းများနှင့် သဘောတရားများကို နားလည်သဘောပေါက်အောင် ကြိုးစားပြီး အသိဉာဏ်ဆိုင်ရာ စမ်းသပ်စိန်ခေါ်မှု (ဉာဏ်ကိုစမ်းသပ်သော သင်ယူမှုလုပ်ငန်းများ) များကို ဆောင်ရွက်ရခြင်း၌ နှစ်ခြိုက်မွေ့လျော်ခြင်း (နက်ရှိုင်း)
- အချက်အလက်များကို ပုံမှတ်အလွတ်ရအောင် ကျက်မှတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့် (နည်းစဉ်) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်ခြင်း (အပေါ်ယံ)
- ကျိုးကြောင်း ဆီလျော်စွာ ဆင်ခြင်တွေးတောမှု (ယုတ္တိတန်မှု) နှင့် အကျိုးသင့်အကြောင်းသင့် ဆွေးနွေးမှုတို့ကို စိစစ်သုံးသပ်ခြင်း (နက်ရှိုင်း)
- အနိမ့်ဆုံး လိုအပ်ချက်များ ရရှိရေးကိုသာ အလေးပေးအာရုံစိုက်ခြင်း (အပေါ်ယံ)
- သင်ယူတတ်မြောက်သွားမှု၏ သက်သေသာဓကတို့ကို စစ်ဆေးခြင်းနှင့် ထိုသက်သေသာဓကတို့ကို အဆုံးသတ်ကောက်ချက်ချခြင်း (Conclusion) များနှင့် ဆက်စပ်ပေးခြင်း (နက်ရှိုင်း)
- သင်ရိုးတွင်ဖြစ်စေ၊ ချမှတ်ပေးသော လုပ်ငန်း တွင်ဖြစ်စေ တန်ဖိုးသိမှု နည်းပါးခြင်း (တန်ဖိုးရှိကြောင်း မသိမြင်ခြင်း) (အပေါ်ယံ)
- သင်ယူမှုတိုးတက်လာသည့်အလျောက် နားလည်သဘောပေါက်မှုရှိ/မရှိကို စောင့်ကြည့် လေ့လာခြင်း (နက်ရှိုင်း)
- အလုပ်နှင့်ပတ်သက်၍ လွန်ကဲသော ဖိစီးမှုဒဏ်နှင့် လွန်ကဲသော စိုးရိမ်ကြောင့်ကြမှုများ ခံစားရခြင်း (အပေါ်ယံ)
- စိတ်ကူးများ/အတွေးအခေါ်များကို ယခင်က သိရှိနှင့်ပြီးဖြစ်သော အသိပညာ အတွေ့အကြုံများနှင့် ဆက်စပ်ပေါင်းစည်းခြင်း (နက်ရှိုင်း)
- အချက်အလက်တို့၏ အောက်ခြေလွှာတွင် ငုပ်လျှိုးတိမ်မြုပ်နေသည့် အဆင်အကွက်ပုံစံ (Pattern) စသည်တို့နှင့် ငုပ်လျှိုးနေသော သဘောတရားတို့ကို ရှာဖွေခြင်း (နက်ရှိုင်း)
- သင်ရိုးပါ အကြောင်းအရာများကို တစ်ခုနှင့်တစ်ခု ဆက်စပ်မှုမရှိသော အသိပညာ၏ အစိတ်အပိုင်း အပိုင်းအစများ စုဝေးမှုအဖြစ် ယူဆချဉ်းကပ်ခြင်း(အပေါ်ယံ)

- သင်ယူမှု၏ ရည်ရွယ်ချက်ပေါ်၌ ဖြစ်စေ၊ သင်ယူမှုနည်းဗျူဟာပေါ်၌ ဖြစ်စေ ပြန်လည်သုံးသပ်စဉ်းစားခြင်း လုံးဝမပြုဘဲ လေ့လာသင်ယူခြင်း (အပေါ်ယံ)

၅။ ကျောင်းသားကိုင်စာအုပ်ပါ "သင်ယူမှုနှင့် ပတ်သက်၍ ချဉ်းကပ်နည်းလမ်းများ" အကြောင်းအရာကို ကျောင်းသားများအား ဖတ်ကြည့်ရန် ညွှန်ကြားပါ။ ဇယား (၃.၁) အဆုံးထိ ဖတ်ရှုရန်အချိန်ပေးပါ။

၆။ တတိယအမျိုးအစားသင်ယူ၍ ချဉ်းကပ်မှုကို ကျောင်းသားများနှင့်မိတ်ဆက်ပေးပါ။ ထိုချဉ်းကပ်မှု အမျိုးအစားသည် အပေါ်ယံချဉ်းကပ်မှုနှင့် နက်ရှိုင်းသောချဉ်းကပ်မှုတို့အကြားတွင် တည်ရှိဖြစ်ပေါ်သည်။ ထိုချဉ်းကပ်မှုမှာ ဗျူဟာမြောက်သောချဉ်းကပ်မှု (strategic approach) ဖြစ်သည်။
သင်ပုန်းပေါ်တွင် ထပ်ဖြည့်ရေးသားပြပါ။

| **အပေါ်ယံရုပ်တိုက် ချဉ်းကပ်မှု - အကြောင်းအရာကို ပြန်လည်ထုတ်လုပ်သည်** | **နက်ရှိုင်းသော ချဉ်းကပ်မှု - အဓိပ္ပာယ်ကို ရှာဖွေသည်** |
|---|---|
| **ရည်ရွယ်ချက်** - သင်ရိုးပါ လိုအပ်ချက်များကို နိုင်နင်းစွာ ဖြည့်ဆည်းကိုင်တွယ် ဆောင်ရွက်တတ်စေရန် | **ရည်ရွယ်ချက်** - သင်ယူသူကိုယ်တိုင် စိတ်ကူးများ/ သဘောတရားများကို ခရေစေ့တွင်းကျ(စေ့စပ်စွာ) နားလည်သဘောပေါက်လာစေရန်) |

| **ဗျူဟာမြောက်သော သင်ယူရန် ချဉ်းကပ်မှု**<br>စနစ်တကျဖွဲ့စည်းထားသော လေ့လာသင်ယူမှုဖြစ်လာစေရန်စူးစမ်းရှာဖွေစဉ်းစားသည်။ |
|---|
| **ရည်ရွယ်ချက်** - သင်တန်း (လုပ်ငန်းများ) တွင် ကောင်းမွန်စွာ ဆောင်ရွက်နိုင်စေရန်နှင့် တစ်ကိုယ်ရေ/ ပုဂ္ဂိုလ်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိစေရန် |

၇။ ဇယား (၃.၂) ဗျူဟာမြောက်သော ချဉ်းကပ်သင်ယူမှု/ သင်ယူရန်ချဉ်းကပ်မှုနှင့် ဆက်စပ်နေသော ရည်ရွယ်ချက်နှင့် သင်ယူမှုဖြစ်စဉ်များကို အထူး အလေးပေး ဖော်ပြပါ။

- အတွေးအခေါ်ပြည့်ဝစွာ လေ့လာခြင်း (စဉ်းစားတွေးခေါ်ရန်သင်ယူခြင်း)
- အချိန်နှင့် အင်အားစိုက်ထုတ်မှုတို့ကို နိုင်နင်းအောင် ချင့်ချိန် စီမံခန့်ခွဲခြင်း
- အလုပ်အပေါ်၌ အာရုံစူးစိုက်မှုထားရှိရန် မိမိကိုယ်မိမိ တိုက်တွန်းခြင်း
- စစ်ဆေးအကဲဖြတ်မှုအတွက် လိုအပ်ချက်များနှင့် အောင်မြင်မှု စံသတ်မှတ်ချက်များကို ဂရုပြု အလေးထားခြင်း
- သင်ယူလေ့လာမှုနည်းလမ်း အမျိုးမျိုးတို့၏ ထိရောက်မှုကို စောင့်ကြည့်လေ့လာခြင်း

- တစ်သမတ်ညီညွတ်စွာ ကြိုးပမ်းအားထုတ်မှုပြုရန် တာဝန်ရှိသည်ဟု ခံယူခြင်း။ မိမိကိုယ်တိုင် လုပ်ဆောင်ရန်သတ်မှတ်ထားသော တာဝန်များကို တာဝန်သိစိတ်ရှိခြင်း ဖြစ်စဉ်၏ ရှေ့နောက် တစ်လျှောက်လုံးတွင် တာဝန်ကျေစေမှုအတွက် အစဉ်မပြတ် ကြိုးပမ်းအားထုတ်ခြင်း။

## သင်ယူမှုလုပ်ငန်း (၄)။ မိမိ၏ ကိုယ်ပိုင်သင်ယူရန် ချဉ်းကပ်မှုများ/ချဉ်းကပ် သင်ယူမှုများအပေါ်၌ ပြန်လည်သုံးသပ်စဉ်းစားခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း |

**ရည်ရွယ်ချက်** - ဘာသာရပ်များကို လေ့လာသင်ယူရာတွင် ကျောင်းသားများအသုံးပြုထားသော ချဉ်းကပ်သင်ယူမှုများအပေါ် ပြန်လည်သုံးသပ် စဉ်းစားတတ်စေရန်

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- မိမိ၏ ကိုယ်ပိုင်ချဉ်းကပ် သင်ယူမှုအပေါ် ပြန်လည် သုံးသပ် စဉ်းစားတတ်မည်။

၂။ အောက်ပါညွှန်ကြားချက်များကိုပေးပါ။

အဆိုပါချဉ်းကပ်မှု (၃) မျိုးစလုံးအတွက် သင်ယူသူ၏ရည်ရွယ်ချက်များကို ပြန်လည်သုံးသပ်ပါ။ ပညာရေးဒီဂရီရရှိမှုအတွက် သင်၏ရည်ရွယ်ချက်မှာ အဘယ်နည်း။

- အပေါ်ယံရှုပ်တိုက်ချဉ်းကပ်မှု - ဘာသာရပ်၏လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်၊ ပြည့်မီအောင် ဆောင်ရွက်ရန်
- ဗျူဟာမြောက်သောချဉ်းကပ်မှု - ဘာသာရပ်တွင် ကောင်းစွာလိုက်နိုင်ပြီး တစ်ကိုယ်ရေ ရည်မှန်းချက်များကိုလည်း ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ရန်
- နက်ရှိုင်းသောချဉ်းကပ်မှု - အတွေးအခေါ်များကို ကိုယ်တိုင်ကိုယ်ကျ နားလည်ရန်

ဖော်ပြခဲ့သည့် ချဉ်းကပ်မှုအမျိုးအစား (၃) မျိုးစလုံးနှင့် ဆက်စပ်နေသော သင်ယူမှုဖြစ်စဉ်အပေါ် ပြန်လည်သုံးသပ်စဉ်းစားပါ။ မည်သည့် သင်ယူမှုဖြစ်စဉ်များကို သင်အသုံးပြုနေသနည်း။ ဤသင်ယူမှုဖြစ်စဉ်များကို အလေးပေး ဖော်ပြပါ။ ၎င်းတို့အထဲမှ မည်သည့်ချဉ်းကပ်သင်ယူမှုသည် သင်တို့နှင့် အညီညွတ်ဆုံးဖြစ်သနည်း။

သင်တို့အနေနှင့် ဘာသာရပ်အမျိုးအမျိုးတို့ကို သင်ယူရာတွင် သင်ယူမှုဖြစ်စဉ်အမျိုးအမျိုးတို့ကို အသုံးပြုကြပါသလား။ အဘယ်ကြောင့်နည်း။ ဘာသာရပ်ဆိုင်ရာ မည်သည့်အခြေအနေများက သင်တို့အား သင်ယူမှုဖြစ်စဉ် အမျိုးအမျိုးတို့ကို ပြောင်းလဲအသုံးပြုစေသနည်း။

ခြုံငုံသုံးသပ်မှုအနေဖြင့် ပထမနှစ်က သင်တို့အသုံးပြုခဲ့သော ချဉ်းကပ်သင်ယူမှုများသည် ဒုတိယနှစ်သို့ ရောက်သောအခါ ပြောင်းလဲသွားခဲ့ခြင်း ရှိ/မရှိကို သုံးသပ်ပါ။

၃။ ကျောင်းသားများအားအဖြေများကို အချင်းချင်းမျှဝေရန်၊ အလွတ်သဘောမျှဝေရန် ပြောပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ဇယား (၃.၁၉) နှင့် (၃.၂၀) တို့တွင် အကြမ်းဖျင်းဖော်ပြထားသော ချဉ်းကပ်မှုများက ကျောင်းသားများ၏ ပြန်လည်သုံးသပ်မှုအတွက် အညွှန်းဘောင်တစ်ခုကို ပံ့ပိုးပေးနိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမှား/အမှန်မရှိပါ။ တစ်နည်းမဟုတ်တစ်နည်း မှန်သည်ချည်းသာဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | (၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများကို ကျောင်းသားများအားဖြေဆိုစေရမည်။

- ပုဂ္ဂိုလ်ရေးရာဆိုင်ရာ စီမံချက်လုပ်ငန်းများက သင်ယူသူများအား သင်ယူလိုစိတ် ပေါ်ပေါက် လာစေရန် မည်သို့စေ့ဆော်ပေးပြီး သင်ယူမှု၌ စိတ်ပါဝင်စားလာစေရန် မည်သို့ ဆောင်ရွက်ပေးသနည်း။

- ကျောင်းသားတစ်ဦးထံ၌ အယူအဆတို့ ပိုမိုရင့်ကျက်လာသောအခါ သူတို့၏ သင်ယူမှု အကြောင်း နားလည်ထားသော အယူအဆများသည်လည်း အပြောင်းအလဲရှိလာကြသည်ဟု Saljo က ဆိုပါသည်။ ထိုအဆိုအရ ကျောင်းသားများတွင် သင်ယူမှုဆိုင်ရာ အယူအဆ (၅)ခုတို့ အနက် အရေးပါသော အပြောင်းအလဲ (၁) ခုမှာ မည်သည့်အယူအဆ ဖြစ်သနည်း။

- Saljo ၏ သုတေသနတွေ့ရှိချက်အရ သင်ယူမှုအကြောင်း အပြည့်အဝ နားလည်လာသည့်အခါတွင် ပေါ်ပေါက်လာသည့် အယူအဆအကြောင်းကို ဖော်ပြပါ။

- သင်ယူမှုကို ချဉ်းကပ်ရာတွင် အပေါ်ယံရုပ်တိုက် ချဉ်းကပ်မှု နက်ရှိုင်းသော ချဉ်းကပ်မှုနှင့် ဗျူဟာ မြောက်သော ချဉ်းကပ်မှု အသီးသီးတို့တွင် ရှိနေမည့် ကျောင်းသား၏ ရည်ရွယ်ချက် အသီးသီး တို့ကို နှိုင်းယှဉ်ပြပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** ပုဂ္ဂိုလ်ရေးဆိုင်ရာစီမံချက်များက သင်ယူသူများအားသင်ယူလိုစိတ် ပေါ်ပေါက်လာစေရန် မည်သို့ စေ့ဆော်ပေးပြီး သင်ယူမှု၌ စိတ်ပါဝင်စားလာစေရန် မည်သို့ဆောင်ရွက် ပေးသနည်း။

**အဖြေ။** *စီမံချက်အခြေပြုသင်ယူမှုသည် နက်ရှိုင်းသော သင်ယူချဉ်းကပ်မှုကို မြှင့်တင်ပေးနိုင်သည့် နည်းဗျူဟာတစ်ခုဖြစ်သည်။ စီမံချက်လုပ်ငန်းများသည် ကျောင်းသားများအားအတန်အသင့် လွတ်လပ်စွာ သင်ယူနိုင်ရန် အခွင့်အလမ်းများ ပေးထားသည်။ သို့ရာတွင် အနီးကပ်ကူညီ နည်းပြပေးသူ (mentor) တစ်ဦး၏ ကူညီမှုဖြင့် ဆောင်ရွက်ရသည်။ စီမံချက်များသည် ပုံမှန်အားဖြင့် ထုတ်ကုန် ပစ္စည်း (product) တစ်မျိုး ထုတ်လုပ်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခု(performance) ဖြင့် အပြီးသတ်လေ့ရှိသည်။ ၎င်းထုတ်ကုန်ပစ္စည်း (သို့မဟုတ်) လုပ်ဆောင်မှုကို အမှတ်တကယ်ရှိသော ပရိတ်သတ်နှင့် မျှဝေရသည်။ စီမံချက်များကို အောက်ပါတို့နှင့်ချိတ်ဆက်ပေးရန် အရေးကြီးပါသည်။*

- *သင်ရိုးညွှန်းတမ်း*
- *ကျောင်းသားများ စိတ်အားထက်သန်သော လုပ်ငန်း/ဝါသနာပါလုပ်ငန်း/ အကြောင်းအရာ*
- *လေ့လာလိုက်စားရန် အရေးပါသည်ဟု သူတို့ယူဆသောလုပ်ငန်း/အကြောင်း အရာ*

**မေးခွန်း ၂။** ကျောင်းသားတစ်ဦးထံ၌ အယူအဆတို့ ပိုမိုရင့်ကျက်လာသောအခါ သူတို့၏ သင်ယူမှုအကြောင်း နားလည်ထားသော အယူအဆများသည်လည်း အပြောင်းအလဲရှိလာကြသည်ဟု Saljo က ဆိုပါသည်။ ထိုအဆိုအရ ကျောင်းသားများတွင် သင်ယူမှုဆိုင်ရာ အယူအဆ (၅) ခုတို့အနက် အရေးပါသော အပြောင်းအလဲမှာ မည်သည့်အယူအဆ ဖြစ်သနည်း။

**အဖြေ။** *အယူအဆများတွင် အရေးပါသောအပြောင်းအလဲတစ်ခုသည် သင်ယူမှုက တစ်ဦးစီ အတွက် အဓိပ္ပာယ်ပြည့်ဝလာသောအခါ၌ ပေါ်ပေါက်လာသည်။ လူတို့သည် သူတို့အကျိုးအတွက် စိတ်ကူး စိတ်သန်းများကို အဓိပ္ပာယ်ဖော်ယူရာတွင် အချက်အလက် အသစ်တို့ကို ယခင်ကရှိပြီးသော အသိပညာအတွေ့အကြုံတို့နှင့် ဆက်စပ်ပြီး ဖော်ယူလာတတ်ကြသည်။*

**မေးခွန်း ၃။** Saljo ၏ သုတေသနတွေ့ရှိချက်အရ သင်ယူမှုအကြောင်းကို အပြည့် အဝ နားလည်လာသည့် အခါတွင် ပေါ်ပေါက်လာသည့်အယူအဆအကြောင်းကို ဖော်ပြပါ။

**အဖြေ။** *အပြည့်အဝဖွံ့ဖြိုးလာသော သင်ယူမှုဆိုင်ရာအယူအဆတွင် သင်ယူမှုကို ပုံသဏ္ဍာန်ပြောင်း ပေးတတ်သောအရာဟု ရှုမြင်သုံးသပ်တတ်လာကြသည်။ ဆိုလိုသည်မှာ သင်ယူမှုကကျောင်းသားတို့ အား အရှိတရားတို့ကို (reality) အတွေ့အကြုံတို့ကို ခြားနားသောနည်းဖြင့် ရှုမြင်တတ်စေရန် ခွင့်ပြုပေးသည်။*

**မေးခွန်း ၄။** သင်ယူမှုကိုချဉ်းကပ်ရာတွင် အပေါ်ယံရှုပ်တိုက်ချဉ်းကပ်မှု၊ နက်ရှိုင်းသော ချဉ်းကပ်မှုနှင့် ဗျူဟာမြောက်သောချဉ်းကပ်မှု အသီးသီးတို့တွင် ရှိနေမည့် ကျောင်းသား၏ ရည်ရွယ်ချက်အသီးသီးတို့ကို နှိုင်းယှဉ်ပြပါ။

**အဖြေ။** *သင်ယူရန်ချဉ်းကပ်မှုအမျိုးမျိုးတို့၏ ရည်ရွယ်ချက်များမှာ -*

- *နက်ရှိုင်းသောချဉ်းကပ်မှု - အတွေးအခေါ်များကို ကိုယ်တိုင်ကိုယ်ကျ နားလည်ရန်*
- *အပေါ်ယံရှုပ်တိုက်ချဉ်းကပ်မှု - ဘာသာရပ်၏လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်၊ ပြည့်မီ အောင် ဆောင်ရွက်ရန်*
- *ဗျူဟာမြောက်သောချဉ်းကပ်မှု - ဘာသာရပ်တွင် ကောင်းစွာလိုက်နိုင်ပြီး တစ်ကိုယ်ရေ ရည်မှန်းချက်များကိုလည်း ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ရန်*

# ၃.၂။ မေးခွန်းမေးခြင်းနှင့် အဆင့်မြင့်တွေးခေါ်ခြင်း

ဆရာများက ရည်ရွယ်ချက်အမျိုးမျိုးအတွက် မေးခွန်းများကိုအသုံးပြုကြသည်။ ကျောင်းသားများ၏ စိတ်ဝင်စားမှုကို လှုံ့ဆော်/စေ့ဆော်ပေးရန် ယခင်ကသိရှိပြီးသော အချက်အလက်ဟောင်းများနှင့် အချက်အလက်သစ်များကို ဆက်စပ်ပေးနိုင်ရန်၊ သင်ယူမှုဖြစ်စဉ်၏ အစိတ် အပိုင်းတစ်ခု အနေဖြင့် ကျောင်းသားများ၏ အသိပညာ တည်ဆောက်မှုတွင် ကူညီမှုရစေရန်နှင့် သူတို့၏ နားလည်မှုကို စစ်ဆေးရန် မေးခွန်းများ မေးလေ့ရှိကြသည်။ သို့ရာတွင် စာသင်ခန်းတွင်း မေးခွန်းများမေးရာ၌ တွေးခေါ်မှုအဆင့်မမြင့်သော အခြေခံ ကျကျ မေးခွန်းမျိုး၊ မှတ်မိနိုင်စွမ်းကို စစ်ဆေးသည့်မေးခွန်းမျိုး (recall questions) ကိုသာ အများအားဖြင့် ဆရာများက မေးလေ့ရှိကြသည်ဟု သုတေသနတွေ့ရှိချက်များက ဖော်ပြကြသည်။

ဤအခန်းငယ်တွင် အဖွင့်မေးခွန်း နှင့်အပိတ်မေးခွန်း အမျိုးအစားများ အဖြေရရန် စဉ်းစားချိန်ပေး၍ မေးခွန်းမေးနည်းများ၊ ကျောင်းသား၏ အသိပညာနှင့် နားလည်သဘောပေါက်မှုကို စစ်ဆေး အကဲဖြတ်၍ အဆင့်မြင့်တွေးခေါ်တတ်ရာ၌ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်သည့် မေးခွန်းများ ပြုစုတည်ဆောက်တတ်စေမည့် ကိရိယာများအကြောင်းတို့ကို အသေးစိတ်လေ့လာသင်ယူရမည် ဖြစ်သည်။

# ၃.၂.၁။ ထိရောက်သောမေးခွန်းများမေးခြင်း - ထူးခြားသော လက္ခဏာများနှင့် နည်းလမ်းများ

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကောင်းမွန်စွာပုံစံတကျပြုစုထားသော အဖွင့်မေးခွန်းများနှင့် အပိတ်မေးခွန်းများကို ရေးသား တတ်မည်။
- မေးခွန်းမေးမှုအစီအစဉ်တစ်ခုတွင် ပါဝင်သည့် မေးခွန်းမေးခြင်း၊ အဖြေကိုလက်ခံခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း၊ အဆင့် (၃) ခုအကြောင်းနှင့် မေးခွန်းများ၏ အသုံးဝင်မှုကို ရှင်းပြတတ်မည်။
- သိမှုဆိုင်ရာဖွံ့ဖြိုးမှုအဆင့်အသီးသီးမှ ကလေးတို့အတွက် မေးခွန်းများထုတ်ရာတွင် ဘလွန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း (Bloom’s Taxonomy) အကြောင်းနားလည်မှုကို အသုံးချတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(ခ) (၁.၃.၄) သင်ယူရမည့် အသိသညာများကို နိဒါန်းပျိုး သရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများနှင့် ဥပမာများကို အသုံးပြုသည်။

(ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၃) ချိန်

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - အဖွင့်မေးခွန်းများ (ဥာဏ်ဖွင့်မေးခွန်းများ) နှင့် အပိတ် မေးခွန်းများ (ကွက်တိအဖြေ လိုအပ်သော မေးခွန်းများ) ကိုရေးသားပြုစုခြင်း

သင်ယူမှုလုပ်ငန်း(၂)-ဆရာ့မေးခွန်းနှင့်ကျောင်းသား၏အဖြေအစီအစဉ်တစ်တွဲကို ပြန်လည်သုံးသပ် စဉ်းစားခြင်း

သင်ယူမှုလုပ်ငန်း (၃) – အစပျိုး-တုံ့ပြန်-သုံးသပ် (I-R-E) အစီအစဉ်အတွက် စကားအပြန်အလှန် ပြောဆိုခန်းတစ်ခုကို ဇာတ်ညွှန်းရေးသားခြင်း

သင်ယူမှုလုပ်ငန်း (၄) - ဖြတ်ဆက်လုပ်ငန်းဆောင်ရွက်သော အုပ်စုများ(Jigsaw groups) အတွက် မေးခွန်းများကို စီစဉ်ရေးသားပြုစုခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၂.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

ထပ်ဆောင်းလေ့လာရမည့်ရင်းမြစ်များမလိုပါ။

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ အချို့ပညာရေးစနစ်များတွင် မေးခွန်းမေးခြင်းကို သြဇာသက်ရောက်မှုကြီးမားသောသင်ကြားမှုနည်းလမ်း/ဗျူဟာတစ်ခုအဖြစ်ရှုမြင်ကြောင်းကို အလေးအနက်ဖော်ပြပါ။

၂။ သြဇာသက်ရောက်မှုကြီးမားသောသင်ကြားမှုနည်းလမ်း/ဗျူဟာ (high impact teaching strategy) ၏ အဓိပ္ပာယ်ကို မိမိတို့ကိုယ်ပိုင် စကားလုံးများအသုံးပြု၍ ဖွင့်ဆိုသတ်မှတ်ပေးရန် ကျောင်းသား များကိုပြောပါ။

အဖြေ- သြဇာသက်ရောက်မှုကြီးမားသောသင်ကြားမှုနည်းလမ်း/ဗျူဟာ (high impact teaching strategy) ဆိုသည်မှာ သင်ကြားရေး လက်တွေ့ အလေ့အကျင့် တစ်ခုဖြစ်ပြီး သုတေသနများက ထိုနည်းဗျူဟာသည် ကျောင်းသားများ၏ သင်ယူမှုကို တစ်သမတ်တည်း ညီညာစွာ တိုးပွားလာစေသည်ဟု ဆိုပါသည်။

၃။ မေးခွန်းမေးခြင်းကို သင်ကြားမှု သင်ယူမှုအတွက် အသုံးပြုရခြင်း၏ ရည်ရွယ်ချက်များကို သူငယ်ချင်း တစ်ဦးနှင့်အတူ ရှာဖွေ၍ စာရင်းပြုစုရန် ကျောင်းသားများကို ညွှန်ကြားပါ။

အဖြေများတွင်အောက်ပါရည်ရွယ်ချက်များပါဝင်နိုင်သည်။

- ကျောင်းသားများ၏ စိတ်ဝင်စားမှုကို နှိုးဆွ/လှုံ့ဆော်ပေးနိုင်ရန်။
- ယခင်က သိရှိခဲ့ပြီးသော အသိပညာနှင့် ဆက်သွယ်ပေးရန်။
- ကျောင်းသားများ၏နားလည်မှုကို တည်ဆောက်ပေးရန်/နားလည်နိုင်စေရန်။
- ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးရန်။

၄။ ကျောင်းသားကိုင်စာအုပ်မှ ပုံ (၃.၆) ကို ကြည့်ရှုရန်ကျောင်းသားများကို ညွှန်ကြားပါ။ သူငယ်ချင်းတစ်ဦးနှင့်အတူတွဲ၍ မေးခွန်းမေးရခြင်း၏ရည်ရွယ်ချက်များ အပေါ် ရှုမြင်သုံးသပ်ချက်များကို ဖတ်ရှု လေ့လာစေရမည်။

၅။ ကျောင်းသားကိုင်စာအုပ်ပါ "မေးခွန်းမေးခြင်း- ပုံစံတကျရှိပြီးရည်ရွယ်ချက်ခိုင်မာ/ ပြည့်ဝသော မေးခွန်း များဖြစ်စေခြင်း" အပိုင်းကို ဖတ်ရန်ကျောင်းသားများကို ညွှန်ကြားပါ။

၆။ ပုံစံတကျဖွဲ့စည်းတည်ဆောက်ထားသောမေးခွန်းများ၏ထူးခြားလက္ခဏာများမှာ

- ရှင်းလင်းပြတ်သားမှုရှိခြင်း - မေးခွန်းဆိုလိုရင်းကို ကျောင်းသားများက နားလည်ခြင်း၊
- တိုတိုနှင့်လိုရင်းကိုမေးခြင်း - မေးခွန်းတွင်ပါသောစကားလုံးတို့ကို နည်းနိုင်သမျှနည်းစေခြင်း၊ ကျစ်လစ်ခြင်း၊
- သဘာဝကျခြင်း - မေးခွန်းကို ရိုးရိုးရှင်းရှင်း စကားလုံးများဖြင့်သာ တည်ဆောက်ပါ။ မြန်မာဘာသာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာကို အသုံးပြု၍ ရေးရာ/ပြောရာတွင် ရှင်းလင်း လွယ်ကူခြင်း

- ရည်ရွယ်ချက်ပြည့်ဝစေခြင်း - မေးခွန်းများ၏ ရည်ရွယ်ချက် ပြည့်/မပြည့် ကို ပြန်လည်သုံးသပ်နိုင်စေရန် သင့်လျော်သော သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့် တိုင်း၌ မေးခွန်းများကို မေးပေးခြင်း။

၇။ ဤစာသင်ချိန်အတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသောအခါသင်သည်..

- ကောင်းမွန်စွာ ပုံစံတကျပြုစုထားသော အဖွင့်မေးခွန်းများနှင့် အပိတ် မေးခွန်းများကို ရေးသားတတ်မည်။

အောက်ဖော်ပြပါ သဘောတရားများကို အထူးပြု၍ ထင်ရှားပေါ်လွင်အောင် ပြော ပြပါ။

- အပိတ်မေးခွန်းများ (ဓမ္မဝိဇ္ဇာနှ်မေးခွန်းများ) တွင် ပုံမှန်အားဖြင့် မေးခွန်း တစ်ခုစီအတွက် အဖြေမှန်တစ်ခုတည်းသာရှိပြီး ထိုမေးခွန်းများကို ဖြေ ဆိုရာတွင် တွေးခေါ်စဉ်းစားမှု အဆင့်နိမ့်သည်။
- အဖွင့်မေးခွန်းများကို ဖြေဆိုရန်မှာမူ ပိုမိုရှုပ်ထွေးသော တုံ့ပြန်မှုများနှင့် အဆင့်မြင့် တွေးခေါ်စဉ်းစားမှုများ လိုအပ်ပါသည်။
- ဆရာများသည် အပိတ်မေးခွန်းရော အဖွင့်မေးခွန်းပါ နှစ်မျိုးစလုံးကို မေး တတ်ကြရမည်ဖြစ်သည်။ ထိုမေးခွန်းအမျိုးအစားများကို ခြားနားသော ရည်ရွယ်ချက်များဖြင့် အသုံးပြုနိုင်သည်။
- ကျောင်းသားများအားဖြစ်ရပ်မှန်များနှင့် သတင်းအချက်အလက်ကို သိရှိ စေလိုသည့်အခါ အပိတ်မေးခွန်းများမေးခြင်းအားဖြင့် သူတို့၏သိရှိမှုကို စစ်ဆေးအကဲဖြတ်နိုင်သည်။ ထို့ပြင် ကျောင်းသားများသည် သင်ယူ ရာတွင် အယူအဆများနှင့် အယူအဆ တစ်ခုနှင့်တစ်ခု ဆက်သွယ်မှုများ ကိုလည်း သိရှိနားလည်ရန် လိုအပ်သည်။ ထိုသို့သော သိရှိနားလည်မှု ကို ဖွံ့ဖြိုးလာစေရန်နှင့် ထိုနားလည်မှုတို့ကို စစ်ဆေးအကဲဖြတ်နိုင်ရန် အဖွင့်မေးခွန်းများကို အသုံးပြုရသည်။

## သင်ယူမှုလုပ်ငန်း (၁)။ အဖွင့်မေးခွန်းများ (ဉာဏ်ဖွင့်မေးခွန်းများ) နှင့် အပိတ်မေးခွန်းများ (ကွက်တိအဖြေ လိုအပ်သော မေးခွန်းများ) ကိုရေးသားပြုစုခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် ၊ (လုပ်ငန်း (၁၀) မိနစ်၊ မျှဝေခြင်း (၁၀) မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ သင်ယူခြင်း |

**ရည်ရွယ်ချက်** - ကောင်းမွန်စွာ ပုံစံတကျပြုစုထားသော အဖွင့်မေးခွန်းနှင့် အပိတ် မေးခွန်းများကို ကျောင်းသားများ ရေးသားပြုစုတတ်စေရန်။

၁။ သင်ယူမှုလုပ်ငန်း (၁) ကို ဖတ်ရှုရန်ကျောင်းသားများကို ညွှန်ကြားပါ။

၂။ ကျောင်းသားများအား အောက်ပါလုပ်ငန်းတို့ကိုဆောင်ရွက်ရန် ညွှန်ကြားရမည်။

(က)ဇယား (၃.၃) တွင် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများကို ထည့်သွင်း ရေးသားရန်။

(ခ) သင်ထုတ်ထားသော မေးခွန်းများကို သူငယ်ချင်းတစ်ဦးနှင့် မျှဝေပြီး မေးခွန်း များ အမျိုးအစား မှန်/ မမှန်နှင့် ပုံစံတကျတည်ဆောက်မှုရှိ/ မရှိတို့ကို ဆွေးနွေးစေရမည်။

၃။ သူတို့အဖြေများကိုတစ်တန်းလုံးနှင့် မျှဝေမည့် ကျောင်းသားများကို ရွေးချယ်ပေး ပါ။

၄။ အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်းများကို သင်ပုန်းပေါ်တွင်ရေးပြပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကိုတစ်တန်းလုံးနှင့် မျှဝေမည့်ကျောင်းသားများကို ရွေးချယ်ခြင်းအားဖြင့် ၎င်းတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်လာမည်ဖြစ်သည်။ သင်ပုန်းပေါ်တွင်ရေးပြထားသော မေးခွန်းများကို ပြန်လည်ဆန်းစစ်ပါ။ ထို့နောက် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ပြန်လည်လေ့လာကြည့်ရှုပါ။

- အပိတ်မေးခွန်းများ (ဓမ္မဓိဋ္ဌာန်မေးခွန်းများ) တွင် ပုံမှန်အားဖြင့် မေးခွန်းတစ်ခုစီ အတွက် အဖြေမှန်တစ်ခုတည်းသာရှိပြီး ထိုမေးခွန်းများကို ဖြေဆိုရာတွင် တွေးခေါ်စဉ်းစားမှု အဆင့်နိမ့်သည်။

- အဖွင့်မေးခွန်းများကို ဖြေဆိုရန်မှာမူ ပိုမိုရှုပ်ထွေးသော တုံ့ပြန်မှုများနှင့်အဆင့်မြင့် တွေးခေါ်စဉ်းစားမှုများ လိုအပ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**ဇယား ၃.၃ (က) ။ အပိတ်မေးခွန်းများနှင့် အဖွင့်မေးခွန်းများ**

| အပိတ်မေးခွန်းများ | အဖွင့်မေးခွန်းများ |
|---|---|
| • မြန်မာနိုင်ငံ၏မြို့တော်မှာ မည်သည့်မြို့ ဖြစ်သနည်း။<br>• သက်တံ့ (rainbow) တစ်ခုတွင် ပါဝင်သော အရောင်များသည် မည်သည်တို့ ဖြစ်ကြ သနည်း။<br>• အမေရိကန်ပြည်ထောင်စု နိုင်ငံ၏ သမ္မတသည်မည်သူဖြစ်သနည်း။<br>• လပေါ်သို့လူသားများဆင်းသက်နိုင်ခဲ့သည် မှာ မည်သည့်နှစ်ကဖြစ်သနည်း။<br>• စက်ဝိုင်း၏ပတ်လည်အနားကို တွက်ရန် ပုံသေနည်းမှာ အဘယ်နည်း။ | • မှန်လုံအိမ် ဓာတ်ငွေ့များ ထုတ်လွှတ်မှု (greenhouse gas emission) ကို ကျွန်ုပ်တို့ မည်သို့ လျော့ချနိုင်မည်နည်း။<br>• ပျားများသည် ပျားရည်ကိုမည်သို့ ထုတ်လုပ်ယူကြသနည်း။<br>• အသင်းအဖွဲ့တစ်ခုအနေနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်သော နည်းလမ်းများမှာ မည်သည်တို့ ဖြစ်ကြသနည်း။<br>• ရေထဲတွင်ဘောလုံးတစ်လုံးက ပေါလောပေါ်နိုင်သော်လည်း ရေမြှုပ်တုံး (sporge) တစ်ခုက နစ်မြုပ်သွားရသည်မှာ အဘယ်ကြောင့်ဟု ထင်သနည်း။ |

## သင်ယူမှုလုပ်ငန်း (၂)။ ဆရာ့မေးခွန်းနှင့် ကျောင်းသား၏ အဖြေအစီအစဉ်တစ်တွဲကို ပြန်လည်သုံးသပ် စဉ်းစားခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ်၊ (လုပ်ငန်း (၁၀) မိနစ်၊ မျှဝေခြင်း (၁၀) မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ သင်ယူခြင်း |

**ရည်ရွယ်ချက်** - အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်းများကို မေးခွန်းမေးခြင်းလုပ်ငန်းစဉ်တန်း (လုပ်ငန်းစဉ်အတွဲ) တစ်ခုတွင် မည်သို့ ထိရောက်စွာ အသုံးပြုနိုင်ကြောင်းကို ကျောင်းသားများအား သိရှိစေရန်။

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲ အတွဲများအဖြစ်စုစည်းစေမည်။

၂။ သင်ယူမှုလုပ်ငန်း (၂) ကို ကြည့်ရှုရန်ကျောင်းသားများကိုညွှန်ကြားပါ။

၃။ ကျောင်းသားများကို ဤသို့ညွှန်ကြားပါ။

- လေးထောင့်ကွက် (၃.၃) တွင် ဆရာက ပေးထားသော မေးခွန်းများသည် အဖွင့် (သို့မဟုတ်)အပိတ်မေးခွန်းများဖြစ်သည်ဟုသတ်မှတ်ဖော်ထုတ်ပေးရန်။

၄။ ဥပမာတစ်ခုကို ထင်ထင်ရှားရှား ဖော်ပြပါ။

- ဘောလုံးဟာ ရေပေါ်မှာ ဘာကြောင့် ပေါလောပေါ်ပြီး ရေမြှုပ်တုံးကတော့ ရေထဲကို ဘာကြောင့်နစ်မြုပ်သွားရသလဲ။(မေးခွန်းအမျိုးအစား = အဖွင့်မေးခွန်း)
- ဤမေးခွန်းကိုဖြေဆိုရာတွင် ကျောင်းသားများသည် အဆင့်မြင့်တွေးခေါ်စဉ်းစားတတ်ရမည် ဖြစ်ကြောင်း ရှင်းပြလိုက ရှင်းပြပါ။ ထိုကြောင့်ဤမေးခွန်းသည် အဖွင့်မေးခွန်းဖြစ်သည်။
- မည်သည့် အရာဝတ္ထုများက ရေတွင်ပေါလောပေါ်ပြီး မည်သည့်အရာများက ရေတွင်နစ်မြုပ် ကြောင်း ကျောင်းသားများ၏ နားလည်မှုကို တိုးမြှင့်ပေးရန် ဆရာက အပိတ်မေးခွန်းများရော အဖွင့်မေးခွန်းများကိုပါ အသုံးပြုရကြောင်းကို ပြန်လည်သုံးသပ်ပါ။

၅။ အဖြေများကို အတန်းနှင့်မျှဝေမည့် ကျောင်းသားများကို ဆရာကရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းနှင့် အဖြေများမျှဝေမည့် ကျောင်းသားများကို ရွေးချယ်၍ မျှဝေစေခြင်းအားဖြင့် သူတို့၏နားလည်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်လိမ့်မည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**လေးထောင့်ကွက် ၃.၃ (က) ။ သိပ္ပံသင်ခန်းစာတစ်ခုထဲမှ ဆရာ့မေးခွန်းနှင့် ကျောင်းသား၏အဖြေ အစီအစဉ်**

| | | |
|---|---|---|
| ***ဆရာ့မေးခွန်း*** | - | ဘောလုံးဟာ ရေပေါ်မှာ ဘာကြောင့် ပေါလောပေါ်ပြီး ရေမြှုပ်တုံးကတော့ ရေထဲကို ဘာကြောင့်နစ်မြုပ်သွားရသလဲ။ (အဖွင့်မေးခွန်း) |
| ***ကျောင်းသားအဖြေ*** | - | မသိပါဘူးဆရာ။ |
| ***ဆရာ့မေးခွန်း*** | - | ရေမြှုပ်တုံးနဲ့ ဘောလုံးဟာ တူသလား၊ မတူဘူးလား။ (အပိတ်မေးခွန်း) |
| ***ကျောင်းသားအဖြေ*** | - | မတူပါဘူးဆရာ။ |
| ***ဆရာ့မေးခွန်း*** | - | အေး..ဟုတ်ပြီ၊ သူတို့မတူကြဘူးဆိုရင်၊ တို့ ဘယ်လိုပြောမလဲ။ (အပိတ်မေးခွန်း) |
| ***ကျောင်းသားအဖြေ*** | - | ခြားနားတယ်လို့ပြောရင် ရမလားဆရာ။ |
| ***ဆရာ့မေးခွန်း*** | - | မှန်တာပေါ့။ ခြားနားတာ ဟုတ်တယ်။ သူတို့ (၂) ခုကြား ဘာခြားနားသလဲ။ (အဖွင့်မေးခွန်း) |
| ***ကျောင်းသားအဖြေ*** | - | ဘောလုံးကမာပြီး ရေမြှုပ်တုံးက ပျော့ပါတယ်ဆရာ။ |
| ***ဆရာ့မေးခွန်း*** | - | အင်း..ဒီလိုဆိုရင်ဆရာထင်တယ်။ ဘောလုံးကဘာကြောင့် ရေပေါ်မှာ ပေါလောပေါ်ပြီး၊ ရေမြှုပ်တုံးကဘာကြောင့် ရေထဲမှာနစ်မြုပ်ရသလဲဆိုတာ အဲဒီအချက်နဲ့ ဆိုင်သလိုဘဲ။ |

**မေးခွန်း** - မည်သည့် အရာဝတ္ထုက ရေတွင်ပေါ်ပြီး မည်သည့်အရာဝတ္ထုက ရေတွင်မြုပ်ကြောင်း ကျောင်းသားများ၏ နားလည်မှုကို မြှင့်တင်ရန် လိုအပ်ရာတွင် ဆရာကအဖွင့်မေးခွန်း အမျိုးအစား နှင့် အပိတ်မေးခွန်း အမျိုးအစား (၂) မျိုးစလုံးကို အဘယ်ကြောင့် အသုံးပြုသနည်း။

**အဖြေ** - ဆရာက ကျောင်းသားအတွက် ငြမ်းဆင်ကူညီရန်ဖြစ်သည်။ ဤနေရာ၌ ကျောင်းသား သည် အဖွင့်မေးခွန်းများကို မဖြေနိုင်သည်မှာ ထင်ရှားသည်။ ဆရာက အစပိုင်းတွင် အဖွင့်မေးခွန်းများ ပေးခဲ့သည်။ ကျောင်းသားမဖြေနိုင်သောအခါတွင် ကျောင်းသားအနေနှင့် တဖြည်းဖြည်း တစ်ဆင့်ချင်း သိရှိလာစေရန် ကျောင်းသား စဉ်းစားတတ်စေရန်အတွက် အပိတ်မေးခွန်း (၂) ခု ကို မေးပေးခြင်း ဖြစ်သည်။ ဘောလုံးကမာပြီး ရေမြှုပ်တုံးက ပျော့ သည့်အတွက် တစ်ခုနှင့်တစ်ခု သဘာဝချင်း ခြားနားသည်ကို သိမြင်စေသည်။ ဤကဲ့သို့ နားလည်မှုရလာအောင် ပံ့ပိုးပေးခြင်းသည် ငြမ်းဆင်ခြင်း ဖြစ်သည်။ ဤသို့သိလာသည့်အခါ ဆရာက ကျောင်းသားကို နောက်ထပ် အဖွင့်မေးခွန်းများကို မေးမြန်းသည်။

**လေးထောင့်ကွက် ၃.၃။ သိပ္ပံသင်ခန်းစာတစ်ခုထဲမှ ဆရာ့မေးခွန်းနှင့် ကျောင်းသား၏အဖြေ အစီအစဉ်**

| | | |
|---|---|---|
| ***ဆရာ့မေးခွန်း*** | - | ဘောလုံးဟာ ရေပေါ်မှာ ဘာကြောင့် ပေါလောပေါ်ပြီး ရေမြှုပ်တုံးကတော့ ရေထဲကို ဘာကြောင့်နစ်မြုပ်သွားရသလဲ။ (အဖွင့်မေးခွန်း) |
| ***ကျောင်းသားအဖြေ*** | - | မသိပါဘူးဆရာ။ |
| ***ဆရာ့မေးခွန်း*** | - | ရေမြှုပ်တုံးနဲ့ ဘောလုံးဟာ တူသလား၊ မတူဘူးလား။ (အပိတ်မေးခွန်း) |
| ***ကျောင်းသားအဖြေ*** | - | မတူပါဘူးဆရာ။ |
| ***ဆရာ့မေးခွန်း*** | - | အေး..ဟုတ်ပြီ၊ သူတို့မတူကြဘူးဆိုရင်၊ တို့ ဘယ်လိုပြောမလဲ။ (အပိတ်မေးခွန်း) |
| ***ကျောင်းသားအဖြေ*** | - | ခြားနားတယ်လို့ပြောရင် ရမလားဆရာ။ |
| ***ဆရာ့မေးခွန်း*** | - | မှန်တာပေါ့။ ခြားနားတာ ဟုတ်တယ်။ သူတို့ (၂) ခုကြား ဘာခြားနားသလဲ။ (အဖွင့်မေးခွန်း) |
| ***ကျောင်းသားအဖြေ*** | - | ဘောလုံးကမာပြီး ရေမြှုပ်တုံးက ပျော့ပါတယ်ဆရာ။ |
| ***ဆရာ့မေးခွန်း*** | - | အင်း..ဒီလိုဆိုရင်ဆရာထင်တယ်။ ဘောလုံးကဘာကြောင့် ရေပေါ်မှာ ပေါလောပေါ်ပြီး၊ ရေမြှုပ်တုံးကဘာကြောင့် ရေထဲမှာနစ်မြုပ်ရသလဲဆိုတာ အဲဒီအချက်နဲ့ ဆိုင်သလိုဘဲ |

ပထမမေးခွန်းပြန်မေး

ပြမ်းဆင်ပေးခြင်း

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ "မေးခွန်းမေးခြင်း၏ ရည်ရွယ်ချက်တစ်ခုသည် အဘယ်နည်း" ဟု ပြန်လည်ဆန်းစစ်သည့် မေးခွန်းကို ဆရာက ကျောင်းသားများအားမေးပါ။ စဉ်းစားချိန်လုံးဝမပေးဘဲ ဆရာက ကျောင်းသား တစ်စုံတစ်ဦးကို ကောက်ကာငင်ကာ (ချက်ချင်း) မေးရမည်။

၂။ ကျောင်းသားများအား ဒုတိယမေးခွန်းမေးပါ။ "အပိတ်မေးခွန်းဆိုတာဘာလဲ" တစ်ဖန်ယခု တစ်ကြိမ်တွင်လည်း စဉ်းစားချိန်မပေးဘဲ ကျောင်းသားတစ်ဦးကို မဆိုင်းမတွ မေးရမည်။

၃။ ပြန်လည်ဆန်းစစ်သည်။ တတိယမေးခွန်းကိုမေးပါ။ "အဖွင့်မေးခွန်းဆိုတာဘာကိုခေါ်တာလဲ"။ ဤတစ်ကြိမ်တွင်မူ သင့်စိတ်ထဲ၊ ဆရာ၏စိတ်ထဲတွင် ၁ မှ ၁၀ ထိ ရေတွက်ပြီးမှ နောက်တစ်ယောက်ကို ကျပန်းရွေးချယ်ပြီးမေးပါ။

၄။ မေးခွန်းတစ်ခု မေးပြီးချိန်တွင် ကျောင်းသားအား စောင့်ဆိုင်းချိန်၊ စဉ်းစားချိန်ပေးခြင်းအားဖြင့် ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများကို ပြန်လည် သုံးသပ်စဉ်းစားရန် ကျောင်းသားများကို ညွှန်ကြားပါ။

၅။ ကျောင်းသားကိုင်စာအုပ်မှ "တစ်တန်းလုံးကို မေးခွန်းမေးခြင်းနည်းလမ်းများ၊ ကျောင်းသားများကို စဉ်းစားချိန်ပေးခြင်း" အပိုင်းကို ဖတ်ရှုရန် ကျောင်းသားများကိုညွှန်ကြားပါ။

၆။ အောက်ပါအချက်တို့ကို သတိပြုမိစေမည်။

- ဆရာက မေးခွန်းမေးခြင်းနှင့် ပတ်သက်၍ စောင့်ဆိုင်းရန် (၂) မျိုးရှိသည်။
  (က) *စောင့်ဆိုင်းချိန် (၁)* - ဆရာကမေးခွန်းတစ်ခုပေးပြီးနောက် ကျောင်းသားတစ်ဦးအမည်ကိုခေါ်၍ ဖြေဆိုစေရန်မပြောမီ စောင့်ဆိုင်းထားသောအချိန်
  (ခ) *စောင့်ဆိုင်းချိန် (၂)* - ကျောင်းသားတစ်ဦးက ပြောပြီး/ဖြေပြီးသွားချိန်တွင် ဆရာက တုံ့ပြန်မှုမပြုမီ ဆိုင်းငံ့ထားသောအချိန်
- ကျောင်းသားများကို စောင်းဆိုင်းချိန်လုံလောက်အောင် ပေးထားခြင်းက ၎င်းတို့၏ သင်ယူမှု အတွက်အကျိုးကျေးဇူးရှိစေသည်။

၇။ အတန်းတစ်တန်းလုံး အတူဖတ်ရှုစေမည်။

- စောင့်ဆိုင်းချိန် အလွန်တိုတောင်းလျှင် ကျောင်းသားများကလည်း အလွန်တိုတောင်းသော အဖြေများကိုသာ ပေးကြလိမ့်မည်။ သို့မဟုတ်လျှင်လည်း "မသိပါ" ဟုပင် ဖြေနိုင်ခြေရှိသည်။
- သို့သော် စောင့်ဆိုင်းချိန်တိုးပေးလျှင် သူ့ကျောင်းသားများက ဝါကျအပြည့်အစုံပါသောအဖြေကို ပေးလာတတ်ကြမည်ဖြစ်သည်။ အချိန်အလုံအလောက်ရရှိလျှင် သူတို့သည် အဖြေအတွက် ဖြစ်နိုင်ခြေ အမျိုးမျိုးတို့ကို စဉ်းစားလာတတ်ကြသည်။ (ဥပမာ - ဒါဖြစ်နိုင်ခြေရှိတယ်၊ ဒါပေမဲ့ဒီဟာလည်း ဖြစ်နိုင်ချင် ဖြစ်နိုင်မှာပေါ့၊ .... စသဖြင့် အမျိုးမျိုးတွေးဆလာမည်။) ဤသို့ စဉ်းစားချင့်ချိန်ပြီး အဘယ်ကြောင့် ထိုစိတ်ကူးရသည်ကိုလည်း အကြောင်းပြချက်ပေးလေ့ရှိကြသည်။
- စောင့်ဆိုင်းချိန်ကို တိုးမြှင့်ပေးခြင်းအားဖြင့် တစ်တန်းလုံးရှိ ကျောင်းသားအားလုံးကို ပါဝင်စဉ်းစားကြလိမ့်မည်ဟု ဆရာက မျှော်မှန်းနိုင်သည်။ အမြဲတမ်းလိုလိုပင် ဖြေနေကျကျောင်းသားများကဖြေနေခြင်း (သို့မဟုတ်)

အဦးဆုံး လက်ထောင်နေကျကျောင်းသားများကသာ အဖြေကိုပေးနေခြင်း တို့မျှဖြင့် မလုံလောက်ပါ။ ဤသို့မဖြစ်သင့်ဘဲ ကျောင်းသားအားလုံးပါဝင်မှုကို ဖန်တီးသင့်ပါသည်။

၈။ အောက်ပါမေးခွန်းကို ပြန်လည်သုံးသပ်ရန် ကျောင်းသားများကို ပြောပါ။ ကျောင်းသားများ၏ သင်ယူမှု လိုအပ်ချက်များကို စစ်ဆေးအကဲဖြတ်နိုင်မည့် ဆရာ့စွမ်းရည်ကို တိုးမြှင့်ပေးထားသော စောင့်ဆိုင်းချိန်က မည်သို့ တိုးတက်နိုင်စေသနည်း။

**အဖြေ** - ဆရာ့စောင့်ဆိုင်းချိန် ပံ့ပိုးပေးခြင်းသည် လူတိုင်းအကျုံးဝင်စေမှုနည်းလမ်း တစ်မျိုး ဖြစ်သည်။ ဆရာက မေးခွန်းတစ်ခုကို မေးလိုက်ပြီးနောက် ခေတ္တ စောင့်ဆိုင်းပေးလိုက်ခြင်းအားဖြင့် ကျောင်းသားများအား ၎င်းတို့အားလုံးကို အဖြေရှာရန် စဉ်းစား ကြံဆစေလိုကြောင်းကို သိရှိစေသည်။ အစဉ်အမြဲ ပုံမှန်ဖြေနေကျ လက်ထောင်နေကျ ကျောင်းသားများကိုချည်းသာ ဆရာက ကွက်၍ မေးခြင်းလည်း လျော့နည်းသွားနိုင်သည်။

၉။ ဤစာသင်ချိန်အတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါပါ။

ဤစာသင်ချိန်ပြီးဆုံးသောအခါသင်သည် -

- မေးခွန်းမေးမှုအစီအစဉ်တစ်ခုတွင် ပါဝင်သည့် မေးခွန်းမေးခြင်း၊ အဖြေကို လက်ခံခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း၊ အဆင့်(၃) ခုအကြောင်းနှင့် မေးခွန်းများ၏ အသုံးဝင်မှုကို ရှင်းပြတတ်မည်။

၁၀။ "ဆရာက မေးရန်လျာထားသော ကျောင်းသားများကို ဦးတည်၍ မေးခွန်းများမေးခြင်း" အပိုင်းကိုဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၁၁။ I-R-E [အစပျိုး-တုံ့ပြန်-အကဲဖြတ်] အစဉ် (Sequences) ကို ကျောင်းသားများနှင့် မိတ်ဆက်ပေးပြီး ပုံ (၃.၈) ကိုလေ့လာရန် ညွှန်ကြားပါ။

- **အစပျိုးခြင်း (Initiate)** -ဆရာက အပိတ်မေးခွန်းတစ်ခုကို မေးမည်။ "မြန်မာနိုင်ငံရဲ့ မြို့တော် က ဘာလဲ။" (စောင့်ဆိုင်းချိန်)
- **တုံ့ပြန်ခြင်း (Response)** - ဆရာကမေးခွန်းဖြေဆိုစေလိုသော ကျောင်းသားတစ်ဦးကို ရွေးချယ်၍ အမည်တပ်ကာ မေးခွန်းမေးသည်။ (ဖြူဖြူပြောပါ) (ရန်ကုန်)
- **(အကဲဖြတ်) သုံးသပ်ခြင်း (Evaluate)** - ဆရာကကျောင်းသား၏ အဖြေကို လက်ခံမည် (သို့မဟုတ်) လက်မခံဘဲနေမည်။

## သင်ယူမှုလုပ်ငန်း (၃)။ အစပျိုး-တုံ့ပြန်-သုံးသပ် (I-R-E) အစီအစဉ်အတွက် စကားအပြန်အလှန် ပြောဆိုခန်းတစ်ခုကို ဇာတ်ညွှန်းရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင်ကျောင်းသား (၃) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - အပိတ်မေးခွန်းတစ်ခုပါဝင်သော I-R-E အစီအစဉ်တစ်ခုအတွက် စကားအပြန်အလှန် ပြောဆိုခန်းတစ်ခုကို ဇာတ်ညွှန်းရေးသားတတ်စေရန်

၁။ ကျောင်းသားများကို တစ်အုပ်စုလျှင် (၃) ဦးစီပါဝင်သော ကျောင်းသားအုပ်စုငယ်များ အဖြစ်သို့ ဖွဲ့စည်းရန်ညွှန်ကြားမည်။

၂။ ကျောင်းသားကိုင်စာအုပ်တွင်ပါဝင်သော သင်ယူမှုလုပ်ငန်း (၃) ကိုလေ့လာဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ ကျောင်းသားများအား အောက်ပါတို့ကို ဆောင်ရွက်ရန်ညွှန်ကြားပါ။

- အပိတ်မေးခွန်းတစ်ခုကို ရွေးချယ်ပြီး ပုံ (၃.၁၀) တွင် ဆရာနှင့် ကျောင်းသားများ စကားအပြန်အလှန်ပြောခန်းတစ်ခုကို ရေးသားပါ။ အစပျိုး၊ တုံ့ပြန်၊ သုံးသပ် ဟူသော ဤအညွှန်း (၃) ခုကို အောက်ပါပုံတွင် တပ်ပါ။
- ကျောင်းသားများကို အဆင့်မြင့်တွေးခေါ် စဉ်းစားရသည့် မေးခွန်းတို့ကိုမေးရန် စဉ်းစားပါ။ I-R-E မေးခွန်းမေးနည်း အစီအစဉ်၏ အကန့်အသတ်သည် မည်သည်တို့ဖြစ်သနည်း။ ပိုမို၍ အားလုံးကိုခြုံငုံမှုရှိစေမည့် အလိုက်သင့် ပြောင်းလဲမှုများကို အကြံပြု၍ ရပါသလား။


၄။ အဖြေများကို အတန်းနှင့်မျှဝေပေးမည့်ကျောင်းသားများကိုရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းနှင့်မျှဝေပေးမည့်ကျောင်းသားများ ရွေးချယ်ထားခြင်းဖြင့် သူတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်မည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ပုံ (၃.၈) တွင်ပေးထားသည့် ဥပမာအတိုင်းရေးဆွဲလာကြမည်ဖြစ်မည်။




**မေးခွန်း** - အစပျိုး-တုံ့ပြန်-သုံးသပ်-မေးခွန်းမေးခြင်းအစဉ်တစ်ခု၏ အကန့်အသတ်များ (ချွတ်ယွင်းချက်များ) မှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ-**

- ကျောင်းသားများ၏နားလည်မှုကို အမြန်စစ်ဆေးအကဲဖြတ်ရန် ရည်ရွယ်၍ အသုံးပြုလျှင် ဤ IRE အစဉ်သည်ထိရောက်မှုရှိသည်။
- ထိုနည်းဗျူဟာသည် ဆရာဗဟိုပြုနည်းလမ်းတစ်ခုဖြစ်သည်။ မေးခွန်းကို ဖြေဆိုပေးရသော ကျောင်းသားနှင့်အတူ တစ်တန်းလုံးမှ ကျောင်းသားများသည် ကျောင်းသားကတင်ပြပေးပြီးနောက်ပိုင်းတွင် ထိုအဖြေမှန်/မမှန်ကို သိရှိနိုင်ရန်အတွက် ဆရာဆီကိုသာ အာရုံစိုက် နေကြရသည့် အတွက် ဆွေးနွေးမှုကို မပြုနိုင်ပါ။ အတန်းတွင်းမှ ကျောင်းသားအားလုံး ပိုမိုပါဝင်နိုင်စေမည့် ညှိနှိုင်းဆောင်ရွက်မှု တစ်ခုကိုအကြံပြုပါ။

IRE အစီအစဉ်တစ်ခုကို တစ်နည်းနည်းဖြင့် ပြုပြင်နိုင်သည့် မေးခွန်းတစ်ခုအတွက် အဖြေများကို ရေးပေးကြရန် ကျောင်းသားများကို ညွှန်ကြားပြီး ၎င်းတို့အဖြေများကို အချင်းချင်းမျှဝေစေရမည်။ ဤနည်းစနစ်က ကျောင်းသားဗဟိုပြုမှုသို့ ဦးတည်ချက် ပြောင်းလဲသွားစေသည်။ လိုအပ်လျှင်ကျောင်းသားများအားလုံးအတွက် စဉ်းစားရန်အချိန် နှင့် ဆရာ-ကျောင်းသား အပြန်အလှန်စကားပြောမှုရေးရန်အချိန်တို့ကို လုံလောက်အောင် ပေးထားနိုင်သည်။

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- သိမှုဆိုင်ရာဖွံ့ဖြိုးမှု အဆင့်အသီးသီးမှ ကလေးတို့အတွက် မေးခွန်းများထုတ်ရာတွင် ဘလွန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း (Bloom's Taxonomy) အကြောင်း နားလည်မှုကို အသုံးချတတ်မည်။

အောက်ပါအချက်များကို အလေးပေးဖော်ပြပါ။

- ဆရာများသည် စာသင်ခန်းတွင် ကျောင်းသားများအား တစ်နေ့လျှင် မေးခွန်းအရေအတွက် (၄၀၀) ခန့် မေးတတ်ကြကြောင်း သုတေသနပြုချက်က တွေ့ရှိခဲ့သည်။
- သို့သော် ဆရာများမေးသော မေးခွန်းအများစုမှာ မှတ်မိခြင်းကို စစ်ဆေးသည့် မေးခွန်းများဖြစ်ကြပြီး သာမန်တွေးခေါ်စဉ်းစားမှု (lower order thinking) သာလိုအပ်သည်။
- ကျောင်းသားများ၏ အဆင့်မြင့် တွေးခေါ်နိုင်မှုကို မြှင့်တင်ပေးသော မေးခွန်းမျိုးကို ဆရာများက အသုံးပြုပေးသောအခါ ကျောင်းသားများ၏ သင်ယူမှုကို အကျိုးဖြစ်ထွန်းစေနိုင်သည်။

- အဆင်မြင့်တွေးခေါ်စဉ်းစားရာ၌ ကျွမ်းကျင်မှုများသည် (၂၁) ရာစု သင်ယူမှုတို့အတွက် မရှိမဖြစ် အရေးပါသော ကျွမ်းကျင်မှုများဟု သတ်မှတ်/ အသိအမှတ်ပြုထားကြသည်။
- ကျောင်းသား၏ စဉ်းစားတွေးခေါ်မှုကို ဖေးမတွဲကူပေးရန် (သို့မဟုတ်) ပြမ်းဆင်ပေးရန်အတွက် အဆင့်မြင့်တွေးခေါ်မြင့်တင်ပေးသောမေးခွန်းများ ကို ဂရုပြုကာ တည်ဆောက် စီစဉ်ပြင်ဆင်ထားရမည်။
- မေးခွန်းများကို ရေးသားစီစဉ်ပြင်ဆင်ရာတွင်ပြန်လည်စီစစ်ထားသော ဘာ လွှန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်းသည် အရေးပါသော ကိရိယာတစ်ခုဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၄)။ ဖြတ်ဆက်လုပ်ငန်းဆောင်ရွက်သော အုပ်စုများ(Jigsaw groups) အတွက် မေးခွန်းများကို စီစဉ်ရေးသားပြုစုခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၆) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - ဘလွှန်း၏ သိမှုဆိုင်ရာသင်ယူမှုနယ်ပယ်တွင်ပါဝင်သောအဆင့် (၆)ဆင့် လုံး တွင် မေးခွန်းများ ရေးသားပြုစုပေးရန်

အောက်ပါညွှန်ကြားမှုများကိုပေးပါ။

၁။ အဆင့် (၁) ကျောင်းသား (၆) ဦးစီပါဝင်သော ဌာနေအုပ်စုများ (Home group) ကိုဖွဲ့စည်းပါ။ အုပ်စုဝင်ကျောင်းသားများကို အမှတ်စဉ်တပ်၍ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ စသည်ဖြင့် အမည်တပ် မှတ်သားပါ။

၂။ အဆင့် (၂) ကျွမ်းကျင်သူအုပ်စုအဖြစ် အုပ်စုပြန်ဖွဲ့ပါ၊ အုပ်စုတစ်ခုစီမှ ကျောင်းသား အမှတ်စဉ် (၁) အချင်းအချင်း၊ အမှတ်စဉ် (၂) အချင်းချင်း၊ (၃) အချင်းချင်း စသည်ဖြင့် ....အမှတ်စဉ်တူ ကျောင်းသားများကို အုပ်စုသစ်များအဖြစ်ပြန်လည် ဖွဲ့ပါ။

၃။ အဆင့် (၃) မေးခွန်းများကို စီစဉ်ရေးသားပါ။ သင်တို့အုပ်စုကို တာဝန်ပေးထားသည့် ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသော မေးခွန်းများကို ရေးသားပေးရမည်။

အုပ်စု(၁) အဆင့်(၁) သိရှိမှတ်မိမှုအဆင့်(Remember)

အုပ်စု(၂) အဆင့်(၂) နားလည်သဘောပေါက်မှုအဆင့် (Understanding)

အုပ်စု(၃) အဆင့်(၃) လက်တွေ့အသုံးချမှုအဆင့်(Apply)

အုပ်စု(၄) အဆင့်(၄) ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအဆင့် (Analyses)

အုပ်စု(၅) အဆင့်(၅) အကဲဖြတ်သုံးသပ်ခြင်းအဆင့် (Evaluate)

အုပ်စု(၆) အဆင့်(၆) တီထွင်ဖန်တီးခြင်းအဆင့် (Create)

၄။ အဆင့် (၄) - အမှတ်စဉ်တူကျောင်းသားများအချင်းချင်း ဖွဲ့စည်းထားသောအုပ်စုများ (ကျွမ်းကျင်သူ အုပ်စုများ) တွင် မေးခွန်းများကို အချင်းချင်းဆွေးနွေးညှိနှိုင်းရေးသားပြီးနောက် ဌာနေ အုပ်စုများ သို့ ပြန်လာကာ ထိုမေးခွန်းများကို ပြန်လည်ဆန်းစစ်ပါ။ ဤမေးခွန်းများသည် သက်ဆိုင်ရာ အသိဉာဏ်ဖွံ့ဖြိုးမှုအဆင့်နှင့် ဆီလျော်မှုရှိပါသလား။

မေးခွန်းများကို ကောင်းမွန်ပြည့်စုံစွာရေးသားထားပါသလား။ (ရှင်းလင်းကျစ်လျစ်၍ သဘာဝကျ ခြင်း) စသည်တို့ကိုပြန်လည်ဆန်းစစ်ပါ။

၅။ အဆင့် (၅) - ဖွံ့ဖြိုးမှုအဆင့်တစ်ခုစီအတွက်အနည်းဆုံး မေးခွန်း(၃)ခုကို မှတ်တမ်းတင်ထားပါ။ ဇယား ၃.၄ တွင် သင်ကိုယ်တိုင် အကိုးအကားတစ်ခုအဖြစ် ထည့်သွင်းရေးသားပါ။ အဖြေများကို အတန်းနှင့်မျှဝေမည့်ကျောင်းသားများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းနှင့်မျှဝေပေးမည့် ကျောင်းသားများရွေးချယ်ထားနိုင်လျှင် သူတို့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးနိုင်မည် ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မေးခွန်းများ စီစဉ်ရေးသားရာတွင် အောက်ပါအစပြုစကားစု/ပုဒ်ရင်းများနှင့် စတင်ရေးသားရမည်။

**ဇယား ၃.၄။ သိမှုဆိုင်ရာ အဆင့်၊ လုပ်ငန်းစဉ်နှင့် မေးခွန်းများ**

| သိမှုဆိုင်ရာအဆင့် | သိမှုဆိုင်ရာ ဖြစ်စဉ်များ | မေးခွန်းများ |
|---|---|---|
| သိရှိမှတ်မိမှုအဆင့် (Remember) | • သတင်းအချက်အလက်များ၊ ဥပမာဖြစ်ရပ်မှန်များ၊ ဝေါဟာရအခေါ်အဝေါ် နှင့် စည်းမျဉ်းများ စသည်တို့ကို မှတ်မိခြင်း | • …….. မှာဘာလဲ။<br>• …….. ဘယ်မှာလဲ။<br>• ဘယ်လို ……... ဖြစ်ပျက်ခဲ့သလဲ။<br>• ဘာကြောင့်…ဖြစ်တာလဲ။<br>• ဘယ်မှာ…..ဖြစ်ခဲ့သလဲ။<br>• ဘယ်သူတွေ.. အဓိက..ကျသလဲ။ |
| နားလည်သဘောပေါက်မှုအဆင့် (Understand) | • အယူအဆများနှင့် စိတ်ကူး စိတ်သန်းများကို နားလည် သဘောပေါက်ခြင်း | • မည်သည့်အချက်များ (သို့မဟုတ်) မည်သည့် စိတ်ကူး စိတ်သန်း များ…. ဖော်ပြသလဲ။<br>• …….. ၏ အဓိက စိတ်ကူး/ အတွေးအမြင်မှာ ဘာလဲ။<br>• မည်သည့်ဖော်ပြချက်များက …….. ကို ပံ့ပိုးပေးသနည်း။<br>• မည်သည်တို့ ဖြစ်ပျက်နေသည်ကို သင်ရှင်းပြနိုင်ပါသလား။<br>• …….. ဘာကိုဆိုလိုသလဲ။<br>• မည်သို့အနှစ်ချုပ်မည်နည်း။ |
| လက်တွေ့ အသုံးချမှု အဆင့် (Apply) | • ယခင်ကသိရှိပြီးခဲ့သော အချက်အလက်တို့ကို အနေအထား/ဝန်းကျင်အသစ်တစ်ခုထဲသို့ ထည့်သွင်း အသုံးပြုခြင်း | • သင်၏ နားလည်မှုကို မည်သို့ ……..ပြသ မည်နည်း။<br>• …….. ရန်မည်သည့် ချဉ်းကပ်မှုကို အသုံးပြုမည်နည်း။<br>• …….. ရန် အခြား မည်သည့် နည်းလမ်းကို သင်စီစဉ်ပြင်ဆင်မည်နည်း။<br>• ဤသို့ …….. လျှင် မည်သည့် ရလဒ်ရမည်နည်း။<br>• …….. ရန် အချက်အလက် များကို အသုံးပြုနိုင်ပါသလား။<br>• …….. ကိုပြောင်းလဲ စေနိုင်ရန် အတွက် မည်သည့်အခြေခံ အချက်များကို သင်ရွေးချယ် မည်နည်း။ |

| သိမှုဆိုင်ရာအဆင့် | သိမှုဆိုင်ရာ ဖြစ်စဉ်များ | မေးခွန်းများ |
|---|---|---|
| ခွဲခြမ်း စိတ်ဖြာ လေ့လာခြင်းအဆင့် (Analyse) | • အချက်အလက်များကို အစိတ်အပိုင်းအသီးသီး အဖြစ်သို့ ခွဲခြမ်းစိတ်ဖြာခြင်း<br>• စိတ်ကူးစိတ်သန်းများ၊ အတွေးအခေါ်များ တစ်ခုနှင့်တစ်ခု အကြား ဆက်စပ်နေမှုကို သိရှိခြင်း။<br>• အယူအဆများ (သို့မဟုတ်) ဖြစ်စဉ်များကို နှိုင်းယှဉ်ခြင်း<br>• တစ်ခုနှင့် တစ်ခုအကြား တူညီမှု၊ ခြားနားမှုများကို နှိုင်းယှဉ်ခြင်း၊ အချက်အလက်များ၊ ထင်မြင်ယူဆချက်များ၊ ကြိုတင်မှန်းဆချက်များ (hypothesis) နှင့် ကောက်ချက်ချခြင်းများ (conclusion) တို့ တစ်ခုနှင့်တစ်ခု အကြား ခြားနားချက်များကို မှတ်မိသိရှိခြင်း | • မည်သည်တို့သည် ------ ၏ ထူးခြားသော သွင်ပြင်လက္ခဏာများ ဖြစ်ကြသနည်း။<br>• ------ သည် ------ နှင့် မည်သို့ ဆက်စပ်နေသနည်း။<br>• ------ ၏ ခြားနားသော အစိတ်အပိုင်းအသီးသီးတို့ကို သတ်မှတ်ဖော်ထုတ်နိုင်ပါသလား။<br>• ------ ရန်မည်သည့် သက်သေအထောက်အထားများကို သင်တွေ့ ရှိရသနည်း။<br>• ------ နှင့် ------ အကြားတွင် ဆက်သွယ်မှုမှာ အဘယ်နည်း။<br>• ------ နှင့် ------ အကြားသင် ခွဲခြား သတ်မှတ်နိုင်ပါသလား။ |
| အကဲဖြတ်သုံးသပ်ခြင်းအဆင့် (Evaluate) | • စိတ်ကူးစိတ်သန်းများ၊ ဖြစ်စဉ်များနှင့် ရလဒ်များ၏ တန်ဖိုးအကြောင်း အကဲဖြတ်မှုပြုခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ခြင်း<br>• ကောက်ချက်ချနိုင်ရန် အသုံးပြုသော စံသတ်မှတ်ချက်များ (သို့) သဘောတရားများကို ဖော်ပြခြင်း | • ဆောင်ရွက်ချက်များ/လုပ်ဆောင်ချက်များကို သင်သဘောတူညီပါသလား။<br>• ------ ရလဒ်ကို သဘော တူညီပါသလား။<br>• မည်သို့ သက်သေထူမည်နည်း။ သဘောမတူကြောင်းမည်သို့ ပြမည်နည်း။<br>• သင် ------ ဤကဲ့သို့ ------ လျှင် ပိုမိုကောင်း မွန်မည်ဖြစ်ပါသလား။<br>• မည်သည်တို့ကို ထောက်ခံအကြံပြုချက် ပေးမည်နည်း။<br>• ------ ကို သင်မည်ကဲ့သို့ အဆင့်သတ်မှတ်ပေးမည်နည်း။ |

| သိမှုဆိုင်ရာအဆင့် | သိမှုဆိုင်ရာ ဖြစ်စဉ်များ | မေးခွန်းများ |
|---|---|---|
| တီထွင်ဖန်တီးခြင်း (Create) | • ကိုယ်ပိုင်စိတ်ကူးသစ်/အတွေးအမြင်သစ် တစ်စုံတစ်ရာကို ထုတ်လုပ်ခြင်း<br>• မိမိနှင့်အကျွမ်းမဝင်သော ပြဿနာသစ်များကို တမူထူးခြားသည့်နည်းဖြင့် ဖြေရှင်းနိုင်ခြင်း<br>• အစိတ်အပိုင်းအပိုင်းအစငယ် အသီးသီး တို့ကို ပေါင်းစပ်ကာ ပြည့်ဝသော တည်ဆောက်မှု အသစ်တစ်ခု ဖန်တီးခြင်း<br>• အချက်အလက်များကို ခြားနားသော နည်းတစ်နည်း အသုံးပြု၍ စုစည်းခြင်း | • ------ ပြဿနာကို ဖြေရှင်းရန် မည်သည့် အပြောင်းအလဲကို သင်လုပ်ဆောင်ရမည်နည်း။<br>• သင်သည် ------ ကိုမည်သို့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည်နည်း။<br>• ------ အခြားတစ်နည်း/တစ်မျိုး ကို သင်အဆိုပြုနိုင်ပါသလား။<br>• ခြားနားသော ------ ကို ဖန်တီး တီထွင်ရန် သင်မည်သို့ ညှိနှိုင်းပြုပြင်ပေးမည်နည်း။<br>• အစီအစဉ် (စီမံကိန်း) တစ်ခုကို သင်မည်ကဲ့သို့ ပြောင်းလဲ (ပြုပြင်) ပေးနိုင်မည်နည်း။ |

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤအခန်းငယ်အတွက် မေးခွန်းများကို ပြန်လည်ဆန်းစစ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

- အဖွင့်မေးခွန်းများနှင့် အပိတ်မေးခွန်းများ အကြား ခြားနားမှုမှာ အဘယ်နည်း။
- ဆရာက မေးခွန်းမေးရာတွင် စောင့်ဆိုင်းချိန် တိုးမြှင့်ပေးခြင်း၏ အကျိုးကျေးဇူးများသည် မည်သည့်တို့ဖြစ်ကြသနည်း။
- "အစပျိုး-တုံ့ပြန်-သုံးသပ်" အဆင့်များပါဝင်သော မေးခွန်းမေးခြင်း အစဉ်ဆိုသည်မှာ အဘယ် နည်း။ ၎င်းနည်းလမ်း/နည်းဗျူဟာ၏ အကန့်အသတ်များ/ချွတ်ယွင်း အားနည်းချက်များ (Limitation) မှာ မည်သည်တို့ဖြစ်ကြသနည်း။

- အဆင့်မြင့်တွေးခေါ်ရမှုပါဝင်သော မေးခွန်းထုတ်နိုင်ရန်သင်မည်သို့ စီစဉ်ပြင်ဆင်နိုင်သနည်း။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ**

**မေးခွန်း ၁။** အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်းများအကြား ခြားနားမှုကိုဖော်ပြပါ။

**အဖြေ။** *အပိတ်မေးခွန်းများတွင် သာမန်အားဖြင့် မှန်ကန်သော အဖြေတစ်ခုတည်းသာ ရှိကြပြီး စဉ်းစားရာတွင်လည်း ရိုးစင်းစွာ စဉ်းစားရုံမျှဖြင့် ဖြေဆိုနိုင်သည်။ လေးလေးနက်နက်အဆင့်မြင့် တွေးခေါ်မှုမလိုအပ်ပါ။ အပိတ်မေးခွန်းများကို ဆင်တူသော/စုဆုံသော မေးခွန်းများ(convergent questions) ဟုလည်းသိရှိကြသည်။ အဖွင့်မေးခွန်းများအတွက်မူ ပိုမိုရှုပ်ထွေးနက်နဲသော အဖြေကိုပေးရန် လိုအပ်ပါသည်။ အဖွင့်မေးခွန်းများကို ခွဲဖြာသွားသော မေးခွန်းများ (divergent questions) ဟုလည်းသိရှိကြသည်။*

**မေးခွန်း ၂။** ဆရာ၏ မေးခွန်းအသုံးပြုမှုတွင် စောင့်ဆိုင်းချိန် (wait time) တိုးမြှင့်ပေးခြင်း၏ အကျိုးကျေးဇူးများကို ဖော်ပြပါ။

**အဖြေ။** *ဆရာ၏စောင့်ဆိုင်းချိန်ကို ပုံမှန်စောင့်ဆိုင်းချိန်ထက်(၃) စက္ကန့်နှင့် (၅) စက္ကန့်ခန့်တိုးမြှင့်မည် (သို့မဟုတ်) ထို့ထက် အနည်းငယ်ပိုတိုးမြှင့်ပေးနိုင်လျှင် ကျောင်းသားများ၏ အဖြေမှာ ပိုမို ပြည့်စုံ (ရှည်လျား) လာပြီး အရည်အသွေးလည်း ပိုမိုပြည့်ဝလာစေနိုင်သည်။*

*ဆရာစောင့်ဆိုင်းပေးချိန် အလွန်တိုးတောင်းလျှင် ကျောင်းသားများကလည်း အလွန်တို တောင်းသော အဖြေများကိုသာပေးနိုင်ကြမည်ဖြစ်သည်။ စောင့်ဆိုင်းချိန်ကို တိုးမြှင့်ပေးလိုက် လျှင်မူ ကျောင်းသားများက အဖြေကို ပိုမို၍ ပြည့်ပြည့်စုံစုံ ပေးနိုင်လာကြရန် အလားအလာများ ပိုမိုပေါ်ပေါက်လာသည်။ စောင့်ဆိုင်းချိန်ပိုမိုကြာမြင့်လာသောအခါ*

*ကျောင်းသားများက ဖြစ်နိုင်ခြေ အမျိုးမျိုးတို့ကို တွေးခေါ်စဉ်းစားကာ သူတို့စိတ်ကူး များကိုလည်း အဘယ်ကြောင့် သုံးရကြောင်းကို အကြောင်း ပြချက်များလည်း ပေးနိုင် လာသည်။ စောင့်ဆိုင်းချိန်ကို တိုးမြှင့်ပေးခြင်းအားဖြင့် ပေးထားသော မေးခွန်းကို စဉ်းစားရာတွင် တစ်တန်းလုံးမှ ကျောင်းသားအားလုံးပါဝင်နိုင်စေရန် မျှော်မှန်းထားနိုင် သည်။ ပုံမှန်အားဖြင့် ရှေ့ဆုံးမှ လက်ထောင်ကာ မေးခွန်းဖြေဆိုခွင့်ကို အမြဲသိမ်းပိုက် ထားသော ကျောင်းသားများကိုသာ ပါဝင် ခွင့်မပေးဘဲ အခြားကျောင်းသား များအားလုံး ပါဝင်နိုင်မည့်အခွင့်အလမ်းများကို ရရှိစေသည်။*

**မေးခွန်း ၃။** အစပျိုးခြင်း-တုံ့ပြန်ခြင်း-သုံးသပ်ခြင်း (I.R.E) အဆင့်များပါဝင်သည့် ဆရာ၏မေးခွန်းမေးခြင်း အစီအစဉ်ကို ဖော်ပြပါ။ ဤအစီအစဉ်သည် မည်သည့်လုပ်ငန်း အတွက် ထိရောက်မှုရှိသနည်း။

**အဖြေ။** *အစဉ်တွင်ပါဝင်သော အဆင့်များမှာ -*

- *အစပျိုးခြင်း (Initiate) အဆင့်တွင်ဆရာကမေးခွန်းမေးသည်။*
- *တုံ့ပြန်ခြင်း (Response) ဆရာက အဖြေဖြေဆိုပေးမည်။ ကျောင်းသားတစ်ဦး ကို ရွေးချယ်လိုက်သည်။ ထို့နောက်*
- *(အကဲဖြတ်) သုံးသပ်ခြင်း (Evaluate) ဆရာက ကျောင်းသား၏ အဖြေကို လက်ခံမည် သို့မဟုတ် လက်မခံပါ။*

*ကျောင်းသားများ၏ နားလည်မှုကို ခပ်မြန်မြန် စစ်ဆေးအကဲဖြတ်လိုသောအခါ (ထို ရည်ရွယ်ချက်ဖြင့် အသုံးပြုလျှင်) IRE အစဉ်သည် ထိရောက်မှု ရှိပါသည်။ ထိုနည်းလမ်း သည် ဆရာ ဗဟိုပြုသော ချဉ်းကပ်မှု တစ်ခုဖြစ်သည်။ ကျောင်းသားတစ်ဦးက အဖြေ ဖြေဆိုပြီးချိန်တွင် ထိုကျောင်းသားနှင့်တကွ ကျန်ကျောင်းသားများအားလုံးက ဆရာကို သာ အာရုံစူးစိုက်ပြီး အဖြေ၏ အမှား/အမှန်ကို သိလိုစိတ်အားသန်နေတတ်ကြသည်။ ကျောင်းသားအချင်းချင်း ဆွေးနွေးမှုကို ဖန်တီးမပေးနိုင်ပါ။ IRE အစဉ်ကို တစ်နည်းတစ်ဖုံ ကောင်းမွန်လာစေရန် ကျောင်းသားများအား မေးခွန်းတစ်ခုစီ၏ အဖြေတစ်ခုစီကို ရေးသားစေပြီး သူငယ်ချင်းတစ်ဦးနှင့် မျှဝေစေရမည်။ ဤသို့ ဆောင်ရွက်စေခြင်းဖြင့် ကျောင်းသားဗဟိုပြုနည်းလမ်း အဖြစ်သို့ - ပြောင်းလဲလာစေသည်။ လိုအပ်လျှင် ကျောင်းသားများက တွေးခေါ်စဉ်းစားချိန်နှင့် ဆရာ၊ ကျောင်းသား အပြန်အလှန် စကားပြောမှုရေးသားချိန်တို့အတွက် လုံလောက်သော အချိန်ပေးထားရမည်။*

**မေးခွန်း ၄။** အဆင့်မြင့် တွေးခေါ်မှု သုံးရသော မေးခွန်းမျိုးကို မေးမြန်းနိုင်စေရန်အတွက် ဆရာက မည်ကဲ့သို့ စီစဉ် ပြင်ဆင်နိုင်သနည်း။

**အဖြေ။** *အဆင့်မြင့်တွေးခေါ်မှုပိုမို တိုးမြှင့်ပေးရန် လိုအပ်သော မေးခွန်းများကို စီစဉ်ပြင်ဆင်ရာတွင် ဂရုတစိုက်ဆောင်ရွက်ရန်လိုအပ်သည်။ ပြန်လည်ပြုပြင်မွမ်းမံထားသော သိမှုဆိုင်ရာသင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်းက ဆရာများအား မေးခွန်းများ စီစဉ်ရေးသားရာတွင် အထောက်အပံ့ပြုပေးသည်။ မေးခွန်းများကို မှတ်မိခြင်းအဆင့်နှင့် စတင်ပြီး အဆင့်အသီးသီးအလိုက် ခွဲခြမ်းစိတ်ဖြာခြင်း၊ ပေါင်းစပ်ခြင်းနှင့် အသစ်တီထွင် ဖန်တီးခြင်းအဆင့်ထိ ဖြစ်စဉ် တစ်လျှောက်လုံးတွင် ကျောင်းသားများအား ငြမ်းဆင်ပံ့ပိုး ထောက်ကူပြုပေးနိုင်ကြသည်။*

# ၃.၃။ ကျောင်းသားများနှင့်အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း

ကျောင်းသားများ၊ ကျောင်းသားမိဘများနှင့် မည်သို့ကောင်းမွန်စွာ အပြန်အလှန် ပြောဆို ဆက်သွယ်ရမည်ကို သိရှိခြင်းသည် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ထဲတွင်ပါဝင်သော ဆရာ့တတ်ကျွမ်းမှုတစ်ခုဖြစ်သည်။ ဆရာနှင့် ကျောင်းသားများ အကြား အပြန်အလှန်ဆက်သွယ်ရေးကောင်းမွန်မှုနှင့် စာသင်ခန်းတွင်း ယုံကြည်မှုနှင့် လေးစားမှု တည်ဆောက်နိုင်ခြင်းသည် သင်ကြားမှု သင်ယူမှု လုပ်ငန်းအတွက် မရှိမဖြစ် အရေးပါသည်။[၂၉] ဤအခန်းငယ်တွင် စာသင်ခန်းတွင်း ထိရောက်သော အပြန်အလှန် ပြောဆို ဆက်သွယ်မှုကို ဟန့်တားနေသည့် အတားအဆီး အခက်အခဲများနှင့် စာသင်ခန်း အတွင်း ထိရောက်ပြီး ကျောင်းသားအားလုံး အကျုံးဝင် ပါဝင်နိုင်စေမည့် နည်းဗျူဟာများကို အသေးစိတ် လေ့လာသင်ယူရမည်။

## ၃.၃.၁။ ထိရောက်မှုရှိပြီး ကျောင်းသားအားလုံး အကျုံးဝင် ပါဝင်နိုင်စေသော ပြောဆိုဆက်ဆံမှု

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- စာသင်ခန်းတွင်း ထိရောက်သော ပြောဆိုဆက်ဆံမှုကို ဟန့်တားနေသည့် အတားအဆီး အခက်အခဲများအကြောင်းကို ဆွေးနွေးတတ်မည်။
- စာသင်ခန်းများတွင် ထိရောက်မှုရှိပြီး ကျောင်းသားအားလုံး ပါဝင်ပြောဆိုဆက်ဆံ နိုင်ရေးအတွက် အသုံးပြုနိုင်သော နည်းဗျူဟာများကို အကြမ်းဖျင်း ဖော်ပြ တတ်မည်။

[၂၉] Duţa, 2015.

- နာကြားမှုနှင့် စကားပြောဆိုမှု၌ အခက်အခဲရှိသော ကလေးများ သင်ယူမှုပြုနိုင်ရန် ထောက်ကူသည့် ဆက်သွယ်ပြောဆိုမှု (Augmentative and Alternative Communication - AAC) နှင့်ပတ်သက်၍ နားလည်သဘောပေါက်ကြောင်းကို ပြသတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှုလိုအပ်ချက်ရှိသော သင်ယူသူများအပါအဝင် နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား၊ မ၊ တိုင်းရင်းသားမျိုးနွယ်စု၊ ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် သင်နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၂.၂.၁) သင်ကြားသင်ယူမှုဖြစ်စဉ်ကို အထောက်အကူပြုရန် online မှဖြစ်စေ၊ offline မှဖြစ်စေ ရရှိသော ပညာရေးဆိုင်ရာ နည်းကိရိယာများနှင့် ပစ္စည်းများ၏ လုပ်ဆောင်မှုနှင့် ရည်ရွယ်ချက်ကို ဖော်ပြသည်။

(က) (၃.၂.၁) စာသင်ခန်းအတွင်း လုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက် အားလုံးပါဝင်သည့် ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြုသည့် ဥပမာများ ပေး၍ ဖော်ပြသည်။

(က) (၃.၂.၂) မိဘများ၊ ရပ်ရွာအဖွဲ့အစည်းများမှ လူကြီးများ၊ ခေါင်းဆောင်များနှင့် အပြန်အလှန် ပြောဆိုဆက်ဆံသောအခါ ၎င်းတို့ ၏လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှု နောက်ခံအခြေအနေများကို သတိပြု၍ ဆက်ဆံသည်။

(ခ) (၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသား အားလုံး ပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေးအတွက် စာသင်ခန်းနေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြုသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ထိရောက်မှုရှိသော ပြောဆိုဆက်ဆံမှုကို ထိခိုက်စေသည့် အဟန့်အတားများကိုပြသော သရုပ်ဖော်ပုံ (Mind map)

သင်ယူမှုလုပ်ငန်း (၂) - ဆရာများ၏သင်ကြားမှုဆိုင်ရာ လက်တွေ့ ဆောင်ရွက်ချက်များအပေါ်၌ အကဲဖြတ်သုံးသပ်ခြင်း

သင်ယူမှုလုပ်ငန်း (၃) - စာသင်ခန်းတွင်း ဇာတ်ညွှန်းဇာတ်ကွက်တစ်ခုကို ပြန်လည်သုံးသပ်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - မေးခွန်းမေးခြင်း၊ အချင်းချင်း ဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၃.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - ကားချပ်ကြီးဆွဲရန် စာရွက်နှင့်မာကာများ (ရရှိနိုင်လျှင်)

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- စာသင်ခန်းတွင်း ထိရောက်သော ပြောဆိုဆက်ဆံမှုကို ဟန့်တားနေသည့် အတားအဆီး အခက်အခဲများအကြောင်းကို ဆွေးနွေးတတ်မည်။
- စာသင်ခန်းများတွင် ထိရောက်မှုရှိပြီး ကျောင်းသားအားလုံး ပါဝင်ပြောဆို ဆက်ဆံနိုင်ရေးအတွက် အသုံးပြုနိုင်သော နည်းဗျူဟာများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။

၂။ အောက်ပါ အချက်များကို ကျောင်းသားများ သိရှိအောင် အလေးပေးဖော်ပြပါ။

- ယခင်သင်ခန်းစာတွင် မေးခွန်းများအသုံးပြုခြင်းအကြောင်းကို လေ့လာခဲ့ကြသည်။
- ထိရောက်စွာ မေးခွန်းမေးတတ်ခြင်းသည် ကျောင်းသားအားလုံးနှင့် အပြန်အလှန် ပြောဆိုဆက်ဆံတတ်သူ ဆရာတစ်ဦး၏ ကျွမ်းကျင်မှုအစုံထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်သည်။
- ကျောင်းသားများအားလုံးနှင့် ပြောဆိုဆက်ဆံနိုင်စေရန် ဆရာများက ကျောင်းသားများအား လွယ်ကူချောမွေ့စွာ သင်ယူနိုင်စေပြီး ဘေးကင်း လုံခြုံစိတ်ချရမှုရှိသော သင်ယူမှု ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်ပေး ရပါမည်။။

၃။ ကျောင်းသားကိုင်စာအုပ်တွင်ပါဝင်သော "လူတိုင်းအကျုံးဝင်ပြောဆိုဆက်ဆံမှု - ထူးခြားသောလက္ခဏာများနှင့်အတားအဆီးများ" အပိုင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၄။ ပုံ (၃.၁၂) တွင်ဖော်ပြထားသည့် အချက်အလက်ဖော်ပြချက် (profile) နှစ်ခုကို ဖတ်ရှုလေ့လာပြီး ၎င်းတို့၏ မူလတန်းနှင့် အလယ်တန်းကျောင်းတွင် နေခဲ့စဉ်က ၎င်းတို့အတွေ့အကြုံများသည် မည်သည့်ဖော်ပြချက်ကို ကိုယ်စားပြုနိုင်မှု အများဆုံးဖြစ်ကြောင်း စဉ်းစားရန် ကျောင်းသားများ ကို ညွှန်ကြားပါ။

၅။ ကျောင်းသားများအား သူတို့ အဖြေများကို မျှဝေစေရမည်။

## သင်ယူမှုလုပ်ငန်း (၁)။ ထိရောက်မှုရှိသော ပြောဆိုဆက်ဆံမှုကို ထိခိုက်စေသည့် အဟန့်အတားများကိုပြသော သရုပ်ဖော်ပုံ (Mind map)

| | |
|---|---|
| **အချိန်** | (၄၀) မိနစ်<br>အပိုင်း (က) (၁၅) မိနစ်၊ အပိုင်း (ခ) (၁၀) မိနစ်<br>အပိုင်း (ဂ) (၅) မိနစ်၊ မျှဝေခြင်း (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား (၃) ဦးစီ ပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - စာသင်ခန်းတွင်းထိရောက်စွာ ပြောဆိုဆက်ဆံမှုကို ထိခိုက်စေသည့် အဟန့်အတားများကို စဉ်းစားတတ်စေရန်နှင့် ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းဗျူဟာများကို သိရှိလာစေရန်

၁။ ကျောင်းသားများကို (၃) ဦးလျှင်အုပ်စုတစ်ခုအဖြစ် ဖွဲ့စည်းရန်ညွှန်ကြားပါ။

၂။ (ဖြစ်နိုင်ပါက) အုပ်စုတစ်ခုကို ကားချပ်ကြီးဆွဲရန် စာရွက်ကြီးတစ်ချပ်နှင့် မာကာများ ပေးထားပါ။

၃။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ပါ သင်ယူမှုလုပ်ငန်း(၁)ကို လေ့လာရန် ညွှန်ကြားပါ။

၄။ သင်ယူမှုလုပ်ငန်း၏ အပိုင်း (၃) ပိုင်းကို ဆောင်ရွက်ရန် ကျောင်းသားများအား ညွှန်ကြားပါ။

- **အပိုင်း (က)** - စာသင်ခန်းတွင်း ထိရောက်သော ပြောဆိုဆက်ဆံမှုများကို ထိခိုက်စေသော အဟန့်အတား အခက်အခဲများကိုပြသည့် အကြောင်းအရာ ဆက်သွယ်မှုပြပုံတစ်ခု (Mind map) ဆွဲသားပေးပါ။ (ကားချပ်ကြီး ပေါ်တွင် (သို့မဟုတ်) သင်၏ကျောင်းသားကိုင်စာအုပ်တွင်)
- ဆရာက ကျောင်းသားများကို ဤသို့ညွှန်ကြားပါ။
  - ပုံ (၃.၁၃) တွင် တွေ့မြင်ရသည့်အတိုင်း “စာသင်ခန်းတွင်း ထိရောက်သော ပြောဆိုဆက်ဆံမှုကို ထိခိုက်စေသည့် အဟန့်အတား” ကို အကြောင်းအရာဆက်သွယ်မှုပြမြေပုံ၏ အလယ်ဗဟိုတွင် ထည့်သွင်းရေးဆွဲရမည်။

- ပုံကို ဗဟိုချက်မှ ဘေးဘက်သို့ ချဲ့ထွင်ဆွဲသားရာတွင် အကြောင်းအရာ/ အချက်အလက် အစွယ်အပွားများ(sub-themes) (ဥပမာ - ဘာသာစကားဆိုင်ရာအကြောင်းရင်းများ) နှင့် ဥပမာများ (ဥပမာ - ကွဲပြားခြားနားသော ဘာသာစကား နောက်ခံအမျိုးမျိုးစသည်) နောက်ထပ်အချက်အလက် အစွယ်အပွားများကိုပြသည့် လေးထောင့်ကွက်များ ဆက်လက်ထည့်လိုလျှင် ထည့်နိုင်သည်။

- **အပိုင်း (ခ)** - ဆရာက ထိုပြဿနာ/ အဟန့်အတားများကို ဖြေရှင်းရန် အသုံးပြုမည့် နည်းဗျူဟာများကို သတ်မှတ်ဖော်ထုတ်ပါ။ အကြောင်းအရာ ခွဲနှစ်ခု (သို့မဟုတ်) အဟန့်အတား/ အတားအဆီး (၂) ခု ကိုလည်း ရွေးချယ်ပါ။
- **အပိုင်း (ဂ)** - ဆွဲသားထားသော အကြောင်းအရာဆက်သွယ်မှုပြပုံကို ပြန်လည်လေ့လာပါ။ စာသင်ခန်းတွင်း ကျောင်းသားအားလုံး ပါဝင်ပြောဆိုဆက်သွယ်မှုကို ထိခိုက်စေသည့် အဟန့်အတား/ အတားအဆီးများအနက် မည်သည့်အုပ်စုမှ ကျောင်းသားများတွင် အခက်ခဲဆုံး အတားအဆီးများနှင့် တွေ့ကြုံနိုင်သည်ကို ပြန်လည်ဆန်းစစ်ပါ။ နိုင်ငံတကာ ပညာရေးဗျူရိုနှင့် ယူနက်စကိုအဖွဲ့၏ အဆိုအရ လူတိုင်း/ ကျောင်းသားတိုင်း အကျုံးဝင်မှုသည် အောက်ပါတို့နှင့် ဆက်စပ်နေသည်။
    - ကျောင်းသားများစာသင်ခန်းတွင်း၌ (သင်ယူမှုလုပ်ငန်းများ၌) အပြည့်အဝ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို နှောင့်ယှက်ဖျက်ဆီးနေသည့် အတားအဆီး အဟန့်အတားများကို ခွဲခြားသတ်မှတ်ဖော်ထုတ်ပြီး ဖယ်ရှားပစ်နိုင်မှု
    - ထိခိုက်နစ်နာသော ကျောင်းသားအုပ်စုများ - ထိုကျောင်းသားတို့သည် မွေးလျှော့ခံ၊ လစ်လျူရှုခံရခြင်း၊ ပထုတ်ဖယ်ကြဉ်ခံထားရခြင်း (သို့မဟုတ်) ပညာရေးဆိုင်ရာအောင်မြင်မှု နိမ့်ပါးခြင်း/ မအောင်မြင်ခြင်း စသည်တို့နှင့် တွေ့ကြုံရမည့်ဆဲဆဲအခြေအနေတွင် ရှိကြသည်။ ထိုသို့ခွဲခြားဆက်ဆံမှု၏ သားကောင်ဖြစ်အံ့ဆဲ ကလေးငယ်များ/ ကျောင်းသားများ အုပ်စုကိုလည်း ဖေးမတွဲကူကာ သင်ယူရာ၌ အကျုံးဝင်စေရပါမည်

၅။ အဖြေများမျှဝေပေးမည့် ကျောင်းသားများကို ရွေးချယ်ပေးပါ။


## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းနှင့်မျှဝေမည့် ကျောင်းသားများအားရွေးချယ်ခြင်းအားဖြင့် သူတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

### အပိုင်း (က)

ပုံ ၃.၁၃ (က) က ဖြည့်ထားပြီးသော ဥပမာတစ်ခုကိုဖော်ပြသည်။




**ပုံ ၃.၁၃ (က) ။ စာသင်ခန်းတွင်း ထိရောက်မှုရှိသောပြောဆိုဆက်ဆံမှုကို ထိခိုက်စေသည့် အဟန့်အတားများကိုပြသည့် အကြောင်းအရာဆက်သွယ်ပုံပြ သရုပ်ဖော်ပုံ**

# အပိုင်း (ခ)

ကျောင်းသားများသည် သူတို့၏ အကြောင်းအရာ ဆက်သွယ်မှုပြပုံထဲတွင် အဟန့်အတားများကို သတ်မှတ်ဖော်ထုတ်ထားပြီးဖြစ်လိမ့်မည်။ ဤအပိုင်းကို ဆောင်ရွက်ရန်အတွက် သူတို့ကို ဥပမာတစ်ခု ပံ့ပိုးထားသည်။

**ဇယား ၃.၅။ စာသင်ခန်းတွင်းထိရောက်သော ပြောဆိုဆက်ဆံမှုကို ထိခိုက်စေသည့် အဟန့်အတား များကို ကိုင်တွယ်ဖြေရှင်း ကျော်လွှားနိုင်မည့် နည်းလမ်းများ**

| အဟန့်အတားများ | နည်းဗျူဟာများ/ နည်းလမ်းများ |
|---|---|
| **ဘာသာစကား အဟန့်အတားများ** | • ရိုးရှင်းသော ဝေါဟာရကို သုံးခြင်း<br>• ဥပမာများနှင့် သရုပ်ဖော်ပုံများကိုသုံးခြင်း<br>• ထပ်ကြိမ်များစွာလေ့ကျင့်ခြင်းနှင့် ရှင်းလင်းပြခြင်း<br>• အဖြတ်အတောက်မှန်ကန်စွာနှင့် ဖြည်းဖြည်းပြောခြင်း<br>• နားလည်သဘောပေါက်မှုကိုစစ်ဆေးရန် မေးခွန်းများမေး ခြင်း<br>• ကျောင်းသားတစ်ဦးနှင့်တစ်ဦး သင်ယူမှုကို အပြန်အလှန် အထောက်အပံ့ပြုရန် အားပေး တိုက်တွန်းခြင်း |
| **အဟန့်အတား(၁)** | |
| **အဟန့်အတား(၂)** | |

## အပိုင်း (ဂ)

စာသင်ခန်းထဲ၌ပါဝင်မှုတွင် အကြီးမားဆုံး/အရေးပါဆုံး အဟန့်အတားများနှင့် ကြုံတွေ့နိုင်သည့် ကျောင်းသားအုပ်စုများမှာ -

- မြန်မာဘာသာစကားသည် ၎င်းတို့အိမ်သုံးဘာသာစကားမဟုတ်သည့် တိုင်းရင်းသား လူမျိုး/မျိုးနွယ်စု ကျောင်းသားများ
- ဆင်းရဲနွမ်းပါးသော မိသားစုများမှ ပေါက်ဖွားလာသော ကျောင်းသားများ
- မသန်စွမ်းကျောင်းသား (သို့မဟုတ်) အထူးလိုအပ်ချက်ရှိသော ကျောင်းသားများ

မှတ်သားရန်မှာ - ကျောင်းအရည်အသွေးအာမခံမှု သတ်မှတ်ချက် အညွှန်းဘောင်က အားနည်းချက်ရှိသော ကျောင်းသားများကို ကျား/မ ရေးရာ၊ မသန်စွမ်းမှု၊ ဆင်းရဲနွမ်းပါးမှု နှင့်မျိုးနွယ်စု တို့ ရှုထောင့်မှ သုံးသပ်ကာ အဓိပ္ပာယ်သတ်မှတ်ဖွင့်ဆိုပေးထားသည်။

## စာသင်ချိန် (၂)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- စာသင်ခန်းတွင်း၌ ထိရောက်မှုရှိပြီး ကျောင်းသားအားလုံး ပါဝင်ပြောဆိုဆက်ဆံနိုင်ရေး အတွက် အသုံးပြုနိုင်သော နည်းဗျူဟာများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ် “ထိရောက်မှုရှိပြီး လူတိုင်းအကျုံးဝင်သည့် ပြောဆိုဆက်ဆံမှု တည်ဆောက်နိုင်ရေး” အကြောင်းကိုဖတ်ရန် ကျောင်းသားများအား ညွှန်ကြားပါ။

၃။ TCSF အရ လုပ်ငန်းခွင်တွင် စတင်တာဝန်ထမ်းဆောင်ခါစ ဆရာများသည် ကျောင်းသားများနှင့် ကောင်းမွန်စွာ ပြောဆိုဆက်ဆံနိုင်ခွင့် ရှိရန်လိုအပ်သည်။ ဤတတ်ကျွမ်းမှု၏ အညွှန်းကိန်းတစ်ခုမှာ ဆရာက ကျောင်းသားများ အားလုံး ပါဝင်နိုင်မည့် လုပ်ငန်းကို ပံ့ပိုးနိုင်သော အရည်အချင်း ဖြစ်သည်။
(က) (၃.၂.၁) စာသင်ခန်းအတွင်းလုပ်ငန်းများတွင် ကျောင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုအတွက်အားလုံး ပါဝင်သည့်ဆက်သွယ်မှု (inclusive communication) ကို အထောက်အကူပြု သည့် ဥပမာများပေး၍ ဖော်ပြသည်။

၄။ နိုင်ငံတကာဆိုင်ရာ ပညာရေးဗျူရိုနှင့်ယူနက်စကို အဖွဲ့တို့က သတ်မှတ်ဖော်ထုတ်ထားသည့် ကျောင်းသားအားလုံးအကျုံးဝင် ပါဝင်ဆောင်ရွက်နိုင်သည့် စာသင်ခန်း တစ်ခု၏ အဓိကကျသော ဝိသေသလက္ခဏာ (၈) ချက်ကို ဖတ်ရှုပါ။

- ကျောင်းသားအားလုံးတို့ကို စိတ်ထဲ၌ သာတူညီမျှ အလေးထားဂရုပြုလျက် ဆရာက သင်ကြားမှုကို စီစဉ်ပြင်ဆင်ခြင်း၊
- သင်ခန်းစာသည် ကျောင်းသားများအားလုံး ပါဝင်စေမှုကို အားပေးခြင်း၊
- ကျောင်းသားများက သူတို့၏ ကိုယ်တိုင်သင်ယူမှုတွင် စိတ်ပါလက်ပါ တက်တက်ကြွကြွ ပါဝင်ကြခြင်း၊
- သင်ယူရာ၌ ကျောင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထောက်ပံ့ကူညီပေးကြရန် တိုက်တွန်းအားပေးခြင်း၊
- ကျောင်းသားများ အခက်အခဲနှင့် ရင်ဆိုင်ရသည့်အခါ ပံ့ပိုးမှု၊ ကူညီမှုများ ပေးခြင်း၊
- စာသင်ခန်း စည်းမျဉ်းစည်းကမ်းများသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားမှုနှင့် ကျန်းမာရေးနှင့် ညီညွတ်စေမှုတို့အပေါ် အခြေခံခြင်း၊
- စိတ်ပူပန်သည့်အခါနှင့် စိတ်အခန့်မသင့်သည့်အခါတွင် မိမိခံစားချက်များ ကို ရင်ဖွင့်ပြောပြ တိုင်ပင်နိုင်သူတစ်ဦးဦး (ဆရာ) ရှိနေသည်ဟု ကျောင်းသား တို့က ခံယူခြင်း၊
- အသုံးပြုထားသော စစ်ဆေးအကဲဖြတ်မှုပုံစံက ကျောင်းသားအားလုံးတို့ကို အောင်မြင်မှု ရရှိစေခြင်း။

၅။ ထိုလက္ခဏာများထဲမှ တစ်ခုကိုရွေးချယ်ပါ။ (ဥပမာ- ကျောင်းသားများသည် ၎င်းတို့စိတ်ပူနေချိန်၊ စိတ်ဆိုးနေချိန်၌ ဖွင့်ဟတိုင်ပင်စရာ တစ်စုံတစ်ဦးရှိသည်

ဟုခံစားရခြင်း) ထို့နောက် ဤအကြောင်းအရာနှင့်ဆက်စပ်သည်ဟု သတ်မှတ်ထားသော အဟန့်အတား/ အတားအဆီးတစ်ခုကို ရှာဖွေချိတ်ဆက်ပေးပါ။ (ဥပမာ - ကျောင်းသားတစ်ဦးသည် အိမ်မှမိသားစုပြဿနာ/ အခြေအနေများကြောင့် စိတ်ညစ်နေရခြင်း (သို့မဟုတ်) ကျောင်း၌ ဗိုလ်ကျစိုးမိုးခံရမှု/ အနိုင်ကျင့်ခံရမှုကြောင့် စိတ်ညစ်ခြင်း)

## သင်ယူမှုလုပ်ငန်း (၂)။ ဆရာများ၏သင်ကြားမှုဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များအပေါ်၌ အကဲဖြတ်သုံးသပ်ခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် (လုပ်ငန်းဆောင်ရွက်မှု - ၃၀ မိနစ်၊ မျှဝေခြင်း - ၁၀ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲလုပ်ငန်း |

**ရည်ရွယ်ချက်** - လူတိုင်းအကျုံးဝင်ပါဝင်စေနိုင်သည့် စာသင်ခန်းများတွင် ဆရာ၏ လက်တွေ့သင်ကြားလုပ်ဆောင်မှုတို့ကို ပြန်လည်သုံးသပ် စဉ်းစားတတ်စေရန်

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲစီ တွဲ၍ သင်ယူရန်ပြောပါ။

၂။ သင်ယူမှုလုပ်ငန်း (၂) ကိုဆောင်ရွက်ရန် ပြောပါ။

၃။ ဩစတြေးလျလူမျိုး ပညာရှင် Anne Mahon က စာသင်ခန်းတွင်း လူတိုင်းအကျုံးဝင် ပြောဆိုဆက်ဆံမှုနှင့် လူတိုင်းအကျုံးဝင် သင်ယူနိုင်မှုအတွက် သူမ၏အကြံပြုချက်များကို ဇယား (၃.၆) တွင် မျှဝေပေးထားသည်ဟု ကျောင်းသားများကို ဆရာက ရှင်းပြပါ။

၄။ အောက်ပါတို့ဆောင်ရွက်ရန် ကျောင်းသားများကိုညွှန်ကြားပါ။

- အကြံပြုချက်များကို ဖတ်ရှုလေ့လာပြီး ညာဘက် ထောင်လိုက်ကွက်ထဲတွင် မှတ်စုရေးပါ။
- ညာဘက်ထောင်လိုက်ကွက်တွင် သင်မှတ်စု ရေးထားပြီးသော အကြံပြုချက်များကို ပြန်လည်ဆန်းစစ်ပါ။ လူတိုင်းအကျုံးဝင်မှုရှိသော စာသင်ခန်း

တစ်ခု၏ ထူးခြားသော လက္ခဏာ (၈) ခုကို ရည်ညွှန်းကိုးကားပြုလျက် Anne ၏ စာသင်ခန်းတွင် ထင်ဟပ်နေသော ထိုလက္ခဏာများကို ဖော်ထုတ်သတ်မှတ်ပေးပါ။

- ဥပမာအားဖြင့် Anne ၏ ပထမအကြံပြုချက်မှာ "ငြိမ်းဆင်မှုကိုပံ့ပိုးပေးခြင်း" နှင့် "လိုက်လျောညီထွေဖြစ်စွာ ညှိယူပြုပြင်မှု" သည် အောက်ပါဝိသေသလက္ခဏာ (၂) ရပ်နှင့် ဆက်စပ်နေသည်။
- ဝိသေသလက္ခဏာအမှတ်(၁)- ကျောင်းသားအားလုံးတို့ကို စိတ်ထဲ၌ သာတူညီမျှအလေးထား ဂရုပြုလျက် ဆရာက သင်ကြားမှုကို စီစဉ်ပြင်ဆင်ခြင်း၊
- ဝိသေသလက္ခဏာအမှတ်(၅)- ကျောင်းသားများ အခက်အခဲနှင့် ရင်ဆိုင်ရသည့်အခါ ပံ့ပိုးမှု၊ ကူညီမှုများပေးခြင်း

၅။ အဖြေများမျှဝေမည့် ကျောင်းသားများကို ဆရာကရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းနှင့် အဖြေမျှဝေပေးမည့် ကျောင်းသားများကို ရွေးချယ်ခြင်းဖြင့် ကျောင်းသားများ၏ နားလည်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**ဇယား ၃.၆ (က) ။ လူတိုင်းအကျုံးဝင် ပြောဆိုဆက်ဆံမှုများနှင့် လူတိုင်းအကျုံးဝင် သင်ယူမှုတို့ အတွက် အကြံပြုချက်များ**

| လူတိုင်းအကျုံးဝင်မှုရှိသော စာသင်ခန်း၌ စကားလက်ဆုံပြောခြင်း၏ အခန်းကဏ္ဍ- Anne Mahon(2017) ဩစတြေးလျလူမျိုးပညာရေး ပညာရှင်[၂၀] | အကြံပြုချက် | ဝိသေသ လက္ခဏာ များ |
|---|---|---|
| • သင့်ကျောင်းသားများ၏ စွမ်းဆောင်နိုင်မှုများကို သိရှိလာစေသည်။ ကျောင်းသား၏ဖွံ့ဖြိုးမှု ဇုဟိုချက်မရပ်ဝန်း (Zone of Proximal Development-ZPD)အတွက် သင့်လျော်သောငြမ်းဆင်မှု ပြုပေးသည်။ သင်ယူချိန်တစ်လျှောက်လုံးတွင် ကျောင်းသားများ တစ်ဦးမကျန် ပါဝင်နိုင်စေရန် သင်ယူရာတွင် သူတို့နှင့် သင့်လျော်အောင် သင်ခန်းစာကို လိုက်လျော ညီထွေ ညှိယူပြုပြင်ပေးနိုင်သည်။<br>• ကျောင်းသားများနှင့်ဆရာအကြား’ နှင့် ‘ကျောင်းသားများ အချင်းချင်း အကြား’ ဆက်ဆံရေးတည်ဆောက်မှုအတွက် အချိန်ပေးကာ အင်တိုက် အားတိုက် ဆောင်ရွက်သည်။ ကျောင်းသားများနှင့် ဆရာအကြား၌ ဖြစ်စေ၊ ကျောင်းသားများ အချင်းချင်းအကြား၌ဖြစ်စေ ခင်မင်ရင်းနှီးမှု တည်ဆောက်ရခြင်းမှာ အချိန်ယူရသော လုပ်ငန်းဖြစ်သည်။ ဤသို့ ခင်မင်ရင်းနှီးမှု ရှိလာသောအခါ ကျောင်းသားများသည် ဘေးကင်းလုံခြုံ စိတ်ချရမှုကို ခံစားလာရပြီး သူတို့ပြောလိုသည့် ပြောရမည့် ကိစ္စရပ်များ ကို မျှဝေတတ်လာပြီး ဘာတွေပြောရမလဲဆိုတာကိုလည်း နားလည် လာကြသည်။<br>• စာသင်ခန်းအတွင်း၌ ကျောင်းသားတိုင်းပါဝင်ဆောင်ရွက်ခွင့် ညီတူညီမျှ ရှိမှု၊ တစ်ဦးချင်းစီ၏ ထိုက်တန်မှုနှင့် တန်ဖိုးတို့ကို အလေးအနက် ထားကာ ဆောင်ရွက်ပေးသည်။<br>• အပြန်အလှန်ပြောဆိုဆက်သွယ် ချဉ်းကပ်မှုကို ကျင့်သုံးသည်။ ကျွန်ုပ် တို့သည်(ဆရာများ) ကျောင်းသားများနှင့် နီးကပ်စွာ လုပ်ငန်း ဆောင် ရွက် သင့်သည်။ သူတို့ပြောလာသည်များကို နားထောင်ပေးခြင်းနှင့် သူတို့ရရှိလာသော စိတ်ကူးများကို အားပေးခြင်းတို့ပြုရမည်။<br>• ပူးပေါင်းပါဝင်လုပ်ဆောင်မှု လိုအပ်ပြီး ကလေးများအတွက် စိတ်ရော ကိုယ်ပါ တက်ကြွစွာဆောင်ရွက်လိုစိတ် ပေါ်ပေါက်လာစေသည့် သင်ယူမှု အတွေ့အကြုံ အမျိုးမျိုးနှင့် သင်ယူမှုလုပ်ငန်းအမျိုးမျိုးတို့ကို ပံ့ပိုးပေးနိုင်သည်။ ကျောင်းသားများနှင့် ဆရာများအား ခြားနားသော ချဉ်းကပ်ပုံအမျိုးမျိုးနှင့် သူတပါးတို့၏ ထင်မြင်ချက်အမျိုးမျိုးတို့ကို နားထောင်စေခြင်းအားဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်မှုက သူတို့၏ ပြဿနာ ဖြေရှင်းရာ၌ ကျွမ်းကျင်မှုများကို မြှင့်တင်ပေးသည်။ ပူးပေါင်း ပါဝင်လုပ်ဆောင်မှုက ပြဿနာ ဖြေရှင်းရာ၌ မွမ်းမံနိုင်စေသည့် ထိုးထွင်း သိမြင်မှု အသစ်များကို ရရှိစေသည်။ | ငြမ်းဆင်မှုနှင့် လိုက်လျော ညီထွေ ညှိယူ ပြုပြင် သည်။ | # ၁<br># ၅<br><br>#၇<br>#၄<br><br>#၂<br>#၆ |

၂၀ Mahon, 2017.

| လူတိုင်းအကျုံးဝင်မှုရှိသော စာသင်ခန်း၌ စကားလက်ဆုံပြောခြင်း၏ အခန်းကဏ္ဍ- Anne Mahon(2017) ဩစတြေးလျလူမျိုးပညာရေး ပညာရှင် | အကြံပြုချက် | ထူးခြားသော လက္ခဏာများ |
|---|---|---|
| • ကျောင်းသားများအား အချင်းချင်း စကားလက်ဆုံ ပြောနိုင်စေရန် တွေး-တွဲမျှဝေနည်းကို ကျင့်သုံးထားသည်။ သို့မဟုတ် ကျောင်းသား အချင်းချင်း ကူညီသင်ကြားပေးခြင်းနည်းကို ကျင့်သုံးသည်။ အသိပညာ ကြွယ်ဝသော ကျောင်းသားတစ်ဦးနှင့် သင်ခန်းစာ နားလည်မှု အားနည်းသော ကျောင်းသားတစ်ဦးတို့ကို တွဲဖက်သင်ယူစေသည်။ ကျောင်းသားအချင်းချင်း ပူးပေါင်းပါဝင် လုပ်ဆောင်မှုကို ပုံစံအမျိုးမျိုး နှင့် ဆောင်ရွက်ပေးနိုင်သည်။ ဆိုလိုသည်မှာ ပြဿနာတစ်ရပ်၏ အဖြေကို ရှာဖွေစေရာ၌ နှစ်ယောက်တစ်တွဲ လက်တွဲဆောင်ရွက်စေ ခြင်းအားဖြင့် တစ်ဦးချင်းအမှီအခိုကင်းမဲ့စွာ လုပ်ဆောင်စဉ်က မဆောင်ရွက်နိုင်ခဲ့ သည်များကို အောင်မြင်စွာဆောင်ရွက်လာစေနိုင် သည်။ | | #၂ |
| • ကျောင်းသားများအား သူတို့၏ သင်ယူမှု အတွေ့အကြုံများကို နှုတ်တိုက် ပြောပြစေသည်။ ကျောင်းသားများကို စကားပြောခွင့်ပေးပါ။ နှုတ်သွက် လျှာသွက် ပြောနိုင်လာအောင် သင်ယူမှု၌ စကားအပြန် အလှန် ပြောမှုကို အားပေးပါ။ | | #၃<br>#၄ |
| • လုပ်ဆောင်ပြီးသော လုပ်ငန်းကို ပြန်လည်သုံးသပ် စဉ်းစားတတ်စေရန် ကျောင်းသားများကို အားပေးတိုက်တွန်းပါ။ သူတို့ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့မှုများကို ပြန်လည်သုံးသပ်ရန်နှင့် နောက်ထပ် တစ်ကြိမ်၌ မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်စွမ်းရှိမည်ကိုလည်း သုံးသပ်စဉ်းစားတတ်စေရန် အားပေးပါ။ စာသင်ခန်းတွင်း၌ ကျောင်း သားများ ငြိမ်သက် နှုတ်ဆွံ့မနေဘဲ အစဉ်မပြတ် ပြောဆိုဆက်ဆံနေစေ ရန် လိုအပ်သောအစီအစဉ်များထားပါ။ သို့မှသာ သူတို့၏အနာဂတ် သင်ယူမှုတွင် အထောက်အကူဖြစ်စေမည့် ပြန်လည်သုံးသပ် စဉ်းစား တတ်ခြင်း နှင့် အဆင့်မြင့်တွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုများကို အများနှင့် မျှစေနိုင်မည် ဖြစ်ပါသည်။ | | #၃ |


## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ အကြောင်းအရာတစ်ခုကို ဟန်ပန်အမူအရာကိုကြည့်ပြီး အဓိပ္ပာယ်ဖော်ရသော ကစားနည်း အပိုင်းတိုတစ်ခု (Charade) ကို ကစားရန် ကူညီလမ်းညွှန်ပါ။ သို့မဟုတ် သရုပ်ဆောင် သင်ယူမှုတစ်ခုကို ဆောင်ရွက်ရန် ညွှန်ကြားပါ။ ထိုသရုပ်ဆောင်မှုတွင် ကျောင်းသားများက စကားတစ်ခွန်းမျှမပြောဘဲ ခြေလက်ဟန်ပန် မျက်နှာ အမူအရာတို့ကို ကြည့်ရှုကာ အဓိပ္ပာယ် ဖော်ရမည်။

၂။ ရုပ်ပုံများမှတစ်ဆင့် ဆက်သွယ်ခြင်း၊ ရုပ်ပုံဖြင့် အဓိပ္ပာယ်ဖော်ခြင်း(emoji) များသည် အဘယ်ကြောင့် ကမ္ဘာတစ်ဝန်းလုံး အသုံးပြုသော ဘာသာစကား ဖြစ်လာရကြောင်းကို ဆွေးနွေးပါ။



၃။ ကျွန်ုပ်တို့ဆက်သွယ်ပြောဆိုမှုနှင့် ကူးလူးဆက်ဆံမှုပြုကြရာတွင် ဆက်သွယ်နည်းပေါင်း အမြောက်အမြားရှိကြောင်းနားလည်စေရန် ပြောပြပါ။

၄။ ဤစာသင်ချိန် အတွက်သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ)
ဤစာသင်ချိန်ပြီးဆုံးသည့်အခါသင်သည်-

- နာကြားမှု နှင့် စကားပြောဆိုမှု၌ အခက်အခဲရှိသော ကလေးများသင်ယူမှု ပြုနိုင်ရန် ထောက်ကူသည့် ဆက်သွယ်ပြောဆိုမှု (Augmentative and Alternative Communication - AAC) နှင့်ပတ်သက်၍ နားလည် သဘောပေါက်ကြောင်းကို ပြသတတ်မည်။

၅။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ နာကြားမှုနှင့် စကားပြောမှု၌ အခက်အခဲရှိသူကလေးများ၏ သင်ယူမှုကို အထောက်အကူပြုပေးသည့် ဆက်သွယ်ပြောဆိုမှုကို ဖတ်ရှုလေ့လာစေသည်။

၆။ အောက်ပါ အချက်များကို အလေးပေးဖော်ပြပါ။

- ထောက်ကူမြှင့်တင်ပေးသည့် ဆက်သွယ်မှုနှင့်သုံးရိုးသုံးစဉ်မဟုတ်သော ဆက်သွယ်မှု တို့ကို လိုအပ်သည့် ကျောင်းသားများသည် သူတို့ စကားပြောရာ၌ ဖြစ်စေ၊ သူတစ်ပါးတို့ ပြောလိုက်သည့် စကားလုံးကိုနားလည်ရာ၌ဖြစ်စေ အားနည်းချက်၊ ချွတ်ယွင်းချက်များ သိသာထင်ရှားစွာရှိကြသည်။ သူတို့၏ အားနည်းချွတ်ယွင်းချက်များတွင် ပြောစကားကို နားမလည်ခြင်းနှင့် အတူ ရေးထားသည်တို့ကို မဖတ်တတ် ခြင်းလည်း အပါအဝင်ဖြစ်သည်။

- စကားပြောရန်အခက်အခဲရှိသူ ကလေးများနှင့် ဘာသာစကားနားလည်ရန် အခက်အခဲရှိသူ ကလေးများသည် -
    - နားကြားမှုနှင့်စကားပြောမှု၌ အခက်အခဲရှိသူ ကလေးများ၏ သင်ယူမှုကို အထောက်အကူပြုပေးသည့် ဆက်သွယ်ပြောဆိုမှု (AAC) ဆက်သွယ်ပြောဆိုမှုကိုသုံးရန် အမြဲလိုအပ်သည်။
    - အချို့ကျောင်းသားများမှာမူ စကားပြောတတ်သော်လည်း စကားလုံး အရေအတွက် အနည်းငယ်/ အချို့ကိုသာ ပြောနိုင်စွမ်းရှိကြသည်။ ဝါကျရှည်များပြောလိုသည့်အခါနှင့် သူတို့နှင့်မသိကျွမ်းသူများကို ဆက်သွယ်ပြောဆိုရန် လိုသောအခါတို့တွင် (AAC) ကို အသုံးပြုကြရသည်။
- လိုအပ်ချက်ရှိသောကျောင်းသားများ၏သင်ယူမှုကိုမြှင့်တင်ထောက်ကူပေးနိုင်သော ဆက်သွယ်မှု နှင့် သုံးရိုးသုံးစဉ်မဟုတ်သောဆက်သွယ်မှု တို့တွင် နည်းလမ်း အမျိုးအစား (၂) ခု ပါဝင်သည်။
    - နည်းပညာသုံး အထောက်အကူမပါသော ပြောဆိုဆက်သွယ်မှု- ဤဆက်သွယ်မှုအမျိုးအစားတွင် လူ့ကိုယ်ခန္ဓာလှုပ်ရှားမှု အမူအရာဖြင့် ဆက်သွယ်ခြင်းပါဝင်သည်။ အခြား အထောက်အကူပြုပစ္စည်းတစ်ခုမှာ ပြောပြလို ဆက်သွယ်လိုသောအကြောင်းအရာကို နှုတ်မှမပြောဘဲ လက်ဟန်ခြေဟန် သင်္ကေတပြု၍ ပြောဆိုခြင်းဖြစ်သည်။ လက်ဟန်ခြေဟန်များ (gestures)၊ ကိုယ်ခန္ဓာလှုပ်ရှားမှုသုံး ဘာသာစကား (Body Language) (ဥပမာ-ခေါင်းငြိမ့်၊ ခေါင်းခါ၊ လက်ယပ်) ၊ မျက်နှာရိပ် မျက်နှာကဲပြခြင်းများ (facial expressions) နှင့် သင်္ကေတပြ ဘာသာစကား (sign language) လက်သင်္ကေတ စသည်တို့မှတစ်ဆင့် ဆက်သွယ်ပေးခြင်းဖြစ်သည်။
    - နည်းပညာသုံး အထောက်အကူပါသော ပြောဆိုဆက်သွယ်မှု- အရိုးရှင်းဆုံးပုံစံဖြစ်သည့် မင်တံ၊ စက္ကူတို့မှသည် ပို၍ ရှုပ်ထွေးဆန်းပြားသော နည်းပညာသုံး ကိရိယာများအထိသုံးကာ အထူးလိုအပ်ချက်ရှိသော ကျောင်းသားများက ဆက်သွယ်ပြောဆိုရာတွင် ကူညီမှုပြုသော ဆက်သွယ်နည်းဖြစ်သည်။

၇။ ကျောင်းသားများအား ဇယား (၃.၇) ကိုလေ့လာစေပြီးနောက် ဤဇယားကို အထောက်အကူပြု ပစ္စည်းမသုံးရာမှာ သုံးရာသို့ တရွေ့ရွေ့ပြောင်းလဲလာပုံ အစဉ်အတိုင်းဖွဲ့စည်းထားကြောင်း ရှင်းပြပါ။

- အထောက်အကူပြုပစ္စည်းမပါဝင်သော ဆက်သွယ်မှု - နည်းပညာမသုံးခြင်း- မည်သည့် ကိရိယာ တစ်စုံတစ်ခုမျှမလိုအပ်ဘဲ ကိုယ်ခန္ဓာမှ အာရုံကြော လှုပ်ရှားမှုအနည်းငယ်သာလိုအပ်ခြင်း။
- အထောက်အကူပြုပစ္စည်းပါဝင်သော ဆက်သွယ်မှု -သာမန်နည်းပညာ(low-technology) ကို အသုံးပြုသည် - ပစ္စည်းကိရိယာ တစ်ခုလိုအပ်သည် (လျှပ်စစ်အသုံးမပြုသော)
- အထောက်အကူပြုပစ္စည်းပါဝင်သော ဆက်သွယ်မှု-အဆင့်မြင့်နည်းပညာကို အသုံးပြုသည် - ပစ္စည်းကိရိယာ တစ်ခုလိုအပ်သည် (လျှပ်စစ်အသုံးပြုသော)

## သင်ယူမှုလုပ်ငန်း (၃)။ စာသင်ခန်းတွင်း ဇာတ်ညွှန်းဇာတ်ကွက်တစ်ခုကို ပြန်လည်သုံးသပ်ခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် - လုပ်ငန်းဆောင်ရွက်မှု ၁၅ မိနစ်၊ မျှဝေခြင်း ၁၀ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ သင်ယူမှု |

**ရည်ရွယ်ချက်** - စာသင်ခန်းတစ်ခုအကြောင်း ရေးသားထားသည့် ဇာတ်လမ်း ဇာတ်ညွှန်းတစ်ပုဒ်ကို ဖတ်ပြီးနောက် ပြန်လည်သုံးသပ်ရန်

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲ၍ လေ့လာစေမည်။
၂။ သင်ယူမှုလုပ်ငန်း (၃) ကိုကြည့်ရန်ညွှန်ကြားပါ။
၃။ ကျောင်းသားများကိုအောက်ပါအတိုင်းရှင်းပြပါ။

- သင်္ကေတပြ ဘာသာစကားသည်လည်း နည်းပညာသုံး အထောက်အကူပါသောနှင့် မပါသောပြောဆိုဆက်သွယ်မှု (AAC) ပုံစံတစ်မျိုးဖြစ်သည်။
- လေးထောင့်ကွက် (၃.၅) က ဖြတ်ဆက်လုပ်ငန်းဖြင့် သင်ယူသော သင်ခန်းစာတစ်ခုတွင် အကြားအာရုံချို့တဲ့သော ကလေးတစ်ဦး မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပုံကို ဖော်ပြထားသည်။ နားကြားမှု၌ အခက်အခဲရှိသော ထိုကျောင်းသားသည် ပထမဆုံးအကြိမ်အဖြစ် အခြားကျောင်းသားအချင်းချင်းနှင့် ဆက်သွယ်ပြောဆိုနိုင်ခဲ့သည်။

၄။ အောက်ပါမေးခွန်းများကို သူငယ်ချင်းတစ်ဦးနှင့်အတူလေ့လာဖြေဆိုပါ။ အကြားအာရုံချို့တဲ့သော ကျောင်းသားသည် ပထမဆုံးအကြိမ်အဖြစ် သင်ယူမှုတွင် အပြည့်အဝ အောင်မြင်စွာ မည်ကဲ့သို့ ပါဝင်နိုင်ခဲ့ပါသနည်း။ ဤဇာတ်ညွှန်းဇာတ်လမ်းအရ အကြားအာရုံချို့တဲ့သူ ကျောင်းသားများအား စာသင်ခန်းလက်ထောက်ဆရာများက ထောက်ပံ့ကူညီရန်မလိုဟု ဆိုလိုပါသလား။ ဤဇာတ်လမ်းမှ မည်သည့် သဘောတရားကို သင်ယူနိုင်သနည်း။

၅။ အဖြေများကို အတန်းနှင့် မျှဝေပေးမည့် ကျောင်းသားများကိုရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

လိုအပ်လာလျှင် ကျောင်းသားများကို ဤသို့ညွှန်ကြားနိုင်သည်။

၁။ သင်ယူမှုလုပ်ငန်း (၁) မှ အပိုင်း (က) ကို ပြန်လေ့လာပါ။ သင်တို့ဆွဲထားသော အကြောင်းအရာ ဆက်သွယ်မှုပြပုံတွင် နောက်ထပ်ထည့်သွင်းလိုသော အကြောင်းအရာ အဆက်အသွယ်များ ရှိပါသလား။ ထိုဂရပ်ဖစ်ပုံက စာသင်ခန်းတွင်း ပြောဆိုဆက်ဆံမှုကို ဟန့်ထားသော အတားအဆီးများအကြောင်း ဖော်ပြထားသည်။

၂။ သင်ယူမှုလုပ်ငန်း (၁) ၏ အပိုင်း (ဂ) ကို ပြန်လေ့လာပါ။ စာသင်ခန်းတွင်း သင်ယူရာ၌ ပြောဆို ဆက်ဆံမှုနှင့် ပတ်သက်၍ အရေးပါဆုံး အဟန့်အတားများ/ သိသာ ထင်ရှားမှုရှိသော အဟန့်အတားများနှင့် ကြုံတွေ့နေရသော ကျောင်းသားအုပ်စုများ အကြောင်းကို ပြန်လည်သုံးသပ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း**- အကြားအာရုံချို့တဲ့သော ကျောင်းသားသည် ပထမဆုံးအကြိမ်အဖြစ် သင်ယူမှုတွင် အပြည့်အဝ အောင်မြင်စွာ မည်ကဲ့သို့ ပါဝင်နိုင်ခဲ့ပါသနည်း။

***အဖြေ*** - *သင်နည်းဗေဒဆိုင်ရာနည်းလမ်းတစ်ခု (ဖြတ်ဆက်လုပ်ငန်း) မှ တစ်ဆင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းသဘောသဘာဝမှာ ကျောင်းသားအားလုံး အပြန်အလှန် ပြောဆို ဆက်ဆံစေပြီး အားလုံးကို ပါဝင်ဆောင်ရွက်စေသည်။*

**မေးခွန်း**- ဤဇာတ်ညွှန်း ဇာတ်လမ်းအရ အကြားအာရုံချို့တဲ့သူ ကျောင်းသားများအား စာသင်ခန်း လက်ထောက်ဆရာများက ထောက်ပံ့ကူညီရန်မလိုဟု ဆိုလိုပါသလား။

***အဖြေ*** *- မဟုတ်ပါ။ လက်ထောက်ဆရာများက အထူးလိုအပ်ချက်ရှိသော ကျောင်းသားများ အတွက် အဟန့်အတားဖြစ်ခြင်းမရှိပါ။*

ထိရောက်မှုရှိသော သင်နည်းဗေဒ (သင်ပြနည်း)၏ အကျိုးသက်ရောက်မှုကို ဤဇာတ်ညွှန်းက ကွင်းကွင်းကွက်ကွက် ပြသလိုခြင်းဖြစ်သည်။

**မေးခွန်း**- ဤဇာတ်လမ်းမှ မည်သည့် သဘောတရားကို သင်ယူနိုင်သနည်း။

***အဖြေ*** *- ကျောင်းသားအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက် သင်ယူမှုပြုနိုင်သော စာသင်ခန်း တစ်ခု၏ (ထူးခြားသော) ဝိသေသလက္ခဏာများကို ပြန်လည်လေ့လာလိုက လေ့လာနိုင်သည်။*

- ကျောင်းသားအားလုံးတို့ကို စိတ်ထဲ၌ သာတူညီမျှ အလေးထားဂရုပြုလျက် ဆရာက သင်ကြားမှုကို စီစဉ်ပြင်ဆင်ခြင်း
- သင်ခန်းစာသည် ကျောင်းသားများအားလုံး ပါဝင်စေမှုကို အားပေးခြင်း၊
- ကျောင်းသားများက သူတို့၏ ကိုယ်တိုင်သင်ယူမှုတွင် စိတ်ပါလက်ပါ တက်တက်ကြွကြွ ပါဝင်ကြခြင်း၊
- သင်ယူရာ၌ ကျောင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထောက်ပံ့ ကူညီပေးကြရန် တိုက်တွန်းအားပေးခြင်း၊
- ကျောင်းသားများ အခက်အခဲနှင့် ရင်ဆိုင်ရသည့်အခါ ပံ့ပိုးမှု၊ ကူညီမှုများ ပေး ခြင်း။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ယူမှုလုပ်ငန်းနှင့် ကိုက်ညီဆီလျော်သောတတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

- (က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်းအမျိုးမျိုးကို နားလည် သဘောပေါက်ကြောင်း ပြသသည်။
- (က) (၂.၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို သင်ကြား သင်ယူမှုတွင် သင့်လျော်စွာ အသုံးပြုနိုင်မှုကို နားလည် သဘော ပေါက်ကြောင်း ပြသသည်။
- (က) (၃.၂) ကျောင်းသားများနှင့် ၎င်းတို့ရပ်ရွာဒေသ၏ လူမှုရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုများ၊ မတူကွဲပြားခြားနားမှုများကို လေးစားတန်ဖိုးထားကြောင်း ပြသသည်။
- (ခ) (၃.၁) ကျောင်းသားအားလုံး အတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်းပြသည်။

၂။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

- စာသင်ခန်းတွင်း ထိရောက်သော ပြောဆိုဆက်ဆံမှုကို ဟန့်တားနေသည့် အတားအဆီး အခက် အခဲများအကြောင်းကို ဆွေးနွေးတတ်မည်။
- စာသင်ခန်းများတွင် ထိရောက်မှုရှိပြီး ကျောင်းသားအားလုံးပါဝင်ပြောဆို ဆက်ဆံနိုင် ရေးအတွက် အသုံးပြုနိုင်သော နည်းဗျူဟာများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- နာကြားမှု နှင့် စကားပြောဆိုမှု၌ အခက်အခဲရှိသော ကလေးများ သင်ယူမှု ပြုနိုင်ရန် ထောက်ကူသည့် ဆက်သွယ်ပြောဆိုမှု (Augmentative and Alternative Communication - AAC) နှင့် ပတ်သက်၍ နားလည်သဘော ပေါက်ကြောင်းကို ပြသတတ်မည်။

၃။ ဤအခန်းငယ်အတွက် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို ကိုယ်ပိုင်အချိန်တွင် ဖြေဆို ထားရန် ကျောင်းသားများကို ညွှန်ကြားပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** စာသင်ခန်းအတွင်းထိရောက်သော ပြောဆိုဆက်သွယ်မှုကို မည်သည့်အရာတို့က ဟန့်တားနိုင်ဖွယ်ရှိသနည်း။

**အဖြေ။** *ကျောင်းသားအားလုံး အကျိုးဝင်ပြောဆိုဆက်ဆံမှုသည် ကျောင်းသားများအားလုံး စာသင်ခန်းမှ သင်ယူမှုလုပ်ငန်းများကို ပြည့်ပြည့်ဝဝပူးပေါင်းပါဝင် လုပ်ဆောင်မှုကို ဟန့်တား နေသည့် အဟန့်အတား/ အတားအဆီးများကို ဖော်ထုတ်သတ်မှတ်ပြီး ဖယ်ရှားနိုင်မှုနှင့် ပတ်သက်သည်။ အထူးသဖြင့် မေ့လျော့ခံ/လျစ်လျူခံနေရသည့် ကျောင်းသားများနှင့် ကျောင်းစာများကို နားလည်သဘောပေါက်မှု အားနည်းသူများအား စာသင်ခန်းတွင်း၌ အများနည်းတူ ပြောဆိုဆက်ဆံမှု ပြုနိုင်လာစေရန် အဟန့်အတားများကို ဖယ်ရှားသင့်သည်။ စာသင်ခန်းတွင်းထိရောက်သောပြောဆိုဆက်ဆံမှုကိုအဟန့်အတားဖြစ်စေသောအရာများမှာ အောက်ပါတို့ဖြစ်ကြသည်။*

- *ဘာသာစကားဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းရင်းများ - ဥပမာ ကျောင်းသားများသည် ကျောင်း၌သုံးသော ဘာသာစကားကို မကျွမ်းကျင်ခြင်း၊ ကျောင်းသားများ၏ စကားပြောဆို ဆက်သွယ်မှုအတွက် ယဉ်ကျေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ် စသည်တို့သည် အများနှင့်ခြားနားနေသောကြောင့် ဖြစ်သည်။*

- *ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် သက်ဆိုင်သော အကြောင်းရင်းများ - အရွယ်အစားကြီးမားသော အတန်းများတွင် ဆူညံမှုကြောင့် စိတ်အာရုံပျက်ပြားပြီး စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ အတန်းလိုက်စီထားသော စာရေးခုံတန်းများ၊ အပူချိန်မြင့်မားသဖြင့် နေရထိုင်ရခက်ခြင်း၊ စိတ်မသက်မသာဖြစ်ခြင်း*

- *ဇီဝကမ္မဆိုင်ရာ အကြောင်းရင်းများ - ဥပမာ ကျောင်းသား၏ ဉာဏ်ရည် ဉာဏ်သွေး နိမ့်ကျခြင်း (သို့မဟုတ်) နားလေးခြင်း စသည်တို့ရှိခြင်း*

- *စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ အကြောင်းရင်းများ - ကျောင်းသားတစ်ဦးသည် အိမ်မှ မပြေလည်သော အခြေအနေများကြောင့်ဖြစ်စေ၊ ကျောင်း၌ ဗိုလ်ကျစိုးမိုးခံရမှု အနိုင်ကျင့်ခံရမှုတို့ကြောင့်ဖြစ်စေ စိတ်ညစ်ရခြင်း*

**မေးခွန်း ၂။** မည်သည့် ကျောင်းသားအုပ်စုမျိုးသည် စာသင်ခန်းတွင်း ဆက်သွယ် ပြောဆိုရာတွင်နှင့် သင်ယူမှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရာတွင် အကြီးမားဆုံး အဟန့်အတား/ အတားအဆီးများကို ကြုံတွေ့နိုင်ဖွယ်ရှိသနည်း။

**အဖြေ။** *စာသင်ခန်းတွင် အကျိုးဝင်ပြောဆို ဆက်ဆံမှု၌ အဟန့်အတားများကို အသိသာ အထင်ရှားဆုံးကြုံတွေ့ရသည့် ကျောင်းသားအုပ်စုများမှာ အောက်ပါ အမျိုးအစား ကျောင်းသားများ ပါဝင်ကြသည်။*

- *မြန်မာဘာသာစကားသည် သူတို့အိမ်သုံးဘာသာစကား မဟုတ်သည့် တိုင်းရင်းသား လူမျိုးကျောင်းသားများ*
- *ဆင်းရဲနွမ်းပါးသော မိသားစုမှလာသော ကျောင်းသားများ*
- *မသန်စွမ်းသောကျောင်းသားများ (သို့မဟုတ်) အထူး/အပိုလိုအပ်ချက်ရှိသူ ကျောင်းသားများ*

**မေးခွန်း ၃။** ထိရောက်ပြီး ကျောင်းသားအားလုံးပါဝင်မှု၊ ပြောဆိုဆက်ဆံမှုရှိစေရန် မေးခွန်းများ ပေးတတ်ရန်၊ သင်ယူတတ်ရန်အတွက် နည်းဗျူဟာ/ နည်းလမ်းများကို အကြမ်းဖျင်းဖော်ပြပါ။

**အဖြေ။** *လူတိုင်းအကျိုးဝင်ပြောဆိုဆက်ဆံမှုသည်ဆရာကအောက်ပါအချက်များကို ဆောင်ရွက် ထားလျှင် ထင်ရှားသိသာသည်။*

- *ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို ပံ့ပိုးနိုင်ရန်အတွက် သူတို့အား ဆွေးနွေးမှုများတွင် တက်ကြွစွာပါဝင်ဆွေးနွေးစေခြင်း*
- *ကျောင်းသားအားလုံး ဆွေးနွေးမှုတွင် ပါဝင်ဆွေးနွေးစေနိုင်မည့် လမ်းညွှန်များ ချမှတ် ပေးခြင်း*
- *မေးခွန်းများကို အသုံးပြုပြီး ကျောင်းသားများ၏ အဖြေများကို တုံ့ပြန်ပေးရာတွင် တစ်ဦးစီ၏ လိုအပ်ချက်များကို အသိအမှတ်ပြုပေးခြင်း*
- *မတူညီသော ရှုမြင်သုံးသပ်ချက်များ/ တင်ပြချက်များကို လက်ခံပေးခြင်းနှင့် တန်ဖိုး ထားခြင်း*
- *တုံ့ပြန်အကြံပြုချက်များပေးခြင်းနှင့် ကျောင်းသားအချင်းချင်း အပြန်အလှန် တုံ့ပြန် အကြံပြုချက် များပေးနိုင်ရန်အတွက်အချိန်ပေးခြင်း*

**မေးခွန်း ၄။** အထောက်အကူပြု ပစ္စည်းကိရိယာ မသုံးသောဆက်သွယ်မှုပုံစံ (Unaided Communication) နှင့် အထောက်အကူပြုကိရိယာ အသုံးပြုသော ဆက်သွယ်မှုပုံစံ (Aided conmumication) တို့အကြား ခြားနားမှုမှာ အဘယ်နည်း။

**အဖြေ။** *စကားပြောတတ်မှုအားနည်းသော (သို့မဟုတ်) ဘာသာစကားဆိုင်ရာ အခက်အခဲများရှိနေကြသည့် ကျောင်းသားများတွင် ထောက်ကူမြှင့်တင်ပေးနိုင်သော ဆက်သွယ်မှုနှင့် သုံးရိုးသုံးစဉ် မဟုတ်သော ထူးခြားပုံစံ ဆက်သွယ်ပြောဆိုမှု (Augmentative and Alternative Communication) (AAC) လိုအပ်သည်။*

*ကျောင်းသားများက အထောက်အကူပြု ပစ္စည်းကိရိယာမပါသော ဆက်သွယ်မှုပုံစံကို ဖြစ်စေ၊ အထောက်အကူပြုပစ္စည်း ကိရိယာအသုံးပြုသော ဆက်သွယ်မှုပုံစံကိုဖြစ်စေ၊ နှစ်မျိုးစလုံးကိုဖြစ်စေ အသုံးပြုကြလိမ့်မည်။ မည်သည့်အမျိုးအစားကို သုံးရမည်ကို ဆုံးဖြတ် ပေးနိုင်မှုသည် သူတို့၏လိုအပ်ချက်များ အရည်အချင်းများနှင့် ဆက်စပ်နေသော ဝန်းကျင် အခြေအနေများပေါ် မူတည်သည်။*

*အထောက်အကူပြုပစ္စည်းမသုံးသောဆက်သွယ်မှု ဆိုသည်မှာ လူတစ်ဦး၏ ခန္ဓာကိုယ် လှုပ်ရှားမှုကိုသာ အသုံးပြုပြီး အခြေခံပစ္စည်း ကိရိယာ မသုံးချေ။ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် လက်ဟန်ခြေဟန် အမူအရာများ ကိုယ်ခန္ဓာကဖြစ်သော ဘာသာစကား (ခေါင်းညိမ့်ခြင်း) မျက်နှာအရိပ်အကဲ အမူအရာများနှင့် လက်သင်္ကေတ အသုံးပြုမှုများ ပါဝင် သည်။*

*အထောက်အကူပြုပစ္စည်းများအသုံးပြုသောဆက်သွယ်မှု (Aided communication)- ဤ ဆက်သွယ်မှု နည်းလမ်းတွင် အလွန်ရိုးစင်းသော မင်တံနှင့်စာရွက် အပါအဝင် ပိုမိုအဆင့်မြင့် ရှုပ်ထွေးသော နည်းပညာများ သုံးရသည့် ပစ္စည်းကိရိယာများကို သုံးကာ ကျောင်းသားများ အား သင်ယူမှု၌ ပါဝင်ပြောဆို ဆက်ဆံစေသည်။*

# ၃.၄။ တက်ကြွစွာသင်ယူမှု - အပြန်အလှန်ဆက်သွယ်သင်ယူမှု နှင့် ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု (Interactive and Cooperative Learning)

ဤအခန်းငယ်တွင် အပြန်အလှန်ဆက်သွယ်မှုရှိပြီး သြဇာသက်ရောက်မှု ကြီးမားသော သင်ကြားမှုနည်းဗျူဟာများကို အလေးပေးလေ့လာကြမည်။ ပထမဦးစွာ ကျောင်းသားများကို ခြေခြေမြစ်မြစ် ထိရောက်မှုရှိသော စကားဝိုင်းဖွဲ့ခြင်း သဘောတရားနှင့် မိတ်ဆက်စေမည်ဖြစ်သည်။ စာသင်ခန်းတွင်း၌ ဆရာနှင့်ကျောင်းသားအပြန်အလှန် ဆက်သွယ်မှုနှင့် ကျောင်းသား အချင်းချင်း အပြန်အလှန်ဆက်သွယ်မှုတို့ သိသာထင်ရှားလာသောအခါ ခြေခြေမြစ်မြစ် စကားဝိုင်းများ/ စကားလက်ဆုံကျမှုများ ပေါ်ပေါက်လာရသည်။

အဓိပ္ပာယ်ရှိသောစကားဝိုင်းသည် အတန်းတွင်းဆွေးနွေးမှုများမှ တစ်ဆင့် ပေါ်ပေါက်လာနိုင်သည်။ တစ်တန်းလုံးပါဝင်ဆွေးနွေးခြင်းလုပ်ငန်းက ကျောင်းသားများ သင်ယူမှုအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းနိုင်သည်။ သို့ရာတွင် ဤနည်းလမ်းကို သုံးရာ၌ ဂရုတစိုက် စီစဉ်ပြင်ဆင်မှု လိုအပ်သည်။ တစ်တန်းလုံးပါဝင်ဆွေးနွေးခြင်းအတွက် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်းတို့တွင် ပါဝင်နေသော အဆင့်များနှင့် နည်းပညာများကို လည်း လေ့လာရမည်။

ဒုတိယအားဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်သော အုပ်စုလုပ်ငန်း၊ အုပ်စုအခန်းကဏ္ဍများ၊ အုပ်စု၏တာဝန်ဝတ္တရားများ နှင့် ထိုအခန်းကဏ္ဍများအတွင်း ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုတို့ အစု အဝေး (set) စသည်တို့ကိုလည်း အသေးစိတ်လေ့လာသင်ယူရမည်။ အတူတကွစုပေါင်း ပါဝင် ဆောင်ရွက် သင်ယူရသော သင်ယူမှုလုပ်ငန်းတစ်ခုတွင် ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းတစ်ခုလည်း ရလာမည်။ ဤလုပ်ငန်းတွင်စုပေါင်းပါဝင်ဆောင်ရွက်သင်ယူမှု နှင့် ဆီလျော်မည့် သင်ကြားသင်ယူမှုဆိုင်ရာ အခြေအနေအကြောင်းအရာများ၊ ဆက်စပ် ပတ်ဝန်းကျင်များကို ဆွေးနွေးရမည်။ အုပ်စုဝင်ကျောင်းသားများအတွက် သူတို့ပါဝင်

ဆောင်ရွက်မှုများနှင့် အုပ်စုလုပ်ငန်းစဉ်များအကြောင်း သူတို့ကိုယ်တိုင်ကိုယ်ကျ ပြန်လည် သုံးသပ်စဉ်းစား နိုင်စေရန် အကဲဖြတ်သုံးသပ်မှုမေးခွန်းများ ရေးသားရမည်။

## ၃.၄.၁။ အပြန်အလှန်ဆက်သွယ်သင်ယူမှု

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အဓိပ္ပာယ်ရှိသောစကားဝိုင်း အယူအဆကို ရှင်းပြတတ်မည်။
- ကျောင်းသားသင်ယူမှုအတွက် အတန်းတွင်းဆွေးနွေးမှု၏ အကျိုးကျေးဇူးများကို ရှင်းပြတတ်မည်။
- အတန်းတွင်းဆွေးနွေးမှုပြုရန် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်းတို့တွင် ပါဝင်သောအဆင့်များနှင့် နည်းပညာများကို ဖော်ထုတ် သတ်မှတ်တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်း လေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ခ) (၁.၁.၁) သင်ယူမှုစွမ်းရည်များနှင့် ကိုက်ညီမှုရှိပြီး ရည်မှန်းထားသော သင်ယူမှုရလဒ်များ ရရှိစေရန် ဘာသာရပ်ပါ အကြောင်းအရာ၊ ဆက်နွယ်မှုရှိသော အတွေးအခေါ်များနှင့် အသိသညာများကို ရှင်းပြရာတွင် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုသည်။

(ခ) (၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော် လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက် နိုင်ရန် ကျောင်းသားများကို အားပေးသည်။

**အချိန် -** မိနစ်(၅၀)ကြာ စာသင်ချိန် (၄) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း(၁) - စိန်ခေါ်မှုများ/အခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခြင်း

သင်ယူမှုလုပ်ငန်း(၂) - အတန်းတွင်းဆွေးနွေးမှုအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း

သင်ယူမှုလုပ်ငန်း (၃) - ဆွေးနွေးမှုကို ကူညီလမ်းညွှန်ရန်အတွက် ဆရာနှင့် ကျောင်းသားများ အပြန်အလှန်စကားပြောခန်းတစ်ခုတွင် ဆရာအပိုင်းကို ရေးသားခြင်း

သင်ယူမှုလုပ်ငန်း (၄) - ဆရာ၏ အကဲဖြတ်သုံးသပ်မှုအတွက် မေးခွန်းများကို ရေးသားပြုစုခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည် ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင် စာအုပ်များ သင်ခန်းစာ (၃.၄.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ -** ထပ်ဆောင်းရင်းမြစ် ပစ္စည်းများမလိုအပ်ပါ။

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- အဓိပ္ပာယ်ရှိသောစကားဝိုင်း အယူအဆကို ရှင်းပြတတ်မည်။
- ကျောင်းသားသင်ယူမှုအတွက် အတန်းတွင်းဆွေးနွေးမှု၏ အကျိုးကျေးဇူးများကို ရှင်းပြတတ်မည်။

၂။ ကျောင်းသားများကို အောက်ပါအတိုင်းအကြံပြုပါ။

- ဆရာများသည် စံပြုထားသော အစပျိုးခြင်း၊ တုံ့ပြန်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်းအဆင့် (I-R-E) (၃) ဆင့် ပါဝင်သော မေးခွန်းအသုံးပြုခြင်း အစီအစဉ်မှ ခွဲထွက်ကာ အခြားအစီအစဉ် တစ်မျိုး သုံးခြင်းရှိ/မရှိ ကို သင်တို့လက်တွေ့တန်းပြလေ့ကျင့်ခြင်း ဆောင်ရွက်ရသည့်အခါ ကြည့်ရှုလေ့လာ ပါ။ ထိုအဆင့် (၃) ဆင့်ပါသော မေးခွန်း မေးခြင်း/အသုံးပြုခြင်း အကြောင်းကို ဤအခန်းရှေ့ပိုင်းတွင် သင်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။
- ကျောင်းသားတို့၏ အယူအဆပိုင်းဆိုင်ရာ နားလည်သဘောပေါက်မှုနှင့် အဆင့်မြင့် တွေးခေါ်တတ်မှုတို့ကို တိုးမြှင့်ပေးနိုင်ရန် ဆရာများနှင့် ကျောင်းသားများအကြားတွင် ဖြစ်စေ၊ ကျောင်းသားအချင်းချင်းအကြား တွင်ဖြစ်စေ ပိုမိုနက်ရှိုင်းသော ဆွေးနွေးမှု များပေါ်ပေါက်တတ်ပါသလား။
- ဤကဲ့သို့သော သဘောသဘာဝရှိသည့် စာသင်ခန်းတွင်းအပြန်အလှန် ပြောဆိုဆက်သွယ်မှုကို ခြေခြေမြစ်မြစ်ရှိသော/ ထိရောက်သော စကားဝိုင်း ဖွဲ့ခြင်းဟု သိရှိကြသည်။ ဤနေရာတွင် 'ခြေခြေ မြစ်မြစ်' (substantive) ဆိုသောစကားလုံးသည် "အရေးပါသော"၊ "အဓိပ္ပာယ်ပြည့်ဝသော" (သို့မဟုတ်) "သိသာသော" ဟူသည့် အဓိပ္ပာယ်များကို ဆောင်ပါသည်။

- ပုံ (၃.၁၄) တွင် ခြေခြေမြစ်မြစ် ထိမိသော စကားဝိုင်းဖွဲ့မှု ပါဝင်သည့် စာသင်ခန်းများနှင့် ထိုစကားဝိုင်းဖွဲ့မှု မပါဝင်သော စာသင်ခန်းများ၏ ထူးခြားသောလက္ခဏာများကို ဖော်ပြထားသည်။

၃။ ကျောင်းသားများကို အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန်ညွှန်ကြားပါ။

- တစ်အုပ်စုလျှင် ကျောင်းသား (၆) ဦးစီပါသော အုပ်စုများဖွဲ့စည်းရန်
- ပုံ (၃.၁၄) တွင် ပါဝင်သော ခြေခြေမြစ်မြစ် ဆွေးနွေးပွဲ (စကားဝိုင်း) များ ပါဝင်နေသည်။ စာသင်ခန်းများ၏ အဓိကအချက်အလက်များ ဖော်ပြချက် (Profile) နှင့် ခြေခြေမြစ်မြစ် ဆွေးနွေးပွဲ/ စကားဝိုင်းမပါဝင်သော စာသင်ခန်းများအကြောင်း အဓိက အချက်အလက်များ ဖော်ပြချက် (Profile) တို့ကိုဖတ်ရှုရန်
- ထိုစာသင်ခန်း အမျိုးအစား (၂) ခုစလုံးကို ပေါ်လွင်စေမည့် သရုပ်ဆောင်သင်ယူမှု ဇာတ်ကွက်တစ်ကွက်ကို ဖန်တီးပါ။

၄။ သရုပ်ဆောင် သင်ယူမှု ဇာတ်ကွက်ကို တင်ဆက်ပြသမည့် အုပ်စုများကို ရွေးချယ်ပါ။

၅။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်ထဲမှ "အတန်းတွင်းဆွေးနွေးမှု များ၏ ကောင်းကျိုးများနှင့် စိန်ခေါ်မှုများ" ခေါင်းစဉ်ပါအကြောင်းအရာကို ဖတ်ရှုရန် ညွှန်ကြားပါ။

၆။ အောက်ပါအချက်များကို အလေးအနက်ပြောပြပါ။

- ဘာသာရပ်နယ်ပယ်တစ်ခုမှ ခေါင်းစဉ်တစ်ခု (သို့မဟုတ်) ပြဿနာတစ်ခု အကြောင်း ကျောင်းသားများ သိရှိနားလည်မှုကို တိုးမြှင့်ပေးရန် (သို့မဟုတ်) မေးခွန်းတစ်ခုကိုဖြေရန် (သို့မဟုတ်) ပြဿနာတစ်ခုကို ဖြေရှင်းရန်တို့ အတွက် အတန်းတွင်းဆွေးနွေးမှုများကို ဆောင်ရွက်ကြရာ ထိုဆွေးနွေးမှု ကို သင်ခန်းစာတစ်ခုလုံးအတွက်ဖြစ်စေ၊ သင်ခန်းစာ၏ အစိတ်အပိုင်းတစ် ခုအတွက်ဖြစ်စေ ဆောင်ရွက်နိုင်သည်။
- အခြားအစိတ်အပိုင်းများကို အခြားသင်ကြားနည်းနှင့် ဆောင်ရွက်နိုင်သည်။
- အတန်းတွင်း ဆွေးနွေးမှုတစ်ခုသည် ၎င်း၏မူလရည်မှန်းချက် ပန်းတိုင် ထက်မက အခြားအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည်။ ဆွေးနွေးခြင်း သည် သင်ကြားမှု/သင်ယူမှု နည်းလမ်းတစ်ခုဖြစ်ပြီး သင်ယူမှုရလဒ်အမျိုးမျိုး တို့ကို ရရှိလာစေရန် ထိုနည်းကို အသုံးပြုခြင်းဖြစ်သည်။

၇။ ကျောင်းသားများအား လေးထောင့်ကွက် (၃.၆) ကိုကြည့်ရှုစေပြီး ရှင်းပြပါ။ သုတေသန အထောက်အထားများက ဆွေးနွေးမှု၏ ကောင်းကျိုးများကို ပြသထားကြသည်။ ဆွေးနွေးမှု တစ်ခုသည် အောက်ပါတို့ကိုမြှင့်တင်ပေးနိုင်သည်။

- စိတ်ပါဝင်စားစေမှုနှင့် နားလည်သဘောပေါက်မှု
- အဆင့်မြင့် တွေးခေါ်မှုနှင့် ပြောဆိုဆက်သွယ်မှုဆိုင်ရာ ကျွမ်းကျင်မှုများ
- ပြဿနာဖြေရှင်းရာ၌ကျွမ်းကျင်မှုများ
- အသင်းအဖွဲ့လုပ်ငန်းဆောင်ရွက်ရာ၌ ကျွမ်းကျင်မှုများ
- အဆင့်မြင့် သိမှုဆိုင်ရာကျွမ်းကျင်မှုများ

## သင်ယူမှုလုပ်ငန်း (၁)။ စိန်ခေါ်မှုများ/အခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခြင်း

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် (စိန်ခေါ်မှုတစ်ခုစီအတွက် ၁၀ မိနစ် x ၂ = ၂၀မိနစ်၊<br>မျှဝေခြင်း - ၁၀ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၄) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - အတန်းတွင်းဆွေးနွေးမှုတစ်ခု ဆောင်ရွက်နေစဉ် တွေ့ရှိရတတ်သော စိန်ခေါ်မှုများ/အခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေသတ်မှတ် ဖော်ထုတ်ပေးတတ်စေရန်

၁။ အတန်းကို တန်းခွဲ(က) နှင့်တန်းခွဲ (ခ) ဟူ၍ တန်းခွဲ (၂) ခု အဖြစ်သို့ ပိုင်းခြားပါ။

၂။ ကျောင်းသားများအား (၄) ဦး တစ်စုစီ အုပ်စုဖွဲ့ရန် ညွှန်ကြားပါ။ အုပ်စုများကို ဆရာက တန်းခွဲ (က) နှင့် တန်းခွဲ (ခ) တို့ တွင်ခွဲဝေနေရာချထားပေးပါ။

၃။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်း(၁)ကိုကြည့်ရှုရန်ပြောပါ။

၄။ ကျောင်းသားများက အောက်ပါတို့ကို ညွှန်ကြားပါ။

- သင်၏အုပ်စုတွင်းမှ အဖွဲ့ဝင်များနှင့်အတူ ဆွေးနွေးပါ။ ဇယား (၃.၈) တွင် သတ်မှတ် ဖော်ပြထားခဲ့သော စိန်ခေါ်မှုများကို အကောင်းဆုံးဖြေရှင်းနိုင်ရန် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို အုပ်စုအတွင်း ဆွေးနွေးပါ။

- တန်းခွဲ(က)ထဲမှ ကျောင်းသားအုပ်စုများက ပထမစိန်ခေါ်မှု (၂) ခု အတွက် ဖြေရှင်းနည်းများကို ဆွေးနွေးရမည်။
  - ကျောင်းသားများသည် ဆွေးနွေးရမည့်ခေါင်းစဉ် (သို့မဟုတ်) ဆွေးနွေးခြင်း၏ ရည်ရွယ်ချက်ကို မျက်ခြည်ပြတ် လမ်းချော်သွားခြင်း
  - ကျောင်းသားအချို့တို့က ဆွေးနွေးမှုကို လက်ဝါးကြီးအုပ် စိုးမိုးထားခြင်း
- တန်းခွဲ(ခ)တွင် ပါဝင်သောကျောင်းသားအုပ်စုများက ဒုတိယစိန်ခေါ်မှု အမျိုးအစား (၂) မျိုး ကို ဖြေရှင်းကြရမည်ဖြစ်သည်။
  - အချို့ကျောင်းသားများသည် ဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်ရန် မဝံ့မရဲဖြစ်ခြင်း၊ တွန့်ဆုတ်ခြင်း (သို့မဟုတ်) သူတို့၌ ငြိမ်းဆင်ပေးမှု လိုအပ်နေခြင်း။
  - အငြင်းပွားဖွယ်အချက်များကို တင်ပြကြခြင်းနှင့် ဆွေးနွေးပွဲသည် ဒေါသတကြီးငြင်းခုန်မှု ဖြစ်လာခြင်း။

၅။ သင်တို့၏အဖြေများကို ညာဘက်ခြမ်းကော်လံ (ထောင်လိုက်အကွက်) ထဲတွင် မှတ်တမ်းတင် ရေးသားပြီးနောက် အတန်းသို့ပြန်လည် သတင်းပို့မျှဝေရန်လည်း ပြင်ဆင်ထားပါ။ ဥပမာတစ်ခုကို သင်တို့အတွက် ပံ့ပိုးပေးထားသည်။

၆။ အဖြေများကို တစ်တန်းလုံးသို့မျှဝေမည့် အုပ်စုများကို ဆရာကရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

တစ်တန်းလုံးသို့ အဖြေများ မျှဝေပေးမည့် ကျောင်းသားအုပ်စုများကို ရွေးချယ်ခြင်းဖြင့် သူတို့နားလည်သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်နိုင်မည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

### ဇယား ၃.၈(က)။ စိန်ခေါ်မှုများကို ဖြေရှင်းရန်နည်းလမ်းများ - ဥပမာ

| တွေ့ရှိရတတ်သောစိန်ခေါ်မှုများ | ထိုစိန်ခေါ်မှုများကို မည်သို့ဖြေရှင်းမည်နည်း။ |
|---|---|
| တန်းခွဲ(က)မှ အုပ်စုများ<br>• ကျောင်းသားများသည် ဆွေးနွေးရမည့် ခေါင်းစဉ် (သို့မဟုတ်) ဆွေးနွေးခြင်း၏ ရည်ရွယ်ချက်ကို မျက်ခြည်ပြတ် လမ်းချော် သွားခြင်း | • ဆွေးနွေးမှုပုံစံပျက်ယွင်းလာသည့် အမှတ်လက္ခဏာ များကို အာရုံစိုက်သတိထားမိခြင်း (ဥပမာ- ကျောင်းသားများကဆွေးနွေးရမည့်အကြောင်းအရာ ကို မဆွေးနွေးဘဲ အခြား ထွေရာလေးပါး စကားစမြည် ပြောဆိုနေကြခြင်း)<br>• ဆွေးနွေးမှု ဦးတည်ချက် (အလေးထားမှု) ကို ပြန်လည် တည့်မတ်ပေးခြင်း - "ကိုးတန်းကျောင်း သားတွေ ဒီမှာ ခဏလေးရပ်ကြဦး။ မင်းတို့ဆွေးနွေး တာ ဘယ်တွေ ရောက်နေပြီလဲ။ (ခေါင်းစဉ်အတိုင်း ဟုတ်ရဲ့လား) မင်းတို့တွေ ခဏရပ်ကြဦး။ ဆွေးနွေးတာ ဘယ်ရောက်နေပြီလဲ စဉ်းစားကြပါ"<br>• ကျောင်းသားများအား ဆွေးနွေးမှု၏ ရည်ရွယ်ချက် နှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ အကြောင်း ပြောပြကာသတိပေး နှိုးဆော်ပါ။<br>• အဓိကကျသောအချက်များ (သို့မဟုတ်) မေးခွန်းများ ကို ထပ်ကြိမ် များများပြောပါ။<br>• ဆွေးနွေးပွဲ၏ အဓိကဦးတည်ချက်ကို သွေဖယ်မသွား စေရန် ကျောင်းသားတစ်ဦးစီ၏ ပါဝင်ဆွေးနွေးမှုကို အချိန်ကန့်သတ်ပေးထားပါ။ |
| • ကျောင်းသားအချို့တို့က ဆွေးနွေးမှုကို လက်ဝါးကြီးအုပ် စိုးမိုးထားခြင်း | • ဆွေးနွေးပွဲ မစမီကပင် ကျောင်းသားများ အားလုံး ပါဝင် ဆောင်ရွက်မှုအတွက် ရှင်းလင်း ပြတ်သားသော လမ်းညွှန်ချက်များ ချမှတ်ပေးထားပါ။<br>• ကျောင်းသားတစ်ဦးစီ၏ ပါဝင်ဆွေးနွေးမှု အတွက် အချိန် သတ်မှတ် ကန့်သတ်ထားပါ။<br>• နမူနာ လုပ်ဆောင်ကြပါ။ ကျောင်းသားများ သင်ယူရာတွင် ပံ့ပိုးကူညီပါ။ ထိရောက်စွာ မည်သို့ ပါဝင်ဆွေနွေးရမည်ကို ပြောပြပါ။ |

| တွေ့ရသော စိန်ခေါ်မှုများ | ဤစိန်ခေါ်မှုများကို မည်သို့ဖြေရှင်းမည်နည်း။ |
|---|---|
| တန်းခွဲ(ခ)မှ အုပ်စုများ<br>• အချို့ကျောင်းသားများသည် ဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်ရန် မဝံ့မရဲဖြစ်ခြင်း၊ တွန့်ဆုတ်ခြင်း (သို့မဟုတ်) သူတို့၌ ငြမ်းဆင်ပေးမှု လိုအပ်နေခြင်း | • တွန့်ဆုတ်တဲ့ဆိုင်းနေသောကျောင်းသားများအား ဆွေးနွေးမှု၌ ပါဝင်လာနိုင်အောင် လွယ်ကူရှင်းလင်း သော မေးခွန်းများမေးပေးရန် ဖြေဆိုစေရမည်။<br>• ဖြေဆိုပြီးချိန်တွင်လည်း ပါဝင်ဖြေဆိုမှုအတွက် အကျိုးဖြစ်ထွန်းမှုရှိသော အားဖြည့်တိုက်တွန်းမှု ကိုပြုပါ။ (Positive reinforcement) ဥပမာ - "ကြည်ကြည်ရေ ကျေးဇူးတင်တယ်နော် ဒီဆွေးနွေးမှုကို မင်းက ပထမဦးဆုံးပွဲဦးထွက် ဖွင့်ပေးလိုက်လို့ ပေါ့ကွယ်။ ဆရာကတကယ်မင်းဆောင်ရွက်တာကို တန်ဖိုးထားပါတယ်။ ကဲပါ အတန်းထဲက ဘယ်သူတွေက ကြည်ကြည်ပြောပြီးသား အချက်တွေကို ဆက်ဖြည့်ပြီးပြောကြမယ်။ ဒါမှမဟုတ် တခြားစိတ်ကူး တစ်ခုရှိရင် ပြောပြပါ။<br>• ကျောင်းသားများ၏ မှတ်ချက်ပြုမှုများကို ဆရာက ပြန်လည်ပြောပြခြင်းဖြင့် ငြမ်းဆင်မှုကို ဆောင်ရွက်မည်။ ကျောင်းသားများ၏ စိတ်ကူးများကို သင်ပုန်းပေါ်မှာ ရေးချပြပြီး (သို့မဟုတ်) ၎င်းတို့၏ မှတ်ချက်များနှင့် ဆွေးနွေးပွဲ၏ ဦးတည်ချက်များ အကြား ဆက်သွယ်နေမှုများကို ရှင်းပြခြင်းအားဖြင့် ငြမ်းဆင်ပေးသည်။<br>• ကျောင်းသားများ၏ အဖြေများကို သင်က(ဆရာက) အာရုံစိုက်စိတ်ဝင်စားနေကြောင်းညွှန်ပြနိုင်စေရန် ကျောင်းသား အားလုံးဆီသို့ မျက်လုံးတည့်တည့် ကြည့်ပြောပါ။ နှုတ်ထွက်စကားမဟုတ်သော လက် အမူအရာ၊ မျက်နှာအမူအရာတို့ဖြင့် စိတ်ဝင်စားကြောင်းပြောပါ။ |
| • အငြင်းပွားဖွယ်အချက်များကို တင်ပြကြခြင်းနှင့် ဆွေးနွေးပွဲသည် ဒေါသတကြီးငြင်းခုန်မှုဖြစ်လာခြင်း | • ဆွေးနွေးမှုအတွက်လမ်းညွှန်းချက်များကို လိုက်နာ ရန် ကျောင်းသားများကို သတိပေးနှိုးဆော်ပါ။ (ဥပမာ - သူတို့သည် နားထောင်ရာ၌ တက်ကြွစွာ နားထောင်တတ်မှုကို လေ့ကျင့်ရန် လိုအပ်ကြောင်း၊ မတူညီသော အယူအဆများကိုလည်း သဘောထားကြီးစွာ လက်ခံရမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးရာ၌ စိတ်ကူးစိတ်သန်း နှင့် အကြောင်းအရာ အပေါ်၌သာ အာရုံစူးစိုက်အလေးထားရမည် ဖြစ်ပြီး လူများနှင့် တစ်ဦးချင်း ပြဿနာများ၊ ပုဂ္ဂလိကဆိုင်ရာ ထင်မြင် ချက်များ/ပြဿနာများကို အလေးထားရန် မလို အပ်ကြောင်းကို ရှင်းလင်းပြပါ။)<br>• ဘက်လိုက်မှုကင်းပြီး သမာသမတ်ရှိသော မှတ်ချက်များ ချပေးပါ ဆွေးနွေးမှုကို မူလလမ်းကြောင်းမှန် ပေါ်သို့ ပြန်တင်ပေးပါ။ |

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- အတန်းတွင်း ဆွေးနွေးမှုပြုရန် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း တို့တွင်ပါဝင်သော အဆင့်များနှင့် နည်းလမ်းများကို ဖော်ထုတ် သတ်မှတ်တတ်မည်။

၂။ မည်သည့်အချက်က အတန်းတွင်းဆွေးနွေးမှုများကို စိတ်ဝင်စားဖွယ်ဖြစ်စေကြောင်းကို ကျောင်းသားတစ်ဦး၏ ရှုထောင့်မှ ပြန်လည်သုံးသပ်မှုပြုပေးရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ သင်ပုန်းပေါ်၌ "စိတ်ဝင်စားဖွယ်ကောင်းသော အတန်းတွင်း ဆွေးနွေးပွဲတစ်ခု" ခေါင်းစဉ်ကို ရေးပြပြီး ဆွေးနွေးပွဲနှင့် ဆိုင်သော အချက်အလက်များကို စာရင်းပြုစုပေးပါ။

၄။ ကျောင်းသားများကို အောက်ပါလုပ်ငန်းများ ဆောင်ရွက်စေရမည်။

- စိတ်ဝင်စားဖွယ် ဆွေးနွေးပွဲတစ်ခုကို ကူညီလမ်းညွှန်မှုပြုနိုင်စေရန်အတွက် မည်သည့် စီစဉ်ပြင်ဆင်မှုမျိုးကို ဆရာများက ပြုလုပ်ထားရန် လိုအပ်မည်ကိုရေးသားပါ။
- သူတို့၏ အဖြေများကို သူငယ်ချင်းတစ်ဦးနှင့်တစ်ဦးမျှဝေပါ။

၅။ အဆင့် က "အတန်းတွင်းဆွေးနွေးမှုအတွက် ကြိုတင်စီစဉ်ပြင်ဆင်ခြင်း" အပိုင်းကို ကျောင်းသားများ လေ့လာ ဖတ်ရှုရန်ညွှန်ကြားပါ။

၆။ စီစဉ်ပြင်ဆင်မှုအဆင့် အသီးသီးကိုတစ်တန်းလုံးအားဖတ်ရှုစေရမည်။ အဆင့် (၄) ဆင့်ပါ ဝိုင်းပြထားသော အချက်အလက်တစ်ခုစီကို ကျောင်းသားတစ်ဦးအား အသံထွက်၍ ဖတ်စေရမည်။

၇။ နောက်ဆုံးအချက်/ဝိုင်းပြထားသော အချက်အလက်ဖြစ်သည့် "ကျောင်းသားအားလုံး တစ်ဦးမကျန် ပါဝင်ဆောင်ရွက်နိုင်စေမည့် လမ်းညွှန်ချက်များ ချမှတ်ထားပါ" အကြောင်းနှင့် ပတ်သက်၍ သင်ယူကြမည်ဖြစ်ကြောင်းကို ကျောင်းသားများအားပြောပြပါ။ ယခင်သင်ခန်းစာက လေ့လာသင်ယူခဲ့သော လူတိုင်းက အကျုံးဝင်ပါဝင်စေနိုင်သည့် စာသင်ခန်း တစ်ခု၏ ထူးခြားသော လက္ခဏာများနှင့် ချိတ်ဆက်လေ့လာပါ။

- သင်ခန်းစာများက ကျောင်းသားအားလုံး၏ ပါဝင်ဆောင်ရွက်မှုကို အားပေးသည်။
- ကျောင်းသားများအား သင်ယူရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အထောက်အပံ့ ပြုရန် အားပေးသည်။

## သင်ယူမှုလုပ်ငန်း (၂)။ အတန်းတွင်းဆွေးနွေးမှုအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် (လုပ်ငန်းဆောင်ရွက်ချိန် ၁၅ မိနစ်၊ မျှဝေခြင်း ၁၅ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင် (၄)ဦးစီ/(၅)ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ |

**ရည်ရွယ်ချက်** - ဆွေးနွေးမှုတွင် ကျောင်းသားများ ပါဝင်ဆွေးနွေးရာ၌ အထောက်အပံ့ဖြစ်စေမည့် လမ်းညွှန်ချက်များကို ရေးသားတတ်စေရန်

၁။ ကျောင်းသားများအား တစ်အုပ်စုလျှင် (၄) ဦးမှ (၅) ဦးစီပါဝင်သော အုပ်စုငယ်လေးများ အဖြစ်သို့ ဖွဲ့စည်းကြရန် ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၂) ကိုဖတ်ရန်ညွှန်ကြားပါ။

၃။ ဆရာအနေနှင့် လမ်းညွှန်ချက်ချမှတ်ပေးရာတွင် အသုံးပြုနိုင်သော နည်းလမ်းများမှာ

- စိတ်ဝင်စားဖွယ်ကောင်းသော ဆွေးနွေးမှုတစ်ခု၏ ထူးခြားသော ဝိသေသ

လက္ခဏာများကို စူးစမ်းလေ့လာရာတွင် ကျောင်းသားများနှင့် အတူတကွ အချိန်ယူလေ့လာခြင်း နှင့်

- ဤသို့ သဘောသဘာဝ မရှိသော ဆွေးနွေးမှုမျိုးကို အထောက်အပံ့ဖြစ်စေမည့် ညွှန်ကြားချက်များကို အတူရှာဖွေခြင်း တို့ဖြစ်ကြောင်း ရှင်းပြပါ။

၄။ ကျောင်းသားများကို အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားပါ။

- အလယ်တန်းကျောင်းသားများအား စိတ်ဝင်စားဖွယ်အတန်းတွင်း ဆွေးနွေးပွဲ တစ်ခုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် အထောက်အပံ့ ပြုနိုင်မည့် လမ်းညွှန်ချက် (၆) ချက်မှ (၈) ချက် အထိချမှတ်ပေးရန်
- ကျောင်းသားများနှင့် သင့်တော်ပြီး သူတို့အလွယ်တကူနားလည်နိုင်မည့် အသုံးအနှုန်းကို မလွဲမသွေအသုံးပြု၍ ရေးသားရန်

၅။ ဤလမ်းညွှန်ချက်များကိုကျောင်းသားများ၏ တာဝန်ယူမှု ရှုထောင့်မှ စဉ်းစား၍ ရေးသားရမည်ဖြစ်သောကြောင့် အောက်ဖော်ပြပါ ဥပမာပေးထားသကဲ့သို့ အချက်အလက်များ ပါဝင်နိုင်ကြောင်းကို အလေးထား ပြောပြပါ။

- ကျွန်ုပ်သည် ဆွေးနွေးမှုပြုရာတွင် အာရုံစူးစိုက်မှုရှိမည့်အပြင် မိမိနှင့်မတူညီသောအတွေးအမြင်များကိုလည်း သဘောထားကြီးစွာ ကြည်ဖြူစွာ လက်ခံပါမည်။
- အချင်းချင်း၏အကြံဉာဏ်များကို တက်ကြွစွာနားထောင်ပါမည်။

၆။ ကျောင်းသားကိုင်စာအုပ်ပါ ပုံ (၃.၁၇) တွင် ၎င်းတို့ ရေးသားထားသည့် လမ်းညွှန်ချက်များကို ဖြည့်သွင်းရေးသားပေးကြရန် ဆရာက ကျောင်းသားများကို လမ်းညွှန်ပါ။

၇။ မိမိတို့ရေးသားထားသော လမ်းညွှန်ချက်များကို အတန်းနှင့်မျှဝေပေးမည့် ကျောင်းသားများကိုရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းနှင့် မျှဝေပေးမည့် ကျောင်းသားများရွေးချယ်ထားခြင်းဖြင့် သူတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အောက်ပါတို့ကို ကြည့်ရှုလေ့လာပါ။

**အတန်းတွင်းဆွေးနွေးမှုတွင် ကျောင်းသားများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များ**

- ✓ ကျွန်ုပ်သည်/ကျွန်တော်သည်ဆွေးနွေးပွဲ၏ အလေးပေးအာရုံစိုက်မှု ကို ဂရုပြုပြီး သဘောထားကြီးစွာ ထားပါမည်။ မတူညီသော ရှုထောင့် များကိုလည်း လက်ခံပေးပါမည်။
- ✓ ကျွန်ုပ်သည်/ကျွန်တော်သည် သင်ယူမှုပြုမည်ဟု တာဝန်ခံပါသည်။ အချေအတင် ငြင်းခုန်ခြင်းမပြုပါ။
- ✓ ကျွန်ုပ်သည်/ကျွန်တော်သည် လူတိုင်းကို စကားပြောဆိုခွင့်/ ဆွေးနွေးခွင့် ပြုပါမည်။
- ✓ ကျွန်ုပ်သည်/ကျွန်တော်သည် သူငယ်ချင်းအချင်းချင်းက ပြောပြ ဆွေးနွေးသည်များကို လေးစားစွာ နှင့် တက်ကြွစွာ နားထောင် မှတ်သားပါမည်။
- ✓ ကျွန်ုပ်သည်/ကျွန်တော်သည် စိတ်ကူး/အတွေးအခေါ်များကို သာ ဝေဖန် စိစစ်ပါမည်။ လူကို ဝေဖန်စိစစ်ခြင်းမပြုပါ။
- ✓ ကျွန်ုပ်/ကျွန်တော်၏ သူငယ်ချင်းအချင်းချင်းတို့ အကြောင်း သူတို့၏ ကျား/မရေးရာ သို့မဟုတ် နောက်ခံ အခြေအနေ (ယဉ်ကျေးမှု) စသည်တို့နှင့် ပတ်သက်၍ အယူအဆများကို လုံးဝ မဖော်ပြပါ။ ထိုအယူအဆများကို ပြောကြားခြင်းမှ လုံးဝ ရှောင်ရှားပါမည်။



**ပုံ ၃.၁၇ (က)။ အတန်းတွင်းဆွေးနွေးမှုတွင် ကျောင်းသားများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များကို ပြသည့်ဥပမာ**

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- အတန်းတွင်းဆွေးနွေးမှုပြုရန် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက် ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းတို့တွင် ပါဝင်သောအဆင့်များနှင့် နည်းပညာများ ကို ဖော်ထုတ်သတ်မှတ်တတ်မည်။

၂။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ အဆင့် (၂) - အတန်းတွင်းဆွေးနွေးမှုတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအကြောင်းကိုဖတ်ရှုလေ့လာရန်ညွှန်ကြားပါ။

၃။ အတန်းတွင်းဆွေးနွေးမှုတစ်ခုကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဆရာအနေနှင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် အရေးကြီးကြောင်းကိုရှင်းပြပါ။

- ဆွေးနွေးမှု၏ ရည်ရွယ်ချက်၊ သင်ခန်းစာအစီအစဉ်နှင့် ပါဝင်ဆောင်ရွက်မှုအတွက်လမ်းညွှန်မှုများကို သိရှိစေရန်နှင့် လိုက်နာစေရန် ကျောင်းသားများအား ဆရာက သတိပေးနှိုးဆော်ရမည်။
- ဆွေးနွေးမှုမှထုတ်ထားသော မှတ်စုများကို မှတ်တမ်းတင်ထားပါ။ (ဆိုလိုသည်မှာ အဓိကကျသော စိတ်ကူးစိတ်သန်းများနှင့် မေးခွန်းများကို ဆရာက သင်ပုန်းကြီးပေါ်တွင် တင်၍ရေးပေးမည်။ သို့မဟုတ် ကျောင်းသားတစ်ဦးက မှတ်စုလိုက်မှတ်ထားပြီးနောက် တစ်တန်းလုံးမှ ကျောင်းသားများနှင့် မျှဝေမည်။ သို့မဟုတ် ကျောင်းသားတစ်ဦးချင်းစီက မှတ်စုများရေးသားနိုင်သည်။
- ကျောင်းသားများ၏ စိတ်ဝင်စားမှုကို လှုံ့ဆော်ပေးနိုင်သည့် နည်းလမ်းတစ်ခုအသုံးပြုပြီး ဆွေးနွေးမှုကို စတင်ဖွင့်လှစ်ပေးပါ။
- ဆွေးနွေးရာတွင် ဦးတည်ချက်လမ်းကြောင်း သွေဖယ်သွားခြင်း မရှိစေရပါ။ နောက်ထပ် သင်ယူရမည့် လုပ်ငန်းတစ်ခုတွင် ဤအကြောင်းအရာကို အသေးစိတ်လေ့လာနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ ဆွေးနွေးမှုကို ကူညီလမ်းညွှန်ရန်အတွက် ဆရာနှင့် ကျောင်းသားများ အပြန်အလှန်စကားပြောခန်းတစ်ခုတွင် ဆရာအပိုင်းကို ရေးသား ခြင်း

| | |
|---|---|
| **အချိန်** | (၄၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင်ကျောင်းသား (၄) ဦးပါဝင်သောကျောင်းသား အုပ်စုများ |

**ရည်ရွယ်ချက် -** အတန်းတွင်းဆွေးနွေးမှုပြုရာတွင် ကျောင်းသားများ နည်းမှန် လမ်းမှန်နှင့် ဆောင်ရွက်လာတတ်စေရန်

၁။ ကျောင်းသားများအား တစ်အုပ်စုလျှင် (၄) ဦးစီ ပါဝင်သော အုပ်စုငယ်များအဖြစ် အုပ်စုဖွဲ့စည်း ရန် ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၃) ကိုလေ့လာရန် ကျောင်းသားများကို ပြောပါ။

၃။ ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော ဇယား (၃.၉) က ဆွေးနွေးမှုတစ်ခုကို လမ်းကြောင်း မှန်နေစေရန် သုံးသည့်နည်းလမ်းများနှင့် စကားအပြန်အလှန် ပြောဆိုခန်းများကို ဖော်ပြထားကြောင်း ကျောင်းသားများအား သိရှိစေသည်။

၄။ နည်းလမ်းတစ်ခုစီနှင့် ညီညွတ်သော စကားအပြန်အလှန်ပြောဆို တစ်ခုစီကို ရေးသားပေးရန် ကျောင်းသားများကို ဆရာကပြောပါ။ မှတ်သားရန်မှာ အုပ်စုဝင်တစ်ဦးစီက နည်းလည်း တစ်ခုစီအတွက် စကားအပြန်အလှန် ပြောခန်း ရေးရမည်။ ထိုနောက်စုပေါင်း၍ ရေးသားထားမှု အပေါ် ဆန်းစစ်ရမည်။

၅။ အတန်းသို့ ပြန်လည်သတင်းပို့ရန် ကျောင်းသားများကိုရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ရရှိသော အဖြေများကို အတန်းနှင့်မျှဝေရန် ကျောင်းသားများ ရွေးချယ်ထားခြင်းအားဖြင့် သတို့၏နားလည်သဘောပေါက်မှုကို ဆရာကစစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားကိုင်စာအုပ်ပါ ဇယားကို ဖြည့်သွင်းရေးသားထားသည့် ဇယား ၃.၉ (က)တွင် နမူနာ အဖြစ် ကြည့်ရှုနိုင်သည်။

**ဇယား ၃.၉ (က) ။ဆွေးနွေးမှုတစ်ခုကို လမ်းကြောင်းမှန်နေစေရန် သုံးသည့်နည်းလမ်းများနှင့် စကား အပြန်အလှန် ပြောဆိုခန်းများ**

| နည်းလမ်းများ | (၂) ဦးစကားအပြန်အလှန်ပြောဆိုခြင်း/ပြောဆိုဆက်သွယ်ခြင်း |
|---|---|
| ကျောင်းသားအဖြေကို အဓိပ္ပာယ်အကျယ်ဖြန့်၍ ပြောပြစေခြင်း | • “ဝါဝါ၊ မင်းရဲ့ထင်မြင်ချက်/ရှုထောင့်ကို အထောက်အပံ့ပြုဖို့ သက်သေ အထောက်အထားပြနိုင်မလား။”<br>• နန်းရေ၊ မင်းရေးထားတဲ့ မှတ်ချက်တွေကို ကြည့်ရတာ အေးအေးရဲ့ ချဉ်းကပ်မှုကို မင်းကလဲ သဘောတူသလိုဘဲ။ အဲဒါဘာကြောင့်လဲ ဆိုတာကိုရှင်းပြပါဦး။” |
| ကျောင်းသားထံမှ ဥပမာများ ပေးစေ ခြင်း | • “ရီရီရေ ပတ်ဝန်းကျင်အတွက် ဆိုးကျိုးသက်ရောက်စေတဲ့ နည်းပညာများကို မင်းရေးထားတာ ဘယ်လိုအဓိပ္ပာယ်လဲ။ ဥပမာ တစ်ခုလောက် ပေးပါ။ |
| စကားလုံးများနှင့် စကားစုများ၏ အဓိပ္ပာယ်ကို သတ်မှတ်ဖွင့်ဆိုစေခြင်း | • “အိအိ မင်းက ရေရှည်တည်တံ့နိုင်တဲ့ ဖွံ့ဖြိုးမှု မျှော်မှန်းချက် များကို ရည်ညွှန်းထားတယ်နော်၊ ဟုတ်လား။ အဲဒီ ရည်မှန်းချက်တွေဟာ ဘာတွေလဲဆိုတာအခြားလူတွေကို သိသွားအောင်ရှင်းပြနိုင်မလား။” |
| ကျောင်းသားတစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ်ပြောဆိုမှုကို အားပေးခြင်း | • “တို့တွေရှေ့ဆက်မသွားသေးခင် ‘ကျော်’ကို မေးခွန်းမေးကြည့်မဲ့သူ ဘယ်သူရှိသလဲ။ သူအကြံပြုထားတဲ့ ဖြေရှင်းနည်း အတွက် မေးခွန်း မေးကြည့်ချင်သူရှိသလား။ မေးကြည့်ပါဦး”<br>• “အောင်၊ မင်းကဒီနေရာမှာ အသုံးဝင်တဲ့ စိတ်ကူးလေး ရထားပုံ ပေါက်တယ်။ အဲဒီစိတ်ကူးလေးကို မေးခွန်းအဖြစ် ရေးပြီး တို့ အားလုံးက အတူကြိုးစားဖြေကြည့်မယ်လေ။ မေးခွန်းအဖြစ်ရေး ကြည့်ပါဦး” |

## စာသင်ချိန် (၄)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- အတန်းတွင်းဆွေးနွေးမှုပြုရန် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်းတို့တွင် ပါဝင်သောအဆင့်များနှင့် နည်းပညာများကို ဖော်ထုတ် သတ်မှတ်တတ်မည်။

၂။ ဆွေးနွေးမှုတစ်ခု အဆုံးသတ်၌ မည်သည်တို့ဖြစ်သင့်သနည်း/ ဆောင်ရွက်သင့်သနည်းဟု ကျောင်းသားများကို မေးမြန်းပါ။

၃။ သူတို့၏ စဉ်းစားတွေးခေါ်မှုကို အစဖော်နိုင်ရန် ဇယား (၃.၇) မှ နောက်ဆုံးအလျားလိုက် တန်း (၂) တန်းကို ပြန်လည်ဆန်းစစ်ရန်ပြောပါ။

| | |
|---|---|
| ကျောင်းသားတစ်ဦး၏ ပါဝင်ဆောင်ရွက်မှုအပေါ် ပြန်လည်သုံးသပ် စဉ်းစားစေခြင်း | • “ပြဿနာဖြေရှင်းဖို့ နည်း (၂) နည်းကို ဝင်းကအကြံပေးပြီး သွားပြီနော်၊ ဒါပေမဲ့ ဒုတိယဖြေရှင်းနည်းက တို့တွေခုထိ စဉ်းစားလို့ရထားတဲ့ တခြားအဖြေတွေနဲ့ မတူဘူးနော်…….” |
| သဘောတူညီမှုရရန် တောင်းဆိုခြင်း | • “တို့တတွေလုပ်ဆောင်နိုင်မဲ့ လုပ်ဆောင်စရာ (၂) မျိုးရှိတယ်။ ကဲ ..ဒါဆိုရင် တို့တွေက တစ်မျိုးစီရဲ့ နောက်ဆက်တွဲ ရလဒ်တွေကို ချရေးပြီး စီကြည့်ကြစို့။ ဒါမှ ဘယ်အဖြေကို သူရမှာလဲလို့ ဆုံးဖြတ်နိုင်မှာ။” |

၄။ သူတို့အဖြေများကို အတန်းနှင့်မျှဝေမည့်ကျောင်းသားများကိုရွေးချယ်ပါ။

၅။ ကျောင်းသားကိုင်စာအုပ်ထဲမှ “ဆောင်ရွက်ရန် အဆင့် (၃) - ဆွေးနွေးမှု ကို အဆုံးသတ် (ပိတ်) ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း” အပိုင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၆။ အောက်ပါအချက်များကို အလေးပေးပြောပြပါ။

- ကျောင်းသားများစိတ်ကျေနပ်မှုရရှိသွားစေရန် နှင့် သင်ယူမှုရလဒ်များပြည့်စုံသွားစေရန်အတွက် ဆွေးနွေးပွဲကို နိဂုံးချုပ်ပေးရန်၊ အဆုံးသတ်ပေးရန် အရေးကြီးပါသည်။

- ဆွေးနွေးမှုတစ်ခုကို နည်းလမ်းတကျ ပိတ်ပေးရန် (သို့မဟုတ်) အဆုံးသတ်ကြောင်း ကြေညာရန် အသုံးများသည့်နည်းလမ်း (၂) ရပ် ရှိပါသည်
  - အနှစ်ချုပ်ပေးခြင်းနှင့်
  - ပြန်လည်စဉ်းစားသုံးသပ်ပြီး အကဲဖြတ်ပေးခြင်းနည်း

၇။ အနှစ်ချုပ်တစ်ခုသည် အောက်ပါပုံစံများအတိုင်း ဖြစ်နိုင်ကြောင်းကို ကျောင်းသားများအား ရှင်းပြပါ။

- အဓိကသိရှိလာရသည့် အတွေးသစ်များ/ထိုးထွင်းကြံဆမှုများ - တို့တတွေ ဆွေးနွေးပြီးတဲ့ အခါမှာ အဓိကကျတဲ့ အချက် (၃) ချက်ရလာတယ်။ အဲဒါတွေကတော့.....
- အားလုံးသဘောတူညီမှုရထားသောအဖြေ - လက်တွေ့အကျဆုံးနဲ့ အသင့် တော်ဆုံးဖြစ်တဲ့ ဒီပြဿနာရဲ့ အဖြေကတော့ ..... ဖြစ်မယ်လို့ တို့တတွေအားလုံး သဘောတူ ထားပြီးပြီနော်...

၈။ ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည် ဆန်းစစ်ခြင်းအဆင့်တွင် ကျောင်းသားလုပ်ငန်း (၂) မျိုး ရှိကြောင်းရှင်းပြပါ။

- *၎င်းတို့၏ မှတ်တမ်းများကိုပြန်လည်သုံးသပ်ခြင်း* - ဆွေးနွေးမှုတွင်ပါဝင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် ပါဝင်ဆွေးနွေးဆောင်ရွက်ခြင်းတို့မှတစ်ဆင့် သူတို့၏ တွေးမြင်သုံးသပ်ပုံများ မည်ကဲ့သို့ ပြောင်းလဲလာခဲ့ပုံနှင့် ကျွမ်းကျင်မှုများသည် မည်သို့ ဖွံ့ဖြိုးလာခဲ့ပုံ (လေးထောင့်ကွက် ၃.၆) တို့ကို ပြန်လည်သုံးသပ်ရမည်။ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှုကိရိယာ (ဇယား ၃.၁၀) ကို ဆောင်ရွက်ရမည်။
- ဆွေးနွေးမှုအကြောင်း*အကဲဖြတ်သုံးသပ်သည့်*မေးခွန်းများကို ဖြေဆိုရမည်။ (ဇယား ၃.၁၁)

၉။ ဤအဆင့်ကိုအထောက်အကူပြုပေးရန် ကိရိယာအချို့ လိုအပ်ကြောင်းကို အလေးထား ပြောပြပါ။ ဥပမာအားဖြင့်

- လေးထောင့်ကွက် (၃.၆) တွင် ပါဝင်သော အလွန်ရိုးရှင်းသည့် ပုံစံ (ဆိုလိုသည်မှာ အတန်းတွင်း ဆွေးနွေးမှုနှင့် ဆက်စပ်နေသော သင်ယူမှုရလဒ်များ) က ကျောင်းသားများအား သူတို့သည် ဆွေးနွေးမှုမှ မည်သည်တို့ သင်ယူနိုင်ခဲ့သည်ကို ပြန်လည် သုံးသပ်စေနိုင်သည်။ သူတို့ သင်ယူခဲ့သည်များကို

သိရှိမှု၊ နားလည်မှုနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးလာခြင်း ရှုထောင့်တို့မှ ပြန်လည်သုံးသပ်သင့်သည်။

- ဇယား (၃.၁၀) မှ ကျောင်းသားများ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု ကိရိယာက သူတို့အနေနှင့် ဆွေးနွေးမှုတွင် မည်ကဲ့သို့ ပါဝင်ခဲ့သည်ကို စစ်ဆေး အကဲဖြတ်နိုင်ရန် အထောက်အကူပြုလိမ့်မည်။

၁၀။ နောက်ထပ် သင်ယူမှုလုပ်ငန်းသည် အကဲဖြတ်သုံးသပ်မှုပြုသော ကိရိယာအပေါ်၌ အလေးထား အာရုံစိုက်ကာ လေ့လာသွားမည်ဖြစ်ကြောင်း ကျောင်းသားများကို သိရှိစေရမည်။

### သင်ယူမှုလုပ်ငန်း (၄)။ ဆရာ၏ အကဲဖြတ်သုံးသပ်မှုအတွက် မေးခွန်းများကို ရေးသားပြုစုခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် (လုပ်ငန်း- ၁၀ မိနစ်၊ မျှဝေခြင်း (၁၀) မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက် -** အတန်းတွင်းဆွေးနွေးမှုတစ်ခု၏ ထိရောက်မှုကို အကဲဖြတ် သုံးသပ်ရာတွင် ဆရာ့အတွက် အကူအညီရစေမည့် မေးခွန်းများကို ရေးသားပြုစုတတ်စေရန်

၁။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲတွဲ၍ လုပ်ငန်းဆောင်ရွက်ရန် ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၄) ကို လေ့လာရန် ညွှန်ကြားပါ။

၃။ ကျောင်းသားများကို အပိုင်းအလိုက်ဆောင်ရွက်ရန်တို့ကို ညွှန်ကြားပါ။

**အပိုင်း(က)**

- ဇယား (၃.၁၁) ကိုရည်ညွှန်းပါ။
- အကဲဖြတ်သုံးသပ်မှုစစ်တမ်းကောက်သုတေသန (survey) တစ်ခုတွင် မေးလေ့မေးထရှိတတ်သော အကဲဖြတ်သုံးသပ်ရန် ပြုစုထားသော မေးခွန်းများကို ကြည့်ရှုလေ့လာပါ။

- ယခုတွင်မူ ဆရာက အကဲဖြတ်သုံးသပ်ရာ၌ သုံးနိုင်သော မေးခွန်းများကို စာရင်းပြုစုပေးပါ။အတန်းတွင်းဆွေးနွေးမှုအတွက် စီစဉ်ပြင်ဆင်ပြီးနောက် ဆွေးနွေးမှုကိုလည်း အောင်မြင်စွာ ဆောင်ရွက်ပြီးချိန်တွင် ဆရာများသည် သူတို့ကိုယ်ကိုသူတို့ မည်ကဲ့သို့ မေးခွန်းထုတ်တတ်ကြသနည်း။

**အပိုင်း (ခ)**

- ဆွေးနွေးပါ။ (Fish bowl) စည်းဝိုင်း (၂) ထပ်ပါသော/ စက်ဝိုင်း (၂) ဆင့်ပုံစံ ဆွေးနွေးမှု နည်းလမ်းက စာသင်ခန်းတွင်း ဆွေးနွေးမှုတစ်ခုအတွက် အချင်းချင်းစစ်ဆေး အကဲဖြတ်ရာတွင်နှင့် အကဲဖြတ်သုံးသပ်မှုဖြစ်စဉ်ကို ဆောင်ရွက်ရာတွင် ယခုကဲ့သို့ ကူညီပံ့ပိုး နိုင်ကြောင်းကိုဆွေးနွေးပါ။

၄။ ပထမနှစ်သင်တန်း ပညာရေးဘာသာရပ်တွင် ကျောင်းသားများသည် Fish bowl သင်ယူမှု နည်းလမ်းအကြောင်းကို လေ့လာခဲ့ကြရသည်။ ထိုနည်းလမ်းတွင် ပါဝင် သည်တို့မှာ -

- အတွင်းပိုင်းကျသောစက်ဝိုင်း (အတွင်းစည်း)- ထိုစက်ဝိုင်းကို ကျောင်းသား (၁၀) ဦး (သို့မဟုတ်) (၁၀) ဦးထက်နည်းသော အရေအတွက်တို့နှင့် တည်ဆောက်ထားသည်။ ၎င်း (၁၀) ဦးတို့က ဆွေးနွေးမှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသူများ ဖြစ်သည်။
- အပြင်ပိုင်းကျသောစက်ဝိုင်း (အပြင်စည်း) - ထိုစက်ဝိုင်းကို အတွင်းစက်ဝိုင်း မှ ကျောင်းသား (၁၀) ဦးမှအပ ကျန်တစ်တန်းလုံးမှ ကျောင်းသားများပါဝင် ကြသည်။ ၎င်းတို့က လေ့လာကြည့်ရှုခြင်း၊ မှတ်စုထုတ်ခြင်း နှင့် အတွင်း စက်ဝိုင်းထဲမှ ကျောင်းသားများ၏ တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးပေးခြင်း တို့ကို ဆောင်ရွက်ကြသည်။

၅။ အဖြေများကိုအတန်းသို့ မျှဝေပေးမည့် ကျောင်းသားများကို ရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းသို့မျှဝေပေးမည့် ကျောင်းသားများရွေးချယ်ထားခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်မှုကို ဆရာကစစ်ဆေးအကဲဖြတ်နိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**ဇယား ၃.၁၁ (က)။ ဆွေးနွေးမှုတစ်ခုအတွက် ကျောင်းသားများအကဲဖြတ်မှုနှင့် ဆရာများ အကဲဖြတ်မှုတို့တွင် အသုံးပြုသည့်မေးခွန်းများ**

| ကျောင်းသားများအတွက်အသုံးပြုရန်မေးခွန်းများ | ဆရာများအတွက်အသုံးပြုရန်မေးခွန်းများ |
|---|---|
| • ဆွေးနွေးရန်အလေးပေးထားသော အကြောင်းအရာသည် ရှင်းလင်းပီပြင်မှုရှိပါသလား။<br>• ဆွေးနွေးမှုကို နည်းမှန်လမ်းမှန်ကျအောင် ဆရာ က ထိန်းသိမ်းဆောင်ရွက်ခြင်း ရှိပါသလား။<br>• ဆွေးနွေးရာတွင်ပါဝင်နိုင်မှု အခွင့်အလမ်း သင့် ထံ ၌ ရှိပါသလား။<br>• ကျောင်းသားတစ်ဦးစီသည် ဆွေးနွေးမှုတွင် ပါဝင်ဆောင်ရွက်မှု အခွင့်အလမ်း ညီတူညီမျှ ရရှိပါ သလား။<br>• ဆွေးနွေးမှုနှင့်ပတ်သက်သည့် မည်သည့်မေးခွန်း များကို ဖြေဆိုထားခြင်းမရှိသနည်း။<br>• ဆွေးနွေးမှုများကို မည်သည့်နည်းများဖြင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင် သနည်း။ | • ဆွေးနွေးမှုတွင် ကျောင်းသားတိုင်းပါဝင်ဆွေးနွေးခဲ့ပါသလား။<br>• ကူညီလမ်းညွှန်သူအနေနှင့် မိမိက မည်မျှ အတိုင်းအတာအထိပါဝင်နိုင်ခဲ့သနည်း။<br>• ဆွေးနွေးရာတွင်မူလက အာရုံစူးစိုက် အလေး ပေးမှုအတိုင်း တစ်သမတ်ညီညွတ်မှု ရှိပါသလား။<br>• မည်သည့်မေးခွန်းများက အထူးအသုံးဝင် သနည်း။<br>• ဆွေးနွေးမှု၏ အကျိုးကျေးဇူးဖြစ်ထွန်းမှုများ နှင့် ပတ်သက်ပြီး အုပ်စုများကမည်သို့ ကျေနပ်ပုံပေါ်ပေါက်သနည်း။<br>• နောက်တစ်ကြိမ်ဆွေးနွေးမှုတွင် မိမိအနေနှင့် မည်သည်တို့ကို ဆောင်ရွက်မည်နည်း။ |

မေးခွန်း- (Fish bowl) ပုံစံဆွေးနွေးနည်းက အတန်းတွင်းဆွေးနွေးမှုများအတွက် *အချင်းချင်းစစ်ဆေးအကဲဖြတ်မှုနှင့် အကဲဖြတ်သုံးသပ်မှု ဖြစ်စဉ်များ* ကို မည်သို့ကူညီပံ့ပိုးပေးသနည်း။

အဖြေ- (Fish bowl) ပုံစံဆွေးနွေးနည်းတွင် (အပြင်စက်ဝိုင်းမှ ) ကြည့်ရှုလေ့လာသူ တစ်ဦးစီကို ပါဝင်ဆောင်ရွက်ဆွေးနွေးသူ (အတွင်းစက်ဝိုင်းမှ) တစ်ဦးစီ၏ လုပ်ငန်းဆောင်ရွက်မှုကို အချင်းချင်းအကဲဖြတ်ရန် ဆရာက တာဝန်ပေးထားနိုင်သည်။

ဇယား (၃.၁၀) တွင် ပါဝင်သော ကျောင်းသားများအတွက် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု ကိရိယာကို အချင်းချင်းအကဲဖြတ်မှု ကိရိယာအဖြစ် အလွယ်တကူပြောင်းလဲ အသုံးပြုနိုင်သည်။

**ဇယား ၃.၁၀။ အတန်းတွင်းဆွေးနွေးမှုအတွက် ကျောင်းသား၏ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု ကိရိယာ**

| အောင်မြင်မှုစံသတ်မှတ်ချက် | အမြဲတမ်း နီးပါး | တစ်ခါ တစ်ရံ | သင်ယူ နေဆဲ | ကိုက်ညီမှု မရှိပါ။ |
|---|---|---|---|---|
| ကျွန်ုပ်သည် အခြားသူတို့ပြောစကားများကို ဂရုတစိုက် သေချာစွာ နားထောင်တတ်ပါသည်။ | | | | |
| ကျွန်ုပ်သည် ဆွေးနွေးရာတွင် တက်ကြွစွာ ဆောင်ရွက်တတ်ပြီး မိမိတာဝန်ကို ကျေပွန်စွာ ပြုမူဆောင်ရွက်သည်။ ဆွေးနွေးခွင့်ကို အခြားသူတို့အားလည်း မျှတစွာ ရရှိစေပါသည်။ | | | | |
| ကျွန်ုပ်သည် အခြားသူများ၏ အတွေး/အမြင်/စိတ်ကူးများ အပေါ်တွင် မူတည်၍ အသိပညာသစ် ထပ်ဆင့်တည်ဆောက် နိုင်ခဲ့ပါသည်။ | | | | |
| ကျွန်ုပ်၏ထင်မြင်ချက်ယူဆချက်များအတွက်ကျွန်ုပ် ထံတွင် ခိုင်မာသော အကြောင်းပြချက်များ ရှိကြသည်။ | | | | |
| ကျွန်ုပ်သည် ခြားနားသော အတွေးအမြင် ရှုထောင့်အသီးသီးတို့ကို နိုင်နင်းစွာ ကိုင်တွယ်နိုင်သည်။ | | | | |
| ကျွန်ုပ်သည် အခြားသူတို့အပေါ် လေးစားမှုကို ပြသလေ့ ရှိပါသည်။ | | | | |
| အခြားသူတို့ကို ဆွေးနွေးမှုတွင် ပါဝင်လာအောင် စည်းရုံးခေါ် ဆောင်နိုင်ပါသည် | | | | |

ဆရာက ဇယား (၃.၁၁) ကိုလည်း အလားတူပင်ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ပြီး အကဲဖြတ် သုံးသပ်မှုကို -

- ပါဝင်ဆွေးနွေးသောကျောင်းသားများအတွက်
- ကြည့်ရှုလေ့လာသောကျောင်းသားများအတွက်နှင့်
- ဆရာအတွက်ကူ၍ ထပ်မံမွမ်းမံကာ မေးခွန်းများပြုစုနိုင်သည်။

### ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဆီလျော်ကိုက်ညီသောသင်ယူမှုရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။

- အဓိပ္ပာယ်ရှိသော စကားဝိုင်း အယူအဆကို ရှင်းပြတတ်မည်။
- ကျောင်းသား သင်ယူမှုအတွက် အတန်းတွင်းဆွေးနွေးမှု၏ အကျိုးကျေးဇူးများကို ရှင်းပြတတ်မည်။
- အတန်းတွင်းဆွေးနွေးမှုပြုရန် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့တွင် ပါဝင်သောအဆင့်များနှင့် နည်းပညာများကို ဖော်ထုတ် သတ်မှတ်တတ်မည်။

## ၃.၄.၂။ ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှု(cooperative learning)

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှု၏ အကျိုးကျေးဇူးများနှင့် ထူးခြားသောလက္ခဏာများကို အကြမ်းဖျင်းဖော်ပြတတ်မည်။
- အုပ်စုလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများရရှိစေရန် အုပ်စုဝင်တစ်ဦးစီ၏ ပါဝင်ဆောင်ရွက်မှု များနှင့် အုပ်စုလုပ်ငန်းစဉ်များအပေါ် ပြန်လည်စဉ်းစားသုံးသပ်မှုပြုနိုင်စေရန် အထောက် အပံ့ပေးသည့် နည်းလမ်းများကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ခ) (၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် (၂)ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - အုပ်စုလုပ်ငန်းကဏ္ဍအမျိုးမျိုးအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) - ပူးပေါင်းပါဝင်လုပ်ဆောင်ရသော သင်ယူမှုလုပ်ငန်း တစ်ခုတွင် ပါဝင် ဆောင်ရွက်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်းနှင့် အတန်းတွင်း ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ မိမိကိုယ်ကိုစစ်ဆေးတတ်မြောက်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၄.၂) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

ထပ်ဆောင်းရင်းမြစ် ပစ္စည်းများမလိုအပ်ပါ။

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| အချိန် | (၁၀) မိနစ် |
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှု၏ အကျိုးကျေးဇူးများနှင့် ထူးခြားသော လက္ခဏာများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- အုပ်စုလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများရရှိရန် အုပ်စုဝင်တစ်ဦး၏ ပါဝင်ဆောင်ရွက်မှု များနှင့် အုပ်စုလုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်မှုပြုနိုင်စေရန် အထောက် အပံ့ပေးသည့် နည်းလမ်းများကိုဆွေးနွေးတတ်မည်။

၂။ ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှုသည်

- ကျောင်းသားသင်ယူမှုအပေါ် ကောင်းကျိုးသက်ရောက်မှုရှိခြင်း
- ကျောင်းသားအသစ်များ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုနောက်ခံခြားနားသော ကျောင်းသားများနှင့် မသန်စွမ်းကျောင်းသားများတို့အား သင်ယူမှုတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးထောက်ကူခြင်း (နားကြားအာရုံချို့တဲ့သူ ကျောင်းသားကဲ့သို့) တို့ကို ကျောင်းသားများ သိရှိအောင် အထူးအလေးပေး ရှင်းပြပါ။

၃။ လေးထောင့်ကွက် (၃.၇) ကိုဖတ်ရှုရန် ကျောင်းသားများအားညွှန်ကြားပါ။

- ပူးပေါင်းပါဝင် လုပ်ဆောင်သော သင်ယူမှုသည် ဒုတိယဘာသာစကား (သို့မဟုတ်) တွဲဖက် ဘာသာစကား (additional language) ကို သင်ယူကြရသော ကျောင်းသားများ၏ ဘာသာစကားဖွံ့ဖြိုးမှုကို မည်သို့ အထောက်အကူပြုသနည်း။
- ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှုတွင် အတန်းဖော်ကျောင်းသားအချင်းချင်းသည် တစ်ဦးနှင့်တစ်ဦး စံနမူနာပြပုဂ္ဂိုလ်များ မည်သို့ဖြစ်လာသနည်း။

၄။ ပထမနှစ် သင်တန်း၌ ကျောင်းသားများကို ပူးပေါင်းပါဝင် လုပ်ဆောင်သော သင်ယူမှု၏အဓိကကျသော ထူးခြားလက္ခဏာ (၂) မျိုးနှင့် မိတ်ဆက်ပေးခဲ့ကြောင်းကို ပြန်ပြောပြပါ။ ကျောင်းသားများအား ထိုအချက်များကို မှတ်မိခြင်းရှိ/မရှိမေးမြန်းပါ။ အဖြေများ/ ဆရာက မမှတ်မိသည့်နေရာများကို ထောက်ပေးရမှုရှိနိုင်မည်။

- *အပြုသဘောဆောင်သော တစ်ဦးနှင့်တစ်ဦးအပြန်အလှန် အမှီသဟဲပြုမှု*- တူညီသော ရည်မှန်းချက်ပန်းတိုင်တစ်ခုသို့ ရောက်ရှိစေရန် ဆောင်ရွက်မှုများမှတစ်ဆင့် အုပ်စုထဲမှ ကျောင်းသားများအားလုံးသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ်နေမှုကို သိရှိခံစားလာကြရသည်။
- *တစ်ဦးချင်းစီ၏ တာဝန်ခံတတ်မှု* - ထိုရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် အားလုံး ဝိုင်းဝန်း ပူးပေါင်း လုပ်ဆောင်ကြရသဖြင့် လူတိုင်း၌ တာဝန်ကိုယ်စီရှိကြသည်။

၅။ ဤထူးခြားသော လက္ခဏာများကို သင်ပုန်းပေါ်၌ ရေးပြပါ။

- အပြုသဘောဆောင်သော အပြန်အလှန် အမှီသဟဲပြုမှု
- တစ်ဦးချင်းစီ၏ တာဝန်ခံတတ်မှု

၆။ ဤသင်ခန်းစာတွင် ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှု (cooperative Learning) ၏ နောက်ထပ်ဝိသေသလက္ခဏာ (၂) မျိုးကို စူးစမ်းလေ့လာရမည်ဖြစ်ကြောင်း အလေးပေး ပြောပြပါ။

- *အုပ်စုလုပ်ငန်းဆောင်ရွက်ရာ၌ကျွမ်းကျင်မှုများဖွံ့ဖြိုးလာခြင်း* - အုပ်စုဝင်အဖွဲ့ဝင် ကျောင်းသားများသည် လိုအပ်သောလုပ်ငန်းများကို အခြားသူတို့နှင့်အတူ လက်တွဲ၍ ထိရောက်စွာ ဆောင်ရွက်ကြရင်း အချင်းချင်းအကြား ဖေးမကူညီမှုများနှင့် အသိပညာ ဖလှယ်မှုများ ပေါ်ပေါက်လာကြသည်။ ဤနည်းအားဖြင့် အုပ်စုလုပ်ငန်း ဆောင်ရွက်ရာ တွင် ကျွမ်းကျင်မှုများ ပိုမိုဖွံ့ဖြိုးလာကြသည်။
- *တစ်ဦးချင်းစီ၏ ပါဝင်ဆောင်ရွက်မှုများနှင့် အုပ်စုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ် စဉ်းစားခြင်း* - အုပ်စုထဲမှကျောင်းသားများအားလုံးက သူတို့ပါဝင်ဆောင်ရွက်မှုနှင့် အုပ်စု၏ လုပ်ငန်းစဉ်တို့ကို စစ်ဆေးအကဲဖြတ်ကြသည်။ ပေးထားသောလုပ်ငန်းများကို အုပ်စုက မည်မျှထိရောက်စွာ လုပ်ဆောင်နိုင်ကြောင်း အုပ်စု၏ အရည်အချင်းကိုလည်း စစ်ဆေးအကဲဖြတ်မှု ပြုကြသည်။

၇။ ဤထပ်ဆောင်းထူးခြားလက္ခဏာများကို သင်ပုန်းပေါ်၌ ထပ်ဖြည့်ရေးသားပါ။
- အုပ်စုလုပ်ငန်းဆောင်ရွက်ရာ၌ ကျွမ်းကျင်မှုများဖွံ့ဖြိုးလာခြင်း
- တစ်ဦးချင်းစီ၏ ပါဝင်ဆောင်ရွက်မှုများနှင့် အုပ်စုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ် စဉ်းစားခြင်း။

## သင်ယူမှုလုပ်ငန်း (၁)။ အုပ်စုလုပ်ငန်းကဏ္ဍအမျိုးမျိုးအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် (လုပ်ငန်း- ၃၀ မိနစ် ၊ မျှဝေခြင်း - ၁၀ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက်** - ပူးပေါင်းပါဝင်လုပ်ဆောင်သော အုပ်စုကဏ္ဍများမှ တစ်ဆင့်ဖွံ့ဖြိုးလာသော (၂၁) ရာစု ကျွမ်းကျင်မှုများ (သို့မဟုတ်) မရှိမဖြစ်သည့် ကျွမ်းကျင်မှုများကို သတ်မှတ်ဖော်ထုတ်တတ်လာစေရန်

၁။ ကျောင်းသားများအား နှစ်ယောက်တွဲစီ တွဲ၍ လေ့လာရန် ဆရာကညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၁) ကိုလေ့လာရန် ပြောပါ။

၃။ ဇယား (၃.၁၂) တွင် ပါဝင်သော အခန်းကဏ္ဍအားလုံးကို ဆွေးနွေးပါ။ အောက်ပါ အချက်ကို မီးမောင်းထိုး (အလေးပေး) ဖော်ပြပါ။
- ပြန်လည်စဉ်းစားသုံးသပ်သူ၏ အခန်းကဏ္ဍသည် စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ဤကဏ္ဍကိုဆောင်ရွက်ရန်အတွက် ကျောင်းသားတစ်စုံတစ်ဦးက အုပ်စုဝင်အားလုံးတို့၏ တင်ပြချက်များ အတွေးအမြင်များကို ပြန်လည်သုံးသပ်ပေးရန် လိုအပ်သည်။ ထို့အပြင်အုပ်စုတစ်ခုလုံး၏ လုပ်ဆောင်မှုကို ဘုံသဘောတူညီမှုရရှိရန် လိုအပ်သည်။ အုပ်စုတစ်ခုလုံး၏ လုပ်ဆောင်မှုသည် ပြဿနာတစ်ခုဖြေရှင်းရန် ပါဝင်ဆောင်ရွက်ရသော အနေအထား၌ဖြစ်စေ၊ ပြဿနာတစ်ခုအတွက် အဖြေရရှိအောင် ရှာဖွေရသော နေရာ၌ဖြစ်စေ အုပ်စုဝင်အားလုံးက တညီတညွတ်တည်း သဘောတူညီမှုရရှိစေရန် ထိုကျောင်းသားက ပံ့ပိုးမှု ပေးရမည်။

၄။ ကျောင်းသားများကို အောက်ဖော်ပြပါ လုပ်ငန်းများလုပ်ဆောင်ရန်ညွှန်ကြားပါ။

- ဇယား (၃.၁၂) တွင် ပါရှိသည့် ပူးပေါင်းပါဝင်လုပ်ဆောင်ရသော အုပ်စုလုပ်ငန်း ၏ အခန်း ကဏ္ဍတစ်ခုစီအတွက် ဆီလျော်ကိုက်ညီမှု အရှိဆုံးဖြစ်သည့် (၂၁) ရာစု ကျွမ်းကျင်မှုများ (သို့မဟုတ်) မရှိမဖြစ်သည့် ကျွမ်းကျင်မှုများကို သတ်မှတ်ဖော်ထုတ်ပေးပါ။ (RPES ကျွမ်းကျင်မှုများကို အသုံးပြုပြီး သတ်မှတ်ပါ။)
  - ကြောင်းကျိုးစိစစ် ဝေဖန်စဉ်းစားတတ်ခြင်းနှင့် အတွေးသစ် အမြင်သစ်များကို စဉ်းစားတတ်ခြင်း (ပြဿနာဖြေရှင်းတတ်ခြင်း အပါအဝင်)
  - သုတေသနပြုတတ်ခြင်း
  - နှုတ်ဖြင့်ဆက်သွယ်မှု/နှုတ်မှုဆိုင်ရာ ကျွမ်းကျင်မှု (verbal communication) နှင့်ရှင်းလင်းတင်ပြတတ်မှု
  - အရေးအသားဖြင့် ဆက်သွယ်မှု/အရေးအသားကျွမ်းကျင်မှု
  - ဘာသာစကား နှံ့စပ်တတ်ကျွမ်းမှု
  - ခေါင်းဆောင်မှုနှင့် အသင်းအဖွဲ့ ဖွဲ့စည်းမှု
  - ပြန်လည်သုံးသပ် စဉ်းစားတတ်သော အလေ့အကျင့်
  - သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ (ICT) များ တတ်ကျွမ်းမှု

၅။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) သက်ဆိုင်ရာ အားသာချက်များရှိကြသည့် ကျောင်းသားများကို သက်ဆိုင်ရာ အုပ်စုလုပ်ငန်း အခန်းကဏ္ဍများ ဆောင်ရွက်စေရန် သင်မည်သို့ တာဝန်ပေးမည်နည်း။ ပါဝင်ပူးပေါင်းဆောင်ရွက်သော သင်ယူမှုဆောင်ရွက်ရာတွင် သူတို့၏ ယုံကြည်မှုကို မည်သို့ တည်ဆောက်ပေးမည်နည်း။

(ခ) အချိန်ကြာလာသည်နှင့်အမျှ ကျောင်းသားအသီးသီးတို့ကို အုပ်စုလုပ်ငန်း၏ အခန်းကဏ္ဍ အသီးသီး အပ်နှင်းဆောင်ရွက်စေနိုင်ရန် သင်မည်သို့ ဆောင်ရွက်မည်နည်း။ ထိုအခန်းကဏ္ဍမျိုး ဆောင်ရွက်တတ်သည့် အခွင့်အလမ်းများကို ကျောင်းသားတို့အား ပံ့ပိုးပေးသင့်သည်။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးတည်းကိုသာ ကူညီလမ်းညွှန်သူ (သို့မဟုတ်) သတင်းထောက်အဖြစ် အမြဲ မဆောင်ရွက်စေသင့်ပါ။ ဤအချက်သည် အဘယ်ကြောင့် အရေးကြီးသနည်း။

(ဂ) အုပ်စုလုပ်ငန်းအခန်းကဏ္ဍ အမျိုးမျိုးတို့ကို ဆောင်ရွက်ခြင်းမှတစ်ဆင့် ကျောင်းသားများထံတွင် ဖွံ့ဖြိုးလာသော ကျွမ်းကျင်မှုများကို ပြန်လည်သုံးသပ် စဉ်းစားပြပါ။

၆။ အဖြေမှျဝေမည့် ကျောင်းသားများကို ဆရာကရွေးချယ်ပါ။


## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေကို အတန်းနှင့်မျှဝေမည့် ကျောင်းသားများကို ဆရာက ရွေးချယ်လိုက်သောအခါ သူတို့၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်နိုင်လာမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**ဇယား ၃.၁၂။ အုပ်စုလုပ်ငန်းအတွက်အခန်းကဏ္ဍများ**

| အခန်းကဏ္ဍ | အဓိကတာဝန် | ၂၁ ရာစု မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်မှုများ |
|---|---|---|
| ကူညီလမ်းညွှန်သူ  | အုပ်စုတစ်ခုလုံးလုပ်ဆောင်ရန် လုပ်ငန်း အပေါ် ဦးတည်အာရုံစိုက် နေစေရန် နှင့် အလေးပေးမှုကို အစဉ်တစိုက် ခိုင်မြဲ စေရန် ကူညီပေး ခြင်းဖြင့် အုပ်စုလုပ်ငန်း ကို စီမံခန့်ခွဲခြင်း | ခေါင်းဆောင်မှုနှင့်အသင်းအဖွဲ့ ဖွဲ့စည်းမှု |
| မှတ်တမ်းတင်သူ  | အုပ်စုဆွေးနွေးမှုမှရရှိလာသော မှတ်စု များကို တွေ့ရှိချက်များ သို့မဟုတ် အဖြေများနှင့်အတူ ရေးသား မှတ်တမ်း တင်ထား ခြင်း | အရေးအသားဖြင့် ဆက်သွယ်နိုင်မှု ဘာသာစကားနှံ့စပ်တတ်ကျွမ်းမှု |

| အခန်းကဏ္ဍ | အဓိကတာဝန် | ၂၁ ရာစု မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်မှုများ |
|---|---|---|
| သတင်းထောက် (သို့) တင်ပြသူ၊  | အုပ်စုထဲမှဆွေးနွေးရရှိလာသည့်စိတ်ကူး စိတ်သန်းများကို တစ်တန်းလုံးထံသို့ တင်ပြပေးခြင်း၊ အစီရင်ခံစာရေးရာတွင် လမ်းညွှန်မှုအဖြစ် မှတ်တမ်းတင်သူ၏ မှတ်စုများအပေါ် မှီတည်ရသည်။ | နှုတ်မှုဆိုင်ရာ ကျွမ်းကျင်မှုနှင့် ရှင်းလင်း တင်ပြတတ်မှု |
| ပြန်လည်သုံးသပ် စဉ်းစားသူ  | အုပ်စုဝင်အားလုံးတို့၏အမြင်များ/ ထင်မြင်ချက် များအပေါ်၌ ဝေဖန် သုံးသပ် စဉ်းစားပေးခြင်း (ဘုံတူညီသောအကြောင်းပြချက်ရရန်) အုပ်စုဝင်များအားဘုံသဘောတူညီမှုရရှိ စေရန် ကူညီသည်။ | ကြောင်း/ကျိုးစိစစ် ဝေဖန်စဉ်းစားတတ်ခြင်း နှင့် အတွေးသစ်အမြင်သစ်များကို စဉ်းစား တတ်ခြင်း (ပြဿနာ ဖြေရှင်းတတ်ခြင်း အပါအဝင်) |

**မေးခွန်း**-သက်ဆိုင်ရာ အားသာချက်များရှိကြသည့် ကျောင်းသားများကို သက်ဆိုင်ရာ အုပ်စု လုပ်ငန်း အခန်းကဏ္ဍများ ဆောင်ရွက်စေရန် သင်မည်သို့ တာဝန်ပေးမည်နည်း။ ပါဝင် ပူးပေါင်းဆောင်ရွက်သော သင်ယူမှုဆောင်ရွက်ရာတွင် သူတို့၏ ယုံကြည်မှုကို မည်သို့ တည်ဆောက်ပေးမည်နည်း။

## ဖြစ်နိုင်ခြေရှိသော အဖြေများ

- အခန်းကဏ္ဍခွဲဝေမှုနှင့် ပတ်သက်ပြီးကျောင်းသားများကို ရွေးချယ်မှုပြုစေသင့် သည်။
- ဆရာက ကျောင်းသားများအား ကြည့်ရှုလေ့လာနိုင်ခွင့်ရယူပြီးနောက်သူတို့၏ စွမ်းဆောင်မှုနှင့် ကျွမ်းကျင်မှုများကို (၂၁) ရာစု ကျွမ်းကျင်မှုများနှင့် တိုက်ဆိုင် အကဲဖြတ်ကာ ကိုက်ညီမှုရှိသော ကျောင်းသားများကို ဆီလျော်စွာ ရွေးချယ်နိုင်သည်။

သင်တို့မှတ်သားရမည်မှာ ဆဋ္ဌမတန်းသင်ရိုးသစ်ဆရာလမ်းညွှန်၌ ကြည့်ရှုလေ့လာခြင်းကို စာသင်ခန်းတွင်းအဆင့် သင်ယူစဉ်စစ်ဆေးခြင်းနည်းလမ်းတစ်ရပ်အဖြစ် ဖော်ထုတ်သတ်မှတ်ထားသည်။ ဆရာများက ကျောင်းသားများ၏လုပ်ဆောင်မှုကို တိုက်ရိုက်ကြည့်ရှုလေ့လာပြီး တွေ့ရှိချက်များကိုလည်း မှတ်တမ်းတင်ထားသင့်ပါသည်။ ထိုကြည့်ရှုလေ့လာမှုတွင် ကျောင်းသားများ အုပ်စုလုပ်ငန်း ဆောင်ရွက်ရာ၌ အပြုအမူများနှင့် အခြားမရှိမဖြစ်သည့် ကျွမ်းကျင်မှုများနှင့် ပတ်သက်၍ ကြည့်ရှုလေ့လာရန်ဖြစ်သည်။

**မေးခွန်း** - အချိန်ကြာလာသည်နှင့်အမျှ ကျောင်းသားအသီးသီးတို့ကို အုပ်စုလုပ်ငန်း၏ အခန်းကဏ္ဍ အသီးသီး အပ်နှင်းဆောင်ရွက်စေနိုင်ရန် သင်မည်သို့ ဆောင်ရွက်မည်နည်း။ ထိုအခန်းကဏ္ဍမျိုး ဆောင်ရွက်တတ်သည့် အခွင့်အလမ်းများကို ကျောင်းသားတို့အား ပံ့ပိုးပေးသင့်သည်။ ဥပမာအားဖြင့် ကျောင်းသားတစ်ဦးတည်းကိုသာ ကူညီလမ်းညွှန်သူ (သို့မဟုတ်) သတင်းထောက်အဖြစ် အမြဲမဆောင်ရွက်စေသင့်ပါ။ ဤအချက်သည် အဘယ်ကြောင့် အရေးကြီးသနည်း။

## ဖြစ်နိုင်ခြေရှိသောအဖြေများ

- ဆရာက အခန်းကဏ္ဍများကိုခွဲဝေပေးမည်။ သို့မဟုတ် ကျောင်းသားများအား သူတို့ မဆောင်ရွက်ဖူးသေးသော အခန်းကဏ္ဍတစ်ခုကို ရွေးချယ်ဆောင်ရွက်စေမည်။
- ကျောင်းသားများအနေနှင့် (၂၁)ရာစုကျွမ်းကျင်မှုများကိုယုံကြည်ချက်ခိုင်မာစွာနှင့် တတ်ကျွမ်းပိုင်နိုင်စွာ ရရှိသွားနိုင်မည့် အခွင့်အလမ်းများကို ရရှိစေရန် အရေးကြီးပါသည်။ ဇယား (၃.၁၀) တွင် ဖော်ထုတ်သတ်မှတ်ပေးထားသည့် ကျွမ်းကျင်မှုများကို အုပ်စုလုပ်ငန်း ၏ အခန်းကဏ္ဍများကို ဆောင်ရွက်ရင်းဖြင့် ဖွံ့ဖြိုးလာစေနိုင်သည်။
  - ခေါင်းဆောင်မှုနှင့် အသင်းအဖွဲ့ ဖွဲ့စည်းမှု
  - ဘာသာစကားနှံ့စပ် တတ်ကျွမ်းမှု
  - အရေးအသားကျွမ်းကျင်မှု/ ရေးသားဆက်သွယ်ရာ၌ ကျွမ်းကျင်မှု
  - နှုတ်မှုဆိုင်ရာ ဆက်သွယ်ရေး ကျွမ်းကျင်မှုနှင့် ရှင်းလင်းတင်ပြတတ်မှု

- ကြောင်းကျိုးစိစစ် ဝေဖန်စဉ်းစားတတ်ခြင်းနှင့် အတွေးသစ် အမြင်သစ်များကို စဉ်းစားတတ်ခြင်း (ပြဿနာဖြေရှင်းတတ်ခြင်း အပါအဝင်)
- ပြန်လည်သုံးသပ်တတ်သော အလေ့အကျင့်

**စာသင်ချိန် (၂)**

### သင်ယူမှုလုပ်ငန်း (၂)။ ပူးပေါင်းပါဝင်လုပ်ဆောင်ရသော သင်ယူမှုလုပ်ငန်းတစ်ခု တွင် ပါဝင်ဆောင်ရွက်ခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် (လုပ်ငန်းဆောင်ရွက်မှု ၃၀ မိနစ်၊ တစ်တန်းလုံးနှင့် မျှဝေခြင်း အုပ်စုအလိုက် တင်ပြခြင်း ၁၀ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင် ကျောင်းသား (၄) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - ပူးပေါင်းပါဝင်လုပ်ဆောင်ရသော သင်ယူမှုတစ်ခုကို ကူညီလမ်းညွှန်နိုင်မည့်နည်းလမ်းများ (ထိုနည်းလမ်းများတွင် ကျောင်းသားများအနေနှင့် မိမိတို့တစ်ဦးချင်းပါဝင်လုပ်ဆောင်မှုနှင့် အုပ်စုလုပ်ငန်းစဉ်များ၏ ထိရောက်မှုတို့ကို ပြန်လည်သုံးသပ်စဉ်းစားမှုပြုရာ၌ မည်သို့အထောက် အပံ့ပြုရမည်ဆိုသည့်နည်းလမ်းများအပါအဝင်) ကို နားလည်သဘောပေါက်လာ နိုင်စေရန်

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -
- အုပ်စုလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများရရှိရန် အုပ်စုဝင်တစ်ဦး၏ ပါဝင်ဆောင်ရွက်မှုများနှင့် အုပ်စုလုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်မှု ပြုနိုင်စေရန် အထောက် အပံ့ပေးသည့် နည်းလမ်းများကိုဆွေးနွေးတတ်မည်။

၂။ ကျောင်းသားများကိုတစ်အုပ်စုလျှင် (၄) ဦးစီပါဝင်သော အုပ်စုများအဖြစ်သို့ ဖွဲ့စည်းရန် ညွှန်ကြားပါ။

၃။ အုပ်စုတစ်ခုစီတွင်ပါဝင်သောအုပ်စုဝင်တစ်ဦးစီတို့ကို (၁) ကူညီလမ်းညွှန်သူ (၂) မှတ်တမ်းတင်သူ၊ (၃) သတင်းထောက်(သို့)တင်ပြသူနှင့် (၄) ပြန်လည်

သုံးသပ်စဉ်းစားသူတို့၏ အခန်းကဏ္ဍ အသီးသီးကို တိကျစွာ တာဝန်ပေး ဆောင်ရွက်စေရမည်။

၄။ မှတ်သားရန် - ကျောင်းသားကိုင်စာအုပ်ထဲမှ ပုံ (၃.၂၀) တွင် ဆန်းသစ်သော အုပ်စုဖွဲ့စည်းခြင်း နည်းစနစ်တစ်မျိုး ဖော်ပြထားသည်။ ထိုအုပ်စုဖွဲ့ခြင်း နည်းစနစ် က အုပ်စုဝင်အချင်းချင်းတို့အပေါ် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် အမှီသဟဲပြုမှု အယူအဆ/သဘောတရားကို သိရှိစေသည်။ ဆိုလိုသည်မှာ အုပ်စုဝင်တစ်ဦးစီသည် ပိုမိုကြီးမားသော အဖွဲ့အစည်း/ အကြောင်းအရာ တစ်ခုထဲ ၌ မရှိမဖြစ် ပါဝင်နေကြသော အစိတ်အပိုင်း အသီးသီးအဖြစ် ယူဆခြင်း ဖြစ်သည်။ (ဥပမာ - လက်ဖဝါးနှင့်လက်ချောင်းအသီးသီး)

၅။ အပိုင်း (က) နှင့် အပိုင်း (ခ) တို့ကိုဖြည့်သွင်းရေးသားရန် ကျောင်းသားများကို ညွှန်ကြားပါ။ အပိုင်း (က) - ပူးပေါင်းပါဝင်လုပ်ဆောင်ရသော သင်ယူမှုနှင့် အသင့်တော်ဆုံးဖြစ်မည့်*သင်ကြားမှုနှင့်သင်ယူမှုဆိုင်ရာဆက်စပ်အခြေအနေများ* အကြောင်းကို ဆွေးနွေးပါ။

(က)ပူးပေါင်းပါဝင်လုပ်ဆောင်ကာ သင်ယူရသော သင်ယူမှုကို မည်သည့် ဘာသာရပ် နယ်ပယ်များတွင် အသုံးပြုနိုင်မည်နည်း။

(ခ) ပူးပေါင်းပါဝင်လုပ်ဆောင်ရသော အုပ်စုလုပ်ငန်းမှ တစ်ဆင့် မည်သည့်လုပ်ငန်း များကို လုပ်ဆောင်နိုင်လာမည်နည်း။

(ဂ) ဤလုပ်ငန်းများကို ဆောင်ရွက်ရန် စာသင်ချိန်တစ်ချိန် (သို့မဟုတ်) စာသင်ချိန် အရေအတွက်မည်မျှလိုအပ်မည်နည်း။

အပိုင်း (ခ)- မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုကိရိယာ (self-assessment tool) (သို့မဟုတ်) အကဲဖြတ်သုံးသပ်မှုကိရိယာ (Evaluation tool) (အောက်ပါအချက်များ အပါအဝင်) တစ်ခုကို တီထွင်တည်ဆောက်ခြင်း

- အုပ်စုဝင်တစ်ဦးစီအား အုပ်စုလုပ်ငန်း၌ သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်မှုကို ပြန်လည်သုံးသပ် စဉ်းစားစေရာတွင် အထောက်အပံ့ဖြစ်စေမည့် အကဲဖြတ်သုံးသပ်သည့် မေးခွန်း (၄) ခု
- အုပ်စုဝင်တစ်ဦးစီအား ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်သည့် သူတို့အုပ်စု၏ စွမ်းရည်ကို ပြန်လည်သုံးသပ်စဉ်းစားစေရာတွင် အထောက်အပံ့ဖြစ်စေမည့် နောက်ထပ် အကဲဖြတ်သုံးသပ်ရန် မေးခွန်း (၄) ခု

အပိုင်း (ဂ) - အုပ်စုတွင်းလုပ်ငန်းများ၌ သင်၏ပါဝင်မှုများနှင့် ထိရောက်စွာ

လုပ်ဆောင်နိုင်သည့် အုပ်စု၏စွမ်းရည်တို့ကို ပြန်လည်သုံးသပ်စဉ်းစားပါ။ အောက်ဖော်ပြပါ အကဲဖြတ်သုံးသပ်မှုပြုသည့် မေးခွန်း (၈) ခုကို ဖြေဆိုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း (self-assessment) ကိုအသုံးပြုရမည်။ လုပ်ငန်းစဉ်တစ်ခုလုံးကိုပြန်လည်တင်ပြရန် အုပ်စုများကိုညွှန်ကြားပါ။ ထို့နောက် တစ်တန်းလုံးနှင့် မျှဝေခြင်း အုပ်စုအလိုက် တင်ပြခြင်းတို့ကို ဆောင်ရွက်စေရမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**အပိုင်း(က)**

**မေးခွန်း** - ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှုကို မည်သည့် ဘာသာရပ်နယ်ပယ်များ၌ အသုံးပြုမည်နည်း။

**အဖြေ** - ပူးပေါင်းပါဝင်လုပ်ဆောင်ရသော သင်ယူမှုကို ဘာသာရပ်နယ်ပယ်အားလုံးတွင် လက်တွေ့အသုံးချနိုင်ပါသည်။

**မေးခွန်း** - ပူးပေါင်းပါဝင်လုပ်ဆောင်သော အုပ်စုလုပ်ငန်းမှတစ်ဆင့် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်နည်း။

**အဖြေ** - သင်ယူဆိုင်ရာလုပ်ငန်းဆောင်တာအမျိုးမျိုးတို့ကို ဆောင်ရွက်လုပ်ဆောင်တတ်မည်။ (ဥပမာ-သင်္ချာဘာသာရပ်ထဲမှ အဆင့်မျိုးမျိုး တွက်ချက်ရသော သင်္ချာပုစ္ဆာများကို တွက်ချက်တတ်ခြင်း၊ မြန်မာစာ၌ ပုံပြင်တို တစ်ပုဒ်ကို တွဲဖက်ရေးသားတတ်ခြင်း၊ လူမှုရေးဘာသာရပ်တွင် သုတေသနစီမံချက်တစ်ခု ရေးသားတတ်ခြင်း (သို့မဟုတ်) ပန်းချီဘာသာရပ်တွင် ဒီဇိုင်းဆွဲခြင်း)

**မေးခွန်း** - ဤလုပ်ငန်းများကို ဆောင်ရွက်ရန် စာသင်ချိန်တစ်ချိန် (သို့မဟုတ်) စာသင်ချိန် အရေအတွက်မည်မျှလိုအပ်မည်နည်း။

**အဖြေ** - ၎င်းတို့ကိုစာသင်ချိန်တစ်ချိန်တည်းနှင့်ဆောင်ရွက်နိုင်သည်များလည်းရှိသည်။ သို့မဟုတ် စာသင်ချိန် (သို့) သင်ခန်းစာအများအပြားတွင် တစ်ဆင့်ချင်းဆောင်ရွက်နိုင်သည်။

**အပိုင်း(ခ)**

**ဇယား ၃.၁၃။ ပူးပေါင်းပါဝင်လုပ်ဆောင်သော အုပ်စုလုပ်ငန်းများအတွက် ကျောင်းသားများမိမိကိုယ်မိမိစစ်ဆေး အကဲဖြတ်ခြင်းကိရိယာ**

| အကဲဖြတ်သုံးသပ်မှုမေးခွန်းများ | လုံးဝသဘော တူညီပါသည် | သဘော တူညီပါသည် | သဘော မတူညီပါ | လုံးဝသဘော မတူပါ |
|---|---|---|---|---|
| အုပ်စုတွင်း၌ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှု | | | | |
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |
| ၄။ | | | | |
| ပူးပေါင်းပါဝင် လုပ်ဆောင်နိုင်စွမ်းရှိသော အုပ်စု၏ စွမ်းရည် | | | | |
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |
| ၄။ | | | | |

**ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း**

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤအခန်းငယ်အတွက် ဆန်းစစ်ရန်မေးခွန်းများကို ကျောင်းသားများအား သူတို့ ကိုယ်ပိုင်အချိန်တွင် ဆောင်ရွက်ရန် ဆရာက ကျောင်းသားများကို ညွှန်ကြားပါ။

၂။ ပူးပေါင်းပါဝင်လုပ်ဆောင်ရသောသင်ယူမှု (co-operative learning) နှင့်ဆက်စပ် နေသော မေးခွန်းများကို ကြည့်ရှုလေ့လာပါ။

- ပူးပေါင်းပါဝင်လုပ်ဆောင်ရသော အုပ်စုလုပ်ငန်းမှတစ်ဆင့် ကျောင်းသား များသည် မည်သည့် အမျိုးအစား ကျွမ်းကျင်မှုများ (မရှိမဖြစ်သည့် ကျွမ်းကျင်မှုများနှင့်) ဖွံ့ဖြိုးလာကြသနည်း။
- ပူးပေါင်းပါဝင်လုပ်ဆောင်ရသောအုပ်စုမှ ကျောင်းသားများအား သင်ယူမှု လုပ်ငန်းများ တွင် သူတို့၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှုကို ပြန်လည်သုံးသပ် တတ်စေရန်အတွက် ဆရာက မည်သို့ ကူညီပံ့ပိုးပေးရမည်နည်း။

၃။ နောက်ထပ်သင်ယူရမည့် သင်ခန်းစာကို ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ကျောင်းသားကိုင်စာအုပ်မှ “လွတ်လပ်စွာသင်ယူခြင်း” (သင်ခန်းစာ ၃.၅.၁၊ အခန်းငယ် ၃.၅) အကြောင်းကို ကြိုတင်ဖတ်ရှု လေ့လာရန် အိမ်စာလုပ်ငန်းပေး ပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** ခြေခြေမြစ်မြစ်ရှိသော အဓိပ္ပာယ်ပြည့်ဝသော စကားဝိုင်း (substantive conversation) ဆိုသည်မှာအဘယ်နည်း။

**အဖြေ။** *အဓိပ္ပာယ်ပြည့်ဝစွာ စကားဝိုင်းဖွဲ့နိုင်သော စာသင်ခန်းများတွင် ရှိသည့် လက္ခဏာများမှာ -*

- *ခိုင်မာသောခေါင်းစဉ်/အကြောင်းအရာတစ်ခု၏ အကြောင်းကို ဆွေးနွေး ပြောဆိုရာ တွင် ဆရာ-ကျောင်းသားအပြန်အလှန်ဆက်သွယ်မှုနှင့် ကျောင်းသား-ကျောင်းသား (ကျောင်းသား အချင်းချင်း) အပြန်အလှန်ဆက်သွယ်ပြောဆိုမှု အသင့်အတင့်ရှိခြင်း။*
- *အပြန်အလှန်ဆယ်သွယ်မှုသည် တစ်ဦးနှင့်တစ်ဦးတစ်လှည့်စီ ပြောဆိုခြင်း၊ နားထောင်ခြင်း တို့ကို ပြုရသည့် နှစ်လမ်းသွား ဆက်သွယ်မှုကိုဆိုလိုသည်။*
- *ဆက်သွယ်ပြောဆိုမှုက နှစ်ဦးနှစ်ဖက်နားလည်သဘောပေါက်မှုကို တိုးမြှင့်ပေးနိုင်သည်။*

**မေးခွန်း ၂။** စာသင်ခန်းတွင်း ဆွေးနွေးမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ဆက်စပ်နေသည့် သင်ယူမှုရလဒ်များမှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ။** *စာသင်ခန်းတွင်းဆွေးနွေးမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ဆက်စပ်နေသည့် သင်ယူမှုရလဒ်များ (ဆိုလိုသည်မှာ အသိပညာနှင့် ကျွမ်းကျင်မှုများ) မှာ အောက်ပါ တို့ဖြစ်ကြသည်။*

- *စိတ်ဝင်စားမှုရလာအောင် ဆောင်ရွက်ပေးခြင်းနှင့် နားလည်သဘောပေါက်မှု ရစေခြင်း*
    - *ကျောင်းသားများ၏ ယခင်ကရှိပြီးသော အသိပညာ၊ အတွေ့အကြုံများနှင့် အကြောင်းအရာသစ်ကို ချိတ်ဆက်ဆက်စပ်ပေးခြင်းဖြင့် သူတို့၏ စိတ်ဝင်စားမှု ကို ရရှိလာနိုင်သည်။*
    - *ဘာသာရပ်နယ်ပယ်တစ်ခု၊ ခေါင်းစဉ်တစ်ခု၊ အခက်အခဲတစ်ခု၊ ပြဿနာ တစ်ခုနှင့်ဆက်စပ်နေသောအဓိကကျသည့်အယူအဆ/သဘောတရားများနှင့် ကျောင်းသားများကို ချိတ်ဆက်ပေးခြင်းဖြင့် နားလည် သဘောပေါက်မှု ရလာစေနိုင်သည်။*

- *အဆင့်မြင့်တွေးခေါ်တတ်ခြင်းနှင့် ပြောဆိုဆက်သွယ်တတ်ရာ၌ ကျွမ်းကျင်မှုများ*
    - *အဆင့်မြင့်တွေးခေါ်ရာတွင် ကျွမ်းကျင်မှုများက လွဲမှားနေသော အယူအဆ များကို ဖြေရှင်းပြုပြင်ပေးရာတွင်ကူညီထောက်ပံ့နိုင်သည်။*
    - *ပြောဆိုဆက်သွယ်ရာ၌ ကျွမ်းကျင်မှုများ -ပြောဆိုဆက်သွယ်မှုဆိုင်ရာ လမ်းညွှန်ချက်များကို နားလည်ခြင်း (ဥပမာ - တက်ကြွစွာနားထောင်ခြင်း၊ စိတ်ကူးစိတ်သန်းများကို ရှင်းလင်းစွာတင်ပြခြင်း၊ သူတစ်ပါးတို့၏ အတွေး အမြင်များ ကို လေးစားခြင်း)*
    - *စိတ်ကူး၊ စိတ်သန်းများကို ယုံကြည်ချက် ခိုင်မာစွာ ဖော်ပြတတ်ခြင်းနှင့် ၎င်း တို့၏ အတွေးအမြင်များအတွက် အကြောင်းပြချက်များပေးတတ်ခြင်း။*

- *ပြဿနာဖြေရှင်းရာ၌ ကျွမ်းကျင်မှုများ*
    - *ရှုထောင့်အမျိုးမျိုးတို့ကို စူးစမ်းရှာဖွေတတ်ပြီး စိတ်ကူးစိတ်သန်းအသစ်များ ရရှိလာစေရန်နှင့် ပြဿနာဖြေရှင်းနည်းများရရှိလာစေရန် အခွင့်အလမ်းများ ပေါ်ပေါက်ခြင်း။*
    - *အခက်အခဲများသည် ရှုပ်ထွေးလေ့ရှိပြီး ပြဿနာဖြေရှင်းရန် ချဉ်းကပ်မှု အမျိုးမျိုးရှိ နိုင်ကြောင်းကို နားလည်သဘောပေါက်လာခြင်း*

- *အသင်းလိုက်/အဖွဲ့လိုက်လုပ်ရှား ဆောင်ရွက်ရာ၌ ကျွမ်းကျင်မှုများ*
  - *စိတ်ကူး စိတ်သန်းများမျှဝေခြင်းနှင့် အခက်အခဲတစ်ခုအတွက် အများသဘောတူ ဖြေရှင်းနည်းတစ်ခုကို အတည်ပြုရခြင်းတို့မှတစ်ဆင့် အသင်းအဖွဲ့လိုက် ဆောင်ရွက်တတ်ခြင်း*
  - *သင်ယူမှုအသိုက်အဝန်းတစ်ခုထဲ၌ တည်ရှိနေခြင်းဟူသော အသိတရား*

- *အဆင့်မြင့်သိမှုဆိုင်ရာကျွမ်းကျင်မှုများ*
  - *တွေးခေါ်မှုများနှင့် သင်ယူမှုဖြစ်စဉ်များကို ပြန်လည်သုံးသပ်စဉ်းစားခြင်းမှ တစ်ဆင့် အဆင့်မြင့် သိမှုဆိုင်ရာကျွမ်းကျင်မှုများရရှိလာသည်။*

**မေးခွန်း ၃။** အတန်းတွင်း ဆွေးနွေးမှုတစ်ခုတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ကျောင်းသားများအား သင်မည်သို့ ကြိုတင်ပြင်ဆင်ပေးနိုင်မည်နည်း။

**အဖြေ။** *အတန်းတွင်းဆွေးနွေးမှုတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်လာနိုင်စေရန် အတွက် ဆရာက အောက်ပါတို့ကို ဆောင်ရွက်ပေးနိုင်သည်။*

- *ကျောင်းသားများအား ၎င်းတို့ဆွေးနွေးမည့် အကြောင်းအရာများနှင့်မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို တိကျစွာနားလည်အောင်ပြောပြထားပါ။*
- *ကြိုတင်ပြင်ဆင်မှု၌ ကျောင်းသားများကို ပါဝင်ဆောင်ရွက်စေမည်။*
- *မှတ်စုစာအုပ်များနှင့် မေးခွန်းများကို ဆွေးနွေးပွဲသို့ ယူဆောင်လာရန် ကျောင်းသားများကို အားပေးမည်။ မှတ်စုရေးခြင်းအတွက် အစဖော်စကားလုံးများ ပံ့ပိုးပေးမည်။*

**မေးခွန်း ၄။** အတန်းတွင်းဆွေးနွေးမှု အစီအစဉ်တစ်ခု နည်းမှန်လမ်းမှန်ကျစေရန် မည်သည့် လုပ်ဆောင်မှုများနှင့် မည်သည့်စကားလုံး အသုံးအနှုန်းမျိုးကို အသုံးပြုနိုင် မည်နည်း။

**အဖြေ။** *အတန်းတွင်းဆွေးနွေးမှု နည်းလမ်းတကျဖြစ်စေရန် သင်သည်-*

- *ကျောင်းသားများ၏ အဖြေများကို စာကြောင်းတည်ဆောက်မှုနှင့်စကားလုံး အသုံးအနှုန်း တို့ကို တစ်မျိုးတစ်ဖုံပြောင်းကာ အခြားကျောင်းသားများကိုလည်း ပါဝင်ခွင့်ပြုပေးခြင်း*
- *ကျောင်းသားများ၏အား သူတို့ပြောလိုသည့် အဓိပ္ပာယ်ကိုရှင်းလင်းပြောပြစေခြင်း*
- *ကျောင်းသားများအားပြောလိုသည်တို့ကိုအသေးစိတ်အကျယ်တဝင့်ပြောပြစေခြင်း*
- *ဥပမာများပေးရန်ပြောဆိုခြင်း*
- *ကျောင်းသားများအား စကားလုံးများနှင့် စကားစုများကို အဓိပ္ပာယ်သတ်မှတ် ဖော်ပြစေခြင်း*
- *ကျောင်းသားအချင်းချင်း အပြန်အလှန်ပြောဆိုဆက်ဆံမှုကိုအားပေးခြင်း*
- *ကျောင်းသားများ၏ ပါဝင်ဆောင်ရွက်/ဆွေးနွေးမှုများကို ပြန်လည်သုံးသပ်ခြင်း*
- *အများသဘောတူညီချက် ရရှိမှုအတွက် ဆောင်ရွက်ပေးခြင်း*

**မေးခွန်း ၅။** အတန်းတွင်းဆွေးနွေးမှုတစ်ခုကို သင်မည်သို့ ပိတ်သိမ်း/အပြီးသတ် ပေး မည်နည်း။ ကျောင်းသားများ ပြန်လည်သုံးသပ်တတ်စေရန် အကဲဖြတ်သုံးသပ် တတ် စေရန် မည်သို့ ကူညီ လမ်းညွှန်ပေးမည်နည်း။

**အဖြေ။**

- *ဆွေးနွေးမှုမှ အဓိကအချက်များကို လိုရင်းကို တိုတိုရှင်းရှင်းဖြင့် အနှစ်ချုပ်ဖော်ပြ ပါ။ အနှစ်ချုပ်တစ်ခုသည် အောက်ပါပုံစံများဖြစ်နိုင်သည်။*
    - *အဓိက ထိုးထွင်းသိမြင်လာမှုများ -"တို့တွေဆွေးနွေးလိုက်တဲ့အခါ အဓိက အချက် (၃) ခု ပေါ်ပေါက်လာတယ် အဲဒါတွေကတော့.....*
    - *အားလုံး သဘောတူညီမှုရထားသော အဖြေ - တို့အားလုံး တညီတညာတည်း သဘောတူထားတာကတော့ ဒီပြဿနာအတွက် လက်တွေ့အကျဆုံးနဲ့ အသင့်တော်ဆုံး အဖြေက......*

- *ကျောင်းသားများကိုဆောင်ရွက်စေရမည့်လုပ်ငန်းများ -*
  - *ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ဆွေးနွေးပွဲ၌ ပါဝင်ဆောင်ရွက်ရခြင်း တို့မှတစ်ဆင့် သူတို့ထံ၌ ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုများနှင့် သူတို့၏ ရှုမြင်သုံးသပ်ပုံ အယူအဆများ မည်သို့ ပြောင်းလဲလာပုံကို ပြန်လည်သုံးသပ်သည့် မှတ်တမ်းများရေးသားရန်*
  - *မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု ဆောင်ရွက်ရန်နှင့်*
  - *ဆွေးနွေးပွဲအကြောင်း အကဲဖြတ်သုံးသပ်သည့် မေးခွန်းများကို ဖြေဆိုရန်*
- *ဆရာ (သင်) ၏ကိုယ်ပိုင်အကဲဖြတ်သုံးသပ်မှု/ဆရာကအကဲဖြတ်သုံးသပ်မှုပြုခြင်း၊*

**မေးခွန်း ၆။** ပူးပေါင်း ပါဝင်လုပ်ဆောင်ရသော သင်ယူမှု၏ ထူးခြားသော လက္ခဏာ များမှာ မည်သည်တို့ ဖြစ်ကြသနည်း။

**အဖြေ။** *ပူးပေါင်းပါဝင်လုပ်ဆောင်ရသော သင်ယူမှု၏ ထူးခြားသော လက္ခဏာများမှာ အောက်ပါ အတိုင်း ဖြစ်ကြသည်။*

- *အပြုသဘောဆောင်သော တစ်ဦးနှင့်တစ်ဦးအပြန်အလှန် အမှီသဟဲပြုမှု- တူညီသော ရည်မှန်းချက်ပန်းတိုင်တစ်ခုသို့ ရောက်ရှိစေရန် ဆောင်ရွက်မှုများမှတစ်ဆင့် အုပ်စုထဲမှ ကျောင်းသားများအားလုံးသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ်နေမှုကို သိရှိခံစားလာကြရသည်။*
- *တစ်ဦးချင်းစီ၏ တာဝန်ခံတတ်မှု - ထိုရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် အားလုံး ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ကြရသဖြင့် လူတိုင်း၌ တာဝန်ကိုယ်စီရှိကြသည်။*
- *အုပ်စုလုပ်ငန်းဆောင်ရွက်ရာ၌ကျွမ်းကျင်မှုများဖွံ့ဖြိုးလာခြင်း- အုပ်စုဝင်အဖွဲ့ဝင်ကျောင်းသားများသည် လိုအပ်သောလုပ်ငန်းများကို အခြားသူတို့နှင့်အတူ လက်တွဲ၍ ထိရောက်စွာ ဆောင်ရွက်ကြရင်း အချင်းချင်းအကြား ဖေးမကူညီမှုများနှင့် အသိပညာ ဖလှယ်မှုများ ပေါ်ပေါက်လာကြသည်။ ဤနည်းအားဖြင့် အုပ်စုလုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုများပိုမိုဖွံ့ဖြိုးလာကြသည်။*

- *တစ်ဦးချင်းစီ၏ ပါဝင်ဆောင်ရွက်မှုများနှင့် အုပ်စုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်စဉ်းစားခြင်း -အုပ်စုထဲမှကျောင်းသားများအားလုံးက သူတို့ပါဝင်ဆောင်ရွက်မှုနှင့် အုပ်စု၏လုပ်ငန်းစဉ်တို့ကို စစ်ဆေးအကဲဖြတ်ကြသည်။ ပေးထားသောလုပ်ငန်းများကို အုပ်စုကမည်မျှထိရောက်စွာလုပ်ဆောင်နိုင်ကြောင်း အုပ်စု၏ အရည်အချင်းကိုလည်း စစ်ဆေး အကဲဖြတ်မှုပြုကြသည်။*

**မေးခွန်း ၇။** ပူးပေါင်းပါဝင်လုပ်ဆောင်သော အုပ်စုလုပ်ငန်းများမှတစ်ဆင့် မည်သည့် အရေးပါသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်နည်း။

***အဖြေ။*** *အုပ်စုလုပ်ငန်း၏ အခန်းကဏ္ဍအသီးသီးက ကျွမ်းကျင်မှုအသီးသီးတို့ကို ဖွံ့ဖြိုးစေသည်။*

- ***ကူညီလမ်းညွှန်သူ*** *- အုပ်စုအားလုပ်ဆောင်ရမည်ဖြစ်သော လုပ်ငန်းအပေါ်၌ အာရုံစူးစိုက်စေပြီး ဆွေးနွေးမှု၏ ဦးတည်ချက်ပြတ်မသွားစေရန် ထိန်းသိမ်း စီမံဆောင်ရွက်ရသည်။*
    - *ခေါင်းဆောင်မှုနှင့် အသင်းအဖွဲ့ ဖွဲ့စည်းမှု*

- ***မှတ်တမ်းတင်သူ*** *- အုပ်စု၏ဆွေးနွေးမှုမှ ရရှိလာသော မှတ်စုများကို တွေ့ရှိချက်များ အဖြေများနှင့် အတူမှတ်တမ်းပြုစုထားရသည်။*
    - *အရေးအသားဖြင့် ဆက်သွယ်မှု*
    - *ဘာသာစကား တတ်ကျွမ်းနှံ့စပ်မှု*

- ***ပြန်လည်သတင်းပို့သူ(ရှင်းလင်းတင်ပြသူ)*** *- အုပ်စုတွင်းမှ ဆွေးနွေးရရှိလာသည်များကို ကျန်တစ်တန်းလုံးမှ ကျောင်းသားများ သိရှိအောင်ရှင်းလင်းတင်ပြရသည်။ အုပ်စု၏ အစီရင် ခံစာ/တွေ့ရှိချက်ကို တင်ပြရာတွင်မှတ်တမ်းတင်သူ၏ မှတ်စုများအပေါ် အမှီ ပြုရသည်။*
    - *နှုတ်ဖြင့်ပြောဆိုဆက်ဆံမှုနှင့်ရှင်းလင်းတင်ပြမှု*

- ***ပြန်လည်သုံးသပ်သူ*** *- အုပ်စုဝင်ကျောင်းသားများ၏ အတွေးအမြင် အားလုံးတို့ အပေါ်ပြန် လည်သုံးသပ်စဉ်းစားရသည်။ ဤသို့ပြုခြင်းဖြင့် "အများလက်ခံထားသော သဘောထား/ယူဆချက်ကို တည်ဆောက်နိုင်မည် ဖြစ်သည့်အုပ်စုထဲမှ ကျောင်းသားများကို ဘုံသဘောတူညီချက်ရရှိအောင်ဆောင်ရွက်ပေးရသည်။*
  - *လေးနက်စွာဝေဖန်စိစစ်မှုနှင့်တီထွင်ဆန်းသစ်မှု/ပြဿနာဖြေရှင်းတတ်မှု အပါအဝင်)*
  - *ပြန်လည်သုံးသပ်တတ်သောအလေ့အကျင့်*

**မေးခွန်း ၈။** ပူးပေါင်းပါဝင်လုပ်ဆောင်ရသော အုပ်စုလုပ်ငန်းများတွင် ကျောင်းသားများ၏ ပါဝင်ဆောင်ရွက်မှု အပေါ်ပြန်လည်သုံးသပ်၍ သင်မည်သို့ထောက်ပံ့ကူညီပေးမည်နည်း။

**အဖြေ။** *ကျောင်းသားများသည် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (self-assessment/ evaluation) ကိုဆောင်ရွက်နိုင်သည်။ သာမန်ရိုးရှင်းသော ကိရိယာတစ်ခုကို အသုံးပြုခြင်းအားဖြင့်လည်း သူတို့၏ အုပ်စုတွင်း ပါဝင်ဆောင်ရွက်ချက်များအပေါ် တွင် နှင့် ပေးထားသောလုပ်ငန်းကို အုပ်စုက ထိရောက်စွာ ဆောင်ရွက်နိုင်သော စွမ်းရည်အပေါ် တွင် ပြန်လည် သုံးသပ်နိုင်ကြသည်။*

# ၃.၅။ ကိုယ်တိုင်လုပ်ပိုင်ခွင့် (Autonomy) အယူအဆဖွံ့ဖြိုးလာခြင်း နှင့် ကျောင်းသားအချင်းချင်း ဦးဆောင်မှုဖြင့်သင်ယူခြင်း

အဆင့်မြင့်တွေးခေါ်စဉ်းစားမှုတွင် မိမိ၏တွေးခေါ်စဉ်းစားမှုကို သတိမူခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းတို့ ပါဝင်သည်။ ကျောင်းသားများသည် ကိုယ်ပိုင်လုပ်ပိုင်ခွင့်ရှိသော ကိုယ့်တာဝန်ကိုယ်ယူနိုင်သော ကျောင်းသားများဖြစ်လာစေရန်၊ အဆင့်မြင့်တွေးခေါ်စဉ်းစားရာတွင် ကျွမ်းကျင်မှုများရှိရန် လိုအပ်သည်။ အဆင့်မြင့်တွေးခေါ်မှုသည် တစ်ဦးတည်းအမှီအခိုကင်းစွာ သင်ယူမှု (Independent Learning) အတွက်ရော အပြန်အလှန်အမှီသဟဲပြုသော (အချင်းချင်း) သင်ယူမှုအတွက်ပါ မရှိမဖြစ် လိုအပ်ပါသည်။ ဤအခန်းငယ်တွင် တစ်ဦးတည်း အမှီအခိုကင်းစွာ/လွတ်လပ်စွာ သင်ယူမှု (Independent Learning)၊ အချင်းချင်းထံမှသင်ယူမှု (Peer learning) နှင့် အချင်းချင်းက ဦးဆောင်မှုဖြင့် အသင်းအဖွဲ့လိုက်သင်ယူမှု (Peer-led team learning) တို့ကို လေ့လာသင်ယူရမည်။

## ၃.၅.၁။ လွတ်လပ်စွာ/အမှီအခိုကင်းစွာ သင်ယူမှု (Independent Learning)

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းသားများအတွက် တစ်ဦးတည်းလွတ်လပ်စွာ သင်ယူမှု၏ အကျိုးကျေးဇူးများကို ရှင်းပြတတ်မည်။
- ကျောင်းသားများလွတ်လပ်စွာသင်ယူမှုပြုနိုင်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ (ကိုင်းညွတ်မှုများ) ကို အကျဉ်းချုံးဖော်ပြတတ်မည်။
- လွတ်လပ်စွာသင်ယူမှုအတွက် စီစဉ်ပြင်ဆင်မှုတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့် သင်ကြားမှုနည်းလမ်းများကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှု

(ခ) (၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော် လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၁)ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - လွတ်လပ်စွာ/လွတ်လပ်သော သင်ယူမှုနှင့် ပတ်သက်၍ ဖတ်ရှုလေ့လာခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - မေးခွန်းပေးခြင်း၊ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပညာရေး ဘာသာရပ်ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၅.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁)

- အွန်လိုင်းစာကြည့်တိုက် (e-Library) မှ "စာပေစိစစ်လေ့လာမှု - လွတ်လပ်စွာသင်ယူမှုဆိုသည်မှာ အဘယ်နည်း။ ကျောင်းသားများအတွက်ရရှိလာမည့်အကျိုးကျေးဇူးများမှာ မည်သည်တို့နည်း" ခေါင်းစဉ်ပါ ဆောင်းပါး
- လုပ်ငန်းပေးစာရွက်အဖြေ - နောက်ဆက်တွဲ (၁)

## သင်ယူမှုလုပ်ငန်း (၁)။ လွတ်လပ်စွာ/လွတ်လပ်သော သင်ယူမှုနှင့် ပတ်သက်၍ ဖတ်ရှုလေ့လာခြင်း

| | |
|---|---|
| **အချိန်** | (၄၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး/လွတ်လပ်စွာ သင်ယူမှု |

**ရည်ရွယ်ချက်** - လွတ်လပ်စွာသင်ယူရသော သင်ယူမှုလုပ်ငန်းတစ်ခုတွင် သင်တို့အား ချိတ်ဆက်ပါဝင်ဆောင်ရွက်စေခြင်းအားဖြင့် လွတ်လပ်စွာသင်ယူမှုအကြောင်း နားလည် သဘောပေါက်လာစေရန်

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ကျောင်းသားများအတွက် တစ်ဦးတည်းလွတ်လပ်စွာ သင်ယူမှု၏ အကျိုးကျေးဇူးများကို ရှင်းပြတတ်မည်။
- ကျောင်းသားများ လွတ်လပ်စွာသင်ယူမှုပြုနိုင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများ နှင့် စိတ်နေသဘောထားများ (ကိုင်းညွတ်မှုများ) ကို အကျဉ်းချုံးဖော်ပြတတ်မည်။
- လွတ်လပ်စွာသင်ယူမှုအတွက် စီစဉ်ပြင်ဆင်မှုတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ နှင့် သင်ကြားမှုနည်းလမ်းများကို ဆွေးနွေးတတ်မည်။

၂။ သင်ယူမှုလုပ်ငန်း (၁) ကိုလေ့လာရန် ကျောင်းသားများကိုညွှန်ကြားပါ။

၃။ ကျောင်း၏ထူးခြားသော အခြေအနေဆက်စပ်ဝန်းကျင်များ (contexts) အတွင်း လွတ်လပ်စွာသင်ယူမှုနှင့် ပတ်သက်၍ နိုင်ငံတကာစာပေများထဲမှ ပြန်လည် ဆန်းစစ်မှု (Review) တစ်ခုကို ဖတ်ရှုလေ့လာပါ။

၄။ ဤပြန်လည် ဆန်းစစ်မှုဆောင်းပါးသည် "လွတ်လပ်စွာ သင်ယူမှု" အကြောင်း နားလည်သဘောပေါက်မှု ဖွံ့ဖြိုးစေရန်အတွက် အစပျိုး ပထမအဆင့်အဖြစ် အသုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဆောင်းပါးသည် ပညာရှင် အသိုင်းအဝိုင်းတို့အတွက် ရည်ရွယ်သည်။ လက်တွေ့သင်ကြားနေသူ ဆရာများ အတွက် ရည်ရွယ်ကာ ရေးသားထားကြောင်းကို အလေးပေး ဖော်ပြပါ။

၅။ ဖတ်ရှုလေ့လာရမည့် ဆောင်းပါးကို ပိုမိုနားလည် သဘောပေါက်နိုင်စေရန် ဂရပ်ဖစ်ပုံတစ်ခု အသုံးပြုထားသည်ကို ဇယား (၃.၁၄) တွင် တွေ့နိုင်သည့်

ဆောင်းပါးအမည်မှာ “စာပေစိစစ်လေ့လာမှု- လွတ်လပ်စွာသင်ယူမှုဆိုသည်မှာ အဘယ်နည်း။ ကျောင်းသားများအတွက် ရရှိလာမည့် အကျိုးကျေးဇူးများမှာ မည်သည်တို့နည်း” ဖြစ်ပါသည်။ ထိုဆောင်းပါး၏ အပိုင်းများကို အကြောင်းအရာနှင့် ညီညွတ်စွာ ခွဲခြားထားသည့် အချို့အပိုင်းများမှာ သင်တို့အား နမူနာပြရန်အတွက် ဖြည့်သွင်းထားပြီး ဖြစ်သည်။ အောက်ပါအကြောင်းအရာတို့ကို သက်ဆိုင်ရာအပိုင်းများထဲသို့ ထည့်သွင်းရေးသားပေးပါ။

- လွတ်လပ်စွာ သင်ယူမှု၏ အကျိုးကျေးဇူးများ
- လွတ်လပ်စွာ သင်ယူမှုနှင့် သက်ဆိုင်သော သင်ကြားနည်းများ
- “လွတ်လပ်စွာ သင်ယူမှု” ကို အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကျောင်းသား များ၌ လိုအပ်နေသော ကျွမ်းကျင်မှုများ

## စစ်ဆေးအကဲဖြတ်ခြင်း

နောက်ဆက်တွဲ (၁) တွင် “သင်ခန်းစာ (၃.၅.၁) လွတ်လပ်စွာ သင်ယူမှုလုပ်ငန်း အဖြေစာရွက်” ကို ကျောင်းသားများအတွက် ပံ့ပိုးထားသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**ဇယား ၃.၁၄ (က)။ သတ်မှတ်ပြဋ္ဌာန်းထားသော ဆောင်းပါးကို ဖတ်ရှုပြီး မှတ်စုရေးမှုအတွက် ကြိုတင်အချက်ပြ ဂရပ်ဖစ်ပုံ (ဖြည့်ထားသောပုံ)**

| |
|---|
| ***လွတ်လပ်သော/စွာ သင်ယူမှု၏ အဓိကကျသောအချက်များ*** |
| • သင်ယူမှုဖြစ်စဉ် အောင်မြင်မှုအတွက် တာဝန်ယူမှုသည် ဆရာထံမှ ကျောင်းသားထံသို့ ပြောင်းရွှေ့ ရောက်ရှိသွားခြင်း |
| • တစ်တန်းလုံးကို ဆရာက ကြီးကြပ်ညွှန်ကြား သင်ကြားပြီး ဆရာဗဟိုပြု ချဉ်းကပ်မှု ဦးတည်ချက်မှ အနီးကပ် ကူညီဆောင်ရွက်ပေးသူအဖြစ် ချဉ်းကပ်မှု (ဆိုလိုချက်-ဆရာက လမ်းပြသူနှင့် ကူညီညွှန်ကြားသူအဖြစ်သာ ဆောင်ရွက်ရခြင်း) |
| • ကျောင်းသားများ အနေနှင့် သူတို့သင်ယူမှုလုပ်ငန်းကို သူတို့ကိုယ်တိုင် စောင့်ကြည့်လေ့လာ နိုင်စေရန်အတွက် သင်ယူမှုဆိုင်ရာချဉ်းကပ်မှုနှင့် အဆင့်မြင့် တွေးခေါ်မှု ဆိုင်ရာ ကျွမ်းကျင်မှု များ အပေါ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးပါပုံ |

<table>
<tr><td colspan="2">

***လွတ်လပ်သော/စွာ သင်ယူမှု၏ အကျိုးကျေးဇူးများ***

- ပညာရေးဆိုင်ရာ တတ်မြောက်မှု (academic performance) တိုးတက်ကောင်းမွန်လာခြင်း
- စေ့ဆော်မှု၊ ယုံကြည်စိတ်ချမှုနှင့် မိမိကိုယ်ကိုလေးစားတန်ဖိုးထားတတ်မှုတို့ မြင့်မားလာခြင်း
- မိမိ၏ အားနည်းချွတ်ယွင်းချက်များကို ပိုမိုသိရှိလာပြီး ၎င်းတို့ကို ကိုင်တွယ်ပြုပြင်ရန် အရည်အချင်းရှိလာခြင်း။
- လိုအပ်ချက်အလိုက် ပြောင်းလဲပြုပြင်ထားသော စာသင်ခန်းတွင်းမှ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်တတ်ခြင်း
- စာသင်ခန်းတွင်း၌ လူမှုပေါင်းသင်းဆက်ဆံရေးတွင် ပိုမိုပါဝင်လာနိုင်ခြင်း

***လွတ်လပ်သော/စွာ သင်ယူမှုပုံစံ၏ တိုးတက်ဖြစ်ပေါ်မှုအဆင့်များ***

- စီစဉ်ပြင်ဆင်ခြင်း (Planning)
- မိမိကိုယ်တိုင် စောင့်ကြည့်လေ့လာခြင်း (self-monitoring)
- သင်ယူမှု၏ အနှေး/အမြန်နှုန်းကို ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းဆီသို့ ဦးတည်ချက်ထားခြင်း (Controlling the pace and direction of the work)
- အကဲဖြတ်သုံးသပ်ခြင်း (Evaluation)

***လွတ်လပ်သော/စွာ သင်ယူမှုထဲသို့ နည်းပညာပေါင်းစပ်သုံးစွဲရခြင်း၏ ရည်ရွယ်ချက်များ***

- လွတ်လပ်စွာ သင်ယူမှုကို အကဲဖြတ်ရန် အခွင့်အလမ်းများ ပေးခြင်း
- အချက်အလက်များကို လက်လှမ်းမီရရှိစေခြင်း
- ကျောင်းသားများ အချင်းချင်းအကြားနှင့် ကျောင်းသားများနှင့် ဆရာများအကြားတို့တွင် ကြားခံ လူထုဆက်သွယ်ရေး နည်းလမ်းများ (မီဒီယာ)များ အဖြစ် ဆောင်ရွက်ခြင်း

***လွတ်လပ်သော/စွာ သင်ယူမှု နှင့် ဆက်စပ်သော သင်ကြားနည်းများ***

- ငြမ်းဆင်ထောက်ကူပေးခြင်း - သင်ယူမှု ဖြစ်စဉ်အတွက် ဆရာက တာဝန်ယူမှုကို ကျောင်းသား ထံသို့ တစ်ဖြည်းဖြည်းချင်း လွှဲပြောင်းကာ ကျောင်းသားကိုတာဝန်ပေးခြင်း
- ကျောင်းသားအား မိမိကိုယ်ကို စောင့်ကြည့်လေ့လာမှု ပြုနိုင်ရန်အတွက် အခွင့်အလမ်းများ ခွင့်ပြုပေးခြင်း - (၁) ရည်မှန်းချက်များချမှတ်ခြင်းနှင့် (၂)တုံ့ပြန်အကြံပြုချက်များရယူခြင်း
- အပြုအမူများကို နမူနာလုပ်ဆောင်ပြခြင်း ဥပမာ- အချက်အလက်များကို မည်သို့အမျိုးအစား ခွဲရမည်ကို ဆရာက နမူနာလုပ်ဆောင်ပြခြင်း
- ဆက်သွယ်ပြောဆိုရာ၌ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေခြင်း (သင်ယူမှုနှင့် ဆက်စပ်နေသော ဘာသာစကားသုံးစွဲမှုပါ အပါအဝင်)
- အိမ်စာလုပ်ငန်းအပေါ် တုံ့ပြန်အကြံပြုချက်ပေးခြင်း - ဤသို့ တုံ့ပြန်အကြံပြုချက်ပေးခြင်း က ကျောင်းသားများ၏ လွတ်လပ်စွာ သင်ယူရာတွင် မိမိကိုယ်ကို စိတ်ချယုံကြည်မှု တိုးတက်ကောင်းမွန်လာစေသည်။ ထို့အပြင် ၎င်းတို့ထံ၌ လွတ်လပ်စွာ သင်ယူမှုတွင် ပါဝင်သော ပြန်လည်သုံးသပ်တတ်သည့် ရှုထောင့်ကို ဖွံ့ဖြိုးလာစေသည်။

</td></tr>
<tr><td>

**အောင်မြင်မှုအတွက် စိတ်တွင်းပိုင်းဆိုင်ရာ အကြောင်းရင်းခံများ** (လွတ်လပ်စွာသင်ယူမှုတွင် အောင်မြင်စွာ ချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသားများထံ၌ လိုအပ်သော ကျွမ်းကျင်မှုများ)

</td><td>

**ပြင်ပအကြောင်းရင်းခံများ**

- ဆရာများနှင့် ကျောင်းသားများအကြားခိုင်မာသော ဆက်ဆံရေး (သံယောဇဉ်) ရှိကြခြင်း
- အကျိုးပြုသော ပတ်ဝန်းကျင် (Enabling environment) ရှိခြင်း

</td></tr>
</table>

| | |
|---|---|
| • သိမှုဆိုင်ရာကျွမ်းကျင်မှုများ ဥပမာ<br>- ပြဿနာဖြေရှင်းတတ်ခြင်း<br>- ပေးထားသော စံသတ်မှတ်ချက်များအရ အရာဝတ္ထုများကို အမျိုးအမည် သတ်မှတ်တတ်ခြင်း<br>- ကြိုတင်မှန်းဆချက်များ (hypothesis) တည်ဆောက်တတ်ခြင်း<br>- ကြောင်း/ကျိုး ညီညွတ်စွာ စဉ်းစား တွေးတောတတ်ခြင်း<br><br>• သိမှုဆိုင်ရာ အဆင့်မြင့်တွေးတောခြင်း<br>- ၎င်းတို့ မည်သို့ သင်ယူမည်ကို ပြန်လည် သုံးသပ်ခြင်း<br>- မိမိ၏ကိုယ်ပိုင်တိုးတက်လာမှုကို မိမိ ကိုယ်တိုင် စောင့်ကြည့် လေ့လာ တတ်ခြင်း<br><br>• စိတ်ခံစားမှုဆိုင်ရာကျွမ်းကျင်မှုများ<br>- ထကြွနိုးကြားမှုရှိခြင်း၊ မိမိကိုယ်တိုင်က စေ့ဆော်မှုရှိနေခြင်း<br>- ရည်မှန်းချက်သို့ ရောက်ရှိအောင် ဦးတည် လုပ်ကိုင်နေရခြင်းကို ကျေနပ် နှစ်သက်နေခြင်း | - ဆီလျော်သော ရုပ်ပိုင်းဝန်းကျင်<br>- အချိန်ယူလေ့လာမှုတွင် လွယ်ကူစွာ ပြုပြင်ပြောင်းလဲ နိုင်မှုရှိခြင်း<br>- လွတ်လပ်စွာ သင်ယူမှု ဆောင်ရွက်ရာတွင် တာဝန်ယူမှုကို မျှဝေခြင်း |

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ TCSF အညွှန်းကိန်းကို ပြန်လည်ဆန်းစစ်ပါ။

- (ခ) (၃.၁.၂) တစ်ဦးနှင့်တစ်ဦး အချင်းချင်းအပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော်လည်ကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက် နိုင်ရန် ကျောင်းသားများကို အားပေးသည်။

၂။ အိမ်စာလုပ်ငန်းအဖြစ် “အလယ်တန်းကျောင်း စာသင်ခန်းလက်တွေ့သင်ကြားမှုအတွက် သွယ်ဝိုက်ရည်ညွှန်းမှုများ” ခေါင်းစဉ်ကို ဖတ်ရှုစေရမည်။

# ၃.၅.၂။ ကျောင်းသားအချင်းချင်းထံမှ သင်ယူမှု(Peer Learning)

## မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- လွတ်လပ်စွာသင်ယူမှုနှင့် အပြန်အလှန်အမှီသဟဲပြုနိုင်သော သင်ယူမှုကို ပြုနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ (စိတ်ကိုင်းညွတ်မှုများ) ကို နှိုင်းယှဉ် ဖော်ပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ခ) (၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်း လွတ်လပ်စွာသော် လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။

**အချိန်** - မိနစ်(၅၀) ကြာ စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - လွတ်လပ်စွာသင်ယူမှုနှင့် အချင်းချင်း အပြန်အလှန် အမှီ သဟဲပြုကာ သင်ယူမှု တို့ကို နှိုင်းယှဉ်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည် ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ်ကျောင်းသားကိုင် စာအုပ် သင်ခန်းစာ (၃.၅.၂) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ -** နောက်ထပ်ရင်းမြစ်များ မလိုအပ်ပါ။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- လွတ်လပ်စွာသင်ယူမှုနှင့် အပြန်အလှန်အမှီသဟဲပြုနိုင်သော သင်ယူမှုကို ပြုနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ (စိတ်ကိုင်းညွတ်မှုများ) ကို နှိုင်းယှဉ် ဖော်ပြတတ်မည်။

၂။ ကျောင်းသားကိုင်စာအုပ်ထဲမှ "ကျောင်းသားအချင်းချင်းထံမှ သင်ယူမှု" သင်ခန်းစာကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ "အချင်းချင်းထံမှ သင်ယူမှု"၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို အလေးအနက်ပြု ဖော်ပြပါ။
အချင်းချင်းထံမှ သင်ယူမှုတွင် ကျောင်းသားအချင်းချင်းအကြား အသိပညာ စိတ်ကူး စိတ်သန်းများ နှင့် အတွေ့အကြုံများကို ဆရာ၏အကူအညီမပါဝင်ဘဲ မျှဝေခြင်း ပါဝင်သည်။ အချင်းချင်း သင်ယူမှုတွင် ကျောင်းသားများသည် သင်ကြားမှု သင်ယူမှု နည်းဗျူဟာများကို အသုံးပြုကာ သူငယ်ချင်းများနှင့်အတူ (သို့မဟုတ်) သူငယ်ချင်းထံမှ အပြန်အလှန် သင်ယူကြသည်။

၄။ ကျောင်းသားများက အတန်းပြင်ပတွင် သင်ခန်းစာများကို ဝိုင်းဖွဲ့ဆွေးနွေး လေ့လာကြသော စာကြည့်ဝိုင်းတွင်ပါဝင်ဖူးခြင်း ရှိ/မရှိ (သို့မဟုတ်) အခြား အမျိုးအစား သင်ယူမှုတစ်ခုကို သူငယ်ချင်းများနှင့်အတူ ဆောင်ရွက်ဖူးခြင်း ရှိ/မရှိ ကို မေးမြန်းပါ။ ဤသို့ ဆောင်ရွက်ဖူးသူ ကျောင်းသားများကို အောက်ပါမေးခွန်းမေး ပါ။

- အချင်းချင်းနှင့်ဖြစ်စေ အချင်းချင်းထံမှ လေ့လာရသောအခါ သင့်အတွက်ရရှိလာသော အကျိုးကျေးဇူးများမှာ မည်သည်တို့ဖြစ်ကြသနည်း။
- သင်အနေနှင့် အခြားသူငယ်ချင်းများထက် ပိုမိုသော အကျိုးကျေးဇူးများ ရရှိလာသည်ဟု ထင်မြင်ပါသလား။
- မည်သူတို့သည် သင်၏ (သက်ရွက်တူအုပ်စု) သူငယ်ချင်း အပေါင်းအသင်းများ ဖြစ်ကြသနည်း။

၅။ ကျောင်းသားများ၏ အဖြေများကို သင်ပုန်းပေါ်၌ ရေးပြပါ။

၆။ ပုံ (၃.၁၂) ကိုအာရုံစူးစိုက်စေလျက် ကျောင်းသားများကို အချင်းချင်းထံမှ သင်ယူမှု၏ ထူးခြားသော လက္ခဏာများကို အတန်းတစ်တန်းလုံး တစ်ပြိုင်တည်း ဖတ်ရှုစေမည်။

- အချင်းချင်းထံမှ သင်ယူမှုသည် နှစ်ဦးနှစ်ဖက်အပြန်အလှန် အကျိုးကျေးဇူးများ ဖြစ်ထွန်းသော သင်ယူမှုလုပ်ငန်းဖြစ်သည်။ ဆိုလိုသည်မှာ - ပါဝင်သူကျောင်းသားများ အားလုံးအကျိုး ကျေးဇူး ခံစားရသည်။
- အချင်းချင်းထံမှ သင်ယူမှုတွင် အချင်းချင်းအကြား ပူးပေါင်းပါဝင်လုပ်ဆောင်မှုကို ပြိုင်ဆိုင်မှုထက် တန်ဖိုးထားသည်။ ဤကဲ့သို့ ပူးပေါင်းပါဝင်လုပ်ဆောင်မှုကို တန်ဖိုးထား တတ်လာခြင်းက အချင်းချင်းအပြန်အလှန် အမှီသဟဲပြုကာ သင်ယူသည့် သင်ယူမှုသို့ ဦးတည်နေသော အရွေ့တစ်ခု (စတင်ပြောင်းလဲမှု) ဖြစ်သည်။
- သက်ရွယ်တူအုပ်စု၊ အတန်းတူအုပ်စုမှ သူငယ်ချင်းများဖြစ်ကြသည့်အတွက် တူညီသော အသိဉာဏ်စွမ်းအား နှင့် တူညီသော အဆင့်အတန်း (ကျောင်းသားအချင်းချင်း) ရှိကြသည်။ ထို့ကြောင့်ပင် သူတို့၏ လုပ်ပိုင်ခွင့်ရရှိသော အနေအထား (position) နှင့် ပေးအပ်ထားသော တာဝန်များ (responsibilities) ခြားနားမှုအလိုက် တစ်ဦးကိုတစ်ဦး ဩဇာလွှမ်းမိုး ထိန်းချုပ်မှုမရှိကြချေ။ (ပို၍ လွတ်လပ်ရင်းနှီးပွင့်လင်းစွာ သင်ယူ နိုင်ကြသည်။)

၇။ သုတေသနစာပေများ ဖော်ပြချက်အရ အချင်းချင်းထံမှ သင်ယူမှု (သို့မဟုတ်) တစ်ဦးနှင့် တစ်ဦး အပြန်အလှန်အမှီသဟဲပြုကာသင်ယူမှုနှင့်ဆက်စပ်နေသော ကျွမ်းကျင်မှုများမှာ အောက်ပါတို့ ဖြစ်ကြောင်းကို ကျောင်းသားများက သိရှိအောင်ပြောပြပါ။

- စုပေါင်းအဖြေရှာမှု/စိတ်ကူးသစ်အတွေးသစ် ထုတ်လုပ်မှု (Collaboration)၊ အသင်းအဖွဲ့ လုပ်ငန်း (Team work) နှင့် သင်ယူမှုအသိုက်အဝန်း/အစုအဖွဲ့ (Learning community)၊ တစ်ခု၏ အဖွဲ့ဝင်ဖြစ်လာမှု

- ကြောင်းကျိုး ဝေဖန်တတ်သော စူးစမ်းမှုနှင့် ပြန်လည်သုံးသပ် စဉ်းစားတတ်မှု
- အချင်းချင်းပြောဆိုဆက်သွယ်ရာ၌ သို့မဟုတ် မိမိတို့စိတ်ကူးများကို ဖော်ပြရာ၌ 'ကျွမ်းကျင် မှုများ နှင့်
- "သင်ယူမှုပြုရန်သင်ယူခြင်း (အားထုတ်ကြံစည်ခြင်း)" (Learning to learn) (သင်ယူရန် ကြိုးစားမှု) (သို့မဟုတ်) အဆင့်မြင့် တွေးခေါ်တတ်မှု (meta cognition)

## သင်ယူမှုလုပ်ငန်း (၁)။ လွတ်လပ်စွာသင်ယူမှုနှင့် အချင်းချင်း အပြန်အလှန် အမှီသဟဲပြုကာ သင်ယူမှု တို့ကို နှိုင်းယှဉ်ခြင်း

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် (လုပ်ငန်း- ၂၀ မိနစ် ၊ မျှဝေမှု ၁၀ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ သင်ယူမှု |

**ရည်ရွယ်ချက်** - အပြန်အလှန်အမှီသဟဲပြုသော သင်ယူမှု (Interdependent Learning) အတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ (ကိုင်းညွတ်မှုများ) နှင့် လွတ်လပ်စွာ သင်ယူမှုအတွက် (Independent Learning) လိုအပ်သောကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများတို့ကို နှိုင်းယှဉ် ပြတတ်စေရန်

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲစီတွဲ၍ သင်ယူရန်ညွှန်ကြားပါ။
၂။ သင်ယူမှုလုပ်ငန်း (၁) ကိုလေ့လာရန် ညွှန်ကြားပါ။
၃။ ပုံ (၃.၂၃) မှ တူညီမှုများနှင့် ခြားနားမှုများကို နှိုင်းယှဉ်ဖော်ပြသည့်ပုံစံကို ကြည့်ရှု၍ တူညီမှုများနှင့် ခြားနားမှုများကို ရှာဖွေကာ ပုံစံများထဲတွင် ဖြည့်သွင်းရေးသားရန် ကျောင်းသားများကို ညွှန်ကြားပါ။
၄။ အဖြေများကိုအတန်းနှင့် မျှဝေတင်ပြပေးမည့် ကျောင်းသားများကို ဆရာက ရွေးချယ်ပြီး တင်ပြ စေရမည်။
- လွတ်လပ်စွာ သင်ယူမှုနှင့် အပြန်အလှန် အမှီသဟဲ ပြုသော သင်ယူမှုတို့ နှစ်အခုအကြား မည့်သည့်အချက်တို့သည် မည်သို့တူညီကြသနည်း။
- ထိုသင်ယူမှုနှစ်ခုသည် မည်ကဲ့သို့ ခြားနားကြသနည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအား အဆင့်မြင့်တွေးခေါ်မှု သုံးရသော မေးခွန်းတစ်ခုကိုမေးပါ။

၂၁ ရာစုခေတ်တွင် တစ်ဦးနှင့်တစ်ဦးအပြန်အလှန် အမှီသဟဲပြုရသော သင်ယူမှုသည် အဘယ်ကြောင့် အရေးပါရသနည်း။

ကျောင်းသားများက အခန်း (၁) မှ သင်ယူခဲ့သည်များကို ထည့်သွင်းအသုံးပြုကာ အဖြေမေးကြမည် ဖြစ်သည်။ ယနေ့ခေတ်၏ ကမ္ဘာတစ်ဝန်းလုံးနှင့်ဆက်စပ်နေသော ပညာအဖွဲ့အစည်းက လူသား အားလုံးအတွက် အကြောင်းအရာ သတင်းအချက်အလက် အသီးသီးတို့ကို လက်လှမ်း မီရယူခြင်း၊ စီစဉ်ပြင်ဆင်ပြုပြင် ထုတ်လုပ်ခြင်းနှင့် မျှဝေခြင်းတို့ကို ပြုနိုင်စေရန် လိုလားမှုရှိ သည်။ သို့မှသာလျှင် အသိပညာအကြောင်းအရာ အချက်အလက် စသည်တို့ကို သက်ဆိုင်ရာ လုပ်ငန်းခွင်အသီးသီး နှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲများတွင် လက်တွေ့အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

(အွန်လိုင်းစာကြည့်တိုက် ဆောင်းပါး၌ ဖြည့်သွင်းရေးသားထားပြီးသောပုံစံရှိပြီး ၎င်းကို လက်ကမ်းစာစောင် အဖြစ်အသုံးပြုနိုင်သည်။)

<table>
<tr><th colspan="2">လွတ်လပ်စွာသင်ယူမှုနှင့် အပြန်အလှန်အမှီသဟဲပြုသော သင်ယူမှုတို့နှစ်ခုအကြား မည်သည့်အချက်တို့သည် မည်သို့တူညီကြသနည်း</th></tr>
<tr><td colspan="2">အလေးပေးမှု<br>• သိမှုဆိုင်ရာ၊ ဉာဏ်ရည်ဆိုင်ရာ ကျွမ်းကျင်မှုများ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း<br>• အဆင့်မြင့်သိမှု ဖြစ်စဉ် - သင်ယူရန်အတွက် သင်ယူခြင်း</td></tr>
<tr><td colspan="2">ထိုသင်ယူမှု (၂) ခုသည် မည်ကဲ့သို့ ခြားနားကြသနည်း။<br>↙ ↘</td></tr>
<tr><td>လွတ်လပ်စွာသင်ယူမှု</td><td>အပြန်အလှန်အမှီသဟဲပြုသော သင်ယူမှု</td></tr>
</table>

| အလေးပေးမှု | အလေးပေးမှု |
|---|---|
| • စိတ်ခံစားမှုဆိုင်ရာ ကျွမ်းကျင်မှုများ<br>• မိမိအလိုလိုတက်ကြွနိုးကြားနေခြင်း (စေ့ဆော်မှုရှိခြင်း)<br>• မိမိလုပ်ဆောင်မှုကို အလွယ်တကူနှင့် ကျေနပ်အားရမှု မရှိခြင်း (ပစ်စလက်ခတ် မလုပ်ခြင်း ကောင်းသည်ထက်ကောင်း အောင် ဆောင်ရွက်လိုခြင်း) | • ပူးပေါင်းဆောင်ရွက်မှုနှင့် အသင်းအဖွဲ့လိုက် လုပ်ဆောင်မှုတို့နှင့် စပ်လျဉ်းသော သင်ယူမှု ရလဒ်များ ပေါ်ပေါက်လာစေရေးနှင့် သင်ယူ မှုအသိုက်အဝန်း/အဖွဲ့အစည်း တစ်ဖွဲ့၏ အဖွဲ့ ဝင်ဖြစ်စေမှုကို အလေးပေးခြင်း<br>• အပြန်အလှန်ဆက်သွယ်ပြောဆိုမှု - နားလည်မှု ကို ရှာဖွေပေးခြင်း နှင့် အချင်းချင်း၏ ရှင်းလင်း ပြမှုများကို ဝေဖန်ချက်ပေးခြင်းဖြင့် ဘာသာရပ် နယ်ပယ် တစ်ခုအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ်ပြောဆိုခြင်း အလေ့ အကျင့်ရရှိမှုကို အလေးထားခြင်း |

**ပုံ ၃.၂၃ (က)။ လွတ်လပ်စွာသင်ယူမှုနှင့် အပြန်အလှန်အမှီသဟဲပြုသော သင်ယူမှုတို့ ဆောင်ရွက်ရန် အတွက် လိုအပ်သောကျွမ်းကျင်မှုများနှင့် စိတ်ကိုင်းညွတ်မှုများ (ဖြည့်ထားသောပုံစံ)**

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ယူမှုရလဒ်ကို ပြန်လည်ဆန်းစစ်ပါ။
ဤစာသင်ချိန်ပြီးဆုံးသောအခါ သင်သည် -

- လလွတ်လပ်စွာ သင်ယူမှုနှင့် အပြန်အလှန်အမှီသဟဲပြုနိုင်သော သင်ယူမှုကိုပြုနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများ (စိတ်ကိုင်းညွတ်မှုများ) ကို နှိုင်းယှဉ်ဖော်ပြတတ်မည်။

၂။ သင့်တော်မည့်ပြန်လည်ဆန်းစစ်မှုမေးခွန်းတစ်ခုကို ဆရာက ရွေးချယ်ပြီး ကျောင်းသားများကို ပြောဆိုစေရန် ညွှန်ကြားပါ။

- စာသင်ခန်းတွင်း၌ လွတ်လပ်စွာသင်ယူမှုနှင့်အချင်းချင်းထံမှ သင်ယူမှုတို့တွင် ကျောင်းသားများ ချိတ်ဆက်ပါဝင်နိုင်စေရန်အတွက် ဆရာက အခွင့်အလမ်းများကို မည့်ကဲ့သို့ပေးမည်နည်း။

## ၃.၅.၃။ ကျောင်းသားအချင်းချင်းကဦးဆောင်သော အသင်းအဖွဲ့လိုက်သင်ယူမှု

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အချင်းချင်းကဦးဆောင်သည့် သင်ယူမှုအကြောင်းအဓိပ္ပာယ်သတ်မှတ်ပေးတတ်လာပြီး ထိုသင်ယူမှုမှ ပါဝင်သူ ကျောင်းသားများနှင့် ဦးဆောင်သူ ကျောင်းသားများအတွက် ရရှိ လာမည့် အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- ခြားနားသော ပညာသင်ကြားမှုဆိုင်ရာ အခြေအနေအကြောင်းအရာအမျိုးမျိုးတို့တွင် အချင်းချင်းကဦးဆောင်သော အသင်းအဖွဲ့လိုက် သင်ယူမှုကို မည်သို့ဆောင်ရွက်နိုင်ကြောင်း စဉ်းစားကြံဆတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများ အချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ခ) (၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦးချင်းလွတ်လပ်စွာသော် လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများကို အားပေးသည်။

**အချိန်** - မိနစ်(၅၀) ကြာ စာသင်ချိန် (၁)ချိန်

### သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - အချင်းချင်းက ဦးဆောင်သည့် အသင်းအဖွဲ့လိုက်သင်ယူမှုမှ အတန်း ဆွေးနွေးပွဲ တစ်ခုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - မေးခွန်းများမေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ပညာရေးဘာသာရပ် ကျောင်းသားကိုင် စာအုပ် သင်ခန်းစာ (၃.၅.၃) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ** - နောက်ထပ်ရင်းမြစ်များ မလိုအပ်ပါ။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်များကို သင်ပုန်းပေါ်တွင် ရေးပါ။

ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- အချင်းချင်းကဦးဆောင်သည့် သင်ယူမှုအကြောင်း အဓိပ္ပာယ်သတ်မှတ်ပေးတတ် လာပြီး ထိုသင်ယူမှုမှ ပါဝင်သူ ကျောင်းသားများနှင့် ဦးဆောင်သူ ကျောင်းသားများအတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို အကြမ်းဖျင်း ဖော်ပြတတ်မည်။
- ခြားနားသော ပညာသင်ကြားမှုဆိုင်ရာ အခြေအနေ အကြောင်းအရာ အမျိုးမျိုးတို့တွင် အချင်းချင်းကဦးဆောင်သော အသင်းအဖွဲ့လိုက် သင်ယူမှုကို မည်သို့ဆောင်ရွက်နိုင်ကြောင်း စဉ်းစားကြံဆတတ်မည်။

၂။ အချင်းချင်း ဦးဆောင်သော အသင်းအဖွဲ့လိုက်သင်ယူမှုတစ်ခု၏ စာသင်ခန်းတွင်း ဆွေးနွေးပွဲ တစ်ခုတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကျောင်းသားများကို ပြောပြပါ။ ဤသို့ဆောင်ရွက် နိုင်ရန်အတွက် ကျောင်းသားများ၌ ကြိုတင်သင်ယူမှုအချို့တွင် ပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။

၃။ သင်ခန်းစာခေါင်းစဉ်ကို မိတ်ဆက်ပါ။

- အချင်းချင်းက ဦးဆောင်သော အသင်းအဖွဲ့လိုက်သင်ယူမှုကို တက္ကသိုလ် အသီးသီးတို့မှ သိပ္ပံပညာရပ်၊ နည်းပညာ၊ အင်ဂျင်နီယာပညာရပ်နှင့် သင်္ချာပညာရပ် (STEM) စသည့် ပညာရပ် နယ်ပယ်အသီးသီးတို့တွင် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ သည်။
- သက်ဆိုင်ရာဘာသာရပ်တစ်ခုကိုယခင်ကထူးချွန်စွာအောင်မြင်လာခဲ့သော ဘွဲ့ကြို ကျောင်းသားများက အကန့်အသတ်ရှိ သင်ကြားမှုအခန်းကဏ္ဍ (Limited instructional role) ကို ရယူကြသည်။ သူတို့သည် အချင်းချင်း သင်ယူမှုကို ဦးဆောင်ကြရသည်။
- ထိုကဲ့သို့ ထူးချွန်သူကျောင်းသားများက သင်ယူမှုအသင်းအဖွဲ့များတွင် ဦးဆောင်တတ်စေရန် လေ့ကျင့်သင်ကြားပေးထားသည်။ အုပ်စုတစ်ခုလျှင် ကျောင်းသား (၆) ဦးမှ (၈)ဦးအထိ ပါဝင်စေပြီး အုပ်စုတစ်စုကို ဦးဆောင်သူက အလုပ်ရုံဆွေးနွေးပွဲလုပ်ငန်းများပုံစံဖြင့် သင်ကြားပေးစေ သည်။ သို့ရာတွင် အချင်းချင်းက ဦးဆောင်သည့်အသင်းအဖွဲ့ သင်ယူမှု အလုပ်ရုံဆွေးနွေးပွဲအသွင်ထောက်ပံ့ပေးမှု (workshop)များသည် ပုံမှန် ဆောင်ရွက်သော သင်ကြားမှုနှင့် သင်ယူမှု အစိတ်အပိုင်းများကို အစားထိုး ရန်မဟုတ်ပါ။ ထိုပုံမှန်လုပ်ငန်းများ အပြင် ထပ်ဆောင်းအစီအစဉ်တစ်ခု အဖြစ် အားဖြည့်ပေးခြင်းသာ ဖြစ်သည်။
- အလုပ်ရုံဆွေးနွေးပွဲများတွင် ကျောင်းသားများ၏အယူအဆပိုင်းဆိုင်ရာ နားလည်မှုနှင့် ပြဿနာ ဖြေရှင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများကို တည်ဆောက် ပေးနိုင်ရန်အတွက် ပုံစံချစီစဉ်ထား သည်။ ပြဿနာများကို အားလုံးစုပေါင်း ဆွေးနွေးကာ ဖြေရှင်းစေသည်။ ဤနည်းအားဖြင့် အုပ်စုထဲမှ ကျောင်းသား များသည် သင်ယူမှု၌ အားတက်သရော ပါဝင်လာပြီး လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်တတ်လာကြသည်။

၄။ ကျောင်းသားများအား အချင်းချင်းက ဦးဆောင်သည့် အသင်းအဖွဲ့လိုက် သင်ယူမှုတွင် ပါဝင် သောကျောင်းသားများနှင့် ဦးဆောင်သည့် ခေါင်းဆောင်တို့ အတွက် ရရှိလာနိုင်ဖွယ် အကျိုး ကျေးဇူးများကို စာရင်းပြုစုဖော်ပြရန်မှာကြားပါ။

- အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆောင်ရွက်ဆွေးနွေးသူ ကျောင်းသားများ အတွက် ရရှိနိုင်ဖွယ် အကျိုးကျေးဇူးများ
- အလုပ်ရုံဆွေးနွေးပွဲတွင် ကူညီလမ်းညွှန်မှုပြုသည့် ခေါင်းဆောင်များအတွက် ရရှိနိုင်ဖွယ် အကျိုးကျေးဇူးများ

၅။ ကျောင်းသားကိုင်စာအုပ်မှ "အချင်းချင်းက ဦးဆောင်သော အသင်းအဖွဲ့လိုက်သင်ယူမှု" အကြောင်း ကို ဖတ်ရှုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။

၆။ ဇယား (၃.၁၅) တွင်ဖော်ပြထားသည့် အကျိုးကျေးဇူးများနှင့် ကျောင်းသားများ ရေးသားဖြေဆို ထားသော အကျိုးကျေးဇူးများကို နှိုင်းယှဉ်စေရမည်။

၇။ ဇယား (၃.၁၆) က အချင်းချင်းဦးဆောင်သော အသင်းအဖွဲ့လိုက်သင်ယူမှု တစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် လိုအပ်သည့် အခြေခံ အချက်အလက်များကို ဖော်ပြထားခြင်း ဖြစ်ကြောင်း ကျောင်းသားများကို ပြောပြပါ။ ဤအချက်အလက်များသည် အမေရိကန်ပြည်ထောင်စုနိုင်ငံတွင် ကူညီလမ်းညွှန်မှုနှင့် အကဲဖြတ် သုံးသပ်မှုဆိုင်ရာ အစီအစဉ်များကိုနှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည့် အတွေ့ အကြုံများမှတစ်ဆင့် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ကို အလေးပေးဖော်ပြရမည်။

၈။ အချင်းချင်းကိုဦးဆောင်ပေးရသော ခေါင်းဆောင်များ၌ ရှိရမည့် အရည်အချင်း များကို အထူး အလေးပေးပြောပြပါ။

- ပေါင်းသင်းဆက်ဆံရေးပြေပြစ်ကောင်းမွန်ခြင်း
- ကျောင်းသားအုပ်စုငယ်များအဖြစ် ကျောင်းသားအချင်းချင်း ပူးပေါင်း ဆောင်ရွက်ကာ သင်ယူရသော အလုပ်ရုံဆွေးနွေးပွဲများတွင် ကူညီလမ်းညွှန်မှုပြုနိုင်ရန်အတွက် ၎င်းတို့ကို ကောင်းစွာ သင်ကြားလေ့ကျင့်ပေးမှုနှင့် ကြီးကြပ်မှုတို့ကို ခံယူခဲ့ရသူများဖြစ်ခြင်း

၉။ ကျောင်းသားကိုင်စာအုပ်တွင် ဖြစ်ရပ်လေ့လာခြင်း (case study) တစ်ခုကို အလယ်တန်းကျောင်းမှ (နဝမတန်း ဓာတုဗေဒဘာသာရပ်) အချင်းချင်းက ဦးဆောင်သည့် အသင်းအဖွဲ့လိုက်သင်ယူမှု ပုံစံတစ်ခုမှ တင်ပြထားသည်။ ဤဖြစ်ရပ်လေ့လာခြင်းသည် ကျောင်းသားအုပ်စု (၂) ခု တို့ အကြောင်း စူးစမ်းလေ့လာသော သုတေသနဆိုင်ရာ ဆောင်းပါးတစ်ပုဒ်ဖြစ်သည်။

- အုပ်စုတစ်ခုကို ကျောင်းသားအချင်းချင်း ဦးဆောင်သော အသင်းလိုက်သင်ယူမှုပံ့ပိုးပေးထားသည်။ ထိုအုပ်စုကို အချင်းချင်းက ဦးဆောင်မှု ဖြင့် သင်ယူစေသည်။ ဤအုပ်စုမှ ကျောင်းသားများသည် လက်တွေ့ကျကျ လုပ်ငန်းဆောင်တာများတွင် စိတ်ပါ လက်ပါ ပါဝင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲများကို တတ်ရောက်ကြရသည်။ ဤသို့အားဖြင့် ၎င်းတို့အတွက် ယခင်စာသင်နှစ်များ (အတန်းများ) က

အခက်အခဲ တွေ့ခဲ့ရသော အဓိက အယူအဆများ/သဘောတရားများကို နားလည်မှု ဖွံ့ဖြိုးလာ စေနိုင်သည်။

- ကျန်တစ်အုပ်စုကိုမူ အစဉ်အလာအတိုင်း ဆောင်ရွက်သော သင်ကြားမှု ပတ်ဝန်းကျင်၌သာ ထားရှိသည်။

၁၀။ ထိုသုတေသနလုပ်ငန်း၏ သဘောတရားရေး/အယူအဆပိုင်းဆိုင်ရာ အညွှန်းဘောင်နှင့် သုတေသနမေးခွန်းတို့ကို အကျယ်တဝင့်ဖော်ပြချက်တစ်ခုကို ပုံ (၃.၂၄) တွင်တွေ့နိုင်ကြောင်း ကျောင်းသားများကိုသိရှိစေရမည်။

- အချင်းချင်း ဦးဆောင်သော အသင်းလိုက်သင်ယူမှု (PLTI) နှင့် ထိတွေ့မှု ရရှိထားသော၊ ပံ့ပိုးထားသော ကျောင်းသားအုပ်စု၏ အယူအဆ ပိုင်းဆိုင်ရာ နားလည်မှုသည် သမားရိုးကျ/အစဉ်အလာသင်ကြားမှုကိုသာ ရရှိသော ကျောင်းသားအုပ်စု၏ နားလည်မှုထက် ပို၍ မြင့်မားပါသလား။
- PLTI နှင့် ထိတွေ့ခွင့်ရသော ကျောင်းသားအုပ်စု၏ ဓာတုဗေဒဘာသာရပ် အပေါ် ထားသည့် သဘောထားအမြင်သည် သမားရိုးကျ/အစဉ်အလာ သင်ကြားမှုကိုသာ ရရှိသော ကျောင်းသားအုပ်စု၏ အမြင်ထက် ပို၍ အပြုသဘောဆောင်ပါသလား။

၁၁။ ယခုဖြစ်ရပ် လေ့လာခြင်းတွင်ပါဝင်နေသော အချင်းချင်းကိုဦးဆောင်ရသည့် ကျောင်းသားခေါင်းဆောင်များ (Peer leader) အတွက် လေ့ကျင့်သင်ကြား ပေးရာတွင် ပါဝင်သော အချက်များမှာ အောက်ပါတို့ဖြစ်ကြောင်းကို ကျောင်းသား များအား သိရှိစေရမည်။

- **ဘာသာရပ်အကြောင်းအရာ (content knowledge)** ကို ကျစ်လျစ်ခိုင်မာ စေသည်။ထို့ပြင် ကျောင်းသားခေါင်းဆောင်များ၌ အောက်ပါ အသိပညာ များ ဖွံ့ဖြိုးလာကြသည်။
- **သင်နည်းဗေဒ (pedagogical knowledge-PK)-** ဆိုလိုသည်မှာ အုပ်စုငယ် များဆွေးနွေးမှုကို ကူညီလမ်းညွှန်ရာတွင် မေးခွန်းများအသုံးပြုတတ်ခြင်း၊ ခေါင်းဆောင်ကအဖြေများကို ပြောပြထားခြင်းမရှိသော်လည်း မေးခွန်းများ ကို ဆီလျော်စွာ၊ စနစ်ကျစွာ မေးပေးခြင်းဖြင့် ပါဝင်သူကျောင်းသားများကို သူတို့ကိုယ်တိုင်အဖြေရရှိသွားစေခြင်း၊ ဤသို့ဆောင်ရွက်ရမည်ကို သိသော အသိပညာ။

- **သင်နည်းဗေဒဆိုင်ရာအသိပညာ(PCK) -** ဆိုလိုသည်မှာ ဓာတုဗေဒဆိုင်ရာ သင်ယူမှုလုပ်ငန်းများကို ထိရောက်မှုရှိအောင် မည်ကဲ့သို့ ကူညီလမ်းညွှန်မှု ပေးရမည်ကို သိသောအသိပညာ။

၁၂။ ကျောင်းသားများအား အောက်ပါမေးခွန်းကိုမေးပါ။

ကျောင်းသားများ၏ ဆွေးနွေးသင်ယူမှုကို ဦးဆောင်ရသော အဖွဲ့ခေါင်းဆောင်များသည် မည်သည့် ဘာသာရပ်နယ်ပယ်တွင် အကျွမ်းကျင်ဆုံး ဖြစ်မည်နည်း။ ဘာသာရပ်အကြောင်းအရာ(CK)၊ သင်နည်းဗေဒ (PK)၊ သင်နည်းဗေဒဆိုင်ရာ အသိပညာ (PCK)၊ ဤ (၃) ခုအနက်မည်သည့်နယ်ပယ်တွင် အသိပညာ အနက်ရှိုင်းဆုံးဖြစ်သနည်း။ သင်၏အဖြေအတွက် အကြောင်းပြချက်ပေးပါ။

**အဖြေ** - ဘာသာရပ်အကြောင်းအရာ/ ဘာသာရပ်ဆိုင်ရာ အသိပညာတွင် အနက်နဲဆုံး အနက်ရှိုင်းဆုံး သိရှိမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုခေါင်းဆောင်များသည် သက်ဆိုင်ရာ ဘာသာရပ် အသီးသီး၌ အမှတ်ကောင်းကောင်းရခဲ့သဖြင့် ခေါင်းဆောင်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ယခင်နှစ်က အောင်မြင်မှု ရလဒ်ကောင်းများကို ဘာသာရပ် ကျွမ်းကျင်ပိုင်နိုင်မှုဖြင့် ရရှိခဲ့ကြသည်။

၁၃။စာရေးသူဆောင်းပါးရှင်များ၏တွေ့ရှိချက်နှင့် အကြံပြုချက်များကို မီးမောင်းထိုးဖော်ပြပါ။

- အချင်းချင်းက ဦးဆောင်သော အသင်းအဖွဲ့လိုက်သင်ယူမှုက ကျောင်းသားများအား သဘောတရားပိုင်း/အယူအဆပိုင်းဆိုင်ရာတို့ကို ပိုမို နားလည်လာစေပြီးလျှင် ဓာတုဗေဒဘာသာရပ် အပေါ်တွင် ပိုမို၍ အပြုသဘောဆောင်သော သဘောတရားများ ဖွံ့ဖြိုးလာစေသည်ဟု ဆောင်းပါးရှင်စာရေးသူတို့က တွေ့ရှိခဲ့ကြသည်။
- ဘာသာရပ်အပေါ်အပြုသဘောဆောင်သော တွေ့ရှိချက်များမှာ အောက်ပါအချက်အလက် အကြောင်းအရာတို့အပေါ်မူတည်သည်ဟုဆိုကြပါသည်။
  - လက်တွေ့ကျကျလုပ်ဆောင်ရသော အလုပ်ရုံဆွေးနွေးပွဲ လုပ်ငန်းများတွင် ကျောင်းသားများ၏ စိတ်ပါလက်ပါ ဆောင်ရွက်မှုအဆင့်
  - အုပ်စုငယ်လေးများအတွင်း ကျောင်းသားများ၏ အချင်းချင်းပြောဆိုဆက်ဆံရာ၌ ပြေပြစ် လွယ်ကူမှုနှင့်

- ကျောင်းသားအချင်းချင်းထဲမှ အုပ်စုခေါင်းဆောင်များ၏ အုပ်စုဝင်ကျောင်းသားများကို လှုံ့ဆော်/နှိုးဆော်နိုင်မှု နှင့် အားပေးနိုင်မှု စွမ်းရည်။

## သင်ယူမှုလုပ်ငန်း (၁)။ အချင်းချင်းက ဦးဆောင်သည့် အသင်းအဖွဲ့လိုက် သင်ယူမှုမှ အတန်း ဆွေးနွေးပွဲ တစ်ခုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

| **အချိန်** | (၂၀) မိနစ် |
|---|---|
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက် -** ခြားနားသော ပညာသင်ယူမှုဆိုင်ရာ အခြေအနေအကြောင်းအရာအမျိုးမျိုးတို့တွင် ဖြစ်ပေါ်နိုင်မည့် အချင်းချင်းဦးဆောင်သော အသင်းလိုက်သင်ယူမှု (PLTL) အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်သည့် စိတ်ကူးစိတ်သန်းအတွေးအခေါ်များကို ဉာဏ်ဖွင့်စဉ်းစားတတ်စေရန်

၁။ ကျောင်းသားကိုင်စာအုပ်ပါသင်ယူမှုလုပ်ငန်း (၁) ကိုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။

၂။ အတန်းတွင်းဆွေးနွေးမှုကို ပံ့ပိုးပေးနိုင်ရန်အတွက် မေးခွန်းအချို့ကို ရေးသားပြုစုထားပြီး ဖြစ်ကြောင်း ကျောင်းသားများကို အသိပေးပါ။

### အလယ်တန်းကျောင်းများ

- သိပ္ပံ၊နည်းပညာ၊ အင်ဂျင်နီယာ ဘာသာရပ် နှင့် သင်္ချာပညာရပ် (STEM) ဘာသာရပ်များ အပြင် အခြားမည်သည့် အလယ်တန်းကျောင်းသင်ပညာရပ်နယ်ပယ်များသည် အချင်းချင်း ဦးဆောင်သည့် အသင်းလိုက်သင်ယူမှု (PLTL) အသုံးပြုရန် ဆီလျော်သနည်း။
- ကျောင်းသားအုပ်စုခေါင်းဆောင်များကို မည်သို့ရွေးချယ်နိုင်သနည်း။
- အလုပ်ရုံဆွေးနွေးပွဲများသည် မည်သည့်အခါမျိုးတွင် ပေါ်ပေါက်လာမည်နည်း။
- ထိုဆွေးနွေးပွဲများသည် မရှိမဖြစ်လိုအပ်မှုရှိပါသလား။

- ဤအလုပ်ရုံဆွေးနွေးပွဲများ၏ အောင်မြင်မှုကိုဆရာက မည်သို့စောင့်ကြည့်လေ့လာမည်နည်း။

**ဝေးလံခေါင်ဖျားဒေသမှစာသင်ကျောင်းငယ်များ**

- ဝေးလံခေါင်ဖျားဒေသမှ ကျောင်းငယ်လေးများတွင် စာသင်ခန်းများသည် တစ်တန်းစီ အတွက် သီးသန့်ခွဲမထားနိုင်ဘဲ အတန်းပေါင်းစုံကို စာသင်ခန်းတစ်ခုတည်းတွင် စုပေါင်း ရောနှော ထားတတ်ကြရသည်။ ထိုကဲ့သို့သော ကျောင်းမျိုး၌ PLTL သည် မည်သို့ရှိမည်နည်း။

**ပညာရေးဒီဂရီကောလိပ်**

- သင်ယခုတက်ရောက်သင်ယူနေသော ပညာရေးဒီဂရီကောလိပ်၌ PLTL သည် အသုံးဝင်လိမ့်မည် ဟုထင်မြင်ပါသလား။
- အချင်းချင်းဦးဆောင်သော အသင်းလိုက်သင်ယူမှု PLTL ကို မည်ကဲ့သို့ ဆောင်ရွက်နိုင် သနည်း။
- ကျောင်းသားအားလုံး၏သင်ယူမှုအတွက် PLTL ကမည်သို့ကူညီလမ်းညွှန်ပေးသနည်း။

၃။ ဆွေးနွေးနေစဉ်အတွင်း မှတ်တမ်းတင်မည့် ကျောင်းသားတစ်ဦးကို ရွေးချယ်ပြီး အဓိကအချက်များကို သင်ပုန်းပေါ်တွင် ရေးသားစေရမည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

အောက်ပါပညာရေးဆိုင်ရာ ဆက်စပ်ဝန်းကျင်အခြေအနေတစ်ခုစီအတွက် ဖြစ်နိုင်ခြေရှိသော အကြံပြုချက်တစ်ခုစီကို သတ်မှတ်ဖော်ထုတ်ပေးခြင်းဖြင့် ဆွေးနွေးမှုကို အဆုံးသတ်ပေးပါ။

- အလယ်တန်းကျောင်း
- ဝေးလံခေါင်ဖျားဒေသမှ စာသင်ကျောင်းငယ်လေးများ
- ပညာရေးဒီဂရီကောလိပ်

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** “ကိုယ်တိုင်လုပ်ပိုင်ခွင့်(Autonomy) ဆိုသောအယူအဆ” (သို့မဟုတ်) “ကိုယ်တိုင် စီမံခန့်ခွဲနိုင် သောသင်ယူသူ” (Autonomous Learner)ဆိုသောအယူအဆကို သင့်ကိုယ်ပိုင် စကားလုံးများ သုံး၍ အဓိပ္ပာယ်ဖွင့်ဆိုပါ။

**အဖြေ။** *ကိုယ်တိုင်လုပ်ပိုင်ခွင့် (Autonomy) ကို မိမိ၏သင်ယူမှုကို မိမိကိုယ်တိုင် တာဝန်ယူနိုင်သော ကျောင်းသား၏ အရည်အချင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ဆရာများက ကျောင်းသားများ၏ ထိုအရည်အချင်း ဖွံ့ဖြိုးလာစေရန် အောက်ပါလုပ်ငန်း တို့မှတစ်ဆင့် ဆောင်ရွက်ပေးသည်။*

- *ကျောင်းသားများအတွက် ရှင်းလင်းပြတ်သားသော သင်ယူမှုရည်မှန်းချက်ပန်းတိုင်များကို သတ်မှတ်ပေးခြင်း*
- *ကျောင်းသားများအား သူတို့၏ ကိုယ်ပိုင်သင်ယူမှုကို စောင့်ကြည့်လေ့လာတတ်စေရန် လိုအပ်သော နည်းဗျူဟာ/နည်းလမ်းများ တပ်ဆင်ပေးထားခြင်း/ အသင့်ပြင်ပေးထားခြင်း*
- *သင်ယူမှုလုပ်ငန်းများအနက် ကျောင်းသားအား ၎င်းကြိုက်နှစ်သက်ရာရွေးချယ်ပိုင်ခွင့်ကို အတိုင်းအတာတစ်ခုအထိ ခွင့်ပြုပေးထားခြင်း*

**မေးခွန်း ၂။** လွတ်လပ်စွာသင်ယူမှုနှင့် အပြန်အလှန်အမှီသဟဲပြုသော သင်ယူမှုတို့တွင် အောင်မြင်စွာ ချိတ်ဆက်ပါဝင်ဆောင်ရွက်နိုင်စေရန် ကျောင်းသားများအတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်ကိုင်းညွှတ်မှုများကိုဖော်ပြပါ။

**အဖြေ။** *ကျောင်းသားများအတွက် ထိုသင်ယူမှု (၂) မျိုးတွင် အောင်မြင်စွာ ပါဝင်ဆောင်ရွက် သင်ယူနိုင်စေရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် စိတ်နေသဘောထားများမှာ အောက်ပါတို့ဖြစ်ကြသည်။*

- *သိမှု/ဉာဏ်ရည်ဆိုင်ရာ ကျွမ်းကျင်မှုများ - စူးစမ်းလေ့လာတတ်ခြင်း၊ ပြဿနာဖြေရှင်း တတ်ခြင်း၊ ပြန်လည်သုံးသပ်တတ်ခြင်းနှင့်*
- *အဆင့်မြင့်သိမှုဆိုင်ရာ ဖြစ်စဉ် - မည်သို့သင်ယူရမည်ကို သင်ယူခြင်း*

**မေးခွန်း ၃။** စာသင်ခန်းတွင်း၌ ကျောင်းသားများအား ‘လွတ်လပ်စွာသင်ယူမှု’ နှင့် ‘အချင်းချင်းထံမှသင်ယူမှု’ တို့တွင်ပါဝင် လာနိုင်စေရန် အခွင့်အလမ်းများကို ဆရာတစ်ဦးအနေနှင့် မည်သို့ပံ့ပိုးမည်နည်း။

**အဖြေ။**

*လွတ်လပ်စွာသင်ယူမှု*

*ခေါင်းစဉ်ကြီးတစ်ခု (သို့မဟုတ်) သင်ခန်းစာတစ်ခုတွင် ပါဝင်သော အကြောင်းအရာများထဲမှ အစိတ်အပိုင်း အသီးသီးတို့ကို သင့်တော်ရာ ခွဲထုတ်ပြီး ထိုအကြောင်းအရာများကို ပြဿနာ ပုံသဏ္ဌာန်အဖြစ်ပြောင်းလဲကာ အဖြေရှာစေခြင်းဖြင့် လွတ်လပ်စွာသင်ယူမှု ပုံစံ အသေးစားတစ်ခု အဖြစ် ဆရာက စတင်ဆောင်ရွက်ပေးနိုင်သည်။ ကျောင်းသားများက ပြဿနာများကို ဆရာ့အကူအညီ မပါဘဲ သူတို့ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းရမည် ဖြစ်သည်။ ဤနည်းအားဖြင့် အလယ်တန်းပြဆရာတစ်ဦးသည် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် စာသင်ခန်းတစ်ခုအတွင်း သင်ကြားမှုနှင့် သင်ယူမှုလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ပေါ်ပေါက်လာစေနိုင်မည်ဖြစ်သည်။ အချို့ကျောင်းသားများအား သူတို့သင်ယူမှုကို သူတို့ကိုယ်တိုင် စီမံ လုပ်ကိုင်အဖြေရှာစေရန် စီစဉ်ဆောင်ရွက်ပေးထားခြင်းအားဖြင့် ဆရာက အခြား ကျောင်းသားအုပ်စုများကို ပို၍ဦးတည်ချက် ထားကာ ဆောင်ရွက်ပေးနိုင်လာမည်။ ကိုယ်တိုင်လွတ်လပ်စွာသင်ယူနိုင်သော ကျောင်းသားများ ကို ထိုသို့ သင်ယူခွင့် ပေးလိုက်ခြင်းအားဖြင့် ဆရာက သူတို့အာရုံစိုက်မှု လွတ်ကင်းကာ လိုအပ်သော အခြားကျောင်းသားအုပ်စုများအတွက် ပိုမို အာရုံစိုက်ပေးနိုင်လာမည်ဖြစ်သည်။*

*ထို့ပြင်အလယ်တန်းကျောင်းသားများအတွက်လွတ်လပ်စွာကိုယ်တိုင်သင်ယူနိုင်သောသင်ယူမှု လုပ်ငန်းများကို အခြားနည်းများဖြင့်လည်းပံ့ပိုးပေးနိုင်သည်။*

- *စူးစမ်းလေ့လာမှုတစ်ခု၏ ခြားနားသော အဆင့်အသီးသီးတို့၌ ပံ့ပိုးနိုင်ခြင်း (ဥပမာ အချို့ကျောင်းသားများသည် ဆက်လက်ဆောင်ရွက်ရန် (Go further) အဆင့်ကို သူတို့ စိတ်ဝင်စားမှုရှိလျှင် ဆက်လက်လေ့လာစူးစမ်းမှုပြုနိုင်သည်။)*
- *စီမံချက်အခြေပြုသင်ယူမှုတွင် လွတ်လပ်စွာ သင်ယူနိုင်မှုအခွင့်အလမ်းများ ပါဝင်ခြင်း*

*အချင်းချင်းထံမှ သင်ယူမှု*

*အချင်းချင်းထံမှ သင်ယူမှုတွင် အသိပညာ စိတ်ကူးစိတ်သန်းများနှင့် အတွေ့အကြုံများကို ကျောင်းသားအချင်းချင်းအကြားမျှဝေခြင်းပါဝင်သည်။ အချင်းချင်းထံမှ သင်ယူမှုသည် ကျောင်းသား ဗဟိုပြုသင်နည်းဗေဒ၏ (student-centred pedagogy) (ဥပမာ - စူးစမ်းလေ့လာမှု အခြေပြု သင်ယူခြင်းတစ်ခု၏ အစပျိုးအဆင့်တွင် အသိပညာ၊ စိတ်ကူးစိတ်သန်းများနှင့် အတွေ့အကြုံများကို အချင်းချင်းမျှဝေကြခြင်း) သို့မဟုတ် အုပ်စုလုပ်ငန်းများ၏ မရှိမဖြစ် အရေးပါသော အစိတ်အပိုင်း ဖြစ်နိုင်သည်။ အလယ်တန်းကျောင်းသားများသည် အချင်းချင်းထံမှ သင်ယူမှုတွင် ပါဝင်ရသောအခါ အလွတ်သဘော စာဆွေးနွေးသောအုပ်စု၊ စာဖတ်ဝိုင်းများအဖြစ် အိမ်၌ အုပ်စုဖွဲ့ကာ လေ့လာ တတ်ကြသည်။*

**မေးခွန်း ၄။** ကျောင်းသားအချင်းချင်းဦးဆောင်မှုဖြင့် အသင်းလိုက်သင်ယူမှု PLTL ကို ဆီလျော်သောသင်ယူမှု နည်းဗျူဟာအဖြစ် မည်သည့် သင်ယူမှုဆိုင်ရာ အခြေအနေ အကြောင်းအရာများ၌ အသုံးပြု မည်နည်း။

**အဖြေ။** *အချို့ကျောင်းသားများက ကျောင်းသားအချင်းချင်းအပေါ် အကန့်အသတ် တစ်ခုဖြင့် သင်ကြားနိုင်သော အခွင့်အလမ်းရရှိပြီး အခြားကျောင်းသားများကို ဦးဆောင် ကာ အတူတကွ သင်ယူမှုပြုရသော ဤပုံစံကို တက္ကသိုလ်များတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကာ အသုံးပြုကြပါသည်။ အထူးသဖြင့် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာပညာရပ်နှင့် သင်္ချာပညာရပ် နယ်ပယ်တို့၌ တွင်ကျယ်စွာ အသုံးပြု နိုင်သည်။ သုတေသန စာပေတို့တွင် အလယ်တန်းကျောင်း အခင်းအကျင်း၌ အောင်မြင် စွာ ဆောင်ရွက်နိုင်မှု တစ်ချို့တို့ကို ဖော်ပြထားသည်လည်းရှိပါသည်။*

*ထိုသင်ယူမှုမျိုးကို ဦးဆောင်ရသည့် ခေါင်းဆောင်များသည် ပုံမှန်အားဖြင့် လေ့ကျင့်သင်ကြားမှုကို ခံယူကြရသည်။ သူတို့အား သင်တန်းများ ပေးထားခြင်းဖြစ်သည်။ သင်တန်း၌ အလုပ်ရုံဆွေးနွေးပွဲ အဖြစ် လုပ်ဆောင်ရမည့် သင်ယူမှုလုပ်ငန်းများကို ဆရာက စနစ်တကျ ပုံစံချရေးဆွဲ(ဒီဇိုင်း) ပေးထား ပြီး ကျောင်းသား (၆) ဦးမှ (၈) ဦးအထိ ပါဝင်သော ကျောင်းသားအုပ်စုငယ်များကို ဦးဆောင်ကာ အသင်းအဖွဲ့လိုက်သင်ယူမှု လုပ်ငန်းကိုဆောင်ရွက်တတ်စေရန် သင်ကြားလေ့ကျင့် ပေးထားသည်။*

*အလုပ်ရုံဆွေးနွေးပွဲများ (work shop) တွင် ဆွေးနွေးရသော ပြဿနာများကို ကျောင်းသားများ၏အယူအဆပိုင်းဆိုင်ရာနားလည်သဘောပေါက်မှုကိုဖွံ့ဖြိုးလာစေရန်နှင့် ပြဿနာဖြေရှင်းတတ်ရာ၌ ကျွမ်းကျင်မှုများ ရရှိလာစေရန် ရည်ရွယ်ကာ ဆရာက ဖန်တီးတည်ဆောက် ပေးထားခြင်း ဖြစ်သည်။*

*အချင်းချင်းကဦးဆောင်သော အသင်းအဖွဲ့အလိုက် သင်ယူမှုသည် ဆက်သွယ်ရေး ခက်ခဲသည့် ဝေးလံခေါင်ဖျားဒေသများရှိ ကျောင်းငယ်လေးများအတွက်လည်း ထိရောက်သော နည်းဗျူဟာတစ်ရပ်ဖြစ်သည်။ ထိုကျောင်းငယ်လေးများ၌ စာသင်ခန်း တစ်ခုတည်းမှာပင် အဆင့်စုံ (အတန်းစုံ) ကို စုပေါင်းရောနှောကာ သင်ကြားရလေ့ရှိသည်။ ထိုအခြေအနေမျိုး၌ ကျောင်းသားကြီးများက ကျောင်းသားငယ်များကို ဦးဆောင်စေပြီး အသင်းအဖွဲ့လိုက် သင်ယူမှုလုပ်ငန်းကို ဆောင်ရွက်နိုင်သည်။*

# ၃.၆။ သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း

ကျောင်းသားများ၏ လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးခြင်းကို အလွန်ထိ ရောက်မှုရှိသော သင်ကြားမှုဆိုင်ရာ နည်းဗျူဟာတစ်စုံအဖြစ် အသိအမှတ်ပြုထားသည်။ ထိုနည်းဗျူဟာသည် ကျောင်းသားအသီးသီးထံ၌ ပါရှိလာသည့် အခြေခံဉာဏ်ရည် ဉာဏ်သွေး နှင့် အခြေခံအသိပညာ (staring points) တို့ကို ထည့်သွင်း စဉ်းစားခြင်းမပြုဘဲ တစ်ဦးစီ၏ အသိပညာ နှင့် ကျွမ်းကျင်မှုများဖွံ့ဖြိုးမှုကို ရှေးရှုလျက် ဆရာများက စာသင်ခန်းတွင်း၌ အသုံးပြုကြသည့် သင်ကြားမှုဆိုင်ရာနည်းလမ်းများ၊ လက်တွေ့ကျွမ်းကျင်မှုဆိုင်ရာ နည်းလမ်းများနှင့် ဆက်စပ် လျက်ရှိသည်။

လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ "ကျောင်းသားအားလုံး၏ လုပ်ဆောင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးရန်ဖြစ်သည်။ ကျောင်းသားအားလုံးဆိုရာ၌ သက်ဆိုင်ရာအတန်း/အဆင့်တစ်ခုအတွက် ကျောင်းသားများ၌ ရှိသင့်ရှိထိုက်သည်ဟု မျှော်မှန်း ထားသည့် လုပ်ဆောင်နိုင်မှု စွမ်းရည်/စွမ်းဆောင်မှုများကို ပြည့်မီစွာ မစွမ်းဆောင်နိုင်၍ နောက်ကျ ကျန်ရစ်ခဲ့သူများ (စံမီမှုနည်းပါးနေသူများ) နှင့် ထိုစွမ်းဆောင်နိုင်မှုများထက် ပိုမိုထက်မြက်စွာ စွမ်းဆောင်နိုင်သူများ (စံထက်မက ပိုမို စွမ်းဆောင်အောင်နိုင်သူများ/ ဉာဏ်ထက်မြက်သူများ) တစ်နည်းအားဖြင့် ရှေ့ရောက်နေသူများ အားလုံးအပါ အဝင် ဖြစ်သည်။"[၃၁]

ထိရောက်စွာသင်ပြတတ်သော ဆရာများသည် သင်ခန်းစာကို စီစဉ်ပြင်ဆင်ရာ၌ ကျောင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရန်အတွက် (သင်ရိုးညွှန်းတမ်း အကြောင်းအရာ၊ ဖြစ်စဉ် နှင့်ရလဒ်) နှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို လိုအပ်ချက်အလိုက် ပြုပြင် ပြောင်းလဲလုပ်ဆောင်တတ်ကြသည်။ ဤကဲ့သို့ လိုအပ်ချက်အလိုက် ပြုပြင် ပြောင်းလဲ လုပ်ဆောင်နိုင်ရန်အတွက် ဆရာက ကျောင်းသားများ၏ လက်ရှိသိထားသော အသိပညာ၊

၃၁ Victoria Government Department of Education and Training, 2019, p. 28.

ကျွမ်းကျင်မှုများ၊ စိတ်ဝင်စားမှုများနှင့် သူတို့အကြိုက် သူတို့ ပိုနှစ်သက်သည့် အရာများကို သိရှိရန်လိုသည်။ ထိုသို့သိရှိရန် ထိုအရာများကို စစ်ဆေးအကဲဖြတ်ရန် နည်းအမျိုးမျိုး သုံးကြရသည်။ ဤအခန်းငယ်တွင် လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ရန် နည်းဗျူဟာများနှင့် အခြေခံအချက်အလက်များကို ကျောင်းသားများအသေးစိတ် လေ့လာသင်ယူရမည်။

## ၃.၆.၁။ ကျောင်းသားများ၏ ထူးခြားသောလက္ခဏာများနှင့်အညီ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း၏ အဓိကသဘောတရားများကို အကြမ်းဖျင်းဖော်ပြတတ်မည်။
- ဆရာများက သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို ကျောင်းသားများ၏ လိုအပ်ချက်အလိုက် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလုပ်ဆောင်နိုင်ပုံကို ရှင်းပြတတ်မည်။
- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်သည့်နည်းဗျူဟာများကို ဝေဖန်စိစစ်ရာ တွင် ဆရာများက ကျောင်းသားတစ်ဦးစီ၏ ထူးခြားမှု/ခြားနားမှုကို မည်သို့ တုံ့ပြန်ဆောင်ရွက်ပေးတတ်ပုံ ရှုထောင့်မှ ပြန်လည်ဆန်းစစ်ပြတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။

(က) (၅.၂.၁) ဘာသာရပ်ဆိုင်ရာ အခြေခံမှုများ၊ အတွေးအခေါ်များ၊ အယူအဆများအား နားလည်မှုမြင့်မားစေရန် ကျောင်းသားများ၏ အသက်၊ ဘာသာစကား၊ စွမ်းရည်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများ အရ အခြေအနေနှင့်ဆက်စပ်သော သင်ယူမှုလုပ်ငန်းများကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများကို ဖော်ပြသည်။

(ခ) (၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသား အားလုံး ပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေးအတွက် စာသင်ခန်းနေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြုသည်။

**အချိန် -** မိနစ်(၅၀) ကြာ စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - စာဖတ်ခြင်းနှင့် မေးခွန်းများ ဖြေဆိုခြင်း

သင်ယူမှုလုပ်ငန်း (၂) - လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်နိုင်သော အခြေခံအချက်များ သတ်မှတ်ခြင်း

သင်ယူမှုလုပ်ငန်း (၃) - ကျောင်းသားများအတွက် စစ်တမ်းတစ်ရပ် ပုံဖော်တည်ဆောက်ခြင်း

သင်ယူမှုလုပ်ငန်း (၄) - လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲမှုများ ပြုရာတွင် သုံးသည့် နည်းဗျူဟာများအပေါ် ပြန်လည်သုံးသပ်စဉ်းစားသည့် ဖြတ်ဆက်လုပ်ငန်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ်ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၆.၁) ကိုဖတ်ရှုလေ့လာပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၃) – (ဖြစ်နိုင်လျှင်) ကားချပ်ကြီးရေးဆွဲရန် စာရွက်ချပ် များနှင့် မာကာများ

## စာသင်ချိန် (၁)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း၏ အဓိကသဘော တရားများကို အကြမ်းဖျင်းဖော်ပြတတ်မည်။

၂။ ပထမနှစ်သင်တန်း ပညာရေးဘာသာရပ်တွင် လိုအပ်ချက်အလိုက် ပြုပြင် ပြောင်းလဲလုပ်ဆောင်ခြင်း (Differentition) အကြောင်းကို လေ့လာသင်ယူခဲ့ပြီး ဖြစ်ကြောင်းကို ကျောင်းသားများအား သိရှိစေရမည်။

၃။ ကျောင်းသားများအား "လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း" (Differentiation) ဆိုသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ၎င်းတို့၏ ကိုယ်ပိုင် စကားလုံးများ အသုံးပြု၍ အဓိပ္ပာယ် ဖွင့်ဆိုပေးရန် ညွှန်ကြားပါ။ အဖြေများကို သင်ပုန်းပေါ်၌ရေးပြပါ။

**မှတ်သားရန်** - ပထမနှစ်သင်တန်း ကျောင်းသားကိုင်စာအုပ်တွင် ထိုဝေါဟာရကို အောက်ဖော်ပြပါ အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

တူညီသော စာသင်ခန်းတစ်ခုတည်းအတွင်း၌ပင် မတူကွဲပြားမှု ခြားနားမှုအမျိုး မျိုးရှိနေကြသည့် ကျောင်းသားအသီးသီးတို့အား အောင်မြင်စွာ သင်ယူနိုင်စေရန် အတွက် ဆရာများက ကျောင်းသား တစ်ဦးစီ၏ လိုအပ်ချက်များနှင့် လိုက်လျော ညီထွေစွာ ပြုပြင်ညှိနှိုင်း လုပ်ဆောင်ပေးမှုများ ဖြစ်ကြသည်။

၄။ ကျောင်းသားကိုင်စာအုပ်ပါ "ယခင်ကသိရှိပြီးသော အသိပညာအပေါ်အခြေခံ၍ ထပ်မံတည် ဆောက်ခြင်း" အပိုင်းကို ဖတ်ရှုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။

၅။ ဆရာများအနေနှင့် သင်ရိုးပါ အကြောင်းအရာများနှင့် စာသင်ခန်းတွင်း သင်ယူမှု (နည်းလမ်းများ) ကို မည်သို့ ပြုပြင်လုပ်ဆောင်ပေးနိုင်သည်များကို ကျောင်းသားကိုင်စာအုပ်၌ ဥပမာအချို့ ပေးထားသည်။ ထိုဥပမာများကို တစ်ခုချင်းစီ သေချာစွာဖတ်ရှုကြည့်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

## သင်ယူမှုလုပ်ငန်း (၁)။ စာဖတ်ခြင်းနှင့် မေးခွန်းများဖြေဆိုခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် (လုပ်ငန်းအတွက် ၃၀ မိနစ် ၊ မျှဝေခြင်းအတွက် ၁၀မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက်** - စိတ်ပညာရပ်နယ်ပယ်တွင် ကျွမ်းကျင်သူပညာရှင်ထံမှ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း (differentiation) ဆိုင်ရာ သဘောတရားကို ကျောင်းသားများ နားလည်သွားစေရန်

၁။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲတွဲ၍ သင်ယူရန် ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၁) ကိုလေ့လာရန် ပြောပါ။

၃။ လေးထောင့်ကွက် (၃.၈) တွင် ပါမောက္ခ Carol Tomlinson နှင့် သူမ၏ လုပ်ဖော်ကိုင်ဖက် Marcin Imbean တို့ ဆွေးနွေးထားကြသည့် ဗီဒီယိုဖြစ်ကြောင်း ကျောင်းသားများကို သိရှိစေရမည်။ ပါမောက္ခ Carol Tomlinson သည် အမေရိကန်ပြည်ထောင်စုနိုင်ငံမှ ပညာရေးဆိုင်ရာ ပါမောက္ခတစ်ဦးဖြစ်သည့်အပြင် ကျွမ်းကျင်ပညာရှင်တစ်ဦးလည်းဖြစ်သည်။ (၂၀၁၀) ခုနှစ်က ရိုက်ကူးထားခဲ့သော ဤဗီဒီယိုတွင် ပါမောက္ခနှစ်ဦးသည် လိုအပ်ချက်အလိုက် ပြုပြင် ပြောင်းလဲ လုပ်ဆောင်မှုများအကြောင်းကို ဆွေးနွေးထားကြသည်။

၄။ ကျောင်းသားများအား အောက်ပါမေးခွန်းများအကြောင်းကို ဆွေးနွေးစေရမည်။

- ကျောင်းသားတစ်ဦးချင်းစီ၌ ထူးခြားမှုကိုယ်စီရှိသည်ကို နားလည်သဘောပေါက်ရန် ဆရာများအတွက် အဘယ်ကြောင့် အရေးကြီးပါသနည်း။
- စာသင်ခန်းတွင်း၌ ကျောင်းသားတိုင်းအတွက် ကြီးပွားတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများ ရရှိစေမှုမှာ အဘယ်ကြောင့်အရေးကြီးသနည်း။
- ကျောင်းသားများ၏ "အဝင်အမှတ်များ"(entry point) သို့မဟုတ် "အစပြုအမှတ်များ" (starting point) ဆိုသည်တို့မှာ မည်သည့်အဓိပ္ပာယ်ရှိသည်ဟု ထင်မြင်သနည်း။
- လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲလုပ်ဆောင်မှု လက်တွေ့လုပ်ငန်းကို ဆရာများပြန်လည်သုံးသပ် စဉ်းစားရာ၌ အထောက်အပံ့ဖြစ်စေရန် ထိုပညာရှင်တို့က မေးခွန်း (၃) ခုပေးကာ အကြံပြုခဲ့ကြပါသည်။ **"မည်သည့်နည်းကိုသုံးလျှင် သင့်တော်မည်နည်း" "မည်သည့်နည်းလမ်းကို သုံးစွဲရန် မသင့်တော်သနည်း"** နှင့်**"မည်သူတို့အတွက်နည်း"** ထိုမေးခွန်း (၃)ခုအနက် "မည်သူတို့အတွက်နည်း" ဆိုသော မေးခွန်းသည် အဘယ်ကြောင့် အရေးပါရသနည်း။

၅။ အတန်းသို့မျှဝေပေးမည့် ကျောင်းသားကိုရွေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ပါမောက္ခ Tomlinson က "လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း" ကို နည်းလမ်းများနှင့် ကျွမ်းကျင်မှုရရှိစေသည့် နည်းလမ်းများတို့ ပါဝင်သော နည်းလမ်းအစုံတစ်ခုဆိုသည်ထက် သင်ကြားမှုသင်ယူမှုတို့အကြောင်းကို တွေးခေါ်ကြံဆသော "တွေးခေါ်စဉ်းစားနည်း တစ်မျိုးအဖြစ် ရှုမြင်သုံးသပ်နိုင်သည်" ဟုဖော်ပြခဲ့ရာ ထိုဖော်ပြချက်သည် မည်သည့်အဓိပ္ပာယ်ကို ဆောင်ပါသနည်း။

အဖြေ - လိုအပ်ချက်အလိုက်ပြုပြင် ပြောင်းလဲလုပ်ဆောင်မှုသည် မှန်ဘီလူးတစ်ခုနှင့် အလားသဏ္ဍာန်တူပါသည်။ မှန်ဘီလူးတစ်ခုမှတစ်ဆင့် အရာဝတ္ထုတို့ကို ပြတ်သားကြည်လင်စွာ မြင်ကွင်းကျယ်တွေ့မြင်နိုင်သည်။ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်မှုများမှတစ်ဆင့် ဆရာများက ကျောင်းသားများအကြောင်းကို ကွင်းကွင်းကွက်ကွက် သိရှိနားလည်

လာကြသည်။ ထိုမှတစ်ဆင့် ဆရာများက ပြောင်းလဲလုပ်ဆောင်ရန် စီစဉ်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် မိမိတို့လုပ်ဆောင်မှုအပေါ် ပြန်လည်သုံးသပ် စဉ်းစားခြင်းတို့ကို ပြုကြရသည်။ ကျောင်းသားများသည် သက်မဲ့အရာဝတ္ထု ပစ္စည်းများ မဟုတ်ကြဘဲ အသိဉာဏ်နှင့် ခံစားချက်များ ရှိသော လူသားများအဖြစ် ရှုမြင်ခံယူထားသည်။ ထိုသို့ခံယူချက်က ကျောင်းသားများကို သင်ကြားမှု၊ သင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှု ဆုံးဖြတ်ချက် စသည့်ဖြစ်စဉ်ထဲတွင် ပါဝင်နေသော အခြေခံ အချက်များအားလုံးအနက် အလယ်ဗဟိုချက်တွင် ထားရှိစေသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**မေးခွန်း** - ကျောင်းသားတစ်ဦးချင်းစီ၌ ထူးခြားမှုကိုယ်စီရှိသည်ကို နားလည်သဘောပေါက်ရန် ဆရာများအတွက် အဘယ်ကြောင့် အရေးကြီးပါသနည်း။

**အဖြေ** - *လေးထောင့်ကွက် (၃.၈) မှဖြစ်သည်။ ကျွန်ုပ်တို့၏ ကျောင်းသားများသည် စာသင်ခန်း ထဲသို့ သူတို့၏ စိတ်ဝင်စားမှုများ၊ သူတို့၏ မွေးရာပါ ထူးခြားသော အရည်အချင်းများ (talents) အတွေ့အကြုံအမျိုးမျိုး နှင့် လက်ရှိသင်ယူရမည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ သူတို့သိ နှင့်ပြီးသည်များနှင့် သူတို့ဆောင်ရွက်တတ်သည်များ စသည့် အခြေခံအသိပညာနှင့် ကျွမ်းကျင် မှုတို့ကို သူတို့နှင့်အတူ တစ်ပါတည်း သယ်ဆောင် ယူလာကြသည်။ ထို့ကြောင့် ဤအချက် ကို ဆရာများက နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။*

**မေးခွန်း-** စာသင်ခန်းတွင်း၌ ကျောင်းသားတိုင်းအတွက် ကြီးပွားတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများ ရရှိစေမှုမှာ အဘယ်ကြောင့်အရေးကြီးသနည်း။

**အဖြေ** - *ကမ္ဘာတစ်ဝန်းလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာချက်အရ လူတိုင်းလူတိုင်း၌ ပညာသင်ယူ နိုင်သည့်အခွင့်အရေးရှိသည်။ စာသင်ခန်း၌ အချင်းချင်း အပြန်အလှန်ပြောဆို ဆက်ဆံပါဝင်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် အဓိပ္ပာယ်ပြည့်ဝသော (အနှစ်သာရရှိ သော သင်ယူမှု ရလဒ်များကို ရရှိပေါက်မြောက်ခြင်းတို့သည် စာသင်ခန်းတွင်းမှ ကျောင်းသား အားလုံးအတွက် မရှိမဖြစ် အရေးပါသော အချက်များဖြစ်ကြသည်။*

**မေးခွန်း** - ကျောင်းသားများ၏ “အဝင်အမှတ်များ”(entry point) (သို့မဟုတ်) “အစပြုအမှတ်များ” (starting point) ဆိုသည်တို့မှာ မည်သည့်အဓိပ္ပာယ်ရှိသည်ဟု ထင်မြင်သနည်း။

**အဖြေ** - *သင်ယူရမည့် အသိပညာအသစ်နှင့် ကျွမ်းကျင်မှုအသစ်တို့နှင့် ပတ်သက်၍ ကျောင်းသားများ၏ ယခင်က သိရှိထားမှုများ (အသိပညာ) နှင့် သူတို့လုပ်ကိုင်တတ်မှုများ (ကျွမ်းကျင်မှုများ) ကိုဆိုလိုပါသည်။*

**မေးခွန်း** - လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲလုပ်ဆောင်မှု လက်တွေ့လုပ်ငန်းကို ဆရာများပြန်လည် သုံးသပ် စဉ်းစားရာ၌ အထောက်အပံ့ဖြစ်စေရန် ထိုပညာရှင်တို့က မေးခွန်း (၃) ခုပေးကာ အကြံပြုခဲ့ကြပါသည်။ **“မည်သည့်နည်းကိုသုံးလျှင် သင့်တော်မည်နည်း” “မည်သည့်နည်းလမ်း ကို သုံးစွဲရန် မသင့်တော်သနည်း”** နှင့် **“မည်သူတို့အတွက်နည်း”** ထိုမေးခွန်း (၃) ခုအနက် “မည်သူတို့အတွက် နည်း” ဆိုသော မေးခွန်းသည် အဘယ်ကြောင့် အရေးပါရသနည်း။

**အဖြေ** - *စာသင်ခန်းအတွင်းသင်ယူမှုလုပ်ငန်းများတွင်ကျောင်းသားများအားလုံး အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုနှင့် ပြောဆိုဆက်ဆံနိုင်မှုအတွက် အဟန့်အတားပြုနေသော အရာများကို သတ်မှတ်ဖော်ထုတ်ကာ ဖယ်ရှားရှင်းလင်းပစ်ရမည် ဖြစ်ပါသည်။ ကျောင်းသားများအားလုံးဟုဆိုရာတွင် အထူးသဖြင့် မေ့လျော့ခံ၊ ပစ်ပယ်ခံ ဖြစ်လုနီးပါး ကျောင်းသားအုပ်စုများ၊ အများကဝိုင်း၍ ဖယ်ကြဉ်ခံထားရသူများအုပ်စု နှင့် စာမေးပွဲရမှတ် မပြည့်မီသူများအုပ်စုတို့မှ ကျောင်းသားများအတွက် ဆောင်ရွက်ပေးရန် အရေးကြီးပါသည်။*

**စာသင်ချိန် (၂)**

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားကိုင်စာအုပ်မှ “လိုအပ်ချက်အလိုက် ပြုပြင်လုပ်ဆောင်ခြင်း ဆိုင်ရာ သဘောတရားများ” အကြောင်းကို ဖတ်ရှုရန် ကျောင်းသားများအား ညွှန်ကြားပါ။

၂။ ကျောင်းသားများကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း ဆိုင်ရာ သဘောတရား (၄) ခုနှင့် မိတ်ဆက်ပေးပါ။

- **အရည်အသွေးမြင့်မားသော သင်ရိုးညွှန်းတမ်း** - ကျောင်းသားအားလုံးသည် စိတ်ပါဝင်စားဖွယ်ကောင်းပြီး စိန်ခေါ်မှုရှိသော (မိမိအရည်အချင်းကို အကဲစမ်းသော၊ အရည်အချင်း ပြခွင့်ရသော) သင်ယူမှုလုပ်ငန်းများနှင့် လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်ရန် အခွင့်အလမ်းများ ရှိကြသည်။
- **ပြုပြင်ပြောင်းလဲရန်လွယ်ကူသော အတန်းဖွဲ့စည်းမှုပုံစံ** - စီမံခန့်ခွဲမှုပုံစံ အမျိုးမျိုးလှည့်ပြောင်းပြီး အုပ်စုဖွဲ့စည်းမှု (တစ်တန်းလုံး၊ အုပ်စုငယ်၊ နှစ်ယောက်တစ်တွဲစသည်) က သင်ကြားမှုအပေါ် စူးစိုက်ဦးတည်မှုကို အားကောင်းစေသည့်အပြင်ကျောင်းသားများ အတူတကွ စုပေါင်းအလုပ်လုပ်ရာတွင် စိတ်ကူးအတွေးအမြင်များ မျှဝေရာတွင်လည်း လွယ်ကူစွာ ဆောင်ရွက်နိုင်စေသည်။
- **အလျဉ်မပြတ်/စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်မှု** - ကျောင်းသားများ၏ လိုအပ်ချက်များကို မျက်ခြည်မပြတ် စစ်ဆေးအကဲဖြတ်မှုက လိုအပ်ချက် အလိုက်ပြုပြင်လုပ်ဆောင်နိုင်စေရန် အချက်အလက်များ အစဉ်မပြတ် ပံ့ပိုးပေးနိုင်သည်။
- **အကျိုးကျေးဇူးဖြစ်ထွန်းသော သင်ယူမှုပတ်ဝန်းကျင်** - ဆရာများနှင့် ကျောင်းသားများ အတူတကွ လက်တွဲဆောင်ရွက်ကြသည်။

## သင်ယူမှုလုပ်ငန်း (၂)။ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်နိုင်သော အခြေခံအချက်များ သတ်မှတ်ခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက်** - လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်နိုင်သော အခြေခံအချက်တစ်ခုစီ အကြောင်းကို ကျောင်းသားများအနေနှင့် တိကျသေချာစွာ နားလည်သဘောပေါက်စေရန်

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- ဆရာများက သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုဝန်းကျင်တို့ကို ကျောင်းသားများ ၏ လိုအပ်ချက် အလိုက် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲလုပ်ဆောင်နိုင်ပုံကို ရှင်းပြတတ်မည်။

၂။ ဆရာများသည် -

- သင်ရိုးညွှန်းတမ်း၏ ရှုထောင့်အသီးသီး (ဆိုလိုသည်မှာ - အကြောင်းအရာ၊ သင်ယူမှုဖြစ်စဉ်နှင့် ရလဒ်) နှင့်
- သင်ယူမှုဝန်းကျင်၏ ရှုထောင့်အသီးသီးကို ပြုပြင်ပြောင်းလဲနိုင်ကြောင်း ကျောင်းသားတို့ကို သိရှိစေရမည်။

၃။ သင်ပုန်းပေါ်တွင် ဝေါဟာရများကို ရေးပြပါ။ အကြောင်းအရာ (content)၊ သင်ယူမှုဖြစ်စဉ်(process) ၊ ရလဒ် (Product) နှင့် လေ့လာမှုပတ်ဝန်းကျင် (Learning environment)

၄။ သင်ယူမှုလုပ်ငန်း (၂) ကို လေ့လာဖတ်ရှုရန် ကျောင်းသားများကိုပြောပါ။

၅။ ဇယား (၃.၁၇) တွင် ဝဲဖက်ခြမ်း ထောင်လိုက်အကွက်(ကော်လံ) မှ အခြေခံအချက်တစ်ခုစီနှင့် ဆီလျော်သော ညာဘက်ကွက်မှ အဓိပ္ပာယ်သတ်မှတ်ချက်များကို မျဉ်းကြောင်းများဆွဲသားရန် ဆက်သွယ်ပေးရန်ကျောင်းသားများကို ညွှန်ကြားပါ။

၆။ အတန်းသို့ပြန်လည်သတင်းပို့မည့်ကျောင်းသားများကိုရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အဖြေများကို အတန်းသို့မျှဝေပေးမည့် ကျောင်းသားများ ရွေးချယ်ထားသောအခါ သူတို့နားလည်သဘောပေါက်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်မည်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဇယား (၃.၁၇) (က) ကို ကြည့်ပါ။

**ဇယား ၃.၁၇ (က) ။ အခြေခံအချက်များကို မှန်ကန်သောအဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ဆက်သွယ်ပေးခြင်း**


| အခြေခံအချက် | အဓိပ္ပာယ်သတ်မှတ်ချက် |
|---|---|
| **အကြောင်းအရာ (Content)** | **သင်ယူမှုမည်ကဲ့သို့ဖြစ်ပေါ်လာပုံ**<br>• သင်ကြားမှုသင်ယူမှုနည်းဗျူဟာများ/နည်းလမ်းများ၊နည်းစနစ်များနှင့် လုပ်ငန်းများကို အသုံးပြုခြင်းဖြင့် ကျောင်းသားများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးလာစေသည်။ အသိပညာနှင့်ကျွမ်းကျင်မှု များကို ရရှိလာစေရန် သင်ယူမှုရလဒ်များအဖြစ် ဦးတည်ချက် ထားသည်။ |
| **ဖြစ်စဉ်(Process)** | **သင်ယူမှုဖြစ်ပေါ်သောနေရာ**<br>• စာသင်ခန်း၏ရုပ်ပိုင်းဆိုင်ရာအခင်းအကျင်း၊ ပေါင်းသင်းဆက်ဆံမှု နှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ရာသီဥတုအခြေအနေ |
| **ရလဒ် (product)** | **သင်ကြားပေးလိုက်သည့်အရာ**<br>• သင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ကျောင်းသားများသင်ယူရန် လိုအပ်သော အသိပညာ အယူအဆများနှင့် ကျွမ်းကျင်မှုများ သင်ယူနေစဉ် ကျောင်းသားများ ထိတွေ့ဆက်ဆံရမည့် သုံးစွဲရမည့် စာအုပ်စာတမ်းများ၊ ရင်းမြစ်များ |
| **သင်ယူမှုပတ်ဝန်းကျင်** | **သင်ယူမှုကိုမည်သို့သက်သေအထောက်အထားပြပုံ**<br>• ကျောင်းသားများက သူတို့သိရှိ နားလည်လာမှုကို ပြသရန်နှင့် သင်ယူပြီးနောက် (တတ်မြောက်မှု) သူတို့၏ လုပ်ဆောင်နိုင်မှုကို ပြသရန် ဆောင်ရွက်ထားသော အပြီးသတ်လုပ်ငန်းများ |

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားကိုင်စာအုပ်ပါ "ကျောင်းသားများ၏ အဆင်သင့်ဖြစ်မှု ၊ စိတ်ဝင်စားမှုများနှင့် သင်ယူမှု ဆိုင်ရာအချက်အလက်များ" (Learning profle) အကြောင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၂။ ပုံ (၃.၂၅) ကို သင်ပုန်းပေါ်တွင်ရေးဆွဲပြပါ။




၃။ အဆင့်သင်ဖြစ်မှု (Readiness) ဆိုသည်မှာ လေးထောင့်ကွက် (၃.၈) တွင် Tomlinson ရည်ညွှန်းပြောဆိုခဲ့သည့်ကျောင်းသားများ၏အဝင်အမှတ် (point of entry) (သို့မဟုတ်) အစအမှတ် (starting point) ပင်ဖြစ်ကြောင်းကို ကျောင်းသားများကို အလေးပေးဖော်ပြပါ။

- သင်ယူရမည့်အသိပညာအသစ်နှင့် ကျွမ်းကျင်မှုအသစ်တို့နှင့် ပတ်သက်၍ ကျောင်းသားများ ယခင်ကသိရှိထားပြီးသော အသိပညာနှင့်သူတို့ကျွမ်းကျင်ပြီးဖြစ်သောလုပ်ဆောင်နိုင်မှုတို့ကို စစ်ဆေးအကဲဖြတ်ခြင်းမှတစ်ဆင့် ကျောင်းသားများ သင်ယူရန် အဆင်သင့်ဖြစ်မှုကို သတ်မှတ်ပေးနိုင်သည်။
- အဆင်သင့်ဖြစ်မှုသည် အရည်အချင်းနှင့်မတူညီပါ။ ဦးတည်ချက်ထား သင်ကြားမှုနှင့် တုံ့ပြန် အကြံပြုချက်ပံ့ပိုးခြင်းတို့က ကျောင်းသားတစ်ဦး၏ သင်ယူရန်အဆင်သင့်ဖြစ်မှု (readiness) ကိုပုံမှန်ပြောင်းလဲပေးနိုင်သည်။

၄။ နောက်ထပ်ဆောင်ရွက်ရမည့် သင်ယူမှုလုပ်ငန်းတွင် ကျောင်းသားများ၏ စိတ်ဝင်စားမှုများ နှင့် သင်ယူမှုဆိုင်ရာအဓိကကျသောအကြောင်းအရာ

အချက်အလက်များ ဖော်ပြချက် (profile) တို့ကို လေ့လာရမည်ဖြစ်ကြောင်း ကျောင်းသားများကိုအသိပေးပြောပြပါ။

## သင်ယူမှုလုပ်ငန်း (၃)။ ကျောင်းသားများအတွက် စစ်တမ်းတစ်ရပ် ပုံဖော်တည်ဆောက်ခြင်း

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် ၊ (လုပ်ငန်းအတွက် ၂၀ မိနစ် ၊ မျှဝေခြင်း ၁၀မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင်ကျောင်းသား (၄) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - မြန်မာနိုင်ငံမှ အလယ်တန်းကျောင်းသားများနှင့် ဆီလျော်မှုရှိပြီး သူတို့၏ စိတ်ဝင်စားမှုများနှင့် သင်ယူမှုဆိုင်ရာအဓိကကျသော အကြောင်းအရာ အချက်အလက်များ ဖော်ပြချက် (profile) တို့ကို သိရှိစေနိုင်သည့်ကျောင်းသားများအကြောင်း အကျဉ်းချုပ်စစ်တမ်း ကောက်လေ့လာမှု (survey) တစ်ခုကို ပုံစံချရေးသားတတ်စေရန်

၁။ ကျောင်းသားများအား (၄) ဦးလျှင် အုပ်စုတစ်စုအဖြစ် အုပ်စုဖွဲ့ရန် ညွှန်ကြားပါ။

၂။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်း (၃) ကိုလေ့လာရန် ပြောပါ။ ကားချပ်ကြီးရေးဆွဲရန် စာရွက်ချပ်ကြီးများကို ဝေငှပေးပါ။

၃။ အလယ်တန်းကျောင်းသားများ၏ စိတ်ဝင်စားမှုများနှင့်၎င်းတို့၏ ပိုမိုနှစ်သက်ရာ သင်ယူမှုပုံစံ (စိတ်တိုင်းကျနှစ်သက်သောသင်ယူမှုပုံစံ) တို့ကိုတိကျသေချာစွာ သိရှိနိုင်ရန်အတွက် လက်တွေ့ တန်းပြ ဆင်းရမည်။ ကျောင်းများတွင် အသုံးပြုရန် ဆီလျော်မှုရှိမည့် ကျောင်းသားများ အကြောင်း အကျဉ်းချုံး စစ်တမ်းကောက် သုတေသနတစ်ခုကို စီစဉ်ရေးသားရန်ညွှန်ကြားပါ။ထိုသုတေသနပြုမှုအတွက် မည်သည့် မေးခွန်းများကို သင်ပေးရမည်နည်း။

၄။ စစ်တမ်းကောက် လေ့လာမှုပြုသော သုတေသနတစ်ခုကို ဒီဇိုင်းရေးဆွဲရာတွင် ကျောင်းသား ကိုင်စာအုပ်မှ အောက်ဖော်ပြပါ အချက်များသည် အထောက်အကူ ဖြစ်စေနိုင်ကြောင်း ကို ကျောင်းသားများအား အလေးထားပြောပြပါ။

- စိတ်ဝင်စားမှုများသည် ကျောင်းသားများ၏ အားသာချက်များ၊ ယဉ်ကျေးမှုဆိုင်ရာ ဆက်စပ် အခြေအနေများ၊ တစ်ဦးချင်းစိတ်အတွေ့အကြုံများ၊

သူတို့မေးတတ်သော မေးခွန်းများနှင့် သူတို့၏ လိုအပ်ချက်များတို့နှင့် ဆက်စပ်ချိတ်ဆက်နေကြသည်။

- ကျောင်းသားများ၏သင်ယူမှုဆိုင်ရာအဓိကကျသော အချက်အလက် အကြောင်းအရာများ ဖော်ပြချက် (Learning profile)က ကျောင်းသားများ သည် သူတို့အတွက် ထိရောက်မှု အရှိဆုံးဖြစ်စေရန်မည်သို့သင်ယူကြ သည်ကိုအကြမ်းဖျင်းဖော်ပြထားသည်။ အကြောင်းရင်း အမျိုးမျိုးဖြစ်ကြ သည့် ဥပမာ - သူတို့အားစာသင်ခန်းတွင်း၌ စိတ်လက်ပေါ့ပါးစွာ သင်ယူ နိုင်စေရန် မည်သည်တို့က ဖန်တီးသည်၊ သူတို့က အုပ်စုလိုက်လုပ်ငန်း ဆောင်ရွက်ရခြင်းကို ပို၍ နှစ်သက်သည်။ (သို့မဟုတ်) တစ်ဦးချင်းစီ လွတ်လပ်စွာ သင်ယူရမှုကို ပို၍နှစ်သက်သည် နှင့် သူတို့၏အသက်အရွယ်၊ ကျား/မရေးရာ၊ ယဉ်ကျေးမှုတို့နှင့် ဆက်စပ်နေသော အခြားကြိုက်နှစ်သက် မှုများ စသည် တို့ပါဝင်ကြသည်။

၅။ ကျောင်းသားအုပ်စုများအား အတန်းသို့ပြန်လည်သတင်းပို့စေရမည် (သို့မဟုတ်) သူတို့၏ ကားချပ်ကြီးများကို နံရံများပေါ်၌ ချိတ်ဆွဲ ပြသစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

စစ်တမ်းကောက်သုတေသနလေ့လာမှုအတွက် ရေးသားထားသောမေးခွန်းများကို ပြန်လည် ဆန်းစစ်ခြင်းဖြင့် ကျောင်းသားများ၏နားလည်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားအုပ်စုများအလိုက် သုတေသနမေးခွန်းများသည် အမျိုးမျိုးကွဲပြား ကြလိမ့်မည်။ စစ်တမ်းကောက်မေးခွန်းများတွင် အောက်ပါတို့ပါဝင်နိုင်သည်။

- ကျောင်း၌သင်အနှစ်သက်ဆုံးဘာသာရပ်သည် မည်သည့်ဘာသာရပ် ဖြစ်သနည်း။ သင်က ထိုဘာသာရပ်ကို အဘယ်ကြောင့် အနှစ်သက်ဆုံး ဖြစ်ရသနည်း။
- တစ်နေ့တာကျောင်းဆင်းပြီးချိန်နှင့် စနေ၊ တနင်္ဂနွေအားလပ်ရက်များတွင် မည်သည့် လုပ်ငန်းများ ဆောင်ရွက်ရသည်ကို သင်နှစ်သက်ပါသနည်း။
- စာကြည့်တိုက်တွင် စာဖတ်သွားသည့်အခါ မည်သည့်ခေါင်းစဉ်မျိုးကိုဖတ်ရန် သင်နှစ်သက်ပါ သနည်း။

- သင်ခန်းစာများကို သင်မည်သို့သင်ယူလေ့ရှိသနည်း။ (မိမိတစ်ဦးတည်း၊ သူငယ်ချင်း တစ်ဦး နှင့်၊ အုပ်စုငယ်တစ်ခုအတွင်း)

**စာသင်ချိန် (၃)**

### သင်ယူမှုလုပ်ငန်း (၄)။ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲမှုများပြုရာတွင် သုံးသည့် နည်းဗျူဟာများ အပေါ် ပြန်လည်သုံးသပ်စဉ်းစားသည့် ဖြတ်ဆက်လုပ်ငန်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် - လုပ်ငန်းအတွက် (၃၀) မိနစ် ၊ မျှဝေရန် (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၄) ဦးပါဝင်သော ကျောင်းသားအုပ်စုများ |

**ရည်ရွယ်ချက်** - ရည်ရွယ်ချက်မှာ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်မှု နည်းဗျူဟာများကို ပြန်လည်သုံးသပ် စဉ်းစားတတ်စေရန် နှင့် ထိုနည်းဗျူဟာများက ကျောင်းသားများ၏ ခြားနားမှုအသီးသီးကို မည်သို့တုံ့ပြန်ဆောင်ရွက်ပေးနိုင်ပုံတို့ကို စဉ်းစား တတ်စေရန်

၁။ သင်ယူမှုလုပ်ငန်း (၄) ကို လေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။

၂။ ဇယား (၃.၁၈) တွင် အကြောင်းအရာ၊ ဖြစ်စဉ်၊ ရလဒ် နှင့် သင်ယူမှုပတ်ဝန်းကျင် တို့ကို လိုအပ်ချက်အလိုက် အမျိုးမျိုးပြုပြင်ပြောင်းလဲပေးနိုင်သည့် နည်းဗျူဟာ များကို ဖော်ပြထားသည်ဟု ကျောင်းသားများကို သတိပေးပါ။

၃။ နည်းဗျူဟာတစ်ခုကိုရွေးချယ်ပြီး တစ်တန်းလုံးနှင့် ဆွေးနွေးပါ၊ ထိုနည်းဗျူဟာ သည် လက်တွေ့ ဆောင်ရွက်မှု၌ မည်သို့ရှိသည်ကို ဆွေးနွေးပါ၊
ဥပမာ - အုပ်စု (၂) အတွက် တာဝန်ပေးထားသော ဇယားတွင်ပါဝင်သော ပထမနည်းဗျူဟာမှာ - ဘလွန်း၏သင်ယူမှုနယ်ပယ်များကိုခွဲခြားသတ်မှတ်ခြင်း၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု အဆင့်အသီးသီးတို့အတွက် မေးခွန်းများနှင့် သင်ယူမှု လုပ်ငန်းများကို ဒီဇိုင်း/ပုံစံချ စီစဉ်ရေးသားရမည် ဖြစ်သည်။

၄။ အလယ်တန်းကျောင်းသားများသည် ဂန္ထဝင်မြန်မာဝတ္ထုတို တစ်ပုဒ်ကို ဖတ်ရှု လေ့လာသင်ယူနေကြသည် ဆိုပါစို့။ ကျောင်းသားများက ထိုဝတ္ထုကို နားလည်

သဘောပေါက်သွားစေရန် ပံ့ပိုးသည့်အနေဖြင့် ဆရာကသင်ယူမှု လုပ်ငန်းများကို အမျိုးမျိုးစီစဉ် ရေးဆွဲထားနိုင်သည်။ ထိုဝတ္ထုတို အကြောင်းနှင့်ပတ်သက်၍ ပြန်လည်စီစဉ်တည်းဖြတ်ကာ သိမှုဆိုင်ရာ သင်ယူမှုနယ်ပယ်များကို ခွဲခြား သတ်မှတ်ခြင်း အဆင့်များအလိုက် သင်ယူမှုလုပ်ငန်း အမျိုးမျိုးတို့ကို စီစဉ်တည်ဆောက်ထားနိုင်သည်။

သိမှုဆိုင်ရာ အဆင့် (၆) ခုအတွက် စီစဉ်ထားနိုင်သော သင်ယူမှုလုပ်ငန်းများမှာ

- မှတ်မိခြင်းအဆင့် (Remember)- ဝတ္ထုတိုထဲမှ အဓိကကျသော ဇာတ်ကောင်များကို စာရင်းပြုစု ဖော်ပြစေသည်။
- နားလည်ခြင်းအဆင့် (Understand)- ဝတ္ထုတိုထဲမှ စာပိုဒ်တစ်ပိုဒ်ကို ဖတ်ရှုစေပြီး ဆက်စပ် သော မေးခွန်းတစ်ခုကို ဖြေစေသည်။
- လက်တွေ့အသုံးချခြင်း (Apply)- ဝတ္ထုထဲမှ ဇာတ်ကောင်တစ်ခု ဖြစ်ပျက်ခဲ့ သည့် အခြေ အနေတစ်ခုကို စဉ်းစားပါ။ ထို့နောက် ထိုဇာတ်ကောင် အတွက် ခြားနားသော ရလဒ် တစ်ခုကို ရေးသားစေရမည်။
- ခွဲခြားစိတ်ဖြာခြင်းအဆင့် (Analysis)- ဝတ္ထုဇာတ်လမ်းထဲမှ ဇာတ်ကောင် (၂) ဦးတို့၏ ဖြစ်ရပ် တစ်ခုအပေါ် တုံ့ပြန်ဆောင်ရွက်မှုကိုဖတ်ရှုစေပြီးနောက် သူတို့နှစ်ဦး၏ တုံ့ပြန်မှုများတွင် ပါဝင်သော တူညီမှုများ နှင့် ခြားနားမှုများကို သတ်မှတ်ဖော်ထုတ်ရမည်။
- အကဲဖြတ်သုံးသပ်ခြင်းအဆင့် (Evaluate)- ဝတ္ထုကို ပြန်လည်ဆန်းစစ်ပါ၊ ဝတ္ထုတိုတစ်ပုဒ် ရေးသားရာတွင် လိုအပ်သည့် အရေးပါသော အချက်အလက်များကိုပြန်လည်ဆန်းစစ်ပါ။
- တီထွင်ဆန်းသစ်ခြင်းအဆင့် (Create)- ကျောင်းသားများအား ယခုဖတ်ပြီး သွားသောဝတ္ထုတိုနှင့် ဆက်စပ်သော ဝတ္ထုတိုအသစ်တစ်ပုဒ်ကို ဖန်တီးရေးသားရစေမည်။ သို့ရာတွင် ထိုဝတ္ထုတိုပါ အချက်အလက်များသည် နောင်အနာဂတ်အချိန်တစ်ခု၌ ဖြစ်ပေါ်လာမည်ကို တွေးတောကြံဆ၍ ရေးသားစေရမည်။

၅။ ဆရာက ဤနည်းအားဖြင့် လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲကာ သင်ယူမှု လုပ်ငန်းများကို အမျိုးမျိုး ပြောင်းလဲစီစဉ်ထားခြင်းမှာ အဘယ်ကြောင့်နည်း ဟု ကျောင်းသားများကို မေးပါ။

အဖြေ - ဆရာက ဤကဲ့သို့ပြောင်းလဲ စီစဉ်မှုပြုရခြင်းမှာ ကျောင်းသားများ၏ အဆင်သင့်ဖြစ်မှု (readiness) အတိုင်းအတာအသီးသီးအလိုက် တုံ့ပြန်ပေးရန်

ဖြစ်ပါသည်။[R][အဆင့်သင့်ဖြစ်မှု]

ဇယား (၃.၁၈) တွင် ဖော်ပြထားသော နည်းဗျူဟာနှင့်အတူ [R] ကို မှတ်တမ်းတင် ထားကြောင်း အလေးပေးပြောပြပါ။

၆။ အောက်ပါတို့ကို ကျောင်းသားများအား ညွှန်ကြားပါ။

- အဆင့် (၁) - ဌာနေအုပ်စု (Home group) များကို ကျောင်းသား (၄) ဦး စီပါဝင်စေလျက် ဖွဲ့စည်းပါ။ အဖွဲ့ဝင်တစ်ဦးစီကို အမှတ်စဉ် ၁၊၂၊၃၊၄ ဟု ခေါ်ဆိုပါ။
- အဆင့် (၂) - ၎င်းတို့ထဲမှ ထပ်မံ၍ အုပ်စုသစ်များ ဖွဲ့ပါ။ အုပ်စုတစ်ခုစီမှ ကျောင်းသား အမှတ်စဉ် (၁) များအားလုံး စုပေါင်းပြီး တစ်ခု၊ အမှတ်စဉ် (၂) များအားလုံး တစ်စု စသည်ဖြင့် အမှတ်စဉ်ကျသော ကျောင်းသားများကို ကျွမ်းကျင်သူအုပ်စုစသည်ဖြင့် အုပ်စုဖွဲ့ပါ။
- အဆင့်(၃) - ဇယား (၃.၁၈) ကို ရည်ညွှန်းကိုးကားပါ။ ထိုဇယား၌ အခြေခံအချက် တစ်ခုစီအတွက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်နိုင်သော နည်းဗျူဟာ (၅) မျိုးတွဲ တစ်စုံစီကိုပြထားသည့် နည်းဗျူဟာတစ်ခုစီကို ဆွေးနွေးပါ။ ထိုနည်းဗျူဟာက ကျောင်းသားများ၏ မည်သည့်ခြားနားမှုကို တုံ့ပြန်ပေးကြောင်း ဖော်ထုတ်သတ်မှတ်ပါ။ ခြားနားချက် (၃) မျိုးမှာ -
  - သင်ယူရန် အဆင်သင့်ဖြစ်မှုတွင် ခြားနားမှု [Readiness][R]
  - စိတ်ဝင်စားမှုများတွင် ခြားနားမှု[Interests][I]
  - သင်ယူမှုဆိုင်ရာအဓိကကျသော အကြောင်းအရာများ ဖော်ပြချက်တွင် ခြားနားမှု(learning profile)[L] တို့ဖြစ်ကြသည်။
- အဆင့်(၄) - မူလဌာနေအုပ်စုများသို့ ကျွမ်းကျင်အုပ်စုမှ ကျောင်းသားများ ပြန်လာရမည်။ ကျွမ်းကျင်အုပ်စု(ဖြတ်ဆက်အုပ်စုတွင် လေ့လာခဲ့သည်တို့ကို အုပ်စုတွင်းမှ သူငယ်ချင်းများ နှင့်ပြန်လည်မျှဝေပါ။ သင်၏ရှာဖွေတွေ့ရှိလာခဲ့သော အချက်များကို အုပ်စုဝင် အခြား ကျောင်းသားများ အားလုံးက သဘောတူညီမှု ရှိပါသလား။
- အဆင့်(၅) - အခြေခံအချက် (၄) ခုစလုံးအတွက် အသုံးပြုသော နည်းဗျူဟာများ အားလုံး ကို လေ့လာဆွေးနွေးပြီးနောက် ခြားနားမှုပုံစံ (၃) ခု [R] [I] [L] ကို ဖော်ထုတ် သတ်မှတ် ပေးခြင်းကိုသေချာစွာမှတ်တမ်းတင်ထားပါ။

ကျောင်းသားများအား သူ့ကိုအဖြေများကို အတန်းသို့ မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ရရှိလာသော အဖြေများတွင် အယူအဆသဘောထားချင်းမကိုက်ညီမှုများ မရှိလာခဲ့လျှင်လည်းပြဿနာမရှိပါ။ (ဆိုလိုသည်မှာ - နည်းဗျူဟာတစ်ခုသည် အဆင်သင့်ဖြစ်မှုအတွက် တုံ့ပြန်သည်။ စိတ်ဝင်စားမှုများအတွက် နှင့်/သို့မဟုတ် ကျောင်းသား သင်ယူမှု အကြောင်းအရာဖော်ပြချက်အတွက် တုံ့ပြန်သည်)။ မည်သည့်အဖြေကိုပေးသည်ဖြစ်စေ၊ အဖြေများအတွက် ခိုင်လုံသော အကြောင်းပြချက်ပေးနိုင်မှုက အရေးကြီးပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဇယားကိုကြည့်ပါ။

**ဇယား ၃.၁၈ (က)။ သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲပေးနိုင်သည့် နည်းဗျူဟာများ**

| အုပ်စု(၁) - အကြောင်းအရာ | အုပ်စု(၂) - သင်ယူမှုဖြစ်စဉ် |
|---|---|
| • ခြားနားသော စာဖတ်စွမ်းရည်အဆင့်အသီးသီး တို့၌ စာအုပ်များ(သို့) ရင်းမြစ်ပစ္စည်းများ ထောက်ပံ့ပေးခြင်း(R)<br>• အကြောင်းအရာကိုဖြန့်ဝေရာတွင်သတင်းဆက် သွယ်မှုနည်းလမ်းအမျိုးမျိုး (မီဒီယာ) တို့ကို အသုံးပြုခြင်း(ဥပမာ-ကျောင်းသားများအား ဗီဒီယိုကြည့်စေခြင်း၊ စာအုပ်များမှ အသံသွင်းတိတ်ခွေ များကိုနားထောင်စေခြင်း) (L)<br>• တင်ပြမှုကိရိယာပုံစံအမျိုးမျိုးသုံး၍(ဥပမာ-ဇယားများ၊ ဖြစ်စဉ်တစ်ခုအတွင်းမှ အဆင့်တို့ကို ဆက်သွယ်မှုပြသောပုံများFlow chart၊ အချိန်ပြ မျဉ်းကြောင်းများနှင့် ခက်ဆစ်အဘိဓာန်များ စသည်) အကြောင်းအရာများကို စုစည်းခြင်း နှင့် တင်ပြခြင်း(L) | • ဘလွန်း၏သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း(Bloom's taxonomy) အရ သိမှုဆိုင်ရာဖွံ့ဖြိုးမှုအဆင့်အသီးသီးတွင် သင်ယူမှု လုပ်ငန်းများ ပံ့ပိုးပေးခြင်း(R)<br>• သင်ယူမှုလုပ်ငန်းများကိုပြီးမြောက်အောင် ဆောင်ရွက်ရာတွင်ကျောင်းသားများကို တစ်ဦးတည်းလုပ်ငန်း၊ အတွဲလိုက်လုပ်ငန်း (သို့)အုပ်စုငယ်များဖြင့် ဆောင်ရွက်သော လုပ်ငန်း စသည့်လုပ်ငန်းအမျိုးမျိုးတွင် ပါဝင် ဆောင်ရွက်သင်ယူခွင့်ပေးခြင်း (L)<br>• အုပ်စုလုပ်ငန်းများတွင် ကျောင်းသားများ အားအခန်းကဏ္ဍအသီးသီးတို့တွင် ပါဝင် ဆောင်ရွက်ခွင့်ပြုပေးခြင်း (L) |

| အုပ်စု(၁) - အကြောင်းအရာ | အုပ်စု(၂) - သင်ယူမှုဖြစ်စဉ် |
|---|---|
| • ခေါင်းစဉ်အမျိုးမျိုးနှင့် ပတ်သက်သည့် စာအုပ်များ (သို့) ရင်းမြစ်များထောက်ပံ့ပေးခြင်း(I)<br>• သုတေသနပြုမှု၊တိုးချဲ့မှု (သို့) လွတ်လပ်စွာ သင်ယူနိုင်မှုနည်းလမ်းများကို ခွင့်ပြုပေးခြင်း(R,I) | • ကျောင်းသားများအနေနှင့် သင်ယူမှုလုပ်ငန်း များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်စေ ရန် အတွက် ငြိမ်းဆင်မှုအဆင့်ဆင့်တို့နှင့် ထောက်ပံ့ပေးခြင်း(R)<br>• လွတ်လပ်စွာလေ့ကျင့်သင်ယူမှု ပြုနိုင်စေမည့် အခွင့်အလမ်းများ ဆက်လက်ပံ့ပိုးပေးခြင်း (မင်းတို့အလေ့အကျင့်ပိုများများလုပ်ချင် တယ်ဆိုရင် သင်ခန်းစာရဲ့ ဒီအပိုင်းကို ဆက်လုပ်ပါ။ (သို့) မင်းအနေနဲ့ မင်းရဲ့ စွမ်းရည်ကို ထုတ်သုံးဖို့ အဆင်သင့်ဖြစ် နေပြီလို့ ထင်မြင်လာရင် ဒီသင်ခန်းစာရဲ့ ဒီအပိုင်းကို ဆက်လေ့ကျင့်ပါ။)(R) |

| အုပ်စု(၃) - သင်ယူမှုရလဒ် | အုပ်စု(၄) - သင်ယူမှုပတ်ဝန်းကျင် |
|---|---|
| • သင်ယူမှုမှထုတ်လုပ်ပေးနိုင်သော သင်ယူမှုရလဒ်များ အမျိုးမျိုးရှိကြသည့်အနက်ကျောင်းသားများ ကြိုက်နှစ်သက်ရာ ထုတ်လုပ်မှုပစ္စည်းတစ်မျိုးကို ရွေးချယ်ခွင့်ပြုပေး(ဥပမာ-ပိုစတာရေးသားခြင်း၊ (သို့) ဗီဒီယိုပြသ၍ တင်ပြရှင်းလင်းခြင်း)(L)<br>• ကျောင်းသားများက သူတို့သင်ယူတတ်မြောက် လာမှုကို မည်သို့ပြသလိုကြောင်း သူတို့ကိုယ်ပိုင် နည်းလမ်းများကို အဆိုပြုခွင့်ပြုပေး(L,I)<br>• ထုတ်လုပ်မှုတစ်ခုပြီးမြောက်ရန်အတွက်ကျောင်း သားများကို အချိန်ပိုပေးခြင်း၊ အချိန်ကို တိုးချဲ့ ခွင့်ပြုပေးခြင်း (R)<br>• ပိုမိုကြိမ်နှုန်းများလာသော၊အကြိမ်အရေအတွက် ပို၍စိတ်လာသော ထင်ရှားသည့်အပြောင်းအလဲ မှတ်တိုင်များ၌ တုံ့ပြန်အကြံပြုချက်များ ပံ့ပိုး ပေးခြင်း(R)<br>• အရည်အသွေးမြင့်မားသော ထုတ်ကုန်ပစ္စည်း များ/ ထုတ်လုပ်မှုများ၏ ဥပမာများပံ့ပိုး ပေးခြင်း(R) | • စာသင်ခန်းတွင်း၌ ကျောင်းသားများတိတ်ဆိတ် စွာ အလုပ်လုပ်နိုင်မည့်နေရာများ ပြင်ဆင်ထား ရှိပေးခြင်း(L)<br>• ကျောင်းသားများအတူစုပေါင်းလက်တွဲ၍ အလုပ်လုပ်နိုင်ခွင့် ရှိသည့်နေရာများကို ပြုပြင် ပြင်ဆင်ပေးထားခြင်း(L)<br>• ဆရာက အခြားကျောင်းသားများနှင့် အလုပ်များ နေချိန်တွင် ကျောင်းသားများအတွက် လိုအပ် သောအကူအညီများ ရရှိနိုင်စေမည့် နေ့စဉ်ပုံမှန် လုပ်ငန်းများကို ရေးဆွဲစီစဉ်ထားခြင်း(R)<br>• ကျောင်းသားများလွတ်လပ်စွာဆောင်ရွက်လုပ် ကိုင်နိုင်မှုအတွက် ရှင်းလင်းသော လမ်းညွှန်ချက် များ ရေးသားစီစဉ်ထားခြင်း(R)<br>• အုပ်စုလုပ်ငန်းဆောင်ရွက်မှုအတွက် ရှင်းလင်း ပြတ်သားသော အခန်းကဏ္ဍများနှင့် တာဝန်များ ကို ရေးသားပြုစုထားခြင်း (R,L) |

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ဆီလျော်သော တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွယ်နေသော သင်ယူမှုအခြေအနေပေါ်မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၃.၁) ကျောင်းသားအားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှု ဝန်းကျင်ကို ဖန်တီးနိုင်စွမ်းရှိကြောင်းပြသသည်။

သင်ယူမှုရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကိုသင်ယူပြီးချိန်တွင် သင်သည် -

- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း၏ အဓိကသဘောတရားများကို အကြမ်းဖျင်းဖော်ပြတတ်မည်။
- ဆရာများက သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို ကျောင်းသားများ၏ လိုအပ်ချက်အလိုက် မည်ကဲ့သို့ပြုပြင်ပြောင်းလဲလုပ်ဆောင်နိုင်ပုံကို ရှင်းပြတတ်မည်။
- လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲလုပ်ဆောင်သည့်နည်းဗျူဟာများကို ဝေဖန်စိစစ်ရာတွင် ဆရာများက ကျောင်းသားတစ်ဦးစီ၏ ထူးခြားမှု/ခြားနားမှုကို မည်သို့တုံ့ပြန် ဆောင်ရွက်ပေးတတ်ပုံ ရှုထောင့်မှ ပြန်လည် ဆန်းစစ်ပြတတ်မည်။

ကိုယ်ပိုင်အချိန်တွင် ဤအခန်းငယ်အတွက် ပြန်လည်ဆန်းစစ်ရန် မေးခွန်းကို ဖြေဆိုထားရန် ကျောင်းသားများကို ညွှန်ကြားပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း (differentiation) ၏ သဘော တရားများကို ဖော်ပြပါ။

**အဖြေ။** *လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ သဘောတရား (၄) ခုသည် အောက်ပါအတိုင်း ဖြစ်ကြသည်။*

- *အရည်အသွေးမြင့်မားသော သင်ရိုးညွှန်းတမ်း - ကျောင်းသားအားလုံးသည် စိတ်ပါဝင်စားဖွယ်ကောင်းပြီး စိန်ခေါ်မှုရှိသော (မိမိအရည်အချင်းကို အကဲစမ်းသော အရည်အချင်း ပြခွင့်ရသော) သင်ယူမှုလုပ်ငန်းများနှင့် လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်ရန် အခွင့်အလမ်းများ ရှိကြသည််။*
- *ပြုပြင်ပြောင်းလဲရန်လွယ်ကူသော အတန်းဖွဲ့စည်းမှုပုံစံ - စီမံခန့်ခွဲမှုပုံစံအမျိုးမျိုး လှည့်ပြောင်းပြီး အုပ်စုဖွဲ့စည်းမှု (တစ်တန်းလုံး၊ အုပ်စုငယ်၊ နှစ်ယောက်တစ်တွဲ စသည်) က သင်ကြားမှုအပေါ် စူးစိုက်ဦးတည်မှုကို အားကောင်းစေသည့်အပြင် ကျောင်းသားများ အတူတကွ စုပေါင်းအလုပ်လုပ်ရာတွင် စိတ်ကူးအတွေးအမြင်များ မျှဝေရာတွင်လည်း လွယ်ကူစွာ ဆောင်ရွက်နိုင်စေသည်။*
- *အလျဉ်မပြတ်/စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်မှု - ကျောင်းသားများ၏ လိုအပ်ချက်များကို မျက်ခြည်မပြတ် စစ်ဆေးအကဲဖြတ်မှုက လိုအပ်ချက်အလိုက် ပြုပြင်လုပ်ဆောင်နိုင်စေရန် အချက်အလက်များ အစဉ်မပြတ် ပံ့ပိုးပေးနိုင်သည်။*
- *အကျိုးကျေးဇူးဖြစ်ထွန်းသော သင်ယူမှုပတ်ဝန်းကျင် - ဆရာများနှင့် ကျောင်းသားများ အတူတကွ တက်ညီလက်ညီ လက်တွဲဆောင်ရွက်ကြသည်။*

**မေးခွန်း ၂။** မည်သည့်အခြေခံအချက်များကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးနိုင်သနည်း။

**အဖြေ။** *ထိရောက်စွာ သင်ပြတတ်သောဆရာများသည် သင်ခန်းစာကို စီစဉ်ပြင်ဆင်ရာ၌ ကျောင်းသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အောက်ပါတို့ကို လိုအပ်ချက်အလိုက် အမျိုးမျိုး ပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးတတ်ကြသည်။*

- *သင်ရိုးညွှန်းတမ်း(ဆိုလိုသည်မှာ အကြောင်းအရာဖြစ်စဉ်နှင့် ရလဒ်) နှင့်*
- *သင်ယူမှုဝန်းကျင်*

**မေးခွန်း ၃။** လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်မှုက သင်ယူသူ/ကျောင်းသားများ၏ မည်သည့် ရှုထောင့်ကို တုံ့ပြန်မှု/ဖြည့်ဆည်းမှုပေးနိုင်သနည်း။

**အဖြေ။** *ထိရောက်စွာသင်ပြတတ်သောဆရာများက အခြေခံကျသော အချက်များ (အကြောင်းအရာ၊ ဖြစ်စဉ်၊ ရလဒ်၊ သင်ယူမှုဝန်းကျင်) ကိုလိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးတတ်ကြသည်။ ကျောင်းသားများ၏ လိုအပ်ချက်များကို ၎င်းတို့၏ရှုထောင့် (၃) ခုကို စစ်သောအကဲဖြတ်ခြင်းအရ သိရှိ နိုင်သည်။ ကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရမည်။ ထိုရှုထောင့် (၃) ခုမှာ အောက်ပါအတိုင်း တို့ဖြစ်ကြသည်။*

- *သင်ယူရန် အဆင်သင့်ဖြစ်မှု (Readiness)*
- *စိတ်ဝင်စားမှုများ (interests)*
- *သင်ယူမှုဆိုင်ရာအချက်အလက်များ(learning profile)*

**မေးခွန်း ၄။** လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲ လုပ်ဆောင်မှုပြုနိုင်သော နည်းဗျူဟာ အချို့ကို ဖော်ပြပါ။

**အဖြေ။**

- *အကြောင်းအရာ (contact) ကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးနိုင်သော နည်းဗျူဟာ အချို့မှာ အောက်ပါအတိုင်းဖြစ်ကြသည်။*
  - *ခြားနားသောစာဖတ်စွမ်းရည်အသီးသီးတို့၌ စာအုပ်များ (သို့မဟုတ်) ရင်းမြစ်ပစ္စည်းများကို ထောက်ပံ့ပေးခြင်း*
  - *အကြောင်းအရာကို ပို့ချရာတွင် သတင်းဆက်သွယ်မှုနည်းလမ်းအမျိုးမျိုး (မီဒီယာ အမျိုးမျိုး) ကို အသုံးပြု၍ ပို့ချပံ့ပိုးခြင်း(ဥပမာ - ကျောင်းသားများက ဗီဒီယိုကြည့်ရှု စေခြင်း၊ စာအုပ်များကို အသံသွင်းထားသည့် တိပ်ခွေများကို နားထောင်စေခြင်း)*

- *သင်ယူမှုဖြစ်စဉ် (process) ကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲနိုင်သော နည်းဗျူဟာအချို့မှာ အောက်ပါတို့ဖြစ်ကြသည်။*
  - *ဘလွန်း (Bloom) ၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်းအရ သိမှုဆိုင်ရာဖွံ့ဖြိုးမှုအဆင့် အသီးသီးတို့၌ မေးခွန်းများ ပြုစုခြင်းနှင့် သင်ယူမှုလုပ်ငန်းများကို ပုံစံချတည်ဆောက်ခြင်း*
  - *သင်ယူမှုလုပ်ငန်းများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်စေရန် အတွက် ကျောင်းသားများကို တစ်ဦးတည်း လွတ်လပ်စွာ ဆောင်ရွက်ရသော လုပ်ငန်း၊ နှစ်ယောက်တစ်တွဲသင်ယူရသော လုပ်ငန်း (သို့မဟုတ်) အုပ်စုငယ်တစ်ခုအတွင်း ပါဝင်ရသော အုပ်စု လုပ်ငန်းတို့တွင် ပါဝင်လုပ်ဆောင်ခွင့်ပေးခြင်း*

- *ရလဒ် (Product) ကို လိုအပ်ချက်အလိုက် ပြုပြင် လုပ်ဆောင်ပေးနိုင်သော နည်းဗျူဟာ အချို့မှာ အောက်ပါတို့ဖြစ်ကြသည်။*
  - *သင်ယူမှုမှထုတ်လုပ်ပေးလိုက်သော ထုတ်ကုန်/ကုန်ချော/ရလဒ်အမျိုးမျိုး ရှိကြသည့်အနက် ကျောင်းသားများကြိုက်နှစ်သက်ရာ ထုတ်လုပ်မှုပစ္စည်း အချို့ကို ရွေးချယ်ခွင့်ပြုပေးခြင်း (ဥပမာ-ပိုစတာ ရေးဆွဲခြင်း၊ ဗီဒီယိုဖြင့် တင်ဆက်ခြင်း)*
  - *ကျောင်းသားများက သူတို့သင်ယူတတ်မြောက်မှုကို ပြသသည့်အခါတွင် သူတို့တတ်ကျွမ်းသည့်ကိုယ်ပိုင် နည်းလမ်းများ အသုံးပြုကာပြသခွင့် တောင်းဆိုခြင်းကို ခွင့်ပြုပေးခြင်း*
- *သင်ယူမှုဝန်းကျင် (learning environment) ကို ပြုပြင်ပြောင်းလဲပေးနိုင်သော နည်းဗျူဟာ အချို့မှာ အောက်ပါတို့ဖြစ်ကြသည်။*
  - *စာသင်ခန်းတွင်း၌ ကျောင်းသားများတိတ်ဆိတ်စွာ အလုပ်လုပ်နိုင်မည့် နေရာများ ကို ပြင်ဆင်ထားရှိပေးခြင်း*
  - *ကျောင်းသားများ အတူ စုပေါင်း လက်တွဲကာ အလုပ်လုပ်နိုင်စွမ်းရှိသော နေရာများ ကို ပြင်ဆင်ထားရှိပေးခြင်း*

# ၃.၇။ တုံ့ပြန်အကြံပြုချက်များပံ့ပိုးခြင်း

ဤအခန်းငယ်တွင် အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များတွင် ပါဝင်ဖွဲ့စည်း ထားသော အရာများကိုလေ့လာကြမည်။ ပထမနှစ်ပညာရေးဘာသာရပ်တွင် မိတ်ဆက် ပေး ခဲ့ပြီးသော ကြီးပွားတိုးတက်လိုသောစိတ်ဓာတ် (growth mindset) အယူအဆအပေါ်တွင် အသိပညာ ထပ်ဆင့် တည်ဆောက်ရမည်ဖြစ်သည်။ "ကြီးပွားတိုးတက်လို သောစိတ်ဓာတ်" အယူအဆကို ဆရာ၏ တုံ့ပြန်အကြံပြုချက်အရည်အသွေးကို ပြန်လည်ဆန်းစစ်ရာ၌ အသုံးပြု သည်။ တုံ့ပြန်အကြံပြုချက်တစ်ခု၏ အရည်အသွေးကို ဆန်းစစ်ရာတွင် ကျောင်းသားများက အဓိကမေးတတ်သော "ကျွန် တော်ဘယ်လိုသွားနေတာလဲ၊ သင်ယူမှုမှာ တိုးတက်မှုရှိရဲ့လား" ဆိုသည့် မေးခွန်းနှင့် "နောက်ထပ် ဘာထပ် လိုသေးသလဲ" ဆိုသည့် မေးခွန်းများကို ဖြေခြင်း ဖြင့် မိမိဖြေပေးလိုက်သောအဖြေသည် အရည်အသွေးကောင်းမွန်မှု ရှိ/မရှိကို သိနိုင်မည်။ ဤ နေရာတွင် တုံ့ပြန်အကြံပြုချက်ကို ပေးနိုင်သူမှာ ဆရာတစ်ဦးတည်းမဟုတ်ကြောင်း သိထား ရမည်။ ကျောင်းသားအချင်းချင်းကလည်း တုံ့ပြန်အကြံပြု ချက်များ ပေးနိုင်ကြပါသည်။ တုံ့ပြန်အကြံပြုချက်ပေးနိုင်သော အခွင့်အလမ်းများကို အုပ်စုငယ်လေးများအား သင်ကြား ရာတွင်ဖြစ်စေ၊ အချင်းချင်း စစ်ဆေးအကဲဖြတ်ရာတွင်ဖြစ်စေ၊ ကိုယ်တိုင်အကဲဖြတ် ရာတွင် ဖြစ်စေ အသုံးပြုနိုင်သည်။

# ၃.၇.၁။ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပံ့ပိုးပေးခြင်း - အုပ်စုငယ်အတွင်း၊ အချင်းချင်း နှင့် မိမိကိုယ်ကို ဆန်းစစ်ခြင်း

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းသားများမေးတတ်လေ့ရှိသော အဓိကမေးခွန်းများ (ဥပမာ- "ကျွန်တော့် အခြေအနေ ဘယ်လိုလဲ၊ တိုးတက်မှုရှိရဲ့လား။" နှင့် "နောက်ထပ်ပိုတိုးတက်အောင် ဘာတွေလုပ် ရမလဲ။" ဆိုသည့်မေးခွန်းမျိုးကို ဖြေဆိုရာ၌ အပြုသဘောဆောင် သော တုံ့ပြန်အကြံပြုချက်များကို ဆီလျော်စွာ ပေးတတ်မည်။
- အုပ်စုငယ်လုပ်ငန်းများတွင်ဖြစ်စေ၊ အချင်းချင်းစစ်ဆေးအကဲဖြတ်ရာတွင်ဖြစ်စေ၊ ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ရာတွင်ဖြစ်စေ ပါဝင်နေသော တုံ့ပြန်အကြံပြုချက် ပေးမှု နည်းဗျူဟာများ အကြောင်းကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှု

(ခ) (၂.၁.၃) ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေး နိုင်သည့်၊ သုံးသပ်အကြံပြုချက်များ ပေးနိုင်သည့် မေးခွန်းမေးနည်းနှင့် ဆွေးနွေးနည်းများကို အသုံးပြုသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၂) ချိန်

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - ဆရာ၏တုံ့ပြန်အကြံပြုချက်များကိုအကဲဖြတ် သုံးသပ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) - အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ရေးသားခြင်း

သင်ယူမှုလုပ်ငန်း (၃) - အတန်းကြီးများ (အရွယ်အစား ကြီးမားသော အတန်း

များ) တွင် တုံ့ပြန်အကြံပြုချက် ပံ့ပိုးနိုင်ရေး အတွက် ဉာဏ်ဖွင့်ဆွေးနွေးခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** မေးခွန်းများမေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ပညာရေးဘာသာရပ် ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ (၃.၇.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

ထပ်ဆောင်းရင်းမြစ်များမလိုအပ်ပါ။

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပထမနှစ်သင်တန်းတွင် ပညာရေးဘာသာရပ်၌ ကြီးပွားတိုးတက်လိုမှုမရှိသော စိတ်နေစိတ်ထားကို ဖြစ်ပေါ်စေသည့် တုံ့ပြန်အကြံပြုချက်များနှင့် ကြီးပွားတိုးတက်လိုသော စိတ်နေစိတ်ထား တို့ ဖြစ်ပေါ်စေသည့် တုံ့ပြန်အကြံပြုချက် တို့အကြား ခြားနားမှုကို လေ့လာခဲ့ကြပြီးဖြစ်ကြောင်း ကို ကျောင်းသားများအား ပြောပြပါ။

၂။ ကျောင်းသားကိုင်စာအုပ်မှ **"ရှိပြီးအချက်အလက်များအပေါ် မူတည်၍သင်ယူခြင်း - ကြီးပွားတိုးတက်လိုသော စိတ်နေစိတ်ထား (growth mindset) ကို တိုးမြှင့်ပေးနိုင်မည့် တုံ့ပြန်အကြံပြုချက်"** အကြောင်းကိုဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ အောက်ပါဇာတ်ညွှန်းကို အကျဉ်းချုံးပြောပြပါ။

ဥပမာအားဖြင့် အလယ်တန်းကျောင်းသားတို့အား စာအရေးအသားစွမ်းရည်အတွက် စာပိုဒ်တစ်ခုကို ရေးရမည့်လုပ်ငန်းပေးထားသည်ဆိုပါစို့။ အဓိပ္ပာယ်ပြည့်စုံသော စာပိုဒ်တစ်ပိုဒ် ဖြစ်လာစေရန် အဓိကစိတ်ကူးတစ်ခုပါသော ခေါင်းစဉ်ဝါကျတစ်ကြောင်း၊ ၎င်းစိတ်ကူးကိုပေါ် လွင်အောင် ချဲ့ထွင်ဖြန့်ကျက်၍ အထောက်အပံ့ပြုပေးသော ဝါကျ သုံးကြောင်းနှင့် အကြောင်းအရာ/ စိတ်ကူးကို အနှစ်ချုပ်ပေးလိုက်သော အနှစ်ချုပ်ဝါကျတစ်ကြောင်း စုစုပေါင်း ဝါကျ (၅) ကြောင်း ရေးစေသည်ဟု ဆိုပါစို့။

ကျောင်းသားတစ်ဦးကမျှော်မှန်းထားသည့် ရလဒ်များပြည့်မီစွာ ရေးသားလာသောအခါ ဆရာက "မင်းစာပိုဒ်က သိပ်ကောင်းတာပေါ့ကွယ်၊ မင်းကသိပ်တော်တယ်" ဟုမှတ်ချက်ပြုရန် ပိုမိုစိတ်အားသန်လိမ့်မည်။

ထို့အတူပင် ကျောင်းသားတစ်ဦးရေးလာသော စာပိုဒ်က အလိုရှိသော ပုံစံမဖြစ်ခဲ့လျှင်လည်း ဆရာက "ကြည့်ရတာ မင်းဒီနေ့ကြိုးကြိုးစားစား မလုပ်ဘူးထင်တယ်" ဟု အပြစ်တင်လိုသော အရိပ်အမြွက်ကဲသည့် မှတ်ချက်မျိုး ပေးမိတတ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ကြီးပွားတိုးတက်လိုသော စိတ်နေစိတ်ထားကို မြှင့်တင်ပေးလိုလျှင် ဆရာက ကျောင်းသားကို မဝေဖန်ဘဲ ကျောင်းသား၏လုပ်ငန်း/ ဆောင်ရွက်မှုကို အကဲဖြတ်သင့်ပါသည်။ ဇယား (၃.၁၉) တွင် တင်ပြထားသည့် အတိုင်း ဆရာကကျောင်းသားကို စိတ်ဓာတ်မကျစေသောနည်းဖြင့်သာ တုံ့ပြန်အကြံပြုချက်ပေးသင့်သည်။ ပေးထားသော ဇာတ်ညွှန်းတွင် ဆရာက ကျောင်းသား (၂) ဦးစလုံးကိုပေးသည့် တုံ့ပြန်အကြံပြုချက်များမှာ ဆရာက ကျောင်းသားအပေါ် အလေးထား ပြောဆိုခြင်းမပြု (ကျောင်းသား၏အပြုအမူကို ပြစ်တင်ဝေဖန်ခြင်းမပြု)ပါ။ ကျောင်းသား ဆောင်ရွက်ထားသော လုပ်ငန်း (စာပိုဒ်ရေးခြင်း) အပေါ်၌သာ ဝေဖန်ခြင်းပြုထားသည်ကို မှတ်သားပါ။

၄။ ကျောင်းသားများကို နှစ်ယောက်တစ်တွဲ တွဲရန်ပြောပြီး ဇယား (၃.၁၉) ကိုလေ့လာရန် ပြောပါ။ ကျောင်းသားတစ်တွဲတစ်တွဲစီမှ ကျောင်းသားတစ်ဦးစီအား ဆရာနှင့် ကျောင်းသားပုံစံ တစ်လှည့်စီ သရုပ်ဆောင်သင်ယူရန် ပြောပါ။

- ကျောင်းသားအမှတ် (၁) ဆရာက သင်ယူမှုရလဒ်အဆင့်မီသော ကျောင်းသား (သူငယ်ချင်း) ကို တုံ့ပြန်အကြံပြုချက်ပေးရန် (တော်သော ကျောင်းသားကို မှတ်ချက်ပေးခြင်း)

- ကျောင်းသားအမှတ် (၂) (ဆရာအဖြစ်သရုပ်ဆောင်သူ)က သင်ယူမှု ရလဒ် မပြည့်မီသော ကျောင်းသား (သူငယ်ချင်း) ကိုတုံ့ပြန်အကြံပြုချက် ပေးရန် (လိုအပ်ချက်ရှိသောကျောင်းသားကို မှတ်ချက်ပေးခြင်း)

၅။ ကျောင်းသားကိုင်စာအုပ်တွင်ပါဝင်သည့် **"အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ပံ့ပိုးပေးခြင်း - ကျွန်တော်ဘယ်ကို သွားနေသလဲ။ နှင့် နောက်ထပ် ဘယ်ကို သွားရမလဲ"** အကြောင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။

၆။ အောက်ပါဖော်ပြချက်များကို အထူးအလေးပေးဖော်ပြပါ။

- မည်သည့်သင်ခန်းစာအတွက်မဆို သင်ယူမှု၏ရည်မှန်းချက်(ပန်းတိုင်) များ (သို့) အဆုံးသတ် အမှတ်များ (end points) (ဆိုလိုချက်-ကျောင်းသား ရောက်ရှိနေသင့်သည်ဟု ယူဆရသော နေရာ) ကို ပုံချသတ်မှတ်ထားရမည်။ ထိုသို့ပုံချသတ်မှတ်ရာတွင် "သင်ယူမှုရလဒ်များ" နှင့် "အောင်မြင်မှုစံ သတ်မှတ်ချက်များ" ဟုခေါ်ဆိုသော သင်ခန်းစာစီစဉ်ပြင်ဆင်မှု အခြေခံ အချက်များမှတစ်ဆင့် သတ်မှတ်ပေးနိုင်သည်။
- သင်ယူမှုရလဒ်များက သင်ခန်းစာပြီးဆုံးချိန်တွင် ကျောင်းသားကို သိသင့်သည့် အချက်များ နှင့် သူတို့လုပ်ဆောင်နိုင်မှုများကို ဖော်ပြထားသည်။
- အောင်မြင်မှုစံသတ်မှတ်ချက်များ (success criteria) က အသေးစိတ် အချက်အလက်များကို ဖော်ပြလေ့ရှိကြသည်။ ကျောင်းသားများ၏ သင်ယူမှုရလဒ်များသည် ကျေနပ်အားရ ဖွယ်ရှိ/မရှိ နှင့် စံပြည့်မီခြင်းရှိ/ မရှိကို ဆရာကမည်သို့သတ်မှတ်မည်ဖြစ်ကြောင်း အသေးစိတ် ဖော်ပြထား ကြသည်။ အောင်မြင်မှုစံသတ်မှတ်ချက်များကို ကျောင်းသားများသိရှိစေရန် ဖော်ပြရာတွင် ဆရာကသုံးသောစကားအသုံးအနှုန်းများမှာ ဥပမာအားဖြင့်
- "မင်းတို့တစ်ဦးစီဆီကနေ ဆရာမျှော်မှန်းထားတာကတော့......"
- "ဆရာ ရှာဖွေကြည့်တာက......"
- "ဒီလုပ်ငန်းမှာအောင်မြင်ဖို့ဆိုရင် မင်းတို့........ကို ဆောင်ရွက်တတ်ရမယ်။" "ကလေးတို့ရေ - ဒီလုပ်ငန်းကိုအောင်မြင်ဖို့ဆိုရင် မင်းတို့ရေးတဲ့ စာပိုဒ်ထဲမှာ စာကြောင်း (၅) ကြောင်း ပါရမယ်ကွဲ. သေချာမှတ်ထားနော်။ တစ်ကြောင်း က ရေးမဲ့အကြောင်းအရာက ဘာကိုရေးမှာဆိုပြီး ပြောပြတဲ့ အကြောင်း အရာ/ ခေါင်းစဉ်ပြတဲ့ စာကြောင်း (အဲဒီထဲမှာ အဓိကအချက်ပါတယ်)

အဲဒီစာကြောင်းကို ထပ်ပြီး ချဲ့ထွင်ပံ့ပိုးပြီး အသေးစိတ်ဖြန့်ရေးတဲ့ နောက်ထပ်စာကြောင်း (၃) ကြောင်းရယ် နောက်ဆုံးက နိဂုံးချုပ်ပေးတဲ့ စာကြောင်း တစ်ကြောင်းရယ် ဆိုတော့ စုစုပေါင်း (၅) ကြောင်း ရေးရမယ် နော်”။

- သင်ခန်းစာတိုင်း၌ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံသတ်မှတ်ချက်များကို ကျောင်းသားများ သိရှိစေရန် ဆရာက ပြောပြရန်လိုအပ်သည်။ သင်ခန်းစာအစတွင် ထိုအရာများကို ဆရာက ကျောင်းသားများရှင်းလင်းစွာ နားလည်သဘောပေါက်စေသည့် စကားအသုံးအနှုန်း သုံးပြီး ပြောပြ ရမည်။
- သင်ယူမှု၏ ရည်ရွယ်ချက်ပန်းတိုင်များအကြောင်းကို နားလည် သိရှိလာသောအခါ တုံ့ပြန် အကြံပြုချက်များက အောက်ပါမေးခွန်း (၂) ခုကို ဖြေဆိုရာတွင် အထောက်အကူ ဖြစ်စေ သည်။
  - ကျွန်ုပ်မည်ကဲ့သို့ လေ့လာသင်ယူနေပါသနည်း။ (သင်ယူမှု ရည်မှန်းချက်ကို ဦးတည်လေ့လာ သင်ယူနေရာတွင် မည်သည့် တိုးတက်မှုများ ရရှိနေပြီး ဖြစ်ပါသနည်း။)
  - နောက်ထပ် မည်သည်တို့ကို ဆောင်ရွက်ရပါမည်နည်း။ (ဆက်လက်၍ တိုးတက်မှုရရှိအောင် မည်သည့် သင်ယူမှုလုပ်ငန်းကို ဆောင်ရွက်ရန် လိုအပ်ပါသနည်း။)

၇။ ဤ(အထက်ပါ)မေးခွန်း (၂) ခုကို သင်ပုန်းပေါ်၌ ရေးသားပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ဆရာ၏တုံ့ပြန်အကြံပြုချက်များကို အကဲဖြတ် သုံးသပ်ခြင်း

| | |
|---|---|
| **အချိန်** | (၁၅)မိနစ်(လုပ်ငန်းအတွက် (၁၀) မိနစ်၊ မျှဝေခြင်း (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက် -** ဆရာများပံ့ပိုးပေးလိုက်သည့် တုံ့ပြန်အကြံပြုချက်များ၏ အရည်အသွေးကို အကဲဖြတ် သုံးသပ်တတ်စေရန်

၁။ ကျောင်းသားများက နှစ်ယောက်တစ်တွဲစီတွဲ၍ လေ့လာစေရမည် ။

၂။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်း (၁) နှင့် ဇယား (၃.၂၀) ကို လေ့လာကြည့်ရှုရန် ညွှန်ကြားပါ။

၃။ သင်ယူမှုရလဒ်ကို မပြည့်မီသေးသော ကျောင်းသား (အဖြေမှန်နှင့် လွဲနေသေးသော ကျောင်းသား) ကို ဆရာကပံ့ပိုးလိုက်သော တုံ့ပြန်အကြံပြုချက်များကို ဇယား၏ အလျားလိုက် မျဉ်းကြောင်း တစ်ကြောင်းစီမှ အတန်းတစ်တန်းစီတွင် (ROWS) ရေးပြထားသည်။

ထိုတုံ့ပြန်အကြံပြုချက်တစ်ခုစီက ကျောင်းသားများ (သူတို့ကိုယ်သူတို့) မေးလေ့ရှိတတ်သော **“ကျွန်တော်ဘယ်ကို သွားနေ သလဲ။”** နှင့် **“နောက်ထပ် ဘယ်ကို သွားရမလဲ”** ဆိုသည့်မေးခွန်းများကို မည်သို့ပံ့ပိုးပေး နိုင်ကြောင်း အကဲဖြတ်သုံးသပ်ပေးရန်(ကျောင်းသားများကို) ညွှန်ကြားပါ။

၄။ ဇယား (၃.၂၀) ကို ဖြည့်သွင်းပေးပါ။ ပထမဆုံးစာကြောင်းတွင်ပေးထားသည့် တုံ့ပြန် အကြံပြုချက်ကို သင်တို့အတွက် နမူနာပြထားသည့်အနေဖြင့် အကဲဖြတ်သုံးသပ်ပေးထားသည်။

၅။ ထို့နောက် ဥပမာများကို ရှင်းပြပါ။

“အဓိကကျတဲ့စိတ်ကူးတစ်ခုကို မင်းရေးထားသားဘဲ၊ ဆရာတွေ့ပါတယ်”ဟု ပြောလိုက်ခြင်း အားဖြင့် ဆရာကကျောင်းသားများအား သူတို့မည်သို့ ခရီးပေါက်နေသည်၊ မည်သို့ သင်ယူနေသည်ကို အသိပေးလိုက်ရာရောက်သည်။ ဤပြောကြားချက်က နောက်ထပ် သင်ရမည့်အရာတို့ အကြောင်းကို မဖော်ပြပါ။ ယခု လုပ်ဆောင်နေပုံကိုသာ ပြောပြခြင်းဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများအား သူတို့အဖြေများကို အတန်းနှင့် မျှဝေပေးရန် တောင်းဆိုခြင်းအားဖြင့် ကျောင်းသားများ၏ နားလည်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**ဇယား ၃.၂၀ (က)။ တုံ့ပြန် အကြံပြုချက်များ၏ အရည်အသွေးကို အကဲဖြတ်သုံးသပ်ခြင်း**

| သင်ယူမှုရလဒ်များ မပြည့်မီသည့် ကျောင်းသား အတွက် ပံ့ပိုးထား သော တုံ့ပြန် အကြံပြုချက် | ကျွန်တော်ဘယ်ကို သွားနေသလဲ၊ (ဦးတည်ချက်သို့ သွားရာတွင် ကျွန်ုပ်အခြေအနေတိုးတက်မှု မည်မျှရှိသနည်း။) | "နောက်ထပ် ဘယ်ကို သွားရမလဲ" ထိုထက်ပို၍ တိုးတက်ရန် မည်သည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက် ရ မည်နည်း။ |
|---|---|---|
| • မင်း အဓိက စိတ်ကူးတစ်မျိုးတည်းကို သာ ရေးသားထားသေးတယ်။ | ✓ | - |
| • မှတ်ထားပါ အခု မင်းလိုတာ မူလစိတ်ကူး ကို ဆက်ပြီး တိုးချဲ့မဲ့ စာကြောင်း (၃) ကြောင်း လိုနေတယ် | - | ✓ |
| • မင်းရဲ့ ပထမစာကြောင်းကို ထပ်ချဲ့ထွင် ပေးနိုင်ရင် ဘာတွေဖြစ်နိုင်မလဲ၊ အသေးစိတ် လေးတွေ စဉ်းစား | - | ✓ |
| • စိတ်ကူးတွေ ရသလောက်ချရေး စာရင်း လုပ်ထားပြီးမှ မင်းအကြိုက်ဆုံး (၃) ခု ရွေးပြီး ယူလိုက်ပေါ့ | - | ✓ |
| • ဒါကို မင်းထည့်ချင်/ရေးချင်ရင်လဲ ရပါတယ် ဒါပေမယ့် တစ်သမတ်တည်းတော့ ရှိရမယ်နော် | - | ✓ |
| • မင်းရေးထားတဲ့ စာရင်းပြီးပြီဆိုရင် စိတ်ကူး (၃)ခုကို အတူရွေးလို့ရတယ် | - | ✓ |

## သင်ယူမှုလုပ်ငန်း (၂)။ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၁၅)မိနစ်(လုပ်ငန်း ၁၀ မိနစ်၊ မျှဝေ ၅မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း နှင့် နှစ်ယောက်တစ်တွဲ |

**ရည်ရွယ်ချက် -** အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ ရေးသားတတ်စေရန်

၁။ ဤစာသင်ချိန်အတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။ ဤစာသင်ချိန်ကို သင်ယူပြီးချိန်တွင် သင်သည် -

- ကျောင်းသားများမေးတတ်လေ့ရှိသောအဓိကမေးခွန်းများ (ဥပမာ - "ကျွန် တော့အခြေအနေဘယ်လိုလဲ၊ တိုးတက်မှုရှိရဲ့လား။" နှင့်"နောက်ထပ်ပို တိုးတက်အောင်ဘာတွေလုပ်ရမလဲ။" ဆိုသည့်မေးခွန်းမျိုးကို ဖြေဆိုရာ၌ အပြုသဘောဆောင်သောတုံ့ပြန်အကြံ ပြုချက်များကို ဆီလျော်စွာ ပေး တတ်မည်။

၂။ ကျောင်းသားများအား သင်ယူမှုလုပ်ငန်း (၂) ကို လေ့လာရန်ညွှန်ကြားပါ။

၃။ ကြိုက်နှစ်သက်ရာ ဘာသာရပ်နယ်ပယ်တစ်ခုမှ ကြိုက်နှစ်သက်ရာ သင်ခန်းစာ ခေါင်းစဉ်နှင့် ဆက်စပ်သော သင်ယူမှုလုပ်ငန်းတစ်ခုကို ရွေးချယ်ပါ။ ထို့နောက် အထက်ဖော်ပြပါ မေးခွန်း (၂) ခု အတွက် ဆရာကပံ့ပိုးမည့် တုံ့ပြန်အကြံပြုချက် များအရ ရေးသားပါ။ ၎င်းတို့မှတစ်ဆင့် မေးခွန်းများကို ဖြေစေရေး။ ဥပမာ- သမိုင်းဘာသာရပ်တွင် အချိန်မျဉ်းကြောင်းဆွဲရာ၌ ပထမပုံကြမ်း ဆွဲထားသော ကျောင်းသားကိုပေးရန် တုံ့ပြန်အကြံပြုချက်များ (သို့မဟုတ်) သိပ္ပံဘာသာရပ် လက်တွေ့စမ်းသပ်မှု အစီရင်ခံစာရေးသားမှုကို တုံ့ပြန်အကြံပြုချက်ပေးခြင်းတို့ ဖြစ်ကြသည်။

၄။ သင်ပံ့ပိုးမည့် တုံ့ပြန်အကြံပြုချက်ကို သင်၏အတန်းဖော်နှင့် မျှဝေပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အချင်းချင်းစစ်ဆေးအကဲဖြတ်ရာတွင် မိမိသူငယ်ချင်းရေးထားသော တုံ့ပြန်အကြံပြုချက်က မိမိအား (ကျွန်တော်အဖြေဘယ်လိုနေသလဲ နှင့် နောက်ထပ်ဘာဆက်လုပ်ရမှာလဲ) ဟု မိမိကိုယ်ကို မေးသောမေးခွန်းများကိုဖြေနိုင်အောင် ပံ့ပိုးမှုရှိ/မရှိကို ပြောပြမှတ်ချက်ပြုမည် ဖြစ်သည်။ (မိမိက ကျောင်းသားသာဖြစ်ခဲ့လျှင်ဟု စဉ်းစားပါ။)

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မေးခွန်း - ကျွန်တော်ဘယ်ကို သွားနေသလဲ။ (How am I going?)(ကျောင်းသား)

စာသား - မင်းဆွဲထားတဲ့အချိန်ပြမျဉ်းကြောင်းပေါ်မှ အချို့ထင်ရှားတဲ့ဖြစ်ရပ်တွေ မှတ်တမ်းတင်ထားတာကို ဆရာတွေ့ပါတယ်။

မေးခွန်း - နောက်ထပ်ဘယ်ကို သွားရမလဲ (Where to next?)

စာသား - "ပေးထားတဲ့စာရင်းထဲက ထင်ရှားတဲ့ဖြစ်ရပ်တွေ (milestones) ရှိသေးတယ်လေ။ အဲဒါတွေ မင်းဆွဲတဲ့ အချိန်ပြမျဉ်းကြောင်းပေါ်မှာ မပါသေးဘူး။ အဲဒါတွေကို ထပ်ထည့်ရေးရမှာပါ။ ပြီးတော့လဲ မင်းဆွဲတဲ့ အချိန်ပြမျဉ်းကြောင်းကို အမည်တပ်ပေးဦးလေ"။

### စာသင်ချိန် (၂)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာအတွက် သင်ယူမှုရလဒ်ကို သင်ပုန်းပေါ်တွင် ရေးပါ။
ဤစာသင်ချိန်ပြီးဆုံးသည့်အခါ သင်သည် -

- အုပ်စုငယ်လုပ်ငန်းများတွင်ဖြစ်စေ၊ အချင်းချင်းစစ်ဆေးအကဲဖြတ်ရာတွင်ဖြစ်စေ၊ ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ရာတွင်ဖြစ်စေ ပါဝင်နေသော တုံ့ပြန်အကြံပြုချက်ပေးမှု နည်းဗျူဟာများ အကြောင်းကို ဆွေးနွေးတတ်မည်။

၂။ ကျောင်းသားများအား အောက်ပါအချက်များကို အသိပေးပါ။

- အပြုသဘောဆောင်ပြီး အချိန်မီစောစီးစွာ တုံ့ပြန်အကြံပြုခြင်းသည် သင်ယူမှုဖြစ်စဉ်ကို လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။

- ယခင်သင်ခန်းစာတွင် သင်တို့လေ့လာခဲ့ကြသော လိုအပ်ချက်အလိုက် ပြောင်းလဲ လုပ်ဆောင်မှု သဘောတရားနှစ်ခုမှာ -
    - ပြုပြင်ရန် လွယ်ကူသော စာသင်ခန်းစီမံခန့်ခွဲမှုနှင့်
    - အပြုသဘောဆောင်သော (အကျိုးကျေးဇူးရှိသော) သင်ယူမှုပတ်ဝန်းကျင်တို့ ဖြစ်ကြသည်။

ထိုသဘောတရားနှစ်ခုကို အသုံးပြုရန် မည်သည့် တုံ့ပြန်အကြံပြုချက်များပေးရမည်ကို ရှာဖွေနိုင်သည်။

၃။ ကျောင်းသားအုပ်စုငယ်များနှင့်အတူ ပူးတွဲဆောင်ရွက်နိုင်သော ဆရာများသည် တုံ့ပြန် အကြံပြုချက်ပေးမှု အခွင့်အလမ်းများကို မည်သို့ အထောက်အပံ့ပြုနိုင်သည်ကို ကျောင်းသားများ အားမေးမြန်းပါ။ အဖြေများကို သင်ပုန်းပေါ်တွင် မှတ်သားပါ။

၄။ ကျောင်းသားကိုင်စာအုပ်မှ **"ပြုပြင်ရန်လွယ်ကူသော စာသင်ခန်းစီမံခန့်ခွဲမှု-ဆရာကအုပ်စုငယ်များနှင့် အလုပ်လုပ်ခြင်း"** ခေါင်းစဉ်ပါ အကြောင်းအရာကို ဖတ်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

၅။ အောက်ပါအချက်များကို အလေးအနက်ပြု ပြောကြားပါ။

- လိုအပ်ချက် (အဆင်သင့်ဖြစ်မှု) အခြေပြု အုပ်စုဖွဲ့ခြင်းက ဦးတည်ချက်ရှိသော သင်ကြားမှုနှင့် တုံ့ပြန်အကြံပြုချက်ပေးရန် အခွင့်အလမ်းတို့ကို ပံ့ပိုးနိုင်သည်။
- ဆရာက ကျောင်းသားအုပ်စုငယ်တစ်ခုအား သင်ယူမှုလုပ်ငန်းတစ်ခုနှင့် ချိတ်ဆက်ပေးရာတွင် အဆင့်ပေါင်းများစွာပါဝင်သည်။ လုပ်ငန်းစဉ်တစ်လျှောက်၌ တုံ့ပြန်အကြံပြုချက်များ အကြိမ်ပေါင်းများစွာ ပံ့ပိုးပေးနိုင်သည်။
- သုတေသနတွေ့ရှိချက်အရ ထောက်ပံ့မှုများများ လိုအပ်သော ကျောင်းသားများသည် အသေးစားရည်မှန်းချက်များကို အောင်မြင်မှုရခြင်းဖြင့် အကျိုးကျေးဇူး ခံစားကြရသည်။ ဤသို့ အသေးစားအောင်မြင်မှုများက ကျောင်းသားများ၏ မိမိကိုယ်မိမိ စိတ်ချယုံကြည်မှု မြင့်မားလာသည့်အပြင် သူတို့သည်လည်း စွမ်းဆောင်ရည်ရှိသော ကျောင်းသားများဖြစ်သည် ဟူသော ယုံကြည်ချက်များလည်း ခိုင်မာလာကြသည်။

၆။ ကျောင်းသားများကို ဇာတ်ညွှန်းအားပြန်ဖတ်ရန် ပြောပါ။ စာသင်ခန်းအတွင်း လက်တွေ့ သင်ကြားသည့်အခါ ထိုဇာတ်ညွှန်းသည် မည်သည့်ပုံစံပေါ်ပေါက်နေမည်နည်း။

၇။ အချင်းချင်းစစ်ဆေးအကဲဖြတ်မှုနှင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်မှုတို့က အကျိုးကျေးဇူးများကို မည်သို့ပံ့ပိုးပေးသနည်းဟု ကျောင်းသားများကို မေးပါ။ အဖြေများကို သင်ပုန်းပေါ်၌ ရေးပြပါ။

၈။ ကျောင်းသားကိုင်စာအုပ်ထဲမှ "အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင် - အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း" အကြောင်းကို ဖတ်ရှု လေ့လာရန် ကျောင်းသားများကိုပြောပါ။

၉။ အချင်းချင်းစစ်ဆေးအကဲဖြတ်မှု၏ နှစ်ဦး နှစ်ဖက် (နှစ်လမ်းသွယ်) အပြန်အလှန် အကျိုးကျေးဇူးရှိပုံကို အလေးပေးဖော်ပြပါ။

- ကျောင်းသားအချင်းချင်း တုံ့ပြန်အကြံပြုချက်များ လက်ခံရယူခြင်းနှင့် ကျောင်းသားတစ်ဦး၏ လုပ်ငန်းလုပ်ဆောင်မှုကို တိုးတက်ကောင်းမွန်လာအောင်မည်သို့ဆောင်ရွက်မည်ကို ဆွေးနွေးနိုင်ခြင်း- ကျောင်းသားများသည် အချင်းချင်းထံမှ တုံ့ပြန်အကြံပြုချက်များရယူပြီး ၎င်းတို့နှင့်အတူ ဆွေးနွေးခြင်းဖြင့် ၎င်းတို့၏ သင်ယူမှုလုပ်ငန်းကို တိုးတက်ကောင်းမွန်လာအောင် မည်သို့ဆောင်ရွက်ရမည် ဆိုသည်ကို နားလည်မှုရရှိလာနိုင်သည်။
- အောင်မြင်မှုစံများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုရာမှ အချင်းချင်း၏လုပ်ငန်းကိုစစ်ဆေးအကဲဖြတ် တတ်လာခြင်း - အခြားသူများ၏ လုပ်ငန်းဆောင်ရွက်မှုကို အောင်မြင်မှုစံများနှင့် ညီညွတ်ခြင်းရှိ/မရှိ တိုက်ဆိုင်စစ်ဆေးအကဲဖြတ်ခြင်းအားဖြင့် လုပ်ငန်းတစ်ခု၏ အရည်အသွေးကို အကဲဖြတ်သုံးသပ် တတ်သော အရည်အချင်း ဖွံ့ဖြိုးလာသည်။

၁၀။အချင်းချင်းစစ်ဆေးအကဲဖြတ်မှုနှင့် မိမိကိုယ်ကိုမိမိစစ်ဆေးအကဲဖြတ်မှုတို့ကို ထိရောက်မှု ရရှိစေရန်အတွက် ဆရာများက ဂရုတစိုက်သေချာစွာ စီစဉ်ပေးရန် လိုအပ်ကြောင်း၊ သုတေသနများမှ တွေ့ရှိချက်ကို ကျောင်းသားများသိရှိအောင် အလေးပေးဖော်ပြပါ။ ဆရာ၏ စီစဉ်မှုတွင် အောက်ပါတို့ ပါဝင်ကြသည်။

- အဖြေများ (Keys)၊ တိုက်ဆိုင် စစ်ဆေးရန် အချက်များပါသောစာရင်းများ (checklists) (သို့မဟုတ်) ရိုးရှင်းသော အကဲဖြတ်ရန်သတ်မှတ်ချက်ဇယား (rubrics) တို့ကိုပံ့ပိုးပေးထားရမည်။ ထိုဇယား၊ စာရင်းစသည်တို့တွင်

အောင်မြင်မှုစံသတ်မှတ်ချက်များနှင့် အရည်အသွေးမြင့်မားသော လုပ်ငန်း ဥပမာများ ပါဝင်စေရမည်။

၁၁။ဤအခန်း၏ သင်ယူလေ့လာမှု အစိတ်အပိုင်းတစ်ခုအဖြစ် ကျောင်းသားများ တီထွင် တည်ဆောက်ခဲ့ကြသည်။ မိမိကိုယ်ကို စစ်ဆေးမှုကိရိယာ(Self-assessment instrument) အပေါ် ပြန်လည် သုံးသပ်စဉ်းစားကြရန် ဆရာက ညွှန်ကြားပါ။

အဖြေ-ထိုမိမိကိုယ်ကို စစ်ဆေးမှုကိရိယာအမျိုးအစား (၂) ခုရှိပါသည်။

- အတန်းတွင်းဆွေးနွေးမှုအတွက် ကျောင်းသား၏ မိမိကိုယ်ကိုမိမိ စစ်ဆေး အကဲဖြတ်မှု ကိရိယာ (ဇယား ၃.၁၀) နှင့်
- ပူးပေါင်းပါဝင်လုပ်ဆောင်သော အုပ်စုလုပ်ငန်းများအတွက် ကျောင်းသား များမိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းကိရိယာ(ဇယား ၃.၁၃)။

**သင်ယူမှုလုပ်ငန်း (၃)။ အတန်းကြီးများ (အရွယ်အစားကြီးမားသော အတန်း များ) တွင် တုံ့ပြန်အကြံပြုချက် ပံ့ပိုးနိုင်ရေးအတွက် ဉာဏ်ဖွင့်ဆွေးနွေးခြင်း**

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် (လုပ်ငန်းအတွက်-၁၀ မိနစ်၊ မျှဝေခြင်း ၁၀ မိနစ်) |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၃) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ |

**ရည်ရွယ်ချက်** - အရွယ်အစားကြီးမားသော အတန်းများ၏ အခြေအနေအကြောင်းအရာ အရပ် ရပ်တွင် ပံ့ပိုးနိုင်မည့် တုံ့ပြန်အကြံပြုချက် အမျိုးအစားများကို ကျောင်းသားများ စဉ်းစား တတ်စေရန်

၁။ ကျောင်းသားများကို (၃) ဦး တစ်အုပ်စုစီ အဖြစ် အုပ်စုဖွဲ့ကြရန် ညွှန်ကြားပါ။

၂။ သင်ယူမှုလုပ်ငန်း (၃) ကို ကြည့်ရှုလေ့လာစေရမည်။

၃။ မြန်မာနိုင်ငံတွင် ကြီးမားသော အတန်းအရွယ်အစားများသည် ကျောင်းနေရာ အခင်းအကျင်း များစွာတို့၌ တွေ့မြင်နေကျ သာမန်ပုံစံဖြစ်သည်။ ကျောင်းသား များအားဤသို့ ညွှန်ကြားပါ။

အတန်းတစ်တန်း၌ ကျောင်းသားအရေအတွက် (၆၀) သို့မဟုတ် (၇၀) ခန့် ပါဝင်ဖွဲ့စည်း ထားတတ်သည်။ ထိုကဲ့သို့ ကျောင်းသားအရေအတွက် များပြားလှသည့် အတန်းများ၌ ကျောင်းသားများသည် မည်သည့်နည်းဖြင့် အပြုသဘောဆောင်ပြီး အချိန်မီပံ့ပိုးပေးနိုင်သည့် တုံ့ပြန်အကြံပြုချက်များကို ရရှိနိုင်ပါမည်နည်း။ ဤမေးခွန်းကိုဖြေဆိုရန် ဤစာသင်ချိန်အတွင်း သင်တို့သိရှိလေ့လာခဲ့သည့်၊ သတ်မှတ်ဖော်ထုတ်ခဲ့သည့် နည်းဗျူဟာ အမျိုးမျိုးတို့အပေါ် မူတည်စဉ်းစားပါ။

၄။ အဖြေများကို အတန်းနှင့်မျှဝေပေးမည့် ကျောင်းသားများကိုရွေးချယ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းနှင့်အဖြေမျှဝေမည့် ကျောင်းသားများကို ရွေးချယ်ထားခြင်းဖြင့် သူတို့၏ နားလည်သဘောပေါက်မှုကို ဆရာက စစ်ဆေးအကဲဖြတ်နိုင်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများ ပေးလာသည့်အဖြေများသည် အမျိုးမျိုးကွဲပြားမည်။ တုံ့ပြန်အကြံပြုချက်များလည်းပါဝင်နိုင်သည်။

- မည်သူက ပေးမည်နည်း။ တုံ့ပြန်အကြံပြုချက်များကို (မည်သူကိုပေးမည်နည်း) တစ်တန်း လုံး၊ အုပ်စုငယ်၊ အခင်းအကျင်းနှင့်စုပေါင်းထားသော စာသင်ခန်းမှ) ၊ ရပ်ရွာလူထုထဲမှ စီမံချက်ကို အနီးကပ် သွန်သင် ကြီးမတ်ပေးသူ
- တုံ့ပြန်အကြံပြုချက်များကို (မည်သူကိုပေးမည်နည်း) တစ်တန်းလုံး၊အုပ်စုငယ် အခင်းအကျင်း နှင့် ကျောင်းသားတစ်ဦးချင်းစီကို အားပေးမည်။
- နှုတ်ဖြင့်ပြောပြခြင်း၊ အရေးအသားဖြင့် တုံ့ပြန် အကြံပြုချက်ပေးခြင်း (သို့မဟုတ်) စစ်ဆေး အကဲဖြတ်မှုကိရိယာများအသုံးပြုခြင်း၊ ဥပမာ-အဖြေများပေးထားခြင်း (keys) အကဲဖြတ်ရန် သတ်မှတ်ချက်ဇယားများ(rubrics)၊ အရည်အသွေးမြင့်မားသော ကျောင်းသားလုပ်ငန်း (စံပြအဖြေ) နမူနာများ၊

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ယူမှုရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် သင်သည် -

- ကျောင်းသားများမေးတတ်လေ့ရှိသော အဓိကမေးခွန်းများ (ဥပမာ- “ကျွန်တော့်အခြေအနေ ဘယ်လိုလဲ၊ တိုးတက်မှုရှိရဲ့လား။” နှင့် “နောက်ထပ်ပို တိုးတက်အောင် ဘာတွေလုပ်ရမလဲ။” ဆိုသည့်မေးခွန်းမျိုးကို ဖြေဆိုရာ၌ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များကို ဆီလျော်စွာ ပေးတတ်မည်။
- အုပ်စုငယ်လုပ်ငန်းများတွင်ဖြစ်စေ၊ အချင်းချင်းစစ်ဆေးအကဲဖြတ်ရာတွင်ဖြစ်စေ၊ ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ရာတွင်ဖြစ်စေ ပါဝင်နေသော တုံ့ပြန်အကြံပြုချက်ပေးမှု နည်းဗျူဟာများ အကြောင်းကို ဆွေးနွေးတတ် လာမည်။

၂။ ကိုက်ညီသော ဆရာတတ်ကျွမ်းမှုကို ပြန်လည်ဆန်းစစ်ပါ။

- (ခ) (၂.၁) ကျောင်းသားများ၏ သင်ယူမှုကို လေ့လာကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေး အကဲဖြတ်နိုင်ရန် စွမ်းရည်များကိုပြသသည်။

၃။ ဤအခန်းငယ်အတွက် ပြန်လည်ဆန်းစစ်ရန် မေးခွန်းများကို ၎င်းတို့၏ ကိုယ်ပိုင်အချိန်အတွင်း ဖြေဆိုထားရန် ကျောင်းသားများကို မှာကြားပါ။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ

**မေးခွန်း ၁။** ဆရာက ပံ့ပိုးပေးလိုက်သော တုံ့ပြန်အကြံပြုချက်မှ ကျောင်းသားများ အဖြေရလာနိုင်သော အဓိကကျသည့် မေးခွန်း (၂) ခု ကို ဖော်ပြပါ။

**အဖြေ။** *သင်ယူမှု၏ရည်ရွယ်ချက်များကို ကျောင်းသားများ နားလည်သဘောပေါက်သော အခါတွင် ဆရာ၏ တုံ့ပြန်အကြံပြုချက်က ၎င်းကို ဖြေဆိုမည့် မေးခွန်းတို့အတွက် အထောက်အပံ့ ဖြစ်စေသင့်သည်။ ထိုမေးခွန်းများမှာ*

- *ကျွန်ုပ်မည်ကဲ့သို့ လေ့လာသင်ယူနေပါသနည်း။ (သင်ယူမှုရည်မှန်းချက်ကို ဦးတည်လေ့လာသင်ယူနေရာတွင် မည်သည့်တိုးတက်မှုများ ရရှိနေပြီးဖြစ်ပါသနည်း။)*
- *နောက်ထပ် မည်သည်တို့ကို ဆောင်ရွက်ရပါမည်နည်း။ (ဆက်လက်၍ တိုးတက်မှုရရှိအောင် မည်သည့် သင်ယူမှုလုပ်ငန်းကို ဆောင်ရွက်ရန်လိုအပ်ပါသနည်း။)*

**မေးခွန်း ၂။** ပြုပြင်ရန်လွယ်ကူသော စာသင်ခန်းတွင်း စီမံခန့်ခွဲမှု နှင့် အပြုသဘောဆောင်သော (အကျိုးကျေးဇူးများသော) သင်ယူမှုပတ်ဝန်းကျင်တို့တွင် ကျောင်းသားအချင်းချင်း တုံ့ပြန်အကြံပြုချက်များ ပေးနိုင်စေရန် ဆရာက မည်သို့ပံ့ပိုးကူညီပေးမည်နည်း။

**အဖြေ။** *ပြုပြင်ပြောင်းလဲရန် လွယ်ကူသော စာသင်ခန်းတွင်း စီမံခန့်ခွဲမှု- ဆရာက ကျောင်းသားအုပ်စုငယ်များနှင့် အတူအလုပ်လုပ်ခြင်း*

*-ကျောင်းသားများ၏ သင်ယူရန် အဆင်သင့်ဖြစ်မှု (readiness) အပေါ်မူတည် ပြီး အုပ်စုများဖွဲ့စည်းခြင်းက ဦးတည်ချက်ပါသော သင်ယူမှုကို ဖြစ်ပေါ်စေခြင်း၊ တုံ့ပြန်အကြံပြုချက် တို့ကိုလည်းအသုံးပြုနိုင်သည်။ ဆရာက ကျောင်းသားအုပ်စုငယ် တစ်ခုကို သင်ယူမှုလုပ်ငန်း တစ်ခွင်တွင် ချိတ်ဆက်ဆောင်ရွက်စေရာတွင် အဆင့်ငယ်ပေါင်း မြောက်မြားစွာ ထည့်သွင်းထားပြီး အဆင့်တိုင်းအတွက် တုံ့ပြန် အကြံ ပြုချက်များ အကြိမ်ကြိမ် ပေးနိုင်သည်။ အခွင့်အလမ်းကို ဖန်တီးထားနိုင်သည်။ ဤနည်းအားဖြင့် တုံ့ပြန်အကြံပြုမှုပေးခြင်းကို ချပ်စိပ်စိပ်ဆောင်ရွက်လာ နိုင်သည်။*

*အပြုသဘောဆောင်သော သင်ယူမှုပတ်ဝန်းကျင် - အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း နှင့် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း*

*ထိရောက်စွာ သင်ပြတတ်သော ဆရာများက သူတို့စာသင်ခန်းများတွင် သင်ယူမှု ယဉ်ကျေးမှု တစ်ရပ်ကို မြှင့်တင်ထားသည်။ ထိုယဉ်ကျေးမှုတွင်ကျောင်းသားများသည် သူတို့ မသိသည့် အချက်အလက်များရှိက ရဲရဲဝံ့ဝံ့နှင့်ပွင့်လင်းစွာ ဖော်ထုတ်ပြောဆိုပြီး အခြားသူများထံမှ တုံ့ပြန်အကြံပြုချက်များကိုလည်း လိုလားစွာရယူလိုကြသည်။ဆရာ က အဖြေများ (keys) တိုက်ဆိုင် စစ်ဆေးရန် စာရင်းများ(check lists) (သို့မဟုတ်) ရိုးရိုးရှင်းရှင်းရေးထားသော အကဲဖြတ်ရန် သတ်မှတ်ချက်ဇယား (rubric)နှင့် အရည်အသွေးများ မြှင့်တက်လာသော ကျောင်းသားလုပ်ငန်း ဥပမာများ စသည်တို့ကို လည်း ပေးထားရန်လိုအပ်သည်။သို့မှသာလျှင် ကျောင်းသားများကို အချင်းချင်းစစ်ဆေး အကဲဖြတ်မှုနှင့် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ် ဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်စေရာ၌ အထောက်အပံ့ဖြစ်စေနိုင်မည်။*

# အခန်းဆုံးအနှစ်ချုပ်

## အဓိက အချက်များ

- ဆရာများသည် မေးခွန်းများကို ရည်ရွယ်ချက် အမျိုးမျိုးအတွက် အသုံးပြုကြသည်။ ကျောင်းသား စိတ်ဝင်စားမှုကို စေ့ဆော်ရန် ယခင်ကရှိပြီးသော သင်ယူမှုနှင့် အချက်အလက်အသစ်တို့ကို ချိတ်ဆက်ပေးရန် သင်ယူမှုဖြစ်စဉ်၏ အစိတ်အပိုင်း တစ်ခုအဖြစ် ကျောင်းသားများ အသိပညာတည်ဆောက်ရာတွင် အထောက်အကူ ပြုရန်နှင့် ကျောင်းသားများ၏ နားလည်သဘောပေါက်မှုကို စစ်ဆေးရန် ဆရာများက မေးခွန်းများကို အသုံးပြုကြသည်။
- အပိတ်မေးခွန်း၊ အဖွင့်မေးခွန်း နှစ်မျိုးစလုံးကို ဆရာများက မေးပေးရန် လိုအပ်ပါသည်။ ကျောင်းသားများသည် ဖြစ်ရပ်မှန်များနှင့် အချက်အလက်များ ကို သိရှိရန်လိုအပ်သည့်အတွက် ထိုအချက်အလက် အကြောင်းအရာများကို သိရှိ လာစေရန်နှင့် အချက်အလက်များ မှန်/မမှန် ကိုစစ်ဆေး အကဲဖြတ်ရန် အပိတ် မေးခွန်းများကို အသုံးပြုရသည်။ ထို့အတူပင် ကျောင်းသားများသည် အယူအဆ များအကြောင်းနှင့် အယူအဆတစ်ခုနှင့် တစ်ခုဆက်စပ် နေပုံတို့ကို လည်း သိရှိ ရန်လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်တတ်စေရန် ကျယ်ပြန့်စွာ တွေးတော စဉ်းစားမှု လိုအပ်သည့် အဖွင့်မေးခွန်းများကို အသုံးပြုကြရသည်။ သို့မှသာ ထို အကြောင်းအရာတို့ကို သိရှိလာပြီး သိရှိမှုကို စစ်ဆေးအကဲဖြတ်နိုင်မည် ဖြစ်သည်။
- ကျောင်းသားများအား မေးခွန်းမေးရာတွင် လုံလောက်သော စဉ်းစားချိန်ပေးခြင်း (သို့မဟုတ်) ဆရာက စောင့်ဆိုင်းချိန်ကို တိုးမြှင့်ပေးခြင်းသည် ကျောင်းသား၏ သင်ယူမှုအပေါ်၌ အကျိုးကျေးဇူးများ ဖြစ်ထွန်းစေသည်။ ဆရာစောင့်ဆိုင်းချိန်ကို (၃) စက္ကန့်မှ (၅) စက္ကန့်ထိ ထပ်မံ တိုးမြှင့်ပေးလိုက်လျှင် ကျောင်းသားထံမှ ရလာမည့်အဖြေသည် အရည်အသွေး ကောင်းမွန်ပြည့်စုံသည်ကို တွေ့ရှိရသည်။
- အစပျိုးခြင်း၊ တုံ့ပြန်ခြင်းနှင့် သုံးသပ်ခြင်းအဆင့် (၃) ခုပါဝင်သော (I.R.E) မေးခွန်း

မေးခြင်း အစီအစဉ်သည် အပိတ်မေးခွန်း များအတွက် ထိရောက်မှုရှိသော်လည်း အဆင့်မြင့်တွေးခေါ်မှုကို မြှင့်တင်ပေး နိုင်ခြင်း မရှိပါ။

- အဆင့်မြင့်တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည့် မေးခွန်းများကို အသုံးပြုနိုင်စေရန် ဂရုတစိုက် စီစဉ်ပြင်ဆင်မှု လိုအပ်သည်။ ဘလွန်း၏ မျိုးခွဲပညာက ဆရာများအား အဆင့်မြင့်တွေးခေါ်မှု လိုအပ်သော မေးခွန်းများထုတ်တတ်စေရန် ကူညီပံ့ပိုးနိုင်သည်။ ထိုမေးခွန်းများကို ကျောင်းသားများ လွယ်ကူစွာ ဖြေဆိုနိုင် စေရေးအတွက် အဆင့်ဆင့် ပံ့ပိုးပေးခြင်း၊ အစဖော် အရိပ်အမြွက်ပြ စကားလုံးများ အသုံးပြုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၊ ပေါင်းစပ်ခြင်းတို့ကို ဆောင်ရွက်စေရမည်။ နောက်ဆုံးတွင် စိတ်ကူးဉာဏ်အသစ်များ/ အတွေးအခေါ် သစ်များကို ထုတ်လုပ်နိုင်လာစေမည်။
- လူတိုင်းအကျုံးဝင်သည့် ပြောဆိုဆက်ဆံမှုသည် ကျောင်းသားများအား စာသင်ခန်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်မှုကို နှောင့်ယှက်ဟန့်တားနေသည့် အတားအဆီးများကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဖယ်ရှားပေးခြင်းတို့နှင့် သက်ဆိုင်သည်။ အထူးအားဖြင့် မေ့လျော့ခံ/ လျစ်လျူရှုခံနိုင်ဖွယ်ရှိသော ကျောင်းသားအုပ်စုများနှင့် တတ်မြောက်မှု၌ အားနည်းသော (စာမတော်သော) ကျောင်းသားအုပ်စုများကို ပြောဆိုဆက်ဆံမှု၌ ပါဝင်လာစေရန် ဆရာက ဂရုပြုရမည်။
- တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ အပြန်အလှန်ပြောဆိုဆက်ဆံခြင်း နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကာ အဖြေရှာခြင်းတို့ ပါဝင်သည့် သင်ယူမှုနည်းဗျူဟာ အမျိုးမျိုးနှင့် သင်ယူမှုနည်းလမ်း အမျိုးအမျိုးတို့သည် စာသင်ခန်းတွင်း ကျောင်းသားများအားလုံးအကျုံးဝင်ဆောင်ရွက်မှုအတွက် ကူညီပံ့ပိုးပေးနိုင်သည်။
- စကားပြောဆိုရာတွင်(သို့) နာကြားရာတွင် အခက်အခဲရှိသော ကျောင်းသားများအတွက် ထောက်ကူပံ့ပိုးမှုပြုသော နည်းပညာသုံး ဆက်သွယ်မှု ကိရိယာများနှင့် သာမန်ထက် တစ်မျိုးတစ်ဖုံထူးခြားသော အခြားအထောက်အကူပြု ဆက်သွယ်မှု နည်းလမ်းများ (နည်းပညာ မသုံးပါ) (Augmentative and Alternative Communication) (AAC) လိုအပ်သည်။ AAC ၏ ပုံစံ (၂) မျိုးဖြစ်သော နည်းပညာသုံးသည့်နည်းနှင့် ကိုယ်ခန္ဓာအမူအရာ သင်္ကေတ ဘာသာစကားသုံးသည့် နည်းလမ်း (၂) ခု ရှိသည့်အနက် ကျောင်းသားများသည် သူတို့၏ လိုအပ်ချက်များ၊ သူတို့အရည်အချင်းများနှင့် သက်ဆိုင်ရာအခြေအနေ အကြောင်း

အရာများအလိုက် ကိုက်ညီဆီလျော်သောနည်း တစ်မျိုးမဟုတ်တစ်မျိုးကို အသုံးပြုနိုင်သည်။ သို့မဟုတ် (၂) မျိုးစလုံးကိုလည်း အသုံးပြုနိုင်သည်။

- အတန်းတွင်းဆွေးနွေးမှုတစ်ခုသည် သင်ယူမှုနည်းလမ်းတစ်ခုဖြစ်ပြီး သင်ယူမှုရလဒ် အမျိုးမျိုးကို ပြည့်မီစေရန် ထောက်ပံ့ပေးနိုင်သည်။ ထိုရလဒ်များတွင် ကျောင်းသားများအား သင်ယူမှုတွင် စိတ်ပါလက်ပါ ဆောင်ရွက်စေမှု တိုးတက်လာစေရန်နှင့် အဆင့်မြင့်စွာ တွေးခေါ်တတ်မှုကို နားလည်လာစေရန်တို့ကိုလည်း အထောက်အကူပြုသည်။ ထို့ပြင် ပြဿနာဖြေရှင်းတတ်မှု၊ အချင်းချင်း ပြောဆိုဆက်ဆံတတ်မှု၊ အသင်းအဖွဲ့လုပ်ငန်း ဆောင်ရွက်တတ်မှုနှင့် အဆင့်မြင့်သိမှုဖြစ်စဉ်အကြောင်း နားလည်မှုတို့ကိုလည်း ပံ့ပိုးပေးနိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။
- အတန်းတွင်း ဆွေးနွေးမှုများတွင် ကျောင်းသားများအား ရည်ရွယ်ထားသော သင်ယူမှုရလဒ်များ ရရှိသွားစေရေးအတွက် ဆရာ၏ စီစဉ်ပြင်ဆင်မှု လိုအပ်ပါသည်။ ထိုပြင်ဆင်မှုထဲတွင် ဆွေးနွေးမှု၏ ရည်ရွယ်ချက်ကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ဘာသာရပ်အကြောင်းအရာကို သုတေသနပြုခြင်း၊ ဆွေးနွေးမှု ထိရောက်အောင်မြင်စေရန် ကျောင်းသားလုပ်ငန်းများနှင့် အတန်း၏ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကို ကြိုတင်ပြင်ဆင်ပေးခြင်းတို့ ပါဝင်ကြသည်။
- အတန်းတွင်း ဆွေးနွေးမှုတစ်ခု ဖြစ်မြောက်မှုအတွက် ကူညီလမ်းညွှန်ရန်နှင့် ဆွေးနွေးပွဲ အောင်မြင်မှုကို အကဲဖြတ်သုံးသပ်ရန် နည်းလမ်းများရှိကြသည်။
- ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှု၏ ထူးခြားသော လက္ခဏာများမှာ အကျိုးဖြစ်ထွန်းမှုရှိသော အပြန်အလှန်အမှီသဟဲပြုမှု၊ တစ်ဦးချင်းစီ၏ တာဝန်ခံမှု အုပ်စုလုပ်ငန်းဆောင်ရွက်ရာ၌ ကျွမ်းကျင်မှုများရရှိလာမှု၊ တစ်ဦးချင်းစီ၏ ပါဝင်ဆောင်ရွက်မှုများနှင့် အုပ်စုလုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်စဉ်းစားတတ်မှုတို့ဖြစ်ကြသည်။
- ကျောင်းသားများသည် ကိုယ်တိုင်လုပ်ပိုင်ခွင့်ရှိသော သင်ယူမှုများ ဖြစ်လာလိုလျှင် သူတို့ထံ၌ အဆင့်မြင့် တွေးခေါ်မှုဖြစ်စဉ်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရန် လိုအပ်သည်။ အဆင့်မြင့် တွေးခေါ်မှုဖြစ်စဉ်သည် လွတ်လပ်စွာ သင်ယူမှုနှင့် အပြန်အလှန် အမှီသဟဲပြုသော သင်ယူမှု ပုံစံ (၂) မျိုးစလုံးအတွက် မရှိမဖြစ် အရေးကြီးပါသည်။
- ထိရောက်အောင်မြင်စွာ သင်ကြားနိုင်သော ဆရာများက သင်ခန်းစာများကို

စီစဉ်ပြင်ဆင်ရာတွင် ကျောင်းသားများ၏ လိုအပ်ချက်များနှင့် ညီညွတ်စေရန် လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးတတ်ကြသည်။ သူတို့သည် သင်ရိုး (သင်ယူရန်အကြောင်းအရာ၊ သင်ယူမှုဖြစ်စဉ် နှင့် ရလဒ်) နှင့် သင်ယူမှု ပတ်ဝန်းကျင်တို့ကို ကျောင်းသားများ၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေ ရှိစေရန် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးကြသည်။

- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးနိုင်ရန်အတွက် ကျောင်းသားများ၏ ယခုလက်ရှိသိရှိထားသော အသိပညာနှင့် ကျွမ်းကျင်မှုများ (အဆင်သင့်ဖြစ်မှုများ)၊ သင်ယူရာ၌ စိတ်ပါဝင်စားမှုများနှင့် ကြိုက်နှစ်သက် တတ်မှုများတို့ကို စစ်ဆေးအကဲဖြတ်နိုင်ရန် ဆရာများက နည်းလမ်းအမျိုးမျိုးကို အသုံးပြုကြသည်။
- သင်ခန်းစာတိုင်းအတွက် မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် အောင်မြင်မှု စံသတ်မှတ်ချက်များကို ကျောင်းသားများ သိရှိရန်လိုအပ်သည်။ ကျောင်းသားများ သည် ရည်မှန်းချက်များကို သိရှိလာသောအခါ မေးလေ့ရှိကြသော မေးခွန်း (၂) ခုရှိသည်။ "ကျွန်တော် ဘယ်ကိုသွားနေလဲ။" (ရည်မှန်းချက်သို့ ဦးတည် ဆောင်ရွက်ရာတွင် မည်သည့် တိုးတက်မှုများ ရရှိနေပြီဖြစ်သနည်း။) (ဘယ်လောက်တိုးတက် လာပြီလဲ။) နှင့် "နောက်ဘယ်ကို ထပ်သွားရမလဲ။" (ဒီထက်ပိုတိုးတက်ဖို့ နောက်ထပ်ဘာတွေဆက်လုပ်ရဦးမှာလဲ။) တို့ ဖြစ်ကြသည်။
- အုပ်စုငယ်များဖွဲ့၍ သင်ကြားပေးခြင်း၊ အချင်းချင်း စစ်ဆေးအကဲဖြတ်နှင့် မိမိ ကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်းတို့က ကျောင်းသားများအား တုံ့ပြန် အကြံပြု ချက်များ ရယူစေနိုင်မည့် အခွင့်အလမ်းများ ပံ့ပိုးပေးသည်။
- စီမံချက်အခြေပြုသင်ယူမှုသည် စိတ်ဝင်စားမှု နက်ရှိုင်းသော ဝါသနာအရင်းခံ သင်ယူမှုကို မြှင့်တင်ပေးနိုင်သည့် နည်းဗျူဟာတစ်ခုဖြစ်သည်။
- ကျောင်းသားများ၌ သင်ယူမှုအကြောင်း နားလည်သဘောပေါက်သည့် အယူအဆ အမျိုးမျိုးတို့ ရှိကြသည်။ သင်ယူမှုအကြောင်းကို အပြည့်အဝ နားလည်လာသည့် တိုင်အောင် သင်ယူမှုဆိုင်ရာ ဆက်စပ်အခြေအနေတစ်ခုတွင် သူတို့အတွက် သင်ယူရန်လိုအပ်မည့် အကြောင်းအရာတို့ကို အနက်အဓိပ္ပာယ်ကောက်ယူရာတွင် ယခင်ကရှိပြီး အတွေ့အကြုံပေါ်၌သာ အခြေခံ၍ ကောက်ယူတတ်ကြသည်။
- ကျောင်းသားများသည် နက်ရှိုင်းသော ချဉ်းကပ်သင်ယူမှု၊ ဗျူဟာကျသော ချဉ်းကပ်သင်ယူမှုနှင့် အပေါ်ယံချဉ်းကပ်သင်ယူမှုတို့ကို ပြုနိုင်ကြသည်။

ဤချဉ်းကပ်သင်ယူမှုများကို သင်ယူသူ၏ ခြားနားသော ရည်ရွယ်ချက်များနှင့် သင်ယူမှုဖြစ်စဉ်များက အမျိုးအစားခွဲခြား သတ်မှတ်ပေးထားသည်။

## အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းတွင် ကျောင်းသားများသည် သင်ယူမှုလုပ်ငန်း အများအပြားကို ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့မှာ-

- အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများကို တည်ဆောက်ပြုစုခြင်းနှင့် အဆင့်မြင့်တွေးခေါ်မှု လိုအပ်သော မေးခွန်းများကို ပြုစုခြင်း
- စာသင်ခန်းတွင်း လူတိုင်းအကျုံးဝင် ပြောဆိုဆက်ဆံမှုကို ဟန့်တားနေသည့် အတားအဆီးများကို ဖယ်ရှားရန် ကိုင်တွယ်ဖြေရှင်းရန် နည်းဗျူဟာများကို အကြမ်းဖျင်းတင်ပြခြင်း
- စာသင်ခန်းတွင်း ကျောင်းသားများ သင်ယူမှု အမြင့်မားဆုံးရရှိရေးကို ဟန့်တားနေသည့် ဖြစ်ရိုးဖြစ်စဉ် စိန်ခေါ်မှုအခက်အခဲများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်သည့် နည်းဗျူဟာများကို အကြမ်းဖျင်းတင်ပြခြင်း
- အတန်းတွင်း ဆွေးနွေးမှုကို နည်းလမ်းမှန်ကန်စွာ ဆွေးနွေးနိုင်စေရန်အတွက် စကားအပြန် အလှန် ပြောခန်းတစ်ခုကို စာမူ/ဇာတ်ညွှန်း ရေးသားခြင်း
- အတန်းတွင်း ဆွေးနွေးမှုတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်နိုင်စေရန် လမ်းညွှန်မှုများ ရေးသားခြင်း
- အတန်းတွင်းဆွေးနွေးမှု၏ အောင်မြင်ထိရောက်မှုကို ဆရာက အကဲဖြတ်သုံးသပ်ရာတွင် လိုအပ်သော အကဲဖြတ်သုံးသပ်မှုဆိုင်ရာ မေးခွန်းများကို ပြုစုခြင်း
- ပူးပေါင်းပါဝင်လုပ်ဆောင်သော အုပ်စုလုပ်ငန်းအတွက် ကျောင်းသားကိုယ်တိုင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု ပြုနိုင်မည့် ကိရိယာတစ်ခုကို ဖန်တီးတည်ဆောက်ခြင်း
- ကျောင်းသားများအနေနှင့် သင်ယူမှု၌ သူတို့မည်သို့ တိုးတက်နေကြောင်းနှင့် မည်သည့်အဆင့်များ ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း ထိုးထွင်းသိမြင်မှု ရရှိလာစေမည့်အပြုသဘောဆောင်သောတုံ့ပြန်အကြံပြုချက်များကို ရေးသားခြင်း

## ဆက်လက်ဖတ်မှတ်စရာများ

### ၃.၁။ ကျောင်းသားများအား သင်ယူစေရန်စေ့ဆော်စေခြင်းအားဖြင့် သင်ယူမှု၌ စိတ်ပါဝင်စားစေခြင်း (ကျောင်းသားများအား နှိုးဆော် တိုက်တွန်းမှုနှင့် ဆွဲဆောင်မှု)


Australian Learning Lecture (2017/18). The Passion Toolkit. Retrieved from https://www.all-learning.org.au/sites/default/files/all-passiontoolkit_final.pdf

Entwistle, N., & Peterson, E. (2004). Conceptions of learning and knowledge in higher education: Relationships with student behaviour and influences of learning environments. International Journal of Educational Research, 41, 407-428.

Kingston, S. (2018). Project based learning & student achievement: What does the research tell us? *PBL Evidence Matters. 1*(1), 1-11. Retrieved from https://files.eric.ed.gov/fulltext/ ED590832.pdf


### ၃.၂။ မေးခွန်းမေးခြင်းနှင့် အဆင့်မြင့်တွေးခေါ်ခြင်း


Nappi, J. (2017). The importance of questioning in developing critical thinking skills. *The Delta Kappa Gamma Bulletin: International Journal for Professional Educators, 84*(1), 30-41.

Newton, L. (2017). *Questioning: A window on productive thinking.* Ulm: International Centre for Innovation in Education (ICIE). Retrieved from http://dro.dur.ac.uk/20948/1/20948.pdf? DDD29+hsmz78+dul4eg

## ၃.၃။ ကျောင်းသားများနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း

American Speech–Language–Hearing Association (ASHA). (2019). Augmentative and Alternative Communication (AAC). Retrieved from https://www.asha.org/public/speech/disorders/AAC/

Duţa, N. (2015). From theory to practice: The barriers to efficient communication in teacher-student relationship. *Social and Behavioural Sciences, 187*, 625-630.

## ၃.၄။ တက်ကြွစွာသင်ယူမှု - အပြန်အလှန်ဆက်သွယ်သင်ယူမှုနှင့် ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူမှု (Interactive and Cooperative Learning)

Hennessey, A. & Dionigi, R. (2013). Implementing cooperative learning in Australian primary schools: Generalist teachers' perspectives. *Issues in Educational Research, 23*(1), 52-68.

## ၃.၅။ ကိုယ်တိုင်လုပ်ပိုင်ခွင့် (Autonomy) အယူအဆ ဖွံ့ဖြိုးလာခြင်းနှင့် ကျောင်းသားအချင်းချင်း ဦးဆောင်မှုဖြင့် သင်ယူခြင်း

Bramaje, G. & Espinsoa, A. (2013). Peer-led team learning approach: Effects on students' conceptual understanding and attitude towards chemistry. *International Journal of Learning and Teaching, 5*(2), 55-77. Retrieved from https://www.academia.edu/34992144/Peer-Led_team_learning_approach_Effects_on_students_conceptual_understanding_and_attitude_towards_chemistry?auto=download

Gershon, M. (2014). *How to develop independent learners: Practical ideas and strategies for creating a more independent learning environment*. Tes Global Ltd. Retrieved from https://www.tes.com/sites/default/files/tes_strategies_to_develop_independent_learners.pdf

## ၃.၆။ သင်ရိုးညွှန်းတမ်းနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို လိုအပ်ချက်အလိုက် ပြုပြင် ပြောင်းလဲ လုပ်ဆောင်ခြင်း


ASCD. (2011). Differentiated instruction: Key elements of differentiated instruction. Retrieved from https://pdo.ascd.org/LMSCourses/PD11OC115M/media/DI-Intro_M4_Reading_Key_Elements.pdf

Tasmanian Department of Education. (2016). *Good teaching. Differentiated classroom practice: Learning for all*. V3. Retrieved from https://publicdocumentcentre.education.tas.gov.au/ Documents/Good-Teaching-Differentiated-Classroom-Practice-Learning-for-All.pdf

Tomlinson, C. & Allan, S. (2000). *Leadership for differentiating schools & classrooms*. Alexandra, VA: ASCD. Retrieved from http://www.ascd.org/publications/books/100216/chapters/Understanding-Differentiated-Instruction@-Building-a-Foundation-for-Leadership.aspx


## ၃.၇။ တုံ့ပြန်အကြံပြုချက်များပံ့ပိုးခြင်း


Anker-Hansen, J. & Andrée, M. (2019). Using and rejecting peer feedback in the science classroom: A study of students' negotiations on how to use peer feedback when designing experiments. *Research in Science and Technological Education, 37*(3). Retrieved from https://doi.org/10.1080/02635143.2018.1557628

Brookhart, S. (2017). *How to give effective feedback to your students.* Alexandria, Virginia: ASCD. Retrieved form http://www.ascd.org/publications/books/116066.aspx`

Hattie, J. (2011). Feedback in schools. In R. Sutton, M. Hornsey and K. Douglas (Eds.), *Feedback: The communication of praise, criticism and advice.* New York: Peter Lang Publishing.

အခန်း
၄

# အစီအစဉ်ရေးဆွဲခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း

ပထမနှစ် သင်တန်းတွင် အဆင့် (၁၀) ဆင့်ပါသော ဖြစ်စဉ်တစ်ခုကိုအသုံးပြုပြီး သင်ခန်းစာ စီစဉ်ပြင်ဆင်မှုအကြောင်းကို ကျောင်းသားများနှင့် မိတ်ဆက်ပေးခဲ့သည်။ သူတို့သည် သင်ယူမှုရလဒ်များနှင့် သင်ယူမှုလုပ်ငန်းများအကြောင်းကိုလည်း သင်ယူခဲ့ကြရသည်။ သင်ကြားမည့် သင်ခန်းစာများကို အထောက်အကူဖြစ်စေမည့် စာအုပ်စာတမ်းများကို ရှာဖွေခြင်းနှင့် ဖန်တီးတည်ဆောက်ခြင်း အကြောင်းကိုလည်း သိခဲ့ကြရသည်။

ဤနှစ်တွင်ကျောင်းသားများကို အဆင့် (၁၂) ဆင့်ပါသော သင်ခန်းစာပြင်ဆင်မှုပုံစံ (Lesson Template) နှင့် မိတ်ဆက်ပေးမည်ဖြစ်သည်။ သင်ခန်းစာပြင်ဆင်မှုကို ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) မှ အနိမ့်ဆုံးလိုအပ်ချက်များနှင့် ချိတ်ဆက်ပေးမည်လည်းဖြစ်သည်။

ကျောင်းသားများကို စိတ်ကူးဖြင့် မှန်းဆပုံဖော်ထားသော စာသင်ခန်းများ (Hypothetical classroom) များနှင့်လည်း မိတ်ဆက်ပေးလိမ့်မည်။ ထိုစာသင်ခန်းများကို သင်ခန်းစာပြင်ဆင်ရာတွင် နှင့် အခြားခေါင်းစဉ်အကြောင်းအရာများကို သင်ကြားသည့် နေရာများတွင်လည်း အသုံးပြုနိုင်မည် ဖြစ်သည်။

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

### ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဒုတိယနှစ်သင်တန်းအတွက် သင်ခန်းစာအစီအစဉ်တစ်ခု ရေးဆွဲရာတွင် ပါဝင်နေသည့် အဆင့် (၁၂) ဆင့်ကို စာရင်းပြုစု ဖော်ပြတတ်မည်ဖြစ်ပြီး သင်ခန်းစာအစီအစဉ်တစ်ခု ရေးဆွဲမှုအကြောင်း နားလည်စေရန် ဤပုံစံက မည်သို့အထောက်အကူပြုကြောင်း ဖော်ပြတတ်မည်။
- TCSF သည် ဒုတိယနှစ် သင်ခန်းစာအစီအစဉ် ရေးဆွဲမှုနှင့် မည်သို့ချိတ်ဆက်နေပုံကို ဆွေးနွေးတတ်မည်။
- မြန်မာနိုင်ငံ အခြေခံပညာ သင်ရိုးညွှန်းတမ်း ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်သုံးသပ် စဉ်းစားတတ်မည်။
- ဘာသာရပ်အကြောင်းအရာ နားလည်မှုကို အထောက်အပံ့ပြုရန်အတွက် နည်းဗျူဟာများကို ချဲ့ထွင်အသုံးပြုတတ်မည်။
- သင်ယူသူတစ်ဦးအနေနှင့် သင်ယူသူ၏ အဓိကအကြောင်းအရာ အချက်အလက် ဖော်ပြချက်တစ်ခုကို ပြုစုရေးသားတတ်မည်။
- သင်ခန်းစာအစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို သတ်မှတ်ဖော်ထုတ် ပေးနိုင်ရန်အတွက် စိတ်ကူးဖြင့်မှန်းဆပုံဖော်ထားသော စာသင် ခန်းတစ်ခု၏ အဓိကအကြောင်းအရာများကို ပြန်လည်ဆန်းစစ်တတ်မည်။
- သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ အချင်းချင်းအကြား တစ်ခုနှင့်တစ်ခု ခြားနားပုံကို ခွဲခြားသိမြင်လာမည်။
- သင်ယူမှုရလဒ်များကို ဘလွန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း (Bloom’s taxonomy) အသုံးပြု၍ ခွဲခြမ်းစိတ်ဖြာ လေ့လာတတ်မည်။
- သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို ရေးသားတတ်မည်။
- အခြေခံပညာ အလယ်တန်းဆင့် သင်ရိုးညွှန်းတမ်းထဲမှ သက်ဆိုင်ရာဘာသာရပ်များနှင့် ဆီလျော်သော ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များကို ရှင်းပြတတ်မည်။

- ကျောင်းသားများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် သင့်တော်သော သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ရွေးချယ်သုံးစွဲတတ်မည်။
- အလယ်တန်း ကျောင်းသင်ခန်းစာတစ်ခုအတွက် မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း အပိုင်းတို့ကို ရေးသားတတ်မည်။
- ဆရာတစ်ဦး၏ အကဲဖြတ်သုံးသပ်မှုအတွက် မေးခွန်းများကို စီစဉ်ရေးသားပြုစုတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှု

(က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၁.၂) ကျောင်းသားများ၏ တစ်ဦးချင်းသင်ယူမှုလိုအပ်ချက်နှင့် ကိုက်ညီမည့် သင်ကြားနည်း အမျိုးမျိုးကို နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၂.၁) သင်ကြားသင်ယူမှုဆိုင်ရာနည်းဗျူဟာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်။

(က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှု ရလဒ်များကို နားလည် သဘောပေါက်ကြောင်းပြသသည်။

(က) (၅.၂) ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှုအခြေအနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်အောင် ဘာသာရပ်အကြောင်းအရာများအား မည်သို့ ပို့ချရမည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၂.၁) ကျောင်းသားများ၏သင်ယူမှုကို လေ့လာကြီးကြပ်တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ဂ) (၁.၃) ဒေသန္တရယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ဆက်စပ်အခြေအနေများသည် ကျောင်းသားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအပေါ်တွင် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်းကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ဂ) (၃.၁) ကျောင်းသားတစ်ဦးချင်းစီ၏ ပညာရေးဆိုင်ရာအခွင့်အရေးများကို အလေးထားပြီး ကျောင်းသားများအား ဘက်လိုက်မှုကင်းစွာ၊ မျှတစွာ ပံ့ပိုးကူညီကြောင်း ပြသသည်။

(ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုလုပ်ငန်းများနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန်ထင်ဟပ် စဉ်းစားသုံးသပ်သည်။

# ၄.၁။ အစီအစဉ် ရေးဆွဲမှုဖြစ်စဉ်(Planning process)

အဆင့် (၁၂) ဆင့်ပါဝင်သော သင်ခန်းစာအစီအစဉ်ပုံစံ (Template) ကို TCSF မှ တတ်ကျွမ်းမှု စံသတ်မှတ်ချက်များနှင့် အနိမ့်ဆုံးလိုအပ်ချက်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် ကျွန်ုပ်တို့ စတင်လေ့လာကြသည်။ ထို့ပြင် ကျောင်းသားများအား သူတို့ရေးသားသည့် သင်ခန်းစာတိုင်းသည် မည်သည့် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် စီစဉ်ရေးဆွဲထားကြောင်းကိုလည်း ထည့်သွင်းစဉ်းစားကြစေရန် တိုက်တွန်းအားပေးထားသည်။

ဤအခန်းငယ်ကို သင်ခန်းစာအစီအစဉ်တစ်ခုတွင် ပါဝင်နေသည့် ရှေ့နောက်အစီအစဉ် အဆင့်အသီးသီးအတိုင်း ဖွဲ့စည်းရေးသားထားသည်။ ပထမဦးစွာ သင်ခန်းစာခေါင်းစဉ် အကြောင်းမှ စတင်သည်။ ထိုခေါင်းစဉ်ကို မြန်မာနိုင်ငံ အခြေခံပညာသင်ရိုးညွှန်းတမ်းမှ တစ်ဆင့် သိရှိရမည်ဖြစ်ပြီး သင်ခန်းစာ ပါအကြောင်းအရာများကို နားလည်နိုင်စေရန် နည်းဗျူဟာများကို လေ့လာစူးစမ်းရမည်။ ထို့နောက်တွင်မှ ကျောင်းသားများ၏ ယခင်က သိရှိခဲ့ပြီးသော အသိပညာနှင့် ကျောင်းသားများ၏ အဓိက အကြောင်းအရာ အချက်အလက်များကို ဖော်ထုတ်သတ်မှတ်ကာ အောက်ပါတို့ကို တည်ဆောက်ရမည်။

- သင်ခန်းစာရည်ရွယ်ချက်များ (Lesson Objectives)
- သင်ယူမှုရလဒ်များ (Learning Outcomes)
- အောင်မြင်မှုပုံစံများ (Criteria for Success)
- သင်ကြားရန် ချဉ်းကပ်မှု (Teaching Approach)
- သင်ကြားသင်ယူမှု နည်းဗျူဟာများ (Teaching & Learning Strategies)
- သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ (Teaching & Learning Methods and Techniques)
- သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ (Teaching Aids and Resources)

ထို့နောက် ကျောင်းသားများသည် သင်ခန်းစာတစ်ခု၏ အဆင့်အသီးသီးကို လေ့လာရမည်။ ၎င်းတို့မှာ မိတ်ဆက်ခြင်း (နိဒါန်း) ၊ ကိုယ်ထည်ပိုင်း (အဓိကအပိုင်း) နှင့် ပြန်လည်ဆန်းစစ်ခြင်း၊ လိုအပ်ချက် အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ခြင်း (Differentiation) နှင့် ဆရာ၏ အကဲဖြတ် သုံးသပ်မှု (Teacher evaluation) တို့ဖြစ်ကြသည်။

## ၄.၁.၁။ ဒုတိယ နှစ်သင်တန်း သင်ခန်းစာအစီအစဉ်ရေးဆွဲမှုကို မိတ်ဆက်ခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဒုတိယနှစ်သင်တန်းအတွက် သင်ခန်းစာအစီအစဉ်တစ်ခုရေးဆွဲရာတွင် ပါဝင်နေသည့် အဆင့် (၁၂) ဆင့် ကို စာရင်းပြုစုဖော်ပြတတ်မည်ဖြစ်ပြီး သင်ခန်းစာအစီအစဉ်တစ်ခုရေးဆွဲမှုအကြောင်း နားလည်စေရန် ဤပုံစံက မည်သို့ အထောက်အကူပြုကြောင်း ဖော်ပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှု**

(က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ယူမှုပုံစံများကို ပြင်ဆင် ရေးဆွဲသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ပထမနှစ်သင်တန်းမှ သင်ခန်းစာ အစီအစဉ် ရေးဆွဲမှုနှင့် ဒုတိယ နှစ်သင်တန်း သင်ခန်းစာအစီအစဉ်ရေးဆွဲမှုတို့ကို နှိုင်းယှဉ်ပြခြင်း

သင်ယူမှုလုပ်ငန်း (၂) - ဒုတိယနှစ်သင်တန်း သင်ခန်းစာအစီအစဉ် ရေးဆွဲမှုပုံစံကို သင်ယူမှုရလဒ် များအား တိုက်ဆိုင်စိစစ်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၄.၁.၁) ဒုတိယနှစ်သင်ခန်းစာ အစီအစဉ်ရေးဆွဲမှုကို မိတ်ဆက်ပေးခြင်း အကြောင်းကို ဖတ်ပါ။ ပုံကြီးချဲ့ထားသော ဒုတိယနှစ် သင်ခန်းစာအစီအစဉ်ရေးဆွဲမှုပုံစံကို စက္ကူချပ်ကြီးပေါ်၌ ဖြစ်စေ၊ သင်ပုန်းပေါ်၌ဖြစ်စေ၊ ပါဝါပွိုင့်ဆလိုက်ချပ်ပေါ်၌ဖြစ်စေ ပြသထားပါ)။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - ဇယား (၄.၂) ပထမနှစ်သင်တန်းမှ သင်ခန်းစာ အစီအစဉ်ရေးဆွဲမှုနှင့် ဒုတိယနှစ် သင်တန်းမှ သင်ခန်းစာအစီအစဉ် ရေးဆွဲမှု တို့ကို နှိုင်းယှဉ်ပြခြင်း ၊ ရောင်စုံမာကာများ(ကျောင်းသားတစ်တွဲစီအတွက် မင်တံ တစ်ချောင်းစီ)

သင်ယူမှု လုပ်ငန်း (၂) - ဇယား (၄.၃) ဒုတိယနှစ်သင်တန်း သင်ခန်းစာအစီအစဉ်ရေးဆွဲပုံ

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ “အစီအစဉ်ရေးဆွဲခြင်း” ကို ကြည့်ရန်ပြောပါ။ အောက်ပါတို့သည် မှတ်သားရမည့် အဓိကအချက်များ ဖြစ်သည်။

၂။ ကောင်းမွန်ကျနစွာ ရေးဆွဲထားသော သင်ခန်းစာများက ဆရာများကြိုတင်ပြင်ဆင်မှု၊ လမ်းကြောင်းမှန်ကန်စွာ ဆောင်ရွက်တတ်မှုနှင့် သင်ခန်းစာ၏ ရည်ရွယ်ချက်များ ရရှိစေရန် ကူညီပေးသည်။

၃။ အခြားဆရာတစ်ဦးက ထိုသင်ခန်းစာကို သင်ကြားရလျှင်လည်း အထောက်အကူဖြစ်စေသည်။

၄။ ထို့ပြင် ၎င်းအစီအစဉ်များက သင်ကြားမှုသင်ယူမှုဆိုင်ရာ မှတ်တမ်းတစ်ခုကို ပံ့ပိုးပေးနိုင်သည်။ မှတ်တမ်းအပေါ် ဆရာများက ပြန်လည်သုံးသပ်နိုင်ပြီး သူတို့၏ သင်ကြားမှုလက်တွေ့ ဆောင်ရွက်ရာတွင် တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နိုင်ကြသည်။

၅။ သင်ယူမှုရလဒ်များကို ရှင်းလင်းစွာသိရှိပြီး အတွေးအခေါ်ပြည့်ဝစွာနှင့် စနစ်တကျဖွဲ့စည်း ထားသော အစဉ်တစ်ခုတွင် သင်ယူရသည့်အခါ ကျောင်းသားများအတွက် အကျိုးကျေးဇူးများစွာ ရရှိသည်။

၆။ သင်ခန်းစာတစ်ခု၏ ဝိသေသလက္ခဏာများမှာ -

- သင်ခန်းစာတစ်ခုတွင် ရည်ရွယ်ချက် ရှိသည်။
- သင်ခန်းစာတစ်ခုတွင် ဖွဲ့စည်းတည်ဆောက်ပုံ ရှိသည်။
- သင်ခန်းစာဆိုသည်မှာ ပညာရေးဝန်ကြီးဌာနက ကျောင်းသားများအနေနှင့် သူတို့အတန်း (အဆင့်) ၌ သူတို့သိရန် လိုအပ်သည်ဟု သတ်မှတ်ထားသော အရာများကို သင်ယူရန် နည်းလမ်းတစ်ခု ဖြစ်သည်။
- မြန်မာနိုင်ငံတွင် သင်ခန်းစာ တစ်ခုကို သင်ကြားရန် စာသင်ချိန် တစ်ချိန် (သို့မဟုတ်) တစ်ချိန်ထက် ပို၍ ယူနိုင်သည်။

၇။ ဆရာများအနေနှင့် သင်သင်ကြားမည့် သင်ခန်းစာများ သင်ကြားရန်အတွက် သင်ခန်းစာ အစီအစဉ် ရေးဆွဲထားရန် လိုအပ်ပါသည်။

၈။ ပထမနှစ်သင်တန်းတွင် သင်တို့အား သင်ခန်းစာစီစဉ်မှု ကြိုတင်ပြင်ဆင်မှုအတွက် သင်ခန်းစာ အစီအစဉ်တစ်ခုနှင့် မိတ်ဆက်ပေးခဲ့သည်။ အဆင့် (၁၀) ဆင့်ပါသော ဖြစ်စဉ်တစ်ခုနှင့် မိတ်ဆက် ပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုအဆင့် (၁၀) ဆင့်မှာ -

- သင်ခန်းစာပါ အကြောင်းအရာ၏ အဓိက စိတ်ကူးစိတ်သန်း၊ ဆက်စပ်နေသော စိတ်ကူး စိတ်သန်း နှင့် အဓိပ္ပာယ်ပေါ်လွင်အောင် ဘေးမှ ဝိုင်းဝန်းပံ့ပိုးပေးသော အသေးစိတ် အချက်အလက်များအကြောင်း သင့်ကိုယ်သင် ဦးစွာ ပထမ သင်ကြားပေးခြင်း၊

- ဘဝအတွေ့အကြုံများနှင့် ယခင်ကသင်ခဲ့ရသည့် အရာများပေါ်မူတည်ကာ ကျောင်းသားများ သိရှိနိုင်မည့် အရာများကို ကြိုတင်မှန်းဆခြင်း၊
- ကျောင်းသားများက မေးနိုင်သည့် သင်ခန်းစာနှင့်သက်ဆိုင်သောမေးခွန်းများ၊ မသက်ဆိုင်သော မေးခွန်းများနှင့် ထိုမေးခွန်းများကို သူတို့ မည်ကဲ့သို့ တုံ့ပြန်မည်ကို ကြိုတင်မျှော်မှန်းထားခြင်း၊
- သင်ကြားမည့် သင်ခန်းစာများအတွက် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော ထိထိမိမိရှိသည့် သင်ယူမှုရလဒ်များ (Smart Learning Outcomes) ကို သတ်မှတ်ပေးခြင်း၊
- "အောင်မြင်မှုစံများ" ကို သတ်မှတ်ပေးထားခြင်း၊
- သင်ယူမှုလုပ်ငန်းများတွင် သင်ယူမှုနည်းလမ်းများအကြောင်း သိရှိပြီး သင်ကြားရာတွင် ရှေ့နောက် အစီအစဉ်ကျနမှုနှင့် နည်းလမ်းမျိုးစုံ အသုံးပြုနိုင်မှု၏ အရေးပါပုံကို သိရှိထားလျက် သင်ခန်းစာတစ်ခုကို သင်ကြားနေစဉ်အတွင်း သင်က မည်သည်တို့ကို ဆောင်ရွက်နေလိမ့်မည်နှင့် ကျောင်းသားများက မည်သည်တို့ကို ဆောင်ရွက်နေလိမ့်မည် စသည်တို့ကို စိတ်ကူးပုံရိပ်ဖော်ကြည့်ခြင်း၊ သင်ယူမှုရလဒ်များ ရရှိရေးသို့ ဦးတည် လုပ်ဆောင်နေမည့်ပုံကို စိတ်ကူးပုံဖော်ကြည့်ခြင်း၊
- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် အချိန်မည်မျှ အသုံးပြုခွင့်ပေးမည်ကို ဆုံးဖြတ်ခြင်း၊
- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် လိုအပ်မည့် သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ ပစ္စည်းများ (TLM) (စာအုပ်စာတမ်းစသည်) ကို သတ်မှတ်ပေးခြင်း၊
- ထိုပစ္စည်းများ (TLM) တို့ကို အင်တာနက်မှ ရယူကာ လိုအပ်သလို ထုတ်နုတ်ပြုပြင် သုံးစွဲခြင်း (သို့မဟုတ်) ပစ္စည်းသစ်များ ဖန်တီးခြင်း၊
- အကယ်၍ သင်စီစဉ်ထားသည့်အတိုင်း အစီအစဉ်မချောမောဘဲ သင်ခန်းစာ၏ တစ်နေရာရာ၌ အထစ်အငေါ့ ဖြစ်နေလျှင် (ဥပမာ - ဆရာက ဗီဒီယိုပြသရန် စီစဉ်နေဆဲ၌ လျှပ်စစ်မီး ပြတ်တောက်သွားခြင်း စသည့်အတားအဆီးများ) ကျောင်းသားများအား သင်ယူမှုရလဒ်ဆီသို့ ဦးတည်လေ့လာမှု မပျက်ပြားစေရန် သင်မည်သို့ ဆောင်ရွက်ပေးမည်ကို ကြိုတင်မှန်းဆထားခြင်း၊ သင်ခန်းစာ အစီအစဉ်ရေးဆွဲမှု ပုံစံနှင့်အညီ ရေးဆွဲထားသော သင်၏အစီအစဉ်ကို မှတ်တမ်းတင်ထားရှိပြီး မိတ္တူ

ကူးယူထားခြင်း၊ နောင်အနာဂတ်တစ်ချိန်ချိန်အတွက် အသုံးပြုရန် သိမ်းဆည်းထားခြင်း။

၉။ သင်ခန်းစာတစ်ခုကို အစီအစဉ်ရေးဆွဲရာတွင် သင်ခန်းစာအစီအစဉ်ရေးဆွဲမှု/ သင်ပြမှုပုံစံ (Lesson Plan Template) တစ်ခုကို အသုံးပြုကာရေးဆွဲရသည်။ ထိုအကြောင်းအရာကို ပထမနှစ်သင်တန်းတွင် သင်တို့ သင်ယူခဲ့ပြီးဖြစ်ပါသည်။ "ဤနှစ်တွင် ပထမနှစ်က သင်တို့ သင်ယူသိရှိခဲ့သည်များအပေါ် အခြေခံကာ ဒုတိယနှစ် အတွက် သင်ခန်းစာအစီအစဉ်ရေးဆွဲမှုအတွက် ရေးဆွဲရန်ပုံစံတစ်ခု (Template) အသုံးပြု ထားသော ဖြစ်စဉ်တစ်ခုကို မိတ်ဆက်ပေးမည်ဖြစ်သည်။ သင်ခန်းစာရေးဆွဲမှုပုံစံ (Template) ပေါ် အခြေခံကာ သင်တို့၏သင်ခန်းစာများ ကို စီစဉ်ပြင်ဆင်နိုင်မည်ဖြစ်သည်။"

၁၀။ ထိုဖြစ်စဉ်တွင် အဆင့် (၁၂) ဆင့်ပါရှိသည်။ (ကျောင်းသားကိုင်စာအုပ်နှင့် အောက်ဖော်ပြပါအချက် တို့ကို ရည်ညွှန်းပါ။ "သင်ခန်းစာ အစီအစဉ်ရေးဆွဲမှု/ သင်ပြမှုပုံစံ" (Lesson Plan Template) ခေါင်းစဉ်ကို ကျောင်းသားကိုင်စာအုပ် တွင် ကြည့်ရှုနိုင်သည်)

**(၁) သင်ခန်းစာ အကြောင်းအရာ (သို့မဟုတ်) သင်ခန်းစာ၏အမည် (Lesson Topic or Title)** - ဤအဆင့်သည် "အဆင့် (၁) - သင်ခန်းစာပါ အကြောင်းအရာတစ်ခု၏ အဓိက စိတ်ကူးစိတ်သန်း၊ ဆက်စပ်နေသော စိတ်ကူးစိတ်သန်းများနှင့် အဓိပ္ပာယ်ပေါ်လွင်အောင် ဘေးမှ ဝိုင်းဝန်းပံ့ပိုး ပေးသော အသေးစိတ်အချက်အလက်များအကြောင်းကို သင့်ကိုယ်သင် ဦးစွာပထမ သင်ကြားပေးခြင်း" နှင့် ဆင်တူပါသည်။ သင် သင်ကြားမည့် သင်ခန်းစာ၏ အကြောင်း အရာ/ အမည်ကို ဆုံးဖြတ်ပါ။

**(၂) ကျောင်းသားများ၏အကြောင်း (သင်ယူပုံအကြောင်း) ကို သိရှိခြင်း (Know the student)** - ဤအဆင့်သည်လည်း "အဆင့် (၂) နှင့် ဆင်တူပါသည်။ "ကျောင်းသားများ သိရှိပြီးသော အကြောင်းအရာနှင့် သူတို့လုပ်ဆောင်နိုင်မှု တို့ကို ကြိုတင်မှန်းဆခြင်း" ကျောင်းသား တစ်ဦးစီ၌ သင်ယူမှုလိုအပ်ချက်နှင့် စပ်လျဉ်း၍ သင်ထည့်သွင်း စဉ်းစားရမည့် အချက်များကိုလည်း သိရှိရမည်။

**(၃) သင်ယူမှု ရည်ရွယ်ချက် (Learning Objective)** - ဤအဆင့်သည်လည်း သင်ကြားမည့် သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ဆုံးဖြတ်ပေးခြင်း ဖြစ်ပါသည်။

**(၄) သင်ယူမှုရလဒ်များ (Learning Outcomes)** - ဤအဆင့်သည်လည်း "အဆင့် (၄) - သင်ကြားမည့်သင်ခန်းစာများအတွက် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော ထိထိမိမိပါရှိသည့် သင်ယူမှုရလဒ်များကို သတ်မှတ်ပေးခြင်း (Smart learning outcome)" နှင့် ဆင်တူပါသည်။ ဤနေရာတွင် "SMART သင်ယူမှုရလဒ် အညွှန်းဘောင်" (Smart learning outcome framework) ကို အသုံးပြု၍ သင်ခန်းစာအပြီးတွင် ကျောင်းသားများ သိရှိသွားမည့် အကြောင်းအရာများနှင့် လုပ်ဆောင်တတ်လာမည့် အရာတို့ကို သတ်မှတ်ပေးရန် ဖြစ်သည်။

**(၅) အောင်မြင်မှုစံများ (Criteria for Success)** - ဤအဆင့်သည်လည်း အဆင့် (၁၀) ဆင့်ပါ ပုံစံထဲမှ အဆင့် (၅) နှင့် ဆင်တူမှုရှိသည်။ "အောင်မြင်မှုစံများကို သတ်မှတ်ပေးထားခြင်း" သင့်ကျောင်းသားများ မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ရရှိသွားသည့်အခါ သင်နှင့် ကျောင်းသားများ မည်သို့ သိရှိလာနိုင်မည်ကို ဖော်ပြထားသော အချက်အလက်များ ဖြစ်ကြသည်။

**(၆) ချဉ်းကပ်သင်ကြားနည်း (Teaching Approach)** - ဤအဆင့်တွင် ဆရာဗဟိုပြုချဉ်းကပ်မှု၊ ကျောင်းသားဗဟိုပြုချဉ်းကပ်မှုနှင့် ထိုချဉ်းကပ်မှု နှစ်မျိုးစလုံးကို သုံး၍ ချဉ်းကပ်မှုတို့ကို ဖော်ပြရန် ဖြစ်သည်။

**(၇) သင်ကြားသင်ယူမှုနည်းဗျူဟာများ (Teaching & Learning Strategies)** - ဤအဆင့်တွင် သင်အသုံးပြုမည့် နည်းဗျူဟာများကို ဖော်ပြရန်ဖြစ်သည်။ ဥပမာ စူးစမ်းလေ့လာမှုအခြေပြု သင်ယူမှု (သို့မဟုတ်) စီမံချက်အခြေပြု သင်ယူမှု (သို့မဟုတ်) ဆရာကဦးဆောင်သော သင်ကြားမှု စသည်တို့ ဖြစ်ကြသည်။

**(၈) သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ (Teaching & Learning Methods and Techniques)** - ဤအဆင့်သည် အဆင့် (၁၀) ဆင့်ပါသော ပုံစံထဲမှ အဆင့် (၆) နှင့် ဆင်တူပါသည်။ "သင်ယူမှုလုပ်ငန်းများနှင့် သင်ယူမှုနည်းလမ်းများအကြောင်းကို သိရှိပြီး သင်ကြားရာတွင် ရှေ့နောက် အစီအစဉ်ကျနမှုနှင့် သင်ယူမှုနည်းလမ်းမျိုးစုံ အသုံးပြုနိုင်မှု၏ အရေးပါပုံကိုပါသိရှိထားလျက် သင်ခန်းစာတစ်ခုကိုသင်ကြားနေစဉ်အတွင်း သင် (ဆရာ) က မည်သည်တို့ကို ဆောင်ရွက်နေလိမ့်မည်နှင့် ကျောင်းသားများက မည်သည်တို့ကို ဆောင်ရွက်နေလိမ့်မည် စသည်တို့ကို စိတ်ကူးပုံရိပ်

ဖော်ကြည့်ခြင်း”။ ဤနည်းအားဖြင့် ဆရာနှင့် ကျောင်းသားများက သင်ယူမှုရလဒ်များ ရရှိရေးသို့ ဦးတည်အလုပ်လုပ်နေကြပုံကို စိတ်ကူးထဲတွင် စဉ်းစားပုံဖော်ကြည့်တတ်ရမည် ဖြစ်ပါသည်။ သင်သည် မေးခွန်းများမေးခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ သရုပ်ဆောင်သင်ကြားသင်ယူခြင်း နှင့် တွေး-တွဲ-မျှဝေသင်ယူခြင်း တို့မှ မည်သည့် နည်းလမ်းများ အသုံးပြုရမည်ကို စဉ်းစားဆုံးဖြတ်ရလိမ့်မည်။

**(၉) သင်ထောက်ကူစွည်းများနှင့် ရင်းမြစ်များ (Teaching Aids and Resources)** - ဤအဆင့်သည်လည်း အဆင့် (၁၀) ဆင့်ပါသော သင်ယူမှုပုံစံထဲမှ အဆင့်(၈) ၊ အဆင့် (၉) တို့နှင့် ဆင်တူမှုရှိပါသည်။ “သင်ယူမှုလုပ်ငန်း တစ်ခုစီအတွက် လိုအပ်မည့် သင်ကြားမှု၊ သင်ယူမှုဆိုင် ရာ ပစ္စည်းများ (TLM) (ဥပမာ စာအုပ်စာတမ်း) ကို သတ်မှတ်ပေးခြင်းနှင့် ထိုပစ္စည်းများကို အင်တာနက်မှ ရယူကာ လိုအပ်သလို ထုတ်နုတ်ပြုပြင် သုံးစွဲခြင်း (သို့မဟုတ်) ပစ္စည်းသစ်များ ဖန်တီးခြင်း”။ မိမိသင်ကြားမည့် သင်ခန်းစာအတွက် ရုပ်မြင်သင်ထောက်ကူများ၊ အသံသင်ထောက်ကူများ နှင့် နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းစသဖြင့် မည်သည့် သင်ထောက်ကူပစ္စည်းများ နှင့် ရင်းမြစ်များ လိုအပ်မည်ကို စဉ်းစားဆုံးဖြတ်ရ မည်။

**(၁၀) သင်ခန်းစာအစီအစဉ်ရေးဆွဲမှုတစ်ခုတွင် ပါဝင်သော အဆင့်များ (Stages of the lesson)** ဆိုသည်မှာ မိတ်ဆက်ပေးခြင်း (နိဒါန်း) (Introduction)၊ ကိုယ်ထည် (သို့မဟုတ်) အဓိကအပိုင်း (Body) နှင့် ပြန်လည်ဆန်းစစ် ခြင်း (Review) တို့ ဖြစ်ကြသည်။ အဆင့် (၁၀) ဆင့်ပါသော သင်ယူမှုအစီအစဉ်ရေးဆွဲမှုပုံစံမှ အဆင့် (၇) တွင် ဖော်ပြထားသည်မှာ သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် အချိန်မည်မျှကြာအောင် အသုံးပြုခွင့် ပေးမည်ကို ဆုံးဖြတ်စေပါသည်။ ဤပုံစံတွင်မူ အဆင့် (၃) ဆင့် ဖြစ်သော မိတ်ဆက်ခြင်း၊ အဓိကအပိုင်းကို ဆောင်ရွက်ခြင်းနှင့် ပြန်လည်ဆန်းစစ် လခြင်း အဆင့်တစ်ဆင့်စီ၌ ဆောင်ရွက်ရသော ဆရာလုပ်ငန်း ကျောင်းသားလုပ်ငန်းများ၏ သဘောသဘာဝနှင့် အခြေအနေအရပ်ရပ် အတွက် လိုက်လျောညီထွေစွာ အချိန်ကို စီမံခန့်ခွဲရမည် ဖြစ်ပါသည်။

**(၁၁) လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲလုပ်ဆောင်မှု (Differentiation)** - ဤအဆင့်သည် အဆင့် (၁၀) ဆင့်ပါသော ပုံစံထဲမှ အဆင့် (၁၀) နှင့် ဆင်တူပါသည်။ “အကယ်၍ သင်စီစဉ်ထားသည့်အတိုင်း အစီအစဉ်မချောဘဲ

သင်ခန်းစာ၏ တစ်နေရာရာ၌ အထစ်အငေါ့ (အတားအဆီး) ဖြစ်ပေါ်နေလျှင် (ဥပမာ - ဆရာက ဗီဒီယိုပြသရန်စီစဉ်နေဆဲ လျှပ်စစ်မီး ပြတ်တောက်ခြင်း စသည့် အတားအဆီး) ကျောင်းသားများအား သင်ယူမှုရလဒ်ဆီသို့ ဦးတည်လေ့လာနေမှု မပျက်ပြားစေရန် သင်မည်သို့ ဆောင်ရွက်ပေးရမည်ကို ကြိုတင်မှန်းဆစီစဉ်ခြင်း” ဟု ဖော်ပြထားပါသည်။ ဤအဆင့်က ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးရန် သင်ကြားမှုနှင့်သင်ယူမှုကို မည်သို့ လိုအပ်သလို ပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးနိုင်မည်ဆိုသည့် အချက်ကို စဉ်းစားပေးရမည် ဖြစ်သည်။

**(၁၂) ဆရာ၏ အကဲဖြတ်သုံးသပ်မှု (Teacher Evaluation)** - ဤအဆင့်တွင် ဆရာက ကျောင်းသားများ၏ လုပ်ဆောင်မှုကို အကဲဖြတ်သုံးသပ်ပေးရမည်။ သင်ခန်းစာကို သင်ကြားမှု ပြီးဆုံးသွားသောအခါ ကျောင်းသားများ၏ တတ်မြောက်မှုကို အကဲဖြတ်သုံးသပ်ရန် သင်က မေးခွန်းများကို ပြုစုရေးသား ပြင်ဆင်ရမည်။ ဤသင်ခန်းစာ သင်ခြင်းအားဖြင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်များထဲမှ မည်သည့်စံ သတ်မှတ်ချက်များကို ပြည့်မီစေကြောင်းကိုလည်း စဉ်းစားပါ။

၁၁။ ပုံကြီးချဲ့ထားသော ဇယား (၄.၁) ကို အတန်းအား ပြသပေးပါ။ ထိုဇယားထဲမှ အပိုင်းတစ်ခုစီကို ညွှန်ပြပြီး လမ်းညွှန်မေးခွန်းများကိုလည်း အပိုင်းတစ်ခုစီအတွက် ဖတ်ပြပါ။

**သင်ယူမှုလုပ်ငန်း (၁)။ ပထမနှစ်သင်တန်းမှသင်ခန်းစာ အစီအစဉ်ရေးဆွဲမှုနှင့် ဒုတိယနှစ် သင်တန်း သင်ခန်းစာ အစီအစဉ်ရေးဆွဲမှု တို့ကိုနှိုင်းယှဉ်ပြခြင်း**

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ (၄) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ပထမနှစ်နှင့် ဒုတိယနှစ် သင်ခန်းစာ အစီအစဉ် ရေးဆွဲမှုများအကြား ခြားနားချက်များကို သတ်မှတ်ဖော်ထုတ်ပေးရန်

၁။ ဤလုပ်ငန်းသည် တွေး-တွဲ-မျှဝေသင်ယူခြင်းလုပ်ငန်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားများအား ညွှန်ကြားရာတွင် ပထမဦးစွာ တစ်ဦးချင်း ဆောင်ရွက်ရန် ပြောမည်။ ဇယား (၄.၂) တွင်ပါဝင်သော ပထမနှစ် သင်ခန်းစာအစီအစဉ်ရေးဆွဲမှုနှင့် ဒုတိယနှစ်သင်ခန်းစာ အစီအစဉ်ရေးဆွဲမှုတို့မှ အစိတ်အပိုင်း အသီးသီးတို့ကို ပြန်လည် ဆန်းစစ်ရမည်။ ကျောင်းသားကိုင်စာအုပ်မှ ပထမနှစ်အတွက် သင်ခန်းစာ အစီအစဉ်နှင့် ဒုတိယနှစ်အတွက် သင်ခန်းစာအစီအစဉ်နှစ်ခုကို နှိုင်းယှဉ်ပြီး ၎င်းပုံစံ (၂) မျိုးထဲမှ ဆင်တူသော အစိတ်အပိုင်းများကို မျဉ်းသားရန် ဆက်သွယ်ပေးပါ။

၂။ ပထမနှစ် အစီအစဉ်၏ ဒုတိယအဆင့်၌ "မည်သည်တို့ကို ကျောင်းသားများသိရှိပြီး ဖြစ်နိုင်ခြေ ရှိသည်ဟု ကြိုတင်မျှော်မှန်းသည်" ဆိုသောအချက်သည် ဒုတိယနှစ် အစီအစဉ်၏ ဒုတိယဆင့်၌ "ကျောင်းသားများ သိရှိထားသည့် အချက်အလက်များနှင့် သူတို့၏သင်ယူမှုလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသည်" ဆိုသော အဓိပ္ပာယ်ဆင်တူမှုရှိပါသည်။ ထို့ကြောင့် ကျောင်းသားများက ၎င်းအချက်နှစ်ခု အကြားတွင် မျဉ်းကြောင်းတစ်ကြောင်းဆွဲသားကာ ဆက်သွယ်မှုကိုပြရမည်။

၃။ ဤနည်းအားဖြင့်ပထမနှစ်သင်ခန်းစာအစီအစဉ်၏ အစိတ်အပိုင်းအသီးသီးတို့ကို ဒုတိယနှစ် သင်ခန်းစာအစီအစဉ်၏ အစိတ်အပိုင်းအသီးသီးတို့နှင့် ယှဉ်တွဲမှုကို ကျောင်းသားတစ်ဦးချင်းစီက ဆောင်ရွက်ပြီးသွားသည့်အခါတွင် ဆရာက အခြား ကျောင်းသားတစ်ဦးနှင့် တွဲစေပြီးနောက် တူညီမှု၊ ဆင်တူမှုများကို နှစ်ယောက် တစ်တွဲဆွေးနွေးရန် ညွှန်ကြားပါ။ ခြားနားချက်များကို ရောင်စုံမာကာများနှင့် ထင်ရှားအောင် အရောင်ခြယ်ပေးပါ။

၄။ နှစ်ယောက်တစ်တွဲ တွဲထားသော ကျောင်းသားများအား အခြားနောက်ထပ် ကျောင်းသား တစ်တွဲနှင့် အတူထပ်မံတွဲစေမည်။ အတွဲနှစ်တွဲမှ ကျောင်းသား (၄) ယောက်သည် ထိုပုံစံ (၂) ခု မည်သို့ခြားနားသည်ကို ဆွေးနွေးကြရမည်။ သင်ခန်းစာအစီအစဉ် ရေးဆွဲမှုအကြောင်းကို ပိုမို နားလည်နိုင်စေရန်အတွက် မည်သည်တို့ကို ထပ်မံထည့်သွင်းသင့်ကြောင်းကိုလည်း ဆွေးနွေးကြရမည် ဖြစ်သည်။

၅။ အုပ်စုများကိုပေါင်းစည်းကာ အတန်းအဖြစ် ပြန်လည်ဖွဲ့စည်းပါ။ ဆွေးနွေးမှုမှ ရရှိလာသော အတွေးအမြင် စိတ်ကူးစိတ်သန်းတို့ကို မျှဝေပေးရန် ဆန္ဒရှိသော ကျောင်းသားများကို ဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက် ဆွေးနွေးခြင်း၊ အတန်းလိုက် ဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မှတ်ချက် - ရောင်စုံမာကာများနှင့် အရောင်ခြယ်ထားသော/အရိပ်ပြထားသော နေရာများတွင် ခြားနားချက်များ ဖြစ်ကြသည်။ ၎င်းတို့သည် ဒုတိယနှစ်ပုံစံတွင် ထပ်ထည့်ထားသော အချက်အလက်များ ဖြစ်ကြသည်။ အောက်ဖော်ပြပါပုံသည် ဇယား (၄.၂) (ကျောင်းသားကိုင် စာအုပ်မှ) ကို ဖြည့်စွက်ထားသော ပုံဖြစ်သည်။

| ပထမနှစ်သင်တန်း - အဆင့် (၁၀) ဆင့်ပါသော အစီအစဉ် ပြင်ဆင်မှု | ဒုတိယနှစ်သင်တန်း - အဆင့် (၁၂) ဆင့်ပါသော သင်ခန်းစာအစီအစဉ် |
|---|---|
| သင်ခန်းစာပါ အကြောင်းအရာကို မိမိကိုယ်မိမိ သင်ကြားပေးသည်။ | သင်ကြားမည့် သင်ခန်းစာ၏ ခေါင်းစဉ်/ အကြောင်းအရာကို ဆုံးဖြတ်ပေးသည်။ |
| မည်သည်တို့ကို ကျောင်းသားများသိရှိပြီး ဖြစ်နိုင်ခြေရှိသည်ဟု ကြိုတင်မျှော်မှန်းသည်။ | ကျောင်းသားများ သိရှိထားသည့် အချက်အလက်များနှင့် သူတို့၏ သင်ယူမှု လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသည်။ |
| SMART သင်ယူမှုရလဒ် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍သတ်မှတ်ပေးသည်။ | သင်ခန်းစာ၏ အသေးစိတ် ရည်ရွယ်ချက်များ/ သင်ခန်းစာ၏ ရည်ရွယ်ချက်ကို သတ်မှတ်ပေးသည်။ |
| အောင်မြင်မှုစံများကို သတ်မှတ်ပေးသည် | သင်ယူမှုရလဒ်များကို သတ်မှတ်ပေးသည်။ |
| သင်ခန်းစာ သင်ကြားနေစဉ်အတွင်း ဆရာက မည်သည်တို့ကို ဆောင်ရွက်နေလိမ့်မည်နှင့် ကျောင်းသားများက မည်သည်တို့ကို ဆောင်ရွက်နေလိမ့်မည်ဟု စိတ်ကူးပုံရိပ်ဖော် စဉ်းစားသည်။ (ဆရာ့လုပ်ငန်းနှင့်ကျောင်းသား လုပ်ငန်းတို့ကို ကြိုတင်မျှော်မှန်း စိတ်ကူး ကြည့်သည်။) | အောင်မြင်မှုစံများကို သတ်မှတ်ပေးသည်။ |
| သင်ယူမှုလုပ်ငန်းတစ်ခုဆောင်ရွက်ရန် ခွင့်ပြုချိန်ကို ဆုံးဖြတ်ပေးသည်။ | ချဉ်းကပ်သင်ကြားနည်းတစ်ခုခုကို ရွေးချယ်သည်။ |
| မည်သည့် သင်ကြားသင်ယူမှု ပစ္စည်းများ အသုံးပြုရမည်ကို သတ်မှတ်ပေးသည်။ (TLM) | သင် အသုံးပြုမည့် သင်ကြားသင်ယူမှု နည်းဗျူဟာများကို ရွေးချယ်သည်။ |
| သင်ကြားသင်ယူမှု ပစ္စည်းများ(TLM) ရရှိ စေရန် အင်တာနက်မှ ရယူပြီး လိုအပ်သလို ထုတ်နုတ်ပြုပြင်သုံးစွဲသည် (သို့မဟုတ်) TLM အသစ်များကို ဖန်တီးသည်။ | အသုံးပြုမည့် သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များကို ရွေးချယ်သည်။ |
| အဟန့်အတား၊ အတားအဆီးများကို ကြိုတင် မျှော်မှန်းပြီး ဖြေရှင်းရန် စီစဉ်ပြင်ဆင်သည်။ | သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ရွေးချယ်သည်။ |
| သင်၏ သင်ခန်းစာ အစီအစဉ်ရေးဆွဲမှုကို သင်ခန်းစာအစီအစဉ်ရေးဆွဲမှု ပုံစံတစ်ခုထဲတွင် ထည့်သွင်းရေးသားခြင်းအားဖြင့် မှတ်တမ်းတင်ထားရှိသည်။ | မိတ်ဆက်ခြင်း(နိဒါန်း) ကိုယ်ထည်(အဓိကအပိုင်း) နှင့် ပြန်လည် ဆန်းစစ်ခြင်းအပိုင်းတို့ကို စီစဉ်ရေးသားသည်။ |
| | ကျောင်းသားတစ်ဦးစီ၏ သင်ယူမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သင်ကြားမှု သင်ယူမှုတို့ကို လိုအပ်ချက်အလိုက် မည်ကဲ့သို့ ပြောင်းလဲလုပ်ဆောင်ရမည်ကို စဉ်းစားသည်။ |
| | သင်ကြားမှု၊ သင်ယူမှုတို့ကို သင်မည်ကဲ့သို့ အကဲဖြတ် သုံးသပ်မည် ဖြစ်ကြောင်းကို ဆုံးဖြတ်သည်။ |

## သင်ယူမှုလုပ်ငန်း (၂)။ ဒုတိယနှစ်သင်တန်း သင်ခန်းစာ အစီအစဉ်ရေးဆွဲမှုပုံစံကို သင်ယူမှုရလဒ်များအား တိုက်ဆိုင်စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင် (၄) ဦးစီပါဝင်သော ကျောင်းသား အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဒုတိယနှစ်သင်တန်းမှ သင်ခန်းစာအစီအစဉ် ရေးဆွဲမှုပုံစံ၏အဆင့် (၁၂) ဆင့် အကြောင်းကို ပိုမိုနားလည်လာစေရန်။

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၄) ဦး ပါဝင်သော အုပ်စုများအဖြစ်သို့ ခွဲခြားပါ။ သင်ခန်းစာ အဆင့်တစ်ခုစီ၌ ၎င်းတို့ မည်သည်ကို လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်းကို ဆွေးနွေးရန်ပြောပါ။ ဒုတိယနှစ်သင်တန်း သင်ခန်းစာ အစီအစဉ်ပုံစံကို ပြထားသော ဇယား (၄.၃) ကိုအသုံးပြုပြီး သင်ခန်းစာ အစီအစဉ် အဆင့် တစ်ဆင့်စီ၌ လုပ်ဆောင်ရမည်ဖြစ်သော ဆရာ့လုပ်ငန်းများကို ဆွေးနွေးစေမည်။ ထိုလုပ်ငန်း အသီးသီးတို့ကို သူတို့၏ ကိုယ်ပိုင်စကားလုံးများကို အသုံးပြု၍ ရေးသားရန် ညွှန်ကြားပါ။

၂။ အုပ်စုအသီးသီးတို့ကို ပြန်လည်ပေါင်းစည်းပြီး အတန်းပြန်ဖွဲ့စည်းပါ။ ဤလုပ်ငန်းကို ဆွေးနွေးပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် အတန်းတွင်းဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဖြစ်နိုင်ခြေရှိသောအဖြေများ၏ ဥပမာများကို ဇယား (၄.၃) (က) တွင် စာလုံးစောင်းများဖြင့် ဖော်ပြထားသည်။

## ဇယား ၄.၃ (က) ။ ဒုတိယနှစ်သင်တန်း သင်ခန်းစာ အစီအစဉ်ရေးဆွဲပုံကို ရှင်းလင်းခြင်း - (ဖြည့်စွက်ထားသော ပုံစံ)

<table>
<tr><td>အတန်း -</td><td>နေ့စွဲ -</td><td>အချိန်(စာသင်ချိန်)</td><td>ဆရာအမည် -</td></tr>
<tr><td colspan="4">သင်ခန်းစာ - (သင်ကြားမည့်သင်ခန်းစာထဲမှ အကြောင်းအရာ/သင်ခန်းစာ အမည် က ဘာလဲ။)</td></tr>
<tr><td colspan="4">ကျောင်းသားများအကြောင်းသိရှိခြင်း(Know the students)<br>ယခင်ကသိရှိပြီး ဖြစ်သော အသိပညာ (Prior Knowledge)<br>ဤသင်ခန်းစာ မသင်ယူမီ ကျောင်းသားများ ယခင်က သင်ယူခဲ့သည့် အကြောင်းအရာများကို သိပြီး ဖြစ်သောကြောင်းအရာများနှင့် သူတို့ လုပ်ဆောင်နိုင်စွမ်းရှိသော အရာများကိုရေးသားပါ။<br>ကျောင်းသားများ၏ အဓိကအကြောင်းအရာ အချက်အလက်များ ဖော်ပြချက် (Student Profile)<br>သင်ခန်းစာ အစီအစဉ်ပြင်ဆင်ရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သော ကျောင်းသားများ၏ လိုအပ်ချက်အကြောင်းစသည့် မည်သည့် အချက်အလက်ကို မဆိုရေးသားပါ။ (ဥပမာ - သွားလာလှုပ်ရှားနိုင်ခြင်း မရှိသည့် ကျောင်းသား၏ လိုအပ်ချက်ကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်။)</td></tr>
<tr><td colspan="4">သင်ခန်းစာ၏ ရည်ရွယ်ချက် (Lesson Objective)<br>သင်ခန်းစာသင်နေစဉ် သင်ခန်းစာအတွင်း၌ သင်(ဆရာ) ဆောင်ရွက်ရန် ရည်ရွယ်ထားသော အကြောင်းအရာ/ လုပ်ငန်းများကို ရေးပါ။</td></tr>
<tr><td colspan="4">သင်ယူမှုရလဒ်များ (Learning Outcomes)<br>SMART အညွှန်းဘောင်ကို အသုံးပြု၍ရေးပါ။ သင်ခန်းစာ သင်ယူပြီးချိန်တွင် သင်(ဆရာ)က ကျောင်းသားများအား သိရှိသွားစေလိုသည့်အရာများနှင့် သူတို့ လုပ်ဆောင်/ ဆောင်ရွက်တတ်သွားစေလိုသော အရာများကို ရေးပါ။ ဤသင်ခန်းစာ ပြီးဆုံးချိန်တွင် ကျောင်းသားများသည် အောက်ပါတို့ကို လုပ်ဆောင်တတ်မည်။</td></tr>
<tr><td colspan="4">အောင်မြင်မှုစံများ (Criteria for Success)<br>ဤနေရာတွင် သင်(ဆရာ)က ရေးသားရမည်မှာ ဆရာနှင့်ကျောင်းသားများက အောင်မြင် ပေါက်မြောက်သွားမှုကို မည်သို့ သိနိုင်ကြောင်း တိကျစွာ သတ်မှတ်ထားသော သတ်မှတ်ချက်များ ဖြစ်သည်။ ဆရာက သတ်မှတ်ချက်တစ်ခုကို တိတိကျကျ ဖော်ပြပြီး ထိုသတ်မှတ်ချက်ကို ပြည့်မီလျှင် ကျောင်းသားများသည် သင်ယူမှုရလဒ်များကို ရရှိသည်။ မပြည့်မီလျှင် သင်ယူမှုရလဒ်များကို မရရှိသေးဟု သိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် အောင်မြင်မှုစံများ ချမှတ်ထားရမည်။ ဥပမာအားဖြင့် ကျောင်းသားများသည် အဖြေကို အမှတ်ပြည့် (ပေးမှတ်အပြည့်) ရရှိမှ အောင်မြင်သည် ဟု သတ်မှတ်မည်လား (သို့မဟုတ်) (၁၀)မှတ်ပေးလျှင် (၇)မှတ်ရပါက အောင်မြင်သည်ဟု သတ်မှတ်မည်လား စသည်တို့ကို စဉ်းစားရမည်။</td></tr>
<tr><td colspan="4">ချဉ်းကပ်သင်ကြားနည်းများ (Teaching Approach Strategies)<br>သင်အသုံးပြုမည့် ချဉ်းကပ်မှုသည် ဆရာဗဟိုပြု/ကျောင်းသားဗဟိုပြု/ နှစ်ခုစလုံးရောထွေး ပါဝင်မှု ရှိ/မရှိ တို့ကို ရေးသားပါ။</td></tr>
<tr><td colspan="4">သင်ကြားသင်ယူမှု နည်းဗျူဟာများ (Teaching and Learning Strategies)<br>ချဉ်းကပ်မှုတစ်ခုကို ရွေးချယ်ပြီးသောအခါ အသုံးပြုမည့် သင်ကြားမှု သင်ယူမှုနည်းဗျူဟာ များကိုဆုံးဖြတ်ပါ။ ဆိုလိုသည်မှာ သင်ခန်းစာကို သင်ကြားပို့ချမည့် နည်းလမ်းများကို ရှာဖွေ ရမည်။</td></tr>
<tr><td colspan="4">သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ (Teaching and Learning Methods and Techniques)<br>သင်ခန်းစာတစ်ခု သင်ကြားနေစဉ် အတောအတွင်း တိကျစွာ သတ်မှတ်ထားသော မည့်သည့် ကျွမ်းကျင်မှုများ၊ စိတ်ကူးစိတ်သန်းများ၊ သင်ယူမှုလုပ်ငန်းများ (သို့မဟုတ်) မည်သည့် ကစားနည်းများကို အသုံးပြုမည်ဟု ဆုံးဖြတ်ရမည်။</td></tr>
<tr><td colspan="4">သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ (Teaching Aids and Resources)<br>(မြင်/ထောက်ကူပစ္စည်းများ၊ နားကြားမှု အထောက်အကူပြု အသံသွင်း တိတ်ခွေများ၊ နည်းပညာ များ ပေါင်းစပ်သုံးစွဲထားသော ပစ္စည်းကိရိယာများ၊ သင်ခန်းစာသင်ကြားရာတွင် လိုအပ်သည့် ပစ္စည်းများ၊ ရင်းမြစ်များ၊ လုပ်ငန်းသုံး ပစ္စည်းများ၊ နည်းပညာများ (သို့မဟုတ်) အခြား သင်ယူမှုဆိုင်ရာပစ္စည်းများကို ဆုံးဖြတ်ရမည်။</td></tr>
</table>

| **အဆင့်Stage** | **ကြာမြင့်ချိန် (၄၅) မိနစ်** | **ဆရာ လုပ်ငန်း** (သင်ပြုလုပ်မည်မှာ မည်သည့်အရာများဖြစ်သနည်း။) | **ကျောင်းသား လုပ်ငန်း** (ကျောင်းသားများ ပြုလုပ်မည်မှာမည်သည့် အရာများဖြစ်သနည်း။) | **လိုအပ်ချက်အလိုက် ပြုပြင် ပြောင်းလဲ လုပ်ဆောင်မှုများ** (ကျောင်းသားများ၏ လိုအပ် ချက်များကို တုံ့ပြန်/ဖြည့်ဆည်းပေးရန် သင်ကြားသင်ယူမှုလုပ်ငန်းများကို သင်မည်သို့ ပြုပြင်ပြောင်းလဲ လုပ်ဆောင်မည်နည်း။) |
|---|---|---|---|---|
| **မိတ်ဆက်ခြင်း (နိဒါန်း) (Introduction)** | *ကျောင်းသားများ၏အာရုံစိုက်မှုကိုဆွဲဆောင်နိုင်ရန် နှင့် သူတို့၏ စိတ်ပါဝင်စားစွာ ဆောင်ရွက်မှုကို ရရှိစေနိုင်ရန် သင်ခန်းစာကို သင်မည်သို့စတင်မည်ကို ရေးပါ။ သင်ယူမှုရလဒ် များနှင့် အောင်မြင်မှုစံများ ကို လက်ဆင့်ကမ်းခြင်း၊ ကျောင်းသားများ၏ ရှိပြီးအသိ ပညာနှင့် အချက်အလက်သစ်များကို ချိတ်ဆက်ပေးခြင်း၊ မိတ်ဆက်ခြင်းသည် အချိန် မည်မျှကြာမည်နည်း။ ကျောင်းသားများက မည်သည်ကို ပြုလုပ်၍ သင်က မည်သည်ကို ပြုလုပ်နေမည်နည်း။* | | | |
| **အဓိကပိုင်း (ကိုယ်ထည်ပိုင်း) (Body)** *သင်ခန်းစာ၏ ကိုယ်ထည်ပိုင်းတွင်ခြားနား သော အဆင့်အသီးသီးတို့ ပါဝင်ပါသလား။ (ဥပမာ- ရှင်းလင်း လွယ်ကူသော သင်ကြားမှု၊ ဆရာလမ်းညွှန်မှုဖြင့် လေ့ကျင့်ရသော အဆင့်လွတ်လပ်စွာ လေ့ကျင့်မှု အဆင့်စသည် )* | *သင်ခန်းစာတစ်ခုအတွင်း မည်သည်တို့ ဖြစ်ပျက်မည်ကိုရေးပြပါ။ နည်းဗျူဟာများ၊ ရှင်းလင်း လွယ်ကူသော သင်ကြားမှု၊ ကိုယ်တိုင်လွတ်လပ်စွာ သင်ယူနေကြသော ကျောင်းသားများနှင့် သင်ယူမှု လုပ်ငန်းများ၊ ကိုယ်ထည်ပိုင်း ဆောင်ရွက်ချိန် မည်မျှကြာ မည်နည်း။ ကျောင်းသားများက မည်သည်ကိုပြုလုပ်၍ သင်က မည်သည်ကို ပြုလုပ်နေမည်နည်း။* | | | |
| **ပြန်လည်ဆန်းစစ်ခြင်း (Review)** *သင်ယူမှုရလဒ်ကို ကျောင်းသားများ ရရှိသွားခြင်း ရှိ/မရှိ၊ သင် မည်သို့ စစ်ဆေးအကဲ ဖြတ်မည်နည်း။ သင်ယူမှု အပေါ် ပြန်လည်သုံးသပ်စဉ်းစား တတ်စေရန် ကျောင်းသားများအား ပံ့ပိုးပေးခြင်း* | *သင်ခန်းစာကို သင်မည်ကဲ့သို့အဆုံးသတ်ပေးမည် နှင့် သင်ယူမှုရလဒ်များကို ကျောင်းသား များရရှိသွားခြင်းရှိ/မရှိ တို့ကိုရေးသားပါ။ ကျောင်းသားများက ၎င်းတို့သင်ယူမှုအပေါ် မည်သို့ပြန်လည် သုံးသပ်ကြလိမ့်မည်ကိုလည်း ထည့်သွင်းရေးသားပါ။ ဤအပိုင်းသည် အချိန် မည်မျှကြာမည်နည်း။ ကျောင်းသားများက မည်သည်ကိုပြုလုပ်၍ သင်က မည်သည်ကို ပြုလုပ်နေမည်နည်း။* | | | |

<table>
<tr><th>အဆင့်Stage</th><th>ကြာမြင့်ချိန်<br>(၄၅) မိနစ်</th><th>ဆရာ လုပ်ငန်း<br>(သင်ပြုလုပ်မည့်မှာ မည်သည့်အရာများဖြစ်သနည်း။)</th><th>ကျောင်းသား လုပ်ငန်း<br>(ကျောင်းသားများ ပြုလုပ်မည်မှာမည်သည့် အရာများဖြစ်သနည်း။)</th><th>လိုအပ်ချက်အလိုက် ပြုပြင် ပြောင်းလဲ လုပ်ဆောင်မှုများ<br>(ကျောင်းသားများ၏ လိုအပ် ချက်များကို တုံ့ပြန်/ဖြည့်ဆည်းပေးရန် သင်ကြားသင်ယူမှုလုပ်ငန်းများကို သင်မည်သို့ ပြုပြင်ပြောင်းလဲ လုပ်ဆောင်မည်နည်း။)</th></tr>
<tr><td colspan="5">ဆရာ၏ အကဲဖြတ်သုံးသပ်မှု (Teacher Evaluation) (အကဲဖြတ်သုံးသပ်မှုပြုရန် မေးခွန်းများ စီစဉ်ရေးသားခြင်း၊ ဤအပိုင်းကို သင်ခန်းစာ သင်ကြားပြီးချိန်မှသာ ဖြည့်သွင်းရေးသားပါ)<br>• သင့်ကျောင်းသားများအားလုံးက သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြပြီး ထိုရလဒ်များကို ပြည့်မီမှုရှိပါသလား။ ၎င်းတို့သည် ကျောင်းသားများ၏ တတ်မြောက်မှုအဆင့်နှင့် ညီညွတ်မှု ရှိပါသလား။ ပေးထားသော အချိန်အတိုင်းအတာအရ တကယ်သဘာဝကျမှု ရှိပါသလား။<br>• သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ နည်းလမ်းများသည် သင်ယူမှုအတွက် မည်သို့ ထိရောက်မှု ပေးစွမ်းနိုင်သနည်း။ သင်ထောက်ကူပစ္စည်းများ/ ရင်းမြစ်များ ကလည်း မည်သို့ အထောက်အပံ့ပေးနိုင်သနည်း။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် တုံ့ပြန် အကြံပြုချက် ရရှိနိုင်မည့် အခွင့်အလမ်းများတို့၏ ထိရောက်မှုများမှာ အဘယ်နည်း။<br>• ကျောင်းသားများ၏ သင်ယူမှုကို မြှင့်တင်ပေးနိုင်ရန်အတွက် နောက်တစ်ကြိမ် သင်ကြားရာတွင် မည်သည့်အရာ၊ လုပ်ငန်းတို့ကို သင်ပြောင်းလဲ လုပ်ဆောင်မည်နည်း။</td></tr>
</table>

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပထမနှစ်သင်ခန်းစာ အစီအစဉ်ပုံစံနှင့် ဒုတိယနှစ်သင်ခန်းစာ အစီအစဉ်ပုံစံ နှစ်ခုအကြား ခြားနားချက်ကို ပြောပြရန် ကျောင်းသားများကို ပြောပြပါ။

၂။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကိုပြင်ဆင်ရေးဆွဲသည်။

၃။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာပြီးဆုံးသောအခါ ကျောင်းသားများသည်

- ဒုတိယနှစ်သင်တန်းအတွက် သင်ခန်းစာအစီအစဉ်တစ်ခုရေးဆွဲရာတွင် ပါဝင်နေသည့် အဆင့် (၁၂) ဆင့်ကို စာရင်းပြုစုဖော်ပြတတ်မည်ဖြစ်ပြီး သင်ခန်းစာအစီအစဉ်တစ်ခု ရေးဆွဲမှုအကြောင်း နားလည်စေရန် ဤပုံစံက မည်သို့အထောက်အကူပြုကြောင်း ဖော်ပြတတ်မည်။

## ၄.၁.၂။ သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းနှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- TCSF သည် ဒုတိယနှစ် သင်ခန်းစာအစီအစဉ်ရေးဆွဲမှုနှင့် မည်သို့ချိတ်ဆက်နေပုံကို ဆွေးနွေးတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှု

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီးဆီလျော်သော သင်ကြား သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကိုပြင်ဆင်ရေးဆွဲသည်။

**အချိန်** - မိနစ်(၅၀) ကြာ စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - အနိမ့်ဆုံးလိုအပ်ချက် အသီးသီးတို့ကို သင်ခန်းစာအစီစဉ်ရေးဆွဲမှု အဆင့်အသီးသီးနှင့် ယှဉ်တွဲပေးခြင်း

သင်ယူမှုလုပ်ငန်း (၂) - သင်ခန်းစာအစီအစဉ်များနှင့် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ-၁)

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်း** - အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း။

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားကိုင်စာအုပ်တွင်ပါသော သင်ခန်းစာ (၄.၁.၂) "သင်ခန်းစာ အစီအစဉ်ရေးဆွဲခြင်းနှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)" အကြောင်းကို ဖတ်ရှုလေ့လာပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း(၁) - ကျောင်းသားကိုင်စာအုပ်မှ "ဇယား (၄.၄) - TCSF အနိမ့်ဆုံးလိုအပ်ချက်များနှင့် ဒုတိယနှစ်သင်တန်း သင်ခန်းစာ အစီအစဉ်ရေးဆွဲမှု"

သင်ယူမှုလုပ်ငန်း(၂) - ကျောင်းသားကိုင်စာအုပ်မှ "ဇယား (၄.၆) - ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ - ၁) နှင့် သင်ခန်းစာ အစီအစဉ်များ"

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာကို မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) ကို ပြန်လည်ဆန်းစစ်ခြင်းဖြင့် ဤလုပ်ငန်းကိုစတင်မည်။ ဆရာများ အတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) သည်

မြန်မာနိုင်ငံမှ သင်ကြားမှု သင်ယူမှုကို အရည်အသွေးပြည့်မီခြင်း ရှိ/မရှိ တိုင်းတာသော ကိရိယာတစ်ခု ဖြစ်သည်။

၂။ TCSFကိုအဆင့် (၄) ဆင့် အတွက် ရေးသားထားသည်။

- လုပ်ငန်းခွင် စတင်တာဝန်ထမ်းဆောင်စ ဆရာများ
- လုပ်ငန်း အတွေ့အကြုံရှိဆရာများ
- ကျွမ်းကျင်အဆင့်ရှိဆရာများ
- ဦးဆောင်ဆရာများ

၃။ လုပ်ငန်းခွင်အကြိုဆရာများဖြစ်သည့်အတွက် ကျောင်းသားများသည် လုပ်ငန်းခွင် စတင်တာဝန်ထမ်းဆောင်စအဆင့်အတွက် ဦးတည်၍ ဆောင်ရွက်နေရခြင်း ဖြစ်သည်။

၄။ TCSF ၏ အဓိကနယ်ပယ်ကြီး (၄) ရပ်မှာ -

- ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု (Professional knowledge and understanding)
- ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ (Professional skills and practices)
- ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုများနှင့် သဘောထားခံယူချက်များ (Professional values and disposition)
- ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု (Professional growth and development)

၅။ နယ်ပယ် တစ်ခုစီကို အောက်ပါအစိတ်အပိုင်းများအဖြစ်သို့ ထပ်မံခွဲခြားထားသည်။

- တတ်ကျွမ်းမှုဧရိယာ (Area of Competence)
- တတ်ကျွမ်းမှုစံသတ်မှတ်ချက်များ (Competency standards)
- အနိမ့်ဆုံးလိုအပ်ချက်များ (Minimum requirements)
- အညွှန်းကိန်းများ (Indicators)

၆။ လုပ်ငန်းခွင် စတင်တာဝန်ထမ်းဆောင်စဆရာများအတွက် အနိမ့်ဆုံးလိုအပ် ချက်များမှာ ၎င်းတို့သည် ထိုအဆင့်အတွက် သတ်မှတ်ထားသော သတ်မှတ်ချက်များကို ရရှိ ပြည့်မီကြောင်း သက်သေအထောက်အထား ပြရမည်ဖြစ်သည်။ ဤ အထောက်အထားများ ကို ၎င်းတို့၏ သင်ယူမှု သင်ကြားမှု (လက်တွေ့အသုံးချမှုများ) နှင့် ပြန်လည်သုံးသပ်စဉ်းစားခြင်း တို့မှ တစ်ဆင့်ပြသနိုင်သည်။

၇။ လိုအပ်သော သက်သေအထောက်အထား အမျိုးအစားများကို အညွှန်းကိန်းများတွင် စာရင်းပြုစု ဖော်ပြထားသည်။ ဤအထောက်အထားကို အမျိုးမျိုးသော သင်ယူမှုရှုထောင့်များ၊ အသုံးချမှု (သင်ကြားမှု) နှင့် ပြန်လည်သုံးသပ်မှုတို့မှ ရရှိနိုင်သည်။ ၎င်းတို့အနက်ရရှိနိုင်သော ရှုထောင့် တစ်ခုမှာ သင်ခန်းစာအစီအစဉ် ပြင်ဆင်ခြင်းဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ အနိမ့်ဆုံးလိုအပ်ချက် အသီးသီးတို့ကို သင်ခန်းစာအစီအစဉ် ရေးဆွဲမှုအဆင့် အသီးသီး နှင့် ယှဉ်တွဲပေးခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၄) ဦးစီ ပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ခန်းစာ အစီအစဉ်ထဲတွင် အနိမ့်ဆုံးလိုအပ်ချက်များကို သင်ခန်းစာအစီအစဉ်ရေးဆွဲမှုတွင် မည်သို့ ထည့်သွင်းပုံကို ဆုံးဖြတ်ရန်

၁။ အတန်းကို တစ်အုပ်စုလျှင် (၄) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများအဖြစ်သို့ ခွဲခြားပါ။ TCSF မှ အနိမ့်ဆုံးလိုအပ်ချက်တစ်ခုစီကို သင်ခန်းစာအစီအစဉ်၏ အဆင့်အသီးသီးတို့၌ပေါ်လွင်စွာပြသနိုင်ခြင်းရှိ/မရှိကိုဆွေးနွေးရန် ကျောင်းသားအုပ်စုများကို ညွှန်ကြားပါ။ ရှိသည်ဆိုလျှင် မည်သို့ ပြသနိုင်ကြောင်းကိုလည်း ဆွေးနွေးစေမည်။

၂။ ထိုအကြောင်းကို ဇယား (၄.၄) တွင် ရှင်းပြပါ။ အနိမ့်ဆုံးလိုအပ်ချက်များနှင့် ဒုတိယနှစ်သင်တန်း သင်ခန်းစာ အစီအစဉ် ရေးဆွဲမှုတို့ကို ယှဉ်တွဲပြသထားသည်။ တတ်ကျွမ်းမှုစံသတ်မှတ်နိုင်ရန် အတွက် အနိမ့်ဆုံးလိုအပ်ချက်များကို ဘယ်ဘက်ကော်လံတွင် ရေးသားထားသည်။ ဤလုပ်ငန်းဆောင်ရွက်နေစဉ် ရည်ညွှန်းကိုးကားနိုင်ရန်ဖြစ်သည်။ အလယ်ကော်လံတွင် ဒုတိယနှစ်သင်တန်း သင်ခန်းစာအစီအစဉ်မှ အဆင့် အသီးသီးတို့ကို ရေးထားသည်။

၃။ အကယ်၍ အုပ်စုတစ်ခုက သင်ခန်းစာအစီအစဉ်၏ အဆင့်တစ်ခုခု၌ အနိမ့်ဆုံး လိုအပ်ချက် များကို ပြနိုင်သည်ဟု ဆုံးဖြတ်လျှင် ထိုအနိမ့်ဆုံးလိုအပ်ချက်ကို သက်ဆိုင်ရာ သင်ခန်းစာအစီအစဉ်အဆင့်၏ ဘေးဘက် (ညာဘက်အစွန်ဆုံး ကော်လံ) တွင် ကူးယူဖော်ပြပြီး အဘယ်ကြောင့်ထည့်ရသည် ဆိုသည့် "အကြောင်းပြချက်"ကိုပါ ရေးပေးရန် ကျောင်းသားများကိုညွှန်ကြားပါ။

ဥပမာအားဖြင့် ကျောင်းသားအုပ်စုတစ်ခုက အနိမ့်ဆုံးလိုအပ်ချက် (က) (၂.၁) "သင်ကြားသင်ယူမှုဆိုင်ရာ နည်းဗျူဟာအမျိုးမျိုး နှင့် ရင်းမြစ်အမျိုးမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်းပြသသည်" ဆိုသည့်အချက်ကို "သင်ကြားသင်ယူမှုနည်းဗျူဟာများ" ကိုပြသည့် သင်ခန်းစာ အစီအစဉ် အဆင့်ထဲ၌ တွေ့ရှိ/ပြသနေသည်ဟု ဆုံးဖြတ်မည်ဆိုပါစို့။ ထို့အတူ ပင် သင်ခန်းစာ၏ "သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ် များ" အဆင့်တွင် လည်း ထိုအနိမ့်ဆုံး လိုအပ်ချက်ကို ပြသနိုင်သည်ဟု ဆုံးဖြတ် သည်ဆိုပါစို့ ။ (ထိုအခါ (က) (၂.၁)ကို သင်ခန်းစာ၏ အထက်ဖော်ပြပါ အဆင့်(၂) ဆင့်၌ ကူး ရေးပေးပါ။)

ထိုသို့ရေးသားရခြင်း အကြောင်းအရင်းကို ညာဘက်ကော်လံ "အကြောင်းပြ ချက်" ထဲတွင် ထည့်သွင်း ရေးသားရမည်။ အကြောင်းပြချက်များ ရေးသား ရာတွင် "သင်ကြားသင်ယူမှုနည်းဗျူဟာများ" အဆင့်တွင် ဆရာက မည်သည့် သင်ကြားသင်ယူမှုနည်းဗျူဟာများကို အသုံးပြုမည်ဟူ၍ ရွေးချယ်မှုကိုပြသမည် ဖြစ်သည်။ "သင်ထောက်ကူ ပစ္စည်းများနှင့် ရင်းမြစ်များ" ကော်လံတွင် ဆရာက မည်သည့်ရင်းမြစ်များကို သင်ခန်းစာ သင်ကြားရာတွင် အသုံးပြုရန် ရွေးချယ် ထားကြောင်း ဖော်ပြမည်ဖြစ်သည်။

၄။ အနိမ့်ဆုံးလိုအပ်ချက်တိုင်းကို သင်ခန်းစာအစီအစဉ်အဆင့်တိုင်း၌ စဉ်ဆက် မပြတ် တစ်လျှောက်လုံး ပြသနိုင်မည်/တွေ့ရှိနိုင်မည် မဟုတ်ကြောင်းကို ဆရာ က ကျောင်းသားများ သတိပြုရန် ပြောကြားပါ။ ထို့အတူပင် သင်ခန်းစာ အစီအစဉ် ထဲမှ အဆင့်တိုင်းကလည်း အနိမ့်ဆုံး လိုအပ်ချက် အလုံးစုံနှင့် ဆက်စပ် နေမည် မဟုတ်ပါ။ ကျောင်းသားများ၏ လုပ်ငန်းမှာ သင်ခန်းစာ၏ မည်သည့် အဆင့်သည် မည်သည့်အနိမ့်ဆုံးလိုအပ်ချက်နှင့် ဆက်စပ်ကြောင်း/ မည်သည့် အနိမ်ဆုံး လိုအပ်ချက်ကို ပြသ/ပြည့်စုံစေနိုင်ကြောင်းကို ဆက်စပ်စဉ်းစားရန်သာ ဖြစ်သည်။

၅။ အုပ်စုလုပ်ငန်းက ဤလုပ်ငန်းကို ဆောင်ရွက်ပြီးသောအခါတွင် အုပ်စုများကို ပြန်လည် ပေါင်းစည်းကာ အတန်းပုံစံ ပြန်လည်ဖွဲ့စည်းမည်။ အနိမ့်ဆုံး လိုအပ်ချက်များကို သင်ခန်းစာ အစီအစဉ် အဆင့်အသီးသီးတွင် မည်သို့ပြသနိုင်ကြောင်းကို တစ်တန်းလုံးက ဆွေးနွေးစေရမည်။

၆။ သင်ခန်းစာအစီအစဉ်ထဲမှ "ဆရာ၏ အကဲဖြတ် သုံးသပ်မှု" အဆင့်တွင် သင်ခန်းစာကိုယ်တိုင်က မည်သည့် အနိမ့်ဆုံးလိုအပ်ချက်များအတွက် သက်သေ အထောက်အထားအဖြစ် ပံ့ပိုးပေးထားသည်ကို စဉ်းစားကြံဆ၍ ကျောင်းသားများ ကို မေးမြန်းမည်ဖြစ်ကြောင်းကိုကြိုတင်သတိပေးကာ ဤလုပ်ငန်းကို ဆရာက နိဂုံးချုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများထဲမှ ဥပမာတစ်ခုမှာ အချက် (၃) ဖြစ်သည်။ (ရှေ့မှသင်ယူမှုလုပ်ငန်းတွင် ရှင်းပြခဲ့သည်ကို ကြည့်ပါ။) အနိမ့်ဆုံးလိုအပ်ချက်များနှင့် သင်ခန်းစာ အစီအစဉ်၏ အဆင့်များကြားတွင် ရှင်းလင်းပြတ်သားသော ဆက်သွယ်မှု ရှိရပါမည်။

## သင်ယူမှုလုပ်ငန်း (၂)။ သင်ခန်းစာအစီအစဉ်များနှင့် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ-၁)

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၄) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - TCSF သင်ယူမှုအထောက်အထား မှတ်တမ်း (portfolio) လိုအပ်ချက်များ သတ်မှတ်ဖော်ထုတ်ရာတွင် သင်ခန်းစာစီစဉ်ပြင်ဆင်မှုအကြောင်း နားလည်မှုကို လက်တွေ့ အသုံးချတတ်စေရန်

၁။ သင်ယူမှုလုပ်ငန်း (၁) တွင် ဖွဲ့စည်းခဲ့သည့် အုပ်စုများအတိုင်း ဆက်လက် ဆောင်ရွက်နိုင်သည်။

ကျောင်းသားများသည် အောက်ဖော်ပြပါဇာတ်လမ်းဖြစ်ရပ်ကို လေ့လာကြသည်။ ထိုဇာတ်လမ်းဖြစ်ရပ်ကို ကျောင်းသားကိုင်စာအုပ်ထဲမှ ဇယား (၄.၆) ကိုအသုံးပြု ပြီး ဆဌမတန်းပြဆရာတစ်ဦး၏ ရှုထောင့်မှ သုံးသပ်ပေးရန် ဖြစ်သည်။

ဇာတ်လမ်းဖြစ်ရပ်

ဆဌမတန်း ဂျီသြမေတြီသင်ခန်းစာတစ်ခုဖြစ်သည့် ဂျီသြမေတြီဘာသာရပ်တွင် အသုံးပြုသည့်အခြေခံကျသော ပုံသဏ္ဍာန်များအကြောင်းသင်ခန်းစာကို စီစဉ် ရေးဆွဲပြီး ဆဌမတန်းကျောင်းသားများကို သင်ကြားပို့ချခဲ့ပြီးဖြစ်သည်။

- သင်ယူမှုရည်ရွယ်ချက် (သင်ခန်းစာရည်ရွယ်ချက်) မှာ ဂျီသြမေတြီ ဘာသာရပ်တွင် အသုံးပြုသည့် အခြေခံကျသော ပုံပန်းသဏ္ဍာန်များကို ကျောင်းသားများက သတ်မှတ် ဖော်ထုတ်တတ်စေရန်။
- သင်ယူမှုရလဒ်များမှာ ဂျီသြမေတြီ ဘာသာရပ်တွင် အသုံးပြုသည့်အခြေခံ ကျသော ပုံပန်း သဏ္ဍာန်များ၏ ထူးခြားသော ဝိသေသလက္ခဏာများကို ကျောင်းသားများက ဖော်ပြတတ်စေရန်။
- သင်ယူတတ်မြောက်ကြောင်းပြသည့် အညွှန်းကိန်းများ (အောင်မြင်မှုစံ များ) မှ အရာဝတ္ထုများ၏ ပုံပန်းသဏ္ဍာန်ကိုလိုက်၍ ခေါ်သော ဂျီသြမေတြီ အမည်တပ်နိုင်သည့် အရာဝတ္ထုများကို ကွဲပြားရှင်းလင်းစွာ ဖော်ပြတတ်စေ ရန်။

ကျောင်းသားများ၏ ခြားနားသော လိုအပ်ချက်အသီးသီးတို့ကိုထည့်သွင်း စဉ်းစား လျက် သင်က သင်ခန်းစာကို ဂရုတစိုက်ပြင်ဆင်စီစဉ်ရေးသားခဲ့သည်။ သင်ခန်းစာ ကို ချိတ်ဆက်သင်ယူရာတွင် နှင့် သူတို့၏ သင်ယူမှုကို ပြသရာတွင် အသုံးပြုနိုင် စေရန်အတွက် ရွေးချယ်စရာများကိုလည်း ကျောင်းသားများအား ပံ့ပိုးပေး ထားသည်။ ကျောင်းသားအများစု (၈၀%) က သင်ခန်းစာအဆုံးတွင် သင်ပေး ထားသည့် ဉာဏ်စမ်းပုစ္ဆာတွင် ဂျီသြမေတြီဘာသာရပ်သုံး အခြေခံပုံသဏ္ဍာန်

များ၏ ထူးခြားသော ဝိသေသလက္ခဏာများကို ဖော်ပြတတ်ကြသည်

၂။ ဤသင်ခန်းစာကို တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ - ၁) ၏ "သင်ယူခြင်း" (သို့မဟုတ်) "အသုံးချခြင်း" အပိုင်းများအတွက် မည်သို့အသုံးပြုနိုင်မည်ကို ဆွေးနွေးရန် ကျောင်းသား အုပ်စုများကို ညွှန်ကြားပါ။ တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ - ၁) မှာ သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်းအရာကို သင်ကြားစေမည်ဆိုသော အနိမ့်ဆုံးလိုအပ်ချက်ဖြစ်သည်။

၃။ ကျောင်းသားများ ဆွေးနွေးနေစဉ် ဆရာက သူတို့အဖြေများကို ဇယား (၄.၆) တွင် အသေးစိတ် ထည့်သွင်း ရေးသားရန် ညွှန်ကြားပါ။ ဥပမာအားဖြင့် အတန်းထဲတွင် သူတို့သင်ယူခဲ့သည့် အကြောင်းအရာများနှင့် မည်သို့ သင်ယူခဲ့ပုံကို ရေးသားရန်ပြောပါ။ အချို့ အသေးစိတ်အချက်အလက်များကို သူတို့အနေနှင့် စိတ်ကူးဖြင့် ကြံဆမှန်းဆ ထည့်သွင်းရမည်ဖြစ်ကြောင်းကို သတိပေးပါ။ ဥပမာ - သူတို့ သင်ယူခဲ့သည်များ၊ သင်ကြားခဲ့ပုံနှင့် သင်ခန်းစာတွင် သူတို့သင်ကြားခဲ့သည့်အကြောင်းတို့ကို ရေးသားရာတွင် လက်တွေ့မဟုတ်သော်လည်း စိတ်နှင့်ကြံဆ ရေးသားရန်ဖြစ်သည်။

၄။ အတန်းကို ပြန်လည်ပေါင်းစည်းပေးပြီး မျှဝေရန်ဆန္ဒရှိသော ကျောင်းသားများအား သူတို့ စိတ်ကူးများကို အတန်းနှင့် မျှဝေပေးစေရမည်။

၅။ ကျောင်းသားများကို ဤသို့ရှင်းလင်းပြပါ။ သူတို့ထံ၌ "သင်ယူခြင်း" နှင့် " အသုံးချခြင်း" အချက်အလက်တစ်စုံတစ်ရာ ရရှိလာလျှင် ထိုအချက်အလက် အပေါ်တွင် ပြန်လည်စဉ်းစားသုံးသပ်ရမည်။ ထိုအချက်အလက်သည် အနိမ့်ဆုံး လိုအပ်ချက် (ခ) (၁.၁) ကိုမည်သို့ ပြည့်စုံစေကြောင်းကို ပြန်လည်စဉ်းစား သုံးသပ်ရမည်။ အနိမ့်ဆုံးလိုအပ်ချက် (ခ) (၁.၁)အရ "ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြား နိုင်စွမ်းရှိကြောင်းကို ပြသနိုင်ရမည်ဖြစ်သည်။"

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးဖြစ်နိုင်သည်။ ဖြစ်နိုင်သော ဥပမာအချို့ကို ဤနေရာတွင် ပေးထားသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

*သင်ယူသည်* - သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ရန်လိုအပ်သည်ကို နားလည်ပြီး ကျောင်းသားတို့၏ ကွဲပြားသောလိုအပ်ချက်အမျိုးမျိုးကိုလည်း ထည့်သွင်းစဉ်းစားသည်။

*အသုံးချသည်* - ကျောင်းသားအများစုသည် ဂျီသြမေတြီပုံများ၏ ထူးခြားလက္ခဏာများကို ဉာဏ်စမ်းစာမေးပွဲတွင် ဖော်ပြတတ်သည်။

*ပြန်လည်သုံးသပ်သည်* - သင်ခန်းစာရည်ရွယ်ချက်ကို မပြည့်မီသည့် (၂၀%) သော ကျောင်းသားများကို ပြန်လည်ကူညီကြပ်မတ်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ရရှိသွားမည့်တတ်ကျွမ်းမှုကို ပြန်လည်ဆန်းစစ်ပါ။
(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူပစ္စည်းများ ပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

၂။ သင်ယူမှုရလဒ်ကို ပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- TCSF က ဒုတိယနှစ် သင်ခန်းစာအစီအစဉ်များနှင့် မည်သို့ချိတ်ဆက်နေသည်ကို ဆွေးနွေးတတ်မည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသော အဖြေများ**

**မေးခွန်း ၁။** ဒုတိယနှစ်သင်တန်း သင်ခန်းစာအစီအစဉ်ပုံစံ၏ အဆင့် (၁၂) ဆင့်တို့မှာ မည်သည်တို့ ဖြစ်ကြသနည်း။

**အဖြေ။**

*၁။ သင်ခန်းစာခေါင်းစဉ် (သို့) အကြောင်းအရာ*

*၂။ သင်ယူသူကို သိသည်။*

*၃။ သင်ခန်းစာရည်ရွယ်ချက်*

*၄။ မျှော်မှန်းထားသော သင်ယူမှုရလဒ်များ*

*၅။ အောင်မြင်မှုစံ*

*၆။ ချဉ်းကပ်သင်ကြားနည်းများ*

*၇။ သင်ကြားသင်ယူမှုနည်းဗျူဟာများ*

*၈။ သင်ကြားသင်ယူမှု နည်းလမ်းများနှင့်နည်းစနစ်များ*

*၉။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ*

*၁၀။သင်ခန်းစာအဆင့်များ (မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်းနှင့် ပြန်လည် ဆန်းစစ်ခြင်း)*

*၁၁။ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်မှုများ*

*၁၂။ ဆရာ၏အကဲဖြတ်သုံးသပ်မှု*

**မေးခွန်း ၂။** မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) ၏ အဆင့် (၄) ဆင့်မှာ မည်သည်တို့ဖြစ်ကြသနည်း။ သင် ပညာရေးဒီဂရီ ကောလိပ်မှ သင်တန်းပြီးဆုံး၍ ပညာရေးဘွဲ့ရရှိသွားသောအခါ မည်သည့်အဆင့်နှင့် ကိုက်ညီမည်နည်း။

**အဖြေ။**

*လုပ်ငန်းခွင် စတင်တာဝန်ထမ်းဆောင်စဆရာများ*

*လုပ်ငန်းအတွေ့အကြုံရှိဆရာများ*

*ကျွမ်းကျင်အဆင့်ရှိဆရာများ*

*ဦးဆောင်ဆရာများ*

*ကျောင်းသားများ ဘွဲ့ရလာသောအခါ လုပ်ငန်းခွင် စတင်တာဝန်ထမ်းဆောင်စဆရာများ အဆင့်နှင့် ကိုက်ညီလိမ့်မည်။*

**မေးခွန်း ၃။** TCSF အနိမ့်ဆုံးလိုအပ်ချက်များ ပြည့်စုံစေရန်အတွက် ဆောင်ရွက်ရမည့် အဆင့် (၃) ဆင့် ဖြစ်သော သင်ယူခြင်း၊ အသုံးချခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း အဆင့်တို့အကြောင်းကို ရှင်းလင်းပြပါ။

**အဖြေ။**

*သင်ယူခြင်းဆိုသည်မှာ သတ်မှတ်ချက်အဆင့်များကို နားလည်ခြင်းဖြစ်သည်။*

*အသုံးချခြင်းဆိုသည်မှာ ထိုသတ်မှတ်ချက်အဆင့်များကို လက်တွေ့တွင်အသုံးချခြင်း ဖြစ်သည်။*

*ပြန်လည်သုံးသပ်ခြင်းဆိုသည်မှာ တစ်ဦးတစ်ယောက်၏ သင်ယူခြင်းနှင့် သတ်မှတ်ချက် အဆင့်များကို လက်တွေ့အသုံးချခြင်းကို ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။*

# ၄.၂။ သင်ခန်းစာခေါင်းစဉ်

## ၄.၂.၁။ သင်ရိုးအကြောင်းအရာကို နားလည်စေရန် ဖတ်ရှုလေ့လာခြင်း

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မြန်မာနိုင်ငံ အခြေခံပညာ သင်ရိုးညွှန်းတမ်းဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်သုံးသပ် စဉ်းစားတတ်မည်။
- ဘာသာရပ်အကြောင်းအရာ နားလည်မှုကို အထောက်အပံ့ပြုရန်အတွက် နည်းဗျူဟာများကို ချဲ့ထွင်အသုံးပြုတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှု**

(က) (၅.၂.၂) ဘာသာရပ်အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်းများနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာများ ထည့်သွင်းပြီး သင်ခန်းစာများကို မည်ကဲ့သို့ ဖွဲ့စည်း ဆောင်ရွက်ထားကြောင်းရှင်းပြသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - မြန်မာနိုင်ငံအခြေခံပညာ သင်ရိုးညွှန်းတမ်း အပေါ် ပြန်လည်သုံးသပ်စဉ်းစားခြင်း

သင်ယူမှုလုပ်ငန်း (၂) - နားလည်သဘောပေါက်မှု ရရှိစေရန် စာဖတ်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံး ဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှု** - ကျောင်းသားကိုင် စာအုပ်မှသင်ခန်းစာ (၄.၂.၁) ကိုဖတ်ကြည့်ပါ။

**လိုအပ်သော ရင်းမြစ်များ**

ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

အခြေခံပညာ သင်ရိုးညွှန်းတမ်းများ၏ နမူနာများ

သင်ခန်းစာများ သင်ကြားပို့ချရာတွင် အထောက်အပံ့ဖြစ်စေမည့် ဆရာလမ်းညွှန် စာအုပ်များ (Teacher's Guide)

ဘာသာရပ် သင်ရိုးမာတိကာ (Subject syllabus)

စာသင်နှစ်တစ်နှစ်စာ သင်ရိုးမာတိကာ လျာထားခွဲဝေမှုအစီအစဉ် (Year plan)

နမူနာသင်ခန်းစာ အစီအစဉ်များ ရေးဆွဲထားမှု (သင်ပြမှုပုံစံများ)

## ရှင်းလင်းဖော်ပြထားသောသင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤလုပ်ငန်းကိုစတင်ရန်အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းနမူနာများကို ကျောင်းသားများ ထံ၌ ဖြန့်ဝေပေးပါ။

- ဆရာလမ်းညွှန်စာအုပ်
- ဘာသာရပ်သင်ရိုးမာတိကာ
- စာသင်နှစ်တစ်နှစ်စာ သင်ရိုးမာတိကာ လျာထားခွဲဝေမှု အစီအစဉ်
- နမူနာသင်ခန်းစာအစီအစဉ်များ ရေးဆွဲထားမှု (သင်ပြမှုပုံစံများ)

ဆရာကရှင်းပြစဉ်နှင့် မေးခွန်းမေးနေစဉ် (သို့မဟုတ်) မှတ်ချက်ပြုချိန်တွင် ကျောင်းသားများက အထက်ပါစာအုပ်စာတမ်းများကို တွဲဖက်ကြည့်ရှုသွားရမည်။

၂။ အခြေခံပညာသင်ရိုးညွှန်းတမ်းကို အောက်ပါတို့မှတစ်ဆင့် တင်ပြထားသည်။
ကျောင်းသားများသင်ခန်းစာသင်ကြားရာ၌ အထောက်အပံ့ဖြစ်စေသည့်
ဆရာလမ်းညွှန်စာအုပ်
ဘာသာရပ်သင်ရိုးမာတိကာ
စာသင်နှစ်တစ်နှစ်စာ သင်ရိုးမာတိကာ လျာထားခွဲဝေမှု အစီအစဉ်
နမူနာသင်ခန်းစာအစီအစဉ်များ ရေးဆွဲထားမှု (သင်ပြမှုပုံစံများ)

၃။ ဆရာလမ်းညွှန်စာအုပ်ကို မိတ်ဆက်နိဒါန်း တစ်ခုနှင့်အစပြုထားသည်။ မိတ်ဆက်နိဒါန်းက အောက်ပါအကြောင်းအရာကို ရှင်းပြသည်။

- ကျောင်းသား ဗဟိုပြု သင်နည်းဗေဒ
- ထိရောက်သော သင်ကြားမှု သင်ယူမှုအတွက် အခြေခံသဘော တရားများ
- ဘလွန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း (Bloom's Taxonomy)
- သင်ခန်းစာတစ်ခု၏ အဆင့်အသီးသီး၌ မေးနိုင်သော မေးခွန်းများ
- (၂၁) ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ကျွမ်းကျင်မှုများ
- စာသင်ခန်းတွင်း၌ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (formative assessment) ပြုနိုင်ရန် အသုံးပြု နိုင်သော စစ်ဆေးအကဲဖြတ်မှုနှင့် စစ်ဆေးအကဲဖြတ်မှု ဆိုင်ရာ နည်းဗျူဟာများ
- အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းစာသင်ခန်းများ၌ တွေ့ရသော လူမှုဆက်ဆံရေးဆိုင်ရာ ရှုထောင့်များ (ကျား/မ ရေးရာ၊ မျိုးနွယ်စုမတူ ကွဲပြားခြားနားမှု၊ လူမှုအဆင့်အတန်းနှင့် မသန်စွမ်းမှုများ)

၄။ မြန်မာနိုင်ငံမှ ဘာသာရပ်တစ်ခုစီ၏ သင်ရိုးညွှန်းတမ်းတစ်ခုစီတွင် သင်ရိုးမာတိကာ (syllabus) တစ်ခုစီရှိကြသည်။

၅။ သင်ရိုးမာတိကာတွင် ခေါင်းစဉ်များကို အခန်းအသီးသီးတွင် ထည့်သွင်းရေးသားထားပြီး ခေါင်းစဉ်၏ နောက်တွင် ထိုအခန်းအတွက် အသုံးချနိုင်သော ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ကျွမ်းကျင်မှုများကိုပါ ပေါင်းစပ်ထည့်သွင်းပေးထားသည်။

- ဥပမာ - အင်္ဂလိပ်စာ ဘာသာရပ် အခန်း (၁) တွင် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ကျွမ်းကျင်မှုများ ဖြစ်ကြသည့် ပြောဆိုဆက်ဆံခြင်း၊ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းနှင့် ဖန်တီးတီထွင်တတ်ခြင်းတို့ကို ဘာသာရပ်ထဲမှ

အစိတ်အပိုင်းများနှင့် ချိတ်ဆက်ထားသည်။ ဘာသာရပ်ဆိုင်ရာ အစိတ်အပိုင်းများမှာ

- နားထောင်ခြင်းနှင့် ပြောခြင်း
- စာဖတ်ခြင်း
- ဝေါဟာရ၊ သဒ္ဒါ နှင့် ဝါကျဖွဲ့ထုံး
- ရေးသားခြင်းနှင့်
- လက်တွေ့အသုံးဝင်သော ဘာသာစကားဆိုင်ရာ အသုံးအနှုန်း (functional language) တို့ ဖြစ်ကြသည်။

၆။ စာသင်နှစ်တစ်နှစ်စာ သင်ရိုးမာတိကာလျာထား ခွဲဝေမှုအစီအစဉ် (Year Plan) က ဘာသာရပ် တစ်ခုကို ရှေ့နောက်အစဉ်လိုက်နှင့် အချိန်အပိုင်းအခြားအလိုက် ခွဲခြားသတ်မှတ်ပေးထားသည်။ အခန်းတစ်ခုစီအတွက် ပါဝင်ရမည့် သင်ခန်းစာများ၊ သင်ခန်းစာ ခေါင်းစဉ်/အကြောင်းအရာ နှင့် အခန်းတစ်ခုစီ၌ ပါဝင်နေသော သင်ခန်းစာ စာသင်ချိန်အရေအတွက်ကို ခွဲဝေသတ်မှတ်ပေးထားသည်။ နောက်ဆုံးအနေနှင့် အခန်းတစ်ခုစီကို သင်ကြားရန်အတွက် စာသင်ချိန် စုစုပေါင်းအရေအတွက်ကို မှတ်ထားသည်။ (ဇယား ၄.၈ ကိုကြည့်ပါ။)

၇။ သင်ရိုးမာတိကာ (သင်ကြားရန်အကြောင်းအရာ) နှင့် တစ်နှစ်စာ သင်ရိုးမာတိကာ ခွဲဝေမှု အစီအစဉ်အရ အခန်းတစ်ခုစီအတွက် အောက်ပါ အကြောင်းအရာများကို ဆရာလမ်းညွှန်စာအုပ်က ပံ့ပိုးပေးသည်။

- အခန်းတစ်ခုလုံးအတွက် သင်ယူမှုရလဒ်များ
- အခန်းတစ်ခန်းလျှင် သင်ခန်းစာ (၄) ခုစီ ထားရှိခြင်းနှင့် ဘာသာရပ်တစ်ခုစီ၌ အခန်း (၁၂) ခန်းစီဖြင့် ဖွဲ့စည်းထားသောကြောင့် ဘာသာရပ်တစ်ခုစီအတွက် စာသင်နှစ်တစ်နှစ်လုံး အတွက် သင်ခန်းစာစုစုပေါင်း အရေအတွက် (၄၈) ခုကို အခန်း (၁၂) ခန်းတွင် စီစဉ်တကျ ထည့်သွင်းထားသည်။
- အခန်းတစ်ခန်းစီကို သင်ကြားရန် စာသင်ချိန် (၁၄) ချိန်အတွင်း ပြီးစီးအောင် သင်ရမည်ဖြစ်ပြီး ထို (၁၄) ချိန်ကို သင်ခန်းစာ (၄) ခု သင်ရန်အတွက် ခွဲဝေလျာထားသည်။

၈။ သင်ခန်းစာ အစီအစဉ်ပြင်ဆင်မှုတွင် အောက်ပါတို့ပါဝင်ကြသည်။

- အကြောင်းအရာ (သင်ခန်းစာအမည်)
- သင်ခန်းစာ တစ်ခုသင်ကြားရန် လိုအပ်သော စာသင်ချိန်အရေအတွက်
- ကျောင်းသားများအတွက် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ (မှတ်ထားရန် - ဆရာ လမ်းညွှန်စာအုပ်တွင် ၎င်းတို့ကို သင်ခန်းစာ၏ "ရည်ရွယ်ချက်များ" (Objectives) ဟု ခေါ်ဝေါ် သတ်မှတ်ထားသည်။)
- သင်ခန်းစာတစ်ခု သင်ကြားရန် လိုအပ်သော ရင်းမြစ်များ၏ စာရင်းတစ်ခု
- သင်ခန်းစာတစ်ခုတွင် ပါဝင်သော အဓိကကျသည့် စကားလုံးများနှင့် စကားအသုံးအနှုန်းများ စာရင်းတစ်ခု
- သင်ယူမှုလုပ်ငန်းများ (ဆရာလမ်းညွှန် စာအုပ်တွင် "လေ့ကျင့်ခန်းများ" ဟု ခေါ်ဝေါ် ထားသည်။)
- သင်ကြားမှု အဆင့် (၄) ဆင့် - မိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည် သုံးသပ် စဉ်းစားခြင်း

## သင်ယူမှုလုပ်ငန်း (၁)။ မြန်မာနိုင်ငံ အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် ပြန်လည်သုံးသပ် စဉ်းစားခြင်း

| **အချိန်** | (၂၀) မိနစ် |
|---|---|
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင် (၅) ဦးစီပါဝင်သော ကျောင်းသား အုပ်စုများ၊ တစ်ခန်းလုံး |

**ရည်ရွယ်ချက်** - အခြေခံပညာသင်ရိုးညွှန်းတမ်းကို ဆန်းစစ်၍ နားလည် သဘောပေါက်စေရန်

၁။ အတန်းကိုအုပ်စု (၁၀) ခုအဖြစ်ခွဲခြားပါ။

- မြန်မာစာ
- အင်္ဂလိပ်စာ
- သင်္ချာ
- သိပ္ပံ
- လူမှုရေးဘာသာ (ပထဝီနှင့် သမိုင်း)

- ကာယ ပညာ
- ဘဝတွက်တာကျွမ်းကျင်စရာ
- အနုပညာ (ဂီတနှင့်ပန်းချီ)
- စာရိတ္တနှင့်ပြည်သူ့နီတိ
- ဒေသသင်ရိုး

၂။ အုပ်စုတစ်ခုစီအား ဆရာက သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်သော စာရွက်စာတမ်း တစ်စုံစီကို (ဆရာလမ်းညွှန်စာအုပ်၊ ဘာသာရပ် သင်ရိုးမာတိကာ၊ စာသင်နှစ် တစ်နှစ်စာ သင်ရိုးမာတိကာ လျာထားခွဲဝေမှုအစီအစဉ် နှင့် နမူနာသင်ခန်းစာ အစီအစဉ်များရေးဆွဲထားမှု/ သင်ပြမှုပုံစံတို့ ပါဝင်သော စာရွက်စာတမ်း အစုအပေါင်း) ကို ပေးဝေထားလိမ့်မည်။ ဆဋ္ဌမတန်း အခြေခံပညာရေး သင်ရိုးညွှန်းတမ်းထဲမှ အောက်ပါ ဘာသာရပ်တစ်ခုခုအတွက် သင်ရိုးညွှန်းတမ်း နှင့် ပတ်သက်သော စာရွက်စာတမ်း တစ်စုံစီကို အုပ်စုတစ်ခုစီအား ဆရာက ပေး ဝေထားပါ။

၃။ အုပ်စုများအား ၎င်းတို့ရရှိထားသည့် စာရွက်စာတမ်းများကို ပြန်လည်ဆန်းစစ်ရန် နှင့် အောက်ပါမေးခွန်းများကိုဖြေဆိုရန်ညွှန်ကြားပါ။ အဖြေများကို ကျောင်းသား ကိုင်စာအုပ်ပါ "မြန်မာနိုင်ငံ အခြေခံပညာ သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ် ခြင်း"ကိုပြသည့် ဇယား (၄.၉) တွင်ဖြည့်သွင်း ရေးသားပေးရန် ပြောပါ။

- ဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သည်တို့ကို ဖော်ပြပါ။
- သင်ခန်းစာများကို ထိရောက်စွာ သင်ကြားပေးနိုင်ရန် ဆရာလမ်းညွှန် စာအုပ်က မည်သို့ အထောက်အကူ ပြုပေးသနည်း။
- ဘာသာရပ်ဆိုင်ရာ သင်ရိုးမာတိကာက ဆရာတစ်ဦးအတွက် မည်သည့် အကြောင်းအရာများကို သိရှိစေသနည်း။
- သင်ကြားမှု သင်ယူမှုတို့အတွက် စာသင်နှစ်တစ်နှစ်စာ သင်ရိုးမာတိကာ လျာထားခွဲဝေမှု အစီအစဉ် (Year plan) က မည်သို့အသုံးဝင်သနည်း။
- အခန်းတစ်ခုစီအတွက် သိရှိသင့်သည့်အချက်အလက်များကို မည်သို့တင်ပြ ထားသနည်း။
- ဆရာလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော နမူနာသင်ခန်းစာအစီအစဉ် များရေးဆွဲထားမှု/ သင်ပြမှုပုံစံနှင့် ဒုတိယနှစ်သင်တန်းမှ သင်ခန်းစာ အစီအစဉ်များသည် မည်သို့ ဆင်တူနေကြသနည်း။

၄။ အုပ်စုများကို ပြန်လည်ပေါင်းစည်းပေးပြီး အတန်းပြန်ဖွဲ့စည်းပါ။ ဘာသာရပ်တစ်ခုစီကို ကိုယ်စားပြုသောအုပ်စုများမှ မျှဝေရန် ဆန္ဒရှိသော ကျောင်းသားအသီးသီးတို့ကို ဖိတ်ခေါ်၍ ၎င်းတို့၏ မေးခွန်းတစ်ခုစီ အတွက် ရရှိထားသောအဖြေများကို မျှဝေစေရမည်။ အဖြေများကို ဆီလျော်စွာ တုံ့ပြန်အကြံပြုချက်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

- ဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သည်တို့မှာ ဆရာများအတွက် အကြံပြုလွှာ အမှာစာ၊ သင်ရိုး မာတိကာ၊ စာသင်နှစ်တစ်နှစ်စာ သင်ရိုးမာတိကာလျာထားခွဲဝေမှု အစီအစဉ်၊ နမူနာသင်ခန်းစာအစီအစဉ်များရေးဆွဲထားမှု/ သင်ပြမှုပုံစံနှင့် စကားလုံးများ၏ ခက်ဆစ်အဘိဓာန် တို့ဖြစ်ကြသည်။
- ဆရာလမ်းညွှန်စာအုပ်က ဆရာများအား သင်ရိုးအကြောင်းအရာများနှင့် သင်နည်းဗေဒများကို အစဉ်အတိုင်းလေ့လာနိုင်စေရန် သင်ရိုးတစ်လျှောက်လုံးတွင် လမ်းညွှန်မှု ပြုလုပ်ပေးခြင်း အားဖြင့် ထိရောက်သော သင်ခန်းစာများကို သင်ကြားပို့ချတတ်လာစေရန်အတွက် အထောက်အကူပြုပေးသည်။
- ဘာသာရပ်သင်ရိုးမာတိကာက သင်ကြားပေးရမည့် အကြောင်းအရာ၊ သင်ယူမှု ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် တတ်မြောက်မှုအညွှန်းကိန်းများကို ပံ့ပိုးပေးသည်။
- တစ်နှစ်တာသင်ရိုးမာတိကာလျာထားခွဲဝေမှုအစီအစဉ်သည် သင်ကြားမှုနှင့် သင်ယူမှုအတွက် အသုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းက အခန်းအသီးသီးတွင် သင်ကြားရမည့်ခေါင်းစဉ်များနှင့် စာသင်ချိန် သတ်မှတ်ချက်များ ပံ့ပိုးပေးသည့်အပြင် တစ်နှစ်လုံးတွင် သင်ကြားရမည့် သင်ခန်းစာအရေအတွက်ကို လည်း ဖော်ပြထားသည်။

- အခန်းတစ်ခုစီအတွက် အကြောင်းအရာများကို သင်ယူမှုရလဒ်များ၊ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ၊ ရရှိသွားမည့် တတ်ကျွမ်းမှုများ နှင့် သတ်မှတ်ထားသော သင်ခန်းစာတို့မှ တစ်ဆင့်တင်ပြထားသည်။
- နမူနာသင်ခန်းစာအစီအစဉ်များရေးဆွဲထားမှု/ သင်ပြမှုပုံစံနှင့် ဒုတိယနှစ် သင်ခန်းစာ အစီအစဉ်များသည် ခေါင်းစဉ် (၂) ခု ၌ တူညီကြသည်။ “သင်ခန်းစာ၏ ရည်ရွယ်ချက်များ” ခေါင်းစဉ်နှင့် “သင်ယူမှုရလဒ်များ” ခေါင်းစဉ်တို့တွင် တူညီနေကြသည်။ အခြေခံ ပညာသင်ရိုးညွှန်းတမ်းတွင် သင်ခန်းစာ အစီအစဉ်များသည် အဆင့် (၄) ဆင့်ရှိသည်။ ၎င်းတို့မှာ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည် သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ဖြစ်ကြသည်။ ဒုတိယနှစ် သင်ခန်းစာ အစီအစဉ် တွင် အဆင့် (၃) ဆင့် ပါဝင်သည်။ မိတ်ဆက်ခြင်း (နိဒါန်း)၊ ကိုယ်ထည်ပိုင်း၊ ပြန်လည်ဆန်းစစ်ခြင်းတို့နောက်မှ "ဆရာ၏အကဲဖြတ်သုံးသပ်ခြင်း"က ပါဝင်လာ သည်။

## သင်ယူမှုလုပ်ငန်း (၂)။ နားလည်သဘောပေါက်မှု ရရှိစေရန် စာဖတ်ခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၇) ဦးပါဝင်သော ကျောင်းသား အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - McEwan ၏ ထိရောက်ကျွမ်းကျင်စွာ စာဖတ်တတ်သူများ၏ နည်းဗျူဟာ (၇) ရပ်ကို စာပိုဒ် အသစ်တစ်ခုအား ဖတ်ရှုလေ့လာရာ၌ လက်တွေ့အသုံးချတတ်စေရန်။

၁။ ကျောင်းသားများအား “ထိရောက်ကျွမ်းကျင်စွာ စာဖတ်တတ်သူများ၏ နည်းဗျူဟာ (၇) ရပ်” နှင့် “သင်ခန်းစာပါအကြောင်းအရာကို နားလည်သဘော ပေါက်ခြင်း” ပြန်လည် ဆန်းစစ်ရန်ပြောပါ။

၂။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား အုပ်စု (၇) စုအဖြစ်သို့ ခွဲခြားပါ။ အုပ်စု တစ်စုစီကို McEwan၏ နည်းဗျူဟာ (၇) ခုထဲမှ တစ်ခုစီကို လေ့လာဆွေးနွေး ရန် တာဝန်ပေးပါ။

၃။ ကျောင်းသားအုပ်စုများအားကျောင်းသားကိုင်စာအုပ်ရှိလေးထောင့်ကွက် (၄.၁) တွင်ပါရှိသော "ရာသီဥတုအပြောင်းအလဲ - အမှန်တကယ်ပင်ပြောင်းလဲနေပြီလား" စာပိုဒ်ကို ဖတ်ရှုလေ့လာရန်ညွှန်ကြားပါ။ ထိုစာပိုဒ်သည် ဆောင်းပါးရှင် ခင်မောင်မြင့် (၂၀၁၉) ရေးထားသည့် ဆောင်းပါးထဲမှ ကောက်နုတ်ချက်တစ်ရပ် ဖြစ်သည်။

၄။ စာပိုဒ်တစ်ခုကို နားလည်သဘောပေါက်မှုဖွံ့ဖြိုးလာစေရန် (နားလည်သဘောပေါက်လာစေရန်) အုပ်စုတစ်ခုစီအား သူတို့ကိုတာဝန်ပေးထားသော နည်းဗျူဟာတစ်ခုစီကို စမ်းသပ်အသုံးပြု ကြည့်ရမည် ဖြစ်သည်။

- သက်ဝင်လှုပ်ရှားစေခြင်း၊ နှိုးဆွခြင်း
- ထင်မြင်ချက်တစ်ခုမှန်းဆတည်ဆောက်ခြင်း
- စောင့်ကြည့်လေ့လာခြင်း၊ ကွဲပြားရှင်းလင်းစေခြင်း
- မေးခွန်းထုတ်ကြည့်ခြင်း
- အချက်အလက်များရှာဖွေခြင်း၊ ရွေးချယ်ခြင်း
- အနှစ်ချုပ်ခြင်း
- စိတ်ကူးပုံရိပ်လွှာဖော်ခြင်း၊ အချက်အလက်များကို စုစည်းကြည့်ခြင်း

၅။ သူတို့တာဝန်ကျရာ နည်းဗျူဟာများကို စမ်းသပ်လုပ်ဆောင်ကြည့်ပြီးသည့်အခါ ထိုနည်းဗျူဟာများက စာပိုဒ်အဓိပ္ပာယ်ကို နားလည်သဘောပေါက်စေမှုတွင် အထောက်အကူဖြစ်/မဖြစ်နှင့် အထောက်အကူ ဖြစ်သည်ဆိုလျှင် မည်သို့ အထောက်အကူဖြစ်စေကြောင်းကို ပြန်လည်သုံးသပ် စဉ်းစားစေရမည်။ သူတို့၏ အဖြေများကို ပြဋ္ဌာန်းချက်ပါ နည်းဗျူဟာ (၇) မျိုးကို အသုံးပြုပြီး ဇယား (၄.၁၁) တွင်ရေးသားပါ။

၆။ ဤလုပ်ငန်းကို ဆွေးနွေးရန်အတန်းအဖြစ်ပြန်လည်ဖွဲ့စည်းပါ။ အုပ်စုတစ်ခုစီမှ ကိုယ်စားလှယ် ကျောင်းသားတစ်ဦးစီကို ဖိတ်ခေါ်၍ နည်းဗျူဟာအပေါ် သူတို့၏ သုံးသပ်ချက်ကို အတန်းသို့ ပြန်လည်သတင်းပို့စေရမည်။ အုပ်စုကိုယ်စားလှယ်များမှ တင်ပြနေချိန်တွင် အခြား ကျောင်းသားများအား နည်းဗျူဟာ တစ်ခုစီက သူတို့အား အကြောင်းအရာကို နားလည်စေရန် အတွက် မည်သို့ကူညီ ပေးနိုင်ပုံကို မှတ်စုရေးထားကြရန်အကြံပြုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုတို့၏ ဆွေးနွေးခြင်း နှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အုပ်စုတစ်ခုစီ၏ ထင်မြင်ချက်ပေါ်မူတည်သည်။ အုပ်စုတစ်ခုက ထိုနည်းဗျူဟာကို မည်မျှထိရောက်ကြောင်းတွေ့ရှိမှုအပေါ်မူတည်၍ အဖြေများကွားခြားနိုင်သည်။ အချို့အုပ်စုများက နည်းဗျူဟာတစ်ခုကိုအလွန်အသုံးဝင်သည်ဟု တွေ့ရှိကြသော်လည်း အချို့မှာမူ သူတို့၏ နည်းဗျူဟာသည် အသုံးမဝင်ပါဟု အစီရင်ခံကြသည်လည်းရှိသည်။ မည်သို့ပင်ဖြစ်စေကာမူ အုပ်စုတစ်ခုစီ၏ တင်ပြချက်များ ရရှိလာခြင်းကြောင့် စာပိုဒ်ပါ အကြောင်းအရာတစ်ခုကို ဖတ်ရှု လေ့လာရာ၌ အသုံးပြုရမည့် နည်းဗျူဟာများအကြောင်းကို အတန်းသားတို့ သိရှိနားလည်လာ ကြမည်ဖြစ်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ အောက်ပါသင်ခန်းစာများ သင်ယူမှုအကြောင်းကို ပြန်လည်ဆန်းစစ်ပါ။
မြန်မာနိုင်ငံအခြေခံပညာရေး သင်ရိုးညွှန်းတမ်းအကြောင်းအရာနှင့် နားလည် သဘောပေါက်မှု အတွက် စာပိုဒ်ကိုမည်သို့ ဖတ်မည်နည်း။

၂။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။
(က) (၅.၂.၂) ဘာသာရပ်အကြောင်းအရာ၊ အယူအဆများ၊ အဓိကဆိုလိုရင်း များ နှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာ သတင်းအချက်အလက်များနှင့် ဥပမာ များ ထည့်သွင်းပြီး သင်ခန်းစာများကို မည်ကဲ့သို့ ဖွဲ့စည်းဆောင်ရွက်ထားကြောင်း ရှင်းပြသည်။

၃။ သင်ယူမှုရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။
ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မြန်မာနိုင်ငံ၏ အခြေခံပညာ သင်ရိုးညွှန်းတမ်းဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်သုံးသပ်တတ်မည်။
- ဘာသာရပ်အကြောင်းအရာ နားလည်မှုကို ပံ့ပိုးနိုင်ရန်အတွက် နည်းဗျူဟာများကို အသုံးပြုတတ်မည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ**

**မေးခွန်း ၁။** မြန်မာနိုင်ငံအခြေခံပညာသင်ရိုးညွှန်းတမ်းဆရာလမ်းညွှန်မိတ်ဆက် နိဒါန်းတွင် ရှင်းလင်းပြထားသော ပညာရပ်နယ်ပယ်/ကဏ္ဍများအနက် အနည်းဆုံး နယ်ပယ်/(၄) ခု ၏ အမည်များကို ဖော်ပြပါ။

**အဖြေ။** *နယ်ပယ်/ကဏ္ဍ (၇) မျိုးရှိသည်။ :*

*၁။ ကျောင်းသားဗဟိုပြု သင်နည်းဗေဒ*
*၂။ ထိရောက်သော သင်ကြားမှုသင်ယူမှုအတွက် အခြေခံသဘောတရားများ*
*၃။ ဘလွန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း (Bloom’s Taxonomy)*
*၄။ သင်ခန်းစာတစ်ခု၏ အဆင့်အသီးသီး၌ မေးနိုင်သော မေးခွန်းများ*
*၅။ (၂၁) ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ကျွမ်းကျင်မှုများ*
*၆။ စာသင်ခန်းတွင်း၌ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း (formative assessment) ပြုနိုင်ရန် အသုံးပြုနိုင်သော စစ်ဆေးအကဲဖြတ်မှုနှင့် စစ်ဆေးအကဲဖြတ်မှုဆိုင်ရာ နည်းဗျူဟာများ*
*၇။ အလယ်တန်းကျောင်း နှင့် အထက်တန်းကျောင်းစာသင်ခန်းများ၌တွေ့ရသော လူမှုဆက်ဆံရေးဆိုင်ရာ ရှုထောင့်များ (ကျား/မ ရေးရာ၊ မျိုးနွယ်စု မတူကွဲပြားခြားနားမှု၊ လူမှုအဆင့်အတန်းနှင့် မသန်စွမ်းမှုများ)*

**မေးခွန်း ၂။** သင်ရိုးမာတိကာ ဆိုသည်မှာအဘယ်နည်း။

**အဖြေ။** *သင်ရိုးမာတိကာဆိုသည်မှာ ကျောင်းသားများအနေဖြင့် ဘာသာရပ်တစ်ခုကို သင်ယူရာတွင် ၎င်းသာဘာရပ်ကို သင်ကြားသင်ယူမှုနှင့်ပတ်သက်၍ ကျောင်းသားများကို ဦးတည်လမ်းညွှန်ပေးသော ဘာသာရပ်၏ အကြောင်းအရာ၊ ရည်ရွယ်ချက်၊ ဘာသာရပ် မျှော်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များ ပါဝင်သော စာရွက်စာတမ်း တစ်ခုဖြစ်သည်။*

**မေးခွန်း ၃။** မြန်မာနိုင်ငံ အခြေခံပညာသင်ရိုးညွှန်းတမ်း ဆရာလမ်းညွှန်တွင်ဖော်ပြ ထားသည့် စာသင်နှစ် တစ်နှစ်စာ သင်ရိုးမာတိကာလျာထားခွဲဝေမှုအစီအစဉ် (Year Plan) ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

**အဖြေ။** *စာသင်နှစ် တစ်နှစ်စာ သင်ရိုးမာတိကာလျာထားခွဲဝေမှု အစီအစဉ်သည် ဘာသာရပ်ကို ဘာသာရပ်တစ်ခုကို ရှေ့နောက်အချိတ်အဆက်မိမိ အချိန်အကန့်အသတ်များနှင့် ခွဲဝေထားခြင်းဖြစ်သည်။ သင်ခန်းစာများကို အခန်းတစ်ခုချင်းစီတွင် မည်မျှ သင်ကြားရမည်ကို သတ်မှတ်ပြီး အခန်းတစ်ခုချင်းစီတွင် စာသင်ချိန်မည်မျှရှိသည်ကို ဖော်ပြသည်။*

**မေးခွန်း ၄။** McEwan ၏ ထိရောက်ကျွမ်းကျင်စွာ စာဖတ်တတ်သူများ၏ နည်းဗျူဟာ(၇) ရပ် မှာမည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ။**

- *သက်ဝင်လှုပ်ရှားစေခြင်း၊ နှိုးဆွခြင်း*
- *ထင်မြင်ချက်တစ်ခု မှန်းဆတည်ဆောက်ခြင်း*
- *စောင့်ကြည့်လေ့လာခြင်း၊ ကွဲပြားရှင်းလင်းစေခြင်း*
- *မေးခွန်းထုတ်ကြည့်ခြင်း*
- *အချက်အလက်များ ရှာဖွေခြင်း၊ ရွေးချယ်ခြင်း*
- *အနှစ်ချုပ်ခြင်း*
- *စိတ်ကူးဖြင့် ပုံရိပ်လွှာဖော်ခြင်း၊ အချက်အလက်များ စုစည်းကြည့်ခြင်း*

# ၄.၃။ သင်ယူသူများအကြောင်းကို သိရှိခြင်း

သင်ခန်းစာတစ်ခုထိရောက်မှုရှိစေရန် ဆရာက ကျောင်းသားများအကြောင်းကို သိရှိရန်နှင့် ၎င်းတို့သိခဲ့သော သင်ယူခဲ့သော အကြောင်းအရာများကို နားလည်ရန် အရေးကြီးပါသည်။ ၎င်းတို့ထံ ရှိထားသည့် အသိပညာနှင့် ကျွမ်းကျင်မှု အခြေခံကို သိရှိနားလည်ထားမှသာလျှင် သင်ခန်းစာကို သင်ယူရာ၌ ၎င်းတို့၏ လေ့လာသင်ယူမှုကို ပိုမိုကျယ်ပြန့်လာစေပြီး စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်တတ်စေသည်။

## ၄.၃.၁။ ယခင်ရှိနှင့်ပြီး အသိပညာ နှင့် ကျောင်းသား၏ အဓိက အကြောင်းအရာအချက်အလက်များ

ဤသင်ခန်းစာတွင် စာသင်ချိန် (၄) ချိန် ပါဝင်သည်။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင်  ကျောင်းသားများသည် -**

- သင်ယူသူတစ်ဦးအနေနှင့် သင်ယူသူ၏ အဓိက အကြောင်းအရာ အချက်အလက် ဖော်ပြချက် တစ်ခုကို ပြုစုရေးသားတတ်မည်။
- သင်ခန်းစာအစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို သတ်မှတ်ဖော်ထုတ်ပေးနိုင်ရန်အတွက် စိတ်ကူးဖြင့်မှန်းဆပုံဖော်ထားသော စာသင်ခန်းတစ်ခု၏ အဓိက အကြောင်းအရာများကို ပြန်လည်ဆန်းစစ် တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။

(ဂ) (၃.၁.၂) ကျောင်းသားများ၏ ကွဲပြားခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိအမှတ်ပြုပြီး ကျောင်းသားအားလုံးတန်းတူညီမျှဆက်ဆံသည်။

**အချိန်** - မိနစ်(၅၀) ကြာ စာသင်ချိန် (၄) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ဖြစ်ရပ်လေ့လာခြင်း - ကျောင်းသို့ လူတွေ့မေးမြန်းမှုလာရောက်ဖြေဆိုသော နီလာ၏ ဖြစ်ရပ်/အတွေ့အကြုံ

သင်ယူမှုလုပ်ငန်း (၂) - (ကျွန်ုပ်၏) သင်ယူသူ၏ အဓိကအကြောင်းအရာအချက်အလက်ဖော်ပြချက်

သင်ယူမှုလုပ်ငန်း (၃) - သင်ယူမှုအခြေအနေဆိုင်ရာခွဲခြမ်း စိတ်ဖြာလေ့လာမှုကို အနှစ်ချုပ်ဖော်ပြခြင်း

သင်ယူမှုလုပ်ငန်း (၄) – Y ပုံ ဇယားကွက် - ဒေါ်ဝါဝါစိုး၏စာသင်ခန်း

သင်ယူမှုလုပ်ငန်း (၅) - သင်ကြားမှု သင်ယူမှုအတွက် သင်ယူသူ၏ အဓိကအကြောင်းအရာအချက်အလက်ဖော်ပြချက် (Learner profile) မှ ရရှိသည့် သွယ်ဝိုက်ရည်ညွှန်းမှုများ (သွယ်ဝိုက် အသုံးဝင်မှုများ)

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် အတန်းတွင်းဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှု** - ယခင်ရှိပြီး အသိပညာနှင့် ကျောင်းသားအကြောင်း၊ အဓိကအကြောင်းအရာ ဖော်ပြချက်တို့ ပါဝင်သော သင်ခန်းစာ (၄.၃.၁) တို့ဖတ်ပါ။ ဒုတိယစာသင်ချိန်၌ သင်ယူမှုလုပ်ငန်း (၂) ပြီးသွားသောအခါ အလိုအလျောက် ပါလာသောလုပ်ငန်းတစ်ခု ရှိလာမည်။ “လျှပ်တစ်ပြက် သိကောင်းစရာ” ကစားနည်း (“Speed Knowing student”) ကိုအသုံးပြုပါ။ အချက်အလက်တို့ကို (အောက်တွင်ပေးထားသည်) ကွန်ပျူတာဖြင့် စာရိုက်ပြီး ကျောင်းသား တစ်ဦးစီကို ဝေငှပေးထားပါ။ ကျောင်းသားတစ်ဦးစီက အခြားကျောင်းသား (၄) ဦးထံမှ အကြောင်းအရာ အချက်အလက်များကို ရှာဖွေတွေ့ရှိရန် ကြိုးစားရမည်။ မြန်မြန်မေး၍ မြန်မြန်ရေးရမည်။ ရရှိလာသော အချက်အလက် များကို သူတို့၏ ပုံစံများထဲတွင် အမြန်ပြန်ဖြည့်ပေးရမည်။ ပုံစံ (၄) ခုကို ပထမဦး ဆုံး ဖြည့်သွင်း ရေးသားပြီး သူကအနိုင်ရသည်။

“လျှပ်တစ်ပြက်သိကောင်းစရာ” ကျောင်းသားများအကြောင်းပုံစံ

| ကျောင်းသားအမှတ် (၁) | | ကျောင်းသားအမှတ်(၂) | |
|---|---|---|---|
| ညာသန်လား/ဘယ်သန်းလား | | ညာသန်လား/ဘယ်သန်လား | |
| သင်ယူပုံအားသန်မှု အမြင် / အကြား၊ကိုယ်ခန္ဓာလှုပ်ရှားမှု တို့အနက် မည်သည်ကို အားသန်သူဖြစ်သနည်း။ | | သင်ယူပုံအားသန်မှု အမြင်၊ အကြား၊ ကိုယ်ခန္ဓာ လှုပ်ရှား မှုတို့အနက် မည်သည်ကို အားသန်သူ ဖြစ်သနည်း။ | |
| ဉာဏ်ရည်အထွေထွေထဲမှ ပိုမိုနှစ်သက်သော ဉာဏ်ရည်အမျိုးအစား | | ဉာဏ်ရည်အထွေထွေထဲမှ ပိုမိုနှစ်သက်သော ဉာဏ်ရည်အမျိုးအစား | |
| အင်္ဂလိပ်စာနှံ့စပ်တတ်ကျွမ်းမှု | | အင်္ဂလိပ်စာနှံ့စပ်တတ်ကျွမ်းမှု | |
| မည်သည့်အတန်းကို သင်ကြားရခြင်းကို ပိုမို နှစ်သက်သနည်း။ | | မည်သည့် အတန်းကို သင်ကြားရခြင်းကို ပိုမို နှစ်သက်သနည်း။ | |

| ကျောင်းသားအမှတ်(၃) | | ကျောင်းသားအမှတ်(၄) | |
|---|---|---|---|
| ညာသန်လား/ဘယ်သန်းလား | | ညာသန်လား/ဘယ်သန်လား | |
| သင်ယူပုံအားသန်မှု အမြင် / အကြား၊ကိုယ်ခန္ဓာလှုပ်ရှားမှု တို့အနက် မည်သည်ကို အားသန်သူဖြစ်သနည်း။ | | သင်ယူပုံအားသန်မှု အမြင်၊ အကြား၊ ကိုယ်ခန္ဓာ လှုပ်ရှား မှုတို့အနက် မည်သည်ကို အားသန်သူ ဖြစ်သနည်း။ | |
| ဉာဏ်ရည်အထွေထွေထဲမှ ပိုမိုနှစ်သက်သော ဉာဏ်ရည်အမျိုးအစား | | ဉာဏ်ရည်အထွေထွေထဲမှ ပိုမိုနှစ်သက်သော ဉာဏ်ရည်အမျိုးအစား | |
| အင်္ဂလိပ်စာနှံ့စပ်တတ်ကျွမ်းမှု | | အင်္ဂလိပ်စာနှံ့စပ်တတ်ကျွမ်းမှု | |
| မည်သည့်အတန်းကို သင်ကြားရခြင်းကို ပိုမို နှစ်သက်သနည်း။ | | မည်သည့် အတန်းကို သင်ကြားရခြင်းကို ပိုမို နှစ်သက်သနည်း။ | |

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁) - လေးထောင့်ကွက် (၄.၂) - ဖြစ်ရပ်လေ့လာခြင်း - ကျောင်းသို့ လူတွေ့မေးမြန်းမှု လာရောက်ဖြေဆိုသော နီလာ၏ ဖြစ်ရပ်/အတွေ့အကြုံ ၊ လေးထောင့်ကွက် (၄.၃) - မြင်ကွင်း နေ့စဉ်မှတ်တမ်း၊ ရောင်စုံမာကာများ

သင်ယူမှုလုပ်ငန်း (၂) - ဇယား (၄.၁၂) - ကျွန်ုပ်၏ (သင်ယူသူ) အဓိက အကြောင်းအရာအချက်အလက်ဖော်ပြချက်(ကျောင်းသားကိုင်စာအုပ်မှ)

သင်ယူမှုလုပ်ငန်း (၃) - ကျောင်းသားကိုင်စာအုပ်မှ ဇယား (၄.၁၃) - မြန်မာနိုင်ငံ မြို့ပြဒေသရှိ အစိုးရကျောင်းတစ်ကျောင်းမှ စိတ်ကူးဖြင့်မှန်းဆ ပုံဖော်ထားသည့် စာသင်ခန်းတစ်ခု၏ သင်ယူမှုအခြေအနေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာမှု (ကျောင်းသားကိုင်စာအုပ်မှ)

သင်ယူမှုလုပ်ငန်း (၄) - လေးထောင့်ကွက် (၄.၄) - ဆရာနှင့် တွေ့ဆုံမေးမြန်းခြင်း (ကျောင်းသားကိုင်စာအုပ်)၊ လေးထောင့်ကွက် (၄.၅) - ဒေါ်ဝါဝါ စိုး၏စာသင်ခန်း၊ ပုံကို ထင်ရှားစွာ ပြသနိုင်သည့် ဆေးခြယ်ဘောပင်များ၊ ရောင်စုံခဲတံများ၊ခဲတံများ (သို့မဟုတ်) မာကာများ (လိုအပ်လျှင်)

သင်ယူမှုလုပ်ငန်း (၅) - ဇယား (၄.၁၅) မှ (၄.၁၉) ထိ ကို သင်ယူသူ၏ အဓိက

အကြောင်းအရာအချက်အလက်ဖော်ပြချက်၊ အောက်ဖော်ပြပါ ကျောင်းသားများ အတွက်) (ကျောင်းသားကိုင်စာအုပ်မှ)

- မောင်ဟိန်းထက်
- မနှင်းသိင်္ဂီ
- မဝင်းရတနာငွေး
- မယမုံဖူး
- မချမ်းချမ်း

A4 အရွယ်အစားစာရွက် (၅) ရွက်- တစ်ရွက်စီ၌ စိတ်ကူးဖြင့် မှန်းဆပုံဖော်ထားသော သင်ယူသူများ (ကျောင်းသား/သူများ)၏အဓိက အကြောင်းအရာ ဖော်ပြချက်များ ရေးသားထားသည်။

- မောင်ဟိန်းထက်
- မနှင်းသိင်္ဂီ
- မဝင်းရတနာငွေး
- မယမုံဖူး
- မချမ်းချမ်း

**စာသင်ချိန် (၁)**

**သင်ယူမှုလုပ်ငန်း (၁)။ ဖြစ်ရပ်လေ့လာခြင်း - ကျောင်းသို့ လူတွေ့မေးမြန်းမှု လာရောက်ဖြေဆိုသော နီလာ၏ ဖြစ်ရပ်/အတွေ့အကြုံ**

| **အချိန်** | (၃၅) မိနစ် |
|---|---|
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၄) ဦးစီပါဝင်သော အုပ်စုများ၊ တစ်ဦးချင်း၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဆရာတစ်ဦးအနေနှင့် ကျောင်းသားများအကြောင်းသိရှိခြင်း၏ အရေးပါမှုကို ပိုမိုသိရှိ နားလည်လာစေရန်

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ "ကျောင်းသားများနှင့် ကျွမ်းဝင်မှု ရှိခြင်း၏ အရေးပါပုံ" ကို ဖတ်ရန် ပြောပါ။

၂။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၄) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ အဖြစ်သို့ခွဲခြားပါ။ အုပ်စုတစ်စုစီကို ရောင်စုံမာကာများ ဝေငှပေးထားပါ။ ကျောင်းသားကိုင်စာအုပ် လေးထောင့်ကွက် (၄.၂) တွင်ပါသော ကျောင်းသို့လူတွေ့ မေးမြန်းမှုလာရောက်ဖြေဆိုသော နီလာ၏ ဖြစ်ရပ်ကို လေ့လာခြင်းအကြောင်း ပြန်လည်ဖတ်ရှုလေ့လာခြင်းဖြင့် ဤ လုပ်ငန်းကို စတင်ရန် ကျောင်းသားများကို ညွှန်ကြားပါ။

၃။ ဖြစ်ရပ်လေ့လာခြင်းကို သူတို့ဖတ်ရှုပြီးသည့်အခါ အောက်ပါမေးခွန်းများကို ဖြေဆိုနိုင်ရန် အတွက် ဆွေးနွေးရန် ကျောင်းသားအုပ်စုများကို ညွှန်ကြားပါ။

- ဆရာထန်ပါးခိုင်က နီလာကို ပထမဦးဆုံး မည်ကဲ့သို့တွေ့မြင်ရသနည်း။
- ပထမဦးဆုံး ထင်မြင်ချက်အရ ဆရာထန်ပါးခိုင်က နီလာ၏အကြောင်းကို မည်သို့တွေးတော ခန့်မှန်းမိနိုင်သနည်း။
- နီလာတွေ့ကြုံခဲ့ရသော ကလေးဘဝမှာ မည်သို့သော ဘဝမျိုးဖြစ်သနည်း။
- နီလာ၏ မိသားစုဘဝနှင့် ပတ်သက်၍ မည်သည်တို့ကို ဆရာ ထန်ပါးခိုင် သိရှိလာခဲ့သနည်း။
- နီလာ ခလုတ်တိုက်လဲရခြင်းမှာ အဘယ်ကြောင့်နည်း။
- နီလာ၏ သင်ယူနိုင်စွမ်း အလားအလာ ပေါ်ပေါက်တိုးတက်လာစေရန် ကူညီရာတွင် တွေ့ရှိ/ သိရှိထားမှုများကို ဆရာ ထန်ပါးခိုင် မည်သို့ အသုံးပြုနိုင်မည်နည်း။

၄။ ကျောင်းသားများ ဆွေးနွေးပြီးသောအခါ သူတို့တွေ့ရှိချက်များသည် သူတို့၏ သင်ကြားမှု ဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များအတွက်အရေးပါမှုကို ပြန်လည် သုံးသပ်စဉ်းစားစေရမည်။ ထို့နောက် လေးထောင့်ကွက် (၄.၃) မှ မြင်ကွင်း နေ့စဉ်မှတ်တမ်း (ကျောင်းသားကိုင်စာအုပ်မှ) အကွက်ထဲတွင် ကျောင်းသား များ၏ မျက်မြင်ကိုယ်တွေ့မှတ်တမ်းတစ်ခု ဖန်တီးရေးသားထားစေရမည်။ သူတို့၏ သင်ယူမှုကို သရုပ်ပေါ်လွင်စေရန် စကားလုံးများနှင့် အတူ ရုပ်ပုံများကို တွဲဖက် အသုံးပြုနိုင်သည်။

၅။ အတန်းကို ပြန်လည် ဖွဲ့စည်းပေးပြီး မျှဝေရန် ဆန္ဒရှိသောကျောင်းသားများအား ဖိတ်ခေါ်၍ သူတို့ရေးသားထားသောမြင်ကွင်းနေ့စဉ်မှတ်တမ်းများကို အတန်းနှင့် မျှဝေစေရမည်။ ကျောင်းသားများအား လက်တွေ့သင်ကြားမှုအတွက် အရေးပါသော ဖြစ်ရပ်လေ့လာမှုမှ သူတို့သင်ယူသိရှိလိုက်ရသည့် အချက်အလက်များ အကြောင်းကို ဆွေးနွေး ပြောဆိုကြရန်ဆရာက ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤလုပ်ငန်းသည် စိတ်ကူးဖြင့်မှန်းဆပုံဖော်ရသော လုပ်ငန်းဖြစ်သောကြောင့် မြင်ကွင်းနေ့စဉ်မှတ်တမ်းများသည် အမျိုးမျိုးကွဲပြားခြားနားကြလိမ့်မည်။ သို့သော်လည်း ကျောင်းသား များ အကြောင်းကို စိတ်မှန်းထင်မြင်ချက်များပေးခြင်းထက် ကျောင်းသားများအကြောင်းကို ဂဃနဏ သေချာစွာ သိအောင်ဆောင်ရွက်ခြင်းက အရေးကြီးပုံကို ပညာရေးဒီဂရီကောလိပ်ကျောင်းသားများ အနေနှင့် သိရှိထားသင့်ပါသည်။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

*ဤအချက်အလက်များအကြောင်း သင် (ဆရာ) ရှင်းလင်းပြောပြနေစဉ်အတွင်း ပိုမိုသိသာရှင်းလင်းစေရန် ဥပမာများပေးပါ။ ကျောင်းသားများထံမှ ဥပမာများကိုလည်း တောင်းခံကာ ပြောပြစေရမည်။*

၁။ ဆရာများသည် ကျောင်းသားများအကြောင်းကို နက်ရှိုင်းစွာ သိရှိရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသိရှိမှုက ဆရာများအား အောက်ပါအကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

- **ကျောင်းသားများအတွက် ဘေးကင်းလုံခြုံမှုရှိပြီး စိတ်ချရသော သင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ပေးခြင်း** - ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံမှုအတွက်သာမကဘဲ ဆရာနှင့်ကျောင်းသားများအကြား စိတ်ချယုံကြည်ရမှုနှင့် ခင်မင်ရင်းနှီးမှုတို့ ဖွံ့ဖြိုးလာခြင်းပါ အပါအဝင်ဖြစ်သည်။ ဆရာထန်ပါးခိုင်က ကျောင်းသူနီလာအတွက် ဆရာအပေါ် ယုံကြည်မှုနှင့် ခင်မင်ရင်းနှီးမှုတို့ ရရှိလာစေရန် မည်သို့ဆောင်ရွက်ပေးနိုင် မည်ကို အတန်းသားများအား မေးမြန်းပါ။
- **ကျောင်းသားများ၏ သင်ယူရန် အဆင်သင့်ဖြစ်မှုကို သတ်မှတ်ပေးခြင်း** - သင်ယူရမည့် အကြောင်းအရာများသည် ကျောင်းသားများ၏ အသက်အရွယ်နှင့် ဖြစ်စေ၊ အတန်းနှင့် ဖြစ်စေ သင့်တော်မှု ဆီလျော်မှု ရှိသင့်သည်။ ကျောင်းသားများထံမှ ရရှိရန်မျှော်မှန်းထားမှု များမှာလည်း ကြောင်းကျိုးညီညွတ်သင့်သည်။
  - ကျောင်းသားတစ်ဦးစီအတွက် သင်ယူမှုကို (လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက် စသည့် ထူးခြားချက်တို့နှင့် ညီညွတ်အောင်) ပြုပြင်ပြောင်းလဲပေးရာ၌ ကျောင်းသား၏ အရည်အချင်း၊ စွမ်းရည်ကို ပေါ်လွင်လာစေမည့် (ဉာဏ်စွမ်းရည်စသည်တို့ကို) စမ်းသပ် စိန်ခေါ်ရာရောက်သော သင်ယူမှုလုပ်ငန်းတို့ကိုသာ ဆောင်ရွက်စေသင့်သည်။ စိုးရိမ် ပူပန်မှုများ၊ စိတ်ညစ်ညူးမှုများ ဖြစ်ပေါ်စေမည့် ကျောင်းသားအတွက် မနိုင်ဝန်များ ဖြစ်စေမည့် သင်ယူမှုလုပ်ငန်းမျိုးကိုမူ မဆောင်ရွက်စေသင့်ပါ။
  - သင်ယူရာ၌ အဆင်သင့်ဖြစ်မှုတွင် အသိပညာ၊ နားလည်သဘောပေါက်မှုနှင့် ကျွမ်းကျင်မှု တို့အပြင် အခြားအချက်အလက်များစွာတို့ပါဝင်သည်။ ၎င်းအချက်အလက်များမှာ ကျောင်းသားတစ်ဦးစီ၏ ယခင်က ရရှိလာခဲ့သော သင်ယူမှုနှင့် ပတ်သက်သည့် အောင်မြင်မှု၊ ကျရှုံးမှုများ၊ မိမိကိုယ်မိမိ လေးစားတန်ဖိုးထားမှု၊ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည်ဟူသော ခံယူမှုအသိတရား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း ဆိုင်ရာစံများ၊

စာသင်ခန်းတွင်း (သို့မဟုတ်) အုပ်စုအတွင်း လူနေမှု အဆင့်အတန်း ကွာဟချက် ဘဝ အတွေ့အကြုံ၊ စိတ်နေသဘောထား တွေးခေါ်ပုံ တွေးခေါ်နည်းနှင့် စိတ်ပိုင်းဆိုင်ရာ အလေ့အထ (ကိုင်းညွတ်မှု) များ တို့ဖြစ်ကြသည်။ နီလာ၏သင်ယူရန်အဆင်သင့် ဖြစ်မှုသည် ယခင်က အတွေ့အကြုံကြောင့် မည်သို့ထိခိုက်နိုင်မည် ဖြစ်သနည်းဟု အတန်း ကို မေးခွန်းထုတ်ပါ။

- **ကျောင်းသားများ၏ စိတ်ရောကိုယ်ပါ ဆောင်ရွက်မှုနှင့် အောင်မြင်မှုတို့ အမြင့်မားဆုံး ရရှိနိုင်စေရန်အတွက် သင်ရိုးညွှန်းတမ်းကို သင်ကြားရာ၌ ဆီလျော်မည့် ထိရောက်မည့် သင်ကြားနည်းများကို ရွေးချယ်ဆုံးဖြတ်ခြင်း**
  - ကျောင်းသားများ၏အတွေ့အကြုံများ၊ စိတ်ဝင်စားမှုများ၊ (သို့မဟုတ်) ၎င်းတို့၏ အားသာချက်များကို ဆရာက သိရှိလာနိုင်မည့် နည်းလမ်း များကို ရှာဖွေကြံဆ စဉ်းစားပါ။ ဆရာထန်ပါးခိုင်သည် နီလာအတွက် သင်ယူမှုတွင် စိတ်ပါလက်ပါ ဆောင်ရွက်နိုင်စေမှု အမြင့်မားဆုံး၊ အထိရောက်ဆုံးဖြစ်စေရန် မည်သို့ဆောင်ရွက်မြင့်တင်ပေးနိုင်မည် နည်းဟု ကျောင်းသားများကိုမေးပါ။
- **စာသင်ခန်းအတွင်း၌ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည်ကိုပိုမိုဖွံ့ဖြိုးစေ ခြင်း-**

  ကျောင်းသားများ အကြောင်း အတွင်းကျကျ သိရှိနားလည်လာမှုမှတစ်ဆင့် ဆရာများသည် အတွေးအခေါ်တို့ကို အမျိုးမျိုး လှည့်ပြောင်းတွေးခေါ်နိုင် စွမ်း ပိုမိုများပြားလာခြင်း၊ သူတစ်ပါးတို့၏ ခံစားချက်များကို ပိုမို၍ နားလည် စာနာတတ်လာခြင်း၊ ပို၍သည်းခံတတ်လာခြင်း နှင့် ပိုမိုတိကျစွာ တာဝန် ယူတတ်လာခြင်းတို့ ပေါ်ပေါက်လာကြရသည်။

၂။ ဤအချက်ကို စာသင်ချိန် (၂) အတွက်ကြိုတင်ပြင်ဆင်ရာတွင် ဆွေးနွေးမည်။ Powell နှင့် Kusuma-Powell (၂၀၁၁) က သင်တို့၏ ကျောင်းသားများအတွက် သင်ယူသူ၏အဓိကအကြောင်းအရာအချက်အလက် ဖော်ပြချက် (Learner profile) များ ပြုစုရေးသားရန် အကြံပြုထားပါသည်။ သင်ယူမှု နှင့်ပတ်သက် သော အချက်အလက် ဖော်ပြချက်များတွင် သင်ယူသူတို့၏ ကိုယ်ပိုင်စရိုက် လက္ခဏာ ရှုထောင့် (၅) ပါဝင်သည်။ ထိုရှုထောင့် (၅) ခုမှာ

- **ဇီဝဗေဒဆိုင်ရာ အချက်အလက်များ** - ကျား/မ၊ အသက်အရွယ်၊ ကာယဖွံ့ဖြိုးမှု၊ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုများ၊ ကျန်းမာရေး၊ အာရုံကြောလှုပ်ရှားရာ၌ ကျွမ်းကျင်မှုများ၊ ကောင်းမွန်စွာ လှုပ်ရှားသွားလာနိုင်စွမ်း၊ အားနည်းချက်ဖော်ထုတ်မှုမှ တွေ့ရှိလာရသော သင်ယူမှုဆိုင်ရာ စွမ်းရည်ချို့တဲ့မှုများ
- **ယဉ်ကျေးမှုဆိုင်ရာနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အကြောင်းရင်းများ** - လူမှုစီးပွားဆိုင်ရာ အဆင့်အတန်း၊ လူမျိုးစုနှင့် လူမျိုးရေးဆိုင်ရာ နောက်ခံအခြေအနေ၊ ယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာများ၊ ဘာသာစကားများ၊ ယုံကြည်ကိုးကွယ်ရာဘာသာတရား၊ လူမျိုးတစ်မျိုး၏ စံများနှင့် တန်ဖိုးထားမှုများ၊ ကျား/မရေးရာ မျှော်မှန်းထားချက်များ
- **စိတ်လှုပ်ရှားခံစားမှုဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လွှမ်းမိုးမှုများ** - မိသားစုဖွဲ့စည်းပုံ၊ မိသားစု ရာဇဝင် (သမိုင်းကြောင်း)၊ မကြာသေးမီက ဖြစ်ပျက်ခဲ့သော မိသားစု အခြေအနေ အပြောင်း အလဲများ၊ (သို့မဟုတ်) မိသားစုဝင်တစ်ဦးဦးကို ဆုံးရှုံးမှုများ၊ ကျောင်းသား၏ ခံယူချက် သဘောထားများ၊ ပင်ကိုစိတ်နေသဘောထား၊ သက်တူရွယ်တူသူငယ်ချင်းများ၏ အဆင့်အတန်း၊ မိမိကိုယ်မိမိ လေးစားတန်ဖိုးထားမှု
- **ပညာရေးဆိုင်ရာ စွမ်းဆောင်မှု/ ပညာရေး၌ ဆောင်ရွက်ပေါက်မြောက်မှု** - ဒြပ်ရှိအရာများ အကြောင်း စဉ်းစားရာ၌ ကျွမ်းကျင်မှုများ၊ ဒြပ်မဲ့အရာများအကြောင်းစဉ်းစားရာ၌ ကျွမ်းကျင်မှုများ၊ အဖတ်အရွတ် ကျွမ်းကျင်မှုများ၊ အာရုံစူးစိုက်မှု၊ ယခင်က ရှိခဲ့ဖူးသော အောင်မြင်မှု၊ နှုတ်တိုက်ဘာသာစကားဖွံ့ဖြိုးမှု၊ အရေးအသားနှင့်ပတ်သက်သော ဘာသာစကား ကျွမ်းကျင်မှု၊ ရှေ့နောက်စီစဉ်ရာတွင် တတ်ကျွမ်းမှု၊ အမျိုးအစားခွဲခြားခြင်းနှင့် ကျိုးကြောင်းပြဆွေးနွေးမှုများကို ခွဲခြားသတ်မှတ်ပေးတတ်မှု
- **သင်ယူရန် ပိုမိုနှစ်ခြိုက်သော အရာများ** - ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ သူတို့ တစ်ဦးချင်းစီက စိတ်ကြိုက်တွေ့သော ဉာဏ်ရည်အမျိုးအစား၊ သင်ယူမှု ပုံစံများ (ကိုယ်ခန္ဓာလှုပ်ရှားမှုနှင့်ပတ်သက်သော ဉာဏ်ရည်၊ အကြားအာရုံနှင့်ပတ်သက်သော ဉာဏ်ရည်၊ ထိတွေ့မှုအာရုံနှင့်ပတ်သက်သော ဉာဏ် ရည်၊ အမြင်အာရုံနှင့် ပတ်သက်သော ဉာဏ်ရည်)၊ ထုတ်လုပ်မှု/ရလဒ်ကို ပြသဟန်များ (သင်ယူတတ်မြောက်မှုကို ပြသသော နည်းလမ်းများ) နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှုများ

- သင်ယူသူ၏ အဓိကအကြောင်းအရာ အချက် အလက် ဖော်ပြချက် (leaner profile) သည် သင်ကြားမှုဖြစ်စဉ်ကို တိုးတက်ကောင်းမွန်စေနိုင်ပြီး ကျောင်းသားတစ်ဦး၏ လိုအပ်ချက်များကိုလည်း ပြည့်စုံအောင် ဖြည့်သည့် အရာ၌ အထောက်အကူပြုနိုင်သော ကိရိယာ တစ်မျိုးဖြစ်သည်။
    - ဥပမာ ကျောင်းသားတစ်ဦး အကြားအာရုံချို့တဲ့သည်ဟု သိထားလျှင် ဆရာက ထိုကျောင်းသားအတွက် သင်ခန်းစာကို ၎င်းသိရှိနိုင်မည့် နည်းဖြင့် ပြုပြင်ပေးထားနိုင်သည်။ ထိုကလေးကို စာသင်ခန်း၏ ရှေ့ဆုံးခုံ၌ နေရာချပေးခြင်း (သို့မဟုတ်) စကားပြောခွက် (မိုက်ခရိုဖုန်း) သုံးခြင်း (သို့မဟုတ်) စကားလုံးများအဖြစ် ပြောပြခြင်း မဟုတ်ဘဲ စာနှင့်ရေးပြခြင်းတို့ကို ဆောင်ရွက်နိုင်သည်။
- ဤကဲ့သို့ ကောင်းကျိုးများရှိနိုင်သော်လည်း သင်ယူသူအကြောင်း သိရှိလာမှုကို မှန်ကန်ဆီလျော်အောင် အသုံးမပြုတတ်လျှင်မူ ဆိုးကျိုးများ ရှိလာနိုင်ပါသည်။ ထိုကဲ့သို့ ကျောင်းသားမျိုးအပေါ်၌ လူအများ၏ ပုံသေကားကျ ထင်မြင်တတ်မှု (Stereotype) ကို အားပေးရာ ရောက်သွားတတ်ပါသည်။ ထိုအခါ ပုံမှန်အသိုင်းအဝိုင်းထဲမှ ဖယ်ကြဉ်ခံရခြင်း ဒဏ်ကိုပိုမိုခံစားရနိုင်ပါသည်။
    - အခြားဥပမာတစ်ခုကို ကြည့်ပါ။ ကျောင်းသားတစ်ဦးသည် ယခင်နှစ်က သင်္ချာဘာသာရပ် အားနည်းသဖြင့် အပိုသင်ကြားပေးရန် လိုအပ်ခဲ့ကြောင်း သိရှိထားသည်ဟု ဆိုပါစို့။ ဆရာက ထိုကျောင်းသား သင်္ချာညံ့သည်ဟုမရည်ရွယ်ဘဲ ပုံသေသတ်မှတ်ထားမိတတ်သည်။ သို့ဖြစ်ခဲ့လျှင် ထိုကျောင်းသား၏ သင်္ချာဘာသာရပ်တတ်မြောက်မှုကို စစ်ဆေးအကဲဖြတ်ရာတွင် စိတ်ထဲ၌ အခံထင်မြင်ချက်ရှိနေခြင်းကြောင့် ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်နိုင်မှု နည်းပါးနိုင်သည်။ ထိုကျောင်းသား လုပ်ဆောင်မှုမှန်သမျှ ညံ့ဖျင်းသည်ဟု ထင်မြင်နေမိတတ်သည်။

## စာသင်ချိန် (၂)

### သင်ယူမှုလုပ်ငန်း (၂)။ (ကျွန်ုပ်၏) သင်ယူသူ၏ အဓိက အကြောင်းအရာ အချက်အလက်ဖော်ပြချက်

| အချိန် | (၂၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ယူသူ၏ အဓိကအကြောင်းအရာအချက်အလက် ဖော်ပြချက်ရေးသားခြင်းကို လေ့ကျင့်ရေးသားတတ်စေရန်နှင့် သင်ယူသူအဖြစ် မိမိကိုယ်မိမိ ထိုးထွင်း သိမြင်လာစေရန်

၁။ ဤသင်ယူမှုလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျောင်းသားများသည် သင်ယူသူများ အနေနှင့် ၎င်းတို့ကိုယ်တိုင်၏ အဓိကအကြောင်းအရာအချက်အလက်များ ဖော်ပြချက်မှတ်တမ်းတစ်ခုကို ရေးသားပြုစုရမည် ဖြစ်ကြောင်းကို ရှင်းပြပါ။ ဤလုပ်ငန်းက သူတို့အား သူတို့ကိုယ်ပိုင် သင်ယူဟန်နှင့် သူတို့၏သင်ယူမှုလိုအပ်ချက်များအကြောင်း ထပ်ဆောင်းကာ ထိုးထွင်း သိမြင်စေပြီး သင်ယူသူအကြောင်း အဓိကအကြောင်းအရာ ဖော်ပြချက်များ ရေးသားပြုစုရာတွင် အထောက်အကူဖြစ်စေသည်။ ထိုဖော်ပြချက်များ ရေးသားပြုစုခြင်းသည် ကျောင်းသားအကြောင်း သိရှိစေနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ထိုရေးသားမှုကို တစ်ဦးတည်းဖြစ်စေ နှစ်ယောက်တစ်တွဲဖြစ်စေ ဆောင်ရွက်နိုင်သည်။

၂။ ကျောင်းသားကိုင်စာအုပ်မှ ကျွန်ုပ်၏ (သင်ယူသူ၏) သင်ယူမှုဆိုင်ရာ အဓိကအကြောင်းအရာ အချက်အလက် ဖော်ပြချက် (My Learner Profile) အကြောင်းကို ဖတ်ရှုရန် ကျောင်းသားများကို ညွှန်ကြားပါ။ ဇယား (၄.၁၂) ကိုရည်ညွှန်းပြီး သူတို့၏ ကိုယ်တိုင်ရေး အဓိကအကြောင်းအရာ ဖော်ပြချက်တစ်ခုကို ပြုစုရမည်ဖြစ်သည်။ Learner Profile ၏ရှုထောင့် တစ်ခုစီအတွက် လမ်းညွှန် မေးခွန်းများကို ပေးထားပြီး ကျောင်းသားများကို အထောက်အကူဖြစ်စေသည်။

၃။ ကျောင်းသားများက ၎င်းတို့၏ သင်ယူမှုဆိုင်ရာအခက်အခဲကြောင်းအရာ အချက်အလက်ဖော်ပြချက်များကို ရေးသားပြီးသည့်အခါ ထိုဖော်ပြချက်ကို သူငယ်ချင်းတစ်ဦးနှင့်မျှဝေကာ သင်ယူသူတစ်ဦးကို သင်ကြားရေးအတွက် သွယ်ဝိုက်ရည်ညွှန်းမှုများကို ဆွေးနွေးစေရမည်။ သင်ယူသူဆိုရာတွင် သူတို့ကဲ့သို့သူများနှင့် သူတို့၏ မိတ်ဆွေသူငယ်ချင်းကဲ့သို့သော သူများကို ဆိုလိုသည်။

၄။ ကျောင်းသားအတွဲများအား (၃) တွဲပေါင်းစပ်၍ (၆) ယောက်ပါသောအုပ်စုအဖြစ်၎င်းတို့၏ ရေးသားဖော်ပြချက်များကို အုပ်စုတွင် ဝေမျှရမည်။

၅။ တစ်တန်းလုံးအဖြစ်သို့ ပြန်လည်ဖွဲ့စည်းပေးပြီး၍လုပ်ငန်းကို ဆွေးနွေးစေရမည့် အထူးသဖြင့် သင်ကြားရေးအတွက် သွယ်ဝိုက်ရည်ညွှန်းမှုကို အလေးပေးဆွေးနွေးစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးအပြောင်းအလဲရှိနိုင်သည်။ သွယ်ဝိုက်ရည်ညွှန်းမှုများသည် ဖော်ပြချက်၏ ထူးခြားလက္ခဏာများနှင့် ရှင်းလင်းသိသာစွာ ချိတ်ဆက်မှုရှိစေရမည်။ ဥပမာအားဖြင့် သင်ယူသူက အားကစားဝါသနာပါလျှင် သင့်အနေနှင့် အားကစား၏ ရှုထောင့် အမျိုးမျိုးအကြောင်း ပါဝင်သည့် သင်ခန်းစာများကို ပုံစံချရေးဆွဲစီစဉ်နိုင်သည်။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအကြောင်းကို သိရှိနိုင်စေရန် အသုံးပြုနိုင်သည့် နောက်ထပ်နည်းဗျူဟာများတွင် အောက်ပါတို့ပါဝင်ကြသည်။

- **ကျောင်းသား၏ ယခင်ကရှိခဲ့သော ပညာရေးဆိုင်ရာ တတ်မြောက်မှု မှတ်တမ်းများကို ကြည့်ရှု လေ့လာပါ** - တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် သင်ယူမှုကို လိုက်လျောညီထွေ ပြောင်းလဲပေးနိုင်ရန် အတွက် အထောက်အကူပြုသည့် ကျောင်းသားတစ်ဦး၏ သင်ယူမှုဆိုင်ရာ သမိုင်းကြောင်းကို သိရှိရန်လိုအပ်သည်။ သို့သော် ထိုအချက်ပေါ် မူတည်၍ ကျောင်းသား၏ အရည်အချင်းကို ကြိုတင်အကဲဖြတ်သုံးသပ်မှု မပြုပါနှင့်။ ၎င်း၏ အရည်အချင်းအပေါ် အထင်အမြင်သေးခြင်းကို ရှောင်ပါ။
- **ကျောင်းသားမိဘများနှင့် တွေ့ဆုံမေးမြန်းပါ/စစ်တမ်းကောက်ယူပါ** - မိဘများသည် သူတို့သားသမီးများ အကြောင်းကို ကောင်းစွာသိရှိနားလည်ထားသူများ ဖြစ်ကြ၍ ကျောင်းသားတို့၏ သင်ယူမှုပုံစံအကြောင်းထိုးထွင်း သိမြင်နိုင်သူများ ဖြစ်ကြသည်။ ကျောင်းသား၏ ပညာရေး တိုးတက်မှုတွင် ပါဝင်ဆောင်ရွက်ပေးတတ်ကြသောအခါ မိဘများက ၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍကို သေချာစွာသိရှိထားကြသည်။ ၎င်းတို့သည် ကျောင်းသားများအတွက် လက်ဦး ဆရာများနှင့် တွဲဖက်သင်ယူသူများ ဖြစ်ကြကြောင်းကို ကောင်းစွာ သိရှိထားကြသည်။
- **စီစဉ်တကျဖွဲ့စည်းတည်ဆောက်ထားသော ကြည့်ရှုလေ့လာမှုပြုပါ** - ကျောင်းသားများ၏ နေ့စဉ်ဘဝ သွားလာလုပ်ကိုင်ဆောင်ရွက်မှု မှန်သမျှ တို့ကို ကြည့်ရှုလေ့လာထားပါ။ အကဲမဖြတ်ပါနှင့်။ သို့သော် သင်မြင်ရ သမျှကြားရသမျှတို့ကို တိကျစွာ ရေးသားမှတ်တမ်းတင်ထားပါ။ အချက်အလက်များ စုဆောင်း ကောက်ယူရာတွင် နည်းအမျိုးမျိုး ပုံစံအမျိုးမျိုးကို အသုံးပြုရန် ကောက်ယူပါ။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားတစ်ဦးစီ အကြောင်းကို သိရှိနားလည်လာစေမည် ဖြစ်သည်။ ထိုအခါ ကျောင်းသားတစ်ဦးစီ အကြောင်းကိုဖြစ်စေ၊ ကျောင်းသားအုပ်စုများ အကြောင်းကို ဖြစ်စေ သင့်အနေနှင့် ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်လာနိုင်သည်။ သူတို့အကြောင်းကို လေ့လာရာတွင် ပြင်ပအကြောင်းအရင်းများရော စိတ်တွင်းဆိုင်ရာ အကြောင်းရင်းများကိုပါ ထည့်သွင်းစဉ်းစားပါ။
- **သင်၏ကြည့်ရှုလေ့လာမှုပုံစံ ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်သုံးသပ်စဉ်းစားပါ** - ဤလုပ်ငန်းကို သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏အပေါင်းအသင်းတစ်ဦးနှင့်အတူတွဲ၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။ သင်၏ကျောင်းသားများ

အကြောင်းသိရှိ နားလည်လာမှုနှင့် သင်၏လက်တွေ့ကျင့်သုံးမှုအကြောင်း ကို အကောင်း/အဆိုး သုံးသပ်ဝေဖန်ရာတွင် အထောက်အပံ့ပြုပေး နိုင်သည်။ မည်သည့်လေ့လာပုံ လေ့လာနည်းက လက်တွေ့အသုံးဝင်ပြီး မည်သည့် နည်းကို ပြောင်းလဲပစ်သင့်သည် စသည်တို့ကို ပြန်လည် သုံးသပ် စဉ်းစား ရမည်။

- **ကျောင်းသားများ၏ ကိုယ်တိုင်ရေး အစီအရင်ခံစာများ (Self-reports)** - ဆရာနှင့် ဆွေးနွေးခြင်း အားဖြင့်ဖြစ်စေ မိမိကိုယ် မိမိပြန်လည် သုံးသပ် စဉ်းစားခြင်းအားဖြင့်ဖြစ်စေ ကျောင်းသားများသည် သူတို့သင်ယူပုံ အကြောင်း သူတို့ကိုယ်တိုင် သိရှိနားလည်လာကြမည်။ သူတို့၏ ထိုနားလည်သဘောပေါက်မှုက ဆရာ၏ လေ့လာမှုကို အထောက်အကူ ပြုပေးနိုင်သည်။
- **လုပ်ငန်းပေးခြင်းနှင့် သင်ယူမှုဆိုင်ရာ လက်တွေ့ ဆောင်ရွက်မှုများ** - ကျောင်းသားများအား လုပ်ငန်းပေးခြင်း၊ သင်ယူမှုဆိုင်ရာ လက်တွေ့ ဆောင်ရွက်မှုများ၌ ပါဝင်စေခြင်းတို့အားဖြင့် သူတို့အကြောင်း အဓိက အကြောင်းအရာအချက်အလက်များကို ဆရာက စုဆောင်း သိရှိနိုင်သည်။ သင်ယူမှုလုပ်ငန်းများထဲတွင် ကစားနည်းများကိုလည်းထည့်သွင်းနိုင်သည်။

၂။ အတန်းစာသင်ချိန်ကို ကစားနည်းတစ်ခုကစားခြင်းဖြင့် အဆုံးသတ်ပါ။ “လျှပ်တစ်ပြက်သိကောင်းစရာ” (Speed Knowing) ကျောင်းသားများ၏ ကစား နည်းကို အသုံးပြုပါ။ “လျှပ်တစ်ပြက်သိကောင်းစရာ” ကစားနည်းတွင် အသုံးပြု မည့်အချက်အလက်များပါဝင်သည့် ပုံစံစာရွက် တစ်ရွက်စီကို အုပ်စုတစ်ခုစီအား ပေးထားရမည်။ (ကြိုတင်ပြင်ဆင်သော ကဏ္ဍကို ကြည့်ပါ။)

၃။ ကျောင်းသားတစ်ဦးစီအား သင်ယူသူ (၄) ဦးအကြောင်း အချက်အလက်များကို ရှာဖွေစုဆောင်း ရေးသားစေရမည်။ ထိုသို့ပြုရာတွင် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်မေးမြန်းပြီး အချက် အလက်များကို ပုံစံထဲတွင် တိကျပြည့်စုံအောင် အမြန်ဖြည့်သွင်း ရေးသားပေးရမည်ဖြစ်မည်။ ပြည့်စုံသော အချက်အလက်များကို ဖြည့်သွင်းရာတွင် ပထမဦးဆုံးရေးသားပြီးစီးသော ကျောင်းသားက ကစားပွဲတွင် အနိုင်ရသူဖြစ်လာမည်။

## စာသင်ချိန် (၃)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ "စိတ်ကူးဖြင့်မှန်းဆပုံဖော် ထားသော စာသင်ခန်းများ" အပိုင်းကို ပြန်လည်လေ့လာရန် ပြောပါ။

၂။ သင်တို့ တက်ရောက်သင်ကြားနေသော ပညာရေးဒီဂရီကောလိပ်သင်တန်း၏ လေးနှစ်တာ သင်တန်းကာလတစ်လျှောက်တွင် ပညာရေးဒီဂရီကောလိပ် အပါအဝင် ကျောင်းအများအပြား၌ လက်တွေ့တန်းပြလေ့ကျင့်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။

၃။ လက်တွေ့တန်းပြသင်ကြားခြင်းများ (Practicums) က သင်တို့အား ပညာရေး ဆိုင်ရာ အခြေအနေအမျိုးမျိုးတွင် ဆရာအမျိုးမျိုး၊ ကျောင်းသားအမျိုးမျိုး တို့ တို့အကြောင်း အတွေ့အကြုံများ ရရှိစေမည်။

၄။ သင်တို့အား သင်ယူမှုဖြစ်စဉ်အကြောင်း ပိုမိုနားလည်စေရန်အတွက် စိတ်ကူးဖြင့် မှန်းဆပုံဖော်ထားသောမြန်မာနိုင်ငံတွင်းမှ စာသင်ခန်း (၄) ခုနှင့် မိတ်ဆက်ပေး သွားမည် ဖြစ်ပါသည်။ ထိုစာသင်ခန်းတို့မှာ စိတ်ကူးဖြင့်သာ မှန်းဆတည်ဆောက် ထားခြင်းဖြစ်ပြီး အမှန်တကယ် တည်ရှိကြသည် မဟုတ်ချေ။ ကျောင်းသားများ အား သင်ကြားမှု သင်ယူမှုဆိုင်ရာ နားလည် သဘောပေါက်မှု ဖွံ့ဖြိုးစေရေးတွင် အထောက်အပံ့ပြုပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆရာများက ဖန်တီးတည်ဆောက် ထားသော စိတ်ကူးထဲမှ စာသင်ခန်း အမျိုးအစားသာ ဖြစ်ကြသည်။

၅။ စိတ်ကူးမှန်းဆပုံဖော်ထားသော စာသင်ခန်း (၄) ခန်းမှာ

- မြို့ပြဒေသမှ အစိုးရကျောင်းတစ်ကျောင်း
- မြို့ပြဒေသမှ ကိုယ်ပိုင်ကျောင်းတစ်ကျောင်း (ပုဂ္ဂလိကကျောင်း တစ်ကျောင်း)
- ကျေးလက်ဒေသမှ အစိုးရကျောင်းတစ်ကျောင်း

- ကျေးလက်ဒေသဝေးလံခေါင်ဖျားဒေသမှကျောင်းတစ်ကျောင်း

၆။ စာသင်ခန်းတစ်ခန်းစီ၌ သက်ဆိုင်ရာ အချက်အလက်အကြောင်းဖော်ပြချက်များ တွင်

- သင်ယူမှုအခြေအနေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာမှု (situational analysis) တစ်ခုပါဝင် သည်။ ထိုခွဲခြမ်းစိတ်ဖြာလေ့လာမှုက သင်တို့အား ကျောင်းအကြောင်း၊ စာသင်ခန်း အကြောင်း၊ ပထဝီဆိုင်ရာ နယ်မြေဒေသ အနေအထားအကြောင်း၊ ကျောင်းသားများ မိသားစုများနှင့် ရပ်ရွာ လူထု အကြောင်းတို့ကို သိရှိစေသည်။

၇။ ဤသင်ခန်းစာ သင်နေစဉ်အတွင်း ကျွန်ုပ်တို့သည် မြို့ပြဒေသမှာ အစိုးရကျောင်း တစ်ကျောင်း၏ အကြောင်းအရာ ဖော်ပြချက်တစ်ခုကို လေ့လာစီစစ်ကြည့်ကြ မည်ဖြစ်ပါသည်။

- ဆရာနှင့်တွေ့ဆုံမေးမြန်းခြင်းတစ်ခုပါဝင်သည်။ တွေ့ဆုံမေးမြန်းမည့် ဆရာ မှာလည်း စိတ်ကူးဖြင့် မှန်းဆပုံဖော်ထားသည့် ဆဋ္ဌမတန်းမှ ဆရာတစ်ဦး ဖြစ်သည်။
- ဆရာများသည် ခြားနားသော ဘဝနောက်ခံအမျိုးမျိုး၊ ပညာအရည်အချင်း အမျိုးမျိုး နှင့် အတွေ့အကြုံအမျိုးမျိုးတို့မှ လာကြသူများဖြစ်ကြသည်။ သူတို့ထံ၌ သင်ကြားမှုတွင် မည်သည်က အရေးကြီးကြောင်း ရှုမြင်သုံးသပ်ရာ တွင်လည်း ခြားနားသော အမြင်များရှိကြသည်။။
- စာသင်ခန်းထဲရှိ သင်ယူသူအချို့၏ သင်ယူမှုဆိုင်ရာအဓိက အကြောင်းအရာ အချက်အလက် ဖော်ပြချက်များပါရှိသည်။
- သင်ယူသူ၏အဓိကအကြောင်းအရာအချက်အလက်ဖော်ပြချက်သည် သင်ကြားမှု ဖြစ်စဉ်ကို ကောင်းမွန်တိုးတက်စေရန်နှင့် ကျောင်းသားများ၏ လိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်ရန် အထောက်အကူပြုပေးနိုင်သော ကိရိယာ အများအပြားထဲမှ တစ်ခုအပါအဝင် ဖြစ်သည်။

၈။ သို့ရာတွင် သင်ယူသူ၏အဓိက အကြောင်းအရာ အချက်အလက်ဖော်ပြချက်များကို မှန်ကန်စွာ အသုံးမပြုနိုင်လျှင် ၎င်းတို့သည် ကျောင်းသားများအပေါ် ပုံသေယူဆ ချက်များနှင့် ထင်မြင်ချက်များကို ဖြစ်ပေါ်စေနိုင်သည့်အပြင် ခွဲခြားဆက်ဆံခံရ မှု နှင့် ပထုတ်ခြင်းခံရမှု စသည့် ဆိုးကျိုး များ ဆင့်ပွားပေါ်ပေါက်စေနိုင်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ သင်ယူမှု အခြေအနေဆိုင်ရာခွဲခြမ်း စိတ်ဖြာ လေ့လာမှုကို အနှစ်ချုပ်ဖော်ပြခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၄)ယောက်တစ်အုပ်စုဖွဲ့စည်းထားသောအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ယူမှုအခြေအနေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုကို တိုက်ဆိုင်စိစစ်တတ်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် (၄) ဦးစီပါဝင်သော အုပ်စုငယ်များအဖြစ်သို့ ခွဲခြားခြင်းဖြင့် လုပ်ငန်းကို စတင်ပါ။ ကျောင်းသားအုပ်စုများအား ကျောင်းသားကိုင်စာအုပ် ဇယား (၄.၁၃) မှ သင်ယူမှုအခြေအနေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ လေ့လာမှု အကြောင်းကို ပြန်လည်ဖတ်ရှုရန် ညွှန်ကြားပါ။

၂။ ကျောင်းသားများအနေနှင့် ကျောင်း၊ စာသင်ခန်း၊ ကျောင်းသားများ၊ မိသားစုများနှင့် ရပ်ရွာလူထုအကြောင်းတို့ကို သူတို့သိရှိထားသမျှ ဆွေးနွေးသင့်သည်။ ထို့နောက် အုပ်စုများက ရှုထောင့်၊ ကဏ္ဍတစ်ခုစီ (ကျောင်း၊ စာသင်ခန်း၊ ကျောင်းသားများ၊ မိသားစုများနှင့် ရပ်ရွာလူထု စသည့် ပတ်ဝန်းကျင် အခြေအနေ ခွဲခြမ်းစိတ်ဖြာ လေ့လာမှု၏ တစ်ခုစီကို အနှစ်ချုပ်ပေးရသည်။ ထိုအနှစ်ချုပ်ရေးသားမှုကို ကျောင်းသားကိုင်စာအုပ်ပါ ဇယား (၄.၁၄) ၏ အလယ်ကော်လံတွင် ထည့်သွင်း ရေးသားပေးရသည်။ ဇယား (၄.၁၄) က သင်ယူမှုအခြေအနေဆိုင်ရာခွဲခြမ်းစိတ်ဖြာလေ့လာမှုအနှစ်ချုပ်ကို ဖော်ပြသည်။ ဥပမာတစ်ခုကို ရေးပြထားသည်။

၃။ ရှုထောင့် (၅) ခုကို အနှစ်ချုပ်ပြီးသောအခါ ၎င်းတို့ကို ဇယား (၄.၁၄) တွင်ရေးပါ။ အုပ်စုအတွင်း၌ အခန်းကဏ္ဍတစ်ခုစီမှ အကြောင်းအရာများကို သင်ကြားမှု သင်ယူမှုအတွက် မည်သို့ သွယ်ဝိုက်ရည်ညွှန်း အသုံးချနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးရန် ညွှန်ကြားပါ။ သူတို့၏ စိတ်ကူးစိတ်သန်းများကို ဇယား (၄.၁၄) မှ "သင်ကြားမှု သင်ယူမှုအတွက် သွယ်ဝိုက်ရည်ညွှန်း မှုများ" ခေါင်းစဉ်အောက်တွင် ရေးသားပေးရန်ညွှန်ကြားပါ။

၄။ ဤလုပ်ငန်းဆောင်ရွက်မှုကို အုပ်စုများအလိုက် ဆောင်ရွက်ပြီးစီးသောအခါ အခြားအုပ်စုမှ ကျောင်းသား (၄) ဦးနှင့်တွဲ၍ စိတ်ကူးစိတ်သန်းများကို မျှဝေစေရမည်။

၅။ ထို့နောက် အတန်းကို ပြန်လည်ဖွဲ့စည်းပြီး သင်ယူမှုအခြေအနေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာမှုအနှစ်ချုပ် (Situational Analysis) ကို တစ်တန်းလုံး စုပေါင်း ဆွေးနွေး စေရမည်။ လေ့လာမှု၏ ကဏ္ဍတစ်ခုစီ (ကျောင်း၊ စာသင်ခန်း၊ ကျောင်းသားများ၊ မိသားစုများ၊ ရပ်ရွာလူထုများ) ကို တစ်ခုချင်း ဆွေးနွေးရင်း ကျောင်းသားအုပ်စုများအား သူတို့၏ အနှစ်ချုပ် ဖော်ပြချက်များနှင့် သွယ်ဝိုက်ရည်ညွှန်းမှုများကို မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

သင်ယူမှုအခြေအနေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာမှု၏ ကဏ္ဍတစ်ခုစီကို အနှစ်ချုပ် ဖော်ပြချက်များ၌ အချက်အလက်အစုံအလင်ပါဝင်စေသင့်သည်။ ထိုအချက်အလက်များကို ပေးထားသော စာသားထဲမှ အတိုင်း ယူရမည်။ ဥပမာအားဖြင့် "စာသင်ခန်းတစ်ခုစီတွင် ကျောင်းသား (၃၆) ဦးအထိရှိပြီး မိန်းကလေးဦးရေက ယောကျ်ားလေးဦးရေထက် အနည်းငယ်ပိုများသည်" အချက်အလက်များစွာ မူလအတိုင်းပင် ရေးသားရမည်။

သွယ်ဝိုက်ရည်ညွှန်းမှု (သွယ်ဝိုက်အသုံးပြုနိုင်မှု) (implication) ကို ရေးသားရာတွင်မူ အမျိုးမျိုး ကွဲပြားခြားနားနိုင်သည်။ အုပ်စုများက ရရှိထားသော အချက်အလက်များအပေါ် မည်သို့ အနက်အဓိပ္ပာယ် ကောက်ယူသည်ဆိုသည့်အပေါ် မူတည်၍ခြားနားမှုရှိမည်။ ဥပမာအားဖြင့် မိန်းကလေးဦးရေနှင့် ယောကျ်ားလေးဦးရေက မျှခြေနီးပါးရှိသည့်အတွက် ထိုအချက်မှ ဆင့်ပွားအသုံးပြုနိုင်မှုမှာ နှစ်ယောက်တစ်တွဲ ဆောင်ရွက်ရသော သင်ယူမှုလုပ်ငန်းများတွင် ဖြစ်နိုင်ခဲ့လျှင် မိန်းကလေးတစ်ဦးနှင့် ယောကျ်ားလေးတစ်ဦး တွဲဖက်ဆောင်ရွက်စေရန် လိုအပ်မည်ဟု ရှုမြင်ယူဆနိုင်သည်။

## စာသင်ချိန် (၄)

### သင်ယူမှုလုပ်ငန်း (၄)။ Y ပုံစံဇယားကွက် - ဒေါ်ဝါဝါစိုး၏စာသင်ခန်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဆရာနှင့်တွေ့ဆုံမေးမြန်းခန်းတစ်ခု၏ သင်ကြားသင်ယူမှု သွယ်ဝိုက် အသုံးပြုနိုင်မှုများကို ဆုံးဖြတ်သတ်မှတ်တတ်စေရန်

၁။ အတန်းကို အုပ်စုတစ်စုလျှင် ကျောင်းသား (၄) ဦးစီပါဝင်သော အုပ်စုငယ်များအဖြစ်သို့ခွဲခြားပါ။ ရောင်စုံမင်စိုတံများကို အုပ်စုတစ်စုစီအား ဝေငှပေးထားပါ။ လိုအပ်လျှင် လည်း ရောင်စုံခဲတံများ၊ ရောင်စုံမာကာများနှင့် သင်ပုန်းပေါ် ရေး၍ရသော ရောင်စုံမင်စိုတံများကိုလည်း ပံ့ပိုးပေးပါ။

၂။ ပထမဦးစွာ လေးထောင့်ကွက် (၄.၄) ပါ ဆရာနှင့် တွေ့ဆုံမေးမြန်းခြင်းအကြောင်း (ကျောင်းသားကိုင်စာအုပ်၌ ပါဝင်သည်) ကို ပြန်လည်ဖတ်ရှုလေ့လာရန် ဆရာက ကျောင်းသားများအား တစ်ဦးချင်း လုပ်ငန်းအဖြစ် ပေးထားမည်။ ဖတ်ရှုလေ့လာပြီးချိန်တွင် အဓိကကျသောအချက်များကို ရောင်စုံမင်စိုတံဖြင့် အရောင်ခြယ်ပေးရန် လိုအပ်သည်။ ထို့ပြင် ဆရာမဒေါ်ဝါဝါစိုးသည် မည်သို့သော ဆရာမမျိုးဖြစ်ကြောင်းကိုလည်း စဉ်းစားထားရမည်ဖြစ်သည်။

၃။ ထို့နောက် ကျောင်းသားများအား ရရှိထားသော စိတ်ကူးစိတ်သန်းများကို အုပ်စုတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မျှဝေစေရမည်။ ထို့နောက် ကျောင်းသားများကို မေးပါ။ ဆရာမ ဒေါ်ဝါဝါစိုးအကြောင်း ကျွန်ုပ်တို့သိရသည်မှာ မည်သည်နည်း။ မည်သည့်အကြောင်းအရာများကို သိလာရသနည်း။ သူမသည် မည်သို့သောဆရာမမျိုးဖြစ်သနည်း။

၄။ ဒေါ်ဝါဝါစိုး၏ ဆဋ္ဌမတန်းစာသင်ခန်းနှင့်ပတ်သက်၍ မည်သို့ကြားသိရပုံ၊ တွေ့မြင် ရပုံ၊ ခံစားရပုံ တို့ကို စဉ်းစားရန် အုပ်စုများကို ညွှန်ကြားပါ။

၅။ လေးထောင့်ကွက် (၄.၅) တွင်ပါဝင်သော Y ပုံဇယားကွက်ကို ဖြည့်ပေးရမည်

ဖြစ်ကြောင်း အုပ်စုများကို ညွှန်ကြားပါ။ (ကျောင်းသားကိုင်စာအုပ်-လေးထောင့်ကွက် (၄.၅) ပါ Y ပုံ ဇယားကွက်ဖြင့် ပြသော ဒေါ်ဝါဝါစိုး၏စာသင်ခန်း) ဒေါ်ဝါဝါစိုးနှင့် သူမ၏စာသင်ခန်းအကြောင်း ၎င်းတို့၏နားလည်မှုကို ဖော်ပြရန် စာသားအပြင် ရုပ်ပုံများကိုပါ ထည့်သွင်းအသုံးပြုနိုင်သည်။

၆။ ကျောင်းသားအုပ်စုများကဆန္ဒရှိလျှင် (သူတို့ကို ပံ့ပိုးပေးထားလျှင်) ရောင်စုံ မာကာများ၊ ရောင်စုံ ခဲတံများနှင့် သင်ပုန်းပေါ်ရေးရာ၌ ရောင်စုံမင်စိုစံတို့ကို လည်း အသုံးပြုနိုင်သည်။ ဤသို့လုပ်ဆောင်ရာတွင် အုပ်စုထဲမှ ကျောင်းသား တစ်ဦး၏ ကျောင်းသားကိုင်စာအုပ်ထဲ၌ ပထမဦးစွာ ဖြည့်သွင်း ထားသင့်သည်။ ပြည့်စုံပြီဟု ယူဆသောအခါမှသာ အခြားအဖွဲ့ဝင် (၃) ဦး၏ စာအုပ်များတွင်ကူး ယူသင့်သည်။

၇။ အုပ်စုများက လုပ်ငန်းပြီးသည့်အခါ အတန်းကိုပြန်လည်ဖွဲ့စည်းပြီး ဤလုပ်ငန်း ကို ဆွေးနွေးပါ။ မျှဝေရန် ဆန္ဒရှိသော ကျောင်းသားများအား ဖိတ်ခေါ်ပြီး သူတို့ ဆွဲသားထားသော Y ပုံ ဇယားကွက်ကို အတန်းသို့ မျှဝေပေးစေရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည်အမျိုးမျိုးခြားနားလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ထိုအဖြေများသည် ဆရာနှင့် တွေ့ဆုံ မေးမြန်းခန်းမှ အကြောင်းအရာများအပေါ် အခြေခံထားသင့်သည်။

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

ကျောင်းသားကိုင်စာအုပ်တွင်ပါဝင်သောသင်ယူသူ၏ အခြေခံအကြောင်းအရာအချက် အလက်ဖော်ပြချက်များ (Learner profile) များကို အသုံးပြုလျက် စိတ်ကူးဖြင့်မှန်းဆ ပုံဖော်ထားသော သင်ယူသူများ (Hypothetical learners) အဖြစ် ကျောင်းသား (၅) ဦးကိုမိတ်ဆက်ပေးပါ။

- မောင်ဟိန်းထက်
- မနှင်းသိင်္ဂီ
- မဝင်းရတနာငွေ
- မယမုံဖူး
- မချမ်းချမ်း

(မှတ်ချက်- ပညာရေးဒီဂရီကောလိပ် အီလက်ထရောနစ် စာကြည့်တိုက်တွင် စိတ်ကူးဖြင့်မှန်းဆပုံဖော်ထားသော စာသင်ခန်းဇာတ်ညွှန်း (၄) ခုစလုံးကို ကြည့်ရှုလေ့လာနိုင်သည်။) သင်ယူသူ၏ အခြေခံအကြောင်းအရာ အချက်အလက် ဖော်ပြချက် များသည် ကျောင်းသားတစ်ဦးစီ၏ သင်ယူမှုလိုအပ်ချက်များ ဖြည့်ဆည်းရာ၌ ဆရာများအတွက် အထောက်အကူဖြစ်စေသော်လည်း မှန်ကန်စွာ အသုံးမပြုတတ်လျှင်မူ ထိုအချက်များပါသော မှတ်တမ်းက ဆရာများအား လွဲမှားသော ကောက်ချက်များ ချမှတ်စေရန် အားပေးသကဲ့သို့ ဖြစ်တတ်ကြောင်းကို သတိပေးပြောကြားပါ။ ဆရာ၏ လွဲမှားသော ကောက်ချက်က လူအများစု၏ ပုံသေကားကျ ထင်မြင်တတ်မှုများ (stereotype) ဆီသို့ ရောက်ရှိစေပြီး (ဥပမာ- စာအားနည်းသော ကလေးကို အမြဲလိုလိုပင် အားနည်းချက်ရှိနေဦးမည်ဟု ထင်မြင်တတ်သော ပုံသေထင်မြင်ချက်သဘောထား) ထိုကျောင်းသားအား ဖယ်ကြဉ်ထားသကဲ့သို့ဖြစ်စေသည်။ ယခင်ကထက်ပိုမို၍ အထင်အမြင်သေးမှု ၊ခွဲခြားဆက်ဆံမှုများကို ရရှိစေသည်။

**သင်ယူမှုလုပ်ငန်း (၅)။ သင်ကြားမှုသင်ယူမှုအတွက် သင်ယူသူ၏ အခြေခံအကြောင်းအရာ အချက်အလက် ဖော်ပြချက် (Learner profile) မှ ရရှိသည့်သွယ်ဝိုက်ရည်ညွှန်းမှုများ (သွယ်ဝိုက် အသုံးဝင်မှုများ)**

| အချိန် | (၂၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်အုပ်စုလျှင် (၅) ဦးစီ ပါဝင်သော ကျောင်းသားအုပ်စုများ |

**ရည်ရွယ်ချက်** - သင်ကြားသင်ယူမှုတွင် အထောက်အပံ့ဖြစ်စေရန် သင်ယူသူ၏ အဓိက အကြောင်းအရာ အချက်အလက် ဖော်ပြချက်များကို အသုံးပြုတတ်စေရန်

၁။ ဤဖြတ်ဆက်လုပ်ငန်းလုပ်ဆောင်ရန်အတွက် အတန်းကို ကျောင်းသား (၅) ဦး စီ ပါဝင်ဖွဲ့စည်းထားသော ဌာနေအုပ်စုများ (home group) အဖြစ်သို့ ခွဲခြားပါ။ ဌာနေအုပ်စု တစ်စုစီအတွင်းမှ ကျောင်းသားတစ်ဦးစီအား အောက်ပါကျောင်းသား တစ်ဦးစီအဖြစ် ကိုယ်စား ပြုရန်ပြောပါ။

- မောင်ဟိန်းထက်
- မနှင်းသိင်္ဂီ
- မဝင်းရတနာဋ္ဌေး
- မယမုံဖူး
- မချမ်းချမ်း

၂။ A4အရွယ်အစား စာရွက် (၅) ရွက်ပေါ်တွင် စိတ်ကူးဖြင့် မှန်းဆပုံဖော်ဖားသော ကျောင်းသား (၅) ဦး ၏ အမည်များကို ရေးသားပြီး စာသင်ခန်းပတ်လည်ရှိ နေရာ (၅) နေရာ၌ ကပ်ထားကာ နေရာ သတ်မှတ်ပေးထားပါ။ ဌာနေအုပ်စုများမှ ကျောင်းသားတစ်ဦးစီကို ဌာနေအုပ်စုမှ ခွာရန် ဖြတ်ဆက် အုပ်စုများမှ သက်ဆိုင်ရာ ကျောင်းသားအမည်တပ်ထားသည့် အုပ်စုတစ်ခုစီသို့သွားရောက် စုစည်း ကြရန်ညွှန်ကြားပါ။ (ဥပမာ - အုပ်စုတစ်ခုစီမှ မောင်ဟိန်းထက်ကိုယ်စား ပြု ကျောင်းသားတစ်ဦးစီ သည် မောင်ဟိန်းထက်အမည်ကပ်ထားသောနေရာ တွင် စုစည်းကာ အုပ်စုအသစ်တစ်ခု ဖြစ်လာမည်။)

၃။ ထိုသို့ကျောင်းသားတစ်ဦးစီကို ကိုယ်စားပြုသည့် အုပ်စုအသီးသီး (ဖြတ်ဆက် အုပ်စုများ) ကို သက်ဆိုင်ရာ ကျောင်းသားများ၏အဓိက အကြောင်းအရာ အချက်အလက်ဖော်ပြချက်အသီးသီးကို ပြန်လည် ဆန်းစစ်စေပြီးနောက် အောက် ပါအကြောင်းအရာများအရ အနှစ်ချုပ်ပေးရန် ညွှန်ကြားပါ။

- ကျောင်းသား၏ အားသာချက်များ
- ကျောင်းသား၏ စိတ်ဝင်စားမှု
- ဤကျောင်းသား၏ တိုးတက်အောင်မြင်ရေးအတွက် ဆရာတစ်ဦးအနေနှင့် စိတ်ပူပန်မိနိုင်သော အချက်များနှင့် အဘယ်ကြောင့် ပူပန်ရကြောင်း ရှင်းလင်းချက်

- ထိုကျောင်းသား၏ သင်ယူမှု ရည်မှန်းချက် ပန်းတိုင်များရရှိနိုင်စေရန် အတွက် အကောင်းဆုံး ပံ့ပိုးမှုပြုနိုင်ရန် သင်မည်သို့ ဆောင်ရွက်ပေးနိုင်ပုံ
- ကျောင်းသားအားလုံးသင်ယူမှု၌ ပါဝင်နိုင်စေရန် သင်မည်သို့စီစဉ် ဆောင်ရွက်နိုင်ပုံ

၄။ ထို့နောက်ဖြတ်ဆက်အုပ်စုများတွင် ဇယား (၄.၂၀) တွင် ဆင်တူသူများ၏ အဓိက အချက်အလက် အကြောင်းအရာဖော်ပြချက်များ အနှစ်ချုပ်များကို ရေးသားစေရ မည်။ (ကျောင်းသားကိုင်စာအုပ်တွင်) ရေးပြီးသည့်အခါတွင် ဖြတ်ဆက်အုပ်စုများ ကို ဌာနေအုပ်စုများသို့ ပြန်လာစေမည်။ သူတို့၏ အနှစ်ချုပ်များကို ဌာနေအုပ်စုနှင့် မျှဝေစေရမည်။ အုပ်စုများက အခြား (၄) ဦး အကြောင်း အချက်အလက်များကိုပါ ဇယားတွင် ဖြည့်စွက် ရေးသားနိုင်သည်။

၅။ ဌာနေအုပ်စုများက ကျောင်းသား (၅) ဦးထံမှ တစ်ဦးစီ၏ အကြောင်းအရာများကို လေ့လာသင်ယူပြီးသောအခါ သင်ယူသူအချို့၏ အားသာချက်များ၊ စိတ်ဝင်စားမှု များနှင့် ဆရာက ကျောင်းသားအတွက် စိတ်ပူပန်များစသည်တို့ကို ပံ့ပိုးရန် သင်ယူမှုလုပ်ငန်းအပိုင်းတိုတစ်ခုကို ဉာဏ်ဖွင့်ဆွေးနွေးရန်ညွှန်ကြားပါ။ သို့ရာတွင် သင်ယူမှုလုပ်ငန်းတစ်ခုတည်းအတွင်း၌ ကျောင်းသားများ၏ အားသာချက်များ၊ စိတ်ဝင်စားမှုများနှင့် ဆရာ၏စိတ်ပူပန်မှုများအားလုံးတို့ကို မည်သို့ပံ့ပိုးမည်၊ မည်သို့ဖြေရှင်းမည် စသည်အားဖြင့် အလုံးစုံပါဝင် ဖြည့်သွင်း ရေးသားရမည်ဟု မဆိုလိုပါ။

၆။ ဤလုပ်ငန်းကိုဆွေးနွေးရန် အတန်းကိုပြန်လည်ဖွဲ့စည်းပါ။

- ဆွေးနွေးရာတွင် ကျောင်းသားတစ်ဦးစီ၏ အားသာချက်များ၊ စိတ်ဝင်စားမှု များနှင့် ဆရာ၏ စိတ်ပူပန်မှုများအကြောင်း သူတို့ သိရှိလာသည့် အချက် များကိုထည့်သွင်း ဆွေးနွေးစေရမည်။
- ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်များ ပြည့်စုံအောင်ပံ့ပိုးပေးမှုနှင့် ကျောင်းသားအားလုံး သင်ယူရာ၌ ပါဝင်စေမှုတို့အပေါ် အခြေခံပြီး ဉာဏ်ဖွင့်ဆွေးနွေးရာမှ ရရှိလာသော အချက်အလက်များတို့လည်း ပါဝင် စေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးပြောင်းလဲနိုင်သည်။ ဖြတ်ဆက်အုပ်စုများအား သင်ယူသူ၏ အဓိက အကြောင်းအရာ အချက်အလက် ဖော်ပြချက်ပါ အချက်များအားလုံးကို ထည့်သွင်း စဉ်းစား စေရမည်။ လုပ်ဆောင်မှုများကလည်း ကျောင်းသားများ၏ အားသာချက် များ၊ စိတ်ဝင်စားမှု များနှင့် ဆရာ၏စိတ်ပူပန်မှုများကို မည်သို့ကူညီဖြေရှင်းရန်၊ ပံ့ပိုးရန် စသည်တို့အတွက် ဆောင်ရွက်ချက်များ ဖြစ်စေရမည်။ ထိုနည်းတူပင် ကျောင်းသားများအတွက် အကောင်းဆုံး ပံ့ပိုးမှုပေးနိုင်ရန်နှင့် သင်ယူရာ၌ ကျောင်းသားအားလုံး တစ်ဦးမကျန် ပါဝင်နိုင်စေရန် ထည့်သွင်း စဉ်းစားမှုများကိုလည်း ဖော်ပြထားသင့်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ခန်းစာများကို ပုံစံချရေးဆွဲစီစဉ်ရာ၌ ကျောင်းသားအားလုံး၏ အကြောင်း အရာများကို သိရှိရန် အဘယ်ကြောင့် အရေးကြီးကြောင်းကို ကျောင်းသားများ အား မေးမြန်းပါ။ သင်ယူသူများ (ကျောင်းသားများ) အနေနှင့် သင်ခန်းစာများ တွင် ကိုယ်ရောစိတ်ပါ စိတ်ဝင်စားစွာ ပါဝင်ဆောင်ရွက်ရန်၊ သင်ယူမှုလုပ်ငန်း များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် သူတို့၏ တတ်မြောက် နားလည်သွား မှုတို့ကို ဖော်ပြတတ်ရန်အတွက် ဆရာက နည်းလမ်း အမျိုးမျိုးတို့ ပံ့ပိုးပေးနိုင် မှု၏ အရေးပါပုံကို အထူးအလေးပေးပြောပြပါ။

၂။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှု နှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှု အပေါ်မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။

(ဂ) (၁.၃.၁) ကျောင်းသားများ၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ ဘာသာစကားနှင့် ရပ်ရွာအဖွဲ့ အစည်းအပေါ် စိတ်ဝင်စားမှုပြသသည်။ လေ့လာရန် အချိန်ယူသည်။

(ဂ) (၃.၁.၂)ကျောင်းသားများ၏ ကွဲပြားခြားနားသော လူမှုအခြေအနေများနှင့် နောက်ခံအကြောင်းများကို အသိအမှတ်ပြုပြီးကျောင်းသားအားလုံးတန်းတူ ညီမျှဆက်ဆံသည်။

၃။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

- သင်ယူသူတစ်ဦးအနေနှင့် သင်ယူသူ၏ အဓိကအကြောင်းအရာ အချက်အလက်ဖော်ပြချက်တစ်ခုကို ပြုစုရေးသားတတ်မည်။
- သင်ခန်းစာ အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ကို သတ်မှတ်ဖော်ထုတ်ပေးနိုင်ရန်အတွက် စိတ်ကူးဖြင့်မှန်းဆပုံဖော်ထား သော စာသင်ခန်းတစ်ခု၏ အဓိကအကြောင်းအရာများကို ပြန်လည် ဆန်းစစ် တတ်မည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

**မေးခွန်း ၁။** သင်၏ကျောင်းသားများအကြောင်းကို သိရှိနားလည်ခြင်းသည် သင့်ကို ဆရာတစ်ဦး အဖြစ် မည်သို့ အထောက်အကူ ပြုသနည်း။

**အဖြေ။**

- *ကျောင်းသားများအတွက် လုံခြုံသောသင်ယူမှုပတ်ဝန်းကျင်တစ်ခု ဖန်တီးရန်*
- *ကျောင်းသားများ၏ သင်ယူရန်အဆင့်သင့်ဖြစ်မှုရှိ/မရှိ ဆုံးဖြတ်ရန်*
- *ကျောင်းသားများ၏ စိတ်ပါဝင်စားမှုနှင့် တတ်မြောက်မှုကို အမြင့်ဆုံးရရန် သင်ရိုးကို သင်ကြားရမည့် နည်းလမ်းများကို ရွေးချယ်ဆုံးဖြတ်ရန်*
- *ကျောင်းသားများအတွက် အတန်းတွင်း စိတ်လှုပ်ရှားခံစားမှုဆိုင်ရာအသိဉာဏ်ကို ပိုမိုမြင့်မားလာအောင် လုပ်ဆောင်ရန် အထောက်အကူပြုပါသည်။*

**မေးခွန်း ၂။** Powell နှင့် Kusuma-Powell တို့၏အဆိုအရ သင်ယူသူ၏ အဓိက အကြောင်းအရာ အချက်အလက် ဖော်ပြချက်တွင် ပါဝင်သင့်သည့် ရှုထောင့် (၅) ရပ်မှာ မည်သည် တို့ ဖြစ်သနည်း။

**အဖြေ။** *ရှုထောင့် (၅) ရပ်မှာ*

- *ဇီဝဗေဒဆိုင်ရာ အချက်အလက်များ*
- *ယဉ်ကျေးမှုဆိုင်ရာနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အကြောင်းရင်းများ*
- *စိတ်လှုပ်ရှားခံစားမှုဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လွှမ်းမိုးမှုများ*
- *ပညာရေးဆိုင်ရာ စွမ်းဆောင်မှု/ ပညာရေး၌ ဆောင်ရွက်ပေါက်မြောက်မှု*
- *သင်ယူရန် ပိုမိုနှစ်ခြိုက်သော အရာများ*

**မေးခွန်း ၃။** သင်ယူမှုအခြေအနေဆိုင်ရာခွဲခြမ်းစိတ်ဖြာလေ့လာမှု ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *သင်ယူမှုအခြေအနေဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုလေ့လာမှုသည် ကျောင်း၊ အတန်း၊ ပထဝီဝင်ဒေသဆိုင်ရာ၊ စာသင်သားများ၊ မိသားစုများ၊ ရပ်ရွာလူထုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးသည်။*

# ၄.၄။ သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ

သင်ခန်းစာ၏ ခေါင်းစဉ်နှင့် သင်ယူသူ၏ ယခင်ကရှိနှင့်ပြီးအသိပညာတို့ကို ကျောင်းသားများ နားလည် သဘောပေါက်လာသည့်အခါ အောက်ပါအချက်များကို ဆောင်ရွက်ရန် ဆုံးဖြတ်ရ လိမ့်မည်။

- **သင်ခန်းစာ၏ရည်ရွယ်ချက်များ** - သင်ခန်းစာတစ်ခုကို သင်ကြားပြီးစီး ပေါက်မြောက်ရန် ဆရာက ရည်ရွယ်ထားသော အချက်အလက်များကိုဆိုလိုသည်။
- **သင်ယူမှုရလဒ်များ** - သင်ခန်းစာသင်ယူပြီးဆုံးချိန်တွင် ကျောင်းသားများ လုပ်ဆောင်တတ်လာမည့် အချက်အလက်များကိုဆိုလိုသည်။
- **အောင်မြင်မှုစံများ** - ကျောင်းသားများအနေနှင့် သူတို့၏ရည်ရွယ်ချက်များ ပေါက် မြောင်အောင်မြင်မှုရှိ/မရှိ ဆန်းစစ်ရန် ဆရာက သတ်မှတ်ထားသော အချက် အလက်များဖြစ်ကြသည်။

## ၄.၄.၁။ သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှု စံသတ်မှတ်ချက်များကို ရေးသားခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ အချင်းချင်း အကြား တစ်ခုနှင့်တစ်ခုခြားနားပုံကို ခွဲခြားသိမြင်လာမည်။

- သင်ယူမှုရလဒ်များကို ဘလွန်း၏သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း (Bloom’s taxonomy)အသုံးပြု၍ ခွဲခြမ်း စိတ်ဖြာ လေ့လာတတ်မည်။
- သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို ရေးသားတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၄.၁.၁) အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(ခ) (၂.၁.၂) သင်ခန်းစာများပြင်ဆင်ရန် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိလာသော သတင်း အချက် အလက်များကို အသုံးပြုသည်။

**အချိန် -** မိနစ်(၅၀) ကြာ စာသင်ချိန် (၃) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - သင်ခန်းစာ၏ ရည်ရွယ်ချက်များကို တိုက်ဆိုင်စိစစ်ခြင်း
သင်ယူမှုလုပ်ငန်း (၂) - သင်ယူမှုရလဒ်များကို တိုက်ဆိုင်စိစစ်ခြင်း
သင်ယူမှုလုပ်ငန်း (၃) - သင်ယူမှုရလဒ်များကိုရေးသားခြင်း
သင်ယူမှုလုပ်ငန်း (၄) - သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို တစ်ခုနှင့် တစ်ခုချိတ်ဆက်ပေးခြင်း
သင်ယူမှုလုပ်ငန်း (၅) - အောင်မြင်မှုစံများကို ရေးသားခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှု -** ကျောင်းသားကိုင်စာအုပ်မှ အခန်းငယ် (၄.၄) ကို ဖတ်ရှုလေ့လာပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁) - အခြေခံပညာသင်ရိုးညွှန်းတမ်း ဆဋ္ဌမတန်းသင်ရိုးပါ ဘာသာရပ်တစ်ခုစီ အတွက် သင်ရိုးမာတိကာ ရေးထားသောစာရွက်စာတမ်းများ

- မြန်မာစာ
- အင်္ဂလိပ်စာ
- သင်္ချာ
- သိပ္ပံ
- လူမှုရေးဘာသာ (ပထဝီ)
- လူမှုရေးဘာသာ (သမိုင်း)
- ဘဝတွက်တာ ကျွမ်းကျင်စရာ
- ကာယပညာ
- စာရိတ္တနှင့် ပြည်သူ့နီတိ
- အနုပညာ (ဂီတနှင့်ပန်းချီ)
- ဒေသသင်ရိုး(အလုပ်အကိုင်ရရှိစေမှုနှင့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုး တိုးတက်မှု)

သင်ယူမှုလုပ်ငန်း(၂) - ဇယား (၄.၂၄)

သင်ယူမှု လုပ်ငန်း(၃) - ဇယား (၄.၂၅)

သင်ယူမှုလုပ်ငန်း(၄) - ပုံ (၄.၆)

သင်ယူမှုလုပ်ငန်း(၅) - ဇယား (၄.၂၇)

### စာသင်ချိန် (၁)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ မြန်မာနိုင်ငံတွင် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့အတွက် သင်ရိုးညွှန်းတမ်း၊ အညွှန်းဘောင်များ ရှိကြသည်။ အလယ်တန်းကျောင်း ပညာရေး သင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များမှာ အောက်ပါတို့ ဖြစ်ကြသည်။

(က)ကလေးများတွင် အသက်အရွယ်နှင့်လျော်ညီပြီး ဟန်ချက်ညီမျှသော ဗလ ငါးတန် ဘက်စုံ ဖွံ့ဖြိုးမှု ရရှိစေရန်။ ဗလငါးတန်ဆိုသည်မှာ ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ နှင့် ဘောဂဗလ တို့ကိုဆိုလိုသည်။

(ခ) ဘာသာစကားကျွမ်းကျင်မှု (၄) မျိုးစလုံးကို ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရန်၊ မြန်မာဘာသာ စကားအခြေခံအသိပညာကို သိရှိစေရန်နှင့် ထိုအခြေခံ အသိပညာကို နေ့စဉ်ဘဝ အခြေအနေအရပ်ရပ်တို့တွင် အသုံးပြုတတ်စေ ရန်။

(ဂ) မြန်မာနိုင်ငံမှ တိုင်းရင်းသားအားလုံးတို့၏ ဘာသာစကားများ၊ ယဉ်ကျေးမှု များနှင့် ဓလေ့ ထုံးတမ်းစဉ်လာများကို လေးစားတန်ဖိုးထားတတ်စေရန်။

(ဃ)အင်္ဂလိပ်ဘာသာစကား၏ အခြေခံဖြစ်သော ဘာသာစကားကျွမ်းကျင်မှု (၄) ရပ် (အနာ အကြား၊ အပြောအဆို၊ အဖတ်အရွတ်၊ အရေးအသား ကျွမ်းကျင်မှု) တို့ကိုရရှိစေပြီး ၎င်းကျွမ်းကျင်မှုတို့ကို လူမှုပေါင်းသင်း ဆက်ဆံ ရေး နှင့် ပညာဆက်လက်သင်ယူရေးတို့တွင် အသုံးချတတ်စေရန်။

(င) လိုအပ်သောအသိပညာနှင့် ကျွမ်းကျင်မှုတို့ကို တတ်ကျွမ်းပိုင်နိုင်မှုရှိစေပြီး သင်ယူမှုအပေါ် ထားရှိသည့် သဘောထားများလည်းဖွံ့ဖြိုးလာစေရန်၊ အထူးသဖြင့် အလယ်တန်းကျောင်းအဆင့်အတွက် ကောင်းစွာအဓိပ္ပာယ် သတ်မှတ်ပေးထားသော သင်ယူမှုနယ်ပယ် များတွင် သဘောထားခံယူချက် ဖွံ့ဖြိုးလာစေရန်။

(စ) ကျောင်းသင်ပညာရေးတိုးတက်မှုအတွက် သင်ယူရာတွင်ဖြစ်စေ၊ အသက် မွေးမှုပညာ သင်ယူရာတွင် ဖြစ်စေ ကြိုတင်ပြင်ဆင်မှုတစ်ရပ်အဖြစ် လိုအပ် သောအခြေခံကျသည့် အသိပညာကျွမ်းကျင်မှုများနှင့် သဘောထား ခံယူချက်များရရှိလာစေရန်။

(ဆ)နိုင်ငံသားကောင်းတစ်ဦး၏ အခြေခံကျသော ဝိသေသလက္ခဏာများဟု ယူဆနိုင်သော အခြေခံအသိပညာများ၊ ကျွမ်းကျင်မှုများ၊ သဘောထားခံယူ ချက်များ၊ အနုသုခုမပညာကို မြတ်နိုး တန်ဖိုးထားမှု နှင့် ကောင်းမြတ်သော အပြုအမူများဖွံ့ဖြိုးလာစေရန်။

(ဈ) ကာယပညာဆိုင်ရာကိုယ်လက်လှုပ်ရှားမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင် လုပ်ဆောင်ခြင်းနှင့် ကျန်းမာရေးနှင့်ဆက်စပ်သော အသိပညာနှင့် သဘောထားခံယူချက်များကို နေ့စဉ်ဘဝ အခြေအနေများတွင် အသုံးချခြင်း အားဖြင့် ကျန်းမာသော ကိုယ်ခန္ဓာတွင် ကြံ့ခိုင်သော စိတ်ဓာတ်ဖွံ့ဖြိုးလာ စေရန်။

(ဉ) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရခြင်းကို မြတ်နိုးဂုဏ်ယူတတ်စေရန်။

၂။ အမျိုးသားပညာရေးဥပဒေရည်ရွယ်ချက်များမှာ

- ကာယဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ နှင့်တီထွင်ဖန်တီးတတ်သော ကြောင်း/ ကျိုးဝေဖန် စီစစ်တတ်သော တွေးခေါ်မှုဉာဏ်စွမ်းပကားနှင့် ပြည့်စုံသည့် ဘက်စုံထူးချွန်ပြည့်ဝသော နိုင်ငံသား ကောင်းများကို ပေါ်ထွန်းလာစေရန်။
- မြန်မာ့ယဉ်ကျေးမှုတွင်ပါဝင်သည့် မတူကွဲပြားခြားနားမှုများကို ဆက်လက် ထိန်းသိမ်းထား နိုင်စေရန်၊ ပြည်ထောင်စုစိတ်ဓာတ်ပေါ် ပေါက်လာစေရန်။ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း မှုကို အားပေးရန်၊ ပညာရေးဥပဒေက တိုင်းရင်းသား/မျိုးနွယ်စုဘာသာစကားကို စာသင်ခန်းသုံး ဘာသာရပ် တစ်ခုအဖြစ် အသုံးပြုခွင့်ပေးရန်နှင့် သင်ရိုးညွှန်းတမ်း၏အစိတ်အပိုင်း အချို့တွင် ဒေသန္တရအခြေအနေတို့နှင့် စပ်ဟပ်ညီညွတ်သည်တို့ကို ထည့် သွင်းခွင့်ပြုပေးရန်။
- တတ်ကျွမ်းမှုနှင့်ပတ်သက်လျှင် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီနည်းပညာများကဲ့သို့သော ရင်းမြစ်များကို လက်လှမ်းမီရရှိသုံးစွဲနိုင်စေရန်နှင့်
- ပညာရေးကို ဗဟိုဦးစီးမှုကင်းလွတ်သောစနစ်ဖြင့် ပို့ချပေးနိုင်ရန်နှင့် ဆီလျော်ကိုက်ညီမှုနှင့် ပိုင်နိုင်စနစ်ကျမှုတို့ ရှိစေရန် သေချာစွာဂရုပြု စီစဉ် ရန်။[၃၂]

၃။ အလယ်တန်းကျောင်းသင်ရိုးညွှန်းတမ်းအညွှန်းဘောင်က ချမှတ်ထားသော ရည်ရွယ်ချက်များကို ရရှိနိုင်စေရန် ဘာသာရပ်နယ်ပယ်အမျိုးမျိုးတွင် လေ့လာ သင်ယူရန် လိုအပ်သည့် အလယ်တန်း ကျောင်းအဆင့်တွင် ဘာသာရပ် နယ်ပယ်ပေါင်း (၁၁) ခုရှိပါသည်။

---

၃၂ Myanmar, National Education Law (Parliamentary Law No. 41) September 2014 ,30 [amended June 2015] (ref. to as the NEL).

- မြန်မာစာ
- အင်္ဂလိပ်စာ
- သင်္ချာ
- သိပ္ပံ
- လူမှုရေးဘာသာ (ပထဝီ)
- လူမှုရေးဘာသာရပ် (သမိုင်း)
- ဘဝတွက်တာကျွမ်းကျင်စရာ
- ကာယပညာ
- စာရိတ္တနှင့်ပြည်သူ့နီတိ
- အနုပညာ (ဂီတနှင့်ပန်းချီ)
- ဒေသသင်ရိုး (အလုပ်အကိုင်ရရှိစေမှုနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှု)

၄။ ဘာသာရပ်နယ်ပယ် တစ်ခုစီအတွင်း တစ်ပတ်လျှင် စာသင်ချိန်မည်မျှယူ၍ သင်ပေးရမည်ကို လျာထား ခွဲဝေထားသည်။


- အလယ်တန်းကျောင်းများတွင် စာသင်နှစ်တစ်နှစ်ကို သီတင်းပတ်ပေါင်း (၃၆) ပတ်နှင့် ဖွဲ့စည်းထားသည်။ စာသင်ချိန်စုစုပေါင်း (၁၀၈၀) နာရီ ရှိသည်။
- စာသင်ချိန်တစ်ချိန်ကို (၄၅) မိနစ် သတ်မှတ်ထားသည်။ သီတင်းပတ်တစ်ပတ်လျှင် စာသင်ချိန် (၄၀) ရှိသည့်အတွက် တစ်ရက်လျှင်စာသင်ချိန် (၈) ချိန်ရှိသည်။
- ဘာသာရပ်တစ်ခုစီကို သီးခြားစီခွဲခြား သင်ကြားပေးသော်လည်း ဘာသာရပ်အမျိုးမျိုးတို့ အတွက် ခွဲဝေလျာထားသော သင်ကြားချိန်ပမာဏ သတ်မှတ်ချက်များမှာမူ တစ်မျိုးနှင့် တစ်မျိုး မတူကြချေ။
- ဆိုလိုသည်မှာ ဘာသာရပ်တစ်ခုစီအတွက် တစ်ပတ်လျှင် သင်ကြားရန် သတ်မှတ်ချက်များ မှာ စာသင်ချိန် အရေအတွက် အနည်းဆုံး (၂) ချိန်မှ အများဆုံး (၆) ချိန်အထိရှိမည်။ ထို့ကြောင့် ဘာသာရပ်တစ်ခုထဲမှ သင်ခန်းစာတစ်ခုစီအတွက် ချမှတ်ထားသော ခြုံငုံရည်ရွယ်ချက်များ အားလုံးကို ပေါက်မြောက် ရရှိသွားစေရန်နှင့် ကျောင်းသားများအား မျှော်မှန်းထားသည့် အတိုင်း သင်ယူမှုရလဒ်များကို အောင်မြင်စွာရရှိသွား

စေရန်ကို ဆရာများက သေချာစွာ ဂရုပြု၍ စီစဉ်ဆောင်ရွက်ကြရမည်။

၅။ သင်ခန်းစာ၏ရည်ရွယ်ချက်များ

- သင်ခန်းစာ၏ရည်ရွယ်ချက်များသည် သင်ခန်းစာတစ်ခုကို သင်ကြားနေစဉ် အတွင်း ဆရာများက ဆောင်ရွက်ရန် ရည်ရွယ်ထားကြသော ယေဘုယျ/ အထွေထွေဖော်ပြချက်များ ဖြစ်ကြသည်။
- သင်ယူမှုရလဒ်များကို မရေးသားမီ ဆရာများက များသောအားဖြင့် သင်ခန်းစာ၏ ရည်ရွယ်ချက်များကို ဦးစွာ ပထမ ရေးသားလေ့ရှိ ကြသည်။
- သင်ခန်းစာ၏ ရည်ရွယ်ချက်နှင့် သင်ခန်းစာသင်ကြားနေစဉ် မိမိတို့ ဆောင်ရွက်ရန် ရည်ရွယ်ထားသည်တို့ကို ဆရာများက ဆုံးဖြတ်ကြရသည်။
- သင်ခန်းစာ၏ ရည်ရွယ်ချက်များ ဥပမာ အချို့ကို ဤနေရာတွင် ပေးထားပါသည်။ ရည်ရွယ်ချက်များကို ဖော်ပြရာတွင် ရည်ရွယ်ချက်အားလုံး တို့ကို ....ရန်နှင့် အစပြုကာ ရေးသားရပါမည်။ ထို့နောက်တွင်မှ ဆရာက ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် လုပ်ဆောင်ချက်များကို ဖော်ပြရမည်။ (ဥပမာ - ကူညီပေးရန်၊ လေ့ကျင့်ပေးရန် ..စသည်ဖြင့်) ထို့အပြင် အခြား အသေးစိတ် အကြောင်းအရာများဖြစ်ကြသည့် ဘယ်သူက (who)၊ ဘာကို(what)၊ ဘယ်နေရာမှာ(where)၊ ဘယ်အချိန်က (Where)၊ ဘယ်လို(how)၊ (ဘ ၅လုံး) ဟု ဖော်ပြထားတတ်ကြသည်။ မည်သူက မည်သည့်လုပ်ဆောင်မှုကို မည်သည့် နေရာတွင် မည်သည့်အချိန်၌ မည်ကဲ့သို့ ဆောင်ရွက်မည်ကို ဖော်ပြတတ်သည်။ ဥပမာအားဖြင့်
    - အားကစားနှင့်ပတ်သက်သော အားကစားကဏ္ဍမှ အကြောင်းအရာများ ကို သင်ယူစေရာတွင်ရေးသားတတ်သည့်သင်ခန်းစာ၏ ရည်ရွယ်ချက် မှာကျောင်းသားများအား အကြောင်းအရာကို အနှစ်ချုပ်တတ်စေရန် နှင့် အသေးစိတ်အချက်အလက်များ ရှာဖွေတတ်စေရန် အသုံးပြုရမည့် စာဖတ်ရှုလေ့လာခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေရေးအတွက် အထောက်အကူပြုရန်ဟု ရေးသားထားမည်ဖြစ်သည်။
    - ကျောင်းသားများအား လူမှုကွန်ရက်တွင် စာပို့ရာ၌ ပိုမိုကောင်းမွန်စွာ ရေးသားတတ်စေရန်အတွက် အထောက်အကူပြုပေးရန်။
    - ကျောင်းသားများအား သူတို့၏ အနာဂတ်အစီအစဉ်များအကြောင်းကို ပြောပြရာ၌ အထောက်အကူပြုပေးရန်။

- နှုတ်ဖြင့်ဖြစ်စေ၊ အရေးအသားဖြင့်ဖြစ်စေ၊ အကူအညီတောင်းခံမှု၊ မေတ္တာရပ်ခံ ပန်ကြားမှုများကို မှန်ကန်ဆီလျော်စွာ ပြောဆိုတတ်/ ရေးသားတတ်စေရန်အတွက် လေ့ကျင့်သင်ကြားပေးရန်။



## သင်ယူမှုလုပ်ငန်း (၁)။ သင်ခန်းစာ၏ ရည်ရွယ်ချက်များကို တိုက်ဆိုင်စိစစ်ခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင်(၄) ဦးစီပါဝင်သောအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ခန်းစာ၏ ရည်ရွယ်ချက်များကို ဖော်ထုတ်ကာ တိုက်ဆိုင်စိစစ်ရန်

၁။ အတန်းကို ကျောင်းသား (၄) ဦး ပါဝင်သော အုပ်စုများအဖြစ်သို့ခွဲခြားပါ။ အုပ်စုများအား ဆဋ္ဌမတန်းသင်ရိုးမှ ဘာသာရပ် တစ်ခုစီအတွက် ဆဋ္ဌမတန်း ဆရာလမ်းညွှန်စာအုပ်များကို ဝေငှထားပါ။

- မြန်မာစာ
- အင်္ဂလိပ်စာ
- သင်္ချာ
- သိပ္ပံ
- လူမှုရေးဘာသာ (ပထဝီ)
- လူမှုရေးဘာသာ (သမိုင်း)
- ဘဝတွက်တာကျွမ်းကျင်စရာ
- ကာယပညာ
- စာရိတ္တနှင့် ပြည်သူ့နီတိ
- အနုပညာ(ဂီတနှင့်ပန်းချီ)
- ဒေသသင်ရိုး (အလုပ်အကိုင်ရရှိစေမှုနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်မှု)

၂။ အုပ်စုများအား ဘာသာရပ်တစ်ခုစီမှ သင်ခန်းစာ၏ရည်ရွယ်ချက်တစ်ခုစီကို ရွေးချယ်ပြီး ကျောင်းသားကိုင်စာအုပ် ဇယား (၄.၂၃) ၏ "သင်ခန်းစာ၏ရည်ရွယ်ချက်များ" ကော်လံတွင် ရေးသားရန်ညွှန်ကြားပါ။

၃။ အုပ်စုများအတွင်း ရည်ရွယ်ချက်(objective)အဓိပ္ပာယ်ကိုဆွေးနွေးစေပြီးနောက် ဇယား (၄.၂၃) မှ "ပြန်လည်ရေးသားမှု"ကော်လံ၌ သူတို့ရွေးချယ်ထားသော ရည်ရွယ်ချက်တစ်ခုစီကို သူတို့၏ ကိုယ်ပိုင် စကားလုံးများကို အသုံးပြုကာ အသုံးအနှုန်းနှင့် စာသားအနေအထားတို့ကို ပြောင်းလဲရေးပေးရန် ညွှန်ကြားပါ၊ ဥပမာအားဖြင့် သင်ခန်းစာ၏ ရည်ရွယ်ချက်က "အခြေခံကျသော ဂျီဩမေတြီပုံများ၏ ထူးခြားသည့်လက္ခဏာများကို သတ်မှတ် ဖော်ပြတတ်စေရန်" ဟု ရေးထားလျှင် ထိုအကြောင်းအရာကိုပင် ဝါကျအနေအထားနှင့် စာသားတို့ပြောင်းရန် ဤသို့လည်း ရေးပေးနိုင်သည်။ "စတုရန်းများ၊ စက်ဝိုင်းများ၊ တြိဂံများနှင့် ထောင့်မှန်တြိဂံပုံများကို အမည်တပ်ပေးတတ်ရန် နှင့် အသွင်သဏ္ဌာန်များကို ဖော်ပြတတ်စေရန်"

၄။ အုပ်စုများက သင်ခန်းစာ၏ရည်ရွယ်ချက်များက စာသားအပြောင်းအလဲလုပ်ရန် ရေးသားပြီးသောအခါ သူတို့အား ဆဋ္ဌမတန်း သိပ္ပံဘာသာရပ်မှ "မြန်မာ့ငှက်များ" သင်ခန်းစာအတွက် သင်ခန်းစာရည်ရွယ်ချက်တစ်ခုရေးပေးရန် ညွှန်ကြားပါ။

၅။ အတန်းကိုပြန်လည်ပေါင်းစည်းကာ ဤလုပ်ငန်းကို ဆွေးနွေးပါ။

၆။ မျှဝေရန် ဆန္ဒရှိသော ကျောင်းသားများအား သူတို့အုပ်စု ရထားသော သင်ခန်းစာ၏ ရည်ရွယ်ချက်များနှင့် သူတို့ပြန်လည်ရေးသားထားသော သင်ခန်းစာ၏ ရည်ရွယ်ချက်များကို တစ်တန်းလုံးကြားသိရစေရန် အသံကျယ်ကျယ်ဖြင့်ဖတ်ပြစေရမည်။ ထို့နောက် ဆဋ္ဌမတန်း သိပ္ပံဘာသာ ရပ် မြန်မာ့ငှက်များအကြောင်း သင်ခန်းစာအတွက် သူတို့ ရေးသားထားသည့် သင်ခန်းစာ ရည်ရွယ်ချက်များကို အတန်းသို့ မျှဝေရန် ပြောပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း နှင့်တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးအပြောင်းအလဲရှိနိုင်သည်။ ဘာသာရပ်တစ်ခုစီမှ သူတို့ရွေးချယ်လိုက်သော သင်ခန်းစာ၏ ရည်ရွယ်ချက်အပေါ် မူတည်၍ ကွာခြားကြမည်။ မည်သို့ပင်

ဖြစ်စေ သူတို့ပြုပြင်ရေးသားပြီးပြန်လည်ဖော်ပြလိုက်သော သင်ခန်းစာ၏ရည်ရွယ်ချက်သည် ဆရာလမ်းညွှန်တွင် ပေးထားသောဖော်ပြချက်နှင့်အဓိပ္ပာယ် မလွဲသွေစေဘဲ ရှင်းလင်းပီပြင်စွာ ရေးသားထားချက် ဖြစ်သင့်သည်။ သူတို့ရေးလိုက်သော သင်ခန်းစာ၏ ရည်ရွယ်ချက်တွင် ပေါ်လွင်ထင်ဟပ်နေရမည်။ အချက်များမှာ ဘာသာရပ်(သိပ္ပံ)၊ ခေါင်းစဉ် (မြန်မာငှက်များ) နှင့် သင်ခန်းစာအတွင်း ဆရာ ဆောင်ရွက်ရန် ရည်ရွယ်ထားသော လုပ်ငန်းများတို့ဖြစ်ကြသည်။

ဥပမာအားဖြင့် “ငှက်များနှင့်နို့တိုက်သတ္တဝါများအကြား ခြားနားချက်ကို သတ်မှတ်ဖော်ထုတ်ရန်” (သို့မဟုတ်) “ငှက်တစ်ကောင်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို အမည်မှည့်ခေါ်တတ်စေရန် (သို့မဟုတ်) “မြန်မာနိုင်ငံတွင်း ဒေသမျိုးရင်းဖြစ်သော ငှက် (၁၀)မျိုးကို စာရင်းပြုစုဖော်ပြရန်” စသည် တို့ဖြစ်သည်။

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ယူမှုရလဒ်များဆိုသည်မှာ သင်ခန်းစာသင်ယူပြီးဆုံးချိန်၌ သင်က (ဆရာက) သင်၏ ကျောင်းသားများအား ပြသစေလိုသော ကျောင်းသားများ၏ အပြုအမူများဖြစ်သည်။
(ဆရာက ဖြစ်စေလိုသော ကျောင်းသားများ၏ ပြောင်းလဲလာမည့်အပြုအမူများ)

၂။ သင်ယူမှုရလဒ်များကို လုပ်ဆောင်မှုပြကြိယာများနှင့် အစပြုကာ ရေးသားရသည်။ အသုံးပြုရမည့် လုပ်ဆောင်မှုပြကြိယာများ (Action verbs)ကို ဘလွန်း၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း အသီးသီးတို့မှ ရရှိနိုင်သည်။

၃။ ပုံ (၄.၄)ကို ရည်ညွှန်းပြီး ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း၏ အဆင့်တစ်ခုစီ၌ အသုံးပြုနိုင်မည့် ကြိယာများအကြောင်းကို ဆွေးနွေးပါ။

- သင်ယူမှုရလဒ်များ ရေးသားရာတွင် လုပ်ဆောင်မှုပြ ကြိယာတစ်ခု၏ နောက်မှ အကြောင်းအရာ ထည့်သွင်းရေးသားရမည်။ အကြောင်းအရာ နောက်မှ အရည်အသွေးပြ စကားလုံး/အထူးပြုပုဒ်များ (အသေးစိတ်ချဲ့ထွင်မှု/အကျယ်တဝင့်ရှင်းပြမှု) ကို ရေးသားသည်။
- အထူးပြုပုဒ်များက (ဘ-၅) လုံးနှင့်ဆိုင်သည့် အကြောင်းအရာ အချက်အလက်များကို ပံ့ပိုးပေးသည်။ W များမှာ W-who ဘယ်သူက၊ W-what ဘာကို၊ W-when ဘယ်အခါမှာ၊ W-where ဘယ်နေရာမှာနှင့် H-How ဘယ်လို ဆိုသည့် (ဘ - ၅လုံး) အချက်အလက်များကို ဖော်ပြရန်ဖြစ်သည်။
  - ဥပမာအားဖြင့်သင်ယူမှုရလဒ်တစ်ခုတွင် “သင်ခန်းစာ သင်ယူပြီးချိန်၌ ကျောင်းသားများသည် စာပိုဒ်တိုတစ်ခုထဲမှ အင်္ဂလိပ်ဘာသာစကား၏ သရ (၆) လုံးကို သတ်မှတ် ဖော်ထုတ်တတ်မည်”
  - လုပ်ဆောင်မှုပြ ကြိယာသည် “သတ်မှတ်ဖော်ထုတ်သည်” ဖြစ်ပြီး ဘလွန်၏ သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်းအရ ဤစကားလုံး/လုပ်ဆောင်မှုပြ စကားလုံးသည် “နားလည်ခြင်း” အဆင့်အတွက် သုံးခြင်းဖြစ်သည်။
  - ပထမအထူးပြုစကားလုံး/အရည်အသွေးပြစကားလုံး (qualifiers)မှာ “အင်္ဂလိပ် ဘာသာစကား၏ သရ (၆) လုံး” ဖြစ်သည်။ ထိုအထူးပြုမှုစာစုက ကျွန်ုပ်တို့အား ကျောင်းသား များက မည်သည်တို့ကို (ဘာကို) သတ်မှတ်ဖော်ပြမည်ဖြစ်ကြောင်းပြောပြသည်။
  - ဒုတိယအထူးပြုပုဒ်စုက “စာပိုဒ်တိုတစ်ခုတွင်” ဟုရေးထားသည်။ ထိုအချက်က ကျွန်ုပ်တို့က သိရှိစေသည်။ ကျောင်းသားများက မည်သည့်နေရာတွင် (ဘယ်နေရာမှာ) သရများကို သတ်မှတ်ဖော်ထုတ် ပေးမည်ဖြစ်ကြောင်း ညွှန်ပြသည်။

၄။ ပထမနှစ်သင်တန်းတွင် (SMART) အညွှန်းဘောင်ကို သင်ယူမှုရလဒ်များကို စစ်ဆေးအကဲဖြတ်နိုင်အတွက် သင်တို့နှင့်မိတ်ဆက်ပေးခဲ့သည်။ “SMART” ဆိုသည်မှာ အတိုကောက် စကားလုံးဖြစ်ပြီး ထိုစကားထဲမှ အက္ခရာတစ်ခုစီဖြစ်စေ S,M,A,R,T တို့က ကိုယ်စားပြုသော အသိဉာဏ်ရှိပါသည်။ ‘S’သည် “specific” “တိကျသေချာသော” ဖြစ်ပြီး “M” သည် “measurable” “တိုင်းတာ၍ရသော” ဟု အဓိပ္ပာယ်ရသည်။ “A” က “achievable” ကိုဆိုလိုပြီး “ရရှိနိုင်သော

လုပ်ဆောင်နိုင်သော” ဟုဆိုလိုသည်၊ “R” က “Relevant” ဖြစ်ပြီး “ဆီလျော်ကိုက်ညီသော”ဟု အဓိပ္ပာယ်ရှိသည်။ “T” က “Time-bound” ဖြစ်ပြီး “အချိန်ကန့်သတ်ချက်အတိုင်းအတာရှိသော” ဟူသည့် အဓိပ္ပာယ်ရသည်။

- ထိုအရာ (သင်ယူမှုရလဒ်) သည် တိကျသေချာမှု ရှိ/မရှိ (Specific) (သေချာတိကျရဲ့လား)
- ထိုအရာကို တိုင်းတာ၍ရနိုင်မှု ရှိ/မရှိ (Measurable) (တိုင်းတာလို့ရရဲ့လား)
- ကျောင်းသားများအနေနှင့် တုံ့ပြန်အကြံပြုချက်များကို ရရှိလိုစိတ်များ ပိုမိုရှိတတ်သောကြောင့် သင်ယူမှုရလဒ်များကို ပြည့်မီရရှိမှုအတွက် အားလုံးကမျှဝေ တာဝန်ခံ ဆောင်ရွက်ကြသောအခါ အောင်မြင်စွာ ရယူနိုင်ခြင်းရှိ/မရှိ (Achievable) (သိသာမြင်သာသောအောင်မြင်မှု) (အောင်မြင်မှုထင်ရှားသိသာရဲ့လား)
- ဆီလျော်ကိုက်ညီမှုရှိ/မရှိ (Relevant) (ဆီလျော်ကိုက်ညီရဲ့လား)နှင့်
- အချိန်ကန့်သတ်ချက်အတိုင်းအတာရှိသော (Time-bound) (အချိန်အကန့်အသတ်အတိုင်းအတာ တစ်ခုအတွက်ဟုတ်ရဲ့လား)။

၅။ သင်တို့၏သင်ယူမှုရလဒ်များကို ရေးသားပြီးသောအခါ သင် သင်ကြားမည့်သင်ခန်းစာအတွက် သင်ရေးသားထားသော သင်ယူမှုရလဒ်များသည်ဆီလျော်မှုရှိ/ မရှိကို ဆုံးဖြတ်သည့်နေရာ၌ အထောက်အကူဖြစ်စေရန်အတွက် အထက်ဖော်ပြပါမေးခွန်းများကိုအသုံးပြု၍ စိစစ်ပါ။

၆။ သင်ယူမှုရလဒ်များသည် အောက်ပါအချက်အလက်တို့နှင့် ညီညွတ်လျှင်အထိရောက်ဆုံး ဖြစ်ကြသည်ဟု ဩစတြေးလျနိုင်ငံ “သင်ကြားရေးနှင့်ကျောင်းများအတွက် ဦးဆောင်မှုပေးရေး တက္ကသိုလ်” (The Australian Institute for Teaching and School Leadership) က အကြံပြုထားသည်။

- ထိုရလဒ်များက ကျောင်းသားများအား သင့်တော်သောစိန်ခေါ်မှု ပေးစွမ်းနိုင်သောအခါ (ကျောင်းသားများ၏ လုပ်ဆောင်နိုင်စွမ်းကို စမ်းသပ်စိန်ခေါ်ပြီး လွယ်လွန်း၊ ခက်လွန်းခြင်းမရှိသောအခါ)
- ၎င်းတို့သည် သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများနှင့် လိုက်လျောညီထွေသဟဇာတဖြစ်သောအခါ
- ကျောင်းသားများသည် တုံ့ပြန်အကြံပြုချက်များကို ရယူခြင်းဖြင့် အဆိုပါသင်ယူမှုရလဒ်များပြည့်မီရန် ကြိုးပမ်းကြသောအခါ
- သင်ယူမှုရလဒ်များသည် ယေဘုယျ ကောက်ချက်ဆွဲနိုင်သောအချက်အလက်များဖြစ်ကြပြီး သင်ယူရရှိပြီးသွားသော ကျွမ်းကျင်မှုများကို

ခြားနားသော ဆက်စပ်ပတ်ဝန်းကျင် အခြေအနေ အရပ်ရပ်တို့တွင် ထိရောက်စွာ ရွှေ့ပြောင်းအသုံးချနိုင်မှုကို ခွင့်ပြု(ပံ့ပိုး) ပေးနိုင်သောအခါ[၃၃]

## သင်ယူမှုလုပ်ငန်း (၂)။ သင်ယူမှုရလဒ်များကို တိုက်ဆိုင်စိစစ်ခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီ ပါဝင်သော အုပ်စု များ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ယူမှုရလဒ်များဖွဲ့စည်းပုံကို ပိုမိုနားလည်လာစေရန်/နားလည်မှုကို ကျစ်လစ် ခိုင်မာလာစေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီ ပါဝင်ဖွဲ့စည်းထားသော ကျောင်းသားအုပ်စုများ အဖြစ်သို့ခွဲခြားပါ။

၂။ မြန်မာနိုင်ငံ၏ အခြေခံပညာဆဋ္ဌမတန်းသင်ရိုးညွှန်းတမ်းမှ သင်ခန်းစာ၏ ရည်ရွယ်ချက်များ နှင့် သင်ယူမှုရလဒ်များအကြောင်းကို ဖတ်ရှုလေ့လာရန် အုပ်စုများကို ညွှန်ကြားပါ။ (ဇယား (၄.၂၄) - သင်ယူမှုရလဒ်များကို တိုက်ဆိုင်စိစစ်ခြင်း)

၃။ သင်ယူမှုရလဒ်များအကြောင်းကို ဖတ်ရှုလေ့လာပြီးသောအခါ အုပ်စုထဲမှ ကျောင်းသားများက ဇယား (၄.၂၄) တွင် အောက်ပါတို့ကို သတ်မှတ်ဖော်ထုတ်ပေးရမည်ဖြစ်သည်။

- လုပ်ဆောင်မှုပြကြိယာ
- အကြောင်းအရာ
- အရည်အသွေးပြစကားလုံးများ

၄။ ထို့နောက် သင်ယူမှုရလဒ်တစ်ခုစီမှ လုပ်ဆောင်မှုပြကြိယာများကို ဘလွန်း၏ သင်ယူမှု နယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်းအရ မည်သည့်အဆင့်မှ ဖြစ်သည်ကို သတ်မှတ်ဖော်ထုတ်ပေးပြီး ဇယားတွင်ရေးသားပေးပါ။

၅။ အုပ်စုများက ဇယား (၄.၂၄) ကို ဖြည့်သွင်းရေးသားပြီးသောအခါ အတန်းကို

[၃၃] (AITSL) (n.d.).

ပြန်လည်ဖွဲ့စည်းပြီး ဤလုပ်ငန်းကို ဆွေးနွေးပါ။ မျှဝေရန် ဆန္ဒရှိသော ကျောင်းသားများအား သူတို့၏ အဖြေများကို အတန်းနှင့်မျှဝေရန် ပြောပါ၊ အမှားရှိက ပြင်ဆင်ပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသားလုပ်ငန်းကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း နှင့်တစ်တန်းလုံး ဆွေးနွေးခြင်း

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

ဇယား (၄.၂၄) တွင် ဖြည့်သွင်းရေးသားထားသော အဖြေများ (အရိပ်ခြယ်ထားသောကော်လံများ) ကို ဆွေးနွေးပါ။

**ဇယား၄.၂၄။ သင်ယူမှုရလဒ်များကို တိုက်ဆိုင်စိစစ်ခြင်း**

| ဘာသာရပ် | သင်ခန်းစာ ရည်ရွယ်ချက် များ | သင်ယူမှုရလဒ် များ | လုပ် ဆောင်မှု ပြကြိယာ | အကြောင်း အရာ | အရည်အသွေးပြ စကားလုံးများ | သင်ယူမှု နယ်ပယ်များ ကို ခွဲခြား သတ်မှတ်ခြင်း အဆင့် |
|---|---|---|---|---|---|---|
| အနု ပညာ (ဂီတ) | "ပုစဉ်းတောင်သံ ကြိုး" သီချင်း၏ အဓိပ္ပာယ် ကို နားလည်ပြီး နရီ စည်းချက် ကိုက် စွာ အသံမှန်မှန် ဖြင့် ခံစားမှုပါဝင် အောင် သီဆို တတ်စေရန်။ | ပုစဉ်းတောင်သံ ကြိုး(တံတျာ တေ ရှင်)သီချင်း၏ အဓိပ္ပာယ်ကို ရှင်း ပြပြီး ထိုသီချင်းကို နရီစည်းချက် ကိုက်စွာ အသံမှန် မှန်ဖြင့် ခံစားမှု ပါဝင်အောင် သီဆို တတ်မည်။ | ရှင်းပြ သည်။ သီဆို သည်။ | ပုစဉ်း တောင်သံ ကြိုး ၏ (တံ တျာ တေ ရှင်) ၏ အဓိပ္ပာယ် | နရီစည်းချက် ကိုက်စွာ အသံမှန် မှန်ဖြင့် ခံစားမှု ပါဝင်အောင် | နားလည်မှု |

| ဘာသာရပ် | သင်ခန်းစာ ရည်ရွယ်ချက် များ | သင်ယူမှုရလဒ် များ | လုပ် ဆောင်မှု ပြကြိယာ | အကြောင်း အရာ | အရည်အသွေးပြ စကားလုံးများ | သင်ယူမှု နယ်ပယ်များ ကို ခွဲခြား သတ်မှတ်ခြင်း အဆင့် |
|---|---|---|---|---|---|---|
| စာရိတ္တနှင့် ပြည်သူ့နီတိ ) | "ကျင့်ဝတ်နှင့် လေးစားမှု"တို့၏ တန်ဖိုးကို နားလည်လာ စေရန် နှင့်အိမ်၌ လက်တွေ့ ကျင့်သုံးတတ် စေ ရန်။ | မိသားစုအတွင်း မိသားစုဝင်များ ကိုရိုသေ လေးစား သောအပြုအမူ များကို ပြသတတ် လာပြီး နေ့စဉ် ဘဝတွင် လည်း လက်တွေ့ ကျင့် သုံးတတ်လာ မည်။ | ပြသသည်။ လက်တွေ့ ကျင့်သုံး သည်။ | အပြုအမူ များ | မိသားစု အတွင်း မိသား စုဝင်များ နှင့် နေ့စဉ် ဘဝ၌ လက်တွေ့ ကျင့် သုံ | လက်တွေ့ အသုံးချခြင်း |
| သင်္ချာ | ထောင့်များကို နှိုင်းယှဉ် ပြတတ် စေရန်နှင့် ထောင့်၏ အကျယ် ကို တိုင်းတာ တတ် စေရန်။ | ထောင့် အမျိုးအ စားများ ကို သတ် မှတ် ဖော်ပြတတ် လာပြီး ထောင့် များကို ပေတံ နှင့် စက်ဝိုင်းခြမ်း အသုံးပြုကာ တည်ဆောက် တတ်မည်။ | သတ်မှတ် ဖော် ပြသည်။ တည် ဆောက် သည်။ | ထောင့် အမျိုး အစား များ ကို | ထောင့်များကို ပေတံနှင့် စက်ဝိုင်းခြမ်း အသုံးပြုကာ တည် ဆောက် | နားလည်မှု နှင့် ပေါင်းစပ်မှု |

| ဘာသာရပ် | သင်ခန်းစာ ရည်ရွယ်ချက် များ | သင်ယူမှုရလဒ် များ | လုပ် ဆောင်မှု ပြကြိယာ | အကြောင်း အရာ | အရည်အသွေးပြ စကားလုံးများ | သင်ယူမှု နယ်ပယ်များ ကို ခွဲခြား သတ်မှတ်ခြင်း အဆင့် |
|---|---|---|---|---|---|---|
| ဘဝ တွက် တာ ကျွမ်းကျင်စ ရာ | အတန်းထဲတွင် ကွဲပြားခြားနား သော အမြင်များ၊ စိတ်ကူးများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် ပြု မည့် အခြေခံ စည်းကမ်းများကို ပြုစုသတ်မှတ် ရန်။ | အတန်းထဲတွင် ကွဲပြားခြားနား သော အမြင်များ၊ စိတ်ကူးများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် ပြု မည့် အခြေခံ စည်းကမ်းများကို ပြုစုသတ်မှတ် တတ်မည်။ | ပြုစု သတ်မှတ် သည်။ | အခြေခံ စည်းကမ်း များ | အတန်းထဲတွင် ကွဲပြားခြားနား သော အမြင်များ၊ စိတ်ကူးများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် ပြု မည့် အခြေခံ စည်းကမ်းများ | ပေါင်းစပ်မှု |
| သမိုင်း | ရှေးမြန်မာ လူ့ အသိုင်းအဝိုင်းကို စိုးမိုးခဲ့သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် တို့ကို လေ့လာရန်။ | သမိုင်း၏ ဖွံ့ဖြိုးမှု ဖြစ်စဉ်များနှင့် လူ့ အဖွဲ့အစည်းအ ပေါ်သို့ လွှမ်းမိုးထား နိုင် သော နည်းပညာ ဆိုင်ရာ အပြောင်း အလဲကို နားလည် လာမည်။ | နားလည် သည်။ | သမိုင်း ကြောင်း ဆိုင်ရာ ပေါ် ပေါက် ဖွံ့ဖြိုး လာမှု | နှင့်လူ့အဖွဲ့ အစည်း ပေါ်ရှိ လွှမ်းမိုးထား နိုင်သော နည်းပညာ ဆိုင်ရာ အပြောင်း အလဲ၏ သက်ရောက်မှု | နားလည်မှု |

## သင်ယူမှုလုပ်ငန်း (၃)။ သင်ယူမှုရလဒ်များကို ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၅)ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက် -** သင်ယူမှုရလဒ်များရေးသားမှုကို လေ့ကျင့်ရန်

၁။ သင်ယူမှုလုပ်ငန်း (၂) တွင် ဖွဲ့စည်းခဲ့သော ကျောင်းသားအုပ်စုများအတိုင်း သင်ယူမှုလုပ်ငန်းများကို လည်း ဆက်လက်ဆောင်ရွက်နိုင်သည်။

၂။ ကျောင်းသားကိုင်စာအုပ်မှ ဇယား (၄.၂၅) ကို ဖတ်ရှုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။ ထို့နောက် သင်ခန်းစာ ရည်ရွယ်ချက်တစ်ခုစီ၏ အဓိပ္ပာယ်ကို ဆွေးနွေးစေရမည်။ ပန်းချီအနုပညာ (Visual Arts) ဘာသာရပ်အတွက် နမူနာတစ်ခုကို ဖြည့်သွင်းပေးပြီးဖြစ်သည်။

၃။ ထို့နောက်ကျောင်းသားများသည် ကျန်ရှိသော သင်ခန်းစာရည်ရွယ်ချက် (၂) ခု အတွက် သင်ယူမှု ရလဒ်တစ်ခုကို တည်ဆောက်စေရမည်။ သင်ယူမှုရလဒ်တွင် အောက်ပါတို့ ပါဝင်သင့်သည်။

- လုပ်ဆောင်မှုပြကြိယာတစ်ခု
- အကြောင်းအရာ
- အရည်အသွေးပြစကားလုံးများ

၄။ အုပ်စုများရေးနေကြသည့် သင်ယူမှုရလဒ်များကို စစ်ဆေးအကဲဖြတ်နိုင်ရန် အတွက် သူတို့အား SMART အညွှန်းဘောင်ကို အသုံးပြုရန်ညွှန်ကြားပါ။ လိုအပ်သော အပြောင်းအလဲများပြုလုပ်ပါ။

- သင်ယူမှုရလဒ်သည်တိကျမှုရှိပါသလား။
- ထိုရလဒ်ကိုတိုင်းတာ၍ ရနိုင်ပါသလား။
- ထိုရလဒ်ကို ရယူနိုင်ခြင်း၊ ဆောင်ရွက်နိုင်ခြင်းရှိပါသလား။
- ထိုရလဒ်သည် ကျောင်းသားများတတ်မြောက်နိုင်မှုအဆင့်နှင့် ဆီလျော်ကိုက်ညီပါရဲ့လား။

- ထိုရလဒ်ကို အချိန်အကန့်အသတ်၊ သတ်မှတ်ချက်အတွင်းရရှိနိုင်ပါမည်လား။

၅။ ဤလုပ်ငန်းကိုဆွေးနွေးရန်အတွက် အတန်းကိုပြန်လည်ဖွဲ့စည်းပါ၊ သင်ခန်းစာရည်ရွယ်ချက် တစ်ခုစီအတွက် သူတို့ရေးသားထားသော သင်ယူမှုရလဒ်များကို မျှဝေရန် ဆန္ဒရှိသူ ကျောင်းသားများကို ဖိတ်ခေါ်ပါ။ တုံ့ပြန် အကြံပြုချက်များပေးပြီး ကျောင်းသားများကို ဆွေးနွေးရန် အားပေးဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးကွဲပြားလိမ့်မည်။ သို့ရာတွင် သူတို့အဖြေများသည် သင်ခန်းစာရည်ရွယ်ချက်များနှင့် ဆက်စပ်မှုရှိရမည်။ ထိုသင်ယူမှုရလဒ်များတွင် လုပ်ဆောင်မှုပြကြိယာတစ်ခုနှင့် အကြောင်းအရာ အနည်းဆုံးတစ်ခုပါရှိရမည်။ ဤနေရာတွင် ဖြစ်နိုင်ခြေရှိသောအဖြေအချို့ကို ပေးထားသည်။

| ဘာသာရပ် | သင်ခန်းစာ၏ ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ - ဤသင်ခန်းစာ ကိုသင်ယူပြီးသည့်အခါ ကျောင်းသားများသည် |
|---|---|---|
| အနုပညာ (ပန်းချီ) | (မျဉ်း၊ ပုံသဏ္ဌာန်၊ ထုထည် ပြောင်းလဲပုံ၊ ပုံစံကွက်) စသည့် အခြေခံ ပုံဆွဲနည်းစနစ်နှင့် ခဲတံကိုအသုံးပြုပုံကို နားလည်ပြီး စနစ်တကျ ပုံဆွဲတတ်ရန်။ | မျဉ်းကြောင်းအမျိုးအစား (၆) မျိုး၊ပုံသဏ္ဌာန်(၆)ခုတို့ကို (၂) ဘက်မြင်နှင့် (၃)ဘက်မြင်ပုံများအဖြစ် ဆွဲတတ်မည်။ |
| စာရိတ္တနှင့် ပြည်သူ့နီတိ | တန်ဖိုးရှိသော မြန်မာ့ယဉ်ကျေးမှု၊ ရိုးရာတို့ကိုနားလည်ပြီး အိမ်တွင် လက်တွေ့ကျင့်သုံးရန်။ | မိသားစုနှစ်ခု၏ အိမ်၌ကျင့်သုံးကြ သော အစဉ်အလာများကို ဆွေးနွေး တတ်မည်။ |

| ဘာသာရပ် | သင်ခန်းစာ၏ ရည်ရွယ်ချက်များ | သင်ယူမှုရလဒ်များ - ဤသင်ခန်းစာ ကိုသင်ယူပြီးသည့်အခါ ကျောင်းသားများသည် |
|---|---|---|
| ဘဝ<br>တွက်တာ<br>ကျွမ်းကျင်<br>စရာ | အတန်းထဲတွင် ကွဲပြားခြားနား သော အမြင်များ၊ စိတ်ကူးများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် ပြုမည့် အခြေခံစည်းကမ်းများ ကို ပြုစုသတ်မှတ်ရန်။ | စာသင်ခန်းတွင်း၌ ထင်မြင်ချက် များဖော်ပြရာတွင် လွတ်လပ်မှုကို ပံ့ပိုးပေးနိုင်မည်၊ စာသင်ခန်းတွင်း ကျင့်သုံးရန် စည်းမျဉ်း(၅)ခုကို ဆုံး ဖြတ်ပေးတတ် ပြီးစာရင်းပြုစုပေးတတ်မည်။ |

## စာသင်ချိန် (၃)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| **အချိန်** | (၁၀) မိနစ် |
|---|---|
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ အောင်မြင်မှုစံများ (criteria for success) (မြန်မာနိုင်ငံအခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် အောင်မြင်မှုပြအညွှန်းကိန်းများဟုလည်း သိရှိကြသည်။) အောင်မြင်မှုစံများသည် သင်၏ ကျောင်းသားများက သင်ခန်းစာတစ်ခု၏ သင်ယူမှုရလဒ်များကို ရရှိပေါက်မြောက်သွားခြင်း ရှိ/မရှိကို သတ်မှတ်ပေးနိုင်ရန် အကဲဖြတ်မှုများဖြစ်ကြသည်။

၂။ ၎င်းတို့က ဆရာများကိုရော ကျောင်းသားများကိုပါ အထောက်အကူပြုပေးသည်။ ကျောင်းသားများ၏ သင်ယူမှုတွင် အောင်မြင်မှုရရှိသွားစေရန်အတွက် ကျောင်းသားများသည် မည်သည်တို့ကို ရရှိသွားရန်လိုအပ်ကြောင်းကို ရှင်းလင်းစွာ သိရှိစေသည်။

၃။ အောင်မြင်မှုစံများကို သိရှိထားခြင်းအားဖြင့် ကျောင်းသားများစွာ အကျိုးကျေးဇူးများ ရရှိလာနိုင်သည်။ ထိုအကျိုးကျေးဇူးများမှာ

- မည်သည့်အချက်ကို အဓိကထားအာရုံစိုက်လေ့လာရမည်ကို သေချာစွာ သိရှိနားလည် သွားခြင်း။

- ကျောင်းသားများအား ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်သွားစေနိုင်မည့် အခွင့်အလမ်း ပံ့ပိုးပေးခြင်း။
- ကျောင်းသားများကိုယ်တိုင် အောင်မြင်မှုအတွက် စံများ သတ်မှတ်ပေးနိုင်စေခြင်း။
- အခက်အခဲရှိသည့်နေရာများကို စတင်သတ်မှတ် ဖော်ထုတ်တတ်လာခြင်း။
- သင်ယူမှုတိုးတက်အောင် သူတို့မည်သို့ လုပ်ဆောင်မည်ကို ဆွေးနွေးတတ်လာခြင်း။
- သူတို့၏တိုးတက်လာသော အခြေအနေကို ကိုယ်တိုင်စောင့်ကြည့်လေ့လာနိုင်စေခြင်း။[၃၄]

၄။ သင်ယူမှုစံများကို သိထားခြင်းဖြင့် ဆရာများတွင်လည်း အကျိုးကျေးဇူးများရရှိသည်။ အဘယ်ကြောင့်ဆိုသော် သင်ယူမှုစံများက ကျောင်းသား၏သင်ယူမှုကိုသာမက ဆရာများ၏ ကိုယ်ပိုင်သင်ကြားမှုကိုလည်း စစ်ဆေးအကဲဖြတ်ပေးနိုင်သည်။

၅။ အောင်မြင်မှုစံများရေးသားရာတွင် ကျောင်းသားများသည် သင်ယူမှုရလဒ်များကို မည်သည့် အတိုင်းအတာအထိ ရရှိပေါက်မြောက်ရမည်ဟု သင်က (ဆရာက) ဆုံးဖြတ်ပေးရမည်။

၆။ ထိုအတိုင်းအတာသည် ရာခိုင်နှုန်းဖော်ပြချက်တစ်ခုဖြစ်နိုင်သည်။ (ဥပမာ- အချိန်၏ ၉၀% ၊ အချိန်တစ်ဝက်) (သို့မဟုတ်) အခြားအထူးပြုပုဒ်များ (ဥပမာ- သရ (၆) လုံးအနက် (၄) လုံး၏ အမည်ကို ခေါ်ဝေါ်သတ်မှတ်ပေးနိုင်သည်။ ရိုးရိုးဝါကျတစ်ကြောင်းရေးသားရာတွင် ကြိယာတစ်လုံး၏ ပစ္စုပ္ပန်ကာလပုံစံကို မှန်ကန်စွာ ရေးတတ်စေရမည်။)

၇။ အောင်မြင်မှုစံများ

- "စံ"များသည် ကျောင်းသားများ လွယ်ကူစွာနားလည်စေရန်အတွက် ရှင်းလင်းစွာရေးပေးရန် လိုအပ်ပြီး ၎င်းတို့ကို ကျောင်းသားများအား အသိပေးမျှဝေထားသင့်သည်။
- ထို"စံ"များကို ကျောင်းသားအားလုံးအတွက် တညီတညာတည်း တစ်သမတ်တည်း တူညီစေရမည်။ (သင်ယူမှုပြုရာ၌တွင်သာ လိုအပ်ချက်အလိုက် ပြောင်းလဲပြုပြင် လုပ်ဆောင်ပေးနိုင်သည်။)

---

၃၄ Clarke in Dyer, 2018.

- ထို"စံ"များကို ဘာသာရပ်အားလုံးတွင် အသုံးပြုနိုင်စေရမည်။
- ထို"စံ"များကို ကျောင်းသားများက အမြဲမပြတ် တောက်လျှောက်ကိုးကား ရည်ညွှန်းပြုရမည်။[၃၇]

၈။ အောင်မြင်မှုစံများသည် သင်ယူမှုရလဒ်များနှင့် အကြောင်းအရာအားဖြင့် ချိတ်ဆက်နေသည့်အပြင် ၎င်းတို့ကို ရေးသားရာ၌လည်း သင်ယူမှုရလဒ်များကို ရေးသားရာ၌ သုံးသည့် စကားလုံးများနှင့်အလားတူ ဆင်တူသော စကားလုံးများကိုသာ အသုံးပြု၍ ရေးသားသင့်သည်။

- ဥပမာအားဖြင့် သင်ယူမှုရလဒ်ကို ဤသို့ရေးသားသည်ဆိုပါစို့။
- ဤသင်ခန်းစာကိုသင်ယူပြီးသွားချိန်၌ ကျောင်းသားများသည် ပုစ္ဆာတစ်ပုဒ်ကို တွက်ချက်ရာတွင် အပိုင်းကိန်းများကို ခြားနားသောနည်းလမ်းမျိုးစုံ အသုံးပြုပြီး တင်ပြတတ်မည်။ (ဥပမာ-လက်မှုပစ္စည်း၊ သရုပ်ဖော်ပုံစံငယ်များ၊ စကားလုံး များသင်္ကေတစနစ်များ) ကိုအသုံးပြုပြီး ဖော်ပြတတ်မည်။ သူတို့၏ဖြစ်စဉ် များကိုလည်း ရှင်းပြတတ်မည်။
  သို့ဖြစ်လျှင် အောင်မြင်မှုစံက အောက်ပါအတိုင်းဖြစ်သင့်ပါသည်။
- အပိုင်းကိန်းများကို ကိုယ်စားပြုသည့် ပုံစံငယ်အနည်းဆုံး (၂) မျိုးကို အသုံးပြုတတ်ရမည်။
- သင်္ချာဘာသာရပ်ဆိုင်ရာ ဝေါဟာရများကို အသုံးပြု၍ ရှင်းပြတတ်ရမည်။
- လုပ်ငန်းများကို ကောင်းမွန်သပ်ရပ်စွာ စုစည်းတင်ပြရမည်။[၃၈]

အောက်ပါ ဇယား (၄.၂၆) သည် အောင်မြင်မှုစံက သင်ခန်းစာ၏ရည်ရွယ်ချက်နှင့် သင်ယူမှုရလဒ်တို့နှင့် မည်သို့ချိတ်ဆက်နေကြောင်းကို ပြသော ဥပမာ တစ်ခု ဖြစ်သည်။

---

၃၇ Clarke in Dyer, 2018.
၃၈ based on http://pjmath1.blogspot.com/p/learning-goals-success-criteria.html

**ဇယား၄.၂၆။ သိပ္ပံသင်ခန်းစာ ဥပမာ**

| သင်ခန်းစာ(အမည်) | အင်းဆက်ပိုးမွှားတစ်ကောင်၏သွင်ပြင်လက္ခဏာများ |
|---|---|
| သင်ခန်းစာ၏ရည်ရွယ်ချက် (သင်ခန်းစာ၏ ဦးတည်ချက်) | • အင်းဆက်ပိုးမွှားတစ်ကောင်၏ အဓိကသွင်ပြင် လက္ခဏာများကို မိတ်ဆက်ပေးရန် |
| သင်ယူမှုရလဒ်များ (သင်ခန်းစာပြီးဆုံးချိန်တွင် ကျောင်းသားများ ပြုလုပ်နိုင်မည့်အရာ) | • အင်းဆက်ပိုးမွှား၏အဓိပ္ပာယ်ကို သတ်မှတ်ဖော်ပြတတ်မည်။<br>• အင်းဆက်ပိုးမွှားတစ်ကောင်၏ သရုပ်ဖော်ပုံ ကိုဆွဲသားပြီး အစိတ်အပိုင်းအသီးသီးတို့ကို အမည်တပ်ပေးနိုင်လာမည်။<br>• အင်းဆက်ပိုးမွှားများ၏ဥပမာများကိုစာရင်းပြုစုဖော်ပြတတ်မည်။ |
| အောင်မြင်မှုစံများ (သင်ယူမှုရလဒ်များ ပြည့်မီခြင်း ရှိ/မရှိ ကို ဆရာနှင့်ကျောင်းသားများ မည်သို့ ဆုံးဖြတ်ပေးနိုင်ပုံ) | • ကျောင်းသားများရေးလာသောအဓိပ္ပာယ်သတ်မှတ်ချက်များထဲ တွင် အင်းဆက်ပိုးမွှား၏ အဓိက အသွင်အပြင်များ အနည်းဆုံး (၃) ခုပါဝင်ရမည်။<br>• သရုပ်ပြပုံတွင် အမည်တပ်ပေးထားရမည်။<br>• အင်းဆက်ပိုးမွှား၏ခန္ဓာကိုယ်အစိတ်အပိုင်းများကို မှန်ကန်စွာ အမည်တပ်ပေး နိုင်ရမည်။<br>• အင်းဆက်ပိုးမွှား၏ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုစီနှင့် အခေါ် အဝေါ်တစ်ခုစီကို မြားအသုံးပြု၍ ဆက်သွယ်ပေးတတ်ရမည်။<br>• ကျောင်းသားများက အနည်းဆုံး အင်းဆက်ပိုးမွှား (၅) ကောင်ကို စာရင်းပြုစုပေးရမည်။ |

## သင်ယူမှုလုပ်ငန်း (၄)။ သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှု ရလဒ်များ နှင့် အောင်မြင်မှုစံများကို တစ်ခုနှင့်တစ်ခုချိတ်ဆက်ပေးခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား (၃) ဦးစီပါဝင်သော အုပ်စုများ၊ ၆ ဦးစီပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများအကြား တူညီမှုများနှင့်ခြားနားမှုများကို စိစစ်သုံးသပ်တတ်စေရန်

၁။ အတန်းကို အုပ်စုတစ်ခုလျှင် ကျောင်းသား (၃) ဦးစီပါဝင်သောအုပ်စုငယ်များ အဖြစ်သို့ခွဲခြားပါ။

သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ အကြောင်းတူညီမှုများနှင့် ခြားနားမှုများကို ဆွေးနွေးကြရန်အုပ်စုများကို ညွှန်ကြားပါ။

၂။ အုပ်စုများက ၎င်းတို့အကြားတူညီမှုများနှင့် ခြားနားမှုများကို ဆွေးနွေးပြီးသည့်အခါ ဆရာက သူတို့အား ဗင်ပုံ (Venn Diagram) အသုံးပြုရန်ညွှန်ကြားပါ။ ပုံ (၄.၆) က သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများအား ချိတ်ဆက်ပြထားသည်။ ဗင်ပုံ တွင် တူညီမှုများနှင့် ခြားနားမှုများကို ရေးသားပေးရမည်။
(ဥပမာအားဖြင့် "သင်ယူမှုရလဒ်များ"နှင့် "အောင်မြင်မှုစံများ"နှစ်ခုစလုံးတွင် ကျောင်းသားများ တတ်မြောက်သွားကြောင်း ပြသမှုပါဝင်သည်။ ထို့ကြောင့် သင်က သင်ယူမှု ရလဒ်များကို ကိုယ်စားပြုသည့် စက်ဝိုင်းနှင့် အောင်မြင်မှုပုံစံများကို ကိုယ်စားပြု သည့် စက်ဝိုင်းနှစ်ခု (၂) ခုတို့ ထပ်သည့်နေရာတွင် "ကျောင်းသားကသင်ယူထားပြီးကြောင်း တတ်မြောက်မှုပြသခြင်း" ရေးသားရမည်။
သင်ခန်းစာ၏ရည်ရွယ်ချက်များသည် ဆရာများအတွက်သာ ဖြစ်သောကြောင့် သင်ခန်းစာ၏ ရည်ရွယ်ချက်များကို ကိုယ်စားပြု စက်ဝိုင်းတွင် သင်ယူမှုရလဒ်များနှင့် ဖြစ်စေ၊ အောင်မြင်မှုစံများနှင့်ဖြစ်စေ လုံးဝမထပ်သော အစိတ်အပိုင်းအပေါ်၌ "ဆရာများ အတွက်" ဟု ရေးရမည်။

၃။ အုပ်စုများက ဆွဲသားထားသော ဗင်ပုံများကို အခြားအုပ်စုတစ်ခုနှင့်တွဲ၍ ကျောင်းသား(၆)ဦး အကြား အချင်းချင်းဆွဲသားထားသော ပုံများကို မျှဝေကြရမည်။

၄။ ထို့နောက် ဤ လုပ်ငန်းကို ဆွေးနွေးရန်အတွက် အတန်းကို ပြန်လည်ဖွဲ့စည်းပါ။ သင့်တော်သော တုံ့ပြန်အကြံပြုချက်များကို ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ




**ပုံ ၄.၆။ သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များ နှင့် အောင်မြင်မှုစံများကို ချိတ်ဆက်နေခြင်း**

## သင်ယူမှုလုပ်ငန်း (၅)။ အောင်မြင်မှုစံများကို ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင်ကျောင်းသား(၃)ဦးစီပါဝင်သောအုပ်စုများ (သင်ယူမှုလုပ်ငန်း-၄ အတိုင်း)၊ ၆ဦးပါသော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက် -** သင်ခန်းစာအစီအစဉ်များအတွက် အောင်မြင်မှုစံများ ရေးသားမှုကို လေ့ကျင့်ပေးရန်

၁။ သင်ယူမှုလုပ်ငန်း (၄) ဆောင်ရွက်ခဲ့စဉ်ကအတိုင်း (၃) ဦးစီပါဝင်သောအုပ်စုများနှင့် ဤလုပ်ငန်းကို ဆောင်ရွက်စေမည်။

၂။ ဇယား (၄.၂၇) တွင် အောင်မြင်မှုစံများရေးသားမှုအကြောင်းကို ဖော်ပြထားသည်။ ထိုဇယား သင်ခန်းစာ၏ရည်ရွယ်ချက်များနှင့် သင်ယူမှုရလဒ်များ အကြောင်းကို ဖတ်ရှုလေ့လာရန် အုပ်စုများအားညွှန်ကြားပါ။ ထို့နောက်သင်ယူမှု ရလဒ်တစ်ခုစီအတွက် အောင်မြင်မှုစံများကို တည်ဆောက် ရေးသားပြီး ထိုဇယား မှ အောင်မြင်မှုစံများအတွက် ထည့်သွင်းရေးသားစေရမည်။

၃။ အောင်မြင်မှုစံရေးသားမှုကို အုပ်စုများကဆောင်ရွက်ပြီးသောအခါ အခြားအုပ်စုတစ်ခုမှ ကျောင်းသား (၃) ဦးနှင့်အတူ ရေးသားထားမှုများကို မျှဝေရန်ညွှန်ကြားပါ။ အောင်မြင်မှုစံများကို သူတို့မည်သို့ ရေးသားခဲ့ကြပုံကိုရှင်းလင်းပြစေရမည်။

၄။ ဤသင်ယူမှုလုပ်ငန်းကို ဆွေးနွေးရန်အတွက် အတန်းကို ပြန်လည်ဖွဲ့စည်းပါ။ သင်ယူမှုရလဒ် တစ်ခုစီအတွက် ရေးထားသော သင်ယူမှုစံများကို မျှဝေရန် ဆန္ဒရှိသော ကျောင်းသားများကို ဖိတ်ခေါ်ပါ။ တုံ့ပြန်အကြံပြုချက်များ ပေးပါ။ ကျောင်းသားများထံမှ တုံ့ပြန်အကြံပြုချက်များ ပေးရန် ဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးခြားနားလိမ့်မည်။ သို့ရာတွင် ရေးထားသော အောင်မြင်မှုစံများ သည် သင်ယူမှုရလဒ်များထက် ပိုမို၍ အသေးစိတ်ဖော်ပြရမည်။ ဥပမာအားဖြင့် ပထမသင်ယူမှု ရလဒ် က "ဂီတသင်္ကေတများကို ဖတ်တတ်ပြီး ရွက်ဆိုတတ်မည်" ဆိုလျှင် အောင်မြင်မှုစံသည် "ဂီတအစိတ်အပိုင်းတစ်ခုထဲတွင် သင်္ကေတက E,G,B,D နှင့် F အမည်မှည့်ခေါ်နိုင်သည်" ဟုဖြစ်ရ မည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား အောက်ပါတို့အကြောင်းကိုဖော်ပြရန်ညွှန်ကြားပါ။
- သင်ခန်းစာ၏ရည်ရွယ်ချက်များ (Lesson Objectives)
- သင်ယူမှုရလဒ်များ (Learning Outcomes)
- အောင်မြင်မှုစံများ (Criterias for Success)

၂။ ကျောင်းသားများအား အောက်ပါတစ်ခုစီတို့၏ ဥပမာတစ်ခုစီကိုပေးရန် ဆရာ ကပြောပါ။
- သင်ခန်းစာ၏ ရည်ရွယ်ချက်များ
- သင်ယူမှုရလဒ်များ
- အောင်မြင်မှုစံများ

၃။ ရရှိသွားမည့် တတ်ကျွမ်းမှုများကိုပြန်လည်ဆန်းစစ်ပါ။
(က)(၄.၁.၁)အဆင့်အလိုက်၊ အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ကြားသော အလယ်တန်း သင်ရိုးညွှန်းတမ်း သင်ယူမှု၏ အဓိကအသိသညာများ၊ အကြောင်းအရာများ၊ သင်ယူမှု ဦးတည်ချက်များနှင့် သင်ယူမှုရလဒ်များကို ဖော်ပြသည်။

(ခ) (၂.၁.၂)သင်ခန်းစာများပြင်ဆင်ရန် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိလာသော သတင်းအချက် အလက်များကို အသုံးပြုသည်။

၄။ သင်ယူမှုရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။

- သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ အချင်းချင်း အကြား တစ်ခုနှင့်တစ်ခုခြားနားပုံကို ခွဲခြားသိမြင်လာမည်။
- သင်ယူမှုရလဒ်များကို ဘလွန်း၏သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း(Bloom's taxonomy)အသုံးပြု၍ ခွဲခြမ်းစိတ်ဖြာ လေ့လာတတ်မည်။
- သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို ရေးသားတတ်မည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

**မေးခွန်း ၁။** သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများအကြား ခြားနားမှုကို ဖော်ပြပါ။

**အဖြေ။** *သင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာတစ်ခုသင်ကြားနေစဉ် ဆရာကရရှိရန် မျှော်မှန်းထားသည်တို့ဖြစ်ကြသည်။ သင်ယူမှုရလဒ်များသည် သင်ခန်းစာအဆုံး၌ ကျောင်းသားများသည် မည်သည်တို့ကိုလုပ်ဆောင်တတ်မည်ဟု မျှော်မှန်းထားသည့် အရာများ ဖြစ်ကြသည်။ အောင်မြင်မှုစံများသည် ကျောင်းသားများက သင်ယူမှုရလဒ်များ ရရှိသွားကြောင်းကို အတည်ပြုနိုင်ရန်အတွက် ပြသနိုင်လာမည် ဖြစ်သည့် သတ်မှတ်ထားသော အပြုအမူများ ဖြစ်ကြသည်။*

**မေးခွန်း ၂။** သင်ယူမှုရလဒ်များနှင့် ဘာလွှန်းသင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်း တို့အကြား ဆက်သွယ်မှုတို့ကိုဖော်ပြပါ။

**အဖြေ။** *သင်ယူမှုရလဒ်များကို ဘာလွှန်း၏သင်ယူမှုနယ်ပယ်များကို ခွဲခြားသတ်မှတ် ခြင်းအရ အဆင့်အသီးသီးတို့တွင်ရေးသားသင့်သည်။ သို့မှသာ အဆင့်မြင့်တွေးခေါ် နိုင်မှုကို အားပေးနိုင်မည် ဖြစ်သည်။*

**မေးခွန်း ၃။** အောင်မြင်မှုစံများ၏ အကျိုးကျေးဇူးများမှာ မည်သည်တို့ဖြစ်သနည်း။

**အဖြေ။** *အောင်မြင်မှုစံများက သင်ယူမှုရလဒ်များကို ပေါက်မြောက်အောင်မြင်မှု ရှိ/မရှိ သတ်မှတ်ဖော်ထုတ်ရာတွင် ဆရာများနှင့်ကျောင်းသားများကို အထောက်အကူပြုပေးသည်။*

# ၄.၅။ ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ သင်ကြား သင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ

သင်ခန်းစာအစီအစဉ် ရေးဆွဲမှုတစ်ခုတွင် ပါဝင်နေသည့်အစီအစဉ်များအတိုင်း ကျွန်ုပ်တို့ ဆောင်ရွက်ခဲ့ကြသည်။ ထိုအစီအစဉ်အရ ကျွန်ုပ်တို့ နောက်ထပ်ဖြတ်သန်းဆောင်ရွက်ရမည့် အဆင့်မှာ ချဉ်းကပ်သင်ကြားနည်း အမျိုးအစား (Teaching approach) ရွေးချယ်ခြင်း အဆင့်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ယခုသင်ကြားမည့် သင်ခန်းစာကို ချဉ်းကပ်ရာတွင် ဆရာဗဟိုပြုချဉ်းကပ်မှုကို အသုံးပြုမည်လား (သို့မဟုတ်) ကျောင်းသားဗဟိုပြုချဉ်းကပ်မှုကို ရွေးချယ်မည်လား (သို့မဟုတ်) ချဉ်းကပ်မှု နှစ်မျိုးလုံးကို အသုံးပြုမည်လားဟု ဆုံးဖြတ်ရမည်ဖြစ်ပါသည်။

ချဉ်းကပ်မှုတစ်မျိုးကို အသုံးပြုမည်ဟုဆုံးဖြတ်ပြီးလျှင် ကျောင်းသားများသည် အောက်ပါအချက်များကို လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

- သင်ကြားသင်ယူမှုနည်းဗျူဟာများ (ဥပမာ - စူးစမ်းလေ့လာမှုအခြေပြု နည်းဗျူဟာများ (သို့မဟုတ်) ပြဿနာအခြေပြုနည်းဗျူဟာများ)
- သင်ကြားသင်ယူမှုနည်းလမ်းများ နှင့်နည်းစနစ်များ (ဥပမာ- အုပ်စုလုပ်ငန်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (သို့မဟုတ်) ဆရာဦးဆောင်မှုဖြင့်သင်ကြားနည်း စသည်များ)
- သင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့်ရင်းမြစ်များ

# ၄.၅.၁။ ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ

## မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- အခြေခံပညာ အလယ်တန်းဆင့် သင်ရိုးညွှန်းတမ်းထဲမှ သက်ဆိုင်ရာဘာသာရပ်များနှင့် ဆီလျော်သော ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များကို ရှင်းပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှု လိုအပ်ချက်ရှိသော သင်ယူသူများ အပါအဝင်နောက်ခံအကြောင်းအရာအမျိုးမျိုး (ကျား/မ တိုင်းရင်းသားမျိုးနွယ်စု ယဉ်ကျေးမှု) နှင့်စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၁.၂.၂) ကျောင်းသားများ၏ ရှိပြီးအသိပညာ အတွေ့အကြုံများကို အယူအဆသစ်များနှင့် ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိ အလေးထားပြီး ရှေ့နောက်အစီအစဉ် တကျဆောင် ရွက်ထားသည့် သင်ယူမှုလုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၂.၁.၂) ကျောင်းသားများ၏ သင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံး စာအုပ်များတွင် ဖော်ပြထားသည့်သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု

အထောက်အကူ ပစ္စည်းများနှင့်ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - အပေါင်းအနုတ်စိတ်ဝင်စားဖွယ် ဆရာဗဟိုပြုနှင့် ကျောင်းသား ဗဟိုပြု ချဉ်းကပ်မှုများ

သင်ယူမှုလုပ်ငန်း (၂) - ပေါင်းစပ်ချဉ်းကပ်မှုကို သရုပ်ဆောင်သင်ကြားသင်ယူခြင်း

သင်ယူမှုလုပ်ငန်း (၃) - လက်တွေ့လုပ်ငန်းခွင်တွင် အသုံးပြုနေသော သင်ကြားသင်ယူမှုနည်းဗျူဟာများ

သင်ယူမှုလုပ်ငန်း (၄) - ထပ်ဆောင်း သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များကို တင်ပြခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှု -** ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၄.၅.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - ကျောင်းသားကိုင်စာအုပ်မှ ဇယား (၄.၂၈) PMI ဆရာဗဟိုပြုနှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများ၊ သင်ပုန်းဖြူနှင့် သင်ပုန်းပေါ်ခွဲရေးရန် မာကာများ (သို့မဟုတ်) ပိုစတာ စာရွက်ချပ်ကြီး (၂) ခုနှင့် ရောင်စုံမာကာများ၊ ဆရာဗဟိုပြုနှင့် ကျောင်းသားဗဟိုပြု ချဉ်းကပ်မှုများအတွက် PMI ပုံများ

သင်ယူမှုလုပ်ငန်း (၂) - ကလေးကစားစရာ ရွှံ့လုံး၊ တိပ်ကြိုး၊ ရာဘာလုံး (ဖြစ်နိုင်လျှင်) မဖြစ်နိုင်လျှင် ကျောင်းသားများက လုပ်ဆောင်မှုကို ခြေဟန် လက်ဟန်

ဖြင့်ပြသရမည်။ A4 အရွယ်အစား စာရွက် (၃) ရွက် တစ်ရွက်စီ၌ အောက်ပါတို့ ရေးထားသည်။

ဆရာဗဟိုပြုချဉ်းကပ်မှု (Teacher-Centred Approach)

ကျောင်းသားဗဟိုပြုချဉ်းကပ်မှု (Student-Centred Approach)

ပေါင်းစပ်ချဉ်းကပ်မှု (Combination Approach)

သင်ယူမှုလုပ်ငန်း (၃) - ရောင်စုံမာကာများ၊ တိပ်ကြိုး၊ ဇယား (၄.၂၉) ၊ ပိုစတာ စာရွက် (၁၀) ရွက်၊ တစ်ရွက်စီပေါ်၏ ထိပ်ပိုင်းတွင် အောက်ပါခေါင်းစဉ် တစ်ခုစီ ကို ရေးထားသည်။

- စူးစမ်းလေ့လာမှုအခြေပြုသင်ယူခြင်း
- ပြဿနာအခြေပြုသင်ယူခြင်း
- စီမံချက်အခြေပြုသင်ယူခြင်း
- ပူးပေါင်းဆောင်ရွက်/ပူးပေါင်းပါဝင်လုပ်ဆောင် သင်ယူခြင်း
- လုပ်ဆောင်မှုဖြင့် သင်ယူခြင်း
- ကြိုတင်လေ့လာ ပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်
- ကိုယ်ခန္ဓာလှုပ်ရှားမှုဖြင့် သင်ယူခြင်း
- လေ့လာရေးခရီးထွက်၍ သင်ယူခြင်း
- ကစားနည်းအခြေပြုသင်ယူခြင်း
- တစ်ဦးစီ၏ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်သင်ယူခြင်း

သင်ယူမှုလုပ်ငန်း(၄) - ဇယား (၄.၃၀) ၊ စက္ကူချပ်ကြီးနှင့် ပုံဆွဲရန် ကိရိယာတန်ဆာ ပလာများ

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ကြားမည့် သင်ခန်းစာတစ်ခု၏ အမည် (သို့မဟုတ်) အကြောင်းအရာ/ခေါင်းစဉ် သင်ခန်းစာ၏ ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို သေချာစွာ သတ်မှတ်ဆုံးဖြတ်ပြီးသွားသည့်အခါ ဒုတိယနှစ် သင်တန်းသင်ခန်းစာ အစီအစဉ် ပုံစံအရ ကျောင်းသားများသည် အောက်ပါတို့ကို သတ်မှတ်ရန် လိုအပ်လာမည်ဖြစ်သည်။

- **ချဉ်းကပ်သင်ကြားနည်း** - သင်ခန်းစာတစ်ခုကို သင်ကြားနေစဉ် အသုံးပြုရမည့် ချဉ်းကပ်မှု ဖြစ်သည်။ ဤချဉ်းကပ်မှုသည် ဆရာဗဟိုပြုချဉ်းကပ်မှု (သို့မဟုတ်) ကျောင်းသားဗဟိုပြု ချဉ်းကပ်မှု (သို့မဟုတ်) နှစ်မျိုးစလုံး ပေါင်းစပ်နေသော ချဉ်းကပ်မှုလည်းဖြစ်နိုင်သည်။
- **သင်ကြားသင်ယူမှုနည်းဗျူဟာများ** - သင်ခန်းစာသင်ကြားရန်အတွက် ရွေးချယ်ထားပြီး သင် အသုံးပြုနေသော ချဉ်းကပ်မှုနှင့် ဆီလျော်ကိုက်ညီသည့် နည်းဗျူဟာများ ဖြစ်ကြသည်။ ထိုနည်းဗျူဟာများတွင် စူးစမ်းလေ့လာမှုအခြေပြု သင်ယူခြင်းနှင့် ဆရာ ညွှန်ကြားမှုဖြင့် သင်ယူခြင်းတို့ပါဝင်ကြသည်။
- **သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ** - သင်အသုံးပြုနေသော နည်းဗျူဟာများအတွင်း ဤ နည်းလမ်းများ၊ နည်းစနစ်များကို သုံးရမည် ဖြစ်သည်။ ဤ နည်းလမ်းများသည် ကျွမ်းကျင်မှုအတွက် သုံးသော အထူးနည်းစနစ်များ၊ ဥပမာ ဉာဏ်ဖွင့် ဆွေးနွေးခြင်းနှင့် မေးခွန်းမေးခြင်းတို့ဖြစ်ကြသည်။

၂။ ဤသင်ခန်းစာက ဒုတိယနှစ်သင်တန်းမှ စတုတ္ထနှစ်သင်တန်းကာလအတွင်း ဤဝေါဟာရများကို ကျွန်ုပ်တို့မည်သို့ အသုံးပြုနေကြကြောင်းကို ရှင်းလင်းပြမည်

ဖြစ်သည်။ ချဉ်းကပ်သင်ကြားနည်းများနှင့် စတင်မည်။

၃။ သင်ကြားမှုနှင့် သင်ယူမှုအတွက် အဓိကကျသော ချဉ်းကပ်မှု (၂) ခုရှိသည်။

**ဆရာဗဟိုပြုချဉ်းကပ်မှု** - ဆရာသည်အထူးကျွမ်းကျင်သူဖြစ်ပြီး အသိပညာကို ကျောင်းသားများထံသို့လက်ဆင့်ကမ်းဖြန့်ဝေပေးသည်။

**ကျောင်းသားဗဟိုပြုချဉ်းကပ်မှု** - ကျောင်းသားများသည် သူတို့၏သင်ယူမှုကို တက်ကြွစွာ စိတ်ပါဝင်စားစွာ တည်ဆောက်တတ်ကြသူများဖြစ်သည်။

ထိုချဉ်းကပ်မှု (၂) ခုကို ပေါင်းစပ်ကာ သင်ခန်းစာတစ်ခုတည်း၌ အသုံးပြုနိုင်သော ပေါင်းစပ်ချဉ်းကပ်မှု လည်းရှိနိုင်သည်။

**သင်ယူမှုလုပ်ငန်း (၁)။အပေါင်းအနုတ် စိတ်ဝင်စားဖွယ် (Plus-Minus-interesting) ဆရာဗဟိုပြုနှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများ**

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၄) ဦးစီပါဝင်သောကျောင်းသားအုပ်စုများ၊ (၈) ဦးစီပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဆရာဗဟိုပြုချဉ်းကပ်မှုနှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများအား သုံးသပ်တတ်စေရန်

၁။ အတန်းကို အုပ်စုတစ်စုလျှင် ကျောင်းသား (၄) ဦးစီပါဝင်သော ကျောင်းသားအုပ်စုငယ်များ အဖြစ်သို့ ခွဲခြားပါ။ အုပ်စုများအား အောက်ပါတို့နှင့်ပတ်သက်သည့် အကျိုးကျေးဇူးများနှင့် အားနည်းချက်များကို ရှာဖွေရန်အတွက် ဉာဏ်ဖွင့်ဆွေးနွေးစေရမည်။

- ဆရာဗဟိုပြုချဉ်းကပ်မှုများ
- ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများ

၂။ ၎င်းတို့ ဉာဏ်ဖွင့်ဆွေးနွေးပြီးသောအခါ ရရှိလာသော စိတ်ကူးစိတ်သန်းများကို ကျောင်းသားကိုင်စာအုပ်ပါ ဇယား (၄.၂၈) ဆရာဗဟိုပြုနှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများကို ဖော်ပြသည့် ဇယားထဲတွင် ထည့်သွင်းရေးသားရမည် ဖြစ်သည်။

၃။ ဤလုပ်ငန်းကို ဆွေးနွေးရန်အတန်းကို ပြန်လည်ဖွဲ့စည်းပေးပါ။ ကျောင်းသားများပြောသည့်အရာများကို မှတ်တမ်းတင်ပေးရန်ဆန္ဒရှိသော ကျောင်းသားတစ်ဦးကို ဖိတ်ခေါ်ပြီး သင်ပုန်းပေါ်၌ဖြစ်စေ၊ ပိုစတာပေါ်တွင်ဖြစ်စေ (အတန်းရှေ့တွင် ရှိသည်) မှတ်တမ်းရေးခိုင်းပါ။ သို့မှသာ ဆရာကဆွေးနွေးမှုကို ဦးဆောင်နိုင်မည်။

၄။ ဆရာဗဟိုပြု ချဉ်းကပ်မှုများကိုစတင်ဆွေးနွေးပါ။ ကျောင်းသားများအား ဆရာဗဟိုပြုချဉ်းကပ်မှုများ၏ အပေါင်းလက္ခဏာဆောင်မှု/အကျိုးကျေးဇူးများရှိမှု များကိုမေးပါ၊ ထိုအကျိုးကျေးဇူးများကို မှတ်တမ်းတင်သူကျောင်းသားက သင်ပုန်းပေါ်၌ဖြစ်စေ၊ ပိုစတာစာရွက်ပေါ်၌ ဖြစ်စေ၊ အပေါင်းလက္ခဏာဟု ပြထားသောအပိုင်း၌ ထည့်သွင်းရေးသားရမည်။ ထိုနည်းတူပင် အနုတ်လက္ခဏာ သဘောဆောင်သော (သို့မဟုတ်) အားနည်းချက်များနှင့် စိတ်ဝင်စားဖွယ် ကောင်းသောအချက်များကိုလည်း မှတ်တမ်းတင်စေရမည်။ ထို့နောက်ဖြည့်သွင်း ရေးသားထားသော ဆရာဗဟိုပြုချဉ်းကပ်မှုများအတွက် PMI ဇယားကွက်ကို တစ်တန်းလုံးနှင့်အတူ ပြန်လည်ဆန်းစစ်ပြီးနောက် ထိုချဉ်းကပ်မှုများ၏ အားသာချက်များ၊ အားနည်းချက်များ နှင့် စိတ်ဝင်စားဖွယ် အချက်များတို့ကို အနှစ်ချုပ်ဖော်ပြပါ။

၅။ ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများကို အထက်ပါ အဆင့် (၄) အတိုင်းဆောင်ရွက်ပါ။

၆။ ဆရာဗဟိုပြုချဉ်းကပ်မှုများနှင့်ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများနှစ်မျိုးစလုံးကို ဆရာကပြန်လည် ဆန်းစစ်ပြီးသောအခါ မည်သည့်ချဉ်းကပ်မှုက ပိုမိုကောင်းမွန်သနည်းဟု ကျောင်းသားများကို မေးမြန်းပါ။ ဤအချက်အတွက် ဆွေးနွေးမှုအများအပြား ပေါ်ထွက်လာမည်။ သဘောထား ကွဲလွဲမှုများလည်း ရှိလာနိုင်သည်။

၇။ ဤမေးခွန်းကို တစ်တန်းလုံးစဉ်းစားရန်တင်ပြပါ။ “သင်ခန်းစာတစ်ခုအတွင်း ဆရာဗဟိုပြုချဉ်းကပ်မှုနှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်မှု (၂) မျိုးစလုံးကို ပေါင်းစပ်အသုံးပြုလျှင် မည်သို့ ဖြစ်နိုင်မည်နည်း။”

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်း၊ မေးခွန်းမေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများ၏ အဖြေများသည်အမျိုးမျိုးကွဲခြားကြမည်။ ၎င်းတို့ရရှိလာမည့် အတွေးအမြင်များတွင် ချဉ်းကပ်မှုနှစ်မျိုးစလုံးအတွက်အားသာချက်ရော အားနည်းချက်ပါ ပါဝင်စေသင့်သည်။ ကျောင်းသားအများစုက ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများသည် အကောင်းဆုံးဖြစ်ကြသည်ဟု ပြောကောင်းပြောနိုင်ပါသည်။အကယ်၍ အတန်းက အကြံမပြု ခဲ့သော် သူတို့အား ဆရာဗဟိုပြုနှင့် ကျောင်းသားဗဟိုပြုနှစ်မျိုးစလုံးကို ပေါင်းစပ်အသုံးပြုလျှင် မည်သို့ရှိမည်ကို မေးမြန်းပါ။ သင်ခန်းစာအများစုအတွက် နှစ်မျိုးရောနှော ပေါင်းစပ်ထားသော ချဉ်းကပ်မှုသည် ကောင်းမွန်ဆီလျော်နိုင်ခြင်းရှိ/မရှိ ကိုမေးမြန်းပါ။

## သင်ယူမှုလုပ်ငန်း (၂)။ ပေါင်းစပ်ချဉ်းကပ်မှုကို သရုပ်ဆောင်သင်ကြားသင်ယူခြင်း

| | |
|---|---|
| **အချိန်** | (၂၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီ ပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက် -** ကျောင်းသားဗဟိုပြုချဉ်းကပ်မှုနှင့် ဆရာဗဟိုပြုချဉ်းကပ်မှုအမျိုးအစားနှစ်ခုတို့ကို စမ်းသပ်ပေါင်းစပ် ဆောင်ရွက်တတ်စေရန်

၁။ စာသင်ခန်းနံရံ (၃) ဖက်ပေါ်၌ အမှတ်အသား (၃) ခုကို တင်ပြထားပါ။

ဆရာဗဟိုပြုချဉ်းကပ်မှု

ကျောင်းသားဗဟိုပြုချဉ်းကပ်မှု

ပေါင်းစပ်ချဉ်းကပ်မှု

၂။ အတန်းကိုကျောင်းသား (၆) ဦးစီပါဝင်သော အုပ်စုငယ်များအဖြစ်သို့ ခွဲခြား ပေးပါ။ အခြေအနေပေးပါက အုပ်စုတစ်ခုစီကို ကလေးကစားစရာဘောလုံးများကဲ့သို့သော ပစ္စည်း (သို့မဟုတ်) ကစားစရာ ဂျုံနယ်လုံးတစ်ခုစီ ပေးထားပြီး အိုးငယ်တစ်လုံးကို ပြုလုပ်စေရမည်။

၃။ အုပ်စုများအား ရွှံ့အိုးငယ်များ ပြုလုပ်မှုအကြောင်း လက်တွေ့လုပ်ဆောင်မှုသင်ခန်းစာကို ဆရာဗဟိုပြု ချဉ်းကပ်မှုသုံးခြင်းနှင့်ကျောင်းသားဗဟိုပြုချဉ်းကပ်မှုသုံးခြင်းနှင့်သင်ကြားပုံတို့ကို ပြသထားသည်။ ဥပမာကိုပြန်လည်ဖတ်ရှုလေ့လာစေရမည်။ ဖတ်ရှုလေ့လာပြီးသောအခါ ကျောင်းသားများက ရွှံ့အိုးငယ် (အိုးပုတ်) များ ပြုလုပ်ခြင်းသင်ခန်းစာကို ဆရာဗဟိုပြုနှင့် ကျောင်းသားဗဟိုပြု ချဉ်းကပ်မှု (၂) မျိုးစလုံး ပေါင်းစပ် ချဉ်းကပ်မှုကို အသုံးပြုကာ မည်သို့ သင်ကြားပေးနိုင်ကြောင်း ကို ဆွေးနွေးကြရမည်။

၄။ သူတို့ဆွေးနွေးမှုမှရလာသော စိတ်ကူးများကို လက်တွေ့လုပ်ဆောင်နိုင်စေရန် အုပ်စုများ အား ရွှံ့အိုးငယ်များ ပြုလုပ်ပုံသင်ခန်းစာကို (၂) မိနစ်စာ သရုပ်ဆောင်သင်ယူမှုတစ်ခုအဖြစ်ပုံစံချ တည်ဆောက်ကာ လေ့ကျင့်ပေးရမည်။ ၎င်းတို့၏ သရုပ်ဆောင်သင်ယူမှု၌ ပေါင်းစပ်ချဉ်းကပ်မှုကို စမ်းသပ် အသုံးပြုကြရမည်။ ကျောင်းသားတစ်ဦးက ဆရာအဖြစ် သရုပ်ဆောင်ကာ ကျန် (၅) ဦးက ကျောင်းသားများအဖြစ် သရုပ်ဆောင်ရမည် ဖြစ်ပါသည်။

၅။ အုပ်စုများအတွင်း၌ သရုပ်ဆောင်ပြကွက်များကို ဖန်တီးတည်ဆောက်ပြီးသောအခါ ဆရာကအတန်းကို ပြန်လည်ဖွဲ့စည်းပေးမည်။ အုပ်စုတစ်စုစီအားတစ်လှည့်စီခေါ်၍ သူတို့၏ သရုပ်ဆောင်မှုကို ပြသစေရမည်။ ထို့နောက် သူတို့သည် ပေါင်းစပ်ချဉ်းကပ်မှုကို မည်သို့ အသုံးပြုထားကြောင်း တစ်တန်းလုံးနှင့် ဆွေးနွေးပါ၊

၆။ အတန်းအားမေးခွန်းများမေးပါ။ “ပေါင်းစပ်ချဉ်းကပ်မှု၏ အကျိုးကျေးဇူးများမှာ မည်သည်တို့နည်း” “ပေါင်းစပ်ချဉ်းကပ်မှု၏ (အားနည်း ချက်) များမှာ မည်သည်တို့နည်း” ဟုမေးပါ။

၇။ နံရံပေါ်မှ အမှတ်အသား (၃) ခုကို ဆရာက ညွှန်ပြပြီး ကျောင်းသားများအား မိမိကို ပိုမိုနှစ်သက်သည်။ ချဉ်းကပ်မှုရှိသည့်နေရာသို့သွားကြရန် ဆရာကပြောပါ။ ကျောင်းသားများက သူတို့ကြိုက်နှစ်သက်ရာ ချဉ်းကပ်မှုကိုဆုံးဖြတ်ပြီး သက်ဆိုင်ရာ အမှတ်အသားကပ်ထားသော နံရံများဆီသို့ သွားကြရသည်။ ထိုသို့အသီးသီး၌

ထွက်သွားကြသည်ဟု အုပ်စုအသီးသီးတို့ကား ထိုချဉ်းကပ်မှုကို အဘယ်ကြောင့် ရွေးချယ်ရသနည်းဟုဆရာက မေးမြန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း၊ မေးခွန်းများမေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အပြောင်းအလဲအမျိုးမျိုးရှိလိမ့်မည်။ ပေါင်းစပ်ချဉ်းကပ်မှုက ဆရာဗဟိုပြု နှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်မှုနှစ်ခုစလုံး၏ အသွင်အပြင်လက္ခဏာများကို ပီပြင်ရှင်းလင်းစွာ ပြသလိမ့်မည်။ ကျောင်းသားအများစုက ပေါင်းစပ်ချဉ်းကပ်မှုကို ပိုမိုနှစ်သက်ကြလိမ့်မည်ဟု ကြိုတင်ခန့်မှန်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပေါင်းစပ်ချဉ်းကပ်မှုက နက်ရှိုင်းသော သင်ယူမှုအတွေ့အကြုံကိုရရှိစေသောကြောင့်ဖြစ်သည်။

**စာသင်ချိန် (၂)**

## သင်ယူမှုလုပ်ငန်း (၃)။ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးပြုနေသော သင်ကြားသင်ယူမှုနည်းဗျူဟာများ

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ကြားသင်ယူမှုနည်းဗျူဟာ (၁၀) မျိုးတို့၏ ဥပမာများကို ပေးတတ်စေရန်

၁။ အတန်းကို အုပ်စု (၁၀) ခုအဖြစ်ခွဲခြားပါ။ အုပ်စုတစ်ခုစီအား သင်ကြားသင်ယူမှုနည်းဗျူဟာ တစ်ခုစီ ရေးသားရန်အတွက် ပိုစတာ စာရွက်တစ်ရွက်စီကို ထိပ်မှ

နည်းဗျူဟာ အမည် တစ်ခုတပ်လျက် ပေးဝေထားပါ။ ရောင်စုံမာကာများလည်း ပေးထားပါ။

၂။ နည်းဗျူဟာများမှာ

- စူးစမ်းလေ့လာမှုအခြေပြုသင်ယူခြင်း
- ပြဿနာအခြေပြုသင်ယူခြင်း
- စီမံချက်အခြေပြုသင်ယူခြင်း
- ပူးပေါင်းဆောင်ရွက်/ပူးပေါင်းပါဝင်လုပ်ဆောင် သင်ယူခြင်း
- လုပ်ဆောင်မှုဖြင့် သင်ယူခြင်း
- ကြိုတင်လေ့လာ ပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ်
- ကိုယ်ခန္ဓာလှုပ်ရှားမှုဖြင့် သင်ယူခြင်း
- လေ့လာရေးခရီးထွက်၍ သင်ယူခြင်း
- ကစားနည်းအခြေပြုသင်ယူခြင်း
- တစ်ဦးစီ၏လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်သင်ယူခြင်း

၃။ နည်းဗျူဟာ (Strategy) ၏ အဓိပ္ပာယ်ကို ကိုယ်ပိုင် စကားလုံးများ အသုံးပြု၍ အဓိပ္ပာယ် ဖွင့်ဆိုချက်ရေးရန် အုပ်စုများကို ညွှန်ကြားပါ (မူလအဓိပ္ပာယ် မပျက်ပြားစေဘဲ စာသားများပြုပြင် ရေးသားခြင်း)။ ထို့နောက် သူတို့အုပ်စုမှ ရရှိထားသော နည်းဗျူဟာတစ်ခုကို အသုံးပြု၍ ကျောင်းသားကိုင်စာအုပ်ထဲမှ ဆဋ္ဌမတန်းသမိုင်း ဘာသာရပ် သင်ခန်းစာတစ်ခုကို ဖြစ်စေ၊ အခြေခံပညာ သင်ရိုးညွှန်တမ်း ဆဋ္ဌမတန်းအတွက် ပြဋ္ဌာန်းချက် သင်ခန်းစာအခြားတစ်ခုခုကိုဖြစ်စေ၊ သင်ကြားနိုင်စေရန်အတွက် သင်ယူမှုလုပ်ငန်းတစ်ခုကို ပုံစံချရေးသားစေရမည်။

၄။ ကျောင်းသားအုပ်စုများက နည်းဗျူဟာကို ၎င်းတို့ ကိုယ်ပိုင် စကားလုံးများ အသုံးပြုပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်ရေးသားခြင်းနှင့် ၎င်းတို့ရရှိထားသော နည်းဗျူဟာကိုအသုံးပြုပြီး ဆဋ္ဌမတန်း သမိုင်း သင်ခန်းစာတစ်ခု (သို့မဟုတ်) အခြားပြဋ္ဌာန်းချက်သင်ခန်းစာတစ်ခုကို သင်ကြားရာတွင် သုံးစွဲနိုင်မည့် သင်ယူမှု လုပ်ငန်းတစ်ခုကို ပုံစံချ ရေးဆွဲခြင်းကို ပြီးစီးသောအခါ သူတို့၏ ပိုစတာများကို စာသင်ခန်းနံရံများပေါ်၌ ချိတ်ဆွဲပြသစေရမည်။

၅။ ပိုစတာတစ်ခုစီဆီသို့ ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်းကို ဆရာက ဦးဆောင်ရမည်။ အုပ်စုများကို သူတို့ရေးသားသော အဓိပ္ပာယ်သတ်မှတ်ချက်များကို ဖတ်ပြရန်နှင့် သူတို့ဆောင်ရွက်ထားသောလုပ်ငန်းကို တင်ပြရန်ပြောပါ။ လိုအပ်

သလို တုံ့ပြန်အကြံပြုချက်များ ပေးပါ။ ဥပမာအားဖြင့် သင်ယူမှုလုပ်ငန်းတစ်ခု သည် သင်ကြားသင်ယူမှု နည်းဗျူဟာနှင့် ကိုက်ညီမှုမရှိခဲ့လျှင် ထိုလုပ်ငန်းကို နည်းဗျူဟာနှင့် ကိုက်ညီအောင် မည်သို့ပြောင်းလဲနိုင်သည်ကို ပြသပေးပါ။

ကျောင်းသားများအတွက် ကျောင်းသားကိုင်စာအုပ် ဇယား (၄.၂၉) တွင် သင်ကြားသင်ယူမှုနည်းဗျူဟာများ၏ ဥပမာများကို ဖော်ပြထားသည်။ ၎င်းဇယား ထဲမှ သင်ယူမှုလုပ်ငန်း တစ်ခုစီအကြောင်းကို မှတ်စုရေးသားရန်အတွက် အတန်း ကို အားပေးတိုက်တွန်းပါ။

၆။ အုပ်စုတစ်စုစီမှ သူတို့ရေးသားထားသော ပိုစတာများအကြောင်း ရှင်းလင်းပြပြီး သောအခါ ဆရာက ကျောင်းသားများအား ထိုနည်းဗျူဟာ အသုံးပြုနိုင်မည့် အခြားသင်ယူမှုလုပ်ငန်းများကို ၎င်းတို့ စဉ်းစားကြံဆ၍ ရနိုင်ခြင်းရှိ/မရှိကို မေး ပါ။ စဉ်းစား၍ ရထားသော ကျောင်းသားများ ရှိပါက ၎င်းသင်ယူမှုလုပ်ငန်းများ ကို သက်ဆိုင်ရာ သင်ကြားသင်ယူမှုနည်းဗျူဟာပြ ပိုစတာထဲသို့ ထည့်သွင်း ရေးသားပြသရန် အားပေးတိုက်တွန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

သင်ကြားသင်ယူမှုနည်းဗျူဟာများအတွက် အုပ်စုများက ပေးထားသောအဓိပ္ပာယ် ဖွင့်ဆိုချက် များသည် ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် နီးစပ်စွာ ထင်ဟပ်မှုရှိသင့်သည်။

ဥပမာများသည်လည်း အမျိုးမျိုးအပြောင်းအလဲရှိသည်။ သို့ရာတွင် သူတို့ပေးသော ဥပမာ များသည် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထင်ဟပ်စေပြီး အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ယူ သူများ (ဆဋ္ဌမတန်းကျောင်းသားများ)အတွက် လက်တွေ့အသုံးချနိုင်မှုလည်းရှိစေရပါမည်။

ဖြစ်နိုင်ခြေရှိသောဥပမာများမှာ -

- စူးစမ်းလေ့လာမှု အခြေပြုသင်ယူခြင်း - အုပ်စုငယ်များဖွဲ့စည်းစေပြီး ရှေးခေတ်မြန်မာနိုင်ငံရှိ မြန်မာမြို့ပြနိုင်ငံများ (city-states) ၏ အမည်များကို ရှာဖွေစေခြင်း (ဥပမာ - ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော၊ သုဝဏ္ဏဘူမိနှင့် ဝေသာလီ ရှာဖွေပြီးနောက် ၎င်းတို့သည် မည်သည့်နေရာများ၌ တည်ရှိကြောင်း စူးစမ်း လေ့လာစေရမည်။
- ပြဿနာအခြေပြုသင်ယူခြင်း - ကျောင်းသားအုပ်စုငယ်လေးများအား မြို့ပြနိုင်ငံများ တည်ဆောက်ခဲ့ရာတွင် မည်သို့တည်ဆောက်ခဲ့ပုံကို သုတေသနပြုစေနိုင်သည်။ (အသုံးပြု သော ဆောက်လုပ်ရေးပစ္စည်းများ၊ လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများ)
- စီမံချက်အခြေပြုသင်ယူခြင်း - အုပ်စုငယ်များအား ရှေးခေတ်မြန်မာနိုင်ငံ၏ မြို့ပြနိုင်ငံငယ်များ၏ မြေပုံများကို ဆွဲသားစေရန် စီမံချက်တစ်ခုပေး၍ ဆောင်ရွက်စေနိုင်သည်။
- ပူးပေါင်းဆောင်ရွက်/ပူးပေါင်းပါဝင်လုပ်ဆောင်မှုဖြင့် သင်ယူခြင်း - အုပ်စုငယ်များကို သတ်မှတ်ထားသော အခန်းကဏ္ဍအလိုက် ကြေးနှင့်သံမှ လက်နက်ပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများ ပြုလုပ်ထုတ်လုပ်ပုံတို့ကို သုတေသနပြုစေမည်။
- လုပ်ဆောင်မှုဖြင့် သင်ယူခြင်း - မြန်မာနိုင်ငံရှေးဟောင်းမြို့ပြနိုင်ငံငယ်တစ်ခုသို့ သွားရောက် လည်ပတ်လေ့လာခြင်းအတွက် အစီအစဉ်တစ်ခုရေးဆွဲစေမည်။
- ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြားသင်ယူမှုဖြစ်စဉ် - ကျောင်းသားများက ကျောင်းသားကိုင်စာအုပ်များကို အနှံ့အစပ်ဖတ်ရှုလေ့လာပြီး အတန်းသို့ လာသည့်အခါတွင် ရှေးခေတ်က မြို့ပြနိုင်ငံငယ်တစ်ခု၏ ပုံစံကို သုံးဖက်မြင် ပုံစံဖြင့် ဖန်တီး တည်ဆောက်စေမည်။
- ကိုယ်ခန္ဓာလှုပ်ရှားမှုဖြင့် သင်ယူခြင်း - ကျောင်းသားများအား ရှေးခေတ် အသုံးအဆောင်ပစ္စည်းများ (လက်နက်ပစ္စည်းများအပါအဝင်) ဖန်တီး ထုတ်လုပ်စေခြင်း၊ ရှေးခေတ်ကကဲ့သို့ကြေးထည်ပစ္စည်း၊ သံထည်ပစ္စည်းများနှင့် အလားတူ ပစ္စည်း အသုံးအဆောင်များကို ထုတ်လုပ်စေခြင်း၊ သို့ရာတွင် ယခုခေတ်သုံးကုန်ကြမ်းပစ္စည်း များကို သာအသုံးပြုနိုင်မည်ဖြစ်သည်။
- လေ့လာရေးခရီးထွက်၍သင်ယူခြင်း - ကျောင်းသားများက ၎င်းတို့ နေထိုင်သည့် ပထဝီဝင်ဒေသအတွင်းရှိ ရှေးဟောင်းနယ်မြေတစ်ခုသို့ သွားရောက်လည်ပတ်ကာ သင်ယူနိုင်သည်။

- ကစားနည်းအခြေပြုသင်ယူခြင်း - ရှေးခေတ်မြို့ပြနိုင်ငံများတည်ဆောက်ခြင်းနှင့် ပတ်သက်သော ကစားနည်းများ (games) နှင့် လုပ်ငန်းများကို အွန်လိုင်းမှ တစ်ဆင့် ပါဝင်ဆောင်ရွက်နိုင် ကြသည်။
- တစ်ဦးစီ၏ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်သင်ယူခြင်း - ကျောင်းသားများက သူတို့ မည်သည်ကို သင်ယူမည်။ မည်သို့သင်ယူမည် နှင့် နားလည် သဘောပေါက်ကြောင်းကို မည်သို့ ပြသမည်ဆိုသည့် အချက်များအား ဆရာနှင့် သဘောတူညီမှုယူကာ ကတိကဝတ်ပြုထားကြသည်။

## သင်ယူမှုလုပ်ငန်း (၄)။ ထပ်ဆောင်း သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များကို တင်ပြခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ကျောင်းသားများ၏ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ ထပ်ဆောင်းလေ့လာစေပြီး နည်းများကိုစုဆောင်းထားတတ်ရန်

၁။ သင်ယူမှုလုပ်ငန်း (၃) ကို ဆောင်ရွက်ခဲ့စဉ်က အုပ်စုများအတိုင်း ဤလုပ်ငန်းကို ဆက်လက် ဆောင်ရွက်နိုင်သည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များကို ဖော်ပြထားသည့် ဇယား (၄.၃၀) ကို ကျောင်းသားများအား ပြန်လည်ကြည့်ရှုလေ့လာစေရမည်။ ဇယား (၄.၃၀) က သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ အမြောက်အမြား တို့ကို စာရင်းပြုစု ဖော်ပြထားသည်။ ထိုဇယားကွက်၏နောက်ဆုံးအလျားလိုက်အတန်း (၃) တန်း၏ ညာဘက်အစွန်ဆုံးကော်လံတွင် သုံးတန်းလစ်လပ်နေသည်ကိုတွေ့ ရှိ နိုင်သည်။

၂။ အုပ်စုများအား ထိုလစ်လပ်နေသောနေရာတွင် နောက်ထပ် သင်ကြား သင်ယူမှု နည်းလမ်းများနှင့် နည်းဗျူဟာများအဖြစ် (၃) ခုထပ်မံထည့်သွင်း ရေးသားရန် သင်က ညွှန်ကြားပါ။ ကျောင်းသားအုပ်စုများသည် ဉာဏ်ဖွင့် ဆွေးနွေးခြင်းဖြင့်

ဖြစ်စေ၊ ထပ်မံသုတေသန ပြု၍ဖြစ်စေ (ကွန်ပျူတာ၊ ခလုတ်သင်ပုန်းနှင့် လက်ကိုင်ဖုန်း(smart phones) များမှလည်း ရှာဖွေနိုင်သည်။) ထပ်ဆောင်းနည်းလမ်းနှင့် နည်းစနစ် (၃) မျိုးကို သတ်မှတ် ဖော်ထုတ်ရမည်။ ထို့နောက် ဇယား (၄.၃၀) ၏ အောက်ဆုံးသုံးတန်းရှိ လစ်လပ်နေသော နေရာများတွင် ရရှိလာသော ထပ်ဆောင်း နည်းလမ်းများနှင့် နည်းစနစ်များကို ထည့်သွင်း ရေးသားပါ။

၃။ အတန်းအဖြစ်အုပ်စုများကို ပြန်လည်ပေါင်းစည်းပေးပါ။ အုပ်စုတစ်ခုစီကို အလှည့်ကျ ခေါ်ယူပြီး ၎င်းတို့ရရှိထားသော အပိုထပ်ဆောင်းနည်းလမ်းများနှင့် နည်းစနစ်များကို မျှဝေစေရမည်။

၄။ ဤသင်ယူမှုလုပ်ငန်းကို စားပွဲဝိုင်း သင်ယူမှုလုပ်ငန်းဖြင့် အပြီးသတ်ပေးပါ။ ဇယား (၄.၃၀) မှ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များကို အသုံးပြုပါ။ ယခင် ကျောင်းသား (၅) ဦးပါသောအုပ်စုများအတိုင်းပင် ကျောင်းသားများအား ဆဋ္ဌမတန်းနှင့် သင့်တော်မည့် ဥပမာ တစ်ခုစီကို သင်ကြားသင်ယူမှု နည်းလမ်း/ နည်းစနစ် တစ်ခုစီအတွက် ဖြည့်ပေးစေရမည်။ ဥပမာ - ဉာဏ်ဖွင့်ဆွေးနွေးခြင်း နည်းဗျူဟာအတွက် ဆဋ္ဌမတန်းကျောင်းသားများနှင့် သင့်တော်သော သင်ယူမှု လုပ်ငန်း ဥပမာမှာ မြန်မာနိုင်ငံရှိ အပင်များ၏အမည်များကို ဉာဏ်ဖွင့်ဆွေးနွေး စေခြင်း ဖြစ်မည်။ အုပ်စုများက သူတို့ ရေးသားထားသော ဥပမာများကို အတန်းနှင့် မျှဝေရန် ဆောင်ရွက်ရာတွင် တင်ပြမှုပုံစံ တစ်ခုအဖြစ် တင်ပြနိုင်သည်။

၅။ ကျောင်းသားတစ်ဦးစီက အဖွဲ့ဝင်တစ်ဦးဦး၏ ကျောင်းသားကိုင်စာအုပ်ထဲတွင် ဥပမာတစ်ခုကို ရေးပြီးသောအခါ အဆိုပါစာအုပ်ကို ၎င်း၏ဘယ်ဘက်ရှိ အဖွဲ့ဝင် ကျောင်းသားထံ လက်ဆင့်ကမ်းပေးရမည်။ ဤသို့ဖြင့် အဖွဲ့ဝင်ကျောင်းသားတိုင်း က ကျောင်းသားကိုင်စာအုပ်တစ်အုပ်ထဲတွင် ဥပမာတစ်ခုစီကို ဖြည့်သွင်းရေးသား ရမည်။ ကျောင်းသားများသည် ဆဋ္ဌမတန်းကျောင်းသားများနှင့် သင့်တော်မည့် မတူညီသော သင်ကြားသင်ယူမှုနည်းလမ်း/ နည်းစနစ်များအတွက် သင်ယူမှု လုပ်ငန်းဥပမာများကို ရေးသားရမည်။

၆။ ဤသို့ ကျောင်းသားကိုင်စာအုပ်လက်ဆင့်ကမ်းရေးသားခြင်းကို ဇယားတွင်ပါဝင် သော သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များအားလုံးတို့၌ ဥပမာ တစ်ခုစီ ဖြည့်သွားသည်အထိ ဆက်လက်ဆောင်ရွက်ရမည်။ နောက်ဆုံးတွင် ကျောင်းသားကိုင်စာအုပ်များ မူလပိုင်ရှင်ထံ ပြန်ရောက်လာမည်။

၇။ အတန်းကို ပြန်လည်ပေါင်းစည်းကာ မျှဝေရန်ဆန္ဒရှိသော ကျောင်းသားများကို ဖိတ်ခေါ်ကာ သူတို့ရေးထားသည့် သင်ကြားသင်ယူမှုနည်းလမ်း/ နည်းစနစ် တစ်ခုစီအတွက် သင်ယူမှုလုပ်ငန်း ဥပမာများကို မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးဖြစ်နိုင်သည်။ သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားဗဟိုပြုချဉ်းကပ်မှု သဘောတရားများ ပါဝင်မှုရှိ/မရှိကို သုံးသပ်ရမည်။ ထို့ပြင် ထိုသင်ယူမှု လုပ်ငန်းများသည် သင်ယူမှုနည်းလမ်းနှင့် နည်းစနစ်များကို အမှန်တကယ် ပြသနိုင်မှုရှိစေရန် အရေးကြီးပါသည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ကြားရာတွင် ဆရာဗဟိုပြုချဉ်းကပ်မှုနှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်မှုတို့ အကြား ခြားနားမှုကို ရှင်းပြရန် ကျောင်းသားများကို မေးခွန်းထုတ်ပါ။ သူတို့၏ အဖြေများသည် သူတို့ ရေးသားပြုစုခဲ့ကြသော ဆရာဗဟိုပြုချဉ်းကပ်မှုများနှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်မှုများ၏ PMI ဇယားမှအကြောင်းအရာများကို ထင်ဟပ်စေသင့်သည်။

၂။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။
(က)(၁.၂.၁) ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရေးအတွက် အထူးသင်ယူမှု လိုအပ် ချက်ရှိသော သင်ယူသူများ အပါအဝင်နောက်ခံ အကြောင်းအရာအမျိုးမျိုး

(ကျား/မ တိုင်းရင်းသားမျိုးနွယ်စု ယဉ်ကျေးမှု) နှင့် စွမ်းရည်အမျိုးမျိုးရှိသော ကျောင်းသားများအား ပံ့ပိုးကူညီနိုင်မည့် နည်းအမျိုးမျိုးကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၁.၂.၂)ကျောင်းသားများ၏ ရှိပြီးအသိပညာ အတွေ့အကြုံများကို အယူအဆများသစ်နှင့် ချိတ်ဆက်ရာ၌ အထောက်အကူပြုနိုင်ရန် ထိထိမိမိ အလေးထားပြီး ရှေ့နောက်အစီအစဉ်တကျ ဆောင်ရွက်ထားသည့် သင်ယူမှု လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်သည်။

(က) (၂.၁.၁)ကျောင်းသားများအချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်း လေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်း များကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၂.၁.၂) ကျောင်းသားများ၏ သင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့်သင်ကြားနည်းများ၊ နည်းဗျူဟာ များ၊ သင်ကြားသင်ယူမှုအထောက်အကူ ပစ္စည်းများနှင့်ကုန်ကျစရိတ်နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။

၃။ သင်ယူမှုလုပ်ငန်းကို ပြန်လည်ဆန်းစစ်ပါ၊

ဤသင်ခန်းစာကိုသင်ယူပြီးချိန်၌ ကျောင်းသားများသည်

- အခြေခံပညာ အလယ်တန်းဆင့် သင်ရိုးညွှန်းတမ်းထဲမှ သက်ဆိုင်ရာ ဘာသာရပ်များနှင့် ဆီလျော်သော ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြား သင်ယူမှုနည်းဗျူဟာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ် များကို ရှင်းပြတတ်မည်။

# ၄.၅.၂။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များဖြင့် သင်ကြားသင်ယူမှုကို ပံ့ပိုးပေးခြင်း

## မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ကျောင်းသားများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် သင့်တော်သော သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ရွေးချယ် သုံးစွဲတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်းအပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်းအခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၂.၁.၂) ကျောင်းသားများ သင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံးစာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ် နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၁) ချိန်

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - သင်ကြားမှုဆိုင်ရာ ရင်းမြစ်များ စိန်ခေါ်မှု

သင်ယူမှုလုပ်ငန်း (၂) - သင်ထောက်ကူပစ္စည်းတစ်ခု ဖန်တီးတည်ဆောက်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့်တစ်တန်းလုံးဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှု -** သင်ခန်းစာ (၄.၅.၂) သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များဖြင့် သင်ကြားမှုကို ပံ့ပိုးပေးခြင်း အကြောင်းကို ဖတ်ရှုထားပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - အောက်ပါခေါင်းစဉ်တစ်ခုစီတပ်ထားသော စက္ကူချပ်ကြီး (၁၇) ချပ်

- ပို့ချခြင်းများ(Lectures)
- သရုပ်ပြသင်ကြားခြင်းများ (Demonstrations)
- စူးစမ်းလေ့လာမှုအခြေပြုသင်ယူခြင်း (Inquiry-based Learning)
- ပြဿနာအခြေပြု သင်ယူခြင်း (Problem-based Learning)
- စီမံချက် အခြေပြု သင်ယူခြင်း (Project based Learning)
- ပူးပေါင်းဆောင်ရွက်/ပူးပေါင်းပါဝင်လုပ်ဆောင် သင်ယူခြင်း (Collaboarative/Cooperative Learning)
- ကိုယ်ခန္ဓာလှုပ်ရှားမှုဖြင့် သင်ယူခြင်း (Kinaesthetic Learning)
- လေ့လာရေးခရီးထွက်၍သင်ယူခြင်း (Expeditionary Learning)
- ကစားနည်းအခြေပြု သင်ယူခြင်း (Game-based Learning)
- ဉာဏ်ဖွင့် ဆွေးနွေးခြင်း (Brainstorming)
- ပုံပြောသင်ကြား သင်ယူခြင်း (Story telling)
- သရုပ်ဆောင်သင်ကြားသင်ယူခြင်း(Role Play)
- မေးခွန်းမေးခြင်း (Questioning)
- လက်တွေ့စမ်းသပ်လုပ်ဆောင်ခြင်း (Experiments)

- ရှင်းလင်းတင်ပြခြင်း (Presentation)
- ပန်းချီသင်ယူမှုလုပ်ငန်းများ (Art Activation)
- ဂီတသင်ယူမှုလုပ်ငန်းများ (Music Activation)

ကျောင်းသားကိုင်စာအုပ်ပါ “ဇယား (၄.၃၁) - ရင်းမြစ်များအဖြစ် အသုံးပြုနိုင်မည့် ဆရာနှင့်သင်ပုန်း” နှင့် မှတ်ချက်ရေးရန် အသုံးပြုသော ရောင်စုံစာရွက်ပိုင်းငယ်များ တွင် ခြားနားသော အရောင် (၂) မျိုး ကိုသုံးပါ။ ဥပမာ - အဝါရောင်စာရွက်ပိုင်းများနှင့် အစိမ်းရောင်စာရွက်ပိုင်းများ၊ အကယ်၍ ဤကဲ့သို့ ရောင်စုံစာရွက်ပိုင်းငယ်များ မရှိခဲ့လျှင် အရောင်မတူသော စက္ကူနှစ်ရွက်ကို စတုရန်းပုံအပိုင်းအစလေးများ အဖြစ် ညှပ်ထုတ်ပြီး ကော်နှင့် ကပ်စေရမည်။ (၅) ဦးလျှင် အုပ်စုတစ်စုဖွဲ့ထား သော အုပ်စုအရေအတွက်၏ ထက်ဝက်ကို အရောင်တစ်မျိုးနှင့် အခြားတစ်ဖက် ကို အရောင်တစ်မျိုးခွဲခြားသတ်မှတ်ပေးထားမည်။

သင်ယူမှုလုပ်ငန်း (၂) - အခမဲ့ရရှိနိုင်သော (သို့မဟုတ်) ကုန်ကျစရိတ်သက်သာသော ပစ္စည်းများ ဥပမာအားဖြင့် စက္ကူဟောင်း၊ မဂ္ဂဇင်းစာအုပ်ဟောင်းများ၊ ပုံဆွဲရာ၌ သုံးသော ပစ္စည်းများ၊ လက်မှုလုပ်ငန်းသုံး ပစ္စည်းများနှင့် မူလသုံးပြီးသားပစ္စည်းများ (Recycled materials) စသည် တို့ဖြစ်ကြသည်။ ကတ်ကြေး၊ တိပ်ခွေနှင့်ကော်ဗူး။

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှုနည်းဗျူဟာများ နှင့် သင်ကြားသင်ယူမှုနည်းလမ်းများ နည်းစနစ်များအား ပံ့ပိုးပေးရန်အတွက် ဆရာများ က အသုံးပြုကြသည်။

၂။ ၎င်းတို့သည် သင်ကြားသင်ယူမှုကို ကူညီပံ့ပိုးပေးရန် သင်အသုံးပြုသော နည်းကိရိယာများ (tools) ၊ လုပ်ငန်းသုံးကိရိယာများ (equipment) နှင့် အခြားစာအုပ်စာတမ်း၊ ဇယား၊ ရုပ်ပုံကားချပ် စသည်တို့ကိုခေါ်သည်။

- ပိုစတာများ (posters)
- ဇယားကွက်များ (charts)
- ရေးဆွဲထားသောပုံကြမ်းများ (drawings)
- မြေပုံများ (maps)
- ဉာဏ်စမ်းပဟေဠိများ (puzzles)
- လုပ်ငန်းပေးစာရွက်များ (worksheets)
- စာသား (သို့) စာသားနှင့် ရုပ်ပုံတွဲပါသောကဒ်ပြားငယ် (flashcards)
- သုံးဖက်မြင်ပုံစံများ (3-D models)
- အဆောက်အဦပုံစံတည်ဆောက်ရန် သစ်သားတုံးငယ်များ (building blocks)
- လက်တွေ့လောကထဲမှ ပစ္စည်းစစ်များ (‘real-world’ objects)
- အလဟဿဖြစ်နေသော (ကောက်တွေ့) ပစ္စည်းများ (သို့မဟုတ်) ပစ္စည်းဟောင်းများကို ပြန်လည်ပြုပြင်ထားသော ပစ္စည်းအသုံးအဆောင်များ (‘found’ or recycled materials)
- ပန်းချီဆွဲစရာပစ္စည်းများ (art materials)
- လက်မှုအနုပညာပစ္စည်းများ (craft materials)
- ရုပ်ပုံကားချပ်များ (pictures)
- ဂရပ်များ (graphs)
- မြေပုံများ (maps)
- သင်ပုန်းများ (whiteboards)
- ဗီဒီယိုများ (videos)
- အသံသွင်းတိပ်ခွေများ (သို့) အင်တာနက်တွင်ထည့်သွင်းထားသည့် ရုပ်သံလွှင့်ချက် (audio recordings or podcasts)
- ကွန်ပျူတာများ (computers)
- ရုပ်ရှင်/ရုပ်သေပြစက်များ
- မှတ်တမ်းတင်ကင်မရာများ (document cameras)
- ကင်မရာများ (cameras)
- အင်တာနက်စာမျက်နှာတွင် တင်ထားသော ကိုယ်ပိုင်အတွေးအမြင်မှတ်တမ်းများ (blogs)

- အီးမေးလ်များ (email)
- အင်တာနက်တွင် မိမိရှာဖွေလိုသော အချက်အလက်များကို ရှာဖွေပေးသည့် ပရိုဂရမ်မျာ(search engines)
- ကွန်ပျူတာကဲ့သို့လုပ်ဆောင်နိုင်သော မိုဘိုင်းဖုန်းများ (smart phones)
- ဓာတ်သင်ပုန်းများ(tablets)

၃။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များသည် အရေးပါကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကဆရာများအား တင်ပြလိုသော အချက်အလက်များကို နည်းအမျိုးမျိုးနှင့် တင်ပြနိုင်စေရန် အထောက်အကူပြုပြီး ကျောင်းသားများကိုလည်း ၎င်းတို့ကြိုက်နှစ်သက်ရာ သင်ယူမှုပုံစံနှင့် သဟဇာတ ဖြစ်စေလျက် သင်ယူမှုတွင် စိတ်ရောကိုယ်ပါ တက်ကြွစွာ ပါဝင် ဆောင်ရွက်ဆွဲဆောင်နိုင်သောကြောင့်ဖြစ်သည်။

- စာသင်ခန်းတိုင်း၌ နည်းပညာများနှင့် ရင်းမြစ်များကို လက်လှမ်းမီသုံးစွဲနိုင်ခြင်းမရှိပါ။ ကျောင်းပေါင်းများစွာတို့သည် ရင်းမြစ်များသုံးစွဲနိုင်ရန် ခက်ခဲစွာ ရုန်းကန်နေရဆဲဖြစ်ပြီး ကျောင်းအများစုမှာ နည်းပညာသုံးစွဲနိုင်မှု အလွန်နည်းပါးပါသည်။
- သို့ရာတွင် တီထွင်ဖန်တီးတတ်သူ ဆရာများက စိတ်ဝင်စားဖွယ်ကောင်းပြီး လက်တွေ့အား ဖြင့်လည်း အသုံးဝင်သော သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ကုန်ကျစရိတ် လုံးဝမရှိဘဲဖြစ်စေ၊ ကုန်ကျစရိတ်သက်သာစွာဖြင့်ဖြစ်စေ ရရှိအောင် တီထွင် ဖန်တီး လာတတ်ကြပါသည်။

အောက်ပါအချက်များကို စဉ်းစားပါ။

- ပြန်လည်ပြုပြင်ထားသော ပစ္စည်းဟောင်းများ (Recycled material) ကို အသုံးပြုခြင်း
- ရင်းမြစ်များကို တစ်ကျောင်းနည်းမှ လုပ်ဖော်ကိုင်ဖက်ဆရာများနှင့် မျှဝေသုံးစွဲခြင်း
- ကျောင်းသားများ၊ ကျောင်းသားမိဘများနှင့် ရပ်ရွာလူထုမှ ပစ္စည်းများ အလှူခံခြင်း

၄။ စာသင်ခန်း၌ အရေးပါဆုံးသင်ထောက်ကူပစ္စည်းမှာ "ဆရာ" ဖြစ်သည်။ စာသင်ခန်းတစ်ခု၌ ဆရာသည် အခန်းကဏ္ဍအမျိုးမျိုးတို့ကို ဆောင်ရွက်ရသည်။ ဆရာ့ ကဏ္ဍများမှာ

- ပွဲပြင်ထိန်းသိမ်းသူ (Controller) - စာသင်ခန်းနှင့် ကျောင်းသားများ လုပ်ဆောင်မှုကို တာဝန် ယူပြီး ကြီးကြပ်ပေးရခြင်း
- ပုံပြင်ပြောပြသူ (Storyteller) - ပုံပြင်များမှတစ်ဆင့် သင်ခန်းစာကို သင်ကြားပေးရခြင်း
- ရင်းမြစ် (Resources)- ကျောင်းသားများအား ကူညီရခြင်းနှင့် အချက် အလက်တို့ကို ပံ့ပိုးပေးရခြင်း
- သရုပ်ဆောင်သူ (Actor) - ပုံပြင်များတွင် ဇာတ်ကောင်အမျိုးမျိုးနေရာမှ သရုပ်ဆောင်ရခြင်း
- စီစဉ်ဆောင်ရွက်သူ (Organiser)- သင်ယူမှုလုပ်ငန်းများကို စီစဉ်ဖွဲ့စည်း ရခြင်း၊ ညွှန်ကြားချက်များပေးရခြင်းနှင့် လုပ်ငန်းများကို ဖန်တီး တည်ဆောက်ရခြင်း
- ပူးပေါင်းပါဝင်ဆွေးနွေးသူ (Participant)- သင်ယူမှုလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ရခြင်း၊ ကျောင်းသားများနှင့် တန်းတူရည်တူစာသင်ဖော်စာသင် ဖက်အဖြစ်ဆောင်ရွက်ရခြင်း (Co–learner)
- နည်းပြ (Tutor)- စီမံချက်ရေးသားရာတွင်ဖြစ်စေ၊ ကိုယ်တိုင်သင်ယူမှု (Self-study) ပြုရာတွင်ဖြစ်စေ ပါဝင်နေသည့်ကျောင်းသားများအတွက် နည်းပေး လမ်းပြဆောင်ရွက်မှု ပြုရခြင်း
- စံပြပုဂ္ဂိုလ်(Model)- ကျောင်းသားများအားကျ အတုယူဖွယ်စံနမူနာပြဖြစ် အောင်လုပ်ဆောင် ကျင့်ကြံရခြင်း
- တေးသံရှင် (Singer)- တေးသီချင်းများဆိုပြရခြင်း၊ တေးသီချင်း မှတစ်ဆင့် သင်ကြားပေးရခြင်း
- ပစ္စည်းစစ်/ဝတ္ထုစစ် (Real object) - ကိုယ်နေဟန်ထားအမျိုးမျိုးအသုံးပြု ခြင်း၊ လက်ဟန်ခြေဟန် အသုံးပြုရခြင်း၊ ကိုယ်ခန္ဓာလှုပ်ရှားမှုဖြင့် မိမိပြော လိုသော အဓိပ္ပာယ်ကို ပေါ်လွင်စေခြင်း ကျောင်းသားများနှင့် မျက်လုံးချင်း ဆိုင်၍ ကြည့်ရခြင်း၊ မျက်နှာအမူအရာ အမျိုးမျိုးသုံးရခြင်း (သင်ကြားမှုကို အထောက်အပံ့ဖြစ်စေရန် ဆရာ၏ဆောင်ရွက်ရမှုများ)

အခြားအရေးပါသည့် ရင်းမြစ်တစ်ခုမှာ သင်ပုန်း(အမည်း/အဖြူ)ဖြစ်သည်။ သင်ပုန်းကို အောက်ပါလုပ်ငန်းများ ဆောင်ရွက်စေနိုင်မည့် အသုံးအဆောင် တစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။

- ရုပ်ပုံနှင့် စာသားပါဝင်သော ကတ်ပြားငယ်များအသုံးပြုပြီး ပုံပြင်များပြော ရာတွင်နှင့် သရုပ်ဆောင် သင်ကြားသင်ယူမှုပြုရာတို့တွင် ဇာတ်ခုံ/စင်မြင့် တစ်ခုအဖြစ်အသုံးပြုနိုင်သည်။
- ဆရာ (သို့မဟုတ်) ကျောင်းသားများက ပုံဆွဲနိုင်သော စာရေးသားနိုင်သော စာရွက်တစ်ရွက်သဖွယ် အသုံးပြုနိုင်သည်။ ရုပ်ပုံကားချပ်များခင်းကျင်း ပြသရန် (သို့မဟုတ်) အလင်းရောင်ထိုးပြရန်၊ ကစားနည်းများကို ကစား ရန် ပိတ်ကားတစ်ချပ်သဖွယ် အသုံးပြုနိုင်သည်။
- ဆရာအတွက်ရောကျောင်းသားများအတွက်ပါ သတိပေးနှိုးဆော်စာများ ရေးသားကာ နံရံကပ်ထားနိုင်သည့် ကပ်ခွာပါသောမှတ်စုစာရွက်သဖွယ် အသုံးပြုနိုင်သည်။[၃၇]

## သင်ယူမှုလုပ်ငန်း (၁)။ သင်ကြားမှုဆိုင်ရာ ရင်းမြစ်များ စိန်ခေါ်မှု

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၅) ဦးစီးပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များကို အထောက်အပံ့ပြုပေးနိုင်သော သင်ထောက်ကူပစ္စည်း များနှင့် ရင်းမြစ်များကို သတ်မှတ်ဖော်ထုတ်ပေးတတ်စေရန်

၁။ စာရွက်ချပ်ကြီးတစ်ချပ်စီ၌ သင်ကြား သင်ယူမှုနည်းဗျူဟာများ၊ နည်းလမ်းများ၊ နည်းစနစ်များထဲမှ တစ်ခုစီ ခေါင်းစဉ်တပ်ထားသော စာရွက်ချပ်ကြီး စုစုပေါင်း

၃၇ Sudhakar, 2017.

အရေအတွက် (၁၇) ချပ်တို့ကို စာသင်ခန်းနံရံအပေါ် အနှံ့အပြား၌ ကပ်ပြထား ရမည်။

၂။ အတန်းကို (၅) ဦးစီပါဝင်သော ကျောင်းသားအုပ်စုငယ်များအဖြစ်သို့ ခွဲခြားရမည်။ အုပ်စုအရေအတွက် ထက်ဝက်က ရင်းမြစ်တစ်ခုဖြစ်သော "ဆရာ" ကို ကိုယ်စားပြုမည်။ အခြားတစ်ဝက်ကမူ ရင်းမြစ်တစ်ခုဖြစ်သော "သင်ပုန်း" ကို ကိုယ်စားပြုရမည်။ ဥပမာ - အုပ်စု (၆) ခုရှိလျှင် (၃) ခုက ဆရာကို ကိုယ်စားပြုပြီး ကျန် (၃) ခုက သင်ပုန်းကို ကိုယ်စားပြုမည်။ ထို့နောက် ပထမ အုပ်စု (၃) ခုအား ကပ်ခွာပါသော ရောင်စုံမှတ်စု စာအုပ်ငယ် အရောင်တစ်မျိုး (ဥပမာ - အဝါ) ကို ပေးထားမည်။ ထိုမှတ်စုစာအုပ်ငယ်မှ စာရွက်များကို အလွယ်တကူ ခွာ၍ အခြားနေရာများ၌ အလွယ်တကူကပ်နိုင်သည်။ အလားတူပင် ဒုတိယအုပ်စု (၃) စုအားလည်း ကပ်ခွာပါသော မှတ်စုစာအုပ်ငယ် အခြားအရောင် (ဥပမာ- အစိမ်း) ကိုပေးထား ရမည်။

၃။ ဇယား (၄.၃၁) ၌ ပါဝင်သော သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ နည်းလမ်းများနှင့် နည်းစနစ်များထဲမှ တစ်ခုစီတို့အတွက် ဆရာကို (သို့မဟုတ်) သင်ပုန်းကို ရင်းမြစ်တစ်ခုအဖြစ် မည်ကဲ့သို့ အသုံးပြုနိုင်ပုံကို အုပ်စုများအား ဉာဏ်ဖွင့်ဆွေးနွေးစေရမည်။ ကျောင်းသားများကို တီထွင်ကြံဆ ဉာဏ်ရှိစေရန်နှင့် စိတ်ကူးဉာဏ်ကွန့်မြူးတတ်စေရန် တို့ကို အားပေး တိုက်တွန်းပါ။

၄။ အုပ်စုများကို ဉာဏ်ဖွင့်ဆွေးနွေး၍ ရလာသော သူတို့စိတ်ကူးများကို ကျောင်းသားကိုင်စာအုပ်များ၌ ရေးသားပြီးသောအခါ နည်းလမ်း/နည်းဗျူဟာ နည်းစနစ် တစ်ခုစီအတွက် စိတ်ကူးစိတ်သန်း တစ်ခုစီကို ရရှိအောင် ရှာဖွေကြံဆရမည်။ ရရှိလာသော စိတ်ကူးကို ကပ်ခွာပါသော ရောင်စုံ မှတ်စုစာရွက်တွင် ရေးသားပါ။ သက်ဆိုင်ရာ နည်းလမ်း/နည်းစနစ် နည်းဗျူဟာ ကပ်ထားသည့် စာရွက်ချပ်ကြီး ပေါ်၌ သွား၍ကပ်ထားရမည် ဖြစ်သည်။ *ဤနေရာ၌ မှတ်သားသင့်သည်မှာ ကျောင်းသားအုပ်စုများအနေနှင့် ဆရာကို (သို့မဟုတ်) သင်ပုန်းကို ရင်းမြစ်အဖြစ် သုံးရန် စဉ်းစားရသည့် အကြိတ်အနယ် စဉ်းစားအားထုတ်ရသော စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် သင်ပုန်းကို ထိုနည်းဗျူဟာ နည်းလမ်း၊ နည်းစနစ်တို့အတွက် မည်သို့ သုံးရမည်ကို စဉ်းစားရသည်မှာ ခက်ခဲနိုင်ဖွယ်ရှိပါသည်။ သို့ရာတွင် ဤသို့ခက်ခဲစေမှု၊ စိန်ခေါ်မှုကပင် ကျောင်းသားများ၏ တီထွင်ဖန်တီးတတ်မှုကို ပေါ်ပေါက်စေနိုင်မည်ဖြစ်သည်။*

၅။ ကျောင်းသားအုပ်စုများကို ပြန်လည်ပေါင်းစပ်စေပြီး အတန်းအဖြစ် ပြန်လည်ဖွဲ့စည်းပါ။ ထို့နောက် ပိုစတာ (၁၇) ခုကပ်ထားရာ စာသင်ခန်းနံရံများဆီသို့ လှည့်လည်ကာ ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်ပါ။ ဆရာက ပိုစတာများအပေါ်တွင် ကပ်ထားသော စိတ်ကူးစိတ်သန်းများကို တစ်ခုစီ သုံးသပ်စိစစ်ပြရင်း ကျောင်းသားများအား ကျောင်းသားကိုင်စာအုပ်မှ ဇယား (၄.၃၁) တွင် အချို့ စိတ်ကူးများကို ထပ်မံထည့်သွင်းရေးသားရန် အားပေးတိုက်တွန်း မည်။

သင်ကြားသင်ယူမှုနည်းဗျူဟာများ၊ နည်းလမ်းများနှင့် နည်းစနစ်များ စုစုပေါင်း (၁၇) ခုလုံးအတွက် ဆရာနှင့် သင်ပုန်းကို ရင်းမြစ်အဖြစ် အသုံးပြုနိုင်ပုံ စိတ်ကူး (၁၇) မျိုးလုံးကို အပြည့်အဝရရှိအောင် ရှာဖွေစဉ်းစားနိုင်သော အုပ်စုများက စိန်ခေါ်မှုကို အနိုင်ရရှိမည်။ ၎င်းတို့ကို ချီးကျူးစကားဆိုပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးဖြစ်နိုင်သည်။ သို့ရာတွင် ထိုအဖြေများသည် နည်းဗျူဟာ၊ နည်းလမ်းနှင့်နည်းစနစ်တစ်ခုစီတို့အတွက် ဖြစ်နိုင်ဖွယ်ရှိသော ကျိုးကြောင်း ယုတ္တိရှိသော အဖြေများ ဖြစ်သင့်သည်။

## သင်ယူမှုလုပ်ငန်း (၂)။ သင်ထောက်ကူပစ္စည်းတစ်ခု ဖန်တီးတည်ဆောက်ခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးစီပါဝင်သော ကျောင်းသား အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - အလယ်တန်း ကျောင်းသင်ခန်းစာတစ်ခုတွင် အသုံးပြုရန်အတွက် သင်ထောက်ကူပစ္စည်းတစ်ခုကို ဖန်တီးလုပ်ဆောင်တတ်စေရန်

၁။ ကျောင်းသားများအား ယခုလက်ရှိ ဖွဲ့စည်းထားသော အုပ်စုပုံစံအတိုင်း လူမပြောင်းဘဲ ဆက်လက်ဆောင်ရွက်ရန် ပြောပါ။

၂။ ဆရာနှင့် သင်ပုန်းကို ရင်းမြစ်သဖွယ် အသုံးပြုခြင်းကို ဖော်ပြသည့် ဇယား (၄.၃၁) တွင် ပါဝင်သော သင်ကြားသင်ယူမှုနည်းဗျူဟာများ၊ နည်းလမ်းများနှင့် နည်းစနစ်များကို ပြန်လည်လေ့လာဖတ်ရှုကြရန် ကျောင်းသားများကို ညွှန်ကြားပါ။ ထို့နောက် သင်ထောက်ကူ ပစ္စည်းတစ်ခု အသုံးပြုရန် လိုအပ်သည်ဖြစ်သော သင်ယူမှုလုပ်ငန်းတစ်ခုကို ရွေးချယ်စေရမည်။ ထိုပစ္စည်းကို ပြုလုပ်ရာတွင် ဆရာက ကုန်ကျစရိတ်နည်းပါးသော/ကုန်ကျစရိတ်မရှိဘဲ ရယူနိုင်သော ပစ္စည်း များကို အသုံးပြုရမည်။

၃။ အုပ်စုအနေနှင့် ဆရာက ပံ့ပိုးပေးထားသော ကုန်ကျစရိတ်မရှိသည့် (သို့မဟုတ်) ကုန်ကျစရိတ် သက်သာသည့်ပစ္စည်းများကို အသုံးပြုကာ ဆောက်လုပ်ရမည်။

၄။ အတန်းကို ပြန်လည်ဖွဲ့စည်းပြီး အုပ်စုများအား ၎င်းတို့ တီထွင်ဆောက်လုပ်ထားသည့် သင်ထောက်ကူပစ္စည်းများကို ခင်းကျင်းပြသပေးရန် ဖိတ်ခေါ်ပါ။ ဤသို့ပြသရာ၌ ဤပစ္စည်းက မည်သည့် သင်ကြား သင်ယူမှုနည်းဗျူဟာ၊ နည်းလမ်း၊ နည်းစနစ်ကို ပံ့ပိုးမည်၊ မည်သည့်ဘာသာရပ်၏ မည်သည့် ခေါင်းစဉ်နှင့် မည်သည့် သင်ယူမှုလုပ်ငန်းအတွက် အသုံးပြုနိုင်သည်တို့ကိုပါ ရှင်းလင်းပြောပြစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤလုပ်ငန်းသည် တီထွင်ဆန်းသစ်မှုသုံးရသော လုပ်ငန်းဖြစ်သောကြောင့် အဖြေများသည် လည်းအမျိုးမျိုးဖြစ်နိုင်သည်။ ဤသင်ခန်းစာမှ ဖန်တီးဆောက်လုပ်လိုက်သော ရင်းမြစ်ကို ကျောင်းသားများ ဒုတိယနှစ်အတွက် လက်တွေ့တန်းပြ သင်ကြားခြင်း၌ အသုံးပြု၍ ရနိုင်ဖွယ်ရှိမည် ဟုမျှော်လင့်ရသည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များသည် အဆင့်မြင့် နည်းပညာကို အသုံးပြုထားသည့် တန်ဖိုးကြီးပစ္စည်းများဖြစ်ရမည်ဟု မဆိုလိုကြောင်း ကျောင်းသားများသိရှိစေရန် အလေးအနက်ထား ပြောပြပါ။ ရယူ အသုံးပြုနိုင်သော ရင်းမြစ်များ အမျိုးမျိုးရှိကြောင်းနှင့် ဆရာနှင့် သင်ပုန်းသည် အရေးပါသော ရင်းမြစ်များ ဖြစ်ကြကြောင်းကို မှတ်သားထားရန်ပြောပြပါ။

၂။ သင်ထောက်ကူပစ္စည်းအချို့ကို ဝယ်ယူရန်မလိုအပ်ဘဲ ကိုယ်တိုင် ပြုလုပ် ဖန်တီးနိုင်ကြောင်း၊ သင်ထောက်ကူပစ္စည်းများကို အမှန်တကယ် စာသင်ကြားရချိန်အထိ စောင့်ဆိုင်းပြီးမှ ရှာဖွေစုဆောင်းသည်ထက် ယခုတည်းကပင် ကြိုတင်၍ စတင်စုဆောင်းထား သင့်ကြောင်း အကြံပြုပါ။ ထိုအချက်ကိုလည်း အလေးပေး ဖော်ပြပါ။

၃။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာ ခြင်း၊ ပြဿနာဖြေရှင်းခြင်း၊တီထွင်ဖန်တီးခြင်းအခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှု အတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(က) (၂.၁.၂) ကျောင်းသားများ သင်ယူမှုတွင် အထောက်အကူပြုရန် ကျောင်းသုံး စာအုပ်များတွင် ဖော်ပြထားသည့် သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများနှင့် ကုန်ကျစရိတ် နည်းသည့် ထပ်ဆောင်းပစ္စည်းများကို အသုံးပြုသည်။

၄။ သင်ယူမှုရလဒ်ကို ပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာပြီးဆုံးချိန်၌ ကျောင်းသားများသည်

- ကျောင်းသားများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် သင့်တော်သော သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ရွေးချယ် သုံးစွဲတတ်မည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

**မေးခွန်း ၁။** ချဉ်းကပ်သင်ကြားနည်း(Teaching Approach) ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *ချဉ်းကပ်သင်ကြားနည်းဆိုသည်မှာ သင်ခန်းစာကို ဆရာဗဟိုပြုချဉ်းကပ်နည်း၊ ကျောင်းသားဗဟိုပြုချဉ်းကပ်နည်း (သို့မဟုတ်) ပေါင်းစပ်ချဉ်းကပ်နည်းတို့တွင် မည်သည့် ပုံစံဖြင့် သင်ကြားမည်ဆိုသည့် သင်ကြားမှုနည်းလမ်းတစ်မျိုးဖြစ်သည်။*

**မေးခွန်း ၂။** သင်ကြားသင်ယူမှု နည်းဗျူဟာ (Teaching and Learning Strategy) ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *သင်ကြားသင်ယူမှုနည်းဗျူဟာဆိုသည်မှာ သင်ခန်းစာတစ်ခုကို ပို့ချ သင်ကြားပုံ သင်ကြားနည်းကို ဆိုလိုသည်။ နည်းဗျူဟာ၏ ဥပမာ အချို့တို့မှာ ပို့ချခြင်းများ၊ သရုပ်ပြ သင်ကြားခြင်းများ၊ ရှင်းလင်းတင်ပြခြင်း၊ ဆရာ့ဦးဆောင်မှုဖြင့် သင်ကြားခြင်း၊ စူးစမ်းလေ့လာမှု အခြေပြုသင်ယူခြင်း၊ ပြဿနာအခြေပြု သင်ယူခြင်း၊ စီမံချက်အခြေပြု သင်ယူခြင်း၊ ပူးပေါင်းဆောင်ရွက်/ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူခြင်းနှင့် လုပ်ဆောင်မှုဖြင့် သင်ယူခြင်းတို့ဖြစ်ကြသည်။*

**မေးခွန်း ၃။** သင်ကြားသင်ယူမှု နည်းလမ်းနှင့် နည်းစနစ်များ ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များဆိုသည်မှာ သင်ခန်းစာတစ်ခုကို သင်ကြားနေစဉ် ဆရာက အသုံးပြုသော ကျွမ်းကျင်မှုများ ဖြစ်ကြသည်။ ဤကျွမ်းကျင်မှုများတွင် အတွေးအခေါ်များ၊ သင်ယူမှုလုပ်ငန်းများ၊ ကစားနည်းများ စသည်တို့ ပါဝင်သည်။ သင်ကြားရာတွင် နှင့် အယူအဆများကို ကျစ်လျစ် ခိုင်မာလာအောင် အားဖြည့် ပံ့ပိုးမှုပြုရာတွင် ထောက်အကူဖြစ်စေရန် ဆရာက အသုံးပြုထားခြင်းဖြစ်သည်။*

**မေးခွန်း ၄။** သင်ထောက်ကူပစ္စည်းများနှင့်ရင်းမြစ်များဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များဆိုသည်မှာ နည်းကိရိယာများ၊ လုပ်ငန်းသုံး ကိရိယာများနှင့် သင်ကြားသင်ယူမှု ကို အထောက်အပံ့ ပြုနိုင်ရန် အသုံးပြုသော ပစ္စည်းကိရိယာများဖြစ်ကြသည်။*

# ၄.၆။ သင်ခန်းစာ သင်ကြားနေစဉ်

ယခုအဆင့်တွင် ကျောင်းသားများသည် ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြား သင်ယူမှု နည်းဗျူဟာများ၊ နည်းလမ်းများနှင့် နည်းစနစ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ရွေးချယ်ပြီးသွားပြီဖြစ်သည်။ ထို့ကြောင့် သင်ခန်းစာအစီအစဉ်အရ နောက်ထပ်တစ်ဆင့်မှာ သင်ခန်းစာကို စတင် သင်ကြားတော့မည်ဖြစ်သည်။ သို့ဖြစ်၍ မိတ်ဆက် (နိဒါန်းပိုင်း)၊ သင်ခန်းစာ၏ ကိုယ်ထည်ပိုင်းနှင့် ပြန်လည်ဆန်းစစ်ခြင်း အပိုင်းတို့ကို လေ့လာကြရမည်ဖြစ်သည်။

## ၄.၆.၁။ မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း

### မျှော်မှန်းထားသောသင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင်  ကျောင်းသားများသည် -**

- အလယ်တန်း ကျောင်းသင်ခန်းစာတစ်ခုအတွက် မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း အပိုင်းတို့ကို ရေးသားတတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူ ပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန် ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။

**အချိန် -** မိနစ်(၅၀) ကြာ စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - သင်ခန်းစာကိုမိတ်ဆက်ပေးခြင်း

သင်ယူမှုလုပ်ငန်း (၂) - သင်ခန်းစာတစ်ခု၏ မိတ်ဆက်နိဒါန်းကို ရေးသားခြင်း

သင်ယူမှုလုပ်ငန်း(၃) - သင်ခန်းစာ၏ကိုယ်ထည်ပိုင်းကိုရေးသားခြင်း

သင်ယူမှုလုပ်ငန်း (၄) - သင်ခန်းစာ၏ ပြန်လည်ဆန်းစစ်ခြင်းအပိုင်းကိုရေးသားခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှု -** အခန်းငယ် (၄.၆) နှင့် သင်ခန်းစာ (၄.၆.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) – အခမဲ့ရယူနိုင်သော (သို့မဟုတ်) ကုန်ကျစရိတ်သက်သာသောပစ္စည်းများ ဥပမာ - စက္ကူပြောင်းများ၊ ပုံဆွဲရာ၌သုံးသောပစ္စည်းများ၊ လက်မှု လုပ်ငန်းမှပစ္စည်းများ၊ ပြန်လည်ပြုပြင် အသုံးပြုထားသည့် ပစ္စည်းများ စသည်

သင်ယူမှုလုပ်ငန်း (၂) - ကျောင်းသားကိုင်စာအုပ်ထဲမှ ဇယား (၄.၃၃)

သင်ယူမှုလုပ်ငန်း (၃) - ဇယား (၄.၃၄) ၊ သင်ခန်းစာတစ်ခု၏ ကိုယ်ထည်ပိုင်း (ကျောင်းသားကိုင် စာအုပ်မှ) ပိုစတာ၊ ဆလိုက်ချပ်များ၊ (သို့မဟုတ်) သင်ပုန်းပေါ် တွင် ရေးပြမည်။ (သင်ယူမှုလုပ်ငန်း (၂) ကို ဆောင်ရွက်ခဲ့စဉ်က အတန်းက ရွေးချယ်ထားခဲ့သော မိတ်ဆက်ခြင်းအပိုင်းမှ အကြောင်းအရာကိုရေးပါ။) ပိုစတာ၊

ဆလိုက်ချပ် (သို့မဟုတ်) သင်ပုန်းပေါ် ရေးပြခြင်း၊ ဇယား (၄.၃၅) မှ "သင်ခန်းစာတစ်ခု၏ ကိုယ်ထည်ပိုင်း"

သင်ယူမှုလုပ်ငန်း (၄) - ဇယား (၄.၃၆) (ကျောင်းသားကိုင်စာအုပ်မှ)

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့သည် သင်ခန်းစာတစ်ခုကို လက်တွေ့စာသင်ခန်းထဲ၌ အမှန်တကယ် သင်ကြားပို့ချရသည့်အခါတွင် ပါဝင်နေမည့်အချက်များကို လေ့လာကြမည်ဖြစ်ပါသည်။

၂။ သင်ခန်းစာတစ်ခု၏အဆင့်များမှာ

**မိတ်ဆက်ခြင်း/နိဒါန်း(Introduction) -** ဤအဆင့်တွင် ဆရာက ကျောင်းသားများ၏ အာရုံ စူးစိုက်မှုကို ရရှိအောင် မည်သို့စည်းရုံးသိမ်းသွင်းနိုင်ပုံ၊ ကျောင်းသားများ၏ ယခင်က အခြေခံ ရှိပြီးသော သင်ယူမှုထဲသို့ အချက်အလက်သစ်များကို မည်သို့ဆက်စပ်ပေးနိုင်ပုံ၊ ကျောင်းသားများအား မျှော်မှန်းထားသော သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများကို မည်သို့ သိရှိစေပုံတို့ ပါဝင်သည်။

**သင်ခန်းစာ၏ အဓိကအပိုင်း/ သင်ခန်းစာ၏ကိုယ်ထည်ပိုင်း (Body) -** ရွေးချယ်ထားပြီးသော ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ နည်းလမ်းများနှင့် နည်းစနစ်များ အပေါ် မူတည်၍ ဆရာက သင်ခန်းစာကို စတင်သင်ကြားသည်။ နိဒါန်းပျိုးပြီးနောက် /မိတ်ဆက်ပြီးနောက် သင်ခန်းစာတစ်ခုကို သင်ကြားနေစဉ်အတွင်း မည်သည့်အရာများဖြစ်ပျက်ပေါ်ပေါက်နေမည်ကို ဤအဆင့်၌ တွေ့မြင်သိရှိနိုင်သည်။ သင်ယူမှုဖြစ်စဉ်တစ်ခုကို ဖော်ပြသောအဆင့်ဖြစ်သည်။

**ပြန်လည်ဆန်းစစ်ခြင်းအဆင့် (Review) -** ဤအဆင့်တွင် ကျောင်းသားများ၏သင်ယူမှုကို မည်သို့စစ်ဆေးအကဲဖြတ်နိုင်ပုံကို ဖော်ပြထားသည်။

ကျောင်းသားတစ်ဦး၏ သင်ယူမှု တတ်မြောက်ခြင်း ရှိ/မရှိကို ဆရာကဖြစ်စေ၊ အခြားကျောင်းသားအချင်းချင်းကဖြစ်စေ စစ်ဆေးအကဲဖြတ်နိုင်သည်။

၃။ အဆင့် (၃) ဆင့်၏ တစ်ဆင့်စီ၌ ထည့်သွင်းစဉ်းစားရမည့်အချက် (၄) ချက်ရှိပါသည်။

- **အချိန်ကိုက်ပြီးစီးမှု** - သင်ခန်းစာ၏အဆင့်တစ်ခုစီ၌ အချိန်မည်မျှပေးမည်နည်း။ ကျောင်းများ တွင် စာသင်ချိန်တစ်ချိန်သည် (၄၅) မိနစ်ကြာမြင့်သည်။ ထိုအချိန်အတွင်း မိတ်ဆက်ခြင်း၊ အဓိကအပိုင်းဆောင်ရွက်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရာ၌ အဆင့်တစ်ခုစီအတွက် အချိန် မည်မျှခွဲဝေသတ်မှတ်ပေးထားမည်ကို သင်ဆုံးဖြတ်ရမည်ဖြစ်သည်။
- **ဆရာလုပ်ငန်း**-အဆင့်တစ်ခုစီ၌ ဆရာသည်မည်သည်တို့ကိုဆောင်ရွက်နေမည်နည်း။
- **ကျောင်းသားလုပ်ငန်း**-အဆင့်တစ်ခုစီ၌ ကျောင်းသားများက မည်သည်တို့ကို ဆောင်ရွက်နေမည်နည်း။
- **လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးခြင်း**-အဆင့်တစ်ခုစီ၌ ကျောင်းသားများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားမှုနှင့်သင်ယူမှုတို့ကို မည်သို့ပြောင်းလဲပြုပြင် ပြင်ဆင်ပေး ရမည်နည်း။
- ဤသင်ခန်းစာ၏ အဆင့်များကို ဇယား (၄.၃၂) တွင် ဖော်ပြထားသည်။

၄။ မိတ်ဆက်ခြင်း(introduction)

မိတ်ဆက်ခြင်း (သို့မဟုတ်) နိဒါန်းပျိုးခြင်းအပိုင်းများသည် သင်ခန်းစာ၏ အရေးကြီးဆုံးကဏ္ဍ အပိုင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုမိတ်ဆက်မှု၊ နိဒါန်းပျိုးမှုမှတစ်ဆင့် ကျောင်းသား များ၏ စိတ်ဝင်စားမှုကို နိုးဆွပေးနိုင်ပြီး ကျောင်းသားများတက်ကြွစွာ ကိုယ်ရောစိတ်ပါ သင်ယူလိုစိတ် ရှိလာအောင် ဆွဲဆောင်နိုင်ရန်ဖြစ်ပါသည်။ မိတ်ဆက်ပေးချိန်တွင် ကျောင်းသားများ၏ ယခင်ကအခြေခံရှိခဲ့သော အသိပညာတို့နှင့် အချက်အလက်အသစ်တို့ကို ဆရာက ဆက်သွယ် ချိတ်ဆက်ပေးနိုင်သည့်အပြင် ကျောင်းသားများအား သင်ယူမှုရလဒ်များအကြောင်း နှင့် အောင်မြင်မှုစံများအကြောင်းကိုလည်း ဆရာက အကြံပြုနိုင်သည်။

သင်ခန်းစာတစ်ခုကို မိတ်ဆက်ပေးနိုင်သောနည်းလမ်းများ

- သင်ခန်းစာအကြောင်းအရာ/ခေါင်းစဉ်ကို ကျောင်းသားများ စိတ်ဝင်စားစွာ စဉ်းစားတတ် လာစေရန် မေးခွန်းများကိုဆင့်ကဲဆင့်ကဲမေးပေးခြင်း
- သင်ခန်းစာပါ အကြောင်းအရာ/ခေါင်းစဉ်နှင့် ဆက်စပ်နေသော ရုပ်ပုံကားချပ်များကို ပြသခြင်း
- သင်ခန်းစာပါအကြောင်းအရာ/ခေါင်းစဉ်နှင့်ပတ်သက်သော အရေးကြီးသည့်အချက်များကို ထင်ရှားစွာ ပြသပေးနိုင်မည့်ပုံပြင်တစ်ပုဒ်ကိုပြောပြခြင်း
- သင်ခန်းစာနှင့်ဆက်စပ်နေသော အတန်းပြင်ပမှပစ္စည်းစစ်များကို အတန်းသို့ယူလာခြင်း။

သင်ခန်းစာတစ်ခုကို မိတ်ဆက်ပေးရာတွင်/ နိဒါန်းပျိုးပေးရာတွင် အသုံးပြုနိုင်သော အခြား နည်းလမ်းများလည်းရှိကြသည်။ ယင်းတို့တွင်အောက်ပါနည်းလမ်းများပါဝင်ကြသည်။

- သင်ခန်းစာခေါင်းစဉ်နှင့်ဆက်စပ်နေသော ဗီဒီယိုပြကွက်တစ်ခုကိုပြသခြင်း။
- ကျောင်းသားများ မှားတတ်သော အမှားတစ်ခုကို ပြောပြ၍စတင်ခြင်း - ယခင်က ကျောင်းသားများ၏လုပ်ငန်းတွင် တွေ့ရှိဖော်ထုတ်နိုင်ခဲ့သော အမှားမျိုးကိုထောက်ပြခြင်း။
- (ကျောင်းသားများ၏) လှုပ်ရှားမှုများနှင့်စတင်ခြင်း-ဥပမာ-မေးခွန်းတစ်ခုကို ဖြေရန် မတ်တတ် ရပ်စေခြင်း၊ အဖြေတစ်ခုကိုသဘောမတူညီသည့်အခါ ထိုင်စေခြင်း စသည်တို့ဖြစ်ပါသည်။
- နောက်ဥပမာတစ်ခုမှာ “ခေတ္တသရုပ်ပြအမေးအဖြေပြုလုပ်ခြင်း” (hot seat) ကို စကားပြောဆိုမှု မပါဘဲ သရုပ်ဆောင်ရန်ဖြစ်သည်။ ဆရာက ကျောင်းသားများလက်ရှိလေ့လာနေသော စာအုပ် တစ်အုပ်ထဲမှ ဇာတ်ကောင်တစ်ဦး၏ နေရာကိုယူထားရ မည်။ (သို့မဟုတ်) ယခုလေ့လာနေဆဲ သင်ခန်းစာခေါင်းစဉ်အပေါ် ပြုပြင် နိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရှိသူတစ်ဦး အဖြစ်သရုပ်ဆောင်ရမည်။ ကျောင်းသားများ အား အချိန် (၅) မိနစ်ခန့် ပေး၍ ထိုဇာတ်ကောင်၏ အကြောင်းကို မေးခွန်းများ မေးစေမည်။

ထို့နောက် ကျောင်းသားများက သူတို့သိလာခဲ့သည်တို့ကိုဆွေးနွေးမည် (သို့မဟုတ်) ရေးချထားရမည်။

- "အဆုံးအဖြတ်ပေးသောဘီး" (ကံစမ်းဘီး) (wheel decide) - ကိန်းဂဏန်းများပါသော ကံစမ်းဘီးတစ်ခုကို ဆရာကပြုလုပ်ထားပါ။ ကိန်းဂဏန်းများအစား ထိုဘီးပေါ်တွင်ဆွေးနွေးရန် ခေါင်းစဉ်များကို ရေးသားထားပါ။ ကျောင်းသားများအား ထိုဘီးကို လှည့်စေ ပြီးနောက် ဘီးရပ်တန့်သွားသည့်နေရာ၌ ပေါ်လာသော ခေါင်းစဉ်ကို ဆွေးနွေးစေသည်။
- KWL ဇယားကွက် (သိခြင်း၊ သိလိုခြင်း၊ သိနားလည်သွားခြင်း ဇယားကွက်) ကို သုံးခြင်း - သင်ခန်းစာ၏ မိတ်ဆက်နိဒါန်းအဖြစ် ကျောင်းသားများအား KWL ဇယားကွက်တစ်ခု ပေး၍သင်ရမည်။ သင်ခန်း စာခေါင်းစဉ်နှင့် ပတ်သက်၍ သူတို့သိပြီးသောအချက်များ၊ သူတို့ သိလိုသော အချက်များကို ဇယားကွက်ထဲတွင်ရေးချစေရမည်။ သင်ခန်းစာ သင်ကြားပြီးသောအခါ၌ ထို KWL ဇယားကွက်ထဲတွင် သူတို့သင်ယူပြီးသော အကြောင်းအရာကို ထည့်သွင်း ရေးသားစေမည်။
- သီးခြားကွဲပြားမှုအတိုင်းအတာများ (Degrees of separation) - ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ်ကို ပြောပြပြီး သူတို့အနေနှင့် ထိုခေါင်းစဉ်အကြောင်း ဆက်စပ်၍ စဉ်းစားရရှိနိုင်သော (ဆက်သွယ်ပေးနိုင် သော) အတိုင်းအတာမည်မျှ ရှိကြောင်းမေးပါ။ သူတို့အဖြေသည် အရေအတွက် (၆) ခုထက်မပိုစေသင့်ပါ။[၃၈]

## သင်ယူမှုလုပ်ငန်း (၁)။ သင်ခန်းစာကို မိတ်ဆက်ခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးစီပါဝင်သောအုပ်စုများ၊ တစ်တန်းလုံး |

၃၈ adapted from ELT planning, n.d.

**ရည်ရွယ်ချက် -** သင်ခန်းစာတစ်ခုအတွက် အတိုချုပ် မိတ်ဆက်နိဒါန်းတစ်ခုကို စီစဉ်ရေးဆွဲပြီးတင်ပြတတ်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် (၅) ဦးစီ ပါဝင် ဖွဲ့စည်းထားသော အုပ်စုငယ်များအဖြစ်ခွဲခြားပါ။ ဆဋ္ဌမတန်းသမိုင်းဘာသာရပ်မှ " ပုဂံခေတ် စာပေ၊ ဗိသုကာ နှင့် အနုပညာ" အကြောင်း သင်ခန်းစာကို သင်ကြားရာ၌ မိတ်ဆက်မှုတစ်ခု ရေးသားရန်အတွက် ကျောင်းသားကိုင်စာအုပ်မှ ပေးထားသော စိတ်ကူးစိတ်သန်းများနှင့် အခြားစိတ်ကူးစိတ်သန်းများကို အသုံးပြုရန် ကျောင်းသားများကို ညွှန်ကြားပါ။ ကျောင်းသားများအား လိုအပ်သော အတွေးအခေါ်များ ရရှိနိုင်စေရန်အတွက်၊ ဉာဏ်ဖွင့်ဆွေးနွေးရန် ညွှန်ကြားပါ။ သင်ခန်းစာ၏ ရည်ရွယ်ချက်များမှာ

- ပုဂံခေတ်စာပေတိုးတက်လာပုံကို လေ့လာရန်၊ ပုပုဂံခေတ်တွင် ထူးခြားအံ့သြဖွယ် အနုပညာဗိသုကာနှင့် ဒီဇိုင်းများနှင့်တည်ဆောက်ထားသော စေတီပုထိုးများ၊ အဆောက်အဦများကို လေ့လာရန်
- *(မှတ်သားရန်အချက်- ဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာတစ်ခုကို မိတ်ဆက်ခြင်း အတွက် အချိန် (၁၅) မိနစ် ခွင့်ပြုထားသည်၊ ထိုအချိန် အပိုင်းအခြားအတွက် အောက်ပါ ညွှန်ကြားချက်များ ပါဝင်သည်။)*
- စာပေအနုပညာ၊ ဗိသုကာနှင့် ဒီဇိုင်းများ ပုဂံခေတ်တွင် မည်သို့တိုးတက်လာသည်ကို ဆရာက ကျောင်းသားများကို ရှင်းပြမည်။ ပုဂံခေတ် ဗိသုကာများမှတစ်ဆင့် ပုဂံခေတ်အကြောင်းကို များစွာလေ့လာနိုင်ကြောင်းကို ဆရာက ရှင်းပြမည်။

သို့ရာတွင် သင်ခန်းစာ မိတ်ဆက်မှု၏ ပထမဦးဆုံး (၃) မိနစ်ခန့်ကို ဆရာက ကျောင်းသားများ၏အာရုံစိုက်မှုနှင့် စိတ်ဝင်စားမှုကို ဆွဲဆောင်ရန် အသုံးပြုရမည်။ သို့မှသာလျှင် သူတို့သည် သင်ယူမှု၌ စိတ်ရောကိုယ်ပါ တက်ကြွစွာ ပါဝင်လာနိုင်မည်ဖြစ်သည်။ ထို့နောက် ကျောင်းသားအား သင်ခန်းစာမိတ်ဆက်ခြင်း၏ ရည်ရွယ်ချက်ပြည့်မြောက်ပြီး ဘာသာရပ်အကြောင်းအရာကို သင်ကြားမည်။

ထိုညွှန်ကြားချက်အရ ယခုသင်ယူမှုလုပ်ငန်း၌ သင်ခန်းစာမိတ်ဆက်ခြင်း အပိုင်း၏ပထမဦးဆုံး (၃) မိနစ်တွင်ဆောင်ရွက်ရမည့် ဆရာတို့ကို ကျောင်းသားများက စီစဉ်ရေးဆွဲစေရန်ဖြစ်သည်။ (၃) မိနစ် စာဆရာလုပ်ငန်းတစ်ခုကို ဒီဇိုင်း ရေးဆွဲပေးရမည်ဖြစ်သည်။

၂။ ကျောင်းသားအုပ်စုတစ်ခုစီက (၃) မိနစ်ခန့်ကြာမည့် ဆရာလုပ်ငန်းတစ်ခုကို သင်ခန်းစာအကြောင်း မိတ်ဆက်ပေးရန်နှင့် ကျောင်းသားများ၏ အာရုံကို ဆွဲဆောင်နိုင်ရန်အတွက် စီစဉ်ပြင်ဆင်ကာ ရေးဆွဲရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ဉာဏ်ဖွင့်ဆွေးနွေးကြရမည် ဖြစ်သည်။ ဉာဏ်ဖွင့်ဆွေးနွေးရာတွင် စဉ်းစားရမည့်အချက်များမှာ -

- သင်ကြားချိန်ကို မည်သို့အသုံးပြုမည်နည်း။
- မည်သည့် ချဉ်းကပ်သင်ကြားနည်း၊ နည်းဗျူဟာ၊ နည်းလမ်း (သို့) နည်းစနစ်ကို အသုံးပြုမည်နည်း။
- မည်သည့် သင်ထောက်ကူပစ္စည်းနှင့် ရင်းမြစ်များကို အသုံးပြုမည်နည်း။ (အတန်းထဲတွင် လက်ရှိ ရှိနေသောပစ္စည်းများကိုသာ အသုံးပြုရမည်ကို သတိရပါ)
- သင်ခန်းစာကို မည်သို့မိတ်ဆက်မည်နည်း စသည့် အချက်များ ဖြစ်ကြသည်။

၃။ အုပ်စုတစ်ခုအတွင်း၌ အုပ်စုဝင်တစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်မက နှစ်ဦး၊ သုံးဦးကို ဖြစ်စေ (သို့မဟုတ်) (၅) ဦးစလုံးကိုဖြစ်စေ မိတ်ဆက်ခြင်းအပိုင်းကို တင်ပြရန် အတွက် ရွေးချယ်နိုင်သည်။ မိတ်ဆက်ခြင်းအပိုင်းကို ပြည့်စုံအောင် ရေးသားပြီး သောအခါ အုပ်စုအတွင်း၌ အစမ်းလေ့ကျင့် ဆောင်ရွက်ရမည်။

၄။ ဆရာကအတန်းကို ပြန်လည်စုစည်းပြီး အုပ်စုတစ်ခုချင်းစီကို တစ်ခုပြီးတစ်ခု အစဉ်လိုက် သူတို့ ရေးသားပြုစုထားသော မိတ်ဆက်ခြင်းအပိုင်းကို တင်ပြစေရမည်။ ဆရာက လိုအပ်သော တုံ့ပြန်အကြံပြုချက်များ ပေးမည်။အတန်းမှ ကျောင်းသားများကိုလည်း တုံ့ပြန် အကြံပြုချက်များ ပေးရန်ဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း (မိတ်ဆက်ခြင်းအပိုင်းကို တင်ပြမှု)၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့်တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးခြားနားနေမည်။ ဆရာက ရှာဖွေ ဆန်းစစ်ရမည့်အချက်များမှာ

- ရှင်းလင်းတင်ပြမှု (presentation) ၏ ဆွဲဆောင်နိုင်မှု - ထိုတင်ပြမှုသည် စိတ်ဝင်စားဖွယ်ကောင်း/မကောင်းနှင့် အတန်းမှ ကျောင်းသားများကို စိတ်ပါဝင်စားလာအောင် သူတို့ အာရုံကို ဖမ်းစားနိုင်ခြင်းရှိ/မရှိ။
- လက်တွေ့အသုံးချ၍ ရနိုင်သောနေရာများတွင် သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များကို ကောင်းမွန်စွာအံဝင်ခွင်ကျ အသုံးပြုတတ်မှု။
- ကျောင်းသားများ၏ မူလသိရှိထားသော အသိပညာ အခြေခံအသိပညာနှင့် ဆက်စပ်ပေးနိုင်ခြင်း ရှိ/မရှိ။

## သင်ယူမှုလုပ်ငန်း (၂)။ သင်ခန်းစာတစ်ခု၏ မိတ်ဆက်နိဒါန်းကို ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | သင်ယူမှုလုပ်ငန်း (၁) ကဲ့သို့ပင် (၅) ဦးစီပါဝင်သော ကျောင်းသား အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ခန်းစာတစ်ခု၏ မိတ်ဆက်ခြင်းအပိုင်းကို ကျောင်းသားများရေးသားတတ်စေရန်

၁။ ကျောင်းသားများအား ယခင်သင်ယူမှု လုပ်ငန်းဆောင်ရွက်ခဲ့စဉ်က အုပ်စုများအတိုင်း ဆက်လက်ထားရှိရန်နှင့် ထိုစဉ်က အတိုင်းမူလအုပ်စုများကို သင်ယူမှုလုပ်ငန်း (၂) ကို ဆောင်ရွက်ရန် ဆရာက ညွှန်ကြားပါ။ သူတို့သင်ကြားရမည့် ဆဋ္ဌမတန်း ကျောင်းသားများသည် ပထဝီဘာသာရပ်တွင် ကမ္ဘာ့ဒေသကြီးများ၊ ဇုန်များဟု ပါရှိသည်။
သူတို့ သိရှိသင်ယူပြီးထားသည်တို့မှာ မြောက်ယာဉ်စွန်းတွန်း၊ တောင်ယာဉ်စွန်းတန်းနှင့် သမပိုင်းတို့ဖြစ်ကြသည်။ ယခုလက်ရှိတွင်မူ ကမ္ဘာ့ဝင်ရိုးစွန်းဒေသများအကြောင်းကို လေ့လာသင်ယူနေကြသည်။

၂။ ဤသင်ခန်းစာအတွက် သင်ယူမှုရည်ရွယ်ချက်တစ်ခုမှာ

- ကျောင်းသားများသည် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများအကြောင်း ရှင်းလင်းပြတတ်လာမည်။

၃။ သင်ခန်းစာကိုမိတ်ဆက်ရန် (၁၅) မိနစ်ခန့်ကြာမည်။ မိတ်ဆက်မှုလုပ်ငန်းတစ်ခုကို ရေးသားပြုစုရန် ကျောင်းသားများကို ညွှန်ကြားပါ။ ကျောင်းသားများက အောက်ပါအချက်များကို ဆုံးဖြတ်ရမည်ဖြစ်သည်။

- သင်ယူမှုရလဒ်များ
- ချဉ်းကပ်သင်ကြားနည်းများ၊ နည်းဗျူဟာများ၊ နည်းလမ်းများနှင့် နည်းစနစ်များ
- သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ
- အချိန်
- ဆရာလုပ်ငန်း
- ကျောင်းသားလုပ်ငန်း
- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်းများ

၄။ ကျောင်းသားများနှင့်ရရှိလာသော စိတ်ကူးစိတ်သန်းများကို ကျောင်းသားကိုင်စာအုပ်ပါ "သင်ခန်းစာ တစ်ခုကို မိတ်ဆက်ပေးခြင်း" အကြောင်းကို ဖော်ပြသည့် ဇယား (၄.၃၃) တွင်ရေးသားရန် ညွှန်ကြားပါ။

၅။ အတန်းကိုမူလပုံစံ ပြန်လည်ဖွဲ့စည်းပေးပြီး အုပ်စုအသီးသီးတို့အား သူတို့ရေးထားသော သင်ခန်းစာ မိတ်ဆက်မှုကို အတန်းနှင့်မျှဝေစေရမည်။ လိုအပ်သလို တုံ့ပြန်အကြံပြုချက်များပေး ပါ။

၆။ ယခုသင်ယူမှုလုပ်ငန်း၌ အုပ်စုတစ်စုက ရေးသားခဲ့သော သင်ခန်းစာတစ်ခု၏ မိတ်ဆက်အပိုင်းကို ကျောင်းသားများအား ရွေးချယ်စေပြီး စာသင်ချိန် (၂)၊ သင်ယူမှုလုပ်ငန်း (၃) သင်ခန်းစာ၏ကိုယ်ထည်အပိုင်းရေးသားခြင်းလုပ်ငန်းအတွက် ပြန်လည်အသုံးပြုစေမည်။ထိုသင်ခန်းစာကိုယ်ထည်ပိုင်းနှင့် ဆက်စပ်ရန်အတွက် သူတို့ယခု ရှာဖွေရရှိထားသော မိတ်ဆက်ခြင်းများထဲမှ အသင့်လျော်ဆုံး (၁၁) ခုကို ရွေးချယ်စေရန် ကျောင်းသားများကို ညွှန်ကြားပါ။

*(မှတ်ချက် - ကျောင်းသားများက အတည်ပြုရွေးချယ်လိုက်သော သင်ခန်းစာ မိတ်ဆက်ခြင်း အပိုင်းကို ဆရာ့ထံ၌ မိတ္တူ တစ်စုံထားရှိရပါမည်။ သို့မှသာလျှင် သင်ယူမှု လုပ်ငန်း (၃) အတွက် ကြိုတင်ပြင်ဆင်နိုင်မည်။)*

### စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း နှင့် တစ်တန်းလုံးဆွေးနွေးခြင်း

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေအမျိုးမျိုးရလာနိုင်သည်။ သို့ရာတွင် အဖြေများက အောက်ပါအချက်တို့ကို ညွှန်ပြသင့်သည်။

- အချိန်ကိုက်ပြီးစီးမှု (၁၅ မိနစ်အတွင်း ဖြစ်နိုင်ခြေရှိသော သင်ခန်းစာ မိတ်ဆက်မှု)
- သင်ယူသူများ၏ အာရုံစိုက်မှုကို ကောင်းစွာသိမ်းသွင်းဆွဲဆောင်နိုင်မှု
- ဆရာလုပ်ငန်းအတွက် ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များ
- ကျောင်းသားလုပ်ငန်းအတွက် ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များ
- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ရမှုများ ရှိလာနိုင်သည်ကို ထည့်သွင်း စဉ်းစားထားခြင်း - ဤလုပ်ငန်းတွင် ကျောင်းသားအချို့၏ သင်ယူမှု လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ရခြင်းလည်းပါဝင်နိုင်သည်။

**စာသင်ချိန် (၂)**

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်ခန်းစာ၏ အဓိကကျသောအပိုင်း (ကိုယ်ထည်ပိုင်း) သည် သင်ခန်းစာ တစ်ခုလုံးတွင် အရှည်လျားဆုံးအပိုင်းဖြစ်သည်။ ထိုအပိုင်းသည် သင်ခန်းစာ သင်ကြားမှု၏ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြသောအပိုင်းဖြစ်ပြီး အချက်အလက် အများဆုံးကို မျှဝေပေးသည့် အပိုင်းလည်းဖြစ်သည်။

၂။ ဤအပိုင်းတွင် သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များက ပံ့ပိုးပေးထားသော သင်ကြားသင်ယူမှုနည်းလမ်းများ၊ နည်းစနစ်များ အများအပြား ထဲမှ သင်အသုံးပြုမည့် နည်းလမ်းများ ကို ရွေးချယ်ဆုံးဖြတ်ပေးရမည်ဖြစ်သည်။

၃။ သင်ခန်းစာ၏ အဓိကကျသောကိုယ်ထည်ပိုင်းမှ လုပ်ငန်းစဉ်များသည် အသုံးပြုမည်ဟူ၍ ရွေးချယ်ဆုံးဖြတ်ထားသော ချဉ်းကပ်သင်ကြားနည်းအမျိုးမျိုး (ဆရာဗဟိုပြု၊ ကျောင်းသားဗဟိုပြု၊ (၂) မျိုးစလုံး) နှင့် နည်းဗျူဟာများအပေါ် မူတည်၍ အမျိုးမျိုးအပြောင်းအလဲရှိနိုင်ပါသည်။

၄။ မည်သည့်ချဉ်းကပ်မှု (ဆရာဗဟိုပြု၊ ကျောင်းသားဗဟိုပြု)နှင့် မည်သည့် နည်းဗျူဟာများကိုရွေးချယ်သည် ဖြစ်စေ သင်ခန်းစာ၏ အဓိကကိုယ်ထည်ပိုင်းတွင် အောက်ပါအချက်အလက်/ အကြောင်းအရာတို့သည် အမြဲပါဝင်နေလိမ့်မည်။

- သင်ထုတ်ယူသုံးစွဲရန် နည်းလမ်းများနှင့်နည်းစနစ်များ
- သင်ထောက်ကူပစ္စည်းများနှင့်ရင်းမြစ်များ
- ဆရာဆောင်ရွက်ရန်သတ်မှတ်ထားသည့်လုပ်ငန်းများ
- ကျောင်းသားဆောင်ရွက်ရန်သတ်မှတ်ထားသည့်လုပ်ငန်းများ
- ကျောင်းသားတစ်ဦး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သင်ခန်းစာကို မည်သို့မည်ပုံ ပြောင်းလဲလုပ်ဆောင် သင်ကြားရမည်ဆိုသော စဉ်းစားကြံဆမှုများ (ယင်းတို့ကို သင်ခန်းစာအစီအစဉ် ရေးဆွဲမှု/ သင်ပြမှုပုံစံ၏ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း ကော်လံထဲတွင် ထည့်သွင်း ရေးသားထားပါ။ ထို့နောက်ပြန်လည်ဆန်းစစ်မှုအဆင့်ကို လုပ်ဆောင်ရမည်။
- သင်ခန်းစာတစ်ခု၏ ကိုယ်ထည်ပိုင်းတွင် (အမြဲတမ်းမဟုတ်သော်လည်း) များသောအားဖြင့် ရှင်းလင်းလွယ်ကူသော သင်ကြားမှု (ဥပမာ - ညွှန်ကြားချက်များပေးခြင်း)နှင့် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော သင်ယူမှုလုပ်ငန်းများ (သင်ကြားသင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ) တို့ ပါဝင်ကြသည။

၅။ မိတ်ဆက်ခြင်းအပိုင်းရေးစဉ်က ကဲ့သို့ပင် သင်ခန်းစာတစ်ခု၏ ကိုယ်ထည်ပိုင်းကို ရေးသား ရာတွင် စဉ်းစားရန်အချက် (၄) ခုရှိသည်။

- အချိန်ကိုက် ပြီးစီးမှု (Timing) - သင်ခန်းစာ၏ “ကိုယ်ထည်ပိုင်း” ကို ဆောင်ရွက်ရန် အဓိက လုပ်ငန်းများကို ဆောင်ရွက်ရန်၊ အချိန်အတိုင်းအတာ မည်မျှကို အသုံးချမည်နည်း။ ဒုတိယနှစ်သင်တန်း သင်ခန်းစာအစီအစဉ်

ရေးဆွဲမှုတွင် သင်တို့အားမိနစ်အရေအတွက်မည်မျှကို အသုံးပြုမည်နည်း ဟု ဆုံးဖြတ်ရန် မေးမြန်းခဲ့ပါသည်။ အခြားသင်ခန်းစာရေးဆွဲမှုပုံစံများတွင်မူ ကြာချိန်ကို မိနစ်အရေအတွက်နှင့် မသတ်မှတ်ဘဲ သင်ခန်းစာ၏ အဓိက အပိုင်း (ကိုယ်ထည်ပိုင်း) ကို ရေးသားရာတွင် ထိုအပိုင်းအတွက် လျာထားခဲ့ဝေထားသော အချိန်အတိုင်းအတာအတွင်းတိကျသော သတ်မှတ်ချိန် အသီးသီးတို့တွင် ဆရာများ ဆောင်ရွက်နေမည့် လုပ်ဆောင်ချက်အသီးသီး တို့ကို တိကျစွာ ဖော်ပြလေ့ရှိကြသည်။ (ကျောင်းသားကိုင် စာအုပ်ပါ ဇယား (၄.၂၃) မှ သင်ခန်းစာ၏ ကိုယ်ထည်ပိုင်း ဥပမာကို ကြည့်ရှု လေ့လာနိုင်သည်။) လုပ်ငန်းဆောင်ရွက်ချိန်ကို အချိန်အတိအကျ ဖော်ပြရမည်။

- ဆရာလုပ်ငန်း (Teacher Activity) - သင်ခန်းစာ၏ အဓိကကိုယ်ထည်ပိုင်း တွင်ဆရာက ဆောင်ရွက်နေရမည်ဖြစ်သော လုပ်ငန်းအသီးသီးတို့ကို ဖော်ပြရမည်။
- ကျောင်းသားလုပ်ငန်း (Student Activity) - သင်ခန်းစာ၏ အဓိကအပိုင်း (ကိုယ်ထည်ပိုင်း) တွင် ကျောင်းသားများ ဆောင်ရွက်နေမည်ဖြစ်သော လုပ်ငန်းအသီးသီးတို့ကို ဖော်ပြရမည်။
- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်မှု (Differentiation) - သင်ခန်းစာ၏ အဓိကကျသော ကိုယ်ထည်ပိုင်းကို သင်ကြားနေစဉ်အတွင်း ကျောင်းသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သင်ကြားမှုသင်ယူမှုလုပ်ငန်းတို့ကို မည်သို့မည်ပုံ ပြောင်းလဲ လုပ်ဆောင်မည်ကို ဖော်ပြချက်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃)။ သင်ခန်းစာတစ်ခု၏ ကိုယ်ထည်ပိုင်းကို ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ခန်းစာတစ်ခု၏ ကိုယ်ထည်ပိုင်း အကြောင်းကို ကျောင်းသားများ ရေးသားတတ်စေရန်

၁။ သင်ယူမှုလုပ်ငန်း (၂) မှ ရွေးချယ်ထားခဲ့သော သင်ခန်းစာ မိတ်ဆက်မှုပါဝင်သည်။ ပိုစတာကို ကျောင်းသားများ အားလုံးမြင်သာအောင် ချိတ်ဆွဲပြပါ။ သင်ယူမှု လုပ်ငန်း (၂) တွင် သင်ခန်းစာ တစ်ခု၏ မိတ်ဆက်ခြင်းအပိုင်းကို ရေးသားခဲ့ရ ခြင်းဖြစ်သည်။

ကျောင်းသားများကို ဤသို့ပြောပါ - သင်ခန်းစာတစ်ခု၏ ကိုယ်ထည်ပိုင်းသည် သင်ခန်းစာ၏ အရှည်လျားဆုံးအပိုင်းဖြစ်ပြီး သင်ခန်းစာ၏ လုပ်ကိုင်လုပ်နည်း ကိုပြသော အပိုင်းလည်းဖြစ် သည်။ ထိုအပိုင်း၌ အကြောင်းအရာ အချက်အလက် များကို အများဆုံးမျှဝေရသည်။ ဤအပိုင်းတွင်ပင် ဆရာတစ်ဦးအနေနှင့် သင်သည် ရွေးချယ်ထားသော နည်းဗျူဟာများ၊ နည်းလမ်းများနှင့် နည်းစနစ်များ ကို သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ အထောက်အပံ့ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရသည် ။

၂။ ပိုစတာပေါ်မှအချက်အလက်များကို ပြန်လည်ဆန်းစစ်ခြင်းဖြင့် လုပ်ငန်းကို စတင်ဆောင်ရွက်ပါ။

- ခေါင်းစဉ်
- သင်ခန်းစာ၏ ရည်ရွယ်ချက်များ
- သင်ယူမှုရလဒ်များ
- အောင်မြင်မှုစံများ
- ချဉ်းကပ်သင်ကြားနည်းများ
- သင်ကြားသင်ယူမှုနည်းဗျူဟာများ၊နည်းလမ်းများနှင့် နည်းစနစ်များ
- သင်ထောက်ကူပစ္စည်းများနှင့်ရင်းမြစ်များ
- သင်ခန်းစာမိတ်ဆက်ခြင်း

၃။ ကျောင်းသားများ သင်ခန်းစာ၏ ကိုယ်ထည်ပိုင်းကို ရေးသားရာတွင် ဆရာက ဦးဆောင်လမ်းပြပေးပါ၊ သင်ခန်းစာတစ်ခု၏ ကိုယ်ထည်သည် ဤသို့ စတင်သည်။

- ကျွန်ုပ်တို့ မည်သည့်အရာများကို ထပ်လောင်းထည့်ရန် ရှိပါသေးသနည်း။
- ချဉ်းကပ်သင်ကြားနည်း - ဤအတွက် ယခင်အတိုင်းပင် ပေါင်းစပ်ချဉ်းကပ် မှုဟုထားပါ၊
- သင်ကြား သင်ယူမှု နည်းဗျူဟာများ - သင်ခန်းစာ၏ ကိုယ်ထည် ပိုင်းတွင် နည်းဗျူဟာများ ထပ်မံပေါင်းထည့်ရန် လိုအပ်ကောင်းလိုအပ် လာနိုင်သည်။

- သင်ကြားသင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ - သင်ခန်းစာ၏ ကိုယ်ထည်ပိုင်းအတွက် နည်းလမ်းများနှင့် နည်းစနစ်များကို လည်းထပ်မံ ပေါင်းထည့်ရန် လိုအပ်ကောင်း လိုအပ်လာနိုင်သည်။

၄။ တစ်စုံတစ်ခုထပ်မံပေါင်းထည့်ရန် ကျောင်းသားများက ဆုံးဖြတ်လျှင် ၎င်းတို့ကို ဇယား (၄.၃၅) ကို ဆွဲသားထားသော ပိုစတာပေါ်၌ ရေးသားစေရမည်။

၅။ အောက်ပါအကြောင်းအရာများကို ဆရာက ဦးဆောင်ဆွေးနွေးပါ။

- အချိန်ကိုက်ပြီးစီးမှု
- ဆရာလုပ်ငန်းများ
- ကျောင်းသားလုပ်ငန်းများ
- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်မှုများ

၆။ အထက်ပါအကြောင်းအရာများနှင့် ပတ်သက်၍ အတန်းမှ ကျောင်းသားများက ထပ်မံထည့်သွင်းလိုသော အချက်များရှိသည်ဟု သတ်မှတ်ဆုံးဖြတ်လျှင် ပိုစတာပေါ်တွင် ရေးသားစေမည်။ သို့ရာတွင် သူတို့၏ ဆုံးဖြတ်မှုသည် သင်ခန်းစာနှင့် ဆီလျော်မှုရှိရမည်။ ကျောင်းသားများက အဖြေများကို သူတို့၏ ကျောင်းသားကိုင်စာအုပ်မှ ဇယား (၄.၃၅) တွင် ရေးကြလိမ့်မည်။

၇။ မျှဝေရန်ဆန္ဒရှိသော ကျောင်းသားများအား သူတို့ရေးထားသည့် သင်ခန်းစာ ကိုယ်ထည်ပိုင်းအကြောင်းကို ဖတ်ပြစေခြင်းဖြင့် ဤလုပ်ငန်းကို အဆုံးသတ် ပေးပါ။



## စစ်ဆေးအကဲဖြတ်ခြင်း

တစ်တန်းလုံးဆွေးနွေးခြင်း



## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေမှန်များကို အများသဘောတူဆုံးဖြတ်ချက်ဖြင့် အတည်ပြုနိုင်သည့် အတန်းတစ်တန်းလုံးမှ ကျောင်းသားများနှင့် ဆရာ (သင်) ၏ သဘောတူညီမှုဖြင့် လက်ခံပေးမည် ဖြစ်သည်။ ထိုအဖြေမှန်များကို ပိုစတာပေါ်၌ရေးပြပါ။

## သင်ယူမှုလုပ်ငန်း (၄)။ သင်ခန်းစာ၏ ပြန်လည်ဆန်းစစ်ခြင်းအပိုင်းကို ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးစီဖွဲ့စည်းထားသော အုပ်စုများ၊ (၁၀) ဦးစီ ဖွဲ့စည်းထားသော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - သင်ခန်းစာတစ်ခု၏ ပြန်လည်ဆန်းစစ်ခြင်းအပိုင်းကို ကျောင်းသားများ ရေးသားတတ်စေရန်

၁။ ကျောင်းသားများကို ဤသို့ပြောပြပါ။

- သင်ခန်းစာအစီအစဉ် (သင်ပြမှုပုံစံ) တစ်ခု၏ ပြန်လည်ဆန်းစစ်ခြင်းအပိုင်းက သင်ခန်းစာတစ်ခု၏ နိဂုံးပိုင်း (သို့မဟုတ်) သင်ခန်းစာအပိတ်ဖြစ်ပါသည်။ ထိုအချိန်သို့ ရောက်ရှိသောအခါ ကျောင်းသားများသည် သူတို့ သင်ယူရရှိခဲ့သော အချက်အလက် အကြောင်းအရာတို့ကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်လာစေရန်နှင့် ပိုမိုခိုင်မာတောင့်တင်းသော မှတ်ဉာဏ်ဖွံ့ဖြိုးလာစေရန်အတွက် သင်ယူရရှိလာသော အချက်အလက်များကို အဓိပ္ပာယ်ပြည့်ဝစွာ စုစည်းနိုင်လာကြသည်။
- ပြန်လည်ဆန်းစစ်မှု အပိုင်းတွင် ဆရာများက အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။
    - သင်ယူမှုကို အနှစ်ချုပ်ပေးခြင်း
    - ကျောင်းသားများအား သင်ယူခဲ့သည်တို့ကို ပြန်လည်သုံးသပ် စဉ်းစားစေခြင်း
    - ကျောင်းသားများ၏ သင်ယူမှုရလဒ်များ ရရှိပေါက်မြောက်မှုကို စစ်ဆေးအကဲဖြတ်ခြင်း
- ပြန်လည်ဆန်းစစ်မှုအပိုင်းများသည် ကိုယ်ထည်ပိုင်းထက် တိုလေ့ ရှိသည်။ အချိန် (၅) မိနစ် နှင့် (၁၀) မိနစ်ခန့်သာကြာမြင့်သည်။

၂။ အတန်းကိုတစ်အုပ်စုလျှင် (၅) ဦးစီပါဝင်သော ကျောင်းသားအုပ်စုငယ်များအဖြစ် သို့ ခွဲခြားပါ။ ဤသင်ယူမှုလုပ်ငန်း၌ မူလအုပ်စုမှ မူလကျောင်းသားများချည်းသာ

မပါဝင်စေတော့ဘဲ အစီအစဉ် တစ်မျိုးပြောင်းပေးပါ။ ယခင်က လက်တွဲ အလုပ် မလုပ်ဖူးသေးသော ကျောင်းသားများကို အတူတွဲ၍ အုပ်စုဖွဲ့ပေးပါ။ ဤလုပ်ငန်း အတွက် ၎င်းတို့သည် ဝင်ရိုးစွန်းဒေသများအကြောင်း သင်ခန်းစာ၏ ပြန်လည် ဆန်းစစ်မှုအပိုင်းကို အချိန် (၁၀) မိနစ်စာ ရေးပေးရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ဇယား (၄.၃၆) အသုံးပြုပါ။

၃။ ပြန်လည်ဆန်းစစ်ခြင်းအပိုင်းတွင်ပါဝင်ရမည့်အချက်များ

- သင်ယူမှု၏ အနှစ်ချုပ်
- ကျောင်းသားများက သူတို့သင်ယူမှုအပေါ် ပြန်လည်သုံးသပ်ချက်
- သင်ယူမှုရလဒ်များကို သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း

၄။ အုပ်စုအားလုံးက ပြန်လည်ဆန်းစစ်မှုအပိုင်းကို ရေးသားပြီးသောအခါ အတန်း အဖြစ် ပြန်လည်ဖွဲ့စည်းပါ။ ရေးသားထားသော ပြန်လည်ဆန်းစစ်မှုအပိုင်းကို အတန်းသို့ မျှဝေပေးရန် ဆန္ဒရှိသော ကျောင်းသားများကို ပြောပါ။ တုံ့ပြန် အကြံပြုချက်များကို လိုအပ်သလို ဆီလျော်စွာပံ့ပိုးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း နှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးခြားနားနိုင်သည်။ သို့သော် ရေးထားသော ပြန်လည်ဆန်းစစ်မှုများ တွင် အောက်ပါအချက်များ ပါဝင်သင့်သည်။

- သင်ယူမှု၏ အနှစ်ချုပ်
- ကျောင်းသားများက သူတို့သင်ယူမှုအပေါ် ပြန်လည်သုံးသပ်ချက်
- သင်ယူမှုရလဒ်များကို သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား ဤသင်ခန်းစာ သင်ယူခဲ့ရသော အကြောင်းအရာများကို ထပ်မံပြောကြားစေရမည်။

၂။ ရရှိသွားသည့်တတ်ကျွမ်းမှုများကို ပြန်လည် ဆန်းစစ်ပါ။

(က)(၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား သင်ယူမှုလုပ်ငန်းများနှင့် သင်ထောက်ကူ ပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင် ရေးဆွဲသည်။

(ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်း ပြင်ဆင်သည်။

(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန် ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှုအသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုး ပေးသည်။

၃။ သင်ယူမှုရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်

- အလယ်တန်း ကျောင်းသင်ခန်းစာတစ်ခုအတွက် မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အလိုက် ပြုပြင် ပြောင်းလဲလုပ်ဆောင်ခြင်း အပိုင်းတို့ကို ရေးသားတတ်မည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

**မေးခွန်း ၁။** သင်ခန်းစာတစ်ခု၏ အဆင့်များကို မည်သည့်အစိတ်အပိုင်းများနှင့် ဖွဲ့စည်းထားသနည်း။

**အဖြေ။** *သင်ခန်းစာတစ်ခု၏ အဆင့်များမှာ မိတ်ဆက်ခြင်း(နိဒါန်း)၊ ကိုယ်ထည်နှင့် ပြန်လည် ဆန်းစစ်ခြင်း အဆင့်များ ဖြစ်ကြသည်။*

**မေးခွန်း ၂။** သင်ခန်းစာတစ်ခု၏ အဆင့် (၃) ဆင့်အနက် တစ်ဆင့်စီ၌ စဉ်းစားရန် အချက်များသည် မည်သည်တို့ ဖြစ်ကြသနည်း။

**အဖြေ။** *အဆင့်တစ်ခုစီ၌ စဉ်းစားရမည့်အချက်များမှာ အချိန်ကိုက်ပြီးစီးမှု၊ ဆရာလုပ်ငန်း၊ ကျောင်းသားလုပ်ငန်း နှင့် လိုအပ်ချက်အလိုက်ပြုပြင်ပြောင်းလဲ လုပ်ဆောင်မှုတို့ ဖြစ်ကြသည်။*

# ၄.၇။ သင်ခန်းစာသင်ကြားပြီးနောက်

သင်ခန်းစာတစ်ခုသင်ကြားပြီးချိန်တွင် ဆရာများအနေနှင့် သင်ခန်းစာထဲမှ သင်ကြားသင်ယူမှုလုပ်ငန်းတို့ကို အကဲဖြတ်သုံးသပ်ပေးရန် အရေးကြီးပါသည်။ ဒုတိယနှစ်သင်တန်း သင်ခန်းစာအစီအစဉ်ရေးဆွဲမှုပုံစံ/ သင်ပြမှုပုံစံ (Lesson Plan Template) တွင် အဆင့်ပေါင်းများစွာ ပါဝင်သည်။ သင့်အနေနှင့် အဆင့်တစ်ခုစီအတွက် သင်၏ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများ မည်မျှအောင်မြင်သည်ကို အကဲဖြတ်သုံးသပ်ပြီး ကျောင်းသားများ၏လုပ်ငန်းကို အကောင်းအဆိုး ပြန်လည်သုံးသပ် စဉ်းစားစေမည်။

သင်ခန်းစာတွင် ပါဝင်သောဖြစ်စဉ်များက ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) ထဲတွင် ဖော်ပြထားသည့် အနိမ့်ဆုံးလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ကျောင်းသားများအား မည်သို့ ကူညီထောက်ပံ့ပေးနိုင်ခဲ့ကြောင်းကို ပြန်လည်သုံးသပ် စဉ်းစားရမည်။

## ၄.၇.၁။ ဆရာ၏ အကဲဖြတ်သုံးသပ်မှု

**မျှော်မှန်းထားသောသင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဆရာတစ်ဦး၏ အကဲဖြတ်သုံးသပ်မှုအတွက် မေးခွန်းများကို စီစဉ်ရေးသားပြုစုတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှု**

(ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏ အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစား သုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှု အထောက်အထားများကိုအသုံးပြုသည်။

**အချိန် -** မိနစ်(၅၀) ကြာ စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ဆရာကအကဲဖြတ် သုံးသပ်မှုပြုရာတွင် အသုံးပြုနိုင်သည့် မေးခွန်းများကို ဉာဏ်ဖွင့်စဉ်းစားခြင်း

သင်ယူမှုလုပ်ငန်း (၂) - ဆရာ၏အကဲဖြတ်သုံးသပ်မှုအတွက် မေးခွန်းများကို စီစဉ်ရေးသားခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့်တစ်တန်းလုံးဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** သင်ခန်းစာ (၄.၇.၁) ကိုဖတ်ပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - ဇယား (၄.၃၇)

သင်ယူမှုလုပ်ငန်း (၂) - ဇယား (၄.၃၈) ၊ ဖြစ်နိုင်မည်ဆိုလျှင် ကျောင်းသားတစ်ဦးစီအတွက်ဖြစ်စေ၊ အုပ်စုတစ်ခုစီအတွက်ဖြစ်စေ ဝင်ရိုးစွန်း ဒေသများအကြောင်း သင်ခန်းစာမှ မိတ်ဆက်ခြင်းအပိုင်းနှင့် သင်ခန်းစာကိုယ်ထည်ပိုင်းတို့ ရေးသားဖော်ပြချက်များကို တစ်စုံစီဝေငှထားသင့်သည်။ သို့မဟုတ် ကျောင်းသားများက သူတို့ စာအုပ်များထဲမှ အကြောင်းအရာကို မိတ္တူကူးထားသင့်သည်။

စာရွက်ချပ်ကြီး တစ်ချပ်၊ သင်ပုန်းနှင့် မာကာများ၊ မူလတန်းအောက်ဆင့်ကျောင်းများ လုပ်ငန်းခွင်၌ စတင်တာဝန်ထမ်းဆောင်သော ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (TCSF) စာရွက်မိတ္တူများ၊ (အနည်းဆုံးအားဖြင့် ကျောင်းသား (၅) ဦးလျှင်TCSF တစ်စုံစီ ဝေငှထားသင့်သည်)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| အချိန် | (၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ မြန်မာနိုင်ငံတွင်ကျင့်သုံးနေသော သင်ကြားမှု သင်ယူမှုပုံစံတွင် ပြန်လည် သုံးသပ်စဉ်းစားခြင်းသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုပုံစံမှာ သင်ယူ-အသုံးချ-သုံးသပ် (Learn-Apply-Reflect) ဖြစ်သည့်အတွက် ပြန်လည် သုံးသပ်ခြင်းလုပ်ငန်းက သင်ယူမှု သံသရာစက်ဝန်းကို ပြီးပြည့်စုံစေသည်။

၂။ သင်ကြားမှု သင်ယူမှုတို့ကို ပြန်လည်သုံးသပ်စဉ်းစားမှုက သင်ခန်းစာအစီအစဉ်၏ နောက်ဆုံး အဆင့်ဖြစ်သည့် အကဲဖြတ်သုံးသပ်မှုအတွက် အချက်အလက်များကို ပံ့ပိုးပေးနိုင်သည်။

၃။ အကဲဖြတ်သုံးသပ်မှုအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များမှာ အောက်ပါ အတိုင်း ဖြစ်ကြသည်။

- သင်ခန်းစာအကြောင်းအရာ (ခေါင်းစဉ်) သည် ကျောင်းသားကို သိရှိထားပြီးနှင့်သော သင်ယူမှုနှင့်ပတ်သက်၍လည်းကောင်း၊ အလွယ်အခက် ကျိုးကြောင်းညီညွတ်မှု အစီအစဉ်ကျခြင်းနှင့် ပတ်သက်၍လည်းကောင်း သင့်တော်မှုရှိခြင်း
- ကျောင်းသားများ၏ ယခင်ကရှိပြီးအသိနှင့် သူတို့၏ အဓိကအကြောင်းအရာ အချက်အလက်ဖော်ပြချက်များ (profiles) သည် ပြည့်စုံလုံလောက်မှုရှိခြင်း
- သင်ခန်းစာ၏ ဦးတည်ရည်မှန်းချက်များသည် ရှင်းလင်းပီပြင်မှုရှိခြင်း
- သင်ယူမှုရလဒ်များသည် အောက်ဖော်ပြပါ အရည်အသွေးများနှင့် ညီညွတ်ခြင်းရှိ/မရှိကို ဆန်းစစ်ခြင်း
    - တိကျသေချာမှုခြင်း (Specific)
    - တိုင်းတာ၍ရရှိနိုင်ခြင်း(Measurable)
    - ရယူနိုင်သော အထင်အရှားပြသနိုင်သောရလဒ်ဖြစ်ခြင်း(Achievable)
    - ဆီလျော်ကိုက်ညီမှုရှိခြင်း(Relevant)
    - တိကျစွာ သတ်မှတ်ထားသော အချိန်အပိုင်းအခြားရှိခြင်း (Time-bound)

- အောင်မြင်မှုစံသတ်မှတ်ချက်များသည် ရယူနိုင်သော၊ ထင်ရှားပြသနိုင်သော အချက်များ ဖြစ်ခြင်း
- ချဉ်းကပ်သင်ကြားနည်းသည် ဆီလျော်မှုရှိခြင်း
- သင်ကြားသင်ယူမှုနည်းဗျူဟာများကို ရွေးချယ်အသုံးပြုရာ၌ ဆီလျော်မှုရှိခြင်း
- သင်ကြားသင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များသည် ထိရောက်မှုရှိခြင်း
- သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ၏ သက်ရောက်မှုကို သိရှိခြင်း
- သင်ခန်းစာတစ်ခုကို သင်ကြားရာတွင် မိတ်ဆက်နိဒါန်းပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ပြန်လည် ဆန်းစစ်ခြင်းအပိုင်းတို့အတွက် ကြာမြင့်မည့်အချိန်များကို သတ်မှတ်ပေးထားခြင်း
- သင်ယူမှုရလဒ်များ ရရှိစေရန်အတွက် ကျောင်းသားလုပ်ငန်းနှင့် ဆရာလုပ်ငန်းများကို ထိရောက်မှုရှိစေခြင်း
- လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်မှုကို ထိရောက်စွာ ဆောင်ရွက်ခြင်း
- သင်ခန်းစာ၏ အဆင့်အသီးသီးတို့သည် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်ပါ လိုအပ်ချက်များနှင့် ဆက်စပ်ချိတ်ဆက်မှုကို သိရှိခြင်း

၄။ ဆရာက အကဲဖြတ်သုံးသပ်ရာတွင် အသုံးပြုမည့်မေးခွန်းတစ်ချို့၏ ဥပမာများမှာ

- မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများက နားလည်သဘောပေါက်ပြီး ပြည့်မီအောင်ဆောင်ရွက်နိုင်မှု ရှိပါသလား။
- သင်ယူမှုရလဒ်များသည် ကျောင်းသားများ၏ အရည်အချင်းများ၊ သင်ယူမှု လိုအပ်ချက်များနှင့် သင့်တော်မှုရှိပါသလား။
- ပေးထားသောအချိန်ခွဲဝေမှုအတွင်း သင်ယူမှုရလဒ်များကို အမှန်တကယ် ရယူနိုင်ပါသလား။
- သင်ကြားသင်ယူမှုနည်းဗျူဟာများ၊ နည်းလမ်းများနှင့် နည်းစနစ်များသည် ထိရောက်မှု မည်မျှရှိပါသနည်း။
- သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များသည် ထိရောက်မှု မည်မျှရှိပါသနည်း။
- သင်ယူစဉ်စစ်ဆေးခြင်းလုပ်ငန်းနှင့် တုံ့ပြန်အကြံပြုချက်ပေးနိုင်သည့် အခွင့်အလမ်းများ သည် ထိရောက်မှုမည်မျှရှိပါသနည်း။

## သင်ယူမှုလုပ်ငန်း (၁)။ ဆရာအကဲဖြတ်သုံးသပ်မှုပြုရာတွင် အသုံးပြုနိုင်သည့် မေးခွန်းများကို ဉာဏ်ဖွင့် ဆွေးနွေးခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၅) ယောက်ပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - လက်ရှိသင်ကြားနေသော သင်ခန်းစာတစ်ခုအတွက် ဆရာက အကဲဖြတ်သုံးသပ်မှုပြုရာတွင် အသုံးပြုနိုင်သည့် မေးခွန်းများကို သတ်မှတ်ဆုံးဖြတ်တတ်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် (၅) ဦးစီ ပါဝင်သော အုပ်စုငယ်များအဖြစ်သို့ ခွဲခြားပါ။ ကျောင်းသားကိုင်စာအုပ်ထဲမှ "လူသားတို့၏ဘိုးဘေးဘီဘင်များအကြောင်း" သင်ခန်းစာ အစီအစဉ်ကို ပြန်လည် ဖတ်ရှုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ။ ထိုသင်ခန်းစာ အစီအစဉ် ပြင်ဆင်မှုသည် ဒုတိယနှစ်သင်တန်းမှ သင်ခန်းစာအစီအစဉ်ပုံစံနှင့် အနည်းငယ် ခြားနားမှု ရှိကြောင်းကို ကျောင်းသားများ သိရှိနားလည်စေသင့်သည်။

၂။ ထိုသင်ခန်းစာ အစီအစဉ်ကို ပြန်လည်ဖတ်ရှုပြီးသောအခါ ထိုသင်ခန်းစာတွင် ပါဝင်သော သင်ကြားမှုနှင့် သင်ယူမှုတို့ကို အကဲဖြတ်သုံးသပ်ရန်အသုံးပြုနိုင် မည့် မေးခွန်းများကို ကျောင်းသားများအား ဉာဏ်ဖွင့်ဆွေးနွေးစေရမည်။ ၎င်းတို့အား အကဲဖြတ်သုံးသပ်မှုအတွက် စဉ်းစားဖွယ် အချက်များကို သတိပေးပါ။

၃။ အုပ်စုများက မေးခွန်းများရရှိလာသောအခါ အကောင်းဆုံးမေးခွန်း (၅) ခုကို ရွေးချယ်ပြီး ဇယား (၄.၃၇) တွင် ဖြည့်သွင်းရေးသားစေရမည်။ ကျောင်းသားကိုင်စာအုပ်မှ ဇယား (၄.၃၇) သည် "လူသားတို့၏ ဘိုးဘေးဘီဘင်များ" အကြောင်း သင်ခန်းစာအတွက် ဆရာက အကဲဖြတ်သုံးသပ်နိုင်မည့် မေးခွန်းများကို ဖော်ပြသော ဇယားဖြစ်သည်။ သူတို့ရေးသားထားသော မေးခွန်းတစ်ခုစီသည် ကျိုးကြောင်းညီညွတ်မှုရှိကြောင်းဖော်ပြချက်တစ်ခုကိုလည်းကျောင်းသားများက ရေးသားပေးရမည်။ အကြောင်းပြချက် ရေးသားပေးရမည်။

၄။ အတန်းကိုမူလပုံစံပြန်လည်ဖွဲ့စည်းပေးပါ။အုပ်စုတစ်ခုစီအားသူတို့ရွေးချယ်သော မေးခွန်းများကို အတန်းနှင့် မျှဝေစေပြီး အဘယ်ကြောင့် ရွေးချယ်ရကြောင်း ကို လည်းပြောပြစေရမည်။ အတန်းမှ မှတ်ချက်များ ပေးရန်ပြောပါ။ အကဲဖြတ် သုံးသပ်မှုအတွက် စဉ်းစားရန် အချက်များအပေါ်မူတည်၍ မှတ်ချက်များကို ပေး စေမည်။ ထို့နောက်လိုအပ်သလို တုံ့ပြန်အကြံပြုချက်များ ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း နှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မေးခွန်းများသည် စဉ်းစားရန် အချက်များအပေါ်တွင် အခြေခံပြီး သင်ခန်းစာ အစီအစဉ်၏ ဆက်စပ်အခြေအနေအကြောင်းအရာတို့ပေါ်တွင်လည်း မူတည်ရမည်။

ဥပမာ - "ပထမဦးဆုံး ဟိုမိုနစ်ဒ်များသည် လွန်ခဲ့သော နှစ်ပေါင်း (၃) သန်းခွဲခန့်က အာဖရိကတိုက်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး ၎င်းတို့သည် မတ်မတ်ရပ်၍ လမ်းလျှောက်နိုင် ကြောင်း ကျောင်းသားများ၏ နားလည်မှုကို မည်သို့ပြသခဲ့သနည်း။

"ဤမေးခွန်းကို ရွေးချယ်ရခြင်းမှာ သင်ယူမှုရလဒ်များသည် ဆီလျော်မှု ရှိ/မရှိ ကိုသိရှိရန် အတွက် ရှင်းလင်းပြတ်သားသည့်အချက်အလက်များ ပံ့ပိုးနိုင်သောကြောင့် ဖြစ်သည်။"

## သင်ယူမှုလုပ်ငန်း(၂)။ ဆရာ၏ အကဲဖြတ်သုံးသပ်မှုအတွက် မေးခွန်းများကို စီစဉ် ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦး အုပ်စုများ၊ (၁၀) ဦးအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဆရာက အကဲဖြတ်သုံးသပ်မှုအတွက် မေးခွန်းများကို စီစဉ်ရေးသားခြင်းဖြင့် သင်ခန်းစာအစီအစဉ်ကို ပြည့်စုံစေရန်

၁။ ကျောင်းသားများကို (၅) ဦးလျှင်အုပ်စုတစ်ခုအဖြစ် ဖွဲ့စည်းပေးပါ။ သင်ခန်းစာ (၄.၆.၁) သင်ယူမှုလုပ်ငန်း (၄) "သင်ခန်းစာ၏ ပြန်လည်ဆန်းစစ်ခြင်းအပိုင်းကို ရေးသားခြင်း" ကိုပြန်လည် ဖတ်ရှုရန် ညွှန်ကြား ပါ။ သင့်ထံ၌ ဝင်ရိုးစွန်းဒေသ များ သင်ခန်းစာ၏ မိတ်ဆက် ခြင်းအပိုင်းနှင့် ကိုယ်ထည်ပိုင်းတို့ကို မိတ္တူများ ယူထားခြင်းများရှိခဲ့လျှင် အုပ်စုများက ဝေငှပေးပါ။ မရှိခဲ့လျှင် သူတို့၏ ကျောင်းသားကိုင်စာအုပ်များကို ရည်ညွှန်းပါ။

၂။ "ဝင်ရိုးစွန်းဒေသများ" သင်ခန်းစာ အစီအစဉ်၏ အဆင့် အသီးသီးဖြစ်ကြသည့် မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ကို ပြန်လည် ဖတ်ရှုစေရမည်။

၃။ ထိုနောက်အုပ်စုအနေနှင့် ဆရာ၏ အကဲဖြတ်သုံးသပ်မှုပြုရန် မေးခွန်း (၅) ခုကို တည်ဆောက်ပေးရန် ညွှန်ကြားပါ။ မေးခွန်းများသည် ထိုသင်ခန်းစာနှင့် ဆီလျော် မှုရှိရမည်။ ထိုနောက် ဇယား (၄.၃၈) တွင်မေးခွန်းများကို ဖြည့်သွင်းရေးသား စေ ရမည်။ ဇယား (၄.၃၈) က ဝင်ရိုးစွန်း ဒေသများအကြောင်း သင်ခန်းစာအတွက် ဆရာ၏ အကဲဖြတ်သုံးသပ်မှု မေးခွန်းများ ကိုပြထားသည်။

၄။ အုပ်စုများအားလုံးက မေးခွန်းများရေးသားပြီး အောက်ပါအတန်းကို ပြန်လည် ပေါင်းစည်းပေးပါ။ စာရွက်ချပ်ကြီးကို သုံး၍ဖြစ်စေ၊ သင်ပုန်းကိုသုံး၍ဖြစ်စေ တက်ကြွသော ကျောင်းသားများထံမှ မေးခွန်းများကို ရေးစေရမည်။ အတန်းထဲ မှ ကျောင်းသားအားလုံး သဘောတူညီချက်ရလျှင် ထိုမေးခွန်းများကို သင်၏စုစည်းမှုတွင် ထည့်သွင်းထားပါ။

မှတ်သားရန် - သင်စုဆောင်းထားသော မေးခွန်းစာရင်းတွင် မေးခွန်း (၅) ခု ထက် လည်း ပို၍ ရရှိနိုင်သည်။ သို့ရာတွင် သင်ခန်းစာ အစီအစဉ်တစ်ခုအတွက်ကိုမူ သင့်တော်မှုအရှိဆုံးကို ရွေးချယ်တတ်ရမည်။ အချိန် လုံလောက်ပါက အတန်းသားများအား ဤသင်ခန်းစာအတွက် အကောင်းဆုံး မေးခွန်း (၅) ခုကို ရွေးချယ်စေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း (သို့မဟုတ်) တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

မေးခွန်းများသည် စဉ်းစားရန်အချက်များနှင့် ဝင်ရိုးစွန်းဒေသများ သင်ခန်းစာပါ အကြောင်း အရာများပေါ် အခြေခံရမည်။ ထိုမေးခွန်းများက ဆရာများအတွက် အသုံးဝင်သော အချက်အလက်များကို ပံ့ပိုးပေးနိုင်ရမည်။ သို့မှသာ သူတို့၏ အနာဂတ်သင်ကြားမှုနှင့် ကျောင်းသားများ လေ့လာမှုတို့အတွက် အချက်အလက်များရရှိလာနိုင်မည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများအား TCSF နှင့် သင်ခန်းစာ အစီအစဉ်/ သင်ပြမှုပုံစံကို ယှဉ်တွဲကြည့်ရှုစေရမည်။ ဝင်ရိုးစွန်းဒေသများ သင်ခန်းစာအစီအစဉ်က TCSF ၏ အနိမ့်ဆုံး လိုအပ်ချက်များ ပြည့်မီအောင် မည်သို့ ကူညီပေးနိုင်မည်ဖြစ်ကြောင်းကို ဆွေးနွေးစေရမည်။ (မည်သည့် အနိမ့်ဆုံးလိုအပ်ချက်ကို ပြည့်မီစေမည်နည်းနှင့် မည်သို့ပြည့်မီစေမည်နည်း)

ဥပမာ - အနိမ့်ဆုံးလိုအပ်ချက် (က) (၅.၂) က ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်နှင့် ဆက်နွှယ်နေသော သင်ယူမှု အခြေနေပေါ် မူတည်၍ ကျောင်းသားများ သင်ယူတတ်မြောက်သော ဘာသာရပ်အကြောင်းအရာများကို မည်သို့ပို့ချရမည်ကို နားလည်သဘောပေါက် ကြောင်း ပြသရန်ဖြစ်သည်။ ထိုသို့ပြသခြင်းကို သင်ခန်းစာတွင်ပါဝင်သော အကြောင်းအရာကို နည်းအမျိုးမျိုးသုံး၍ ပို့ချခြင်းနှင့် ကျောင်းသားများ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲ လုပ်ဆောင်ခြင်းတို့အားဖြင့် ပြသနိုင်သည်။

၂။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(ဃ) (၁.၁.၁) မိမိလက်တွေ့သင်ကြားမှု၏အကျိုးသက်ရောက်မှုအပေါ် ထင်ဟပ်စဉ်းစားသုံးသပ်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှုအထောက်အထားများကို အသုံးပြုသည်။

၃။ သင်ယူမှုရလဒ်ကိုပြန်လည်ဆန်းစစ်ပါ။
ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်
- ဆရာတစ်ဦး၏ အကဲဖြတ်သုံးသပ်မှုအတွက် မေးခွန်းများကို စီစဉ်ရေးသားပြုစုတတ်မည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ**

**မေးခွန်း ၁။** သင်ခန်းစာအစီအစဉ်/ သင်ပြမှုပုံစံတွင်ပါရှိသော ဆရာ၏ အကဲဖြတ်သုံးသပ်မှုအပိုင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

**အဖြေ။** *ဆရာ၏အကဲဖြတ်သုံးသပ်မှုက ဆရာများ၏ သင်ကြားမှုနှင့်ကျောင်းသားများ၏ သင်ယူမှု အကြောင်းကို ဆရာအတွက် တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးပေးသည်။*

**မေးခွန်း ၂။** ဆရာ၏အကဲဖြတ်သုံးသပ်မှုအပိုင်းကို သင်ခန်းစာပြီးဆုံးမှသာ ဖြည့်သွင်းရသည် မှာ အဘယ်ကြောင့်နည်း။

**အဖြေ။** *ဆရာ၏အကဲဖြတ်သုံးသပ်မှုကို သင်ခန်းစာပြီးမှ ဖြည့်သွင်းရေးသားရသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်မှသာ ဆရာက သင်ခန်းစာကို ပို့ချပြီးသည့်အတွက် မေးခွန်းများကို ဖြေဆိုရန် အချက်အလက်များလည်း ရှိလာနိုင်မည်ဖြစ်သည်။*

# အခန်းဆုံးအနှစ်ချုပ်

### အဓိကအချက်များ

- ကောင်းမွန်စွာ အစီအစဉ်ပြင်ဆင်ထားသော သင်ခန်းစာများက ဆရာများကို သာမက ကျောင်းသားများကိုပါ အကျိုးကျေးဇူးပြုနိုင်သည်။ ဆရာများအား လမ်းကြောင်းမှန်ကန်စွာဆောင်ရွက်နိုင်စေပြီး သင်ခန်းစာ၏ ရည်ရွယ်ချက်များကို ရရှိစေသည်။ ကျောင်းသားများက သင်ယူမှုရလဒ်များကို သတိပြုသိရှိလာကြပြီး အတွေးအခေါ်ပြည့်ဝစွာ စနစ်တကျ စီစဉ်ဖွဲ့စည်းထားသည့် သင်ယူမှု ကို အတွေ့အကြုံရရှိစေသည်။
- သင်ခန်းစာများတွင် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ တို့ရှိကြသည်။ ၎င်းတို့က သတ်မှတ်ထားသော သင်ယူမှုရည်မှန်းချက် (ပန်းတိုင်) များကို ပြသပြီး သင်ယူမှုပြီးစီးရန် စာသင်ချိန်အနည်းဆုံးတစ်ချိန်ဖြစ်စေ (သို့မဟုတ်) စာသင်ချိန် အမြောက်အမြားကို ဖြစ်စေလိုအပ်သည်။
- ဤစာသင်နှစ်တွင် အဆင့် (၁၂) ဆင့်ပါသော ဒုတိယနှစ်သင်တန်း သင်ခန်းစာ အစီအစဉ်/ သင်ပြမှုပုံစံကို သင်တို့အသုံးပြုရမည်။ ထိုအစီအစဉ်က သင်ခန်းစာ စီစဉ် ပြင်ဆင်ခြင်း၊ သင်ကြားပို့ချခြင်းနှင့် သင်ခန်းစာကို အကဲဖြတ်သုံးသပ်ခြင်း တို့ ဆောင်ရွက်နိုင်ရန်အတွက် အဆင့် (၁၂) ဆင့်ပါသော ဖြစ်စဉ်တစ်ခုကို အသုံးပြု ထားသည်။

၁။ သင်ခန်းစာအကြောင်းအရာ (သို့မဟုတ်) အမည်- သင်ခန်းစာ၏ခေါင်းစဉ်/အမည် ကို ဆုံးဖြတ်ပါ။

၂။ ကျောင်းသားများအကြောင်းကို သိရှိခြင်း - ကျောင်းသားများသိရှိပြီးသော အကြောင်းအရာများ နှင့် သူတို့ လုပ်ဆောင်နိုင်သည်များကို စဉ်းစားခြင်း၊ ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်နှင့် ပတ်သက်၍ သင်သိရန်လိုသည်တို့ကို စဉ်းစားခြင်း။

၃။ သင်ခန်းစာ၏ ရည်ရွယ်ချက်များ- ဤအဆင့်က သင်ခန်းစာ၏ ရည်ရွယ်ချက် များ ကို သတ်မှတ်ပေးသည်။

၄။ သင်ယူမှုရလဒ်များ - သင်ခန်းစာပြီးဆုံးချိန်၌ ကျောင်းသားများမည်သည်တို့ကို သိရှိသွား လိမ့်မည်နှင့် မည်သည်တို့ကို လုပ်ဆောင်တတ်မည်ကို သတ်မှတ်ပေးခြင်း သတ်မှတ်ရာတွင် SMART သင်ယူမှုရလဒ်ရေးဆွဲမှုအညွှန်းဘောင်ကို အသုံးပြုခြင်း။

၅။ အောင်မြင်မှုစံများ - ကျောင်းသားများက သင်ယူမှုရလဒ်များရရှိသွားသည့်အခါ သင်နှင့် ကျောင်းသားများက မည်သို့ သိနိုင်ပုံကို ဖော်ပြခြင်း (ပြောင်းလဲသွားသော အပြုအမူ)။

၆။ ချဉ်းကပ်သင်ကြားနည်း - သင်ခန်းစာကို ဆရာဗဟိုပြုကျောင်းသားဗဟိုပြုနှင့် နှစ်မျိုး ပေါင်းစပ်ချဉ်းကပ်မှု/မည်သည့် ချဉ်းကပ်မှုကို အသုံးပြုသည်ဟုဖော်ပြခြင်း။

၇။ သင်ကြားသင်ယူမှုနည်းဗျူဟာများ - မည်သည့်နည်းဗျူဟာများကို သုံးမည်ဟု ဖော်ပြခြင်း။ ဥပမာ - စူးစမ်းလေ့လာမှု အခြေပြု (သို့မဟုတ်) စီမံချက်အခြေပြု ချဉ်းကပ်မှုများ (သို့မဟုတ်) ဆရာဦးဆောင်မှုဖြင့် သင်ယူမှုစသည်များ

၈။ သင်ကြားသင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ - အသုံးပြုမည့် နည်းလမ်းများနှင့် နည်းစနစ်များကို သတ်မှတ်ပေးခြင်း၊ ဥပမာ - မေးခွန်းပေးခြင်း၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း တည်ဆောက်သင်ယူခြင်း၊ တွေး-တွဲ-မျှ ဝေနည်းကို အသုံးပြုခြင်းနှင့် မေးခွန်းမေးခြင်းနည်း ဥပဒေများ

၉။ သင်ထောက်ကူပစ္စည်းများနှင့်ရင်းမြစ်များ - သင်ခန်းစာထိရောက်စွာ သင်ကြားနိုင်ရန်အတွက် သင်လိုအပ်မည့်အရာများကို သတ်မှတ်ပေးခြင်း၊ ပစ္စည်းများနှင့် မည်သည့်ရင်းမြစ်များကို လိုအပ်မည်ဟု သတ်မှတ်ခြင်း။ ဥပမာ - ပန်းချီ၊ ခတ်ပုံ၊ ရုပ်ပုံကားချပ်များ၊ အသံသွင်းတိတ်ခွေများနှင့် နည်းပညာအမျိုးမျိုးကို ပေါင်းစပ်အသုံးပြုခြင်း

၁၀။ သင်ခန်းစာအစီအစဉ်ရေးဆွဲမှုတစ်ခုတွင် ပါဝင်သော အဆင့်များ - မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်းနှင့် ပြန်လည်ဆန်းစစ်ခြင်း - မိတ်ဆက်ခြင်း၊ ကိုယ်ထည်ပိုင်းဆောင်ရွက်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်း အဆင့်တစ်ခုစီအတွက် ဆရာလုပ်ငန်း ကျောင်းသားလုပ်ငန်း စသည့်တို့ကို အချိန်ကိုက်ပြီးစီးမှုအတွက် ဆုံးဖြတ်သတ်မှတ်ထားခြင်း

၁၁။ လိုအပ်ချက်အလိုက် ပြုပြင်ပြောင်းလဲလုပ်ဆောင်မှု - ကျောင်းသားများ၏လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးရန် သင်ကြားမှုနှင့် သင်ယူမှုများကို လိုအပ်ချက်အလိုက် သင်မည်သို့ ပြောင်းလဲလုပ်ဆောင်မည်ကို စဉ်းစားခြင်း။

၁၂။ ဆရာ၏ အကဲဖြတ်သုံးသပ်မှု - သင်ခန်းစာကို သင်ကြားပြီးသောအခါအကဲဖြတ်သုံးသပ်ရန် မေးခွန်းများကို စီစဉ်ပြင်ဆင်ခြင်း သင်ခန်းစာက ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်ထံမှ မည်သည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ကို ဖော်ပြခြင်း။

- မြန်မာနိုင်ငံ အခြေခံပညာ သင်ရိုးညွှန်းတမ်းကို အောက်ပါစာရွက်စာတမ်းပုံစံများဖြင့်တင်ပြထားသည်။
  - ဆရာများ သင်ခန်းစာကို သင်ကြားပို့ချရာတွင် ကူညီပံ့ပိုးနိုင်ရန် ဆရာလမ်းညွှန်စာအုပ်များ
  - ဘာသာရပ်အလိုက် သင်ရိုးမာတိကာ
  - စာသင်နှစ်တစ်နှစ်တာအတွက် သင်ရိုးလျာထားခွဲဝေမှု အစီအစဉ်
  - နမူနာသင်ခန်းစာအစီအစဉ်များ (သင်ပြမှုပုံစံ)
- သင်တို့၏လက်တွေ့တန်းပြသင်ကြားခြင်း အစီအစဉ်များက သင်တို့အတွက် ပညာရေးဆိုင်ရာ အခင်းအကျင်းမျိုးစုံတို့တွင် အတွေ့အကြုံရစေသည်။ သို့တိုင်အောင် သင်တို့အား သင်ကြားမှုနှင့် သင်ယူမှုဆိုင်ရာဖြစ်စဉ်၏ ကဏ္ဍအသီးသီးတို့ကို ပိုမိုနားလည် သဘောပေါက်စေရန် အထောက်အကူပြုဖြစ်စေမှုအတွက် ပညာရေးဘာသာရပ်၌ စိတ်ကူးဖြင့် မှန်းဆပုံဖော်ထားသော စာသင်ခန်းများကို မိတ်ဆက်ပေးခဲ့ပါသည်။ သင်တို့၏ ဆရာအတတ်ပညာဆိုင်ရာ စွမ်းရည်များဖွံ့ဖြိုးမှုနှင့် နားလည်မှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ထားခြင်း ဖြစ်သည်။
- စိတ်ကူးဖြင့် မှန်းဆပုံဖော်ထားသော စာသင်ခန်း(၄)မျိုးမှာ -
  - မြို့ပြဒေသမှ အစိုးရ ကျောင်းတစ်ကျောင်း
  - မြို့ပြဒေသမှ ပုဂ္ဂလိက/ကိုယ်ပိုင်ကျောင်းတစ်ကျောင်း
  - ကျေးလက်ဒေသမှ အစိုးရကျောင်းတစ်ကျောင်း
  - ကျေးလက်ဒေသ ဝေးလံခေါင်သီသော နေရာမှ ကျောင်းတစ်ကျောင်း
- အခန်း (၄) တွင် ကျွန်ုပ်တို့က မြို့ပြဒေသမှ အစိုးရကျောင်းတစ်ကျောင်းကို အောက်ပါ ကဏ္ဍများအလိုက် လေ့လာထားသည်။
  - သင်ယူမှုအခြေအနေဆိုင်ရာခွဲခြမ်းစိတ်ဖြာလေ့လာမှု - ထိုလေ့လာမှုက သင်တို့အား ကျောင်းစာသင်ခန်း၊ ပထဝီဝင်အနေအထားအရ တည်နေရာ၊ ကျောင်းသားချင်း၊ မိသားစုများနှင့် ရပ်ရွာလူထုတို့အကြောင်း သတင်းအချက်အလက်များကို သိရှိစေသည်။

- ဆရာနှင့် တွေ့ဆုံမေးမြန်းမှု
- အတန်းထဲမှ ကျောင်းသားအချို့၏ သင်ယူမှုဆိုင်ရာ အဓိကကျသော အကြောင်းအရာ အချက် အလက် ဖော်ပြချက်များ (သင်ယူမှုအကြောင်းအရာ မှတ်တမ်း) (Learner Profiles)

## အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

- ဒုတိယနှစ်သင်တန်းမှ သင်ခန်းစာအစီအစဉ်ရေးဆွဲမှုပုံစံ (Lesson plan template) ၏ အဆင့် (၁၂) ဆင့်မှာ မည်သည်တို့ဖြစ်ကြသနည်း။
- သင်ခန်းစာအစီအစဉ်သည် ဆရာများအတွက် တတ်ကျွမ်းမှုစံ သတ်မှတ်ချက် အညွှန်းဘောင် (TCSF) နှင့် မည်သို့ဆက်စပ်မှုရှိသနည်း။
- သင်၏သင်ခန်းစာအကြောင်းအရာ နားလည်မှုအတွက် အထောက်အပံ့ဖြစ်စေရန် မည်သည့် နည်းဗျူဟာများကို သင်အသုံးပြုနိုင်သနည်း။
- သင်၏ ကျောင်းသားများနှင့် သူတို့ထဲ၌ရှိထားပြီးသော သင်ယူမှုတို့အကြောင်းနှင့် ပတ်သက်၍ မည်သည်တို့ကို သိရှိသင့်သနည်း။
- စိတ်ကူးဖြင့် မှန်းဆပုံဖော်ထားသော စာသင်ခန်းများဆိုသည်မှာ မည်သည်တို့ဖြစ် ကြ သနည်း။
- သင်ခန်းစာတစ်ခု၏ သင်ပြမှုပုံစံရေးဆွဲရန်အတွက် စိစစ်ရွေးချယ်ထည့်ရမည့် အပိုင်းမှာ မည်သည်တို့ဖြစ်ပါသနည်း။
- သင်ယူမှုရလဒ်များကို သင်မည်သို့ ရေးသားမည်နည်း။
- ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှုနည်းဗျူဟာများ၊ နည်းလမ်းများ၊ နည်းစနစ်များ၊ သင်ထောက်ကူပြုပစ္စည်းများနှင့် ရင်းမြစ်များ အတွက် ဥပမာများ ပေးပါ။
- သင်ခန်းစာတစ်ခု၏ မိတ်ဆက်ခြင်းအပိုင်း၊ ကိုယ်ထည်အပိုင်းနှင့် ပြန်လည် ဆန်းစစ်ခြင်းအပိုင်းတွင် မည်သည့်တို့ ပါဝင်သနည်း။
- ဆရာ၏ အကဲဖြတ်သုံးသပ်မှုတွင် အသုံးပြုနိုင်မည့် မေးခွန်းများကို သင်မည်ကဲ့သို့ စီစဉ် ပြင်ဆင်မည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

### ၄.၂။ သင်ခန်းစာခေါင်းစဉ်

McEwan, E. K. (n.d.). Teach the Seven Strategies of Highly Effective Readers. AdLit.org. Retrieved from http://www.adlit.org/article/19844/

### ၄.၄။ သင်ခန်းစာ၏ရည်ရွယ်ချက်များ၊ သင်ယူမှုရလဒ်များနှင့် အောင်မြင်မှုစံများ

Dyer, K. (2018, 29 March). What you need to know when establishing success criteria in the classroom. *Teach. Learn. Grow*. Retrieved from https://www.nwea.org/blog/2018/what-you-need-to-know-when-establishing-success-criteria-in-the-classroom/

### ၄.၅။ ချဉ်းကပ်သင်ကြားနည်းများ၊ သင်ကြားသင်ယူမှု နည်းဗျူဟာများ၊ သင်ကြား သင်ယူမှု နည်းလမ်းများနှင့် နည်းစနစ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ

Luke, A. (2014). *ALEA Hot Topic: On Explicit and Direct Instruction*. Queensland University of Technology, Australia. Retrieved from https://www.alea.edu.au/documents/item/861

### ၄.၆။ သင်ခန်းစာ သင်ကြားနေစဉ်

Gerstein, J. (2016, 27 April). Helping your students learn to reflect on their learning. *teachthought*. Retrieved from https://www.teachthought.com/learning/helping-students-learn-reflect-learning/

## ၄.၇။ သင်ခန်းစာသင်ကြားပြီးနောက်

Morris, S. (2019). Reflection as Learning and Teaching. *Canvas*. Retrieved from https://canvas.instructure.com/courses/612829/pages/heres-what-to-do-on-saturday

# အခန်း ၅

# ပညာရေးစိတ်ပညာ

ဤအခန်းသည် ကျောင်းသားများ ပထမနှစ်သင်တန်းက သင်ယူခဲ့သော ပညာရေးစိတ်ပညာ မိတ်ဆက်မှု၏ နောက်ဆက်တွဲဖြစ်သည်။ ပညာရေးစိတ်ပညာသည် စိတ်ပညာ၏ ဘာသာရပ်ခွဲတစ်ခု ဖြစ်ပြီး လူတို့သင်ယူလေ့လာမှုကို ဆန်းစစ်သော ဘာသာရပ်ဖြစ်ပါသည်။ ဤပညာရပ်သည် ၁၈၀၀ ခုနှစ်များတွင် စတင်ပေါ်ပေါက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သင်ယူမှုကို လွှမ်းမိုးနေသော အကြောင်းရင်းများကို လူတို့က စတင်လေ့လာစ ပြုလာကြ၍ ဖြစ်ပါသည်။ ထိုစဉ်က အစပြု၍ သုတေသနလုပ်ငန်းအများအပြားကို ဆောင်ရွက်လာကြပြီး နောက် ပညာရေးစိတ်ပညာ၏ဘာသာရပ်ခွဲအမြောက်အမြားလည်းပေါ်ပေါက်လာခဲ့ကြသည်။ ယခင်က ကျောင်းသားများ လေ့လာခဲ့သော ပညာရေးစိတ်ပညာ၏ အဓိကနယ်ပယ် (၄) ခုရှိပါသည်။

- အပြုအမူဆိုင်ရာ ရှုထောင့်
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်
- သိမှုဆိုင်ရာ ရှုထောင့်
- အသိပညာတည်ဆောက်တတ်မှုဆိုင်ရာရှုထောင့် တို့ဖြစ်ကြသည်။

ဆက်လက်၍ လှုံ့ဆော်မှု၊ လူမှုစိတ်ခံစားမှုဆိုင်ရာကျန်းမာပျော်ရွှင်မှုနှင့် ဉာဏ်ရည်အထွေထွေ၏ သဘောတရားအကြောင်း ကျောင်းသားများကို ထပ်မံမိတ်ဆက်ပေးမည် ဖြစ်သည်။

ဒုတိယနှစ်သင်တန်းတွင် ယခင်နှစ်ကလေ့လာခဲ့သော ပညာရေးစိတ်ပညာနယ်ပယ် (၄) ခုကို ပြန်လှန်လေ့လာမည်။ ထို့နောက်မှ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့် ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model) နှင့် ပဥ္စမမြောက်နယ်ပယ် ဖြစ်သော လူသာပဓာန စိတ်ပညာနယ်ပယ်ရှုထောင့်တို့ကိုလည်း လေ့လာသင်ယူရမည်။

သင်ယူရန်ချဉ်းကပ်ရာတွင် လူသာပဓာနရှုထောင့်မှ ချဉ်းကပ်သည့်အခါ ကျောင်းသားများက မာ့စ်လို၏ သီအိုရီများကို ဆက်လက်လေ့လာစူးစမ်းရမည့်အပြင် ကားလ်ရော်ဂျာစ်၏ ဆောင်ရွက်ချက်များကို လေ့လာရမည်။ ထို့နောက် ပူးပေါင်းဆောင်ရွက်သင်ယူမှု နည်းဗျူဟာများ (Collaborative learning strategies) နှင့် ပူးပေါင်းပါဝင်လုပ်ဆောင် သင်ယူမှုနည်းဗျူဟာများ (Cooperative learning strategies) အကြောင်းများကို ပို၍ အကျယ်တဝင့် နားလည်စေမည်ဖြစ်သည်။ ထို့ပြင် ကျောင်းသားများအား အကောင်းမြင်တတ်မှုကို ဦးစားပေးလေ့လာသောစိတ်ပညာ (Positive psychology) နှင့် မိတ်ဆက်ပေးပြီး ပညာရေး နယ်ပယ်တွင် ၎င်းအား မည်သို့အသုံးချနိုင်ပုံကိုပါ လေ့လာရမည်။ နောက်ဆုံး၌ လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအကြောင်းကို လေ့လာပြီး ၎င်းကို မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း များ၌ အသုံးချနိုင်ပုံကိုပါ စူးစမ်းလေ့လာစေမည် ဖြစ်ပါသည်။

## မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

**ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သင်ကြားသင်ယူမှု အခြေအနေအမျိုးမျိုးတို့တွင် ပညာရေးစိတ်ပညာ၏ အရေးပါမှုကို ဆွေးနွေးတတ်မည်။
- ပညာရေးစိတ်ပညာ၏ အဓိကကျသော နယ်ပယ်များကို အနှစ်ချုပ်ဖော်ပြတတ်မည်။
- စာသင်ခန်းတွင်း လက်တွေ့သင်ကြားမှုများအတွက် ပညာရေးစိတ်ပညာ၏ သွယ်ဝိုက် ရည်ညွှန်းမှု (သွယ်ဝိုက်အသုံးပြုနိုင်မှု) များကို သတ်မှတ်ဖော်ထုတ်တတ်မည်။
- စာသင်ခန်းတွင်း လက်တွေ့သင်ကြားမှု ဇာတ်လမ်းဖြစ်ရပ်တစ်ခုတွင် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်း ပုံစံ (Information Processing Model) ကို အသုံးချတတ်မည်။
- အလယ်တန်းကျောင်းသားများ၏ မှတ်ဉာဏ်ကို အထောက်အပံ့ပြုနိုင်မည့် နည်းဗျူဟာများကို အကဲဖြတ်သုံးသပ်တတ်မည်။
- လူသာပဓာနထားသည့် သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကို အဓိပ္ပာယ် သတ်မှတ်ပြတတ်မည်။

- လူသာပဓာနချဉ်းကပ်နည်းများက မူလတန်း သင်ရိုးညွှန်တမ်းတွင်ပါဝင်သော မြန်မာနိုင်ငံ၏ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် မည်သို့ချိတ်ဆက်နေသည်ကို ရှင်းပြတတ်မည်။
- လက်ရှိ လိုအင်အဆင့် (၈) ဆင့်ကို စာရင်းပြုစုပြီး ရှင်းလင်း ပြတတ်မည်။
- အလယ်တန်းကျောင်းသားများ၏ အခြေခံလိုအပ်ချက်များကို ပြည့်စုံစေပြီး သူတို့၏သင်ယူမှုရည်မှန်းချက်များကိုရရှိနိုင်စေရန် ကူညီထောက်ပံ့မှုပြုနိုင်သည့် နည်းဗျူဟာများကို ဖော်ပြတတ်မည်။
- ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်း (Non-Directive Teaching) အကြောင်းကို အဓိပ္ပာယ် သတ်မှတ် ပြတတ်မည်။
- ကားလ်ရော်ဂျာစ်၏ သင်ယူမှု သဘောတရား (၁၀) ချက်ကို ဖော်ပြတတ်မည်။
- (ကျောင်းသားများ၏) သင်ယူမှုကို ထိရောက်စွာ ကူညီလမ်းညွှန်ပေးနိုင်သည့် ကူညီလမ်းညွှန် သူ(ဆရာ) တစ်ဦး၏ အရည်အသွေးများအကြောင်းကို ဆွေးနွေးတင်ပြတတ်မည်။
- ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု (Co-operative learning) နှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှု (Collaborative Learning) ကို ခွဲခြားသိရှိလာမည်။
- အလယ်တန်းကျောင်းသားများအတွက် ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက် သင်ယူမှု လုပ်ငန်းများကို ဖန်တီးတည်ဆောက် တတ်မည်။
- ပညာရေးနယ်ပယ်တွင် အသုံးပြုသည့် အကောင်းမြင်တတ်မှုကို ဦးစားပေးသော စိတ်ပညာ (Positive psychology) ကို အဓိပ္ပာယ် သတ်မှတ် ဖော်ပြတတ်မည်။
- သင်တို့လက်ရှိကျွမ်းဝင်ပြီးဖြစ်နေသော ကျောင်းအနေအထားတွင် အကောင်းမြင်တတ်မှုကို ဦးစားပေးလေ့လာသော ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးဆောင်ရွက်မှု အညွှန်းဘောင်ကို မည်သို့ အသုံးပြုနိုင်ကြောင်းကို ဆွေးနွေးတင်ပြတတ်မည်။
- မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် လက်တွေ့အသုံးချနိုင်သော လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်များကို ဖော်ပြတတ်မည်။

- ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့ ဒွန်တွဲလွန်ဆွဲနေသော အသက် (၅) နှစ်မှ (၁၃) နှစ်ကြား အသက်အရွယ်အုပ်စုမှ ကျောင်းသားများနှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့်အခန်းကဏ္ဍ မကွဲပြားမှု တို့ ဒွန်တွဲလွန်ဆွဲနေသော အသက် (၁၃) နှစ်မှ (၂၁) နှစ်ကြား အသက်အရွယ်အုပ်စုမှ ကျောင်းသားများကို ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ် ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ကို နားလည်သဘောပေါက်ကြောင်း ပြသည်။

(က) (၂.၁) သင်ကြားမှု သင်ယူမှုဆိုင်ရာ နည်းဗျူဟာ အမျိုးအမျိုးနှင့် ရင်းမြစ်အမျိုးအမျိုးကို ဆီလျော်စွာ အသုံးပြုနိုင်မှုအား နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိပညာများနှင့် အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများအား ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

(ဂ) (၁.၂) ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုရာတွင် မိမိ၏ လက်တွေ့သင်ကြားမှုများအား လွှမ်းမိုးနေသော နောက်ခံစိတ်ကူး၊ အတွေးအခေါ်များကို နားလည်ကြောင်း ပြသသည်။

(ဂ) (၃.၂) ကျောင်းသားများ၏ မတူကွဲပြားသော ခြားနားချက်များကို လေးစားပြီး ကျောင်းသား အားလုံး မိမိတို့၏ စွမ်းရည်အလိုက် သင်ယူနိုင်သည်ဟူသော ယုံကြည်မှုသဘောထားကို ဖော်ပြသည်။

# ၅.၁။ ပညာရေး စိတ်ပညာအကြောင်း နားလည်သဘော ပေါက်မှုဖွံ့ဖြိုးစေခြင်း

ပညာရေးနယ်ပယ်များနှင့် စိတ်ပညာဘာသာရပ်တို့ကို ပေါင်းစပ်ထားသော ပညာရေး စိတ်ပညာသည် သင်ကြားမှု သင်ယူမှုဖြစ်စဉ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထိုပညာရပ်က လူတို့မည်သို့သင်ယူပြီး သူတို့သင်ယူပြီးသောအရာများကို မည်သို့မှတ်မိကြ သည်ကို လေ့လာထားသော ပညာရပ်ဖြစ်သည်။ ဤအခန်းတွင် ပထမနှစ်သင်တန်း လေ့လာ သင်ယူခဲ့စဉ်က မိတ်ဆက်ပေးခဲ့သော ပညာရေးစိတ်ပညာနယ်ပယ် (၄) ခုကို ဆက်လက် လေ့လာသင်ယူကြမည်။

- အပြုအမူဆိုင်ရာ ရှုထောင့် (Behavioural perspective)
- သိမှုဖွံ့ဖြိုးလာပုံ အဆင့်ဆင့်နှင့်သက်ဆိုင်သော ရှုထောင့် (Developmental perspective)
- သိမှုဆိုင်ရာ ရှုထောင့်(Cognitive perspective) နှင့်
- အသိပညာတည်ဆောက်မှုဆိုင်ရာ ရှုထောင့် (Constructivist perspective) တို့ကို ဆက်လက်လေ့လာမည်။

၎င်းတို့ကိုလေ့လာပြီးနောက် ပညာရေး စိတ်ပညာ၏ သဘောတရားများကို စာသင်ခန်းတွင် မည်သို့ အသုံးပြုနိုင်ကြောင်းကို ဆန်းစစ်လေ့လာမည် ဖြစ်သည်။

## ၅.၁.၁။ ပညာရေးစိတ်ပညာ၏ အရေးပါမှု

ဤသင်ခန်းစာကို စာသင်ချိန် (၃) ချိန်စာ သင်ယူရမည်ဖြစ်သည်။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သင်ကြား၊ သင်ယူမှု အခြေအနေအမျိုးမျိုးတို့တွင် ပညာရေးစိတ်ပညာ၏ အရေးပါမှုကို ဆွေးနွေးတတ်မည်။
- ပညာရေးစိတ်ပညာ၏ အဓိကကျသော နယ်ပယ်များကို အနှစ်ချုပ်ဖော်ပြတတ်မည်။
- စာသင်ခန်းတွင်း လက်တွေ့သင်ကြားမှုများအတွက် ပညာရေးစိတ်ပညာ၏ သွယ်ဝိုက် ရည်ညွှန်းမှု (သွယ်ဝိုက်အသုံးပြုနိုင်မှု) များကို သတ်မှတ်ဖော်ထုတ်တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၃) ချိန်

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - ဆရာ့ရွေးချယ်မှုများအပေါ် ပြန်လည်သုံးသပ်စဉ်းစားခြင်း

သင်ယူမှုလုပ်ငန်း (၂) - ခိုင်မြဲသောတုံ့ပြန်မှုကို ရစေသည့် အပြုအမူပုံသွင်းခြင်း၏ သက်ရောက်မှုကို စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၃) - အပြုအမူပုံသွင်းခြင်းဆိုင်ရာ အစဉ်အလာယူဆချက်ကို ချေဖျက်သုံးသပ်ခြင်း

သင်ယူမှုလုပ်ငန်း (၄) - ပညာရေးစိတ်ပညာ၏ အဓိကကျသော အယူအဆရှုထောင့် (၄)ရပ်အကြောင်း သရုပ်ဆောင် သင်ကြားသင်ယူခြင်း

သင်ယူမှုလုပ်ငန်း (၅) - စကားရည်လုပွဲ - အလယ်တန်းကျောင်းများအတွက် စိတ်ပညာရှုထောင့် (၄) ရပ်ထဲမှ မည်သည့်ရှုထောင့်သည် အကောင်းဆုံးဖြစ်သနည်း။

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၅.၁.၁) ကိုဖတ်ပါ။

## လိုအပ်သော ရင်းမြစ်များ

သင်ယူမှုလုပ်ငန်း (၁) - ဇယား (၅.၁) ၊ သင်ပုန်းဖြူနှင့် ရေးရန်မာကာများ

သင်ယူမှုလုပ်ငန်း (၂) - ခိုင်မြဲသော တုံ့ပြန်မှုကို ရစေသည့် အပြုအမူပုံသွင်းခြင်းကို သရုပ်ဖော်သည့်ဗီဒီယိုဖိုင်

သင်ယူမှုလုပ်ငန်း (၃) - အစဉ်အလာသုံးခဲ့သော အပြုအမူပုံသွင်းမှု (Classical conditioning) ကို သရုပ်ဖော်သည့် ဗီဒီယိုဖိုင်

သင်ယူမှုလုပ်ငန်း (၄) - A4 အရွယ်အစား စာရွက် (၄) ရွက်၊ (၆) ဦးစီပါဝင်ဖွဲ့စည်းထားသည့် ကျောင်းသားအုပ်စုတစ်ခုစီအတွက် ပေးရမည်။ စာရွက်တစ်ခုစီပေါ်၌ အောက်ပါခေါင်းစဉ်များ တပ်ထားမည်။

- အပြုအမူဆိုင်ရာ ရှုထောင့် (Behavioural perspective)

- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့်သက်ဆိုင်သောရှုထောင့် (Developmental perspective)
- သိမှုဆိုင်ရာ ရှုထောင့် (Cognitive perspective)
- အသိပညာတည်ဆောက်မှုဆိုင်ရာ ရှုထောင့် (Constructivist perspective)

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပညာရေးစိတ်ပညာသည် လူတို့ မည်သို့ သင်ယူတတ်ကြသည် နှင့် သင်ယူထားသည်တို့ကို မည်သို့ မှတ်မိကြသည်ကို လေ့လာသော ပညာရပ်ဖြစ်သည်။

၂။ ပညာရေး စိတ်ပညာတွင် အောက်ပါအကြောင်းအရာတို့ ပါဝင်သည်။

- ပညာရေးစိတ်ပညာတွင် လူတို့သင်ယူလေ့လာပုံနှင့် အချက်အလက်/ အကြောင်း အရာများကို မည်သို့ သိုလှောင်သိမ်းဆည်းထားနိုင်ပုံကို လေ့လာခြင်း ပါဝင်သည်။
- ပညာရေးစိတ်ပညာသည် သင်ယူမှုဖြစ်စဉ်အပေါ် အာရုံစိုက်လေ့လာသည့် သဘောတရားရေးရာနှင့် သုတေသနပြုမှုဆိုင်ရာ ဘာသာရပ်ခွဲတစ်ခု ဖြစ်သည်။
- ထိုဘာသာရပ်တွင် ဘဝသက်တမ်းတစ်လျှောက်လုံး/ ဘဝတစ်သက်တာ သင်ယူရသော ပညာရေးတွင် ပါဝင်နေသည့် လူမှုရေးဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာနှင့် သိမှုဆိုင်ရာ ဖြစ်စဉ်များအကြောင်း ပါဝင်သည်။
- ထိုဘာသာရပ်တွင် သင်ကြားမှုဖြစ်စဉ်၊ ကျောင်းသားရလဒ်များ၊ သင်ယူမှု၌ ကျောင်းသား/ ကျောင်းသူတစ်ဦးစီ၏ သင်ယူပုံခြားနားမှုများ၊ သင်ယူမှု ပတ်ဝန်းကျင်များ၊ ပါရမီထူးသူများနှင့် အားနည်းချွတ်ယွင်းချက်ရှိသော/ မသန်စွမ်းသော သင်ယူသူများအကြောင်း စသည့် အကြောင်းအရာ အမျိုးမျိုးတို့ ပါဝင်ကြသည်။

၃။ လူတို့မည်သို့သင်ယူသည် (သို့မဟုတ်) လူတို့၏ သင်ယူပုံသင်ယူနည်းကို သိရှိလာအောင် သင်ယူခြင်းက သင်တို့အား အထောက်အကူဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ သိရှိလာခြင်းအားဖြင့် ဆရာတစ်ဦးအနေနှင့် သင်သည် သင့်ကျောင်းသားများ၏ သင်ယူမှုဟန် (Learning style) များနှင့် သင်ယူမှုလိုအပ်ချက်များကိုသာမက သင်၏ သင်ကြားရေးအတွက် ရွေးချယ်မှုပြုရမည့်အရာများကိုပါ ပိုမိုနားလည် သဘောပေါက်လာနိုင်သည်။

၄။ ဆရာတစ်ဦးအနေနှင့် သင်ရွေးချယ်မှုပြုရမည့်အရာများမှာ

- သင်ရိုးညွှန်းတမ်းအကြောင်းအရာ
- သင်ယူမှုနှင့် သင်ကြားမှု နည်းဗျူဟာများ
- သင်ယူမှုကို စစ်ဆေးအကဲဖြတ်နည်းများ
- ကျောင်းသားများကို စိတ်ဝင်စားလာအောင် စေ့ဆော်နည်း
- ကျောင်းသားတစ်ဦးစီ၏ သင်ယူမှုလိုအပ်ချက်များကို ပံ့ပိုးပေးနည်း
- အတန်းစီမံခန့်ခွဲမှု

၅။ ယခုအချိန်ထိ သင်တို့လေ့လာသင်ယူပြီးခဲ့သော ပညာရေးစိတ်ပညာ၏ အဓိက ပညာရပ် နယ်ပယ် (၄) ခုမှာ

- အပြုအမူဆိုင်ရာရှုထောင့် (Behavioural perspective) - ကျောင်းသားများအားဆရာများက ဖြစ်စေလိုသော နည်းများအတိုင်း သင်ယူစေရန်နှင့် ပြုမူစေရန် ဆရာများက သူတို့ကို ပြုပြင်ပုံသွင်း ပေးနိုင်သည်။
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သောရှုထောင့် (Developmental perspective) – ကလေးများသည် သင်ယူရန် အဆင်သင့်ဖြစ်သောအခါ၌ သင်ယူကြသည်။
- သိမှုဆိုင်ရာရှုထောင့် (Cognitive perspective) - ကလေးများသည် သင်ယူရန်၊ သင်ယူထားသော အချက်အလက်များကို သိရှိမှတ်မိရန်၊ စဉ်းစားတွေးခေါ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် သတင်းအချက်အလက်သစ်များကို ဦးနှောက်တွင်း၌ ပြုပြင်စီစဉ်မှတ်သားရန်တို့ကို သူတို့ (စိတ်တွင်း) စေ့ဆော်မှုများ ပေါ်ပေါက်လာသည့်အခါ အောင်မြင်စွာ ဆောင်ရွက်နိုင်ကြသည်။
- အသိပညာ တည်ဆောက်မှုဆိုင်ရာရှုထောင့် (Constructivist perspective) - ကလေးများသည် သူတို့၏ကိုယ်ပိုင်စရိုက် လက္ခဏာများကို တက်ကြွစွာ တည်ဆောက်တတ်ကြသည်။

၆။ ဤသင်ခန်းစာတွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများက ဤစိတ်ပညာနယ်ပယ်များ အကြောင်း သင်၏ နားလည်သဘောပေါက်မှု ပိုမိုကျစ်လစ် ခိုင်မာလာအောင် အထောက်အကူပြုမည် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၁)။ ဆရာ့ရွေးချယ်မှုများအပေါ် ပြန်လည်သုံးသပ်စဉ်းစားခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးစီ၊ နှစ်ယောက်တစ်တွဲ၊ (၆)ဦးစီပါဝင်သောအုပ်စု၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - လက်တွေ့တန်းပြသင်ကြားခြင်းဆောင်ရွက်ရသည့်အခါ ဆရာက မည်သည်တို့ကို ရွေးချယ်ရကြောင်း သတ်မှတ်ဖော်ထုတ်ပေးရန်နှင့် မည်သို့ရွေးချယ်ရကြောင်း ကို သိရှိစေရန်

၁။ ဤသင်ယူမှုလုပ်ငန်းသည် တွေး-တွဲ-မျှဝေနည်းကို အသုံးပြုရသော လုပ်ငန်းဖြစ်ကြောင်းကို ကျောင်းသားများအား ပြောပြပါ။ ယခင်က သူတို့ဆောင်ရွက်ခဲ့ရသော လက်တွေ့တန်းပြ သင်ကြားခြင်းများမှ ရရှိလာခဲ့သော အတွေ့အကြုံများကို ပြန်လည်သုံးသပ်ရန် ပြောပြပါ။

- ဆရာတစ်ဦးအနေနှင့် မည်သည့် ရွေးချယ်မှု (၂) ခုကို ပြုခဲ့ရသနည်း။
- ဤရွေးချယ်မှုများ ပြုလုပ်ခဲ့ရာတွင် ကျောင်းသားများ သင်ယူပုံကို သိရှိထားခြင်းက မည်ကဲ့သို့ အထောက်အကူပြုခဲ့သနည်း။

ကျောင်းသားကိုင်စာအုပ်တွင်ပေးထားသော ဥပမာ - သူငယ်တန်းကလေးများအား မိသားစု ဖွဲ့စည်းပုံ အကြောင်း သင်ကြားရန် သင်က သရုပ်ဆောင်သင်ကြားသင်ယူနည်းကို ရွေးချယ်ခဲ့သည် ဆိုပါစို့။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်များသည် ကစားခြင်းမှတစ်ဆင့် သင်ယူရလျှင် အကောင်းဆုံး သင်ယူတတ်ကြောင်း သင်သိထား၍ ဖြစ်သည်။

၂။ ကျောင်းသားများအား သူတို့ စိတ်ကူးများကို ဆရာ့ရွေးချယ်မှုများကို ပြသည့် ဇယား (၅.၁) တွင် ထည့်သွင်းရေးသားရန် ပြောကြားပါ။ ဇယားတွင် ထည့်သွင်း

ရေးသားပြီးသောအခါ အခြား ကျောင်းသားတစ်ဦးနှင့်မျှဝေပါ။ ၎င်းတို့နှစ်ဦး၏ စိတ်ကူးများအနက် မည်သည်တို့က ဘုံတူညီနေကြသနည်း။ မည်သည်တို့က ခြားနားနေကြသနည်း ဟု ဆွေးနွေးစေရမည်။

၃။ ကျောင်းသားများက ရလာသော စိတ်ကူးစိတ်သန်းများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီးသောအခါ ကျောင်းသားအတွဲ (၃) တွဲကို ပေါင်းစည်းပြီး (၆) ဦးပါဝင်သော ကျောင်းသားအုပ်စု တစ်ခုအဖြစ်သို့ အုပ်စုဖွဲ့စည်းရန် ညွှန်ကြားပါ။ အုပ်စုအတွင်း ရရှိထားသော စိတ်ကူး အတွေး အခေါ်များကို မျှဝေစေရမည်။

၄။ အတန်းကို မူလပုံစံ ပြန်လည်ဖွဲ့စည်းပြီး မျှဝေရန်ဆန္ဒရှိသော ကျောင်းသားများအား သူတို့၏ ရွေးချယ်မှုများကို မျှဝေရန်နှင့် ကျောင်းသားများ၏ သင်ယူပုံကို သိရှိခြင်းက သူတို့ ရွေးချယ်မှုအတွက် မည်သို့ အထောက်အကူပြုပုံကို ရှင်းပြစေရန် ပြောပါ။

၅။ ကျောင်းသားများ မည်သို့သင်ယူသည်ကို သိရှိခြင်းက ဆရာ၏ သင်ကြားမှုအတွက် ရွေးချယ်မှုများပြုရာတွင် မည်သို့ အထောက်အကူဖြစ်စေကြောင်းကို ကျောင်းသားများအား မေးမြန်းပါ။ ထို့နောက် လူတို့ မည်သို့ သင်ယူပုံကို လေ့လာသော ပညာရေး စိတ်ပညာသည် သင်ကြားမှုနှင့် သင်ယူမှုတို့တွင် အဘယ်ကြောင့် အရေးပါရသည်ကို အတန်းမှ ကျောင်းသားများကို မေးမြန်းပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးဖြစ်နိုင်သည်။ ထိုအဖြေများတွင် ရွေးချယ်မှုလုပ်ငန်းများ၊ ရင်းမြစ်များ၊ ကျောင်းသားများကိုအုပ်စုဖွဲ့ပေးရခြင်းများ စသည့်အကြောင်းအရာများလည်း ပါဝင်နိုင်သည်။ ရွေးချယ်မှုများ ပြုလုပ်ရာတွင် မူလတန်းကျောင်းသားများ သင်ယူပုံအကြောင်း အတန်းထဲ၌ သူတို့ သင်ယူခဲ့ရသည့် အကြောင်းအရာများပေါ် မူတည်ကာ ရွေးချယ်သင့်သည်။ ထို့ကြောင့် ဤနားလည်မှုသည် သင်ကြားမှုနှင့် သင်ယူမှုဆိုင်ရာကဏ္ဍ အားလုံးအတွက်

အရေးပါသည်။ ပညာရေးစိတ်ပညာ အရေးပါရခြင်းမှာလည်း ထိုဘာသာရပ်က ဆရာများဖြစ်ကြသည့် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ကျောင်းသားများ မည်သို့ သင်ယူတတ်ကြကြောင်းကို နားလည်သဘောပေါက်လာစေရန် အထောက်အကူ ပြုပေးသောကြောင့်ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း(၂)။ ခိုင်မြဲသော တုံ့ပြန်မှုကို ရစေသည့် အပြုအမူပုံသွင်းခြင်း၏ အကျိုးသက် ရောက်မှုကို စစ်ဆေးအကဲဖြတ်ခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးစီပါဝင်သော အုပ်စု၊ တစ်တန်းလုံး |

**ရည်ရွယ်ချက် -** ခိုင်မြဲသော တုံ့ပြန်မှုကို ရစေသည့် အပြုအမူပုံသွင်းခြင်းအကြောင်း နားလည်မှုကို ကျစ်လစ်ခိုင်မာလာစေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီ ပါဝင်သော အုပ်စုငယ်များအဖြစ်သို့ ခွဲခြားပါ။ သူတို့အား ခိုင်မြဲသောတုံ့ပြန်မှုရစေသည့် အပြုအမူပုံသွင်းခြင်းအကြောင်း သရုပ်ဖော်သည့် ဇာတ်ညွှန်းကို ပြန်လည်ဖတ်ရှုလေ့လာစေရမည်။ (အောက်တွင်ပေးထားသည့် ကျောင်းသားကိုင် စာအုပ် ထဲတွင်လည်း ကြည့်နိုင်သည်။)

စာလုံးပေါင်းလေ့ကျင့်ရသော သင်ယူမှုတွင် ဖြိုးကျော်က အမြဲတမ်း အမှတ်ကောင်းကောင်း ရသည်။ စာလုံးပေါင်းရန်ပေးထားသော စာရင်းထဲမှ စကားလုံးများကို မှန်ကန်စွာပေါင်းပြီး အမှတ်ပြည့်ရတိုင်း ဆရာက အတန်းမှ ကျောင်းသားအမည်များ ရေးထားသော ဇယားကွက်တွင် ဖြိုးကျော်အမည်ဘေး၌ စတစ်ကာတစ်ခု ကပ်ပေးသည်။ သို့နှင့် ဖြိုးကျော်ထံ၌ စတစ်ကာ အများအပြား ရလာသောအခါ သူကိုယ်သူ အားရဂုဏ်ယူလာသည်။ အမှတ်အကောင်းဆုံးရပြီးနောက် နောက်ထပ်စတစ်ကာအသစ်တစ်မျိုးကို ထပ်၍ လိုချင်လာပြန်သည်။ သို့သော် မကောင်းသော အပြုအမူကြောင့် စောအယ်ထူးရရှိထားသော စတစ်ကာများကိုမူ အတန်းဇယားကွက်ထဲမှ ဆရာက ဖယ်ရှားပစ်လိုက်သည်။ စောအယ်ထူး၌ စတစ်ကာအနည်းငယ် ဆုံးရှုံးသွားသည်။ ထိုအခါ စောအယ်ထူးက စိတ်ဆိုးပြီး

စိတ်နာသွားကာ စတစ်ကာရရန် ကြိုးစားလုပ်ဆောင်ခြင်းကို စိတ်မဝင်စားတော့ချေ။

၂။ အုပ်စုများက ဇာတ်ညွှန်းကို ပြန်ဖတ်ပြီးသည့်အခါ ထိုဇာတ်ညွှန်းကို ဆွေးနွေးရန် ဆရာက ညွှန်ကြားပါ။ အောက်ပါလမ်းညွှန်မေးခွန်းများကို အသုံးပြုပါ။

- ဆရာက စတစ်ကာများပေးသောအခါ ဖြိုးကျော်၏ တုံ့ပြန်သော အပြုအမူမှာ အဘယ်နည်း။
- ဆရာက စတစ်ကာများ ဖယ်ရှားလိုက်သောအခါ စောအယ်ထူး၏ တုံ့ပြန်သောအပြုအမူမှာ အဘယ်နည်း။
- ဆရာ၏ တုံ့ပြန်မှုများသည် ကျောင်းသားများ၏ သင်ယူမှုအတွက် အကျိုးပြု မည်ဟု ထင်မြင်ပါသလား။
- ကျောင်းသားနှစ်ဦးစလုံးအတွက် အကျိုးကျေးဇူးရှိသော သင်ယူမှုအပြုအမူများပေါ်ပေါက်စေရန်အတွက် ဆရာက ယခုကဲ့သို့ မဟုတ်ဘဲ အခြားမည်ကဲ့သို့ ပြုမူခဲ့သင့်သနည်း။

၃။ အတန်းကို ပြန်လည်ပေါင်းစည်းကာ မေးခွန်းများကို တစ်ခုပြီးတစ်ခု ဆွေးနွေးစေရမည်။ အုပ်စုတစ်ခုစီမှ အဖွဲ့ဝင်တစ်ဦးစီကို သူတို့အဖြေများကို မျှဝေရန် ဖိတ်ခေါ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်းနှင့်တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အချို့ကျောင်းသားများက ခိုင်မြဲသော တုံ့ပြန်မှုရအောင် အပြုအမူ ပုံသွင်းခြင်းသည် အကျိုးကျေးဇူးများသည်ဟု ထင်မြင်မည်။ အချို့ကမူ ဝေဖန်မှု၊ စောဒကတက်မှုများ ပေးကြမည်။ ဖြိုးကျော်က စတစ်ကာများရခြင်းကို သဘောကျ ကျေနပ်ပြီး စတစ်ကာများနောက်ထပ်လည်း ထပ်ခါထပ်ခါ ရရှိနိုင်ရန်အတွက် ထိုနည်းအတိုင်း ဆက်လက်ပြုမူမည်။ (ဆက်လက်ကြိုးစားမည်) စောအယ်ထူးမှာမူ စတစ်ကာများ အဖယ်ရှားခံရပြီး ဖြိုးကျော်၌ စတစ်ကာများစုပုံရရှိ

နေသည်ကို ကြည့်ပြီးနောင်တရနေနိုင်သည်။ ထို့ကြောင့် စောအယ်ထူးက စတစ်ကာများ ရအောင် မကြိုးစားတော့ဘဲ အဖြေမှန်ရရန်လည်း မကြိုးစားတော့ချေ။

ဖြိုးကျော်အတွက် စတစ်ကာများက အပြုအမူကောင်းကို ပုံသွင်းပေးနိုင်ပုံ ပေါ်သော်လည်း နောင်အနာဂတ်တွင် သူ၏အခြားအပြုအမူကောင်းများအတွက် ဆုများပေးရန် လိုလာမည်။ ဖြိုးကျော်ကို အားပေးပြီး ချီးကျူးမှုကို ရရှိလိုစိတ်ကို သူ၏ ကိုယ်ပိုင်ပုံစံအဖြစ် စွဲမြဲတည်တံ့စေရန် ဆောင်ရွက်ပေးသင့်သည်။ ဤနည်းအားဖြင့် အမှန်တကယ် အောင်မြင်လိုစိတ် ပေါ်ပေါက်လာစေမည်။ စောအယ်ထူးက သင်ယူရန်နှင့် အောင်မြင်ရန် ကြိုးစားမှု မပြုတော့သည်မှာ သူနှစ်သက်သော စတစ်ကာများကို ဆုံးရှုံးရသောကြောင့် ဖြစ်သည်။ ဤသို့ ပုံသွင်းခြင်းသည် သင်ယူသူတစ်ဦးအနေနှင့် သူ့ကို သင်ယူလိုစိတ် ရှိလာအောင် အားပေးတိုက်တွန်းနိုင်ခြင်းမရှိပါ။

သို့ဖြစ်လျှင် ဆရာက မည်သို့ဆောင်ရွက်ခဲ့သင့်သနည်းကို စဉ်းစားရမည်ဖြစ်သည်။ ကျောင်းသားနှစ်ဦးစလုံးအား သူတို့၏ အပြုအမူများသည် ချီးကျူးစရာများ ရှာဖွေကြံဆပြီး အားပေး တိုက်တွန်းရမည်ဖြစ်ပါသည်။ ချီးကျူးမှုကို ရယူလိုစိတ်အား သူတို့ ကိုယ်တိုင် နှစ်သက်ကာ ကိုယ်ပိုင် ပုံစံအဖြစ် စွဲမြဲတည်တံ့အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ချီးကျူးမှုကို ရနိုင်ရန် သူတို့ကိုယ်ကို သူတို့ မပြတ်စေ့ဆော်နေမည်ဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၃)။ အပြုအမူပုံသွင်းခြင်းဆိုင်ရာ အစဉ်အလာယူဆချက်ကို ချေဖျက်သုံးသပ်ခြင်း[၂၉]

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

၁။ သင်ယူမှုလုပ်ငန်း (၂) ဆောင်ရွက်စဉ်က အုပ်စုများအတိုင်းဆက်လက်၍ ဤလုပ်ငန်းကို ဆောင်ရွက်နိုင်သည်။
၂။ အပြုအမူပုံသွင်းခြင်းဆိုင်ရာ အစဉ်အလာယူဆချက်ဇာတ်ညွှန်း (S-R) ကို

၂၉ Stangor & Walinga, 2014, Chapter 8.1

ပြန်လည် ဖတ်ရှုလေ့လာရန် ကျောင်းသားများကို ညွှန်ကြားပါ၊ (အောက်တွင်နှင့် ကျောင်းသားကိုင်စာအုပ်တွင် ဖတ်ရှုနိုင်သည်။)

*အပြုအမူပုံသွင်းခြင်းဆိုင်ရာ အစဉ်အလာယူဆချက်ဇာတ်ညွှန်း*

ကျောင်းသားများက ဆရာပြောသည်တို့ကို တိတ်ဆိတ်စွာ အာရုံစူးစိုက်နားထောင်ကြသည့် အခါတိုင်း ဆရာက သင်ပုန်းပေါ်၌ ရွှေရောင်ကြယ်ပွင့်များ ဆွဲထားပေးသည်။ ဤသို့ လေ့ကျင့်ပေးရာ နောက်ဆုံး၌ ဆရာက ရွှေရောင်ကြယ်ပွင့်များ မဆွဲရသေးမီ သင်ပုန်းအနီးသို့ ရောက်ရှိရုံမျှဖြင့် ကျောင်းသားများက တိတ်ဆိတ်စွာ အာရုံစူးစိုက် နားထောင်လာကြကြောင်း တွေ့ရသည်။

၃။ ဤဇာတ်ညွှန်းကို ပြန်လည်ဖတ်ရှုပြီးသည့်အခါ အောက်ပါမေးခွန်းများကို အသုံး ပြုပြီး ထိုဇာတ်ညွှန်းကို ဆွေးနွေးစေရမည်။ ကျောင်းသားများ၏ အပြုအမူကို အစဉ်အလာ အသုံးပြုခဲ့သော အပြုအမူပုံသွင်းမှု (S-R) ရှုထောင့်မှနေ၍ သင်မည်သို့ ရှင်းပြမည်နည်း။

၄။ အတန်းကို မူလအတိုင်း ပြန်လည်ပေါင်းစည်းပြီး အုပ်စုများမှ ရလာသောအဖြေများကို အတန်းနှင့်မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဆရာမက သင်ပုန်းဆီသို့ လျှောက်သွားသည့်အခါ ကလေးများကို တိတ်တိတ်ဆိတ်ဆိတ်နေစေပြီး သင်ကြားသည်ကို အာရုံစိုက်စေရန်အတွက် ပုံသွင်းထားခြင်းဖြစ်သည်။ အဘယ်ကြောင့် တိတ်ဆိတ်သွားရသနည်းဆိုသော် ကလေးများက ရွှေရောင်ကြယ်ပွင့်ကို နှစ်သက်ကြသောကြောင့် ဖြစ်သည်။ သူတို့နှစ်သက်သော ရွှေရောင်ကြယ်ပွင့်ကို သူတို့တိတ်ဆိတ်စွာနေသည့်အခါ ဆရာမက ရွှေရောင်ကြယ်ပွင့်ကို ရေးဆွဲ/ကပ်ပေးနေကျဖြစ်ပါသည်။ဤသို့ မကြာခဏ လေ့ကျင့်ထားသည့်အခါ နောက်ဆုံးတွင် ဆရာမ သင်ပုန်းဆီသို့ လျှောက်သွားသည့်အခါတိုင်းတွင် ရွှေရောင်ကြယ်ပွင့် ရလာ မည်ဟု သူတို့မျှော်လင့်ကြသည်။ အမှန်တကယ် မရေးဆွဲမီ/မကပ်မီကပင် ကလေးများသည် တိတ်ဆိတ်စွာနေတတ်ခြင်းကို ကျင့်သားရလာကြသည်။

## စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤစာသင်ချိန်တွင် ကျွန်ုပ်တို့သည် အောက်ပါ စိတ်ပညာရှုထောင့်များကို လေ့လာကြမည်။
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့်သက်ဆိုင်သောရှုထောင့်
- သိမှုဆိုင်ရာရှုထောင့်
- အသိပညာ တည်ဆောက်မှုဆိုင်ရာ ရှုထောင့်

၂။ သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့်သက်ဆိုင်သောရှုထောင့်က ရေရှည်ကာလတစ်လျှောက်တွင် သင်ယူသူများထံ၌ တွေ့ရှိရသော အပြောင်းအလဲများကို လေ့လာသည်။

၃။ အခန်းငယ် (၂.၃) တွင် သင်တို့လေ့လာခဲ့သည့်အတိုင်း အပြောင်းအလဲများသည် စဉ်ဆက်မပြတ် ပေါ်ပေါက်သည် (သို့မဟုတ်) အချိန်ခြား၍ ပေါ်ပေါက်သည်ဟု ရှုမြင်ယူဆနိုင်ပါသည်။
- စဉ်ဆက်မပြတ် ပေါ်ပေါက်သည်ဟု ယူဆသော ရှုထောင့်က သင်ယူမှုနှင့် ဖွံ့ဖြိုးမှုတို့ကို တဖြည်းဖြည်းချင်းတိုး၍ တိုး၍ဖြစ်ပေါ်နေသော အလျဉ်မပြတ်သည့် ဖြစ်စဉ်များဟု ယူဆသည်။
- အချိန်ခြား၍ ဖြစ်ပေါ်သည်ဟု ယူဆသောရှုထောင့်ကမူ သင်ယူမှုနှင့် ဖွံ့ဖြိုးမှု တို့သည် အဆင့်လိုက် ကွာခြားသည်ဟု ရှုမြင်ပါသည်။ အဆင့်တစ်ခုစီ၌ အစများနှင့် အဆုံးများ ရှိကြသည်။
- ပီယာဂျေး ၏ အသိ/သိမှုဖွံ့ဖြိုးပုံအဆင့်ဆင့်သည် အချိန်ခြား၍ ဖြစ်ပေါ်ခြင်း ရှုထောင့်မှ ဥပမာတစ်ခုဖြစ်သည်။

၄။ ဆရာများက ကလေးများသည် မည်သည့်အသက်အရွယ်၊ မည်သည့်အဆင့်တွင် မည်သို့ ဖွံ့ဖြိုးလာသည်ကို နားလည်ထားသောအခါ (သို့မဟုတ်) တစ်ဆင့်ချင်း စဉ်ဆက်မပြတ် တိုး၍ ဖွံ့ဖြိုးလာသည်ဟု နားလည်ထားသောအခါ ထိုအဆင့်နှင့်

ကိုက်ညီသော ပညာရေးဆိုင်ရာ စာရွက်စာတမ်း(သင်ကြားမည့်အကြောင်းအရာ)၊ သင်ကြားနည်းဗျူဟာ စသည်တို့ကို ပုံစံချရေးဆွဲစီစဉ်နိုင်မည်ဖြစ်သည်။

၅။ သိမှုဆိုင်ရာရှုထောင့် (Cognitive perspective)က လူတို့သည် စေ့ဆော်မှုကို မည်ကဲ့သို့ရရှိလာပြီး သင်ယူခြင်း၊ မှတ်မိခြင်း၊ စဉ်းစားတွေးခေါ်ခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် အချက်အလက်များကို ဦးနှောက်ထဲ၌ ချိတ်ဆက်ပြုပြင် စီစဉ်မှတ်သားခြင်းတို့ကို ဆောင်ရွက်ကြပုံကို လေ့လာဆန်းစစ် ရှာဖွေထားသည်။

၆။ လူတို့၏ စိတ်တွင်းပိုင်းဆိုင်ရာ စဉ်းစားတွေးခေါ်မှုဖြစ်စဉ်များကိုအဓိကအာရုံစိုက်လေ့လာပြီး သင်ယူသူများကိုလည်း သူတို့၏ ကိုယ်ပိုင်သင်ယူမှုဖြစ်စဉ်များတွင် ကိုယ်တိုင်စီမံခန့်ခွဲ နိုင်စွမ်းရှိကြသူ တက်ကြွဖျတ်လတ်စွာ ဆောင်ရွက်တတ်သူများအဖြစ်ရှုမြင်သုံးသပ်သည်။

၇။ အသိပညာသည် ယခင်ကရှိနှင့်ပြီးသော အသိပညာနှင့် သင်ယူသူ၏ဘဝထဲမှ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခန်းကဏ္ဍတို့အပေါ် မှီတည်နေသောကြောင့် သင်ယူမှုသည်လည်း သင်ယူသူများအကြား အမျိုးမျိုးကွဲပြားနေသည်။

၈။ လူတစ်ဦးနှင့် တစ်ဦးအကြား ကူးလူးဆက်ဆံမှု (Social interaction) သည် သင်ယူမှု၏ အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်လာသည်။

၉။ ပီယာဂျေးက ကလေးများ၏ အသက်အရွယ်အဆင့် အသီးသီး၌ ဖြစ်ပေါ်လာသော ဖွံ့ဖြိုးမှု အဆင့်ဆင့်တို့ကို သိမြင်လာသောကြောင့် ၎င်း၏သီအိုရီသည် သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်ရှုထောင့်နှင့် အံဝင်ခွင်ကျကိုက်ညီသည်မှန်သော်လည်း ၎င်းကိုယ်တိုင်မှာ အမှန်တကယ်အားဖြင့် သိမှုဆိုင်ရာ သဘောတရားကို လက်ခံသူ ပညာရှင်တစ်ဦးဖြစ်သည်။ လူတို့သည် သူတို့၏ကိုယ်ပိုင်အသိပညာကို သူတို့၏ လက်ရှိစိတ်တွင်းပိုင်းဆိုင်ရာ ဖြစ်စဉ်များပေါ် အခြေခံကာ တည်ဆောက်ဖန်တီးကြသည်ဟု ပီယာဂျေး ကယူဆပါသည်။[၄၀] ဤစိတ်တွင်းပိုင်း ဖြစ်စဉ်များတွင် အောက်ပါတို့ ပါဝင်ကြသည်။

- အာရုံစိုက်ခြင်း(attention)
- ကြည့်ရှုလေ့လာခြင်း(observation)
- အာရုံခံခြင်း(perception)

၄၀ McLeod, 2018.

- အနက်အဓိပ္ပာယ်ကောက်ယူခြင်း(interpreting)
- စုစည်းခြင်း(organising)
- မှတ်ဉာဏ်(memory)
- အမျိုးအစားခွဲခြားခြင်း(categorising)
- ယေဘုယျပြုကောက်ချက်ချခြင်း(generalising)

၁၀။သိမှုဆိုင်ရာရှုထောင့်-နယ်ပယ်အတွင်းမှ ထင်ရှားသော အခြားစိတ်ပညာရှင် တစ်ဦးမှာ Bandura ဖြစ်သည်။ သူ၏ လူမှုရေးသိမှုဆိုင်ရာ သီအိုရီ (social cognitive theory) က လူတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ပညာဆိုင်ရာ အကြောင်း ရင်းခံများသည် သင်ယူမှုအပေါ်၌ အကျိုးသက်ရောက်မှုရှိကြသည်ဟု အသိအမှတ်ပြုထားသည်။

၁၁။ သင်ယူမှုဆိုသည်မှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ အပြုအမူဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှုများမှ ထွက်ပေါ်လာသော ရလဒ်ဖြစ်သည်ဟု Bandura က သီအိုရီထုတ် ခဲ့ပါသည်။ ကလေးများသည် သူတစ်ပါးတို့၏ အပြုအမူနှင့် ထိုအပြုအမူ၏ နောက်ဆက်တွဲရလဒ်များကို ကြည့်ရှုလေ့လာခြင်းမှထပ်ဆင့် သင်ယူနိုင်ကြ ကြောင်းကို ပြသခဲ့ပါသည်။ (အတုမြင်အတတ်သင်ခြင်း)

၁၂။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model) သည်လည်း သိမှုဆိုင်ရာ စိတ်ပညာ ရှုထောင့် တစ်ခုဖြစ်သည်။။ ဤရှုထောင့်က လူတို့၏ ဦးနှောက်ကို ကွန်ပျူတာနှင့် လုပ်ဆောင်ပုံချင်း တူညီသည်ဟု သတ်မှတ်ယူဆပါသည်။ ပထမဦးစွာ ဦးနှောက် ထဲသို့ အချက်အလက်များကို ထည့်သွင်းလိုက်သည်။ ထိုအချက်အလက်များကို အဆင့်ဆင့် ပြုပြင်စီစဉ်ပြီးသည့်အခါ ရေတိုမှတ်ဉာဏ်နှင့် ရေရှည်မှတ်ဉာဏ် တို့ ထဲတွင် သိမ်းဆည်းပြီးနောက် နောင်လိုအပ်သည့်အချိန်၌ ထုတ်ယူသုံးစွဲနိုင်စေ သည်။

၁၃။ အသိပညာတည်ဆောက်မှုဆိုင်ရာ ရှုထောင့်သည်လည်း သိမှုဆိုင်ရာ သီအိုရီ တစ်ခုဖြစ်ပါသည်။ ကလေးများသည် သူတို့၏ ကိုယ်ရည်ကိုယ်သွေးစရိုက် လက္ခဏာများကို တက်ကြွစွာ တည်ဆောက်တတ်ကြပြီး ပတ်ဝန်းကျင်လောက အကြောင်း အသိပညာ၊ နားလည်သဘောပေါက်မှုနှင့် ယုံကြည်မှုများကိုလည်း တည်ဆောက်နိုင်ကြသည်ဟု ထိုသီအိုရီက အသိအမှတ်ပြု ဝန်ခံထားသည်။။

၁၄။ ကလေးများ၏ ပတ်ဝန်းကျင်လောက၌ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများ ရှိကြရာ ၎င်းအချက်များသည် ကလေးတစ်ဦး၏ သင်ယူမှုတည်ဆောက်မှုအပေါ်တွင် သက်ရောက်မှုရှိနေကြသည်။

၁၅။ အသိပညာတည်ဆောက်မှု စိတ်ပညာ၏အဓိက စိတ်ကူး /အတွေးအမြင်များမှာ

- သင်ယူသူများသည် အချက်အလက်ရှာဖွေခြင်းနှင့် သင်ယူမှုလုပ်ငန်းအမျိုးမျိုးတို့ကို လုပ်ဆောင်ခြင်းတို့အားဖြင့် သူတို့၏ သင်ယူမှုကို မြှင့်တင်ရန်အတွက် သင်ယူမှုတွင် တက်ကြွစွာပါဝင်ကြသည်။
- သင်ယူသူများသည် သင်ယူမှုကို ကိုယ်တိုင်တာဝန်ခံစီမံ ဆောင်ရွက်တတ်သူများ ဖြစ်ကြသည်။ သူတို့၏ သင်ယူမှုကို သူတို့ကိုယ်တိုင် တည်ဆောက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းတို့ ပြုနိုင်ကြပြီး ထိုသို့ပြုရာတွင်လည်း များသောအားဖြင့် အဆင့်မြင့် တွေးခေါ်ခြင်း (Metacognition) ကို အသုံးပြုကြသည်။ (စဉ်းစားတွေးခေါ်မှုအကြောင်းကို စဉ်းစားတွေးခေါ်ခြင်း)
- ထိရောက်သော သင်ယူမှုတွင် အခြားသူများ ဥပမာ - သက်ရွယ်တူ သူငယ်ချင်းများ၊ မိဘများ၊ ဆရာများနှင့်ရပ်ရွာလူထုအဖွဲ့အစည်းဝင်များတို့ ပါဝင်နေကြသည်။
- သင်ယူသူများကို သူတို့ သင်ယူမှု၏ အနက်အဓိပ္ပာယ်ကို ကောက်ယူစေရာ၌ ပြန်လည် သုံးသပ်ခြင်းကဲ့သို့ ဖြစ်စဉ်များမှတစ်ဆင့် တစ်ဦးချင်းဆောင်ရွက် တတ်စေရန် အားပေး ထောက်ခံသည်။ သင်ယူမှုသည် သင်ယူသူအမျိုးမျိုးနှင့် သင်ယူမှုဆိုင်ရာ ဆက်စပ်ပတ်ဝန်းကျင် အခြေအနေအမျိုးမျိုးတို့ပေါ် မူတည်၍ သင်ယူမှုသည်လည်း အမျိုးမျိုး ခြားနားနိုင်ပါသည်။[၄၁]

၁၆။ အသိပညာတည်ဆောက်မှုဆိုင်ရာ စိတ်ပညာတွင် ပုံစံ (၂) မျိုးရှိကြသည်။ စိတ်ပိုင်းဆိုင်ရာ တည်ဆောက်မှုနှင့် လူမှုရေးဆိုင်ရာတည်ဆောက်မှုတို့ ဖြစ်ကြသည်။

- စိတ်ပိုင်းဆိုင်ရာတည်ဆောက်မှုက သင်ယူသူ တစ်ဦးစီအပေါ်၌ ဦးတည်အလေးထားပြီး သင်ယူမှုကို မည်သို့တည်ဆောက်သည်ကို လေ့လာသည်။
- လူမှုရေးတည်ဆောက်မှုဆိုင်ရာ သဘောတရားသည်သင်ယူမှုအပေါ်၌

၄၁ Duchesne & McMaugh, 2016.

လွှမ်းမိုးထားသည့် လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖြစ်စဉ်များ အရေးပါမှုကို ဖော်ပြသည့် ဗီဂေါ့စကီး၏ သီအိုရီမှ ဆင့်ပွား ပေါ်ပေါက်သည်။၄၂

## သင်ယူမှုလုပ်ငန်း (၄)။ ပညာရေးစိတ်ပညာ၏ အဓိကကျသော အယူအဆ ရှုထောင့် (၄) ရပ် အကြောင်း သရုပ်ဆောင်သင်ကြားသင်ယူခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၈) ဦးစီပါဝင်သော အုပ်စုများ |

**ရည်ရွယ်ချက်** - ပညာရေးစိတ်ပညာ၏ အဓိကနယ်ပယ် (၄) ရပ်အကြောင်း ကျောင်းသားများ ၏ နားလည်မှုပိုမိုခိုင်မာလာစေရန်

- အပြုအမူဆိုင်ရာ ရှုထောင့်
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်
- သိမှုဆိုင်ရာ ရှုထောင့်
- အသိပညာတည်ဆောက်မှုဆိုင်ရာရှုထောင့်

၁။ အတန်းကို တစ်အုပ်စုလျှင်ကျောင်းသား (၈) ဦးစီ (ဖြစ်နိုင်ပါက ကျား (၄) ဦး၊ မ (၄) ဦး) ပါဝင်သော အုပ်စုငယ်များအဖြစ် ခွဲခြားပါ။ အုပ်စုတစ်စုစီအား A4 အရွယ်အစား (၄) ရွက်စီ ကိုပေးပါ။ စာရွက်တစ်ရွက်စီပေါ်၌ အောက်ပါအတိုင်း ခေါင်းစဉ် တပ်ရေးသားထားမည်။

(က) အပြုအမူဆိုင်ရာ ရှုထောင့်

(ခ) သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်

(ဂ) သိမှုဆိုင်ရာ ရှုထောင့်

(ဃ) အသိပညာ တည်ဆောက်မှုဆိုင်ရာ ရှုထောင့်

၂။ (၈)ဦးစီပါသော အုပ်စုတစ်စုစီ အတွင်း၌ အုပ်စုဝင် (၂) ဦးစီသည် ရှုထောင့် (၁) ခုစီကို ကိုယ်စား ပြုရမည်။ ရှုထောင့်များမှာ အပြုအမူဆိုင်ရာ ရှုထောင့်၊ သိမှု

၄၂ McLeod, 2018.

ဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်၊ သိမှုဆိုင်ရာ ရှုထောင့်နှင့် အသိပညာ တည်ဆောက်မှုဆိုင်ရာ ရှုထောင့်တို့ဖြစ်ကြသည်။ ထိုသို့ နှစ်ယောက် တစ်တွဲ တွဲရာ၌ ဖြစ်နိုင်လျှင် ကျား-၁ မ-၁ တွဲစေမည်။ ကျောင်းသားများကို နှစ်ယောက် တစ်တွဲ တွဲစေပြီး ရှုထောင့် (၁) ခုကိုရွေးချယ်ကာ A4 အရွယ်အစား စာရွက်တစ်ရွက် ကိုယူရမည်။

၃။ ဆရာက ဤသို့ရှင်းပြပါ။ ကျောင်းသားတစ်တွဲစီက (၂) မိနစ်ခန့်သာ ခင်းကျင်း ပြသရမည်။ သရုပ်ဆောင်သင်ယူမှု ပြကွက်တစ်ကွက်စီကို စီစဉ်ပြင်ဆင်ရမည်။ ဆဋ္ဌမတန်းသင်ရိုး သင်္ချာဘာသာရပ်မှ ထောင့်များကို သတ်မှတ်ဖော်ထုတ်ပေး ခြင်း သင်ခန်းစာကို သင်ကြားရမည် ဖြစ်သည်။ မိမိတို့ရရှိထားသော ရှုထောင့်မှ ချဉ်းကပ်၍ ထောင့်အမျိုးအစားခွဲခြားသတ်မှတ် ဖော်ထုတ်ခြင်း သင်ခန်းစာကို သင်ကြားရမည်။သက်ဆိုင်ရာစိတ်ပညာရှုထောင့်တစ်ခုစီမှသဘောတရားများကို လက်တွေ့အသုံးချပြီး သရုပ်ဆောင်သင်ကြားမှုပြုရမည်။ ရှုထောင့်တစ်ခုစီ ရထားသော ကျောင်းသားနှစ်ဦးက ဆရာအဖြစ် တစ်လှည့်စီ သရုပ်ဆောင် သင်ပြ ရမည်။ ကျန် (၆) ဦး က ကျောင်းသားများအဖြစ်သရုပ်ဆောင်ရမည်။ ဆဋ္ဌမတန်း သင်္ချာဘာသာရပ်မှ ထောင့်အမျိုးအစား သတ်မှတ်ဖော်ထုတ်ခြင်း သင်ခန်းစာတွင် ထောင့်ကျဉ်း၊ ထောင့်မှန်၊ ထောင့်ကျယ်နှင့် ထောင့်ဖြောင့်တို့ အကြောင်းကို သတ်မှတ်ဖော်ထုတ်တတ်လာအောင် သင်ကြားပေးရန် ဖြစ်သည်။

၄။ သရုပ်ဆောင်သင်ကြားမှုပြုရန်အတွက် မည်သို့သင်ကြားမည် မည်သို့ဆောင်ရွက် မည်တို့ကို မိမိတို့ရရှိထားသော စိတ်ပညာရှုထောင့်၏ သဘောတရားများနှင့်အညီ စဉ်းစားရန် ကျောင်းသား တွဲများအား ညွှန်ကြားပါ။ ထို့နောက် သရုပ်ဆောင် သင်ကြားမှု / သင်ယူမှုကို စီစဉ်ပြင်ဆင်ပါ။ အုပ်စုအတွင်း၌ တစ်တွဲစီက သရုပ် ဆောင် သင်ကြားမှုပြုကြမည်။ အုပ်စုတစ်ခုစီ အတွင်းမှ အတွဲ (၄) တွဲစလုံးက သရုပ်ဆောင်သင်ကြားမှု ပြုပြီးသောအခါ စိတ်ပညာရှုထောင့် (၄) ရပ်၏ ချဉ်းကပ်မှုများတစ်ခုနှင့် တစ်ခုအကြား ခြားနားမှုကို ဆွေးနွေးကြရမည်ဖြစ်သည်။

၅။ အတန်းမူလပုံစံပြန်လည်ဖွဲ့စည်းပေးပြီး ဤသင်ကြားမှုလုပ်ငန်းကို ဆွေးနွေးစေ မည်။ စိတ်ပညာ ရှုထောင့် အသီးသီး ပေါ်မူတည်၍ သင်ကြားနည်းဗျူဟာများ ခြားနားသွားပုံကို အဓိကထား အလေးပေး၍ ဆွေးနွေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုအလိုက်ဆွေးနွေးခြင်း၊ တစ်တန်းလုံး ဆွေးနွေးခြင်း၊ ကြည့်ရှုလေ့လာခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

- အပြုအမူဆိုင်ရာရှုထောင့် (Behavioural perspective)- "ဆရာများ" ကအဖြေမှန်ပေးနိုင်သည့် ကျောင်းသားများကို ဆုချရန် ကြိုးစားမည်။ ဥပမာ - ကလေးများ ကြိုက်နှစ်သက်တတ်သော စတစ်ကာများပေးခြင်း၊ (သို့မဟုတ်) နှုတ်မှ ချီးကျူး စကားဆိုခြင်း (သို့မဟုတ်) အခြား "ဆု" တစ်မျိုးမျိုး တို့ပေးမည်။
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့် (Developmental perspective) - ဆရာများက ကျောင်းသားများ၏ အသက်အရွယ်နှင့် ထိုအသက်အရွယ်၌ ဖွံ့ဖြိုးမှု (အသိဖွံ့ဖြိုးမှု) မည်မျှရှိနိုင်သည်တို့ကို အခြေခံကာ စဉ်းစားတွေးဆပြီး သူတို့သင်ရမည့် အကြောင်းအရာနှင့် သင်ကြားနည်း တို့ကို ဆုံးဖြတ်မည်။
- သိမှုဆိုင်ရာ ရှုထောင့် (Cognitive perspective) – "ဆရာများ" က ကျောင်းသားများ၏ အသက်အရွယ် ဖွံ့ဖြိုးမှုအဆင့်နှင့် သူတို့၏ ယခင်က သိရှိ သင်ယူထားသောအရာများကို စဉ်းစားတွေးဆပြီး ယခုသင်ခန်းစာနှင့် ချိတ်ဆက်ပေးရန် ကြိုးစားမည်။ ဆရာများက ကျောင်းသားများကို နှစ်ယောက်တစ်တွဲတွဲ၍ လုပ်ငန်း ဆောင်ရွက်ရန်ပြောနိုင်သည်။ အုပ်စုငယ်လေးများလည်း ဖွဲ့ပေးလိုက ဖွဲ့ပေးနိုင်သည်။ သို့မှသာ ကျောင်းသားအချင်းချင်း အပြန်အလှန် ငြိမ်းဆင်မှု (ထောက်ပံ့မှု) ပြုနိုင်မည်ဖြစ်သည်။
- အသိပညာတည်ဆောက်မှုဆိုင်ရာ ရှုထောင့် (Constructivist perspective) – "ဆရာများ" က လက်တွေ့လုပ်ဆောင်မှုများ ပံ့ပိုးမည်။ အားလုံးပူးပေါင်း ပါဝင်သော ဆောင်ရွက်ရသော အတွေ့အကြုံများကို ရရှိအောင် စီစဉ်ပေးမည်။ ဤသို့ဖြင့် ကျောင်းသားများသည် သူတို့ ကိုယ်တိုင်လက်တွေ့လုပ်ဆောင်မှုနှင့် သူတစ်ပါးတို့နှင့် လက်တွဲလုပ်ဆောင်မှု များမှတစ်ဆင့် သင်ယူကြသည်။

## စာသင်ချိန် (၃)

### သင်ယူမှုလုပ်ငန်း (၅)။ စကားရည်လုပွဲ - အလယ်တန်းကျောင်းသားများအတွက် စိတ်ပညာရှုထောင့် (၄) ရပ် ထဲမှ မည်သည့် ရှုထောင့်သည် အကောင်းဆုံး ဖြစ်မည်နည်း။

| | |
|---|---|
| **အချိန်** | (၄၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စု (၄) ခု (အသင်း ၄ သင်း) ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ပညာရေးစိတ်ပညာ ရှုထောင့် (၄) ရပ်ကို အလယ်တန်းကျောင်းအဆင့်ကို လက်တွေ့သင်ကြားရာတွင် အသုံးချရန်

၁။ အတန်းကို စကားရည်လုမည့် အသင်း (၄) သင်းအဖြစ်ခွဲခြားပါ။ အသင်းတစ်သင်းစီက စိတ်ပညာ ဆိုင်ရာ ရှုထောင့် တစ်ခုစီကို ကိုယ်စားပြုမည်။

- အပြုအမူဆိုင်ရာ ရှုထောင့်
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်
- သိမှုဆိုင်ရာရှုထောင့်
- အသိပညာတည်ဆောက်မှုဆိုင်ရာရှုထောင့်

စကားရည်လုပွဲ၏ ခေါင်းစဉ်မှာ - အလယ်တန်းကျောင်းများအတွက် စိတ်ပညာ ရှုထောင့် (၄) ရပ်ထဲမှ မည်သည့် ရှုထောင့်သည် အကောင်းဆုံးဖြစ်သနည်း။

- အပြုအမူဆိုင်ရာ ရှုထောင့်ကိုယ်စားပြုအသင်းက အပြုအမူဆိုင်ရာ စိတ်ပညာရှုထောင့်က သာလျှင် အလယ်တန်းကျောင်း (သင်ကြားရေး) အတွက်လက်တွေ့အသုံးချရန် အကောင်းဆုံးဖြစ်ကြောင်းကို ကျိုးကြောင်း ခိုင်လုံစွာ အချက်အလက်များ ရှာဖွေပြီး အလေးပေးတင်ပြမည်။
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်ကို ကိုယ်စားပြုသော အသင်းက သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်ကသာလျှင် အလယ်တန်းကျောင်းသင်ကြားရေးအတွက် လက်တွေ့ အသုံးချရန် အကောင်းဆုံးဖြစ်ကြောင်းကို ကျိုးကြောင်းခိုင်လုံစွာ တင်ပြ ဆွေးနွေးမည်။

- သိမှုဆိုင်ရာရှုထောင့် ကိုယ်စားပြုအသင်းက အလယ်တန်းကျောင်း သင်ကြားရေးတွင် လက်တွေ့အသုံးချရန်အတွက် သိမှုဆိုင်ရာရှုထောင့်က သာလျှင် အကောင်းဆုံးဖြစ်သည် ဟု ကျိုးကြောင်းခိုင်လုံစွာ တင်ပြဆွေးနွေး မည်။
- အသိပညာတည်ဆောက်မှုဆိုင်ရာရှုထောင့် ကိုယ်စားပြုအသင်းက အလယ် တန်းကျောင်း သင်ကြားရေးတွင် လက်တွေ့အသုံးချရန်အတွက် အသိပညာ တည်ဆောက်မှုဆိုင်ရာ ရှုထောင့်ကသာလျှင် အကောင်းဆုံး ဖြစ်ကြောင်း ကို ကျိုးကြောင်း ခိုင်လုံစွာ တင်ပြဆွေးနွေးမည်။

၂။ အသင်းတစ်ခုစီအတွင်း၌ အသင်းဝင်တစ်ဦးစီက ဆောင်ရွက်ရမည့် အခန်းကဏ္ဍ အသီးသီး တို့ကို အောက်ပါအတိုင်း သတ်မှတ်တာဝန်ပေးပါ။ (သင်၏ကျောင်းသား များ (ပညာရေးဒီဂရီကောလိပ် ကျောင်းသားများ) ၏ မတူခြားနားသော အရည်အချင်းများနှင့် စိတ်ဝင်စားမှုများအပေါ် မူတည် စဉ်းစားကာ ဆရာက သတ်မှတ် ပေးရမည်။)

- အသင်းခေါင်းဆောင် - မိမိတို့၏ ရှုထောင့်ကသာ အကောင်းဆုံးဖြစ်ကြောင်း အခြားရှုထောင့်များက မိမိတို့ ရှုထောင့်လောက် မကောင်းကြောင်းကို အလေးပေးဖော်ပြမည့် ကျိုးကြောင်း ခိုင်လုံသော အဆိုပြုချက်တစ်ရပ်ကို ရေးသားပြုစုနိုင်ရန်အတွက် အသင်းဝင်များကို ဦးဆောင်ခြင်း၊ အချက် အလက်ရှာဖွေရန် စီစဉ်ပြင်ဆင်ခြင်း (တာဝန်ခွဲဝေခြင်း၊ ညှိနှိုင်းခြင်း စသည်)
- စကားရည်လုသူ/စကားစစ်ထိုးသူများ (ပထမဦးဆုံးပြောသူ - အခြား (၃) ဦး) - ၎င်းတို့အုပ်စု အသင်း၏ အဆိုပြုချက်ကို အသင်းကိုယ်စားပြုတင်ပြရန်၊
- အခြားတစ်ဖက်မှ ဝေဖန်တိုက်ခိုက်မှုများ၊ အဆိုပြုချက်များကို မှားသည် ဟု ထောက်ပြသူ/ သက်သေပြသူ/ ဆွေးနွေးသူတစ်ဦး - အခြားအသင်း များ၏ ဝေဖန်မှုများကို တုံ့ပြန်ငြင်းချက် ထုတ်ရန်
- မှတ်တမ်းတင်သူ/စာရေးတစ်ဦး - အချက်အလက်များကို မှတ်စုရေးထား ခြင်း နှင့် မိမိတို့အသင်း၏ အားသာချက်များကို အလေးပေးထားသည့် စကားရည်လုရန် အဆိုကို စီစဉ်ရေးသားခြင်း၊ အခြား အသင်းအဖွဲ့ များမှ တင်ပြလာနိုင်သော မိမိတို့အားနည်းချက်များကို ငြင်းချက်ထုတ် တုံ့ပြန်ရန်၊ စီစဉ်ရေးသားခြင်းတို့ကိုဆောင်ရွက်ရန်
- သုတေသနပြုသူများ/သုတေသီများ - မိမိတို့အသင်း၏ အဆိုပြုချက်ကို

ပြည့်စုံအောင် အထောက်အပံ့ ပြုနိုင်မည့်အချက်အလက်များကို လေ့လာ စူးစမ်းရှာဖွေရန်၊ အခြား အသင်းများက တင်ပြချက်များ၊ ဝေဖန်တိုက်ခိုက်မှု များကို မှတ်စုထုတ်ရန်၊ တုံ့ပြန်ငြင်းချက်ထုတ်မှု ရေးသားနိုင်ရေးအတွက် မှတ်တမ်းတင်သူကို ကူညီရန်

၃။ အသင်းများကို အချိန် (၁၀) မိနစ်ပေး၍ လိုအပ်သော အချက်အလက်များ ရှာဖွေသုတေသနပြုပြီး သက်ဆိုင်ရာ အဆိုပြုချက်များကို စီစဉ်ပြင်ဆင်ရေးသား စေရမည်။ အဆိုပြုချက်များကို မှတ်စုတိုပုံစံအချက်အလက်များအဖြစ် ရေးသား ထားရမည်ဖြစ်ပြီး စကားရည်လုပွဲတွင် ပါဝင်သူများက/ အဆိုတင်ပြသူများက အချက်အလက် (၁) ခုကိုဖြစ်စေ၊ (၁) ခုထက်ပို၍ဖြစ်စေ ကျိုးကြောင်း ခိုင်လုံ ပြည့်စုံစွာ တင်ပြရမည်။ တင်ပြသူတစ်ဦးစီသည် တင်ပြချက် (၁) မိနစ်သာ အချိန် ရမည်ဖြစ်၍ အချိန်ကိုက်ပြီးစီးအောင် ဆောင်ရွက်နိုင်မှု အရေးပါပုံကို ကျောင်းသား များ သတိပြုရန် ဆရာက ကြိုတင်မှာထားပါ။

၄။ ဆရာက ကြီးကြပ်ညှိနှိုင်းပေးသူ (Moderator)/အကဲဖြတ်ဒိုင် (Judge) အဖြစ် ဆောင်ရွက်ရင်း ဤလုပ်ငန်းကို စတင်ပါ။ ဆရာက ရှုထောင့် (၄) ရပ်မှ ပထမဦးဆုံး စကားရည်လုမည့်သူများကို အစဉ်လိုက်ခေါ်ပေးပါ။ အပြုအမူ ဆိုင်ရာရှုထောင့်မှပထမဦးဆုံး ပြောမည့်သူကိုဖိတ်ခေါ်ပါ။ ထို့နောက် သိမှုဖွံ့ဖြိုး လာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်မှ ပထမဦးဆုံး ပြောမည့်သူကို ဖိတ် ခေါ်ပါ။ ထို့နောက် သိမှုဆိုင်ရာ ရှုထောင့်မှ ပထမဦးဆုံးပြောမည့်သူ၊ အသိပညာ တည်ဆောက်မှု ရှုထောင့်မှ ပထမဦးဆုံးပြောမည့်သူတို့ကို အသီးသီး ဖိတ်ခေါ်၍ ၎င်းတို့၏ ကျိုးကြောင်း ခိုင်လုံစွာ ရေးသားထား သော အဆိုများကို တင်ပြစေရ မည်။ (ဆရာက အချိန်မှတ် သူအဖြစ် ကျောင်းသားတစ်ဦးကို တာဝန်ပေးထားရ မည်။ (၁) မိနစ်ပြည့်လျှင် ပြောသူက ရပ်နားရမည်ဖြစ်သည်။) ထိုနည်းအတိုင်း ပင် ဆရာက အသင်း တစ်သင်းစီမှ ဒုတိယပြောမည့်သူ၊ တတိယပြောမည့်သူ၊ စတုတ္ထပြောမည့်သူများ ကို အသီးသီး ဖိတ်ခေါ်ကာ ပြောစေရမည်။

၅။ ပညာရေးစိတ်ပညာရှုထောင့်တစ်ခုစီကို ကိုယ်စားပြုသည့် အသင်းတစ်သင်းစီမှ အဆိုပြု တင်ပြစကားရည်လုသူ (၄) ဦးစီတို့ အသီးသီး ပြောကြားပြီးသွားသည့်အခါ စကားရည်လုပွဲကို ခေတ္တရပ်နားပါ။ အသင်းများအား မိမိတို့အသင်းကို အခြား အသင်းများက ဝေဖန်တိုက်ခိုက်ထားသည်တို့ကို ပြန်လည်ခုခံ၊ ချေပနိုင်ရန် အတွက် အချေတင်ပြမှု/ငြင်းချက်ထုတ်မှုများကို စီစဉ်ပြင်ဆင်မှုပြုရမည်ဟု

ဆရာကပြောပါ။ သူတို့အတွက် အချိန်(၅)မိနစ်ပေးပါ။ (မှတ်တမ်းတင်သူနှင့် သုတေသနပြုသူများသည် အခြေအသင်းများက စကားရည်လု အဆိုတင်သွင်း နေချိန်အတွင်း ထိုအသင်းများ တင်ပြနေသော အချက်အလက်များ ဂရုစိုက် နားထောင်ကာ လေ့လာမှတ်စု ထုတ်ထားရမည်။ သို့မှသာ တန်ပြန်ငြင်းချက် ထုတ်မှု (counter of argument) ကိုပြင်ဆင်နိုင်မည်ဖြစ်သည်။ သူတို့ ဝေဖန်ပြသော ချွတ်ယွင်းအားနည်းချက်များထဲမှ အချို့ အချက်များကို ပြန်လည် တုံ့ပြန် ချေပနိုင်ရန် စီစဉ်ပြင်ဆင်ရမည်။)

၆။ တန်ပြန်ငြင်းချက်ထုတ်မှု၊ ခုခံချေပမှုတို့အတွက် ပြင်ဆင်ချိန် (၅) မိနစ် ပြည့်သွားသောအခါ အသင်းအသီးသီး၏ ငြင်းချက်ထုတ်မှု/ချေပမှု အစီအစဉ်ကို စတင်ပါ။ အသင်းတစ်သင်းစီမှ ကျောင်းသားတစ်ဦးစီကို ခုခံချေပခွင့်/ တန်ပြန်ငြင်းချက် ထုတ်ခွင့်ပြုပေးပါ။ ခုခံချေပရန်ခွင့်ပြုချိန် မှာ (၁) မိနစ်သာဖြစ်ရမည်။

၇။ အဆို/အချေ တင်ပြချက် အသီးသီးတို့ကို ဆရာက စေ့စပ်စွာ စဉ်းစားသုံးသပ်ပြီးနောက် မည်သည့်အသင်းက အကောင်းဆုံး တင်ပြနိုင်သည်ကို ဆုံးဖြတ်ပါ။ အကောင်းဆုံးတင်ပြနိုင်သော အသင်းက စကားရည်လုပွဲတွင် အနိုင်ရမည်ဖြစ်သည်။ အသင်းတစ်သင်းစီ၏ ဆောင်ရွက်မှုများကို တုံ့ပြန်အကြံပြုချက်များ ပေးပြီးနောက် အနိုင်ရရှိသည့်အသင်းကို ဆရာက ကြေညာ ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားကိုင်စာအုပ်တွင်ဖော်ပြထားသော စိတ်ပညာရှုထောင့်များ အကြောင်းအရာများထက် ပိုမိုနက်နဲ့စပ်ကျယ်ပြန့်စွာ လေ့လာရှာဖွေပြီး ရလာသော စိတ်ကူးစိတ်သန်းများကို အသင်းအသီးသီးက တင်ပြသင့်ပါသည်။ စကားရည်လုရာတွင် အသင်းတစ်ခုစီက အလယ်တန်းကျောင်း၏ သင်ယူမှုသင်ကြားမှုများအတွက် လက်တွေ့အသုံးချရန် မိမိတို့၏ စိတ်ပညာရှုထောင့်မှ သဘောတရားများသည်သာ အကောင်းဆုံး ဖြစ်သည်ဟု သိသာထင်ရှားအောင် ဖော်ပြထားသင့်ပါသည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | (၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ ရရှိသွားမည့်တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ်မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

၂။ ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သင်ကြား၊ သင်ယူမှု အခြေအနေအမျိုးမျိုးတို့တွင် ပညာရေးစိတ်ပညာ၏ အရေးပါပုံကို ဆွေးနွေးတတ်မည်။
- ပညာရေးစိတ်ပညာ၏ အဓိကကျသောနယ်ပယ်များကို အနှစ်ချုပ်ဖော်ပြတတ်မည်။
- စာသင်ခန်းတွင်း လက်တွေ့သင်ကြားမှုများအတွက် ပညာရေးစိတ်ပညာ၏ သွယ်ဝိုက်ရည်ညွှန်းမှု (သွယ်ဝိုက်အသုံးပြနိုင်မှု) များကို သတ်မှတ်ဖော်ထုတ်တတ်မည်။

**ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ**

**မေးခွန်း ၁။** ပထမနှစ်သင်တန်းတွင် သင်တို့လေ့လာမှုပြုခဲ့ရသော ပညာရေးစိတ်ပညာ ရှုထောင့်(၄) ခု တို့၏ အမည်များကို ဖော်ပြပါ။

**အဖြေ။**

- *အပြုအမူဆိုင်ရာ ရှုထောင့်*
- *သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်*
- *သိမှုဆိုင်ရာ ရှုထောင့်*
- *အသိပညာတည်ဆောက်မှုဆိုင်ရာ ရှုထောင့်*

**မေးခွန်း ၂။** "ပညာရေး (ဆိုင်ရာ) စိတ်ပညာ" ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကိုဖော်ပြပါ။

**အဖြေ။** *ပညာရေးစိတ်ပညာသည် လူတို့မည်ကဲ့သို့ သင်ယူကြသည်နှင့် သူတို့သင်ယူထားပြီးသည့် အကြောင်းအရာအချက်အလက်တို့ကို မည်သို့မှတ်မိကြသည်ကို လေ့လာသော ဘာသာရပ် ဖြစ်သည်။*

**မေးခွန်း ၃။** ပညာရေး စိတ်ပညာသည် ဆရာများအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

**အဖြေ။** *လူတို့မည်သို့သင်ယူတတ်ကြသည်ကို သိရှိအောင် သင်ယူခြင်းက ဆရာများအား ၎င်းတို့၏ သင်ကြားမှုနှင့် သင်ယူမှုတို့အတွက် ရွေးချယ်မှုပြုကြရာတွင် အထောက်အကူပြုပေးသည်။*

# ၅.၂။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့် ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model)

ဤအခန်းငယ်တွင် လူတို့၏ စိတ်ထဲ၌ သတင်းအချက်အလက်သစ်များ မှတ်သားပုံ၊ မှတ်သားနည်းကို ပြသသည့် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက်ပြုပြင် စီစဉ်ခြင်းပုံစံ (Information Processing Model) နှင့် ကျောင်းသားများအား မိတ်ဆက်ပေးမည်ဖြစ်သည်။ ထိုအယူအဆအရ လူတို့၏စိတ်ကို ကွန်ပျူတာတစ်လုံးနှင့် နှိုင်းယှဉ်ကာ ကွန်ပျူတာလုပ်ဆောင်သော လုပ်ငန်းများနှင့် လူတို့၏စိတ်တွင်းလုပ်ဆောင်မှုများကို ယှဉ်တွဲခိုင်းနှိုင်းကာ စိတ်၏လုပ်ဆောင်မှုကို ရှင်းလင်းပြသော သဘောတရားဖြစ်သည်။ ကွန်ပျူတာတစ်လုံးမှာ ကဲ့သို့ပင် အချက်အလက်များကို ထည့်သွင်းခြင်း၊ စုစည်းခြင်းနှင့် ရလဒ်ကို အပြုအမူတစ်ခုအဖြစ် ထုတ်ပေးခြင်းတို့ပါဝင်ကြသည်။ အချက်အလက်များကို စုစည်းနေသောအချိန်အပိုင်းအခြားအတွင်း အချက်အလက်များကို ပထမတွင် ရေတိုမှတ်ဉာဏ်ထဲ၌ သိမ်းဆည်းသိုလှောင်ထားပြီးနောက် ရေရှည်မှတ်ဉာဏ်ထဲသို့ ပြောင်းရွှေ့ သိမ်းဆည်းထားသည်။ ထိုအကြောင်းအရာကို လေ့လာပြီးနောက် စာသင်ခန်းတွင်း၌ ကျောင်းသား များ၏ အာရုံခံမှတ်ဉာဏ်၊ ရေတိုမှတ်ဉာဏ်နှင့် ရေရှည်မှတ်ဉာဏ်များကို အသုံးပြုရာတွင် အထောက်အပံ့ပြုပေးနိုင်သည့် နည်းဗျူဟာများကို စူးစမ်းလေ့လာကြမည်ဖြစ်ပါသည်။

# ၅.၂.၁။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့် ချိတ်ဆက်ပြုပြင် စီစဉ်ခြင်းပုံစံနှင့် မှတ်ဉာဏ်အဆင့် (၃) ဆင့်

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- စာသင်ခန်းတွင်း လက်တွေ့သင်ကြားမှု ဇာတ်လမ်းဖြစ်ရပ်တစ်ခုတွင် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်း ပုံစံ (Information Processing Model) ကို အသုံးချတတ်မည်။
- အလယ်တန်းကျောင်းသားများ၏ မှတ်ဉာဏ်ကို အထောက်အပံ့ပြုနိုင်မည့် နည်းဗျူဟာ များကို အကဲဖြတ်သုံးသပ်တတ်မည်။

### ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁.၂) ကျောင်းသားများ၏သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာ ဖွံ့ဖြိုးမှု၊ ပေါင်းသင်း ဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယ ဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများ နှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန် -** မိနစ် (၅၀) ကြာ စာသင်ချိန် (၂) ချိန်

### သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့် ချိတ်ဆက်ပြုပြင် စီစဉ်ခြင်း ပုံစံနှင့် ကွန်ပျူတာပညာရပ်သုံးဝေါဟာရများကို အဓိပ္ပာယ် သတ်မှတ်ပေးခြင်း

သင်ယူမှုလုပ်ငန်း (၂) - မှတ်ဉာဏ်များထဲ၌ သိုလှောင်မှုမျိုးစုံပြပုံစံ (MultiStore Model) ဇာတ်ညွှန်း
သင်ယူမှုလုပ်ငန်း (၃) - အစမ်းသဘောအသုံးပြုနိုင်သော မှတ်ဉာဏ်ကူ/ အထောက်အကူပြုနည်းဗျူဟာများ (Trial Memory Strategies)

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၅.၂.၁) ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့် ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံအကြောင်းကို ဖတ်ရှုလေ့လာပါ၊ သင်ယူမှုလုပ်ငန်း(၃)ကို ဆောင်ရွက်ရန်အတွက် သင်ယူမှုဌာနများကို စီစဉ်ပြင်ဆင်ခြင်း (ဒုတိယစာ သင်ချိန်)

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - ဇယား (၅.၃)

သင်ယူမှုလုပ်ငန်း (၂) - ပုံ (၅.၅)

သင်ယူမှုလုပ်ငန်း (၃) - သင်ယူမှုဌာနများ၏ အမည်တပ်ထားသော A4အရွယ်အစားစာရွက်များ

သင်ယူမှုဌာန (၁) ခြားနားချက်ရှာခြင်း

သင်ယူမှုဌာန(၂) အကြောင်းအရာများကို ရှေ့နောက်ပုံစံကျစီစဉ်ခြင်း

သင်ယူမှုဌာန(၃) အရာဝတ္ထုများကို အစဉ်လိုက်/မှတ်မိခြင်း/ မှတ်မိအောင်စဉ်းစားခြင်း

သင်ယူမှုဌာန(၄) ကတ်ပြားများကို မှတ်မိခြင်း

သင်ယူမှုဌာန(၅) ကျွန်ုပ်ခရီးထွက်မည်

သင်ယူမှုဌာန(၆) ဆက်စပ်ပေးခြင်း

သင်ယူမှုဌာန(၇) စိတ်ကူးပုံဖော်ပြီး ထိုစိတ်ကူးထဲမှ အကြောင်းအရာကို ရုပ်ပုံဆွဲဖော်ပြခြင်း

သင်ယူမှုဌာန တစ်ခုစီကို အောက်ပါအတိုင်းပြင်ဆင်ပါ။

သင်ယူမှုဌာန(၁) - ခြားနားချက်ရှာခြင်း

(ထပ်တူနီးပါးတူညီနေသော ရုပ်ပုံ(၂)ပုံ) ပုံ (၅.၇) (ကျောင်းသားကိုင်စာအုပ်)

စာရွက်ပိုင်းငယ်များ - ကျောင်းသားတစ်ဦးလျှင် တစ်ရွက်စီပေးမည်။

ကျောင်းသားတစ်ဦးစီ အတွက် ခဲတံများနှင့်မာကာများ

သင်ယူမှုဌာန(၂) - အကြောင်းအရာများကို ရှေ့နောက်ပုံစံကျစီစဉ်ခြင်း

အခြားပစ္စည်းမလိုအပ်ပါက ဌာန အမှတ်အသား သာလိုအပ်သည်။

သင်ယူမှုဌာန(၃) - အရာဝတ္ထုများကို အစဉ်လိုက်/မှတ်မိခြင်း/ မှတ်မိအောင်စဉ်းစားခြင်း

အရာဝတ္ထုများ၏ရုပ်ပုံ (၁၀)ခု(ဥပမာ-မဂ္ဂဇင်းအဟောင်းမှဖြတ်ထားသောပုံများ)

သင်ယူမှုဌာန(၄) - ကတ်ပြားများကို မှတ်မိခြင်း

ကဒ်ပြားအစဉ်အလိုက်တစ်ဖွဲ့ (အင်္ဂလိပ်အက္ခရာ A မှ Z ထိရေးသားထားသော စကားလုံးတစ်ခုစီပါဝင်သော ကတ်ပြားငယ် (၂၆) ခု)၊ ကျောင်းသားအတွဲတစ်တွဲကို တစ်ခုံ ပေးရမည်။ (အကယ်၍ အုပ်စုထဲ၌ ကျောင်းသား (၁၀) ဦးပါဝင်လျှင်ကတ်ပြားတွဲ အစုံ (၅) စုံ ပေးထားပါ။

| | | | | | |
|---|---|---|---|---|---|
| A | B | C | D | E | F |
| G | H | I | J | K | L |
| M | N | O | P | Q | R |
| S | T | U | V | W | X |

| | | | | | |
|---|---|---|---|---|---|
| Y | Z | | | | |

သင်ယူမှုဌာန(၅) - ကျွန်ုပ်ခရီးထွက်မည်။

အခြားမလိုအပ်ပါက ဌာန၏အမှတ်အသားလိုသည်။

သင်ယူမှုဌာန(၆) - ဆက်စပ်ပေးခြင်း

ရုပ်ပုံကားချပ်ပါသော ကတ်ပြားငယ်များ (သို့မဟုတ်) စကားလုံးများရေးထားသော ကတ်ပြားငယ်များကို အသုံးပြုသည်။

ရုပ်ပုံအမျိုးမျိုးနှင့် စကားလုံးအမျိုးမျိုးတို့ပါဝင်သော ကတ်ပြားများဖြစ်ကြသည်။ ဥပမာ-

| | | | | | |
|---|---|---|---|---|---|
| သစ်ပင် | ဘုန်းကြီး | ငွေ | ခေါက်ဆွဲ | အိမ် | မြန်မာပန်း အမည် (ပိတောက်) |
| မုန့်ဟင်းခါး | စနေနေ့ | အစိမ်းရောင် | ဆင်ဖြူတော် | မိသားစု | ခြသေ့် (နိုင်ငံတော်၏ သင်္ကေတ) |
| ရွှေ | အင်္ကြင်းပန်း | အစိမ်းရောင် ဒေါင်းငှက် | စောင်း (မြန်မာ တူရိယာ) | ဘုရား | မြစ် |

သင်ယူမှုဌာန(၇) - စိတ်ကူးပုံဖော်ပြီး ထိုစိတ်ကူးထဲမှ အကြောင်းအရာကို ရုပ်ပုံဆွဲဖော်ပြခြင်း

A4အရွယ်အစား စာရွက်တစ်ရွက်နှင့် ခဲတံများကို ပုံဆွဲရန်ပေးထားပါ။

ဆဋ္ဌမတန်းပထဝီဘာသာရပ်တွင်ကျောင်းသားများသည် လ၏ထူးခြားသော သွင်ပြင်လက္ခဏာများ အကြောင်းကို ဖော်ပြရန်လိုအပ်သည်။ ဤနေရာတွင်

လအကြောင်းဖော်ပြချက်တစ်ခုကို ပေးထားသည်။ ၎င်းဖော်ပြချက်ကို A4အရွယ် အစားစာရွက်တစ်ရွက်ပေါ်တွင်စာစီပြီး အုပ်စုတစ်ခုစီမှ ကျောင်းသားတစ်ဦးစီ အတွက်တစ်ဦးလျှင် တစ်ရွက်ကျဝေငှပေးပါ။ စိတ်ကူးမှန်းဆပြီး ပုံဆွဲရမည်။ သင်ယူမှုဌာနမှ ဆရာအဖြစ် အသုံးပြုရန်ဖြစ်သည်။

## လအကြောင်းဖော်ပြချက်

လသည် စက်လုံးပုံသဏ္ဌာန် ကျောက်သားဖြင့် ဖွဲ့စည်းထားသော ကိုယ်ထည်ရှိ အရာဝတ္ထု တစ်ခုဖြစ်သည်။ အလယ်ဗဟို၌ သတ္တုဓာတ်သားပါဝင်ပြီး သေးငယ် သော အနှစ်ပိုင်းတစ်ခုရှိနိုင် သည်ဟု ယူဆရသည်။ ကမ္ဘာကို ပတ်၍ ရွေ့လျားရာ တွင် ၎င်း၏ပတ်လမ်းကြောင်းမှာ အနည်းငယ် ထူးခြားမှု ရှိသည်။ ကမ္ဘာနှင့် ပျှမ်းမျှခြင်းအားဖြင့် ၃၈,၄၀၀၀ ကီလိုမီတာ (မိုင်အားဖြင့် ၂၃၈,၆၀၀မိုင်) ခန့်အကွာအဝေးတွင် တည်ရှိသည်။ လ၏ အီကွေတာ နေရာရှိ အချင်းဝက်မှာ (၁၇၃၈) ကီလိုမီတာ (မိုင်ပေါင်း ၁၀၈၀) ရှည်လျားသည်။ လ၏ပုံသဏ္ဌာန်သည် မဆိုစလောက်(မသိမသာ) ပြားသောပုံစံရှိသည်။ ၎င်း ပုံသဏ္ဌာန်သည် ကမ္ဘာဆီသို့ ဦးတည်လားရာဘက်၌ အနည်းငယ် ဖောင်းကား(စူထွက်)နေသည်။ လပေါ်တွင် လမျက်နှာပြင် ဒြပ်ထုပျံ့နှံ့ တည်ရှိမှုမှာ တညီတညာတည်း မရှိပါ။ (မျက်နှာပြင် မညီညာပါ။)

စက်လုံးပုံလ၏ ဗဟိုချက်တည့်တည့်မှာ တည်ရှိရမည့်အစား လမျက်နှာပြင် ဒြပ်ထု၏ ဗဟိုချက်သည် ဗဟိုချက်မှ (၂) ကီလိုမီတာ( ၁.၂ မိုင်ခန့်) ကွာဝေးသော နေရာသို့ ကမ္ဘာနှင့် ဦးတည်ဘက်သို့ ရွေ့လျား တည်ရှိနေသည်။ ထိုဒြပ်ထု ဗဟိုချက်၌လည်း ဒြပ်ထု၏ပြင်းထန်သော ဆွဲအားသက်ရောက်မှုရှိသည်။ ၎င်းကို "ဒြပ်ထုဆွဲအား"/mass(m)ဟု အတိုကောက်ခေါ်ဆိုပြီး ထိုဆွဲအားကလ၏ ဆွဲ ငင် အား သက်ရောက်နေသော စက်ကွင်းကို အနီးဝန်းကျင်ဒေသများ အပေါ်သို့ ပိုမို အင်အား ပြင်းထန်စေသည်။[၄၃]

၄၃ Burke, James D. 2020.

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့သည် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံအကြောင်းကို ပိုမိုနက်ရှိုင်းစွာ လေ့လာစူးစမ်းကြမည်ဖြစ်ပါသည်။
သဘောတရားသည် သိမှုဆိုင်ရာ စိတ်ပညာရှုထောင့် တစ်ခုအဖြစ် အမျိုးအစားသတ်မှတ်ခြင်း ခံရပါသည်။

၂။ သိမှုဆိုင်ရာစိတ်ပညာရှင်များဖြစ်ကြသည့် ပီယာဂျေး နှင့် ဗီဂေါ့စကီးတို့က ဖွံ့ဖြိုးမှုဆိုသည်မှာ ကလေးများ၏ စဉ်းစားတွေးခေါ်မှုတွင် ပေါ်ပေါက်လာသော အပြောင်းအလဲများဟု ယူဆသတ်မှတ်ခဲ့ကြသော်လည်း ဦးနှောက်ထဲ၌ သတင်းအချက်အလက်ပြုပြင်စီစဉ်ခြင်း သဘောတရားကို လက်ခံသူပညာရှင်များကမူ ဖွံ့ဖြိုးမှုဆိုသည်မှာ ဦးနှောက်ထဲ၌ သတင်းအချက်အလက်များကို ပြုပြင်စီစဉ်ခြင်းအားဖြင့် မှတ်သားလာနိုင်သော ကလေးများ၏ အရည်အချင်းတွင် အပြောင်းအလဲဖြစ်ပေါ်လာခြင်းဟု ယူဆကြပါသည်။

၃။ သင်တို့သိရှိထားသည့်အတိုင်းပင် အချက်အလက်များ ပြုပြင်စီစဉ်ခြင်း ပုံစံကသူတို့၏ စိတ်ပိုင်းဆိုင်ရာ ဖြစ်စဉ်များကို ရှင်းပြရန်အတွက်ကွန်ပျူတာကို ဦးနှောက်နှင့် ခိုင်းနှိုင်းတင်စားဖော်ပြထားသည်။ ကွန်ပျူတာသည် လူတို့ဦးနှောက်နှင့် အလားသဏ္ဍာန်တူပါသည်။ ကွန်ပျူတာထဲတွင် ထည့်သွင်းလိုက်သော အချက်အလက်များ (Input) ရောက်ရှိလာသောအခါ ၎င်းတို့ကို တူရာအချင်းချင်း ချိတ်ဆက်စုစည်းပြီး သင်္ကေတပြု (စကားဝှက်ပေးသည်) ကာ ပုံသဏ္ဍာန်ပြောင်းလဲလိုက်သည်။ ထို့နောက် ပြုပြင်စီစဉ်ခြင်းတို့ ပြီးစီးသွားသောအခါ ရရှိလာသောရလဒ်သည် အပြုအမူတစ်ခုအဖြစ်ဖြင့် ထွက်လာသည်။ ထိုနည်းတူစွာပင် ဦးနှောက်ထဲမှ (Output) ဖြစ်စဉ်ကို လေ့လာရာတွင် သတင်းအချက်အလက်များသည် မြင်၊ ကြား၊ နံ၊ သိ အစရှိသည့် အာရုံခံအင်္ဂါအမျိုးမျိုးမှတစ်ဆင့် ဦးနှောက်ထဲသို့ဝင်

ရောက်လာကြသည်။(အာရုံခံမှတ်ဉာဏ်)

၄။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့် ချိတ်ဆက်ပြုပြင် စီစဉ်ခြင်းပုံစံက အခြားသော ဝေါဟာရများကို မသုံးဘဲ ကွန်ပျူတာပညာရပ်သုံးဝေါဟာရများကို အသုံးပြုပြီး လူတို့၏ စဉ်းစားတွေးခေါ်ခြင်းဖြစ်စဉ်ကို ဖော်ပြထားခြင်းဖြစ်သည်။ ကွန်ပျူတာပညာရပ်သုံးဝေါဟာရများ၏ ဥပမာများမှာ

- သွင်းအားစု (input) - ဦးနှောက်တွင်းသို့ဝင်ရောက်လာသောအချက်အလက်များ
- ရလဒ် (output) - အချက်အလက်များ ဦးနှောက်တွင်းသို့ ဝင်ရောက်လာသည့်အခါ ၎င်းတို့ကို စကားဝှက်ပေးခြင်း/ သင်္ကေတပြုခြင်း (coding) တို့ ခံရမှုကြောင့် ပုံသဏ္ဍာန် ပြောင်းလဲမှု၊ ပြုပြင်စီစဉ်ခံရမှုမှ ပေါ်ပေါက်လာသည့် အပြုအမူ
- အာရုံခံမှတ်ဉာဏ် (sensory memory) - အချက်အလက်များကို ခေတ္တယာယီ သိုလှောင်သိမ်းဆည်းထားရာနေရာ၊ အချက်အလက်များကို ၁/၄ စက္ကန့် မှ ၁/၂ စက္ကန့်ထိသာ သိမ်းဆည်းထားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အချက်အလက်များသည် ဦးနှောက်တွင်းသို့ မြင်ကွင်း (sight) ၊ အသံ၊ အထိအတွေ့နှင့် အရသာတို့မှတစ်ဆင့် ဖြတ်ခနဲ အာရုံခံမှုမှ ပေါ်ပေါက်လာမှုကြောင့် ဖြစ်သည်။
- ရေတိုမှတ်ဉာဏ် (short-term memory) - အချက်အလက်များကို ခေတ္တယာယီသိုလှောင်သိမ်းဆည်းထားရာနေရာဖြစ်ပြီး (၁၈) စက္ကန့်ခန့်သာ အလုပ်လုပ်နိုင်သည်။ သိမ်းဆည်းနိုင်မှု စွမ်းရည်မှာမူ ကန့်သတ်မှုရှိပြီး တစ်ကြိမ်လျှင် သတင်းအချက်အလက် (၇) ခု ဝန်းကျင်ကိုသာ ပြုပြင်စီစဉ်ပေးနိုင်သည်။ ရေတိုမှတ်ဉာဏ်က အချက်အလက်များကို သိုလှောင်ရာတွင် အသံကိုသာ အများဆုံးအသုံးပြုသည်။ ဤသို့ဆောင်ရွက်ပေးသော မှတ်ဉာဏ်ကို လက်တွေ့ အလုပ်လုပ်သော မှတ်ဉာဏ်ဟုလည်း ခေါ်ဝေါ်သိရှိကြသည်။
- ရေရှည်မှတ်ဉာဏ် (long-term memory) - ဦးနှောက်တွင်းရှိ နေရာတစ်ခုဖြစ်ပြီး အချက်အလက်များကို သိုလှောင်ရာတွင် များသောအားဖြင့် ရုပ်ပုံ (sight) နှင့် အသံမှ တစ်ဆင့် သိမ်းဆည်းထားသည်။ အရေအတွက်ကို အကန့်အသတ်မဲ့ သတင်းအချက်အလက်များကို ထာဝစဉ် သိမ်းဆည်းထားသော နေရာဖြစ်သည်။

- မှတ်ဉာဏ်များထဲ၌ သိုလှောင်မှုမျိုးစုံပြပုံစံ (Multistore Model) – အချက်အလက်များကို မည်သို့ ပြုပြင်စီစဉ်ပြီး မှတ်ဉာဏ်ထဲတွင် မည်သို့ သိုလှောင်သိမ်းဆည်းထားပုံကို ပြသသည့်ပုံစံတစ်ခုဖြစ်သည်။[၄၄]
  - သတင်းအချက်အလက်များ (Input) သည် အာရုံအမျိုးမျိုးတို့မှ တစ်ဆင့် အာရုံခံမှတ်ဉာဏ် (သို့မဟုတ်) အာရုံခံမှတ်သားသောနေရာ ထဲသို့ရောက်ရှိလာကြသည်။ သတင်းအချက်အလက်များသည် အမြင် (ရုပ်ပုံ)၊ အကြား (အသံ) (သို့) ဝေါဟာရ (အဓိပ္ပာယ် ဆိုလိုရင်း) ဖြစ်နိုင်သည်။
  - ၎င်းတို့ကို အာရုံခံမှတ်ဉာဏ်ထဲတွင် စက္ကန့်ဝက် (၁/၂ စက္ကန့်) ခန့် သိမ်းဆည်းထားရှိသည်။
  - အာရုံစိုက်မှု ရရှိလာလျှင် ၎င်းတို့သည် ရေတိုမှတ်ဉာဏ်ထဲသို့ ဝင်ရောက်သွားသည်။ ဤသို့မဟုတ်လျှင် ထိုသတင်းအချက်အလက်များသည် နောက်ထပ်ဝင်ရောက်လာသော ရေတိုမှတ်ဉာဏ်များကြောင့် အမေ့ခံ (သို့မဟုတ်) အစားထိုးခံ ဖြစ်သွားသည်။
  - ရေတိုမှတ်ဉာဏ်များ (အလုပ်လုပ်နေသော မှတ်ဉာဏ်များ) သည် စက္ကန့် (၃၀) ခန့် ကြာမြင့်လေ့ရှိပြီး ကျွန်ုပ်တို့ လူသားများအနေနှင့် တစ်ကြိမ်လျှင် မှတ်ဉာဏ်အတို (၅) ခုမှ (၉) ခုအထိ သိမ်းဆည်းထားနိုင်ကြသည်။
  - ရေတိုမှတ်ဉာဏ်ထဲသို့ ရောက်လာကြပြီး အာရုံစိုက်မှုမရခဲ့သော အချက်အလက်များကိုမူ ဦးနှောက်က ပြန်လှန်အစမ်းလေ့ကျင့်မှု၊ ထပ်ကြော့မှတ်သားမှုတို့ ပြုပြီးနောက် ၎င်းတို့အား ရေရှည်မှတ်ဉာဏ်ထဲသို့ ရွှေ့ပြောင်းပေးလိုက်ပြန်သည်။
  - ရေရှည်မှတ်ဉာဏ်သည် အချိန်ကန့်သတ်မဲ့ ကြာမြင့်နိုင်ပြီး အချက်အလက် အရေအတွက်ကိုလည်း အကန့်အသတ်မဲ့ သိုလှောင်သိမ်းဆည်းထားနိုင်သည်။
  - သို့ရာတွင် ထိုအချက်အလက်များကို ပြန်လည်အစမ်းလေ့ကျင့်ခြင်း (သို့မဟုတ်) ထပ်ကြော့ပြန်လှန်မှတ်သားခြင်းတို့ မပြုခဲ့လျှင်မူ မေ့လျော့သွားတတ်ကြသည်။

---

၄၄ Duchesne & McMaugh, 2016.

# သင်ယူမှုလုပ်ငန်း (၁)။ ဦးနှောက်ထဲ၌ အချက်အလက်များကိုအဆင့်ဆင့် ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံနှင့် ကွန်ပျူတာပညာရပ်သုံးဝေါဟာရများကို အဓိပ္ပာယ်သတ်မှတ်ခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၄) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက် -** ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက်ပြုပြင်စီစဉ်ခြင်းနှင့် ကွန်ပျူတာပညာရပ်သုံးဝေါဟာရများကို နားလည်ရန်

၁။ အတန်းကို အုပ်စုတစ်စုလျှင် (၄) ဦးစီပါဝင်သော အုပ်စုငယ်များ အဖြစ်သို့ ခွဲခြားပါ။ အုပ်စုတစ်စုစီ က အောက်ဖော်ပြပါ ဝေါဟာရများအကြောင်းကို ရှာဖွေစူးစမ်းပြီး သုတေသနပြုကြရန် ညွှန်ကြားပါ။ ထိုဝေါဟာရများကို ဦးနှောက်တွင်း အဆင့်ဆင့် ချိတ်ဆက်ပြုပြင်စီစဉ်မှုပုံစံတွင် မည်သို့အသုံးပြုသည်နှင့် ကွန်ပျူတာအကြောင်းပြောရာတွင် မည်သို့အသုံးပြုသည်တို့ကို လေ့လာစူးစမ်းမှတ်သားရမည်ဖြစ်သည်။

- အဆင့်ဆင့်ချိတ်ဆက်ပြုပြင်စီစဉ်ခြင်း
- သင်္ကေတပြုခြင်း/စကားဝှက်ပေးခြင်း
- သိုလှောင်သိမ်းဆည်းခြင်း
- ပြန်လည်ထုတ်ယူသုံးစွဲခြင်း

၂။ အုပ်စုများက ထိုဝေါဟာရတို့၏ အဓိပ္ပာယ် သတ်မှတ်ချက်များကို ရေးသားပြီးကြ သောအခါ ထိုအဓိပ္ပာယ် သတ်မှတ်ချက်များကို ကျောင်းသားကိုင်စာအုပ် ဇယား (၅.၃) တွင်ထည့်သွင်းရန် ညွှန်ကြားပါ။

၃။ ထည့်သွင်းရေးသားပြီးသောအခါ အဓိပ္ပာယ်သတ်မှတ်ချက်များကို ပြန်လည်ဆန်းစစ်ရန်အတွက် အတန်းကိုမူလပုံစံပြန်လည်တည်ဆောက်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

**ဇယား ၅.၃ (က)။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့် ချိတ်ဆက်ပြုပြင်စီစဉ်ခြင်းပုံစံနှင့် ကွန်ပျူတာ ဝေါဟာရများကို အဓိပ္ပာယ်ကိုသတ်မှတ်ပေးခြင်း**

| ဝေါဟာရ | ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့် ချိတ်ဆက်ပြုပြင်စီစဉ်ခြင်း ပုံစံတွင် အသုံးပြုပုံ | ကွန်ပျူတာအကြောင်း ပြောကြားရာတွင် အသုံးပြုပုံ |
|---|---|---|
| **အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်း (Processing)** | ဦးနှောက်ထဲသို့ ရောက်လာသော အချက် အလက်များကို စုစည်းခြင်း၊ သင်္ကေတပြု ၍ မှတ်သားခြင်း၊ ပုံသဏ္ဍာန်ပြောင်းခြင်း တို့အားဖြင့် ရလာသောရလဒ်သည် အပြု အမူတစ်ခုအဖြစ်ထွက်ပေါ်လာခြင်း | ကွန်ပျူတာတစ်ခုတွင်ထည့်ထားသော ပရိုဂရမ်(software)တစ်ခုဖြစ်ပြီး သိုလှောင်သိမ်းဆည်းထားသောဖိုင်လ် (အချက်အလက်အစုအဝေး) ထဲမှ အချက်အလက်များကိုထုတ်ယူ သုံးစွဲခြင်း ဖြစ်စဉ် |
| **သင်္ကေတပြုခြင်း/ စကားဝှက်ထည့်ခြင်း (Encoding)** | အချက်အလက်များကို ရေရှည် မှတ်ဉာဏ် ထဲ၌ မသိမ်းဆည်းမီ ပုံသဏ္ဍာန်ပြောင်းလဲ ပေးသည့် ဖြစ်စဉ်၊ အချက်အလက်များကို ရုပ်ပုံခတ်ပုံ၊ မြေပုံစသည်များအဖြစ် (သို့) အသံများအဖြစ်(သို့) ဝေါဟာရ အဓိပ္ပာယ် အရင်းအမြစ်များအဖြစ်သို့ ပြုပြင်ပြောင်း လဲပေးခြင်းဖြစ်စဉ် | အချက်အလက်များကို သိမ်းဆည်း ထားရာတွင် စကားဝှက်သင်္ကေတ တစ်ခု အသုံးပြုခြင်းဖြစ်စဉ် |
| **သိုလှောင်သိမ်း ဆည်း ခြင်း (Storage)** | ဦးနှောက်ထဲသို့ဝင်ရောက်လာသော အချက် အလက်များသည် ပထမဦးစွာ ရေတိုမှတ်ဉာဏ် ထဲ၌ သိမ်းဆည်းထားမှု ခံရပြီးနောက် ရေရှည် မှတ်ဉာဏ်ဆီသို့ ရောက်ရှိသွားကြသည်။ ရေရှည် မှတ် ဉာဏ်ထဲတွင် ၎င်းတို့ကို အချိန်အကန့် အသတ်မဲ့ အပြီးအပိုင် သိမ်းဆည်း သိုမှီးထားခြင်း ခံရသည်။ | အချက်အလက်များကို ပျောက်ပျက် မသွားအောင် သိမ်းဆည်းထားသော ဖြစ်စဉ် |
| **ပြန်လည်ထုတ်ယူသုံးစွဲ ခြင်း (Retrieval)** | ရေရှည်မှတ်ဉာဏ်ထဲမှ အချက်အလက် များကို လိုအပ်သလို ကိုင်တွယ်အသုံးပြု နိုင်ရန် လက်တွေ့ အလုပ်လုပ်ဆောင် သော မှတ်ဉာဏ် (Working Memory) ထဲသို့ ယူဆောင်လာခြင်း | သိုလှောင်သိမ်းဆည်းထားသော အချက်အလက်များကို ရှာသုံးစွဲခြင်း (သို့မဟုတ်) ပြန်လည်ထုတ်ယူခြင်း |

## သင်ယူမှုလုပ်ငန်း (၂)။ မှတ်ဉာဏ်များထဲ၌ သိုလှောင်မှုမျိုးစုံပြ ပုံစံ (Multistore Model) ဇာတ်ညွှန်း

| အချိန် | (၂၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | ကျောင်းသား (၅) ဦးစီပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - မှတ်ဉာဏ်များထဲ၌ သိုလှောင်မှုမျိုးစုံပြပုံစံကို အတန်းထဲတွင် လက်တွေ့အသုံးချရန်

၁။ (၄) ဦးစီပါဝင်ဖွဲ့စည်းထားသော အုပ်စုများကို မူလအတိုင်း ဆက်လက်အလုပ်လုပ်စေမည်။ သင်ယူမှုလုပ်ငန်း (၂) ဖြစ်သည့် အချက်အလက်သိုလှောင်ပုံမျိုးစုံကို ဖော်ပြသည့်ဇာတ်ညွှန်းကို ပြန်လည် ဖတ်ရှုလေ့လာရန် အုပ်စုများကို ညွှန်ကြားပါ။

၂။ ဇာတ်ညွှန်းကို ဖတ်ပြီးသည့်အခါတွင် အချက်အလက်သိုလှောင် ပုံမျိုးစုံ ပြပုံစံကို ဤဇာတ်ညွှန်းတွင် မည်သို့အသုံးချထားသည်ကို အုပ်စုအတွင်း ဆွေးနွေးစေရမည်။

၃။ ပုံ (၅.၆) တွင် မှတ်ဉာဏ်များထဲ၌ သိုလှောင်မှုမျိုးစုံပြပုံစံဇာတ်ညွှန်း လုပ်ငန်းစာရွက်ကို ဖော်ပြထားသည်။ (ကျောင်းသားကိုင်စာအုပ်) ထိုဇယားကို အသုံးပြုပြီး ဇာတ်ညွှန်းတွင် အချက်အလက် သိုလှောင်ပုံမျိုးစုံပြပုံစံသည် မည်သို့အကျုံးဝင်နေပုံကို သရုပ်ပေါ်လွင်အောင် ပြသရန် ကျောင်းသားများကို ညွှန်ကြားပါ။ စာသားအပြင် ရုပ်ပုံများ၊ သင်္ကေတများကိုလည်း အသုံးပြု နိုင်သည်။

၄။ အုပ်စုများ၏လုပ်ငန်းဆောင်ရွက်မှုပြီးစီးသောအခါအတန်းကိုပြန်လည်ဖွဲ့စည်းပြီး ဤ အကြောင်းအရာကို ဆွေးနွေးစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် သတင်းအချက်အလက်တစ်ခုစီကို အာရုံစိုက်လိုက်သည့် အခါတိုင်း၌ နွယ်နွယ်က အချိန်မည်မျှအသုံးချသည် ဆိုသော အချက်အပေါ် မူတည်သင့်သည်။ နွယ်နွယ် အသုံးချ သော အချိန်ပမာဏ အနည်းအများပေါ်တွင် အခြေခံသင့်သည်။

- တစ်စုံတစ်ယောက်က ရယ်ရွှင်ဖွယ် ဟာသတစ်ခုပြောလိုက်သဖြင့် နွယ်နွယ်က ဖြတ်ခနဲ လှည့်ကြည့်ချိန်သည် အလွန်တိုတောင်းသည့်အတွက် ထိုအချက်သည် နွယ်နွယ်၏ အာရုံခံမှတ်ဉာဏ်ထဲ၌သာ ရောက်ရှိပြီး ချက်ချင်းပျောက်ပြယ်သွား နိုင်သည်။
- ယခင်တစ်ပတ်ထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းကို ပြန်လည်မှတ်မိသည့်အခါ ဤအချက်သည် သူ၏ ရေရှည်မှတ်ဉာဏ်ထဲတွင် ရှိနေလိမ့်မည်။
- သူတို့သွားရောက်ခဲ့သော တွေ့ဆုံပွဲတစ်ခုအကြောင်းကို သူငယ်ချင်းများနှင့် စကားလက်ဆုံ ကျနေစဉ်တွင် နွယ်နွယ်သည် အချိန်အတန်ကြာယူခဲ့သည်။ ထို့ကြောင့် ဤအချက်သည် ရေတိုမှတ်ဉာဏ်ထဲတွင်ရှိရာမှ နောက်ပိုင်းတွင် ရေရှည်မှတ်ဉာဏ်ထဲသို့ ရွှေ့ပြောင်း ခံရမည်ဖြစ်နိုင်သည်။
- အောင်အောင်မင်း၏ အမူအရာ/အပြုအမူကို သတိပြုလိုက်ချိန်သည် တိုတောင်း လှ သည်။ ထိုအချက်သည်လည်း ရေရှည်မှတ်ဉာဏ်ထဲသို့ ရောက်သွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူ့ဘက်၌ သူ့အကြောင်း စဉ်းစားမိသည့် အခြား မှတ်ဉာဏ်များ လည်းရှိနိုင်သည်။ ထိုမှတ်ဉာဏ်များအပေါ်တွင် အခြေခံကာ အောင်အောင်မင်း၏ အပြုအမူကို သတိထားမိခြင်း ဖြစ်သည့်အတွက် ထပ်ကြော့ မှတ်သားခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ရေရှည်မှတ်ဉာဏ်ထဲသို့ ရောက်ရှိသွား နိုင်မည်ဟု ယူဆရသည်။ မည်သို့ပင်ဖြစ်စေ ထိုအချက်သည် အနည်းဆုံးအား ဖြင့် နွယ်နွယ်၏ ရေတို မှတ်ဉာဏ်ထဲသို့ ရောက်သွားမည်မှာ သေချာသည်။

## စာသင်ချိန် (၂)

### သင်ယူမှုလုပ်ငန်း (၃)။ အစမ်းသဘောအသုံးပြုနိုင်သော မှတ်ဉာဏ်ကူ/ အထောက်အကူပြု နည်းဗျူဟာများ (Trial Memory Strategies)

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုကြီး (၇) ခု၊ တစ်တန်းလုံး |

**ရည်ရွယ်ချက် -** မှတ်ဉာဏ်ကူ/အထောက်အကူပြု နည်းဗျူဟာများကို စမ်းသပ်အသုံးပြုပြီး အကဲဖြတ် သုံးသပ်နိုင်မည့်အခွင့်အလမ်းကို ကျောင်းသားများအား ပံ့ပိုးပေးနိုင်ရန်

၁။ အတန်းမစတင်မီလိုအပ်သည်တို့ကို ကြိုတင်ပြင်ဆင်ကာ သင်ယူမှုဌာန (၇) ခုကို စီစဉ်ထားရှိပါ။

သင်ယူမှုဌာန (၁) ခြားနားချက်ရှာခြင်း

သင်ယူမှုဌာန(၂) အကြောင်းအရာများကို ရှေ့နောက်ပုံစံကျစီစဉ်ခြင်း

သင်ယူမှုဌာန(၃) အရာဝတ္ထုများကို အစဉ်လိုက်/မှတ်မိခြင်း/ မှတ်မိအောင်စဉ်းစား ခြင်း

သင်ယူမှုဌာန(၄) ကတ်ပြားများကို မှတ်မိခြင်း

သင်ယူမှုဌာန(၅) ကျွန်ုပ်ခရီးထွက်မည်

သင်ယူမှုဌာန(၆) ဆက်စပ်ပေးခြင်း

သင်ယူမှုဌာန (၇) - စိတ်ကူးပုံဖော်ပြီး ထိုစိတ်ကူးထဲမှ အကြောင်းအရာကို ရုပ်ပုံ ဆွဲဖော်ပြခြင်း

၂။ အတန်းစတင်သောအခါ အုပ်စု (၇) စုအဖြစ် ခွဲခြားပါ။ အုပ်စုတစ်စုစီအား သင်ယူမှု ဌာနတစ်ခုစီ တွင်လုပ်ငန်း စတင်စေရမည်။ သူတို့၏ ကျောင်းသားကိုင် စာအုပ်တွင် ပါဝင်သော ဌာနတစ်ခုစီအတွက် ညွှန်ကြားချက်များကို လိုက်နာကြ ရမည် ဖြစ်သည်။ အုပ်စုများ၏ ဆောင်ရွက်မှု အချိန်ကို မှတ်သားပါ။ သင်ယူမှု လုပ်ငန်း တစ်ခုစီကို ဆောင်ရွက်ချိန် ကန့်သတ်ချက်မှာ (၄) မိနစ်သာ ဖြစ်သည်။ လုပ်ငန်းပြီးစီးသောအခါ အဖြေများကို “မှတ်ဉာဏ်အထောက်အကူပြု

နည်းဗျူဟာများကို အကဲဖြတ်သုံးသပ်ခြင်း” ပြသသည့် ဇယား (၅.၄) ထဲတွင် ဖြည့်သွင်း ရေးသားရမည်။ (၄) မိနစ်ပြည့်ပြီးနောက် အုပ်စုများကို ရပ်တံ့စေပြီး နောက်ထပ်သင်ယူမှု ဌာနတစ်ခုသို့ နာရီလက်တံရွေ့လျားသည့် လားရာအတိုင်း (လက်ျာရစ်) ရွှေ့ပြောင်း ဆောင်ရွက်စေရမည်။

၃။ အုပ်စုအသီးသီးတို့က သင်ယူမှုဌာန (၇) ခုစလုံးမှ လုပ်ငန်းများကို ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီးသည့်အခါ အတန်းကို ပြန်လည်ဖွဲ့စည်းပါ။ ထို့နောက် ဇယား (၅.၄) ကို ဖြည့်ရာတွင် လိုအပ်ချက်များရှိနေသေးလျှင် နောက်ထပ် အချိန်ပို (၃) မိနစ်ခွင့်ပြုပေးပါ။

၄။ နည်းဗျူဟာတစ်ရပ်သည် အလယ်တန်းကျောင်းသင်ခန်းစာတစ်ခုအတွက် အသုံးပြုရန် မည်မျှ ထိရောက်နိုင်မည်ဟု သူတို့၏ယူဆချက်များကို မျှဝေရန် ဆွေးနွေးစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ တစ်တန်းလုံးဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးခြားနားလိမ့်မည်။ သို့ရာတွင် ကျောင်းသားများက ဤနည်းဗျူဟာများ သည် အလယ်တန်းကျောင်းသားများအတွက် အဓိကအားဖြင့် အသုံးချ၍ ရနိုင်မည်ဟု ဖော်ပြကြမည်ဖြစ်သည်။ အထူးသဖြင့် အချို့နည်းဗျူဟာများတွင် အချက်အလက်များကို ပြောင်းလဲပေးလိုက်ခြင်းအားဖြင့် မှတ်မိနိုင်စေသည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားကိုင်စာအုပ်ရှိ သင်ယူမှုလုပ်ငန်း (၄) တွင် အလယ်တန်းကျောင်းသားများအား အင်္ဂလိပ်အက္ခရာစဉ် (AမှZထိ) သင်ယူရာ၌ အထောက်အပံ့ဖြစ်စေရန် မှတ်ဉာဏ်ကူ နည်းဗျူဟာတစ်ခု ပြုစုနိုင်စေရန် ဉာဏ်ဖွင့်ဆွေးနွေးစေရမည်။ ရရှိလာသော ကျောင်းသားများ၏ စိတ်ကူးစိတ်သန်း များကို သင်ပုန်းပေါ်တွင် ရေးပြပါ။ အခြေအနေပေးပါက ၎င်းတို့အထဲမှ တစ်ခုကို ရွေးချယ်ပြီး အတန်းထဲတွင် အစမ်း အသုံးပြုကြည့်ပါ။

၂။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံအရ အချက်အလက်တစ်ခုသည် ဦးနှောက်တွင်းသို့ အာရုံများမှတစ်ဆင့် ဝင်ရောက်လာကြသည်ဟု ဆိုပါသည်။ ထိုအချက်အလက်ကို အာရုံစိုက်ခြင်းခံရလျှင် (ထပ်ကြော့ အာရုံခံလိုက်လျှင်) ရေတို မှတ်ဉာဏ်ထဲသို့ ရောက်ရှိသွားသည်။ ထို့နောက် ရေတိုမှတ်ဉာဏ်ထဲ၌ တစ်ဖန် အာရုံစိုက်ခြင်း ခံရလျှင် ထို အချက်အလက်သည် ရေရှည်မှတ်ဉာဏ်ထဲသို့ ရောက်ရှိသွားသည်။ ဤ အကြောင်း အရာများကို ပြန်လည်ဆန်းစစ်ပါ။

၃။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၁.၁.၂) ကျောင်းသားများ၏သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ဘာသာစကား ဆိုင်ရာ ဖွံ့ဖြိုးမှု၊ ပေါင်းသင်း ဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဖွံ့ဖြိုးမှုများ နှင့်ကာယ ဖွံ့ဖြိုးမှုများအရ သင်ယူမှုလုပ်ငန်းများကို ပြင်ဆင်သည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာချဉ်းကပ်နည်းနှင့်သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

၄။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည်-

- စာသင်ခန်းတွင်း လက်တွေ့သင်ကြားမှု ဇာတ်လမ်းဖြစ်ရပ်တစ်ခုတွင် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model) ကို အသုံးချတတ်မည်။
- အလယ်တန်းကျောင်းသားများ၏ မှတ်ဉာဏ်ကို အထောက်အပံ့ပြုနိုင်မည့် နည်းဗျူဟာ များကို အကဲဖြတ်သုံးသပ်တတ်မည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

**မေးခွန်း ၁။** ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model) နှင့် မှတ်ဉာဏ်များထဲ၌ သိုလှောင်မှုမျိုးစုံပြပုံစံ (Multistroe Model)တို့၏ ခြားနားချက်မှာ အဘယ်နည်း။

**အဖြေ။** *သိုလှောင်မှုမျိုးစုံပြ ပုံစံသည် အချက်အလက်များကို မည်သို့ အဆင့်ဆင့် ချိတ်ဆက်ပြုပြင်စီစဉ်ပုံ ကိုပြသောပုံစံပေါ်တွင် အခြေပြုကာ တည်ဆောက်ထားခြင်း ဖြစ်သည်။*

**မေးခွန်း ၂။** ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံနှင့် မှတ်ဉာဏ်များထဲ၌ သိုလှောင်မှုမျိုးစုံပြပုံစံ တို့တွင် မှတ်ဉာဏ်၏ မည်သည့် အစိတ်အပိုင်းများ ပါဝင်နေကြသနည်း။

**အဖြေ။** *ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model) တွင် ပါဝင်သော မှတ်ဉာဏ် (memory) ၏ အစိတ်အပိုင်းများ မှာ အာရုံခံမှတ်ဉာဏ် (sensory memory)၊ အလုပ်လုပ်နေသော လတ်တလော လက်တွေ့ ဆောင်ရွက်နေသောမှတ်ဉာဏ် (working memory) နှင့် ရေရှည်မှတ်ဉာဏ် (long-term memory) တို့ဖြစ်ကြသည်။ သိုလှောင်ပုံ သိုလှောင်နည်း မျိုးစုံကိုပြသည့်ပုံစံ (Multistore Model)၏ အစိတ်အပိုင်းများမှာ ပတ်ဝန်းကျင် (input)၊ အာရုံခံမှတ်ဉာဏ်၊ အာရုံစိုက်ခြင်း၊ ရေတိုမှတ်ဉာဏ် ၊အစမ်းလေ့ကျင့်ခြင်းနှင့် ရေတို မှတ်ဉာဏ်တို့ဖြစ်ကြသည်။*

**မေးခွန်း ၃။** ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံနှင့် မှတ်ဉာဏ်များထဲ၌ သိုလှောင်မှုမျိုးစုံပြပုံစံတို့ အကြား တူညီမှုများကို ဖော်ပြပါ။

**အဖြေ။** *ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model) နှင့်ကွန်ပျူတာသုံး ဘာသာစကားတို့၌ ဘုံတူညီသော ဝေါဟာရများ ရှိကြသည်။ ထိုဝေါဟာရများမှာ အဆင့်ဆင့်ချိတ်ဆက်ပြုပြင်စီစဉ်ခြင်း (processing)၊ သင်္ကေတပြုခြင်း/စကားဝှက်ထည့်ခြင်း(encoding) သိုလှောင်သိမ်းဆည်းခြင်း(storage) နှင့် ပြန်လည်ထုတ်ယူသုံးစွဲခြင်း (retrieval) တို့ဖြစ်ကြသည်။*

# ၅.၃။ သင်ယူရာ၌ လူသာဝါဒီ သဘောတရားနှင့် ချဉ်းကပ်နည်းများ (Humanist Approaches to Learning)

လူသာဝါဒီရှုထောင့်/ သဘောတရားသည် ပညာရေးစိတ်ပညာ၏ ပဥ္စမမြောက်ရှုထောင့်ဖြစ်ပြီး အလွန်အရေးပါသော ပညာရပ်နယ်ပယ်လည်း ဖြစ်သည်။ ဤအခန်းငယ်တွင် လူသာဝါဒီ စိတ်ပညာရှုထောင့်မှ အဓိကကျသော အတွေးအမြင်များနှင့် ဤပညာရပ်နယ်ပယ်မှ ထင်ရှားသော အတွေးအခေါ်ပညာရှင် အချို့အကြောင်းကို ဆန်းစစ်လေ့လာမည် ဖြစ်သည်။

ပထမနှစ် သင်တန်းတွင် ကျောင်းသားများအား မိတ်ဆက်ပေးခဲ့သည့် အဗရာဟင်မာ့စ်လို (Abraham Maslow) သည် လူသာဝါဒီ စိတ်ပညာရှုထောင့်မှ ထင်ရှားသော ပညာရှင်တစ်ဦးဖြစ်သည်။ ၎င်း၏ "လူတို့လိုအင်အဆင့်ဆင့်" သီအိုရီကို အခြေခံပြီး ယခုအခန်းငယ်တွင် ထပ်မံချဲ့ထွင်လေ့လာရမည် ဖြစ်သည်။ ထိုသို့ လေ့လာခြင်းဖြင့် ကျောင်းသားများအား သင်ယူမှုရည်မှန်းချက်များ ရရှိသွားနိုင်စေရန် ကူညီပံ့ပိုးရာ၌ သူတို့၏ အခြေခံလိုအပ်ချက်များနှင့် လိုအင်များကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ကျွန်ုပ်တို့ စူးစမ်းလေ့လာကြမည်။ အခြားထင်ရှားသော ပညာရှင်တစ်ဦးမှာ ကားလ်ရော်ဂျာစ် (Carl Rogers) ဖြစ်သည်။ ၎င်းက ညွှန်ကြားချက်မဲ့သင်ကြားနည်း (Non-directive teaching) နှင့် "သင်ယူမှုအတွက် သဘောတရား (၁၀) ချက်"တို့အတွက် ကျော်ကြားသည်။

၎င်းပညာရှင်နှစ်ဦးတို့၏ စိတ်ပညာဆိုင်ရာ သဘောတရားများကို လေ့လာပြီးသောအခါ ကျောင်းသားများသည် ပူးပေါင်းဆောင်ရွက်သင်ယူမှု (Collaborative learning) နှင့် ဆက်စပ်နေ သော ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူမှု (Cooperative learning) ကို စူးစမ်းလေ့လာမည်။ ထိုမှတစ်ဆင့် အလယ်တန်းကျောင်းသားများအတွက် ပူးပေါင်းပါဝင်လုပ်ဆောင်ရသော သင်ယူမှုလုပ်ငန်းများကို မည်သို့ဖန်တီးတည်ဆောက်နိုင်သည်ကို လေ့လာသင်ယူရန် ဖြစ်သည်။

အခြား စိတ်ပညာဆိုင်ရာ သဘောတရားတစ်ခုမှာ နေပျော်သော ဘဝဖန်တီးရေးအတွက် အကောင်းမြင်တတ်မှုဦးစားပေး စိတ်ပညာ (သို့မဟုတ်) လူတို့၏ အားသာချက်များကို အထူး အလေးပေးကာ နေပျော်သော ဘဝ ဖန်တီးမှုစိတ်ပညာ (Positive psychology) ဖြစ်သည်။ ထိုသဘောတရားကလည်း စာသင်ခန်းတွင်း လက်တွေ့လေ့ကျင့် သင်ကြားမှုအတွက် သွယ်ဝိုက်အကြံပြုပေးနိုင်သည်ဖြစ်သောကြောင့် လေ့လာရမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် မူလတန်းကျောင်းနှင့် အလယ်တန်း ကျောင်းများတွင် အသုံးပြုနိုင်သည့် လူမှုစိတ်ပိုင်းဆိုင်ရာ (Psychosocial) ဖွံ့ဖြိုးမှုအကြောင်း လေ့လာခြင်းဖြင့် ဤအခန်းငယ်ကို အဆုံးသတ်မည် ဖြစ်သည်။

## ၅.၃.၁။ သင်ယူရာ၌ လူသာပဓာနသဘောတရားနှင့်ချဉ်းကပ်နည်းများကို မိတ်ဆက်ခြင်း

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင်  ကျောင်းသားများသည် -**

- လူသာပဓာနထားသည့် သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများကို အဓိပ္ပာယ် သတ်မှတ်ပြတတ်မည်။
- လူသာပဓာနချဉ်းကပ်နည်းများက မူလတန်း သင်ရိုးညွှန်းတမ်းတွင်ပါဝင်သော မြန်မာနိုင်ငံ၏ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် မည်သို့ချိတ်ဆက်နေသည်ကို ရှင်းပြ တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က) (၁.၁.၁)   ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်း ဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန်** - မိနစ်(၅၀) ကြာ စာသင်ချိန် (၁) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - လူ့သာပတ်ဝန်းကျင်ရှုထောင့်မှ သင်ယူမှုချဉ်းကပ်ပုံများကိုပြသည့် Y ပုံဇယားကွက်

သင်ယူမှုလုပ်ငန်း (၂) - လူသာပတ်ဝန်း စိတ်ပညာနှင့်မြန်မာနိုင်ငံ ဗလငါးတန် ဖွံ့ဖြိုးမှုသင်ရိုးညွှန်းတမ်းကို ယှဉ်တွဲတိုက်ဆိုင်ကြည့်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် အတန်းတွင်းဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားကိုင် စာအုပ်မှ သင်ခန်းစာ (၅.၃.၁) ကို ဖတ်ရန်

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း(၁) - ဇယား (၅.၅) (ကျောင်းသားကိုင်စာအုပ်မှ)

သင်ယူမှုလုပ်ငန်း (၂) - ဇယား (၅.၆) (ကျောင်းသားကိုင်စာအုပ်မှ)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ သင်တို့သည်ပညာရေးစိတ်ပညာ၏ အဓိကနယ်ပယ်ကို သင်ယူခဲ့ကြပြီး ဖြစ်ပါသည်။ ယခုအထိလေ့လာပြီးခဲ့သော နယ်ပယ် (၄) ရပ်မှာ -

- အပြုအမူဆိုင်ရာရှုထောင့်/ သဘောတရား
- သိမှုဖွံ့ဖြိုးလာပုံ အဆင့်ဆင့်နှင့် သက်ဆိုင်သောရှုထောင့်/ သဘောတရား
- သိမှုဆိုင်ရာ/ ဉာဏ်ရည်ဆိုင်ရာရှုထောင့်/ သဘောတရား
- အသိပညာတည်ဆောက်မှုဆိုင်ရာ ရှုထောင့်/ သဘောတရား တို့ဖြစ်ကြသည်။

၂။ အပြုအမူဆိုင်ရာ ရှုထောင့်သည် ပညာရေး စိတ်ပညာမှ အပြုအမူဆိုင်ရာရှုထောင့် သုံးသပ်မှု အယူအဆများထဲတွင် တည်ရှိသည်။

၃။ အသိပညာတည်ဆောက်တတ်မှုရှုထောင့်၊ ဦးနှောက်ထဲ၌ အချက်အလက်များကို ပြုပြင်စီစဉ်မှု၊ သိမှုဆိုင်ရာ ရှုထောင့်နှင့် သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့်ဆိုင်သော ရှုထောင့်စသည့် စိတ်ပညာသဘောတရားများအားလုံးသည် သင်ယူမှုကို သိမှုဆိုင်ရာ ဖြစ်စဉ်များကို အခြေခံကာ ရှင်းလင်းပြသော သိမှုအကြောင်း ရှင်းလင်းဖော်ပြမှုဆိုင်ရာ ခေါင်းစဉ်အောက်တွင် တည်ရှိကြသည်။

၄။ ပညာရေးစိတ်ပညာတွင် လူသိနည်းသော အမျိုးအစားတစ်ခုရှိသေးသည်။ ၎င်းမှာ လူသာပဓာန ရှုထောင့်မှ သင်ယူမှုချဉ်းကပ်မှုများ ဖြစ်ပါသည်။[၄၅] လူသာပဓာန စိတ်ပညာ သဘောတရားသည် အောက်ပါအချက်အလက်များကို အသိအမှတ်ပြုလက်ခံပေးသော အမြင်/အတွေးအခေါ်ဖြစ်သည်။

- လူသားတစ်ဦးစီနှင့် သူတို့၏ အတွေ့အကြုံများမှာ တစ်မျိုးတစ်ဘာသာစီ ထူးခြားချက်ရှိကြသည်။
- ဘဝအရည်အသွေးများ ဥပမာအားဖြင့် ဂီတအနုပညာ စသည်တို့နှင့် ကျွန်ုပ်တို့နေ့စဉ်ဘဝများ၏ ရှုထောင့်အသီးသီးသည်လည်း လူသားဖြစ်မှု၊ လူပီသမှုတို့တွင် ပါဝင်နေသည်။
- လူသားများသည် ပြုပြင်ပုံသွင်းတတ်ကြသည်။ ပြုပြင်ပုံသွင်းခြင်းကိုလည်း လက်ခံနိုင်ကြသည်။ သို့ဖြစ်၍ လူသားတစ်ဦးစီတိုင်းတွင် ဂုဏ်သိက္ခာ ရှိကြသည်။
- လူတို့၌ ဘဝရည်မှန်းချက်များကို ချမှတ်တတ်ခြင်း၊ ပြဿနာဖြေရှင်းတတ်ခြင်းနှင့် သူတို့ စွမ်းအားရှိသည့်အလျောက် တိုးတက်အောင်မြင်မှု ရရှိခြင်းတို့ကို တွေ့ရသည်။

---

၄၅ Duchesne & McMaugh, 2016.

၅။ လူသာပဓာနဝါဒသည် ရှေးဟောင်းရင်းမြစ်များမှ စတင်မြစ်ဖျား ခံလာခဲ့ခြင်း ဖြစ်သည်။ ယင်းရှေးဟောင်း ရင်းမြစ်များတွင် ကွန်ဖြူးရှပ်ဝါဒနှင့် ဗုဒ္ဓဝါဒတို့လည်း အပါအဝင် ဖြစ်သည်။[၄၆]

၆။ လူသာပဓာနဝါဒကို လက်ကိုင်ပြုသူပညာရှင်တစ်ဦးအတွက် သင်ယူမှုသည် ဖွံ့ဖြိုးမှုဆိုင်ရာ နယ်ပယ်အလုံးစုံတို့နှင့် ဆက်စပ်နှီးနွှယ်နေသည်ကို တွေ့ရှိနိုင်သည်။

- သိမှုဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ်
- ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနယ်ပယ်
- လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ်နှင့်
- စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ်အားလုံးတို့နှင့် ဆက်စပ်နေသည်။

ဆိုလိုသည်မှာ သင်ယူမှုသည် သိမှု/ ဉာဏ်ရည်ဆိုင်ရာ (စဉ်းစားတွေးခေါ်ခြင်း) နယ်ပယ်နှင့် ချစ်ခင်ယုယမှု (စိတ်ခံစားမှု) ဆိုင်ရာ နယ်ပယ်နှစ်ခုအကြား ဆက်သွယ်မှုတစ်ရပ် ဖြစ်သည်။ (မိမိကိုယ်ကို ဆင်ခြင်သုံးသပ်မှုနှင့် စေ့ဆော်မှုတို့အပါအဝင်)

၇။ လူသာပဓာနရှုထောင့်မှ သင်ယူမှုသို့ချဉ်းကပ်ရာတွင် အချို့သောကျွမ်းကျင်မှုများ ဥပမာအားဖြင့် "စိတ်ခံစားမှုအကြောင်း သိရှိတတ်ကျွမ်းမှု"သည် သင်္ချာဘာသာရပ်နှင့် အရေးအဖတ်အတွက်ပညာ (Literacy) တတ်မြောက်မှုတို့ နည်းတူပင် အရေးပါမှုချင်း တူညီသည်ဟု ယူဆပါသည်။ ကျောင်းသားများအတွက် ကျောင်းသင်ဘာသာရပ်များနည်းတူ စိတ်ခံစားမှု အကြောင်းတတ်ကျွမ်းမှုသည်လည်း တန်းတူညီမျှ အရေးကြီးပါသည်။

၈။ လူသာပဓာန စိတ်ပညာသည် ၁၉၅၀ နှစ်များ ဝန်းကျင် (၁၉၅၀-၆၀ ကြား) မှ စတင်ပေါ်ပေါက်ထွန်းကားလာခဲ့သည်။ လူသားတို့၌ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုနှင့် မိမိကိုယ်ကို လေးစားတန်ဖိုးထားမှု တည်ဆောက်ရန် စွမ်းရည်များရှိကြကြောင်းကို အလေးထားသည့် ပိုမို ပြည့်စုံသော လူ့ဘဝအကြောင်း အတွေးအမြင်တစ်ရပ်/ သဘောတရားတစ်ရပ်ကို ဖြည့်တင်းပေးရန် ရည်ရွယ်ချက်ဖြင့် ဤစိတ်ပညာပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

၉။ လူသာပဓာန စိတ်ပညာ သဘောတရားတွင် ဖြစ်တည်မှု ပုံသဏ္ဌာန် (၃) မျိုးရှိ

[၄၆] Duchesne & McMaugh, 2016.

သည် ဟု လက်ခံထားသည်။ ထိုဖြစ်တည်မှု (၃) မျိုးမှာ ရုပ်ပိုင်းဆိုင်ရာ ဖြစ်တည်မှု၊ ပါဝင်သော အစိတ်အပိုင်းတို့ တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်စပ်ပေါင်းစည်းလျက်ဖြစ်တည်မှုနှင့် အမှတ်သညာ သင်္ကေတ သဘောဆောင်သော ဖြစ်တည်မှု တို့ဖြစ်ကြသည်။ လူသာပဓာန စိတ်ပညာ၏ အဓိကကျသော အတွေးအမြင် (ideas) (၅)ရပ် တို့မှာ အောက်ပါတို့ဖြစ်ကြသည်။

- လူသားများသည် လူဆိုသော အဖြစ်ကို ရရှိဖြစ်တည်လာရာတွင် ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် စိတ်တို့၏ အစုအပေါင်းဆိုသည်ထက်မက ပိုမိုကျယ်ဝန်းသော အဓိပ္ပာယ်ရှိသည်။ လူတို့ကို ခွဲခြမ်း၍ အစိတ်အပိုင်းများအဖြစ်သို့ လျှော့ချပြောင်းလဲ၍မရနိုင်ချေ။
- လူသားများသည် လူဆိုသော ဘဝကို ရရှိရာတွင် ထူးခြားလှစွာသော လူတို့၏ ကြန်အင်လက္ခဏာ၊ ရုပ်ပိုင်းစိတ်ပိုင်း အကြောင်းအရာ အခြေအနေများနှင့် ပြည့်စုံစွာ စကြာဝဠာ/ ကမ္ဘာတစ်ဝန်း ဆိုင်ရာ ဂေဟစနစ်ကြီးထဲတွင် မွေးဖွားပေါ်ပေါက်လာကြရသည်။
- လူသားတို့ထံ၌ အသိဉာဏ်ရှိကြပြီး သူတို့၌ အသိဉာဏ်ရှိကြောင်းကို သိရှိသတိထားမိကြသည်။ ဆိုလိုသည်မှာ သူတို့၌ သတိထားတတ်သော အသိစိတ်ပြည့်ဝကြသည်။ အရာရာကို လက်လွှတ်စပယ်ပြုလေ့မရှိကြချေ။ လူသားတို့၏ သိစိတ်တွင် မိမိ၏ တည်ရှိရှင်သန်နေမှုသည် မိမိနှင့် ဆက်စပ်နေသောဝန်းကျင်မှ အခြားသူများနှင့် အခြေအနေ အကြောင်းချင်းရာ အသီးသီးတို့နှင့် ကင်းကွာ၍ မရကြောင်းကို အမြဲမပြတ် သတိကပ်ကြသည်။
- လူသားတို့၌ ရွေးချယ်နိုင်စွမ်းရှိကြပြီး ရွေးချယ်မှုအတွက် တာဝန်ယူခြင်းလည်းရှိကြသည်။
- လူသားများ၌ ရည်ရွယ်ချက်အပြည့်အဝရှိကြသည်။ အကြံဉာဏ်နှင့် ရည်မှန်းချက်များ ပြည့်ဝလျက်ရှိသည်။ သူတို့သည် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးကို ရည်ရွယ်ကြသည်။ အမှုမဲ့ အမှတ်မဲ့နေလေ့မရှိကြပါ။ သူတို့၏ အနာဂတ်အဖြစ်အပျက်များကို သူတို့ဖန်တီးနိုင်ကြောင်းကို သိရှိကြသည်။ ထို့ကြောင့် ဘဝအဓိပ္ပာယ်ကို ရှာဖွေသည်။ တန်ဖိုးထားတတ်မှုများ ရှိလာကြပြီး တီထွင်ဖန်တီးဆန်းသစ်မှုများကိုလည်း ပြုတတ်ကြသည်။[၄၇]

---

၄၇ Adapted by Greening, 2006, from Bugental, 1964.

## သင်ယူမှုလုပ်ငန်း (၁)။ လူသာပဓာန ရှုထောင့်မှ သင်ယူမှုချဉ်းကပ်ပုံများကို ပြသသည့် Y ပုံဇယားကွက်

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ၊ (၆) ဦးပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - လူသာပဓာန စိတ်ပညာရှုထောင့်မှ သင်ယူချဉ်းကပ်ပုံများကို အဓိပ္ပာယ်သတ်မှတ်ပေးတတ်စေရန်

၁။ ဤလုပ်ငန်းတွင် ကျောင်းသားများသည် ပထမဦးစွာ နှစ်ယောက်တစ်တွဲ တွဲ၍ လုပ်ငန်း ဆောင်ရွက်ရမည်။ ကျောင်းသားတွဲများအား "လူသာပဓာန ရှုထောင့်၏ အဓိပ္ပာယ်ကို သတ်မှတ်ပေးရန် ဆွေးနွေးရမည်။

၂။ အဓိပ္ပာယ်သတ်မှတ်ချက်တစ်ခုကို သဘောတူညီမှုရ၍ အတည်ပြုပြီးလျှင် ကျောင်းသားကိုင်စာအုပ်ပါ လူသာပဓာနရှုထောင့်မှ သင်ယူမှုချဉ်းကပ်ပုံများကို ပြသသည့် ဇယား (၅.၅) တွင် ထိုသတ်မှတ်ချက်ကို ရေးသားရန်ပြောပါ။ ဇယား (၅.၅) က လူသာပဓာန ရှုထောင့်မှ သင်ယူချဉ်းကပ်ပုံများကို ပြထားသည်။ (ကျောင်းသားကိုင်စာအုပ်မှ) ထို့နောက် Y ပုံ ဇယားကွက်ကို ဖြည့်ပေးပါ။ ဖြည့်ရမည်တို့မှာ လူသာပဓာန ချဉ်းကပ်ပုံများကို အလယ်တန်းကျောင်း စာသင်ခန်းတစ်ခုစီ အသုံးပြုလျှင် မည်သို့တွေ့မြင်ရပုံ၊ မည်သို့ကြားသိရပုံနှင့် မည်သို့ ခံစားမှုရရှိပုံတို့ဖြစ်ပါသည်။

၃။ ကျောင်းသားတွဲတစ်တွဲစီက သူတို့၏ Y ဇယားကွက်ကို ဖြည့်ပြီးသွားသောအခါ ကျောင်းသားတွဲ (၃) တွဲကို ပေါင်း၍ (၆) ဦးအုပ်စုဖွဲ့စေရမည်။ ထိုအုပ်စုတွင် ၎င်းတို့ရေးထားသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် Y ပုံဇယားကွက်၌ ဖြည့်သွင်းရေးသားချက်များကို အတွဲ (၃) တွဲ အတွင်း မျှဝေရမည်။

၄။ ထို့နောက် တစ်တန်းလုံးကို မူလပုံစံ ပြန်လည်ဖွဲ့စည်းပါ။ မျှဝေရန်ဆန္ဒရှိသော ကျောင်းသားများကို ဆရာက ဖိတ်ခေါ်၍ သူတို့ရေးသားထားသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် Y ပုံ ဇယားကွက်၌ ဖြည့်ထားသော အချက်အလက်များကို အတန်းနှင့် မျှဝေစေရမည်။ လိုအပ်သလို တုံ့ပြန်အကြံပြုချက်များပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် အတန်းတွင်း ဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ကျောင်းသားများ ရေးလာသော အဓိပ္ပာယ်သတ်မှတ်ချက်များသည် နီးစပ်စွာ တူညီသင့်သည်။ Y ပုံ ဇယားကွက် အဖြေများမှာ ကျောင်းသားတစ်ဦးစီ၏ အယူအဆအလိုက် ခြားနားမှုရှိကြမည်။

ဥပမာ - အချို့ကျောင်းသားများက ဤလုပ်ငန်းသည် ကျောင်းသားများက သင်ယူမှုလုပ်ငန်းများကို ဦးဆောင်ပြီး ပူးပေါင်းပါဝင်လုပ်ဆောင်မှုနှင့် တူညီသည်ဟု ရေးကြမည်။ ကျောင်းသားတိုင်းက သူတို့လုပ်ငန်းတွင် စိတ်ပါလက်ပါ အားရပါရ ပါဝင်ဆောင်ရွက်နေကြသောကြောင့် ဆူညံမှုရှိမည်ဟု ထင်ရသည်ဟု ရေးသူလည်း ရှိနိုင်မည်။ ဤချဉ်းကပ်နည်းများက အမှန်တကယ်ကျေနပ်ဖွယ် ခံစားရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်တိုင် လုပ်ပိုင်ခွင့်ရသောကြောင့် စိတ်လှုပ်ရှားဖွယ်ကောင်းပြီး အောင်မြင်မှုကိုလည်း အတွေ့အကြုံရစေသည်ဟု ရေးသူလည်းရှိနိုင်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ လူသားပဓာန စိတ်ပညာနှင့် မြန်မာနိုင်ငံ၏ ဗလ ငါးတန် ဖွံ့ဖြိုးမှု သင်ရိုးညွှန်းတမ်းတို့ကို ယှဉ်တွဲတိုက်ဆိုင်ကြည့်ခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅) ဦးပါဝင်သော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - လူသားပဓာန စိတ်ပညာနှင့် မြန်မာနိုင်ငံ၏ ဗလငါးတန် ဖွံ့ဖြိုးမှု သင်ရိုးညွှန်းတမ်းတို့အကြား ချိတ်ဆက်မှုကို သိသာရှင်းလင်းစွာ သိရှိနိုင်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီ ပါဝင်သော ကျောင်းသားအုပ်စုများအဖြစ်သို့ ခွဲခြားပါ။

၂။ မြန်မာနိုင်ငံ (အမျိုးသားအဆင့်) သင်ရိုးညွှန်းတမ်းအညွှန်းဘောင်အရ ပညာသင်ကြားမှုအဆင့်တို့၌ ကျောင်းသားများ ပညာသင်ယူရခြင်း၏ ရည်ရွယ်ချက်များ အနက် ရည်ရွယ်ချက်တစ်ခုမှာ ကျောင်းသားများအား ဗလငါးတန် နှင့် ပြည့်စုံသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ကြောင်းကို ကျောင်းသားများ သိရှိအောင်ရှင်းပြပါ။ ဗလငါးတန်တို့မှာ -

- ဉာဏဗလ (Intellectual strength)
- ကာယဗလ (Physical strength)
- စာရိတ္တဗလ (Moral strength)
- မိတ္တဗလ (Social strength)
- ဘောဂဗလ (Economic strength) တို့ဖြစ်ကြသည်။

၃။ ဤလုပ်ငန်းတွင် မြန်မာနိုင်ငံ သင်ရိုးညွှန်းတမ်းမှ ဗလငါးတန်သဘောတရားသည် လူသာပဓာန စိတ်ပညာ၏ အဓိကအတွေးအမြင်/သဘောတရားများ (Key ideas) (ကျောင်းသားကိုင် စာအုပ်တွင် ပါဝင်သည်) နှင့် မည်သို့ချိတ်ဆက်နေကြသည်ကို ကျောင်းသားများက စဉ်းစား ဆွေးနွေးကြရမည်ဖြစ်ပါသည်။

၄။ အုပ်စုတစ်ခုတွင်ပါဝင်သော အုပ်စုဝင်တစ်ဦးစီကို ဗလငါးတန်ထဲမှ ဗလတစ်တန်စီကို စူးစမ်းလေ့လာရန် တာဝန်ပေးရမည်ဖြစ်ကြောင်း ဆရာက ညွှန်ကြားပါ။ အုပ်စုတွင် အဖွဲ့ဝင် (၅) ဦး ပါဝင်သည့်အတွက် တစ်ဦးစီက ဗလငါးတန်ထဲမှ တစ်ခုစီ (ကာလဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ နှင့် ဘောဂဗလ) ကို လေ့လာစူးစမ်းရမည်။ ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော အချက်အလက်တို့ကို ပြန်လည်ဆန်းစစ်ပြီး၊ လိုအပ်လျှင် ထပ်မံသုတေသနပြုရမည်။ ထိုသဘောတရားသည် လူသာပဓာနစိတ်ပညာနှင့် ချိတ်ဆက်နေခြင်း ရှိ/မရှိ ကို စဉ်းစားရမည့်အပြင် ချိတ်ဆက်မှုရှိသည်ကို တွေ့ရှိရပါက မည်သို့ ချိတ်ဆက် စပ်ဟပ်မှုရှိပုံ တို့ကိုပါ စဉ်းစားရမည် ဖြစ်ပါသည်။ ထို့နောက် ကျောင်းသားကိုင်စာအုပ်ပါ ဇယား (၅.၆) မှ ဗလငါးတန်ဘေးတွင် သူတို့ စိတ်ကူးများကို ရေးသားပေးရပါမည်။

၅။ အုပ်စုတွင်းမှ ကျောင်းသားတစ်ဦးစီက သက်ဆိုင်ရာအချက်များကို မိမိတို့ လေ့လာသိရှိထားသည့် အတိုင်း ရေးသားပြီးလျှင် အုပ်စုဝင်အချင်းချင်းအကြား

မျှဝေကာအားလုံး မျက်နှာစုံညီ သဘောတူညီချက်ရအောင် ဆွေးနွေးရမည်။ ထို့နောက် အုပ်စုမှစိတ်ကူးများကို ဇယား (၅.၆) တွင်အဓိက အတွေးအမြင်/ သဘောတရားများနေရာ၌ ရေးသားပါ။

၆။ အတန်းကို မူလပုံစံ ပြန်လည်ဖွဲ့စည်းပေးပြီး ဗလငါးတန်ထဲမှ တစ်ခုစီနှင့် ပတ်သက်သည့် သူတို့ စိတ်ကူးများကို အတန်းနှင့်မျှဝေရန် ဆန္ဒရှိသူ ကျောင်းသားများအား ဆရာက ဖိတ်ခေါ်မည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း နှင့် အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဖြစ်နိုင်ခြေရှိသော နှိုင်းယှဉ်/ယှဉ်တွဲပြမှုအချို့ကို အောက်တွင်ဖော်ပြထားသည်။ သို့ရာတွင် ဤလုပ်ငန်းကိုဆောင်ရွက်ရာ၌ လူသာပဓာန စိတ်ပညာမှ အဓိကျသော စိတ်ကူးအယူအဆကို အမည်တပ်ဖော်ပြရုံမျှဖြင့် မလုံလောက်ပါ။ ထိုအဓိကအချက်များ၏ အစိတ်အပိုင်းများသည် မြန်မာနိုင်ငံ သင်ရိုးညွှန်းတမ်းတွင် သတ်မှတ်ဖော်ထုတ်ထားသော ဗလငါးတန်နှင့် မည်သို့ လိုက်ဖက်ညီညွတ်မှုရှိသည်ကို ရှင်းပြရန် လိုအပ်သည်။

- **ဉာဏဗလ (Intellectual strength)** နှင့် ညီညွတ်သော လူသာပဓာန စိတ်ပညာ၏ အဓိက အယူအဆတစ်ခုမှာ လူသားတို့သည် သတိမူတတ်၊ သိရှိတတ်သော အသိဉာဏ်ရှိကြပြီး သူတို့၌ အသိဉာဏ်ရှိကြောင်းကို သူတို့ ကိုယ်တိုင် သတိထား မိကြ၊ သိရှိကြသည်။ ဆိုလိုသည်မှာ သူတို့၌ သတိထားတတ်သော အသိစိတ် အပြည့်အဝရှိသည်။ အရာရာကို စိတ်ထင်ရာစိုင်းပြီး လက်လွှတ်စပယ် မပြုတတ် ကြပါ။ လူသားတို့သိစိတ်တွင် မိမိ၏တည်ရှိ ရှင်သန်မှုသည် မိမိနှင့် ဆက်စပ်နေ သော ပတ်ဝန်းကျင်မှ အခြားသူများနှင့် အခြေအနေ အကြောင်းအရာအသီးသီး တို့နှင့် ကင်းကွာ၍ မရကြောင်းကို အမြဲမပြတ် သတိကပ်ကြသည်။

ဉာဏဗလနှင့် နောက်ထပ် ညီညွတ်သော လူသာပဓာန စိတ်ပညာ သဘောတရား တစ်ခုမှာ လူသားများသည် ရည်ရွယ်ချက်အပြည့်အဝရှိကြသည်။ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရန် ရည်ရွယ်ကြသည်။ သူတို့၏ အနာဂတ် အဖြစ်အပျက်များ (အနာဂတ်ကံကြမ္မာ) ကို သူတို့ ဖန်တီးနိုင်ကြောင်းသိကြသည်။ သို့ဖြစ်၍ ဘဝ၏ အဓိပ္ပာယ်ကို ရှာဖွေသည့် တန်ဖိုးထားမှုများ ရှိလာကြပြီး တီထွင်ဖန်တီးမှု ဆန်းသစ်မှု တို့ကိုလည်း ပြုလုပ်တတ်ကြသည်။[၄၈]

- **ကာယဗလ (Physical strength)**

  ကာယဗလပြည့်စုံစေရန် ဆိုသော သဘောတရားနှင့် ညီညွတ်သော လူသာပဓာန စိတ်ပညာ အဓိကအယူအဆတစ်ခုမှာ လူသားများသည် လူဆိုသော အဖြစ်ကို ရရှိဖြစ်တည်လာရာတွင် ခန္ဓာကိုယ်အစိတ်အပိုင်းများ၏အစုအပေါင်းဆိုသည့် ကျဉ်းမြောင်းသော အဓိပ္ပာယ် ထက်မက ပိုမို ကျယ်ဝန်းသော အဓိပ္ပာယ် ရှိသည်။ လူ၏ခန္ဓာအစိတ်အပိုင်းတို့ကို တစ်ခုစီခွဲခြမ်းပြီး လူဟူ၍ မသတ်မှတ်နိုင်ပါ။ (လူ့ခန္ဓာကိုယ်သည် အစိတ်အပိုင်း အားလုံး ပြည့်ပြည့်ဝဝရှိမှ လုပ်ငန်းဆောင်တာ အမျိုးမျိုးတို့ကို စွမ်းအားပြည့် ဆောင်ရွက်နိုင်မည်။ ကိုယ်ခန္ဓာကြံ့ခိုင် ကျန်းမာမှုသည် အရေးပါသည်။)

- **စာရိတ္တဗလ (Moral strength)**

  စာရိတ္တဗလ ပြည့်စုံစေရန်ဆိုသော သဘောတရားနှင့် ညီညွတ်သော လူသာပဓာန စိတ်ပညာ၏ အဓိကအယူအဆ တစ်ခုမှာ လူသားများသည် လူအဖြစ်ကို ရရှိလာရာတွင် ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ပေါင်းစပ်ပါဝင်နေသော သက်ရှိ သတ္တဝါ တစ်မျိုးဆိုသည်ထက်မက ပိုမိုကျယ်ဝန်းသော အဓိပ္ပာယ်ရှိသည်။ ထိုအဖြစ်ထက် သာလွန်မြင့်မြတ်သည်။(ဆိုလိုသည်မှာအသိစိတ်ရှိသည့်၊ ယဉ်ကျေးမှုရှိသည့်၊ ကျင့်ဝတ်နားလည်သည့် တိရစ္ဆာန်များကဲ့သို့ အသိမဲ့ ရှင်သန်ခြင်းမဟုတ်ဘဲ ကွာခြားသည်။)

---

၄၈ Adapted by Greening, 2006, from Bugental, 1964.

- **မိတ္တဗလ (Social strength)**

  မိတ္တဗလနှင့် ပြည့်စုံစေရန် ဆိုသော သဘောတရားနှင့် ညီညွတ်သော လူသာပဓာန စိတ်ပညာ၏ အဓိက အယူအဆမှာ လူသားများသည် လူဆိုသော ဘဝကို ရရှိရာတွင် ထူးခြားလှစွာသော လူတို့၏ ကြွန်အင်လက္ခဏာ၊ ရုပ်ပိုင်း စိတ်ပိုင်း အကြောင်းအရာ အခြေအနေ နှင့် ပြည့်စုံစွာ စကြာဝဠာတစ်ခွင်လုံး ဆိုင်ရာ ဂေဟစနစ်ထဲတွင် မွေးဖွား ပေါ်ပေါက်လာကြသည်။ (လူတို့၌ အသိဉာဏ်၊ ယဉ်ကျေးမှုနှင့် အပေါင်းအသင်းမိတ်ဆွေများ လိုအပ်သည်။ လူမှန်လျှင် တစ်ဦးတည်း အထီးတည်း ရပ်တည်၍မရပါ။ လူအချင်းချင်း အပေါင်းအသင်း ဖွဲ့မှုသည် လူတို့၏ ထူးခြားချက်တစ်ရပ်ဖြစ်သည်။)

  မိတ္တဗလနှင့် ဆက်စပ်သော အခြားအချက်တစ်ခုမှာ လူသားများသည် အသိတရား၊ အသိဉာဏ်ရှိကြပြီး သူတို့၌အသိဉာဏ်ရှိကြောင်းကိုလည်း သိရှိသတိထားကြသည်။ ဆိုလိုသည်မှာ သူတို့၌ သတိထားတတ်သော အသိစိတ်ပြည့်ဝကြသည်။ လူတို့၏ သိစိတ်တွင် မိမိတည်ရှိ ရှင်သန်နေမှုသည် မိမိနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်မှ အခြားသူများနှင့်လည်း အကြောင်းခြင်းရာ အသီးသီးတို့တွင် ကင်းကွာ၍ မရကြောင်းကို အမြဲမပြတ် သတိကပ်ကြသည်။

- **ဘောဂဗလ (Economic strength)**

  ဘောဂဗလ နှင့် ပြည့်စုံစေရန် ဆိုသော သဘောတရားနှင့် ညီညွတ်သော လူသာပဓာနစိတ်ပညာ၏ အဓိက အယူအဆတစ်ခုမှာ လူသားများသည် လူဆိုသော ဘဝကို ရရှိရာတွင် ထူးခြားလှစွာသော လူတို့ ကြွန်အင်လက္ခဏာ ရုပ်ပိုင်း စိတ်ပိုင်း အကြောင်းအရာ အခြေအနေများနှင့် ပြည့်စုံစွာ စကြာဝဠာ တစ်ခွင်လုံး ဆိုင်ရာ ဂေဟာစနစ်ကြီးထဲ၌ မွေးဖွား ပေါ်ပေါက်လာရသည်။ (လူ၏ ထူးခြားမှုများတွင် ကြီးပွားတိုးတက်လိုမှု ပါဝင်နိုင်သည်။)

  ဘောဂဗလနှင့် ဆက်စပ်သော လူသာပဓာန စိတ်ပညာ၏ အဓိကအယူအဆ နောက်ထပ်တစ်ခုမှာ လူသားများ၌ ရည်ရွယ်ချက်အပြည့်အဝရှိကြသည်။ ရည်မှန်းချက်ပန်းတိုင်များ ရရှိနိုင်ရေးကို ရည်ရွယ်ကြသည်။ သူတို့၏ အနာဂတ် အဖြစ်အပျက်များကို သူတို့ကိုယ်တိုင် ဖန်တီးနိုင်ကြောင်း သိရှိကြသည်။ သို့

ဖြစ်၍လည်း ဘဝအဓိပ္ပာယ်ကို ရှာဖွေသည်။ တန်ဖိုးထားတတ်မှုများ ရှိလာကြပြီး တီထွင်ဖန်တီး ဆန်းသစ်မှုများကိုလည်း ပြုတတ်ကြသည်။[၄၉] (သူတို့အနာဂတ်ကို သူတို့ဖန်တီးကြရာ၌ စီးပွားရေးပြည့်စုံအောင် ကြိုးပမ်းကြသည့် အချက်လည်း ပါဝင်နိုင်သည်။)

**ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း**

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပထမနှစ်သင်တန်းတွင် သင်တို့ သင်ယူလေ့လာခဲ့သည့် ပညာရေးစိတ်ပညာ၏ နယ်ပယ် (၄) ရပ်မှာ -

- အပြုအမူဆိုင်ရာရှုထောင့်
- သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်နှင့် သက်ဆိုင်သော ရှုထောင့်
- သိမှုဆိုင်ရာ ရှုထောင့်
- အသိပညာတည်ဆောက်မှုဆိုင်ရာ ရှုထောင့်တို့ ဖြစ်ကြသည်ကိုလည်း ပြန်လည် ဆန်းစစ်ပါ။

ထိုရှုထောင့်များအပြင် သင်တို့အား နောက်ထပ် မိတ်ဆက်ပေးမည့် စိတ်ပညာရှုထောင့်အသစ်မှာ လူသာပဓာန စိတ်ပညာရှုထောင့်ဖြစ်သည်။

၂။ လူသာပဓာန စိတ်ပညာရှုထောင့်/သဘောတရားသည် အောက်ပါအချက်အလက်များကို အသိအမှတ်ပြုလက်ခံပေးသော အတွေးအမြင်/ အယူအဆ တစ်ရပ်ဖြစ်သည်။

- လူသားတစ်ဦးစီနှင့် သူတို့ အတွေ့အကြုံများသည် တစ်မျိုးတစ်ဘာသာစီ ကိုယ်စီကိုယ်င ထူးခြားမှု ရှိသည်။
- ဘဝအရည်အသွေးများဖြစ်ကြသည့် ဥပမာ - ဂီတ-ပန်းချီ-အနုပညာ စသည့် ကျွန်ုပ်တို့နေ့စဉ် ဘဝများ၏ ရှုထောင့် အထွေထွေတို့သည် လူသားဖြစ်မှု၊ လူပီသမှု၊ လူသားဆန်မှု (humanity) တို့အတွက် ပါဝင်ပံ့ပိုးပေးကြသည်။

၄၉ Adapted by Greening, 2006, from Bugental, 1964.

- လူတို့သည် ပြုပြင်ပုံသွင်းတတ်ကြသည်။ လိုက်လျောညီထွေရှိအောင် ဆောင်ရွက်တတ်ကြသည်။ ထို့ကြောင့်ပင် လူ့ဂုဏ်သိက္ခာပေါ်ပေါက်လာသည်။ (အခြားသတ္တဝါများနှင့် ခြားနား သည်)
- လူတို့၌ ဘဝရည်မှန်းချက်ချမှတ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် မိမိတို့စွမ်းရည်ရှိသလောက် အစွမ်းကုန်ဖွံ့ဖြိုးနိုင်ရန် တို့အတွက် ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိကြသည်။

၃။ ရရှိသွားမည့် တတ်ကျွမ်းမှုများကိုပြန်လည်ဆန်းစစ်ပါ။

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ်မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

၄။ သင်ယူမှုရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်၌ ကျောင်းသားများသည် -

- လူသာပဓာန အဓိကထားသည့် သင်ယူမှုဆိုင်ရာချဉ်းကပ်နည်းများကို အဓိပ္ပာယ်သတ်မှတ် ပြတတ်မည်။
- လူသာပဓာနချဉ်းကပ်နည်းများက မူလတန်း သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော မြန်မာနိုင်ငံ၏ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် မည်သို့ချိတ်ဆက်နေသည်ကို ရှင်းပြတတ်မည်။

# ၅.၃.၂။ လူသာပဓာနဝါဒကို စွဲကိုင်သော စိတ်ပညာရှင် အဗရာဟင်မာ့စ်လို(Abraham Maslow)

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- လက်ရှိ လိုအင်အဆင့် (၈) ဆင့်ကို စာရင်းပြုစုပြီး ရှင်းလင်းပြတတ်မည်။
- အလယ်တန်းကျောင်းသားများ၏ အခြေခံလိုအပ်ချက်များကို ပြည့်စုံစေပြီး သူတို့၏ သင်ယူမှု ရည်မှန်းချက်များကို ရရှိနိုင်စေရန် ကူညီထောက်ပံ့မှုပြုနိုင်သည့် နည်းဗျူဟာများကို ဖော်ပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှု ဆိုင်ရာ ချဉ်းကပ်နည်းများနှင့် သက်ဆိုင်သော သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန်** - မိနစ်(၅၀) ကြာ စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - အခြေခံလိုအင် (၈) ဆင့် အကြောင်း သရုပ်ဆောင် သင်ကြားသင်ယူခြင်း

သင်ယူမှုလုပ်ငန်း (၂) - စာသင်ခန်းတွင်း၌ အခြေခံလိုအင်များကို ပြည့်စုံစေခြင်း၏ဖြစ်ဆက်လုပ်ငန်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် အတန်းတွင်း ဆွေးနွေးခြင်း၊

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** သင်ခန်းစာ (၅.၃.၂) ကို ဖတ်ပါ။ မာ့စ်လို တည်ဆောက်ခဲ့သော မူရင်းပုံစံ ဖြစ်သည့် "လူတို့လိုအင် အဆင့်ဆင့်" ပုံစံကို ဆွဲသားပါ။ ပုံနှိပ်ရိုက်ကူးပါ။ (သို့မဟုတ်) ဆလိုက်ချပ်များပေါ်တွင်ဖော်ပြပါ။ ထို့အတူပင် လက်ရှိ အသုံးပြုနေသည့် မူရင်းပုံစံကို ချဲ့ထွင်ပြုပြင်ထားသော အဆင့် (၈) ဆင့်ပါသည့် "လူတို့လိုအင် အဆင့်ဆင့်" ပုံစံအသစ်ကိုလည်း အထက်ပါ အတိုင်းစီစဉ်ထားပါ။

## လိုအပ်သော ရင်းမြစ်များ

**သင်ယူမှုလုပ်ငန်း (၁)** - ဇယား (၅.၇) ၊ A4 အရွယ်အစား စာရွက်(၈)ရွက်၊ တစ်ရွက်စီပေါ်၌ လိုအင်အဆင့် တစ်ဆင့်စီ၏ အမည်ကို ရေးသားထားပါ။ ဇီဝကမ္မဆိုင်ရာ လိုအင်များ၊ ဘေးကင်းလုံခြုံ စိတ်ချရမှုလိုအင်၊ ချစ်ခင်ယုယခံလိုမှုနှင့် ပိုင်ဆိုင်လိုမှုလိုအင်၊ မိမိကိုယ် မိမိတန်ဖိုးထားလေးစားမှု၊ သိမှုဆိုင်ရာ/ ဉာဏ်ရည်ဆိုင်ရာ လိုအင်များ၊ အနုသုခုမပညာ ရသခံစားလိုမှုလိုအင်၊ မိမိအစွမ်းရှိသမျှ အစွမ်းကုန်အားထုတ်ကြိုးပမ်း၍ အစွမ်းကုန်အောင်မြင်မှုလိုအင် နှင့် လွန်မြောက်ခြင်း/ သာလွန်မြင့်မြတ်ခြင်းကို ရလိုသောလိုအင်။

**သင်ယူမှုလုပ်ငန်းများ (၂)** - ပုံ (၅.၁၀)၊ A4အရွယ်အစား စာရွက် (၈) ရွက်၊ တစ်ရွက်စီ၌ လိုအင်အဆင့် တစ်ဆင့်စီ၏ အမည်ကို ရေးသားထားပါ။ ဇီဝကမ္မဆိုင်ရာ လိုအင်များ၊ ဘေးကင်းလုံခြုံ စိတ်ချရမှုလိုအင်၊ ချစ်ခင်ယုယခံလိုမှုနှင့် ပိုင်ဆိုင်လိုမှုလိုအင်၊ မိမိကိုယ်မိမိတန်ဖိုးထားလေးစားမှု လိုအင်၊ သိမှုဆိုင်ရာ/ ဉာဏ်ရည်ဆိုင်ရာ လိုအင်များ၊ အနုသုခုမပညာ ရသခံစားလိုမှုလိုအင်၊ မိမိအစွမ်းရှိသမျှ အစွမ်းကုန်အားထုတ်ကြိုးပမ်း၍ အစွမ်းကုန်အောင်မြင်မှုလိုအင် နှင့် လွန်မြောက်ခြင်း/ သာလွန်မြင့်မြတ်ခြင်းကို ရလိုသောလိုအင်။

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| အချိန် | (၁၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ အဗရာဟင်မာ့စ်လို (Abraham Maslow) (1908-1970) သည် အမေရိကန် စိတ်ပညာရှင်ဖြစ်သည်။

၂။ လူသားတို့၏ လိုအင်များ/လိုအပ်ချက်များကို တစ်ခုပေါ်တစ်ခုဆင့်ထားသည့် အဆင့်များအဖြစ် ရှုမြင်သုံးသပ်နိုင်သည်ဟု မာ့စ်လိုက အဆိုပြုခဲ့ပါသည်။ အောက်ခြေ၌ အသက်ရှင်သန်မှုဆိုင်ရာ လိုအင်များရှိပြီး ထိပ်ဆုံး၌ အစွမ်းကုန် အောင်မြင်မှုရလိုမှုလိုအင်ရှိသည်။

၃။ မာ့စ်လို တီထွင်တည်ဆောက်ပြခဲ့သော လိုအင်အဆင့်ဆင့်သီအိုရီကပေးသော ဆရာများ (educators) အတွက် အဓိကသတင်းစကားမှာ အခြေခံလိုအင်များ ကို ဖြည့်ဆည်းမပေးနိုင်ခဲ့လျှင် အဆင့်မြင့်လိုအင်များ ဖြစ်ကြသည့် မိမိကိုယ်မိမိ တန်ဖိုးထားလေးစားမှုလိုအင်နှင့် စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်း အစွမ်းပြ ကာ အောင်မြင်မှုဆွတ်ခူးလိုသော လိုအင်တို့သည် မည်သည်နည်းနှင့်မျှ ပြည့်ဝလာမည်မဟုတ်ကြောင်း ဖြစ်သည်။

၄။ ကျောင်းသားကိုင်စာအုပ်ပါပုံ (၅.၈) တွင် ပြထားသည့်အတိုင်းလိုအင်အဆင့်ဆင့် တို့ကို ပြန်လည်ရည်ညွှန်းပါ။

**ဇီဝကမ္မဆိုင်ရာလိုအင်များ (Physiological needs)** - ၎င်းလိုအင်များသည် အခြေခံကျသည့် စား၊ဝတ်၊နေရေးလိုအင်များ ဖြစ်ကြသည်။ ကျောင်းနေရာ အခင်းအကျင်းတစ်ခုအတွက်ဆိုလျှင် လိုအင်များသည် ကိုယ်တိုင်ငွေရှင်းကာ အစားအသောက်ကို ကိုယ်တိုင် သယ်ယူစားသုံးရသော ကျောင်းတွင်းစားသောက် ဆိုင် (သို့မဟုတ်) အခြားစားသောက်ဖွယ်ရနိုင်သော စီစဉ်မှုများ၊ သောက်ရေသန့်ရရှိသောက်သုံးနိုင်မှု၊ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော အဆောက်အဦ၊ အကယ်၍ ကျောင်းအိပ်ကျောင်းစား လက်ခံသင်ကြားပေးသော

ကျောင်းဖြစ်လျှင် အဆင်ပြေသည့်နေရာ၊ ထိုင်ခင်း၊ သက်သောင့်သက်သာရှိသော နေရာထိုင်ခင်း အစီအစဉ်များ ဖြစ်ကြသည်။

**ဘေးကင်းလုံခြုံစိတ်ချရမှုလိုအင် - (Safety and security)**- အခြေခံအကျဆုံး စားဝတ်နေမှု လိုအင်များ ပြည့်စုံပြီးသောအခါ နောက်ထပ်လိုအင်တစ်ဆင့် ပေါ်ပေါက်လာပြန်သည်။ မိမိနေထိုင်ကျက်စားရာ ပတ်ဝန်းကျင်အတွင်း ဘေးကင်းလုံခြုံမှုနှင့် တည်ငြိမ်မှုရှိရေး လိုအင်ဖြစ်သည်။ ကျောင်းအနေနှင့် စဉ်းစားလျှင် ကျောင်းပတ်ဝန်းကျင်သည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်း လုံခြုံမှု ရှိရမည်။ ကျောင်းသားအချင်းချင်းအကြား၌ ဖြစ်စေ၊ ကျောင်းမှ သင်ကြား ရေး/စီမံရေးဝန်ထမ်းများနှင့် မိဘများကြား၌ဖြစ်စေ ကောင်းမွန်သော ဆက်ဆံရေး ရှိရမည်။ ကျောင်းမှချမှတ်ပေးထားသော မူဝါဒများကလည်း ကျောင်းသား အချင်းချင်း ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ချစ်ကြည်ညီညွတ်မှုကို အားပေးပြီး အချင်းချင်းဗိုလ်ကျစိုးမိုး အနိုင်ကျင့်မှုကို ထိရောက်စွာ ဟန့်တားရမည်။

**ချစ်ခင်ယုယခံလိုမှုနှင့် ပိုင်ဆိုင်လိုမှုလိုအင် (Love and belonging)** - ဤလိုအင် ပြည့်ဝစေရန် မိသားစုနှင့် ကျောင်းကသာမက ရပ်ရွာလူထုကပါ ဖြည့်ဆည်းပေးရ မည်ဖြစ်ပါသည်။ ထို့အပြင် မိတ်ဆွေအပေါင်းအသင်းဖွဲ့ခြင်းနှင့် ဆက်ဆံပြောဆို တတ်ခြင်းဆိုင်ရာ အကြောင်းအရာတို့ကို ကျောင်းသားများ သင်ယူနိုင်စေမည့် အခွင့်အလမ်းများကို ဖန်တီးပံ့ပိုးပေးသင့်သည်။ (မိတ္တဗလ)

**မိမိကိုယ်မိမိတန်ဖိုးထားလေးစားမှုလိုအင် (Self-esteem)** - မိမိကို သူတစ်ပါး တို့က အလေးထားစေလိုခြင်း၊ လေးစားမှုပြစေလိုခြင်း (ပရိသတ်အများရှေ့ မှောက်ဝယ် အသိအမှတ်ပြုခြင်း၊ ဆုချီးမြှင့်ခြင်း) အပါအဝင် မိမိကိုယ် မိမိ လည်း တန်ဖိုးထားခြင်း၊ ထိုလေးစားတန်ဖိုးထားမှုတွင် မိမိကိုယ်ကို ယုံကြည်မှု၊ အမှီအခိုကင်းမှုနှင့် လွတ်လပ်စွာ လုပ်ကိုင်ပြုမူလိုမှု တို့ပါဝင်သည်။ ကျောင်း တစ်ကျောင်းတွင် ဤလိုအင်များနှင့် ဆက်စပ်မှုများမှာ ဆရာများထံမှ အပြုသဘောဆောင်သော တုံ့ပြန်အကြံပြုချက်များ လက်ခံရရှိလိုခြင်း၊ ကျောင်းသားများ ရယူနိုင်သည့် အောင်မြင်မှု အမျိုးအစား အမျိုးမျိုး (ဥပမာ- ပညာရေး၊ အားကစား၊ ဂီတ၊ အက စသည်)ကို အသိအမှတ်ပြုပေးခြင်းနှင့် စည်းကမ်းပျက်သော ကျောင်းသားအချို့၏ ဆိုးသွမ်းပေါ့တန်မှုများကို ကျင်လည် ပါးနပ်စွာ ထိန်းသိမ်းကိုင်တွယ် ပဲ့ပြင်နိုင်သော မူဝါဒများ စသည်တို့ဖြစ်ကြသည်။

**မိမိအစွမ်းရှိသမျှ အစွမ်းကုန်အားထုတ်ကြိုးပမ်း၍ အစွမ်းကုန်အောင်မြင်လိုမှု လိုအင် (Self-actualisation)** - တစ်စုံတစ်ဦး၏ စွမ်းရည်များကို အစွမ်းကုန် အပြည့်အဝ ဖွံ့ဖြိုးမှု ရရှိစေရန် ခွင့်ပြုပေးထားသော လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု စွမ်းရည်များနှင့် မွေးရာပါ အထုံပါရမီများကို အပြည့်အဝ ရင့်ကျက်ဖွံ့ဖြိုးစေမှုနှင့် တစ်စုံတစ်ဦး၏ ကာယ၊ ဉာဏ၊ စာရိတ္တ စသည့် အဘက်ဘက်မှ ဖွံ့ဖြိုးမှု အလား အလာများကို ရရှိသွားစေခြင်းတို့ပါဝင်သည်။

၅။ မကြာသေးမီကာလများအတွင်းက မာ့စ်လို၏ လိုအင်အဆင့်ဆင့်ပုံစံမူရင်းကို (၅) ဆင့်မှ (၈) ဆင့် အထိ တိုးချဲ့ကာ အသစ်တည်ဆောက်ခဲ့ကြသည်။[၅၀] နောက်ထပ်လိုအင် (၃) ဆင့်ကို ထပ်မံ ပေါင်းထည့်ခဲ့ကြသည်။

- သိမှု/ ဉာဏ်ရည်ဆိုင်ရာလိုအင်များ - အသိပညာရရှိလိုမှု နားလည်သဘောပေါက်လိုမှုနှင့် စူးစမ်းရှာဖွေလေ့လာလိုမှု
- အနုသုခုမပညာ ရသခံစားလိုမှုလိုအင်များ - အလှအပ၊ ရှေ့နောက်အစီအစဉ်ကျမှုနှင့် အချိုးအစားညီညွတ်မှု
- လွန်မြောက်ခြင်း/ သာလွန်မြင့်မြတ်ခြင်းကို ရလိုသောလိုအင်

၆။ ကျောင်းသားကိုင်စာအုပ်မှ ပုံ (၅.၉) အဆင့် (၈) ဆင့်ပါဝင်သော လူတို့လိုအင် အဆင့်ဆင့်ပုံကို ရည်ညွှန်းပါ။

## သင်ယူမှုလုပ်ငန်း (၁)။ အခြေခံလိုအင် (၈) ဆင့်အကြောင်း သရုပ်ဆောင်သင်ကြားသင်ယူခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စု (၈) စု၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - မျက်မှောက်အသုံးပြုနေကြသော "လူတို့၏လိုအင် အဆင့်(၈) ဆင့်ကို စာရင်းပြုစု ရှင်းပြတတ်စေရန်

၅၀ Huitt, 2011 in Duchesne & McMaugh, 2016.

၁။ အတန်းကို အုပ်စု (၈) စုအဖြစ်သို့ ခွဲခြားပါ။ အုပ်စုတစ်စုစီအား လိုအင်အဆင့်ဆင့်ဖြစ်သည့် အဆင့် (၈) ဆင့်ထဲမှ တစ်ဆင့်၏ အမည်ကို ရေးသားထားသော စာရွက်တစ်ရွက်စီပေးပါ။ မိမိတို့အုပ်စုကရရှိလာသော အဆင့်အမည်အတိုင်း ထိုအုပ်စုက ထိုအဆင့်ကို ပီပြင်အောင် သရုပ်ဆောင်ရမည်ဖြစ်သည်။

၂။ လူတို့လိုအင် (၈) ဆင့်အနက် မိမိတို့ ရရှိသော လိုအင်အဆင့်၏ အဓိပ္ပာယ်ကို သိရှိပေါ်လွင်လာစေရန် အုပ်စုများက (၃) မိနစ်ခန့်ကြာမည့် သရုပ်ဆောင် သင်ယူမှုတစ်ခုကို ဖန်တီးရန်ဆရာကညွှန်ကြားပါ။ သရုပ်ဆောင်ရာ၌ ပရိသတ်များ (အတန်းသားများ) က သူတို့ရရှိသော လိုအင်အဆင့်အကြောင်း သိရှိကာရှင်းပြနိုင်စေရန်အတွက် ပေါ်လွင်ပီပြင်အောင် သရုပ်ဆောင်ပါ။ ဥပမာ - ကျောင်းသားများသရုပ်ဆောင်ရမည့်လိုအင်မှာ ဇီဝကမ္မဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလိုအင်များဖြစ်သည်ဆိုပါစို့။ ထိုအချက်ကို ပေါ်လွင်စေရန် ဇာတ်ညွှန်းတစ်ကွက်ကို ပီပြင်စွာ သရုပ်ဆောင်သင့်သည်။ ဇာတ်ညွှန်းထဲတွင် ကလေးများသည် အစာရေစာပြတ်လပ် လာသည့်ပုံမျိုး စုတ်ပြဲနေသော အဝတ်အစားများနှင့် ရောက်ရှိလာကြပုံ၊ အိပ်ရေးမဝ၍ အိပ်ချင်ငိုက်မျဉ်းနေပုံတို့ကို ပီပြင်အောင် သရုပ်ဆောင်သင့်သည်။ ထိုသို့ အစာရေစာ ဆာလောင်မွတ်သိပ်လာသည့် ကလေးများကို ဆရာက စာမသင်မီ အစားအစာနှင့် သောက်ရေတို့ကိုပေး၍ အင်အားပြည့်ဖြိုးကာ ပြန်လည်လန်းဆန်းလာမှသာစာသင်ရန်ကို သရုပ်ဆောင်မှုဖြင့် ပြသရမည်။

၃။ အုပ်စုအသီးသီးက သူတို့ ရရှိထားသည့် လိုအင်အဆင့်အကြောင်း သရုပ်ဆောင်သင်ယူမှုကို စီစဉ်ပြင်ဆင်ပြီးသောအခါ ဆရာက အုပ်စုတစ်ခုစီအား ခေါ်ယူပြီး အတန်းရှေ့၌ သရုပ်ဆောင်မှုကို ခင်းကျင်းပြသစေသည်။ အုပ်စုများကို သရုပ်ဆောင် စေရာ၌ ဆရာက ဇီဝကမ္မလိုအင်အကြောင်းကို သရုပ်ဆောင်မည့် အုပ်စုကို ပထမဦးစွာ စတင်ခေါ်ယူရမည်။ ထိုမှတစ်ဆင့် တစ်ဆင့်ချင်း ခေါ်ယူသွားပြီး နောက်ဆုံးသရုပ်ဆောင်ရမည့် အုပ်စုမှာ လွန်မြောက်ခြင်း/ သာလွန်မြင့်မြတ်ခြင်းကို ရလိုသော လိုအင်ကို ရရှိသည့် အုပ်စုဖြစ်သည်။ သရုပ်ဆောင်ရာတွင် မေးခွန်းများကို လည်း အတိုချုပ်ဖြေပေးရမည်။

၄။ အုပ်စုတိုင်းက သရုပ်ဆောင်မှုတင်ဆက်ပြီးသောအခါ အခြေခံလိုအပ်ချက်အလိုက် တစ်ခုအကြောင်းကို ရှင်းလင်းရေးသားရန် ဆရာကညွှန်ကြားရမည်။ အလယ်တန်းကျောင်းစာသင်ခန်းတွင် ထိုလိုအင်အဆင့်သဘောတရားကို

မည်ကဲ့သို့ အသုံးချနိုင်ပုံအကြောင်း ရှင်းလင်း ရေးသားစေရမည်။ ဇယား (၅.၇) လိုအင်အဆင့်ဆင့်တို့ကို ရှင်းလင်းပြခြင်းဇယားကွက်တွင် ရေးသားစေရမည်။

၅။ အခြေခံလိုအင် (၈) ဆင့်-ထိုအကြောင်းကို ကျောင်းသားများ နားလည်သဘော ပေါက်မှုရှိစေရန် အတွက်သရုပ်ဆောင်တင်ဆက်မှုများပြီးချိန်တွင် အတန်းကို မူလအတိုင်း ပြန်လည်ဖွဲ့စည်းပါ။ မျှဝေရန်ဆန္ဒရှိသော ကျောင်းသားများကို ဖိတ်ခေါ်ပြီး လိုအင်အဆင့်တစ်ခုစီအတွက်သူတို့၏ ရှင်းလင်းပြချက်များကို အတန်းနှင့်မျှဝေရန် ပြောပါ။ လိုအပ်သလို တုံ့ပြန်အကြံပြုချက်များ ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးကွဲပြားကြသည်။ ဥပမာအဖြစ် ပေးထားသော လုပ်ငန်း၏ ညွှန်ကြားချက်များကို ရည်ညွှန်းကိုးကားပြပါ။ သရုပ်ဆောင်ရမည့် အမျိုးအစားကို လိုက်၍ အဖြေ များကွဲပြားကြမည်။ ရှင်းလင်းဖော်ပြချက်များသည် ပြဋ္ဌာန်းချက်တွင် ရေးသားဖော်ပြထား ချက်များထက် ပိုမိုပြည့်စုံစေသင့်သည်။ စာသင်ခန်းတွင်းသင်ယူမှု၌ ထိုလိုအင်အဆင့် သဘောတရားကို မည်သို့အသုံးချ နိုင်သည်ကို ရှင်းလင်းဖော်ပြရာတွင် ကျောင်းသားများ မည်သည်ကို လုပ်ဆောင်နေပြီး ဆရာက မည်သည်ကို လုပ်ဆောင်နေသည်ကိုပါ ဖော်ပြရမည်။ ဆရာလုပ်ငန်းနှင့် ကျောင်းသား လုပ်ငန်းတို့ကို လိုအင်အဆင့်နှင့် အညီ ညှိနှိုင်း၍ ဖော်ပြရန်လိုအပ်သည်။

# စာသင်ချိန် (၂)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| အချိန် | (၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ လူသာပဓာနစိတ်ပညာ ဖွံ့ဖြိုးမှုအတွက် အများဆုံးပါဝင်ပံ့ပိုး ဆောင်ရွက်ခဲ့သူ ပုဂ္ဂိုလ်ကျော် (၃) ဦးထဲတွင် မာ့စ်လိုလည်း တစ်ဦးအပါအဝင် ဖြစ်သည်။

၂။ စိတ်တွင်းလုံ့ဆော်မှု၊ အောင်မြင်မှုနှင့် မိမိကိုယ်ကို လေးစားတန်ဖိုးထားတတ်မှု မြင့်မားခြင်းတို့ နှင့်အတူ ရည်မှန်းချက်ပန်းတိုင်များရရှိနိုင်မှုတို့သည် အခြေခံလိုအင်များ (စား၊ ဝတ်၊ နေမှုပြည့်စုံခြင်း၊ စိတ်ချလုံခြုံစွာ နေထိုင်နိုင်ခြင်း၊ ချစ်ခင်ယုယမှု ရရှိခြင်းနှင့် ပိုင်ဆိုင်ရခြင်း) နှင့် ပြည့်စုံမှသာလျှင် ပေါ်ပေါက်လာနိုင်သော အကျိုးဆက်များ ဖြစ်ကြသည်ဟု မာ့စ်လို က ယူဆယုံကြည်ခဲ့သည်။

၃။ အထက်ဖော်ပြပါ အခြေခံလိုအင်များ ပြည့်စုံစွာ ရရှိခဲ့သည့် ကလေးများသည် မိမိအလိုမပြည့်၍မချင့်မရဲဖြစ်ခြင်း၊ အားမလိုအားမရခံစားရခြင်း၊ စိတ်ပျက်ခြင်း စသည့် စိတ်ခံစားမှုဆိုင်ရာ ပြဿနာများကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ပြီး ကျောင်းလုပ်ငန်းများ၌လည်း ပိုမိုအကျိုးရှိပြီး ပိုမိုအောင်မြင်သော အတွေ့အကြုံကောင်းများရရှိလာတတ်ကြသည်။

၄။ ဤသဘောတရားကို ကျောင်းနေရာ အခင်းအကျင်း၌ ကျင့်သုံးမည်ဆိုလျှင် အောက်ပါ အစီအစဉ်များကို ကလေးများအတွက် ကျောင်းက ပံ့ပိုးပေးရမည်။

- နံနက်ခင်းစာကျွေးမွေးရေးအစီအစဉ်များ
- ကျောင်းကျန်းမာရေးအစီအစဉ်များနှင့် သွားကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များ
- လူမှုရေးဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ နားလည်သဘောပေါက်မှု သင်ကြားရေး အစီအစဉ်များ

၅။ သင်ကြားမှုနည်းဗျူဟာများတွင်အောက်ပါတို့ပါဝင်မည်။

- ကျောင်းသားများ၏ အားသာချက်များနှင့် တတ်ကျွမ်းမှုများကို အသိအမှတ်ပြုပေးခြင်း

- ကျောင်းသားများအား အကြံသစ်ဉာဏ်သစ်များ ဖြစ်ပေါ်စေပြီး သင်ယူမှု၌ စိတ်ပါဝင်စားလာအောင် စေ့ဆော်မှုပေးနိုင်မည့် သင်ယူမှုကို ပုံစံချ တည်ဆောက်ခြင်း
- စာသင်ခန်းအတွင်း လူမှုရေးနှင့် စိတ်လှုပ်ရှား/ ခံစားမှုဆိုင်ရာ အခြေအနေ များကို ကျောင်းသား အားလုံးအတွက် ကောင်းမွန်စေပြီး အားလုံး၏ စိတ်ချမ်းသာမှု၊ စိတ်ကျေနပ်မှု ရရှိစေရန် သေချာစွာ ဆောင်ရွက်စီမံထားခြင်း
- လုပ်ငန်းတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၌ ပါဝင်နေသော စိတ်လှုပ်ရှား/ ခံစားမှုနှင့် စိတ်နေသဘောထားဆိုင်ရာ အခြေအနေများ အကြောင်းကို ကျောင်းသားများသိရှိ သင်ယူနိုင်စေမည့် အခွင့်အလမ်းများ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ရသခံစားမှုကို ပေးသည့် ဂီတ၊ ပန်းချီ၊ ကဗျာနှင့် စာပေတို့ကို လေ့လာစေခြင်းမှတစ်ဆင့် ဖြည့်ဆည်းပေးခြင်း။[၅၁]

## သင်ယူမှုလုပ်ငန်း (၂)။ စာသင်ခန်းတွင်း၌ အခြေခံလိုအင်များကို ပြည့်စုံစေခြင်း၏ ဖြတ်ဆက်လုပ်ငန်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၈) ဦးပါဝင်သောအုပ်စုများ |

**ရည်ရွယ်ချက်** - အလယ်တန်းကျောင်းသားများ၏ အခြေခံလိုအင်များကို ပြည့်စုံစေပြီး ၎င်းတို့၏ သင်ယူမှုရည်မှန်းချက်များ ပေါက်မြောက်စေရန် ကူညီပေးနိုင်မည့် နည်းဗျူဟာများကို ဖော်ပြတတ်ရန်

၁။ ဤလုပ်ငန်းကို ဖြတ်ဆက်လုပ်ငန်း (Jigsaw) အဖြစ် ဆောင်ရွက်မည့် အတန်းကို ဌာနေအုပ်စု များ အဖြစ်သို့ ခွဲခြားပါ။ အုပ်စုတစ်စုလျှင် ကျောင်းသား (၈) ဦး

၅၁ Duchesne & McMaugh, 2016.

စီ ပါဝင်စေရမည်။ အုပ်စုတစ်ခုစီအတွင်း မှ ကျောင်းသားများကို အမှတ်စဉ် တပ်၍ သတ်မှတ်ပေးပါ။ ကျောင်းသားအမှတ် (၁) မှ အမှတ် (၈) ထိ ရှိမည်။

၂။ ဌာနေအုပ်စုတစ်ခုစီမှ အမှတ်စဉ် (၁) ရထားသော ကျောင်းသားများအားလုံးကို အတူစုပေါင်းကာ အုပ်စုသစ်တစ်ခု ထပ်မံဖွဲ့စည်းပေးမည်။ ထိုအုပ်စုက မာ့စ်လို၏ ပုံစံအရ လူတို့လိုအင်အဆင့်ဆင့် ပထမဆုံးအဆင့်ဖြစ်သည့် ဇီဝကမ္မလိုအင်များ အဆင့်ကို လေ့လာသော အုပ်စုအဖြစ် လုပ်ငန်းဆောင်ရွက်စေမည်။ ကျောင်းသား အမှတ် (၂) တို့ကို စုပေါင်းကာ အုပ်စုသစ်တစ်စုဖွဲ့မည်။ ထိုအုပ်စုက မာ့စ်လို၏ လိုအင်အဆင့်ဆင့်ပုံစံထဲမှ ဒုတိယအဆင့် ဖြစ်သော ဘေးကင်းလုံခြုံစိတ်ချရမှု လိုအင်အဆင့်ကို လေ့လာရသော အုပ်စုအဖြစ်ဆောင်ရွက်မည်။ ထိုနည်းအတိုင်း အုပ်စု အသစ် (၈) ခုထပ်မံ ဖွဲ့စည်းစေမည်။ ဒုတိယအဆင့်လိုအင်မှ အဋ္ဌမအဆင့် လိုအင်ဖြစ်သည့် လွန်မြောက်ခြင်း/ သာလွန်မြင့်မြတ်ခြင်းကိုရလိုသော လိုအင် အဆင့်ထိ အစဉ်လိုက် အုပ်စုသစ်များ ဖွဲ့သွားရမည်။

၃။ အသစ်ဖွဲ့စည်းလိုက်သော လိုအင်အဆင့်ဆင့်အုပ်စုတစ်စုစီအား အလယ်တန်း ကျောင်းသားများအတွက် ထိုလိုအင်ပေါ်ပေါက်လာလျှင် ပြည့်စုံအောင် ဆောင် ရွက်ပေးပြီး သူတို့၏သင်ယူမှုရည်မှန်းချက်များ ပေါက်မြောက်သွားအောင် ကူညီပေးနိုင်မည့် နည်းဗျူဟာများနှင့် လုပ်ငန်းများကို ဉာဏ်ဖွင့်ဆွေးနွေးကြရန် ဆရာက ညွှန်ကြားမည်။ ထို့နောက် အဆင့်အသီးသီးအတွက် သူတို့ဉာဏ်ဖွင့် ဆွေးနွေးခြင်းမှရရှိလာသော အချက်အလက်များကို အသုံးပြုပြီး ထိုအဆင့် အသီးသီး အတွက်အသုံးပြုနိုင်မည့် နည်းဗျူဟာများနှင့် သင်ယူမှုလုပ်ငန်းများ တစ်ခုနှင့် တစ်ခုအကြား ဆက်နွှယ်နေပုံကို ပြသည့် အကြောင်းအရာ ဆက်သွယ် ပြပုံ (concept map) တစ်ခု ဆွဲသားရမည်ဖြစ်သည်။ (ပုံ ၅.၁၀ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်တွင် ပါရှိသည့် အကြောင်းအရာ ဆက်သွယ်ပြပုံကို လေ့လာပါ။)

၄။ လိုအင်အဆင့်အသီးသီးကို လေ့လာသည့် အဆင့်ပြ အုပ်စုအသီးသီးတို့က အကြောင်းအရာ ဆက်သွယ်မှုပြပုံအသီးသီးတို့ကို ရေးဆွဲပြီးသောအခါ မူလဌာနေ အုပ်စု (home groups) အသီးသီးသို့ ပြန်လည်လာရောက်ကြရန် ဆရာက ညွှန် ကြားပါ။ မူလဌာနေအုပ်စုတွင်ပြန်လည် ရောက်ရှိသည့်အခါ အဆင့်အမှတ်စဉ် (၁) အုပ်စုမှ ပြန်လာသူကျောင်းသားမှ အစပြုကာ အစဉ်အတိုင်း အဆင့်အမှတ်စဉ် (၈) အုပ်စုမှ ပြန်လာသောကျောင်းသားအသီးသီးတို့က မိမိတို့ရရှိလာခဲ့သော

အဆင့်လိုက်အသုံးပြုနိုင်မည့် နည်းဗျူဟာများနှင့် သင်ယူမှုလုပ်ငန်းများကို ဌာနေအုပ်စုမှ ကျောင်းသားများအား မျှဝေပေးစေရမည်။ ထိုသို့စိတ်ကူးစိတ်သန်း အတွေးအမြင် အသီးသီးတို့ကို မျှဝေပေးနေစဉ် ဌာနေအုပ်စုမှ ကျောင်းသားများကလည်း ကျောင်းသားကိုင် စာအုပ်ပါ ဇယား (၅.၈) မှ နည်းဗျူဟာများနှင့် လုပ်ငန်း များပြသော ဇယားတွင် ထပ်မံဖြည့်သွင်း ရေးသားထားသင့်သည်။

၅။ အတန်းကို မူလပုံစံ ပြန်လည်ဖွဲ့စည်းပေးပြီးနောက် အဆင့်တစ်ခုစီမှ မျှဝေရန် ဆန္ဒရှိသော ကျောင်းသားများအား ဖိတ်ခေါ်ကာ အဆင့်တစ်ခုစီအတွက် ရရှိထားသော သူတို့၏ အတွေးအမြင်များကို အတန်းနှင့် မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့်အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဤလုပ်ငန်းသည် တီထွင်ဖန်တီးမှု လိုအပ်သောလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် အဖြေအမျိုးမျိုး ရှိကြမည်။ အကြောင်းအရာဆက်သွယ်မှုပြပုံများနှင့် နည်းဗျူဟာများနှင့် သင်ယူမှုလုပ်ငန်းများ ကို ပြသသည့် ဇယားတို့တွင် ထည့်သွင်းရေးသားထားသည့် ကျောင်းသားများ၏ စိတ်ကူးစိတ်သန်းတို့သည် လိုအင်အဆင့်တစ်ခုစီအတွက် သတ်မှတ်ဖော်ထုတ်ပေးသည်။ လိုအင်များ/လိုအပ်ချက်များနှင့် ကိုက်ညီဆီလျော်မှုရှိသင့်သည့်အပြင် အလယ်တန်းကျောင်းသားများအတွက် အမှန်တကယ် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများလည်းဖြစ်သင့်သည်။ ဥပမာအား ဖြင့် အလယ်တန်းကျောင်းသားများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာ လိုအင်အဆင့်ကို ပြည့်စုံအောင် ဆောင်ရွက်ပေးရာတွင် ကျောင်းတွင်းအနိုင်ကျင့် ဗိုလ်ကျစိုးမိုးမှု (bullying) ကို ဟန့်တားကာကွယ်ပေးသည့် အစီအစဉ်များထားရှိသင့်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ကျောင်းသားများ အောင်မြင်စွာ သင်ယူနိုင်စေရန် မသင်ယူမီတွင် သူတို့၏ လိုအင်များကို ပြည့်စုံအောင်ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဆိုသော အဓိကအချက် တစ်ခုနှင့် မူလက မာ့စ်လိုတည်ဆောက်ပြခဲ့သော လူတို့လိုအင်အဆင့်ဆင့်ပြ ပုံစံတွင် လိုအင် (၅) ခုသာ ပါရှိခဲ့သော်လည်း ယခု ထပ်မံဖြည့်စွက်မွမ်းမံထားသော လူတို့ လိုအင်အဆင်ဆင့်ပြ ပုံစံတွင် အဆင့် (၈) ဆင့် ပါရှိကြောင်းကို ပြန်လည်ဆန်းစစ် ပြပါ။

၂။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ၊

(က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ်မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများနှင့် သက်ဆိုင်သော သဘောတရားများ နှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

၃။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာသင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လက်ရှိ လိုအင်အဆင့် (၈) ဆင့်ကို စာရင်းပြုစုပြီး ရှင်းလင်း ပြတတ်မည်။
- အလယ်တန်းကျောင်းသားများ၏ အခြေခံလိုအပ်ချက်များကို ပြည့်စုံစေပြီး သူတို့၏ သင်ယူမှု ရည်မှန်းချက်များကို ရရှိနိုင်စေရန် ကူညီထောက်ပံ့မှုပြုနိုင်သည့် နည်းဗျူဟာများကို ဖော်ပြတတ်မည်။

# ၅.၃.၃။ လူသားပဓာနဝါဒကို စွဲကိုင်သောစိတ်ပညာရှင် ကားလ်ရော်ဂျာစ်

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်း (Non-Directive Teaching) အကြောင်းကို အဓိပ္ပာယ် သတ်မှတ်ပြတတ်မည်။
- ကားလ်ရော်ဂျာစ် (Carl Rogers) ၏ သင်ယူမှု သဘောတရား (၁၀) ချက်ကို ဖော်ပြတတ်မည်။
- (ကျောင်းသားများ၏) သင်ယူမှုကို ထိရောက်စွာ ကူညီလမ်းညွှန်ပေးနိုင်သည့် ကူညီလမ်းညွှန်သူ (ဆရာ) တစ်ဦး၏ အရည်အသွေးများအကြောင်းကို ဆွေးနွေး တင်ပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၁.၁.၁) ကျောင်းသားများ၏သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှု အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။

(ခ) (၁.၁.၁) သင်ယူမှုစွမ်းရည်များနှင့် ကိုက်ညီမှုရှိပြီး ရည်မှန်းထားသော သင်ယူမှုရလဒ်များ ရရှိစေရန် ဘာသာရပ်ပါ အကြောင်းအရာ၊ ဆက်နွှယ်မှုရှိသော အတွေးအခေါ်များနှင့် အသိသညာများကို ရှင်းပြရာတွင် အမျိုးမျိုးသောနည်းလမ်းများကို အသုံးပြုသည်။

(ဂ) (၁.၂.၁)သင်ကြား၊သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများ နှင့် အယူအဆ များကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန် -** မိနစ်(၅၀) ကြာ စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - ဆရာ့ညွှန်ကြားမှုမဲ့သင်ကြားခြင်း (Non - Directive Teaching) ကို အဓိပ္ပာယ် သတ်မှတ်ပေးခြင်း

သင်ယူမှုလုပ်ငန်း (၂) - သရုပ်ဆောင်သင်ကြားသင်ယူခြင်း - ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်း

သင်ယူမှုလုပ်ငန်း (၃) - ရော်ဂျာစ်၏ သင်ယူမှုသဘောတရား (၁၀) ချက်ကို ဖော်ပြခြင်း

သင်ယူမှုလုပ်ငန်း (၄) - သင်ယူမှုကို ပံ့ပိုးပေးရာ၌ ထိရောက်စွာ ဆောက်ရွက်နိုင်သော ကူညီလမ်းညွှန်သူတစ်ဦး၏ အရည်အသွေးများကို ဆွေးနွေးခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း၊ အတန်းတွင်းဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၅.၃.၃) မှ လူသာပဓာနစိတ်ပညာရှင် ရော်ဂျာစ် အကြောင်းကို ဖတ်ထားပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း(၁) - လေးထောင့်ကွက် (၅.၂)

YouTubeဗီဒီယိုတစ်ခုတွင် ပါဝင်သော ဆရာ၏ဦးဆောင်ညွှန်ကြားမှုမပါသော သင်ကြားမှုများကို ပြသသည့် ဓာတ်ညွှန်းဓာတ်ကွက်များ[၅၂]

https://www.youtube.com/watch?v-CoExm-4wlEy

(သို့မဟုတ်) ဓာတ်ညွှန်းစာမူ/စာသားဖော်ပြချက် (ကျောင်းသားကိုင်စာအုပ်၊ လေးထောင့်ကွက် (၅.၁) ညွှန်ကြားမှုမဲ့သင်ကြားခြင်းအကြောင်း ရိုက်ကူးပြသထားသည့် လူမှုကွန်ရက် တစ်ခုဖြစ်သော (YouTube) ထဲမှ ဓာတ်လမ်းများကို ဓာတ်ညွှန်းပုံစံဖြင့် ရေးသားဖော်ပြချက်

၅၂ Shelton, 2014.

သင်ယူမှုလုပ်ငန်း(၂) - ရင်းမြစ်မလိုအပ်ပါ။

သင်ယူမှုလုပ်ငန်း(၃) - A4 အရွယ်အစားစာရွက် (၁၀) ရွက်၊ တစ်ရွက်စီပေါ်၌ အောက်ဖော်ပြပါ သဘောတရား (၁) ချက်စီကို ရေးသားထားရမည်။

၁။ လူသားများတွင် သဘာဝအလျောက်ပင် သင်ယူနိုင်သော အလားအလာ အစွမ်းအစရှိသည်။

၂။ သင်ယူရမည့် ဘာသာရပ်အကြောင်းအရာကို ကျောင်းသားက သူ၏ ကိုယ်ပိုင်ရည်ရွယ်ထားချက်များနှင့် ကိုက်ညီသည်ဟု လက်ခံယူဆ သောအခါ အရေးပါသော သင်ယူမှုဖြစ်ပေါ်သည်။ (သင်ယူမှုထိရောက် အောင်မြင်သည်။) လူတစ်စုံတစ်ဦး (ကျောင်းသား တစ်စုံတစ်ဦး) သည် ၎င်း ထံ၌ ရရှိပိုင်ဆိုင်လိုသော ရည်မှန်းချက်တစ်ခုရှိပြီး သူ့ထံတွင် ရရှိထားသည့် သင်ယူရန်အကြောင်းအရာ (သင်ခန်းစာ) ကို မိမိ၏ ရည်မှန်းချက်နှင့် ကိုက် ညီသည်ဟု သိမြင်လျှင် သင်ယူမှုလျင်မြန်စွာ ဖြစ်ပေါ်သည်။ (တတ်မြောက် မှု မြန်ဆန်သည်။ သင်၍ တတ်လွယ်သည်။)

၃။ မိမိ၏ ကိုယ်ပိုင်အတ္တဖွဲ့စည်းမှု - ဆိုလိုသည်မှာ မိမိကိုယ်ကို မိမိသိမြင် နားလည်ထားမှုတွင် ပါဝင်နေသော အချက်အလက်များ (မိမိ၏ စိတ်ဝင်စားမှု၊ ကြိုက်နှစ်သက်မှု၊ စိတ်နေသဘောထား စသည်တို့) ကို ပြောင်းလဲစေမည့် တစ်စုံတစ်ခုသော အကြောင်းအရာသည် သင်ယူမှုတွင် ပါဝင်လာလျှင် ထိုသင်ယူမှုက ကျောင်းသားကို ခြိမ်းခြောက်ရာရောက်မည် ဖြစ်ပြီး ထိုသင်ယူမှုသည် အထမမြောက် ဖြစ်တတ်သည်။

၄။ သင်ယူမှုတစ်ခုသည် မိမိအတ္တ (သို့မဟုတ်) မိမိအကြိုက်အကြောင်းအရာ များကိုခြိမ်းခြောက်မှု ထိပါးမှုမရှိခဲ့လျှင် အတွေ့အကြုံတစ်ခုဖြစ်ပေါ်လာ မည်။ အတွေ့အကြုံအပေါ် ကောင်းသည်/ ဆိုးသည်ဟု သဘောထားခံယူ မှုမှာ သင်ယူသူတစ်ဦးနှင့် တစ်ဦး တူညီမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ အတွေ့အကြုံတစ်ခုကို ရယူနိုင်သွားသဖြင့် ရှေ့ဆက်၍သင်ယူမှု ပေါ်ပေါက် လာမည်။

၅။ သင်ယူမှုတစ်ခုသည် မိမိ၏ အတ္တဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ထားမှုကို ထိခိုက်မှုနည်းပါးလျှင် (သို့မဟုတ်) ခြိမ်းခြောက်မှု နိမ့်ပါးလျှင် အတွေ့အကြုံ တစ်ခုဟု သဘောထားခံရသည်။ ထိုသို့ သဘောထားယူဆမှု အတိုင်းအတာ မှာလည်း ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်အလိုက် အမျိုးမျိုး

အပြောင်းအလဲရှိနိုင်သည်။ သင်ယူမှုကို ရှေ့ဆက်ဆောင်ရွက်နိုင်သည်။

၆။ ကိုယ်တိုင်လုပ်ဆောင်မှုဖြင့် သင်ယူခြင်းမှတစ်ဆင့် သင်ယူမှုအောင်မြင် ထက်မြက်လာမည်။

၇။ သင်ယူမှုဖြစ်စဉ်တွင် ကျောင်းသားက တာဝန်သိသောအသိစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်လျှင် သင်ယူမှုသည် အဆင်ပြေ ချောမွေ့စွာ ဖြစ်ပေါ်သည်။

၈။ သင်ယူသူကိုယ်တိုင် ဦးဆောင်မှုပြုသော သင်ယူနိုင်မှုတွင် သင်ယူရန် အကြောင်းအရာသည် သူနှင့်သက်ဆိုင်သည့် အကြောင်းချင်းရာ အလုံးစုံ တို့နှင့် တစ်လုံးတစ်ဝတည်း ညီညွတ်နေသောကြောင့် (စိတ်ခံစားမှုရော အသိဉာဏ်ပါ) ထိုသင်ယူမှုမျိုးသည် အကြာရှည်ဆုံးနှင့် သက်ရောက်နိုင်မှု အားအကောင်းဆုံးဖြစ်သည်။ (အချိန်ကြာမြင့်စွာ မှတ်မိနိုင်ပြီး စိတ် ထဲ၌လည်း နားလည်သဘောပေါက်မှု နက်ရှိုင်းသည်။)

၉။ မိမိကိုယ်ကို ဝေဖန်ဆန်းစစ်မှုနှင့် မိမိလုပ်ငန်းကို ကိုယ်တိုင်အကဲဖြတ် သုံးသပ်မှုတို့ကို ပင်မထားကာ အခြေခံပြုလျက် အခြားသူတို့၏ အကဲဖြတ် သုံးသပ်မှုတို့ကို အရေးပါမှု ဒုတိယနေရာ၌ ထားနိုင်လျှင် လွတ်လပ်စွာ သင်ယူမှု တီထွင်ဖန်တီးတတ်မှုနှင့် မိမိကိုယ်ကို မိမိအားကိုးအားထားပြုမှု တို့ အလွယ်တကူချောမောစွာပေါ်ပေါက်လာနိုင်သည်။ ထိုအချက်တို့ရရှိ အောင် ဆရာများက လွယ်ကူစွာကူညီလမ်းညွှန်ပေးနိုင်သည်။

၁၀။ယနေ့ခေတ်မီကမ္ဘာတွင် လူမှုဆက်ဆံရေးရှုထောင့်အရ အသုံးဝင်ဆုံး သင်ယူမှု အမျိုးအစားမှာ သင်ယူမှုဖြစ်စဉ်အကြောင်းကို သင်ယူမှုဖြစ် ပါသည်။ ထိုသင်ယူမှုသည် အတွေ့အကြုံများရရှိမှုကို ဆက်လက်လမ်းဖွင့် ပေးပြီး ပြောင်းလဲမှုဖြစ်စဉ်ကို မိမိ၏ ပြုနေကျ ပြုမူလုပ်ဆောင်မှုဖြစ်စဉ်ထဲ သို့ ပေါင်းစည်းဆက်စပ် ထည့်သွင်းပေးခြင်းဖြစ်သည်။[၅၃]

စာရွက်များ၊ မာကာများ ၊ပုံဆွဲပစ္စည်းကိရိယာများ (သို့မဟုတ်) ရှင်းလင်း တင်ပြ မှု အတွက် လိုအပ်မည့် အခြားအထောက်အကူပစ္စည်းများ

၅၃ Zimring, 1994, p. 5.

သင်ယူမှုလုပ်ငန်း(၄) - ဇယား (၅.၉) ကျောင်းသားများ၏ သင်ယူမှုကိုပံ့ပိုးရာ၌ ထိရောက်စွာ ဆောင်ရွက်နိုင်သော ကူညီလမ်းညွှန်သူတစ်ဦး၏ အရည်အသွေးများ (ကျောင်းသားကိုင်စာအုပ်မှ)နှင့် မာကာများ

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ လူသာပဓာနဆိုင်ရာ ရှုထောင့်မှ သင်ယူချဉ်းကပ်မှုများအကြောင်း ဖော်ထုတ်ခဲ့သူ စိတ်ပညာရှင်များအနက် ဒုတိယပုဂ္ဂိုလ်ကျော်တစ်ဦးမှာ ကားလ်ရော်ဂျာစ် (Carl Rogers) (1902–1987) ဖြစ်သည်။ ကားလ်ရော်ဂျာစ်သည် အမေရိကန်နိုင်ငံသား ဆေးဘက်ဆိုင်ရာ နှင့် ပညာရေးဆိုင်ရာ စိတ်ပညာရှင်ဖြစ်ပြီး ၎င်းက လူတို့၌ အနာဂတ်တွင် ဖြစ်လာရန် ကိုယ်ပိုင်မျှော်လင့်ချက် (self-fulfillment) ကိုယ်စီရှိကြပြီး ထိုစိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန်နှင့် စိတ်ခံစားရင့်ကျက်လာစေရန် ဦးတည်သော တွန်းအားတစ်ခုကိုလည်း ပိုင်ဆိုင်ကြသည်ဟု ယုံကြည်လက်ခံထားသည်။

၂။ ထို့ကြောင့် ကျောင်းသားများအတွက် ဆရာနှင့်ဖြစ်စေ၊ ကျောင်းသားအချင်းချင်းနှင့်ဖြစ်စေ ခင်မင်ရင်းနှီးစွာ အပြန်အလှန်ပြောဆိုဆက်သွယ်နိုင်ပြီး သူတို့သင်ယူမှု ကို အထောက်အပံ့ဖြစ်စေမည့် သင်ယူမှုဝန်းကျင်တစ်ခုရှိသင့်သည်။ ထိုသင်ယူမှု ဝန်းကျင်မျိုး၌သာလျှင် ထိုကျောင်းသားများသည် မိမိကိုယ်မိမိလက်ခံမှု ယုံကြည်စိတ်ချမှုတို့ရရှိလာပြီး ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုကို လည်း ရရှိလာနိုင်မည်ဖြစ်သည်။

၃။ "သင်ကြားရာ၌ ကျောင်းသားများကို ပိုမိုနွေးထွေးစွာ ဆက်ဆံပြီး အတွေးသစ်အမြင်သစ်များ အသုံးပြုရန်နှင့် ညွှန်ကြားမှုပေးခြင်းထက် ကျောင်းသားများကို လွတ်လပ်ပေါ့ပါးစွာ သင်ယူခွင့်ပြုရန်တို့ကို ကားလ်ရော်ဂျာစ်က ဆရာများအား

မှာကြားအားပေးခဲ့သည်။ညွှန်ကြားမှု မပေးခြင်းဆိုသည်မှာ ကျောင်းသားများကို လစ်လျူရှုခြင်းမဟုတ်ချေ။ သူတို့ကို မျက်ချည်မပြတ် အသေးစိတ် နေရာတိုင်း၌ ကန့်သတ်ထိန်းချုပ်မှုသည် ကောင်းကျိုးမပြုနိုင်၍ ထိန်းချုပ်ခြင်းထက် ပြုစု ပျိုးထောင် ဝန်းရံပံ့ပိုးခြင်းက ပိုမိုအကျိုးဖြစ်ထွန်းနိုင်သည်ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် ဆရာများ၏ ရည်မှန်းချက်မှာ ကျောင်းသားများကို သူ့တို့အစွမ်းအစ တိုးတက်လာအောင် ပြုစုပျိုးထောင်ပေးရန်သာ ဖြစ်သင့်သည်ဟု ဆိုခဲ့ပါသည်။" ရော်ဂျာစ် ၏ ထင်မြင်ချက်အရဆိုလျှင် ပညာရေး၏ ရည်မှန်းချက်ပန်းတိုင်မှာ ကျောင်းသားများ၏ အပြောင်းအလဲဖြစ်လာမှုနှင့် သင်ယူမှုတို့တွင် ဆရာများက ကူညီလမ်းညွှန်ပေးရန်ဖြစ်သည်။

၄။ ရော်ဂျာစ်၏ သင်ယူချဉ်းကပ်မှုကို "လူပုဂ္ဂိုလ်ဗဟိုပြု" (person-centred) ချဉ်းကပ်မှုဟု ယူဆနိုင်ပါသည်။ ထိုချဉ်းကပ်မှု၌ ကျောင်းသားများသည် အမှန် တကယ်တွေ့ကြုံနေသော ပြဿနာများသာ ဖြေရှင်းစေခြင်းဖြင့် သင်ယူမှု အစစ်အမှန် ပေါ်ပေါက်လာရသည်။ ကျောင်းသားများသည် ဖန်တီးထားသည့် အတန်းတွင် လေ့ကျင့်ရန် ပြဿနာများထက် အစစ်အမှန်ပြဿနာများ၊ မဖြစ်မနေ ဖြေရှင်းရန် အရေးပါသော ပြဿနာများကို ဖြေရှင်းစေလျှင် သင်ယူမှုပိုမို ထက်မြက်သည် ဟု ရော်ဂျာစ်က ယူဆသည်။[၁၄]

၅။ သင်ကြားမှုကို ပုံသေကားကျနည်းလမ်းတစ်မျိုးတည်းဖြင့်သာ ဆောင်ရွက် နိုင်သည် မဟုတ်ဘဲ သင်ယူသူများနှင့် ပတ်သက်သော အကြောင်းအရာ အချက်အလက် အမျိုးမျိုးတို့ကို ပြည့်ဝစွာ တစ်လုံးတစ်ဝတည်း ထည့်သွင်းစဉ်းစား ကာ သင်ပေးခြင်းက ပိုကောင်းပါသည်။ သင်ရိုးညွှန်းတမ်းများကို စီစဉ်ရေးဆွဲသည့် အခါ ဆရာများသည် ဤအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

- ကျောင်းသားများ၏ အားသာချက်များနှင့်အားနည်းချက်များ
- ကျောင်းသားများ၏ ယခင်က ရှိထားနှင့်သော အသိပညာ
- ကျောင်းသားများ၏ သင်ယူဟန်များ (learning styles)

၆။ သင်ကြားရန် ချဉ်းကပ်ရာ၌ ညွှန်ကြားမှုမဲ့ချဉ်းကပ်မှုပုံကို ဖော်ထုတ်တည်ဆောက် ခဲ့သောကြောင့် ရော်ဂျာစ်သည် ကျော်ကြားလာခဲ့ပါသည်။ ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်း (Non-Directive Teaching) ဆိုသည်မှာ ကျောင်းသားများကို ကိုယ်တိုင်စနစ်တကျ စီမံခန့်ခွဲမှုပြုနိုင်သော သင်ယူမှုများ (self-directed

၁၄ Duchesne & McMaugh, 2016..

learners) ဖြစ်လာစေရန် ဆရာက လမ်းညွှန်ပြခြင်း (သို့မဟုတ်) ကူညီလမ်းညွှန်ပေးခြင်းကို ဆိုလိုပါသည်။ ဤသို့ ကူညီလမ်းညွှန်ပေးရာတွင် ကျောင်းသားများ၏ စွမ်းဆောင်နိုင်မှုအပေါ်၌ ယုံကြည်စိတ်ချမှု ထားပေးကာ သူတို့ဆောင်ရွက်လုပ်ကိုင်မှုများတွင် အမှားအယွင်းရှိခဲ့လျှင်ထပ်တူခံစားနားလည်ပေးခြင်း၊ စိတ်ရှည်သည်းခံစွာ ပြုပြင်ပေးခြင်းနှင့်အတူ ဖေးမပေးခြင်း၊ သူတို့စိတ်ပျက်အားလျော့သွားစေမည့် အပြုအမူများ။ ဥပမာ - မှန်/ မှား ဝေဖန်မှုကို သိသာစွာနှင့် ပြင်းထန်စွာ ဝေဖန်ပြောကြားခြင်းတို့ကို ရှောင်ရှားရမည်။

၇။ ထိုစဉ်က ခေတ်ရေစီးကြောင်းအတိုင်း သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းကို ရော်ဂျာစ်က စိန်ခေါ်ခဲ့ပါသည်။ ထိုခေတ်ကာလတွင် သင်ရိုးညွှန်းတမ်းများသည် ပုံသေဖြစ်ကြပြီး သင်ကြားမှုသည်လည်း ဆရာမှကျောင်းသားသို့ အချက်အလက်များ ပြောင်းရွှေ့လက်ဆင့်ကမ်းပေးခြင်းသာ ဖြစ်သည်။ ဆရာဗဟိုပြုချဉ်းကပ်မှုကိုသာ အသုံးပြုခဲ့ကြသည်။

၈။ ညွှန်ကြားမှုမဲ့ သင်ကြားခြင်းတွင်မူ ဆရာကို ကျောင်းသားများအား လမ်းညွှန်ပေးပြီး သင်ယူမှုကို ပျိုးထောင်ပြုပြင်ပေးသူ၊ ကူညီလမ်းညွှန်သူအဖြစ် တွေ့မြင်ရသည်။

၉။ ညွှန်ကြားမှုမဲ့ သင်ကြားခြင်း၏ အဓိကကျသော အခြေအနေသုံးရပ်ကို ရော်ဂျာစ်က ဖော်ပြခဲ့သည်။

- ဆရာများနှင့် ကျောင်းသားများအကြား ဆက်ဆံမှုသည် စစ်မှန်မှု၊ ရိုးသားမှု ရှိရမည်။ (စာအုပ်ထဲမှ သင်ကြားရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်ထားသော စကားအပြန်အလှန်ပြောခန်းများနှင့် လေ့ကျင့်မှုအတွက် ပြင်ဆင်ထားသော စာသားများ မဖြစ်စေရပါ။)
- ဆရာများက ကျောင်းသားများကို လက်ခံယုံကြည်ကာ တန်ဖိုးထားတတ်ရမည်။ ကျောင်းသားများ၏ သင်ယူနိုင်သည့် အရည်အချင်းနှင့် တိုးတက်နိုင်သည့်အလားအလာတို့ကို လက်ခံယုံကြည်ပေးရမည်။ ရော်ဂျာစ်က ထိုအချက်ကို "ပြောင်းလဲခြင်းမရှိသော အကျိုးပြု အတွေးအခေါ်" ဟု ဖော်ပြခဲ့သည်။
- ဆရာများက ကျောင်းသားများအပေါ်၌ စာနာထောက်ထားမှု၊ ထပ်တူခံစားမှုကိုပြသရန် လိုအပ်သည်။ ကျောင်းသားများ၏ လုပ်ဆောင်နိုင်စွမ်း

ကို မျက်စိနှင့် တပ်အပ်မြင်ရသည်တို့ကိုသာ မှား/ မှန်၊ ကောင်း/ ဆိုး သုံးသပ်ရမည်ဖြစ်ပြီး စိတ်အစွဲခံဖြင့် ကျောင်းသားများ၏ အရည်အချင်းကို အထင်သေးခြင်း/ ကြီးခြင်း မရှိစေရပါ။[၅၅]

## သင်ယူမှုလုပ်ငန်း (၁)။ ဆရာ့ညွှန်ကြားမှုမဲ့သင်ကြားခြင်း (Non - Directive Teaching) ကို အဓိပ္ပာယ် သတ်မှတ်ပေးခြင်း

| | |
|---|---|
| **အချိန်** | (၃၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၅ ဦးစီပါဝင်ဖွဲ့စည်းထားသောကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဆရာ့ ညွှန်ကြားမှုမဲ့ သင်ကြားခြင်းကို အဓိပ္ပာယ် သတ်မှတ်တတ်စေရန်

၁။ YouTube ဗီဒီယိုပါ ညွှန်ကြားမှုမဲ့ သင်ကြားမှုဆိုင်ရာ ဇာတ်လမ်းဖြစ်ရပ် [၅၆] www.youtube.com/watchCOEXm4wlEy - ကို တစ်ဦးချင်း ဖြစ်စေ တစ်တန်းလုံး စုပေါင်း၍ ဖြစ်စေ ကြည့်ရှုစေမည်။

ဗီဒီယိုကြည့်ရှုရန် အဆင်မပြေသူများအတွက် လေးထောင့်ကွက် (၅.၁) တွင် ဖော်ပြထားသော ဇာတ်ညွှန်းရေးသားဖော်ပြချက်များကို ဖတ်ရှုလေ့လာပါ။ (လေးထောင့်ကွက် ၅.၁ - ညွှန်ကြားမှုမဲ့သင်ကြားခြင်းအကြောင်း ရိုက်ကူးပြသထားသည့် လူမှုကွန်ရက် တစ်ခုဖြစ်သော (YouTube) ထဲမှ ဇာတ်လမ်းများကို ဇာတ်ညွှန်းပုံစံဖြင့် ရေးသားဖော်ပြချက်)

၂။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီ ပါဝင်သော အုပ်စုငယ်များ အဖြစ်ခွဲခြားပါ။ ထို့နောက်ဗီဒီယို ဇာတ်လမ်းထဲမှ ဆရာက ကျောင်းသားများ၏ သင်ယူမှုကိုကူညီလမ်းညွှန်ပေးရာတွင်အဓိကကျသောအောက်ဖော်ပြပါသင်ယူမှု အခြေအနေသုံးရပ်တို့ကို မည်သို့အသုံးပြုသွားသည်ကို ဆွေးနွေးစေရ မည်။

- ဆရာများနှင့် ကျောင်းသားများအကြား ဆက်ဆံမှုသည် စစ်မှန်မှု၊

---

[၅၅] Zimring, 1994.
[၅၆] Shelton, 2014.

ရှိုးသားမှု ရှိရမည်။ (စာအုပ်ထဲမှ သင်ကြားရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်ထားသော စကား အပြန်အလှန် ပြောခန်းများနှင့် လေ့ကျင့်မှုအတွက် ပြင်ဆင်ထားသော စာသား များ မဖြစ်စေရပါ။)

- ဆရာများက ကျောင်းသားများကို လက်ခံယုံကြည်ကာ တန်ဖိုးထားတတ်ရမည်။ ကျောင်းသားများ၏ သင်ယူနိုင်သည့် အရည်အချင်းနှင့် တိုးတက်နိုင်သည့်အလားအလာတို့ကို လက်ခံယုံကြည်ပေးရမည်။ ရော်ဂျာစ်က ထိုအချက်ကို "ပြောင်းလဲခြင်းမရှိသော အကျိုးပြု အတွေးအခေါ်" ဟု ဖော်ပြခဲ့သည်။
- ဆရာများက ကျောင်းသားများအပေါ်၌ စာနာထောက်ထားမှု၊ ထပ်တူခံစားမှုကိုပြသရန် လိုအပ်သည်။ ကျောင်းသားများ၏ လုပ်ဆောင်နိုင်စွမ်းကို မျက်စိနှင့် တပ်အပ်မြင်ရသည်တို့ကိုသာ မှား/ မှန်၊ ကောင်း/ ဆိုး သုံးသပ်ရမည်ဖြစ်ပြီး စိတ်အစွဲခံဖြင့် ကျောင်းသားများ၏ အရည်အချင်းကို အထင်သေးခြင်း/ ကြီးခြင်း မရှိစေရပါ။[၅၇]

၃။ ဗီဒီယို ဇာတ်လမ်းထဲမှ ဆရာအသုံးပြုထားသော နည်းဗျူဟာများသည် မြန်မာနိုင်ငံမှ ကျောင်းသားများနှင့် အဆင်ပြေမှု၊ အသုံးဝင်နိုင်မှုရှိနိုင်/မရှိနိုင်ကို စဉ်းစားရန် ကျောင်းသားများကို ညွှန်ကြားပါ။

၄။ အုပ်စုလိုက်ဆွေးနွေးသည့်အခါ မြန်မာနိုင်ငံ၏ သင်ကြားသင်ယူမှုနှင့် လိုက်လျော ညီထွေဖြစ်သည့် ညွှန်ကြားမှုမဲ့ သင်ကြားခြင်း၏ အဓိပ္ပာယ်ကို ရေးရန် ပြောပါ။ ကျောင်းသားများသည် မိမိတို့၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ကျောင်းသားကိုင်စာအုပ်မှ လေးထောင့်ကွက် (၅.၂) တွင် ရေးရမည်။

၅။ တစ်တန်းလုံးကို စုစည်းပြီး အုပ်စုများအား မိမိတို့ဆွေးနွေးထားသည်များကို တစ်တန်းလုံးကို ပြန်လည်မျှဝေရန် ပြောပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း နှင့် အတန်းတွင်းဆွေးနွေးခြင်း

---

၅၇ Zimring, 1994.

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ဗီဒီယိုထဲမှ ဆရာ၏ တုံ့ပြန်မှုများကို ဆရာ့ညွှန်ကြားမှုမဲ့သင်ကြားခြင်း အဖြစ် ကျောင်းသား အများစုက လွယ်ကူစွာဆက်စပ် ယှဉ်တွဲနိုင်ကြမည်ဖြစ်သည်။ ဤနည်းဗျူဟာကို မြန်မာနိုင်ငံ၏ အကြောင်းအရာ အခြေအနေအရပ်ရပ်တွင် အသုံးပြုနိုင်ခြင်း ရှိ/မရှိကို ဆွေးနွေးရာတွင် အဖြေအမျိုးမျိုးကွဲပြား ခြားနားနေမည်ဖြစ်သည်။ ထိုအဖြေများက မြန်မာနိုင်ငံ၏ ဆက်စပ်ဝန်းကျင် အခြေအနေများတွင် ဖြစ်ပေါ်နိုင်မည်။ ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်းတစ်ခုအကြောင်း အဓိပ္ပာယ်သတ်မှတ်ချက်တစ်ခုကို ရရှိစေနိုင်မည်ဖြစ်သည်။ ကျောင်းသားများ၏ စိတ်ကူးအတွေးအခေါ်များကို အကဲဖြတ်ရန်အတွက် စဉ်းစားရာတွင် သင်၏ (ဆရာ၏) ကိုယ်တွေ့ဖြစ်သော မြန်မာနိုင်ငံမှ သင်ကြားရေးအတွေ့အကြုံ၊ ပညာရေး ဆိုင်ရာ စီစဉ် အုပ်ချုပ်သူများ၏ မျှော်မှန်းချက်များနှင့် မိဘများ၏ မျှော်မှန်းချက်များ၊ ရှုထောင့် များမှ စဉ်းစား ကြံဆရမည်။

## သင်ယူမှုလုပ်ငန်း (၂)။ သရုပ်ဆောင်သင်ကြားသင်ယူခြင်း - ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | နှစ်ယောက်တစ်တွဲ၊တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်း၏ အဓိကကျသော အခြေအနေ (၃) ရပ် ကို အသုံးပြုပြီး သရုပ်ဆောင်သင်ကြားသင်ယူမှုပြုတတ်စေရန်

၁။ ဤလုပ်ငန်းဆောင်ရွက်ရန်အတွက် ကျောင်းသားတစ်ဦးစီကို အခြားတစ်ဦးနှင့် တွဲ၍ နှစ်ယောက်တစ်တွဲ ဆောင်ရွက်စေရမည်။ ကျောင်းသားတွဲများသည် တစ်ဦးကဆရာအဖြစ် တစ်ဦးကတပည့်အဖြစ် တစ်လှည့်စီသရုပ်ဖော်ရမည်။

၂။ ဤဇာတ်ညွှန်းကို အတန်းကို ရေးပြပါ။ (ကျောင်းသားကိုင်စာအုပ်တွင်လည်း ဖတ် ရှုနိုင်သည်။)

- ဆဋ္ဌမတန်းကျောင်းသားတစ်ဦးသည် ကျောင်းသို့ လာရာတွင် အိမ်စာမပြီးခဲ့သော ရက်များများစွာ ရှိနေသည်။ ထိုကျောင်းသားသည် အတန်းထဲတွင် အခြားကျောင်းသားများနည်းတူ စာမလိုက်နိုင်ချေ။ ဆရာက ထိုကျောင်းသား အိမ်စာမလုပ်နိုင်ခဲ့သည့် အခြားအကြောင်းအရင်းများ ရှိနေမည်ကို စိုးရိမ်မကင်းဖြစ်မိသည်။ ထိုပြဿနာအသွင်ဆောင်အခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဆရာ၏ ညွှန်ကြားချက်မဲ့ သင်ကြားခြင်းမှ အဓိကကျသော အခြေအနေ (၃) ရပ် ကို အသုံးပြု၍ ဖြေရှင်းမည်။
- ဆရာများနှင့် ကျောင်းသားများအကြား ဆက်ဆံမှုသည် စစ်မှန်မှု၊ ရိုးသားမှု ရှိရမည်။
- ဆရာများက ကျောင်းသားများကို လက်ခံယုံကြည်ကာ တန်ဖိုးထားတတ်ရမည်။ ကျောင်းသားများ၏ သင်ယူနိုင်သည့် အရည်အချင်းနှင့် တိုးတက်နိုင်သည့်အလားအလာတို့ကို လက်ခံယုံကြည်ပေးရမည်။ ရော်ဂျာစ်က ထိုအချက်ကို “ပြောင်းလဲခြင်းမရှိသော အကျိုးပြု အတွေးအခေါ်” ဟု ဖော်ပြခဲ့သည်။
- ဆရာများက ကျောင်းသားများအပေါ်၌ စာနာထောက်ထားမှု၊ ထပ်တူခံစားမှုကိုပြသရန် လိုအပ်သည်။ ကျောင်းသားများ၏ လုပ်ဆောင်နိုင်စွမ်းကို မျက်စိနှင့် တပ်အပ်မြင်ရသည်တို့ကိုသာ မှား/ မှန်၊ ကောင်း/ ဆိုး သုံးသပ်ရမည်ဖြစ်ပြီး စိတ်အစွဲခံဖြင့် ကျောင်းသားများ၏ အရည်အချင်းကို အထင်သေးခြင်း/ ကြီးခြင်း မရှိစေရပါ။[၅၈]

၃။ ဤ ဇာတ်လမ်းကို နှစ်ကြိမ် သရုပ်ဆောင်လေ့ကျင့်ပါ။ ပထမတစ်ကြိမ်တွင် မိမိနှင့် တွဲဖက်လေ့လာသူ ကျောင်းသားနှင့် သရုပ်ဆောင်ပါ။ ဆရာတစ်လှည့် ကျောင်းသားတစ်လှည့် သရုပ်ဆောင်ပါ။ သင်တို့၏ သရုပ်ဆောင် သင်ယူမှု ပြီးဆုံးသွားသောအခါတွင် သင်တို့တစ်ဦးစီသည် ဆရာအဖြစ် သရုပ်ဆောင်သည့်အခါ အခြေအနေ (၃) ရပ်ကို မည်သို့အသုံးပြုခဲ့ကြောင်း ဆွေးနွေးပါ။

၄။ ဤလုပ်ငန်းကို ဆွေးနွေးရန် အတန်းကို ပြန်လည်ဖွဲ့စည်းပါ။ ဇာတ်ညွှန်းပါ အကြောင်းအရာထဲမှ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက်

---

၅၈ Zimring, 1994.

ဆရာ့ ညွှန်ကြားမှုမဲ့သင်ကြားခြင်း၏ အဓိကကျသော အခြေအနေ သုံးရပ်ကို ကျောင်းသားများက မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို အတန်းနှင့် မျှဝေပေးရန် ဆန္ဒရှိသော ကျောင်းသားများကိုဖိတ်ခေါ်၍ မျှဝေစေရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အတန်းတွင်းဆွေးနွေးခြင်း။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

ကျောင်းသားအား ထပ်တူခံစားမှုပြကာ သူ၏အခက်အခဲကို လက်ခံယုံကြည်ပေးရန်အတွက် မည်သို့ ကြိုးစားခဲ့ကြောင်းကို ပြောပြကြလိမ့်မည်၊ သူတို့၏ ကိုယ်ပိုင် ဖြေရှင်းနည်းများကို စီစဉ်ပြင်ဆင်လိမ့် မည်။

**စာသင်ချိန် (၂)**

**သင်ယူမှုလုပ်ငန်း (၃)။ ရော်ဂျာစ်၏ သင်ယူမှုသဘောတရား (၁၀) ချက်ကို ဖော်ပြခြင်း**

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စု (၁၀) စု၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ရော်ဂျာစ်၏ သင်ယူမှုဆိုင်ရာ သဘောတရား (၁၀) ခုကို နားလည်သဘောပေါက်စေရန်

၁။ ဤလုပ်ငန်းကိုဆောင်ရွက်ရန် အတန်းကို အုပ်စုကြီး (၁၀) ခုအဖြစ် ခွဲခြားပါ။ အုပ်စုတစ်ခုစီအား သင်ယူမှု သဘောတရားအချက် (၁) ခုစီ ရေးထားသော A4 အရွယ်အစား (၁) ရွက်စီ ပေးပါ။

ထိုသဘောတရား (၁၀) ချက်တို့မှာ အောက်ပါအတိုင်းဖြစ်ကြသည်။

(က) လူသားများတွင် သဘာဝအလျောက်ပင် သင်ယူနိုင်သော အလားအလာ အစွမ်းအစရှိသည်။

(ခ) သင်ယူရမည့် ဘာသာရပ်အကြောင်းအရာကို ကျောင်းသားက သူ၏ ကိုယ်ပိုင်ရည်ရွယ်ထားချက်များနှင့် ကိုက်ညီသည်ဟု လက်ခံယူဆ သောအခါ အရေးပါသော သင်ယူမှုဖြစ်ပေါ်သည်။ (သင်ယူမှုထိရောက် အောင်မြင်သည်။) လူတစ်စုံတစ်ဦး (ကျောင်းသား တစ်စုံတစ်ဦး) သည် ၎င်းထံ၌ ရရှိပိုင်ဆိုင်လိုသော ရည်မှန်းချက်တစ်ခုရှိပြီး သူ့ထံတွင် ရရှိထား သည့် သင်ယူရန်အကြောင်းအရာ (သင်ခန်းစာ) ကို မိမိ၏ ရည်မှန်းချက် နှင့် ကိုက်ညီသည်ဟု သိမြင်လျှင် သင်ယူမှုလျင်မြန်စွာ ဖြစ်ပေါ်သည်။ (တတ်မြောက်မှု မြန်ဆန်သည်။ သင်၍ တတ်လွယ်သည်။)

(ဂ) မိမိ၏ ကိုယ်ပိုင်အတ္တဖွဲ့စည်းမှု - ဆိုလိုသည်မှာ မိမိကိုယ်မိမိသိမြင်နားလည် ထားမှုတွင် ပါဝင်နေသော အချက်အလက်များ (မိမိ၏ စိတ်ဝင်စားမှု၊ ကြိုက်နှစ်သက်မှု၊ စိတ်နေသဘောထား စသည်တို့) ကို ပြောင်းလဲစေမည့် တစ်စုံတစ်ခုသော အကြောင်းအရာသည် သင်ယူမှုတွင် ပါဝင်လာလျှင် ထို သင်ယူမှုက ကျောင်းသားကို ခြိမ်းခြောက်ရာရောက်မည်ဖြစ်ပြီး ထိုသင်ယူ မှုသည် အထမမြောက် ဖြစ်တတ်သည်။

(ဃ) သင်ယူမှုတစ်ခုသည် မိမိအတ္တ (သို့မဟုတ်) မိမိအကြိုက်အကြောင်းအရာ များကိုခြိမ်းခြောက်မှု ထိပါးမှုမရှိခဲ့လျှင် အတွေ့အကြုံတစ်ခုဖြစ်ပေါ်လာ မည်။ အတွေ့အကြုံအပေါ် ကောင်းသည်/ ဆိုးသည်ဟု သဘောထား ခံယူမှုမှာ သင်ယူသူတစ်ဦးနှင့် တစ်ဦး တူညီမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ် စေ အတွေ့အကြုံတစ်ခုကို ရယူနိုင်သွားသဖြင့် ရှေ့ဆက်၍သင်ယူမှု ပေါ်ပေါက်လာမည်။

(င) သင်ယူမှုတစ်ခုသည် မိမိ၏ အတ္တဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ထားမှုကို ထိခိုက်မှုနည်းပါးလျှင် (သို့မဟုတ်) ခြိမ်းခြောက်မှု နိမ့်ပါးလျှင် အတွေ့အကြုံ တစ်ခုဟု သဘောထားခံရသည်။ ထိုသို့ သဘောထားယူဆမှု အတိုင်းအတာ မှာလည်း ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်အလိုက် အမျိုးမျိုး အပြောင်းအလဲရှိနိုင်သည်။ သင်ယူမှုကို ရှေ့ဆက်ဆောင်ရွက်နိုင်သည်။

(စ) ကိုယ်တိုင်လုပ်ဆောင်မှုဖြင့် သင်ယူခြင်းမှတစ်ဆင့် သင်ယူမှုအောင်မြင် ထက်မြက်လာမည်။
(ဆ) သင်ယူမှုဖြစ်စဉ်တွင် ကျောင်းသားက တာဝန်သိသောအသိစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်လျှင် သင်ယူမှုသည် အဆင်ပြေ ချောမွေ့စွာ ဖြစ်ပေါ်သည်။
(ဇ) သင်ယူသူကိုယ်တိုင် ဦးဆောင်မှုပြုသော သင်ယူနိုင်မှုတွင် သင်ယူရန် အကြောင်းအရာသည် သူနှင့်သက်ဆိုင်သည့် အကြောင်းချင်းရာ အလုံးစုံ တို့နှင့် တစ်လုံးတစ်ဝတည်း ညီညွတ်နေသောကြောင့် (စိတ်ခံစားမှုရော အသိဉာဏ်ပါ) ထိုသင်ယူမှုမျိုးသည် အကြာရှည်ဆုံးနှင့် သက်ရောက်နိုင်မှု အားအကောင်းဆုံးဖြစ်သည်။ (အချိန်ကြာမြင့်စွာ မှတ်မိနိုင်ပြီး စိတ်ထဲ၌လည်း နားလည်သဘောပေါက်မှု နက်ရှိုင်းသည်။)
(ဈ) မိမိကိုယ်ကို ဝေဖန်ဆန်းစစ်မှုနှင့် မိမိလုပ်ငန်းကို ကိုယ်တိုင်အကဲဖြတ် သုံးသပ်မှုတို့ကို ပင်မထားကာ အခြေခံပြုလျက် အခြားသူတို့၏ အကဲဖြတ် သုံးသပ်မှုတို့ကိုအရေးပါမှု ဒုတိယနေရာ၌ ထားနိုင်လျှင် လွတ်လပ်စွာ သင်ယူမှု တီထွင်ဖန်တီးတတ်မှုနှင့် မိမိကိုယ်မိမိအားကိုးအားထားပြုမှုတို့ အလွယ်တကူချောမောစွာပေါ်ပေါက်လာနိုင်သည်။ ထိုအချက်တို့ရရှိအောင် ဆရာများက လွယ်ကူစွာကူညီလမ်းညွှန်ပေးနိုင်သည်။
(ည) ယနေ့ခေတ်မီကမ္ဘာတွင် လူမှုဆက်ဆံရေးရှုထောင့်အရ အသုံးဝင်ဆုံး သင်ယူမှု အမျိုးအစားမှာ သင်ယူမှုဖြစ်စဉ်အကြောင်းကို သင်ယူမှုဖြစ် ပါသည်။ ထိုသင်ယူမှုသည် အတွေ့အကြုံများရရှိမှုကို ဆက်လက်လမ်းဖွင့် ပေးပြီး ပြောင်းလဲမှုဖြစ်စဉ်ကို မိမိ၏ ပြုနေကျ ပြုမူလုပ်ဆောင်မှုဖြစ်စဉ်ထဲ သို့ ပေါင်းစည်းဆက်စပ် ထည့်သွင်းပေးခြင်းဖြစ်သည်။[၅၉]

၂။ အုပ်စုများအား မိမိတို့ရရှိထားသော သဘောတရားသည် မည်သည့်အဓိပ္ပာယ်ရှိ ပြီး အလယ်တန်း ကျောင်းစာသင်ခန်းတစ်ခုတွင် မည်သို့ ပြသနိုင်ကြောင်းကို ဆွေးနွေးရန် ညွှန်ကြားပါ။ လိုအပ်လျှင် ထပ်မံသုတေသနပြု လေ့လာနိုင်သည်။ ထို့နောက်သူတို့ ရရှိထားသော သင်ယူမှု သဘောတရားအကြောင်း အတန်းသို့ ရှင်းလင်းတင်ပြရန် ရှင်းလင်းတင်ပြဆွေးနွေးချက်အတိုချုပ် (၂ မိနစ်အများဆုံး)

၅၉ Zimring, 1994, p.5.

တစ်ခုကို ဖန်တီးတည်ဆောက်ရမည်။ ရှင်းလင်းတင်ပြရာတွင် တင်ပြမှု ပုံသဏ္ဌာန် အမျိုးမျိုးတို့ကို အသုံးပြုနိုင်သည်။ ရှင်းလင်းဖော်ပြချက်များကို နှုတ်ဖြင့် တင်ပြခြင်း၊ စာဖြင့်ရေးသားခြင်း၊ ဆလိုက်ချပ်များသုံးခြင်း၊ သရုပ်ဆောင် သင်ယူမှုဖြင့် တင်ဆက်ခြင်း (သို့မဟုတ်) တစ်ခန်းရပ် ပြဇာတ်အသွင် ခင်ကျင်း သရုပ်ဆောင်ပြခြင်း၊ သရုပ်ဖော် ပုံဆွဲခြင်း၊ တေးသီချင်းတစ်ပုဒ်အဖြစ်(သို့)ကဗျာတိုတစ်ပုဒ်အဖြစ်ရေးသားသီဆိုခြင်း၊ (သို့မဟုတ်) အခြားနည်းအမျိုးမျိုးဖြင့် တင်ပြခြင်းတို့ ပါဝင်နိုင်သည်။ ထို့နောက် ထိုသဘောတရားကိုအလယ်တန်းကျောင်းစာသင်ခန်း၌ မည်သို့ပြသမည်ကိုလည်းတင်ပြစေရမည်။

၃။ အုပ်စုများက ရှင်းလင်းတင်ပြမှုပြုရန် ပြင်ဆင်ရေးသားပြီးစီးသောအခါ အတန်းကို မူလပုံစံ ပြန်လည်ဖွဲ့စည်းပေးပါ။ ရော်ဂျာစ်၏ သဘောတရား (၁၀) ချက်ကို အမှတ်စဉ် (၁) မှ (၁၀) ထိ အစဉ် အတိုင်း ခေါ်ပြီး သက်ဆိုင်ရာ အုပ်စုအသီးသီးတို့မှ ရှင်းလင်းတင်ပြစေရန် စီစဉ်ပါ။ အုပ်စုများကို သဘောတရားအမှတ်စဉ် အတိုင်း တစ်ခုပြီးတစ်ခု ခေါ်ယူပါ။ မိမိတို့ရရှိသော သင်ယူမှု သဘောတရား အကြောင်းကို အတန်းသို့ ရှင်းပြပြီး အလယ်တန်းကျောင်းစာသင်ခန်းအတွက် မည်သို့ပုံစံရှိမည်ကို လည်း တင်ပြစေရမည်။ လိုအပ်သလို တုံ့ပြန် အကြံပြုချက်များပေးပါ။ အတန်းမှ ဝေဖန်သုံးသပ်မှု မှတ်ချက်ချမှုများ ပြုတတ်စေရန်ကိုလည်း အားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

ကျောင်းသားများ၏ ရှင်းလင်းတင်ပြမှုတစ်ခုစီသည် စံသတ်မှတ်ချက် (၂) ခုနှင့် ကိုက်ညီ သင့်သည်။ သူတို့က ထိုသဘောတရားအကြောင်းကို ပီပြင်ရှင်းလင်းစွာ ရှင်းလင်းတင်ပြသင့်သည်။ နောက်တစ်ချက်မှာ အလယ်တန်းကျောင်း စာသင်ခန်းတွင် ထိုသဘောတရားကို မည်သို့တွေ့မြင်နိုင်ကြောင်း ရှင်းလင်းပြမှု ပါဝင်ရမည်။ ကျောင်းသားကိုင်စာအုပ်တွင် သဘောတရား အမှတ် (၁) အတွက် နမူနာ တစ်ခုကို ပေးထားသည်။

## သင်ယူမှုလုပ်ငန်း (၄)။ သင်ယူမှုကို ပံ့ပိုးပေးရာ၌ ထိရောက်စွာ ဆောက်ရွက်နိုင်သော ကူညီလမ်းညွှန်သူတစ်ဦး၏ အရည်အသွေးများကို ဆွေးနွေးခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက် -** ရော်ဂျာစ် ၏ သင်ယူမှုကို ကူညီလမ်းညွှန်ပေးနိုင်မည့် သဘာတရားများအပေါ် အခြေခံ၍ ထိရောက်စွာ ဆောင်ရွက်နိုင်သော ကူညီလမ်းညွှန်သူတစ်ဦး၏ အရည်အသွေးများကို ဆွေးနွေးတတ်စေရန်

၁။ ဤလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် သင်က (ဆရာက) တစ်တန်းလုံးကို ဦးဆောင်ကာ ဆွေးနွေးရမည်။ ထိရောက်စွာ ဆောင်ရွက်တတ်သော ကူညီလမ်းညွှန်သူတစ်ဦး၏ အရည်အသွေးများကို တစ်တန်းလုံးနှင့်အတူ သတ်မှတ်ပေးရန်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော ရော်ဂျာစ်၏ သင်ယူမှု ကို ကူညီလမ်းညွှန်ရန် သဘောတရား (၁၀) ချက်အကြောင်းမှ တစ်ချက်ချင်းစီကို အတန်းနှင့် အတူတကွ အစဉ်လိုက် အသံထွက်ဖတ်ပါ။

၂။ ဆရာက အချက်တစ်ချက်စီကို ဖတ်ပြီးသည့်အခါ ထိုအချက် (သဘောတရား) ကို ဆရာက မည်ကဲ့သို့ အသုံးပြုခြင်းအားဖြင့် သင်ယူမှုကို ထိရောက်စေနိုင်မည်ကို အတန်းနှင့်အတူ ဉာဏ်ဖွင့်ဆွေး နွေးပါ။ ကျောင်းသားများစဉ်းစားရရှိလာသော အတွေးအခေါ်များကို သင်ပုန်းပေါ်တွင်ရေးပြပါ။ ထို့နောက် ထိုအချက်များကို တဖြည်းဖြည်း အနှစ်ချုပ်ကာ သဘောတရားတစ်ခုစီအတွက် အရည်အသွေး နှစ်ခု (သို့မဟုတ်) သုံးခုကိုသာ အပြီးအသတ် ရွေးချယ်ဆုံးဖြတ်ပါ။

၃။ အလယ်တန်းကျောင်းစာသင်ခန်းတွင် အကောင်အထည်ဖော်ရန် သဘောတရားတစ်ခုစီနှင့် ဆက်စပ်သည့် ကူညီလမ်းညွှန်သူ၏ အရည်အသွေးများကို အတန်းက ဆုံးဖြတ် အတည်ပြုပြီးသောအခါ ထိုအရည်အသွေးများကို ကျောင်းသားကိုင်စာအုပ်မှဇယား (၅.၉) တွင် ရေးသားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် သဘောတရားတစ်ခုစီအပေါ်၌ မူတည်၍ အမျိုးမျိုးကွဲပြားခြားနားမည်။ ကျောင်းသားကိုင်စာအုပ်တွင် ပေးထားသော ဥပမာသည် ပထမသဘောတရားအတွက် ကျောင်းသားများကို စေ့ဆော်နိုင်သော အရည်အချင်းများဖြစ်သည်။ သင်နှင့် (ဆရာနှင့်) အတန်းမှ ကျောင်းသားများက သဘောတရားတစ်ခုစီအတွက် ဆီလျော်သော အရည်အသွေး နှစ်ခု (သို့မဟုတ်) သုံးခုကို ဆုံးဖြတ်ရမည် ဖြစ်သည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ရော်ဂျာစ်၏ သင်ယူမှုဆိုင်ရာ သဘောတရား (၁၀) ချက်ကို မြန်မာနိုင်ငံမှ အလယ်တန်းကျောင်း သင်ကြားရေးတွင် လက်တွေ့အသုံးချနိုင်မှုရှိ/မရှိ ထို ကျောင်းသားများကို မေးမြန်းပါ။ အဖြေ အမျိုးမျိုးကို ရအောင်မေးမြန်းပါ။

၂။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၁.၁.၁) ကျောင်းသားများ၏သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်း ဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှု အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိကြောင်း ဥပမာဖြင့် ဖော်ပြသည်။

(ခ) (၁.၁.၁) သင်ယူမှုစွမ်းရည်များနှင့် ကိုက်ညီမှုရှိပြီး ရည်မှန်းထားသော သင်ယူမှုရလဒ်များ ရရှိစေရန် ဘာသာရပ်ပါ အကြောင်းအရာ၊ ဆက်နွှယ်မှုရှိသော အတွေးအခေါ်များနှင့် အသိသညာများကို ရှင်းပြရာတွင် အမျိုးမျိုးသော နည်းလမ်းများကို အသုံးပြုသည်။

(ဂ) (၁.၂.၁) သင်ကြား၊သင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

၃။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်း (Non-Directive Teaching) အကြောင်းကို အဓိပ္ပာယ် သတ်မှတ်ပြတတ်မည်။
- ကားလ်ရော်ဂျာစ် (Carl Rogers) ၏ သင်ယူမှု သဘောတရား (၁၀) ချက်ကို ဖော်ပြတတ်မည်။
- (ကျောင်းသားများ၏) သင်ယူမှုကို ထိရောက်စွာ ကူညီလမ်းညွှန်ပေးနိုင်သည့် ကူညီလမ်းညွှန်သူ(ဆရာ) တစ်ဦး၏ အရည်အသွေးများအကြောင်းကို ဆွေးနွေးတင်ပြတတ်မည်။

# ၅.၃.၄။ ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှု

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု (Co-operative learning) နှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှု (Collaborative Learning) ကို ခွဲခြားတတ်မည်။
- အလယ်တန်းကျောင်းသားများအတွက် ပူးပေါင်းပါဝင် လုပ်ဆောင် သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက် သင်ယူမှု လုပ်ငန်းများကို ဖန်တီးတည်ဆောက်တတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ အခွင့်အလမ်းများကိုပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများအားလုံးပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကိုဖွဲ့စည်းသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၂) ချိန်

## သင်ယူမှုနည်းလမ်းများ

သင်ယူမှုလုပ်ငန်း (၁) - ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုနှင့်ပူးပေါင်းဆောင်ရွက်သင်ယူမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း

## သင်ယူမှုလုပ်ငန်း (၂) - အလယ်တန်းကျောင်းသားများအတွက် ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှုဆိုင်ရာ လုပ်ငန်းများ ဖန်တီးတည်ဆောက်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်း နှင့် အတန်းတွင်းဆွေးနွေးခြင်း၊ ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ (၅.၃.၄) ကိုဖတ်ရှုရန်

**လိုအပ်သော ရင်းမြစ်များ**

စာသင်ချိန် (၁) အတွက် ဇယား (၅.၁၀) (အောက်တွင် ကြည့်ရှုပါ။)

**ဇယား ၅.၁၀။ ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှု**[၆၀]

| ပူး60ပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု (Cooperative Learning) | ပူးပေါင်းဆောင်ရွက်သင်ယူမှု (Collaborative Learning) |
|---|---|
| ပိုမိုနက်ရှိုင်းသော သိမှုဆိုင်ရာ ကျွမ်းကျင်မှုများကို မြှင့်တင်ပေးခြင်း။ | |
| အသင်းအဖွဲ့ ဖွဲ့စည်းမှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လူမှုဆက်ဆံရေးကျွမ်းကျင်မှုတို့ ဖွံ့ဖြိုးလာစေရန် ကူညီပေးခြင်း။ | |
| အသင်းအဖွဲ့ဝင်အသီးသီးတို့၏ စိတ်ကူး စိတ်သန်းအသီးသီးတို့ကို လေးစားမှုရှိပြီး မတူကွဲပြားခြားနားမှုတို့ကို အလေးထား လေးစားခြင်း။ | |
| ပိုမိုနက်ရှိုင်းစွာ သဘောပေါက်နားလည်မှု၊ တိုးပွားလာသည့် အောင်မြင်မှု၊ မိမိကိုယ်မိမိ ပိုမိုတန်ဖိုးထားတတ်လာမှုနှင့် စေ့ဆော်မှုမြင့်မားလာခြင်း | |
| ကျောင်းသားများကို တက်ကြွဖျတ်လတ်သော သင်ယူသူများ ဖြစ်လာပြီး ၎င်းတို့ သင်ယူမှုကို ကိုယ်တိုင်တာဝန်ယူမှုနှင့်အတူ ပိုင်ဆိုင်မှုရှိစေခြင်း။ | |
| ကျောင်းသားများထံ၌ လူမှုပေါင်းသင်းဆက်ဆံရေးကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်နှင့် အုပ်စုတွင်း ပြဿနာများ၊ ပဋိပက္ခများကို ဖြေရှင်းတတ်စေရန်နှင့် အသင်းအဖွဲ့လိုက် လုပ်ရှားလုပ်ဆောင်ရာ၌ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန် အထောက်အကူပြုစေခြင်း | |

၆၀ Based on WNET Education, 2004 and Promethean, 2016.

| ပူး60ပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု (Cooperative Learning) | ပူးပေါင်းဆောင်ရွက်သင်ယူမှု (Collaborative Learning) |
|---|---|
| ဆရာများသည် ကူညီလမ်းညွှန်သူများ ဖြစ်ကြခြင်း | |
| ဆရာက ဖန်တီးတည်ဆောက်ပေးထားသော သင်ယူမှု လုပ်ငန်းတစ်ခုကို ကျောင်းသားများ အားလုံး ပူးပေါင်းဆောင်ရွက်ကြရသော တိကျစွာ သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစား ဖြစ်သည်။ | ကျောင်းသားများကအသင်းအဖွဲ့လိုက်ဆောင်ရွက်ကြရသည်။ ပြဿနာအသွင်ဆောင်လုပ်ငန်း တစ်ခုကို စူးစမ်းရှာဖွေရန် (သို့မဟုတ်) စီမံချက်တစ်ခု (သို့မဟုတ်) လုပ်ငန်းတစ်စုံတစ်ခုကို စူးစမ်းလေ့လာ ဆောင်ရွက်ရာတွင် ကျောင်းသားများ အားလုံးပူးပေါင်းဆောင်ရွက် ရသော နည်းလမ်းတစ်ခု ဖြစ်သည်။ (ဆရာကဦးဆောင်မှုမပေးပါ) |
| ဆရာများက ရည်ရွယ်ချက်များကို အဓိပ္ပာယ် သတ်မှတ်ပေးထားကြပြီး သင်ယူမှုလုပ်ငန်းများ ကို စုစည်းစီစဉ် ဖွဲ့စည်းပေးကြသည်။ | ကျောင်းသားများက ၎င်းတို့ အချင်းချင်း အကြား အားထုတ်ကြိုးပမ်းမှု အသီးသီးကို ကိုယ်စီကိုယ်င စီစဉ်ဆောင်ရွက်ကာ အတိုင်း အတာတစ်ခုအထိ တာဝန်ယူကြသည်။ |
| သင်ယူမှုလုပ်ငန်းတစ်ခုတွင် မည်သူက မည်သည့် အခန်းကဏ္ဍကို ဆောင်ရွက်ရမည်ဟု ဆရာက သတ်မှတ်တာဝန်ပေးသည်။ | မိမိတို့ ဆောင်ရွက်ရမည့် အခန်းကဏ္ဍများနှင့်တာဝန်ယူမှုများကိုကျောင်းသားများ ကိုယ်တိုင် စီမံခန့်ခွဲကာ တာဝန်ခွဲဝေမှု၊ အခန်းကဏ္ဍခွဲမှုတို့ကို ဆောင်ရွက်ကြ သည်။ |
| ကျောင်းသားများ၏ နားလည်သဘောပေါက်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် များသော အားဖြင့် ဆရာက ချမှတ်တည်ဆောက် ပေးထားသော တိကျစွာ သတ်မှတ်ထားသည့် သင်ယူမှုလုပ်ငန်းများကို ကျောင်းသားများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရသည်။ | ဤသင်ယူမှုအမျိုးအစားသည် ကျောင်းသား အချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် မည်သည့်အခါမျိုးတွင်မဆို ပေါ်ပေါက်လာ နိုင်သည်။ ဥပမာ-သူတို့ အချင်းချင်းတစ်ဦးနှင့် တစ်ဦး အပြန်အလှန် ကူညီခြင်းဖြင့် အိမ်စာတစ်ခုကို ပြုလုပ်ခြင်းလည်း အပါအဝင်ဖြစ်သည်။ |
| အုပ်စုဝင်ကျောင်းသားတစ်ဦးစီက ၎င်းလုပ်ကိုင် ဆောင်ရွက်မှုအတွက် တာဝန်ခံမှုရှိသည်။ အုပ်စုတစ်ခုလုံး၏ လုပ်ငန်းသည်(ဆရာ၏) စစ်ဆေးအကဲဖြတ်မှုကို ခံရသည်။ | အောင်မြင်မှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ အားသာမှု အပေါ်၌ မူတည်သည်။ |
| ဆရာက ရင်းမြစ်ပစ္စည်းများ ပံ့ပိုးပေးသည် (သို့မဟုတ်) ရင်းမြစ်များ သုံးစွဲရရှိနိုင်မည့် အချက် အလက်များကို ပံ့ပိုးပေးသည်။ | ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းပြီးစီး အထမြောက်မှုကို အထောက်အကူပြုပေး နိုင်သည့် ရင်းမြစ်ပစ္စည်းများကို သူတို့ကိုယ်တိုင် ရှာဖွေသုံးစွဲကြသည်။ |
| ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းတွင် ဆရာက ကြည့်ရှု လေ့လာခြင်း၊ နားထောင်ခြင်း နှင့် ဝင်ရောက်ကူညီ ဆောင်ရွက်ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ပေးသည်။ | သင်ယူမှုလုပ်ငန်းကို ဆရာက စောင့်ကြည့် လေ့လာခြင်းမရှိ။ ကျောင်းသားများလွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။ သို့သော် ကျောင်းသားများက တောင်းဆိုလာလျှင် ဆရာက ကူညီပေးနိုင်သည်။ |
| ကျောင်းသားများက ဆောင်ရွက်ထားသော လုပ်ငန်းကို စစ်ဆေးအကဲဖြတ်မှု ရရှိရန် ဆရာထံသို့ အပ်နှံတင်ပြရသည်။ | ကျောင်းသားများသည် မိမိလုပ်ငန်းကို မိမိ ကိုယ်တိုင် စစ်ဆေးအကဲဖြတ်တတ်ကြသည့် အပြင် အုပ်စု၏ ဆောင်ရွက်မှုများကိုလည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ကြသည်။ |

| ပူး60ပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု (Cooperative Learning) | ပူးပေါင်းဆောင်ရွက်သင်ယူမှု (Collaborative Learning) |
|---|---|
| ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်နိုင်ရန် အတွက် အုပ်စုများကို လူနည်းနည်းဖြင့်သာ ဖွဲ့စည်းရန် လိုအပ်သည်။ | |

သင်ယူမှုလုပ်ငန်း (၁)

- စုပေါင်းလက်ရာ ဉာဏ်ကွန့်ပန်းချီ (cooperative graffiti) - ကျောင်းသား (၅) ဦးစီ ပါသော အုပ်စုတစ်ခုစီကို စာရွက်ချပ်ကြီးတစ်ချပ်စီနှင့် ကျောင်းသား အားလုံးအတွက် မင်တံတစ်ချောင်းစီ။ စာပွဲဝိုင်း (Round table) - စာရွက် ချပ်ကြီးတစ်ချပ်စီနှင့် မင်တံတစ်ချောင်းစီကို အုပ်စုတစ်ခုစီ အတွက် ပေးရမည်။
- တွေးမယ်ရေးမယ်ပတ်ချာလည် (Write around) - မျဉ်းကြောင်းပါသော စာရွက်တစ်ရွက်နှင့် မင်တံတစ်ချောင်း စီကို ကျောင်းသားတစ်ဦးစီအား ပေးရမည်။
- စုပေါင်းဆောင်ရွက်ရန် လုပ်ငန်းများအတွက် - ဉာဏ်စမ်းမေးခွန်းများ (မေးခွန်းပေါင်း ၁၀၀ နှင့် အထက်) စာလုံးဆက် ပဟေဠိများ စကားလုံး ရှာဖွေရခြင်းများ - အုပ်စုတစ်ခုစီအတွက် လုံလောက်သော အရေအတွက် ရှိစေရမည်။

သင်ယူမှုလုပ်ငန်း(၂)

- အခြေခံပညာ ဆဋ္ဌမတန်းသင်ရိုး ဘာသာရပ် အားလုံးအတွက် ဆရာ လမ်းညွှန်စာအုပ်များ (ကျောင်းသားများအကြိုက် နှစ်သက်ရာခေါင်းစဉ်ကို ရွေးချယ်နိုင်စေရန်) ဤသို့မပြုနိုင်လျှင် ကျောင်းသားများ ရွေးချယ်နိုင်ရန် ခေါင်းစဉ်များကို စုပေါင်း၍ စာရင်းပြုစုပေးပါ။)
- ကျောင်းသား (၆) ဦးစီပါဝင်သော အုပ်စုတစ်ခုစီအတွက်- ပိုစတာရေးရန် စာရွက်ချပ်ကြီး (၂) ချပ်စီ အုပ်စုတစ်ခုစီအတွက် ရောင်စုံမာကာများ (coloured marker) ကော်ကပ် ကြိုးပြာ (TCPC) တိပ်ကြိုး

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ပူးပေါင်းပါဝင်လုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ပါဝင်သော သင်ယူရန် ချဉ်းကပ်မှုများ အကြောင်းကို ကျောင်းသားများသိရှိရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းချဉ်းကပ်မှုများက သင်ယူမှုကို ပိုမိုစိတ်ဝင်စားဖွယ် ဖြစ်စေပြီး သင်ယူမှုလုပ်ငန်း၌ ကလေးများ/သင်ယူသူများကို စိတ်ရောကိုယ်ပါ တက်ကြွလာစေနိုင်သည်။ ကျောင်းသားများ သည် ပေးထားသော လုပ်ငန်းများကို စုပေါင်း၍ ဆောင်ရွက်ရသည့်အတွက် ထိုသင်ယူမှုတွင် ပိုမိုစိတ်ဝင်စားလာကြ သည်။ ပျော်ရွှင်ဖွယ်ကစားနည်းတစ်မျိုးဟု မြင်လာကြပြီး တက်တက်ကြွကြွ တက်ညီလက်ညီ ဆောင်ရွက်ကြမည်ဖြစ်သည်။ ပူးပေါင်းပါဝင်လုပ်ဆောင်ကာ သင်ယူရသော သင်ယူမှု အမျိုးအစားနှင့် ပူးပေါင်း ဆောင်ရွက်ကာ သင်ယူရသော သင်ယူမှုအမျိုးအစားတို့တွင် ဘုံတူညီသော လက္ခဏာများ ရှိသကဲ့သို့ ခြားနားမှု များလည်း ရှိကြသည်။

၂။ ယခင်စာမျက်နှာတွင် ပါရှိသော ဇယား (၅.၁၀) တွင် ပြန်လည်ဆန်းစစ်ပါ။ (ကျောင်းသားကိုင်စာအုပ်တွင်လည်းပါရှိသည်။) ဖြစ်နိုင်သောနေရာတွင် ဥပမာ များပေးပါ။ ဖြစ်နိုင်လျှင် ဇယား (၅.၁၀) ကို တစ်တန်းလုံးမြင်လာအောင် ပြသ နိုင်ရန်အတွက် ပုံကြီးချဲ့ထားပါ။

## သင်ယူမှုလုပ်ငန်း (၁)။ ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း

| | |
|---|---|
| **အချိန်** | (၄၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုငယ်များ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - ပူးပေါင်းပါဝင်လုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြုရသော သင်ယူမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်တတ်စေရန်နှင့် ဤလုပ်ငန်းများကို အလယ်တန်း စာသင်ခန်းများတွင် မည်သို့ အသုံးပြုနိုင်ပုံကို ပြန်လည်သုံးသပ်တတ်စေရန်

၁။ အတန်းကို အုပ်စုတစ်ခုလျှင် ကျောင်းသား (၅) ဦးစီပါဝင်သော အုပ်စုငယ်လေးများအဖြစ်ခွဲခြားပါ။ အုပ်စုအားလုံးတို့သည် သင်ယူမှုလုပ်ငန်း တစ်ခုစီတွင် တစ်ချိန်တည်း တစ်ပြိုင်နက်တည်း ပါဝင်ဆောင်ရွက်ကြရမည်။ သင်ယူမှုလုပ်ငန်း တစ်ခုသည် (၅) မိနစ်ခန့်သာ ကြာသင့်သည်။

၂။ စုပေါင်းလက်ရာ ဥဏ်ကွန့်ပန်းချီ (co-operative graffiti) လုပ်ငန်းနှင့် အစပြုပါက အုပ်စုတစ်ခုစီအား စာရွက်ချပ်ကြီးတစ်ရွက်စီနှင့် ကျောင်းသားတစ်ဦးစီအား မင်တံ (marker) တစ်ချောင်း စီပေးထားမည်။ သင်ပုန်းပေါ်တွင် ဆရာက အကြောင်းအရာ/ခေါင်းစဉ်တစ်ခုကို ရေးပြပါ။ ဥပမာ ‘အရွက်စား သတ္တဝါများ’ (Herbivores) “ခရစ်ကက်ကစားနည်း” (cricket) “အဆင့်မြင့် လက်ကိုင်ဖုန်း” (Smartphone) (သို့မဟုတ်) “ဩစတြေးလျ” စသည်ဖြင့်ခေါင်းစဉ်တစ်မျိုးမျိုးကို ရေးပြမည်။ ထို့နောက် ဆရာက “စရေးတော့” ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် အုပ်စု အသီးသီးမှ ကျောင်းသားများသည် အုပ်စုမှရထားသော စာရွက်ကြီးပေါ်တွင် ပေးထားသော ခေါင်းစဉ်နှင့် ပတ်သက်၍ သူတို့ သိရှိထားသမျှ အချက်အလက်တို့ကို စတင်ရေးသားကြရမည်။ ဆရာက “ရပ်တော့” ဟု ပြောချိန်တွင် ကျောင်းသား အားလုံးက ရေးသားခြင်းကို ရပ်တံ့ရမည်။ ရေးသားခြင်း ရပ်ဆိုင်းပြီးသောအခါ ဆရာက သူတို့ရေးထားသည့် အချက်များထဲတွင် တူရာတူရာများကို စုစည်းပြီး အမျိုးအစား သတ်မှတ်ပေးရန် ညွှန်ကြားပါ။ ပြီးနောက် သူတို့ရရှိထားသော အချက်အလက် စိတ်ကူးစိတ်သန်းများကို တစ်တန်းလုံးနှင့် မျှဝေရန် ပြောပါ။

၃။ အခြားလုပ်ငန်းတစ်ခုမှာ “စားပွဲဝိုင်း” လုပ်ငန်းဖြစ်သည်။ ၎င်းလုပ်ငန်းသည် စားပွဲပတ်လည် လက်ဆင့်ကမ်းရေးသားခြင်းရခြင်းဖြစ်သည်။ ဆရာက အုပ်စုတစ်ခုစီအား စာရွက်ချပ်ကြီး တစ်ချပ်စီနှင့် ရေးသားရန် မင်တံ (marker) တစ်ချောင်းစီ ပေးထားရမည်။ အုပ်စုမှ ကျောင်းသား (၅) ဦးသည် မင်တံကို တစ်လှည့်စီအသုံးပြု၍ ရေးသားရမည်။ သင်ပုန်းပေါ်တွင် ခေါင်းစဉ်တစ်ခုရေးချပါ။ ဥပမာအားဖြင့် “ပွဲတော်များ” “ဥရောပတိုက်မှ နိုင်ငံများ” “ ‘S’ နှင့် အစပြုသော စကားလုံးများ” (သို့မဟုတ်) “အပိုင်းကိန်းများ” စသည်တို့ဖြစ်ကြသည်။ ဆရာက “စရေးတော့” ဟု ပြောသည့်အခါ စာရွက်ချပ်ကြီး ရထားသည့် ကျောင်းသားက ပထမဦးဆုံး စတင် ရေးသားရမည်။ ထိုကျောင်းသားက စိတ်ကူးတစ်ခု ရေးသည်။ ရေးပြီးသော အခါ မင်တံကို ၎င်း၏ဘေးမှ ကပ်လျက် ဒုတိယကျောင်းသား ထံသို့လက်ဆင့်ကမ်းမည်။ ဒုတိယကျောင်းသားက မင်တံကို လက်လွှဲယူပြီး စာရွက်ချပ်ကြီးပေါ်တွင် ၎င်းသိထားသော အချက်အလက်တစ်ခုကို ထပ်မံရေးထည့်မည်။ တစ်ဖန် ဘေးမှ တတိယကျောင်းသားထံသို့ စာရွက်နှင့် မင်တံကို လက်ဆင့်ကမ်းပေးမည်။ တတိယကျောင်းသားက အချက်အလက်တစ်ခု ထပ်ဖြည့်ရေးသားမည်။ ရေးသားပြီးသောအခါ စတုတ္ထကျောင်းသားထံသို့ စာရွက်နှင့် မင်တံကို လက်ဆင့်ကမ်းပေးမည်။ စတုတ္ထကျောင်းသားက အချက်အလက်တစ်ခု ထပ်ရေးမည်။ ရေးပြီးနောက် ပဉ္စမကျောင်းသားထံ လက်ဆင့်ကမ်းမည်။ ပဉ္စမကျောင်းသားကလည်း အချက်အလက်အသစ်တစ်ခုကို ထပ်မံ ရေးသားမည်။ ဤနည်းအားဖြင့် အုပ်စု အသီးသီး၌ ကျောင်းသားအသီးသီးတို့သည် ဆက်လက်ရေးသားခြင်း၊ လက်ဆင့်ကမ်းခြင်းတို့ကို ဆောင်ရွက် သွားရမည်။ ဆရာက “ရပ်ကြတော့” ဟု ဆိုသောအခါ အားလုံးက ရေးသားခြင်းကို ရပ်တံ့ရမည်။ အဖြေမှန် အများဆုံး (သို့မဟုတ်) အဖြေမှန် အနီးစပ်ဆုံး အချက်အလက်အများဆုံး ရေးသားနိုင်သော အုပ်စုက အနိုင်ရမည်။

၄။ တတိယလုပ်ငန်းမှာ အားလုံးတာဝန်ခွဲဝေယူရသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း (shared tasks) ဖြစ်သည်။ ဤလုပ်ငန်းဆောင်ရွက်ရန်အတွက် အုပ်စုတစ်ခုစီအား ဉာဏ်စမ်း တစ်ပုဒ်၊ စာလုံးဆက်ပဟေဠိ (crossword) (သို့မဟုတ်) စကားလုံးရှာဖွေခြင်း (word search) လုပ်ငန်းများထဲမှ တစ်ခုခုကို ပေးထားပါ။ အုပ်စုအတွင်း အချင်းချင်းပူးပေါင်းညှိနှိုင်း၍ ဖြေဆိုစေရမည်။ အချိန် (၃) မိနစ်နှင့် (၅) မိနစ်အတွင်းပြီးစီးအောင်ဆောင်ရွက်ရန်ညွှန်ကြားပါ။

၅။ နောက်ဆုံးလုပ်ငန်းအမျိုးအစားမှာ တွေးမယ်ရေးမယ် ပတ်ချာလည် (Write around) လုပ်ငန်းဖြစ်သည်။ အုပ်စုထဲမှ ကျောင်းသားတစ်ဦးစီအား မျဉ်းကြောင်းပါသော စာရွက်တစ်ရွက်စီနှင့် မင်တံ တစ်ချောင်းစီ ဝေငှပေးထားပါ။ သင်ပုန်းပေါ်တွင် စာကြောင်းတစ်ကြောင်း၏ အစပိုင်းကို ရေးပြပါ။ ဥပမာအားဖြင့် “စနေနေ့ ဖြစ်ပျက်ခဲ့သမျှတို့တွင် အကောင်းဆုံးတစ်ခုမှာ ……………..” “ကျွန်ုပ်သာ အသက် (၁၀၁) နှစ်အထိ အသက်ရှည်နေခဲ့ရလျှင် ကျွန်ုပ်သည် …………..” “ဤအရာဖြစ်လာခဲ့လိမ့်မည်ဟု ကျွန်တော် မည်သည့်အခါကမျှ မယုံကြည်ခဲ့ပါ။ သို့သော် ……………..” (သို့မဟုတ်) “ကျွန်တော် လမ်းထောင့်ချိုးတစ်ခုထဲသို့ ကွေ့ဝင်လိုက်သောအခါ ………” စသည်တို့ဖြစ်သည်။ ကျောင်းသားတစ်ဦးစီအား အဆိုပါ ဆရာက ရေးပြထားသော စာကြောင်းတစ်ခု၏ တစ်ပိုင်းတစ်ခု အစပျိုး စကားစုများကို မိမိတို့ ရထားသော စာရွက်တွင် ကူးယူပြီး စာကြောင်းကို ပြီးပြည့်စုံအောင် ဆက်လက် ရေးသားရမည်ဟု ညွှန်ကြားပါ။ ထိုစာကြောင်းပြည့်စုံသွားသောအခါ မိမိရေးထားသော စာကြောင်းပါသည့် စာရွက်ကို မိမိညာဘက်ကပ်လျက် ထိုင်နေသူကျောင်းသားအား လက်ဆင့်ကမ်းမည်။ ထိုကျောင်းသားက နောက်ထပ်စာကြောင်းတစ်ကြောင်း ဆက်လက် ရေးသားမည်။ တစ်ဖန် ၎င်း၏ ညာဘက်မှ ကျောင်းသားထံ လက်ဆင့်ကမ်းမည်။ ဤသို့အားဖြင့်နာရီ လက်တံရွေ့လျားသည့် လားရာအတိုင်း လက်ျာရစ် လှည့်ပတ် ကာ စာရွက်များကို ဆင့်ကဲဆင့်ကဲ လက်ဆင့်ကမ်းပေးပြီး စာကြောင်း၊ တစ်ကြောင်းစီ တစ်ကြောင်းစီ ထပ်မံထည့်သွင်းရေးသားရမည်ဟု ညွှန်ကြားပါ။ (၃) မိနစ်ခန့်ကြာသည်အထိ အဆိုပါအစီအစဉ်အတိုင်း ဆောင်ရွက်စေရမည်။ (သို့မဟုတ်) အုပ်စုထဲမှ ကျောင်းသားတစ်ဦးစီသည် အနည်းဆုံး စာကြောင်း တစ်ကြောင်း ပါဝင်ရေးသားပြီးသည် အထိ ဆောင်ရွက်စေရမည်။ နောက်ဆုံး၌ ဇာတ်လမ်းကို ပထမဦးဆုံး စတင်ရေးသားခဲ့သော ကျောင်းသားမှ နိဂုံးချုပ် စာကြောင်းတစ်ကြောင်း ရေးသားရမည်။ မူလရေးသူက ပုံပြင်/ဇာတ်လမ်းကို အပြီးသတ်သော စာကြောင်းရေးပြီးသောအခါ အုပ်စုအတွင်း၌ မိမိတို့ ရေးသားထားသော ဇာတ်လမ်းများကို တစ်ဦးကိုတစ်ဦး အပြန်အလှန်ဖတ်ပြစေမည်။ အကြိုက်နှစ်သက်ဆုံး ဇာတ်လမ်းတစ်ပုဒ်ကို အားလုံးက ဝိုင်းဝန်းစဉ်းစားပြီး ရွေးချယ်မည်။ ထိုဇာတ်လမ်းကို အတန်းသို့ဖတ်ပြစေရမည်။

၆။ အုပ်စုများအားလုံးက လုပ်ငန်း (၄) ခုစလုံးကို ဆောင်ရွက်ပြီးစီးသွားသည့်အခါတွင် ထိုလုပ်ငန်းများ အပေါ် ပြန်လည်သုံးသပ်ရန်အတွက် အုပ်စုအတွင်းမှ အဖွဲ့ဝင်များ နှင့် အချင်းချင်း ဆွေးနွေးကြရန် ဆရာက ညွှန်ကြားပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုရန် စဉ်းစားဆွေးနွေးပါ။

- ဤသင်ယူမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရခြင်းကို သင်မည်သို့ ခံစား ရပါသနည်း။
- မည်သည့်လုပ်ငန်းကို အကောင်းဆုံး ဆောင်ရွက်နိုင်ခဲ့သနည်း။ အဘယ်ကြောင့်နည်း။
- သင်၏ကျောင်းသားများ (အလယ်တန်းကျောင်းသားများ) မည်သည့် လုပ်ငန်းကို (သို့မဟုတ်) လုပ်ငန်းတစ်ခုခု၏ မည်သည့် အစိတ်အပိုင်းကို ပြုပြင်ပြောင်းလဲပေးမည်နည်း။
- အလယ်တန်းကျောင်းသားများနှင့် ဆီလျော်စေရန်အတွက် သင်က ဤလုပ်ငန်းများကို မည်သို့ အသုံးပြုနိုင်မည်နည်း။

၇။ အတန်းကို မူလပုံစံပြန်လည်ဖွဲ့စည်းပြီး အုပ်စုများအား မေးခွန်းတစ်ခုစီ၏ အဖြေ များကို အတန်းသို့ မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက် ဆွေးနွေးခြင်း၊ ကျောင်းသားအချင်းချင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများအမျိုးမျိုး ပေါ်ပေါက်လာနိုင်သည်။ ဤလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ရခြင်းကို စိတ်လက်ပေါ့ပါးခြင်း၊ ပျော်ရွှင်နှစ်သက်ခြင်း ရှိကြောင်း ကျောင်းသားများက ဖော်ပြကြလိမ့် မည်ဟု မျှော်မှန်းနိုင်ပါသည်။ အလယ်တန်းကျောင်းသားများ၏ လိုအပ်ချက်နှင့် စိတ်ဝင်စားမှု တို့အပေါ် အခြေခံပြီး သင်ယူမှုလုပ်ငန်းများကို ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရန် အကြံပြုချက် များလည်း ပေးလာနိုင်သည်။

## စာသင်ချိန် (၂)

### သင်ယူမှုလုပ်ငန်း (၂)။ အလယ်တန်းကျောင်းသားများအတွက် ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှုဆိုင်ရာ လုပ်ငန်းများ ဖန်တီး တည်ဆောက်ခြင်း

| | |
|---|---|
| **အချိန်** | (၄၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | အုပ်စုတစ်ခုလျှင်ကျောင်းသား(၆)ဦးစီပါသော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - အလယ်တန်းကျောင်းစာသင်ခန်းတစ်ခုတွင် အသုံးပြုနိုင်မည့် ပူးပေါင်းပါဝင် လုပ်ဆောင်မှု နှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်သော သင်ယူမှုလုပ်ငန်းများကို တည်ဆောက် ဖန်တီးတတ်စေရန်

၁။ ကျောင်းသားများကို အုပ်စုတစ်ခုလျှင် (၆) ဦးစီပါဝင်သော အုပ်စုငယ်များအဖြစ်သို့ ဖွဲ့စည်းပေးပါ။ အုပ်စုတစ်ခုစီအား ပိုစတာရေးရန် စာရွက်ချပ်ကြီး (၂) ချပ်နှင့် ရောင်စုံမာကာများ (coloured markers) များကို ပေးထားပါ။ ပိုစတာစာရွက် ချပ်ကြီးတစ်ချပ်၏ ထိပ်၌ “ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူရသောလုပ်ငန်း” ဟုခေါင်းစဉ်တပ်စေပြီး နောက်ထပ် ပိုစတာတစ်ချပ်၏ ထိပ်၌ “ပူးပေါင်း ဆောင်ရွက်သင်ယူရသော လုပ်ငန်း” ဟုခေါင်းစဉ်တပ်စေရမည်။

၂။ ဆဋ္ဌမတန်း သင်ရိုးညွှန်းတမ်းမှ ပြဋ္ဌာန်းချက် အကြောင်းအရာများကို ဝေငှထား ပါ။ (ဘာသာရပ်အလိုက် ကျောင်းသားကိုင်စာအုပ်များ)

၃။ ဆဋ္ဌမတန်းသင်ရိုးညွှန်းတမ်းမှ ကျောင်းသားကိုင်စာအုပ်များထဲတွင် ကျောင်းသား များ ကြိုက်နှစ်သက်ရာ သင်ခန်းစာခေါင်းစဉ်တစ်ခုကို ရွေးချယ်ရန် ညွှန်ကြားပါ။ အုပ်စုတစ်ခုစီက ထိုခေါင်းစဉ်ကို သင်ကြားရာတွင် ပူးပေါင်းပါဝင် လုပ်ဆောင်မှု ဖြင့် သင်ယူရမည့် သင်ယူမှုလုပ်ငန်း (Co-opertative learning) တစ်ခုနှင့် ပူးပေါင်း ဆောင်ရွက်မှုဖြင့် သင်ယူရမည့် သင်ယူမှုလုပ်ငန်း (Collaborative learning activity) တစ်ခု စုစုပေါင်း နှစ်ခုတို့ကို ပုံချစီစဉ်ရေးဆွဲပေးရမည်

ဖြစ်သည်။ ကျောင်းသားများအနေနှင့် ဆက်လက်သုတေသနပြုရန်ဆန္ဒရှိလျှင် လည်း ပြုနိုင်သည်။ အုပ်စု နှစ်စုက ရွေးချယ်လိုက်သော ခေါင်းစဉ်များ ထပ်တူ မကျစေရန် ဆရာက သတိမှတ်ပေးထားရမည်။ အုပ်စု တစ်ခုနှင့် တစ်ခု ရွေးချယ် သော ခေါင်းစဉ် မတူစေ ရကြောင်း ပြောပြထားပါ။

၄။ အုပ်စုတစ်ခုစီမှ ကျောင်းသားများစုပေါင်းဆောင်ရွက်ခြင်းဖြင့် သင်ယူမှုလုပ်ငန်း အမျိုးအစား နှစ်ခုစလုံးကို စီစဉ်ရေးဆွဲပြီးသောအခါ ၎င်းတို့ရရှိထားသော ပိုစတာ ရေးရန် စာရွက်ချပ်ကြီးများပေါ်သို့ ထိုလုပ်ငန်းများကို ထည့်သွင်းရေးသားပါ။ "ပူးပေါင်းပါဝင်လုပ်ဆောင် သင်ယူရသော လုပ်ငန်း" ဟုခေါင်းစဉ်တပ်ထား သော ပိုစတာစာရွက်ပေါ်၌ သူတို့ရေးဆွဲထားသည့် ပူးပေါင်းပါဝင် လုပ်ဆောင်မှုပြုရ သည့် သင်ယူမှုလုပ်ငန်းကို ထည့်သွင်းရေးသားပါ။ "ပူးပေါင်းဆောင်ရွက် သင်ယူ ရသောလုပ်ငန်း" ဟု ခေါင်းစဉ်တပ်ထားသော ပိုစတာစာရွက်ပေါ်၌ သူတို့ရေးဆွဲ ထားသည့် ပူးပေါင်းဆောင်ရွက်မှုဖြင့် သင်ယူရသော သင်ယူမှုလုပ်ငန်းကို ရေးသားပါ။ ပိုစတာများကို ပြင်ဆင်ရေးသားရာတွင်စကားလုံးဖြင့်ရေးသားမှုများ သာမကဘဲ သရုပ်ဖော်ပုံများ အရုပ်များ စသည်တို့ကိုလည်း ထည့်သွင်းအသုံးပြု နိုင်သည်။

၅။ အုပ်စုများက ပိုစတာများ ပြင်ဆင်ရေးသားမှုပြီးစီးသွားသည့်အခါ စာသင်ခန်း နံရံများပေါ်၌ ပိုစတာ (၂) ခုကို ဘေးချင်းယှဉ်၍ ကပ်ကာ ခင်းကျင်းပြသစေရမည်။

၆။ တစ်တန်းလုံး လုပ်ငန်းအဖြစ် ဆရာက အုပ်စုတစ်ခုစီမှ ပြသထားသော ပိုစတာများကို လေ့လာရန် ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း (Gallery walk) တစ်ခုကို ဆရာက ဦးဆောင်၍ ဆောင်ရွက်ပါ။ ပိုစတာများကို ဖန်တီးရေးဆွဲထား သော အုပ်စုတစ်ခုစီ မှ အတန်းသို့ ရှင်းလင်းပြနိုင်သည်။ မည်သည့် လုပ်ငန်းက အဘယ်ကြောင့် ပူးပေါင်းပါဝင်လုပ်ဆောင်မှုလုပ်ငန်း (Co-coperative) ဖြစ်ပြီး အခြားတစ်ခုမှာလည်း အဘယ်ကြောင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း (Collaborative) ဖြစ်ရကြောင်း ဆွေးနွေးမည်။ ကျောင်းသားအချင်းချင်းထံမှ တုံ့ပြန်အကြံပြုချက်များကို ဖိတ်ခေါ်ပါ။ ဆရာကလည်း တုံ့ပြန်အကြံပြုချက် များကို လိုအပ်သလိုပံ့ပိုးပေးပါ။

၇။ ဤလုပ်ငန်းကို ကျောင်းသားများအား အောက်ပါမေးခွန်းများ မေးမြန်း/ဆွေးနွေး ခြင်းဖြင့် အပြီးသတ်ပါ။

- ဤသင်ယူမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရခြင်းကို သင်မည်သို့ ခံစား ရပါသနည်း။

- မည်သည့်လုပ်ငန်းကို အကောင်းဆုံး ဆောင်ရွက်နိုင်ခဲ့သနည်း။ အဘယ် ကြောင့်နည်း။
- သင်၏ကျောင်းသားများ (အလယ်တန်းကျောင်းသားများ) မည်သည့်လုပ်ငန်းကို (သို့မဟုတ်) လုပ်ငန်းတစ်ခုခု၏ မည်သည့် အစိတ်အပိုင်းကို ပြုပြင်ပြောင်းလဲပေး မည်နည်း။
- အလယ်တန်းကျောင်းသားများနှင့် ဆီလျော်စေရန်အတွက် သင်က ဤလုပ်ငန်းများကို မည်သို့ အသုံးပြုနိုင်မည်နည်း။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ အတန်းတွင် ဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

သင်ယူမှုလုပ်ငန်းများသည် အမျိုးမျိုးကွဲပြားနိုင်သည်။ သို့ရာတွင် ပူးပေါင်းပါဝင် လုပ်ဆောင်သင်ယူရသော လုပ်ငန်းများကို ဖော်ပြရာ၌ ဆရာ၏ အရေးပါသော အခန်းကဏ္ဍကို ပေါ်လွင်အောင် ပြသသင့်သည်။ ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူရသော လုပ်ငန်းများ တွင် အုပ်စုများ ရွေးချယ်ခြင်း၊ အုပ်စုအတွင်း၌ လုပ်ဆောင်ရမည့် အခန်းကဏ္ဍများကို သတ်မှတ်ခြင်း၊ အကြောင်းအရာများနှင့် ရင်းမြစ်များကို ရရှိအသုံးပြုနိုင်စေရန် စီစဉ်ပေးရခြင်း နှင့် သင်ယူမှုလုပ်ငန်းကို စစ်ဆေးအကဲဖြတ်ခြင်း တို့ကို ဆရာက စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုအချက်များကို ပေါ်လွင်အောင်ပြသသင့်သည်။

ပူးပေါင်းဆောင်ရွက် သင်ယူရသော လုပ်ငန်းများ၌ ဆရာကကျောင်းသားများအား လေ့လာရန် ယေဘုယျခေါင်းစဉ်တစ်ခုကို သာပေး၍ အခြားလုပ်ငန်းဆောင်တာ အသီးသီး တို့ကို ကျောင်းသားများကိုယ်တိုင် လွတ်လပ်စွာ စီမံဆောင်ရွက်နိုင်ကြသည်။ အုပ်စုများအတွင်း လုပ်ဆောင်ဖွယ်တို့ကို ကျောင်းသားများ ကိုယ်တိုင်စီစဉ် ဆောင်ရွက်ကြရသည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| အချိန် | (၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ အလယ်တန်းကျောင်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် သင်ယူရသော သင်ယူမှုလုပ်ငန်းများကို အသုံးပြုခြင်းအပေါ် တုံ့ပြန်အကြံပြုချက်ပေးရန် ဆရာက အတန်းကိုညွှန်ကြားပါ။ ဤကဲ့သို့ အသုံးပြုခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများမှာ မည်သည်တို့ဖြစ်မည်နည်း။ ချွတ်ယွင်းချက်များမှာ မည်သည်တို့ ဖြစ်ကြသနည်း။

၂။ ရရှိသွားသော တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အချင်းချင်းပြောဆိုဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက် သည်။

(ဂ) (၃.၂.၁) သင်ခန်းစာအကြောင်းအရာများ၊ သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသားများအားလုံး ပါဝင်ခွင့်ရရှိရန်၊ ဆရာနှင့် အပြန်အလှန်ပြောဆိုဆက်သွယ်ခွင့် ရရှိရန် စာသင်ခန်းကို ဖွဲ့စည်းသည်။

၃။ မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို စစ်ဆေးပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်၌ ကျောင်းသားများသည် -

- ပူးပေါင်းပါဝင်လုပ်ဆောင်သော သင်ယူမှု (Co-operative learning) နှင့် ပူးပေါင်း ဆောင်ရွက်သင်ယူမှု (Collaborative Learning) ကို ခွဲခြားတတ်မည်။
- အလယ်တန်းကျောင်းသားများအတွက် ပူးပေါင်းပါဝင် လုပ်ဆောင်သော သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက် သင်ယူမှုလုပ်ငန်းများကို ဖန်တီး တည်ဆောက်တတ်မည်။

# ၅.၃.၅။ ပညာရေးနယ်ပယ်တွင် အသုံးပြုသည့် အကောင်းမြင်တတ်မှု/ အပြုသဘောဆောင်မှုကို ဦးစားပေးလေ့လာသော စိတ်ပညာ (Positive Psychology in Education)

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင်  ကျောင်းသားများသည် -**

- ပညာရေးနယ်ပယ်တွင် အသုံးပြုသည့် အကောင်းမြင်တတ်မှုကို ဦးစားပေးသော စိတ်ပညာ (Positive psychology) ကို အဓိပ္ပာယ် သတ်မှတ် ဖော်ပြတတ်မည်။
- သင်တို့လက်ရှိကျွမ်းဝင်ပြီးဖြစ်နေသော ကျောင်းအနေအထားတွင် အကောင်းမြင်တတ်မှုကို ဦးစားပေးလေ့လာသော ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးဆောင်ရွက်မှု အညွှန်းဘောင် ကို မည်သို့အသုံးပြုနိုင်ကြောင်းကို ဆွေးနွေးတင်ပြတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁)  ကျောင်းသားများအချင်းချင်း အပြန်အလှန် ပြောဆိုဆက်သွယ်ခြင်း ပူးပေါင်းဆောင်ရွက်ခြင်း စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများ ကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းများနှင့် သက်ဆိုင်သည့် သဘောတရားများ နှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် (၂) ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း(၁) - အကောင်းမြင်တတ်မှု (ဦးစားပေး) စိတ်ပညာစကားလုံးဖွဲ့စည်းမှုပြ တိမ်တိုက်/ ရုပ်ပြမှတ်တမ်း)

သင်ယူမှုလုပ်ငန်း(၂) - မြန်မာနိုင်ငံအလယ်တန်းကျောင်းများတွင် PERMAH ပုံစံကို လက်တွေ့ အသုံးချခြင်း
သင်ယူမှုလုပ်ငန်း(၃) - အကောင်းမြင်တတ်မှု ဦးစားပေးသော ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများ အညွှန်းဘောင်ဖြတ်ဆက်လုပ်ငန်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ** - ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် အတန်းတွင်းဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ** - ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ (၅.၃.၅) ကို ဖတ်ရှုလေ့လာထားပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း(၁) - ကျောင်းသားတစ်ဦးစီအတွက် A3 အရွယ်အစား - စာရွက်တစ်ရွက်စီခဲတံများ ၊ ရောင်စုံခဲတံများ၊ ရောင်စုံမြေဖြူတောင်များ၊ မာကာများ

သင်ယူမှုလုပ်ငန်း(၂) - ဇယား (၅.၁၁)

စာသင်ချိန် (၂) အတွက် ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

ဇယား (၅.၁၂) - Noble နှင့် McGrath တို့၏ အကောင်းမြင်တတ်မှု ဦးစားပေး ပညာရေးဆိုင်ရာ လက်တွေ့ ကျင့်သုံးမှု အညွှန်းဘောင်

**ဇယား ၅.၁၂။ Noble နှင့် McGrath တို့၏ အကောင်းမြင်တတ်မှု ဦးစားပေး ပညာရေးဆိုင်ရာ လက်တွေ့ ကျင့်သုံးမှု အညွှန်းဘောင်**

| အခြေခံ အုတ်မြစ် | ကျွမ်းကျင်မှု (ကိရိယာ) အစုံ | ဥပမာများ |
|---|---|---|
| ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုဆိုင်ရာ တတ်ကျွမ်းမှု (Social and Emotional Competency) | လူမှုပေါင်းသင်းဆက်ဆံရေးကို အားပေးသော တန်ဖိုးများ (Prosocial values) | လေးစားမှု၊ ပူးတွဲပါဝင်ဆောင်ရွက်မှု၊ သည်းခံနိုင်စွမ်းရှိမှု၊ သနားကရုဏာထားမှု |
| | ကြံ့ကြံ့ခံနိုင်ရည်ရှိခြင်း(စိတ်ဓာတ် ကြံ့ခိုင်ခြင်း (Resilience) | အကောင်းမြင်တွေးခေါ်တတ်မှု၊ အထောက်အကူရှာဖွေမှု၊ ဟာသဉာဏ်ကို ဆီလျော်စွာ အသုံးပြုတတ်မှု (စိတ်ညစ် စရာကို ရယ်ရွှင်စရာ အဖြစ် တွေးခေါ်တတ်မှု) |

| အခြေခံ အုတ်မြစ် | ကျွမ်းကျင်မှု (ကိရိယာ) အစုံ | ဥပမာများ |
| --- | --- | --- |
| | ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှုများ (social skills) | ရင်းမြစ်များကို မျှဝေသုံးစွဲတတ်မှု "ပူးပေါင်း ပါဝင် လုပ်ဆောင်မှု၊ သဘောထား ညီညွတ် ကြောင်းကို လေးစားစွာ ဖော်ပြတတ်မှု (သဘောထားကွဲလွဲမှုကို ယဉ်ကျေးစွာ ပြောပြ တတ်မှု) စေ့စပ်ညှိ နှိုင်းတတ်မှု၊ ပဋိပက္ခ / ဝိရောဓိများကို ဖြေရှင်းတတ်မှု |
| | စိတ်ခံစားမှုများအကြောင်း နားလည်တတ်ကျွမ်းမှုများ/ ကျွမ်းကျင်မှုများ (Emotional Literacy skills) | မိမိ၏ကိုယ်ပိုင် စိတ်လှုပ်ရှား/ ခံစားမှုများနှင့် သူတစ်ပါးတို့၏ စိတ်လှုပ်ရှား/ ခံစားမှုများကို နားလည်သဘောပေါက် ခြင်းနှင့် ယင်းတို့ကို နိုင်နင်းစွာ ထိန်းသိမ်းထားနိုင်မှု |
| | လူပုဂ္ဂိုလ်တစ်ဦးစီ၏ မျှော်မှန်းချက် အလိုက် အောင်မြင်မှုရရှိစေနိုင်သည့် ကျွမ်း ကျင်မှုများ (ကိုယ်ရည် ကိုယ် သွေး ကျွမ်းကျင်မှုများ) (Personal Achievement Skills) | မိမိ၏ကိုယ်ပိုင်အားသာချက်များနှင့် အား နည်း ချက်များကိုသိရှိမှု၊ မိမိ စဉ်းစား တွေး ခေါ်မှုကို မှန်/မမှန်ပြန်လည်စဉ်းစား ဆင်ခြင်တတ်မှု (metacognition)၊ ရည်မှန်းချက် များ ချမှတ် ဆောင်ရွက်တတ်မှု ဘဝကို စီမံကိန်းချ တည်ဆောက်တတ်မှုနှင့် စီမံကိန်း အတိုင်း စွဲမြဲစွာ လိုက်နာဆောင်ရွက်မှု |
| အကောင်းမြင်တတ်သော စိတ်ခံစားမှုများ (Positvie Emotions) | ပိုင်ဆိုင်လိုမှု၊ ပိုင်ဆိုင်ခံရသူဖြစ် လိုမှု၊ သံယောဇဉ် (နှောင်ဖွဲ့မှု ဆိုင်ရာ) ခံစားချက်များ (Feelings of belonging) | ပူးပေါင်းပါဝင်လုပ်ဆောင်ကာ သင်ယူရ သောနည်းဗျူဟာများ၊ မိတ်ဆွေဖွဲ့ခြင်း အစီ အစဉ်များနှင့် အချင်းချင်းစာပြပေးမှု |
| | ဘေးကင်းလုံခြုံစိတ်ချရသည်ဟု ခံစားချက်များ (Feeling of safety) | ဗိုလ်ကျစိုးမိုးမှုနှင့် အနိုင်ကျင့်မှုများကို တားမြစ်ဟန့်တားမှု၊ အပြုအမူထိန်းသိမ်းပုံ ပြင်မှုဆိုင်ရာ အစီအစဉ်များထားရှိမှု |
| | ကျေနပ်အားရမှု၊ စိတ်ခေတ်ပြတ်သား မှုနှင့် ဂုဏ်ယူတတ်မှု (Feelings of satisfaction, affirmation and pride) | အောင်ပွဲခံမှု၊ အခမ်းအနားကျင်းပမှု၊ အထိမ်း အမှတ်ပွဲ ကျင်းပမှု |
| | စိတ်တက်ကြွလှုပ်ရှားမှုနှင့် ပျော်ရွှင် ကြည်နူးမှု ခံစားချက်များ (Feeling of excitement and enjoyment) | သင်ယူမှုနှင့် ပျော်ရွှင်မှုအတွက် ကစားနည်း များ ကိုအသုံးပြုမှု |

| အခြေခံ အုတ်မြစ် | ကျွမ်းကျင်မှု (ကိရိယာ) အစုံ | ဥပမာများ |
|---|---|---|
| | ကျောင်း၏အောင်မြင်မှုအကြောင်း အကောင်းမြင်တတ်သော စိတ်ခံစားချက်များ (Feeling of optimism about school success) | အကောင်းမြင်တွေးတော စဉ်းစားတတ်စေ ရန် ရှင်းရှင်းလင်းလင်း သင်ကြားပေးမှု၊ ကျောင်းသားတို့အား ကောင်းသည့် အချက်၊ ကောင်းသည့် နေရာ၊ ကောင်းသည့် ဘက်မှ ရှုမြင်သုံးသပ်တတ်စေရန် သူတို့၏ အာရုံစိုက်မှုကို အကောင်းဘက်သို့ ဦးတည်စေရေး အလေးထား ဆောင်ရွက်ပေးမှု၊ အောင်မြင်မှုကို အရည်အချင်းကြောင့် ဆိုသည်ထက် ကြိုးပမ်းမှုကြောင့် ဟု ယူဆမှု |
| ကောင်းမွန်သော ပေါင်းသင်းဆက်ဆံမှုများ (Positive Relationship) | ကျောင်းသားအချင်းချင်း ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှု (Positive Peer Relationship) | ပူးပေါင်းပါဝင်လုပ်ဆောင်ကာ သင်ယူမှု၊ အတန်းတွင်းစည်းဝေးပွဲ ကျင်းပမှု၊ ကျောင်းသားအချင်းချင်း ကူညီရိုင်းပင်မှု အစီအစဉ် များထားရှိမှု |
| | ဆရာနှင့် ကျောင်းသား(များ) အကြား ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှု (Positive teacher – student relationships) | သင်၏ကျောင်းသားများအကြောင်းကို စိတ်ဝင်စားပါ။ ထိရောက်သော အတန်းကိုင် ပညာကို သုံးပါ။ ကျောင်းသားများနှင့် တွေ့ထိ ဆက်ဆံချိန် အလုံအလောက် ပံ့ပိုးပေးပါ။ စာသင်ချိန်ပြင်ပ၌လည်း တွေ့ထိ ဆက်ဆံနိုင်အောင် ဆောင်ရွက်ပါ။ |
| ကျောင်းသားများ၏ အားသာချက်များကို အသုံးပြု ၍ သင်ယူမှု၌ စိတ်ပါဝင်စား လာအောင် ဆွဲဆောင်မှု (Engagement through strengths) | ကျောင်းသားတစ်ဦးစီ၏ သင်ယူမှုဆိုင်ရာ အားသာချက်များနှင့် စာရိတ္တဆိုင်ရာ အားသာချက်များ ကို ဖော်ထုတ်သတ်မှတ်တတ်မှု | ကျောင်းသားများအား ၎င်းတို့၏ အားသာချက်များကို ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် နှင့် အားနည်းချက်များကို ကောင်းမွန်လာအောင် ပြုပြင်နိုင်စေရန် အထောက်အပံ့ ဖြစ်စေမည့် အခွင့်အလမ်းများပံ့ပိုးပေးမှု |
| ဘဝ၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ဆင်ခြင် တတ်သော အသိတရား ရှိမှု (A sense of Meaning and Purpose) | ကျောင်းသားများ၌ ရှိခဲ့ဖူးသည့် ဘဝ အတွေ့အကြုံများနှင့် ဆီ လျော်ညီညွတ်သော သင်ရိုးညွှန်းတမ်းထားရှိမှု | ဝန်ဆောင်မှုပေးခြင်းအကြောင်းကို လေ့လာသောစီမံချက်များ၊ ငယ်ရွယ်သော ကျောင်း သားများအတွက် သင်ယူမှုရင်းမြစ်များ ထုတ်လုပ်ပေးမှု၊ မဖွံ့ဖြိုးသေးသော ဒေသများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်မှု |

## သင်ယူမှုလုပ်ငန်း(၃)

- A4 အရွယ်အစား စာရွက် (၅) ရွက်၊ တစ်ရွက်စီပေါ်၌ အောက်ပါ ခေါင်းစဉ်များကို ရိုက်နှိပ်ထားပါ။
  - ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုဆိုင်ရာ တတ်ကျွမ်းမှု (Social and Emotional Competency)

- အကောင်းမြင်တတ်သော စိတ်ခံစားမှုများ (Positive Emotions)
- ကောင်းမွန်သော ပေါင်းသင်းဆက်ဆံမှု (Positive Relationship)
- ကျောင်းသားများ၏ အားသာချက်များကို အသုံးပြု၍ သင်ယူမှု၌ လိုက်လှဲစွာ စိတ်ပါဝင်စားလာအောင် ဆွဲဆောင်မှု (Enjoyement through Strengths)
- ဘဝ၏အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်ကို ဆင်ခြင်တတ်သော အသိတရားရှိမှု (A sense of Meaning and Purpose)
- ကျောင်းသားများမှတ်စုရေးရန် စာရွက်ပိုင်းငယ်များ၊ ဇယား (၅.၁၃) အကောင်းမြင်တတ်မှု သဘောတရားသုံးပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးမှု အညွှန်းဘောင်ထဲမှ အခြေခံဟူသောအချက်များ/အခြေခံအုတ်မြစ်များအကြောင်း သင်ကြားမှုအတွက် နည်းဗျူဟာများ

**စာသင်ချိန် (၁)**

**ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ**

| | |
|---|---|
| **အချိန်** | (၁၀)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ အကောင်းမြင်တတ်မှု စိတ်ပညာဆိုသည်မှာ လူတို့၏ တွေးခေါ်မှုများ၊ စိတ်ခံစားမှုများနှင့် အပြုအမူများကို သိပ္ပံနည်းကျ လေ့လာသော ချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ဤသို့ချဉ်းကပ်မှု ပြုရာတွင် လူတို့၏အားနည်းချက်များ၊ ချွတ်ယွင်းချက်များအစား လူတို့၏အားသာချက်များ အပေါ်၌သာ အလေးထားအာရုံစိုက်သည်။ လူ့ဘဝတွင် အဆိုးကို ပြုပြင်ပေးခြင်း သဘောတရားထက် အကောင်းကို တည်ဆောက်ပေးခြင်း သဘောတရားကို ဦးစားပေး အလေးထားသည်။ လူတန်းစေ့ရန် ပင်ပန်းကြီးစွာ ရုန်းကန်နေရသော ဆင်းရဲနွမ်းပါးသူတို့၏ ဘဝများ ပြုပြင်နိုင်ရေးကို လုံးလုံးလျားလျား အာရုံစိုက်အလေးထားခြင်းထက် သာမန် လူတန်းစေ့၊ လူစဉ်မီနေနိုင်သူများဘဝကို တိုးတက်မြင့်မားလာစေရေးအတွက် ဦးတည်သည်။ ဆင်းရဲတွင်း နစ်နေသူများကို ဆွဲတင်နိုင်ရေးသည် ခက်ခဲလှသည့်အတွက်

သာမန် လူလတ်တန်းစားတို့၏ ဘဝမြှင့်တင်နိုင်ရေးကိုသာ အဓိကထားအာရုံစူးစိုက်သည့် စိတ်ပညာဆိုင်ရာ ချဉ်းကပ်မှုတစ်ခုဖြစ်သည်။[၆၁]

၂။ အကောင်းမြင်တတ်မှု စိတ်ပညာက အောက်ပါအချက်တို့ကို အလေးပေးဆောင်ရွက်သည်။

- အကျိုးဖြစ်ထွန်းစေနိုင်သော အတွေ့အကြုံများ ဥပမာ-ပျော်ရွှင်မှု/ စိတ်ကျေနပ်မှု (happiness) ၊ ကြည်နူးမှု/ အလွန်ပျော်ရွှင်ပီတိဖြစ်မှု (joy)၊ စိတ်ကူးဉာဏ် ကွန့်မြူးနိုင်မှု (inspiration) နှင့် ချစ်ခင်တွယ်တာမှု (love)
- အကျိုးဖြစ်ထွန်းစေနိုင်သော အခြေအနေများနှင့် ပင်ကိုယ်စရိုက်များ (ညဉ်များ) ဥပမာ - ကျေးဇူးတင်ခြင်း၊ ကြံ့ကြံ့ခံနိုင်ခြင်း (ခံနိုင်ရည်ရှိခြင်း) နှင့် သနားဂရုဏာထားခြင်း
- အကျိုးဖြစ်ထွန်းစေနိုင်သော ဓလေ့ထုံးစံများ၊ လူနေမှုစနစ်များ- ဓလေ့ထုံးစံတစ်ခုလုံး/ လူနေမှုစနစ်တစ်ခုလုံးတွင် အကောင်းမြင်တတ်လာခြင်း သဘောတရားများကို လက်တွေ့ အသုံးချခြင်းဖြင့် အကျိုးဖြစ်ထွန်းလာခြင်း[၆၂]

၃။ အကောင်းမြင်တတ်မှုစိတ်ပညာတွင် အောက်ပါသဘောတရားတို့ပါဝင်ကြသည်။

- စရိုက်သဘာဝဆိုင်ရာ အားသာချက်များ (Character strengths)
- အကောင်းမြင်ဝါဒ (Optimisum)
- ဘဝကို ကျေနပ်အားရမှု (Life satisfaction)
- စိတ်ပျော်ရွှင်မှု၊ စိတ်ကျေနပ်မှု (Happiness)
- ကိုယ်စိတ်နှစ်ဖြာကျန်းမာ/ ချမ်းသာမှု (Wellbeing)
- ကျေးဇူးတရား/ ကျေးဇူးသိတတ်မှု (Gratitude)
- သနားကရုဏာထားမှု (Compassion)
- မိမိကိုယ်ကို လေးစားတန်းဖိုးထားမှု (Self-confidence)
- မိမိကိုယ်ကို စိတ်ချယုံကြည်မှု (Confidence)
- မျှော်လင့်ချက်ထားမှု (Hope)
- (စိတ်ဓာတ်) မြှင့်တင်မှု (Elevation)

---

၆၁ Peterson, 2008, in Ackerman, 2019.

၆၂ Peterson, 2008, in Ackerman, 2019.

၄။ အကောင်းမြင်တတ်မှုစိတ်ပညာ (Positive Psychology) ကို စိတ်ပညာရှင် Martion Seligman ကထူထောင်ခဲ့သည်။

၅။ စိတ်ပညာသည် အနိဋ္ဌာရုံပြဿနာများဟုခေါ်ဆိုနိုင်သော ဆိုးရွားသော ပြဿနာများ ဥပမာအားဖြင့် စိတ်ဒဏ်ရာရမှုများ (trauma)၊ စိတ်နာကျင်ခံစား ရမှုများ၊ စိတ်မကျေမလည်မှုများ၊ စိတ်ဝေဒနာများနှင့် စိတ်ဓာတ်ကျမှုများ စသည် တို့ကိုသာ အဓိကအားဖြင့် ကိုင်တွယ်ဖြေရှင်း လေ့လာနေသည်ဟု Seligman က ယူဆခဲ့သည်။ Seligman အနေနှင့် စိတ်ပျော်ရွှင်မှု၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှု၊ သာမန်ထက်ထူးခြားစွာ အောင်မြင်မှု၊ အားသာချက်များ၊ ထူးခြားစွမ်းဆောင်နိုင်မှုများ နှင့် ဖွံ့ဖြိုးထွန်းကားမှု စသည်တို့ နှင့် ဆက်စပ်နေသည့် ကောင်းကျိုးပြုနိုင်သော စိတ်ပိုင်းဆိုင်ရာ ဖြစ်စဉ်များနှင့် သဘောတရား များကိုသာ ပိုမို၍ အာရုံစိုက်အလေးထားလိုခဲ့သည်။[၆၃]

၆။ "PERMAH" ပုံစံ[၆၄] က ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုနှင့် ပျော်ရွှင်မှုတို့အတွက် အခြေခံတူသောအချက်များကို အဓိပ္ပာယ် သတ်မှတ်ပေးထားသည်။

P- အကောင်းမြင်တတ်သော စိတ်ခံစားမှုများ (Positive emotions) ကို ဆိုလိုပါသည်။ အကောင်းမြင်တတ်သော စိတ်ခံစားမှုများကို ရှာဖွေရုံမျှဖြင့် သင်၏ ကောင်းကျိုးချမ်းသာရမှုကို ထိရောက်စွာ မြှင့်တင်တွန်းအားပေးမှု မပြုနိုင်သော်လည်း အကောင်းမြင်တတ်မှုကို ရရှိအောင် အတွေ့အကြုံယူခြင်းသည် အရေးပါသော အကြောင်းရင်း တစ်ခုဖြစ်ပါသည်။ ကိုယ်စိတ်ကျန်းမာ/ချမ်းသာမှု၏ အစိတ်အပိုင်းတစ်ခုမှာ ရရှိလာသော အချိန်အခိုက်အတံ့ တစ်ခုတွင် ပျော်ရွှင်စွာ စိတ်ကျေနပ်မှုကို ရအောင်ရှာဖွေလျက် နေထိုင်တတ်ခြင်းဖြစ်သည်။ ဘဝသည် နေတတ်လျှင် ကျေနပ်ဖွယ်ရှိပါသည်။ ဆိုလိုသည်မှာ အကောင်းမြင် တတ်သော စိတ်ခံစားချက်များကို အတွေ့အကြုံယူခြင်းနှင့် အချိန်ရခိုက် မိမိကိုယ်ကို မိမိ ဘဝကို ပျော်ရွှင်စွာနေတတ်ခြင်းသည်လည်း ကောင်းကျိုးချမ်းသာ ရခြင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

E– စိတ်ရောကိုယ်ပါ မြှုပ်နှံဆောင်ရွက်ခြင်း (Engagement) - ဤကဲ့သို့ ဆောင်ရွက်ရာတွင် အချိန် မည်မျှကုန်ဆုံးသွားသည်ကိုပင် အမှတ်မထားမိတော့ဘဲ ကျွန်ုပ်တို့သည် စိတ်ကျေနပ်စရာ ကောင်းပြီး ကျွန်ုပ်တို့လည်း ကျွမ်းကျင်စွာ

---

[၆၃] Ackerman, 2019.

[၆၄] PERMA Seligman, 2011 in Ackerman, 2019.

လုပ်ဆောင်နိုင် သော လုပ်ငန်းတစ်စုံတစ်ခုတွင် အာရုံနှစ်မြှုပ်နေတတ်ကြသည်။ ဤကဲ့သို့ မိမိတို့ စိတ်ဝင်စားသည့် လုပ်ငန်းတစ်ခုထဲတွင် ကိုယ်ရောစိတ်ပါ မြှုပ်နှံဆောင်ရွက်နေတတ်ခြင်းသည် ကိုယ်စိတ်နှစ်ပါးကျန်းမာ/ ချမ်းသာမှု အတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သင်လုပ်ကိုင်နေသော အလုပ်တစ်ခုကို အမှန်တကယ် အပြည့်အဝစိတ်ရောကိုယ်ပါ နှစ်မြှုပ်လုပ်ကိုင်မှု မရှိသေးလျှင် သင့်ထံ၌ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာမှု အသိတရားမဖွံ့ဖြိုးနိုင်ပါ။

R- ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း (Positive Relationship) ကို ဆိုလိုပါ သည်။ လူသားများသည် အဖွဲ့အစည်း အပေါင်းအသင်းနှင့် နေထိုင်တတ်သော လူမှုရေး သတ္တဝါများ ဖြစ်ကြသည့်အတွက် ကျွန်ုပ်တို့၏ ကိုယ်စိတ်နှစ်ပါးကို ကျန်းမာ/ချမ်းသာလာစေရန် အခြားသူများနှင့် ဆက်သွယ်ဆောင်ရွက်မှုအပေါ် အမှီပြုရပါသည်။ အခြားသူများနှင့် နက်ရှိုင်းပြီး အဓိပ္ပာယ် ပြည့်ဝသော ဆက်ဆံရေးများ ရှိထားခြင်းက ကျွန်ုပ်တို့၏ ကောင်းကျိုးချမ်းသာရရှိမှုအတွက် အရေးပါသည်။

M– အဓိပ္ပာယ်ရှိသော ဘဝကိုတည်ဆောက်ခြင်း (Meaning) ကိုဆိုလိုသည်။ အစစအရာရာပြည့်စုံ၍ အချိန်ပြည့် နီးပါး အလွန်ပျော်ရွှင်နေသူတစ်ဦးပင်ဖြစ်ပါစေ၊ သူတို့ဘဝ၌ အဓိပ္ပာယ် ရှာမတွေ့ခဲ့လျှင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုဆိုသည့် အသိတရားကို ရရှိနိုင်မည် မဟုတ်ချေ။ ကျွန်ုပ်တို့၏ ကိုယ်ကျိုးစီးပွားကျွန်ုပ်တို့ကိုယ်တိုင်၏ ကောင်းကျိုးချမ်းသာထက်ပိုမိုကြီးမားသော ပိုမိုအရေးပါသော အခြား တစ်စုံတစ်ခု၌ ကိုယ်ရောစိတ်ပါ မြှုပ်နှံ၍ ဆောင်ရွက်ကြသည့်အခါ ကျွန်ုပ်တို့သည် အဓိပ္ပာယ်ရှိမှုကို ခံစားသိရှိလာရသည်။ ထိုသို့အဓိပ္ပာယ်သိလာရမှုသည် မည်သည့် အရာနှင့်မျှ အစားထိုးလဲလှယ်၍ မရနိုင်အောင် တန်ဖိုးရှိသည်။

A– Achievement အထမြောက်အောင် ဆောင်ရွက်နိုင်ခြင်း(Accomplishment)/ တစ်စုံတစ်ခု ဆောင်ရွက်ရာ၌ အောင်မြင်ခြင်းကို ဆိုလိုသည်။ ကြီးပွားအောင်မြင်လိုစိတ် (Accomplishment/Achievement)ကို ဆိုလိုပါသည်။ လုပ်ငန်းတစ်ခု ဆောင်ရွက်ရာတွင် အောင်မြင်နေလျှင် ကျွန်ုပ်တို့သည် ကြီးပွားချမ်းသာလာကြသည်။ အောင်မြင်ပျော်ရွှင်လာကြသည်။ ရည်မှန်းချက်ပန်းတိုင်များကို ရရှိလာပြီး လူနေမှုဘဝများလည်း ပိုမို ကောင်းမွန်လာကြသည်။ လုပ်ငန်းကို အထမြောက်အောင် လုပ်ကိုင်ဆောင်ရွက်ရန်နှင့် မိမိတို့ ရည်မှန်းချက်ကို အရယူရန် ကျွန်ုပ်တို့၏ စိတ်တွင်းမှ စေ့ဆော်နေသော တွန်းအား (drive) သာ မရှိခဲ့လျှင် စစ်မှန်သော

ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာမှု ဉာဏ်စမ်းပဟေဠိထဲမှ အရေးပါသော အစိတ်အပိုင်းတစ်ခု ပျောက်ဆုံးနေမည်ဖြစ်သည်။

H– (Health) ၂၀၁၅ ခုနှစ်တွင် Norrish နှင့် Seligman တို့က PERMA ပုံစံ၏ ဆင့်ပွားမရှုထောင့်ကို ထပ်ထည့်ခဲ့ပါသည်။ ထိုရှုထောင့်မှာ ကျန်းမာရေးပြည့်စုံ ကောင်းမွန်ခြင်း (Health) ဖြစ်သည်။ ကျန်းမာရေးပြည့်စုံမှုသာ ဘဝသည် အဓိပ္ပာယ်ရှိနိုင်သည်။ ကျန်းမာရေး ပြည့်စုံမှုတွင် အိပ်စက်နားနေခြင်း၊ ကိုယ်လက်လှုပ်ရှားပြုခြင်းနှင့် အစာအာဟာရ ညီညွတ်မျှတမှုတို့ပါဝင်ကြသည်။ ဤအထက်ဖော်ပြပါ အခြေခံအချက် (၆) ခု (PERMAH) တို့က ကျောင်းသားများ အားစိတ်ခံတတ်ကြံ့ခိုင်မှု/ကြံ့ကြံ့ခိုင်နိုင်ရည်ကိုတည်ဆောက်ရာတွင်နှင့် ပေါင်းသင်း ဆက်ဆံမှုနှင့် စိတ်လှုပ်ရှား/ခံစားမှုတို့တွင် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန် အထောက်အကူပြုကြသည်။ အကောင်းမြင်တတ်မှု ပညာရေးသဘောတရားသုံး စာသင်ခန်းများတွင် ထိုအခြေခံအချက်များကို အစဉ်အလာရ သင်ကြားရသော ပညာရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အတူယှဉ်တွဲ၍ သင်ကြား ပေးသည်။

## သင်ယူမှုလုပ်ငန်း (၁)။ အကောင်းမြင်တတ်မှု (ဦးစားပေး) စိတ်ပညာစကားလုံး ဖွဲ့စည်းမှုပြ တိမ်တိုက်/ ရုပ်ပြမှတ်တမ်း

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း၊နှစ်ယောက်တစ်တွဲ၊တစ်တန်းလုံး |

**ရည်ရွယ်ချက်** - အကောင်းမြင်တတ်မှုစိတ်ပညာ၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာ သိရှိစေရန်

၁။ ကျောင်းသားတစ်ဦးစီအား A3 အရွယ်အစား စာရွက်လွတ်တစ်ရွက်စီ ပေးထားပါ။ ပုံဆွဲပစ္စည်း ကိရိယာများလည်းပေးထားပါ။ စကားလုံးတိမ်တိုက်များဖန်တီးရန် (သို့မဟုတ်) ရုပ်ပြမှတ်တမ်း (visual diary) ဖန်တီးရန် ကျောင်းသားတစ်ဦးစီကို ညွှန်ကြားပါ။ စကားလုံးတိမ်တိုက်များကို အကောင်းမြင်မှုစိတ်ပညာတွင် ပါဝင်သော အတွေးအခေါ်များနှင့် ခေါင်းစဉ်များကို အသုံးပြု၍ ဖန်တီးပါ။ စကားလုံး များနှင့်အတူ ရုပ်ပုံများနှင့်သင်္ကေတများတွင် အကောင်းမြင်တတ်မှု စိတ်ပညာ ထဲမှ ခေါင်းစဉ်များကိုလည်း အသုံးပြုနိုင်သည်။

၂။ ကျောင်းသားတစ်ဦးစီက အကောင်းမြင်တတ်မှုစိတ်ပညာမှ အကြောင်းအရာများကို စကားလုံး တိမ်တိုက်အဖြစ်သို့ ဖန်တီးရေးဆွဲပြီးလျှင် အခြားကျောင်းသားတစ်ဦးနှင့်တွဲ၍ ဆွဲထားသော ပုံများကို အချင်းချင်းမျှဝေပေးရမည်။ နှစ်ယောက်တစ်တွဲလေ့လာရာတွင် မည်သည့် စိတ်ကူးအတွေးအမြင် (၃) ခု (သို့မဟုတ်) မည်သည့် အကြောင်းအရာ (၃) ခုသည် သူတို့အတွက် အရေးအကြီးဆုံးဖြစ်သည်ကို ဆွေးနွေးကြရမည်ဖြစ်သည်။

၃။ အတန်းကို ပြန်လည်ဖွဲ့စည်းပါ။ ကျောင်းသားများက ဆန္ဒရှိခဲ့လျှင် သူတို့ဆွဲသားထားသော စိတ်ကူးတိမ်တိုက်များကို အတန်းသို့ ပြသနိုင်သည်။ မည်သည့် စိတ်ကူးအတွေးမြင် (၃) ခု (သို့မဟုတ်) မည်သည့်အကြောင်းအရာ (၃) ခုသည် အရေးကြီးဆုံးဖြစ်ပြီး အဘယ်ကြောင့်အရေးကြီးရကြောင်းကို ကျောင်းသားများနှင့် ဆွေးနွေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးကွဲပြားမည်။ ဤလုပ်ငန်းသည် စိတ်ကူးဆန်းသစ်မှု လိုအပ်သောလုပ်ငန်း ဖြစ်သောကြောင့် အဖြေများကွာခြားခြင်းဖြစ်ပါသည်။

## သင်ယူမှုလုပ်ငန်း (၂)။ မြန်မာနိုင်ငံအလယ်တန်းကျောင်းများတွင် PERMAH ပုံစံကို လက်တွေ့အသုံးချခြင်း

| | |
|---|---|
| **အချိန်** | (၂၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | (၆) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - PERMAH ပုံစံ အကြောင်း နားလည်မှု ပိုမို ကျစ်လစ်ခိုင်မာလာစေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၆) ဦးစီပါဝင်သော ကျောင်းသားအုပ်စုငယ်များ အဖြစ် သို့ခွဲခြားပါ။ ကျောင်းသားတစ်ဦးစီက အခြေခံအချက်တစ်ခုစီကို လေ့လာစေရမည်။

PERMAH ပုံစံ

- အကောင်းမြင်တတ်သောစိတ်ခံစားမှုများ
- စိတ်ရောကိုယ်ပါမြှုပ်နှံဆောင်ရွက်ခြင်း
- ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း
- အဓိပ္ပာယ်ရှိသော ဘဝကို တည်ဆောက်ခြင်း
- အထမြောက်အောင်ဆောင်ရွက်နိုင်ခြင်း
- ကျန်းမာရေးပြည့်စုံကောင်းမွန်ခြင်း

၂။ အုပ်စုတစ်ခုစီ အတွင်းမှ အုပ်စုဝင်ကျောင်းသားတစ်ဦးစီအား ၎င်းရရှိထားသော သက်ဆိုင်ရာ အခြေခံ အချက်တစ်ချက်အကြောင်းကို မြန်မာနိုင်ငံမှ အလယ်တန်းကျောင်းများ၏ အခြေအနေ အခင်းအကျင်းများနှင့်ဆက်စပ်ကာ ရှင်းပြရန် ညွှန်ကြားပါ။ အုပ်စုဝင်တစ်ဦးစီအား ၎င်းတို့၏ရှင်းပြချက်များကို အုပ်စုတွင်း၌ အချင်းချင်းမျှဝေစေရမည်။ သူတို့၏ အဓိပ္ပာယ်သတ်မှတ်ချက်များကို ဇယား (၅.၁၁) မြန်မာနိုင်ငံအလယ်တန်းကျောင်းများတွင် PERMAH သဘောတရားအသုံးပြုခြင်းဇယားတွင် ရေးသားကြရမည်။

၃။ သူတို့၏အဓိပ္ပာယ်သတ်မှတ်ချက်များကို ရေးပြီးသောအခါ အုပ်စုထဲမှ အဖွဲ့ဝင်တစ်ဦးစီက ဉာဏ်ဖွင့်ဆွေးနွေးရမည်။ သူတို့ရရှိထားသော အခြေခံအချက်ကို မြန်မာနိုင်ငံ အလယ်တန်းကျောင်းများ၌ လက်တွေ့ကျင့်သုံးနိုင်စေမည့် နည်းလမ်းများကို ရှာဖွေဆွေးနွေးရမည်။

၄။ ဉာဏ်ဖွင့်ဆွေးနွေးမှုတစ်ခုစီမှ ရလာသောနည်းလမ်းအသီးသီးတို့ကို စုပေါင်းကာ အုပ်စုတစ်ခုစီ အတွင်း၌ PERMAH အခြေခံအချက်အလက်များ/သဘောတရားများကို မြန်မာနိုင်ငံ အလယ်တန်းကျောင်းများ၏ သင်ကြားမှု လက်တွေ့ဆောင်ရွက်မှုများတွင် မည်သို့ထည့်သွင်း အသုံးပြုရမည်ကို စဉ်းစားဆွေးနွေးကြမည်။ ထိုနည်းလမ်းများထဲမှ နည်းလမ်း (၅) ခုခန့်ရသည် အထိ ရွေးချယ်ပေးစေမည်။ ရွေးချယ်ရရှိလာသော နည်းလမ်းများကို မြန်မာနိုင်ငံအလယ်တန်းကျောင်းများ၌ တွေ့ရှိနိုင်သော PERMAH အကြောင်းဖော်ပြသည့် ဇယား (၅.၁၁) တွင် ရေးသားစေရမည်။

၅။ အတန်းကို ပြန်လည်ဖွဲ့စည်းပေးပါ။ အခြေခံအချက် (၆) ခုကို တစ်ချက်ချင်း ရှင်းလင်းပြပါ။
ကျောင်းသားများထဲမှ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ဥပမာများကို တင်ပြစေရမည်။ တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးပေးပြီး ဆွေးနွေးမှုကို အားပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဓိပ္ပာယ်သတ်မှတ်ချက်များသည် ကျောင်းသားကိုင်စာအုပ်တွင်ပေးထားသော အဖြေများနှင့် ဆင်တူမှုရှိနိုင်သည်။ သို့ရာတွင် ကျောင်းသားများ၏ အဖြေများသည် မြန်မာ့ရိုးရာအစဉ်အလာနှင့် မြန်မာတို့၏ တန်ဖိုးထားမှုများကို ထင်ဟပ်ပြသသင့်သည်။ ကျောင်းတွင်းအကောင်အထည်ဖော်ခြင်း အကြောင်း၌ ကျောင်းတွင်းအစီအစဉ်များနှင့် ဆရာနှင့် ကျောင်းသားများ အသုံးပြုနိုင်သော နည်းဗျူဟာများ အကြောင်းကိုပါ ဆွေးနွေးတင်ပြထားသင့်သည်။

### စာသင်ချိန် (၂)

### ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| | |
|---|---|
| **အချိန်** | (၁၀)မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ ၂၀၁၈ ခုနှစ်က Noble နှင့် Megrates တို့ အတူပူပေါင်းကာ Seligman တည်ဆောက်ခဲ့သော PERMA ပုံစံအပေါ် ထပ်ဆင့်ပြီးအကောင်းမြင်တတ်မှု စိတ်ပညာသည် သဘောတရားသုံးပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးမှု

အညွှန်းဘောင်တစ်ခုကို တည်ဆောက်ခဲ့ကြသည်။

၂။ ၎င်းတို့တည်ဆောက်လိုက်သော အညွှန်းဘောင်တွင် အခြေခံအုတ်မြစ်/အခြေခံအချက် (၅) ခု ရှိသည်။ ၎င်းတို့မှာ ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုဆိုင်ရာ တတ်ကျွမ်းမှု၊ အကောင်းမြင်တတ်သော စိတ်ခံစားမှုများ၊ ကောင်းမွန်သော ပေါင်းသင်းဆက်ဆံမှုများ၊ ကျောင်းသားများ၏ အားသာချက်များကို အသုံးပြုရန် သင်ယူမှု၌ စိတ်ပါဝင်စားလာအောင် ဆွဲဆောင်မှု၊ ဘဝအဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ဆင်ခြင်တတ်သော အသိတရားရှိမှုတို့ ဖြစ်ကြသည်။ ထိုအချက်တို့ကို ကျောင်းသားကိုင်စာအုပ်မှ ဇယား (၅.၁၂) တွင် ပြသထားသည်။[၆၅]

## သင်ယူမှုလုပ်ငန်း(၃)။ အကောင်းမြင်တတ်မှု ဦးစားပေးသော ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးမှု အညွှန်းဘောင် ဖြတ်ဆက်လုပ်ငန်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

**ရည်ရွယ်ချက်** - အကောင်းမြင်တတ်မှုဦးစားပေးသော ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးမှု အညွှန်းဘောင်အကြောင်း နားလည်သဘောပေါက်မှုကို ရင်းနှီးကျွမ်းဝင်ပြီးသား ကျောင်းအခြေအနေတစ်ခုတွင် အသုံးပြုနိုင်သည့် နည်းဗျူဟာများရေးဆွဲပြုစုမှုတွင်အသုံးချတတ်စေရန်

၁။ အခြေခံအချက် (၅) ခုပါသည့် A4 အရွယ်အစား စာရွက် (၅) ရွက်ကို စာသင်ခန်းပတ်လည်မှ စားပွဲများအပေါ်တွင် တင်ထားပါ။ စာရွက်တစ်ခုစီတွင် တပ်ထားသော ခေါင်းစဉ်များမှာ ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုဆိုင်ရာတတ်ကျွမ်းမှု၊ အကောင်းမြင်တတ်သော စိတ်ခံစားမှုများ၊ ကောင်းမွန်သော ပေါင်းသင်းဆက်ဆံမှု၊ ကျောင်းသားများ၏ အားသာချက်များကို အသုံးပြု၍ သင်ယူမှု၌ စိတ်ပါဝင်စားလာအောင်ဆွဲဆောင်မှု၊ ဘဝ၏အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ဆင်ခြင်တတ်သော အသိတရားရှိမှုတို့ဖြစ်ကြသည်။ စားပွဲတစ်ခုစီပေါ်၌ ကျောင်းသားများမှတ်စုရေးနိုင်ရန် စာရွက်ငယ်လေးများကိုလည်း ချထားပေးပါ။

၆၅ Duchesne & McMaugh, 2016, pp. 278 – 277

၂။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီပါဝင်သော ဌာနေအုပ်စု များ (Home group) အဖြစ် ခွဲခြားပါ။ ဤလုပ်ငန်းကို စတင်ရန် အကောင်း မြင်တတ်မှု ဦးစားပေးပညာရေးဆိုင်ရာလက်တွေ့ကျင့်သုံးမှုများ အညွှန်းဘောင်ကို ဆွေးနွေးရန် အုပ်စုများကို ညွှန်ကြားပါ။ သို့မှသာ ဇယား (၅.၁၂) တွင်ဖော်ပြထားသည့် Noble နှင့် MC Grath (2008) တို့၏ အကောင်းမြင်တတ်သောစိတ်ပညာသဘောတရားသုံးပညာရေးဆိုင်ရာ လက်တွေ့ ကျင့်သုံး မှုများ အညွှန်းဘောင် အကြောင်းပိုမိုရှင်းလင်းပီးပြင်စွာနားလည်နိုင်ရန်ဖြစ်သည်။

၃။ ထို့နောက်အုပ်စုမှ အုပ်စုဝင်တစ်ဦးစီတို့ကို အကောင်းမြင်တတ်မှုဦးစားပေး ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးမှုအညွှန်းဘောင်တွင် ပါဝင်သည့် အခြေခံ အုတ်မြစ် (၅) ခုထဲမှ တစ်ချက်စီကို ရွေးချယ်ရမည်။ ထိုအချက်ကို ကိုယ်စားပြု ရမည်။

- ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုဆိုင်ရာတတ်ကျွမ်းမှု
- အကောင်းမြင်တတ်သော စိတ်ခံစားမှုများ
- ကောင်းမွန်သော ပေါင်းသင်းဆက်ဆံမှု
- ကျောင်းသားများ၏ အာသားချက်များကို အသုံးပြု၍ သင်ယူမှု၌စိတ်ပါဝင်စားလာအောင် ဆွဲဆောင်မှု
- ဘဝ၏အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ဆင်ခြင်တတ်သော အသိတရားရှိမှု

၄။ အုပ်စုအသီးသီးမှ ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုဆိုင်ရာ တတ်ကျွမ်းမှု ကိုယ်စားလှယ်များ အားလုံးကို အတူစုစည်းရန်၊ အကောင်းမြင်တတ်သော စိတ်ခံစားမှုကို ရွေးချယ်သော ကိုယ်စားလှယ်များအားလုံးကို အတူစုစည်းရန်၊ ကောင်းမွန်သော ပေါင်းသင်းဆက်ဆံမှု အခြေခံအချက်ကို ရွေးချယ်သော ကိုယ်စားလှယ်များအားလုံကို စုစည်းရန်၊ ကျောင်းသားများ၏ အားသာချက်များ ကို အသုံးပြု၍ သင်ယူမှု၌ လှိုက်လှဲစွာ စိတ်ပါဝင်စားလာစေရန် ဆွဲဆောင်မှု အခြေခံအချက်ကို ကိုယ်စားပြုသော ကိုယ်စားလှယ်များအားလုံးကိုစုစည်းရန် နှင့် ဘဝ၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ဆင်ခြင်တတ်သော အသိတရားရှိမှု အခြေခံအချက်ကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များအားလုံးကို စုစည်းရန် ဆရာက ညွှန်ကြားသည်။ ထိုကျောင်းသားများသည် သူတို့နှင့် သက်ဆိုင်ရာ ခေါင်းစဉ်ပါသော စာရွက်များကပ်ထားသည့် စားပွဲ အသီးသီးသို့သွားရောက် ကြရမည်။

၅။ အခြေခံအုတ်မြစ်များကို ကိုယ်စားပြုသည့် အုပ်စုများအား ယခင်က ဆောင်ရွက်ခဲ့ဖူးသော လက်တွေ့တန်းပြသင်ကြားခြင်း နှင့် သူတို့၏ ကိုယ်ပိုင်အတွေ့အကြုံများ အပေါ် ပြန်လည်သုံးသပ်စဉ်းစားစေရမည်။ ပြန်လည်သုံးသပ်စဉ်းစားမှုကို အထောက်အကူ ဖြစ်စေရန် အောက်ပါမေးခွန်းများကို ဖြေဆိုစေရမည်။

- ဤအခြေခံအချက်ကို မည်သို့ သင်ကြားပြီး မည်သို့အားပေးရမည်နည်း။
- ဆရာ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။
- ကျောင်း၏အခန်းကဏ္ဍမှာ အဘယ်နည်း။
- သင်ရိုးညွှန်းတမ်း၏ အခန်းကဏ္ဍမှာအဘယ်နည်း။

  ဥပမာအားဖြင့် ကောင်းမွန်သောပေါင်းသင်းဆက်ဆံမှု အခြေခံအချက် ကိုယ်စားပြု အုပ်စုမှ ကျောင်းသားတစ်ဦးက သူမ သတ္တမတန်းတက်ရောက်ခဲ့စဉ်က ပထဝီဝင်သင်ပြသော ဆရာက ကျောင်းသားအချင်းချင်းအကြား ဆက်ဆံရေး ကောင်းမွန်စေမှုအတွက် မည်သို့အားပေးပံ့ပိုးခဲ့ပုံကို ပြန်လည်ပြောပြမည်။ ပထဝီသင်သောဆရာက သင်ခန်းစာ အခန်းတစ်ခုစီ သင်ကြားပြီးတိုင်း ပါဝင်ပူးပေါင်းလုပ်ဆောင်ကာ သင်ယူရသော လုပ်ငန်းများပေးလေ့ရှိကြောင်းနှင့် ဤသို့ သင်ယူမှု လုပ်ငန်းလုပ်စေရာတွင် ကျောင်းသားအသီးသီးကို ခြားနားသော အခန်းကဏ္ဍ သတ်မှတ် ပေးလေ့ရှိကြောင်း၊ သို့မှသာ ကျောင်းသားတိုင်းက အခန်းကဏ္ဍတစ်ခုစီကို အတွေ့အကြုံ ရရှိနိုင်စေမည့် အခွင့်အလမ်းရရှိစေကြောင်း တို့ကို ပြောပြရမည်။

၆။ အခြေခံအုတ်မြစ်များကို ကိုယ်စားပြုထားသောအုပ်စုများအတွင်း သူတို့၏ ပြန်လည်သုံးသပ်ချက်များကို အချင်းချင်းမျှဝေသည့်အခါ အုပ်စုဝင်ကျောင်းသားများက မှတ်စုရေးထားသင့်သည်။

၇။ အခြေခံအုတ်မြစ်များကို ကိုယ်စားပြုအုပ်စုများက သူတို့၏ အတွေးအခေါ်များကို မျှဝေပြီးသောအခါ ထိုကျောင်းသားများကို မူလဌာနေအုပ်စု အသီးသီးသို့ ပြန်သွားစေရမည်။ ဌာနေအုပ်စုသို့ ပြန်ရောက်ကြသောအခါ သူတို့လေ့လာသိရှိခဲ့ရသော အချက်များကို ဌာနေအုပ်စုတွင် ပြန်လည် မျှဝေရမည်။

၈။ ထို့နောက် ဌာနေအုပ်စုမှ ကျောင်းသားများက ထိုနည်းဗျူဟာများထဲမှ (၂) ခု (သို့မဟုတ်) ဌာနေ အုပ်စုက အကြံပြုသောအခြားနည်းဗျူဟာများ) ကို အသားကျနေသော တွေ့မြင်နေကျကျောင်း အခင်းအကျင်း၌ အသုံးပြုနိုင်ရန် ရွေးချယ်စေရမည်။ ထိုအချက်များကို သင်ကြားပေးရန် (သို့မဟုတ်) အားပေးရန်ဖြစ်သည်။

- ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုဆိုင်ရာ တတ်ကျွမ်းမှုများ
- အကောင်းမြင်တတ်သောစိတ်ခံစားမှုများ
- ကောင်းမွန်သော ပေါင်းသင်းဆက်ဆံမှုများ
- ကျောင်းသားများ၏အားသာချက်များကို အသုံးပြု၍ သင်ယူမှု၌ စိတ်ပါဝင်စားလာအောင် ဆွဲဆောင်မှု
- ဘဝ၏အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ဆင်ခြင်တတ်သော အသိရှိမှု

ထိုသင်ခန်းစာများတွင် လက်တွေ့သင်ကြားပေးနိုင်သော နည်းဗျူဟာကို ရွေးချယ်ပြီးသောအခါ ဇယား (၅.၁၃) တွင်ထပ်မံရေးထည့်ပေးပါ။ ဇယား (၅.၁၃) တွင် အကောင်းမြင်တတ်မှုဦးစားပေး ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးမှု အညွှန်းဘောင်မှ အခြေခံအုတ်မြစ် (၅) ခုကို သင်ကြားပေးနိုင်မည့် နည်းဗျူဟာများကို ပြသထားသည်။

၉။ ကျောင်းသားများ လုပ်ငန်းဆောင်ရွက်မှုပြီးစီးသွားသောအခါ အတန်းကိုပြန်လည်ပေါင်းစည်း ပေးပြီး တစ်တန်းလုံးနှင့်ဆွေးနွေးမှုကို ဆရာက ဦးဆောင်ပါ။ အခြေခံအုတ်မြစ်တစ်ခုစီကို သင်ကြားမှုအတွက် အသုံးပြုနိုင်သော နည်းဗျူဟာများကို မျှဝေပေးရန် တက်ကြွဖျတ်လတ်သော ကျောင်းသားများကို ဖိတ်ခေါ်ပါ။ လိုအပ်သလို တုံ့ပြန်အကြံပြုချက်များ ပံ့ပိုးပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် အတန်းတွင်း ဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည်အမျိုးမျိုး ဖြစ်နိုင်သည်။ အထူးသဖြင့် ကျောင်းသားများ၏ ယခင်က အတွေ့အကြုံများအပေါ်အခြေခံ၍ ကွဲပြားကြမည်။ မည်သို့ပင်ဖြစ်စေ သူတို့၏ အဖြေများသည် အောက်ပါသတ်မှတ်ထားသည့် အခြေခံအချက်များ နှင့် ဆက်စပ်မှုရှိရမည်။

- ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုဆိုင်ရာ တတ်ကျွမ်းမှုများ

- အကောင်းမြင်တတ်သော စိတ်ခံစားမှုများ
- ကောင်းမွန်သောပေါင်းသင်းဆက်ဆံမှုများ
- ကျောင်းသားများ၏ အားသာချက်များကို အသုံးပြု၍ သင်ယူမှု၌ စိတ်ပါဝင်စား လာအောင် ဆွဲဆောင်မှု
- ဘဝ၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်ကို ဆင်ခြင်တတ်သောအသိရှိမှု

### ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ အကောင်းမြင်တတ်မှု စိတ်ပညာကို စိတ်ပညာရှင် Martin Seligman က သူတို့၏ စိတ်ပျော်ရွှင်မှု ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှု၊ သာမန်ထက် ထူးခြားအောင်မြင်မှု၊ အားသာချက်များ နှင့် ဖွံ့ဖြိုးထွန်းကားမှု တို့ကို ပိုမိုတိုးမြှင့်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စတင်တည်ထောင်ခဲ့သည်။ ယခုအခါ အကောင်းမြင်တတ်မှု ပညာရေးသည် အချို့စာသင်ကျောင်းများတွင် အညွှန်းဘောင်များအဖြစ် အသုံးပြုလာကြသည်။ ထိုအညွှန်းဘောင်ကို PERMAH အညွှန်းဘောင်ဟုလည်း သိရှိကြသည်။ PERMAH သည် အတိုကောက်စာလုံးပေါင်းဖြစ်သည်။ P မှာ (Positive emotions) ဖြစ်သည်။ အကောင်းမြင်တတ်သော စိတ်ခံစားမှုများကို ဆိုလိုသည်။ E မှာ (Engagement) စိတ်ရောကိုယ်ပါ မြုပ်နှံဆောင်ရွက်ခြင်းကိုဆိုလိုသည်။ R မှာ (Relationship) ပေါင်းသင်းဆက်ဆံရေး ကို ဆိုလိုသည်။ M မှာ (Meaning) အဓိပ္ပာယ်ရှိခြင်းကိုဆိုလိုသည်။ A မှာ (Accomplishment/Achievement) အထမြောက်အောင်/အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း ကို ဆိုလိုသည်။ H မှာ (Health) ကျန်းမာရေး ပြည့်စုံမှု ကိုဆိုလိုသည်။

၂။ ရရှိသွားသော တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန် ပြောဆို ဆက်သွယ်ခြင်း၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့် သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့် သဘောတရားများ နှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

၃။ သင်ယူမှုရလဒ်များကိုပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်၌ ကျောင်းသားများသည် -

- ပညာရေးနယ်ပယ်တွင် အသုံးပြုသည့် အကောင်းမြင်တတ်မှုကို ဦးစားပေးသော စိတ်ပညာ (Positive psychology) ကို အဓိပ္ပာယ် သတ်မှတ် ဖော်ပြတတ်မည်။
- သင်တို့ လက်ရှိကျွမ်းဝင်ပြီး ဖြစ်နေသော ကျောင်းအနေအထားတွင် အကောင်းမြင်တတ်မှုကို ဦးစားပေးလေ့လာသော ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးဆောင်ရွက်မှု အညွှန်းဘောင်ကို မည်သို့ အသုံးပြုနိုင်ကြောင်းကို ဆွေးနွေးတင်ပြတတ်မည်။

## ၅.၃.၆။ လူမှုစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် လက်တွေ့အသုံးချနိုင်သော လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်များကို ဖော်ပြတတ်မည်။
- ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့ ဒွန်တွဲလွှန်ဆွဲနေသော အသက် (၅) နှစ်မှ (၁၃) နှစ်ကြား အသက်အရွယ်အုပ်စုမှ ကျောင်းသားများနှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့်အခန်းကဏ္ဍ မကွဲပြားမှု တို့ ဒွန်တွဲလွန်ဆွဲနေသော အသက် (၁၃) နှစ်မှ (၂၁) နှစ်ကြား အသက်အရွယ်အုပ်စုမှ ကျောင်းသားများကို ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးတတ်မည်။

## ရရှိသွားမည့်တတ်ကျွမ်းမှုများ

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်းများ၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့်သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းနှင့် သက်ဆိုင်သည့်သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

**အချိန် -** မိနစ်(၅၀) ကြာ စာသင်ချိန် (၂)ချိန်

**သင်ယူမှုနည်းလမ်းများ**

သင်ယူမှုလုပ်ငန်း (၁) - အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ အဆင့်များကို သတ်မှတ် ဖော်ထုတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) - အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီအပေါ် ဝေဖန်ချက်ရေးသားခြင်း

သင်ယူမှုလုပ်ငန်း (၃) - မြန်မာ့အသိုင်းအဝိုင်းတွင် တွေ့မြင်ရသော ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့ ဒွန်တွဲလွန်ဆွဲနေကြသော ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့် အခန်းကဏ္ဍ မကွဲပြားမှုတို့ ဒွန်တွဲလွန်ဆွဲနေကြသော ဖွံ့ဖြိုးမှုအဆင့်

သင်ယူမှုလုပ်ငန်း (၄) - အလယ်တန်းကျောင်းသားများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတို့ကို ပံ့ပိုး ပေးနိုင်မည့် သင်ယူမှုလုပ်ငန်းတစ်ခုကို ဖန်တီးပုံဖော်ခြင်း

**စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ -** ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးဆွေးနွေးခြင်း

**လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ -** သင်ခန်းစာ (၅.၃.၆) ကိုဖတ်ရှုပါ။

**လိုအပ်သော ရင်းမြစ်များ**

သင်ယူမှုလုပ်ငန်း (၁) - ဇယား (၅.၁၄)

သင်ယူမှုလုပ်ငန်း (၂) - အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီနှင့် ပတ်သက်သော ကျောင်းသားကိုင်စာအုပ်ထဲမှ မေးခွန်းများ

- ထိုသဘောတရားများသည် မြန်မာနိုင်ငံအတွက် လက်တွေ့အသုံးချနိုင်ပါသလား။ (သို့မဟုတ်) အနောက်တိုင်းယဉ်ကျေးမှုအတွက်သာ ဖြစ်ပါသလား။
- မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ပိုမိုဆီလျော်စွာ လက်တွေ့အသုံးပြုနိုင်စေရန် ၎င်းတို့နှင့် ပတ်သက်သည့် မည်သည့်အချက်တို့ကို အပြောင်းအလဲပြုပေးရမည်နည်း။

သင်ယူမှုလုပ်ငန်း (၃) - ဇယား (၅.၁၈)

သင်ယူမှုလုပ်ငန်း (၄) - ကျောင်းသားအုပ်စုတစ်ခုစီအတွက် ပိုစတာရေးရန် စာရွက်ကြီးတစ်ချပ်စီ

အုပ်စုတစ်ခုစီအတွက် ဆေးရောင်စုံမာကာများ၊ တိပ်ကြိုး

## စာသင်ချိန် (၁)

## ရှင်းလင်းဖော်ပြထားသော သင်ကြားရေးအချက်များ

| အချိန် | (၁၅) မိနစ် |
|---|---|
| စာသင်ခန်းဖွဲ့စည်းပုံ | တစ်တန်းလုံး |

၁။ အခန်းငယ် (၂.၃) တွင် ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု နှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့ အကြောင်းကို သင်တို့ သင်ယူခဲ့ကြရမည်။ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှား/ ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှု တို့ကို အတူ ပူးတွဲပြီးနောက် အသက်အရွယ်အလိုက်ဖြစ်ပေါ်သည့် ဖွံ့ဖြိုးမှုအဆင့်များနှင့် ချိတ်ဆက်ကာ လေ့လာခဲ့သူမှာ နာမည်ကျော် စိတ်ပညာရှင် အဲရစ် အဲရစ်ဆင် (Erik Erikson) (၁၉၀၂-၁၉၉၄) ဖြစ်ပါသည်။ လူတို့၏ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုသည်

လူအချင်းချင်းအကြား အပြန်အလှန်ပြောဆို ဆက်သွယ်သည့်နည်းလမ်းနှင့်ဖြစ်စေ၊ လူတို့နှင့် ပတ်ဝန်းကျင်အကြား ဆက်သွယ်သည့် နည်းလမ်းနှင့် ဖြစ်စေ၊ ချိတ်ဆက်မှုရှိကြောင်းကို အဲရစ်ဆင်က လေ့လာခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု ရှုထောင့်နှင့် ပေါင်းသင်း ဆက်ဆံရေးဆိုင်ရာ/စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှု ရှုထောင့်များသည် အတူတကွ ဖြစ်ပေါ်ပြီး တစ်ခုနှင့်တစ်ခုသည်လည်း အပြန်လှန် အမှီသဟဲပြုကာ ဆက်စပ်မှု ရှိကြသည်ဟု အဲရစ်ဆင် က ယုံကြည်သည်။

၂။ ၎င်း၏သဘောတရားကို လူမှုစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုသီအိုရီဟုသိရှိကြသည်။ ဖွံ့ဖြိုးမှုသည် အဆင့်တစ်ဆင့်ချင်းစီ၌ ဖြစ်ပေါ်ပြီး (အချိန်ခြား၍ ဖြစ်ပေါ်ခြင်း) အဆင့် အသီးသီးသည်လည်း ယခင်အဆင့်ပေါ်နောက်ထပ်အဆင့်က ထပ်မံတည်ဆောက်ဖြစ်ပေါ်သည်ဟု အဲရစ်ဆင်ကယုံကြည်သည်။ အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီတွင် အဆင့် (၈) ဆင့်ပါဝင်သည်။

၃။ အဆင့်တစ်ဆင့်စီတွင် အတ္တဗဟိုပြုမှု (selfhood)၊ လွတ်လပ်မှု (Independence)၊ ကိုယ်ပိုင်လက္ခဏာ (Identity)နှင့် ကိုယ်ပိုင်တန်ဖိုး (Self-worth) တို့သည် တစ်စထက် တစ်စ တစ်ဆင့်ပြီးတစ်ဆင့်အကြိမ်ကြိမ် အချိန်ခြား၍ ဖွံ့ဖြိုးလာကြသည်။ သို့ရာတွင် ဖွံ့ဖြိုးမှုသည် သူ့အလိုအလျောက် ပေါ်ပေါက်လာနိုင်ခြင်းမရှိပါ။ အကြပ်အတည်း (crisis) တစ်ခု (သို့မဟုတ်) ဝိရောဓိ/ ပဋိပက္ခ(conflict) ဟု ခေါ်နိုင်သည့် အတိုက်အခံအားပြိုင်မှု တစ်ခုတွင် အကြိတ်အနယ်ယှဉ်ပြိုင်အားထုတ်ကြိုးပမ်းရသည်။ ထိုပဋိပက္ခ/ အားပြိုင်မှု မှတစ်ဆင့် လူတစ်ဦးစီ၏ အရည်အသွေးများဖွံ့ဖြိုးလာရသည်။ ထိုဖွံ့ဖြိုးလာသော အရည်အသွေးက တစ်ဖန် ကျွန်ုပ်တို့အား ပေါင်းသင်းဆက်ဆံမှုနှင့် စိတ်ခံစားမှုတို့တွင် ဖွံ့ဖြိုးလာစေရန် အထောက်အကူပြုပေးသည်။ ဖြစ်ပေါ်လာသော/ကြုံတွေ့လာရသော အကြပ်အတည်းကို အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့လျှင် (သို့မဟုတ်) အကျိုးရှိရှိ ဖြေရှင်း နိုင်ခဲ့လျှင် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှု ပေါ်ပေါက်လာမည်။ (သို့မဟုတ်) အကျိုး မရှိသောနည်းဖြင့် ဖြေရှင်းခဲ့လျှင် ဘဝ၌ ပြဿနာများနှင့် ကြုံတွေ့လာရနိုင်သည်။

၄။ အဆိုပါ အရေးပါသော အခြေအနေများ ဖြစ်ပေါ်နေစဉ်အတောအတွင်း၌ ကျွန်ုပ်တို့သည် ပဋိပက္ခအခြေအနေနှင့် မျှခြေ (သို့မဟုတ်) ဟန်ချက်ပျက်ပြားသွားမှုတို့ကို ယာယီအားဖြင့် တွေ့ကြုံနိုင်ပါသည်။ ထိုသို့ ယာယီအားဖြင့် ပေါ်ပေါက်လာသည့် ပဋိပက္ခအသွင်ဆောင် အခြေအနေများနှင့် ဟန်ချက်ယိမ်းယိုင်ခြင်းတို့ ကြုံတွေ့ပြီးနောက်မှသာလျှင် လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု ပေါ်ပေါက်လာသည်။

၅။ အတန်းမှ ကျောင်းသားများအား အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု သီအိုရီကို ပြသသည့် ဇယား (၅.၁၄) ကို လေ့လာရန် ညွှန်ကြားပါ။ ထိုသီအိုရီကို အနှစ်ချုပ်ရလျှင် အောက်ပါ အတိုင်း တွေ့ရှိနိုင်ပါသည်။

**ဇယား ၅.၁၄။ အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာသီအိုရီ**

| ခန့်မှန်းအသက်အရွယ် (Approximate Age) | လူမှုစိတ်ပိုင်းဆိုင်ရာ အကြပ်အတည်း/ စကားအပြောအဆို (Psycho social crisis/ talk) | ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ အရည်အသွေးများ ဖွံ့ဖြိုးလာမှု (Virtue Development) |
|---|---|---|
| မွေးကင်းစမှ (၁၈)လထိ | ယုံကြည်မှုနှင့်မယုံကြည်မှုကြား အားပြိုင်မှု | မျှော်လင့်ချက် |
| (၁၈)လ မှ (၃)နှစ်အထိ | ကိုယ်ပိုင်လုပ်ဆောင်မှုနှင့် ဝမ်းနည်းမှု/ သံသယတို့ကြားအားပြိုင်မှု | ဆန္ဒရှိမှု |
| (၃)နှစ်မှ (၅)နှစ်အထိ | စတင်ကြိုးပမ်းလုပ်ဆောင်မှုနှင့် အပြစ်မကင်းခံစားရမှုကြား အားပြိုင်မှု | ရည်ရွယ်ချက် |
| (၅)နှစ်မှ (၁၃)နှစ်အထိ | ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုကြား အားပြိုင်မှု | တတ်ကျွမ်းမှု |
| (၁၃)နှစ်မှ (၂၁)နှစ်အထိ | ကိုယ်ပိုင်လက္ခဏာတည်ဆောက်မှု (identity)နှင့် လုပ်ဆောင် ရမည့်အခန်းကဏ္ဍ အကြောင်း မကွဲပြားမှုအကြား အားပြိုင်မှု | သစ္စာရှိမှု/စွဲမြဲမှု |
| (၂၁)နှစ်မှ (၃၉)နှစ်အထိ | ခင်မင်ရင်းနှီးစွာနေထိုင်လိုမှုနှင့် တစ်ဦးတည်းနေထိုင်လိုမှု တို့အကြားအားပြိုင်မှု | ချစ်ခြင်းမေတ္တာ |
| အသက် (၄၀) မှ (၆၅) နှစ်အထိ | ဉာဏ်စွမ်းဉာဏ်စအားကောင်းကြွယ်ဝမှု (generativity) နှင့်ဉာဏ်စွမ်းဉာဏ်စများကျဆင်းလာမှုတို့အကြားအားပြိုင်မှု | ဂရုစိုက်စောင့်ရှောက်မှု |
| (၆၅)နှစ်မှအထက် သက်ကြီးရွယ်အိုအပိုင်း | ဂုဏ်သိက္ခာရှိမှုနှင့် စိတ်ပျက်အားငယ်မှု တို့အကြား အားပြိုင်မှု | ဉာဏ်ပညာ အမြော်အမြင် |

၆။ မူလတန်းကျောင်း စာသင်နှစ်များနှင့် ထိုနှစ်ကာလများမှ တစ်ဆင့် အလယ်တန်းကျောင်း စာသင်နှစ်များသို့ ကူးပြောင်းဝင်ရောက်လာသည့် ကျောင်းသားများ အသက်အရွယ် အပိုင်း အခြား (၅ နှစ်မှ ၁၃ နှစ်ကြား အသက်အရွယ်များ) ကို ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့အကြား အားပြိုင်မှုအဆင့် ဟုခေါ်သည်။

- ထိုအဆင့်မှ ကလေးများသည် ကျောင်းသင်ဘာသာရပ်များတွင် ဖြစ်စေ၊ အားကစားနှင့် အခြားဖွံ့ဖြိုးမှု လုပ်ငန်းများတွင်ဖြစ်စေ အောင်မြင်မှုများကို

ရရှိအောင် လုပ်ဆောင်နိုင်စွမ်း ရှိလာကြသည်။ အပြိုင်အဆိုင် ဆောင်ရွက်လိုမှု ပိုမိုများပြားလာကြသည်။

- သူတို့၏ပေါင်းသင်းဆက်ဆံရေးကွန်ရက် ကျယ်ပြန့်လာပြီး သူတို့ကိုယ်သူတို့ သက်ရွယ်တူအုပ်စုမှ သူငယ်ချင်းများနှင့် နှိုင်းယှဉ်မှုပြုခြင်း၊ ပြိုင်ဆိုင်ခြင်းတို့ ပေါ်ပေါက်လာကြသည်။
- သူတို့ကိုယ်သူတို့ သုံးသပ်ရာတွင် သက်တူရွယ်တူသူငယ်ချင်းများနှင့် တန်းတူညီမျှစွာ စွမ်းဆောင်နိုင်မှုမရှိဟု ထင်မြင်ခဲ့လျှင် သူတို့ထံ၌ စိတ်အားငယ်မှု၊ သိမ်ငယ်မှု စသည့် ခံစားချက်များ ပေါ်ပေါက်လာကြသည်။
- ထိုအဆင့်အတောအတွင်းကလေးများထံ၌ တတ်ကျွမ်းမှု၊ ကျွမ်းကျင်မှုတို့ ဖွံ့ဖြိုးလာကြသည်။
- နောက်ထပ်တစ်ဆင့်မှာ ကိုယ်ပိုင်လက္ခဏာတည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့် အခန်းကဏ္ဍမကွဲပြားမှုတို့ အားပြိုင်လွန်ဆွဲ နေသော အဆင့်ဖြစ်သည်။

၇။ ထိုအဆင့်သည် အသက် (၁၃) နှစ်ခန့်မှ စတင်ပြီး အသက် (၂၁) နှစ်ခန့် ထိကြာမြင့်လေ့ရှိသည်။ အသက် (၂၁) နှစ် ကျော်မှသာ ဤအဆင့်ကိုလွန်မြောက်ဖြတ်ကျော်နိုင်သည်။

- ဤအချိန်အပိုင်းအခြား/အဆင့်သည် ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းလာကြရသည့်အတွက် အပြောင်းအလဲ အမျိုးမျိုးတို့ ပေါ်ပေါက်လာကြသည်။
- သူတို့၏ ကိုယ်ပိုင်လက္ခဏာများသည်လည်း ပီပြင် ဖွံ့ဖြိုးလာကြပြီး သူတို့ကိုယ်တိုင် သတိထားမိကာ ဆန်းစစ်တတ်လာကြသည်။ မိမိတို့၏ ထူးခြားချက်နှင့် ကိုယ်ပိုင်လက္ခဏာများနှင့် မိမိတို့ ရည်ရွယ်ချက်များကို စိစစ်သုံးသပ်တတ်လာကြကာ မိမိနှင့် သင့်တော်မည့် အသက်မွေးမှုလုပ်ငန်းအလားအလာများကို ရှာဖွေတတ်စပြုလာကြသည်။
- သူတို့၌ ကိုယ်ပိုင်ခံယူချက် သဘောတရားများ သူတို့အားကျ အတုယူရသည့် စံနမူနာပြပုဂ္ဂိုလ်များ၊ ယုံကြည်ချက်များ ရှိကြသည်။ သို့မဟုတ် သူတစ်ပါးတို့၏ ယုံကြည်ချက်များက သူတို့အား လွှမ်းမိုးသွားတတ်သည်။။
- ဤအဆင့်၌ ရရှိလာမည့် အရည်အသွေးမှာ ‘သစ္စာရှိမှု’ ဖြစ်သည်။ သစ္စာရှိမှု ဆိုရာတွင် မိမိကိုယ်ကိုတန်ဖိုးထား လေးစားမှု (self-esteem) နှင့်မိမိ

ကိုယ်ကို ယုံကြည်စိတ်ချမှု (self-confidence) တို့ပါဝင်ကြသည်။ ထိုအရာတို့ကို မပြောင်းမလဲ စွဲမြဲစွာ ခံယူကျင့်သုံး လာကြသည်။

## သင်ယူမှုလုပ်ငန်း (၁)။ အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ အဆင့်များကို သတ်မှတ်ဖော်ထုတ်ခြင်း

| | |
|---|---|
| **အချိန်** | (၃၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် ကျောင်းသား (၄) ဦးစီပါသော အုပ်စုများ၊ (၈) ဦးစီပါသော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - မူလတန်းကျောင်းသားများနှင့် အလယ်တန်းကျောင်းသားများ အတွက် လက်တွေ့ အသုံးချနိုင်သော အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီ၏ အဆင့်များကို သတ်မှတ်ဖော်ထုတ်ပြီး ပြသတတ်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၄) ဦးစီပါဝင်သော ကျောင်းသားအုပ်စုများ အဖြစ်သို့ ခွဲခြားပါ။ အုပ်စုများအားကျောင်းသားကိုင်စာအုပ်ပါဇယား (၅.၁၅) မှ မူလတန်းကျောင်းသားများနှင့် အလယ်တန်းကျောင်းသားများ၏ ရုပ်ပုံများကို ကြည့်ရှုရန်ညွှန်ကြားပါ။

၂။ အုပ်စုများကို ရုပ်ပုံတစ်ခုစီအကြောင်းကို အောက်ပါ လမ်းညွှန်မေးခွန်းများကို အသုံးပြုပြီး ဆွေးနွေးသင့်သည်။

- ဤကျောင်းသားများသည် မူလတန်းကျောင်းသားများ (သို့မဟုတ်) အလယ်တန်း ကျောင်းသားများ ဖြစ်ကြပါသလား။ သင်မည်ကဲ့သို့ သိရှိသနည်း။
- သူတို့သည် အဲရစ်ဆင်၏လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု သီအိုရီအရ မည်သည့် ဖွံ့ဖြိုးမှုအဆင့်တွင် ရှိကြသနည်း။
- ဤကျောင်းသားများသည် လူမှုစိတ်ပိုင်းဆိုင်ရာ မည်သည့် ပြဿနာများကို ရင်ဆိုင်နေကြရသနည်း။
- မည်သို့သော ထောက်ပံ့ကူညီမှုများ သူတို့လိုအပ်ကြသနည်း။

၃။ အုပ်စုများအတွင်း၌ ကျောင်းသားများ အဖြေများကို ဆွေးနွေးညှိနှိုင်းပြီး အများသဘောတူ အတည်ပြုပြီးသောအခါ ရုပ်ပုံကားတစ်ခုစီ အောက်၌ သူတို့အဖြေများကို ရေးသားစေရမည်။

၄။ အဖြေများရေးသားပြီးသည့်အခါ အုပ်စုတစ်ခုနှင့် အခြားတစ်ခုတို့ အချင်းချင်းကြား အဖြေများကို မျှဝေစေရမည်။ အုပ်စု (၂) ခု အတွင်း မျှဝေစေရမည်။

၅။ အတန်းကို မူလအတိုင်းပြန်လည် ပေါင်းစည်းပြီး ကျောင်းသားများ၏ ရုပ်ပုံ ကားများအကြောင်း အတန်းတွင်း ဆွေးနွေးမှုကို ဆရာက ဦးဆောင်ပေးပါ။ အုပ်စုများမှ ကျောင်းသားကိုယ်စားလှယ်များကို ဖိတ်ခေါ်ပြီးသူတို့ရရှိထားသော အတွေးအခေါ်များ (ideas) ကိုအတန်းနှင့် မျှဝေစေရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

အုပ်စုလိုက်ဆွေးနွေးခြင်း၊ အတန်းတွင်းဆွေးနွေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဖြေများသည် အမျိုးမျိုးကွဲပြားမည်။ ရုပ်ပုံကားချပ်တစ်ခုစီအပေါ် မူတည်၍ အဖြေများ ကွာခြားကြမည်။

အဲရစ်ဆင်၏ ဖွံ့ဖြိုးမှုအဆင့် တစ်ခုစီအတွက် ထူးခြားသော ဝိသေသလက္ခဏာများနှင့် တိုက်ဆိုင် စံတိုက်ပြီး ကျောင်းသားများက သူတို့၏ ရွေးချယ်မှု အဖြေကို ကျိုးကြောင်း ခိုင်လုံမှုရှိကြောင်း ဖော်ပြသင့်သည်။ ဤအဆင့်များအကြောင်း သူတို့၏ နားလည်မှုကို ပြသရာ၌ အဘယ်ကြောင့် ဤသို့ သတ်မှတ်ရကြောင်းကို ရှင်းလင်းပြရမည်။

## စာသင်ချိန် (၂)

### သင်ယူမှုလုပ်ငန်း (၂)။ အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီအပေါ် ဝေဖန်ချက် ရေးသားခြင်း

| | |
|---|---|
| **အချိန်** | (၁၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီ၏ အဆင့်များကိုဆန်းစစ်ဝေဖန်တတ်စေရန်

၁။ ဤလုပ်ငန်းသည် တွေး-တွဲ-မျှဝေလုပ်ငန်းဖြစ်သောကြောင့်ပထမဦးစွာ ကျောင်းသားတစ်ဦးချင်းက လုပ်ငန်းဆောင်ရွက်ရမည်။ အဲရစ်ဆင်၏ လူမှု စိတ်ပိုင်းဆိုင်ရာ သီအိုရီတွင် ပါဝင်သော အဆင့်အသီးသီးတို့သည် အနောက်တိုင်း ဆန်ပြီး အခြားအရှေ့တိုင်းဒေသ ယဉ်ကျေးမှုများနှင့် မအပ်စပ်သောကြောင့် လက်တွေ့အသုံးချနိုင်ခြင်းမရှိဟု ဝေဖန်ခံထားရသည်။ ကမ္ဘာ့အရှေ့ခြမ်း နိုင်ငံများ၏ ယဉ်ကျေးမှုနှင့် မညီညွတ်ဟု ဆိုထားကြပါသည်။

၂။ ကျောင်းသားများအား အဲရစ်ဆင် ၏လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီ၏ အဆင့်များကို ပြန်လည် သုံးသပ်စဉ်းစားရန် ပြောပါ။ ဤသီအိုရီကို မြန်မာနိုင်ငံ အခြေအနေတွင် လက်တွေ့ အသုံးချနိုင်ခြင်း ရှိ/မရှိ စဉ်းစားသုံးသပ်ပြီး အသုံးချနိုင်ပါက မည်သို့ အသုံးချနိုင်မည်ကို စဉ်းစားစေရမည်။ အောက်ပါမေးခွန်းများကို အသုံးပြု၍ စဉ်းစားတတ်စေရမည်။

- အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ အဆင့်များ သဘောတရားများကို မြန်မာ့ ယဉ်ကျေးမှု နယ်ပယ်တွင် လက်တွေ့အသုံးချနိုင်ပါသလား။ (သို့မဟုတ်) ၎င်းတို့သည် အဓိကအားဖြင့် အနောက်တိုင်းယဉ်ကျေးမှုအတွက် သာဖြစ်ပါ သလား။
- မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဤအဆင့်များကို ပို၍ အံဝင်ခွင်ကျ အသုံးပြုနိုင်စေရန် မည်သည့်အချက်များကို အပြောင်းအလဲ ပြုမည်နည်း။
- မည်သည့်အချက်များကို မပြောင်းလဲဘဲ ထားမည်နည်း။

- အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီ၏ အကျိုးကျေးဇူးများမှာ မည်သည်တို့ဖြစ်ကြသနည်း။

၃။ ကျောင်းသားတစ်ဦးချင်းစီက ဤအဆင့်များကို ပြန်လည်သုံးသပ်စဉ်းစားပြီးလျှင် အခြား ကျောင်းသားတစ်ဦးနှင့်တွဲ၍ သူတို့ အတွေးအခေါ်များကို မျှဝေစေရမည်။ ဖြစ်နိုင်ပါက တွဲနေကျကျောင်းသားနှင့် မဟုတ်ဘဲ ယခင်က မိမိနှင့် အတူ မဆွေးနွေးဖူးသေးသော ကျောင်းသားတစ်ဦးနှင့်တွဲ၍ မျှဝေစေသင့်သည်။

၄။ ဤခေါင်းစဉ်ကိုဆွေးနွေးရန် အတန်းကို ပြန်လည်ပေါင်းစည်းပေးပါ။ ကျောင်းသားများအား မေးခွန်းတစ်ခုစီ၏ အဖြေများကို အတန်းနှင့် မျှဝေရန် ပြောပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

အတန်းတွင်းဆွေးနွေးခြင်း

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ**

ကျောင်းသားများက အချို့အဆင့်များကို မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီဟုတွေ့ရှိနိုင်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် လူမှုရေးနှင့် ပရဟိတ စိတ်ဓာတ်ထက်သန်ကြသည့်အပြင် စုပေါင်း ဆောင်ရွက်မှုလည်း ရှိကြသောကြောင့်ဖြစ်သည်။

**သင်ယူမှုလုပ်ငန်း (၃)။ မြန်မာ့အသိုင်းအဝိုင်းတွင် တွေ့မြင်ရသော ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့ ဒွန်တွဲလွန်ဆွဲနေကြသော ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့် အခန်းကဏ္ဍ မကွဲပြားမှုတို့ ဒွန်တွဲလွန်ဆွဲနေကြသော ဖွံ့ဖြိုးမှုအဆင့်**

| | |
|---|---|
| **အချိန်** | (၁၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်အုပ်စုလျှင် (၅) ဦးစီပါသော ကျောင်းသားအုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - အဲရစ်ဆင်၏ လူမှုစိတ်ပိုင်းဆိုင်ရာ သီအိုရီကို မြန်မာမှုအသိုင်းအဝိုင်းနှင့် ဆက်စပ်ကြည့်တတ်စေရန်

၁။ အတန်းကို တစ်အုပ်စုလျှင် ကျောင်းသား (၅) ဦးစီ ပါဝင်သော အုပ်စုငယ်လေးများ အဖြစ်သို့ ခွဲခြားပါ။
ကျောင်းသားကိုင်စာအုပ်မှ လမ်းညွှန်းချက်များနှင့် ဥပမာများ ပါဝင်သော ဇယား (၅.၁၇) ကို ပြန်လည်ဆန်းစစ်ရန် အုပ်စုများကိုညွှန်ကြားပါ။ ဇယား (၅.၁၇) တွင် ကျောင်းသားများ၏ ထူးခြားသော လက္ခဏာများ၊ ဆရာများအတွက် လမ်းညွှန်ချက်များနှင့် သင်ယူမှုလုပ်ငန်း ဥပမာများကို အလယ်အလတ်ပိုင်း ကလေးဘဝ (Middle childhood) (သို့မဟုတ်) မူလတန်းကျောင်းသားများကြုံ ရသောဘဝနှင့် အခြားအဆင့်တစ်ဆင့် အတွက် ဖော်ပြထားသည်။ ထိုအဆင့် (၂) ဆင့်ကို ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှု ကြား အားပြိုင်နေ သော အဆင့်ရှိကလေးများ (၅နှစ်မှ ၁၃နှစ်ကြား) နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့် အခန်းကဏ္ဍ မကွဲပြားမှု အကြား အားပြိုင်နေသော အဆင့် (၁၃ နှစ်မှ ၂၁ နှစ်ထိ) မှ ကျောင်းသားများတို့ တွေ့ကြုံဖြတ်သန်းရမည်ဖြစ်သည်။

၂။ ဇယား (၅.၁၇) ကို ပြန်လည်သုံးသပ်ပြီးသည့်အခါ နောက်ထပ်ဆောင်ရွက်ရမည့် လုပ်ငန်းမှာ ကျောင်းသားများ၏ ထူးခြားသော လက္ခဏာများအနက် မည်သည့် ထူးခြားလက္ခဏာများကို မြန်မာနိုင်ငံမှ ကျောင်းသားများအတွက် လက်တွေ့ အသုံးချနိုင်မည်ကို စဉ်းစားရန် ဖြစ်သည်။ ထို့အတူပင် ဆရာများအတွက် ပေး ထားသော လမ်းညွှန်းချက်များနှင့် သင်ယူမှုလုပ်ငန်းများ အနက် မည်သည့် လမ်းညွှန်ချက်များနှင့် မည်သည့် သင်ယူမှုလုပ်ငန်းများကို မြန်မာနိုင်ငံမှ ကျောင်းသားများ အတွက် လက်တွေ့အသုံးချနိုင်မည်ကိုလည်း စဉ်းစားရမည်။ ၎င်းတို့အနက် မည်သည့်အချက်များကို ထပ်မံထည့်ပေးရန်လိုမည်နှင့် မည်သည့် အချက်များကိုမူ ချန်လှပ်ခဲ့ရန် လိုမည် စသည်တို့ကိုလည်း စဉ်းစားရမည်။ ဤသို့ စဉ်းစား သုံးသပ်ရာတွင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ နှင့် လူမှုပေါင်းသင်း ဆက်ဆံရေးဆိုင်ရာအကြောင်းအရာတို့ပါဝင်နေမည်။ ထို့ပြင် မိသားစု၊ ကျောင်း၏ လွှမ်းမိုးမှုနှင့် ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက် အမျိုးမျိုးတို့ကိုပါ ထည့်သွင်းစဉ်းစားရမည်။

၃။ ဤအခက်အခဲ အကြပ်အတည်းများအကြောင်း စဉ်းစားပြီးသောအခါ ရလာသော အဖြေများကို ဇယား (၅.၁၈) တွင် ပေးထားသော မြန်မာ့အသိုင်းအဝိုင်းတွင် တွေ့မြင်ရသည့် ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုအကြားအဆင့် နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့် အခန်းကဏ္ဍ မကွဲပြားမှု အကြားအားပြိုင်နေသောအဆင့်များ ထည့်ရန်အကွက်တွင် ထည့်သွင်း ရေးသားပါ။

၄။ အတန်းကိုပြန်လည် ပေါင်းစည်းပေးပြီးအုပ်စုများအား အောက်ပါအကြောင်းအရာများကို ဆွေးနွေးရန် ဖိတ်ခေါ်ပါ။

- အဲရစ်ဆင် ဖော်ပြထားသော ကျောင်းသားများ၏ထူးခြားသော လက္ခဏာများသည် မြန်မာ့ယဉ်ကျေးမှုနှင့် မည်ကဲ့သို့ ကိုက်ညီမှုရှိပုံ (သို့မဟုတ်) မည်ကဲ့သို့ ခြားနားနေပုံ၊
- အဲရစ်ဆင် ပေးထားသော ဆရာများအတွက် လမ်းညွှန်ချက်များသည် မြန်မာနိုင်ငံပညာ သင်ကြားရေး စံနှုန်းနှင့် မည်သို့လက်တွေ့အသုံးချနိုင်ပုံ၊
- မြန်မာနိုင်ငံမှ ကျောင်းများ၏ အခြေအနေနှင့် အနေအထားတို့တွင် အဲရစ်ဆင် ပေးထားသော သင်ယူမှုလုပ်ငန်းများ အသုံးဝင်မှုရှိပုံ (သို့မဟုတ်) အသုံးဝင်ပုံ၊

## စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသား၏ လုပ်ဆောင်ချက်ကို ပြန်လည်ဆန်းစစ်ခြင်း၊ အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် အတန်းတွင်းဆွေးနွေးခြင်း

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသောအဖြေများ

အဲရစ်ဆင် ၏သဘောတရားအများအပြားသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် လက်တွေ့အသုံးချနိုင်ဖွယ် ရှိပါသည်။ သို့ရာတွင် အချို့ကွာဟချက်များလည်းရှိနိုင်ပါသည်။ အထူးသဖြင့် ကိုယ်ပိုင်လက္ခဏာများ တည်ဆောက်ခြင်း နှင့် လုပ်ဆောင်ရမည့်အခန်းကဏ္ဍ မကွဲပြားမှုတို့ အားပြိုင်နေသောအဆင့်အတွက် ဖော်ပြချက်များမှာ ကွဲလွဲနိုင်သည်။ ကျောင်းသားများ၏ ထူးခြားချက် လက္ခဏာချင်းလည်း တူညီမည်မဟုတ်သကဲ့သို့ ဆရာက ကျောင်းသားများကို တုံ့ပြန်သင့်ပုံတွင်လည်း မတူညီနိုင်ပါ။

## သင်ယူမှုလုပ်ငန်း (၄)။ အလယ်တန်းကျောင်းသားများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးနိုင်မည့် သင်ယူမှုလုပ်ငန်း တစ်ခုကို ဖန်တီးပုံဖော်ခြင်း

| | |
|---|---|
| **အချိန်** | (၂၀) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | ကျောင်းသား (၅) ဦးစီပါသော အုပ်စုများ၊ တစ်တန်းလုံး |

**ရည်ရွယ်ချက်** - မြန်မာကျောင်းသားများနှင့် ဆီလျော်ပြီး အလယ်တန်းကျောင်းသားများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုပေးနိုင်မည့် သင်ယူမှုလုပ်ငန်းတစ်ခုကို ဖန်တီးပုံဖော်တတ်စေရန်

၁။ ဤလုပ်ငန်းဆောင်ရွက်ရန် ကျောင်းသားများသည် ယခင်လုပ်ငန်း ဆောင်ရွက်စဉ်က ဖွဲ့စည်းခဲ့သော (၅) ဦးအုပ်စုများအတိုင်း လူမပြောင်းဘဲ ဆက်လက်ဆောင်ရွက်ရမည်။ အလယ်တန်း ကျောင်းသားများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုပေးနိုင်မည့် တိကျရေရာသော သင်ယူမှုလုပ်ငန်းများကို ဆွေးနွေးကြရန် အုပ်စုများကို ညွှန်ကြားပါ။ သူတို့ထည့်သွင်း စဉ်းစားရမည့် အချက်များမှာ အောက်ပါတို့ဖြစ်ကြသည်။

- သူတို့၏ သင်ယူသူများ (ကျောင်းသားများ) ၌တွေ့ရသော ထူးခြားသည့် လက္ခဏာများ
- လူမှုစိတ်ပိုင်းဆိုင်ရာ အဆင့်များနှင့် ကျောင်းသားများတွေ့ကြုံဖြတ်သန်းနေရသည့် "ပဋိပက္ခ"များ (အတိုက်အခံများ)
- ဆရာထံမှ သူတို့ ရရှိရန် လိုအပ်နေသည့် ကူညီထောက်ပံ့မှု အမျိုးအစား
- သူတို့၏ ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုအကြား အားပြိုင်လွန်ဆွဲနေသော အဆင့်ကို ဖြတ်သန်းကြရသည့်အခါ သူတို့အားထောက်ပံ့မှုပြုနိုင်ရုံသာမက စိတ်ဝင်စားမှုဖြစ်အောင်လည်း ဖန်တီးနိုင်ပြီး ကျောင်းသားများကို တက်ကြွစွာပါဝင်လာအောင်ဆွဲဆောင်သိမ်းသွင်းနိုင်မည့် သင်ယူမှုလုပ်ငန်းများ။

၂။ ကျောင်းသားများအား (၃) မိနစ်ခန့်ကြာသည့် သင်ယူမှုလုပ်ငန်းအပိုင်းတိုတစ်ခုကို တည်ဆောက် ဒီဇိုင်းဆွဲပေးရန် ညွှန်ကြားပါ။ သူတို့ရေးထားသော မှတ်စုများနှင့် သင်ယူမှုလုပ်ငန်း (၁) မှ ဆောင်ရွက်ချက်တို့ကို ပြန်လည်ရည်ညွှန်းနိုင်သည့်

အပြင် လိုအပ်လျှင် ထပ်မံ သုတေသနပြု ရှာဖွေနိုင်သည်။ ထိုသင်ယူမှုလုပ်ငန်းသည် ကစားနည်းတစ်ခု၊ တေးသီးချင်းတစ်ပုဒ်၊ တေးကဗျာ တစ်ပုဒ်၊ ကကွက်တစ်ကွက်၊ သံချပ်တစ်ပုဒ်၊ ပုံပြင်တစ်ပုဒ်၊ ကဗျာတစ်ပုဒ် (သို့မဟုတ်) (ကျောင်းသားများပါဝင်ပူးပေါင်းဆောင်ရွက်ရသော) အခြားလုပ်ငန်းတစ်ခု ဖြစ်နိုင်သည်။ သင်ယူမှု လုပ်ငန်း ဥပမာ တစ်ခုမှာ သူတို့တွေ့ကြုံ ရင်ဆိုင်နေရသော ရွေးချယ်မှု အားလုံး အကြောင်း (ပညာရေး၊ အသက်မွေးမှုလုပ်ငန်း ဘဝနေထိုင်ဟန်) တို့ကို ခပ်မြန်မြန် ရွတ်၍ သီဆိုရသော ရက်ပ(rap) သီချင်းတစ်ပုဒ် အဖြစ်သို့ ဖန်တီးခြင်း

၃။ အုပ်စုများက သူတို့၏ သင်ယူမှုလုပ်ငန်းများကို ဖန်တီးတည်ဆောက်ပြီးသွားသည့်အခါ ၎င်းလုပ်ငန်းတို့ကို ပိုစတာစာရွက်ပေါ်၌ ရေးသားပြီးနောက် စာသင်ခန်းနံရံတွင်ပြသထားရန် ညွှန်ကြားပါ။

၄။ အတန်းသားများကို အားလုံးစုဝေးစေလျက်ပြခန်းလှည့်လည် ကြည့်ရှုသင်ယူခြင်းပြုရမည်။ ပိုစတာ တစ်ခုစီ ရှေ့၌ ရပ်တံ့ကြည့်ရှုသည့်အခါ ထိုပိုစတာကို ရေးဆွဲထားသောအုပ်စုက ပိုစတာ အကြောင်းကို ဆွေးနွေးရမည်။ ပိုစတာပေါ်မှ သူတို့ရေးဆွဲထားသော သင်ယူမှုလုပ်ငန်းသည် ကျောင်းသားများ တွေ့ကြုံရနိုင်သည့်လူမှုစိတ်ပိုင်းဆိုင်ရာ ပဋိပက္ခများအတွက် မည်သို့ လက်တွေ့အသုံးချနိုင်ပုံနှင့်သူတို့၏ လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို မည်သို့ အထောက်အပံ့ပြုနိုင်ပုံတို့ကိုဆွေးနွေးရမည်ဖြစ်ပါသည်။

**ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း**

| | |
|---|---|
| **အချိန်** | (၅) မိနစ် |
| **စာသင်ခန်းဖွဲ့စည်းပုံ** | တစ်တန်းလုံး |

၁။ အဲရစ်ဆင်၏ သီအိုရီကို ပြန်လည်လေ့လာဖတ်ရှုပါ။ ဖွံ့ဖြိုးမှုသည် အဆင့်လိုက်အဆင့်လိုက် ဖြစ်ပေါ်ပြီး အဆင့်တစ်ခုစီသည် ၎င်း၏ ရှေ့မှ ကပ်လျက်အဆင့်ပေါ်အခြေခံကာ ထပ်မံ တည်ဆောက်ထားခြင်းဖြစ်သည် ဟု အဲရစ်ဆင်က ယုံကြည်ယူဆပါသည်။ အဆင့်တစ်ခုစီ၌ “အကြပ်အတည်း” တစ်ခု (သို့မဟုတ်)

အခြေ ပြောင်းမှတ်တစ်ခုရှိပြီး ထို အကြပ်အတည်း အခက်အခဲကို ကျော်လွှားရန် ကြိုးစားရခြင်းအားဖြင့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ အရည်အသွေးများ/ တစ်ကိုယ်ရေမျှော်မှန်းထားသောအရည်အသွေးများ ဖွံ့ဖြိုးလာစေပြီး လူမှုပေါင်းသင်း ဆက်ဆံရေး နှင့် စိတ်ခံစားမှု ထိန်းသိမ်းရေးတို့၌ပါ ဖွံ့ဖြိုးလာသည်။

၂။ အလယ်တန်းကျောင်းတက်နေစဉ်နှစ်ကာလများသည် အဲရစ်ဆင် သီအိုရီအရ ဖွံ့ဖြိုးမှုအဆင့် (၂) ဆင့် ကိုဖြတ်သန်းရသည်။ ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့ အားပြိုင်နေသည့်အဆင့်နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့် အခန်းကဏ္ဍ မကွဲပြားမှု တို့ အားပြိုင်နေသော အဆင့်များဖြစ်ကြသည်။

၃။ ရရှိသွားမည့် တတ်ကျွမ်းမှုများကို ပြန်လည်ဆန်းစစ်ပါ။

(က) (၂.၁.၁) ကျောင်းသားများအချင်းချင်း အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်းများ၊ စူးစမ်းလေ့လာခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း အခွင့်အလမ်းများကို ပံ့ပိုးပေးသည့်သင်ယူမှုအတွေ့အကြုံများကို ပြင်ဆင်ဆောင်ရွက်သည်။

(ဂ) (၁.၂.၁) သင်ကြားသင်ယူမှုဆိုင်ရာချဉ်းကပ်နည်း နှင့် သက်ဆိုင်သည့် သဘောတရားများနှင့် အယူအဆများကို ဖော်ထုတ်သတ်မှတ်သည်။

၄။ သင်ယူမှုရလဒ်များကို ပြန်လည်ဆန်းစစ်ပါ။

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းများတွင် လက်တွေ့အသုံးချနိုင်သော လူမှုစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်များကို ဖော်ပြတတ်မည်။
- ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့ ဒွန်တွဲလွန်ဆွဲနေသော အသက် (၅) နှစ်မှ (၁၃) နှစ်ကြား အသက်အရွယ်အုပ်စုမှ ကျောင်းသားများနှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့်အခန်းကဏ္ဍ မကွဲပြားမှုတို့ဒွန်တွဲလွန်ဆွဲနေသော အသက် (၁၃) နှစ်မှ (၂၁) နှစ်ကြား အသက်အရွယ်အုပ်စုမှ ကျောင်းသားများကို ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးတတ်မည်။

## ကျောင်းသားကိုင်စာအုပ်ပါ ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများထံမှ မျှော်မှန်းထားသောအဖြေများ

**မေးခွန်း ၁။** လူသာပဓာန စိတ်ပညာ ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *လူသာပဓာန စိတ်ပညာ (Humanistic Psychology) သည် စိတ်ပညာ ဘာသာရပ်၏ ဘာသာရပ်ခွဲ တစ်ခုဖြစ်ပြီး ထိုဘာသာရပ်က လူတို့ကို အပြောင်းအလဲ များပြုရာတွင် အရေးပါသော ပုဂ္ဂိုလ်များအဖြစ် ရှုမြင်သုံးသပ်သည်။ လူတို့သည် မိမိတို့ ကိုယ်တိုင်ဆုံးဖြတ်လုပ်ကိုင်တတ်သော အရေးပါသည့် စွမ်းရည်ရှိသူများ ဖြစ်ကြသည် ဟုလည်း အသိအမှတ်ပြုသည်။ သင်ယူရာတွင် ကလေးများသည် မည်သည်တို့ကို သင်ယူ ရမည်နှင့်မည်သို့သင်ယူရမည်ကို ဦးဆောင်ညွှန်ကြားမှု၌ လည်းပါဝင်ကြသည်။ ဆိုလိုသည်မှာ ကလေးများသည် မည်သည်ကို သင်ယူရမည်ဆိုသည့် အကြောင်းအရာ နှင့် မည်သို့ သင်ယူရမည်ဆိုသည့် သင်ယူပုံသင်ယူနည်းတို့ကို သူတို့ကိုယ်တိုင် စီစဉ် ညွှန်ကြားကာ သူတို့ကိုယ်တိုင်လိုက်နာ ဆောင်ရွက်သင်ယူတတ်ကြသည်။*

**မေးခွန်း ၂။** လူသာပဓာနထားသောစိတ်ပညာ၏ အဓိကကျသော အတွေးအခေါ် (၅) ချက်မှာ မည်သည်တို့ဖြစ်ကြသနည်း။

**အဖြေ။** *လူသာပဓာန စိတ်ပညာ ၏ အဓိကကျသော အယူအဆ(၅)ခုမှာ -*

- *လူသားများသည် လူဆိုသောအဖြစ်ကို ရရှိဖြစ်တည်လာရာတွင် ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် စိတ်တို့၏ အစုအပေါင်းဆိုသည်ထက်မက ပိုမိုကျယ်ဝန်းသော အဓိပ္ပာယ်ရှိသည်။ လူတို့ကို ခွဲခြမ်း၍ အစိတ်အပိုင်းများအဖြစ်သို့ လျှော့ချ ပြောင်းလဲ၍မရနိုင်ချေ။*

- *လူသားများသည် လူဆိုသော ဘဝကို ရရှိရာတွင် ထူးခြားလှစွာသော လူတို့၏ ကြွန်အင်လက္ခဏာ၊ ရုပ်ပိုင်းစိတ်ပိုင်း အကြောင်းအရာ အခြေအနေများနှင့် ပြည့်စုံစွာ စကြာဝဠာ/ ကမ္ဘာတစ်ဝန်း ဆိုင်ရာ ဂေဟာစနစ်ကြီးထဲတွင် မွေးဖွားပေါ်ပေါက် လာကြရသည်။*

- *လူသားတို့ထံ၌ အသိဉာဏ်ရှိကြပြီး သူတို့၌ အသိဉာဏ်ရှိကြောင်းကို သိရှိသတိ ထား မိကြသည်။ ဆိုလိုသည်မှာ သူတို့၌ သတိထားတတ်သော အသိစိတ်ပြည့်ဝ ကြသည်။ အရာရာကို လက်လွတ်စပယ်ပြုလေ့မရှိကြချေ။ လူသားတို့၏ သိစိတ်တွင် မိမိ၏ တည်ရှိရှင်သန်နေမှု သည် မိမိနှင့် ဆက်စပ်နေသောဝန်းကျင်မှ အခြားသူများနှင့် အခြေအနေအကြောင်းချင်းရာ အသီးသီးတို့နှင့် ကင်းကွာ၍ မရကြောင်းကို အမြဲမပြတ် သတိကပ်ကြသည်။*

- *လူသားတို့၌ ရွေးချယ်နိုင်စွမ်းရှိကြပြီး ရွေးချယ်မှုအတွက် တာဝန်ယူခြင်းလည်းရှိ ကြ၏။*

- *လူသားများ၌ ရည်ရွယ်ချက်အပြည့်အဝရှိကြသည်။ အကြံဉာဏ်နှင့် ရည်မှန်းချက် များ ပြည့်ဝ လျက်ရှိသည်။ သူတို့သည် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးကို ရည်ရွယ်ကြသည်။ အမှုမဲ့အမှတ်မဲ့နေလေ့ မရှိကြပါ။ သူတို့၏ အနာဂတ်အဖြစ်အပျက် များကို သူတို့ ဖန်တီးနိုင်ကြောင်းကို သိရှိကြသည်။ သို့ဖြစ်၍လည်း ဘဝအဓိပ္ပာယ် ကို ရှာဖွေသည်။ တန်ဖိုးထားတတ်မှုများရှိလာကြပြီး တီထွင်ဖန်တီး ဆန်းသစ်မှုများ ကိုလည်း ပြုတတ်ကြသည်။*

**မေးခွန်း ၃။** ပညာရေး၏ ရည်မှန်းချက် ဆိုသည်မှာ မည်သည်ဖြစ်သည်ဟု ရော်ဂျာစ် ကပြောခဲ့သနည်း။

**အဖြေ။** *ပြောင်းလဲစေရာတွင် နှင့် သင်ယူရာတွင် ကူညီလမ်းညွှန်မှုပြုနိုင်ရန်*

**မေးခွန်း ၄။** ရော်ဂျာစ် ၏အဆိုအရ သင်ရိုးညွှန်းတမ်းများကို စီစဉ်ပြင်ဆင်ရာတွင် ဆရာများ သည် မည်သည်တို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်သနည်း။

**အဖြေ။** *ကျောင်းသားများ၏ အားသာချက်များ၊ အားနည်းချက်များ၊ သူတို့ထံ၌ မူလရှိနှင့်ပြီး အသိပညာ နှင့်သူတို့၏ သင်ယူပုံဟန်များ(learning style)*

**မေးခွန်း ၅။** ဆရာ့ ညွှန်ကြားမှုမဲ့သင်ကြားခြင်း (Non Directive Teaching) ဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *ဆရာ့ညွှန်ကြားမှုမဲ့သင်ကြားခြင်းဆိုသည်မှာ (Non-Directive teaching) ကျောင်းသားများအား သင်ယူပုံသင်ယူနည်းကို လမ်းပြခြင်း(သို့မဟုတ်) ကူညီလမ်းညွှန်ခြင်း အားဖြင့် သူတို့ကိုယ်တိုင်ဦးဆောင်ညွှန်ကြားပြီး ကိုယ်တိုင်လိုက်နာ ဆောင်ရွက်တတ်သော သင်ယူသူများဖြစ်လာစေရန် ရည်ရွယ်သော သင်ကြားမှုဖြစ်သည်။ ကျောင်းသားများ၏ လုပ်ဆောင်မှုများကို အထောက်အပံ့ဖြစ်စေပြီး အမှန်/အမှားတို့ကို တိုက်ရိုက်ပွင့်လင်းစွာ ဆုံးဖြတ်ခြင်းမပြုသည့် နည်းလမ်းများကို အသုံးပြုကာ သူတို့ကို စိတ်ချယုံကြည်စွာ လုပ်ဆောင်ခွင့်ပေးခြင်းနှင့် မှားတတ်သော သဘောတို့ကို ကိုယ်ချင်း စာမှုပြကာ ဖေးမကူညီပေးခြင်းတို့မှ တစ်ဆင့် ကျောင်းသားတို့အား ကိုယ်တိုင် စီစဉ် ညွှန်ကြားတတ်သော သင်ယူသူများ ဖြစ်လာစေသည်။*

**မေးခွန်း ၆။** အကောင်းမြင်တတ်မှု စိတ်ပညာဆိုသည်မှာ အဘယ်နည်း။

**အဖြေ။** *အကောင်းမြင်တတ်မှု စိတ်ပညာဆိုသည်မှာ လူတို့၏ တွေးခေါ်မှုများ၊ စိတ်ခံစားမှုများနှင့် အပြုအမူများကို သိပ္ပံနည်းကျ လေ့လာသော ချဉ်းကပ်မှုတစ်ခု ဖြစ်သည်။ ဤသို့ချဉ်းကပ်မှု ပြုရာတွင် လူတို့၏အားနည်းချက်များ၊ ချွတ်ယွင်းချက်များ အစား လူတို့၏အားသာချက်များ အပေါ်၌သာ အလေးထားအာရုံစိုက်သည်။ လူ့ဘဝတွင် အဆိုးကို ပြုပြင်ပေးခြင်း သဘောတရားထက် အကောင်းကို တည်ဆောက်ပေးခြင်း သဘောတရားကို ဦးစားပေး အလေးထားသည်။*

*လူတန်းစေ့ရန် ပင်ပန်းကြီးစွာ ရုန်းကန်နေရသော ဆင်းရဲနွမ်းပါးသူတို့၏ ဘဝများ ပြုပြင်နိုင်ရေးကို လုံးလုံးလျားလျား လူအာရုံစိုက်အလေးထားခြင်းထက် သာမန် လူတန်းစေ့၊ လူစဉ်မီနေနိုင်သူများဘဝကို တိုးတက်မြင့်မားလာစေရေးအတွက် ဦးတည်သည်။ ဆင်းရဲတွင်းနွံနစ်နေသူများကို ဆွဲတင်နိုင်ရေးသည် ခက်ခဲလှသည့်အတွက် သာမန်လူလတ် တန်းစားတို့၏ ဘဝမြင့်တင်နိုင်ရေးကိုသာ အဓိကထားအာရုံစူးစိုက်သည့် စိတ်ပညာဆိုင်ရာ ချဉ်းကပ်မှုတစ်ခုဖြစ်သည်။*

**မေးခွန်း ၇။** အတိုကောက်စကားလုံးတွဲ PERMAH က မည်သည်တို့ကိုကိုယ်စားပြုသနည်း။

**အဖြေ။** *P မှာ (Positive Emotions) အကောင်းမြင်တတ်သော စိတ်ခံစားမှုများ ၊ E မှာ (Engagement) စိတ်ရောကိုယ်ပါ မြှုပ်နှံဆောင်ရွက်ခြင်း ၊ (R) မှာ (Positive Relationship) ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း ၊ (M) မှာ (Meaning) အဓိပ္ပာယ်ရှိသော ဘဝကိုတည်ဆောက်ခြင်း ၊ A မှာ (Accomplishments/ Achievement) အထမြောက်အောင်ဆောင်ရွက်နိုင်ခြင်း၊ H မှာ (Health) ကျန်းမာရေးပြည့်စုံကောင်းမွန်ခြင်းကို ဆိုလိုပါသည်။*

**မေးခွန်း ၈။** အဲရစ်ဆင် ၏ လူမှုစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု သီအိုရီက မည်သည့် ဖွံ့ဖြိုးမှုနယ်ပယ် (၂) ခုကို လွှမ်းခြုံထား သနည်း။

**အဖြေ။** *ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်လှုပ်ရှား/ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု*

**မေးခွန်း ၉။** အဲရစ်ဆင်၏ သီအိုရီထဲမှ မည်သည့်ဖွံ့ဖြိုးမှု အဆင့် (၂) ဆင့်ကို အလယ်တန်းကျောင်းတက်စဉ် ကာလ စာသင်နှစ် များအတွက် လက်တွေ့ အသုံးချနိုင်သနည်း။

**အဖြေ။** *ကြိုးစားအားထုတ်မှုနှင့် စိတ်အားငယ်မှုတို့ ဒွန်တွဲလွန်ဆွဲနေသောအဆင့်နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် အခန်းကဏ္ဍ မကွဲပြားမှုတို့ ဒွန်တွဲလွန်ဆွဲနေသောအဆင့်*

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- ပညာရေးစိတ်ပညာက ပညာရေးဘာသာရပ်နှင့် စိတ်ပညာဘာသာရပ်တို့ကို ဆက်သွယ်ပေးထားသည်။
- သင်ယူကြသည်ကို သိရှိစေရန် သင်ယူခြင်းက သင်၏ကျောင်းသားများ မည်သို့ သင်ယူတတ်ကြပုံနှင့် သင်ကသူတို့အား မည်သို့ သင်ကြားပေးသင့်ပုံတို့ကို နားလည်သဘောပေါက်စေရန် အထောက်အကူပြုပေးသည်။
- ပညာရေးစိတ်ပညာ၏ အဓိကနယ်ပယ် (၄) ရပ်မှာ
  - အပြုအမူဆိုင်ရာ စိတ်ပညာရှုထောင့်
  - သိမှုဖွံ့ဖြိုးလာပုံအဆင့်ဆင့်ဆိုင်ရာ စိတ်ပညာရှုထောင့်
  - သိမှုဆိုင်ရာ စိတ်ပညာရှုထောင့်နှင့်
  - အသိပညာ တည်ဆောက်မှုဆိုင်ရာ စိတ်ပညာရှုထောင့် တို့ဖြစ်ကြသည်။
- ဤစိတ်ပညာဆိုင်ရာရှုထောင့်များက ပညာသင်ကြားရေးအဆင့်အသီးသီးမှ သင်ကြားမှု သင်ယူမှု အသီးသီးတို့အတွက် သွယ်ဝိုက်ရည်ညွှန်းမှုမျိုးစုံကို ပံ့ပိုးပေးထားကြသည်။
- ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံက လူတို့၏ စိတ်တွင်းပိုင်းဖြစ်စဉ်များကို ကွန်ပျူတာတစ်လုံး၏ ဆောင်ရွက်မှုဖြစ်စဉ်များနှင့် နှိုင်းယှဉ်ဖော်ပြထားသည်။
- ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံကို စာသင်ခန်းများစွာတို့၏ သင်ယူမှုဖြစ်စဉ်များအတွက် လက်တွေ့အသုံးပြုနိုင်သည်။
- ကျောင်းသားများ၏ မှတ်ဉာဏ်ပေါ်ပေါက်လာမှုဖြစ်စဉ်များကို ပံ့ပိုးကူညီပေးမည့် နည်းဗျူဟာ အမြောက်အမြား ရှိကြသည်။
- ထိုနည်းဗျူဟာများ၏ ထိရောက်မှုသည် သင်ယူမှုလုပ်ငန်းများ၊ ပညာသင်ကြားမှုပုံစံနှင့် နောက်ခံယဉ်ကျေးမှု အခြေအနေတို့အပေါ် မှီတည်နေပါသည်။

- လူသာပဓာန စိတ်ပညာရှင်တစ်ဦးအတွက် သင်ယူမှုဆိုသည်မှာ ဖွံ့ဖြိုးမှု နယ်ပယ်အားလုံးနှင့် ဆက်သွယ်နေသည်။
  - သိမှုနယ်ပယ်
  - ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနယ်ပယ်
  - လူမှုဆက်ဆံရေးနယ်ပယ်
  - စိတ်ခံစားမှုနယ်ပယ်
- လူသာပဓာနကျသည်ဟု ယူဆသော ပညာရေးသဘောတရားများကို ပညာရေးဆိုင်ရာ လက်တွေ့ကျင့်သုံးဆောင်ရွက်မှုအများအပြားတို့တွင် တွေ့ရှိရသည်။ ၎င်းတို့အနက် ထင်ရှားသောတစ်ခုမှာ ရက်ဂီယိုအဲမီလိယာလှုပ်ရှားမှု (Reggio Emilia movement) ဖြစ်သည်။
- အဗရာဟင်မာ့စ်လို (Abraham Maslow)ကို လူသာပဓာနထားသော သင်ယူမှုဆိုင်ရာ ချဉ်းကပ်မှုအတွက် သဘောတရားများတည်ဆောက်ခဲ့သူ အဓိကပုဂ္ဂိုလ်ကျော် (၂) ဦးထဲမှ တစ်ဦးအဖြစ်ယူဆကြသည်။
- မာ့စ်လို (Maslow) မူလပထမတည်ဆောက်ပြခဲ့သော လိုအင်အဆင့်ဆင့်ပုံစံမှာ လူတို့၏ လိုအင်များကို အဆင့် (၅)ဆင့်အဖြစ် ခွဲခြားတည်ဆောက် ပြခဲ့ခြင်းဖြစ်သည်။ ယခုနောက်ဆုံး ပြုပြင်ပြင်ဆင်လိုက်သော ပုံစံမူကွဲမှာ နောက်ထပ်အဆင့် (၃)ဆင့် ထပ်တိုးလာသည်။
  - သိမှုဆိုင်ရာလိုအင်များ (Cognitive needs) အသိပညာနားလည် သဘောပေါက်မှုနှင့် စူးစမ်းရှာဖွေလေ့လာလိုခြင်း(#5)
  - အနုပညာရသခံစားလိုသော လိုအင် (Aesthetic needs)-အလှတရား အစီအစဉ်ကျနမှု နှင့် အချိုးအစားညီညွတ်ကျနမှု(#6)
  - အတ္တကိုလွန်မြောက်ခြင်း၊ သာလွန်မြင့်မြတ်ခြင်းလိုအင်(Transcendence) မိမိ၏ အတ္တကို လွန်မြောက်ပြီး ဆိုလိုသည်မှာ မိမိအကျိုးစီးပွားထက် အခြားသူများအား သူတို့အစွမ်းရှိသမျှ အစွမ်းကုန်အောင်မြင်မှု ရရှိစေရန် ဆောင်ရွက်ပေးလိုသောလိုအင်
- ကျောင်းသားများ၏ သင်ယူမှုအတွေ့အကြုံကို မြှင့်တင်ပေးရန် နှင့် ကျောင်းသားများ၏ သင်ယူနိုင်စွမ်း ရှိသလောက် သင်ယူမှုအောင်မြင်စေရေး ပံ့ပိုးပေးရန်တို့အတွက် မာ့စ်လို၏ သီအိုရီကို စာသင်ခန်းများထဲတွင် လက်တွေ့အသုံးပြုနိုင်သည်။

- လူသာပဓာန သင်ယူမှုဆိုင်ရာ ချဉ်းကပ်မှုများကို ဖော်ထုတ်ခဲ့သူများထဲတွင် အခြားပုဂ္ဂိုလ်ကျော်တစ်ဦးမှာ ရော်ဂျာစ်ဖြစ်ပြီး ၎င်းက ညွှန်ကြားမှုမဲ့သင်ကြားခြင်းပုံစံကို တည်ဆောက်ခဲ့သည်။ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ အနေနှင့် ဆရာညွှန်ကြားချက်များကို လိုက်နာရန် မရှိသည့် အခါ ၎င်းတို့၏ စိတ်ဝင်စားမှုများနှင့် အထုံဝါသနာများကို လေ့လာလိုက်စားနိုင်ရန် ပိုမို၍ လွတ်လပ်လာကြသည်။ ကျောင်းသားများ ကိုယ်တိုင် စီစဉ်ညွှန်ကြားပြီး ကိုယ်တိုင်စီမံခန့်ခွဲသော သင်ယူမှုဖြင့် သင်ယူသူများ ဖြစ်လာကြစေရန် အတွက် ဆရာက ညွှန်ကြားမှု လုံးဝမပေးဘဲ နေခြင်းဖြစ်သည်။
- ဆရာ့ညွှန်ကြားမှုမဲ့ သင်ကြားခြင်း (Non-Directive Teaching) ၏ အဓိကကျသော အခြေအနေသုံးရပ်မှာ ဆရာနှင့် ကျောင်းသားများအကြား ဆက်ဆံမှုသည် စစ်မှန်မှု၊ ရိုးသားမှုရှိခြင်း၊ ဆရာများက ကျောင်းသားများ၏ အရည်အချင်းကို ယုံကြည်လက်ခံကာ တန်ဖိုးထားပေးခြင်း နှင့် ကျောင်းသားများအပေါ် စာနာထောက်ထားမှုထပ်တူ ခံစားမှုကို ပြသခြင်းတို့ဖြစ်ကြသည်။
- ရော်ဂျာစ်က သင်ယူမှုအတွက် သဘောတရား (၁၀) ချက် (Principles for Learning) နှင့် သင်ယူမှုကို ကူညီလမ်းညွှန်ရန်အတွက် သဘောတရား (၇) ချက် (Principles for facilitating learning) တို့ကို အကြံပြုခဲ့သည်။
- "ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု" (cooperative learning) ဆိုသော ဝေါဟာရနှင့် "ပူးပေါင်းဆောင်ရွက်သင်ယူမှု" (collaborative learning) ဆိုသော ဝေါဟာရနှစ်ခုကို ရံဖန်ရံခါအားဖြင့် တစ်ခုနှင့်တစ်ခုဖလှယ်သုံးစွဲနိုင်ပါသည်။ သို့ရာတွင် ၎င်းတို့နှစ်ခုသည် ရှုထောင့်များစွာ၌ အဓိပ္ပာယ်ကွာခြားကြသည်။ အထူးသဖြင့် ချဉ်းကပ်မှုတစ်ခုစီကို ဝန်းရံနေသည့် တည်ဆောက်ဖွဲ့စည်းပုံအတိုင်း အတာပမာဏတွင် ခြားနားကြသည်။
- "ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု" နှင့် "ပူးပေါင်းဆောင်ရွက်သင်ယူမှု"နှစ်မျိုးစလုံး၌ မေးခွန်းရေးသားပြုစုခြင်း၊ ရှင်းလင်းသော ရလဒ်များရေးသားခြင်း၊ စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်ဇယားဖန်တီးခြင်း၊ ကျောင်းသားလုပ်ငန်းကိုစစ်ဆေးအကဲဖြတ်ခြင်းနှင့် လုပ်ဆောင်မှုပေါ်၌ ပြန်လည်သုံးသပ်ခြင်းတို့ကို ဆရာများက ဆောင်ရွက်ရသည်။
- ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုလုပ်ငန်းများ (cooperative learning activities) တွင် ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)၊ စုပေါင်းဉာဏ်ကွန့်လက်ရာ စုပေါင်းဉာဏ်ဖွင့်မှု (Cooperative Graffiti)၊ စားပွဲဝိုင်း (Round Table)၊

ချားရဟတ်(Carousel)၊ တွေးမယ် ရေးမယ် ပတ်ချာလည် (Writearound)၊ မဖြစ်မနေဆောင်ရွက်ရသော စကားစစ်ထိုးပွဲ (Forced Debate)နှင့် နှင်းဘောလုံး (Snowball)တို့ပါဝင်ကြသည်။

- အကောင်းမြင်တတ်မှုဦးစားပေးသော ပညာရေးက ကျောင်းသားများ၏ အားနည်းချက်များထက် အားသာချက်များကို ဦးစားပေးပြီး အကျိုးမဲ့သော အတွေ့အကြုံများထက် အကျိုးကျေးဇူးများသော အတွေ့အကြုံများကိုသာ ဦးစားပေးလေ့လာသည်။ မည်သည့်အချက်တို့ကို လေ့လာလျှင် ပို၍ အကျိုးကျေးဇူးများမည်ကို ကြည့်ရှုလေ့လာသည်။
- ကိုယ်စိတ်နှစ်ဖြာကျန်းမာ/ချမ်းသာမှုကို ပေးစွမ်းနိုင်သည့် မဏ္ဍိုင် (၅) ရပ်က ကျောင်းသားများအား စိတ်ခံတက်ကြံ့ကြံ့ခံနိုင်စေရေးတည်ဆောက်ရာတွင်နှင့် သူတို့၏ လူမှုရေးဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေရာတွင် အထောက်အကူပြုသည်။
- အကောင်းမြင်တတ်မှုဦးစားပေးသည့် ပညာရေးလက်တွေ့ဆောင်ရွက်မှုများ အညွှန်းဘောင်တွင် ပါဝင်သော အခြေခံအုတ်မြစ်အချက်အလက် (၅) ခုကို ကျောင်းသားများ၏ စိတ်ခံတက်ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်မှု၊ အရာရာကို အကောင်းမြင်တတ်မှုနှင့် ပညာရေး ဆိုင်ရာ အောင်မြင်မှုတို့ ရရှိစေရေးအတွက် သင်ကြားပေးနိုင်သည်။
- စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ ရှုထောင့်အသီးသီးတို့၏ ဖွံ့ဖြိုးမှု များသည် တစ်ပြိုင်နက်တည်း ပေါ်ပေါက်လာတတ်ပြီး ၎င်းတို့အချင်းချင်း သည်လည်း တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုနေကြသည်ဟု စိတ်ပညာရှင် Erik Eriksonက ယုံကြည်လက်ခံခဲ့ပါသည်။ ၎င်း၏ သဘောတရားကို လူမှုစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု သီအိုရီဟု ခေါ်သည်/ သိရှိကြသည်။
- မူလတန်းကျောင်းနှင့်အလယ်တန်းကျောင်းတို့တွင် လက်တွေ့အသုံးပြုနိုင်သော ဖွံ့ဖြိုးမှု အဆင့် (၂)ဆင့်မှာ ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့ ဒွန်တွဲလွန်ဆွဲနေသော (၅ နှစ်မှ ၁၃နှစ်အကြား အသက်အရွယ်အုပ်စု) အဆင့် နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့် အခန်းကဏ္ဍ မကွဲပြားမှုတို့ ဒွန်တွဲလွန်ဆွဲနေသော (၁၃ နှစ်မှ ၂၁ နှစ်ထိ အသက်အရွယ်အုပ်စု) အဆင့်တို့ဖြစ်ကြသည်။

## အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

- သင်ကြားမှုနှင့် သင်ယူမှုတို့တွင် ပညာရေးစိတ်ပညာသည် အဘယ်ကြောင့် အရေးပါသနည်း။
- ပညာရေးစိတ်ပညာ၏ အဓိကကျသော နယ်ပယ် (၄) ရပ်မှာ အဘယ်တို့နည်း။ ၎င်းတို့ကို ဖော်ပြပါ။
- ပညာရေးစိတ်ပညာကို စာသင်ခန်းတွင် အသုံးပြုနိုင်မည့်နည်းလမ်းများကို စာရင်းပြုစု ဖော်ပြပါ။
- ဦးနှောက်တွင်း၌ အချက်အလက်တို့ကို သိုလှောင်သိမ်းဆည်းပုံ သိမ်းဆည်းနည်း အမျိုးစုံကိုပြသော ပုံစံ (Multistore Information Processing Model) အကြောင်းကို ဖော်ပြပါ။
- စာသင်ခန်းတွင်း လက်တွေ့သင်ကြားဆောင်ရွက်မှုများတွင် ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်း (Information Processing) သဘောတရားကို မည်သို့ အသုံးပြုနိုင်သနည်း။
- ကျောင်းသားများ၏ အာရုံခံမှတ်ဉာဏ် (sensory memory)၊ ရေတိုမှတ်ဉာဏ် (short-term memory) နှင့် ရေရှည်မှတ်ဉာဏ် (long-term memory) တို့ကို အထောက်အကူ ဖြစ်စေနိုင်မည့် နည်းဗျူဟာများကို စာရင်းပြုစုဖော်ပြပါ။
- လူသာပဓာနရှုထောင့်မှ သင်ယူရန် ချဉ်းကပ်မှုများကို အဓိပ္ပာယ်သတ်မှတ် ဖော်ပြပါ။
- လူသာပဓာနစိတ်ပညာရပ်တွင် အဓိကကျသော ပညာရှင်အကျော်အမော်များမှာ မည်သူတို့ ဖြစ်ကြသနည်း။
- လိုအင်အဆင့်ဆင့်ပြသော ပုံစံထဲမှ အဆင့် (၈) ဆင့်တို့မှာ မည်သည်တို့ ဖြစ်ကြသနည်း။
- လိုအင်အဆင့်ဆင့်သီအိုရီကို စာသင်ခန်းတွင်း လက်တွေ့ကျင့်သုံးဆောင်ရွက်မှုများအတွက် မည်သို့အသုံးပြုနိုင်သနည်း။
- သင်ရိုးညွှန်းတမ်းများကို စီစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက် (၃) ခုတို့မှာ မည်သည်တို့ဖြစ်ကြသနည်း။
- သင်ယူမှုဆိုင်ရာ သဘောတရား (၁၀) ချက်ဆိုသည်မှာ အဘယ်တို့နည်း။

- “ဆရာ”ဆိုသည့် ဝေါဟာရထက် “ကူညီလမ်းညွှန်သူ”ဆိုသည့် ဝေါဟာရကိုသာ သုံးစွဲရန် ရော်ဂျာစ်က လိုလားခဲ့သည်မှာ အဘယ်ကြောင့်နည်း။
- ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှု (cooperative learning) နှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှု (collaborative learning) တို့၏ ခြားနားချက်မှာ အဘယ်နည်း။
- ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှုတို့ တွင် ဆရာ၏ အခန်းကဏ္ဍများမှာ မည်သည်တို့ဖြစ်ကြသနည်း။
- ပူးပေါင်းပါဝင်လုပ်ဆောင်သင်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှုတို့တွင် ပါဝင်သော သင်ယူမှုနည်းဗျူဟာအချို့သည် မည်သည်တို့ဖြစ်ကြသနည်း။
- အကောင်းမြင်တတ်မှုစိတ်ပညာ၏ အဓိကကျသောလက္ခဏာများ/ ထူးခြားလက္ခဏာများမှာ မည်သည်တို့ဖြစ်ကြသနည်း။
- ကိုယ်စိတ်နှစ်ဖြာကျန်းမာ/ချမ်းသာမှုအတွက် မဏ္ဍိုင် (၅) ခုမှာ မည်သည်တို့နည်း။
- အကောင်းမြင်တတ်မှုစိတ်ပညာ၏ ပါဝင်ဖြေရှင်းဆောင်ရွက်ပေးမှုများ (Positive Psychology Interventions (PPIs) မှာ မည်သည်တို့ဖြစ်ကြသနည်း။
- Erikson ၏ လူမှုစိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု (Psychosocial Development) သီအိုရီဆိုသည်မှာ အဘယ်နည်း။
- မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းမှ ကျောင်းသားများ ပါဝင်နေကြသည့် Erikson ၏သီအိုရီပါအဆင့်များကိုဖော်ပြပါ။
- ကြိုးစားအားထုတ်မှုနှင့် သိမ်ငယ်မှုတို့ ဒွန်တွဲလွန်ဆွဲနေသောအဆင့်သို့ ရောက်ရှိနေကြသော ကျောင်းသားများ (၅နှစ်မှ ၁၃ နှစ်ကြား သက်ရွယ် အုပ်စု) နှင့် ကိုယ်ပိုင်လက္ခဏာ တည်ဆောက်မှုနှင့် လုပ်ဆောင်ရမည့်အခန်းကဏ္ဍ မကွဲပြားမှုတို့ ဒွန်တွဲလွန်ဆွဲနေသော အဆင့် (လူရာဝင်ရန် ကြိုးစားမှုနှင့် လုပ်ဆောင်ရမည့်ကဏ္ဍတို့ အကြား ဗျာများနေသောအဆင့်) (၁၃နှစ်မှ ၂၁ နှစ်ကြား သက်ရွယ်အုပ်စု) သို့ရောက်ရှိနေကြသော ကျောင်းသားများ အားဆရာက မည်သို့ ကူညီပံ့ပိုးပေးမည်နည်း။

## ဆက်လက်ဖတ်မှတ်စရာများ

### ၅.၂။ ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model)

Pappas, C. (2015). Enhancing Short-Term Memory: 5 Strategies For eLearning Professionals. *eLearning Industry.* Retrieved from https://elearningindustry.com/enhancing-short-term-memory-5-strategies-elearning-professionals

### ၅.၃။ သင်ယူရာ၌ လူသာပဓာနသဘောတရားနှင့် ချဉ်းကပ်နည်းများ (Humanist Approaches to Learning)

Cox, J. (n.d.-b). Quick Guide to Cooperative Learning. *TeachHUB.* Retrieved from https://www.teachhub.com/quick-guide-cooperative-learning

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **လုပ်ဆောင်မှုဖြင့်သင်ယူခြင်း (Action Learning)** | ဆရာများက ကျောင်းသားများ ပြဿနာတစ်ရပ်ကို စူးစမ်းရှာဖွေ လေ့လာရာတွင် အထောက်အပံ့ပေးကြသည်။ ဤသို့လုပ်ဆောင်ရာ၌ လုပ်ဆောင်ရန် နယ်ပယ် အကျယ်အဝန်းကို သတ်မှတ်ပြရခြင်း၊ လုပ်ဆောင်ရန် အဆိုပြုချက်တစ်ခု ရေးသားပြုစုခြင်း၊ အဆိုပြုချက်အတိုင်း လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းအစမှ အဆုံးထိ လုပ်ဆောင်မှုကို ပြန်လည်သုံးသပ် စဉ်းစားခြင်း တို့ပါဝင်သည်။ |
| **သင်ယူရမည့် အကြောင်းအရာ တစ်ခုကို မသင်ကြားမီ ပုံဖြင့် ကြိုတင် သရုပ်ဖော်မှု (Advance Organiser)** | သင်ခန်းစာတစ်ခု သင်ယူမှုလုပ်ငန်းတစ်ခု၏ အစတွင် ကျောင်းသားများကို ပေးထားသော ကိရိယာဖြစ်သည်။ သင်ရမည့်အကြောင်းအရာကို ရုပ်ပုံဖြင့် သရုပ်ဖော်ပြီး အကြောင်းအရာ၏ ဖွဲ့စည်းပုံကိုလည်း ပေါ်လွင်စေရန် ဂရပ်ဖစ်များ၊ ဇယားများ စသည့် ရုပ်ဖြင့် အထောက်အကူတို့ ဖြစ်ကြသည်။ |
| **ပညာပေးဌာနများ (Agency of Education)** | သီးသန့်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်း (သို့မဟုတ်) အခြား အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကလေးတစ်ဦး အပေါ်ရှိ ပညာရေးနှင့် ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ သြဇာလွှမ်းမိုး သက်ရောက်မှုရှိသည်။ |
| **အပြုအမူတစ်ခု၏ ရှေ့-လယ်-နောက် အစဉ် (Antecedent – Behaviour – Consequence) (ABC)** | အပြုအမူတစ်ခုကို ရှုမြင်ရာတွင် ၎င်း၏ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များ ရှိသကဲ့သို့ ၎င်း၏ နောက်၌လည်း လိုက်ပါလာသော ဖြစ်ရပ်များ ရှိကြသည်။ အပြုအမူတစ်ခု၌ ရှေ့ဖြစ်ရပ်များ (antecedents) နှင့်နောက်ဖြစ်ရပ်များ (Consequences) များ ရှိကြသည်။ ဆရာများက ကျောင်းသားများ၏ ပြောင်းလဲရန် လိုအပ်သော အပြုအမူများကို သတ်မှတ်ဖော်ထုတ်ရမည်။ ထို့နောက် အပြု သဘောဆောင်သော အားဖြည့်တိုက်တွန်းမှုကို ဖြစ်စေ၊ တားမြစ် ဟန့်တားမှုပြုသော အားဖြည့်တိုက်တွန်းမှုကို ဖြစ်စေ အသုံးပြုကာ အပြုအမူကောင်းတစ်ခုရရှိလာအောင် ဆောင်ရွက် ပေးရမည်။ |
| **လက်တွေ့အသုံးချ အပြုအမူ ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ လေ့လာမှု (Applied Behaviour Analysis)** | ကျောင်းသားတို့၏ အပြုအမူများကို လေ့လာကြည့်ရှုပြီး ပြောင်းလဲစေလိုသော အပြုအမူများကို သတ်မှတ်ဖော်ထုတ်သည်။ အလိုရှိသော အပြုအမူများရရှိစေရေး ကို ဦးတည် ဆောင်ရွက်နိုင်မည့် လုပ်ဆောင်မှု အစီအစဉ်များကို ဆောင်ရွက်သည်။ ထိုအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သည်။ အပြုအမူကောင်း များရရှိလာလျှင် ဆုပေးမည် (သို့မဟုတ်) ထပ်မံအားဖြည့် တိုက်တွန်းပေးမည်။ ထို့နောက်မှ နောက်ထပ်လေ့လာမှုများနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်ပေးမည်။ |
| **သင်ယူမှုပြုနိုင်ရန် ထောက်ကူသည့် ဆက်သွယ်ပြောဆိုမှု (Augmentative and Alternative Communications) (AAC)** | စကားပြောရန် (သို့မဟုတ်) ဘာသာစကား နားလည်ရန် အခက်အခဲဖြစ်နေသည့် ကျောင်းသားများအတွက် အထောက်အကူပြုနိုင်မည်။ ပြုပြင်ညှိနှိုင်း အသုံးပြုနိုင်သော နည်းဗျူဟာများ၊ ရင်းမြစ်နှင့် ကိရိယာပစ္စည်းများဖြစ်ကြသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **ကိုယ်ပိုင်စီမံခန့်ခွဲနိုင်မှု (Autonomy)** | မိမိ၏ သင်ယူမှုကို မိမိကိုယ်တိုင်တာဝန်ယူကြီးကြပ်နိုင်သော အရည်အချင်း |
| **အပြုအမူဆိုင်ရာ စိတ်ပညာ ရှုထောင့် (Behavioural perspective)** | ဆရာများက ကျောင်းသားများကို သင်ယူစေလိုသော နည်းအတိုင်း သင်ယူလာကြစေရန်နှင့်ပြုမူစေလိုသည့် အပြုအမူများကို ပြုမူလာကြစေရန်အတွက် သူတို့အပြုအမူကို ပုံသွင်း ပြုပြင်ပေးနိုင်သည် ဟူသောအယူအဆ |
| **ဦးခေါင်းမှ ခြေများသို့ ဆန့်ထွက် ကြီးထွားလာခြင်း (Cephalocaudal)** | ဦးခေါင်းမှ ခြေဖျား/ခြေချောင်းများဆီသို့ လူသားတို့၏ ဆန့်ထွက်ကြီးထွားမှု |
| **အပိတ်မေးခွန်းများ (Close-ended Question)** | များသောအားဖြင့် အဖြေမှန်တစ်ခုတည်းသာရှိပြီး အခြေခံ ကျကျ စဉ်းစား တွေးခေါ်တတ်ရုံမျှဖြင့် အဖြေကို အလွယ်တကူရရှိစေသော မေးခွန်းများ |
| **သိမှုဆိုင်ရာဖွံ့ဖြိုးမှု (Cognitive Development)** | စဉ်းစားတွေးခေါ်ရာ၌ တိုးတက်လာမှုနှင့် ပြောင်းလဲလာမှု |
| **သိမှုဆိုင်ရာ စိတ်ပညာ ရှုထောင့် (Cognitive perspective)** | ကလေးများသည် သင်ယူရန်၊ မှတ်မိရန်၊ စဉ်းစားရန်၊ ပြဿနာဖြေရှင်းရန် အချက်အလက်များကို ဦးနှောက်တွင်း၌ ချိတ်ဆက်ပြုပြင် စီစဉ်နိုင်ကြရန် အတွက် စေ့ဆော်မှုရှိလာသည်။<br>(၎င်းတို့၌ ပင်ကိုအသိဉာဏ်ရှိသည်ဟူသော အယူအဆ) |
| **ရပ်ရွာလူထုနှင့်ချိတ်ဆက်ဆောင်ရွက် ရသော နည်းဗျူဟာ (Community Engagement Strategy)** | ရပ်ရွာလူထုနှင့် အတူလက်တွဲချိတ်ဆက်ဆောင်ရွက်ရသော နည်းဗျူဟာ၊ ဥပမာအားဖြင့် မိမိ၏ ကလေးများ အိမ်၌ စာလေ့လာသောအခါ မိဘများက အထောက်အပံ့ပြုပေးနိုင်ရန် အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် ယုံကြည်စိတ်ချမှုများ ကိုပံ့ပိုးပေးခြင်း |
| **သင်ယူမှုအကြောင်း ယူဆချက်များ (Concepts of Learning)** | သင်ယူမှုအကြောင်းကို နားလည်မှုအမျိုးမျိုး |
| **အသိပညာ တည်ဆောက်မှု ဆိုင်ရာ (စိတ်ပညာ) ရှုထောင့် (Constructivist Perspective)** | ကလေးများသည် သူတို့၏ကိုယ်ပိုင်စရိုက်လက္ခဏာများကို သူတို့ကိုယ်တိုင် တက်ကြွစွာ တည်ဆောက်တတ်သည် ဟူသောအယူအဆ |
| **အကြောင်းအရာ (Content)** | သင်ယူရမည့်အကြောင်းအရာ သင်ခန်းစာပါ အကြောင်းအရာ |
| **ဘာသာရပ်ဆိုင်ရာ အကြောင်းအရာ (Content knowledge)** | ကျောင်းသင်ဘာသာရပ် တစ်ခုတွင် ပါဝင်နေသော အကြောင်းအရာများ၊ ၎င်းတို့အထဲ၌ သက်ဆိုင်ရာ ဘာသာရပ်/ ပညာရပ် နယ်ပယ်မှ အသိပညာ နှင့် ကျွမ်းကျင်မှုများ |
| **စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Continuous Development)** | လူ့ဘဝတွင် လိုအပ်မည့် သိမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ ကိုယ်ကာယ လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် စိတ်ခံစားမှုဆိုင်ရာကျွမ်းကျင်မှုများသည် ကျွန်ုပ်တို့နှင့်အတူ တစ်ပါတည်း မွေးဖွားလာကြသည်။ မွေးရာပါ ကျွမ်းကျင်မှုများ ဖြစ်ကြသည်ဟု ယုံကြည်ခံယူသော အယူအဆဖြစ်သည်။ ကျွန်ုပ်တို့ ကြီးပြင်းလာသည်နှင့်အမျှ ဤကျွမ်းကျင်မှုများသည်လည်း ရင့်ကျက်လာကြပြီး ပြုပြင် မွမ်းမံခံရခြင်းရှိကြသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်မှု (Continuous Quality Improvement)** | အလျဉ်မပြတ်ဆက်တိုက်ဆောင်ရွက်နေရမည်ဖြစ်သော မိမိ၏ ဆောင်ရွက် ချက်ကို မိမိကိုယ်တိုင်စစ်ဆေးအကဲဖြတ်မှု အပေါ် အခြေခံကာ သက်သေအထောက်အထားများကို ပြန်လည် ဆန်းစစ်ခြင်း နှင့် တိုးတက်ကောင်းမွန် အောင် စီစဉ်ပြင်ဆင် ခြင်း |
| **စုဆုံသော/ဆင်တူသော (သို့) အဖြေတိုသာ ရရှိစေသည့် တစ်မျိုးတည်းသော အဖြေရှိသည့်မေးခွန်းများ (Convergent Questions)** | ပုံမှန်အားဖြင့် အဖြေတစ်မျိုးတည်းသာ လိုအပ်သော အပိတ် မေးခွန်းများ အဖြေတစ်မျိုးတည်းသာ ရှိသော မေးခွန်းများ |
| **ပူးပေါင်းပါဝင်လုပ်ဆောင်ကာ သင်ယူခြင်း (Cooperative Learning)** | သက်ရွယ်တူအုပ်စုမှသူငယ်ချင်း/ကျောင်းသားအချင်းချင်း အပြန်အလှန် ဆက်သွယ်ပြောဆို ဆောင်ရွက်ရမှုပါဝင်သည့် တက်ကြွစွာပါဝင်ဆောင်ရွက်ရသော သင်ယူမှုလုပ်ငန်းတစ်ခု |
| **အောင်မြင်မှုစံ သတ်မှတ်ချက်များ (Criteria for success)** | မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများ ရရှိသွားခြင်း ရှိ/မရှိ သင်(ဆရာ) နှင့် သင်၏ကျောင်းသားများ ကမည်သို့သိရှိနိုင်မည်ဟု သတ်မှတ်ထားသော အချက်အလက် များ |
| **လေးနက်စွာဝေဖန် စိစစ်တတ်သော အသိတရား (Critical Consciousness)** | လူမှုပေါင်းသင်းဆက်ဆံရေး၌ တန်းတူညီမျှ မရှိမှု များကို သိရှိပြီး လူ့အဖွဲ့အမည်၌ ဩဇာအရှိန်အဝါ (Power) ၏ သက်ရောက်မှု ဆက်နွယ်မှု ကို လေးနက်စွာ ဝေဖန်စိစစ်ပြီး နားလည် သဘော ပေါက်လာခြင်းများ |
| **ယဉ်ကျေးမှုဆိုင်ရာတတ်ကျွမ်းလိမ္မာမှု (Cultural Competence)** | ယဉ်ကျေးမှုအသီးသီး၌ရှိသော ဂုဏ်သိက္ခာ အသီးသီး တို့၏ အသုံးဝင်မှုနှင့် အားလုံးအတွက် လူမှုပေါင်းသင်းဆက်ဆံရေး တို့ကို ဆက်လက် ထိန်းသိမ်း မှုပြုရန် နားလည် သဘော ပေါက်ခြင်း နှင့် အားပေးခြင်း |
| **ယဉ်ကျေးမှုဆိုင်ရာမူဘောင်များ/ အညွှန်းဘောင် များ (Cultural Frames of Reference)** | လူတစ်ဦး(သို့မဟုတ်) လူ့အသိုက်အဝန်း/ ရပ်ရွာ လူထုတစ်ရပ်စီ ယဉ်ကျေး မှုဆိုင်ရာ ထူးခြားသော စရိုက်လက္ခဏာများ (များသောအားဖြင့် မသိစိတ် နှင့် ဆက်စပ်နေသော လက္ခဏာများ) |
| **ယဉ်ကျေးမှုအသီးသီးတို့နှင့် လိုက်လျောညီထွေမှုရှိသော သင်နည်းဗေဒ(သို့မဟုတ်) ယဉ်ကျေးမှုအသီးသီးတို့ကို လေးစား အသိအမှတ်ပြုပေး သော သင်နည်းဗေဒ (Culturally Relvant Pedagogy or Culturally Responsive Pedegogy)** | ယဉ်ကျေးမှုအားဖြင့်ဖြစ်စေ၊ မျိုးနွယ်စုအားဖြင့် ဖြစ်စေ၊ မတူကွဲပြား နေကြသော ကျောင်းသားများ ၏ အားသာချက် များကို လေးစားစွာ အသိ အမှတ်ပြုပေးသော ချဉ်းကပ်မှု တစ်ခု |
| **သိမှုဖွံ့ဖြိုးပုံ အဆင့်ဆင့်ဆိုင်ရာ ရှုထောင့် (Developmental Perspective)** | ကလေးများသည်သင်ယူရန် အဆင့်သင့်ရှိနေမှသာလျှင် (သင်ယူရန်အဆင့်သင့်ရှိသော ဖွံ့ဖြိုးမှု အဆင့်/အသက် အရွယ်ရောက်မှသာလျှင်) သင်ယူမှုပြုနိုင်ကြသည်ဟု ယူဆသော စိတ်ပညာဆိုင်ရာ အယူအဆ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **ဆရာ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သင်ကြားခြင်း (Direct Instruction)** | ပညာရှင် Engelman နှင့် Becker တို့က တည်ဆောက် ခဲ့သော ရှင်းလင်း လွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်သည့် အထူးသင်ကြားနည်း တစ်ခုဖြစ် သည်။ အထူးသင်ကြားနည်း အတွက် ထိုပညာရှင်(၂)ဦးတို့က သင်ကြားမှု ဆိုင်ရာ နည်းဗျူဟာများနှင့် သင်ရိုးညွှန်းတမ်း အကြောင်းအရာ များကို သီးသန့်သတ်မှတ်ကာ ရေးသားထုတ်ဝေထားပြီး Skinner ၏အပြုအမူ ပုံသွင်းခြင်းသဘောတရားအပေါ် အခြေပြုထားသော ထင်ရှား သင်ကြား နည်းတစ်မျိုး (ဆရာများက အဆင့်လိုက် အစဉ်အတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ပြီးသင်ကြား ရသော သင်ကြားနည်း) |
| **(လိုက်နာဆောင်ရွက်ရန်) ရှင်းလင်း လွယ်ကူသော သင်ကြားနည်း (Direct instruction)** | ဆရာကကျောင်းသားများအား ညွှန်ကြားမှု ပေးရာတွင် ရှေ့နောက်ညီညွတ် သော အစီအစဉ်တစ်ခုအဖြစ် သင်ခန်းစာ၏ အဆင့်များ၌ ကျောင်းသားများ လိုက်နာဆောင်ရွက်ဖွယ် ရှိသည်တို့ကို ရှင်းလင်းပြတ်သားစွာ သိရှိစေရန် အထူးဂရုပြုအာရုံစိုက်ကာ ညွှန်ကြားသည်။ ဤသို့ စနစ်တကျ စီစဉ် ဆောင်ရွက်ပြီး ကျောင်းသားများအား သင်ခန်းစာကို ကောင်းစွာသဘော ပေါက် နားလည်သွားရအောင် ရှင်းလင်းစွာ သင်ကြားသောနည်း။ |
| **အချိန်ခြား၍ ဖွံ့ဖြိုးခြင်း (Discontinuous Development)** | ဖွံ့ဖြိုးမှုသည် တစ်ဆက်တည်း ဖြစ်ပေါ်ခြင်းမရှိဘဲ အဆင့်တစ်ဆင့်ချင်း အလိုက်အချိန်ခြား၍ ဖြစ်ပေါ်ခြင်း |
| **အဖြေအမျိုးမျိုးပေးနိုင်သော မေးခွန်းများ (Divergent Question)** | ကျောင်းသား၏ အဆင့်မြင့်တွေးခေါ်မှု လိုအပ်သော အပွင့်/အဖွင့် မေးခွန်း များ၊ ထိုမေးခွန်းကို ဖြေဆိုရာတွင် နက်နဲသော ကျယ်ပြန့်သော သဘော တရားပါရှိသဖြင့် ချက်ချင်းနားမလည်နိုင်သော အဖြေများ၊ နက်နက်နဲနဲ စဉ်းစား၍ ဖြေရသော အဖြေများ လိုအပ်သည့်မေးခွန်းများ |
| **ပညာရေးစိတ်ပညာ (Educational Psychology)** | လူတို့ မည်ကဲ့သို့ သင်ယူကြသည်နှင့် သင်ယူပြီး သွားသော အကြောင်းအရာ တို့ကို မည်သို့ မှတ်မိအောင် ဆောင်ရွက်ကြသည်/ မှတ်မိသည် ကိုလေ့လာ သောပညာရပ် |
| **စိတ်လှုပ်ရှားမှုခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှု (Emotional Development)** | ကျွန်ုပ်တို့ထံ၌ဖြစ်စေ သူတစ်ပါးတို့ထံ၌ ဖြစ်စေ ဖြစ်ပေါ်လာသည့် စိတ်ခံစား မှုများကို သိရှိ နားလည်သော အရည်အချင်း၊ ထိုခံစားချက်များသည် အဘယ်ကြောင့် ဖြစ်ပေါ်ရသည် ခံစားချက်များကို မည်သို့ဖော်ပြသင့်သည် စသည်တို့ကို သိရှိနားလည်သောအရည်အချင်း |
| **လေ့လာရေး ခရီးထွက်၍ သင်ယူခြင်း (Expeditionary Learning)** | စာသင်ခန်းတွင် တစ်ချိန်လုံး တိုင်တာသော ဘာသာရပ်တစ်ခုပြီးတစ်ခုကို စာသင်ချိန်ပြီး တစ်ချိန် သင်ယူနေရခြင်းက ငြီးငွေ့စေသည့် သို့ဖြစ်၍ အကျိုးရှိသော ခရီးစဉ်တစ်ခု စီစဉ်ပေးကာ ကျောင်းသားများအား နေရာ ဒေသ တစ်ခုသို့ သွားရောက်စေခြင်း၊ ထိုနေရာက် ဒေသမှ သိရှိဖွယ် လေ့လာ ဖွယ်တို့ကို ခရီးသွား အတွေ့ အကြုံနှင့်အတူ လေ့လာမှတ်သားစေခြင်း။ |
| **ရှင်းလင်းလွယ်ကူသော သင်ကြားမှုသုံး သင်ခန်းစာများ (Explicit Instruction)** | သင်ခန်းစာများကို သင်ကြားသည့်အခါ ဆရာက ညွှန်ကြားချက်များကို ရှင်းနိုင်သမျှ ရှင်းလင်းစွာ ပံ့ပိုးနိုင်ရေးကို အထူးအာရုံစိုက် အလေးပေးထားခြင်း သင်ခန်းစာ အစီအစဉ် ရှေ့နောက် အစဉ်အတိုင်း တစ်ဆင့်ပြီး တစ်ဆင့် ရှင်းရှင်းလင်းလင်း ပြောပြ သင်ကြားခြင်း |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **အနုစိတ်လှုပ်ရှားရာ၌ ကျွမ်းကျင်မှုများ (Fine Motor Skill)** | လက်များနှင့် မျက်လုံးများကို အသုံးပြုမှု အပါအဝင် အနုစိတ်လုပ်ငန်းများ လုပ်ဆောင်ရာ၌ ကျွမ်းကျင်မှုများ |
| **ပထမဘာသာစကား (သို့မဟုတ်) အိမ်သုံး ဘာသာ စကား (First or Home Language)** | ကလေး၏ မိသားစုတွင် အဓိကထားပြောဆို အသုံးပြုသော ဘာသာစကား |
| **မပြောင်းလဲသောစိတ်ခံတတ်/ စိတ်နေစိတ်ထား (Fixed Mindset)** | လူတစ်ဦး၏ အရည်အသွေးများ (သို့မဟုတ်) ဉာဏ်ရည်သည် ပြောင်းလဲ ခြင်း လုံးဝမရှိဘဲ အမြဲ တမ်းပုံသေ/ကိန်းသေ ဖြစ်သည်ဟု ယူဆထားသော ယုံကြည်ချက် |
| **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား သင်ယူမှု ဖြစ်စဉ် (Flipped classroom)** | သမားရိုးကျ အစဉ်အလာအားဖြင့် သင်ယူမှုသည် စာသင်ခန်းတွင်း၌ ဖြစ်ပေါ်ပြီး လေ့ကျင့်ရန် အိမ်စာ လုပ်ငန်း စသည်တို့ကို အတန်းပြင်ပတွင် ဆောင်ရွက်စေသည်။ ဤသင်ကြားသင်ယူဖြစ်စဉ်သည် ထိုအစဉ် အလာ ပုံစံကို ပြောင်းပြန်လှန်ထားသော ပုံစံဖြစ်သည်။ စာသင်ခန်း ပြင်ပတွင် သင်ခန်းစာ အကြောင်းအရာကို လေ့လာခဲ့ပြီး သင်ယူမှု လုပ်ငန်းများနှင့် အိမ်စာလုပ်ငန်းများကို စာသင်ခန်းတွင်း၌ ဆောင်ရွက်စေသောနည်း ဖြစ်သည်။ |
| **ပညာရေးလုပ်ငန်းတွင် အခြေခံ အကျဆုံး (သို့မဟုတ်) အရေးအပါဆုံး အချက်များ (Focal points of Education)** | ပညာရေးတွင် ပါဝင်နေသော အခြေခံကျသည့် အချက် များအကြား ဆက်စပ်နေမှု၊ အခြေခံအချက်များဖြစ်ကြသည့် ဆရာ၊ ကျောင်းသား သင်ကြား/သင်ယူရန် အကြောင်းအရာ နှင့် နည်းပညာတို့ အကြားတစ်ခုနှင့် တစ်ခုဆက်စပ်နေမှု (သို့မဟုတ်) အပြန်အလှန် ဆက်သွယ် နေမှု |
| **ကျောင်းသင်ပညာရေး (Formal Education)** | တရားဝင် အသိအမှတ်ပြုထားသော ပညာရေးဆိုင်ရာ အခင်းအကျင်းများ ဥပမာ အားဖြင့် ကျောင်းများ၊ ကောလိပ်ကျောင်းများနှင့် တက္ကသိုလ်များတွင် ဖြစ်ပေါ်သော သင်ယူမှု |
| **ကစားနည်း/ကစားပွဲအခြေပြု သင်ယူမှု (Game-based learning)** | အွန်လိုင်း (အင်တာနက်)မှ ကစားပွဲ/နည်းများနှင့် လုပ်ငန်းများတွင် ပါဝင် လုပ်ဆောင်ပြီး သူတို့ သင်ယူ တတ်မြောက်မှုကို "အစစ်အမှန် လောက" ထဲမှ လက်တွေ့အခြေအနေများ တွင် အသုံးချနိုင်စေမည့် သင်ကြားမှု သင်ယူမှုဆိုင်ရာ နည်းဗျူဟာ |
| **ဂရပ်ဖစ်ပုံများ အသုံးပြု၍ သင်ကြားခြင်း(ပုံများကို သင်ကြား ရန် အချက်အလက်များကို ရှင်း လင်း စွာ ဖော်ပြမှုအတွက် အသုံးပြု ခြင်း) (Graphic organizer)** | ရုပ်ပုံ/မြင်သာသိသာရှိအောင် ရေးဆွဲပြထားသော သရုပ် ပြပုံများ နှင့် အကြောင်းအရာတစ်ခု၏ ဖွဲ့စည်း တည်ဆောက်ပုံကိုပြသသော သရုပ်ဖော် ပုံများမှ တစ်ဆင့် ပံ့ပိုးပေးမည့် အကြောင်းအရာကို သိရှိ အထောက်အကူ ဖြစ်စေသည့် ကိရိယာ |
| **ကိုယ်ခန္ဓာတစ်ခုလုံးလှုပ်ရှားရာ၌ ကျွမ်းကျင်မှုများ (Gross Motor Skills)** | ကိုယ်ခန္ဓာတစ်ခုလုံးကိုလှုပ်ရှားရသည့်အခါ ပါဝင်ရသော အာရုံကြောများ လှုပ်ရှားရာတွင် ကျွမ်းကျင်မှု |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **ကြီးပွားတိုးတက်လိုသော စိတ်ခံစားမှု (Growth Mindset)** | လူတို့၏ အရည်အသွေးများနှင့် ဉာဏ်ရည်တို့ကို အတွေ့အကြုံနှင့် လေ့ကျင့်မှုတို့မှ တစ်ဆင့် ပြောင်းလဲအောင် ဆောင်ရွက်နိုင်ပြီး ရှိရင်းစွဲ အခြေအနေထက်ကြီးပွားတိုးတက်နိုင်သည်။ ဘဝတွင် အောင်မြင်မှု ရရှိနိုင်သည်ဟူ သော ယုံကြည်ချက် |
| **နောက်ခံသင်ရိုး (Hidden curriculum)** | ကျောင်းယဉ်ကျေးမှုထဲမှ တစ်စိတ်တစ်ဒေသ၊ အစိတ်အပိုင်းတစ်ခု အဖြစ် ဖြင့် ပေါ်ပေါက်လာသော သင်ယူမှု၊ ကျောင်းယဉ်ကျေးမှုသည် မမြင်သာ သော တန်ဖိုးများ အပြုအမူများ၊ စံများနှင့်ထိတွေ့နေသည်။ ဤသို့မမြင်သာ သော တန်ဖိုးများ၊ အပြုအမူများနှင့် စံများမှ တစ်ဆင့် ပေါ်ပေါက်လာသော သင်ယူမှုဖြစ်သည်။ |
| **မျှော်မှန်းချက်မြင့်မားခြင်း (High Expectations)** | ကျောင်းသားများအားလုံးသည် အောင်မြင်မှု ရရှိနိုင်သူ ချည်းသာဖြစ်ကြပြီး စွမ်းရည် ကိုယ်စီကိုယ်င ရှိကြောင်းကို ကျောင်းသားများ သိရှိလာစေရန် အသိစိတ်ခံစားသွင်း ပေးခြင်းနှင့် ကျရှုံးမှုဆိုသည်ကို မည်သည့်အခါမျှ အလွယ်တကူ တွေးတောခြင်း လက်ခံခြင်းမပြုသင့်ကြောင်း အာပေး တိုက်တွန်းခြင်း |
| **သြဇာသက်ရောက်မှုကြီးမားသော သင်ကြားမှု နည်းဗျူဟာ (High Impact Teaching Strategy)** | သင်ယူမှုတွင် တညီတညာတည်း အကျိုးသက်ရောက် မှု ပြုနိုင်သော နည်းဗျူဟာများ |
| **ဆရာ့ထံမှ အမှီအခိုကင်းမဲ့သော (လွတ်လပ်စွာ/လွတ်လပ်သော သင်ယူမှု) (Independent Learning)** | သင်ယူမှုဖြစ်စဉ်အတွက်တာဝန်ယူမှုကိုဆရာထံမှ ကျောင်းသားထံသို့ လက်လွှဲပြောင်းရွှေ့ပေးခြင်း၊ (ကျောင်းသားကိုယ်တိုင် သင်ယူမှုကို စီစဉ် ညွှန်ကြားပြီး ကျောင်းသားကိုယ်တိုင်လိုက်နာဆောင်ရွက်ဖွယ် မှန်သမျှ ကို တာဝန်ယူ တာဝန်ခံကာ လိုက်နာဆောင်ရွက် သင်ယူခြင်း) |
| **ကိုယ်တိုင်သင်ယူပညာရေး (Informal Learning)** | အိမ်တွင်းနေထိုင်သည့်အခါ မိသားစုဝင်များထံမှ သင်ယူမှု၊ သူငယ်ချင်း ရွယ်တူဖော်များထံမှ သင်ယူမှု၊ ရပ်ရွာလူထု နှင့် ဆက်ဆံရသောအခါ သင်ယူမှုနှင့် ဘာသာရေး ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ အခင်းအကျင်းတို့မှ သင်ယူမှု |
| **ဦးနှောက်ထဲ၌ အချက်အလက်များကို အဆင့်ဆင့်ချိတ်ဆက် ပြုပြင်စီစဉ်ခြင်းပုံစံ (Information Processing Model)** | လူတို့၏ စိတ်အတွင်းလုပ်ဆောင်ပုံကို ကွန်ပျူတာတစ်လုံး ၏လုပ်ဆောင် ပုံနှင့် ထပ်တူပြုခိုင်းနှိုင်းပြသော သဘော တရားရေးပုံစံဖြစ်သည်။ ပထမ ဦးစွာ စိတ်ထဲသို့ အသွင်း အင်အားစု(input)အဖြစ် အချက်အလက်များကို ထည့်သွင်းသည်။ ထို့နောက် ၎င်းတို့ကို အမှတ်သင်္ကေတ ပြုပြီးပုံစံပြောင်း သည်။ ဤသို့ပြုပြင်စီစဉ်ပြီးသည့်အခါ တွင် ကွန်ပျူတာတစ်လုံးမှာကဲ့သို့ပင် ၎င်းတို့ကို ရေတိုမှတ်ဉာဏ် နှင့် ရေရှည်မှတ်ဉာဏ်တို့ အထဲတွင် သိမ်းဆည်း သိုလှောင် ထားသည်။ သိုလှောင်ထားသော အချက်အလက်များကို နောက်လိုအပ်သော အချိန်၌ ပြန်လည် ထုတ်ယူသုံးစွဲနိုင်သည်။ |
| **အစပျိုး - တုံ့ပြန်- အကဲဖြတ် ဖြစ်စဉ် ဆရာအမေး-ကျောင်းသား အဖြေ-ဆရာ အကဲဖြတ် (Initiate-Response-Evaluate)** | အစပျိုး- ဆရာကအပိတ်မေးခွန်းတစ်ခုကို မေးသည်။ တုံ့ပြန်/ဖြေဆို အဆင့်အတွက် ဆရာက ဖြေဆိုစေလိုသည့် ကျောင်းသားတစ်ဦးကို ရွေးချယ်၍ မေးမည်။ အကဲဖြတ်-အဆင့်တွင် ဆရာက အဖြေကို လက်ခံ မည် (သို့မဟုတ်) လက်မခံဘဲ နေမည် |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **စူးစမ်းလေ့လာမှု အခြေပြု သင်ယူခြင်း (Inquiry –Bases Learning)** | ဤနည်းဗျူဟာတွင် ပြဿနာများကို သတ်မှတ် ဖော်ထုတ်ခြင်း၊ အဖြေများ ကို ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ အဖြေရရန် စူးစမ်းလေ့လာခြင်း၊ ရလာသော အချက်အလက် များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ရလဒ်များကို အနက်အဓိပ္ပာယ် ကောက်ယူခြင်း၊ ဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ နိဂုံးချုပ် ကောက်ချက်ချခြင်း အဖြေများကို တင်ပြခြင်း လုပ်ငန်းအဆင့်ဆင့်တို့ကို ကျောင်းသားများက ဆောင်ရွက်ကြရသည်။ |
| **အပြန်အလှန် အမှီသဟဲပြုကာ သင်ယူမှု (Interdependent Learning)** | သင်ယူမှုအသိုက်အဝန်း/အစုအဖွဲ့ (Learning community) တစ်ခု၏ အဖွဲ့ဝင်တစ်ဦးအဖြစ် သင်ယူမှု လုပ်ငန်း တစ်ခုတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အသင်းအဖွဲ့လိုက် ဆောင် ရွက်ခြင်းတို့အားဖြင့် ပေါ်ပေါက်လာသော သင်ယူမှု ဖြစ်သည်။ |
| **မျိုးရိုးလိုက်သော သက်ရောက်မှုများ (Intergenerational Effects)** | မိသားစုတစ်ခု၏ ယခင်က အတွေ့အကြုံများ၊ ပညာရေး အဆင့်အတန်းနှင့် ဘဝ အရည်အသွေးတို့က မိသားစုမှ ဆင်းသက်လာသော လူတစ်ဦး တစ်ယောက်ပေါ် သက်ရောက်မှုများ ဟုခေါ်သည်။ |
| **ကိုယ်ခန္ဓာလှုပ်ရှားမှုဖြင့် သင်ယူခြင်း (Kinesthetic Learning)** | ကျောင်းသားများသည် နားထောင်ခြင်း၊ ကြည့်ရှုခြင်း၊ ဆွေးနွေးခြင်း တို့မှ သင်ယူခြင်းမပြုဘဲ သင်ယူမှုလုပ်ငန်း များတွင် ကိုယ်ကာယလှုပ်ရှား ဆောင်ရွက်မှုဖြင့် ပါဝင်ဆောင်ရွက်ကာ သင်ယူရသော သင်ကြားမှု၊ သင်ကြားမှု နည်းဗျူဟာတစ်မျိုး ဖြစ်သည်။ |
| **အသိပညာရယူခြင်း /ဆည်းပူးခြင်း (Knowledge Acquisition)** | ရရှိလာသောအကြောင်းအရာ/အချက်အလက်များကို အမျိုးအမည် သတ်မှတ် ဖော်ထုတ်ခြင်း၊ ရှာဖွေစူးစမ်းခြင်းနှင့် သင်ယူခြင်းတို့ပြုရာတွင် တွေ့ရှိရသော သင်ယူမှု ဖြစ်စဉ်နှင့် ကျွမ်းကျင်မှုများ |
| **အသိပညာဖန်တီးတည်ဆောက်ခြင်း (Knowledge Creation)** | အသိပညာအသစ် ဖန်တီးတည်ဆောက်နိုင်စေရန်အတွက် သတင်းအချက်အလက် အမျိုးမျိုးတို့ကို ရွေးချယ်ရန်နှင့် အသုံးပြုရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများ နှင့် အရည်အချင်း |
| **အသိပညာ ကြီးစိုးသော လူ့အဖွဲ့အစည်း/ ပညာအဖွဲ့အစည်း (Knowledge society)** | သတင်းအချက်အလက်များကို တီထွင်ဖန်တီးရန်နှင့် အသုံး ပြုရန် လိုအပ်သော ကျွမ်းကျင်မှုများ ရှိသည့်အဖွဲ့ဝင် များစွာတို့ ရှိခြင်းကြောင့် သတင်းအကြောင်းအရာ နှင့် အချက် အလက်တို့ကို အဆင့်သင့်ရရှိ အသုံး ပြုနိုင်သော၊ အကြောင်း အရာ နှင့် အသိပညာတို့ကို အလွယ်တကူရှာဖွေ နိုင်သော လူ့အဖွဲ့အစည်း |
| **ဘာသာစကားဖွံ့ဖြိုးမှု (Language Development)** | ကလေးများဘာသာစကားရယူအသုံးပြုနိုင်စေရန် ဆောင်ရွက်ရသော သင်ယူမှု ဖြစ်စဉ်၊ ထိုဖြစ်စဉ်အားဖြင့် ကလေးများသည် ဘာသာစကားကို ရရှိတတ်မြောက်လာကြသည်။ |
| **သင်ခန်းစာ အစီအစဉ်/ သင်ပြမှုပုံစံငယ် (Lesson plan)** | သင်ခန်းစာတစ်ခု၏ အဆင့် အသီးသီးတို့ကို မှတ်တမ်းဝင် ထားသော ရေးသားထားသည့် အစီအစဉ် |
| **သင်ခန်းစာ အစီအစဉ်ရေးဆွဲမှုပုံစံ (Lesson Plan Template)** | ပုံစံဆိုသည်မှာ တူညီသော ခေါင်းစဉ်များ တသမတ်တည်း ပါဝင်နေသော စံသတ်မှတ်ထားသည့် / စံပြုပုံစံ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **ဘဝတစ်သက်တာ သင်ယူမှု (Life Long Learning)** | ဘဝသက်တမ်း တစ်လျှောက်လုံးတွင် လူတစ်စုံတစ်ဦး သင်ယူနေရသော အရာများ (မွေးသည်မှ သေသည်အထိ) |
| **ဘဝ သက်တမ်းတစ်လျှောက် ဖွံ့ဖြိုး တိုးတက်မှု/ ရာသက်ပန် ဖွံ့ဖြိုးမှု (Lifespan Development)** | လူတစ်ဦးချင်းစီသည် မွေးသည်မှ သေသည်အထိ သက်တမ်းတစ်လျှောက် တွင် ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုတို့ ပေါ်ပေါက်နေကြသည်။ |
| **ဘဝတစ်ခွင်သင်ယူမှု (Life-Wide Learning)** | သင်ယူမှုပုံသဏ္ဍာန်အမျိုးမျိုးဖြစ်ကြသည့် ကိုယ်တိုင်သင်ယူမှု၊ ကျောင်း ပြင်ပ၌သင်ယူမှုနှင့် ကျောင်း၌ သင်ယူမှုစသည်တို့ ပေါ်ပေါက်နိုင် သော နေရာအမျိုး မျိုးနှင့် အခြေအနေအမျိုးမျိုး ရှိသည့် အလုံးစုံသော နေရာဒေသများ / အခြေအနေ များ |
| **စာတတ်မြောက်မှု ပညာရှာဖွေမှု (နည်း လမ်းများ) Literacy** | နားလည်သဘောပေါက်မှု၊ အနက်အဓိပ္ပာယ်ကောက် ယူတတ်မှု၊ ဆန်းသစ် တီထွင် ဖန်တီးတတ်မှု နှင့် သိရှိအောင် ပြောပြဆက်သွယ်တတ်မှု တို့ကို ရရှိစေမည့်နည်း လမ်းများ (ကိုသိရှိခြင်း) |
| **စာပေလောက/ စာဖတ်ဝိုင်းများ/ စာကြည့်တိုက်များ (Literate Environments)** | သတင်းအချက်အလက်များရရှိနိုင်သည့် ရင်းမြစ်များကို ရယူ အသုံးပြုနိုင် သော နေရာများ၊ ထိုနေရာများက ရပ်ရွာလူထု၏ သတင်းအချက်အလက် များကို ပံ့ပိုး ပေးနိုင်သည်။ |
| **ရေရှည်မှတ်ဉာဏ် (Long-term Memory)** | အချက်အလက်ပေါင်းများစွာကို အချိန်အကန့်အသတ်မရှိ ထိန်းသိမ်း သိုလှောင် သိမ်းဆည်းထားသော မှတ်ဉာဏ် |
| **ကြိမ်ဖန်များစွာ ဖြစ်ပေါ်သော ဖွံ့ဖြိုး မှု (Many-Course Development)** | လူ့ဘဝတစ်သက်တာတွင် လူသားတစ်ဦးအတွက် ဖွံ့ဖြိုး တိုးတက်မှု ရရှိနိုင် စေ မည့် ဖြစ်နိုင်ခြေ (ရှေ့နောက်အစဉ်များ) များ အခွင့်အလမ်းများ အကြိမ်ကြိမ် ပေါ်ပေါက်နိုင်သည်။ |
| **အဆင့်မြင့်မားစွာ နက်နဲစွာ ဆင်ခြင် တွေးခေါ်ခြင်း (Meta cognition)** | စဉ်းစားတွေးခေါ်ခြင်းအကြောင်းကို ထပ်မံ စဉ်းစားတွေးခေါ် ခြင်း၊ သင်ယူမှုပြုရန် သင်ယူခြင်း |
| **လွဲမှားသောယူဆချက်များ (သို့မဟုတ်) ယူဆချက်အမှားများ (Misconception)** | မမှန်ကန်သော အချက်များ / မှားယွင်းနေသော အချက်များ အကြောင်း နားလည် သဘောပေါက်မှု |
| **ဉာဏ်ရည်အထွေထွေ (Multiple Intelligences)** | ကျွမ်းကျင်မှုများပါဝင်သော ကျွမ်းကျင်မှုကိရိယာက တစ်စုံ ဖြစ်သည်။ အသိပညာ အသစ်ကို စုဆောင်းခြင်း၊ ပြဿနာ များ အတွက်အဖြေများကို ရှာဖွေခြင်းနှင့် ဖန်တီးခြင်းတို့မှ တစ်ဆင့် ဘဝပြဿနာတစ်ခုကို ဖြေရှင်း နိုင်ရန်အတွက် လူတစ် ဦး တစ်ယောက်ကို ခွင့်ပြုပေးနိုင်သော ကျွမ်းကျင်မှု များ ဖြစ်ကြသည်။ အဖြေများ ကို သူနေထိုင်ကြီးပြင်းရာ ယဉ်ကျေးမှုက တန်ဖိုးထားသည်။ |
| **သဘာဝ (Nature)** | သင့်ထံ၌ မွေးရာပါ ပါလာသောကြိုတင် သတ်မှတ် ပေးလိုက်သော ဇီဝဗေဒ ဆိုင်ရာ မျိုးရိုးဗီဇ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **ဆရာ့ညွှန်ကြားမှုမဲ့သင်ကြားခြင်း (Non-Directive Teaching)** | သင်ယူသူများ (ကျောင်းသားများ) ကို ယုံကြည်မှုထားခြင်း နှင့် ထပ်တူ စာနာခံစားမှု တို့ကို ပြကာ ဖေးမကူညီပေးခြင်း အားဖြင့် ကျောင်းသားများ အား ကိုယ်တိုင်စီစဉ် ညွှန်ကြား တတ်သော သင်ယူသူများဖြစ်လာနိုင်စေရန် အတွက် လမ်းညွှန်ခြင်း၊ ကူညီလမ်းညွှန်ခြင်းများ ပြုပေးရာတွင် သူတို့အား အထောက်အပံ့ဖြစ်စေပြီး အပြစ်တင်စော လွှန်းခြင်း မရှိသော နည်းလမ်း များကို အသုံးပြု၍ သင်ကြားနည်း |
| **ကျောင်းပြင်ပ ပညာရေး (Non-Formal Education)** | ကျောင်းသင်ပညာရေးအခင်းအကျင်းပြင်ပတွင် ဥပမာ အားဖြင့် အလုပ်ခွင်အတွင်း လေ့ကျင့်သင်ကြားခြင်း (သို့မဟုတ်) လုပ်ငန်း တတ်ကျွမ်းမှု ဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုး တိုးတက်မှု သင်တန်း စသည်များ |
| **ပြုစုပျိုးထောင်ခြင်း (Nurture)** | ရုပ်ပိုင်းဆိုင်ရာလောကနှင့် လူမှုပေါင်းသင်းဆက်ဆံရေး လောက တို့က ကျောင်းသားတစ်ဦး၏ ဖွံ့ဖြိုးမှုပေါ်တွင် လွှမ်းမိုးသက်ရောက်နေမှု၊ ဩဇာ သက်ရောက်မှု |
| **တစ်ကြိမ်တည်း/တစ်လုံးတစ်ဝတည်း ဖွံ့ဖြိုးမှု (One-Course Development)** | လူအားလုံးအတွက် ဖွံ့ဖြိုးမှုသည် တစ်ကြိမ်တည်းသာ ပေါ်ပေါက်သည်ဟု ယူဆ သော အယူအဆ။ အားလုံး အတွက် ဖွံ့ဖြိုးမှုသည် အစဉ်တစ်ခုတည်း သာရှိသည်။ |
| **အဖွင့်မေးခွန်းများ (Open-ended Questions)** | ပိုမိုနက်နဲ၍ သဘောတရားပါသည့် အဖြေများလိုအပ်သော (သို့မဟုတ်) အယူအဆ အမျိုးမျိုးကိုဖော်ပြသည့် အဖြေအမျိုးမျိုး လိုအပ်သော မေးခွန်း များဖြစ်ကြသည်။ ထိုမေးခွန်းများ ကို ဖြေရန် အဆင့်မြင့် တွေးခေါ်မှုလိုအပ်သည်။ |
| **ခိုင်မြဲသောတုံ့ပြန်မှုကို ရရှိစေသည့် ပုံသွင်း ပြုပြင်ပေးခြင်း (Operant Conditioning)** | ကျောင်းသား၏ စိတ်ဆန္ဒအလျောက်ပြုမူလိုက်သည့် အပြုအမူ တစ်ခုကို ပိုမိုခိုင်မြဲသွားစေရန် (သို့မဟုတ်) အားနည်း ယုတ်လျော့သွားစေရန် အတွက် ကောင်းကျိုးပြုသော နောက်ဆက်တွဲရလဒ်များ (Positvie consequenes) (သို့မဟုတ်) ဟန့်တား/တားမြစ်မှုပြုသော နောက်ဆက်တွဲရလဒ်များ (Negative Consequecnces) များကို အသုံးပြုကာ ပုံသွင်းခြင်း |
| **ဘာသာရပ်သင်ကြားရေး၌ အသုံး ပြုသော သင်နည်းဗေဒ ဆိုင်ရာ အသိပညာ (Pedagogical Content Knowledge) (PCK)** | ဘာသာရပ်တစ်ခု၏ အကြောင်းအရာကိုသိရှိသော အသိပညာနှင့် ၎င်းကို မည်သို့ သင်ကြားရမည်ကို သိရှိသော အသိပညာ |
| **သင်နည်းဗေဒ/သင်ပြနည်း (Pedagogical Knowledge)** | သင်ကြား/သင်ယူမှုဆိုင်ရာ ချဉ်းကပ်မှုများ၊ နည်းဗျူဟာများ နှင့် နည်းလမ်း များ အကြောင်းအသိပညာ (ဆိုလိုသည်မှာ မည်သို့ သင်ကြား ရမည်ကို သိသော အသိပညာ/ သင်ပြနည်း) |
| **ကျောင်းသားအချင်းချင်းထဲမှ ခေါင်းဆောင်များ (ကျောင်းသား ခေါင်းဆောင်များ) (Peer Leaders)** | သင်ယူမှု၏ အခန်းကဏ္ဍတစ်ခုကို ဦးဆောင်ဆွေးနွေး ပေးရန် လေ့ကျင့်သင်ကြား ပေးထားသည့် (သို့မဟုတ်) တာဝန်ပေးခန့်အပ်ထား သည့် ကျောင်းသားအချင်းချင်း ထဲမှ ဦးဆောင်သူ ကျောင်းသားများ |
| **အချင်းချင်းထံမှ သင်ယူမှု (Peer Learning)** | ကျောင်းသားအချင်းချင်းနှင့် အတူတွဲဖက်သင်ယူခြင်း (သို့မဟုတ်) အချင်းချင်းထံမှ မေးမြန်းဆွေးနွေးသင်ယူခြင်း |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **အချင်းချင်းက ဦးဆောင်သည့် အသင်းလိုက် သင်ယူမှု (Peer-Led Team Learning)** | အချင်းချင်းက သင်ကြားမှု အခန်းကဏ္ဍကို ယူထားသော သင်ယူမှု (ကျောင်းသားတစ်ဦးက ဆရာအခန်းကဏ္ဍကို ယူကာ ဦးဆောင် သင်ကြား ပေးပြီး ကျန်သော ကျောင်းသားများက သင်ယူရခြင်း) |
| **အာရုံခံခြင်း (perception)** | သတင်းအချက်အလက်များကို ဦးနှောက်တွင်း/ စိတ် အတွင်း၌ အဆင့်ဆင့် ချိတ်ဆက်ပြုပြင်စီစဉ်သော ရှေးဦးပိုင်း ကျသည့်အဆင့် ဖြစ်သည်။ ထိုအဆင့်၌ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လှုံ့ဆော်မှု အများအပြားထဲမှ အာရုံစိုက်ရန် အချို့ လှုံ့ဆော်မှုများကို ရွေးချယ်ခြင်း၊ စုစည်းခြင်းနှင့် အနက်အဓိပ္ပာယ် ကောက်ယူခြင်းတို့ ပါဝင်သည်။ |
| **အာရုံခံသင်ယူခြင်း (perceptual Learning)** | သတင်းအချက်အလက်များကို ရွေးချယ်အာရုံစူးစိုက်မှုပြုပြီး အနက် အဓိပ္ပာယ် ကောက်ယူတတ်သော အရည်အချင်း |
| **တစ်ဦးစီ၏ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်သင်ယူခြင်း (Personlised Learning)** | ကျောင်းသားတစ်ဦးစီ၏ အားသာချက်များ၊ စိတ်ဝင်စားမှု များနှင့် လိုအပ် ချက်များအတွက် ဆီလျော်ကိုက်ညီစေရန် သင်ယူမှုကို လိုက်လျော ညီထွေ စွာပြုပြင်ထားသည့် သင်ကြားမှုသင်ယူမှု ဆိုင်ရာနည်းဗျူဟာ |
| **အသံများ (Phonics)** | ဘာသာစကားတစ်ခုတွင် အသုံးပြုနေသော အသံများ (ဗျည်းသံ/သရသံ စသည်တို့) |
| **ကိုယ်ကာယဖွံ့ဖြိုးမှု (Physical Development)** | ကိုယ်ခန္ဓာကြီးထွားလာမှုနှင့် ဖွံ့ဖြိုးမှု |
| **အကျိုးရှိသော အချင်းချင်း အပြန် အလှန် အမှီသဟဲပြုမှု (Positive Interdependence)** | တူညီသော ဘုံရည်မှန်းချက်တစ်ခုကို အကောင်အထည် ဖော်ရာမှ တစ်ဆင့် အုပ်စုဝင်ကျောင်းသားများအားလုံး အကြားတစ်ဦးနှင့် တစ်ဦး ဆက်သွယ်မှု ခင်မင်ရင်းနှီးမှုများ ကိုခံစားလာကြသည်။ |
| **ထိမိအားကောင်းသော မေးခွန်းများ (Powerful Questions)** | ကျောင်းသားများအား ကျောင်းပတ်ဝန်းကျင်ကို ကျော်လွန်ပြီး ပြင်ပကမ္ဘာ လောကနှင့် ဆက်သွယ်ပေးနိုင်သည့် အပြင် ကျောင်းသင် ဘာသာရပ် နယ်ပယ်တစ်ခုအတွင်းမှ အရေးပါသော အယူအဆများနှင့်ပါဆက်သွယ်ပေးနိုင်သော မေးခွန်း |
| **မသင်ယူမီအခြေအနေ၌ ပေါ်ပေါက် နေသော ကျောင်းသားများ၏ ကြိုတင်ယူဆ အချက်များ (preconception)** | သင်ယူသူများက သင်ယူမှုသို့ ယူဆောင်လာသော ၎င်းတို့၏ နားလည်သဘောပေါက်မှုများ |
| **ကလေးများအား မက်လုံးပေးကာ ချော့မော့၍ သင်ယူစေသော သဘောတရား (Premack Principle)** | စိတ်ပျော်ရွှင်ဖွယ် မကောင်းသော လုပ်ငန်းများကို ဆောင်ရွက်စေရာတွင် ကျောင်းသားများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို တိုးပွားလာစေသော နည်းဗျူဟာ တစ်ခုဖြစ်သည်။ ပျော်စရာ မကောင်းသောအပြုအမူကို ပြေပျောက်စေရန် ပျော်စရာကောင်းသော အပြုအမူတစ်ခု ကို အသုံးပြု ထားသည်။ |
| **ပြဿနာအခြေပြုသင်ယူခြင်း (Problem based Learning)** | အမှန်တကယ်ပြင်ပလောကတွင် တွေ့ရတတ်သော ရှုပ်ထွေးသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန် ကျောင်းသား များက အုပ်စုလိုက် ရှာဖွေ စူးစမ်းလေ့လာကြသည်။ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
| --- | --- |
| **ဖြစ်စဉ် (Process)** | သင်ကြားမှုနှင့်သင်ယူမှုတို့ကို လုပ်ဆောင်သောနည်း သင်ကြားပုံသင်ကြား နည်းနှင့် သင်ယူပုံသင်ယူနည်း |
| **ရလဒ် (Product)** | သင်ယူမှု၏ရလဒ်အဖြစ်(သို့မဟုတ်) သင်ယူတတ်မြောက် သွားမှုကိုပြရန် ထုတ်ကုန်ပစ္စည်းတစ်မျိုး (ဥပမာ - ပိုစတာ) |
| **(ဆရာ) အတတ်ပညာ ဖွံ့ဖြိုး တိုးတက်မှု (Professional Development)** | လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေကြပြီး ဖြစ်သော ဆရာများ၏ လုပ်ဆောင်မှု/စွမ်းဆောင်မှု အရည်အသွေး စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်စေမည့် ဖြစ်စဉ်တစ်ခု |
| **စီမံချက် အခြေပြုသင်ယူခြင်း (Project –Based Learning)** | ကျောင်းသားများအား စီမံချက်ရေးဆွဲရန် အချိန်ကြာရှည်စွာ ကန့်သတ် ပေးထားပြီး အတန်အသင့် လွတ်လပ်စွာ မိမိစိတ် တိုင်းကျ လုပ်ပိုင်ခွင့် ပေးထားသော သင်ယူမှု နည်းဗျူဟာတစ်ခု ဖြစ်သည်။ စီမံချက်တစ်ခု ရေးဆွဲရာတွင် ပုံစံချ ရေးဆွဲခြင်း (ဒီဇိုင်းဆွဲခြင်း)၊ ဆုံးဖြတ်ချက် ချမှတ် ပေးခြင်း၊ ပြဿနာဖြစ်ရှင်းခြင်း (သို့မဟုတ်) စူးစမ်းလေ့လာရသော သင်ယူမှုလုပ်ငန်းများနှင့် စီမံချက်ကို ကုန်ချောပစ္စည်းတစ်ခု ထုတ်လုပ်မှု ဖြင့် ဖြစ်စေ လုပ်ဆောင်ပြသမှု တစ်ခုအဖြစ်ဖြင့် ဖြစ်စေ အပြီးသတ်ရမည်။ |
| **နီးရာမှ ဝေးရာသို့ ဆန့်ထွက်ကြီးထွားနည်း (Proximodistal)** | ကြီးထွားမှုသည် ကိုယ်ခန္ဓာဗဟိုချက်မှ စတင်ကြီးထွား လာပြီး ကိုယ်ခန္ဓာ၏ အစွန်းများဆီသို့ ရွေ့လျား သွားသော ကြီးထွားမှုပုံစံ |
| **စိတ်ပညာဆိုင်ရာ အသိပညာ တည်ဆောက်မှုဝါဒ (Psychological constructivism)** | ထိုဝါဒက သင်ယူသူများအပေါ်၌ အဓိက အာရုံ စိုက်လေ့လာကာ သူတို့၏ သင်ယူမှုကို မည်သို့ တည်ဆောက်သည်ကို လည်း လေ့လာသည်။ |
| **အဆင့်သင့်ဖြစ်မှု (Readiness)** | သင်ယူသူ(ကျောင်းသား)ရော သင်ကြားသူ (ဆရာ) ပါ သင်ကြားမှုအတွက် ကြိုတင်ပြင်ဆင်မှုရှိထားသော အခြေအနေ တစ်ရပ်၊ ထိုအခြေအနေတွင် သင်ယူမှုတို့သည် ကျောင်းသားများကို စိန်ခေါ် အားစမ်းသောပုံစံရှိရမည်။ သို့ရာတွင် သူတို့အတွက် စိတ်ပူပန် ထိတ်လန့်မှု မဖြစ်စေရပါ။ |
| **ငြမ်းဆင်ခြင်း (ထောက်ကူခြင်း) (Scaffolding)** | ကူညီလမ်းညွှန်မှုပြုပေးသော နည်းဗျူဟာတစ်ရပ်ဖြစ် သည်။ ထိုနည်းဗျူဟာ က ကျောင်းသားများအနေနှင့် အသိပညာနှင့် ကျွမ်းကျင်မှုများ တည်ဆောက်ရာတွင် ဆရာက သူတို့၏ ယခင်ကရှိပြီး အတွေ့အကြုံများကို အသိပညာအသစ်၊ ကျွမ်းကျင်မှုအသစ်များနှင့် ချိတ်ဆက် ပေးခြင်းဖြင့် ကူညီပေးသည်။ |
| **မိမိကိုယ်ကို မိမိသုံးသပ် ဆင်ခြင် သော အယူအဆ (Self-concept) (ကိုယ်တိုင်ဆင်ခြင် ကိုယ့်သွင်ပြင်)** | ကျွန်ုပ်တို့ ယုံကြည်ချက်များ၊ ကျွန်ုပ်တို့၏ ခံယူချက်များ ကျွန်ုပ်တို့၏ အရည်အသွေးများ ထူးခြားသော စရိုက် လက္ခဏာ များတို့ပါဝင်သည်။ ကိုယ့်အကြောင်းကို ကိုယ်တိုင်မြင်တွေ့ သုံးသပ်ကာ သိရှိရလာသည်။ မိမိအကြောင်း စိတ်ပုံရိပ်လျှာ တစ်ခု (သို့မဟုတ်) ထိုအကြောင်းအရာများ၏ အစုအဝေး |
| **ဝေါဟာရတ္ထဗေဒ၊ ဝေါဟာရများ၏ အဓိပ္ပာယ် (Semantics)** | စကားလုံးများ၏ အဓိပ္ပာယ်သတ်မှတ်ချက် |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **သင်ယူမှုအခြေအနေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာမှု (Situational Analysis)** | သင်ယူမှုဝန်ကျင်းတစ်ခုတွင် ပါဝင်နေသော ကျောင်း၊ အတန်း၊ ပထဝီဝင် အနေအထား အရ တည်နေရာ၊ ကျောင်းသားများ၊ ကျောင်းသားများ၏ မိသားစု များနှင့် ရပ်ရွာလူထုများအကြောင်း ဖော်ပြချက် |
| **ပေါင်းသင်းဆက်ဆံမှု ဆိုင်ရာ တည်ဆောက်တတ်မှု ဝါဒ/ အယူအဆ (Social Constructions)** | သင်ယူမှုတွင် ပါဝင်နေသော ပေါင်းသင်းဆက်ဆံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရင်းများ၏ အခန်းကဏ္ဍ အပေါ်၌ ထိမိစွာ အလေးထား အာရုံ များစိုက်ခြင်း အယူအဆ |
| **ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု (Social Development)** | လူလူချင်းပေါင်းသင်းဆက်ဆံရာတွင်နှင့်လူမှုရေးဆောင် ရွက်မှု လုပ်ငန်း များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရာ၌ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာခြင်း |
| **ခရုပတ်ပုံသင်ရိုးညွှန်တမ်း (Spiral Curriculum)** | ကျောင်းသားများအား ဘာသာရပ်ထဲမှ အယူအဆများ အကြောင်းသင်ယူ စေရာတွင် ထိုအယူအဆများကိုပင် တစ်ကြိမ်ပြီး တစ်ကြိမ် အကြိမ်ကြိမ် ပြန်လည်လေ့လာစေနိုင်မည့် သင်ရိုးညွှန်းတမ်းရေးသား ဖွဲ့စည်းပုံ။ တစ်ကြိမ်ပြန်လည်လေ့လာတိုင်း သူတို့၏ အသိပညာနှင့် နားလည် သဘောပေါက်မှုတို့သည် ပိုမို နက်ရှိုင်းလာမည်။ တစ်ကြိမ်ထက်တစ်ကြိမ် နားလည်သဘောပေါက်မှု ပိုမို နက်ရှိုင်းစေရန် စီစဉ်ထားသော သင်ရိုး ညွှန်းတမ်း ဖွဲ့စည်းပုံဖြစ်သည်။ |
| **ခြေခြေမြစ်မြစ်အရေးပါ စကားဝိုင်း (Substantive Conversation)** | ကျောင်းသားများ၏ အယူအဆပိုင်းဆိုင်ရာ နားလည် သဘောပေါက်မှုနှင့် အဆင့်မြင့် တွေးခေါ်စဉ်းစားထားတတ်မှုတို့ကို မြှင့်တင်ပေးနိုင်စေရန် အတွက် ရည်ရွယ်ပြီးဆောင်ရွက်သော ဆရာနှင့် ကျောင်းသားများအကြား၌ ဖြစ်စေ၊ ကျောင်းသား အချင်းချင်း အကြား၌ ဖြစ်စေ နက်ရှိုင်းသော ဆွေးနွေးမှု |
| **အောင်မြင်မှုစံ သတ်မှတ်ချက် များ (Success Criteria)** | ကျောင်းသားများ အတွက် သတ်မှတ်ထားသော သင်ယူမှု ရလဒ်များကို ရရှိပြည့်မီသွားခြင်း ရှိ/မရှိ သတ်မှတ်နိုင်မှု အတွက် အောင်မြင်မှု အညွှန်းကိန်းများနှင့် အတိုင်းအတာများ |
| **သင်ရိုးမာတိကာ (Syllabus)** | ဘာသာရပ်ဆိုင်ရာ အရေးပါသည့် အချက်အလက်/ အကြောင်းအရာများ ပါဝင်သည့်/ ရေးသားထားသည့် စာရွက် စာတမ်း |
| **ဝါကျဖွဲ့ထုံး (syntax)** | ဝါကျ/စာကြောင်းများ၏ သဒ္ဒါနည်းအရ တည်ဆောက် ဖွဲ့စည်းပုံ |
| **ဆရာ၏ အကဲဖြတ်သုံးသပ်မှု (Teacher Evaluation)** | သင်ခန်းစာတစ်ခုအတွင်းမှ သင်ကြားမှုနှင့် သင်ယူမှုသည် မည်သို့ဖြစ်နေ မည်ကို ဆရာက စစ်ဆေးအကဲဖြတ်ခြင်း |
| **သင်ထောက်ကူပစ္စည်းများနှင့် ရင်းမြစ်များ (Teaching Aids and Resources)** | သင်ခန်းစာကို သင်ကြားရာ၌ အထောက်အကူဖြစ်စေမည့် ပစ္စည်းများ၊ အသုံးအဆောင်များ |
| **သင်ကြား သင်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ (Teaching and Learning Methods and Techniques)** | သင်ခန်းစာတစ်ခုအတွင်းအသုံးပြုမည့် အထူးနည်းလမ်းများ ဥပမာ မေးခွန်းပေးခြင်းနှင့် တွေး-တွဲ-မျှဝေခြင်း နည်းများ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **သင်ကြား သင်ယူမှု နည်းဗျူဟာများ (Teaching and Learning Strategies)** | သင်ခန်းစာတစ်ခုအတွင်း အသုံးပြုမည့်နည်းဗျူဟာများ ဥပမာအားဖြင့် စူးစမ်းလေ့လာမှုအခြေပြုနည်းဗျူဟာများ (သို့မဟုတ်) ပြဿနာအခြေပြု နည်းဗျူဟာများ |
| **ချဉ်းကပ်သင်ကြားနည်း (Teaching Approach)** | ဆရာဗဟိုပြုချဉ်းကပ်နည်း၊ကျောင်းသားဗဟိုပြုချဉ်းကပ် နည်း(သို့) ပေါင်းစပ်ချဉ်းကပ်နည်း |
| **နည်းပညာသုံး ဘာသာရပ်ဆိုင်ရာ အသိပညာ (Teachnological Content Knowledge) (TCK)** | ဘာသာရပ်ဆိုင်ရာအကြောင်းအရာများကို သင်ကြားပေးရာ၌ အသစ် အဆန်းဖြစ်အောင်၊ စိတ်ဝင်စားဖွယ် ဖြစ်အောင် နည်းပညာကို အသုံးပြုပြီး မည်သို့ စီစဉ်ပြုပြင်နိုင်သည်နှင့် ရှုပ်ထွေးနေသောအကြောင်းအရာများကို ကျောင်းသားများ ရှင်းလင်းစွာ နားလည်သဘောပေါက်လာအောင် နည်းပညာက မည်သို့အထောက်အပံ့ပြုနိုင်သည်တို့ကို သိရှိသော အသိပညာ |
| **နည်းပညာအကြောင်းသိရှိမှုနှင့် အသုံးပြုတတ်မှုဆိုင်ရာ အသိပညာ (Technology knowledge) (TK)** | နည်းပညာဆိုင်ရာ ကိရိယာ အမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုး တို့ကို သိရှိသော အသိပညာနှင့် ထိုနည်းပညာတို့ကို အသုံးပြုရာ၌ တတ်ကျွမ်းနှံ့စပ်သော အသိပညာ |
| **ဘာသာရပ်သင်ကြားရေး၌ အသုံးပြုသော နည်းပညာသုံး သင်နည်းဗေဒ ဆိုင်ရာ အသိပညာ (Technological Pedagogical Content Knowledge) (TPCK) (သို့မဟုတ်) (TPACK)** | သင်ကြားမှုနှင့် သင်ယူမှု ဆိုင်ရာ ဆက်စပ် အခြေအနေများ တွင် ပါဝင် နေသော ဘာသာရပ်အကြောင်းအရာ၊ သင်နည်းဗေဒနှင့် နည်းပညာတို့ အကြား ဆက်စပ်မှုကို အကျိုးရှိစွာ မည်သို့ကိုင်တွယ် အသုံးပြုမည်ကို သိရှိသောအသိပညာ |
| **နည်းပညာသုံးသင်နည်းဗေဒဆိုင်ရာ အသိပညာ (Technological Pedagogical Knowledge) (TPK)** | စာသင်ခန်းအတွင်း သင်ကြားသင်ယူမှုတို့နှင့် ဆီလျော်သော နည်းပညာသုံးကိရိယာအမျိုးမျိုးနှင့် ရင်းမြစ်အမျိုးမျိုးတို့ကို သိရှိသော အသိပညာနှင့် ထိုကိရိယာတို့တွင် တတ်ကျွမ်း နှံ့စပ်သော အသိပညာ |
| **နည်းပညာဆိုင်ရာကိရိယာများ (Technological Tools)** | နည်းပညာအသုံးပြုထားသော ကိရိယာများနှင့် ရင်းမြစ်များ ဥပမာ ကွန်ပျူတာ၊ လက်ပ်တော့ပ် ကွန်ပျူတာ၊ ဓာတ်သင်ပုန်းနှင့် မိုဘိုင်းဖုန်းများ |

| အသုံးအနှုန်းများ | အသေးစိတ်ရှင်းလင်းချက်များ |
|---|---|
| **ကမ္ဘာတစ်ဝန်းလုံး အသုံးပြုနိုင် သည့် သင်ယူမှုပုံစံ/ ဒီဇိုင်း (Universal Design for Learning) (UDL)** | သင်ကြားမှုနှင့် သင်ယူမှုပြုရာ၌ ပြုပြင်ရန် လွယ်ကူသော ချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ထိုချဉ်းကပ်မှုက ကျောင်းသားများအားသင်ယူရန် အကြောင်းအရာများကို မည်သို့ ရှာဖွေ စူးစမ်းမည်။ မည်သို့ ချိတ်ဆက်မည်နှင့် သူတို့သင်ယူတတ်မြောက်မှုကို မည်သို့ပြသမည်တို့နှင့် ပတ်သက်၍ ရွေးချယ်ခွင့်များပေးထားသည်။ UDL မှ ဝေါဟာရများမှာ<br>• လုပ်ဆောင်မှုနှင့် ဖော်ပြမှု (Action and expression) - သင်ယူရ မည့် အကြောင်းအရာတို့ကို မည်သို့ သင်ယူ စူးစမ်း လေ့လာမည်နှင့် သူတို့သင်ယူတတ်မြောက်မှုကို မည်သို့ ပြသလိုသည် တို့နှင့် ပတ်သက် ၍ ရွေးချယ်ခွင့်ကို ကျောင်းသားများအား ပေးထားသင့် ပါသည်။<br>• စိတ်ပါဝင်စားစွာ ပါဝင်စေခြင်း (Engagement) ဆရာများ က နည်းလမ်းပေါင်းစုံအသုံးပြုကာ ကျောင်းသားများ အား စေ့ဆော်မှု ပေးရန် ဆောင်ရွက်သင့်သည်။ သို့မှသာလျှင် ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ကြာရှည်စွာ ထိန်းထား နိုင်မည်ဖြစ်သည်။<br>• တင်ပြခြင်း (Representation) ကျောင်းသားများကို သင်ကြားရာတွင် အချက်အလက်များကို နည်းအမျိုးမျိုး သုံးကာ တင်ပြခြင်းဖြစ်သည်။ ဤနည်းများတွင် စာသားဖြင့် ရေးသားတင်ပြခြင်း၊ နားထောင်ရန် တိပ်ခွေ (အသံသွင်းတိပ်ခွေများ) ဗီဒီယိုများနှင့် လက်တွေ့ လုပ်ဆောင် သင်ယူမှု နည်းလမ်းများ တို့ ပါဝင်ကြသည်။ ကျောင်းသား များ သင်ယူ လိုသော သင်ယူမှုနည်းလမ်းများကိုလည်း ရွေးချယ်ခွင့်ပြု ပေးရမည်။ သူတို့၏ သင်ယူမှု ဆိုင်ရာ အားသာချက်များနှင့် ကိုက်ညီ မည့် နည်းလမ်းများကို ရွေးချယ်နိုင်သည်။ |
| **စောင့်ဆိုင်းချိန် (Wait time)** | မေးခွန်းများမေးရာတွင် နှင့် မေးခွန်းများကို တုံ့ပြန်ပေး ရာတွင် ဆရာက စောင့်ဆိုင်းပေးသော အချိန်အတိုင်း အတာ |
| **လက်တွေ့အလုပ်လုပ်သော မှတ်ဉာဏ် (Working Memory)** | မှတ်ဉာဏ်အမျိုးအစားတစ်ခုဖြစ်ပြီး အချက်အလက် ပမာဏ အနည်းငယ်ကို တခဏတာမျှ သိုလှောင် သိမ်းဆည်းထား ပေးသည်။ |
| **စာသင်နှစ်တစ်နှစ်စာအတွက် သင်ရိုးမာတိကာ လျာထားခွဲဝေမှု အစီအစဉ် (Year Plan)** | စာသင်နှစ်တစ်နှစ်တာလုံးအတွက်သင်ကြားသည့် ဘာသာရပ် အကြောင်းအရာကို ရှေ့နောက်အစဉ်လိုက်နှင့် အချိန်အပိုင်းအခြားအလိုက် ခွဲဝေသတ်မှတ်ထားသော အစီအစဉ် |
| **ဖွံ့ဖြိုးမှု ဇယ်ဟိုချက်မရပ်ဝန်း (Zone of Proximal Development (ZDP)** | ကျောင်းသားတစ်ဦး၏ ဆရာ့အကူအညီဖြင့် လုပ်ဆောင်နိုင်သော စွမ်းဆောင်မှုနှင့် ဆရာ့အကူအညီမပါဘဲ လုပ်ဆောင်နိုင်သော စွမ်းဆောင်မှု တို့အကြား ကွာဟချက်/ အကွာအဝေး |

# ကျမ်းကိုးစာရင်း

Ackerman, C. E. (2019). What is positive psychology & why is it important? [Blog post]. Retrieved from https://positivepsychology.com/what-is-positive-psychology-definition/

Adult Learning Australia (2015). Lifelong and lifewide learning: A policy statement. Retrieved from https://ala.asn.au/wp-content/uploads/2011/02/ALA-2-Policy-Statement-May-2015.pdf

Alfieri, L., Brooks, P., Aldrich, N., & Tenenbaum, H. (2011). Does discovery-based instruction enhance learning? *Journal of Educational Psychology, 103,* 1-18. https.//doi.org/10.1037/a0021017

Alsubaie, M. (2015). Hidden curriculum as one current issue of curriculum. *Journal of Education and Practice, 6*(33), 125-128. Retrived from https://files.eric.ed.gov/fulltext/EJ1083566.pdf

American Montessori Society. (2019). What Is Montessori Education? Retrieved from http://www.immschool.com/aboutus.php

American Speech–Language–Hearing Association (ASHA). (2019). Augmentative and Alternative Communication (AAC). Retrieved from https://www.asha.org/public/speech/disorders/AAC/

Anderson, L. & Krathwohl, D. (2001). *A Taxonomy for Learning, Teaching and Assessing: A Revision of Bloom's Taxonomy of Educational Objectives.* New York: Longman.

Anker-Hansen, J. & Andrée, M. (2019). Using and rejecting peer feedback in the science classroom: A study of students' negotiations on how to use peer feedback when designing experiments. *Research in Science and Technological Education, 37*(3). Retrieved from https://www.tandfonline.com/doi/full/10.1080/02635143.2018.1557628

Armstrong, Thomas. (2006). Chapter 5: Middle Schools: Social, Emotional and Metacognitive Growth. *Best Schools.* Retrieved from http://www.ascd.org/publications/books/106044/chapters/Middle-Schools@-Social,-Emotional,-and-Metacognitive-Growth.aspx

ASCD. (2011). *Differentiated instruction: Key elements of differentiated instruction.* Retrieved from https://pdo.ascd.org/LMSCourses/PD11OC115M/media/DI-Intro_M4_Reading_Key_Elements.pdf

Atkinson, R. C., & Shiffrin, R. M. (1968). Human Memory: A Proposed System and its Control Processes. In *Psychology of Learning and Motivation* (Vol. 2, pp. 89–195). Retrieved from https://doi.org/10.1016/S0079-7421(08)60422-3

Atwood, M. (2009, September 26). Time capsule found on the dead planet. *The Guardian.* Retrieved from https://www.theguardian.com/books/2009/sep/26/margaret-atwood-mini-science-fiction

Australian Council of Educational Research. (2016). *National School Improvement Tool.* Retrieved from https://research.acer.edu.au/tll_misc/18/

Australian Government Department of the Environment, Water, Heritage and the Arts. (2010). *Sustainability Curriculum Framework: A guide for curriculum developers and policy makers*. Retrieved from https://cpl.asn.au/sites/default/files/journal/Sustainability%20Curriculum-Framework.pdf.

Australian Institute for Teaching and School Leadership (AITSL). (2017a). *Explicit instruction.* Retrieved from https://www.aitsl.edu.au/tools-resources/resource/explicit-instruction-illustration-of-practice

Australian Institute for Teaching and School Leadership (AITSL). (2017). *Learning intentions and success criteria.* Retrieved from https://www.aitsl.edu.au/docs/default-source/feedback/aitsl-learning-intentions-and-success-criteria-strategy.pdf

Australian Institute for Teaching and School Leadership (AITSL). (2017). *Questioning.* Retrieved from https://www.aitsl.edu.au/docs/default-source/feedback/aitsl-strategies-questioning-a3.pdf

Australian Learning Lecture (2018). *The Passion Toolkit.* Retrieved from https://www.all-learning.org.au/sites/default/files/all-passiontoolkit_final.pdf

Aviles, Ann M., Anderson, Tanya R. and Davila, Erica R. (2006). Child and Adolescent Social-Emotional Development Within the Context of School. *Child and Adolescent Mental Health, 11*(1), 32-39.

Bada, S. (2015). Constructivism learning theory. A paradigm for Teaching and Learning. *IOSR Journal of Research & Method in Education, 5*(6/1), 66-70. Retrieved from https://pdfs.semanticscholar.org/1c75/083a05630a663371136310a30060a2afe4b1.pdf

Barron, B., & Darling-Hammond, L. (2008). *Teaching for meaningful learning: A review of research on inquiry-based and cooperative learning.* [Book excerpt]. George Lucas Educational Foundation. Retrieved from https://files.eric.ed.gov/fulltext/ED539399.pdf.

Barrows, H. S. (1996). Problem-based learning in medicine and beyond: A brief overview. In L. Wilkerson, & W. H. Gijselaers (Eds.), *New directions for teaching and learning,* Nr. 68 (pp. 3-11). San Francisco: Jossey-Bass Publishers.

Beitzel, B. (2012). *Information-Processing Theory for Classroom Teachers.* OpenStax CNX. Retrieved from https://cnx.org/contents/dqtUp6xW@1/Information-Processing-Theory-for-Classroom-Teachers

Bennett, M. (2016). *Examples of Cooperative Learning Strategies.* The Knowledge Network for Innovations in Learning and Teaching (KNILT). Retrieved from https://knilt.arcc.albany.edu/Examples_of_Cooperative_Learning_Strategies

Berk, L. E. (2018). *Development Through the Lifespan.* 7$^{th}$ ed. Hoboken, N.J.: Pearson Education.

Biology Dictionary. (n.d.). Cognitive Development. Retrieved from https://biologydictionary.net/cognitive-development.

Bishop, R. (2013). The Centrality of Relationships for Pedagogy: The Whanaungatanga Thesis. *American Educational Research Journal 51*(1), 184-214.

Black, P., & Wiliam, D. (1998). Assessment and classroom learning. *Assessment in Education: Principles, Policy & Practice, 5*(1), 7-74.

Bloom, B., Engelhart, M. Furst, E., Hill, W. & Krathwohl, D. (1956). *Taxonomy of educational objectives. Handbook 1: Cognitive domain.* New York: Longman.

Bloom's Taxonomy of Cognitive Development. (n.d.). *Instructional Design Knowledge Base.* Retrieved from http://cehdclass.gmu.edu/ndabbagh/Resources/IDKB/bloomstax.htm

Borich, G. (1999). *Observation skills for effective teaching* (3rd Ed.). Upper Saddle River, NJ: Prentice-Hall.

Boud, D. (2002). Introduction: Making the move to peer learning. In D. Boud, R. Cohen & J. Sampson (eds.), *Peer Learning in Higher Education: Learning From & With Each Other. London:* Kogan Page. Retrieved from https://www. researchgate.net/publication/309967818_Making_the_Move_to_Peer_ Learning

Boud, D., Cohen, R., & Sampson, J. (1999). Peer Learning and Assessment. *Assessment & Evaluation in Higher Education,* 24(4), 413-426.

Bramaje, G. & Espinsoa, A. (2013). Peer-Led Team Learning Approach: Effects on students' conceptual understanding and attitude towards chemistry. *International Journal of Learning and Teaching, 5*(2), 55-77. Retrieved from https://www.academia.edu/34992144/Peer-Led_team_learning_approach_Effects_on_students_conceptual_understanding_and_attitude_towards_chemistry?auto=download

Brice, Henry. (2017). What percentage of the volume of our brain contains neurons? *Quora.com.* Retrieved from https://www.quora.com/What-percentage-of-the-volume-of-our-brain-contains-neurons-Our-neocortex-for-instance-is-made-of-neurons-but-is-only-3-mm-thick-but-what-is-below-it

Brigham Young University-Idaho (2016). *Instructional development: Instructional tools: A framework for learning and teaching: Developing inspired questions.* Retrieved from https://www.byui.edu/Documents/instructional_development/Instructional%20Tools%20Page%20PDFs/Developing%20Inspired%20Questions.pdf

Brookhart, S. (2017). How to give effective feedback to your students. Alexandria, Va: ASCD. Retrieved form http://www.ascd.org/publications/books/116066.aspx

Brown-Jeffy, S. & Cooper, J. (2011). Toward a conceptual framework of culturally relevant pedagogy: An overview of the conceptual and theoretical literature. *Teacher Education Quarterly,* Winter, 65-84. Retrieved from https://files.eric. ed.gov/fulltext/EJ914924.pdf

Bugental, J.F.T. (1964). The Third Force in Psychology. *Journal of Humanistic Psychology, 4*(1), 19-25.

Bybee, R. (1997). Achieving scientific literacy: From purposes to practices. Portsmouth, NH: Heinemann Publications.

Bybee, R. (2006). Boosting science learning through the design of curriculum materials. 2006 – Boosting science learning - what will it take? Retrieved from https://research.acer.edu.au/research_conference_2006/7

Bybee, R., & Landes, N. M. (1990). Science for life and living: An elementary school science program from Biological Sciences Improvement Study (BSCS). *The American Biology Teacher, 52*(2), 92-98.

Caldarella, P. & Merrell, K. W. (1997). Common dimensions of social skills of children and adolescents: A taxonomy of positive behaviors. S*chool Psychology Review*, 26(2), 264-278. Retrieved from https://doi.org/10.1080/02796015.1997.12085865

Candlebark School, 2014. FAQ. Retrieved from http://www.candlebark.info/faq

Carin, A., & Sund, R. (1971). *Developing questioning techniques: A self-concept approach.* Columbus, Ohio: Charles E. Merrill. Retrieved from https://archive.org/details/developingquesti0000cari

Charles Darwin University. (n.d.). During placement. Retrieved from https://www.cdu.edu.au/education/education-placements/during-placement

Cherry, (2020). Industry vs. Inferiority in psychosocial development: Stage four of psychosocial development. Retrieved from https://www.verywellmind.com/industry-versus-inferiority-2795736

Clark, J. (n.d.). *8 Cooperative learning strategies*. Lakehead University. Retrieved from https://teachingcommons.lakeheadu.ca/8-cooperative-learning-strategies

Clifford, M. (2018). 20 Collaborative Learning Tips and Strategies for Teachers. *Teachthought – We grow teachers.* Retrieved from https://www.teachthought.com/pedagogy/20-collaborative-learning-tips-and-strategies/

Colorín Colorado. (2019). Cooperative learning strategies. Retrieved from https://www.colorincolorado.org/article/cooperative-learning-strategies

Costa, A. & Garmston, R. (1994). *Cognitive coaching: A foundation for renaissance schools* (2nd ed.). Norwood, MA: Christopher-Gordon. Retrieved from https://archive.org/details/cognitivecoachin00arth

Cotton, K. (2001). *Classroom questioning.* School improvement research series. Education Northwest. Retrieved from https://educationnorthwest.org/sites/default/files/resources/classroom-questioning-508.pdf

Cox, J. (n.d.-a). Classroom Games to Improve Students' Memory. *TeachHUB.* Retrieved from https://www.teachhub.com/classroom-games-improve-student-memory

Cox, J. (n.d.-b). 5 Cooperative Learning Strategies to Try Today. *TeachHUB.* Retrieved from https://www.teachhub.com/5-cooperative-learning-strategies-try-today

Cox, J. (n.d.-b). Quick Guide to Cooperative Learning. *TeachHUB.* Retrieved from https://www.teachhub.com/quick-guide-cooperative-learning

Crooks, T. (1988). The impact of classroom evaluation practices on students. *Review of Educational Research, 58,* 438-481. https://doi.org/10.2307/1170281

Developmental milestones and the Early Years Learning Framework and the National Quality Standards. (2018). Retrieved from https://www.acecqa.gov.au/sites/default/files/2018-02/DevelopmentalMilestonesEYLFandNQS.pdf

Developmental milestones record. (2019). Medline Plus. Retrieved from https://medlineplus.gov/ency/article/002002.htm

Dewey, E. (1922). *The Dalton laboratory plan.* New York: Dutton. Retrieved from https://archive.org/details/daltonlaboratory00deweiala

Dochy, F., Segers, M., Van den Bossche, P., & Gijbels, D. (2005). Effects of problem-based learning: A meta-analysis from the angel of assessment. *Review of Educational Research. 75*(1), 27-61. Retrieved from https://doi.org/10.3102/00346543075001027

Duchesne, S., & McMaugh, A. (2016). *Educational Psychology for Learning and Teaching* (5th ed.) South Melbourne, Australia: Cengage.

Duţa, N. (2015). From theory to practice: The barriers to efficient communication in teacher-student relationship. *Social and Behavioural Sciences, 187*, 625-630.

Dyer, K. (2018, March 29). What you need to know when establishing success criteria in the classroom. Retrieved from https://www.nwea.org/blog/2018/what-you-need-to-know-when-establishing-success-criteria-in-the-classroom/

Education Queensland. (n.d.) *A guide to Productive Pedagogies*. Retrieved from https://digitised-collections.unimelb.edu.au/bitstream/handle/11343/115606/scpp-00431-qld.pdf

Edwards, C., Gandini, L., & Forman, G. (Eds). (1998). *The Hundred Languages of Children: the Reggio Emilia approach to early childhood education* (2nd ed.) Westport, USA: Ablex. Retrieved from https://archive.org/details/hundredlanguages00edwa

ELT Planning. (2016, March 9). *18 more ways to introduce your lesson topic.* Retrieved from https://eltplanning.com/2016/03/09/18-more-ways-to-introduce-your-lesson-topic/

Entwistle, N., & Peterson, E. (2004). Conceptions of learning and knowledge in higher education: Relationships with student behaviour and influences of learning environments. *International Journal of Educational Research, 41,* 407-428.

Erasmusnet Staff. (2018, January 23). 7 Examples of learning outcomes and how to write them. Retrieved from http://www.erasmusnet.org/single-post/2018/01/22/7-EXAMPLES-OF-LEARNING-OUTCOMES-HOW-TO-WRITE-THEM

Exploring the Environment (ETE) team. (n.d.). Reflecting. *Exploring the Environment Teacher Pages.* Retrieved from http://www.cotf.edu/ete/teacher/reflect.html

Foster, C. (2012). Resources – Concurrent material (June 2012): Cooperative learning strategies. *Focus on Learning.* Retrieved from https://www.algonquincollege. com/fol/resources/concurrent-material-june-2012

Frayer, D., Frederick, W., & Klausmeier, H. (1969). *A schema for testing the level of concept mastery.* Madison: Wisconsin Research and Development Center for Cognitive Learning.

Friesen, S., & Scott, D. (2013). Inquiry-based learning: A review of the literature. Paper prepared for the Alberta Ministry of Education. Retrieved from https://www.researchgate.net/publication/312592892_Inquiry-Based_Learning_A_Review_of_the_Research_Literature

Gallagher, S. (2012). Productive Questioning. Retrieved from https://www.rfwp.com/pages/wp-content/uploads/2011/06/2Fairfaxproductive-questioning2012.pdf

Gardner, H. (1999). *Intelligence Reframed: Multiple Intelligences for the 21st century.* New York, NY: Basic Books. Retrieved from https://openlibrary.org/books/ OL45452M/Intelligence_reframed

Gay, G. (2010). *Culturally responsive teaching: Theory, research, and practice* (2nd ed.). New York: Teachers College Press.

Gay, G (2013). Teaching to and through cultural diversity. *Curriculum Inquiry, 43(1),* 48–70.

Geelong Grammar School. (2014). What is Positive Education? Retrieved from https://www.ggs.vic.edu.au/School/Positive-Education/What-is-Positive-Education

Geller, E. (2011) Perceptual Learning: Applications to Education. Psychology in Action. Retrieved from https://www.psychologyinaction.org/psychology-in-action-1/2011/06/20/perceptual-learning-applications-to-education

Gershon, M. (2014). How to develop independent learners: Practical ideas and strategies for creating a more independent learning environment. TES Global. Retrieved from https://www.tes.com/sites/default/files/tes_strategies_to_develop_independent_learners.pdf

Gerstein, J. (2016, April 27). Helping your students learn to reflect on their learning. Retrieved from https://www.teachthought.com/learning/helping-students-learn-reflect-learning/

Gibbs, G. (1992). *Assessing more students.* Oxford: Oxford Centre for Staff Development.

Gibbs, G. & Simpson, C. (2004-05) Conditions under which assessment supports students' learning. *Learning and Teaching in Higher Education, 1*, 3-31. Retrieved from http://eprints.glos.ac.uk/3609

Gilmour, L., Klieve, D., & Li, D. (2018). Culturally and linguistically diverse school environments – Exploring the unknown. *Australian Journal of Teacher Education, 43*(2). http://dx.doi.org/10.14221/ajte.2018v43n2.10

Gold, J. & Watanabe, T. (2010). Perceptual learning. *Current Biology, 20*(2). Retrieved from https://www.cell.com/current-biology/pdf/S0960-9822(09)01930-7.pdf

Goldsmith's University of London. (n.d.). Some example lectures. Retrieved from https://www.gold.ac.uk/psychology/example-lectures

Goldstone, R. (1998). Perceptual learning. *Annual Review of Psychology, 49,* 585-612. https://doi.org/10.1146/annurev.psych.49.1.585

Gosser, D., Cracolice, M., Kampmeier, J., Roth, V., Strozak, V., Varma-Nelson, P. (2001). *Peer-Led Team Learning: A Guidebook.* Upper Saddle River, NJ: Prentice Hall.

Government of the Republic of the Union of Myanmar. (2014). National Education Law (2014, Parliamentary Law No. 41). Retrieved from http://www.asianlii.org/mm/legis/laws/nel2014hn412014446/

Gravel, M., & Soger, S. (2014). Blending SAMR and TPACK together: Technology integration ladder activity [Figure]. Presented at the *Tech & Learning's Tech Forum*, 2014, Chicago. Retrieved from https://i.pinimg.com/originals/3a/27/6c/3a276c5ad8a52d3620d9b4f164865558.jpg

Gravers, M. (Ed.). (2007). *Exploring ethnic diversity in Burma* (NIAS Studies in Asian Topics Series 39). NIAS Press. Retrieved from https://www.diva-portal.org/smash/get/diva2:855032/FULLTEXT01.pdf

Gredler, M., Broussard, S. & Garrison, M. (2004). The relationship between classroom motivation and academic achievement in elementary school aged children. *Family and Consumer Sciences Research Journal, 33,* 106-120.

Green, S., Oades, L., & Robinson, P. (2011). Positive Education: Creating flourishing students, staff and schools. *InPsych, 33*(2). Retrieved from https://www.psychology.org.au/publications/inpsych/2011/april/green/

Greening, T. (2016). Five basic postulates of humanistic psychology. *Journal of Humanistic Psychology, 46*(3). Retrieved from https://academic.udayton.edu/jackbauer/Readings%20595/Hum%20Psy%205%20principles.pdf

Groisser, P. (1979). *How to use the fine art of questioning.* Valley Stream, N.Y: Teacher's Practical Press.

Harrow College. (n.d.). Example of a good lesson plan. Retrieved from https://www. harrow.ac.uk/images/international/he/Young_Learner_in_FE/Assignments/ Ex_Good_Lesson_Plan.pdf

Hattie, J. (2009). Visible learning: A synthesis of over 800 meta-analyses relating to achievement. London: Routledge.

Hattie, J. (2011). Feedback in schools. In R. Sutton, M. Hornsey and K. Douglas (Eds.), *Feedback: The communication of praise, criticism and advice.* New York: Peter Lang Publishing.

Hattie, J., & Timperley, H. (2007). The power of feedback. *Review of Educational Research, 77*(1), 81-112. Retrieved from https://doi.org/10.3102/003465430298487

Hélot, C. & Ó Laorie, M. (Eds.). (2011). *Language policy for the multilingual classroom: Pedagogy of the possible.* Bristol, UK: Short Run Press.

Help Me Grow. (n.d.). Cognitive development. Retrieved from http://helpmegrowmn.org/HMG/HelpfulRes/Articles/WhatCognitiveDev/index.html

Hennessey, A. & Dionigi, R. (2013). Implementing cooperative learning in Australian primary schools: Generalist teachers' perspectives. I*ssues in Educational Research, 23*(1), 52-68.

Henrichsen, L., Smith, M. T., & Baker, D. S. (1997). *Planning effective lessons for language teaching and learning.* Retrieved from http://linguistics.byu.edu/faculty/henrichsenl/LessonPlanning/index.html

Holec, H. (1979). *Autonomy and foreign language learning.* Oxford: Pergamon.

Huitt, W. (2011). Motivation to learn: An overview. Educational Psychology Interactive. Valdosta, GA: Valdosta State University. Retrieved from http://www.edpsycinteractive.org/topics/motivation/motivate.html

International Bureau of Education–UNESCO. (2016). Reaching out to all learners: A resource pack for supporting inclusive education. *Training Tools for Curriculum Development.* Retrieved from http://www.ibe.unesco.org/sites/default/files/resources/ibe-crp-inclusiveeducation-2016_eng.pdf

International Literacy Association. (2016, June 2). Leaders for Literacy Day 2016: Library for All's Rebecca McDonald [Video file]. Retrieved from https://www.youtube.com/watch?v=GoP_HPs9pNY

Iowa CORE. (2017). Literature Review: Assessment for Learning/ Formative Assessment. Retrieved from https://www.centralriversaea.org/wp-content/uploads/2017/03/C4_Lit-Review_assessmentforlearning-Revised-5.16.17.pdf

Jenkins, C. (2013). Learning goals & success criteria. *Primary & Junior Mathematics.* Retrieved from http://pjmath1.blogspot.com/p/learning-goals-success-criteria.html

Johnson, A. & Johnson, J. (2004). Long-term journey that transformed a district. In H. Hayes Jacobs (Eds.). *Getting results with curriculum mapping* (pp. 36-51). Alexandria, VA: Association for Supervision and Curriculum Development.

Johnson, D. & Johnson, R. (1994). *Learning together and alone: Cooperative, competitive, and individualistic learning* (4th ed.). Boston: Allyn & Bacon.

Johnson, S. (2009). Maslow's hierarchy. Retrieved from https://adwarrior.files.wordpress.com/2009/11/maslows-hierarchy1.gif

Johnston, C., Costa, A., & Namit, K. (2019). *Educating Indigenous children in Myanmar. 2018 CASE Education Study: Baseline report on teaching and learning.* European Union, ADRA and RISE. Retrieved from https://www.academia.edu/39247448/Educating_Indigenous_Children_in_Myanmar_Baseline_report_on_teaching_and_learning

Kellman, P., Massey, C., Roth, Z., Burke, T., Zucker, J., Saw, A., Aguero, K., & Wise, A. (2008). Perceptual learning and the technology of expertise: Studies in fraction learning and algebra. *Pragmatics & Cognition, 16*(2), 356-405.

Kellner, D., & Share, J. (2007). Critical media literacy, democracy, and the reconstruction of education. In D. Macedo & S.R. Steinberg (Eds.), *Media literacy: A reader* (pp. 3-23). New York: Peter Lang Publishing.

Kid Sense. (n.d.). Child development charts. Retrieved from https://childdevelopment.com.au/resources/child-development-charts

Killen, R. (2007). Using discussion as a teaching strategy. In *Effective teaching strategies: Lessons from research and practice* (5th ed.), (pp. 146-185). South Melbourne, Vic.: Cengage.

Kingston, S. (2018). Project based learning & student achievement: What does the research tell us? *PBL Evidence Matters. 1*(1), 1-11. Retrieved from https://files.eric.ed.gov/fulltext/ED590832.pdf

Kirschner, P., Sweller, J., & Clark, R. (2006). Why minimal guidance during instruction does not work: An analysis of the failure of constructivist, discovery, problem-based, experiential, and inquiry-based teaching. *Educational Psychologist, 41*(2), 75-86.

Knight, P. (1996). Independent study, independent studies and ‘core skills’ in higher education. In J. Tait & P. Knight (Eds.), *The management of independent learning*. London: Koga Page in association with SEDA.

Koehler, M. & Mishra, P. (2009). What is technological pedagogical content knowledge? *Contemporary Issues in Teacher Education, 9*(1), 60-70. Retrieved from https://citejournal.org/volume-9/issue-1-09/general/what-is-technological-pedagogicalcontent-knowledge/

Koehler, M. (2011). Using the TPACK Image. Retrieved from http://matt-koehler.com/tpack2/using-the-tpack-image

Kraas, F., Spohner, R., & Myint, A. (2017). *Socioeconomic atlas of Myanmar.* Stuttgart, Germany: Verlag. Retrieved from https://www.academia.edu/36564763/SOCIO-ECONOMIC_ATLAS_OF_MYANMAR

Kurt, S. (2019, September 16). TPACK: Technological Pedagogical Content Knowledge Framework. Retrieved from https://educationaltechnology.net/technological-pedagogical-content-knowledge-tpack-framework/

Ladson-Billings, Gloria (1995). Toward a theory of culturally relevant pedagogy. *American Research Journal. 32*(3) 465-491.

Lewis, B. (2019, July 7). Re: Writing a lesson plan: closure and context [Online forum]. Retrieved from https://www.thoughtco.com/lesson-plan-step-5-closure-2081851

Lewis, K. (2015). Developing questioning skills. Retrieved from https://www1.udel. edu/chem/white/U460/Devel-question-skills-UTx.pdf

Library for All. (2019). 2019 *Annual Report.* Retrieved from https://libraryforall.org/wp-content/uploads/2019/11/07112019-Library-For-All-Annual-Report-2019-.pdf

LiteracyNet. (n.d.). Assessment. How are you smart? Retrieved from https://www.literacynet.org/mi/assessment/findyourstrengths.html

Long-Crowell, E. (2003-2019). Agents of socialization: Family, schools, peers and media. *Introduction to Sociology.* Chapter 4. Lesson 7. Retrieved from https://study.com/academy/lesson/agents-of-socialization-family-schools-peers-and-media.html

Loughran J., Berry A., Mulhall P. (2012). Pedagogical Content Knowledge. In: Loughran J., Berry A., Mulhall P. (eds) *Understanding and Developing Science Teachers' Pedagogical Content Knowledge*. Professional Learning, vol 12. Rotterdam, Netherlands: SensePublishers.

Luke, A. (2014). On explicit and direct instruction. *Australian Literacy Educators' Association Hot Topic,* May 2014. Retrieved from https://www.alea.edu.au/documents/item/861

Lynne, S. D., Graber, J. A., Nichols, T. R., Brooks-Gunn, J., & Botvin, G. J. (2007). Links between Pubertal Timing, Peer Influences, and Externalizing Behaviors among Urban Students Followed Through Middle School. *Journal of Adolescent Health, 40*(2), 181.e7-181.e13. https://doi.org/10.1016/j.jadohealth.2006.09.008

Lyubomirsky, S. (2007). *Practicing gratitude and positive thinking. The how of happiness:* A scientific approach to getting the life you want. New York: Penguin Press.

Mahon, A. (2017). The role of talk in an inclusive classroom. Retrieved from https://learningandteaching-navitas.com/the-role-of-talk-in-an-inclusive-classroom/

Mansbach, J. (2016, March 7). The importance of a syllabus. Retrieved from https://dl.sps.northwestern.edu/blog/2016/03/the-importance-of-a-syllabus/

Marzano, R.J. & Pickering, D. (2011). *The Highly Engaged Classroom.* Bloomington, IN: Solution Tree Press.

Maslow, A. (1954). *Motivation and personality.* New York: Harper.

Masters, G. (2013). School improvement: An introduction [Video file]. Retrieved from https://vimeo.com/65613869

McCarthy, J. (2015). Differentiated instruction. 3 ways to plan for diverse learners: What teachers do. Retrieved from https://www.edutopia.org/blog/differentiated-instruction-ways-to-plan-john-mccarthy

McDonald, R. (2016). Leaders for Literacy Day 2016: Library for All's Rebecca McDonald. Retrieved from https://www.youtube.com/watch?v=GoP_HPs9pNY

McEwan, E. K. (n.d.). Re: Teach the seven strategies of highly effective readers [Online forum]. Retrieved from http://www.adlit.org/article/19844/

McEwan, E. K. (2007). *40 Ways to Support Struggling Readers in Content Classrooms,* Grades 6-12. Thousand Oaks, CA: Corwin Press. Retrieved from http://dx.doi.org/10.4135/9781483329703

McLeod, S. (2016). Bandura – social learning theory. *Simply Psychology.* Retrieved from https://www.simplypsychology.org/bandura.html

McLeod, S. (2017). Multi Store Model of Memory. *Simply Psychology.* Retrieved from https://www.simplypsychology.org/multi-store.html

McLeod, S. (2018). Jean Piaget's Theory of Cognitive Development. *Simply Psychology.* Retrieved from https://www.simplypsychology.org/piaget.html

McLeod, S. (2018). Lev Vygotsky. *Simply Psychology.* Retrieved from https://www.simplypsychology.org/vygotsky.html

McLeod, S. (2018). Maslow's hierarchy of needs. *Simply Psychology.* Retrieved from https://www.simplypsychology.org/maslow.html

Mendle, J., Turkheimer, E., & Emery, R. E. (2007). Detrimental psychological outcomes associated with early pubertal timing in adolescent girls. Developmental Review, 27(2), 151–171. https://doi.org/10.1016/j.dr.2006.11.001

Meyer, B., Haywood, N., Sachdev, D., & Faraday, S. (2008). *What is independent learning and what are the benefits for students?* London: Department for Children, School and Families Research Report.

Ministry of Education. (2016). *National Education Strategic Plan 2016-2021 Summary.* Government of the Republic of the Union of Myanmar.

Ministry of Education (2019). Basic Education School Quality Assurance Standards Framework (BE-SQASF) Manual. Department of Basic Education.

Mishra, P., & Koehler, M. (2006). Technological pedagogical content knowledge: A framework for integrating technology in teachers' knowledge. *Teachers College Record, 108*(6), 1017–1054.

Moloney, R., & Saltmarsh, D. (2016). Knowing your students in the culturally and linguistically diverse classroom. *Australian Journal of Teacher Education, 41*(4). Retrieved from http://dx.doi.org/10.14221/ajte.2016v41n4.5

Morris, S. M. (n.d.). Re: Reflection as learning and teaching [Online forum]. Retrieved from https://canvas.instructure.com/courses/612829/pages/heres-what-to-do-on-saturday

Morrison, K., Robbins, H., & Rose, D. (2008). Operationalizing culturally relevant pedagogy: A synthesis of classroom-based research. *Equity & Excellence in Education, 41*(4), 433-452. Retrieved from https://doi.org/10.1080/10665680802400006

Murdoch, K. (2014). The urge to inquire: Curiosity in the classroom. *Primary Geography, Autumn, 2014.* Retrieved from https://static1.squarespace.com/static/55c7efeae4b0f5d2463be2d1/t/5c999bf49b747a147e3b38d2/1553570816083/PGAutumn2014Murdoch.pdf

Murdoch, K. (2019). A model for designing a journey of inquiry. Retrieved from https://static1.squarespace.com/static/55c7efeae4b0f5d2463be2d1/t/5d672b554646780001dbe0fd/1567042417794/%23A+MODEL+FOR+DESIGNING+A+JOURNEY+OF+INQUIRY.pdf.

Murdoch, K. (n.d.) Inquiry learning – journeys through the thinking processes. Retrieved from https://static1.squarespace.com/static/55c7efeae4b0f5d2463be2d1/t/55ca9b31e4b0cf5cb3c4ba2e/1439341361238/inquirylearning.pdf

Myint, K. M. (2019). Climate change: is it real? *Global New Light of Myanmar*. Retrieved from https://www.globalnewlightofmyanmar.com/climate-change-is-it-real/

Nappi, J. (2017). The importance of questioning in developing critical thinking skills. *The Delta Kappa Gamma Bulletin: International Journal for Professional Educators, 84*(1), 30-41. Retrieved from https://www.dkg.is/static/files/skjol_landsamband/bulletin_grein_jona.pdf#page=30

National Academy of Sciences (2000). Inquiry and the National Science Education Standards: A Guide for Teaching and Learning. National Research Council. Washington, DC: The National Academies Press. https://doi.org/10.17226/9596.

National Agency for Education (2000). *Lifelong learning and lifewide learning.* Stockholm.

National Association for the Education of Young Children. (2009). Key messages of the Position Statement. Retrieved from https://www.naeyc.org/sites/default/files/globally-shared/downloads/PDFs/resources/position-statements/KeyMessages.pdf)

New South Wales Government. (2019). Teacher quality and accreditation. Strategies for differentiation. Retrieved from https://education.nsw.gov.au/teaching-and-learning/professional-learning/teacher-quality-and-accreditation/strong-start-great-teachers/refining-practice/differentiating-learning/strategies-for-differentiation

Newmann, F., King, M., Carmichael, D. (2009). *Teaching for Authentic Intellectual Work: Standards and Scoring Criteria for Teachers' Tasks, Student Performance, and Instruction.* Minneapolis, MN: Tasora Books. Retrieved from https://teachingcenter.wustl.edu/resources/active-learning/group-work-in-class/using-roles-in-group-work/

Newton, L. (2017). Questioning: A window on productive thinking. Ulm: International Centre for Innovation in Education (ICIE). Retrieved from http://dro.dur.ac.uk/20948/1/20948.pdf

Noble, T., & McGrath, H. (2015). PROSPER: A New Framework for Positive Education. *Psychology of Well-Being*, 5(1). https://doi.org/10.1186/s13612-015-0030-2

Oppelt, L. (2017, August 21). 5 activities to help students improve their working memory. We Are Teachers. Retrieved from https://www.weareteachers.com/working-memory

Pappas, C. (2015). Enhancing Short-Term Memory: 5 Strategies For eLearning Professionals. *eLearning Industry.* Retrieved from https://elearningindustry.com/enhancing-short-term-memory-5-strategies-elearning-professionals

Pedaste, M., Maeots, M., Siiman, L., de Jong, T., van Riesen, S., et al. (2015). Phases of inquiry-based learning: Definitions and the inquiry cycle. *Educational Research Review*, 14, 47-61.

Pescovitz, O. H., & Walvoord, E. C. (2007). When puberty is precocious: Scientific and clinical aspects. Retrieved from http://site.ebrary.com/id/10186909

Phillips, M., Koehler, M., & Rosenberg, J. (2016). Considering context: Teachers' TPACK development and enactment. In L. Liu & D. Gibson (Eds.), Research Highlights in Technology and Teacher Education (pp. 53-60). North Carolina: Association for the Advancement of Computing in Education.

Point B. (2018). A Guide to Becoming a 21st century Teacher. *Point B Design and Training.* Retrieved from http://www.pointb.is/21csguide#introduction

Positive Psychology Center. (n.d.). Retrieved from https://ppc.sas.upenn.edu

Powell, W., & Kusuma-Powell O. (2011). Knowing our students as learners. In *How to teach now.* Retrieved from http://www.ascd.org/publications/books/111011/chapters/Knowing-Our-Students-as-Learners.aspx

Powers, J. (. Developmental Milestones for Children. Retrieved from https://faculty.mccneb.edu/JFAUCHIER/psy121jf/Projects_SS04/Jenni%20Powers/PSY121jf/milestones.html

Primary Connections. (2008). An elaboration of the Primary Connections 5Es teaching and learning model. Retrieved from https://www.Primaryconnections.org.au/sites/default/files/pictures/5Es_model.pdf.

Primary Connections. (2019). 5Es Teaching and Learning Model. Retrieved from https://www.Primaryconnections.org.au/5es-teaching-and-learning-model.

Project Zero. (n.d.). *Practical Intelligence for School*. Retrieved from http://www.pz.harvard.edu/projects/practical-intelligence-for-school

Promethean. (2016). Collaborative learning vs cooperative learning: what's the difference? ResourceEd: A Promethean Blog. Retrieved from https://resourced.prometheanworld.com/collaborative-cooperative-learning/

Psychology Notes HQ. (2019). What is Bronfenbrenner's Ecological Systems Theory? Retrieved from https://www.psychologynoteshq.com/bronfenbrenner-ecological-theory

Puentedura, R. (2014). *Building transformation: An introduction to the SAMR model.* Retrieved from http://www.hippasus.com/rrpweblog/archives/2014/08/22/BuildingTransformation_AnIntroductionToSAMR.pdf

Queensland Studies Authority. (2010). The role of inquiry in senior secondary science. Retrieved from https://www.qcaa.qld.edu.au/downloads/publications/paper_snr_sci_roleofinquiry.pdf

Reflection: Descriptors and examples. (n.d.). In *Teacher evaluation plan handbook.* Retrieved from http://webshare.greenwich.k12.ct.us/teplhandbook/Reflection_Examples

Reif, F. (2010). *Applying Cognitive Science to Education. Thinking and Learning in Scientific and Other Complex Domains.* Cambridge, MA: The MIT Press.

Reischmann, J. (2014): Lifelong and life-wide learning: A perspective. In S. Charungkaittikul (Ed.), *Lifelong education and lifelong learning in Thailand.* pp. 286-309.

Riley, J. (n.d.). Multistore Model of Memory. Explore Psychology. Tutor2U. Retrieved from https://www.tutor2u.net/psychology/reference/multi-store-model-of-memory

Rogers, C. (1969). *Freedom to learn: A view of what education might become.* Columbus, OH: Charles E. Merrill.

Roustaee, R., Kadir, S. A. & Asimiran, S. (2014). A review of constructivist teaching practices. *Middle-East Journal of Scientific Research.* 19, 145 – 152. Retrieved from http://www.idosi.org/mejsr/mejsr19(icmrp)14/22.pdf

Russell, V., Ainley, M., & Frydenberg, E. (2005). Student motivation and engagement. Schooling Issues Digest. Australian Government, Department of Education, Science and Training.

Rwehera, M. (2017). Myanmar National Education Strategic Plan 2016/17-2020/21 (NESP) Appraisal Report. UNESCO. Retrieved from https://www.globalpartnership.org/sites/default/files/2018-05-gpe-esp-appraisal-report-myanmar.pdf

Sabin, D. (2018). The Four Principles of Middle School ELA Engagement. *Literacy Daily.* Retrieved from https://www.literacyworldwide.org/blog/literacy-daily/2018/08/14/the-four-principles-of-middle-school-ela-engagement

Sadler, R. (1989). Formative assessment and the design of instructional systems. *Instructional Science, 18*, 119-144.

Saeed, S., & Zyngier, D. (2012). How motivation influences student engagement: A qualitative case study. *Journal of Education and Learning, 1*(2), 252-267.

Salamone, F. A, & Salamone, V. A. (1993). Erikson in Nigeria: Exploring the universality of the theory of psychosocial development. *Anthropos.* 88. 87 – 98. https://www.jstor.org/stable/40462747

Säljö, R. (1979). *Learning in the learner's perspective. I. Some common-sense conceptions.* (Report 76). Gothenburg: University of Gothenburg, Department of Education.

Säljö, R. (1982). *Learning and understanding.* Göteborg: Acta Universitatis Gothoburgensis.

Schacter, D. L., Gilbert, D. T., & Wegner, D. M. (2009). *Psychology*. New York: Worth Publishers.

Science Education Resource Centre, Carleton College. (2019). Pedagogy in action. Peer-Led Team Learning. Retrieved from https://serc.carleton.edu/sp/library/pltl/index.html

Selva, J. (2019). Positive Psychology in Schools and Education for Happy Students. Positive Psychology.com. Retrieved from https://positivepsychology.com/positive-education-happy-students/

Shein, A, (2011). *Alternative schooling: Role of non-formal education in Myanmar*. Retrieved from https://www.academia.edu/29706311/alternative_schooling_role_of_non-formal_education_in_myanmar

Shelton, T. (2014). *Non-Directive Teaching Scenarios.* YouTube. Retrieved from https://www.youtube.com/watch?v=C0EXm-4wlEY

Shulman, L. (1986). Those who understand: Knowledge growth in teaching. *Educational Researcher,* AERA Presidential Address, 4-14. Retrieved from https://pdfs.semanticscholar.org/f29d/a5d8c806102b060e7669f67b5f9a55d8f7c4.pdf

Shulman, L. (1987). Knowledge and teaching: Foundations of the new reform. *Harvard Educational Review,* February, 1-22.

Sinha, N., Khreisat, L., & Sharma, K. (2009). Learner-interface interaction for technology-enhanced active learning. *Innovate: Journal of Online Education, 5*(3), 3. Retrieved from https://www.researchgate.net/publication/234679565_Learner-Interface_Interaction_for_Technology-Enhanced_Active_Learning

Sipe, A. (n.d.). Lesson Closure with Examples Or 40 Ways to Leave a Lesson. Retrieved from https://teachingcommons.lakeheadu.ca/sites/default/files/inline-files/40%20ways%20to%20leave%20a%20lesson.pdf

Snow, A. (2015). *Behaviourism in the classroom*. Retrieved from https://www.youtube.com/watch?v=kqrZM_TPET8

Social development in children. (n.d.). Retrieved from https://www.scanva.org/support-for-parents/parent-resource-center-2/social-development-in-children

Stangor, C., & Walinga, J. (2014). *Introduction to Psychology.* 1st Ed.. Retrieved from https://ocw.mit.edu/ans7870/9/9.00SC/MIT9_00SCF11_text.pdf

Steiner Education Australia (2019). About Steiner education. Retrieved from https://www.steinereducation.edu.au/steiner-education/about-steiner-education/

Steketee, C. (1996). *Conception of learning held by students in the lower, middle and upper grades of primary school.* (Honours thesis). Edith Cowan University. Retrieved from https://ro.ecu.edu.au/cgi/viewcontent.cgi?article=1676&context=theses_hons

Stoudt, A. (n.d.). The Reggio Emilia Approach. Retrieved from https://www.scholastic.com/teachers/articles/teaching-content/reggio-emilia-approach/

Strickland, C. (2007). Tools for high-quality differentiated instruction: An ASCD action tool. Alexandra, VA: ASCD.

Stronger Smarter Institute. (2014). *High-Expectations Relationships: A foundation for quality learning environments in all Australian schools.* Position Paper. Retrieved from http://strongersmarter.com.au/wp-content/uploads/2015/01/SSI-HER-Position-Paper-Final-lowres.pdf

Sudhakar, J. (2017, 25 October). Teaching Aids and Resources Aids the best learning. Retrieved from https://www.linkedin.com/pulse/teaching-aids-resources-best-learning-ms-jemi-sudhakar/

Tamariki School. (2017). Special character. Retrieved from https://www.tamariki.school.nz/main.php?url=/special-character

Tasmanian Department of Education. (2016). Good teaching. Differentiated classroom practice: Learning for all. Version 3. Retrieved from https://publicdocumentcentre.education.tas.gov.au/Documents/Good-Teaching-Differentiated-Classroom-Practice-Learning-for-All.pdf

Teaching Diverse Students Initiative. (2010). A Project of the Southern Poverty Law Centre. Introduction to Culturally Relevant Pedagogy. Retrieved from https://www.youtube.com/watch?v=nGTVjJuRaZ8

Teaching Tolerance. (2010, June 17). *Introduction to culturally relevant pedagogy* [Video file]. Retrieved from https://www.youtube.com/watch?v=nGTVjJuRaZ8

TeachThought. (2018). 20 Collaborative Learning Tips and Strategies for Teachers. Retrieved from https://www.teachthought.com/pedagogy/20-collaborative-learning-tips-and-strategies/

Texas Education Agency. (2019). The Effective Schools Framework. Retrieved from https://texasesf.org/framework/

The Bell Foundation. (n.d.). Great Idea: Collaborative activities. English as an Additional Language (EAL) Nexus. Retrieved from https://ealresources.bell-foundation.org.uk/teachers/great-ideas-collaborative-activities

The Peak Performance Center. (n.d.). *Cognitive Learning Theory.* Retrieved from http://thepeakperformancecenter.com/educational-learning/learning/theories/cognitive-learning-theory/

Thomas, J. (2000). A review of research on project-based learning San Rafael, CA: The Autodesk Foundation. Retrieved from http://www.bobpearlman.org/BestPractices/PBL_Research.pdf

Tilbury, D. & Cooke, K. (2005). *A National Review of Environmental Education and its Contribution to Sustainability in Australia: Frameworks for Sustainability* (Vol. 1). Canberra: Australian Government Department of the Environment and Heritage and Australian Research Institute in Education for Sustainability. Retrieved from http://aries.mq.edu.au/projects/national_review/files/ volume1/Vol_1Summary_Nov05.pdf

Tomlinson, C. (2000). *Differentiation of instruction in the elementary grades.* ERIC Digest. ERIC Clearinghouse on Elementary and Early Childhood Education. Retrieved from https://files.eric.ed.gov/fulltext/ED443572.pdf

Tomlinson, C. & Allan, S. (2000). *Leadership for differentiating schools & classrooms.* Alexandra, VA: ASCD. Retrieved from http://www.ascd.org/publications/books/100216/chapters/Understanding-Differentiated-Instruction@-Building-a-Foundation-for-Leadership.aspx

Tomlinson, C., & Imbeau, M. (2010). *Leading and managing a differentiated classroom.* Alexandra, VA: ASCD. Retrieved from http://www.ascd.org/Publications/Books/Overview/Leading-and-Managing-a-Differentiated-Classroom.aspx#video

UNESCO. (2004). *The plurality of literacy and its implications for policies and programmes. UNESCO Education Sector Position Paper.* Retrieved from https://unesdoc.unesco.org/ark:/48223/pf0000136246

UNESCO. (2005). Towards knowledge societies. Retrieved from https://unesdoc.unesco.org/ark:/48223/pf0000141843

UNESCO. (2015). *Rethinking education towards a global common good.* Retrieved from http://www.unesco.org/new/fileadmin/MULTIMEDIA/FIELD/Cairo/images/RethinkingEducation.pdf

UNESCO. (2016). *Global Education Monitoring Report, Education for people and planet: Creating sustainable futures for all.* Retrieved from https://unesdoc.unesco.org/ark:/48223/pf0000245745

UNESCO. (2017). UNESCO harnesses media to empower Myanmar's rural communities with information. Retrieved from https://bangkok.unesco.org/content/unesco-harnesses-media-empower-myanmar%E2%80%99s-rural-communities-information

UNESCO. (2019). Literacy. Retrieved from https://en.unesco.org/themes/literacy

United Nations Environment Programme (UNEP). (2009). Learning from Cyclone Nargis: Investing in the environment for livelihoods and disaster risk reduction. Retrieved from https://wedocs.unep.org/bitstream/handle/20.500.11822/14116/myanmar_cyclonenargis_case_study.pdf

University of Newcastle. (n.d.). *A brief guide to class discussion.* Centre for Teaching and Learning. Retrieved from https://www.newcastle.edu.au/__data/assets/pdf_file/0017/109601/Discussions-A_brief_guide_to_Class_discussion.pdf

US Department of Education. (2017). *Reimaging the Role of Technology in Education: 2017 National Technology Plan Update*. Office of Educational Technology. Retrieved from https://tech.ed.gov/files/2017/01/NETP17.pdf

Victoria Government Department of Education and Training. (2019). *High impact teaching strategies. Excellence in teaching and learning.* Retrieved from https://www.education.vic.gov.au/Documents/school/teachers/support/high-impact-teaching-strategies.pdf

Vierstra, G. (2016, September 14). Re: Five ways to start your lessons [Online forum]. Retrieved from https://www.teachingchannel.org/blog/2016/09/14/5-ways-to-start-your-lessons

Vygotsky, L. (1978). *Mind in Society: The Development of Higher Psychological Processes* (M. Cole, V. John-Steiner, S. Scribner, & E. Souberman, Eds.), Cambridge, MA: Harvard University Press.

Washington University Center for Teaching and Learning. (2017). POGIL role cards. Retrieved from http://teachingcenter.wustl.edu/wp-content/uploads/2017/12/POGIL-role-cards-traditional.pdf

Wasserman, S. (2010). Effective classroom discussions. *Educational Leadership, 67*(5). Retrieved from http://www.ascd.org/publications/educational-leadership/feb10/vol67/num05/Effective-Classroom-Discussions.aspx

Wells, K. (n.d.). Cognitive Development. *Gale Encyclopedia of Children's Health: Infancy through Adolescence.* Retrieved from https://www.encyclopedia.com/medicine/encyclopedias-almanacs-transcripts-and-maps/cognitive-development

Wheeler, S. (2014). Digital Age Learning. Retrieved from https://www.slideshare.net/timbuckteeth/the-changing-face-of-digital-learning/3-Surface_LearningDeep_LearningSteveWheelerUniversityofPlymouth2014Source_Marton_and

Wiggins, G. & McTighe, J. (1998). Backward Design. In *Understanding by Design* (pp. 13-34). ASCD.

Winmalee High School. (n.d.). Positive Education. NSW Department of Education. Retrieved from https://winmalee-h.schools.nsw.gov.au/about-our-school/positive-education.html

WNET Education. (2004). Workshop: Cooperative and Collaborative Learning. Retrieved from https://www.thirteen.org/edonline/concept2class/coopcollab/index.html

World Literacy Foundation. (2018). *The economic & social cost of illiteracy.* Retrieved from https://worldliteracyfoundation.org/wp-content/uploads/2019/06/TheEconomicSocialCostofIlliteracy-2.pdf

Yilmaz, K. (2011). The Cognitive perspective on learning: Its theoretical underpinnings and implications for classroom practices. *The Clearing House, 84*(5), 204 – 212. https://doi.org/10.1080/00098655.2011.568989

Zakime, A. (2018, March 21). Re: What are lesson aims? [Online forum]. Retrieved from https://www.whatiselt.com/single-post/2018/03/20/What-are-lesson-aims

Zimring, F. (1994). Carl Rogers (1902-1987). *Prospects: The Quarterly Review of Comparative Education,* 24(3/4), 411-422. Retrieved from http://www.ibe.unesco.org/sites/default/files/rogerse.PDF

# နောက်ဆက်တွဲများ

## သင်ခန်းစာ (၃.၅.၁) လွတ်လွပ်စွာသင်ယူမှု လုပ်ငန်းပေးစာရွက်အဖြေ

### သတ်မှတ်ပြဋ္ဌာန်းထားသော ဆောင်းပါးကို ဖတ်ရှုပြီး မှတ်စုရေးမှုအတွက် ကြိုတင်အချက်ပြ ဂရပ်ဖစ်ပုံ

**"လွတ်လပ်သော/စွာ သင်ယူမှု" ၏ အဓိကကျသော အချက်များ**

- သင်ယူမှုဖြစ်စဉ် အောင်မြင်မှုအတွက် တာဝန်ယူမှုသည် ဆရာထံမှ ကျောင်းသားထံသို့ ပြောင်းရွှေ့ ရောက်ရှိသွားခြင်း
- တစ်တန်းလုံးကို ဆရာက ကြီးကြပ်ညွှန်ကြား သင်ကြားပြီး ဆရာဗဟိုပြု ချဉ်းကပ်မှု ဦးတည်ချက်မှ အနီးကပ်ကူညီ ဆောင်ရွက်ပေးသူအဖြစ် ချဉ်းကပ်မှု (ဆိုလိုချက်-ဆရာက လမ်းပြသူနှင့် ကူညီညွှန်ကြားသူအဖြစ်သာ ဆောင်ရွက်ရခြင်း)
- ကျောင်းသားများ အနေနှင့် သူတို့သင်ယူမှုလုပ်ငန်းကို သူတို့ကိုယ်တိုင် စောင့်ကြည့်လေ့လာ နိုင်စေရန်အတွက် သင်ယူမှု ဆိုင်ရာချဉ်းကပ်မှုနှင့် အဆင့်မြင့် တွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုများအပေါ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးပါပုံ

**လွတ်လပ်သော/စွာသင်ယူမှု၏အကျိုးကျေးဇူးများ**

- တိုးတက်ကောင်းမွန်လာသော ပညာရေးဆိုင်ရာလုပ်ဆောင်မှု
- ပိုမိုမြင့်မားလာသောစေ့ဆော်မှု၊ မိမိကိုယ်ကိုစိတ်ချယုံကြည်မှုနှင့် မိမိကိုယ်ကို လေးစား တန်ဖိုးထားမှု
- မိမိကိုယ်ပိုင် ချွတ်ယွင်းအားနည်းချက်များကို ပိုမိုသိရှိလာခြင်းနှင့် ၎င်းတို့ကိုကိုင်တွယ် ဖြေရှင်းရန် အရည်အချင်းရရှိလာခြင်း
- စာသင်ခန်းတွင်းမှ လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်မှုများတွင် ပါဝင်ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း
- စာသင်ခန်းထဲတွင် ကျောင်းသားအားလုံးစုံညီစွာ ပါဝင်ပြောဆိုဆက်ဆံနိုင်မှု ပိုမိုများပြား လာခြင်း

**လလွတ်လပ်သော/စွာ သင်ယူမှုပုံစံ၏ တိုးတက်ဖြစ်ပေါ်မှု အဆင့်များ**

- စီစဉ်ပြင်ဆင်ခြင်း (Planning)
- မိမိကိုယ်တိုင် စောင့်ကြည့်လေ့လာခြင်း (self-monitoring)
- သင်ယူမှု၏ အနှေး/အမြန်နှုန်းကို ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းဆီသို့ ဦးတည်ချက်ထားခြင်း (Controlling the pace and direction of the work)
- အကဲဖြတ်သုံးသပ်ခြင်း (Evaluation)

**လဂွတ်လပ်သော/စွာ သင်ယူမှုထဲသို့ နည်းပညာပေါင်းစပ် သုံးစွဲရခြင်း၏ ရည်ရွယ်ချက်များ**

- လွတ်လပ်စွာ သင်ယူမှုကို အကဲဖြတ်ရန် အခွင့်အလမ်းများ ပေးခြင်း
- အချက်အလက်များကို လက်လှမ်းမီရရှိစေခြင်း
- ကျောင်းသားများ အချင်းချင်းအကြားနှင့် ကျောင်းသားများနှင့် ဆရာများအကြားတို့တွင် ကြားခံ လူထုဆက်သွယ်ရေး နည်းလမ်းများ (မီဒီယာ) များအဖြစ် ဆောင်ရွက်ခြင်း

**လွတ်လပ်သော/စွာသင်ယူမှုနှင့် ဆက်စပ်သော သင်ကြားနည်းများ**

- ငြမ်းဆင်ပေးခြင်း - သင်ယူမှုဖြစ်စဉ်အတွက် တာဝန်ယူမှုကို ဆရာထံမှ ကျောင်းသားထံသို့ တစ်ဖြည်းဖြည်းချင်း လက်ဆင့်ကမ်းရွှေ့ပြောင်းခြင်း
- ကျောင်းသားအား မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်နိုင်မှုအတွက် အခွင့်အလမ်းများ ပေးထားခြင်း
  - (၁) ရည်မှန်းချက်များချမှတ်ခြင်း
  - (၂) တုံ့ပြန်အကြံပြုချက်များ ရယူခြင်း
- အပြုအမူကို နမူနာလုပ်ဆောင်ပြခြင်း - ဥပမာ-အချက်အလက်များကို မည်သို့ မျိုးတူချင်း စုစည်းကာ အမျိုးအမည် သတ်မှတ်ပေးခြင်း
- အပြန်အလှန် ပြောဆိုဆက်သွယ်တတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ - ဖွံ့ဖြိုးလာခြင်း (သင်ယူမှုနှင့်ဆက်စပ်သည့် ဘာသာစကားကို အသုံးပြုတတ်ခြင်းအပါအဝင်)
- အိမ်စာလုပ်ငန်းအပေါ်၌ တုံ့ပြန်အကြံပြုချက်များပေးခြင်းအားဖြင့် ကျောင်းသား၏ လွတ်လပ်စွာ သင်ယူမှုအပေါ်တွင် မိမိကိုယ်ကို စိတ်ချယုံကြည်မှုများ ပိုမိုပွားလာမည်။ ထိုမှတစ်ဆင့် လွတ်လပ်စွာ သင်ယူမှု၏ ပြန်လည်သုံးသပ်စဉ်းစား တတ်သော ရှုထောင့်ကို ဖွံ့ဖြိုးလာစေမည်။

**အောင်မြင်မှုအတွက်စိတ်တွင်းပိုင်းဆိုင်ရာ အကြောင်း ရင်းခံများ**

(လွတ်လပ်စွာသင်ယူမှုတွင် အောင်မြင်စွာ ချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသားများထံ၌ လိုအပ်သော ကျွမ်းကျင်မှုများ)

- သိမှုဆိုင်ရာ ကျွမ်းကျင်မှုများ ဥပမာအားဖြင့်
  - ပြဿနာဖြေရှင်းခြင်း
  - ပေးထားသော စံသတ်မှတ်ချက်များနှင့် အညီ အရာဝတ္ထုများကို အမျိုးအမည် ခွဲခြားခြင်း
  - ယာယီခန့်မှန်းအဆိုကြမ်း (Hypotheris) ရေးသား တတ်ခြင်း
  - ယုတ္တိရှိစွာကျိုး/ကြောင်းညီညွတ်စွာ ဆင်ခြင် တတ်ခြင်း
- အဆင့်မြင့်တွေးခေါ်တတ်သောကျွမ်းကျင်မှုများ
- မည်သို့သင်ယူသည်ကိုပြန်လည်သုံးသပ်ခြင်း
  - ကိုယ်ပိုင်တိုးတက်မှုကို စောင့်ကြည့်လေ့လာကြီး ကြပ်ခြင်း
- ချစ်ခင်ယုယမှု ခံယူလိုသော ကျွမ်းကျင်မှုများ
  - စေ့ဆော်မှု မပျက်ဘဲ စိတ်ဝင်စားနေခြင်း
  - ရည်မှန်းချက်သို့ ရောက်၍ အလုပ်လုပ်ခြင်း အလုပ်လုပ်ရသည်ကို စိတ်ပျော်ရွှင်ကျေနပ်ခြင်း

**ပြင်ပအကြောင်းရင်းခံများ**

- ဆရာများနှင့် ကျောင်းသားများအကြား ခိုင်မာသော ဆက်ဆံရေး (သံယောဇဉ်) ရှိကြခြင်း
- အကျိုးပြုသော ပတ်ဝန်းကျင် (Enabling environment) ရှိခြင်း
  - ဆီလျော်သော ရုပ်ပိုင်းဝန်းကျင်
  - အချိန်ယူလေ့လာမှုတွင် လွယ်ကူစွာ ပြုပြင်ပြောင်းလဲနိုင်မှု ရှိခြင်း
  - လွတ်လပ်စွာသင်ယူမှု ဆောင်ရွက်ရာတွင် တာဝန်ယူမှုကို မျှဝေခြင်း

## မှတ်စုများ

## မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန